http://www.cherrythitsar.org

# ပြစ်မှုဆိုင်ရာဥပဒေ
# (ရာဇသတ်ကြီး)
# အဘိဓာန်

## ဦးကျော်ဇေယျ

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## – ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## – နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## – စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## – လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

http://www.cherrythitsar.org

# ပြစ်မှုဆိုင်ရာဥပဒေ
# (ရာဇသတ်ကြီး)
# အဘိဓာန်

ဦးကျော်ဇေယျ

ဖြန့်ချိရေး
"မယ်နှင့်မောင်" စာအုပ်တိုက်
အမှတ် ၁၂၄၊ အခန်း(၁၀)၊ ပထမထပ်
ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့
ဖုန်း-၂၄၃၃၆၁၄

http://www.cherrythitsar.org

စာအုပ်စာတမ်းစာနယ်ဇင်း
ကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
၂၄၄/၂၀၀၄(၃)
မျက်နှာဖုံးကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
၂၉၀/၂၀၀၄ (၄)

| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | - | ရွှေလက်လှ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| ပုံနှိပ်ပြီးသည့်လ | - | ၂၀၀၄ ခုနှစ်၊ မေလ |
| တန်ဖိုး | - | ၅၀၀၀ ကျပ် |
| အတွင်းပုံနှိပ်တိုက် | - | ဒေါ်နီနီခိုင် (၀၇၁၃၅)<br>သီရိမေရောင်စုံပုံနှိပ်တိုက်<br>အမှတ် ၁၉၊ လမ်း-၉၀၊ ကန်တော်ကလေး<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပုံနှိပ် | - | ဦးတင်မောင်ဝင်း<br>သင်းလဲ့ဝင်းပုံနှိပ်တိုက် (၀၅၉၄၆)<br>အမှတ် ၁၊ ဗိုလ်ရာညွန့်လမ်း၊<br>ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊<br>ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | - | ဦးကျော်ဇေယျ<br>စကားပြောနေသူများစာပေ (၀၃၈၄)<br>အမှတ် ၁၂၄၊ အခန်း ၁၀၊<br>ဆူလေဘုရားလမ်း၊ ရန်ကုန်မြို့။ |

http://www.cherrythitsar.org

# မာတိကာ


| အခန်းစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | အရပ်ရပ်ဆိုင်ရာ ရှင်းလင်းချက်များ | ၅ |
| ၃။ | ပြစ်ဒဏ်များ | ၂၉ |
| ၄။ | ကင်းလွတ်ရမြဲအချက်များ | ၄၈ |
| ၅။ | အားပေးကူညီမှု | ၈၃ |
| ၅(က)။ | ရာဇဝတ်မကင်းသော ပူးပေါင်းကြံစည်မှု | ၁၀၇ |
| ၆။ | ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကို ဆန့်ကျင်ကျူးလွန်သော ပြစ်မှုများ | ၁၁၁ |
| ၆(က)။ | ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ပါလီမန်တို့၏ အက်ဥပဒေများ၌ပါရှိသည့် ပြဋ္ဌာန်းချက်အချို့နှင့် စပ်လျဉ်းသောပြစ်မှုများ | ၁၂၇ |
| ၆(ခ)။ | အခြားနိုင်ငံကို အသရေပျက်စေမှု | ၁၂၈ |
| ၇။ | ကြည်းတပ်၊ ရေတပ်၊ လေတပ်နှင့်ဆိုင်သော ပြစ်မှုများ | ၁၂၉ |
| ၈။ | နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကိုပျက်စေသော ပြစ်မှုများ | ၁၃၉ |
| ၉။ | ပြည်သူ့ဝန်ထမ်းတို့ကျူးလွန်သော သို့တည်းမဟုတ် ပြည်သူ့ဝန်ထမ်းတို့နှင့်သက်ဆိုင်သော ပြစ်မှုများ | ၁၆၂ |
| ၉(က)။ | ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများ | ၁၇၈ |

http://www.cherrythitsar.org


| အခန်းစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀။ | ပြည်သူ့ဝန်ထမ်းများ၏ ဥပဒေအရအာဏာကို မထီလေးစားပြုခြင်း | ၁၈၆ |
| ၁၁။ | မမှန်သက်သေခံမှုနှင့် ဖြောင့်မှန်စွာတရားစီရင်ရေးကို ဆန့်ကျင်သော ပြစ်မှုများ | ၂၁၅ |
| ၁၂။ | ဒင်္ဂါးမှစ၍ အစိုးရတံဆိပ်ခေါင်းများနှင့် သက်ဆိုင်သောပြစ်မှုများ | ၂၈၀ |
| ၁၃။ | အလေးအချိန်အတွယ် တင်းတောင်းနှင့် အတိုင်းအတာများဆိုင်ရာ ပြစ်မှုများ | ၃၁၀ |
| ၁၄။ | ပြည်သူ့ကျန်းမာမှု လုံခြုံမှု၊ သက်သာမှု၊ သိက္ခာစောင့်စည်းမှုနှင့် ကိုယ်ကျင့်တရားရှိမှုကို ထိခိုက်စေသော ပြစ်မှုများ | ၃၁၄ |
| ၁၅။ | ဘာသာ သာသနာဆိုင်ရာ ပြစ်မှုများ | ၃၄၅ |
| ၁၆။ | လူ့ကိုယ်ကို ထိခိုက်သောပြစ်မှုများ လူ့အသက်ကို ထိခိုက်သော ပြစ်မှုများ | ၃၅၁ |
| ၁၇။ | ပစ္စည်းကိုထိခိုက်သည့် ပြစ်မှုများ | ၄၇၃ |
| ၁၈။ | စာတမ်းအမှတ်အသားနှင့်လည်းကောင်း၊ ကုန်တံဆိပ် သို့တည်းမဟုတ် ပစ္စည်းတံဆိပ်များနှင့်စပ်လျဉ်းသော ပြစ်မှုများ | ၅၈၇ |
| ၁၉။ | ဆောင်ရွက်မှု၊ ပဋိညာဉ်ကို ရာဇဝတ်ပြစ်ဒဏ်ထိုက်အောင် ဖောက်ဖျက်ခြင်း | ၆၂၂ |
| ၂၀။ | ထိမ်းမြားခြင်းဆိုင်ရာ ပြစ်မှုများ | ၆၂၄ |
| ၂၁။ | အသရေဖျက်မှု | ၆၃၃ |
| ၂၂။ | ရာဇဝတ်မကင်းသော ခြောက်လှန့်မှု၊ စော်ကားမှုနှင့် စိတ်ပြိုငြင်စေမှု | ၆၄၉ |
| ၂၃။ | ပြစ်မှုကျူးလွန်ရန် အားထုတ်မှုများ | ၆၅၈ |

http://www.cherrythitsar.org

# ပြစ်မှုဆိုင်ရာဥပဒေ
# (ရာဇသတ်ကြီး)
# အဘိဓာန်

## အခန်း(၁) နိဒါန်း

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ ကျူးလွန်သောပြစ်မှုများအတွက် ပြစ်ဒဏ်။ (ပုဒ်မ-၂)**

**Punishment of offences committed within the Union of Myanmar. (Section-2)**

**ဥပဒေဖွင့်ဆိုချက်**

မည်သူမဆို ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းတွင် ဤပြစ်မှုဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ပြုလုပ်လျှင် သို့တည်းမဟုတ် ထိုပြဋ္ဌာန်းချက်များအတိုင်း မပြုလုပ်ဘဲ ပျက်ကွက်လျှင် ထိုသူကို ဤပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ်ထိုက်သင့်စေရမည်။ အခြားနည်းအားဖြင့် ပြစ်ဒဏ်ထိုက်သင့်ခြင်း မရှိစေရ။

**စီရင်ထုံး**

၁။ လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲသည်၊ ချမ်းသာသည်မဟူ ပြစ်မှုဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခုကို ကျူးလွန်က ပြစ်ဒဏ်ထိုက်သင့်ခြင်း ခံရစေရန် ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံသားပင်ဖြစ်ဖြစ်၊ နိုင်ငံခြားသားပင်ဖြစ်ဖြစ် ပြစ်မှုကျူးလွန်သူတိုင်း ခြားနားမှုမရှိဘဲ ပြစ်ဒဏ်ကျခံရမည်။ နိုင်ငံခြားသားတစ်ဦးသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာလျှင် ပြည်ထောင်စုမြန်မာနိုင်ငံ၌ ထုတ်ပြန်ထားသည့် တရားဥပဒေ၏ အကာအကွယ်အခွင့်အရေးကို ခံစားခွင့်ရှိသလို ဥပဒေပါ ပြဋ္ဌာန်းချက်များအား လိုက်နာရန်လည်း တာဝန်ရှိပေသည်။

*[ ဂိုပီရန်အဂါဝါလ် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၆၊ မတစ(အထူးအယူခံအဖွဲ့)၁ ]*

၂။ သံတမန်တစ်ဦးသည် မိမိအားခန့်ထားလိုက်သည့် တိုင်းပြည်အား ကိုယ်စားပြုသူဖြစ်သည်။ ၎င်းအား သံတမန်အဖြစ် လက်ခံသည့် တိုင်းပြည်၏ အာဏာစက်အောက်၌ ရှိသည်ဟု မဆိုနိုင်၍ ထိုတိုင်းပြည်၌ ပြစ်မှုကျူးလွန်စေကာမူ ၎င်းအပေါ် စီရင်ပိုင်ခွင့်မရှိဟု အင်္ဂလိပ်၊ အမေရိကန် တရားစီရင်ရေးကဏ္ဍ၌ လက်ခံကျင့်သုံးကြသည်။ ပြစ်မှုဆိုင်ရာဥပဒေတွင် ထိုကဲ့သို့စီရင်ခြင်းမပြုရဟု ပိတ်ပင်ထားခြင်း

http://www.cherrythitsar.org



မရှိသဖြင့် သံတမန်ပင်ဖြစ်လင့်ကစား ဤပုဒ်မအရ ပြစ်မှုကြောင်းဖြင့် အရေးယူနိုင်သည်။ သို့ရာတွင် အစိုးရအနေဖြင့် အုပ်ချုပ်ရေးအာဏာကို အသုံးပြုကာ အခြားနိုင်ငံများနည်းတူ သံတမန်အခွင့်အရေးကို မထိပါးအောင် ဆောင်ရွက်နိုင်ပေသည်။

*[ ဦးလေ၁ယုံ၊ အီး၊တီ၊ကွတ်တူနင်ကို နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၁ ခုနှစ်၊ မတစ(လွှတ်တော်ချုပ်)၅၁ ]*

၃။ သီဟိုဠ်နိုင်ငံရှိ မြန်မာပြည်သံအမတ်ကြီး စပ်ပုန်ဝါပ်သည် ၎င်း၏ဇနီးအား ကိုလံဘိုမြို့၌ သေစေသည့်ကိစ္စနှင့်ပတ်သက်၍ သီဟိုဠ်နိုင်ငံမှ မြန်မာပြည်သို့ ပြန်ခေါ်ခွင့်ပြုပြီး ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄(က)နှင့် ၅၀၆ အရ မြန်မာပြည်၌ အရေးယူအပြစ်ပေးခဲ့သည်မှာ သံတမန်တစ်ဦး၏ အခွင့်အရေးနှင့် ပတ်သက်သော သာဓကတစ်ရပ်ဖြစ်သည်။

*[ပထစနှင့်စပ်ပုန်ပါပ်၊ ရန်ကုန်မြို့၊ အထူးတရားသူကြီးရုံး၏ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁/၆၇ ]*

၄။ ပြစ်မှုကြောင်းအရ တရားစွဲဆိုခြင်းနှင့် ပတ်သက်၍ သံတမန်ဆိုင်ရာကင်းလွတ်ခွင့်သဘောတရားကို လက်ခံလျှင် ပုဒ်မ ၂ နှင့် ဆန့်ကျင်ရာကျလိမ့်မည်။

*[၁၉၆၁၊ မတစ၊ လွှတ်တော်ချုပ်၊ ၅၁]*

**ပြည်ပတွင်ကျူးလွန်သော ပြစ်မှုများအတွက် ပြည်တွင်းတွင် ဥပဒေအရ စစ်ဆေးစီရင် ပြစ်ဒဏ်ပေးခြင်း။ (ပုဒ်မ-၃)**

**Punishment of offences committed beyond, but which by law may be tried within the Union of Myanmar. (Section-3)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို ပြည်ထောင်စုမြန်မာနိုင်ငံတော်အပ၌ ကျူးလွန်သော ရာဇသတ်ကြီးဆိုင်ရာ ပြစ်မှုအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ခုခုအရ စစ်ဆေးစီရင်ခြင်းခံရန် ထိုက်သင့်လျှင် ထိုသူကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ကျူးလွန်သော ဤရာဇသတ်ကြီးဆိုင်ရာ ပြစ်မှုအတွက် စစ်ဆေးစီရင်ဘိသကဲ့သို့ စစ်ဆေးစီရင်ရမည်။

**စပ်ဟပ်ဥပဒေ**

၁။ တည်ဆဲဥပဒေဆိုသည်မှာ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ (၁၈၆)နှင့်(၁၈၈)တို့ကို ရည်ညွှန်းသည်။ ထိုပုဒ်မများသာလျှင် ပြည်ပ၌ကျူးလွန်ခဲ့သည့် ပြစ်မှုအတွက် ပြည်တွင်း၌ စီရင်နိုင်သည့် ပြဋ္ဌာန်းချက်များအဖြစ် ရပ်တည်လျက်ရှိသည်။

http://www.cherrythitsar.org



**ဤရာဇသတ်ကြီးကို ပြည်ပ၌ကျူးလွန်သော ပြစ်မှုများနှင့် သက်ဆိုင်စေခြင်း။ (ပုဒ်မ-၄)**

**Extension of Code to extra territorial offences. (Section-4)**

**ဥပဒေပြဋ္ဌာန်းချက်**

ဤရာဇသတ်ကြီးပါ ပြဋ္ဌာန်းချက်များကို မည်သည့်အရပ်၌မဆို ရှိနေသော ပြည်ထောင်စုနိုင်ငံသား ကျူးလွန်သည့်ပြစ်မှုများနှင့်လည်း သက်ဆိုင်စေရမည်။

**ရှင်းလင်းချက်**

ဤပုဒ်မအလို့ငှာ 'ပြစ်မှု' ဆိုသောစကားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အပ၌ ကျူးလွန်သောပြစ်မှုဖြစ်စေကာမူ ဤရာဇသတ်ကြီး၌ အဓိပ္ပာယ်ဖော်ပြထားသော ပြစ်မှုမျိုးဖြစ်လျှင် ထိုပြစ်မှုလည်း ပါဝင်သည်။

**စပ်ဟပ်ဥပဒေ**

(၉-၄-၇၇)နေ့တွင် မြန်မာနိုင်ငံတော်၏ ပိုင်နက်ပင်လယ်နယ်နိမိတ်ကို ရေမိုင် ၁၂ မိုင်အထိ ဆက်စပ်ဇုံကို ရေမိုင် ၂၄ မိုင်အထိ ကမ်းလွန်ရေတိမ်ပိုင်းနှင့် သီးသန့် စီးပွားရေးဇုံကို ရေမိုင် ၂၀၀ အထိ သတ်မှတ်ခဲ့ပြီးဖြစ်သည်။

*[ ၁၉၇၇ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ်-၃ ]*

**စီရင်ထုံး**

၁။ ပင်လယ်ပိုင်နက် နယ်နိမိတ်အပြင်ဘက်၌ ကျူးလွန်သည့်ပြစ်မှုအတွက် ဤ ပုဒ်မအရ အရေးယူနိုင်သည်။

*[ ဘိုးသောင်းနှင့်အစိုးရ၊ အတွဲ ၅၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၂၂၁ ]*

**ဤရာဇသတ်ကြီးနှင့်မသက်ဆိုင်သော အချို့ဥပဒေများ။ (ပုဒ်မ-၅)**

**Certain laws not to be affected by this Code. (Section-5)**

**ဥပဒေပြဋ္ဌာန်းချက်**

ဤရာဇသတ်ကြီး၌ပါရှိသော အချက်ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ကြည်း၊ ရေ၊ လေတပ်တစ်ခုခုတွင် ထမ်းရွက်သော စစ်သားများအား သို့တည်းမဟုတ် အရာရှိများအား ပြစ်ဒဏ်စီရင်ရေးအတွက် ပြဋ္ဌာန်းထားသော အက်ဥပဒေကိုသော် လည်းကောင်း၊ အထူးဥပဒေတစ်ခုခုကိုသော်လည်းကောင်း၊ ဒေသန္တရဥပဒေတစ်ခုခု ကိုသော်လည်းကောင်း ထိခိုက်ခြင်းမရှိစေရ။

http://www.cherrythitsar.org



**စပ်ဟပ်ဥပဒေ**

၁။ ကြည်း၊ ရေ၊ လေ တပ်တစ်ခုခုတွင် အမှုထမ်းလျက်ရှိသော တပ်သားနှင့်အရာရှိတို့အတွက် စစ်ဆေးစီရင်ရန် ပြဋ္ဌာန်းထားသောဥပဒေမှာ မြန်မာပြည်ကာကွယ်ရေးတပ်ပေါင်းစုံအက်ဥပဒေဖြစ်သည်။

*[ ၁၉၅၉၊ တပ်မတော်အက်ဥပဒေ ]*

၂။ တပ်မတော်မှ တပ်သားသို့မဟုတ် အရာရှိတစ်ဦးဦးအား သံတမန်ပြစ်မှုဆိုင်ရာရုံးသို့ တရားစွဲတင်ပို့လာပါက သက်ဆိုင်ရာတပ်မှူး၏ သဘောတူညီချက် မရရှိဘဲ စစ်ဆေးစီရင်ခြင်းမပြုနိုင်။ ယင်းကိစ္စတွင် ပြစ်မှုဆိုင်ရာတရားရုံးအနေဖြင့် မည်သို့မည်ပုံ ဆောင်ရွက်ရမည်ဟု ၂၄-၅-၅၀ နေ့စွဲပါ တရားရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်(၁၀၂)တွင် ရည်ညွှန်းချက်များ ထုတ်ပြန်ထားသည်။

*[ တရားရုံးများလက်စွဲအပိုဒ် ၅၁၀၊ ၅၁၁ ]*

**စီရင်ထုံး**

၁။ အထူးဥပဒေဆိုသည်မှာ ပုဒ်မ(၄၁)အရ ဘာသာရပ်အလိုက် ပြဋ္ဌာန်းထားသည့် ဥပဒေမျိုးဖြစ်သည်။ ဥပမာ ဘိန်းဥပဒေသည် အထူးဥပဒေဖြစ်သည်။ ဒေသန္တရဥပဒေဆိုသည်မှာ ရေမြေဒေသအလိုက် ပြဋ္ဌာန်းထားသည့် ဥပဒေဖြစ်သည်။ အထူးသို့မဟုတ် ဒေသန္တရဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ပြစ်မှုဆိုင်ရာဥပဒေရှိ ပြဋ္ဌာန်းချက်သည် ဆန့်ကျင်နေပါက အထူးသို့မဟုတ် ဒေသန္တရဥပဒေပြဋ္ဌာန်းချက်အတိုင်းသာ စီရင်ရမည်ဖြစ်သည်။ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ခုသည် အထူးသို့မဟုတ် ဒေသန္တရဥပဒေသာမက ပြစ်မှုဆိုင်ရာဥပဒေနှင့်လည်း အကျုံးဝင်နေလျှင် မည်သည့်ဥပဒေနှင့်မဆို အရေးယူနိုင်သည်။ သို့ရာတွင် စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ(၂၂)အရ ပြစ်ဒဏ်ကို နှစ်ကြိမ်ချမှတ်ခြင်းမပြုနိုင်ပေ။

*[ မရွက် ခေါ် မကွက်နှင့် ပထမ၊ ၁၉၆၆၊ မတစ၊ ၉၅၄ ]*

http://www.cherrythitsar.org



## အခန်း(၂) အရပ်ရပ်ဆိုင်ရာ ရှင်းလင်းချက်များ

**ကင်းလွတ်ချက်များကို အထောက်အထားပြု၍ ဤအက်ဥပဒေတွင် အဓိပ္ပာယ်ကောက်ယူခြင်း။ (ပုဒ်မ-၆)**

**Definition in the Code to be understood subject to exceptions. (Section-6)**

**ဥပဒေပြဋ္ဌာန်းချက်**

ဤရာဇသတ်ကြီးတစ်စောင်လုံးတွင် ပြစ်မှု၏ အင်္ဂါအရပ်ရပ်ကိုလည်းကောင်း၊ ရာဇဝတ်ပြစ်ဒဏ် ပြဋ္ဌာန်းချက် အရပ်ရပ်ကိုလည်းကောင်း၊ ထိုအင်္ဂါအရပ်ရပ်ကို ဖြစ်စေ၊ ရာဇဝတ်ပြစ်ဒဏ် ပြဋ္ဌာန်းချက်အရပ်ရပ်ကိုဖြစ်စေ ရှင်းလင်းပြသည့် ဥပမာ အရပ်ရပ်ကိုလည်းကောင်း အဓိပ္ပာယ်ကောက်ယူသည့်အခါတိုင်း 'အရပ်ရပ်ဆိုင်ရာ ကင်းလွတ်ရမြဲအချက်များ' ဟူသောအခန်းပါ ကင်းလွတ်ချက်များကို အထောက် အထားပြု၍ အဓိပ္ပာယ်ကောက်ယူရမည်။

**ဥပမာများ**

(က) ဤရာဇသတ်ကြီးတွင် ပြစ်မှုများ၏ အင်္ဂါများကို ဖော်ပြသည့် ပုဒ်မများ၌ အသက် ၇ နှစ်မပြည့်သေးသော ကလေးသူငယ်သည် ထိုပြစ်မှုများကို မကျူးလွန်နိုင်ကြောင်း ဖော်ပြထားခြင်းမရှိသော်လည်း အသက် ၇ နှစ်မပြည့်သေးသည့် ကလေးသူငယ်ပြုသောအရာသည် ပြစ်မှုမမြောက်စေရဟု ပြဋ္ဌာန်းသည့် အရပ်ရပ်ဆိုင်ရာ ကင်းလွတ်ရမြဲအချက်ကို အထောက်အထားပြု၍ ပြစ်မှု၏အင်္ဂါများကို အဓိပ္ပာယ် ကောက်ယူရမည်။

(ခ) လူသတ်မှု ကျူးလွန်သူ မောင်မဲကို ရဲအရာထမ်း မောင်ဖြူက ဝရမ်းမပါဘဲ ဖမ်းဆီးရာတွင် မောင်ဖြူသည် မတရားချုပ်နှောင်ထားမှုကို ကျူးလွန်ရာမရောက်။ မောင်ဖြူသည် မောင်မဲကို ဥပဒေအရ ဖမ်းဆီးရန်တာဝန်ရှိသဖြင့် ထိုသို့ဖမ်းဆီးခြင်းသည် 'ဥပဒေအရပြုရန် တာဝန်ရှိသူပြုသောအရာသည် ပြစ်မှုမမြောက်' ဟု ပြဋ္ဌာန်းထားသော အရပ်ရပ်ဆိုင်ရာ ကင်းလွတ်ရမြဲအချက်၌ ကျရောက်သက်ဆိုင်နေသောကြောင့်ဖြစ်သည်။

**တစ်ကြိမ်အဓိပ္ပာယ်ဖော်ပြပြီးလျှင် ထိုအဓိပ္ပာယ်ဖော်ထားသည့်အတိုင်း သုံးစွဲရခြင်း။ (ပုဒ်မ-၇)**

**Sense of expression once explained. (Section-7)**

**ဥပဒေပြဋ္ဌာန်းချက်**

ဤရာဇသတ်ကြီးတွင် တစ်နေရာ၌ ဖော်ပြထားသော စကားတစ်ရပ်ရပ်ကို အဓိပ္ပာယ်ဖော်ပြထားသည့်အတိုင်း တစ်စောင်လုံးတွင် သုံးစွဲသည်။

http://www.cherrythitsar.org



ရှင်းပြချက်

ဥပဒေတစ်ခု၌ စကားရပ်တစ်ခုခုကို တစ်ခုထက်ပို၍ သုံးစွဲထားလျှင် ထိုစကားရပ်အား တူညီသောအဓိပ္ပာယ်ကောက်ယူရမည်ဖြစ်သည်။

**လိင်**
**(ပုဒ်မ-၈)**

**Gender**
**(Section-8)**

ဥပဒေပြဋ္ဌာန်းချက်

ဝိဘတ်နှင့် တွဲသည်ဖြစ်စေ၊ မတွဲသည်ဖြစ်စေ 'သူ' ဆိုသည့် နာမ်စားကို ယောကျ်ား၊ မိန်းမ နှစ်မျိုးလုံးအတွက် သုံးစွဲသည်။

ရှင်းပြချက်

'သူ' ဆိုသောစကားရပ်သည် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ အသုံးပြုရည်ညွှန်းသဖြင့် ပုဒ်မ ၃၅၄ အရ မိန်းမအား ကာယိန္ဒြေပျက်စီးစေရန် လက်ရောက်မှုကျူးလွန်ခြင်းကို ယောကျ်ားသာမက မိန်းမလည်း ပြုလုပ်နိုင်မည်ဖြစ်သည်။

**သင်္ချာ**
**(ပုဒ်မ-၉)**

**Number**
**(Section-9)**

ဥပဒေပြဋ္ဌာန်းချက်

ရှေ့နောက်စကားတို့၌ အဓိပ္ပာယ်မဆန့်ကျင်လျှင် ဧကဝုစ်အဓိပ္ပာယ်သက်သည့် စကားတွင် ဗဟုဝုစ် အဓိပ္ပာယ်သက်ဝင်သည်။ ဗဟုဝုစ်အဓိပ္ပာယ်သက်သည့် စကားတွင်လည်း ဧကဝုစ်အဓိပ္ပာယ်သက်ဝင်သည်။

**ယောကျ်ား၊ မိန်းမ**
**(ပုဒ်မ-၁၀)**

**Man, Woman**
**(Section-10)**

ဥပဒေပြဋ္ဌာန်းချက်

'ယောကျ်ား' ဆိုသည်မှာ အသက်အရွယ်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ လူယောကျ်ားကိုဆိုလိုသည်။ 'မိန်းမ' ဆိုသည်မှာ အသက်အရွယ်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ လူမိန်းမကိုဆိုလိုသည်။

**တစ်ဦးတစ်ယောက်၊ တစ်ဦး**
**(ပုဒ်မ-၁၁)**

**Person**
**(Section-11)**

ဥပဒေပြဋ္ဌာန်းချက်

'တစ်ဦးတစ်ယောက်သောသူ'၊ 'သူတစ်ဦး' ဆိုသည်တွင် ဥပဒေအရ ဖွဲ့စည်းသည်ဖြစ်စေ၊ မဖွဲ့စည်းသည်ဖြစ်စေ ကုမ္ပဏီ သို့တည်းမဟုတ် အဖွဲ့အစည်း၊ သို့တည်းမဟုတ် လူအစုလည်း ပါဝင်သည်။

http://www.cherrythitsar.org



**အများပြည်သူ**
**(ပုဒ်မ-၁၂)**

**Public**
**(Section-12)**

**ဥပဒေပြဋ္ဌာန်းချက်**

'အများပြည်သူ' သို့တည်းမဟုတ် 'ပြည်သူ' ဆိုသည်တွင် အများပြည်သူတို့ အနက် မည်သည့်အမျိုးအစားမဆို သို့တည်းမဟုတ် မည်သည့်လူမျိုးစုမဆို ပါဝင်သည်။

**အစိုးရအမှုထမ်း**
**(ပုဒ်မ-၁၄)**

**Servant of the Government**
**(Section-14)**

**ဥပဒေပြဋ္ဌာန်းချက်**

'အစိုးရရာထမ်းမှုထမ်း' ဆိုရာ၌ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရသော်လည်းကောင်း၊ နိုင်ငံတော် သမ္မတကသော်လည်းကောင်း၊ နိုင်ငံတော်သမ္မတ၏ အာဏာအရသော်လည်းကောင်း ဆက်လက်ထမ်းရွက်ရသူ၊ သို့တည်းမဟုတ် ခန့်ထားခြင်းခံရသူ သို့တည်းမဟုတ် စေခိုင်းခြင်းခံရသူ ရာထမ်းမှုထမ်းအရပ်ရပ်တို့ ပါဝင်သည်။

**အစိုးရ**
**(ပုဒ်မ-၁၇)**

**Government**
**(Section-17)**

**ဥပဒေပြဋ္ဌာန်းချက်**

'အစိုးရ' ဆိုသည်မှာ ပြည်ထောင်စုနိုင်ငံတော်တစ်ဝှန်းလုံးတွင် မည်သည့်အရပ်၌မဆို ဥပဒေအရ အုပ်ချုပ်မှုအာဏာရရှိသော သူတစ်ဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ ဆိုလိုသည်။

**တရားသူကြီး**
**(ပုဒ်မ-၁၉)**

**Judge**
**(Section-19)**

**ဥပဒေပြဋ္ဌာန်းချက်**

'တရားသူကြီး'ဆိုသည်မှာ တရားသူကြီး ရာထူးအမည်ခံသူကိုသာ ဆိုလိုသည်မဟုတ်၊ တရားမမှုတွင်ဖြစ်စေ၊ ရာဇဝတ်မှုတွင်ဖြစ်စေ ဆုံးခန်းရောက်စေသည့် စီရင်ချက်ကိုလည်းကောင်း၊ အယူမခံလျှင် ဆုံးခန်းရောက်စေမည့် စီရင်ချက်ကိုသော်လည်းကောင်း၊ အခြားအာဏာပိုင်တစ်ဦးဦးက အတည်ပြုလျှင် ဆုံးခန်းရောက်စေမည့် စီရင်ချက်ကိုသော်လည်းကောင်း ချမှတ်ရန် ဥပဒေအရ အာဏာရသူကိုလည်း ဆိုလိုသည်။ သို့တည်းမဟုတ် ထိုကဲ့သို့သော အာဏာရသောလူစုတွင် ပါဝင်သည့် သူတစ်ဦးဦးကိုလည်း ဆိုလိုသည်။

**ဥပမာများ**

(က) × × × × ×

http://www.cherrythitsar.org



(ခ) အယူခံခွင့်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ငွေဒဏ်သော်လည်းကောင်း၊ ထောင်ဒဏ်သော်လည်းကောင်း စီရင်နိုင်သည့် စွဲချက်နှင့်စပ်လျဉ်း၍ စီရင်ခွင့်အာဏာရှိသော ရာဇဝတ်တရားသူကြီးသည် တရားသူကြီးဖြစ်သည်။

(ဂ) × × × × ×

(ဃ) စွဲချက်တစ်ခုခုကို စစ်ဆေးရန်သာ အာဏာရှိ၍ ထိုစွဲချက်ကို စစ်ဆေးစီရင်ပေးရန် အခြားရုံးသို့ လွှဲအပ်တင်ပို့ရသော ရာဇဝတ်တရားသူကြီးသည် တရားသူကြီးမဟုတ်။

<u>ရှင်းပြချက်</u>

ခုံသမာဓိလူကြီးများသည် သာမန်အားဖြင့် ၎င်းတို့၏ ဆုံးဖြတ်ချက်များကို ရုံးသို့ တင်ပြရပြီး ရုံးမှ ဒီဂရီချမှတ်ပေးရသဖြင့် ခုံသမာဓိလူကြီးများသည် ဆုံးခန်းတိုင်ရောက်စေသည့် စီရင်ချက်ချမှတ်နိုင်သော ပုဂ္ဂိုလ်များဖြစ်သည်ဟု မဆိုနိုင်သဖြင့် ဤပုဒ်မအရ တရားသူကြီးမမည်ပေ။ လွှဲအပ်သည့် အငြင်းပွားမှုကို အပြီးအပိုင်ဆုံးဖြတ်နိုင်သော ခုံသမာဓိလူကြီးဖြစ်မှ တရားသူကြီးဟု ဆိုနိုင်မည်ဖြစ်သည်။

**တရားရုံး (ပုဒ်မ-၂၀)**

## Court of Justice
## (Section-20)

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

'တရားရုံး' ဆိုသည်မှာ တရားစီရင်ဆဲအခါတွင် တစ်ဦးတည်းတရားစီရင်ရန် ဥပဒေအရ အာဏာရရှိသော တရားသူကြီးကိုသော်လည်းကောင်း၊ အစုံအညီစည်းဝေး၍ တရားစီရင်ရန် ဥပဒေအရ အာဏာရရှိသော တရားသူကြီးစုကိုသော်လည်းကောင်း ဆိုလိုသည်။

**ပြည်သူ့ဝန်ထမ်း (ပုဒ်မ-၂၁)**

## Public servant
## (Section-21)

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

'ပြည်သူ့ဝန်ထမ်း' ဆိုသည်မှာ အောက်ဖော်ပြပါ သူတစ်မျိုးမျိုးကို ဆိုလိုသည်။

**ပထမ-** အစိုးရပင်စင်ညာဉ်ခံအမှုထမ်း။

**ဒုတိယ-** နိုင်ငံတော် ကြည်း၊ ရေ၊ လေတပ်ဆိုင်ရာ ရေးရာပိုင်အရာရှိ။

**တတိယ-** တရားသူကြီး။

**စတုတ္ထ-** ဥပဒေနှင့်သက်ဆိုင်သည့် အကြောင်းကိုဖြစ်စေ၊ ဖြစ်ပျက်ပုံ အခြင်းအရာကိုဖြစ်စေ ရာထူးအလျောက် မေးမြန်းစုံထောက်ရန်၊ သို့တည်းမဟုတ် အစီရင်ခံရန်၊ သို့တည်းမဟုတ် စာတမ်းအမှတ်အသားကိုပြုရန်၊ သို့တည်းမဟုတ် မှန်ကြောင်းလက်မှတ်ရေးထိုးရန်၊ သို့တည်းမဟုတ် ထားရှိရန်၊ သို့တည်းမဟုတ် ပစ္စည်းကို ရယူထိန်းသိမ်းရန်၊ သို့တည်းမဟုတ် စီမံထုခွဲရန်၊ သို့တည်းမဟုတ် တရားစီရင်မှုဆိုင်ရာ

http://www.cherrythitsar.org



အမိန့်ဆင့်စာစသည်များကို အတည်ဖြစ်အောင် ဆောင်ရွက်ရန်၊ သို့တည်းမဟုတ် ကျမ်းသစ္စာတိုက်ရန်၊ သို့တည်းမဟုတ် ဘာသာပြန်ဆိုရန်၊ သို့တည်းမဟုတ် ရုံးတော်တွင် ငြိမ်ဝပ်စေရအောင် စောင့်ရှောက်ရန် တာဝန်ဝတ္တရားရှိသော တရားရုံးအရာရှိ။ ထို့ပြင် ဆိုခဲ့သော တာဝန်ဝတ္တရားအရပ်ရပ်ကို ဆောင်ရွက်ရန် တရားရုံး၏ အထူးသီးခြားအာဏာလွှဲအပ်ခြင်းကိုခံရသူ။

**ပဥ္စမ-** တရားရုံးကိုဖြစ်စေ၊ ပြည်သူ့ဝန်ထမ်းကိုဖြစ်စေ ကူညီသော ဂျူရီလူကြီး သို့တည်းမဟုတ် ကျေးရွာကော်မတီလူကြီး။

**ဆဋ္ဌမ-** ဆုံးဖြတ်ရန်သော်လည်းကောင်း၊ အစီရင်ခံရန်သော်လည်းကောင်း မည်သည့်အမှုကိုမဆို သို့တည်းမဟုတ် မည်သည့်အကြောင်းအရာကိုမဆို တရားရုံး၏ သို့တည်းမဟုတ် အာဏာရပြည်သူ့ဝန်ထမ်း အာဏာပိုင်အဖွဲ့၏ လွှဲအပ်ခြင်းကို ခံရသော အနုညာတ ခုံလူကြီး၊ သို့တည်းမဟုတ် အခြားလူကြီး။

**သတ္တမ**- တစ်ဦးတစ်ယောက်သောသူကို ချုပ်နှောင်ပိုင်၊ သို့တည်းမဟုတ် ချုပ်နှောင်ထားပိုင်ခွင့်အာဏာရ ရာထူးလက်ရှိဖြစ်သူ။

**အဋ္ဌမ-**ရာထူးအလျောက် ပြစ်မှုများကိုတားမြစ်ရန်၊ သို့တည်းမဟုတ် ပြစ်မှုအကြောင်းအရာကို သတင်းပေးရန်၊ သို့တည်းမဟုတ် ပြစ်မှုကျူးလွန်သူတို့ကို ဥပဒေနှင့်အညီဖြစ်စေရန်သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးကိုဖြစ်စေ၊ လုံခြုံရေးကိုဖြစ်စေ၊ သက်သာရေးကိုဖြစ်စေ စောင့်ရှောက်ရန်သော်လည်းကောင်း တာဝန်ဝတ္တရားရှိသော အစိုးရအရာရှိ။

**နဝမ-** ရာထူးအလျောက် အစိုးရအတွက် ပစ္စည်းကိုရယူရန်၊ သို့တည်းမဟုတ် လက်ခံရန်၊ သို့တည်းမဟုတ် ထားရှိရန်၊ သို့တည်းမဟုတ် သုံးစွဲရန် တာဝန်ဝတ္တရားရှိသော အရာရှိ။ အစိုးရအတွက် စစ်ဆေးခန့်မှန်းရန်၊ သို့တည်းမဟုတ် တန်ဖိုးဖြတ်ရန်၊ သို့တည်းမဟုတ် အခွန်စည်းကြပ်ရန်၊ သို့တည်းမဟုတ် ပဋိညာဉ်ပြုရန် တာဝန်ဝတ္တရားရှိသောအရာရှိ။ အခွန်တော်နှင့် စပ်လျဉ်းသည့် အမိန့်ဆင့်စာ စသည်များကို အတည်ဖြစ်အောင် ဆောင်ရွက်ရန် တာဝန်ဝတ္တရားရှိသောအရာရှိ။ အစိုးရငွေကြေးအခွင့်အရေးဆိုင်ရာ အမှုကိစ္စကို မေးမြန်းစုံထောက်ရန်၊ သို့တည်းမဟုတ် အစီရင်ခံရန် တာဝန်ဝတ္တရားရှိသောအရာရှိ။ အစိုးရငွေကြေး အခွင့်အရေးဆိုင်ရာ အကျိုးစီးပွားကို စောင့်ရှောက်ရန်အလို့ငှာ ပြဋ္ဌာန်းထားသည့် ဥပဒေကို ကျူးလွန်ခြင်း မရှိစေရအောင် တားဆီးရန် တာဝန်ဝတ္တရားရှိသောအရာရှိ။ ထို့ပြင် နိုင်ငံတော်က ခန့်ထား၍ နိုင်ငံတော်၏အမှုကိုထမ်းရွက်သော၊ သို့တည်းမဟုတ် လစာကိုယူသော အရာရှိ။ အများပြည်သူဆိုင်ရာ တာဝန်ဝတ္တရား ဆောင်ရွက်ရေးအတွက် အခကြေးငွေသော်လည်းကောင်း၊ ကော်မရှင်သော်လည်းကောင်း ရရှိသောအရာရှိ၊ သို့တည်းမဟုတ် အစိုးရအဖွဲ့ဝင်ဝန်ကြီး။

**ဒသမ-** ကျေးရွာတွင်၊ သို့တည်းမဟုတ် မြို့တွင်၊ သို့တည်းမဟုတ် ခရိုင်တွင်၊ အများနှင့်သက်ဆိုင်သော လောကီရေးကိစ္စအတွက် ရာထူးအလျောက် ပစ္စည်းကိုရယူရန်၊

http://www.cherrythitsar.org



သို့တည်းမဟုတ် လက်ခံရန်၊ သို့တည်းမဟုတ် ထားရှိရန်၊ သို့တည်းမဟုတ် သုံးစွဲရန် တာဝန်ဝတ္တရားရှိသောအရာရှိ။ စစ်ဆေးခန့်မှန်းရန်၊ သို့တည်းမဟုတ် တန်ဖိုးဖြတ်ရန် တာဝန်ဝတ္တရားရှိသော အရာရှိ။ အခွန်ကောက်ခံရန် တာဝန်ဝတ္တရားရှိသော အရာရှိ။ ကျေးရွာ သို့တည်းမဟုတ် မြို့ သို့တည်းမဟုတ် ခရိုင်နေသူတို့၏ ဆိုင်ရာဆိုင်ခွင့်များကို သေချာစွာ သိသာနိုင်အောင် စာတမ်းအမှတ်အသားပြုရန်၊ သို့တည်းမဟုတ် မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရန်၊ သို့တည်းမဟုတ် ထားရှိရန် တာဝန်ဝတ္တရားရှိသော အရာရှိ။

**ကေဒသမ**-ရွေးကောက်ပွဲစာရင်းကို စီမံရေးသားရန် သို့တည်းမဟုတ် ထုတ်ပြန်ကြေညာရန် သို့တည်းမဟုတ် ထားရှိရန် သို့တည်းမဟုတ် ထပ်မံပြင်ဆင်ရန် အာဏာရ ရာထူးလက်ရှိဖြစ်သူ၊ ရွေးကောက်ပွဲတစ်ခုအတွက်ဖြစ်စေ၊ တစ်စိတ်တစ်ဒေသအတွက်ဖြစ်စေ ဆောင်ရွက်ရန် အာဏာရ ရာထူးလက်ရှိဖြစ်သူ။

<u>**ဥပမာ**</u>

မြူနီစီပါယ်လူကြီးတိုင်းသည် ပြည်သူ့ဝန်ထမ်းဖြစ်သည်။

**ရှင်းလင်းချက်-၁။** အထက်က ဖော်ပြခဲ့သောသူများသည် အစိုးရကခန့်ထားသည်ဖြစ်စေ၊ မခန့်ထားသည်ဖြစ်စေ ပြည်သူ့ဝန်ထမ်းဖြစ်သည်။

**ရှင်းလင်းချက်-၂။** "ပြည်သူ့ဝန်ထမ်း" ဆိုသည့်စကားရပ် ပါရှိသည့် နေရာတိုင်းတွင် ပြည်သူ့ဝန်ထမ်း ရာထူးလက်ရှိ ဖြစ်နေခြင်းသည် ဥပဒေသဘောအရ ချို့ငဲ့နေစေကာမူ ထိုရာထူးလက်ရှိဖြစ်နေသူကိုလည်းဆိုသည်။

**ရှင်းလင်းချက်-၃။** "ရွေးကောက်ပွဲ" ဆိုသည်မှာ ပြည်ထောင်စု ပါလီမန်၊ သို့တည်းမဟုတ် မြူနီစီပါယ်အဖွဲ့၊ သို့တည်းမဟုတ် အများပြည်သူဆိုင်ရာ အခြားအာဏာရအဖွဲ့ဝင်လူကြီးကိုဖြစ်စေ၊ အရာရှိကိုဖြစ်စေ ရွေးချယ်ရန်အလို့ငှာ ဥပဒေဖြင့် ပြဋ္ဌာန်းသည့် စနစ်အတွင်း ရွေးကောက်ခြင်းကို ဆိုလိုသည်။

<u>**စီရင်ထုံး**</u>

၁။ တရားမရုံးတွင် အဆိုလွှာကို မှန်မမှန်စစ်ဆေးပြီး အစီရင်ခံရသည့် စာရေး၊ အမှုတွဲထိန်း၊ ဆင့်စာအတည်ပြုရသည့်သမ္မာန်လုလင် စသည်တို့သည် ဤအပိုဒ်နှင့် အကျုံးဝင်သော အရာရှိများဖြစ်သည်။ တရားမရုံးမှ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို နယ်နိမိတ်များနှင့်တကွ ခွဲစိတ်ပေးရန် ခန့်ထားခြင်းခံရသည့် ကော်မရှင်နာသည်လည်း အစိုးရလခစားမဟုတ်စေကာမူ တရားရုံး၏ အထူးသီးခြား အာဏာလွှဲအပ်ခြင်းခံရသူဖြစ်၍ ဤအပိုဒ်တွင် အကျုံးဝင်သည်။ သက်သေကို စစ်ဆေးရန် တရားရုံးမှ ခန့်ထားသည့် ကော်မရှင်နာသည် အလားတူပင်ဖြစ်သည်။ သို့ရာတွင် လျှောက်လွှာစာရေးသည် ပြည်သူ့ဝန်ထမ်း မဟုတ်ချေ။

*[အစိုးရနှင့်ဖိုဆောင် (၁၈၉၇-၀၁)အတွဲ-၁၊အထက်မြန်မာပြည်စီရင်ထုံး ၂၆၅]*

http://www.cherrythitsar.org



၂။ မြန်မာပြည်လေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့၏ အကြီးတန်း သယ်ယူပို့ဆောင်ရေးအရာရှိ ပြည်သူ့ဝန်ထမ်းဖြစ်သည်။

*[ပထစနှင့်မောင်ခင်ဇော်၊ ၁၉၅၁၊မတစ(လွှတ်တော်)၁၉၄ ]*

၃။ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့၏ ရာထမ်းမှုထမ်းများ ပြည်သူ့ဝန်ထမ်းဖြစ်သည်။

*[အက်စ်စီလူးပါ ၄ နှင့် ပထစ၊ ၁၉၅၇၊ မတစ(လွှတ်တော်)၄၉ ]*

၄။ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အက်ဥပဒေအရ ခန့်ထားသော အရာရှိများ ပြည်သူ့ဝန်ထမ်းဖြစ်သည်။

*[ဦးဘစိန်ပါ ၂ နှင့် ပထစ၊ ၁၉၅၇၊ မတစ(လွှတ်တော်)၆၇]*

၅။ နိုင်ငံတော် ကောက်ပဲသီးနှံအဖွဲ့မှ ခန့်ထားသူ ပြည်သူ့ဝန်ထမ်းဖြစ်သည်။

*[ဦးပု နှင့် ပထစ၊ ၁၉၅၇၊ မတစ(လွှတ်တော်)၁၀၂]*

၆။ အစိုးရအဖွဲ့ဝင်ဝန်ကြီးကို ပြည်သူ့ဝန်ထမ်းအဖြစ် ထည့်သွင်းသတ်မှတ်သည်။

*[ဦးကျော်သိန်း နှင့် ပထစ ပါ ၂၊ ၁၉၅၉၊ မဘစ(လွှတ်တော်ချုပ်)၁၄၅]*

၇။ နိုင်ငံတော်ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့ဝင်တစ်ဦးဖြစ်၍ ဝန်ကြီးဆိုသော စကားတွင် အကျုံးဝင်သည်။

*[ဦးသန်းမောင် နှင့် ပထစ၊ ၁၉၆၁၊ မတစ(လွှတ်တော်)၁၉၇]*

၈။ ပါလီမန်အမတ်သည် ပြည်သူ့ဝန်ထမ်းမဟုတ်ချေ။

*[ ပထစ နှင့် ဦးကျော်တင့်၊ ၁၉၆၂၊ မတစ(လွှတ်တော်)၁၂၈]*

၉။ သမဝါယမအသင်း၏ အမှုဆောင်လူကြီးများ၊ ထိုအသင်း၏ အမှုထမ်းများသည် ပြည်သူ့ဝန်ထမ်းမဟုတ်။

*[မောင်မြင့်ကြည်ပါ ၂ နှင့် ပထစ၊*
*ရာဇသတ်အယူခံမှုအမှတ် ၁၁၁ နှင့် ၁၁၂/၆၇(အထူးအယူခံအဖွဲ့) ]*

## ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း (ပုဒ်မ-၂၂)

## Moveable property (Section-22)

**ဥပဒေပြဋ္ဌာန်းချက်**

**'ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း'** ဆိုသည်တွင် မြေ၊ ထို့ပြင် မြေ၌စွဲကပ်သောအရာများ၊ သို့တည်းမဟုတ် မြေ၌စွဲကပ်သော အရာတွင် အမြဲတွယ်ထားသည့် အရာများမှတစ်ပါး အကောင်အထည်ရှိသော ကျန်ဝတ္ထုပစ္စည်းအမျိုးမျိုးကို ပါဝင်စေရန် ရည်ရွယ်၍ ဆိုလိုသည်။

**စီရင်ထုံး**

၁။ ပထဝီမြေသည် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းမဟုတ်သည်မှာ အထူးရှင်းလင်းရန်မလို၊ ပထဝီမြေမှ မြေကြီး၊ ခဲလုံး၊ သတ္တု စသည်တို့ကို တူးဖော်လိုက်လျှင် ထိုမြေကြီး၊

ခဲလုံး၊ သတ္တုတို့မှာ ရွှေ့ပြောင်းနိုင်သောပစ္စည်း ဖြစ်လာပေသည်။ အလားတူပင် မလှဲရသေးသော သစ်ပင်များ၊ စိုက်ပျိုးထားသော ကောက်ပဲသီးနှံများသည် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ မဟုတ်သော်လည်း လှဲလိုက်သောအခါ၊ ရိတ်သိမ်းလိုက်သောအခါ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများအဖြစ် အသွင်ပုံသဏ္ဌာန်ပြောင်းလဲသွားသည်။ ခုတ်လှဲခြင်းမပြုရသေးသည့် ကျွန်းပင်သည် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း မဟုတ်ပေ။

*[ဦးကာဒိုးနှင့်အစိုးရ၊ အတွဲ ၈၊ ရန်ကုန် ၁၃]*

**မတရားရယူခြင်း၊ မတရားဆုံးရှုံးခြင်း။ (ပုဒ်မ-၂၃)**

**Wrongful gain, Wrongful loss (Section-23)**

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

"မတရားရယူခြင်း" ဆိုသည်မှာ ရယူသူသည် ဥပဒေနှင့်အညီ ပိုင်ခွင့်မရှိသော ပစ္စည်းကို မတရားသောနည်းဖြင့် ရယူခြင်းကို ဆိုလိုသည်။

"မတရားဆုံးရှုံးခြင်း" ဆိုသည်မှာ ဆုံးရှုံးသူသည် ဥပဒေနှင့်အညီ ပိုင်ခွင့်ရှိသော ပစ္စည်းကို မတရားသောနည်းဖြင့် ဆုံးရှုံးခြင်းကို ဆိုလိုသည်။

တစ်ဦးတစ်ယောက်သောသူသည် မတရားရရှိသောအခါ၌သော်လည်းကောင်း၊ မတရား ဆက်လက်ထားရှိသောအခါ၌သော်လည်းကောင်း မတရားရယူသည်မည်၏။ တစ်ဦးတစ်ယောက်သောသူသည် ပစ္စည်းကို မရနိုင်အောင် မတရားတားဆီးခံရသောအခါ၌သော်လည်းကောင်း၊ ပစ္စည်းကို မတရားလက်လွှတ်ခံရသောအခါ၌သော်လည်းကောင်း မတရားဆုံးရှုံးသည်မည်၏။

**<u>စီရင်ထုံး</u>**

၁။ "မတရားသောနည်း" ဆိုရာ၌ 'မတရားသော' ဆိုသည့်စကား၏ အဓိပ္ပာယ်ကို ရှင်းလင်းထားခြင်းမရှိပေ။ ပုဒ်မ ၄၃ တွင် 'ဥပဒေနှင့်မညီသော' ဆိုသည့်စကားကို အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ 'မတရားသော' ဆိုသည့်စကားမှာ လူတစ်ဦးတစ်ယောက်၏ ဥပဒေအရ အခွင့်အရေးကို ထိခိုက်နစ်နာစေသည့် အဓိပ္ပာယ်ဆောင်ပေသည်။ ပြုလုပ်မှု တစ်စုံတစ်ခုကြောင့် ပြုလုပ်သူအား ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခြင်းခံထိုက်လျှင် ထိုသူ၏ပြုလုပ်မှုသည် မတရားသောနည်းဖြင့် ပြုလုပ်သည်ဟု ဆိုရမည်ဖြစ်ပေသည်။

*[မောင်တေနှင့်အစိုးရ၊ အတွဲ ၂၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၂၁၆]*

**မရိုးမဖြောင့်ခြင်း (ပုဒ်မ-၂၄)**

**Dishonesty (Section-24)**

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

မတရားရယူရန်အကြံနှင့်ဖြစ်စေ၊ မတရားဆုံးရှုံးစေရန် အကြံနှင့်ဖြစ်စေ မည်သူမဆို တစ်ဦးတစ်ယောက်သောသူအားပြုလျှင် ထိုသူသည် 'မရိုးမဖြောင့်' ပြုသည်မည်၏။

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ 'မရိုးမဖြောင့်' ဟုဆိုလျှင် သာမန် အရပ်သားအနေဖြင့် မှန်ကန်ခြင်းမရှိ၊ လိမ်လည်သည်ဟု နားလည်မည်ဖြစ်သည်။ သို့ရာတွင် ဤပုဒ်မ၌ ထိုစကားကို ၎င်း အဓိပ္ပာယ်အရ သုံးနှုန်းထားခြင်းမဟုတ်၊ မတရားရယူခြင်း သို့မဟုတ် မတရားဆုံးရှုံး စေခြင်း အကြံနှင့်ပြုခြင်းသည် မရိုးမဖြောင့်ပြုခြင်းဖြစ်သည်။ သို့ဖြစ်ရာ မရိုးမဖြောင့် သောစကားကို ပစ္စည်းနှင့်ပတ်သက်သော ကိစ္စအတွက်သာ အသုံးပြုကြောင်း သိသာ နိုင်ပေသည်။

*[ဘသိန်းနှင့်အစိုးရ၊ အေအိုင်အာ၊ ၁၉၂၅၊ ရန်ကုန် ၉ ]*

၂။ မရိုးမဖြောင့်ခြင်း ဟုတ်မဟုတ်ဆိုသည့်ပြဿနာကို စဉ်းစားရာတွင် မတရား ရယူခြင်း သို့မဟုတ် မတရားဆုံးရှုံးခြင်း ရှိမရှိ၊ ရှိပါက တရားခံ၌ ထိုသို့ကြံရွယ်ချက် နှင့် ပြုခြင်းဟုတ်မဟုတ် ဆိုသည့်အချက်များ ပြည့်စုံရန်လိုပေသည်။

*[ပထစနှင့်ခင်မောင်လတ်၊ ၁၉၅၂၊ မြန်မာပြည်စီရင်ထုံး၊ ၁၁၄(လွှတ်တော်)]*

၃။ လူတစ်ဦးတစ်ယောက်၏ အကြံများ မည်သို့မည်ပုံရှိသည်ဆိုခြင်းကို ပုထုဇဉ် ပုဂ္ဂိုလ်အနေဖြင့် သိရှိနိုင်မည်မဟုတ်ပေ။ သို့ဖြစ်ရာ တရားခံတစ်ဦး၏အကြံသည် မည်သို့ရှိသည်ဟု တိုက်ရိုက်သက်သေပြရန် မဖြစ်နိုင်ပေ။ ထိုသူ၏ ပြုမူဆောင်ရွက် ချက်အပေါ် ခန့်မှန်း၍ အဆုံးအဖြတ်ပြုရန်သာရှိပေသည်။

*[ဦးသန်းနိုင်နှင့်ပထစ၊ ၁၉၆၆၊ မတစ၊ ၁၆၀၉]*

၄။ ပစ္စည်းတစ်စုံတစ်ခုကို မတရားရယူခြင်းလည်းမဟုတ်၊ မတရားဆုံးရှုံးစေခြင်း လည်း မဖြစ်လျှင် တရားခံ၏ ပြုလုပ်မှုသည် မရိုးမဖြောင့်သောသဘောဖြင့် ပြုသည် ဟု ကောက်ယူခြင်းမပြုနိုင်ပေ။

*[မောင်သန်းမောင်နှင့်ပထစ၊ ၁၉၆၇၊ မတစ၊ ၃၆၃]*

**လိမ်လည်လှည့်ဖြားခြင်း (ပုဒ်မ-၂၅)**

**Fraudulently (Section-25)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို လိမ်လည်လှည့်ဖြားလိုသော အကြံနှင့်ပြုလျှင် ထိုသူသည် 'လိမ်လည်လှည့်ဖြား၍' ပြုသည်မည်၏။ ထိုအကြံမျိုးမရှိလျှင် လိမ်လည်လှည့်ဖြား ၍ ပြုသည်မမည်။

**စီရင်ထုံး**

၁။ လိမ်လည်လှည့်ဖြားရန်အကြံရှိမရှိဆိုသော ပြဿနာနှင့်ပတ်သက်၍ တရားခံ ၏ ပြုလုပ်မှုအပေါ် ဆုံးဖြတ်ရမည်ဖြစ်သည်။ တရားခံ၏ ပြုလုပ်မှုသည် လိမ်လည် ရာရောက်သည့် ပြုလုပ်မှုတစ်ခုခုဖြစ်ရန်လိုသည်။ ဥပမာ-အများပြည်သူတို့အား အစုရှယ်ယာများဝယ်ယူရန် ကုမ္ပဏီ၏ တရားဝင်ရှင်းတမ်းကို လိမ်လည်၍ထုတ်ပြန် လျှင် လိမ်လည်လှည့်ဖြားရန်အကြံနှင့်ပြုသည်ဟု ဆိုရမည်ဖြစ်သည်။ လိမ်လည်

http://www.cherrythitsar.org



လှည့်ဖြားမှုသည် အောင်မြင်ခြင်းမရှိစေကာမူ လိမ်လည်လှည့်ဖြားရန် အကြံနှင့် ပြုပါက လိမ်လည်လှည့်ဖြားခြင်းမြောက်သည်။ ဥပမာ-ပစ္စည်းရှင်တစ်ဦးသည် ၎င်း၏ ပိုင်ဆိုင်မှုကို ထင်ရှားအောင်အလို့ငှာ မလိုအပ်ပါဘဲလျက် ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများကို အတုလုပ်၍ ရုံးသို့တင်ပြလျှင် လိမ်လည်လှည့်ဖြား၍ပြုရာရောက်သည်။ တရားခံသည် ပြစ်မှုဖြင့် ပြစ်ဒဏ်ထင်ရှား စီရင်ခြင်းခံရသောကြောင့် အလုပ်မှ ထုတ်ပယ်ခြင်းခံရပါလျက် ၎င်း၏ အမှုထမ်းစာအုပ်၌ အလုပ်မှထွက်သည်ဟု ရေးသားပြီး ခရိုင်ဝန်ထံတွင် အလုပ်လျှောက်ထားခြင်းသည် ဤပုဒ်မအရ လိမ်လည်လှည့်ဖြား၍ပြုသည်ဟု ယူဆရမည်ဖြစ်သည်။

*[မောင်ဖေနှင့်အစိုးရ၊ ပုံနှိပ်ထားသည့်စီရင်ချက်များ၊ အောင်မြန်မာပြည်၊ ၂၆၆]*

**ယုံကြည်ရန်အကြောင်း (ပုဒ်မ-၂၆)**

**Reason to believe (Section-26)**

<u>**ဥပဒေပါဋ္ဌနှင့်ဆိုချက်**</u>

ယုံကြည်ရန် လုံလောက်သော အချက်အလက်ရှိသောအခါမှာမှတစ်ပါး မည်သည့်အရာကိုမျှ 'ယုံကြည်ရန်အကြောင်း' ရှိသည်မမည်။

**မယား သို့တည်းမဟုတ် စာရေး သို့တည်းမဟုတ် အစေခံ လက်ရှိပစ္စည်း (ပုဒ်မ-၂၇)**

**Property in possession of wife, clerk or servant (Section-27)**

<u>**ဥပဒေပါဋ္ဌနှင့်ဆိုချက်**</u>

ပစ္စည်းတစ်ခုသည် တစ်ဦးတစ်ယောက်သောသူ၏ မယား၊ သို့တည်းမဟုတ် ထိုသူ၏ စာရေး သို့တည်းမဟုတ် ထိုသူ၏ အစေခံလက်တွင် ထိုသူပိုင်ပစ္စည်းအဖြစ်ဖြင့် ရှိသည့်အခါ ဤရာဇသတ်ကြီးအလို့ငှာ ထိုပစ္စည်းသည် ထိုသူ၏လက်ရှိဖြစ်သည်ဟု မှတ်ယူရမည်။

**ရှင်းလင်းချက်-** စာရေးအဖြစ်ဖြင့်သော် လည်းကောင်း၊ အစေခံအဖြစ်ဖြင့်သော် လည်းကောင်း ခေတ္တဖြစ်စေ၊ သီးခြားကိစ္စတစ်ရပ်ရပ်အတွက်ဖြစ်စေ စေခိုင်းခံရသူသည် ဤပုဒ်မ၏ အဓိပ္ပာယ်အလို့ငှာ စာရေး သို့တည်းမဟုတ် အစေခံဖြစ်သည်ဟု မှတ်ယူရမည်။

**အတုပြုခြင်း (ပုဒ်မ-၂၈)**

**Counterfeit (Section-28)**

<u>**ဥပဒေပါဋ္ဌနှင့်ဆိုချက်**</u>

တစ်ဦးတစ်ယောက်သောသူသည် အရာဝတ္ထုတစ်ခု၏ ပုံသဏ္ဍာန်ကို ဆင်တူယိုးမှားပြုရာ၌ ထိုသို့ဆင်တူယိုးမှားဖြစ်ခြင်းကို အကြောင်းပြု၍ လှည့်ဖြားရန် ကြံရွယ်လျှင် သို့တည်းမဟုတ် လှည့်ဖြားခြင်း ဖြစ်တန်ရာသည်ကိုသိလျှင် ထိုသူသည် အတုပြုသည်မည်၏။

http://www.cherrythitsar.org



**ရှင်းလင်းချက်-၁။** အတုပြုခြင်းတွင် ပုံသဏ္ဌာန်ထပ်တူကျနရန်မလို။
**ရှင်းလင်းချက်-၂။** မှားလောက်အောင် ဆင်တူယိုးမှားဖြစ်နေလျှင် လှည့်ဖြားရန် အကြံမရှိဟုသော်လည်းကောင်း၊ လှည့်ဖြားခြင်းဖြစ်တန်ရာသည်ကို မသိဟုလည်းကောင်း သက်သေထင်ရှား မပြနိုင်သမျှကာလပတ်လုံး လှည့်ဖြားရန်အကြံရှိသည်ဟုသော်လည်းကောင်း၊ လှည့်ဖြားခြင်းဖြစ်တန်ရာသည်ကို သိသည်ဟုလည်းကောင်း ဤကိစ္စအလို့ငှာ ယူဆရမည်။

<u>**စီရင်ထုံး**</u>
၁။ ဤပုဒ်မ၏ အဓိကအင်္ဂါရပ်မှာ လှည့်ဖြားရန်ကြံရွယ်၍သော်လည်းကောင်း၊ လှည့်ဖြားခြင်း ဖြစ်တန်ရာသည် သိလျက်နှင့်သော်လည်းကောင်း ဆင်တူယိုးမှား ပြုလုပ်ရန်လိုသည်။ လှည့်ဖြားရန်အကြံ သို့မဟုတ် အသိစိတ်မရှိလျှင် ဤပုဒ်မအရ အတုပြုလုပ်မှုမမြောက်၊ ထို့ကြောင့် ကုန်ထုတ်လုပ်သူက ကုန်တံဆိပ်ကို မှားယွင်း၍ ကပ်လိုက်သော ကုန်ပစ္စည်းကို တရားခံက သဘောရိုးဖြင့် ဝယ်ယူလက်ရှိထားခြင်းသည် လှည့်ဖြားရန်အကြံ သို့မဟုတ် အသိစိတ်ဖြင့် ဆင်တူယိုးမှား ပြုလုပ်ခြင်းမဟုတ်၍ အတုပြုလုပ်သည်ဟု မဆိုနိုင်။
*[အစ်ရှိမန်အင်ကုမ္ပဏီ နှင့် အာခေ့ာ်လမွန်၊ အတွဲ ၄၊ ရန်ကုန် ၁၆]*

**စာတမ်းအမှတ်အသား (ပုဒ်မ-၂၉)**

**Document (Section-29)**

<u>**ဥပဒေဖွင့်ဆိုချက်**</u>
'စာတမ်းအမှတ်အသား' ဆိုသည်မှာ အကြောင်းအရာတစ်ခုခု၏ သက်သေခံအဖြစ်ဖြင့် သုံးစွဲရန်ကြံရွယ်သော သို့တည်းမဟုတ် သုံးစွဲနိုင်သော အက္ခရာဖြင့်ဖြစ်စေ၊ ဂဏန်းဖြင့်ဖြစ်စေ၊ အမှတ်အသားဖြင့်ဖြစ်စေ၊ ထိုနည်းများအနက် တစ်နည်းထက်ပိုသောနည်းများဖြင့်ဖြစ်စေ မည်သည့်အရာဝတ္ထုအပေါ်မဆို ရေးသားထားသော သို့တည်းမဟုတ် ဖော်ပြထားသော အကြောင်းအရာကို ဆိုလိုသည်။
**ရှင်းလင်းချက်-၁။** ဆိုခဲ့သော အက္ခရာများကို သို့တည်းမဟုတ် ဂဏန်းများကို သို့တည်းမဟုတ် အမှတ်အသားများကို မည်သည့်ဝတ္ထုပေါ်တွင် မည်သည့်နည်းဖြင့် ရေးသားဖော်ပြထားသည်ဖြစ်စေ၊ ဆိုခဲ့သော အကြောင်းအရာတို့ကို သက်သေခံအဖြစ်ဖြင့် တရားရုံးအတွက် ကြံရွယ်သည်ဖြစ်စေ၊ မကြံရွယ်သည်ဖြစ်စေ၊ တင်ပြသည်ဖြစ်စေ၊ မတင်ပြသည်ဖြစ်စေ ဤအချက်များသည် အရေးကြီးသော အချက်များမဟုတ်။

<u>**ဥပမာများ**</u>
ပဋိညာဉ်ပြုကြောင်း သက်သေခံအဖြစ်ဖြင့် အသုံးပြုနိုင်သည့် စည်းကမ်းချက်များကို ဖော်ပြသော ရေးသားချက်သည် စာတမ်းအမှတ်အသားဖြစ်သည်။

http://www.cherrythitsar.org



ငွေထုတ်ပေးရန် ဘဏ်တိုက်သို့ ညွှန်ကြားသော ချက်လက်မှတ်သည် စာတမ်းအမှတ်အသားဖြစ်သည်။

'ကိုယ်စားလှယ်စာ' သည် စာတမ်းအမှတ်အသားဖြစ်သည်။

သက်သေခံအဖြစ်ဖြင့် အသုံးပြုရန်ကြံရွယ်သော၊ သို့တည်းမဟုတ် အသုံးပြုနိုင်သော မြေပုံသည်၊ သို့တည်းမဟုတ် အိမ်ပုံစံအစရှိသော ပုံစံသည် စာတမ်းအမှတ်အသားဖြစ်သည်။

အမိန့်ဆင့်ဆိုချက် သို့တည်းမဟုတ် ညွှန်ကြားချက်ပါရှိသောစာသည် စာတမ်းအမှတ်အသားဖြစ်သည်။

**ရှင်းလင်းချက်-၂။** ကုန်သည်တို့၊ သို့တည်းမဟုတ် အခြားသူတို့ ထုံးတမ်းအတိုင်း ရေးမှတ်သော အက္ခရာများသည်၊ သို့တည်းမဟုတ် ဂဏန်းများသည်၊ သို့တည်းမဟုတ် အမှတ်အသားများသည် ရေးသားထားသည့်အတိုင်း အဓိပ္ပာယ်မပေါ်စေကာမူ ကုန်သည်တို့၏ သို့တည်းမဟုတ် အခြားသူတို့၏ ထုံးတမ်းအတိုင်း အဓိပ္ပာယ်ရှိသည်ဟု မှတ်ယူရမည်။

**ဥပမာ**

မိမိညွှန်ကြားသူသို့ ငွေပေးချေရန်ဖြစ်သော ငွေလွှဲစာချုပ် ကျောဘက်တွင် မောင်ဖြူက မိမိ၏အမည်ကိုရေးသားလျှင် ထိုရေးသားချက်သည် ကုန်သည်တို့ ထုံးတမ်းအတိုင်း ထိုလက်မှတ် လက်ရှိဖြစ်သူအား ငွေပေးချေရမည်ဟု ဆိုလိုသည်။ ထိုရေးသားချက်သည် စာတမ်းအမှတ်အသား ဖြစ်သည့်အပြင် အမည်ရေးထိုးသော လက်မှတ်အထက်တွင် 'လက်ရှိဖြစ်သူအားပေးပါ' ဟူသော စကားကိုဖြစ်စေ၊ ထို အဓိပ္ပာယ်သက်ရောက်သည့် စကားကိုဖြစ်စေ ရေးသားဘိသကဲ့သို့ အဓိပ္ပာယ်ကောက်ယူရမည်။

**စီရင်ထုံး**

၁။ မြေပုံ၊ ပုံစံ၊ ကာတွန်းစသည်တို့မှာလည်း စာတမ်းအမှတ်အသားများဖြစ်သည်။ တောခေါင်းက ခုတ်လှဲရန်ခွင့်ပြုသည့်အနေဖြင့် သစ်ပင်တွင် ရိုက်နှိပ်ထားသည့်စာများမှာလည်း စာတမ်းအမှတ်အသားဖြစ်သည်။ ဇလီဖားတုံးတွင် တံဆိပ်ရိုက်နှိပ်သည်ဟူသည် စာတမ်းအမှတ်အသားပင်ဖြစ်သည်။

*[အေဗွီဂျိုးဇက်နှင့် အစိုးရ၊ အတွဲ ၃၊ ရန်ကုန် ၁၁ ]*

၂။ ဂျပန်ပြည်ရှိ ပစ္စည်းထုတ်လုပ်သူတို့သည် တိုင်တန်းသူ၏ တံဆိပ်ကို မှားယွင်းသုံးမိခဲ့ခြင်းဖြစ်နိုင်သည်၊ သို့မဟုတ် ၎င်းတို့က ကုန်များကို မြန်မာပြည်သို့ပို့ရာ တရားခံက ၎င်းတို့ကို သဘောရိုးနှင့်ဝယ်ခဲ့ခြင်းဖြစ်နိုင်သည်။ သို့ဖြစ်ရာ တရားခံ လက်ဝယ်၌တွေ့သောကုန်တံဆိပ်တို့မှာ အတုမဟုတ်သဖြင့် ပုဒ်မ ၄၀၆ အရ အပြစ်မပေးနိုင်၊ လိမ်လည်လှည့်ဖြားရန် အကြံမရှိသဖြင့် ပုဒ်မ ၄၈၀ နှင့် ပုဒ်မ ၄၈၂ အရ ပြစ်မှုမမြောက်။

*[(ဆိုင်ရွှန်းရှီမန်းနှင့် ကုမ္ပဏီအမှု) ရန်ကုန်၊ အတွဲ ၄၊ စာ ၁၆ ]*

http://www.cherrythitsar.org



**အဖိုးတန်စာတမ်းအမှတ်အသား (ပုဒ်မ-၃၀)**

**Valuable security (Section-30)**

**ဥပဒေပါ ဖွင့်ဆိုချက်**

'အဖိုးတန်စာတမ်းအမှတ်အသား' ဆိုသည်မှာ တရားဝင် အခွင့်အရေးကို ပြုလုပ်သော သို့တည်းမဟုတ် ချဲ့ထွင်သော သို့တည်းမဟုတ် လွှဲအပ်သော သို့တည်းမဟုတ် ကန့်သတ်သော၊ သို့တည်းမဟုတ် ဖျက်သိမ်းသော၊ သို့တည်းမဟုတ် စွန့်လွှတ်သော စာတမ်းအမှတ်အသားကိုဖြစ်စေ၊ ထိုသို့ပြုလုပ်သည့် သို့တည်းမဟုတ် ချဲ့ထွင်သည့်၊ သို့တည်းမဟုတ် လွှဲအပ်သည့်၊ သို့တည်းမဟုတ် ကန့်သတ်သည့်၊ သို့တည်းမဟုတ် ဖျက်သိမ်းသည့်၊ သို့တည်းမဟုတ် စွန့်လွှတ်သည့်အနေသက်ရောက်သော စာတမ်း အမှတ်အသားကိုဖြစ်စေ၊ တစ်ဦးတစ်ယောက်က ဥပဒေအရ တာဝန်ရှိကြောင်းသော်လည်းကောင်း၊ တရားဝင်အခွင့်အရေး မရှိကြောင်းသော်လည်းကောင်း ဝန်ခံသော စာတမ်းအမှတ်အသားကိုဖြစ်စေ ဆိုလိုသည်။

**ဥပမာ**

မောင်ဖြူသည် ငွေလွှဲစာချုပ်ကျောဘက်တွင် မိမိ၏အမည်ကို ရေးသားရာ ထိုရေးသားချက်သည် ထိုငွေလွှဲစာချုပ်ပိုင်ဆိုင်ခွင့်ကို တရားနှင့်အညီ စာချုပ်လက်ရှိဖြစ်သူအား လွှဲအပ်လိုက်သောသဘော သက်ရောက်သောကြောင့် ထိုရေးသားချက်သည် 'အဖိုးတန်စာတမ်းအမှတ်အသား' ဖြစ်သည်။

**သေတမ်းစာ (ပုဒ်မ-၃၁)**

**A will (Section-31)**

**ဥပဒေပါ ဖွင့်ဆိုချက်**

'သေတမ်းစာ' ဆိုသည်မှာ ရေးသားသူ သေဆုံးပြီးသည့်နောက် ပစ္စည်းများကို ခန့်ခွဲစီရင်စေရန် ညွှန်ကြားခဲ့သော စာတမ်းအမှတ်အသားကို ဆိုလိုသည်။

**ပြုလုပ်မှုကို ရည်ညွှန်းသော စကားများတွင် ဥပဒေနှင့်မညီသော ပျက်ကွက်မှုများလည်း ပါဝင်ခြင်း။ (ပုဒ်မ-၃၂)**

**Words referring to arts include illegal ommissions. (Section-32)**

**ဥပဒေပါ ဖွင့်ဆိုချက်**

ရှေ့နောက်စကားတို့၌ ဆန့်ကျင်သောရည်ရွယ်ချက် မပေါ်ပေါက်လျှင် ဤရာဇသတ်ကြီး၏ အပိုင်းတိုင်း၌ ပြုလုပ်မှုများကို ရည်ညွှန်းသော စကားများသည် ဥပဒေနှင့်မညီသော ပျက်ကွက်မှုများနှင့်လည်း သက်ဆိုင်သည်။

http://www.cherrythitsar.org



**ပြုလုပ်မှု၊ ပျက်ကွက်မှု။ (ပုဒ်မ-၃၃)** **Act, Omission (Section-33)**

**ဥပဒေပြဋ္ဌာန်းချက်**

'ပြုလုပ်မှု' ဆိုသည်မှာ တစ်ကြိမ်တည်း ပြုလုပ်ခြင်းကိုလည်း ဆိုလိုသည်။ ဆက်ကာဆက်ကာ ပြုလုပ်ခြင်းများကိုလည်း ဆိုလိုသည်။ 'ပျက်ကွက်မှု' ဆိုသည်မှာ တစ်ကြိမ်တည်း ပျက်ကွက်ခြင်းကိုလည်းဆိုလိုသည်၊ ဆက်ကာဆက်ကာ ပျက်ကွက်ခြင်းများကိုလည်း ဆိုလိုသည်။

**စီရင်ထုံး**

၁။ ပြုလုပ်မှုတစ်ခုသည် တစ်ခုထက်ပိုသော ဥပဒေအရ ပြစ်မှုမြောက်နိုင်သည်။ သို့ရာတွင် ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ(၂၂) အရ တစ်ကြိမ်ထက်ပို၍ အပြစ်မပေးရ။

*[မရွက်ခေါ် မကွက်နှင့် ပထစ၊ ၁၉၆၆၊ မတစ ၉၅၄]*

**အကြံတူတစ်ခုကို အထမြောက်စေခြင်းငှာ တစ်ဦးထက်ပိုသောသူများက ပြုခြင်း။ (ပုဒ်မ-၃၄)** **Act done by several persons in futherance of common intention (Section-34)**

**ဥပဒေပြဋ္ဌာန်းချက်**

တစ်ဦးထက်ပိုသောသူများသည် မိမိတို့၏အကြံတူတစ်ခုကို အထမြောက်စေရန် ရည်ရွယ်၍ ပြစ်မှုမြောက်သော ပြုလုပ်မှုကိုပြုခဲ့လျှင် ထိုပြုလုပ်မှုကို တစ်ဦးတည်း ပြုဘိသကဲ့သို့ ထိုသူအသီးသီး၌ တာဝန်ရှိသည်။

**စီရင်ထုံး**

၁။ ဤပုဒ်မသည် ပြစ်မှုသီးခြားပြဋ္ဌာန်းသည့် ပုဒ်မတစ်ခုမဟုတ်ပေ။ တစ်ဦးထက်ပိုသောလူများက ပြစ်မှုတစ်ခုကိုဝိုင်း၍ကျူးလွန်ရာ၌ အားလုံးကပြုသော ပြုလုပ်မှုအတွက် မည်သည့်အခါတွင် တစ်ဦးဦးအပေါ် တာဝန်ချနိုင်သည်ဟု သတ်မှတ်ထားသော ပုဒ်မဖြစ်သည်။ မည်သူက မည်သည့်ပြုလုပ်မှုကို ပြုခဲ့သည်ဟု အတိအကျ မပြောနိုင်သည့်ကိစ္စတွင် အခက်အခဲမရှိစေရန် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ဤပုဒ်မသည် ပုဒ်မ ၁၁၄ နှင့်သော်လည်းကောင်း၊ ပုဒ်မ ၁၄၉ နှင့်သော်လည်းကောင်း တူညီခြင်းမရှိပေ။ ပုဒ်မ ၁၁၄ မှာ ပြစ်မှုမကျူးလွန်မီက အားပေးကူညီမှုရှိပြီး ပြစ်မှုကျူးလွန်စဉ်လည်း ရှိနေသည့်ကိစ္စနှင့်ဆိုင်သည်။

*[ဘိုးကြုံးနှင့်အစိုးရ၊ အတွဲ-၁၁၊ ရန်ကုန်၊ ၃၅၄ ]*

၂။ ဤပုဒ်မနှင့် အကြုံးဝင်ရန်အလို့ငှာ (၁) တစ်ဦးထက်ပိုသောသူများသည် ပြစ်မှုမြောက်သော ပြုလုပ်မှုကိုပြုရန် အကြံတူရှိရမည်။ (၂) ယင်းအကြံတူချက်အတိုင်း ဝိုင်း၍ပြုလုပ်ကြခြင်းဆိုသည့် အချက်အလက်များရှိရန် လိုပေသည်။ မူလကပင်

http://www.cherrythitsar.org



အကြံတူမရှိဘဲ ဝိုင်း၍ပြစ်မှုကျူးလွန်ခြင်းဖြစ်လျှင် အဓိကတရားခံမဟုတ်သူကို အားပေးကူညီမှုဖြင့်သာ အရေးယူနိုင်မည်ဖြစ်သည်။

*[မောင်သိန်းနှင့်ပထစ၊ ၁၉၅၆၊ မတစ(၁) (လွှတ်တော်)]*

*[မောင်စံခနှင့်ပထစ၊ ၁၉၆၄၊ မတစ၊ ၄၉၂]*

၃။ ဤပုဒ်မသည် တစ်ဦးထက်ပိုသောလူများက ပြစ်မှုကျူးလွန်ရာတွင် အကြံတူတစ်ခုကို အထမြောက်စေရန် ရည်ရွယ်ချက်နှင့်ပြုသည့်ကိစ္စနှင့်သာ အကြုံးဝင်သောကြောင့် အခြားတရားခံအားလုံးကို ပြစ်မှုထင်ရှားခြင်းမရှိဟု ဆုံးဖြတ်ကာ လွှတ်သောအမှုတွင် ကျန်သောတရားခံတစ်ဦးအပေါ် အသုံးမပြုနိုင်ပေ။

*[မောင်ဟန်မောင်(ခ)မောင်စံမောင်နှင့်ပထစ၊*

*၁၉၅၉၊ မတစ၊ ၁၂၅(လွှတ်တော်ချုပ်)]*

၄။ ဤပုဒ်မနှင့် ငြိစွန်းရန်အလို့ငှာ တရားခံများသည် မူလကပင် ပြစ်မှုတစ်ခုကျူးလွန်ရန် အကြံတူတစ်ခုရှိကြပြီး ယင်းအကြံအတိုင်း ဆက်လက်၍ ပြစ်မှုကျူးလွန်ကြကြောင်း တင်ပြရန်လိုသည်။

*[မောင်ကြီးနှင့်အစိုးရ၊ အတွဲ ၁၊ ရန်ကုန်၊ ၁၉၀]*

၅။ တရားခံများတွင် အကြံတူရှိသည်မရှိသည် ဆိုသောအချက်မှာ တိုက်ရိုက်သက်သေခံချက်ရရန် ခဲယဉ်းသည်။ တိုက်ရိုက်သက်သေရှိလျှင်လည်း ယင်းသက်သေသည် ကြံရာပါသက်သေဖြစ်၍ ၎င်း၏ထွက်ချက်အား အထောက်အကူဖြစ်သည့် အခြားသက်သေခံချက်မရှိလျှင် တရားခံအပေါ် ပြစ်ဒဏ်ထင်ရှားစီရင်ခြင်း ပြုနိုင်လိမ့်မည်မဟုတ်ပေ။ အကြံတူတစ်ခုရှိမရှိဆိုသောကိစ္စမှာ လူ၏စိတ်နေစိတ်ထားနှင့်ပတ်သက်နေသည့်အလျောက် အမှုတွင်ပေါ်ပေါက်နေသော မငြင်းနိုင်သည့်အချက်များနှင့် ပတ်ဝန်းကျင် ကြောင်းခြင်းရာများအပေါ် မူတည်၍ စဉ်းစားရသည်။ အခင်းမဖြစ်မီနှင့် အခင်းဖြစ်ပြီးအချိန်အနည်းငယ်အတွင်း တရားခံတို့၏ ပြုမူနေထိုင်သွားလာပုံ၊ ၎င်းတို့၏ ပြောဆိုကြိမ်းမောင်းချက် စသည့်အချက်အလက်များအားလုံးကို ထည့်သွင်းသုံးသပ်ရသည်။

*[မောင်တင်အောင်နှင့်ပထစ၊ ၁၉၆၆၊ မတစ၊ ၆၆၁]*

၆။ အကြံတူတစ်ခု ရှိသည်မရှိသည်ဆိုသော ပြဿနာကို ကြောင်းခြင်းရာများအပေါ် ကောက်ချက်ချသည့်ယူဆချက် တစ်ခုသာဖြစ်သည်။ ဥပဒေကြောင်းအရ ကောက်ချက်ချရသည့် ယူဆချက်မဟုတ်ပေ။

*[အစိုးရနှင့်အောင်သိန်း၊ အတွဲ ၁၃၊ ရန်ကုန်၊ ၂၁၀]*

၇။ အမှုတွင်ပေါ်ပေါက်နေသည့် အကြောင်းခြင်းရာများအရ အကြံတူတစ်ခုရှိခဲ့သည်ဆိုသော ယူဆချက်မှလွဲ၍ အခြားမည်သည့်ယူဆချက်မျိုးမှ မရှိနိုင်သည့်အမှုမျိုးတွင်သာ ဤပုဒ်မအရ စီရင်သင့်သည်။ လွယ်လွယ်ကူကူဖြင့် ကောက်ချက်ချရသည့် ယူဆချက်မျိုးမဟုတ်ကြောင်း သတိချပ်ရမည်။

*[ဇမောင်(ခ)မောင်ခေါင်းကြီးနှင့်အစိုး‌ရ၊ ၁၉၄၆၊ ရန်ကုန်စီရင်ထုံး၊ ၁၉၉]*

*[မောင်အေးနှင့်အစိုးရ၊ ၁၉၄၆၊ ရန်ကုန်စီရင်ထုံး၊ ၂၄၆]*

*[ဒေါ်သန်းရင်နှင့်ပထစ၊ ၁၉၆၄၊ မတစ၊ ၇၉၃]*

http://www.cherrythitsar.org



၈။ အကြံတူရှိမရှိဆိုသောပြဿနာနှင့်ပတ်သက်၍ အားလုံးသောမှုခင်းနှင့် အကျုံးဝင်အောင် တိကျသောစည်းကမ်းချက်မူများ၊ သို့မဟုတ် ဥပဒေများ သတ်မှတ်ထားရန် အလွန်ပင်ခဲယဉ်းလှပေသည်။

*[မောင်အေးနှင့်အစိုးရ၊ အတွဲ ၈၊ ရန်ကုန်၊ ၆၀၃ ]*

*[မောင်တင်အောင်နှင့်ပထစ၊ ၁၉၆၆၊ မတစ၊ ၆၆၁ ]*

၉။ အကြံတူတစ်ခုရှိသည်ဟု တထစ်ချ ကောက်ယူခြင်းမပြုနိုင်ဘဲ သံသယရှိနိုင်သည့်ကိစ္စများတွင်မူ ဤပုဒ်မကို အသုံးမပြုရပေ။

*[မောင်ပါတူးနှင့်ပထစ၊ ၁၉၆၅၊ မတစ၊ ၆၇၈ ]*

*[ပထစနှင့်ကေစီကိုတက်၊ ၁၉၆၆၊ မတစ၊ ၉၀၉ ]*

၁၀။ တရားခံတို့သည် လုယက်မှုကျူးလွန်ရာ၌ သေနတ်လက်နက် ကိုင်စွဲထားခြင်းကြောင့် လူသတ်မှုကျူးလွန်ရန် အကြံတူတစ်ခုရှိခဲ့သည်ဟု တထစ်ချယူဆခြင်းမပြုနိုင်။ လက်နက်ကိုင်စွဲထားသောကြောင့် လူသတ်မှု ဖြစ်ကောင်းဖြစ်နိုင်သည်ဟုသာ ယူဆနိုင်သည်။ လူသတ်မှုကျူးလွန်ရန် အကြံတူတစ်ခုကို အထမြောက်အောင် ပြုခဲ့သည်ဟု မလွဲမသွေ ကောက်ယူခြင်းမပြုနိုင်။

*[မောင်မြင့်နှင့်ပထစ၊ ၁၉၄၈၊ မတစ၊ ၃၇၉ ]*

*[မောင်ထွန်းရှင်နှင့်ပထစ၊ ၁၉၅၄၊ မတစ၊ ၇၉(လွှတ်တော်) ]*

၁၁။ တရားခံများသည် အကြံတူတစ်ခုကို အထမြောက်စေရန် ရည်ရွယ်၍ ပြစ်မှုကျူးလွန်မှသာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄ နှင့် အကျုံးဝင်သည်။ ပြစ်မှုကျူးလွန်သည်ဆိုရာ၌ ပြစ်မှုကျူးလွန်သူကိုယ်တိုင် ကိုယ်ထိလက်ရောက် ကျူးလွန်ရန်မလိုသော်လည်း ပြစ်မှုကျူးလွန်ရာ၌ ကိုယ်တိုင်ရှိမှသာ တူညီသောရည်ရွယ်ချက်၏ ကျူးလွန်ခြင်းမည်ပေသည်။

*[ဦးလာဘ(ခ)ဦးရွှေမြိုင်ပါ ၃ နှင့် ပထစ၊ ၁၉၇၉၊ မတစ၊ ၁၃၈ ]*

**ရာဇဝတ်မကင်းသော အသိဉာဏ်နှင့်ဖြစ်စေ၊ အကြံနှင့်ဖြစ်စေ ပြုလုပ်သောကြောင့်သာ ရာဇဝတ်ပြစ်ဒဏ်ထိုက်သောအမှု။ (ပုဒ်မ-၃၅)**

**When such an act is criminal by reason of its being done with a criminal knowledge or intention. (Section-35)**

**ဥပဒေပြဋ္ဌာန်းချက်**

ရာဇဝတ်မကင်းသော အသိဉာဏ်နှင့်ဖြစ်စေ၊ အကြံနှင့်ဖြစ်စေ ပြုသောကြောင့်သာ ရာဇဝတ်မှုမြောက်သော ပြုလုပ်မှုတစ်ခုကို တစ်ဦးထက်ပိုသောသူများက ပြုခဲ့လျှင် ထိုပြုလုပ်မှုကို ထိုသို့သော အသိဉာဏ်နှင့်ဖြစ်စေ၊ ထိုသို့သော အကြံနှင့်ဖြစ်စေ ပြုသူအသီးသီး၌သာ တစ်ဦးတည်းပြုဘိသကဲ့သို့ တာဝန်ရှိသည်။

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ ပြုလုပ်မှုတစ်ခုသည် ပြစ်မှုမကင်းသော အသိဉာဏ်သို့မဟုတ် အကြံနှင့်ပြုခြင်းကြောင့်သာ ပြစ်မှုမြောက်လျှင် ကိုယ်တိုင်ကိုယ်ကျ ပြစ်မှုကျူးလွန်သူကို အားပေးကူညီသူသည် အဆိုပါအသိဉာဏ် သို့မဟုတ် အကြံဖြင့် အားပေးကူညီမှသာ အလားတူပြစ်မှုကို ကျူးလွန်ရာရောက်သည်။

*[မောင်ပေါင်နှင့်အစိုးရ၊ အတွဲ ၂၊ ဘားမားလောတိုင်၊ ၅၆ ]*

**ပြုလုပ်မှု တစိတ်တဒေသအားဖြင့် လည်းကောင်း၊ ပျက်ကွက်မှုတစိတ်တဒေသအားဖြင့်လည်းကောင်း အကျိုးသက်ရောက်စေခြင်း။ (ပုဒ်မ-၃၆)**

**Effect caused party by act and party by omission. (Section-36)**

**ဥပဒေပြဋ္ဌာန်းချက်**

ပြုလုပ်မှုဖြင့်ဖြစ်စေ၊ ပျက်ကွက်မှုဖြင့်ဖြစ်စေ အကျိုးသက်ရောက်စေခြင်းသည် သို့တည်းမဟုတ် ထိုသို့အကျိုးသက်ရောက်စေရန် အားထုတ်ခြင်းသည် ပြစ်မှုမြောက်လျှင် ပြုလုပ်မှု တစိတ်တဒေသနှင့် ပျက်ကွက်မှု တစိတ်တဒေသတို့ ပေါင်းခြင်းဖြင့် အကျိုးသက်ရောက်စေခြင်းသည်လည်း ထိုပြစ်မှုပင်မြောက်သည်ဟု မှတ်ယူရမည်။

**ဥပမာ**

အစားအစာမပေး၊ ဥပဒေနှင့်မညီသော ပျက်ကွက်ခြင်းနှင့် ရိုက်နှက်ခြင်းတို့ ပေါင်းခြင်းအားဖြင့် မောင်ဖြူသည် မောင်မဲအား တမင်သေစေ၏။ မောင်ဖြူသည် လူသတ်မှုကို ကျူးလွန်သည်။

**ပြုလုပ်မှုအများကိုပေါင်းမှ ပြစ်မှုမြောက်သည်တွင် ထိုပြုလုပ်မှုများအနက် တစ်ခုခုကို ပြုခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း။ (ပုဒ်မ-၃၇)**

**Co-operation by doing one of several act constituting an offence (Section-37)**

**ဥပဒေပြဋ္ဌာန်းချက်**

ပြုလုပ်မှုအများကိုပေါင်းမှ ပြစ်မှုတစ်ခုမြောက်သည်တွင် မည်သူမဆို ထိုပြစ်မှုကို ကျူးလွန်ရာ၌ ဆိုခဲ့သော ပြုလုပ်မှုများအနက် တစ်ခုခုကို တစ်ဦးတည်းသော်လည်းကောင်း၊ အခြားသူနှင့်တွဲဖက်၍သော်လည်းကောင်း ပြုခြင်းဖြင့် တမင်ပူးပေါင်းဆောင်ရွက်လျှင် ထိုသူသည် ထိုပြစ်မှုကို ကျူးလွန်ရာရောက်သည်။

**ဥပမာများ**

(က) မောင်ဖြူနှင့် မောင်မဲတို့သည် တစ်ဦးစီ၊ တစ်ချိန်စီ အဆိပ်အနည်းငယ်သင့်စေခြင်းဖြင့် မောင်နီကိုသတ်ရန် သဘောတူကြသည့်အတိုင်း မောင်နီကိုသတ်ရန်ကြံရွယ်

http://www.cherrythitsar.org



၍ အဆိပ်သင့်စေ၏။ မောင်နီသည် ထိုသို့အကြိမ်ကြိမ်သင့်စေသည့် အဆိပ်ကြောင့် သေဆုံး၏။ ဤတွင် မောင်ဖြူနှင့်မောင်မဲတို့သည် လူသတ်မှုကျူးလွန်ရာ၌ တမင် ပူးပေါင်းဆောင်ရွက်ကြ၏။ ထို့ပြင် ထိုသူအသီးသီးသည် မောင်နီအား သေစေသော ပြုလုပ်မှုကို ပြုသည်ဖြစ်သောကြောင့် ထိုသူတို့၏ ပြုလုပ်မှုများသည် တခြားစီဖြစ်သော်လည်း ထိုပြစ်မှုအတွက် နှစ်ဦးလုံးပင် လူသတ်မှုပြစ်ဒဏ် ထိုက်သင့်သည်။

(ခ) မောင်ဖြူနှင့်မောင်မဲတို့သည် တွဲဘက်ထောင်မှူးများ ဖြစ်ကြသည့်အတိုင်း အကျဉ်းသား မောင်နီကို ခြောက်နာရီကျ တစ်လှည့်စီ စောင့်ထိန်းကြရ၏။ မောင်ဖြူနှင့်မောင်မဲတို့သည် မောင်နီအား ကျွေးမွေးရန် ပေးအပ်ရရှိသော အစားအစာကို ဆိုင်ရာအလှည့်ကျသောအခါများတွင် မောင်နီသေစေရန် ကြံရွယ်၍ မကျွေးဘဲ ဥပဒေနှင့်မညီသော ပျက်ကွက်ခြင်းဖြင့် မိမိတို့အကြံမြောက်စေရန် သိလျက်နှင့် ပူးပေါင်းဆောင်ရွက်ကြ၏။ မောင်နီသည် အစာငတ်သဖြင့် သေဆုံးသည်။ ဤတွင် မောင်ဖြူနှင့်မောင်မဲနှစ်ဦးလုံးသည် မောင်နီကိုသတ်မှုအတွက် လူသတ်မှုပြစ်ဒဏ် ထိုက်သည်။

(ဂ) ထောင်မှူးမောင်ဖြူသည် အကျဉ်းသားမောင်နီကို စောင့်ထိန်းရသည်။ မောင်ဖြူသည် မောင်နီသေစေရန်ကြံရွယ်၍ မောင်နီအား အစားအစာမပေး၊ ဥပဒေနှင့်မညီသော ပျက်ကွက်မှုကိုပြု၏။ ထို့ကြောင့် မောင်နီသည် အင်အားယုတ်လျော့သည်။ သို့ရာတွင် သေခြင်းသို့မရောက်သေးချေ။ ထို့နောက် မောင်ဖြူသည် ရာထူးမှ နုတ်ခြင်းကိုခံရသည်။ မောင်ဖြူကို မောင်မဲကဆက်ခံသည်။ မောင်မဲသည် မောင်ဖြူနှင့် ပူးပေါင်းကြံစည်ခြင်းသော်လည်းကောင်း၊ မောင်ဖြူနှင့် မောင်မဲနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသော်လည်းကောင်း မပြုသော်လည်း မောင်နီသေတန်ရာသည်ကို သိလျက်နှင့် အစားအစာမပေး၊ ဥပဒေနှင့်မညီသော ပျက်ကွက်မှုကိုပြုသောကြောင့် မောင်နီအစာငတ်၍ သေဆုံးလျှင် မောင်မဲသည် လူသတ်မှုကို ကျူးလွန်ရာရောက်သည်။ မောင်ဖြူမှာကား မောင်မဲနှင့် ပူးပေါင်းဆောင်ရွက်သူမဟုတ်သောကြောင့် လူသတ်မှုကျူးလွန်ရန် အားထုတ်မှုအတွက်သာလျှင် အပြစ်ရှိသည်။

**ရာဇဝတ်မှုမြောက်သော ပြုလုပ်မှုတစ်ခုတွင် ပါဝင်သက်ဆိုင်သူတို့သည် အသီးအခြားစီ ဖြစ်သည့် ပြစ်မှုများကို ကျူးလွန်ရာ ရောက်နိုင်ခြင်း။**
**(ပုဒ်မ-၃၈)**

**Persons conerned in criminal act may be guilty of defferent offences.**
**(Section-38)**

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

တစ်ဦးထက်ပိုသောသူများသည် ရာဇဝတ်မှုမြောက်သော ပြုလုပ်မှုတစ်ခုကို ကျူးလွန်ရာ၌ ပါဝင်သက်ဆိုင်ခဲ့လျှင် ထိုသို့ပါဝင်သက်ဆိုင်ခြင်းဖြင့် သီးခြားပြစ်မှုများကို ကျူးလွန်ရာရောက်နိုင်သည်။

http://www.cherrythitsar.org



**ဥပမာ**

မောင်နီသည် မောင်ဖြူအား အလွန်အကျူး အမျက်ဒေါသထွက်အောင် ပြုသဖြင့် မောင်ဖြူက မောင်နီကိုသတ်၏။ မောင်မဲက ထိုသို့အမျက်ဒေါသထွက်အောင် ပြုခြင်းမခံရဘဲလျက် မောင်နီအပေါ်၌ မုန်းထား၍ မောင်ဖြူက မောင်နီကိုသတ်ရာတွင် သေစေရန်အကြံဖြင့် ကူညီ၏။ မောင်မဲမှာ လူသတ်မှုကို ကျူးလွန်သည်။ မောင်ဖြူမှာ ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှုကို ကျူးလွန်ရာရောက်သည်။

**မိမိအလိုအလျောက်ပြုခြင်း။ (ပုဒ်မ-၃၉)**

**Voluntarity (Section-39)**

**ဥပဒေပြဋ္ဌာန်းချက်**

တစ်ဦးတစ်ယောက်သောသူသည် အကျိုးသက်ရောက်စေရန် ကြံရွယ်၍ပြုလျှင် သို့တည်းမဟုတ် ထိုသို့ပြုစဉ် အကျိုးသက်ရောက်မည်ကိုသိလျက်နှင့်ဖြစ်စေ၊ အကျိုးသက်ရောက်တန်ရာသည်ကို ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ပြုလျှင် ထိုသူသည် မိမိအလိုအလျောက် ပြုသည်မည်၏။

**ဥပမာ**

မောင်ဖြူသည် လုယက်ရာတွင် လွယ်ကူစေရန်အလို့ငှာ မြို့ကြီးတစ်မြို့တွင် လူနေအိမ်တစ်ဆောင်ကို မီးရှို့ရာ လူတစ်ယောက်သေဆုံး၏။ ဤတွင် မောင်ဖြူသည် မည်သူ့ကိုမျှသေစေရန် မကြံရွယ်ရုံမျှမက မိမိကြောင့် ထိုသို့သေဆုံးရသည်ကိုပင် ဝမ်းနည်းခြင်းဖြစ်သော်လည်း ပြုစဉ်က ထိုသို့သေတန်ရာသည်ကိုသိလျှင် မောင်ဖြူသည် လူသေစေခြင်းကို မိမိအလိုအလျောက် ပြုသည်မည်၏။

**ပြစ်မှု (ပုဒ်မ-၄၀)**

**Offence (Section-40)**

**ဥပဒေပြဋ္ဌာန်းချက်**

ဤပုဒ်မရှိ အောက်ပါစာပိုဒ် ၂ နှင့် ၃ တို့တွင် ဖော်ပြပါရှိသည့် အခန်းနှင့် ပုဒ်မများတွင်မှတစ်ပါး 'ပြစ်မှု' ဆိုသောစကားသည် ဤရာဇဝတ်ကြီးအရ ပြစ်ဒဏ်စီရင်ထိုက်သောအရာကို ဆိုလိုသည်။

အခန်း ၄၊ အခန်း ၅(က)၊ ထို့ပြင် ပုဒ်မ ၆၄၊ ၆၅၊ ၆၆၊ ၆၇၊ ၇၁၊ ၁၀၉၊ ၁၁၀၊ ၁၁၂၊ ၁၁၄၊ ၁၁၅၊ ၁၁၆၊ ၁၁၇၊ ၁၈၇၊ ၁၉၄၊ ၁၉၅၊ ၂၀၃၊ ၂၁၁၊ ၂၁၃၊ ၂၁၄၊ ၂၂၁၊ ၂၂၂၊ ၂၂၃၊ ၂၂၄၊ ၂၂၅၊ ၃၂၇၊ ၃၂၈၊ ၃၂၉၊ ၃၃၀၊ ၃၃၁၊ ၃၄၇၊ ၃၄၈၊ ၃၈၈၊ ၃၈၉ နှင့် ၄၄၅ တို့တွင် 'ပြစ်မှု' ဆိုသောစကားသည် ဤရာဇသတ်ကြီးအရဖြစ်စေ၊ အထူးဥပဒေအရဖြစ်စေ၊ ဒေသန္တရဥပဒေအရဖြစ်စေ ပြစ်ဒဏ်စီရင်ထိုက်သောအရာကို ဆိုလိုသည်။

ထို့ပြင် ပုဒ်မ ၁၄၁၊ ၁၇၆၊ ၁၇၇၊ ၂၀၁၊ ၂၀၂၊ ၂၁၂၊ ၂၁၆ နှင့် ၄၄၁ တို့တွင် 'ပြစ်မှု' ဆိုသောစကားသည် ဤရာဇသတ်ကြီးအရ ပြစ်ဒဏ်စီရင်ထိုက်သော အရာ

http://www.cherrythitsar.org



အပြင် အထူးဥပဒေအရ သို့တည်းမဟုတ် ဒေသန္တရဥပဒေအရ ငွေဒဏ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ထောင်ဒဏ်ခြောက်လထက်မနည်း ပြစ်ဒဏ်စီရင်ထိုက်သော အရာများလည်း ပါဝင်သည်။

**စီရင်ထုံး**

၁။ အထူး သို့မဟုတ် ဒေသန္တရဥပဒေတစ်ရပ်ရပ်အရ ပြဋ္ဌာန်းထားသည့် နည်းဥပဒေ၊ ဘိုင်လော စသည်တို့၌ ထိုဘိုင်လော၊ နည်းဥပဒေ တစ်ခုခုကို ချိုးဖောက်က ပြစ်မှုမြောက်သည်ဟု ပြဋ္ဌာန်းချက်ရှိလျှင် ပြစ်ဒဏ်ထင်ရှား စီရင်ခြင်းခံရမည်ဖြစ်သော်လည်း ယင်းပြဋ္ဌာန်းချက်မျိုးမရှိက အဆိုပါ ဘိုင်လော၊ နည်းဥပဒေတစ်ခုခုကို ကျူးလွန်ခြင်းအားဖြင့် ပြစ်မှုမမြောက်။

*[အစိုးရနှင့်မောင်တင်၊ ရွေးချယ်ထားသော စီရင်ထုံးများ၊ အောက်မြန်မာပြည်၊ ၄ ၂၉]*

၂။ ကွဲ၊ နွားကျူးကျော်မှု အက်ဥပဒေပုဒ်မ(၂၂)တွင် လျော်ကြေးမပေးဆောင်ခြင်း အတွက် ပြစ်ဒဏ်သတ်မှတ်မထားသဖြင့် လျော်ကြေးမပေးသူကို ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ(၆၇)အရ ပြစ်မှုမမြောက်၍ ထောင်ဒဏ်ချမှတ်ခြင်း မပြုနိုင်။

*[အစိုးရနှင့်မောင်တင်၊ ရွေးချယ်ထားသောစီရင်ထုံးများ၊ အောက်မြန်မာပြည်၊ ၄ ၂၉]*

၃။ ပုဒ်မ(၈၂)သည် အခန်း(၄)တွင် ပါရှိနေသဖြင့် ထိုပုဒ်မအရ အကျိုးခံစားခွင့်ကို အထူး သို့မဟုတ် ဒေသန္တရဥပဒေအရ ကျူးလွန်သည့်ပြစ်မှုများနှင့်လည်း အကျုံးဝင်သည်။ သို့ဖြစ်ရာ မော်တော်ယာဉ်အက်ဥပဒေအရ ပြစ်မှုကျူးလွန်သည့်ကလေးသည် ပြစ်မှုကျူးလွန်ခြင်းမရှိဟု ဆိုရပေမည်။

*[အစိုးရနှင့် ဘဘစိန်၊ ၁၉၃၈၊ ရန်ကုန်စီရင်ထုံး၊ ၂၂၇ ]*

၄။ မီးရထား အက်ဥပဒေပုဒ်မ(၁၁၂)အရ ပြစ်မှုကျူးလွန်သည့် အသက်(၆)နှစ် အရွယ်ကလေးကို ပြစ်ဒဏ်စီရင်ခြင်းမပြုနိုင်။

*[ပထစနှင့်ရာရှစ်၊ ၁၉၅၅၊ မတစ၊ ၃၀၄ (လွှတ်တော်) ]*

၅။ ပြစ်မှုကျူးလွန်ခြင်းကို အားထုတ်ခြင်းသည်လည်း ပြစ်မှုကျူးလွန်ရာရောက်သည်။ အားထုတ်ခြင်းအတွက် ပြစ်မှုဆိုင်ရာဥပဒေတွင် သီးသန့်ပြဋ္ဌာန်းထားသည့် ပုဒ်မများရှိသည်။ ပုဒ်မ ၃၀၇၊ ၃၀၉၊ ၃၉၃ စသည်တို့မှာ အားထုတ်မှုအတွက် ပြဋ္ဌာန်းထားသော ပုဒ်မအချို့ဖြစ်သည်။ ယင်းသို့ သီးသန့်ပြဋ္ဌာန်းထားသောပုဒ်မ မရှိလျှင် ပုဒ်မ ၅၁၁ ကို အသုံးပြုနိုင်သည်။ ဤပုဒ်မ၌ အထူး သို့မဟုတ် ဒေသန္တရဥပဒေများနှင့် စပ်လျဉ်း၍ ပုဒ်မ ၅၁၁ ကို ဖော်ပြထားခြင်းမရှိသဖြင့် အထူး သို့မဟုတ် ဒေသန္တရဥပဒေတစ်ရပ်ရပ်၌ ပြစ်မှုကျူးလွန်ရန် အားထုတ်ခြင်းသည် ပြစ်မှုမြောက်သည်ဟု ပြဋ္ဌာန်းချက်မရှိလျှင် ထိုအားထုတ်မှုအတွက် ပုဒ်မ ၅၁၁ နှင့် တွဲဖက်၍ ပြစ်ဒဏ်စီရင်ခြင်းမပြုနိုင်။ ၁၉၄၇ ခုနှစ် နိုင်ငံခြားငွေလဲလှယ်ရေး စည်းမျဉ်းဥပဒေပုဒ်မ(၂၄)အရ ပြစ်မှုကျူးလွန်ရန် အားထုတ်ခြင်းကို ပြစ်ဒဏ်ထိုက်သည်ဟု ပြဋ္ဌာန်းချက်မရှိ၍ လက်ဝတ်လက်စားများကို ပြည်ပသို့ထုတ်ရန် အားထုတ်မှုအား ပုဒ်မ(၅၁၁)နှင့်တွဲဖက်၍ အပြစ်မပေးနိုင်။

*[အီဗရာဟင်အဇစ်နှင့်ပထစ၊ ၁၉၅၀၊ မတစ၊ ၃၃(လွှတ်တော်) ]*

http://www.cherrythitsar.org



**အထူးဥပဒေ**
**(ပုဒ်မ-၄၁)**

**Special law**
**(Section-41)**

**ဥပဒေဖွင့်ဆိုချက်**

'အထူးဥပဒေ' ဆိုသည်မှာ သီးခြားအကြောင်းအရာတစ်ခုနှင့် သက်ဆိုင်သော ဥပဒေကို ဆိုလိုသည်။

**စီရင်ထုံး**

၁။ သီးခြားအကြောင်းအရာအလိုက် ပြဋ္ဌာန်းထားသည့်ဥပဒေများကို အထူးဥပဒေ ဟုဆိုလိုသည်။ ပြစ်မှုဆိုင်ရာဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်မှုများနှင့် အကျုံး မဝင်သည့် သီးခြားအကြောင်းအရာအလိုက် ပြစ်မှုများဖန်တီးထားသော ယစ်မျိုး ဥပဒေ၊ ဘိန်းဥပဒေ၊ လက်နက်ဥပဒေ စသည့်ဥပဒေများသာ ဤပုဒ်မနှင့်အကျုံး မဝင်သော အထူးဥပဒေများဖြစ်သည်ဟု အချို့ကယူဆကြသည်။ ကြိမ်ဒဏ်ဥပဒေ သည် ပြစ်မှုဖန်တီးထားသည့်ဥပဒေမဟုတ်ဘဲ ပြစ်မှုဆိုင်ရာဥပဒေအရ အချို့ပြစ်မှု ကျူးလွန်သူတို့ကို နောက်ထပ်အပြစ်ဒဏ်တစ်မျိုး သတ်မှတ်ပေးသည့် ဥပဒေသာ ဖြစ်သည့်အလျောက် ဤပုဒ်မနှင့်အကျုံးဝင်သော အထူးဥပဒေမဟုတ်ဟုဆိုသည်။

*[အစိုးရနှင့် ဘိုးဟန်၊ အတွဲ ၇၊ အောင်မြန်မာပြည်စီရင်ထုံး၊ ၆၃ ]*

**ဒေသန္တရဥပဒေ**
**(ပုဒ်မ-၄၂)**

**Local law**
**(Section-42)**

**ဥပဒေဖွင့်ဆိုချက်**

'ဒေသန္တရဥပဒေ' ဆိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ ဒေသတစ်ခု နှင့်သာ သက်ဆိုင်သော ဥပဒေကို ဆိုလိုသည်။

**ဥပဒေနှင့်မညီသော၊ ဥပဒေအရ ပြုလုပ်ရန် တာဝန်ရှိခြင်း။**
**(ပုဒ်မ-၄၃)**

**Illegal, Legally bound to do.**
**(Section-43)**

**ဥပဒေဖွင့်ဆိုချက်**

'ဥပဒေနှင့် မညီသော' ဆိုသည့်စကားသည် ပြစ်မှုနှင့်ဖြစ်စေ၊ ဥပဒေအရ တားမြစ်ခြင်းခံရသော အရာနှင့်ဖြစ်စေ၊ တရားမကြောင်း စွဲဆိုနိုင်ရန် ဖြစ်သည့် အကြောင်းအရာနှင့်ဖြစ်စေ သက်ဆိုင်သည်။

'ဥပဒေအရပြုလုပ်ရန် တာဝန်ရှိသောအရာ' ဆိုသည်မှာ မပြုဘဲ ပျက်ကွက် လျှင် ဥပဒေနှင့်မညီ ဖြစ်နေမည့်အရာဟူသမျှကို ဆိုလိုသည်။

**စီရင်ထုံး**

၁။ မောင်ဖြူသည် အခြားလူ(၆)ဦးနှင့်အတူ မြေတစ်ကွက်ကို မောင်မဲထံ၌ ပေါင် သည်။ စာချုပ်ကို မှတ်ပုံတင်ရာ၌ ပေါင်နှံသူနှစ်ဦးအစား မောင်နီနှင့်မောင်ဝါတို့က

http://www.cherrythitsar.org



လိမ်လည်၍ လက်မှတ်ထိုးကြသည်။ ထိုကဲ့သို့ လိမ်လည်၍ လက်မှတ်ထိုးကြောင်း သိလျက်နှင့် မောင်ဖြူသည် ဆိတ်ဆိတ်နေသည်။ ထိုသို့ ဆိတ်ဆိတ်နေခြင်းသည် ဥပဒေနှင့်မညီသည့် ပျက်ကွက်မှုမဟုတ်သဖြင့် လိမ်လည်ရန် ပူးပေါင်းကြံစည်မှု မရှိပါက ပြစ်မှုမမြောက်။

*[အစိုးရနှင့်ထွန်းအောင်ကျော်၊ အတွဲ ၃၊ အောင်မြန်မာပြည်စီရင်ထုံး၊ ၂၂၂]*

နစ်နာစေခြင်း
(ပုဒ်မ-၄၄)

**Injury**
**(Section-44)**

**<u>ဥပဒေပုဒ်ဆိုချက်</u>**

'နစ်နာစေခြင်း' ဆိုသည်မှာ ကိုယ်ကိုဖြစ်စေ၊ စိတ်ကိုဖြစ်စေ၊ ဂုဏ်သရေကို ဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ ဥပဒေနှင့်မညီသော ထိခိုက်စေခြင်းကို ဆိုလိုသည်။

အသက်
(ပုဒ်မ-၄၅)

**Life**
**(Section-45)**

**<u>ဥပဒေပုဒ်ဆိုချက်</u>**

'အသက်' ဆိုသည်မှာ ရှေ့နောက်စကားတို့၌ အဓိပ္ပာယ်မဆန့်ကျင်လျှင် လူ၏ အသက်ကို ဆိုလိုသည်။

သေခြင်း
(ပုဒ်မ-၄၆)

**Death**
**(Section-46)**

**<u>ဥပဒေပုဒ်ဆိုချက်</u>**

'သေခြင်း' ဆိုသည်မှာ ရှေ့နောက်စကားတို့၌ အဓိပ္ပာယ်မဆန့်ကျင်လျှင် လူ သေခြင်းကို ဆိုလိုသည်။

တိရစ္ဆာန်
(ပုဒ်မ-၄၇)

**Animal**
**(Section-47)**

**<u>ဥပဒေပုဒ်ဆိုချက်</u>**

'တိရစ္ဆာန်' ဆိုသည်မှာ လူမှတစ်ပါး အခြားသက်ရှိသတ္တဝါကို ဆိုလိုသည်။

ရေယာဉ်
(ပုဒ်မ-၄၈)

**Vessel**
**(Section-48)**

**<u>ဥပဒေပုဒ်ဆိုချက်</u>**

'ရေယာဉ်' ဆိုသည်မှာ ရေကြောင်းခရီး၌ လူကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ သယ်ယူပို့ဆောင်သောအရာကို ဆိုလိုသည်။

နှစ်၊ လ
(ပုဒ်မ-၄၉)

**Year, Month**
**(Section-49)**

**<u>ဥပဒေပုဒ်ဆိုချက်</u>**

'နှစ်' သို့တည်းမဟုတ် 'လ' ဆိုသည့်စကားကို သုံးစွဲသည့်အခါတိုင်းတွင် ထို 'နှစ်' ကို သို့တည်းမဟုတ် 'လ' ကို ဗြိတိသျှပြက္ခဒိန်အရ ရေတွက်ရမည်။

http://www.cherrythitsar.org



ကျမ်းသစ္စာ
(ပုဒ်မ-၅၁)

**Oath**
**(Section-51)**

**ဥပဒေဖွင့်ဆိုချက်**

'ကျမ်းသစ္စာ' ဆိုသည့်စကားတွင် ဥပဒေက ကျမ်းသစ္စာအစား ခွင့်ပြုသောကတိသစ္စာပြုချက်၊ ထို့ပြင် ပြည်သူ့ဝန်ထမ်းရှေ့တွင် ဥပဒေအရသော်လည်းကောင်း၊ ဥပဒေ၏ ခွင့်ပြုချက်အရသော်လည်းကောင်း ပြုသည့်ကြေညာချက်၊ သို့တည်းမဟုတ် တရားရုံးအတွင်းတွင်ဖြစ်စေ၊ အပတွင်ဖြစ်စေ သက်သေထင်ရှားစေခြင်းအလို့ငှာ အသုံးပြုရန် ရည်ရွယ်သော ကြေညာချက်လည်း ပါဝင်သည်။

သဘောရိုး
(ပုဒ်မ-၅၂)

**Good faith**
**(Section-52)**

**ဥပဒေဖွင့်ဆိုချက်**

ထိုက်သင့်သောသတိပြုခြင်းနှင့် စိတ်အာရုံပြုခြင်းတို့ကင်းသော ပြုလုပ်မှုသည် သို့တည်းမဟုတ် ယုံကြည်မှုသည် 'သဘောရိုး' နှင့် ပြုလုပ်သည်မမည်၊ သို့တည်းမဟုတ် ယုံကြည်သည်မမည်။

**စီရင်ထုံး**

၁။ သဘောရိုးဖြင့်ပြုလျှင် ပြစ်မှုဆိုင်ရာဥပဒေရှိ အချို့ပုဒ်မများနှင့် စပ်လျဉ်း၍ ပြစ်မှုမမြောက်သဖြင့် ထိုစကားသည် မည်သို့သောသဘောရှိသည်ဟု သုံးသပ်ရန် လိုပေသည်။ သတိမထားလျှင်သော် လည်းကောင်း၊ ပေါ့လျော့လျှင်သော် လည်းကောင်း ဤပုဒ်မအရ သဘောရိုးဖြင့် ပြုသည်မမည်။ ရိုးဖြောင့်မှုရှိသည် မရှိသည်ကို ထည့်သွင်းစဉ်းစားရန်မလိုပေ။ သို့ဖြစ်ရာ တရားခံက မိမိအလုပ်သမားအား မိမိလိုင်စင်ရသည့်အကွက်၏ အပြင်ဘက်၌ အလုပ်လုပ်ခိုင်းလျှင် တရားခံ၌ ရိုးဖြောင့်မှုမရှိဟု မဆိုနိုင်စေကာမူ ပေါ့လျော့စွာပြုခဲ့သည်ဟုဆိုရမည်ဖြစ်၍ သဘောရိုးဖြင့် ပြုသည်မမည်။

*[ဘပ်စ်စူမြားချောင်ဒရီနှင့် အစိုးရ၊ အေအိုင်အာ၊ ၁၉၃၈၊ ရန်ကုန်၊ ၃၅၀]*

၂။ ပြုလုပ်မှုတစ်ခုသည် သဘောရိုးဖြင့်ပြုခြင်း ဟုတ်မဟုတ်ဆိုသောပြဿနာကို စိစစ်ရာတွင် အမှုကိုလိုက်၍ အကြောင်းခြင်းရာအပေါ် မူတည်ပြီး ဆုံးဖြတ်ရသည်။ အမှုတစ်မှုနှင့်တစ်မှုမှာ အကြောင်းခြင်းရာအားဖြင့် ထပ်တူထပ်မျှ မဖြစ်နိုင်။ သက်ဆိုင်ရာတရားခံသည် ပေါ်ပေါက်လျက်ရှိသော အကြောင်းခြင်းရာများအရ သတိရှိရှိဖြင့် ပြုလုပ်ခဲ့ပါသလောဟုသာ စဉ်းစားရမည်ဖြစ်သည်။ သို့ဖြစ်ရာ ထိုက်သင့်သောသတိပြုမှု အဆင့်အတန်းကို တစ်ပြေးတည်းတူညီစွာထားရှိ၍ မရနိုင်ပေ။ စံနှုန်းအဆင့်အတန်း သတ်မှတ်ထား၍မရ။ တရားခံကိုလိုက်၍လည်းကောင်း၊ အမှုတွင်ပေါ်ပေါက်လျက်ရှိသော အကြောင်းခြင်းရာကိုလိုက်၍လည်းကောင်း ကွဲလွဲမှုရှိနိုင်သည်။ ဥပဒေက တရားခံမရွေး၊ အကြောင်းခြင်းရာမဟူ ထိုက်သင့်သောသတိပြုမှု တစ်မျိုးတစ်စားတည်း ရှိရမည်ဟု မဆိုပေ။

*[ဘိုးမြနှင့်အစိုးရ၊ ၁၉၄၀၊ ရန်ကုန်စီရင်ထုံး၊ ၁၀၉(၁၁၈)]*

http://www.cherrythitsar.org



**လက်သင့်ခံခြင်း။**
**(ပုဒ်မ-၅၂-က)**

**Harbour**
**(Section-52-A)**

**ဥပဒေပြဋ္ဌာန်းဆိုချက်**

ပုဒ်မ ၁၃၀ နှင့် ၁၅၇ တို့တွင် လင်ကမယားကိုသော်လည်းကောင်း၊ မယားက လင်ကိုသော်လည်းကောင်း လက်သင့်ခံသော အမှုမျိုးမှတစ်ပါး 'လက်သင့်ခံခြင်း' ဆိုသော စကားရပ်တွင် လူတစ်ဦးတစ်ယောက်အား ခိုလှုံရာကိုဖြစ်စေ၊ အစားအသောက်ကိုဖြစ်စေ၊ ငွေကြေးကိုဖြစ်စေ၊ အထည်အဝတ်ကိုဖြစ်စေ၊ လက်နက်ကိုဖြစ်စေ၊ ခဲယမ်းမီးကျောက်ကိုဖြစ်စေ၊ ယာဉ်တစ်မျိုးမျိုးကိုဖြစ်စေ ထောက်ပံ့ခြင်းပါဝင်သည်။ သို့တည်းမဟုတ် ဤပုဒ်မ၌ ဖော်ပြထားသော အရာအမျိုးဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဖမ်းဆီးခြင်းကို ထိုသူတိမ်းရှောင်နိုင်စိမ့်သောငှာ တစ်နည်းနည်းဖြင့် ကူညီခြင်းပါဝင်သည်။

http://www.cherrythitsar.org



## အခန်း(၃) ပြစ်ဒဏ်များ

**ပြစ်ဒဏ်များ။**
**(ပုဒ်မ-၅၃)**

**Punishments.**
**(Section-53)**

**ဥပဒေပြဋ္ဌာန်းချက်**

ဤရာဇသတ်ကြီးပါ ပြဋ္ဌာန်းချက်များအရ ပြစ်မှုကျူးလွန်သူတို့ ထိုက်သင့်သည့် ပြစ်ဒဏ်များမှာ-

ပထမ ။ ။ သေဒဏ်။

ဒုတိယ ။ ။ တစ်ကျွန်းပို့ဒဏ်။

တတိယ ။ ။ * * * *

စတုတ္ထ ။ ။ ထောင်ဒဏ်။ ။ ထိုထောင်ဒဏ်မှာလည်း-

(၁) အလုပ်ကြမ်းနှင့် ထောင်ဒဏ်။

(၂) အလုပ်မဲ့ ထောင်ဒဏ်

ပဉ္စမ ။ ။ * * * *

ဆဋ္ဌမ ။ ။ ငွေဒဏ်။

**စီရင်ထုံး**

၁။ ပြစ်ဒဏ်ချမှတ်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ မှုခင်းဖြစ်ပွားခြင်းကို တားဆီးရန်ဖြစ်သည့်အလျောက် ပြစ်ဒဏ်ပမာဏကို သတ်မှတ်ရာ၌ အချိန်ကာလ၊ ဒေသနှင့် အခြားအကြောင်းအရာများကို မူတည်၍ စဉ်းစားရမည်။ ပြစ်မှုအမျိုးအစားတစ်ခုနှင့်ပတ်သက်၍ တစ်ချိန်၌ မှတ်လောက်သားလောက်သည့်ပြစ်ဒဏ် သတ်မှတ်ရမည်ဖြစ်သော်လည်း အခြားအချိန်တွင် ထိုကဲ့သို့ သတ်မှတ်ရန် လိုမှလိုမည်ဖြစ်သည်။ ပြစ်ဒဏ်ကို လိုသည်ထက်ပို၍ သတ်မှတ်လျှင် ခံရသူအဖို့ စိတ်နာကြည်းပြီး လိုရင်းရည်မှန်းချက်ကို မရောက်ဘဲရှိတတ်သည်။ တရားခံတစ်ဦးအား လိုသည်ထက်ပို၍ ထောင်ထဲ၌ထည့်ထားခြင်းသည် ထိုသူအတွက် နစ်နာစေသည်သာမက ရက်စက်ရာလည်းကျသည်။ လူ့အဖွဲ့အစည်းအတွက်လည်း ဆုံးရှုံးသည်။ နိုင်ငံတော်အတွက်လည်း ကျွေးမွေးထားရ၍ စရိတ်စက ကုန်ကျရသည်။ ခံရသူ၏ မိသားစုတွင်လည်း အတိဒုက္ခရောက်ကြရသည်။

*[မောင်ကူးနှင့်အစိုးရ (၁၈၉၇-၀၁)အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၃၃၀]*

၂။ ပြစ်မှုကျူးလွန်သူအား ပြစ်ဒဏ်သတ်မှတ်ရာ၌ ၎င်းအပေါ် ဒေါသအငြိုးထား၍ ဆုံးဖြတ် သတ်မှတ်ခြင်းမပြုရ။ အခြားသူများကို အဟန့်အတား ဖြစ်စေရန်နှင့် ကျူးလွန်သူအား ပညာပေးစေလိုသော စေတနာကိုရှေ့ထား၍ ဆုံးဖြတ်ရန်ဖြစ်သည်။ အချိန်သင့်သောအခါ၌ ပြစ်ဒဏ်ကျခံရသူအား ပညာပေးတန်သရွေ့ပေးပြီးပြီဟု ယူဆလျှင် ၎င်းအား ဆက်လက်ချုပ်နှောင်ထားခြင်း မပြုတော့ဘဲ ၎င်း၏

http://www.cherrythitsar.org



မိသားစု၊ ၄င်း၏လူ့အဆောက်အအုံအတွင်းသို့ ပြန်လာကာ လူကောင်းတစ်ဦးအနေဖြင့် ဆက်လက်လုပ်ကိုင်ရန် အခွင့်အရေးကို ဖန်တီးပေးရန်သင့်သည်။

*[ဂိုပီရခ်အာဂါ(ရ်)ဝါ(လ်)နှင့် ပထစ၊ ၁၉၆၆၊ မတစ၊ ၁(အထူး)]*

၃။ ပြစ်ဒဏ်ချမှတ်ရာ၌ ပြစ်မှုကျူးလွန်သူအပေါ် ဂလဲ့စားချေသည့်သဘော မဟုတ်ဘဲ ပညာပေးသည့်သဘောလည်း သက်ရောက်စေရမည်။ တစ်ဖက်တွင်လည်း ထိုပြစ်ဒဏ်သည် ပြစ်မှုကျူးလွန်သူအား ပြစ်မှုထပ်မံကျူးလွန်ခြင်းမှ ရှောင်ကြဉ်စေရန် အလားတူပြစ်မှုကျူးလွန်ရန် ကြံရွယ်သူတို့အား အဟန့်အတားဖြစ်စေသင့်သည်။ သို့မှသာ လုပ်သားပြည်သူတို့၏အကျိုးကို စောင့်ရှောက်ရာရောက်မည်ဖြစ်ပြီး ပြစ်မှုကျူးလွန်ခြင်းမှ ကာကွယ်ရာရောက်မည်ဖြစ်သည်။ မည်သည့်ပြစ်မှု ကျူးလွန်လျှင် မည်သည့်ပြစ်ဒဏ်ကိုသာ ချမှတ်ရမည်ဟု ပုံသေကားကျ သတ်မှတ်ထား၍မရပေ။ အမှုတွင်ပေါ်ပေါက်နေသော ကြောင်းခြင်းရာ၊ အချိန်အခါနှင့် အမှုအမျိုးအစားကို လိုက်၍ အပြစ်ဒဏ်အနည်းအများ သတ်မှတ်ရသည်။ ထို့ကြောင့်လည်း ပြစ်မှုများ၌ အပြစ်ဒဏ်ကို ပြဋ္ဌာန်းရာတွင် အနည်းငယ်မျှသော ပြစ်မှုများမှအပ အနည်းဆုံး ချမှတ်ရမည့်ပြစ်ဒဏ်ကို သတ်မှတ်လေ့မရှိဘဲ အများဆုံးအပြစ်ဒဏ်ကိုသာ သတ်မှတ်ထားသည်ကို တွေ့မြင်နိုင်ပေသည်။ အကြောင်းမှာ တရားရုံးအနေဖြင့် အပြစ်ဒဏ်သတ်မှတ်ရာ၌ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ကြောင်းခြင်းရာ၊ အချိန်အခါ၊ အမှုအမျိုးအစားနှင့် အခြားအချက်အလက်များအပေါ် ညှိနှိုင်းချင့်ချိန်၍ အဆုံးအဖြတ်ပြုနိုင်ရန်ပင်ဖြစ်သည်။ တစ်နည်းဆိုသော် ပြစ်ဒဏ်သတ်မှတ်သောကိစ္စမှာ တရားရုံး၏ ဆင်ခြင်တုံတရား လက်ကိုင်ထားကာ ဆုံးဖြတ်ရသောကိစ္စဖြစ်သည်။ ယင်းသို့ ဆင်ခြင်တုံတရားလက်ကိုင်ထားကာ လိုလျှင်လိုသလို အတိုးအလျှော့ပြုလုပ်၍ သတ်မှတ်ရသည့်ကိစ္စတွင် မူသေချမှတ်ထားရန် မဖြစ်နိုင်ပေ။

*[မစ္စစ်ချွန်ဒရာမာယာနှင့်ပထစ၊ ၁၉၆၆၊ မတစ၊ ၁၄၄၈]*

၄။ ပြစ်ဒဏ်ပေးရာ၌ အဓိကထားရှိရန် ရည်ရွယ်ချက်မှာ အပြစ်ကျသူကို ဖြစ်နိုင်ပါက ပြုပြင်၍ ပြည်ထောင်စု သားကောင်းသမီးကောင်းအဖြစ် ပြန်လည်၍ ဘဝသစ်ထူထောင်နိုင်စေရန်ဖြစ်သည်။ တစ်စုံတစ်ခုကိုပြုလုပ်မိသည့်အတွက် လူတစ်ယောက်အား ထောင်ဒဏ်ကျခံစေ ဟူသည့် သဘောမျိုးမျှသာမဟုတ်ချေ။ ပြစ်ဒဏ်ကို သတ်မှတ်ရာ၌ တစ်ဦးတစ်ယောက်၏ နောက်ကြောင်း၊ စိတ်ထားနှင့်အတူ ရှေ့ရေးကိုပါ ထည့်သွင်းစဉ်းစားကာ ထိုသူတစ်ဦးသည် အပြစ်ဒဏ်ကျခံပြီးသည့်အခါ၌ သူ၏လူ့ဘောင်အဆောက်အအုံတွင် ပြန်လည်၍ ကောင်းသောဘဝသစ် ထူထောင်နိုင်စေရန် အလေးထား၍ စဉ်းစားအပ်သည်။

*[မအေးမြင့်နှင့်ပထစ၊ ၁၉၆၅၊ မတစ၊ ၅၀၀]*

၅။ ပြည်သူတို့၏ ငြိမ်းချမ်းရေး၊ စီးပွားရေးတို့ကို ထိခိုက်နစ်နာစေလောက်သည့် သောင်းကျန်းသူများနှင့် ဆက်သွယ်ပြီး ခဲယမ်းမီးကျောက်များကို ဝယ်ယူပေးပို့သည့်ကိစ္စ ဟန့်တားလောက်သည့်ပြစ်ဒဏ် ချမှတ်ရန်လိုမည်ဖြစ်သည်။

*[မန်းဖူးထားနှင့်ပထစ၊ ၁၉၆၆၊ မတစ၊ ၂၄(အထူး)]*

၆။ သောင်းကျန်းသူများနှင့်ပူးပေါင်းပြီး နိုင်ငံတော်အစိုးရ၏ လက်နက်များကို ခိုးယူသည့်ကိစ္စကို ဟန့်တားလောက်သည့်ပြစ်ဒဏ် ချမှတ်ရန်လိုသည်။

*[အမောင်(ခ)ဘိုမောနှင့် ပထစ၊ ၁၉၆၆၊ မတစ၊ ၉၄၇]*

၇။ တိုင်းပြည်လုံခြုံရေးကို ထိခိုက်စေသည့် ခဲယမ်းမီးကျောက် အမြောက်အမြား ကို ကိုင်ဆောင်သည့်ကိစ္စ ဟန့်တားလောက်သည့်ပြစ်ဒဏ် ချမှတ်ပေးရန်လိုသည်။

*[ပထစနှင့်မောင်ဝိုင်း၊ ၁၉၆၆၊ မတစ၊ ၁၄၃၅]*

၈။ ပြည်သူတို့အား ကာကွယ်ရမည့် လက်နက် ခဲယမ်းမီးကျောက်တို့ကို သောင်း ကျန်းသူတို့ထံ သွားရောက်အပ်နှံခြင်းဖြင့် တာဝန်မဲ့ပြုသည်သာမက သစ္စာမဲ့ပြုသည့် ကိစ္စကို ဟန့်တားလောက်သည့်ပြစ်ဒဏ် ပေးရန်လိုသည်။

*[မောင်သက်နိုင်(ခ)အမင်းနှင့် ပထစ၊ ၁၉၆၇၊ မတစ၊ ၈၀(အထူး)]*

၉။ ကလေးလူမမယ်တို့၏ ဘဝလုံခြုံမှုကို ကျူးလွန်က ဟန့်တားလောက်သည့် ပြစ်ဒဏ်ပေးရန် လိုမည်ဖြစ်သည်။

*[ဦးချမ်းမြနှင့်ပထစ၊ ၁၉၆၆၊ မတစ၊ ၇၂ (အထူး)]*

၁၀။ အမျိုးသမီးတို့၏ ဘဝလုံခြုံမှုကို ထိခိုက်စေသည့်ကိစ္စဖြစ်က ဟန့်တားလောက် သည့်ပြစ်ဒဏ်ပေးရန်လို၏။

*[မောင်မြအုန်းနှင့် ပထစ၊ ၁၉၆၆၊ မတစ၊ ၇၂ (အထူး)]*

*[မောင်ရှိပါ ၄ နှင့် ပထစ၊ ၁၉၆၆၊ မဘစ၊ ၁၁၇၊ (အထူး)]*

၁၁။ တိုင်းပြည်အုပ်ချုပ်ရေးမဏ္ဍိုင်ကို ပျက်ပြားစေနိုင်သည့် လာဘ်ပေးလာဘ်ယူကိစ္စ ဖြစ်က ဟန့်တားလောက်သည့်ပြစ်ဒဏ် ပေးရန်လိုသည်။

*[မောင်ခင်မောင်နှင့် ပထစ၊ ၁၉၆၆၊ မတစ၊ ၁၄၆၀]*

**သေဒဏ်ကို ပြောင်းလဲခြင်း။ (ပုဒ်မ-၅၄)**

**Copmmutation of sentence of death. (Section-54)**

**<u>ဥပဒေပြဌာန်းချက်</u>**

သေဒဏ်ချမှတ်သည့် အမှုတိုင်းတွင် ထိုသို့ချမှတ်ခြင်းခံရသူ သဘောမတူဘဲ နိုင်ငံတော်သမ္မတသည် သေဒဏ်မှ ဤရာဇသတ်ကြီးတွင် ပြဌာန်းထားသည့် အခြား ပြစ်ဒဏ်တစ်မျိုးမျိုးသို့ ပြောင်းလဲနိုင်သည်။

**တစ်သက်တစ်ကျွန်းဒဏ်ကို ပြောင်းလဲခြင်း။ (ပုဒ်မ-၅၅)**

**Commutation of sentence of transportation for life. (Section-55)**

**<u>ဥပဒေပြဌာန်းချက်</u>**

တစ်သက်တစ်ကျွန်းဒဏ် ချမှတ်သည့်အမှုတိုင်းတွင် ထိုသို့ချမှတ်ခြင်းခံရသူ သဘောမတူဘဲ နိုင်ငံတော်သမ္မတသည် တစ်သက်တစ်ကျွန်းဒဏ်မှ ဆယ့်လေးနှစ် ထက်မပိုသည့် ထောင်ဒဏ်အမျိုးမျိုးသို့ ပြောင်းလဲနိုင်သည်။

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ ဤပုဒ်မအရ ပြစ်ဒဏ်ပြောင်းလဲခြင်းနှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ အရ ပြစ်ဒဏ်ပြောင်းလဲခြင်းတို့၏ အကျိုးသက်ရောက်ပုံမှာ တူညီခြင်းမရှိပေ။ ဤပုဒ်မအရ တစ်သက်တစ်ကျွန်းဒဏ်မှ ထောင်ဒဏ်သို့ ပြောင်းလဲလိုက်၍ ထိုသူသည် ထောင်ဒဏ်ကျခံပြီးနောက် ထွက်လာသည့်အခါ ထိုသူအား တစ်သက်တစ်ကျွန်းဒဏ် ကျခံဆဲဖြစ်သည်ဟု ယူဆခြင်းမပြုနိုင်။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ (၄၀၁) အရ တစ်သက်တစ်ကျွန်းဒဏ်မှ အခြားပြစ်ဒဏ်သို့ လျှော့ပေါ့ပြီး လွတ်လာသူကိုမူ တစ်သက်တစ်ကျွန်းဒဏ် ခံရဆဲဖြစ်သည်ဟု ယူဆနိုင်မည်ဖြစ်သည်။

*[ဘိုးကွန်းနှင့်အစိုးရ၊ ၁၉၃၉၊ ရန်ကုန်စီရင်ထုံး၊ ၄၄]*

**ပြစ်ဒဏ်ကာလအပိုင်းအခြား။ (ပုဒ်မ-၅၇)**

**Fractions of terms of punishment. (Section-57)**

**ဥပဒေပြဋ္ဌာန်းချက်**

ပြစ်ဒဏ်ကာလအပိုင်းအခြားကို ရေတွက်ရာတွင် တစ်သက်တစ်ကျွန်းဒဏ်ကို နှစ်ပေါင်းနှစ်ဆယ် တစ်ကျွန်းပို့ဒဏ်နှင့်အညီထား၍ ရေတွက်ရမည်။

**စီရင်ထုံး**

၁။ တစ်သက်တစ်ကျွန်းဒဏ်ဆိုသည်မှာ တရားခံသေသည်အထိ ကျွန်းပို့ခံရသည်ဟု အဓိပ္ပာယ်သက်ရောက်သည်။

*[သာဗျက်နှင့်အစိုးရ၊ ပုံနှိပ်ထားသောစီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၁၃]*

*[ဘိုးကွန်းနှင့်အစိုးရ၊ ၁၉၃၉၊ ရန်ကုန်စီရင်ထုံး၊ ၄၄]*

***မှတ်ချက်။*** ။ တစ်သက်တစ်ကျွန်းဒဏ်ကို ကျခံသူသည် ထောင်အနှစ်(၂၀)ကျခံသူအဖြစ် မှတ်ယူရမည်ဟု ဤပုဒ်မက ပြဋ္ဌာန်းထားသောကြောင့် ထိုအတိုင်းပင် အကျဉ်းဌာနတာဝန်ခံများက ကျင့်သုံးလျက်ရှိသည်။ ထောင်ဝရမ်းတွင် အကျဉ်းသားအမျိုးအစားကို (၁) သို့မဟုတ် (၂) သတ်မှတ်လျှင် ကျွန်းဒဏ်ကို အကျဉ်းထောင်လက်စွဲအပိုဒ် (၈၃၃) အရ (၂၅) နှစ်ထောင်ဒဏ်ဟူ၍လည်းကောင်း၊ အမျိုးအစား (၃) ဟု သတ်မှတ်က ထောင်ဒဏ်အနှစ် (၂၀) ဟူ၍လည်းကောင်း ကောက်ယူရသဖြင့် ထိုအချက်ကို တရားရုံးများက သတိချပ်အပ်၏။

*[တရားရုံးများညွှန်ကြားလွှာ၊ အမှတ် ၁၆/၅၇]*

**တစ်ကျွန်းပို့ဒဏ်ချမှတ်ခြင်းခံရသူကို မပို့သေးမီ မည်သို့ပြုလုပ်ရမည့်အကြောင်း။ (ပုဒ်မ-၅၈)**

**Offenders sentenced to transportation how dealt with until transported. (Section-58)**

**ဥပဒေပြဋ္ဌာန်းချက်**

တစ်ကျွန်းပို့ဒဏ် ချမှတ်ခြင်းခံရသူကို ကျွန်းသို့မပို့သေးမီ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ချမှတ်သကဲ့သို့ ထားရှိရမည်။ ထောင်အတွင်း အကျဉ်းခံနေရသည့်ကာလကိုလည်း တစ်ကျွန်းပို့ဒဏ် ခံနေရသည့်ကာလကဲ့သို့ မှတ်ယူရမည်။

http://www.cherrythitsar.org



**ထောင်ဒဏ်အစား တစ်ကျွန်းပို့ဒဏ်။ (ပုဒ်မ-၅၉)**

**Transportation instead of imprisonment. (Section-59)**

**ဥပဒေဖွင့်ဆိုချက်**

အမှုအသီးသီးတွင် ပြစ်မှုကျူးလွန်သူတစ်ဦးအား ထောင်ဒဏ် ခုနစ်နှစ်ဖြစ်စေ၊ ခုနစ်နှစ်ထက်ပို၍ဖြစ်စေ ချမှတ်ထိုက်သည့်အခါ ပြစ်ဒဏ်ချမှတ်သည့်တရားရုံးသည် ထောင်ဒဏ်ချမှတ်မည့်အစား ခုနစ်နှစ်ထက်မလျော့သော၊ ထို့ပြင် ဤရာဇသတ်ကြီးအရ ထိုက်သင့်သည့် ထောင်ဒဏ်ကာလ အပိုင်းအခြားထက် မပိုသော ကာလထိ တစ်ကျွန်းပို့ဒဏ် ချမှတ်ပိုင်ခွင့် ရှိစေရမည်။

**စီရင်ထုံး**

၁။ ပြစ်မှုတစ်ခုအတွက် အနည်းဆုံး ထောင်ဒဏ် (၇) နှစ် ချမှတ်ခြင်း ခံရသူကိုသာ ထောင်ဒဏ်အစား တစ်ကျွန်းဒဏ်သို့ ပြောင်းလဲနိုင်မည်ဖြစ်သည်။ ပြစ်ဒဏ်နှစ်ရပ်ကိုပေါင်းမှ (၇) နှစ်ပြည့်သည့်ကိစ္စရပ်တွင် ထောင်ဒဏ်အစား ကျွန်းပို့ဒဏ်သို့ ပြောင်းလဲခြင်းမပြုနိုင်။

*[မောင်မိတ်နှင့်အစိုးရ (၁၉၀၄-၀၆) အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၁၁]*

*[စန္ဒာနှင့်အစိုးရ၊ အတွဲ ၄၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၆၅]*

၂။ ကျွန်းပို့ဒဏ်ချမှတ်လိုပါက အလုပ်နှင့်ထောင်ဒဏ် ချမှတ်ခြင်းမပြုဘဲ ဤပုဒ်မကို ရည်ညွှန်းကာ အမိန့်ချရန်သာလိုသည်။

*[သာဇံနှင့်အစိုးရ၊ အတွဲ ၁၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၂၉၂]*

*[မောင်ကြီးနှင့်အစိုးရ၊ အတွဲ ၁၊ ရန်ကုန်၊ ၃၉၀]*

၃။ ကျွန်းပို့ဒဏ် သတ်မှတ်ရာ၌ ပြစ်မှုအရ ထိုက်သင့်သော ထောင်ဒဏ်ကာလ အပိုင်းအခြားထက်မပိုနိုင်။

*[ဘိုးဆိတ်နှင့်အစိုးရ၊ ပုံနှိပ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၄၇၈]*

**ထောင်ဒဏ်ချမှတ်သည့် အမှုအချို့တွင် အလုပ်ကြမ်းနှင့် ကာလအားလုံး၊ သို့တည်းမဟုတ် အလုပ်မဲ့နှင့် ကာလအားလုံးဖြစ်စေ၊ အလုပ်ကြမ်းနှင့် ကာလတစ်စိတ်တစ်ဒေသ၊ သို့တည်းမဟုတ် အလုပ်မဲ့နှင့် ကာလတစ်စိတ်တစ်ဒေသဖြစ်စေ ချမှတ်ခြင်း။ (ပုဒ်မ-၆၀)**

**Sentence may be (in certain cases of imprisonment) wholly or partly rigorous or simple. (Section-60)**

**ဥပဒေဖွင့်ဆိုချက်**

အမှုအသီးသီးတွင် ပြစ်မှုကျူးလွန်သူတစ်ဦးအား ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ထိုက်သည့်အခါ ပြစ်ဒဏ်ချမှတ်သည့် တရားရုံးသည် ထိုသူအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ကာလအားလုံးအတွက်သော်လည်းကောင်း၊ အလုပ်မဲ့နှင့် ထောင်ဒဏ် ကာလအားလုံးအတွက်သော်လည်းကောင်း၊ အလုပ်ကြမ်းနှင့်ထောင်ဒဏ် ကာလတစ်စိတ်တစ်ဒေသအပြင် အလုပ်မဲ့နှင့် ကျန်ရှိသော ထောင်ဒဏ်ကာလအတွက်သော်လည်းကောင်း ချမှတ်ခွင့် ရှိစေရမည်။

http://www.cherrythitsar.org



**ငွေဒဏ်အရေအတွက်။ (ပုဒ်မ-၆၃)**

**Amount of fine (Section-63)**

**<u>ဥပဒေဖွင့်ဆိုချက်</u>**

ငွေဒဏ်ကို မည်မျှ မည်မျှထက်မပိုရဟု ဖော်ပြခြင်းမရှိလျှင် ပြစ်မှုကျူးလွန်သူအား အကန့်အသတ်မရှိ ငွေဒဏ်ချမှတ်နိုင်သော်လည်း မများလွန်းစေရ။

**<u>စီရင်ထုံး</u>**

၁။ ငွေဒဏ်ကို အကန့်အသတ်မရှိ သတ်မှတ်နိုင်သည်ဟုဆိုသော်လည်း ကျူးလွန်သည့် ပြစ်မှုအတိုင်းအတာ၊ ပြစ်မှုကျူးလွန်သူ၏ ငွေရေးကြေးရေးအခြေအနေများကို ချင့်ချိန်၍ ငွေဒဏ်ပမာဏကို သတ်မှတ်ရသည်။

*[အစိုးရနှင့် မဦးရီး၊ ရွေးချယ်ထားသောစီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၃၀၉]*

*[အစိုးရနှင့်မောင်ချင်း၊ ရွေးချယ်ထားသောစီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၄၈၃]*

*[အစိုးရနှင့်ဗင်ဂါလာဆွာမိ (၁၈၉၇-၀၁) အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၂၄၄]*

၂။ တပ်ရိုက်သည့်ငွေဒဏ်သည် များလွန်းပါက တရားခံအနေဖြင့် ထမ်းဆောင်ခြင်းပြုနိုင်မည်မဟုတ်၍ ထောင်ဒဏ်သတ်မှတ်ရာရောက်မည်ဖြစ်သည်။ ငွေဒဏ်ကို သတ်မှတ်ရာ၌ တရားလိုအနေဖြင့် မလိုအပ်ဘဲ ကုန်ကျခဲ့သည့်တရားစရိတ်များကို လျော်ကြေးငွေအဖြစ် ထည့်သွင်းတွက်ချက်ခြင်း မပြုသင့်ပေ။

*[မွတ်အလီနှင့်အစိုးရ၊ အတွဲ ၁၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၄၈]*

၃။ ပြစ်မှုကျူးလွန်ခြင်းမပြုမီကပင် ပြစ်မှုကျူးလွန်ပါက တစ်နေ့လျှင် ဒဏ်ငွေမည်မျှဆောင်ရမည်ဟု ကြိုတင်၍ အမိန့်ချမှတ်ခြင်း မပြုနိုင်။

*[အစိုးရနှင့်ပေါ်ဟီး၊ ရွေးချယ်ထားသောစီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၄၂၁]*

၄။ မြူနီစပယ်ဥပဒေ၌ ဆက်ကာဆက်ကာ ကျူးလွန်သည့်နေ့အတွက် နေ့စဉ်ဒဏ်ငွေရိုက်နိုင်သည့် ပြဋ္ဌာန်းချက် ရှိသော်လည်း ရုံးမှအမိန့်ချသည့်နေ့အထိသာ ပျက်ကွက်မှုအတွက် ငွေဒဏ်တပ်ရိုက်နိုင်မည်ဖြစ်သည်။

*[အစိုးရနှင့်မောင်ဘွင့် (၁၈၉၂-၉၆) အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၁၃၂]*

၅။ တရားခံအပေါ် ဒဏ်ငွေကျပ် ၁၄၀၀၀/-တပ်ရိုက်၍ ယင်းဒဏ်ငွေများအနက်မှ ငွေကျပ် ၁၃၀၀၀/-ကို ဆုံးရှုံးနစ်နာသူအားပေးရန် အမိန့်ချမှတ်ခြင်းမှာ များလွန်းသောငွေဒဏ်များမချစေရဟု ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၆၃) ပြဋ္ဌာန်းချက်ပါ တားမြစ်ချက်အရ သင့်လျော်မှန်ကန်သည်ဟု မဆိုနိုင်ချေ။ သတ်မှတ်သောငွေဒဏ်အနက်မှ တရားလိုဆုံးရှုံးနစ်နာသော ငွေအားလုံးကို လျော်ကြေးအဖြစ် ပေးစေရန် အမိန့်ချမှတ်ခြင်းအားဖြင့် ပြစ်မှုဆိုင်ရာ ကိစ္စရပ်ကို တရားမဆိုင်ရာ ကိစ္စရပ်ကဲ့သို့ဆောင်ရွက်သည့်သဘော သက်ရောက်လျက်ရှိပေသည်။

*[ဒေါ်မြရီနှင့်ပထစ၊ ၁၉၇၈၊ မတစ၊ ၈၈]*

http://www.cherrythitsar.org



**ငွေဒဏ်မဆောင်သည့်အတွက် ထောင်ဒဏ် ချမှတ်ခြင်း။**
**(ပုဒ်မ-၆၄)**

**Sentence of imprisonment for non-payment of fine.**
**(Section-64)**

**ဥပဒေပွင့်ဆိုချက်**

ထောင်ဒဏ်၊ ငွေဒဏ်၊ နှစ်ရပ်လုံး ချမှတ်ထိုက်သည့် ပြစ်မှုတိုင်းအတွက် ပြစ်မှုကျူးလွန်သူအား ငွေဒဏ်ချမှတ်ရာ၌လည်းကောင်း၊ ထောင်ဒဏ်၊ သို့တည်းမဟုတ် ငွေဒဏ်သော်လည်းကောင်း၊ ငွေဒဏ်သက်သက်သော်လည်းကောင်း ချမှတ်ထိုက်သည့် ပြစ်မှုတိုင်းအတွက် ပြစ်မှုကျူးလွန်သူအား ငွေဒဏ်သက်သက် ချမှတ်ရာ၌လည်းကောင်း၊ ငွေဒဏ်မဆောင်လျှင် ပြစ်ဒဏ်ချမှတ်ခြင်းခံရသူအား ပြစ်ဒဏ်ချမှတ်သည့် တရားရုံးက ထောင်ဒဏ်ချမှတ်ခွင့် ရှိစေရမည်။ ထိုထောင်ဒဏ်ကို ချမှတ်ပြီးဖြစ်သော အခြားထောင်ဒဏ်၌သော် လည်းကောင်း၊ ပြောင်းလဲပေးသည့် အခြားထောင်ဒဏ်၌သော်လည်းကောင်း ထည့်ပေါင်းရမည်။

**စီရင်ထုံး**

၁။ ငွေဒဏ်ကို ထောင်ဒဏ်နှင့်တွဲဖက်၍ ချမှတ်လျှင် ငွေဒဏ်မဆောင်သဖြင့် ကျခံရမည့် ထောင်ဒဏ်ကို မူရင်းထောင်ဒဏ်နှင့် တစ်ပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်ခြင်းမပြုနိုင်။ မူရင်းထောင်ဒဏ်ကျခံပြီးမှ ငွေဒဏ်မဆောင်၍ ခံရမည့် ထောင်ဒဏ်ကို ဆက်လက်ကျခံရမည်။

*[အစိုးရနှင့် အီဗရာဟင်၊ အေအိုင်အာ၊ ၁၉၃၁၊ ရန်ကုန်၊ ၅၁]*

၂။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ (၁၂၃) အရ အာမခံမပေးနိုင်၍ ထောင်ကျနေသည့်တရားခံသည် ခိုးမှုဖြင့် ငွေဒဏ်တပ်ရိုက်ခြင်းခံခဲ့ရရာ ငွေဒဏ်မဆောင်က ကျခံရမည့် ထောင်ဒဏ်ကို မူရင်းထောင်ဒဏ်နှင့် တစ်ပေါင်းတည်းကျခံစေရန် အမိန့်မချမှတ်နိုင်။

*[ပထစနှင့်အေးမောင်၊ ၁၉၄၈၊ မတစ၊ ၃၆၂]*

၃။ ငွေဒဏ်မဆောင်က ကျခံရမည့်ထောင်ဒဏ်ကို အခြားအမှုများ၌ ချမှတ်ထားသည့် ထောင်ဒဏ်များနှင့် တစ်ပေါင်းတည်းကျခံရမည်ဟု အမိန့်မချနိုင်။

*[ပထစနှင့်မောင်ကိုလေး၊ ၁၉၆၇၊ မတစ၊ ၅၂၂]*

၄။ ငွေဒဏ်မဆောင်က ချမှတ်ရမည့် ထောင်ဒဏ်သည် ငွေဒဏ်၏ ပမာဏ ပေါ်ပေါက်နေသည့် ကြောင်းခြင်းရာများအပေါ် မူတည်၍ သတ်မှတ်ရသည်။

*[အစိုးရနှင့်မောင်ချို၊ ရွေးချယ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၃၅၃]*

၅။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ (၁၂၃) အရ ထောင်ဒဏ်ချမှတ်ပြီးနောက် အခြားအမှုတွင် ဒဏ်တပ်ရိုက်ရာတွင် ဒဏ်ငွေမဆောင်နိုင်ပါက ကျခံရမည့် ထောင်ဒဏ်သည် ပုဒ်မ ၁၂၃ အရ ထောင်ဒဏ်ပြီးမှ ကျခံရမည်။

*[ရန်ကုန်၊ အတွဲ ၉၊ စာ ၆၁၂]*

http://www.cherrythitsar.org



၆။ ဒဏ်ငွေမဆောင်နိုင်ပါက ကျခံရမည့် ထောင်ဒဏ်ကို အခြားထောင်ဒဏ်နှင့် တစ်ပေါင်းတည်း မချမှတ်သင့်။

*[အေအိုင်အာရ်၊ ၁၉၃၁၊ ရန်ကုန် ၅၁။ ၁၉၄၀၊ မတစ၊ ၃၆၂]*

**ထောင်ဒဏ်၊ ငွေဒဏ် နှစ်ရပ်စလုံး ချမှတ်ထိုက်သည့်အမှုများတွင် ငွေဒဏ်မဆောင်သည့်အတွက် ထောင်ဒဏ်ကာလ ကန့်သတ်ခြင်း။ (ပုဒ်မ-၆၅)**

**Limit to imprisonment for non-payment of fine, when imprisonment and fine awardable. (Section-65)**

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

ထောင်ဒဏ်၊ ငွေဒဏ် နှစ်ရပ်စလုံး ချမှတ်ထိုက်သည့် ပြစ်မှုမျိုးအတွက် ရုံးတော်က ချမှတ်သော ငွေဒဏ်ကို ပြစ်မှုကျူးလွန်သူက မဆောင်လျှင် ထိုငွေဒဏ်အစား တရားရုံးက ထောင်ဒဏ်ချမှတ်ရာ၌ ထိုထောင်ဒဏ်သည် ထိုပြစ်မှုအတွက် သတ်မှတ်ထားသော အများဆုံး ထောင်ဒဏ်၏ လေးပုံတစ်ပုံထက် မပိုစေရ။

**<u>စီရင်ထုံး</u>**

၁။ ဤပုဒ်မသည် ထောင်ဒဏ်ရော ငွေဒဏ်ပါ ပြစ်ဒဏ်နှစ်ရပ်စလုံး ချမှတ်ရမည့် ပြစ်မှုဖြစ်စေ၊ ထောင်ဒဏ် သို့မဟုတ် ငွေဒဏ်တစ်ရပ်ရပ်ကို ချမှတ်ထိုက်သည့်ပြစ်မှု ဖြစ်စေ အကျုံးဝင်သည်။

*[အစိုးရနှင့်မြိုင်ကြီး၊ ပုံနှိပ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၄၉၄]*

၂။ ဤပုဒ်မ၌ အကျုံးဝင်သည့် ပြစ်မှုအတွက် ချမှတ်သောငွေဒဏ်ကို ပေးဆောင်ခြင်းမပြုက ပြစ်မှုတွင် သတ်မှတ်ထားသည့် အများဆုံးထောင်ဒဏ်၏ လေးပုံတစ်ပုံ ထက်ပို၍ ထောင်ဒဏ်သတ်မှတ်ခြင်းမပြုနိုင်။

*[အစိုးရနှင့်ချက်ကြီး၊ ရွေးချယ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၃၃၃]*

*[အစိုးရနှင့်အပဟိန်(ခ)လူကလေး၊ ရွေးချယ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၃၈၅]*

*[အစိုးရနှင့်ဘိုးလင်း၊ (၁၈၉၇-၀၁) အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊၂၂၀]*

*[အစိုးရနှင့်ထွန်းလှ၊ (၁၈၉၇-၀၁) အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊၂၂၁]*

*[အစိုးရနှင့်မောင်ငြိမ်း၊ ပုံနှိပ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၁၄၁]*

၃။ ထောင်ဒဏ်ရော ငွေဒဏ်ပါ ချမှတ်သည့်အမှုများတွင် ငွေဒဏ်မဆောင်က ချမှတ်ရမည့် ထောင်ဒဏ်မှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ (၃၃) အရ တရားသူကြီးကိုယ်တိုင် အာဏာ၏လေးပုံတစ်ပုံထက်မပိုရဆိုသော စည်းကမ်းချက်ကို ဖြည့်စွက်လိုက်နာရန်လိုသည်။ သို့ဖြစ်ရာ ခိုးမှုကျူးလွန်သူအား ထောင်ဒဏ်ရော

http://www.cherrythitsar.org



ငွေဒဏ်ပါချမှတ်လျှင် ငွေဒဏ်မဆောင်ပါက ထိုငွေ၏ဒဏ်အတွက် တတိယတန်း ပြစ်မှု အာဏာရတရားသူကြီးသည် (၆) လ၏ လေးပုံတစ်ပုံကိုသော် လည်းကောင်း၊ ပထမတန်းပြစ်မှု အာဏာရတရားသူကြီးသည် (၂)နှစ်၏ လေးပုံတစ်ပုံကိုသော် လည်းကောင်း ကျော်လွန်၍ ထောင်ဒဏ်သတ်မှတ်ခြင်းမပြုနိုင်။

*[မောင်ပေါ်နှင့်အစိုးရ၊ ပုံနှိပ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၂၈၁]*

*[ပထစနှင့်မောင်ဘရွှေ၊ ၁၉၆၆၊ မတစ၊ ၁၁၁၆]*

**ငွေဒဏ်မဆောင်သဖြင့် ချမှတ်သည့် ထောင်ဒဏ်အမျိုးအစား။ (ပုဒ်မ-၆၆)**

**Description or imprisonment for non-payment of fine. (Section-66)**

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

ပြစ်မှုကိုစီရင်ရာ၌ ချမှတ်သောငွေဒဏ်ကို မဆောင်သဖြင့် ထိုငွေဒဏ်အစား ထောင်ဒဏ်ကိုချမှတ်ရာတွင် ထိုထောင်ဒဏ်သည် ထိုပြစ်မှုအတွက် ချမှတ်နိုင်သော မည်သည့်ထောင်ဒဏ်မျိုးမဆို ဖြစ်နိုင်သည်။

**ငွေဒဏ်သက်သက်ချမှတ်ထိုက်သော ပြစ်မှုမျိုးအတွက် ငွေဒဏ်မဆောင်သဖြင့် ငွေဒဏ်အစား ချမှတ်သည့် ထောင်ဒဏ်ကာလသတ်မှတ်ခြင်း။ (ပုဒ်မ-၆၇)**

**Imprisonment for non-payment of fine when offence punishable with fine only. (Section-67)**

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

ငွေဒဏ်သက်သက်သာ ချမှတ်ထိုက်သည့် ပြစ်မှုမျိုးအတွက် ငွေဒဏ်မဆောင်သဖြင့် ငွေဒဏ်အစားချမှတ်သော ထောင်ဒဏ်သည် အလုပ်မဲ့ထောင်ဒဏ်ဖြစ်ရမည်။ ထိုသို့ချမှတ်သော ထောင်ဒဏ်ကာလ အပိုင်းအခြားသည် အောက်ပါအတိုင်း ဖြစ်ရမည်။

ငွေဒဏ် ငါးဆယ်ထက်မပိုလျှင် နှစ်လထက်မပိုသည့်ထောင်ဒဏ်၊ ငွေဒဏ် တစ်ရာထက်မပိုလျှင် လေးလထက်မပိုသည့် ထောင်ဒဏ်၊ ငွေဒဏ် တစ်ရာထက် ပိုလျှင် ခြောက်လထက်မပိုသည့် ထောင်ဒဏ်။

<u>**စီရင်ထုံး**</u>

ဒဏ်ငွေသက်သက် တပ်ရိုက်နိုင်သောအမှုတွင် ဒဏ်ငွေမဆောင်နိုင်ပါက ကျခံရမည့်ထောင်ဒဏ်သည် အလုပ်မဲ့ထောင်ဒဏ်ဖြစ်ရမည်။

*[အက်စ်ဂျေအယ်လ်ဘီ ၅၇]*

http://www.cherrythitsar.org



**ငွေဒဏ်ဆောင်သည့်အခါ ထောင်ဒဏ်ရပ်စဲခြင်း။ (ပုဒ်မ-၆၈)**

**Imprisonment to terminate on payment of fine. (Section-68)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

ငွေဒဏ်ဆောင်သည့်အခါ သို့တည်းမဟုတ် ဥပဒေနှင့်အညီ ဆောင်ရွက်သဖြင့် ငွေရသည့်အခါ ထောင်ဒဏ်သည် ရပ်စဲရမည်။

**ငွေဒဏ်အချိုးကျဆောင်သည့်အတိုင်း ထောင်ဒဏ်ရပ်စဲခြင်း။ (ပုဒ်မ-၆၉)**

**Termination of imprisonment on payment of proportional part of fine. (Section-69)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

ငွေဒဏ်မဆောင်သဖြင့် တရားရုံးက ငွေဒဏ်အစား ချမှတ်သော ထောင်ဒဏ်ကာလ မစေ့ကုန်မီ ကျခံရန်ရှိသေးသော ထောင်ဒဏ်ကာလအတွက် ငွေဒဏ်ကို ဆောင်ခဲ့သော် သို့တည်းမဟုတ် ဥပဒေနှင့်အညီ ဆောင်ရွက်သဖြင့် ငွေရခဲ့သော် ပေးဆောင်သောငွေဒဏ်အချိုးကျအတိုင်း ထောင်ဒဏ်ကာလ ရပ်စဲရမည်။

<u>ဥပမာ</u>

မောင်ဖြူသည် ငွေဒဏ်တစ်ရာမဆောင်သဖြင့် ထောင်ဒဏ်လေးလ ကျခံစေရန် အမိန့်ချမှတ်ခြင်းခံရ၏။ အကယ်၍ ထောင်ဒဏ်တစ်လမစေ့မီ ငွေဒဏ် ခုနစ်ဆယ့်ငါးကျပ်ကိုဆောင်လျှင် သို့တည်းမဟုတ် ဥပဒေနှင့်အညီ ဆောင်ရွက်သဖြင့် ငွေရရှိလျှင် ပထမတစ်လစေ့လျှင်စေ့ခြင်း မောင်ဖြူကို ထောင်မှလွတ်စေရမည်။ အကယ်၍ ပထမတစ်လစေ့သည့်အခါ၌သော်လည်းကောင်း၊ စေ့ပြီးနောက် အကျဉ်းခံနေစဉ် အခါ၌သော်လည်းကောင်း ငွေခုနစ်ဆယ့်ငါးကျပ်ကိုဆောင်လျှင်၊ သို့တည်းမဟုတ် ဥပဒေနှင့်အညီဆောင်ရွက်သဖြင့် ငွေရရှိလျှင် မောင်ဖြူကို ချက်ချင်းထောင်မှလွတ် စေရမည်။ ပထမနှစ်လမစေ့ကုန်မီ ငွေငါးဆယ်ကိုဆောင်လျှင်၊ သို့တည်းမဟုတ် ဥပဒေနှင့်အညီ ဆောင်ရွက်သဖြင့် ငွေရရှိလျှင် ပထမနှစ်လစေ့လျှင်စေ့ခြင်း မောင်ဖြူကို ထောင်မှလွတ်စေရမည်။ ငွေငါးဆယ်ကို ပထမနှစ်လစေ့သည့်အခါတွင် ဖြစ်စေ၊ စေ့ပြီးမှဖြစ်စေ ဆောင်လျှင် သို့တည်းမဟုတ် ဥပဒေနှင့်အညီ ဆောင်ရွက်သဖြင့် ငွေရရှိလျှင် မောင်ဖြူကို ထောင်မှချက်ခြင်းလွတ်စေရမည်။

http://www.cherrythitsar.org



**ခြောက်နှစ်အတွင်းဖြစ်စေ၊ ထောင်ဒဏ်ခံနေရစဉ် အတွင်းဖြစ်စေ ငွေဒဏ်ကိုတောင်းခံနိုင်ခြင်း။ ပြစ်မှုကျူးလွန်သူ သေဆုံးသော်လည်း ထိုသူပိုင် ပစ္စည်းသည် တာဝန်မလွတ်ကင်းခြင်း။ (ပုဒ်မ-၇၀)**

**Fine leviable within six years or during imprisonment. Death not to discharge property from liability. (Section-70)**

**ဥပဒေပြဋ္ဌာန်းချက်**

ငွေဒဏ်အားလုံးကိုဖြစ်စေ၊ ကျန်ငွေကိုဖြစ်စေ အမိန့်ချမှတ်ပြီးနောက် ခြောက်နှစ်အတွင်း မည်သည့်အခါ၌မဆို တောင်းခံနိုင်သည်။ ပြစ်မှုကျူးလွန်သူသည် ခြောက်နှစ်ထက်ပို၍ ထောင်ဒဏ်ချမှတ်ခြင်းခံရလျှင် ထိုကာလမစေ့မီ မည်သည့်အခါ၌မဆို တောင်းခံနိုင်သည်။

ပြစ်မှုကျူးလွန်သူ သေဆုံးသော်လည်း ထိုသူ၏ ကြွေးမြီများအတွက် ဥပဒေနှင့်အညီ ပေးဆပ်ရန်တာဝန်ရှိသော ထိုသူပိုင်ပစ္စည်းများမှာ ငွေဒဏ်အတွက် ပေးဆောင်ရန်လည်း တာဝန်ရှိစေရမည်။

**ပြစ်မှုအမျိုးမျိုး ပေါင်းစု၍ဖြစ်သော ပြစ်ဒဏ်အတွက် ပြစ်ဒဏ်ကို ကန့်သတ်ခြင်း။ (ပုဒ်မ-၇၁)**

**Limit of punishment of offence made up of several offences. (Section-71)**

**ဥပဒေပြဋ္ဌာန်းချက်**

တစ်ခုစီ ပြစ်မှုမြောက်သော အစိတ်အပိုင်းများ ပေါင်းစုနေသည့် ပြစ်မှုကို ကျူးလွန်သူအား အတိအလင်း ပြဋ္ဌာန်းချက်မရှိပါက ထိုပြစ်မှုမြောက်သော အစိတ်အပိုင်းများအနက် ပြစ်မှုတစ်ခုခုအတွက် ပေးနိုင်သော ပြစ်ဒဏ်ထက်ပို၍မပေးရ။

တည်ဆဲဥပဒေအရ တစ်ဦးတစ်ယောက်သောသူ၏ ပြုလုပ်မှုသည် သီးခြားပြစ်မှု နှစ်မျိုးသော်လည်းကောင်း၊ နှစ်မျိုးထက်ပို၍သော်လည်းကောင်း မြောက်နိုင်လျှင်၊ သို့တည်းမဟုတ် ပြစ်ဒဏ်ချမှတ်ခြင်း ခံထိုက်လျှင် ထိုသူအား၊ သို့တည်းမဟုတ် တစ်ခုစီခွဲယူလျှင် ပြစ်မှုတစ်ခု မြောက်သည်လည်းဖြစ်၍ သို့တည်းမဟုတ် တစ်ခုထက်ပိုမှ ပြစ်မှုတစ်ခုမြောက်သည်လည်းဖြစ်၍ စုပေါင်းယူလျှင် အခြားပြစ်မှုတစ်ခုလည်း မြောက်သော ပြုလုပ်မှုအမျိုးမျိုးကို ကျူးလွန်သောသူအား စစ်ဆေးသော တရားရုံးက အထက်ပါပြစ်မှုတစ်ခုခုအတွက် ပေးနိုင်သောပြစ်ဒဏ်ထက် ပိုမိုပြင်းထန်သော ပြစ်ဒဏ်ကိုမပေးရ။

**ဥပမာများ**

(က) မောင်ဖြူကမောင်နီကို တုတ်နှင့်အချက်ငါးဆယ်ရိုက်၏။ ရိုက်နှက်သည့်အချက်များကို စုပေါင်း၍လည်းကောင်း၊ ချက်ရေ တစ်ချက်စီခွဲ၍လည်းကောင်း မောင်နီအား

http://www.cherrythitsar.org



နာကျဉ်စေရန် မိမိအလိုအလျောက် ပြုလုပ်သော ပြစ်မှုကို မောင်ဖြူကျူးလွန်ရာရောက်သည်။ မောင်ဖြူသည် အချက်တိုင်းအတွက် ပြစ်ဒဏ်ကျထိုက်သင့်ရမည်ဆိုပါက တစ်ချက်လျှင်တစ်နှစ်ကျ နှစ်ပေါင်း၀ါးဆယ် ထောင်အကျဉ်းခံရမည်ဖြစ်သည်။ သို့ရာတွင် မောင်ဖြူသည် ရိုက်နှက်သော အချက်အားလုံးအတွက် ပြစ်ဒဏ်တစ်ရပ်တည်းအတွက်သာ ချမှတ်ခြင်းခံရမည်။

(ခ) သို့ရာတွင် မောင်ဖြူသည် မောင်နီကို ရိုက်နှက်နေခိုက် မောင်ညိုက ဝင်ရောက်စွက်ဖက်သဖြင့် မောင်ညိုကိုလည်း တမင်ရိုက်နှက်ပြန်လျှင် မောင်ညိုကိုရိုက်နှက်ခြင်းသည် မောင်နီကို အလိုအလျောက် နာကျင်စေသော ပြစ်မှုကျူးလွန်ရာ၌မပါဝင်၊ မောင်ဖြူသည် မောင်နီကို နာကျင်စေရန် အလိုအလျောက်ပြုလုပ်သည့်အတွက် ပြစ်ဒဏ်တစ်ရပ်၊ ထို့ပြင် မောင်ညိုကို ရိုက်သည့်အတွက် ပြစ်ဒဏ်တစ်ရပ်၊ ပေါင်းနှစ်ရပ် ချမှတ်ခြင်းခံရမည်။

<u>**စီရင်ထုံး**</u>

၁။ ဤပုဒ်မနှင့်အလားတူ ပြဋ္ဌာန်းချက်များကို ၁၉၇၃ ခုနှစ် စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ (၂၂) တွင် လည်းကောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ (၃၅) နှင့် (၂၃၅) တို့တွင်လည်းကောင်း တွေ့မြင်နိုင်သည်။ ၁၉၇၃ ခုနှစ်စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ (၂၂)၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၇၁) နှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ (၄၀၃) တို့ကို တွဲ၍ဖတ်ရှုလျှင် တရားခံတစ်ဦးအား ပြစ်မှုတစ်ရပ်အတွက် နှစ်ကြိမ်ပြစ်ဒဏ်စီရင်ခြင်း မပြုနိုင်ကြောင်းပေါ်လွင်သည်။

*[ပီစီဒတ်နှင့်ပထစ၊ ၁၉၅၄၊ မတစ၊ (လွှတ်တော်)၃၃]*

၂။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ (၂၃၅) အရ တရားခံတစ်ဦးအား ၎င်း၏ပြုလုပ်မှုအားလုံးအတွက် ပြစ်ဒဏ်အသီးသီးချမှတ်ခွင့်ရှိသော်လည်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပြဋ္ဌာန်းချက်များသည် ဤပြစ်မှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို မလွှမ်းမိုးနိုင်သဖြင့် တစ်ခုထက်ပိုသော ပြစ်ဒဏ်ကို ချမှတ်ခြင်းမပြုရပေ။ သို့ဖြစ်ရာ တရားခံတစ်ဦးအား ၎င်း၏ပြုလုပ်မှုအသီးသီးအတွက် ကြားနာစစ်ဆေးပြီး ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိချက်ပြုနိုင်သော်လည်း ပြစ်ဒဏ်ချမှတ်ရာ၌မူ ဤပုဒ်မအတိုင်းသာလိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ (၃၅) အရ တရားခံတစ်ဦးအား တစ်မှုတည်းတွင် တစ်ခုထက်ပိုသော ပြစ်မှုအတွက် ဤပုဒ်မပါပြဋ္ဌာန်းချက်ကို တစ်ခုမှတစ်ခု ဆက်လက်ကျခံစေရန် အမိန့်ချမှတ်နိုင်သည်။ သို့ဖြစ်ရာ ပိုင်ရှင်က စားကျက်တွင်လွှတ်ထားသောနွားကို ခိုးယူပြီး သတ်စားသည့်တရားခံကို ပုဒ်မ ၃၇၉ အရလည်းကောင်း၊ ပုဒ်မ ၄၂၉ အရလည်းကောင်း သီးခြားပြစ်ဒဏ်ထင်ရှားစီရင်နိုင်သည်။

*[ပေါ်ဒင်နှင့်အစိုးရ၊ ၁၉၃၈၊ ရန်ကုန်စီရင်ထုံး၊ ၆၃]*

http://www.cherrythitsar.org



၃။ ပစ္စည်းကိုခိုးယူပြီး ခိုးရာပါပစ္စည်းကို ပြန်ရအောင် လုပ်ပေးမည်ဟုဆိုကာ လာဘ်ငွေတောင်းသူကို ပုဒ်မ ၃၇၉ အပြင် ပုဒ်မ ၂၁၅ အရပါ သီးခြားပြစ်ဒဏ် စီရင်နိုင်သည်။

*[အစိုးရနှင့်ဘိုဂြိမ်း၊ ၁၉၄၁၊ ရန်ကုန်စီရင်ထုံး၊ ၅၈၂]*

၄။ ရုန်းရင်းဆန်ခတ်မှု ကျူးလွန်ရာ၌ နာကျင်မှုကိုပါဖြစ်စေလျှင် ရုန်းရင်းဆန်ခတ်မှု ကျူးလွန်ရာ၌ ပါဝင်သူကို ပုဒ်မ ၁၄၇ အရသာမက ပုဒ်မ ၁၄၉ အရလည်း သီးခြားပြစ်ဒဏ်သတ်မှတ်နိုင်သည်။

*[အူလာနှင့်အစိုးရ၊ ၁၉၄၆၊ ရန်ကုန်စီရင်ထုံး၊ ၅၇]*

၅။ တရားခံသည် အိမ်တစ်အိမ်အတွင်းသို့ ဝင်ရောက်ကာ ထိုအိမ်နေလူအများ၏ ပစ္စည်းကို ခိုးယူလျှင် ခိုးမှုတစ်ခုတည်းအတွက်သာ အပြစ်ပေးနိုင်မည်ဖြစ်သည်။ လူအသီးသီး၏ ပစ္စည်းများကို ခိုးယူခြင်းကြောင့် သီးခြားခိုးမှုများအတွက် အပြစ် မပေးနိုင်။

*[အစိုးရနှင့်မောင်ပို၊ ရွေးချယ်ထားသောစီရင်ထုံးများ၊ အောက်မြန်မာပြည်၊ ၁၆၈]*

၆။ ဓားပြတစ်စုသည် အိမ်နှစ်အိမ်ကို လုခဲ့ပြီး တစ်ချိန်တည်း ဓားပြတိုက်သော်လည်း ဓားပြတိုက်မှုတစ်ခုတည်းအတွက်သာ အပြစ်ပေးရမည်။

*[စံဒွန်းနှင့်အစိုးရ၊ ရွေးချယ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၄၄၄]*

၇။ ကြေးထမ်းကြီးသည် အခွန်ဆောင်သူသုံးဦးထံမှ အခွန်ကောက်ခံပြီး အချို့ကိုသာ လူကြီးသို့ပေး၍ ကျန်ငွေအချို့ကို အလွဲသုံးစားပြုလျှင် အလွဲသုံးစား သုံးမှုအတွက် အပြစ်မပေးနိုင်ပေ။

*[အစိုးရနှင့်ရွှေသီး၊ ရွေးချယ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၄၉၂]*

၈။ အရက်ချက်သူတစ်ဦးကို ချက်အရက်လက်ရှိပြစ်မှုဖြင့် ထပ်လောင်း၍ အပြစ် မပေးနိုင်။

*[အစိုးရနှင့်စံဒွန်း၊ (၁၉၀၄-၀၆)အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၁]*

၉။ ပြန်ပေးဆွဲသည့်အမှုတွင် ပုဒ်မ ၃၆၅ နှင့် ၃၈၇ အရ သီးသန့်အပြစ်မပေးနိုင်။

*[ဘိုးလန်းနှင့်အစိုးရ၊ အတွဲ ၆၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၁၆၀]*

၁၀။ ဤအပိုဒ်ကို အပိုင်းနှစ်ပိုင်းခွဲခြားနိုင်သည်။ ပထမပိုင်းမှာ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ (၃၅၂) ၏ ပုဒ်မခွဲ (၂) ဖြင့် အကြုံးဝင်သည်။ ထိုပုဒ်မရှိ ဥဒါဟရုဏ်(ဃ) သည် ဤအပိုင်းနှင့်သက်ဆိုင်သည့် ဥပမာတစ်ရပ်ဖြစ်သည်။ တရားခံတစ်ဦး၏ ပြုလုပ်မှုသည် ပြစ်မှုဆိုင်ရာဥပဒေအရဖြစ်စေ၊ အခြားဥပဒေအရ ဖြစ်စေ၊ တစ်ခု ထက်ပိုသော ပြဋ္ဌာန်းချက်များနှင့် အကြုံးဝင်ပါက ဤအပိုင်းနှင့်သက်ဆိုင်မည်ဖြစ် သည်။ ဥပမာ-ပြုလုပ်မှုတစ်ခုသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၄၁၇) အရ လည်း

http://www.cherrythitsar.org



ကောင်း၊ ပုဒ်မ (၄၂၀) အရလည်းကောင်း အကြုံးဝင်နေပါမူ ကြီးလေးသောပြစ်မှုဖြစ်သည်။ ပုဒ်မ (၄၂၀) အရသာ ပြစ်ဒဏ်စီရင်ရမည်ဖြစ်သည်။ အလားတူ ပုဒ်မ (၃၂၄) အရလည်းကောင်း၊ ပုဒ်မ (၃၂၆) အရလည်းကောင်း အကြုံးဝင်နေသည့်ပြစ်မှုအတွက် ပုဒ်မ (၃၂၆) ပြစ်မှုဖြင့်သာ အပြစ်ပေးနိုင်မည်ဖြစ်သည်။ တရားလိုအားဓားနှင့်ပစ်သည့် တရားခံ၏ပြုလုပ်မှုအတွက် ပုဒ်မ (၃၅၂) နှင့် (၅၀၆) တို့ဖြင့် သီးခြားအပြစ်မပေးသင့်။ ပုဒ်မ (၃၅၂) အရသာ အပြစ်ပေးရမည်ဖြစ်သည်။

*[အစိုးရနှင့်လူညွန့်၊ အတွဲ ၄၊ ဘားမားလောတိုင်း၊ ၆၇]*

၁၁။ တရားခံအား စော်ကားရန်အကြံဖြင့် တရားလို၏ပိုင်နက်ကို ကျူးလွန်ပြီးစော်ကားသည့်တရားခံကို ပုဒ်မ (၄၅၂) နှင့် (၅၀၄) တို့ဖြင့် သီးခြားအပြစ်မပေးနိုင်။

*[အစိုးရနှင့်အုံးဘူး၊ အတွဲ ၁၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၂၇၉]*

၁၂။ တရားခံသည် ညအချိန် အိမ်ဖောက်ထွင်းပြီး ပစ္စည်းခိုးလျှင် ၎င်း၏ပြုလုပ်မှုသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၄၅၇) (၂) အရလည်းကောင်း၊ ပုဒ်မ (၃၈၀) အရလည်းကောင်း ကျရောက်သော်လည်း ခိုးမှုအတွက် ပုဒ်မ (၃၈၀) ဖြင့် သီးသန့်ပြစ်ဒဏ်ချမှတ်ခြင်းမပြုရပေ။ ညအချိန် အိမ်ဖောက်ထွင်းပြီး ပစ္စည်းခိုးသည့်အတွက် ပုဒ်မ (၄၅၇) (၂) အရသာ အပြစ်ပေးရမည်ဖြစ်သည်။

*[အစိုးရနှင့်မောင်ဖြူ၊ ရွေးချယ်ထားသည့်စီရင်ချက်များ၊
အောက်မြန်မာပြည်၊ ၃၉၀]*

၁၃။ တရားခံ၏ ပြုလုပ်မှုသည် ပြစ်မှုနှစ်ခုနှင့် အကြုံးဝင်နေပါက ပြစ်မှုနှစ်ခုအတွက် ကြားနာစစ်ဆေးပြီးနောက် ပြစ်မှုထင်ရှားကြောင်း တွေ့ရှိချက်ပြုနိုင်သော်လည်း ဤပုဒ်မအရ ပြစ်မှုတစ်ခုအတွက် အများဆုံးပြစ်ဒဏ်ကိုသာ ချမှတ်နိုင်သည်။ ပြစ်ဒဏ်နှစ်ရပ်ချမှတ်ပြီး ပြစ်ဒဏ်များကို တစ်ပြိုင်တည်းကျခံစေရန် အမိန့်ချမှတ်လျှင် ဤပုဒ်မနှင့် ဆန့်ကျင်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

*[မရွက်(ခ)မကွက်နှင့် ပထစ၊ ၁၉၆၆၊ မတစ၊ ၉၅၄]*

၁၄။ ဤပုဒ်မနှင့် အကြုံးမဝင်သည့် အမှုများ၌ ပြစ်မှုနှစ်ရပ်အတွက် အပြစ်ရှိကြောင်းတွေ့ရှိလျှင် ပြစ်မှုတစ်ခုစီအတွက် ပြစ်ဒဏ်သီးသန့်ချမှတ်ရန်ကိုလည်း လိုသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ (၃၅) ၏ခြွင်းချက်များနှင့် ငြိစွန်းခြင်းမရှိရန်သာ သတိချပ်ရမည်ဖြစ်သည်။ သို့ဖြစ်ရာ ချက်အရက်နှင့် အရက်ချက်ကိရိယာများ ဖမ်းဆီးရမိသည့် တရားခံအား ယစ်မျိုးဥပဒေပုဒ်မ (၃၇) နှင့် (၃၀) (ဃ) တို့အရ သီးသန့်ပြစ်ဒဏ်များ ချမှတ်ရန်လိုသည်။

*[အစိုးရနှင့်မလှသာ၊ အတွဲ ၁၂၊ ရန်ကုန်၊ ၄၁၉]*

၁၅။ နွားစားကျက်မှ ကျွဲနွား(၃)ကောင်ခိုးသောသူသည် (ထို ကျွဲနွားတို့တွင် ပိုင်ရှင်အသီးသီးရှိစေကာမူ) ပြစ်မှုတစ်ခုတည်းသာ ကျူးလွန်သည်။

*[အက်စ်ဂျေအယ်လ်ဘီ ၁၆၈၊ ၄၇၅]*

http://www.cherrythitsar.org



၁၆။ A ၏အိမ်တွင်နေသော A နှင့် B တို့၏ ပစ္စည်းများကို ဓားပြတိုက်ရာတွင် ၎င်းတို့တစ်ဦးစီ၏ ပစ္စည်းများကို ဓားပြတိုက်သည့်အတွက် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၃၅ အရ သီးခြားစွဲချက်တင်နိုင်သော်လည်း ပုဒ်မ ၇၁ အရ ပြစ်ဒဏ်တစ်ရပ်သာ ချမှတ်နိုင်သည်။

*[စံညွှန်းနှင့်တစ်ဦး အမှု၊ အက်စ်ဂျေအယ်လ်ဘီ၊ ၄၄၀]*

၁၇။ ကစားဒိုင်အိမ်ပိုင်ရှင်သည် လောင်းတမ်းကစားရာတွင် ပါဝင်သော်လည်း ၎င်းအား လောင်းတမ်းကစားခြင်းဥပဒေပုဒ်မ ၁၂ အရ ပြစ်ဒဏ်တစ်ရပ်သာ ချမှတ်နိုင်သည်။

*[အောက်မြန်မာ အတွဲ ၄၊ စာ ၁၀၄]*

၁၈။ ပြစ်မှုမြောက်စေသော ပြုမှု သို့မဟုတ် ပျက်ကွက်မှုတစ်ခုတည်းအတွက် ပြစ်ဒဏ်နှစ်ကြိမ် မချမှတ်နိုင်။

*[(ပီစီဒတ်အမှု) ၁၉၅၄၊ မတစ၊ ၃၃၊ (လွှတ်တော်)]*

**ပြစ်မှုများအနက် မည်သည့်ပြစ်မှုအတွက် အပြစ်ရှိသည်ဟု စီရင်ချက်တွင် သံသယဖြစ်လျှင် ပြစ်မှုတစ်ခုအတွက် ပြစ်ဒဏ်။**
**(ပုဒ်မ-၇၂)**

**Punishment of person guilty of one of several offences the judgement stating that it is doubtful of which.**
**(Section-72)**

**<u>ဥပဒေပွင့်ဆိုချက်</u>**

စီရင်ချက်၌ ဖော်ပြသော ပြစ်မှုများအနက် ပြစ်မှုတစ်ခုခုအတွက် တစ်ဦးတစ်ယောက်သောသူသည် အပြစ်ရှိသည်ဖြစ်သော်လည်း မည်သည့်ပြစ်မှုအတွက် အပြစ်ရှိသည်ကို သံသယမကင်းလျှင် ထိုပြစ်မှုအသီးသီးအတွက် တူညီသော ပြစ်ဒဏ်ပြဋ္ဌာန်းခြင်းမရှိပါက ပြစ်မှုကျူးလွန်သူအား အနည်းဆုံးပြဋ္ဌာန်းသော ပြစ်ဒဏ်ကို ချမှတ်ရမည်။

**အလုံထောင်ချခြင်း။**
**(ပုဒ်မ-၇၃)**

**Solitary confinement.**
**(Section-73)**

**<u>ဥပဒေပွင့်ဆိုချက်</u>**

ဤရာဇသတ်ကြီးအရ အလုပ်ကြမ်းနှင့်ထောင်ဒဏ် ချမှတ်ခွင့်အာဏာရှိသော ပြစ်မှုတစ်ခုအတွက် တရားရုံးက ပြစ်ဒဏ်ချမှတ်သောအခါ ထောင်ဒဏ်ကာလကို လိုက်၍ သုံးလထက်မပိုစေဘဲ အောက်ပါအချိုးအစားအတိုင်း အလုံထောင်ချရန် စီရင်ချက်၌ အမိန့်ချမှတ်နိုင်သည်။

ထောင်ဒဏ်ခြောက်လထက်မပိုလျှင် တစ်လထက်မပိုသည့်ကာလ၊ ထောင်ဒဏ်ခြောက်လထက်ပိုသော်လည်း တစ်နှစ်ထပ်မပိုလျှင် နှစ်လထက်မပိုသည့်ကာလ၊ ထောင်ဒဏ်တစ်နှစ်ထက်ပိုလျှင် သုံးလထက်မပိုသည့်ကာလ။

http://www.cherrythitsar.org



<u>**တရားရုံးလက်စွဲ**</u>

အလုံထောင်ချခြင်းဆိုသည်မှာ အခြားအကျဉ်းသားများနှင့်သော်လည်းကောင်း၊ အပြင်လူများနှင့်သော်လည်းကောင်း တွေ့ခွင့်မပြုဘဲ သီးသန့်အကျဉ်းချထားခြင်း ဖြစ်သည်။ ရက်စက်ကြမ်းကြုတ်စွာ ပြစ်မှုကျူးလွန်သူများ၊ ပြုပြင်၍မရသည့် ဝါရင့် လူဆိုးများကိုသာ မှတ်လောက်သားလောက်အောင် ဤပြစ်ဒဏ်မျိုး ပေးလေ့ပေးထ ရှိသည်။ မည်သည့်အတွက် အလုံထောင်ချသည်ဟု အကြောင်းပြချက်ကို စီရင်ချက် ၌ ဖော်ပြရမည်ဟုလည်းကောင်း၊ အကျဉ်းနည်းဖြင့် ဆုံးဖြတ်စီရင်သောအမှု၌ဖြစ်စေ၊ ပထမအကြိမ် ပြစ်မှုကျူးလွန်သူကိုဖြစ်စေ အလုံထောင်ချခြင်းမပြုရဟုလည်းကောင်း ညွှန်ကြားချက်များ ထုတ်ပြန်ထားသည်။

*[တရားရုံးများလက်စွဲ၊ ၆၆၇]*

<u>**စီရင်ထုံး**</u>

၁။ ပြစ်မှုတစ်ခုထက်ပို၍ အပြစ်ဒဏ်ကျခံရသူအား ပြစ်ဒဏ်အသီးသီးအတွက် သုံးလထက်ပို၍ အလုံထောင်ချထားခြင်းမပြုနိုင်။

*[အစိုးရနှင့်ဘိုးသိုင်း၊ ပုံနှိပ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၅၉၆]*

*[အစိုးရနှင့်မောင်ကြိုင်၊ (၁၈၉၇-၀၁) အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၂၄၇]*

၂။ ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်မှုတစ်ခုခုကို ကျူးလွန်မှသာ အလုံထောင်ချထား ရန် အမိန့်ချမှတ်နိုင်မည်ဖြစ်သည်။ အထူး သို့မဟုတ် ဒေသန္တရဥပဒေ တစ်ရပ်ရပ် အရ ပြစ်မှုကျူးလွန်သူကို အလုံထောင်ချထားရန် အမိန့်ချမှတ်ခြင်းမပြုနိုင်ပေ။

*[အစိုးရနှင့်ကွန်ဘ၊ ပုံနှိပ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၅၅၄]*

၃။ တရားခံတစ်ဦးအပေါ် ချမှတ်သည့် ထောင်ဒဏ်ကာလတစ်ခုလုံးအတွက် အလုံ ထောင်ချထားခြင်း မပြုနိုင်ပေ။ ထောင်ဒဏ်၏ တစ်စိတ်တစ်ဒေသကိုသာလျှင် အလုံထောင်ချထားနိုင်သည်။

*[စိန်ဖိုးနှင့်အစိုးရ၊ အတွဲ ၁၊ ရန်ကုန်၊ ၂၀၆]*

## အလုံထောင်ချသောကာလကို ကန့်သတ်ခြင်း။ (ပုဒ်မ-၇၄)

## Limit of solitary confinement. (Section-74)

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

အလုံထောင်ချရန် ချမှတ်သည့်အမိန့်ကို ဆောင်ရွက်ရာတွင် အလုံထောင်ချ သောကာလကို တစ်ကြိမ်လျှင် ဆယ့်လေးရက်ထက် မပိုစေရ။ တစ်ကြိမ်နှင့်တစ်ကြိမ် ကြားကာလကို ဆယ့်လေးရက်အောက် မလျော့စေရ။ ချမှတ်သော ထောင်ဒဏ် ကာလသည် သုံးလထက်ပိုလျှင် အလုံထောင်ချသောကာလကို တစ်လလျှင် ခုနစ် ရက်ထက် မပိုစေရ။ တစ်ကြိမ်နှင့်တစ်ကြိမ် ကြားကာလကိုလည်း ခုနစ်ရက်အောက် မလျော့စေရ။

http://www.cherrythitsar.org



**အခန်း ၁၂ အရ သို့တည်းမဟုတ် အခန်း ၁၇ အရ ယခင်ပြစ်ဒဏ်ခံရဘူးသူအား အချို့ပြစ်မှုများ အတွက် ပြစ်ဒဏ်တိုးပေးခြင်း။ (ပုဒ်မ-၇၅)**

**Enhanced punishment for certain offences under Chapter XII or Chapter XVII after previous conviction. (Section-75)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

ဤရာဇသတ်ကြီးပါ အခန်း ၁၂ အရ သို့တည်းမဟုတ် အခန်း ၁၇ အရ သုံးနှစ်ဖြစ်စေ၊ သုံးနှစ်ထက်ပို၍ဖြစ်စေ ထောင်ဒဏ်တစ်မျိုးမျိုးထိုက်သော ပြစ်မှုတစ်ခုခုအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း တရားရုံးတစ်ခုခု၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရဖူးသူသည် ဆိုခဲ့သောအခန်းများအနက် အခန်းတစ်ခုခုအရ ယခင်ထောင်ဒဏ်မျိုးနှင့်လည်းကောင်း၊ ယခင်ထောင်ဒဏ်ကာလနှင့်လည်းကောင်း တူသောပြစ်ဒဏ်ချမှတ်ရန် ထိုက်သင့်သည့်ပြစ်မှုတစ်ခုခုကို ထပ်မံကျူးလွန်လျှင် ထိုသို့ထပ်မံကျူးလွန်သော ပြစ်မှုအတွက် တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ထိုက်သင့်စေရမည်။

<u>တရားရုံးလက်စွဲ</u>

တရားခံအပေါ် စွဲဆိုသည့် အမှုကို စစ်ဆေးပြီးနောက် ပြစ်ချက်ဟောင်းနှင့် စပ်လျဉ်း၍ စစ်ဆေးကြားနာရမည်။ ပြစ်မှုပုံစံ (၈၃) ကို အသုံးပြုရမည်ဖြစ်သည်။

*[တရားရုံးလက်စွဲ၊ အပိုဒ် ၆၄၅]*

<u>စီရင်ထုံး</u>

၁။ အချို့ပြစ်မှုများနှင့် စပ်လျဉ်း၍ နောက်ထပ်ကျူးလွန်သူကို မှတ်လောက်သားလောက်အောင် ပြစ်ဒဏ်ချမှတ်နိုင်ရန်ဖြစ်သည်။ သို့ရာတွင် ပြစ်မှု၌ သတ်မှတ်ထားသည့် ပြစ်ဒဏ်သည် လုံလောက်နေပါက ဤပုဒ်မကို အသုံးပြုရန် မလိုပေ။ ပြစ်မှု၏ ပမာဏကိုလိုက်၍ ကြီးလေးသောပြစ်ဒဏ်ကို ချမှတ်နိုင်ရန် ဤပုဒ်မအား ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ သေးငယ်သည့် ပြစ်မှုကို နောက်တစ်ကြိမ် ကျူးလွန်သည့်အကြောင်းကြောင့် ဘဝတုံးစေမည့်ပြစ်ဒဏ်ကို ချမှတ်ရန်မဟုတ်ပေ။ တရားခံခိုးသည့် ပစ္စည်းတန်ဖိုးမှာ သုံးကျပ်ခန့်သာရှိရာ ယခင်ပြစ်ချက်ဟောင်းပင်ရှိလင့်ကစား ၎င်းအား ထောင်ဒဏ်(၇)နှစ်ချမှတ်ခြင်းသည် ကြီးလေးလှပေသည်။

*[ဘိုးမြှင်နှင့်အစိုးရ၊ အတွဲ ၄၊ ဘားမားလောတိုင်း ၆၈]*

၂။ ပြစ်ဒဏ်ကိုသတ်မှတ်ရာ၌ ပစ္စည်း၏တန်ဖိုးသည် ပဓာနမဟုတ်ချေ။ အလေးပေး၍ စဉ်းစားရမည့်အချက်များမှာ ပြစ်မှုကျူးလွန်သူ၏ အကြံအစည်၊ ၎င်း၏ စာရိတ္တ၊ ပြစ်မှု၏ ပမာဏ စသည်တို့ပင်ဖြစ်သည်။

*[အစိုးရနှင့်ဘရှိန်၊ အတွဲ ၆၊ ရန်ကုန်၊ ၃၉၁]*

၃။ ပဌမအကြိမ် ပြစ်မှုကျူးလွန်သူကို ထောင်ဒဏ် (၇) နှစ်ချမှတ်ခြင်းသည် အလွန်ကြီးလေးသည်ဟု ဆိုနိုင်မည်မဟုတ်။

*[ကန်သာနှင့်အစိုးရ၊ (၁၈၉၂-၉၆)အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၁၄၇]*

http://www.cherrythitsar.org



၄။ လွန်ခဲ့သောနှစ်ပေါင်းများစွာက ထောင်တစ်လကျခံဘူးသည့် ပြစ်ချက်ဟောင်းကြောင့် နွားနှစ်ကောင်ခိုးသူကို ထောင် (၇) နှစ်ချမှတ်ခြင်းသည် လိုသည်ထက်ပို၍ ကြီးလေးသည်ဟု ဆိုရမည်ဖြစ်သည်။

*[လူကြီးနှင့်အစိုးရ၊ ရွေးချယ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၂၉၁]*

၅။ ပြစ်ချက်ဟောင်းရှိတိုင်း ဤပုဒ်မအရ ကြီးလေးသည့်ပြစ်ဒဏ်ကို သတ်မှတ်ရမည်ဟု မဆိုလိုပေ။ သင့်လျော်သည့်အကြောင်းရှိပါက ပြစ်ချက်ဟောင်းပင်ရှိလင့်ကစား နောက်ကျူးလွန်သည့်ပြစ်မှုအတွက် ယင်းပြစ်ဒဏ်ထက်နည်းသောပြစ်ဒဏ်ချမှတ်နိုင်သည်။ ဤပုဒ်မနှင့် အကျုံးမဝင်သည့်ကိစ္စပင်ဖြစ်သော်လည်း ပြစ်ဒဏ်သတ်မှတ်ရာ၌ ယခင်ပြစ်ချက်ဟောင်းရှိပါက ထိုပြစ်ချက်ဟောင်းကို ထည့်သွင်းစဉ်းစား၍ အမိန့်ချမှတ်နိုင်သည်။

*[အစိုးရနှင့်ပြည်ပုံ၊ ပုံနှိပ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၉၃]*

*[မောင်ကြီးနှင့်အစိုးရ၊ အတွဲ ၇၊ မြန်မာပြည်စီရင်ထုံး၊ ၃၅၃]*

၆။ နောက်တစ်ကြိမ်ကျူးလွန်သည့်အချိန်တွင် ယခင်ပြစ်ချက်ဟောင်းရှိမှသာ ဤပုဒ်မနှင့် အကျုံးဝင်သည်။

*[အစိုးရနှင့်ဘိုးရှိန်၊ ပုံနှိပ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၄၇၉]*

*[ဘိုးသိန်းနှင့်အစိုးရ၊ အတွဲ ၄၊ မြန်မာပြည်စီရင်ထုံး၊ ၉၈]*

*[အဠဌရာမန်နှင့်အစိုးရ၊ အတွဲ ၂၊ ဘားမားလောတိုင်း၊ ၁၁၁]*

၇။ ယခင်ကျူးလွန်သည့်ပြစ်မှုအတွက် ဒုတိယအကြိမ် ပြစ်မှုကျူးလွန်စဉ် ပြစ်ဒဏ်ထင်ရှားစီရင်ခြင်း မရှိသေးပါက ဤပုဒ်မနှင့်သက်ဆိုင်ခြင်း မရှိပေ။ တရားခံသည် ၁၉၀၇ ခုနှစ်တွင် ကျူးလွန်သည့် ပြစ်မှုအတွက် ၁၉၁၇ ခုနှစ်၌ ပြစ်ဒဏ်စီရင်ခြင်းခံရသည်။ ၎င်းသည် ၁၉၀၉၊ ၁၉၁၀ နှင့် ၁၉၁၁ ခုနှစ်များ၌ ပြစ်ဒဏ်အသီးသီးကျခံခဲ့ရသည်။ ထိုပြစ်ဒဏ်များမှာ ၁၉၁၇ ခုနှစ်တွင် ပြစ်ဒဏ်စီရင်ခြင်းခံရသည့်ပြစ်မှုနှင့်ပတ်သက်၍ ပြစ်ချက်ဟောင်းများဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

*[ဘိုးစိုနှင့်အစိုးရ၊ အတွဲ ၉၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၇၇]*

၈။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ (၁၁၈) အရ အာမခံတောင်းရာ အာမခံမပေးနိုင်၍ ထောင်ကျခံရသူသည် ပြစ်ဒဏ်ထင်ရှားစီရင်ခြင်းခံရသူမဟုတ်၍ ဤပုဒ်မနှင့် အကြုံးမဝင်။

*[အစိုးရနှင့်ဘိုးဝင်၊ ရွေးချယ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၄၉၀]*

၉။ စစ်ခုံရုံးမှချမှတ်သော ပြစ်ဒဏ်ဟောင်းသည် ဤပုဒ်မနှင့် သက်ဆိုင်ခြင်းမရှိ။ ပြစ်မှုဆိုင်ရာ ဥပဒေအရ စီရင်သည့် တရားရုံးများ၏ ပြစ်ဒဏ်ဟောင်းနှင့်သာ သက်ဆိုင်သည်။ တစ်ခုထက်ပိုသည့်ပြစ်မှုများကို တစ်ကြိမ်ထဲကျူးလွန်ခဲ့ပါက ပြစ်မှုတစ်ခု၏ပြစ်ဒဏ်သည် အခြားပြစ်မှုတစ်ခု၏ ပြစ်ချက်ဟောင်းဖြစ်သည်ဟုမဆိုနိုင်။

*[အုပ်ကြီးနှင့်အစိုးရ၊ ရွေးချယ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၄၄၉]*

http://www.cherrythitsar.org



၁၀။ ပြစ်မှုဆိုင်ရာဥပဒေအခန်း (၁၂) သို့မဟုတ် အခန်း (၁၇) ပါ ပြစ်မှုတစ်ခုခုဖြင့် ပြစ်ဒဏ်စီရင်ခြင်းခံရသူသာလျှင် ဤပုဒ်မနှင့် အကြုံးဝင်သည်။ သို့ဖြစ်ရာ အထူး သို့မဟုတ် ဒေသန္တရဥပဒေတစ်ရပ်ရပ်ဖြင့် ပြစ်ဒဏ်စီရင်ခြင်းခံရသည့် ပြစ်ချက် ဟောင်းကို ဤပုဒ်မအရ အသုံးမပြုနိုင်။ သို့ဖြစ်ရာ ကျေးရွာအက်ဥပဒေအရ ပြစ် ဒဏ်စီရင်ခြင်းခံရသည့် ပြစ်ချက်ဟောင်းသည် ဤပုဒ်မနှင့် အကြုံးမဝင်။

*[အစိုးရနှင့်သာခိုင်၊ ပုံနှိပ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၃၇၈]*

*[အစိုးရနှင့်ဘိုးခင်၊ (၁၈၉၇-၀၁) အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၃၈၈]*

၁၁။ ပြစ်မှုနှင့်စပ်ဆိုင်လျှင် ပြဋ္ဌာန်းချက်များကို တိကျစွာ အဓိပ္ပာယ်ကောက်ယူရ မည်ဖြစ်သည့်အတိုင်း အခန်း (၁၂) သို့မဟုတ် အခန်း (၁၇) တွင် ပါဝင်ခြင်းမရှိသည့် ပုဒ်မ(၅၁၁)အရ ပြစ်မှုကျူးလွန်ရန် အားထုတ်မှုသည် ဤပုဒ်မနှင့်အကြုံးမဝင်ပေ။

*[အစိုးရနှင့်ဘိုးလှိုင်၊ ရွေးချယ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၅၃၁]*

၁၂။ ပြစ်ချက်ဟောင်းရှိကြောင်း တရားလိုအစိုးရဘက်မှ ရုံးသို့တင်ပြရန်လိုသည်။ ယင်းသို့အပြစ်ပေးခံရဘူးကြောင်း သက်သေခံချက်မရှိဘဲ ပုဒ်မ (၇၅) အရ အမိန့် ချမှတ်လျှင် ထိုအမိန့်သည် တရားမဝင်ပျက်ပြယ်သည်။

*[မောင်ပါနှင့်ပထာ၊ ၁၉၆၂၊ မတစ၊ ၄၇၉]*

၁၃။ ဤပုဒ်မကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၂၁ (၇)၊ ၂၅၅-က၊ ၃၁၀၊ ၃၁၁၊ ၅၁၁ တို့နှင့်တွဲ၍ ဖတ်ရန်လိုမည်ဖြစ်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၁ ၌ တရားခံတစ်ဦးတွင် ယခင်က ပြစ်ချက်ဟောင်းရှိမရှိနှင့် စပ်လျဉ်း၍ မည်သို့ အထင်အရှားပြရမည်ကို အတိအလင်းပြဋ္ဌာန်းထားသည်။ ထိုပြဋ္ဌာန်းချက်အရ တရားရုံးတစ်ရုံးက တရားခံအပေါ် ယခင်က ချမှတ်ခဲ့သော အမိန့်၏ ကောက်နုတ် ချက်မိတ္တူ သို့မဟုတ် သက်ဆိုင်ရာ အကျဉ်းထောင်အရာရှိက လက်မှတ်ရေးထိုး ထားသည့် သက်သေခံလက်မှတ် သို့မဟုတ် ပြစ်ဒဏ်ကျခံစေရန် ဝရမ်းစာ စသည် တို့ကို တရားစွဲဆိုသည့်ဘက်မှ တရားရုံးသို့ တင်ပြ၍ သက်သေထူရမည်။

*[မောင်စိုးမြင့်(ခ)ရာရှစ်နှင့်ပထာ၊ ၁၉၈၂၊ မြန်မာပြည်စီရင်ထုံး၊ ၁၉]*

၁၄။ ပုဒ်မ ၇၅ သည် တရားသူကြီးတစ်ဦးအား ၄င်း၏လက်ရှိအာဏာကို တိုးချဲ့ပေး ခြင်းမဟုတ်၊ မိမိရှိရင်းစွဲအာဏာထက်ပို၍ ထောင်ဒဏ်သတ်မှတ်ခြင်းမပြုနိုင်။

*[အစိုးရနှင့်ထွန်းသာ၊ ပုံနှိပ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၇၈]*

၁၅။ ဤပုဒ်မအရ အရေးယူလျှင် ထောင်ဒဏ်ကို တိုးမြှင့်သတ်မှတ်ရန်သာရှိသည်။ နောက်ထပ်ငွေဒဏ် ချမှတ်ခြင်းဖြင့် အရေးယူခြင်းသည် ဥပဒေနှင့်မညီပေ။

*[ထွန်းသာနှင့်အစိုးရ၊ အတွဲ ၁၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၅၇]*

http://www.cherrythitsar.org



## အခန်း(၄)

## ကင်းလွတ်ရမြဲအချက်များ General Exception

**ဥပဒေအရ တာဝန်ရှိသဖြင့် ပြုလုပ်ခြင်း၊ သို့တည်း မဟုတ် ကြောင်းခြင်းရာကို အယူအဆလွဲခြင်း ကြောင့် ဥပဒေအရ တာဝန်ရှိသည်ဟုယုံကြည်၍ ပြုလုပ်ခြင်း။**
**(ပုဒ်မ-၇၆)**

**Act done by a person bound, or by mistake of fact believing himself bound by law.**
**(Section-76)**

**ဥပဒေပြဌာန်းချက်**

**ဥပဒေအရ ပြုလုပ်ရန် တာဝန်ရှိသူကသော်လည်းကောင်း၊ အယူအဆလွဲခြင်း ကြောင့်မဟုတ်ဘဲ ကြောင်းခြင်းရာကို အယူအဆလွဲခြင်းကြောင့် ဥပဒေအရ တာဝန် ရှိသည်ဟု သဘောရိုးနှင့် ယုံကြည်သူကသော်လည်းကောင်း ပြုလုပ်လျှင် ထိုပြုလုပ်မှု သည် ပြစ်မှုမမြောက်။**

**ဥပမာများ**

(က) စစ်သားမောင်ဖြူသည် ရုန်းရင်းဆန်ခတ်ပြုသော လူစုလူဝေးကို ဥပဒေနှင့် ညီသော မိမိ၏အထက်အရာရှိ၏ အမိန့်ဖြင့် သေနတ်နှင့်ပစ်ခတ်သည်။ ထိုသို့ ပစ်ခတ်ခြင်းသည် ပြစ်မှုကျူးလွန်ရာမရောက်။

(ခ) တရားရုံးအမှုထမ်း မောင်ဖြူသည် မောင်မဲကိုဖမ်းဆီးရန် တရားရုံးမှ အမိန့် ရရှိ၏။ ထိုက်သင့်သော စုံစမ်းမှုကိုပြုပြီးနောက် မောင်နီကိုမောင်မဲဟု ထင်မှတ် ယုံကြည်၍ ဖမ်းဆီးသည်။ ထိုသို့ဖမ်းဆီးခြင်းသည် ပြစ်မှုကျူးလွန်ရာမရောက်။

**စီရင်ထုံး**

၁။ ကင်းလွတ်ရမြဲအချက်များသည် ပြစ်မှုဆိုင်ရာဥပဒေပါ ပြစ်မှုများသာမက အထူးသို့မဟုတ် ဒေသန္တရဥပဒေပါ ပြစ်မှုများနှင့်လည်း အကြုံးဝင်သည်။

*[အစိုးရနှင့်ဘစိန်၊ ၁၉၃၇၊ ရန်ကုန်စီရင်ထုံး၊ ၂၂၇]*

*[ပထစနှင့်မောင်တင်ချို၊ ၁၉၅၄၊ မြန်မာပြည်စီရင်ထုံး၊ ၂၅၇ (လွှတ်တော်)]*

၂။ ပြစ်မှုများတွင် တရားခံအပြစ်ရှိကြောင်း သက်သေထူရန် တာဝန်သည် တရားလို ဘက်၌ အစဉ်တစိုက်ရှိသော်လည်း တရားခံက ၎င်း၏ပြုလုပ်မှုသည် ပြစ်မှုဆိုင်ရာ ဥပဒေပါ ကင်းလွတ်ရမြဲ အချက်တစ်ခုခုနှင့် အကြုံးဝင်သည်ဟု ထုချေပါက ထို ထုချေချက်အား ထင်ရှားအောင် သက်သေထူရန်တာဝန်မှာ သက်သေခံဥပဒေပုဒ်မ (၁၀၅)အရ အပေါ်၌ ကျရောက်လာပေသည်။

*[မောင်စံမြိုင်နှင့်ပထစ၊ ၁၉၆၆၊ မတစ၊ ၆၃၄]*

http://www.cherrythitsar.org



၃။ ထိုတာဝန်ကို တရားလိုဘက်မှ တရားခံအပြစ်ရှိကြောင်း အထောက်အထား တင်ပြပြီးဖြစ်မှသာ တရားခံအနေဖြင့် ထမ်းဆောင်ရန်လိုမည်ဖြစ်သည်။

*[ဒေါ်ချစ်မယ်နှင့်ပထစ၊ ၁၉၇၁၊ မတစ၊ ၄၆]*

၄။ ယင်းတာဝန်ကို ထမ်းဆောင်ရာ၌ တရားလိုဘက်မှ တရားခံအပြစ်ရှိကြောင်း ထင်ရှားအောင်ပြသရသကဲ့သို့ သက်သေအခိုင်အမာထူရန် မလိုပေ။

*[မောင်ထွန်းစိန်နှင့်နိုင်ငံတော်၊ ၁၉၆၂၊ မဘစ၊ ၃၃၇ (ရုံးချုပ်)]*

၅။ တရားခံတင်ပြသည့် အထောက်အထားသည် တရားလို၏ စွပ်စွဲချက်ကို သို့လောသို့လော သံသယဖြစ်စေပါက တရားခံ၏ တာဝန်ကျေပွန်ပြီဟု ဆိုရမည် ဖြစ်သည်။

*[အစိုးရနှင့်ဦးမှုပါလ၊ အတွဲ ၁၄၊ ရန်ကုန်၊ ၆၆၆]*

*[ရှားရဲနှင့်ပထစ၊ ၁၉၆၆၊ မတစ၊ ၁၄ (စစ်အယူခံ)]*

၆။ အကယ်၍ တရားခံက ၎င်း၏ပြုလုပ်မှုသည် ကင်းလွတ်ရမြဲအချက်တစ်ခုခုတွင် အကြုံးဝင်၍ ပြစ်မှုမမြောက်ဟု ထုချေခြင်းမပြုစေကာမူ သက်သေတို့၏ ထွက်ဆိုချက်၌ ကင်းလွတ်ရမြဲ အချက်တစ်စုံတစ်ခုနှင့် အကြုံးဝင်နေလျှင် တရားရုံးသည် တရားခံ၏ အကျိုးအတွက် ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

*[ဘစိန်နှင့်အစိုးရ၊ အေအိုင်အာ၊ ၁၉၃၆၊ ရန်ကုန်၊ ၁]*

*[အစိုးရနှင့်မောင်လှ၊ ၁၉၄၆၊ ရန်ကုန်စီရင်ထုံး၊ ၅၀]*

*[မောင်မှတ်နှင့်ပထစ၊ ၁၉၅၄၊ မြန်မာပြည်စီရင်ထုံး၊ ၂၈ (လွှတ်တော်)]*

*[မောင်ကုတ်ချိနှင့်ပထစ၊ ၁၉၆၅၊ မတစ၊ ၁၀၉၆]*

၇။ ဤပုဒ်မသည် ပုဒ်မ (၇၉) နှင့်ဆင်တူသည်။ ဤပုဒ်မသည် ဥပဒေအရ တာဝန်ရှိသည်ဟု သဘောရိုးဖြင့်ယုံကြည်သူကို ကင်းလွတ်ခွင့်ပေးထားပြီး ပုဒ်မ (၇၉) မှာ ဥပဒေအရ ပြုလုပ်ခွင့်ရှိသည်ဟု သဘောရိုးဖြင့် ယုံကြည်သူကို ကင်းလွတ်ခွင့် ပေးထားသည်။ ပထမပုဒ်မက ဥပဒေအရ လုပ်ရမည်ဟု ယုံကြည်သူအတွက်ဖြစ်ပြီး ဒုတိယပုဒ်မက ဥပဒေအရ လုပ်နိုင်သည်ဟု ယုံကြည်သူအတွက်ဖြစ်သည်။

*[ဟာကင်နှင့်ပထစ၊ ၁၉၄၉၊ မြန်မာပြည်စီရင်ထုံး၊ ၁၁၂ (လွှတ်တော်ချုပ်)]*

၈။ ပြစ်မှုဆိုင်ရာဥပဒေတွင် သာမန်အားဖြင့် တရားခံတစ်ဦး၏ ပြုလုပ်မှုသည် ပြစ်မှုမကင်းသော အကြံရှိမှသာ ပြစ်မှုမြောက်မည်ဖြစ်သော်လည်း ဥပဒေတစ်ရပ်ရပ်၌ သုံးနှုန်းထားသည့် စကားလုံးများ၊ ဥပဒေပြဋ္ဌာန်းထားရသည့် ဘာသာရပ်စသည်တို့ကို ထောက်ရှုခြင်းအားဖြင့် ပြစ်မှုမြောက်ရန် ပြစ်မှုမကင်းသောအကြံရှိရန် မလိုဟု အဓိပ္ပာယ်ကောက်ယူနိုင်ပေသည်။ ယင်းကိစ္စမျိုးတွင် တရားခံ၏ ပြုလုပ်မှုသည် ပြစ်မှုမကင်းသော အကြံဖြင့် ပြုလုပ်ခြင်းမရှိစေကာမူ ပြစ်မှုမြောက်မည်ဖြစ်သည်။ ဥပမာဆောင်ရသော် ၁၉၄၈ ခုနှစ် အဂတိလိုက်စားမှု တားမြစ်ရေးအက်ဥပဒေပုဒ်မ ၄ (၁) (ဃ)၏ မူလစကားရပ်များအရဆိုပါက အစိုးရအမှုထမ်းတစ်ဦး ပြုလုပ်မှုသည် ပြစ်မှုမကင်းသောအကြံ မရှိစေကာမူ အလွန်ပေါ့လျော့ကြောင်း ပေါ်ပေါက်ပါက ပြစ်မှုမြောက်ပေသည်။

*[ပထစနှင့်ဦးညို၊ ၁၉၅၇၊ မြန်မာပြည်စီရင်ထုံး၊ ၅၈ (လွှတ်တော်)]*

http://www.cherrythitsar.org



၉။ ယုံကြည်မှုနှင့်ထင်ကြေးကိုလည်း ခွဲခြားရန်လိုသည်။ ထင်ကြေးသည် ကြောင်းခြင်းရာအပေါ် မတည်ချေ။ စိတ်ကူးယဉ်ကဏ္ဍတွင်သာရှိသည်။ သို့ရာတွင် ယုံကြည်မှုမှာ ကြောင်းခြင်းရာအပေါ် အခြေခံသည်။ ကြောင်းခြင်းရာအပေါ် အခြေမခံပါက သဘောရိုးဖြင့် ယုံကြည်သည်ဟု ဆိုနိုင်မည်မဟုတ်။ ဥပမာဆောင်ရသော် ရှေ့နေက တရားသူကြီးအား ပေးထားသည့်လာဘ်ငွေကို ပြန်ပေးရန်နှင့် ပြန်မပေးက အရေးယူမည်ဟု ခြိမ်းခြောက်ပြီး စာရေးလျှင် ထိုရှေ့နေသည် အမှုသည်၏ ညွှန်ကြားချက်အရ အရေးယူသည်ဟု ဆိုစေကာမူ သဘောရိုးဖြင့် ယုံကြည်ရန် ကြောင်းခြင်းရာအပေါ် အခြေခံခြင်းမပြုသဖြင့် ကင်းလွတ်ခွင့်မရနိုင်။

*[ဦးစံဝင်းနှင့်ဦးလှ၊ အေအိုင်အာ၊ ၁၉၃၁၊ ရန်ကုန်၊ ၈၃]*

၁၀။ အထက်လူကြီး၏ အမိန့်အရ ဆောင်ရွက်သည့်ကိစ္စများ၌ အထက်လူကြီး၏ အမိန့်သည် တရားဥပဒေနှင့် သိသိသာသာဆန့်ကျင်နေပါမူ ထိုအမိန့်ကို လိုက်နာဆောင်ရွက်ခြင်းကြောင့် ပြစ်ဒဏ်ထင်ရှားစီရင်ခြင်းခံရမည်ဖြစ်သည်။ အထက်လူကြီး၏ အမိန့်အရ လုပ်ရပါသည်ဟု အကာအကွယ်မယူနိုင်။ ယင်းကိစ္စမှာ ကြောင်းခြင်းရာအယူအဆ လွဲမှားခြင်းမဟုတ်ဘဲ ဥပဒေအယူအဆ လွဲမှားခြင်းသာဖြစ်၍ ကင်းလွတ်ခွင့်မရနိုင်ပေ။ ဥပမာ-ရဲသားတစ်ဦးက အခြားရဲသားနှစ်ဦးအား လမ်းတွင်တွေ့သည့်လူဆိုးကိုဖမ်းရန်နှင့် အဖမ်းမခံက သေနတ်နှင့်ပစ်ရန် အမိန့်ပေးသည့်အတိုင်း အမိန့်ပေးခံရသည့်ရဲများက လမ်းပေါ်၌ လူနှစ်ယောက်ကိုတွေ့၍ ရပ်တန့်ရန်ပြောရာ တစ်ယောက်ထွက်ပြေးသဖြင့် သေနတ်နှင့်ပစ်လိုက်သောကြောင့် ထိုသူသေဆုံးရလျှင် ပစ်သည့်ရဲများတွင် တာဝန်ရှိပေမည်။ ၄င်းတို့အနေဖြင့် မိမိတို့အကြီးအကဲ၏ မတရားသောအမိန့်ကို နာခံကာ ပြုလုပ်ခြင်းဖြစ်သည်ဟု ထုချေခြင်းပြုနိုင်မည်မဟုတ်။

*[အစိုးရနှင့်မြတ်သာ၊ ရွေးချယ်ထားသောစီရင်ချက်များ၊*
*အောက်မြန်မာပြည်၊ ၁၆၄]*

**တရားစီရင်ရေးဆောင်ရွက်ရာ၌ တရားသူကြီး၏ ပြုလုပ်မှု။**
**(ပုဒ်မ-၇၇)**

**Act of Judge when acting Judicially.**
**(Section-77)**

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

တရားစီရင်မှုဆောင်ရွက်ရာ၌ တရားသူကြီးတစ်ဦးသည် ဥပဒေအရ မိမိရရှိသော အာဏာကို၊ သို့တည်းမဟုတ် ဥပဒေအရ မိမိရရှိသည်ဟု သဘောရိုးနှင့် ယုံကြည်သည့်အာဏာကို သုံးစွဲဆောင်ရွက်လျှင် ထိုသို့ဆောင်ရွက်ခြင်းသည် ပြစ်မှုမမြောက်။

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ တရားသူကြီးအနေဖြင့် ဥပဒေအရ ရရှိသော လုပ်ပိုင်ခွင့် သို့တည်းမဟုတ် ဥပဒေအရရရှိသည်ဟု သဘောရိုးဖြင့် ယုံကြည်သည့် လုပ်ပိုင်ခွင့်အတွင်း ဆောင်ရွက်မှသာ ဤပုဒ်မ၏ကင်းလွတ်ခွင့်ကို ရမည်ဖြစ်သည်။ လုပ်ပိုင်ခွင့်မရှိကြောင်း သိလျက်နှင့် ပြုလုပ်မှု၊ ဖြောင့်မှန်ကြောင်း ထုချေရှင်းလင်းနိုင်ခြင်းမရှိသည့် ပြုလုပ်မှုသည် ဤပုဒ်မအရ အကာအကွယ်မယူနိုင်ပေ။ တရားရုံးအနေဖြင့် ဆောင်ရွက်ခဲ့သည့် သီးစားချထားရေးကော်မတီများအား ဤပုဒ်မအရ ကင်းလွတ်ခွင့်ပေးနိုင်သည်ကို သိပါလျက် ကင်းလွတ်ခွင့်မပေးဘဲ ပြစ်မှုကြောင်းဖြင့် အရေးယူသည့် မြို့ပိုင်၏ ပြုလုပ်မှုမှာ ဤပုဒ်မ၏ ကင်းလွတ်ခွင့်မရနိုင်။

*[ဦးထွန်းအေးပါ ၂ နှင့် ပထစ၊ ၁၉၆၆၊ မတစ၊ ၂၇ (အထူး)]*

**တရားရုံးစီရင်ချက်အရ သို့တည်းမဟုတ် အမိန့်အရ ပြုလုပ်မှု။ (ပုဒ်မ-၇၈)**

**Act done pursuant to the judgment or order of Court. (Section-78)**

**ဥပဒေပြဋ္ဌာန်းချက်**

စီရင်ချက်ကို သို့တည်းမဟုတ် အမိန့်ကိုထုတ်ဆင့်ရန် တရားရုံး၌ အာဏာမပိုင်သော်လည်း အာဏာပိုင်သည်ဟု သဘောရိုးနှင့် ယုံကြည်၍ ပြုလုပ်လျှင် ထိုတရားရုံး၏ စီရင်ချက်အရဖြစ်စေ၊ စီရင်ချက်နှင့်အညီဖြစ်စေ၊ အမိန့်အရဖြစ်စေ၊ အမိန့်နှင့်အညီဖြစ်စေ ထိုစီရင်ချက်၊ သို့တည်းမဟုတ် ထိုအမိန့်တည်ဆဲတွင်ပြုသော ထိုပြုလုပ်မှုသည် ပြစ်မှုမမြောက်။

**စီရင်ထုံး**

၁။ ဥပဒေက နှုတ်မိန့်ချမှတ်ရန် ခွင့်ပြုမထားပါက အမိန့်သည် စာဖြင့်ရေးသားထားသည့်အမိန့်ဖြစ်ရန်လိုသည်။ စာဖြင့်ရေးသားခြင်းမပြုဘဲ နှုတ်မိန့်ကို အတည်ပြုဆောင်ရွက်လျှင် ဤပုဒ်မ၏ ကင်းလွတ်ခွင့်ကိုမရနိုင်။ ဥပမာဆောင်ရသော် တရားမကျင့်ထုံးအရ ဖမ်းဆီးခဲ့သော လူတစ်ဦးအား ချုပ်နှောင်ထားရန် တရားသူကြီးက ဘီလစ်ကို နှုတ်မိန့်ပေးရာ ဘီလစ်က ဆင့်စာလုလင်သို့ တဆင့်ချုပ်ထားရန် နှုတ်ဖြင့်ခိုင်း၍ ချုပ်နှောင်ခဲ့သည့်ကိစ္စတွင် ဘီလစ်နှင့်ဆင့်စာလုလင်တို့အား မတရားချုပ်နှောင်မှုဖြင့် တရားစွဲဆိုသောအခါ တရားသူကြီးသည် စာနှင့်ရေးသားထားသည့် အမိန့်ဖြင့်သာ တရားမထောင်၌ ချုပ်နှောင်ခြင်း ပြုနိုင်သည့်အလျောက် ဤပုဒ်မအရ ကင်းလွတ်ခွင့်မရနိုင်ပေ။

*[မောင်ပုနှင့်အစိုးရ၊ အတွဲ ၄၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၂၅၃]*

http://www.cherrythitsar.org



**ဥပဒေအရ ပြုပိုင်သူ၏ ပြုလုပ်ခြင်း သို့တည်း မဟုတ်ကြောင်းခြင်းရာကို အယူအဆလွဲခြင်းကြောင့် ဥပဒေအရ ပြုပိုင်သည်ဟု ယုံကြည်၍ ပြုလုပ်ခြင်း။**
**(ပုဒ်မ-၇၉)**

**Act done by a person juslified or by mistake of fact believing himself justified by law.**
**(Section-79)**

**ဥပဒေပြဋ္ဌာန်းချက်**

ဥပဒေအရ ပြုပိုင်သူကသော်လည်းကောင်း၊ ဥပဒေကို အယူအဆလွဲခြင်းကြောင့် မဟုတ်ဘဲ ကြောင်းခြင်းရာကို အယူအဆလွဲခြင်းကြောင့် ဥပဒေအရပြုပိုင်သည်ဟု သဘောရိုးနှင့် ယုံကြည်သူကသော်လည်းကောင်း ပြုလုပ်လျှင် ထိုသို့ပြုလုပ်မှုသည် ပြစ်မှုမမြောက်။

**ဥပမာ**

လူသတ်မှုကို ကျူးလွန်နေသည်ဟု အထင်ရောက်လောက်အောင် မောင်မဲ ပြုမူနေသည်ကို မောင်ဖြူမြင်ရ၏။ လူသတ်မှု ကျူးလွန်နေသူကို မည်သူမဆို ဥပဒေအရ ဖမ်းဆီးနိုင်ခွင့်ရှိသည့်အလျောက် မောင်ဖြူသည် ဉာဏ်မီသလောက်ဆင်ခြင်၍ ဆိုင်ရာအာဏာပိုင်တို့ထံ ပို့အပ်ရန် မောင်မဲအား သဘောရိုးဖြင့် ဖမ်းဆီး၏။ မောင်မဲသည် မိမိကိုယ်ကို ကာကွယ်လိုသောသဘောဖြင့် ပြုခဲ့ကြောင်း နောင်အခါပေါ်ပေါက်လာစေကာမူ မောင်ဖြူသည် မောင်မဲကို ထိုသို့ဖမ်းဆီးခြင်းကြောင့် ပြစ်မှုပြုရာမရောက်။

**စီရင်ထုံး**

၁။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် သားသမီး သို့မဟုတ် အုပ်ထိန်းခံရသူအား လိမ္မာရေးခြားရှိအောင် သွန်သင်ရာ၌ ဆုံးမပိုင်ခွင့်ရှိသည်။ အလားတူပင် ဆရာသမားသည် တပည့်အား ဆုံးမနိုင်ပေသည်။ မည်သည့်အတိုင်းအတာအထိ ဆုံးမပိုင်ခွင့်ရှိသည်ဆိုခြင်းနှင့် ပတ်သက်၍ အမှု၏အကြောင်းခြင်းရာအပေါ် မူတည်၍ ဆုံးဖြတ်ရမည်ဖြစ်သည်။ ဆုံးမသည့်အနေဖြင့် ပြုခဲ့သည့် ပြုလုပ်မှုသည် လိုအပ်ခြင်းရှိမရှိ၊ အခြေအနေနှင့်လိုက်၍ သင့်လျော်ခြင်းရှိမရှိ၊ လိမ္မာရေးခြားဖြစ်အောင် သွန်သင်ခြင်း ဟုတ်မဟုတ်ဆိုသောအချက်အလက်များကို ခြုံ၍စဉ်းစားရမည်။ လုပ်သင့်လုပ်ထိုက်သည်တို့ထက် ပို၍သော်လည်းကောင်း၊ ဒေါသတကြီး အလွန်အကျွံသော်လည်းကောင်း ပြုလုပ်မည်ဆိုက ဤပုဒ်မအရ ကင်းလွတ်ခွင့်မရနိုင်။ တပည့်ဖြစ်သူအား ဆရာက ဝါးခြမ်းပြားဖြင့် အချက်ပေါင်းများစွာ ရိုက်နှက်သဖြင့် ဆေးရုံတွင် အတွင်းလူနာအဖြစ် ကုသရလောက်အောင် တပည့်တွင် ဒဏ်ရာရရှိပါက ဆရာသည် တပည့်အား ဆုံးမရာ၌ လိုသည်ထက်ပို၍ ဒေါသတကြီးပြုလုပ်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည့်အလျောက် ကင်းလွတ်ခွင့်မရနိုင်ပေ။

*[မောင်ခွေးနှင့်ပထစ၊ ၁၉၆၆၊ မြန်မာပြည်စီရင်ထုံး၊ ၉၈၆]*

http://www.cherrythitsar.org



၂။ ဆင့်စာလုလင်သည် တရားမရုံးက ထုတ်ပေးသော ဝရမ်းအရ တရားရှုံးအား ဖမ်းပြီး ရုံးသို့တင်ပို့ရာ ရုံးမှ တရားရှုံးကို ပြန်လွှတ်လိုက်သည်။ ဆင့်စာလုလင်က ဝရမ်း၌ တစ်စုံတစ်ရာရေးသားခြင်းမပြုဘဲ ဘီလစ်ထံသို့ပြန်ပေးရာ ဘီလစ်က အတည်ပြုပြီးမပြီး ရေးသားရန် ဝရမ်းအား ဆင့်စာလုလင်ကို ပြန်ပေးသောအခါ ဆင့်စာလုလင်က တရားရှုံးကိုပြန်၍ဖမ်းလိုက်သည်။ ထိုအမှုတွင် ဆင့်စာလုလင်၏ ပြုလုပ်မှုသည် တရားဥပဒေနှင့် မညီသော်လည်း စေတနာဆိုးဖြင့် ပြုလုပ်ခဲ့ခြင်း မဟုတ်သည့်အပြင် ထပ်ဖမ်းရမည်ဟု သဘောရိုးဖြင့် မှားယွင်းခြင်းဖြစ်၍ ဤပုဒ်မ အရ ကင်းလွတ်ခွင့်ကို ရမည်ဖြစ်သည်။

*[မောင်ထွေးနှင့်ဘသန့်၊ ၁၉၄၃၊ ရန်ကုန်စီရင်ထုံး၊ ၂၅၃]*

၃။ ချစ်သူ၏ဆံပင်ကိုဆွဲခြင်းသည် ပြစ်မှုမမြောက်။

*[မလှစိုးနှင့်အစိုးရ၊ အတွဲ ၄၊ ဘားမားလောဂျာနယ်၊ ၂၆၈]*

၄။ နေ့လယ်အချိန်တွင် လူတစ်ယောက်အား ဓားနှင့်ခုတ်ရာ၌ မည်းမည်းသဏ္ဌာန် မြင်၍ ကြောင်းခြင်းရာအယူအဆလွဲမှားပြီး ခုတ်ခဲ့သည်ဟု ဆင်ခြေပေးနိုင်မည် မဟုတ်ပေ။

*[ပထစနှင့်မောင်သံချောင်း၊ ၁၉၆၅၊ မြန်မာပြည်စီရင်ထုံး၊ ၁၁၂]*

## ဥပဒေနှင့်ညီသော ပြုလုပ်မှုကိုပြုရာတွင် မတော်တဆဖြစ်ခြင်း။ (ပုဒ်မ-၈၀)

## Accident in doing a lawful act. (Section-80)

**ဥပဒေပြဋ္ဌာန်းချက်**

ဥပဒေနှင့်ညီသော ပြုလုပ်မှုကို ဥပဒေနှင့်ညီသော နည်းလမ်းအတိုင်း ဥပဒေ နှင့်ညီသော အပြုအမူဖြင့် သတိကောင်းစွာထား၍ ပြုရာတွင် မတော်တဆ၊ သို့တည်း မဟုတ် ကံဆိုး၍ပြုသည်လည်းဖြစ်၍ ရာဇဝတ်မကင်းသောအကြံ၊ သို့တည်းမဟုတ် အသိဉာဏ်မရှိဘဲနှင့် ပြုသည်လည်းဖြစ်သော ပြုလုပ်မှုသည် ပြစ်မှုမမြောက်။

**ဥပမာ**

မောင်ဖြူသည် ပုဆိန်တစ်လက်ဖြင့် အလုပ်လုပ်နေရာ ပုဆိန်ခေါင်း ကျွတ်ပြီး လျှင် အနီးတွင်ရပ်နေသော လူတစ်ယောက်ကို ထိမှန်၍ ထိုလူသေဆုံးလေ၏။ အကယ်၍ မောင်ဖြူသည် ထားသင့်သော သတိကင်းမဲ့ခြင်းမရှိဘဲ ပြုလုပ်ခဲ့လျှင် ခွင့်လွှတ်နိုင်သည်ဖြစ်၍ ပြစ်မှုမမြောက်။

**စီရင်ထုံး**

၁။ တောထဲ၌ အမဲလိုက်ရင်း တောကောင်ကို သေနတ်နှင့်တစ်ချက်ပစ်ရာ တောထဲ တစ်နေရာ၌ ပဒတ်တူးနေသူကိုထိမှန်ပြီး သေဆုံးရာတွင် တောထဲ၌ အမဲလိုက်စဉ်

http://www.cherrythitsar.org



တောကောင်ကို သေနတ်နှင့်ပစ်ခြင်းသည် ဥပဒေနှင့်မညီသော ပြုလုပ်မှုတစ်ခုဖြစ်သည်ဟု မဆိုနိုင်သည့်အပြင် ပဒတ်တူးနေသူအား သေစေရန် ပြစ်မှုမကင်းသည့်အကြံ သို့မဟုတ် အသိဉာဏ်ဖြင့် ပြုလုပ်ခြင်းမဟုတ်၍ ပြစ်မှုမမြောက်ပေ။

*[မောင်စန်းမောင်နှင့်ပထစ၊ ၁၉၆၆၊ မြန်မာပြည်စီရင်ထုံး၊ ၆၂၉]*

*[ဦးညိမ်းနှင့်ဦးကျင်ငုက်၊ ၁၉၆၅၊ မြန်မာပြည်စီရင်ထုံး၊ ၅၆၇]*

၂။ အမဲလိုက်ရင်း တောထဲ၌ လူစုကွဲသွားရာ တရားခံက မည်းမည်းမြင်၍ သေနတ်နှင့်ပစ်လိုက်သဖြင့် လူကိုထိမှန်သည့်ကိစ္စတွင်မူ တရားခံသည် မည်းမည်းမြင်သည့်အခါ လူလော၊ အမဲကောင်လောဟု သေချာစွာမကြည့်ဘဲ အရမ်းပစ်လိုက်ခြင်းဖြစ်၍ မတော်တဆဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

*[အစိုးရနှင့်မောင်ပန်းကြီး၊ ရွေးချယ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၃၀၈]*

## ရာဇဝတ်မကင်းသော အကြံမရှိဘဲ အခြားသော ဘေးအန္တရာယ်ကို တားဆီးလိုသဖြင့် ဘေးအန္တရာယ်ဖြစ်စေတန်ရာသောပြုလုပ်မှု။ (ပုဒ်မ-၈၁)

## Act likely to cause harm, but done without criminal intent, and to prevent other harm. (Section-81)

**ဥပဒေပြဋ္ဌာန်းချက်**

ဘေးအန္တရာယ်ဖြစ်စေတန်ရာသည်ဟု သိလျက်နှင့် ပြုစေကာမူ လူကိုယ်သို့ဖြစ်စေ၊ ပစ္စည်းများသို့ဖြစ်စေ ကျရောက်မည့် အခြားဘေးအန္တရာယ်ကို တားဆီးရန်အလို့ငှာ သို့တည်းမဟုတ် လွှဲဖယ်ရန်အလို့ငှာ ရာဇဝတ်မကင်းသော အကြံမရှိဘဲ သဘောရိုးဖြင့် ပြုခြင်းသည် ပြစ်မှုမမြောက်။

**ရှင်းလင်းချက်**

ဘေးအန္တရာယ် ဖြစ်စေတန်ရာသည်ဟု သိလျက်နှင့်ပြုရာတွင် ထိုသို့ပြုခြင်းဖြင့် တားဆီးရမည့်၊ သို့တည်းမဟုတ် လွှဲဖယ်ရမည့် အခြားဘေးအန္တရာယ်သည် ထိုပြုလုပ်မှုကို ပြုပိုင်လောက်အောင်ဖြစ်သော၊ သို့တည်းမဟုတ် ခွင့်လွှတ်လောက်အောင်ဖြစ်သော ဘေးအန္တရာယ်မျိုး ဟုတ်မဟုတ်၊ ထို့ပြင် ဆိုက်ရောက်မည့်ဆဲဆဲဖြစ်သော ဘေးအန္တရာယ်မျိုးလည်း ဟုတ်မဟုတ်ဆိုသည်မှာ ကြောင်းခြင်းရာပြဿနာဖြစ်သည်။

**ဥပမာများ**

(က) မီးသင်္ဘောသူကြီး မောင်ဖြူသည် မိမိ၌ ပြစ်တင်ဖွယ်ရာလည်းမရှိ မိမိပေါ့လျော့၍လည်းမဟုတ်၊ ရုတ်တရက်အားဖြင့် သင်္ဘောကို မရပ်နိုင်မီ လမ်းမလွှဲဘဲနေခဲ့လျှင်

http://www.cherrythitsar.org



လူနှစ်ဆယ် သုံးဆယ်ပါ ‘ခ’ ခေါ် လှေတစ်စင်းကို တိုက်မိမည်ဧကန်ဖြစ်၏။ လမ်းလွှဲပြန်လျှင်လည်း လူနှစ်ယောက်ပါ ‘ဂ’ ခေါ် လှေတစ်စင်းကို တိုက်မိဖွယ်ရာရှိ၏။ ‘ဂ’ခေါ် လှေကိုတိုက်ရန်အကြံမရှိဘဲ ‘ခ’ခေါ် လှေပေါ်ရှိလူများ ဘေးဖြစ်မည့်အရာကို လွှဲဖယ်ရန်အလို့ငှာ သဘောရိုးနှင့် သင့်ဘော်လမ်းလွှဲလိုက်ရာ ‘ဂ’ခေါ် လှေကို တိုက်မိ၏။ မောင်ဖြူပြုလုပ်သည့် ဘေးအန္တရာယ်သည် အခြား ဘေးအန္တရာယ်တစ်ရပ်ကို လွှဲဖယ်ရာတွင် ပြုလုပ်ပိုင်လောက်ကြောင်း ထင်ရှားလျှင်၊ တိုက်မိရန် လက္ခဏာရှိကြောင်း သိလျက်နှင့် မောင်ဖြူပြုလုပ်သော်လည်း ပြစ်မှုကျူးလွန်ရာ မရောက်။

(ခ) မီးအကြီးအကျယ်လောင်ရာတွင် မောင်ဖြူက လူအသက်အန္တရာယ်၊ သို့တည်းမဟုတ် ပစ္စည်းအန္တရာယ်ဖြစ်မည်ကို တားဆီးရန်အကြံဖြင့် မီးမကူးစက်စေရအောင် သဘောရိုးနှင့် အိမ်များကို ဆွဲချဖျက်ဆီး၏။ ဤတွင် မောင်ဖြူတားဆီးမည့် ဘေးအန္တရာယ်သည် အပြစ်တင်ကင်းစေထိုက်သည့် ဘေးအန္တရာယ်မျိုးသော် လည်းကောင်း၊ အပြစ်တင် ကင်းစေလောက်အောင် ဆိုက်ရောက်မည့်ဆဲဆဲ ဘေးအန္တရာယ်သော်လည်းကောင်း ဖြစ်ကြောင်းထင်ရှားလျှင် မောင်ဖြူသည် ပြစ်မှုကျူးလွန်ရာ မရောက်။

**အသက်ခုနစ်နှစ်အောက်ကလေး၏ ပြုလုပ်မှု၊ (ပုဒ်မ-၈၂)**

**Act of a child under seven years of age. (Section-82)**

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

အသက်ခုနစ်နှစ်အောက်ကလေး ပြုလုပ်သည့် ပြုလုပ်မှုသည် ပြစ်မှုမမြောက်။

**<u>စီရင်ထုံး</u>**

၁။ ပုဒ်မ ၄၀ ပါ ပြဋ္ဌာန်းချက်အရ ဤပုဒ်မသည် ပြစ်မှုဆိုင်ရာဥပဒေပါ ပြစ်မှုများသာမက အထူး သို့မဟုတ် ဒေသန္တရ အက်ဥပဒေတစ်ရပ်ရပ်အရ ကျူးလွန်သည့် ပြစ်မှုများနှင့်လည်း အကျုံးဝင်သက်ဆိုင်သည်။ မော်တော်ယာဉ်ပိုင်ရှင်အဖြစ် မှတ်ပုံတင်ထားသည့် အသက်(၅)နှစ်အရွယ် ကလေးကို ထိုယာဉ်အား လိုင်စင်မရှိဘဲ အငှားယာဉ်အဖြစ် အသုံးချသည့်အတွက် မော်တော်ယာဉ်အက်ဥပဒေအရ အမိန့်မပေးနိုင်။

*[ဘစိန်နှင့်အစိုးရ၊ ၁၉၃၈၊ ရန်ကုန်စီရင်ထုံး၊ ၂၂၇]*

၂။ အသက်(၆)နှစ်အရွယ်ကလေးကို ယစ်မျိုးအက်ဥပဒေပုဒ်မ ၃၀(က)အရ အပြစ်မပေးနိုင်။

*[ပထစနှင့်မောင်တင်ချို၊ ၁၉၅၄၊ မြန်မာပြည်စီရင်ထုံး၊ ၂၅၇(လွှတ်တော်)]*

http://www.cherrythitsar.org



၃။ အသက်(၆)နှစ်အရွယ်ကလေးကို မီးရထားအက်ဥပဒေပုဒ်မ ၁၁၂ အရ လက်မှတ်မဲ့ ရထားစီးသည့်အတွက် အပြစ်မပေးနိုင်။

*[ပထစနှင့်ရာရှင်၊ ၁၉၅၅၊ မြန်မာပြည်စီရင်ထုံး၊ ၃၀၄(လွှတ်တော်)]*

**အကြားအမြင် အဆင်အခြင် မပြည့်စုံသေး၍ အသက်(၇)နှစ်နှင့်အထက်၊ ဆယ့်နှစ်နှစ်အောက် အရွယ်ရှိသော ကလေး၏ ပြုလုပ်မှု။ (ပုဒ်မ-၈၃)**

**Act by a child above seven and under twelve of immature understanding. (Section-83)**

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

ပြုစဉ်အခါက မိမိပြုသောပြုလုပ်မှု၏ သဘောနှင့် အကျိုးအပြစ်ကို သိနားလည်လောက်အောင် အမြော်အမြင် အဆင်အခြင်နှင့် မပြည့်စုံသေး၍ အသက် ခုနစ်နှစ်နှင့်အထက်၊ ဆယ့်နှစ်နှစ်အောက်အရွယ်ရှိသော ကလေး၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်။

<u>**စီရင်ထုံး**</u>

၁။ အသက်(၇)နှစ်နှင့် (၁၂)နှစ်ကြားရှိ ကလေးသည် မိမိ၏ပြုလုပ်မှုမှာ မည်သို့သောသဘောနှင့် အကျိုးအပြစ်ရှိသည်ကို သိလျက်နှင့်ပြုခဲ့သည်ဟု သာမန်အားဖြင့် ယူဆရမည်ဖြစ်သည်။ ထိုကဲ့သို့ အသိဉာဏ်မရှိကြောင်း ထုချေလျှင် အသိဉာဏ် မရှိကြောင်း ထင်ရှားအောင် အထောက်အထားတင်ပြရန်လိုသည်။ အသိဉာဏ် ရှိမရှိ ဆိုခြင်းကို တရားရုံးအနေဖြင့် ကလေး၏ အမူအယာကို အကဲခတ်ခြင်းဖြင့်လည်းကောင်း၊ ပေါ်ပေါက်လျက်ရှိသော အကြောင်းခြင်းရာများအပေါ် သုံးသပ်ခြင်းဖြင့် လည်းကောင်း ဆုံးဖြတ်နိုင်မည်ဖြစ်သည်။ ပူအိုက်သည့် တိုင်းပြည်များ၌ အသက် ငယ်ငယ်ရွယ်ရွယ်နှင့် အရွယ်ရောက်လေ့ရှိသဖြင့် အသက်(၁၂)နှစ်အရွယ် ကလေးသည် မုဒိမ်းမှုကျူးလွန်နိုင်သည်။ အသက်(၁၂)နှစ်အရွယ် ကလေးပင် ဖြစ်လင့်ကစား မုဒိမ်းကျင့်ကြံရန် အားထုတ်မှုဖြင့် ပြစ်ဒဏ်ထင်ရှားစီရင်ခဲ့သည့်အမှု ရှိဖူးသည်။

*[အစိုးရနှင့်ထွန်းကြိုင်၊ အေအိုင်အာ၊ ၁၉၃၈၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၉၆]*

**စိတ်ပေါ့သွပ်သူ၏ ပြုလုပ်မှု။ (ပုဒ်မ-၈၄)**

**Act of a person of unsound mind. (Section-84)**

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

စိတ်ပေါ့သွပ်ခြင်းကြောင့် ပြုစဉ်အခါက မိမိ၏ပြုလုပ်မှုသည် မည်သို့သဘောရှိသည်ကိုသော်လည်းကောင်း၊ မတော်မမှန်သည်ကိုသော်လည်းကောင်း ဥပဒေနှင့် ဆန့်ကျင်သည်ကိုသော် လည်းကောင်း မသိနိုင်သောသူ၏ ပြုလုပ်မှုသည် ပြစ်မှု မမြောက်။

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ ဥပဒေအရ ရူးသွပ်သည်ဆိုခြင်းမှာ ဆေးဘက်ဆိုင်ရာအရ ရူးသွပ်သည်ဆိုခြင်းနှင့် မတူပေ။ အကြောင်းကြောင်းကြောင့် နဂိုအတိုင်းမရှိသည့်စိတ်ကို ဆေးဘက်ဆိုင်ရာအရ ရူးသွပ်သည့်စိတ်ဟု ခေါ်ဆိုနိုင်မည်ဖြစ်သော်လည်း ဥပဒေအရဆိုပါမူ ပြစ်မှုကျူးလွန်စဉ်အချိန်၌ တရားခံသည် ဤပုဒ်မတွင် ဖော်ပြထားသည့်အတိုင်း စိတ်ချွတ်ယွင်းနေမှသာ ရူးသွပ်နေပါသည်ဆိုသည့် ထုချေချက်ကို တင်ပြနိုင်မည်ဖြစ်သည်။ ဤပုဒ်မနှင့် အကျုံးမဝင်လျှင် တရားခံသည် လူကောင်းတစ်ယောက်ဖြစ်သည်ဟု မဆိုနိုင်စေကာမူ ကင်းလွတ်ခွင့်မရနိုင်။

*[ကန်လှနှင့်အစိုးရ၊ (၁၉၁၄-၁၆)၊ အတွဲ ၂၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၂၈]*

၂။ စိတ်ပေါ့သွပ်စဉ်ပြု၍ ပြစ်မှုမမြောက်ကြောင်း ထင်ရှားအောင်ပြသရန် တာဝန်မှာ တရားခံအပေါ်၌ တည်ရှိသည်။ အရွယ်ရောက်သူတိုင်းသည် စိတ်မချွတ်ယွင်းသည့် လူကောင်းဖြစ်သည်ဟုလည်းကောင်း ဥပဒေအရ ယူဆရမည်ဖြစ်၍ ပြစ်မှုကျူးလွန်စဉ်က တရားခံသည် ရူးသွပ်နေသည်ဟုဆိုလျှင် ရူးသွပ်နေကြောင်း တင်ပြရန်တာဝန်ကို တရားခံအပေါ်ထားခြင်းဖြစ်သည်။ ထိုအတိုင်းပင် သက်သေခံ အက်ဥပဒေပုဒ်မ ၁၀၅ ၌လည်း ပြဋ္ဌာန်းထားသည်။

*[စံဖေနှင့်အစိုးရ၊ အေအိုင်အာ၊ ၁၉၃၇၊ ရန်ကုန်၊ ၃၃]*

*[အစိုးရနှင့်မောင်ပို၊ ၁၉၄၆၊ ရန်ကုန်စီရင်ထုံး၊ ၁၈၆]*

၃။ တရားခံက မိမိ၏ပြုလုပ်မှုမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၈၄ နှင့် အကျုံးဝင်သည်ဟု ထုချေခဲ့ခြင်းမပြုစေကာမူ အမှုတွဲတွင် ပေါ်ပေါက်လျက်ရှိသော ကြောင်းခြင်းရာများအရ တရားခံသည် စိတ်ပေါ့သွပ်နေကြောင်း ထင်ရှားလျှင် ဤပုဒ်မ၏ အကျိုးကျေးဇူးကို ခံစားခွင့်ရှိသည်။

*[ကုတ်ချိနှင့်ပထစ၊ ၁၉၆၅၊ မြန်မာပြည်စီရင်ထုံး၊ ၁၀၉၆]*

၄။ စိတ်ပေါ့သွပ်၍ ပြစ်မှုမမြောက်ဟု ထုချေလာလျှင် တရားရုံးမှ ပြဿနာနှစ်ရပ်ကို စဉ်းစားရန်လိုသည်။ ပထမပြဿနာမှာ ပြစ်မှုကျူးလွန်စဉ်က တရားခံသည် စိတ်ပေါ့သွပ်ခြင်း ရှိမရှိပင်ဖြစ်သည်။ စိတ်ပေါ့သွပ်ကြောင်း မထင်ရှားက ဒုတိယပြဿနာကို ဆက်လက်စဉ်းစားရန်မလို။ ဒုတိယပြဿနာမှာ တရားခံသည် စိတ်ပေါ့သွပ်နေသူဖြစ်လျှင် ဤပုဒ်မတွင် ပြဋ္ဌာန်းထားသည့်အတိုင်း စိတ်ပေါ့သွပ်ခြင်းရှိမရှိဆိုခြင်းပင် ဖြစ်သည်။ ယင်းအမှုမျိုးတွင် အခင်းမဖြစ်ပွားမီအချိန်၊ ဖြစ်ပွားဆဲအချိန်နှင့် ဖြစ်ပွားပြီးနောက်အချိန်တို့တွင် ပေါ်ပေါက်လျက်ရှိသော ကြောင်းခြင်းရာများကို ခြုံ၍စဉ်းစားရန်လိုသည်။ တရားခံသည် ကြိုတင်ပြင်ဆင်၍ ပြုခဲ့ပါသလား၊ လျှို့ဝှက်သည့်သဘော သက်ရောက်မှုဖြင့် ပြုခဲ့ပါသလား၊ ကျူးလွန်ပြီးနောက် သူတစ်ပါးမသိအောင် ပြုမူဆောင်ရွက်ရန် ကြိုးစားခဲ့ပါသလား၊ သူတစ်ပါး သိရှိပြီးနောက် မဟုတ်မမှန်သည့် ထုချေချက် ပြုခဲ့ပါသလား စသည့် အချက်အလက်များကို ဆင်ခြင်သုံးသပ်ရန်လိုသည်။ လက်တွေ့အားဖြင့် တရားခံတစ်ဦးသည် မိမိ၏

http://www.cherrythitsar.org



ပြုလုပ်မှုမှာ ဤကင်းလွတ်ချက်နှင့် အကျုံးဝင်သည့် စိတ်ပေါ့သွပ်စဉ် ပြုခဲ့သည်ဟု သက်သေပြရန် မလွယ်ကူချေ။ သို့ဖြစ်ရာ အမှု၏ အဖြစ်အပျက်၊ ပတ်ဝန်းကျင် အခြေအနေတို့ကို ထောက်ထားပြီး စိတ်ပေါ့သွပ်ခြင်းရှိမရှိ ဆုံးဖြတ်ရန်ဖြစ်သည်။

*[ကုတ်ချိန်နှင့်ပြည်ထောင်စု၊ ၁၉၆၅၊ မြန်မာပြည်စီရင်ထုံး၊ ၁၀၉၆]*

၅။ ပြစ်မှုမဖြစ်ပွားမီအချိန်နှင့် ဖြစ်ပွားပြီးအချိန်များတွင် ပေါ်ပေါက်လျက်ရှိသော တရားခံ၏ အပြုအမူများကို ထောက်ချင့်၍ ဖြစ်ပွားစဉ်အချိန်က တရားခံ၏စိတ် မည်သို့ရှိသည်ဆိုခြင်းကို ခန့်မှန်းနိုင်သည်။ သက်သေအထောက်အထားအဖြစ် အသုံးပြုနိုင်သည်။ ပြစ်မှုကျူးလွန်ရန် အခြေခံအကြောင်းရင်းမရှိသည့် အချက် ကြောင့် တရားခံသည် စိတ်ပေါ့သွပ်သူဖြစ်သည်ဟု မဆိုနိုင်။ အခြားလူမသိနိုင်သည့် အခြေခံအကြောင်းရင်း ရှိကောင်းရှိနိုင်သည်။

*[ပြည်ထောင်စုနှင့်လှဦးခိုင်၊ ၁၉၅၈၊ မြန်မာပြည်စီရင်ထုံး၊ ၁၄၃(လွှတ်တော်)]*

၆။ အခြေခံအကြောင်းရင်းမရှိသည့်အချက်မှာ တရားခံ၏ စိတ်အခြေအနေကို သုံးသပ်ရာတွင် ထည့်သွင်းစဉ်းစားအပ်သည့် အချက်တစ်ရပ်ဖြစ်ပေသည်။ မိဘ ဘိုးဘွားမှစ၍ မျိုးရိုးအလိုက် ရူးသွပ်ဖူးခြင်းရှိမရှိ ဆိုသည့်အချက်ကိုလည်း ထည့် သွင်းစဉ်းစားနိုင်ပေသည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၉၆ တွင် ခုခံကာကွယ်ပိုင်ခွင့် အရ ပြုလုပ်ခြင်းဖြစ်၍ ပြစ်မှုမမြောက်ဟု ပြဋ္ဌာန်းထားသည်။ သို့သော် ယင်းပြဋ္ဌာန်း ချက်ပါ အခွင့်အရေးသည် ယခုအမှုကဲ့သို့ စကားများကြပြီး လက်နက်ကိုင်စွဲ ခိုက်ရန် ဖြစ်ပွားခြင်းမရှိဘဲ တစ်ဦးတစ်ယောက်က မိမိအား လာရောက်အန္တရာယ်ပြုသည့် အခါတွင် အန္တရာယ်မပြုလုပ်နိုင်ရန် ခုခံကာကွယ်ခြင်းမျိုးဖြစ်မှသာ ခုခံကာကွယ် ပိုင်ခွင့်၏ အကျိုးကျေးဇူးကို ခံစားနိုင်သည်။

*[ဦးအေးမောင်နှင့်ပြည်ထောင်စု၊ ၁၉၇၀၊ မြန်မာပြည်စီရင်ထုံး၊ ၁၃၀]*

၇။ သေသူနှင့် ၎င်း၏ညီမတို့အား ဓားနှင့်ထိုးစဉ်က တရားခံသည် မိမိပြုလုပ်မှု၏ သဘောနှင့် အကျိုးအပြစ်ကို မသိရှိလောက်အောင် အမြော်အမြင်နှင့် မပြည့်စုံဘဲ ရူးသွပ်နေမှသာလျှင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၈၄ ၏ အကာအကွယ်ကို ရယူနိုင် မည်ဖြစ်သည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၈၄ တွင် 'စိတ်ပေါ့သွပ်ခြင်းကြောင့် ပြုလုပ် စဉ်က မိမိပြုလုပ်မှုသည် မည်သို့သောသဘောရှိသည်ကိုလည်းကောင်း၊ မတော်မမှန် သည်ကိုသော်လည်းကောင်း၊ ဥပဒေနှင့်ဆန့်ကျင်သည်ကိုသော်လည်းကောင်း မသိ နိုင်သောသူ၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်' ဟု ပြဋ္ဌာန်းထားပေသည်။ ယခုအမှု တွင် အခင်းဖြစ်ချိန်က တရားခံသည် ယင်းကဲ့သို့သော စိတ်အခြေအနေရှိကြောင်း သက်သေခံအထောက်အထားများ မရှိသောကြောင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၈၄ ၏ အကာအကွယ်ကို မခံစားနိုင်။

*[မောင်စိုးသိန်းနှင့်ပြည်ထောင်စု၊ ၁၉၇၉၊ မြန်မာပြည်စီရင်ထုံး၊ ၄၇]*

၈။ အရက်သေစာကြောင့် ပြစ်မှုကျူးလွန်ရန်စိတ်အကြံ၊ အသိဉာဏ်မရှိသည့် အခြေ သို့ရောက်သော စိတ်ပေါ့သွပ်ခြင်းဖြစ်မှသာ ဤကင်းလွတ်ချက်နှင့် အကြုံးဝင်ပေ မည်။ အရက်သေစာကြောင့် စိတ်ထိခိုက်ပြီး စိတ်ရူးပေါက်ကာ အကြမ်းဖက်မိသည်

http://www.cherrythitsar.org



ဆိုသော ကိစ္စမျိုးနှင့် သက်ဆိုင်ခြင်းမရှိ။ တရားခံသည် အရက်မူးအောင်သောက်ကာ နှစ်မိုင်ခန့် နေပူထဲ၌ လမ်းလျှောက်သွားပြီးနောက် ဦးခေါင်းတွင် အရိုက်ခံရသည်။ ရိုက်သူ၏နောက်သို့လိုက်ပြီး အိမ်တွင်ရှာရာ မတွေ့သဖြင့် အိမ်၌တွေ့သည့် အမျိုးသမီးငါးဦးကို ရိုက်ခဲ့သည်။ ဆရာဝန်ကြီးက တရားခံသည် အရက်မူးနေစဉ် အရိုက်ခံရသည်သာမက နေပူထဲ၌လည်း လမ်းလျှောက်သည့်အတွက် အမျိုးသမီးများကို ရိုက်စဉ်က လူကောင်းစိတ်မရှိဟု ထင်မြင်ချက်ပေးသော်လည်း တရားခံသည် အရိုက်ခံရသဖြင့် ကလဲ့စားချေရန် ရိုက်သူကို လိုက်လံရှာဖွေရာ မတွေ့၍ ဒေါသထွက်ပြီး တွေ့သူကိုရိုက်ခဲ့ကြောင်း ပေါ်ပေါက်နေခြင်းကြောင့် စိတ်ပေါ့သွပ်ခြင်း မဟုတ်ဘဲ စိတ်မထိန်းနိုင်ခြြင်းသာဖြစ်သည့်အလျောက် ကင်းလွတ်ခွင့်မရနိုင်။

*[မောင်ကြီးနှင့်အစိုးရ၊ အတွဲ ၇၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၁၃]*

၉။ ပြုလုပ်မှုသည် မည်သို့သောသဘောရှိသည်ဟုသော် လည်းကောင်း၊ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်လျှင်သော်လည်းကောင်း၊ ဥပဒေနှင့် မညီညွတ်ကြောင်း သိလျှင်သော်လည်းကောင်း စိတ်ရူးပေါက်ကာ ပြုခဲ့သည်ဟု ထုချေခြင်းမပြုနိုင်။ အကျဉ်းသားက ထောင်ကြပ်အား ချွန်ထက်သောလက်နက်ဖြင့် ထိုးသတ်သောအမှုတွင် တစ်ချိန်က ဝက်ရူးပြန်ခြင်း၊ မူးဝေခြင်း စသည့်ရောဂါများ ရဖူးခြင်းကြောင့် ဤပုဒ်မအရ ပြစ်မှုမမြောက်ဟု ထုချေရာ တရားခံသည် ပြစ်မှုကျူးလွန်စဉ်က မိမိ၏ပြုလုပ်မှုသည် မည်သည့်သဘောရှိသည်၊ မတော်မမှန်သည်၊ ဥပဒေနှင့်မညီညွတ်သည်ကို မသိနိုင်လောက်အောင် စိတ်ဖောက်ပြန်ခြင်းမရှိကြောင်း ပေါ်ပေါက်နေ၍ ဤပုဒ်မအရ ကင်းလွတ်ခွင့်မရနိုင်ဟု ဆုံးဖြတ်ထားသည်။

*[စပုန့်ခေါ် ပေါ်လူနှင့်ပြည်ထောင်စု၊ ၁၉၅၀၊*
*မြန်မာပြည်စီရင်ထုံး၊ ၃၅၂(လွှတ်တော်)]*

၁၀။ သေသူထမင်းစားနေစဉ် တရားခံက ဓားနှင့်ဝင်ခုတ်သဖြင့် သေဆုံးရသည့်အမှု၌ တရားခံက သေသူအားသတ်ရန် အခြေခံအကြောင်းရင်း မရှိစေကာမူ တရားခံသည် ပြစ်မှုကျူးလွန်စဉ်က မိမိပြုလုပ်မှုမှာ မည်သို့သောသဘောရှိသည်ဟုလည်းကောင်း၊ မတော်မမှန်သည်ဟုလည်းကောင်း မသိရန်အကြောင်းမရှိပါက ကင်းလွတ်ခွင့်မရနိုင်ပေ။

*[ပြည်ထောင်စုနှင့်ဦးလှခိုင်၊ ၁၉၈၅၊ မြန်မာပြည်စီရင်ထုံး၊ ၁၄၃(လွှတ်တော်)]*

၁၁။ တရားခံသည် တစ်နေ့နံနက်တွင် အကြောင်းမဲ့သက်သက် ယောက္ခမအား ဓားနှင့်ထခုတ်သည်။ အနီးရှိလူများက ဝင်ဆွဲရာ ထိုလူများကိုလည်းခုတ်၍ ဒဏ်ရာအသီးသီး ရကြသည်။ ယောက္ခမသေဆုံး၍ လူသတ်မှုဖြင့် တရားစွဲဆိုသောအမှုတွင် အမှုအဖြစ်အပျက် အခြေအနေအားလုံးကို ထောက်ရှုသောအခါ ပြစ်မှုကျူးလွန်စဉ်က တရားခံသည် စိတ်ပေါ့သွပ်နေကြောင်း ပေါ်လွင်နေသောကြောင့် ဤပုဒ်မ၏ ကင်းလွတ်ခွင့်ကို ရရှိခဲ့ပေသည်။

*[မောင်ထွန်းစိန်နှင့်ပြည်ထောင်စု၊ ၁၉၆၂၊ မြန်မာပြည်စီရင်ထုံး၊ ၃၀၇]*

http://www.cherrythitsar.org



၁၂။ တရားခံသည် ၎င်း၏ဖခင်အား ဓားနှင့်သုံးလေးချက်ခုတ်သဖြင့် ဖခင်သေဆုံးခဲ့ရာ ထိုသို့ပြုစဉ်အချိန်က တရားခံသည် သတိကင်းလွတ်ပြီး မိမိပြုလုပ်မှုကို သိနိုင်စွမ်းအခြေအနေမရှိကြောင်း အထောက်အထား မတင်ပြနိုင်သဖြင့် ကင်းလွတ်ခွင့်မရနိုင်။

*[ခင်မောင်နှင့်ပြည်ထောင်စု၊ ၁၉၆၅၊ မြန်မာပြည်စီရင်ထုံး၊ ၃၂၈]*

၁၃။ တရားခံသည် ဝက်ရူးပြန်စဉ် မိခင်အားအကြောင်းမဲ့သတ်ပြီး ပထွေးအား ဒဏ်ရာရစေခဲ့သည်။ တရားခံသည် ပြစ်မှုကျူးလွန်ပြီးနောက် လှိုဏ်တစ်ခုထဲတွင် ပုန်းအောင်းနေခဲ့သည်။ ဆရာဝန်၏ ထွက်ချက်အရ တရားခံသည် ဝက်ရူးပြန်လေ့ရှိပြီး ဝက်ရူးပြန်စဉ် သတိလုံးဝမရှိကြောင်း ပေါ်ပေါက်နေသဖြင့် ဤပုဒ်မအရ ကင်းလွတ်ခွင့်ရပေသည်။

*[အန့်ဘွယ်နှင့်အစိုးရ၊ အေအိုင်အာ၊ ၁၉၃၇၊ ရန်ကုန်၊ ၉၉]*

၁၄။ ပြစ်မှုကျူးလွန်ရန် မူလအကြောင်းရင်း မရှိကာမျှဖြင့် စိတ်ပေါ့သွပ်သည်ဟု ယူဆရန် မဟုတ်ချေ။ စိတ်ပေါ့သွပ်ကြောင်း အထောက်အထားမရှိက ပြစ်ဒဏ်ထင်ရှား စီရင်ရမည်ဖြစ်သည်။

*[စံဖေနှင့်အစိုးရ၊ အေအိုင်အာ၊ ၁၉၃၇၊ ရန်ကုန်၊ ၃၃]*

၁၅။ ရူးသွပ်သူကို ရုံးတင်စစ်ဆေးသည့်အခါ မည်သို့မည်ပုံ ဆောင်ရွက်ရမည်ဟု ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ အခန်း ၃၄ တွင် ဖော်ပြထားသည်။ ရူးသွပ်နေချိန်၌ ၎င်းအား ကျူးလွန်ခဲ့သည့်ပြစ်မှုနှင့် စပ်လျဉ်း၍ စစ်ဆေးခြင်း မပြုနိုင်ပေ။ ရူးသွပ်ခြင်းမရှိကြောင်း သက်ဆိုင်ရာဆရာဝန်က ရုံးရှေ့တွင် လာရောက်ထွက်ဆိုမှသာ ကြားနာစစ်ဆေးခြင်း ပြုနိုင်မည်ဖြစ်သည်။ တရားခံတစ်ဦး၏ ပြုလုပ်မှုသည် ဤပုဒ်မအရ ကင်းလွတ်ခွင့်နှင့် အကြုံးဝင်သဖြင့် ၎င်းအား အပြီးအပြတ်လွှတ်လျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၇၁ အရ စိတ္တဇဆေးရုံသို့ပို့ပြီး နိုင်ငံတော်အစိုးရထံသို့ အကြောင်းကြားရမည်။

*[အစိုးရနှင့်ကုလားညို၊ ၁၉၄၁၊ ရန်ကုန်စီရင်ထုံး၊ ၅၄၄]*

၁၆။ တစ်ပိုင်းတစ်စ စိတ်မှောက်မှားခြင်း၊ စိတ်ရူးပေါက်၍ပြုခြင်း စသည့် ကိစ္စရပ်များသည် ဤပုဒ်မ၏ကင်းလွတ်ခွင့်အတွင်း မကျရောက်သော်လည်း စိတ်အခြေအနေ မှုမမှန်ခြင်းကြောင့် ဖြစ်ရသည့်အလျောက် အပြစ်ဒဏ်သတ်မှတ်ရာ၌ သက်ညှာရန်အကြောင်းတစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။

*[စိန်ကလေးနှင့်အစိုးရ၊ အတွဲ ၁၂၊ ရန်ကုန်၊ ၄၄၅]*

*[အစိုးရနှင့်မောင်ပို၊ ၁၉၃၆၊ ရန်ကုန်စီရင်ထုံး၊ ၁၈၆]*

*[ဘိုးသာနှင့်အစိုးရ၊ ပုံနှိပ်ထားသောစီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၂၄၉]*

၁၇။ တရားခံသည် ယောက္ခမဖြစ်သူအား အကြောင်းမဲ့ ဓားနှင့်ခုတ်ရာ၌ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈၄ တွင် သတိကင်းမဲ့ခြင်း၊ စိတ်ပေါ့သွပ်ခြင်းမျိုးခံရ၍ ဖြစ်နိုင်သည့်အလျောက် တရားခံ၏ပြုလုပ်မှုသည် ပြစ်မှုမမြောက်။

*[ပြည်ထောင်စုနှင့်မောင်သံချောင်း၊ ၁၉၆၅၊ မြန်မာပြည်စီရင်ထုံး၊ ၁၃၂]*

http://www.cherrythitsar.org



**မသိ အလိုမတူဘဲ မူးယစ်အောင် သူတစ်ပါးက တိုက်ကျွေးသဖြင့် မသိနိုင်သူ၏ပြုလုပ်မှု။ (ပုဒ်မ-၈၅)**

**Act of a person incapable of judgmently reason of intoxication caused against his will. (Section-85)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

မိမိမသိဘဲ သို့တည်းမဟုတ် အလိုမတူဘဲ သူတစ်ပါးက တိုက်ကျွေးခြင်းကြောင့် မူးယစ်သဖြင့် ပြုစဉ်အခါက မိမိ၏ပြုလုပ်မှုသည် မည်သို့သဘောရှိသည်ကိုသော်လည်းကောင်း၊ မတော်မမှန်သည်ကိုသော်လည်းကောင်း၊ ဥပဒေနှင့်ဆန့်ကျင်သည်ကိုသော်လည်းကောင်း မသိနိုင်သောသူ၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်။

<u>စီရင်ထုံး</u>

မိမိအလိုအလျောက် သောက်စားသဖြင့် မူးယစ်ပြီး ပြုလုပ်မှုသည် မည်သို့သောသဘောရှိသည်ဟု မသိကြောင်း ထုချေခြင်းမပြုနိုင်ပေ။ မတော်မမှန်ကြောင်း အသိဉာဏ်မရှိဟု ဆင်ခြေမပေးနိုင်။ သို့ရာတွင် မိမိမသိဘဲသော်လည်းကောင်း၊ အလိုမတူဘဲသော်လည်းကောင်း သူတစ်ပါးက တိုက်ကျွေး၍ မူးယစ်စဉ် ပြုလုပ်ခဲ့ခြင်းဖြစ်မှသာ ဤပုဒ်မအရ ကင်းလွတ်ခွင့်ရနိုင်မည်ဖြစ်သည်။

*[ချစ်လှိုင်ခေါ် ဒုက္ခနှင့်ပြည်ထောင်စု၊ ၁၉၆၆၊ မြန်မာပြည်စီရင်ထုံး၊ ၄၃၇]*

*[မောင်ခင်မောင်နှင့်ပြည်ထောင်စု၊ ၁၉၆၅၊ မြန်မာပြည်စီရင်ထုံး၊ ၁၀၃(အထူးအယူခံ)]*

**အထူးအသိဉာဏ် သို့တည်းမဟုတ် အထူးအကြံနှင့်ပြုမှ ပြစ်မှုမြောက်မည့် ပြုလုပ်မှုကို မူးယစ်နေသူက ပြုခြင်း။ (ပုဒ်မ-၈၆)**

**Offence requiring particular intent or knowledge committed by one who is intoxicated. (Section-86)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

အထူးအသိဉာဏ် သို့တည်းမဟုတ် အထူးအကြံဖြင့်ပြုမှသာ ပြစ်မှုမြောက်သောပြုလုပ်မှုကို မူးယစ်နေသူ ပြုရာတွင် ထိုသူသည် မိမိမသိဘဲ သို့တည်းမဟုတ် အလိုမတူဘဲ သူတစ်ပါးတိုက်ကျွေးသဖြင့် မူးယစ်နေစဉ်ပြုသောအခါမှတစ်ပါး မမူးမယစ်သောအခါတွင် လိုအပ်၊ ရှိအပ်သည့် အထူးအသိဉာဏ်ဖြင့် ပြုဘိသကဲ့သို့ ပြစ်ဒဏ်စီရင်ခြင်း ခံထိုက်ရမည်။

<u>စီရင်ထုံး</u>

၁။ တရားခံတစ်ဦးသည် သာမန်အားဖြင့် မိမိ၏ပြုလုပ်မှုသည် မည်သို့သောအကျိုးသက်ရောက်မှုရှိမည်ကို သိသည်ဟုဆိုနိုင်သော်လည်း ထိုကဲ့သို့ အကျိုးသက်ရောက်စေရန် အကြံဖြင့် ပြုခဲ့သည်ဟု အစဉ်တစိုက် ယူဆရန်မဟုတ်။

*[အပ္ပဒူကရင်နှင့်အစိုးရ၊ ရွေးချယ်ထားသည့် စီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၆၅၀]*

http://www.cherrythitsar.org



၂။ စိတ်ပေါ့သွပ်သည့် အခြေသို့ရောက်အောင် မူးယစ်ခြင်းမရှိသဖြင့် ပြစ်မှုကျူးလွန်ရန် အကြံမရှိဟု မဆိုနိုင်စေကာမူ မူးယစ်နေသည့်အချက်ကို ပြစ်ဒဏ်သတ်မှတ်ရာ၌ ထည့်သွင်းစဉ်းစားသင့်သည့် အချက်တစ်ရပ် ဖြစ်ပေသည်။

*[စိန်ကလေးနှင့်အစိုးရ၊ အတွဲ ၁၂၊ ရန်ကုန်၊ ၄၄၅]*

**သေစေရန်ဖြစ်စေ၊ အပြင်းအထန်နာကျင်စေရန်ဖြစ်စေ အကြံမရှိဘဲနှင့်လည်းကောင်း၊ ထိုသို့ဖြစ်စေတန်ရာသည်ကို မသိဘဲနှင့်လည်းကောင်း၊ အပြုခံရသူ သဘောတူညီချက်ဖြင့်လည်းကောင်း ပြုလုပ်မှု။**
**(ပုဒ်မ-၈၇)**

**Act not intended and not known to be likely to cause death or grievous hurt, done by consent.**
**(Section-87)**

**ဥပဒေဖွင့်ဆိုချက်**

သေစေရန်ဖြစ်စေ၊ အပြင်းအထန် နာကျင်စေရန်ဖြစ်စေ အကြံမရှိဘဲနှင့်လည်းကောင်း၊ သေစေတန်ရာသည်ကိုဖြစ်စေ၊ အပြင်းအထန် နာကျင်စေတန်ရာသည်ကိုဖြစ်စေ မသိဘဲနှင့်လည်းကောင်း ပြုသောသူက ပြုလုပ်ရာတွင် အသက်တစ်ဆယ့်ရှစ်နှစ်အထက် အသက်အရွယ်ရှိသူက မိမိသို့ ကျရောက်မည့် ဘေးအန္တရာယ်ကို မိမိခံယူမည်ဟု အတိအလင်းသော်လည်းကောင်း၊ သဘောသက်ရောက်စေခြင်းဖြင့်သော်လည်းကောင်း သဘောတူလျှင် ထိုသူ၏ပြုလုပ်မှုသည် ထိုအသက်တစ်ဆယ့်ရှစ်နှစ်အထက် အသက်အရွယ်ရှိသူအား ဘေးအန္တရာယ်ဖြစ်စေနိုင်သည်ဟူသော အကြောင်းကြောင့် သို့တည်းမဟုတ် ဖြစ်စေရန်ပြုလုပ်သူက ကြံရွယ်သည်ဟူသော အကြောင်းကြောင့် ပြစ်မှုမမြောက်စေရ၊ သို့တည်းမဟုတ် ထိုသူ၏ ပြုလုပ်မှုသည် ကျရောက်နိုင်သည့် ဘေးအန္တရာယ်ကို ခံယူမည်ဟု သဘောတူသောသူအား ဘေးအန္တရာယ်ဖြစ်စေတန်ရာသည်ကို ပြုသူက သိနိုင်သည်ဟူသော အကြောင်းကြောင့် ပြစ်မှုမမြောက်စေရ။

**ဥပမာ**

မောင်ဖြူနှင့်မောင်မဲသည် ပျော်ရွှင်ခြင်းအလို့ငှာ ဓားသိုင်းကစားရန် သဘောတူကြ၏။ ထိုသူတို့၌ မဖြောင့်မမှန်သောသဘောမရှိဘဲ တရားသဖြင့် ကစားသည်ဖြစ်ပါက ကစားစဉ်ကျရောက်မည့် ဘေးအန္တရာယ်ကို ခံယူကြမည်ဟု သဘောတူရာသက်ရောက်၏။ ထိုသို့ တရားသဖြင့် ကစားကြရာတွင် မောင်ဖြူက မောင်မဲကို နာကျင်စေ၏။ မောင်ဖြူသည် ပြစ်မှုကျူးလွန်ရာမရောက်။

**စီရင်ထုံး**

ပုထုဇဉ်တို့မည်သည် မိမိအကျိုးကိုသာ ဦးစားပေး၍ ကြည့်စမြဲဖြစ်ရာ မိမိ၏ကိုယ်၊ သို့မဟုတ် ပစ္စည်းအား ထိခိုက်နစ်နာစေမည့်ကိစ္စရပ်ကို ပြုခွင့်ပေးပါက ထိုပြုလုပ်မှုအတွက် ပြစ်မှုမမြောက်ဟု ဆိုသည့်သဘောပင်ဖြစ်သည်။

*[ရွှေတင်နှင့်အစိုးရ၊ (၁၈၉၂-၉၆) အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၂၂၆]*

http://www.cherrythitsar.org



**သေစေရန်ကြံရွယ်ခြင်းမရှိ၊ တစ်ဦးတစ်ယောက်သောသူ၏ အကျိုးငှာ ထိုသူ၏ သဘောတူညီချက်ဖြင့် သဘောရိုးနှင့်ပြုသည့်ပြုလုပ်မှု။ (ပုဒ်မ-၈၈)**

**Act not intended to cause death, done by consent in good faith for person's benefit. (Section-88)**

**ဥပဒေပြဋ္ဌာန်းချက်**

တစ်ဦးတစ်ယောက်သောသူ၏ အကျိုးငှာ ပြုရာတွင် ထိုသူက ဘေးအန္တရာယ်ကို ခံယူရန်၊ သို့တည်းမဟုတ် ကျရောက်နိုင်သည့် ဘေးအန္တရာယ်ကို ခံယူရန် အတည့်အလင်းဖြစ်စေ၊ သဘောသက်ရောက်စေခြင်းဖြင့်ဖြစ်စေ သဘောတူလျှင်၊ သေစေရန်အကြံမရှိဘဲ သဘောရိုးဖြင့်ပြုသော ပြုလုပ်မှုသည် ထိုသူအား ဘေးအန္တရာယ်ဖြစ်စေနိုင်သည်ဟူသော အကြောင်းကြောင့်သော်လည်းကောင်း၊ ဘေးအန္တရာယ်ဖြစ်စေရန် ပြုလုပ်သူက ကြံရွယ်သည်ဟူသော အကြောင်းကြောင့်သော်လည်းကောင်း၊ ဘေးအန္တရာယ်ဖြစ်စေတန်ရာသည်ကို ပြုလုပ်သူက သိနိုင်သည်ဟူသော အကြောင်းကြောင့်သော်လည်းကောင်း ပြစ်မှုမမြောက်စေရ။

**ဥပမာ**

ဆရာဝန်ဦးဖြူသည် ခွဲစိတ်ကုသပါက သေတန်ရာသည်ကိုသိလျက် နာကျင်သောဝေဒနာ ခံစားနေရသော မောင်မဲကို မောင်မဲ၏ သဘောတူချက်ဖြင့် မောင်မဲ၏အကျိုးငှာ အသုံးပြုနေကျဖြစ်သော ခွဲစိတ်ကုသသည့် ကိရိယာတန်ဆာများဖြင့် ခွဲစိတ်ကုသ၏။ ခွဲစိတ်ကုသစဉ်က မောင်မဲကိုသေစေရန်အကြံမရှိ မောင်မဲဝေဒနာပျောက်ကင်းစေရန် ပြုလုပ်ခြင်းဖြစ်ရာ သဘောရိုးဖြင့် ခွဲစိတ်ကုသခြင်းကြောင့် မောင်မဲသေသော်လည်း ဦးဖြူသည် ပြစ်မှုကျူးလွန်ရာမရောက်။

**စီရင်ထုံး**

အသက် ၁၂ နှစ်ကျော်သည့်တပည့်သည် ဆရာအား ကျောင်းစည်းကမ်းနှင့်အညီ သွန်သင်ဆုံးမခြင်းကို ခံယူပါမည်ဟု သဘောတူညီခဲ့သည်ဟု ယူဆရမည်ဖြစ်ရာ ဆရာကတပည့်အား လိမ္မာရေးခြားရှိစေရန် သဘောရိုးဖြင့် တော်ရုံသင့်ရုံကြိမ်ဒဏ်ပေးခဲ့ခြင်းဖြစ်ပါမူ ဆရာသည် ဤပုဒ်မအရ ကင်းလွတ်ခွင့်ရမည်။ သို့ရာတွင် ဒေါသတကြီး ရက်ရက်စက်စက် ရိုက်နှက်ဆုံးမခြင်း မပြုနိုင်ပေ။

*[မောင်ခွေးနှင့်ပြည်ထောင်စု၊ ၁၉၆၆၊ မြန်မာပြည်စီရင်ထုံး၊ ၉၈၆]*

**ကလေး၏၊ သို့တည်းမဟုတ် စိတ်ပေါ့သွပ်သူ၏ အကျိုးငှာ အုပ်ထိန်းသူကဖြစ်စေ၊ ထိုသူ၏ သဘောတူချက်နှင့်ဖြစ်စေ သဘောရိုးဖြင့် ပြုသည့် ပြုလုပ်မှု။ (ပုဒ်မ-၈၉)**

**Act done in good faith for benefit of child or insane person, by or by consent or guardian. (Section-89)**

**ဥပဒေပြဋ္ဌာန်းချက်**

အသက်တစ်ဆယ့်နှစ်နှစ် မပြည့်သေးသောသူ၏ သို့တည်းမဟုတ် စိတ်ပေါ့သွပ်သူ၏အကျိုးငှာ အုပ်ထိန်းသူကိုယ်တိုင်ကသော် လည်းကောင်း၊ ဥပဒေနှင့်အညီ

http://www.cherrythitsar.org



ထိန်းသိမ်းစောင့်ရှောက်ရသော အခြားသူကိုယ်တိုင်ကသော်လည်းကောင်း ထိုသူ တစ်ဦးဦး၏ အတည့်အလင်း သဘောတူချက်နှင့်ဖြစ်စေ၊ သဘောတူရာသက်ရောက် ချက်နှင့်ဖြစ်စေ ပြုလုပ်သောသူကသော် လည်းကောင်း၊ သဘောရိုးဖြင့်ပြုသည့် ပြုလုပ်မှုသည် အသက်တစ်ဆယ့်နှစ်နှစ် မပြည့်သေးသူအား၊ သို့တည်းမဟုတ် စိတ် ပေါ့သွပ်သူအား ဘေးအန္တရာယ်ဖြစ်စေနိုင်သည်ဟူသော အကြောင်းကြောင့်သော် လည်းကောင်း ဖြစ်စေရန်ပြုလုပ်သူက ကြံရွယ်သည်ဟူသော အကြောင်းကြောင့် သော်လည်းကောင်း ဘေးအန္တရာယ်ဖြစ်စေတန်ရာသည်ကို ပြုလုပ်သူက သိနိုင်သည် ဟူသော အကြောင်းကြောင့်သော်လည်းကောင်း ပြစ်မှုမမြောက်။ သို့ရာတွင်-

**ခြွင်းချက်များ**

**ပထမ။** ဤကင်းလွတ်ချက်သည် တမင်သေစေခြင်းနှင့် သို့တည်းမဟုတ် သေစေ ရန်အားထုတ်ခြင်းနှင့် မသက်ဆိုင်။

**ဒုတိယ။** သေဘေးကိုဖြစ်စေ၊ အပြင်းအထန်နာကျင်စေမည့်ဘေးကိုဖြစ်စေ တားဆီး ရန် အကြောင်းအတွက်သော်လည်းကောင်း၊ ပြင်းထန်သော ရောဂါဝေဒနာ ကိုဖြစ်စေ၊ မစွမ်းမသန်ခြင်းကိုဖြစ်စေ ပျောက်ကင်းအောင် ကုသရန် အကြောင်းအတွက်သော်လည်းကောင်း မဟုတ်လျှင် ဤကင်းလွတ်ချက် သည် သေတန်ရာသည်ကို ပြုသူသိသည့်ပြုလုပ်မှုနှင့် မသက်ဆိုင်။

**တတိယ။** သေဘေးကိုဖြစ်စေ၊ အပြင်းအထန်နာကျင်စေမည့်ဘေးကိုဖြစ်စေ တားဆီး ရန် အကြောင်းအတွက်သော်လည်းကောင်း၊ ပြင်းထန်သော ရောဂါဝေဒနာ ကိုဖြစ်စေ၊ မစွမ်းမသန်ခြင်းကိုဖြစ်စေ ပျောက်ကင်းအောင် ကုသရန် အကြောင်းအတွက်သော်လည်းကောင်း မဟုတ်လျှင် ဤကင်းလွတ်ချက် သည် အပြင်းအထန် နာကျင်စေရန် အလိုအလျောက် ပြုလုပ်မှုနှင့်၊ သို့တည်းမဟုတ် အပြင်းအထန် နာကျင်စေရန် အားထုတ်မှုနှင့် မသက် ဆိုင်။

**စတုတ္ထ။** ဤကင်းလွတ်ချက်သည် ပြစ်မှုတစ်ခုခုကို ကျူးလွန်ခြင်းနှင့် မသက်ဆိုင် လျှင် ထိုပြစ်မှုကို ကျူးလွန်ရန် အားပေးကူညီခြင်းနှင့်လည်းမသက်ဆိုင်။

**ဥပမာ**

မောင်ဖြူသည် ကျောက်ကိုထုတ်ယူလျှင် မိမိ၏ကလေး သေတန်ရာသည်ကို သိသော်လည်း ကလေးသေစေရန်အကြံမရှိ၊ ကလေးသဘောမတူဘဲ ကလေး၏ အကျိုးငှာ သဘောရိုးနှင့် ခွဲစိတ်ကုဆရာဝန်တစ်ယောက်ကို ကျောက်ထုတ်ယူစေရာ ကလေးကို ရောဂါပျောက်ကင်းစေရန် သဘောထားရှိသည် ဖြစ်သောကြောင့် မောင်ဖြူ၏ ပြုလုပ်မှုသည် ဤကင်းလွတ်ချက်အတွင်း ကျရောက်သည်။

http://www.cherrythitsar.org



**စီရင်ထုံး**

ဆရာသည် ကျောင်းတွင် တပည့်၏အုပ်ထိန်းသူဖြစ်သည့်အလျောက် တပည့်၏အကျိုးအတွက် လိမ္မာရေးခြားရှိစေရန် ရက်ရက်စက်စက်မဟုတ်ဘဲ သင့်တင့်လျောက်ပတ်စွာ သဘောရိုးဖြင့် ရိုက်နှက်ဆုံးမခွင့်ရှိပေသည်။ ကျောင်းပြင်ပတွင်ဖြစ်ပွားသည့်ကိစ္စနှင့် ပတ်သက်၍လည်း ရက်ရှည်ကျောင်းပိတ်ရက်များအတွင်း မဟုတ်ပါက တပည့်သည် မိဘကိုယ်စား ဆရာ၏အုပ်ထိန်းမှုအောက်၌ပင်ရှိသည်ဟု ယူဆရမည်ဖြစ်၍ ကျောင်း၏စည်းကမ်းကို ထိန်းသိမ်းသည့်အနေဖြင့် တော်သင့်ရုံရိုက်နှက်ဆုံးမနိုင်ပေသည်။

*[အစိုးရနှင့်မောင်ဘသောင်း၊ အတွဲ ၃၊ ရန်ကုန်၊ ၆၅၉]*

**ကြောက်ရွံ့၍ဖြစ်စေ၊ ကြောင်းခြင်းရာအမှန်မသိ၍ ဖြစ်စေသဘောတူခြင်း။ စိတ်ပေါ့သွပ်သူက သို့တည်းမဟုတ် မူးယစ်သူက သဘောတူခြင်း။ ကလေးက သဘောတူခြင်း။ (ပုဒ်မ-၉၀)**

**Consent known to be given under fear or misconception. Consent of insane person. Consent of child. (Section-90)**

**ဥပဒေပြဋ္ဌာန်းချက်**

တစ်ဦးတစ်ယောက်သောသူသည် မိမိအကျိုးနစ်နာမည်ကို ကြောက်ရွံ့၍ဖြစ်စေ၊ ကြောင်းခြင်းရာအမှန်ကို မသိ၍ဖြစ်စေ သဘောတူလျှင်၊ ထို့ပြင် ထိုသို့သဘောတူခြင်းသည် ထိုသူအကျိုးနစ်နာမည်ကို ကြောက်ရွံ့သောကြောင့်သော်လည်းကောင်း၊ ကြောင်းခြင်းရာအမှန် မသိသောကြောင့်သော်လည်းကောင်း သဘောတူရခြင်း ဖြစ်ကြောင်းကို ပြုလုပ်သူကသိလျှင်၊ သို့တည်းမဟုတ် ယုံကြည်ရန်အကြောင်းရှိလျှင် သို့တည်းမဟုတ် စိတ်ပေါ့သွပ်ခြင်းကြောင့်ဖြစ်စေ၊ မူးယစ်ခြင်းကြောင့်ဖြစ်စေ မိမိသဘောတူမှု၏ သဘောနှင့် အကျိုးအပြစ်ကို မသိနိုင်သောသူက သဘောတူလျှင်၊ သို့တည်းမဟုတ် ရှေ့နောက်စကား ကွဲလွဲခြင်းမရှိသည့်အချက်တွင် အသက်တစ်ဆယ့်နှစ်နှစ် မပြည့်သေးသော ကလေးက သဘောတူလျှင် ထိုသို့သဘောတူခြင်းမျိုးသည် ဤရာဇသတ်ကြီးပါ ပုဒ်မတစ်ခုခုက ရည်ရွယ်သော သဘောတူခြင်းမျိုးမမြောက်။

**စီရင်ထုံး**

၁။ သဘောတူညီချက်သည် လွတ်လွတ်လပ်လပ်နှင့် စဉ်းစဉ်းစားစားပေးသည့် သဘောတူညီချက်ဖြစ်ရမည်ဟု ဆိုလိုပေသည်။ ဤပုဒ်မ၏ တတိယအပိုဒ်တွင် ဆိုလိုသည်မှာ အသက် ၁၂ နှစ်အောက် ကလေးသူငယ်သည် မည်သည့်အခါမျိုးတွင်မဆို သဘောတူညီချက်ကို မပေးနိုင်ဟု ဆိုလိုခြင်းမဟုတ်ပေ။ သဘောတူညီချက်ရှိသည်

http://www.cherrythitsar.org



ဆိုသော ထုချေချက် တင်ပြလာလျှင် အသက်အရွယ်နုနယ်ခြင်း၊ ကြောင်းခြင်းရာ အမှန်မသိခြင်း၊ ကြောက်ရွံ့၍ သဘောတူရခြင်း၊ အကျိုးအပြစ်မသိ၍ သဘောတူရခြင်း စသည့်အချက်များကြောင့် သဘောတူညီချက်မည်မမည် သုံးသပ်ရန်လိုပေသည်။

*[ခလီလ်အူရာမန်နှင့်အစိုးရ၊ အတွဲ ၁၁၊ ရန်ကုန်၊ ၂၁၃]*

၂။ ကြောင်းခြင်းရာကို အမှန်မသိအောင် လိမ်လည်၍သော်လည်းကောင်း၊ လှည့်ဖြား၍သော်လည်းကောင်းပြုကာ သဘောတူညီချက်ရယူခြင်းသည် ဥပဒေသဘောအရ သဘောတူညီချက်မမည်ပေ။ သစ်လိုင်စင်စီက ထုတ်ခွင့်မပြုသော သစ်လုံးကို သစ်တောအရာရှိအား လှည့်ဖြား၍ထုတ်ယူပါက သစ်တောအရာရှိ၏ သဘောတူညီချက်သည် ဤပုဒ်မအရ သဘောတူညီချက်မမည်သဖြင့် သစ်လိုင်စင်စီသည် ခိုးမှုကျူးလွန်ရာရောက်သည်။

*[မောင်ဘချစ်နှင့်အစိုးရ၊ အတွဲ ၇၊ ရန်ကုန်၊ ၈၂၁]*

၃။ ဆေးဆရာတစ်ဦးက လူနာကို ၄င်းပေးသည့်ဆေးသောက်လျှင် ရောဂါပျောက်မည်ဟု လိမ်လည်ပြောရာ လူနာက ယုံကြည်ပြီးသောက်သည်။ သို့ရာတွင် ဆေးမှာ အဆိပ်ဖြစ်နေ၍ လူနာသေရလျှင် လူနာသည် ကြောင်းခြင်းရာကို အမှန်မသိသဖြင့် ဆေးသောက်ရန်သဘောတူခြင်းသာဖြစ်သည့်အလျောက် ဤပုဒ်မအရ သဘောတူညီချက် မမြောက်ပေ။ သေသူက သူ့ကိုယ်သူ ဓားပြီးသည်ဟုယုံကြည်၍ တရားခံအား ဓားနှင့်ခုတ်စေသဖြင့် ခုတ်ရာ သွေးကြောပြတ်ပြီး သေဆုံးရသည့်ကိစ္စတွင် တရားခံအနေဖြင့် သေသူသည် ဓားပြီးသည်ဟု တကယ်ယုံကြည်သည့်အပြင် မိမိ၏ ပြုလုပ်မှုကြောင့် သေဆုံးမည်ဟုလည်း မသိသည့်အတွက် ပုဒ်မ ၈၇ နှင့် ဤပုဒ်မများအရ ကင်းလွတ်ခွင့်ရပေသည်။

*[ရွှေခင်နှင့်အစိုးရ၊ အတွဲ ၈၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၁၆၆]*

**ဖြစ်စေမည့်ဘေးအန္တရာယ်ကိုထောက်ထားခြင်း မပြုဘဲ ပြစ်မှုမြောက်သည့် ပြုလုပ်မှုများကို ခြွင်းချန်ခြင်း။ (ပုဒ်မ-၉၁)**

**Exclusion of acts which are offences independently of harm caused. (Section-91)**

**ဥပဒေပြဋ္ဌာန်းချက်**

ပုဒ်မ ၈၇၊ ၈၈ နှင့် ၈၉ များပါ ကင်းလွတ်ချက်များသည် သဘောတူသူကိုယ်တိုင်ကိုသော်လည်းကောင်း၊ ထိုသူကိုယ်စား သဘောတူသူကိုသော်လည်းကောင်း ဖြစ်စေနိုင်သည့် ဘေးအန္တရာယ်ကိုဖြစ်စေ၊ ဖြစ်စေရန် ကြံရွယ်သည့် ဘေးအန္တရာယ်ကိုဖြစ်စေ ဖြစ်စေတန်ရာသည်ကို သိနိုင်သည့် ဘေးအန္တရာယ်ကိုဖြစ်စေ ထောက်ထားရန်မလိုဘဲ ပြစ်မှုသီးခြားမြောက်သည့် ပြုလုပ်မှုများနှင့် မသက်ဆိုင်စေရ။

http://www.cherrythitsar.org



**ဥပမာ**

ကိုယ်ဝန်ကို ပျက်စေရာတွင် (အမိ၏အသက်ကို ကယ်ဆယ်ရန် သဘောရိုးနှင့် ပြုလုပ်ခြင်းမဟုတ်လျှင်) အမိကိုဖြစ်စေနိုင်သည့် ဘေးအန္တရာယ်ကိုသော် လည်းကောင်း၊ ဖြစ်စေရန် ကြံရွယ်သည့် ဘေးအန္တရာယ်ကိုသော်လည်းကောင်း ထောက်ထားရန်မလို၊ ထိုသို့ ကိုယ်ဝန်ပျက်စေခြင်းသည်ပင်လျှင် သီးခြားဖြစ်သော ပြစ်မှုဖြစ်လေသည်။ ထို့ကြောင့် ထိုပြစ်မှုသည် 'ဘေးအန္တရာယ်ဖြစ်စေသည်ဟူသော အကြောင်းကြောင့်' ဖြစ်သော ပြစ်မှုမျိုးမဟုတ်။ ထိုသို့ ကိုယ်ဝန်ပျက်စေသည်ကို အမိကဖြစ်စေ၊ ထိုသူ၏ အုပ်ထိန်းသူကဖြစ်စေ သဘောတူစေကာမူ ကိုယ်ဝန်ပျက်စေမှုကို ပြုလုပ်ပိုင်သည်မဟုတ်။

**တစ်ဦးတစ်ယောက်သောသူ၏အကျိုးငှာ ထိုသူသဘောတူချက်မရရှိဘဲ သဘောရိုးဖြင့် ပြုလုပ်မှု။ (ပုဒ်မ-၉၂)**

**Act done in good faith for benefit of a person without consent. (Section-92)**

**ဥပဒေဖွင့်ဆိုချက်**

တစ်ဦးတစ်ယောက်သောသူ၏ သဘောတူချက်ကိုမရသော်လည်း ထိုသူသည် သဘောတူကြောင်း မဖော်ပြနိုင်သည့်အခြေသို့ ဆိုက်ရောက်သောအခါတွင် သို့တည်းမဟုတ် ထိုသူသည် သဘောတူရန် မစွမ်းနိုင်သည့်အပြင် ထိုသူ၏အကျိုးအတွက် အချိန်မီ သဘောတူချက်ရယူနိုင်ရန် ထိုသူ၏ အုပ်ထိန်းသူဖြစ်စေ၊ ဥပဒေနှင့်အညီ စောင့်ရှောက်ရသူဖြစ်စေ မရှိသည့်အခါမျိုးတွင် ထိုသူ၏အကျိုးငှာ သဘောရိုးဖြင့် ပြုလုပ်သည့် ပြုလုပ်မှုသည် ထိုသူအား ဘေးအန္တရာယ်ဖြစ်စေနိုင်သည်ဟူသော အကြောင်းကြောင့် ပြစ်မှုမမြောက်။ သို့ရာတွင်-

**ခြွင်းချက်များ**

**ပထမ။** ဤကင်းလွတ်ချက်သည် တမင်သေစေခြင်းနှင့် သို့တည်းမဟုတ် သေစေရန်အားထုတ်ခြင်းနှင့် မသက်ဆိုင်။

**ဒုတိယ။** သေဘေးကိုဖြစ်စေ၊ အပြင်းအထန်နာကျင်စေမည့်ဘေးကိုဖြစ်စေ တားဆီးရန် အကြောင်းအတွက်သော်လည်းကောင်း၊ ပြင်းထန်သော ရောဂါဝေဒနာကိုဖြစ်စေ၊ မစွမ်းမသန်ခြင်းကိုဖြစ်စေ ပျောက်ကင်းအောင် ကုသရန် အကြောင်းအတွက်သော်လည်းကောင်း မဟုတ်လျှင် ဤကင်းလွတ်ချက်သည် သေတန်ရာသည်ကို ပြုသူသိသည့်ပြုလုပ်မှုနှင့် မသက်ဆိုင်။

**တတိယ။** သေဘေးကိုဖြစ်စေ၊ နာကျင်စေမည့်ဘေးကိုဖြစ်စေ တားဆီးရန် အကြောင်းအတွက်မဟုတ်လျှင် ဤကင်းလွတ်ချက်သည် နာကျင်စေရန် အလိုအလျောက် ပြုလုပ်မှုနှင့်၊ သို့တည်းမဟုတ် အပြင်းအထန် နာကျင်စေရန် အားထုတ်မှုနှင့် မသက်ဆိုင်။

http://www.cherrythitsar.org



**စတုတ္ထ။** ပြစ်မှုတစ်ခုခုကို ကျူးလွန်ခြင်းနှင့် မသက်ဆိုင်လျှင် ဤကင်းလွတ်ချက်သည် ထိုပြစ်မှုကို ကျူးလွန်ရန် အားပေးကူညီခြင်းနှင့်လည်းမသက်ဆိုင်။

<u>ဥပမာများ</u>

(က) မောင်မဲသည် မြင်းပေါ်ကကျ၍မေ့မြောနေ၏။ ခွဲစိတ်ကုသရန် ဦးဖြူက မောင်မဲ သတိရစေရန် မောင်မဲ၏ ဦးခေါင်းခွံကိုဖောက်၍ ကုသသင့်ကြောင်း တွေ့မြင်၏။ မောင်မဲသည် မိမိအတွက်ချင့်ချိန်ရန်သတိမရမီ ဦးဖြူက မောင်မဲသေစေရန်ရည်ရွယ်ခြင်းမရှိဘဲ မောင်မဲအကျိုးငှာ သဘောရိုးဖြင့် ဦးခေါင်းခွံကိုဖောက်၍ကု၏။ ဦးဖြူသည် ပြစ်မှုကျူးလွန်ရာမရောက်။

(ခ) မောင်မဲကို ကျားချီသွားရာ မောင်မဲကိုသေနတ်မှန်လျှင် သေတန်ရာသည်ကို သိလျက် မောင်မဲအသက်ဘေးမှ ချမ်းသာရာရစေရန် သဘောရိုးဖြင့် မောင်ဖြူက ကျားကို သေနတ်နှင့်ပစ်သည်။ သို့ပစ်သဖြင့် မောင်မဲမှာ မောင်ဖြူ၏ကျည်ဆံထိ၍ သေလောက်အောင် ဒဏ်ရာရစေကာမူ မောင်ဖြူသည် ပြစ်မှုကျူးလွန်ရာမရောက်။

(ဂ) ခွဲစိတ်ကုဆရာဝန် ဦးဖြူသည် ကလေးတစ်ယောက် မတော်တဆ ထိခိုက်ဒဏ်ရာရသည်ကိုမြင်၏။ ချက်ခြင်းခွဲစိတ်မကုသလျှင် ထိုကလေးသေတန်ရာသည်ကိုလည်းသိ၏။ ထိုကလေးအတွက် အုပ်ထိန်းသူထံ အကြောင်းကြားရန်လည်း အချိန်မရှိ။ ကလေးက မခွဲမစိတ်ရန် တောင်းပန်ပါသော်လည်း ကလေးမသေစေရန် ရည်ရွယ်၍ သဘောရိုးဖြင့် ဦးဖြူက ခွဲစိတ်ကုသသဖြင့် ကလေးသေစေကာမူ ဦးဖြူသည် ပြစ်မှုကျူးလွန်ရာမရောက်။

(ဃ) မီးလောင်နေသော အိမ်တစ်အိမ်တွင် ကလေးတစ်ယောက်နှင့်အတူ မောင်ဖြူရှိနေ၏။ အိမ်အောက်တွင် ရှိသူတို့သည် စောင်ကိုဖြန့်၍ခံပေးကြရာ ကလေးကို ပစ်ချလိုက်လျှင် ကလေးသေတန်ရာသည်ကိုသိလျက် မောင်ဖြူက ထိုကလေးကို သေစေရန် ရည်ရွယ်ခြင်းမရှိဘဲ ကလေးအသက်ချမ်းသာရာရစေရန် သဘောရိုးဖြင့် အိမ်အောက် စောင်ဖြန့်ခံရာသို့ ကလေးကို အိမ်ထက်မှပစ်ချလိုက်၍ ကလေးသေစေကာမူ မောင်ဖြူသည် ပြစ်မှုကျူးလွန်ရာမရောက်။

*ရှင်းလင်းချက်။* ငွေကြေးနှင့်သက်ဆိုင်သည့် အကျိုးသည် ပုဒ်မ ၈၈၊ ၈၉ နှင့် ၉၂ တို့တွင်ပါရှိသော အကျိုး၏ အဓိပ္ပာယ်၌ သက်ရောက်ခြင်းမရှိ။

## သဘောရိုးဖြင့် အကြောင်းကြားခြင်း။ (ပုဒ်မ-၉၃)

## Communication made in good faith. (Section-93)

<u>ဥပဒေပြဋ္ဌာန်းချက်</u>

တစ်ဦးတစ်ယောက်သောသူ၏ အကျိုးငှာ သဘောရိုးဖြင့် ထိုသူအား အကြောင်းကြားလျှင် ထိုသို့အကြောင်းကြားခြင်းကြောင့် ထိုသူ၌ ဘေးအန္တရာယ်ကျရောက်သော်လည်း အကြောင်းကြားသူသည် ပြစ်မှုကျူးလွန်ရာမရောက်။

http://www.cherrythitsar.org



ဥပမာ

ခွဲစိတ်ကုဆရာဝန် ဦးဖြူက လူနာတစ်ယောက်အား အသက်ရှင်နိုင်ခွင့်မရှိဟု သဘောရကြောင်းကို သဘောရိုးဖြင့် အကြောင်းကြားခြင်းကြောင့် လူနာသည် ထိတ်လန့်၍ သေဆုံး၏။ ဤသို့အကြောင်းကြားခြင်းဖြင့် လူနာသေတန်ရာသည်ကို ဦးဖြူသိစေကာမူ ဦးဖြူသည် ပြစ်မှုကျူးလွန်ရာမရောက်။

**ခြိမ်းခြောက်၍နိုင်းစေသောကြောင့် ပြုရသည့် ပြုလုပ်မှု။ (ပုဒ်မ-၉၄)**

**Act to which a person is compelled by threats. (Section-94)**

ဥပဒေပြဋ္ဌာန်းချက်

လူသတ်မှုနှင့် သေဒဏ်ထိုက်သော နိုင်ငံတော်အစိုးရကို ဆန့်ကျင်ကျူးလွန်သည့် ပြစ်မှုများမှအပ ပြစ်မှုတစ်ခုခုကို ပြုရန်ငြင်းဆန်လျှင် တမုဟုတ်ချင်း သေဘေးဆိုက်မည်ဟု စိုးရိမ်ဘွယ်ရာ ယုတ္တိရှိလောက်အောင် ခြိမ်းခြောက်ခြင်းခံရသဖြင့် ပြုရလျှင် ထိုပြုရသူ၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်၊ သို့ရာတွင် ထိုသူသည် ထိုသို့ ခြိမ်းခြောက်ခြင်းခံရသည့်အခြေသို့ မိမိအလိုအလျောက်သော်လည်းကောင်း၊ တမုဟုတ်ခြင်း သေဘေးဆိုက်မည်ဟု စိုးရိမ်ဖွယ်ရာ ယုတ္တိမရှိဘဲနှင့်သော်လည်းကောင်း ရောက်ရှိခြင်းမဖြစ်ခဲ့စေရ။

*ရှင်းလင်းချက် ၁။* မိမိအလိုအလျောက်ဖြစ်စေ၊ ရိုက်ပုတ်မည်ဟု ခြိမ်းခြောက်ခြင်းခံရသောကြောင့်ဖြစ်စေ ဓားပြလူဆိုးတို့၏ အကျင့်အကြံများကို သိလျက်နှင့် ဓားပြလူဆိုးဂိုဏ်းသို့ ဝင်သောသူသည် ဥပဒေအရ ပြစ်မှုမြောက်သော ပြုလုပ်မှုကို ဓားပြလူဆိုးများက ခြိမ်းခြောက်သဖြင့် ပြုလုပ်ရသည်ဟူသော အကြောင်းကြောင့် ဤကင်းလွတ်ချက်ပါ အကျိုးခံစားခွင့်ကို ခံစားထိုက်သည်မဟုတ်။

*ရှင်းလင်းချက် ၂။* တစ်ဦးတစ်ယောက်သောသူအား ဓားပြလူဆိုးဂိုဏ်းက ဖမ်းဆီး၍ ဥပဒေအရ ပြစ်မှုမြောက်သော ပြုလုပ်မှုတစ်ခုကိုမပြုလျှင် ချက်ချင်းသတ်ပစ်မည်ဟု ခြိမ်းခြောက်၍ အတင်းပြုစေသည်။ ဥပမာဆိုသော် ဓားပြလူဆိုးများက ပန်းဘဲတစ်ယောက်ကို ဖမ်းဆီး၍ ကိရိယာတန်ဆာများကို ယူစေပြီးလျှင် အိမ်ထဲသို့ မိမိတို့ဝင်၍ ဓားပြတိုက်နိုင်အောင် အိမ်တံခါးကို အတင်းချိုးဖျက်ခိုင်းသည်။ ထိုသို့ ချိုးဖျက်ရသဖြင့် ပန်းဘဲသည် ဤကင်းလွတ်ချက်ပါ အကျိုးခံစားခွင့်ကို ခံစားထိုက်သည်။

စီရင်ထုံး

၁။ မည်သို့ပင် ခြိမ်းခြောက်မှုရှိစေကာမူ မိမိအသက်ရှင်ရေးအတွက် တစ်ပါးသူကို သတ်ဖြတ်ခြင်း မပြုနိုင်ပေ။

*[အောင်ပွင့်နှင့်အစိုးရ၊ (၁၈၉၆-၀၂) အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၂၀၁]*

http://www.cherrythitsar.org



၂။ သေဒဏ်ထိုက်သော နိုင်ငံတော်အစိုးရကို ဆန့်ကျင်ကျူးကျော်သည့် ပြစ်မှုများနှင့်သာ သက်ဆိုင်သည်။ နိုင်ငံတော်၏ လုံခြုံရေးအတွက် ဤကဲ့သို့ ပြဋ္ဌာန်းထားရခြင်းဖြစ်ပေသည်။

*[ချစ်တင်(ခ)စုသီးနှင့်ပထာစ၊ ၁၉၅၁၊ မြန်မာပြည်စီရင်ထုံး၊ ၁၄၂(လွှတ်တော်)]*

၃။ ခြိမ်းခြောက်ခြင်းခံရသဖြင့် ပြစ်မှုကျူးလွန်ခဲ့သူသည် ဤပုဒ်မအရ ကင်းလွတ်ခွင့်မရသော်လည်း အမှုဖြစ်ကြောင်းခြင်းရာကိုလိုက်၍ အပြစ်ဒဏ်သတ်မှတ်ရာ၌ သက်ညှာရန်အကြောင်းတစ်ရပ် ဖြစ်နိုင်သည်။

*[အောင်လှနှင့်အစိုးရ၊ အတွဲ ၉၊ ရန်ကုန်၊ ၄၀၄]*

**ဘေးအန္တရာယ်အနည်းငယ်မျှသာ ဖြစ်စေတတ်သည့် ပြုလုပ်မှု။ (ပုဒ်မ-၉၅)**

**Act causing slight harm. (Section-95)**

**ဥပဒေပြဋ္ဌာန်းချက်**

လူသာမန်တို့အရေးမယူလောက်အောင် သေးနုပ်သော ဘေးအန္တရာယ်ဖြစ်လျှင် ထိုဘေးအန္တရာယ်ကို ပြုသောသူသည် သို့တည်းမဟုတ် ထိုဘေးအန္တရာယ်ကိုဖြစ်စေရန် ကြံရွယ်သောသူသည် သို့တည်းမဟုတ် ထိုဘေးအန္တရာယ်ဖြစ်စေတန်ရာသည်ကို သိသောသူသည် ပြစ်မှုမထိုက်သင့်စေရ။

**စီရင်ထုံး**

သေးနုပ်သည့်ကိစ္စ ဟုတ်မဟုတ်ဆိုခြင်းနှင့် ပတ်သက်၍ ဆုံးဖြတ်ရမည်ဖြစ်သည်။ ဥပမာ- သူငယ်ချင်းနှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး ကျီစယ်သည့်သဘောဖြင့် ထိပ်ပုတ်ခြင်းသည် စစ်တပ်ရှိစစ်သားက စစ်ဗိုလ်ကို ထိပ်ပုတ်ခြင်းနှင့် သဘောချင်းမတူနိုင်ပေ။ ရုံး၌အမှုလိုက်စဉ် အခြေအတင်ပြောကြရာ၌ တစ်ဖက်ရှေ့နေက အခြားရှေ့နေအပေါ် အကျင့်စာရိတ္တနှင့် ပတ်သက်သည့် စွပ်စွဲရာရောက်သော မှတ်ချက်ပြုသောကြောင့် အခြားရှေ့နေက လူလိမ်ဟုပြန်၍ဖြေကြားခြင်းသည် ဤပုဒ်မနှင့်အကြုံးဝင်သည်ဟု ဆိုရမည်ဖြစ်သည်။ အလားတူပင် သတင်းစာတစ်စောင်က အခြားသတင်းစာသည် ငွေချေးငှားထားသဖြင့် ငွေရှင်၏အလိုအတိုင်း ရေးသားနေရသည်ဟု ဖော်ပြခြင်းသည် သေးနုပ်သောကိစ္စရပ်သာဖြစ်ပေသည်။

*[မောင်စိန်နှင့်အစိုးရ၊ အတွဲ ၄၊ ရန်ကုန်၊ ၄၆၂(၄၆၄)]* ၂

**ကာကွယ်ခုခံရာတွင် ပြုလုပ်မှု။ (ပုဒ်မ-၉၆)**

**Things done in private defence (Section-96)**

**ဥပဒေပြဋ္ဌာန်းချက်**

ကာကွယ်ခုခံပိုင်ခွင့်အရပြုသော ပြုလုပ်မှုသည် ပြစ်မှုမမြောက်။

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ ကြီးနိုင်ငယ်ညှဉ်းဆိုသည့်သဘောအရ မတရားကျူးကျော်ခြင်းကို တားဆီးရန်ဖြစ်သည်။ နေရာတကာ၌ မတရားကျူးကျော်ခြင်းကို တားဆီးပေးရန် ရဲသားများထားပေးနိုင်မည်မဟုတ်သဖြင့် မိမိကိုယ်သာ ကိုးကွယ်ရာဖြစ်သည် ဆိုရိုးစကားအတိုင်း ဆောင်ရွက်နိုင်ရန်နှင့် လွတ်လပ်သည့် နိုင်ငံသူ၊ နိုင်ငံသားများပီပီ သူရဲဘောမကြောင်ဘဲ သတ္တိရှိရှိ တုံ့ပြန်နိုင်ရန် ရည်ရွယ်သည်။ တစ်ဦးတစ်ယောက်က ရန်မူလာလျှင် ထွက်ပြေးခြင်းမပြုဘဲ ရန်မမူနိုင်သည်အထိ ကာကွယ်ခုခံခွင့်ရှိပေသည်။

*[မောင်ကတုံးနှင့်ပြည်ထောင်စု၊ ၁၉၄၈၊ မြန်မာပြည်စီရင်ထုံး၊ ၆၆၁]*

၂။ လိုသည်ထက်ပို၍ ကလဲ့စားချေသည့်သဘော သက်ရောက်အောင် သတ်ဖြတ်ခြင်း မပြုနိုင်ပေ။

*[အစိုးရနှင့်ခင်သိန်း၊ ၁၉၄၆၊ ရန်ကုန်စီရင်ထုံး၊ ၆၄]*

၃။ ဘေးအန္တရာယ်ကျရောက်ရန် စိုးရိမ်ဖွယ်အခြေမရှိပါက ကာကွယ်ခုခံပိုင်ခွင့်ကို အသုံးမချနိုင်။

*[ပုဒ်မ ၉၉]*

၄။ ခုခံကာကွယ်ပိုင်ခွင့်ရှိသူသည် မည်သည့်လက်နက်ကိုသာ အသုံးပြုရမည်ဟု ကန့်သတ်ထားသည့် ပြဋ္ဌာန်းချက်မရှိပေ။

*[ချစ်တင်နှင့်အစိုးရ၊ အေအိုင်အာ၊ ၁၉၃၉၊ ရန်ကုန်၊ ၂၂၅ (၂၃၉)]*

၅။ ပြုလုပ်မှုတစ်စုံတစ်ခုသည် ပြစ်မှုမြောက်သည့် ပြုလုပ်မှုမဟုတ်ပါက ထိုပြုလုပ်မှုနှင့်ပတ်သက်၍ ကာကွယ်ခုခံပိုင်ခွင့်မရပေ။

*[ဂိုရီဆန်ကာနှင့်စူလတန်၊ အေအိုင်အာ၊ အောက်မြန်မာပြည်၊ ၁၂]*

## လူ့ကိုယ်နှင့်ပစ္စည်းကို ကာကွယ်ခုခံပိုင်ခွင့်၊ (ပုဒ်မ-၉၇)

## Right of private defence of the body and property. (Section-97)

**ဥပဒေပြဋ္ဌာန်းချက်**

ပုဒ်မ ၉၉ ပါ ကန့်သတ်ချက်များကို မဆန့်ကျင်ဘဲ မည်သူမဆို-

**ပထမ။** လူ့ကိုယ်ကို ထိခိုက်ကျူးလွန်သည့် ပြစ်မှုကို တားဆီးရန် မိမိကိုယ်နှင့် အခြားသူ၏ကိုယ်ကို ကာကွယ်ခုခံပိုင်ခွင့်ရှိသည်။

**ဒုတိယ။** ခိုးမှု၊ သို့တည်းမဟုတ် လုယက်မှု၊ သို့တည်းမဟုတ်၊ အကျိုးဖျက်ဆီးမှု၊ သို့တည်းမဟုတ် ရာဇဝတ်ပြစ်ဒဏ်ထိုက်သော ကျော်နင်းမှုကိုသော်လည်းကောင်း၊ အဆိုပါပြစ်မှုမျိုးကို ကျူးလွန်ရန် အားထုတ်ခြင်းကိုသော်လည်းကောင်း တားဆီးရန် မိမိပိုင်ဖြစ်စေ၊ သူတစ်ပါးပိုင်ဖြစ်စေ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကို သို့တည်းမဟုတ် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများကို ကာကွယ်ခုခံပိုင်ခွင့်ရှိသည်။

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ နှစ်ဦးနှစ်ဖက် သဘောတူစိန်ခေါ်၍ သတ်ပုတ်သည့်ကိစ္စများတွင် မည်သည့်ဘက်တွင်မျှ ကာကွယ်ခုခံပိုင်ခွင့်မရှိ နှစ်ဖက်စလုံးပင် အပြစ်မကင်းသည့်အလျောက် မည်သူက ရန်ပွဲကိုစတင်ခဲ့သည်ဟု စိစစ်ရန်လိုမည်မဟုတ်ပေ။

*[မောင်စိန်နှင့်ပြည်ထောင်စု၊ ၁၉၄၈၊ မြန်မာပြည်စီရင်ထုံး၊ ၃၃၄။*
*နီတွတ်ကယ်နှင့်ပြည်ထောင်စု၊ ၁၉၆၆၊ မြန်မာပြည်စီရင်ထုံး၊ ၃၅၂]*

၂။ လူတစ်ဦးသည် မိမိကိုယ်ကို ထိပါးလာလျှင်သော်လည်းကောင်း၊ ထိပါးရန် ခြိမ်းခြောက်လာလျှင်သော်လည်းကောင်း ကာကွယ်ခုခံပိုင်ခွင့်ရှိသည် ဆိုခြင်းမှာ အထူးဖော်ပြရန်လိုမည် မဟုတ်ပေ။

*[မောင်ခွေးခေါ် မောင်ထွန်းကြည်နှင့်ပြည်ထောင်စု၊ ၁၉၆၆၊ မြန်မာပြည်စီရင်ထုံး၊ ၄၂၈]*

၃။ ဓားနှင့်ခုတ်ရန်လုပ်သည့်လင်ကို ထင်းစဖြင့် တစ်ချက်ရိုက်ခြင်းသည် အသက်အန္တရာယ်ကို ကာကွယ်ရန်ပြုခြင်းဖြစ်၍ ပြစ်မှုမမြောက်။

*[မထွေးစိန်နှင့်ပြည်ထောင်စု၊ ၁၉၆၄၊ မြန်မာပြည်စီရင်ထုံး၊ ၄၉၀]*

၄။ သေသူကစတင်၍ ရန်မူသဖြင့် ရဲဌာနမှုခုန်ချကာ ထွက်ပြေးရန်ကြိုးစားစဉ် ဆက်လက်ရန်မူသောကြောင့် သေနတ်နှင့်တစ်ချက် ပြန်ပစ်ခတ်ခြင်းသည် ဤပုဒ်မတွင် အကြုံးဝင်သည့် ခုခံကာကွယ်ခြင်းဖြစ်သည်။

*[မောင်အောင်သိန်းနှင့်ပြည်ထောင်စု၊ ၁၉၆၆၊*
*မြန်မာပြည်စီရင်ထုံး၊ ၁၁၆ (အထူးအယူခံ)]*

၅။ ကာကွယ်ခုခံပိုင်ခွင့်သည် မိမိကိုယ်သာမက မိမိ၏ဆွေမျိုး၊ အသိမိတ်ဆွေများအပြင် သူစိမ်းတစ်ရံဆံလူ၏ ကိုယ်နှင့်လည်း အကြုံးဝင်သည်။ ကြီးနိုင်ငယ်ညှဉ်းသဘောသက်ရောက်သည့် ကိစ္စများတွင် အားနွဲ့သူကိုကူညီရန်၊ ကယ်ဆယ်ရန် လူမှုရေးအရတာဝန်ရှိသဖြင့် ဆွေမျိုးတော်စပ်ခြင်းမရှိသည့် သူစိမ်းတစ်ရံဆံပင်ဖြစ်လင့်ကစား ထိုသူ၏ကိုယ်အတွက် ကာကွယ်ခုခံပိုင်ခွင့် ရရှိခြင်းဖြစ်သည်။

*[ဘိုမြနှင့်အစိုးရ၊ ၁၉၄၀၊ ရန်ကုန်စီရင်ထုံး၊ ၁၀၉။*
*မောင်မှတ်နှင့်ပြည်ထောင်စု၊ ၁၉၅၄၊ မြန်မာပြည်စီရင်ထုံး၊ ၂၀ (လွှတ်တော်)။*
*စန်းစန်းမြင့်ခေါ် မတင်မြင့်နှင့်ပြည်ထောင်စု၊ ၁၉၆၆၊*
*မြန်မာပြည်စီရင်ထုံး၊ ၁၁၇၃။*
*မလှစိုးနှင့်မောင်သန်း၊ အတွဲ ၄၊ ဘားမားလောတိုင်း၊ ၂၆၁။]*

၆။ ကာကွယ်ခုခံပိုင်ခွင့်ကို အသုံးချရာ၌ လိုအပ်သည်ထက်ပို၍ အန္တရာယ်မပြုနိုင်ပေ။ မိတ်ဆွေဖြစ်သူအား လက်သီးနှင့်ထိုးသူကို ဓားနှင့်ထိုးသတ်ခြင်းသည် ကာကွယ်ပိုင်ခွင့်ကို လိုသည်ထက်ပို၍ အသုံးချခဲ့ခြင်းသာဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်သည်။

*[မောင်စံထွန်းနှင့်ပြည်ထောင်စု၊ ၁၉၆၆၊ မြန်မာပြည်စီရင်ထုံး၊ ၄၄၁]*

http://www.cherrythitsar.org



**စိတ်ပေါ့သွပ်သူ စသည်တို့၏ပြုလုပ်မှုကို တားဆီးရန် ကာကွယ်ခုခံပိုင်ခွင့်။ (ပုဒ်မ-၉၈)**

**Right of Private defence against the act of a person of unsoundmind, etc. (Section-98)**

**ဥပဒေဖွင့်ဆိုချက်**

ပြုလုပ်မှုတစ်ခုသည် အသက်ငယ်ခြင်း၊ အမြော်အမြင် အဆင်အခြင် မပြည့်စုံသေးခြင်း၊ စိတ်ပေါ့သွပ်ခြင်း၊ မူးယစ်ခြင်း၊ ကြောင်းခြင်းရာအမှန်မသိခြင်း တစ်ခုခုကြောင့်သာ ထိုပြုလုပ်မှုကို ပြုသူအတွက် ပြစ်ဒဏ်မထိုက်သော်လည်း မည်သူမဆို ထိုပြုလုပ်မှုကို တားဆီးရန် ပြစ်မှုမြောက်သော ပြုလုပ်မှုဖြစ်ဘိသကဲ့သို့ ကာကွယ်ခုခံပိုင်ခွင့် ရှိသည်။

**ဥပမာများ။**

(က) မောင်မဲသည် ရူးသွပ်နေခိုက် မောင်ဖြူကိုသတ်မည်ဟု အားထုတ်၏။ မောင်မဲ၌ အပြစ်မရှိ၊ သို့ရာတွင် မောင်မဲမရူးသွပ်လျှင် မောင်ဖြူမှာ ကာကွယ်ခုခံပိုင်ခွင့်ရှိသကဲ့သို့ ဤကိစ္စတွင်လည်း ကာကွယ်ခုခံပိုင်ခွင့်ရှိသည်။

(ခ) မောင်ဖြူသည် ဥပဒေနှင့်အညီ ဝင်ခွင့်ရှိသော အိမ်တစ်အိမ်ထဲသို့ ညဥ့်အခါဝင်ရောက်၏။ မောင်မဲက မောင်ဖြူကို အိမ်ဖောက်ထွင်းသူဖြစ်မည်ဟု သဘောရိုးနှင့်ထင်၍ မောင်ဖြူအား အန္တရာယ်ပြု၏။ ဤတွင် မောင်မဲမှာ ကြောင်းခြင်းရာအမှန်ကို မသိခြင်းကြောင့် မောင်ဖြူအား အန္တရာယ်ပြုသော်လည်း ပြစ်မှုကျူးလွန်ရာမရောက်။ သို့ရာတွင် မောင်မဲသည် ကြောင်းခြင်းရာအမှန်ကိုသိလျက်နှင့် အန္တရာယ်ပြုဘိသကဲ့သို့ မောင်ဖြူမှာ မောင်မဲ၏ အန္တရာယ်ပြုခြင်းကို တားဆီးရန် ကာကွယ်ခုခံပိုင်ခွင့်ရှိသည်။

**ကာကွယ်ခုခံပိုင်ခွင့်မရှိသည့် ပြုလုပ်မှုများ။ ကာကွယ်ခုခံပိုင်ခွင့်ကို မည်မျှဆောင်ရွက်နိုင်ခြင်း။ (ပုဒ်မ-၉၉)**

**Act against which there is no right of private defence. Extent to which the right may be exercised. (Section-99)**

**ဥပဒေဖွင့်ဆိုချက်**

သေဘေးဖြစ်စေရန်သော်လည်းကောင်း၊ အပြင်းအထန် နာကျင်စေရန်သော်လည်းကောင်း စိုးရိမ်လောက်ဖွယ်ရာအကြောင်းယုတ္တိမရှိသော ပြုလုပ်မှုကို ပြည်သူ့ဝန်ထမ်းက ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် သဘောရိုးနှင့် ပြုလုပ်လျှင် သို့တည်းမဟုတ် ပြုလုပ်ရန်အားထုတ်လျှင် ထိုသို့ပြုလုပ်ခြင်း၊ အားထုတ်ခြင်းတစ်ခုခုမှာ ဥပဒေအရ ပြုပိုင်ခွင့်အတိအကျမရှိသော်လည်း ထိုပြုလုပ်မှု၊ အားထုတ်မှုတစ်ခုခုကို တားဆီးရန် ကာကွယ်ခုခံပိုင်ခွင့်မရှိ။

သေဘေးကိုဖြစ်စေရန်သော်လည်းကောင်း၊ အပြင်းအထန် နာကျင်စေရန်သော်လည်းကောင်း စိုးရိမ်လောက်ဖွယ်ရာ အကြောင်းယုတ္တိမရှိသော ပြုလုပ်မှုကို ပြည်သူ့ဝန်ထမ်းက ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် သဘောရိုးနှင့် ညွှန်ကြားသည့်အတိုင်း တစ်ဦးတစ်ယောက်က ပြုလုပ်လျှင်၊ သို့တည်းမဟုတ် ပြုလုပ်ရန်အားထုတ်လျှင် ထိုညွှန်ကြားချက်မှာ ဥပဒေအရ ပြုပိုင်ခွင့်အတိအကျမရှိသော်လည်း ထိုပြုလုပ်မှုကို တားဆီးရန် ကာကွယ်ခုခံပိုင်ခွင့်မရှိ။

ပြည်သူ့ဝန်ထမ်း အာဏာပိုင်တို့ထံမှ အကာအကွယ် အစောင့်အရှောက်ရနိုင်ရန်၊ တိုင်တန်းရန် အချိန်ရှိသည့်ကိစ္စများတွင် ကာကွယ်ခုခံပိုင်ခွင့်မရှိ။

ကာကွယ်ခုခံရာတွင် ကာကွယ်ခုခံသောသဘောဖြင့် ဘေးအန္တရာယ်ပြုရန် လိုအပ်သည်ထက်ပို၍ ပြုခွင့်မရှိ။

*ရှင်းလင်းချက် ၁။* ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့်ပြုသော၊ သို့တည်းမဟုတ် ပြုရန်အားထုတ်သောသူသည် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု အပြုခံရသူက မသိလျှင်၊ သို့တည်းမဟုတ် ယုံကြည်ရန် အကြောင်းမရှိလျှင် ထိုသူသည် ထိုပြည်သူ့ဝန်ထမ်း၏ ပြုလုပ်မှုကို သို့တည်းမဟုတ် အားထုတ်မှုကို တားဆီးရန် ကာကွယ်ခုခံပိုင်ခွင့်ရှိသည်။

*ရှင်းလင်းချက် ၂။* ပြုသူသည် ပြည်သူ့ဝန်ထမ်းတစ်ဦး၏ ညွှန်ကြားချက်အရ ပြုသည်ကိုသော်လည်းကောင်း၊ အားထုတ်သည်ကိုလည်းကောင်း အပြုခံရသူက မသိလျှင် သို့တည်းမဟုတ် ယုံကြည်ရန် အကြောင်းမရှိလျှင် သို့တည်းမဟုတ် မည်သည့်အာဏာအရ ပြုကြောင်းကို ပြုသူက မပြောမဆိုလျှင်၊ သို့တည်းမဟုတ် အာဏာကို စာဖြင့် ပေးထားရရှိပါလျက် ထိုစာကို တောင်းဆိုသည့်စာမပြလျှင်၊ အပြုခံရသူသည် အဆိုပါ ပြည်သူ့ဝန်ထမ်း၏ ညွှန်ကြားချက်အရ ပြုသည်ကို၊ သို့တည်းမဟုတ် အားထုတ်သည်ကို တားဆီးရန် ကာကွယ်ခုခံပိုင်ခွင့်ရှိသည်။

**<u>စီရင်ထုံး</u>**

၁။ သေဘေး သို့မဟုတ် အပြင်းအထန်နာကျင်မှုဖြစ်စေလိမ့်မည်ဟု စိုးရိမ်ဖွယ်ရာ အကြောင်းမရှိက ပြည်သူ့ဝန်ထမ်း၏ ပြုလုပ်မှုနှင့်စပ်လျဉ်း၍ ကာကွယ်ခုခံပိုင်ခွင့် မရှိပေ။ ဘိန်းခိုးထုတ်လာသူကို ယစ်မျိုးအုပ်က သေနတ်နှင့်ပစ်၍ဖမ်းရာ၌ ဘိန်းခိုးထုတ်သူအနေဖြင့် သေဘေး သို့မဟုတ် အပြင်းအထန်နာကျင်မှုဖြစ်စေမည်ဟု စိုးရိမ်ဖွယ်ရာအကြောင်း ရှိနေသဖြင့် ယစ်မျိုးအုပ်အား ဓားနှင့်လှမ်းခုတ်ခြင်းသည် ဤပုဒ်မအရ ကာကွယ်ခုခံပိုင်ခွင့်အတွင်း ကျရောက်သည်ဟု ဆိုနိုင်မည်ဖြစ်သည်။

*[နန္ဒနှင့်အစိုးရ၊ (၁၉၁၇-၂၀)၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၁၇၆]*

၂။ အာဏာပိုင်များထံမှ အကာအကွယ် အစောင့်အရှောက်ရရန် တိုင်တန်းချိန်၊ တိုင်တန်းခွင့်ရှိလျှင် ဦးစွာတိုင်တန်းရမည်။ အချိန်ရပါလျက် တိုင်တန်းခြင်းမပြုပါက ကာကွယ်ခုခံပိုင်ခွင့်ရှိမည်မဟုတ်ပေ။ သို့ရာတွင် ကျူးကျော်မှုပြုလာပါက ပစ္စည်း

http://www.cherrythitsar.org



လက်ရှိဖြစ်သူသည် ပစ္စည်းကို လက်လွှတ်ထားခဲ့ပြီး အာဏာပိုင်ထံသို့ သွားရောက် တိုင်တန်းရမည်ဟု မဆိုလိုပေ။ ကာကွယ်ခုခံပိုင်ခွင့်ကို အသုံးမပြုလျှင် ကိုယ်ကို သော်လည်းကောင်း၊ ပစ္စည်းကိုသော်လည်းကောင်း ကျူးကျော်ခြင်းခံရမည့်ကိစ္စမျိုး တွင် ဥပဒေကို ကျဉ်းမြောင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုရန် မဟုတ်ပေ။

*[လှထွန်းဦးနှင့်အစိုးရ၊ ပုံနှိပ်ထားသော စီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၂၁၉]*

၃။ ကိုယ်ကိုသော်လည်းကောင်း၊ ပစ္စည်းကိုသော်လည်းကောင်း ဘေးအန္တရာယ် ကျရောက်ရန် စိုးရိမ်ဖွယ်ရာအကြောင်း ရှိလာသည်နှင့်တစ်ပြိုင်နက် ကာကွယ်ခုခံ ပိုင်ခွင့်ကို အသုံးပြုခွင့်ရလာသည်။ သို့ဖြစ်ရာ ကိုယ်ထိလက်ရောက် အစော်ကား ခံရသည်အထိ စောင့်ဆိုင်းနေရန်မလိုပေ။ သို့ရာတွင် စော်ကားမည်ဟုအထင်နှင့် ကြိုတင်ပြီး ကာကွယ်ခုခံပိုင်ခွင့်ကို အသုံးမပြုနိုင်။ ခုခံကာကွယ်ခွင့်ကို မည်မျှ မည်မျှ အသုံးပြုရမည်ဆိုသော ကိစ္စတွင် စော်ကားခြင်းခံရသူသည် သာမန်ဘေးမှ နေ၍ ကြည့်သူတစ်ဦးအနေဖြင့် ခေါင်းအေးအေးထားပြီး စဉ်းစားနိုင်သည့် အခြေ အနေမျိုးတွင်မရှိပေ။ ကာကွယ်ခုခံပိုင်ခွင့်ကို အသုံးချရာ၌ တစ်ဆင့်ပြီးတစ်ဆင့်၊ တစ်ထစ်ပြီးတစ်ထစ် မည်သို့မည်ပုံပြုရမည်ဟု တွေးတောကြံဆနေရမည့် အချိန် အခါမဟုတ်သည်ကို သတိချပ်ရမည်ဖြစ်သည်။

*[အစိုးရနှင့်လှမောင်၊ ၁၉၄၆၊ ရန်ကုန်စီရင်ထုံး၊ ၅၀၊ ထွန်းကြိုင်နှင့်အစိုးရ၊ ၁၉၄၈၊ မြန်မာပြည်စီရင်ထုံး၊ ၆၆]*

၄။ စော်ကားသူက တစ်ချက်ရိုက်လျှင် တစ်ချက်သာပြန်၍ကာကွယ်ခုခံရမည်ဟု မဆိုလို၊ မစော်ကားနိုင်သည်အထိ ကာကွယ်ခုခံပိုင်ခွင့် ရှိပေသည်။ ထွက်ပြေးခြင်း မပြုဘဲ ရပ်တန့်၍ ကာကွယ်ခုခံနိုင်သည်။

*[မောင်ကတုံးနှင့်ပြည်ထောင်စု၊ ၁၉၄၈၊ မြန်မာပြည်စီရင်ထုံး၊ ၆၆၁]*

၅။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၀ တွင် မကာကွယ်မခုခံလျှင် အပြင်းအထန် နာကျင်စေခြင်းအတွက် စိုးရိမ်ဖွယ်ရာ ဖြစ်လောက်သော အကြောင်းရှိသည့် လက် ရောက်မှု ကျူးလွန်သူကိုလည်းကောင်း၊ ပုဒ်မ ၁၀၃ တွင် မကာကွယ်၊ မခုခံဘဲနေပါက သေဘေးကို၊ သို့တည်းမဟုတ် အပြင်းအထန်နာကျင်ခြင်းခံရမည်ကို စိုးရိမ်ရန် အကြောင်းရှိအောင် ကျူးလွန်သည့် ခိုးမှု၊ အကျိုးပျက်စီးမှု၊ အိမ်ကျော်နင်းမှု၊ ကျူးလွန် သူကိုလည်းကောင်း၊ သေစေအောင်ပြု၍ ကာကွယ်ခုခံပိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းချက် ရှိသည်မှန်သော်လည်း ထိုကာကွယ်ခုခံပိုင်ခွင့်ကို ပုဒ်မ ၉၉ တွင် ပြဋ္ဌာန်းထားသည့် အတိုင်း လိုသည်ထက်ပို၍ အသုံးပြုခွင့်မရှိချေ။ ပုဒ်မ ၉၉ တွင် ကာကွယ်ခုခံရာ၌ ကာကွယ်ခုခံသောသဘောဖြင့် ဘေးအန္တရာယ်ပြုရန် လိုအပ်သည်ထက် ပိုမိုပြုခွင့် မရှိကြောင်း ပြဋ္ဌာန်းချက်ရှိသောကြောင့် လိုအပ်သည့် ဘေးအန္တရာယ်ထက် ပို၍ ပြုခဲ့ပါက ကာကွယ်ခုခံပိုင်ခွင့်ကို ကျော်လွန်၍ ပြုရာရောက်သည်။

*[ပြည်ထောင်စုနှင့်ဦးကြီးမောင်၊ ၁၉၈၂၊ မြန်မာပြည်စီရင်ထုံး၊ ၃၁]*

http://www.cherrythitsar.org



၆။ သို့ရာတွင် ကာကွယ်ခုခံပိုင်ခွင့်ကို အကြောင်းပြုပြီး ကလဲ့စားချေသည့်သဘော သက်ရောက်မည့် ပြုလုပ်မှုမျိုးကိုမူ မပြုနိုင်ပေ။

*[အစိုးရနှင့်ခစ်သိန်း၊ ၁၉၄၆၊ စီရင်ထုံး၊ ၆၄]*

၇။ စော်ကားခံရသူအနေဖြင့် နှိုင်းနှိုင်းချိန်ချိန် တွေးတောစဉ်းစားရန်အချိန်မရှိသည် သာမက ဒေါသသွေးဆူနေဆဲအချိန် ဖြစ်သည့်အပြင် ကျရောက်ဆဲ၊ ကျရောက် လတ္တံ့ဖြစ်သည့် အန္တရာယ်ကို ဖြစ်ရာနည်းလမ်းနှင့် ရှောင်တိမ်းမည်ဆိုသောဆန္ဒ စောနေသည့်အလျောက် ကာကွယ်ခုခံရာ၌ လိုသည်ထက်ပိုကောင်းပိုနေမည် ဖြစ်သည်ဆိုခြင်းကို သတိမူရမည်ဖြစ်သည်။ ပြုလုပ်မှုတစ်ခုသည် ကာကွယ်ခုခံ ပိုင်ခွင့်အတွင်း ကျရောက်ခြင်း ရှိမရှိ၊ လိုသည်ထက် ပိုခဲ့ပါသလောဆိုသည့်အချက် မှာ သို့လောသို့လော ဖြစ်နေပါက ထိုသံသယအကျိုးကို တရားခံသာ ခံစားခွင့်ရှိပေ သည်။

*[အောင်ဘွင့်နှင့်အစိုးရ၊ ၁၉၄၇၊ ရန်ကုန်စီရင်ထုံး၊ ၅၀၊*
*မောင်ခင်မောင်နှင့်ပြည်ထောင်စု၊ ၁၉၆၅၊ မြန်မာပြည်စီရင်ထုံး၊ ၁၇၈]*

## လူ့ကိုယ်ကို ကာကွယ်ခုခံပိုင်ခွင့်သည် မည်သည့်အခါတွင် လူသေစေရန်ပြုနိုင်ခြင်း။ (ပုဒ်မ-၁၀၀)

## When the right of private defence of the body extends to causing death. (Section-100)

<u>ဥပဒေပြဋ္ဌာန်းချက်</u>

အောက်ဖော်ပြပါပြစ်မှုများအနက် ပြစ်မှုတစ်ခုခုကို အန္တရာယ်ပြုသူက ကျူးလွန် ခဲ့လျှင် တစ်ဆက်တည်းဖြစ်သော အထက်ပုဒ်မတွင် ဖော်ပြသည့် ကန့်သတ်ချက်များ ကို အထောက်အထားပြုကာ ထိုအန္တရာယ်ပြုသူကို သေစေရန်သော်လည်းကောင်း၊ အခြားဘေးအန္တရာယ်တစ်ခုခု ဖြစ်စေရန်သော်လည်းကောင်း မည်သူမဆို မိမိအလို အလျောက်ပြု၍ လူ့ကိုယ်ကို ကာကွယ်ခုခံပိုင်ခွင့်ရှိသည်။

**ပထမ။** မကာကွယ်၊ မခုခံလျှင် သေဘေးသို့ရောက်စေခြင်းအတွက် စိုးရိမ်ဖွယ်ရာ ဖြစ်လောက်အောင် အကြောင်းရှိသည့် လက်ရောက်မှု။

**ဒုတိယ။** မကာကွယ်၊ မခုခံလျှင် အပြင်းအထန် နာကျင်စေခြင်းအတွက် စိုးရိမ် ဖွယ်ရာဖြစ်လောက်အောင် အကြောင်းရှိသည့် လက်ရောက်မှု။

**တတိယ။** မုဒိမ်းကျင့်ရန် အကြံအစည်နှင့် ကျူးလွန်သည့်လက်ရောက်မှု။

**စတုတ္ထ။** ကာမရာဂစိတ်ကို ဓမ္မတာအတိုင်းမဟုတ်ဘဲ ရောင့်ရဲအောင်ပြုလုပ်ရန် အကြံနှင့် ကျူးလွန်သည့်လက်ရောက်မှု။

**ပဉ္စမ။** လူကိုခိုးယူရန်အကြံနှင့်သော်လည်းကောင်း၊ သွေးဆောင်ခေါ်ငင်ရန်အကြံ နှင့်သော်လည်းကောင်း ကျူးလွန်သည့်လက်ရောက်မှု။

**ဆဋ္ဌမ။** လွတ်မြောက်ရေးအတွက် ပြည်သူ့ဝန်ထမ်းအာဏာပိုင်တို့ထံ တိုင်တန်း နိုင်ခွင့်မရနိုင်ဟု စိုးရိမ်ဖွယ်ရာ ဖြစ်လောက်အောင် အကြောင်းကိုဖြစ်စေ ပြီးလျှင် တစ်ဦးတစ်ယောက်သောသူအား မတရားချုပ်နှောင်ထားရန် အကြံနှင့် ကျူးလွန်သည့်လက်ရောက်မှု။

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ သေဘေး သို့မဟုတ် အပြင်းအထန် နာကျင်မှု ကျရောက်လိမ့်မည်ဟု စိုးရိမ်ရသည့်အခြေ၌သာ ဤပုဒ်မအရ ကာကွယ်ခုခံပိုင်ခွင့်ကို အသုံးပြုနိုင်သည်။ စိုးရိမ်ဖွယ်ရာ အခြေအနေမရှိက အသုံးမပြုနိုင်။ ကျူးကျော်မှုကို ကာကွယ်ရန် ပေးထားသည့် အခွင့်အရေးသာဖြစ်သည်။ ကာကွယ်ခုခံပိုင်ခွင့်အတွင်း သေစေခြင်း၊ ဟုတ်သည်မဟုတ်သည်ကို စဉ်းစားရာ၌ အခင်းဖြစ်ပွားစဉ်က တရားခံ၏ စိတ်အခြေအနေ၊ သေသူသည် မကောင်းသတင်းဖြင့် ကျော်စောသောသူ ဟုတ်မဟုတ် စသည့် အချက်အလက်များကို ကြည့်ရှုပြီးနောက် တရားခံသည် ကာကွယ်ခုခံခြင်းမပြုပါက သေဘေး သို့မဟုတ် အပြင်းအထန်နာကျင်မှု ကျရောက်လိမ့်မည်ဟု စိုးရိမ်ဖွယ်အခြေရှိသည် မရှိသည်ကို ဆုံးဖြတ်ရသည်။ အသံသာရှိပြီး အဆန်မပါသည့် သကြီးန်အမြောက်ကဲ့သို့ ခြိမ်းခြောက်ရုံ ခြိမ်းခြောက်ပြီး လက်မပါဘဲ နောက်ဆုတ်သွားသည့်သူကိုမူ ကာကွယ်ခုခံသည်ဟုဆိုပြီး သတ်ဖြတ်ခြင်းမပြုနိုင်။ ရန်စပြီး ဆဲရေးခြင်းခံရသဖြင့် ဒေါသထွက်ပြီး ရန်စသူကို တုတ်နှင့်ရိုက်ရာ၌ ခုခံပိုင်ခွင့်ကို အကာအကွယ်ယူပြီး သေစေခြင်းမပြုနိုင်။

*[ဝေစောအောင်နှင့်ပြည်ထောင်စု၊ ၁၉၆၆၊ မြန်မာပြည်စီရင်ထုံး၊ ၁၇၆]*

၂။ ကျူးကျော်ရန်မူခြင်း ခံရသူတစ်ဦးသည် ပွဲကြည့်ပရိသတ်တစ်ဦး အနေဖြင့် ခေါင်းအေးအေးထားပြီး စဉ်းစားရန်အချိန်မရှိ။ မိမိလွတ်ရာလွတ်ကြောင်းအတွက် တစ်ဖက်ရန်သူက ရန်မမူနိုင်သည်အထိ ကာကွယ်ခုခံမည်ဆိုသော စိတ်စောနေချိန်၌ ကာကွယ်ခုခံပိုင်ခွင့်ကို တစ်ဆင့်ပြီးတစ်ဆင့် မည်ရွေ့မည်မျှသာ သုံးစွဲရမည်ဟု ချင့်ချိန်ဝေဖန်ခြင်းပြုနိုင်မည်မဟုတ်။ ပြုရန်လည်း အချိန်ရရှိမည်မဟုတ်ပေ။

*[အစိုးရနှင့်လှမောင်၊ ၁၉၄၆၊ ရန်ကုန်စီရင်ထုံး၊ ၅၀*
*မောင်အောင်ရှင်နှင့်ပြည်ထောင်စု၊ ၁၉၇၁၊ မြန်မာပြည်စီရင်ထုံး၊ ၄၀]*

၃။ တရားခံသည် သေဘေး၊ သို့မဟုတ် အပြင်းအထန်နာကျင်မှု ကျရောက်လိမ့်မည်ဟု စိုးရိမ်ဖွယ်ရာအခြေသို့ ဆိုက်ရောက်ခြင်းရှိမရှိဆိုသော ပြဿနာကို အမှုတွင်ပေါ်ပေါက်လျက်ရှိသော ကြောင်းခြင်းရာများအပေါ် စိစစ်၍ဆုံးဖြတ်ရသည်။ ကိုင်စွဲသည့်လက်နက်၊ ရန်သူ၏အမူအရာ စသည့်အချက်အလက်များကိုလည်း ထည့်သွင်းစဉ်းစားရသည်။ သေသူသည် ဓားကိုင်ပြီး ကြိမ်းမောင်းသဖြင့် တရားခံကထွက်သွားသည်။ တရားခံနောက်သို့ သေသူကမလိုက်၊ ခဏကြာလျှင် တရားခံသည် တစ်ပတ်ပြန်လာပြီး သေသူအား တုတ်နှင့်ရိုက်၍သေရလျှင် တရားခံ၏ ပြုလုပ်မှုသည် ကာကွယ်ခုခံပိုင်ခွင့်အတွင်း မကျရောက်။

*[ချစ်တင်နှင့်အစိုးရ၊ အေအိုင်အာ၊ ၁၉၃၉၊ ရန်ကုန်၊ ၂၂၅]*

၄။ သေသူက ဓားကိုင်၍ရန်မူရန် ပြေးလာသဖြင့် တရားခံသည် လှံဖြင့်တစ်ချက်ထိုး၍ သေဆုံးရခြင်းသည်။ ကာကွယ်ခုခံပိုင်ခွင့်အတွင်း ကျရောက်သည်။

*[ကျော်ဇံနှင့်အစိုးရ၊ အတွဲ ၉၊ မြန်မာပြည်စီရင်ထုံး၊ ၁၉၁]*

http://www.cherrythitsar.org



၅။ ခြေထောက်တစ်ဖက်သာရှိသည့် တရားခံကို သေသူက ဝါးတုတ်ဖြင့်ရိုက်၊ ဓားနှင့်ခုတ်သဖြင့် သေသူအား ဓားမြှောင်ဖြင့်ထိုး၍ သေစေခြင်းသည် ဤပုဒ်မအရ ပြစ်မှုမမြောက်။

*[မောင်မြစောနှင့်ပြည်ထောင်စု၊ ၁၉၆၈၊ မြန်မာပြည်စီရင်ထုံး၊ ၄၆ (လွှတ်တော်)]*

၆။ လက်သီးဖြင့်ထိုးခြင်းအားဖြင့် သေဘေး၊ သို့မဟုတ် အပြင်းအထန်နာကျင်မှု ဖြစ်စေလိမ့်မည်ဟု စိုးရိမ်ဖွယ်ရာ အကြောင်းမရှိသဖြင့် သေစေသည်အထိ ကာကွယ်ခုခံပိုင်ခွင့်မရှိ။

*[မောင်စံထွန်းနှင့်ပြည်ထောင်စု၊ ၁၉၆၆၊ မြန်မာပြည်စီရင်ထုံး၊ ၄၄၁]*

၇။ တရားခံအနေဖြင့် ကိုယ်ထိလက်ရောက် စော်ကားကျူးလွန်ခြင်း ခံရမှုသာမဟုတ်၊ စော်ကားကျူးကျော်ရန် ခြိမ်းခြောက်ခြင်းခံရလျှင်လည်း ကာကွယ်ခုခံပိုင်ခွင့်ရှိသည်။

*[မောင်ကတုံးနှင့်ပြည်ထောင်စု၊ ၁၉၄၈၊ မြန်မာပြည်စီရင်ထုံး၊ ၆၆၁]*

**လူ့ကိုယ်ကို ကာကွယ်ခုခံပိုင်ခွင့် မည်သည့်အခါတွင် သေစေခြင်းမှတစ်ပါး အခြားဘေးအန္တရာယ်ဖြစ်စေရန်ပြုနိုင်ခြင်း။ (ပုဒ်မ-၁၀၁)**

**When such right extends to cauing any harm other than death. (Section-101)**

<u>**ဥပဒေဖွင့်ဆိုချက်**</u>

တစ်ဆက်တည်းဖြစ်သော အထက်ပုဒ်မတွင် ဖော်ပြထားသော အန္တရာယ်ပြုသူက ပြစ်မှုများအနက် တစ်ခုခုကို ကျူးလွန်ခဲ့သည်မဟုတ်လျှင် ထိုအန္တရာယ်ပြုသူ သေအောင် မည်သူမဆို မိမိအလိုအလျောက် လူ့ကိုယ်ကို ကာကွယ်ခုခံပိုင်ခွင့်မရှိ။ သို့ရာတွင် ပုဒ်မ ၉၉ တွင် ဖော်ပြသည့် ကန့်သတ်ချက်များကို အထောက်အထားပြုကာ အန္တရာယ်ပြုသူကို သေစေခြင်းမှတစ်ပါး အခြားဘေးအန္တရာယ်ဖြစ်စေရန် မည်သူမဆို မိမိအလိုအလျောက်ပြု၍ လူ့ကိုယ်ကို ကာကွယ်ခုခံပိုင်ခွင့်ရှိသည်။

<u>**စီရင်ထုံး**</u>

ပုဒ်မ ၁၀၀ တွင် အကြုံးမဝင်သည့် ပြစ်မှုတစ်ခုခုကို ကျူးလွန်က သေစေသည်အထိ ခုခံပိုင်ခွင့်မရှိ။ ကာကွယ်ခုခံပိုင်ခွင့်ကိုကျော်ပြီး လူသေစေလျှင် လူသတ်မှုအစား လူသေမှုဖြင့်သာ အပြစ်ပေးရမည်။ ပုဒ်မ ၂၂၉ (၂) (ခ) တွင်လည်း ကာကွယ်ခုခံပိုင်ခွင့်ကို လိုသည်ထက်ပို၍ သုံးစွဲသဖြင့် လူသေစေလျှင် လူသတ်မှုမမြောက်၊ လူသေမှုသာဖြစ်သည်ဟု ပြဋ္ဌာန်းထားပေသည်။ သေသူက တုတ်နှင့်ရိုက်သဖြင့် တရားခံက ဓားနှင့်ငါးချက်တိတိ ပြန်ထိုးခြင်းသည် ကာကွယ်ခုခံပိုင်ခွင့်ကို လိုသည်ထက်ပို၍ အသုံးပြုကြောင်း ပေါ်ပေါက်နေ၍ လူသေမှုအရသာ ပြစ်မှုထင်ရှားသည်။

*[မောင်ကျော်နုနှင့်ပြည်ထောင်စု၊ ၁၉၆၆၊ မြန်မာပြည်စီရင်ထုံး၊ ၄၁၅]*

http://www.cherrythitsar.org



**လူ့ကိုယ်ကို ကာကွယ်ခုခံပိုင်ခွင့် စတင်ဖြစ်ပေါ်သည့်အခါနှင့် ဆက်လက်တည်ရှိနေမည့် ကာလအပိုင်းအခြား။ (ပုဒ်မ-၁၀၂)**

**Commencement and continuance of the right of private defence of the body. (Section-102)**

**ဥပဒေပွင့်ဆိုချက်**

ပြစ်မှုကျူးလွန်ခြင်း မရှိသေးသော်လည်း ပြစ်မှုကို ကျူးလွန်ရန် အားထုတ်မှုမှ သော်လည်းကောင်း၊ ခြိမ်းခြောက်မှုမှသော်လည်းကောင်း လူ့ကိုယ်ကို ဘေးအန္တရာယ်ဖြစ်စေမှုအတွက် စိုးရိမ်ဖွယ်ရာ အကြောင်းပေါ်ပေါက်လာသည်နှင့် တစ်ပြိုင်နက် လူ့ကိုယ်ကိုခုခံပိုင်ခွင့်သည် စတင်ဖြစ်ပေါ်လာသည်။ ထို့ပြင် အဆိုပါဘေးအန္တရာယ်အတွက် စိုးရိမ်ဖွယ်ရာအကြောင်း ဆက်လက်တည်ရှိနေသမျှ ကာလပတ်လုံး လူ့ကိုယ်ကို ကာကွယ်ခုခံပိုင်ခွင့်လည်း ဆက်လက်တည်ရှိလျက်နေသည်။

**စီရင်ထုံး**

၁။ ဘေးအန္တရာယ်ဖြစ်ပေါ်စေလိမ့်မည်ဟု ယုတ္တိရှိသော စိုးရိမ်ဖွယ်ရာအကြောင်းရှိရန်လိုသည်။ စိတ်ကူးယဉ်စိုးရိမ်ခြင်းမျိုး မဖြစ်ရပေ။ ဥပမာ- အမျိုးသမီး သို့မဟုတ် ကလေးသည် သန်မာသည့် ယောကျ်ားတစ်ဦးအား ခြိမ်းခြောက်ခြင်းသည် ဘေးအန္တရာယ်ကျရောက်လိမ့်မည်ဟု စိုးရိမ်ဖွယ်ရာအကြောင်း ပေါ်ပေါက်ခြင်းမပြုနိုင်။ ဆဲရေးခြင်းသဘော သက်ရောက်သည့် ခြိမ်းခြောက်မှုမျိုးသည်လည်းကောင်း၊ နှုတ်သာပါပြီး ကိုယ်မပါသည့် ခြိမ်းခြောက်မှုမျိုးသည်လည်းကောင်း ဘေးအန္တရာယ်ဖြစ်ပေါ်စေရန် စိုးရိမ်ဖွယ်ရာအကြောင်းဖြစ်သည်ဟု မဆိုနိုင်ပေ။ စိုးရိမ်ဖွယ်ရာအကြောင်းရှိသည် မရှိသည်ဆိုခြင်းကို ပေါ်ပေါက်နေသော ကြောင်းခြင်းရာကိုလိုက်၍ ဆုံးဖြတ်ရသည်။ စိုးရိမ်ဖွယ်ရာအကြောင်းရှိလျှင် ထွက်ပြေးရန်မလို၊ ရပ်တန့်၍ ခုခံနိုင်သည်။

*[မောင်ကတုံးနှင့်ပြည်ထောင်စု၊ ၁၉၄၈၊ မြန်မာပြည်စီရင်ထုံး၊ ၆၆၁]*

၂။ ရန်ပွဲပြီးဆုံးပြီးနောက် စိုးရိမ်ဖွယ်ရာအခြေအနေမဟုတ်လျှင် ကာကွယ်ခုခံပိုင်ခွင့်မရှိ။

*[ချစ်တင်နှင့်အစိုးရ၊ အေအိုင်အာ၊ ၁၉၃၉၊ ရန်ကုန်၊ ၂၂၅]*

**ပစ္စည်းကာကွယ်ခုခံပိုင်ခွင့်သည် မည်သည့်အခါတွင် လူကိုသေစေရန်ပြုနိုင်ခြင်း။ (ပုဒ်မ-၁၀၃)**

**When the right of private defence of property extends to causing death. (Section-103)**

**ဥပဒေပွင့်ဆိုချက်**

အောက်ဖော်ပြပါ ပြစ်မှုများအနက် ပြစ်မှုတစ်ခုခုကို မတော်မမှန်ပြုသူက ကျူးလွန်လျှင်၊ သို့တည်းမဟုတ် ကျူးလွန်ရန်အားထုတ်လျှင် ပုဒ်မ ၉၉ တွင်ဖော်ပြ

http://www.cherrythitsar.org



ထားသည့် ကန့်သတ်ချက်များကို အထောက်အထားပြုကာ ထိုမတော်မမှန်ပြုသူကို သေစေရန်သော်လည်းကောင်း၊ အခြားဘေးအန္တရာယ်ဖြစ်စေရန်သော်လည်းကောင်း မည်သူမဆို မိမိအလိုအလျောက်ပြု၍ ပစ္စည်းကို ကာကွယ်ခုခံပိုင်ခွင့်ရှိသည်။

*ပထမ။* လုယက်မှု။

*ဒုတိယ။* ညဥ့်အခါ အိမ်ဖောက်ထွင်းမှု။

*တတိယ။* လူနေရန်ဖြစ်စေ၊ ဥစ္စာပစ္စည်းထားသိုရန်ဖြစ်စေ အသုံးပြုသည့်တိုက်အိမ် စသည့် အဆောက်အအုံ၊ တဲ၊ ရေယာဉ်တစ်ခုခုတွင် ကျူးလွန်သည့် မီးဖြင့် အကျိုးဖျက်ဆီးမှု။

*စတုတ္ထ။* မကာကွယ်၊ မခုခံဘဲနေပါက သေဘေးကို၊ သို့တည်းမဟုတ် အပြင်းအထန် နာကျင်ခြင်းခံရမည်ကို စိုးရိမ်ရန်အကြောင်းရှိအောင် ကျူးလွန်သည့် ခိုးမှု၊ သို့တည်းမဟုတ် အကျိုးဖျက်ဆီးမှု၊ သို့တည်းမဟုတ် အိမ်ကျော်နင်းမှု။

**<u>စီရင်ထုံး</u>**

၁။ အိမ်ကိုဖောက်ထွင်းပြီး အထဲသို့ဝင်လာမှသာမဟုတ်၊ ဖောက်ထွင်းရန် အားထုတ်ခိုက်လည်း ကာကွယ်ခုခံပိုင်ခွင့်ရှိသည်။ အိမ်ထဲသို့ မရောက်လာအောင် ပြုပိုင်ခွင့် ရှိမည်ဖြစ်သည်။ သို့ရာတွင် ထိုကာကွယ်ခုခံပိုင်ခွင့်ကို လိုသည်ထက်ပို၍ အသုံး မပြုနိုင်ပေ။ သေသူသည် ညဥ့်အချိန် အိမ်ဖောက်ထွင်းပြီး ဝင်လာသည်ကို တရားခံက လက်နှိပ်ဓာတ်မီးထိုးကြည့်၍ မြင်သဖြင့်မေးရာ မဖြေဘဲရပ်နေစဉ် သေနတ်နှင့် ပစ်သောကြောင့် သေဆုံးရခြင်းသည် ကာကွယ်ခုခံပိုင်ခွင့်ကို လိုသည်ထက်ပို၍ အသုံးချခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

*[မောင်တင်ဖေနှင့်ပြည်ထောင်စု၊ ၁၉၆၆၊ မြန်မာပြည်စီရင်ထုံး၊ ၁၀၀၁]*

၂။ အကြမ်းနည်းဖက်၍ပြုသည့် ခိုးမှုနှင့်သာ အကြုံးဝင်သည့် အကြမ်းဖက်မှုမပါ သော ခိုးမှုကျူးလွန်သူကို သေစေခြင်းမပြုနိုင်။ ကြက်ခိုးသူကို သေစေခြင်းသည် ကာကွယ်ခုခံပိုင်ခွင့်ကို လိုသည်ထက်ပို၍ အသုံးပြုရာ ရောက်သဖြင့် လူသေမှု ကျူးလွန်ရာရောက်သည်။

*[မောင်တင်ရွှေနှင့်ပြည်ထောင်စု၊ ၁၉၆၄၊ မြန်မာပြည်စီရင်ထုံး၊ ၂၀၉]*

၃။ သို့ရာတွင် တရားခံ၏ကြံခင်းသို့ ညအချိန်ဝင်ရောက်ပြီး ဓားနှင့်ကြံပင်များကို ခုတ်သည့်သူခိုးကို ဒူးလေးနှင့်ပစ်ခြင်းသည် ကာကွယ်ခုခံပိုင်ခွင့်ကို လိုသည်ထက် ပို၍ အသုံးချသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

*[အစိုးရနှင့်ကျော်ဇံလှ၊ အတွဲ ၁၀၊ မြန်မာပြည်စီရင်ထုံး၊ ၂၆၃]*

http://www.cherrythitsar.org



**ပစ္စည်းကာကွယ်ခုခံပိုင်ခွင့်သည် မည်သည့် အခါတွင် သေစေခြင်းမှတစ်ပါး အခြား ဘေးအန္တရာယ်ဖြစ်စေရန် ပြုနိုင်ခြင်း။ (ပုဒ်မ-၁၀၄)**

**When such right extends to causing any harm other than death. (Section-104)**

<u>**ဥပဒေပွင့်ဆိုချက်**</u>

တစ်ဦးတစ်ယောက်သောသူသည် တစ်ဆက်တည်းဖြစ်သော အထက်ပုဒ်မတွင် ဖော်ပြထားသော ပြစ်မှုမျိုးမဟုတ်သည့် ခိုးမှု၊ အကျိုးဖျက်ဆီးမှု၊ ရာဇဝတ်ပြစ်ဒဏ် ထိုက်သော ကျော်နင်းမှုတစ်ခုခုကို ကျူးလွန်လျှင် သို့တည်းမဟုတ် ကျူးလွန်ရန် အားထုတ်လျှင် ထိုသူကို သေစေရန် မည်သူမဆို မိမိအလိုအလျောက်ပြု၍ ပစ္စည်း ကို ကာကွယ်ခုခံပိုင်ခွင့်မရှိ။ သို့ရာတွင် ပုဒ်မ ၉၉ ၌ ဖော်ပြသည့် ကန့်သတ်ချက် များကို အထောက်အထားပြုကာ ထိုမတော်မမှန်ပြုသူကို သေစေခြင်းမှတစ်ပါး အခြားဘေးအန္တရာယ်ဖြစ်စေရန် မည်သူမဆို မိမိအလိုအလျောက်ပြု၍ ပစ္စည်းကို ကာကွယ်ခုခံပိုင်ခွင့်ရှိသည်။

**ပစ္စည်းကာကွယ်ခုခံပိုင်ခွင့် စတင်ဖြစ်ပေါ်သည့် အခါနှင့် ဆက်လက်တည်ရှိနေမည့် ကာလ အပိုင်းအခြား။ (ပုဒ်မ-၁၀၅)**

**Commencement and continuance of the right of private defence of property. (Section-105)**

<u>**ဥပဒေပွင့်ဆိုချက်**</u>

ပစ္စည်းကို ကာကွယ်ခုခံပိုင်ခွင့်သည် ပစ္စည်းကို ဘေးအန္တရာယ်ဖြစ်စေမည့် စိုးရိမ်ဖွယ်ရာအကြောင်း ဖြစ်ပေါ်လာသည့်အခါမှ အစပြုသည်။ ခိုးမှုမှ ပစ္စည်း ကာကွယ်ခုခံပိုင်ခွင့်သည် ပြစ်မှုကျူးလွန်သူက ခိုးရာပါပစ္စည်းနှင့်တကွ ထွက်ခွာ သွားသည့်တိုင်အောင် သို့တည်းမဟုတ် ပြည်သူ့ဝန်ထမ်းအာဏာပိုင်တို့၏ အကူ အညီရသည့်တိုင်အောင် သို့တည်းမဟုတ် ပစ္စည်းကို ပြန်ရသည့်တိုင်အောင် ဆက် လက်တည်နေသည်။

လုယက်မှုမှ ပစ္စည်းကာကွယ်ခုခံပိုင်ခွင့်သည် ပြစ်မှုကျူးလွန်သူက တစ်ဦး တစ်ယောက်သောသူကို သေအောင်သော်လည်းကောင်း၊ နာကျင်အောင်သော်လည်း ကောင်း၊ မတရားတားဆီးရန်သော်လည်းကောင်း ပြုနေသမျှကာလပတ်လုံး သို့တည်း မဟုတ် ပြုရန်အားထုတ်နေသမျှကာလပတ်လုံး၊ သို့တည်းမဟုတ် တမုဟုတ်ချင်း သေရမည်ဟုသော် လည်းကောင်း၊ တမုဟုတ်ချင်း နာကျင်ခြင်း ခံရမည်ဟုသော် လည်းကောင်း၊ တမုဟုတ်ချင်း ကိုယ်တိုင်အချုပ်အနှောင်ခံရမည်ဟုသော် လည်း ကောင်း ကြောက်ရွံ့ဖွယ်ရာဖြစ်အောင် ကျူးလွန်သူက ပြုနေသမျှကာလပတ်လုံး ဆက်လက်တည်နေသည်။

http://www.cherrythitsar.org



ရာဇဝတ်ပြစ်ဒဏ်ထိုက်သော ကျော်နင်းမှုမှ၊ သို့တည်းမဟုတ် အကျိုးဖျက်ဆီးမှုမှ ပစ္စည်းကာကွယ်ခုခံပိုင်ခွင့်သည် ပြစ်မှုကျူးလွန်သူက ရာဇဝတ်ပြစ်ဒဏ်ထိုက်သော ကျော်နင်းမှုကို၊ သို့တည်းမဟုတ် အကျိုးဖျက်ဆီးမှုကို ကျူးလွန်နေသမျှ ကာလပတ်လုံး ဆက်လက်တည်နေသည်။

ညဥ့်အခါ အိမ်ဖောက်ထွင်းမှုမှ ပစ္စည်းကာကွယ်ခုခံပိုင်ခွင့်သည် ပြစ်မှုကျူးလွန်သူက အိမ်ကိုဖောက်ထွင်းခြင်းဖြင့် အစပြုသော အိမ်ကျော်နင်းမှု ကျူးလွန်နေသမျှ ကာလပတ်လုံး ဆက်လက်တည်နေသည်။

**<u>စီရင်ထုံး</u>**

သူခိုးသည် ပစ္စည်းကိုယူ၍ ထွက်ပြေးနေစဉ်အချိန်၌ ပစ္စည်းနှင့်အတူ လွတ်မြောက်သွားပြီဟု မဆိုနိုင်သေးသဖြင့် ကာကွယ်ခုခံပိုင်ခွင့်ရှိသေးသည်ဟု ယူဆရမည်။ သို့ရာတွင် သူခိုးသည် ပစ္စည်းကိုပစ်ချ၍ ထွက်ပြေးသွားလျှင်မူ ကာကွယ်ခုခံပိုင်ခွင့် ကုန်ဆုံးသွားပြီဖြစ်၍ ပစ္စည်းပိုင်ရှင်သည် သူခိုး၏နောက်သို့လိုက်၍ ရိုက်နှက်ခြင်း မပြုနိုင်ပေ။

*[ပုကယ်နှင့်အစိုးရ၊ အေအိုင်အာ၊ ၁၉၃၃၊ ရန်ကုန်၊ ၃၄၀]*

## အပြစ်မရှိသူအား အန္တရာယ်ဖြစ်ကောင်းဖြစ်နိုင်စေကာမူ သေစေလောက်သော လက်ရောက်မှုမှ ကာကွယ်ခုခံပိုင်ခွင့်။ (ပုဒ်မ-၁၀၆)

## Right of private defence against deadly assault when there is risk of harm to innocent person. (Section-106)

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

သေစေရန်စိုးရိမ်ဖွယ်ရာအကြောင်းရှိသည့် လက်ရောက်မှုမှ ကာကွယ်ခုခံပိုင်ခွင့်ကို ဆောင်ရွက်ရာတွင် ကာကွယ်ခုခံသူသည် အပြစ်မရှိသူတစ်ဦးတစ်ယောက်အား ဘေးအန္တရာယ် မဖြစ်နိုင်စေဘဲ ထိုအခွင့်ကို ဖြစ်မြောက်အောင် မသုံးနိုင်သောအခြေသို့ရောက်ရှိနေလျှင် ထိုအပြစ်မရှိသူအား ဘေးအန္တရာယ် ဖြစ်နိုင်စေမည့်အကြောင်းရှိသော်လည်း မိမိ၌ ကာကွယ်ခုခံပိုင်ခွင့်ရှိသည်။

**<u>ဥပမာ</u>**

လူတစ်စုသည် မောင်ဖြူကိုသတ်ရန်အားထုတ်၍ မောင်ဖြူအား အန္တရာယ်ပြု၏။ မောင်ဖြူသည် ထိုလူစုကို သေနတ်နှင့်မပစ်မခတ်ဘဲ ကာကွယ်ခုခံပိုင်ခွင့်ကို ဖြစ်မြောက်အောင် မသုံးနိုင်သည့်အခြေသို့ ရောက်ရှိနေသည်။ ပစ်ခတ်ပြန်လျှင်လည်း ထိုလူစုနှင့် ရောနှောလျက်ရှိသည့် ကလေးများကို အန္တရာယ်မဖြစ်နိုင်စေဘဲ မပစ်မခတ်နိုင်သောအခြေသို့ ရောက်ရှိနေပြန်သည်။ ထိုအခြေတွင် သေနတ်ပစ်ခတ်ခြင်းကြောင့် ကလေးတစ်ယောက်ကို ဘေးအန္တရာယ်ဖြစ်စေခဲ့သော်လည်း ကာကွယ်ခုခံသူ မောင်ဖြူသည် ပြစ်မှုကျူးလွန်ရာမရောက်။

http://www.cherrythitsar.org



## အခန်း(၅)
## အားပေးကူညီခြင်း

**အားပေးကူညီခြင်း။** **Abatement of a thing.**
**(ပုဒ်မ-၁၀၇)** **(Section-107)**

ဥပဒေဖွင့်ဆိုချက်

အရာတစ်ခုပြုခြင်းကို တစ်ဦးတစ်ယောက်သောသူက အားပေးကူညီသည် ဆိုသည်မှာ-

*ပထမ။* တစ်ဦးတစ်ယောက်သောသူအား ထိုအရာကို ပြုစေရန် လှုံ့ဆော်ခြင်း၊ သို့တည်းမဟုတ်၊

*ဒုတိယ။* ထိုအရာကိုပြုစေရန် အခြားသူတစ်ဦးနှင့်ဖြစ်စေ၊ အများနှင့်ဖြစ်စေ ပူးပေါင်းကြံစည်သည့်အတိုင်းလည်းဖြစ်၍ ထိုအရာကို ပြုရန်အလို့ငှာ လည်းဖြစ်သော ပြုလုပ်မှုတစ်ခုသော် လည်းကောင်း၊ ဥပဒေနှင့်မညီ ပျက်ကွက်မှုတစ်ခုသော်လည်းကောင်း ဖြစ်ပွားလျှင် ထိုသို့ မိမိက ပူးပေါင်းကြံစည်ခြင်း၊ သို့တည်းမဟုတ်၊

*တတိယ။* ပြုလုပ်မှုဖြင့်သော်လည်းကောင်း၊ ဥပဒေနှင့်မညီ ပျက်ကွက်မှုဖြင့်သော် လည်းကောင်း ထိုအရာပြုခြင်းကို တမင်ကူပံ့ခြင်းတို့ဖြစ်သည်။

*ရှင်းလင်းချက် ၁။* ။ မည်သူမဆို မမှန်သည့်ကြောင်းခြင်းရာတစ်ခုကို မမှန်ကြောင်း သိလျက်နှင့် တမင်ပြောဆိုခြင်းဖြင့်ဖြစ်စေ၊ အရေးပါသည့် ကြောင်းခြင်းရာတစ်ခုကို ထုတ်ဖော်ရန် တာဝန်ရှိလျက် တမင်ထိမ်ချန်ခြင်းဖြင့်ဖြစ်စေ မိမိအလိုအလျောက် သူတစ်ပါးအား အရာတစ်ခုကိုပြုစေလျှင်၊ သို့တည်းမဟုတ် ထိုသို့ပြုစေရန် အားထုတ်လျှင်၊ သို့တည်းမဟုတ် အရာတစ်ခုပြုမှုကို မိမိအလိုအလျောက် ဖြစ်မြောက်စေလျှင်၊ သို့တည်းမဟုတ် ထိုသို့ဖြစ်မြောက်စေရန် အားထုတ်လျှင် ထိုသူသည် ထိုအရာကို ပြုစေရန် လှုံ့ဆော်သည်မည်၏။

ဥပမာ

ပြည်သူ့ဝန်ထမ်း မောင်ဖြူသည် မောင်ညိုကိုဖမ်းဆီးရန် တရားရုံးမှ ဝရမ်းအမိန့် ရရှိ၏။ ထိုသို့အမိန့်ရရှိကြောင်းကို မောင်မဲကသိ၏။ မောင်ဝါအဖမ်းခံရလေအောင် မောင်ဝါအား မောင်ညိုမဟုတ်ကြောင်းသိလျက်နှင့် မောင်ညိုဖြစ်သည်ဟု မောင်ဖြူအား မောင်မဲက တမင်ပြောဆိုသဖြင့် မောင်ဝါအဖမ်းခံရ၏။ ဤအမှုတွင် မောင်မဲသည် လှုံ့ဆော်ခြင်းဖြင့် အားပေးကူညီရာရောက်သည်။

*ရှင်းလင်းချက် ၂။* ။ မည်သူမဆို ပြုလုပ်မှုတစ်ခုကို မပြုမီဖြစ်စေ၊ ပြုဆဲအခါတွင် ဖြစ်စေ ထိုပြုလုပ်မှု ဖြစ်မြောက်လွယ်ကူစေခြင်းငှာ အရာတစ်ခုခုကိုပြု၍ ထိုသို့ ပြုခြင်းဖြင့် ပြုလုပ်မှုဖြစ်မြောက်ရန် လွယ်ကူစေလျှင် ထိုသူသည် ထိုပြုလုပ်မှုကို ပြုရန် ကူပံ့သည်မည်၏။

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ ပြစ်မှုကျူးလွန်သည့်အဆင့် မကျော်လွန်မီ တစ်ချိန်ချိန်၌ ပြစ်မှုကျူးလွန်သည့် ကိစ္စတွင် တစ်နည်းနည်းဖြင့် ထိထိရောက်ရောက် ပါဝင်ခဲ့မှသာ ပြစ်မှုဆိုင်ရာဥပဒေ အရ အားပေးကူညီသည်ဟု ဆိုနိုင်မည်ဖြစ်သည်။ ပြစ်မှုကျူးလွန်ရာ၌ ရှိနေသည့် အကြောင်းကြောင့် ပြစ်မှုကျူးလွန်ခြင်းကို အားပေးကူညီသည်ဟု ယူဆရန်မဟုတ်ချေ။ ဥပမာ- လူတစ်ယောက်သည် အခြားလူက လူသတ်မှုကျူးလွန်စဉ် အနီး၌ ရှိသော်လည်း ပြစ်မှုကျူးလွန်ရာ၌ ကိုယ်တိုင်ပါဝင်ခြင်းမရှိလျှင် ပြစ်မှုကျူးလွန်ခြင်းကို တားဆီးခြင်းသော်လည်းကောင်း၊ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးခြင်းသော်လည်းကောင်း မပြုသည့်အကြောင်းကြောင့် လူသတ်မှုကျူးလွန်ခြင်းကို အားပေးကူညီသည်ဟု ဆိုနိုင်မည်မဟုတ်။ လှုံ့ဆော်ခြင်း၊ ကူပံ့ခြင်းမရှိက အားပေးကူညီရာ မရောက်။ သို့ဖြစ်ရာ ကိုယ်စားလှယ်ကျူးလွန်သည့်ပြစ်မှုအတွက် အကြီးအကဲက လှုံ့ဆော်ခြင်း၊ ကူပံ့ခြင်းမပြုလျှင် အားပေးကူညီမှုဖြင့် အကြီးအကဲအား အရေး မယူနိုင်ပေ။

*[မောင်နွယ်နှင့်မောင်ဘိုလှ၊ ၁၉၃၇၊ ရန်ကုန်စီရင်ထုံး၊ ၂၄၆]*

၂။ လှုံ့ဆော်ခြင်းမပြုလျှင် လှုံဆော်ခြင်းခံရသူက ပြစ်မှုကျူးလွန်သည်ဖြစ်စေ၊ မကျူးလွန်သည်ဖြစ်စေ အားပေးကူညီရာရောက်၍ ပြစ်မှုမြောက်သည်။ လှုံ့ဆော်သူ၏ အကြံအစည်၊ အပြုအမူပေါ်၌သာ မူတည်သည်။ လှုံ့ဆော်ခြင်းကြောင့် ဖြစ်ပေါ်ရသည့် အကျိုးအပြစ်ပေါ်တွင် မူတည်ခြင်းမရှိပေ။

*[သာလှအောင်နှင့်အစိုးရ၊ အတွဲ ၁၂၊ မြန်မာပြည်စီရင်ထုံး၊ ၇၀]*

၃။ အလိုအလျောက်ဖြစ်စေ၊ ခြိမ်းခြောက်ခံရ၍ဖြစ်စေ လာဘ်ပေးခြင်းသည် လာဘ်ပေးလာဘ်ယူမှုကို အားပေးကူညီခြင်းပင်ဖြစ်သည်။ သို့ရာတွင် ခြိမ်းခြောက်ခံရသဖြင့် လာဘ်ပေးရသည့်ကိစ္စတွင် လာဘ်ပေးသူ၏ထွက်ချက်သည် ကြံရာပါ တစ်ဦး၏ သက်သေထွက်ချက်ဖြစ်သည်ဟု မယူဆနိုင်သဖြင့် ထိုထွက်ချက်ကို တရားခံအပြစ်ရှိသည် မရှိသည်ဆိုသောကိစ္စ၌ ထည့်သွင်းစဉ်းစားနိုင်ပေသည်။

*[ဦးဘစီနှင့်ပြည်ထောင်စု၊ ၁၉၆၈၊ မြန်မာပြည်စီရင်ထုံး၊ ၆၆(အထူးအယူခံ)]*

၄။ ပြစ်မှုကျူးလွန်ရန် အကြံအစည်ရှိကာမျှဖြင့် ပူးပေါင်းကြံစည်ခြင်း မမြောက်ပေ။ ပြစ်မှုကျူးလွန်ရန် အကြံရှိသည်ကို ပူးပေါင်း၍ပြုရန် သဘောတူညီမှုသာ ပူးပေါင်းကြံစည်သည်ဟု ဆိုနိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာ ပြုလုပ်မှုတစ်စုံတစ်ရာမရှိသည့် ပူးပေါင်းကြံစည်ခြင်းသည် အားပေးကူညီမှုမမြောက်ချေ။

*[ဂျုံဘင်းနှင့်အေးမင်နုရယ်၊ အတွဲ ၁၄၊ ရန်ကုန်၊ ၅၉၇(၆၀၄)]*

**အားပေးကူညီသူ။ (ပုဒ်မ-၁၀၈)**

## Abettor.
## (Section-108)

**ဥပဒေပြဋ္ဌာန်းချက်**

တစ်ဦးတစ်ယောက်သောသူသည် ပြစ်မှုကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့တည်းမဟုတ် ဥပဒေအရ ပြစ်မှုကျူးလွန်ရာရောက်နိုင်သူက အားပေးကူညီသူ၌

http://www.cherrythitsar.org



ရှိသော ကြံရွယ်ချက်မျိုးဖြင့်သော်လည်းကောင်း၊ အသိဉာဏ်မျိုးဖြင့်သော်လည်းကောင်း ပြုသည်ဖြစ်ပါက ပြစ်မှုမြောက်သည့် ပြုလုပ်မှု ကျူးလွန်ခြင်းကို အားပေးကူညီလျှင် ထိုသူသည် ပြစ်မှုကို အားပေးကူညီသည်မည်၏။

*ရှင်းလင်းချက် ၁။* ပြုလုပ်မှုတစ်ခုကို ပြုလုပ်ရန် ဥပဒေနှင့်မညီ ပျက်ကွက်ခြင်းကို အားပေးကူညီလျှင် အားပေးကူညီသူသည် မိမိကိုယ်တိုင် ထိုပြုလုပ်မှုကို ပြုရန် တာဝန်မရှိသော်လည်း ပြစ်မှုကျူးလွန်ရာရောက်နိုင်သည်။

*ရှင်းလင်းချက် ၂။* အားပေးကူညီခြင်းခံရသည့် ပြုလုပ်မှုကို ကျူးလွန်မှသာ ပြစ်မှုမြောက်သည်မဟုတ်၊ ထိုပြုလုပ်မှုကို မကျူးလွန်စေကာမူ အားပေးကူညီလျှင် အားပေးကူညီမှုမြောက်သည်၊ သို့တည်းမဟုတ် ပြစ်မှုမြောက်ရန် လိုအပ်သည့် အကျိုးသက်ရောက်စေမှသာ ပြစ်မှုမြောက်သည်မဟုတ်၊ ထိုသို့အကျိုးမသက်ရောက်စေကာမူ အားပေးကူညီလျှင် အားပေးကူညီမှုမြောက်သည်။

<u>ဥပမာများ</u>

(က) မောင်ညိုကိုသတ်ရန် မောင်ဖြူက မောင်မဲကိုလှုံ့ဆော်၏။ မောင်မဲက မသတ်လိုဟုငြင်း၏။ ထိုအမှုတွင် မောင်ဖြူသည် လူသတ်မှုကျူးလွန်ရန် မောင်မဲကို လှုံ့ဆော်သည်ဖြစ်သောကြောင့် အားပေးကူညီမှုကို ကျူးလွန်သည်။

(ခ) မောင်ဝါကိုသတ်ရန် မောင်ဖြူက မောင်မဲကိုလှုံ့ဆော်သောကြောင့် မောင်မဲက မောင်ဝါကို ဓားနှင့်ထိုး၏။ မောင်ဝါသည် ထိခိုက်သည့်ဒဏ်ရာနှင့်မသေ၊ ချမ်းသာရာရသော်လည်း မောင်ဖြူသည် လူသတ်မှုကျူးလွန်စေရန် မောင်မဲကို လှုံ့ဆော်သည်ဖြစ်သောကြောင့် အားပေးကူညီမှုကို ကျူးလွန်သည်။

*ရှင်းလင်းချက် ၃။* အားပေးကူညီခြင်းခံရသူသည် ဥပဒေအရ ပြစ်မှုကျူးလွန်ရာရောက်နိုင်သူ ဖြစ်ရန်မလို၊ သို့တည်းမဟုတ် အားပေးကူညီသူ၏ အပြစ်မကင်းသော ကြံရွယ်ချက်မျိုးသော်လည်းကောင်း၊ အသိဉာဏ်မျိုးသော်လည်းကောင်း၊ တစ်ခုခုသော အပြစ်မကင်းသည့် ကြံရွယ်ချက်သော်လည်းကောင်း၊ အသိဉာဏ်သော် လည်းကောင်း ထိုအားပေးကူညီခြင်းခံရသူ၌ ရှိရန်မလို။

<u>ဥပမာများ</u>

(က) ကလေးသူငယ်တစ်ယောက်ကိုသော်လည်းကောင်း၊ သူရူးတစ်ယောက်ကိုသော်လည်းကောင်း မောင်ဖြူသည် အပြစ်မကင်းသော ကြံရွယ်ချက်နှင့် ပြစ်မှုတစ်ခုကို ကျူးလွန်စေရန် အားပေးကူညီ၏။ ထိုပြစ်မှုမျိုးကို ဥပဒေအရ ပြစ်မှုကျူးလွန်ရာရောက်နိုင်သူက မောင်ဖြူ၏ကြံရွယ်ချက်မျိုးနှင့်ပြုလျှင် ပြစ်မှုမြောက်နိုင်ခဲ့သော် အားပေးကူညီခြင်းခံရသူကလေးက သို့တည်းမဟုတ် သူရူးက ထိုပြုလုပ်မှုကို ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ မောင်ဖြူသည် အားပေးကူညီမှုကို ကျူးလွန်သည်။

(ခ) မောင်ဖြူက မောင်မဲကိုသတ်ရန် ကြံရွယ်ချက်နှင့် အသက်ခုနစ်နှစ်မပြည့်သေးသူ ကလေးတစ်ယောက်အား မောင်မဲကို သေစေသော ပြုလုပ်မှုတစ်ခုကို ပြုစေရန် လှုံ့ဆော်၏။ ထိုသို့လှုံ့ဆော်သည့်အတိုင်း ကလေးက မောင်ဖြူမရှိခိုက်တွင် ထို

http://www.cherrythitsar.org



ပြုလုပ်မှုကိုပြု၍ မောင်မဲကိုသေစေ၏။ ဤအမှုတွင် ကလေးသည် ဥပဒေအရ ပြစ်မှု ကျူးလွန်ရာရောက်နိုင်သူမဟုတ်သော်လည်း ဥပဒေအရ ပြစ်မှုကို ကျူးလွန်ရာရောက် နိုင်၍ လူသတ်မှုကို ကျူးလွန်ဘိသကဲ့သို့ မောင်ဖြူသည် သေဒဏ်ထိုက်သင့်သည်။

(ဂ) လူနေအိမ်တစ်ဆောင်ကို မီးရှို့ရန် မောင်ဖြူကမောင်မဲကို လှုံ့ဆော်၏။ မောင်မဲ သည် စိတ်ပေါ့သွပ်ခြင်းကြောင့် ပြုလုပ်မှု၏သဘောကိုလည်းကောင်း၊ မတော်မမှန် သည့်အရာကို၊ သို့တည်းမဟုတ် ဥပဒေနှင့်ဆန့်ကျင်သည့်အရာကို ပြုလျက်ရှိနေ သည်ကိုသော်လည်းကောင်း မသိနိုင်သည်နှင့် မောင်ဖြူလှုံ့ဆော်သည့်အတိုင်း အိမ်ကိုမီးရှို့၏။ ဤအမှုတွင် မောင်မဲမှာ ပြစ်မှုကျူးလွန်ရာမရောက်သော်လည်း မောင်ဖြူမှာမူကား လူနေအိမ်ကို မီးရှို့သည့်ပြစ်မှုကို အားပေးကူညီသည့်အတွက် အားပေးကူညီမှု ကျူးလွန်သည်ဖြစ်၍ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းသည့်ပြစ်ဒဏ် ထိုက်သင့်သည်။

(ဃ) ခိုးမှုကျူးလွန်ရန် ကြံရွယ်၍ မောင်ဖြူက မောင်ညိုပိုင်ပစ္စည်းကို မိမိပိုင်ပစ္စည်း ဖြစ်ကြောင်း မောင်မဲယုံကြည်အောင် သွေးဆောင်လျက် ထိုပစ္စည်းကို မောင်ညို၏ လက်ရှိမှယူစေရန် မောင်မဲကိုလှုံ့ဆော်၏။ မောင်မဲသည် ထိုပစ္စည်းကို မောင်ဖြူပိုင် ပစ္စည်းဟု ယုံကြည်သဖြင့် သဘောရိုးနှင့် မောင်ညို၏လက်ရှိမှယူ၏။ မောင်မဲသည် အခြင်းအရာအမှန်ကို မသိသဖြင့် ပြုမိရာ မရိုးမဖြောင့်သောသဘောနှင့်ယူသည် မဟုတ်ခြင်းကြောင့် ခိုးမှုကျူးလွန်ရာမရောက်။ သို့ရာတွင် မောင်ဖြူမှာကား ခိုးမှုကို အားပေးကူညီသည့်ပြစ်မှု ကျူးလွန်ရာရောက်သဖြင့် ခိုးမှုကို မောင်မဲကျူးလွန်ဘိ သကဲ့သို့ မောင်ဖြူသည် ပြစ်ဒဏ်ထိုက်သင့်သည်။

***ရှင်းလင်းချက် ၄။*** ပြစ်မှုတစ်ခုခုကို အားပေးကူညီခြင်းသည် ပြစ်မှုဖြစ်သည့်အတိုင်း ထိုအားပေးကူညီမှုကို အားပေးကူညီခြင်းသည်လည်း ပြစ်မှုဖြစ်သည်။

မောင်ညိုကိုသတ်ရန် မောင်ဝါအား လှုံ့ဆော်ပါဟု မောင်ဖြူကမောင်မဲကို လှုံ့ဆော်၏။ ထိုသို့လှုံ့ဆော်သည့်အတိုင်း မောင်ညိုကိုသတ်ရန် မောင်မဲက မောင်ဝါ ကို လှုံ့ဆော်သဖြင့် မောင်ဝါက မောင်ညိုကိုသတ်၏။ မောင်မဲသည် မိမိ၏ပြစ်မှု အတွက် လူသတ်မှုပြစ်ဒဏ် ထိုက်သင့်သည့်နည်းတူ မောင်ဖြူသည်လည်း ထိုက်သင့် သည်။

***ရှင်းလင်းချက် ၅။*** ပူးပေါင်းကြံစည်ခြင်းဖြင့် အားပေးကူညီသော ပြစ်မှုကို ကျူးလွန် ရာတွင် အားပေးကူညီသူသည် ပြစ်မှုကျူးလွန်သူနှင့် ညှိနှိုင်းခြင်းရှိရန်မလို။ ပူးပေါင်း ကြံစည်သည့်အတိုင်း ပြစ်မှုကျူးလွန်ခြင်းရှိခဲ့သော် ထိုသို့ပူးပေါင်းကြံစည်ရာ၌ ပါဝင် ရုံမျှနှင့် လုံလောက်သည်။

<u>**ဥပမာ**</u>

မောင်ညိုကို အဆိပ်ဖြင့်သတ်ရန် မောင်ဖြူနှင့်မောင်မဲတို့ ညှိနှိုင်းကြ၏။ မောင်ဖြူက အဆိပ်ခတ်ရန်ဖြစ်သည်ဟု နှစ်ဦးသဘောတူကြ၏။ ထို့နောက် မောင်မဲ က ထိုအကြံကို မောင်ဝါအား ပြန်ပြောရာတွင် မောင်ဖြူ၏အမည်ကို မထုတ်ဖော်ဘဲ

http://www.cherrythitsar.org



တစ်ဦးတစ်ယောက်သောသူက အဆိပ်ခတ်ရန် ဖြစ်သည်ဟုပြောသည်။ မောင်ဝါက အဆိပ်ကိုရှာပေးရန် သဘောတူ၏။ အဆိပ်ကိုရရှိ၍ အထက်က ပြောဆိုခဲ့ကြသည့် အတိုင်း အသုံးပြုစေရန် မောင်ဝါက မောင်မဲသို့ အဆိပ်ကိုပေးအပ်၏။ မောင်ဖြူက အဆိပ်ခတ်၍ မောင်ညိုသေဆုံး၏။ မောင်ဖြူနှင့်မောင်ဝါတို့မှာ မောင်ညိုကိုသတ်ရန် အချင်းချင်းညှိနှိုင်းခြင်း မရှိခဲ့သော်လည်း မောင်ဝါသည် ပူးပေါင်းကြံစည်ရာတွင် ပါသည်ဖြစ်သောကြောင့် ဤပုဒ်မတွင် ဖော်ပြထားသော ပြစ်မှုကို ကျူးလွန်ရာရောက်၍ လူသတ်မှုအတွက် ပြစ်ဒဏ်ထိုက်သင့်သည်။

**<u>စီရင်ထုံး</u>**

၁။ အားပေးကူညီမှုသည် ထောင်ဒဏ်ကို ထိုက်သင့်သည့်ပြစ်မှုဖြစ်လျှင် ထိုအားပေးကူညီမှုအား ကျူးလွန်ရန် အားထုတ်ခြင်းသည် ပုဒ်မ ၅၁၁ အရ ပြစ်မှုကျူးလွန်ရာရောက်သည်။

*[ဘိုးချစ်နှင့်အစိုးရ (၁၈၉၂-၉၆) အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၁၉၁]*

**ပြည်ထောင်စုမြန်မာနိုင်ငံတော်ပြင်ပတွင် ပြစ်မှုကျူးလွန်စေရန် ထိုနိုင်ငံတော်အတွင်းတွင် အားပေးကူညီခြင်း။**
**ပုဒ်မ-၁၀၈(က)**

**Abatment in the Union of Myanmar of offences outside it.**
**{Section-108(A)}**

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ပြင်ပတွင် ပြုလုပ်မှုကို ကျူးလွန်စေရန် တစ်ဦးတစ်ယောက်သောသူက ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းတွင် အားပေးကူညီလျှင်၊ ထိုပြုလုပ်မှုကို နိုင်ငံတော်အတွင်းပြုပါက ပြစ်မှုမြောက်ဘိသကဲ့သို့ ထိုအားပေးကူညီသူသည် ဤရာဇဝတ်ကြီးအရ ပြစ်မှုကျူးလွန်စေရန် အားပေးသည်မည်၏။

**<u>ဥပမာ</u>**

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း နေထိုင်သူ မောင်ဖြူက ဘန်ကောက်မြို့နေ နိုင်ငံခြားသား မောင်မဲကို ထိုမြို့တွင် လူသတ်မှုကျူးလွန်စေရန် လှုံ့ဆော်၏။ ဤအမှုတွင် မောင်ဖြူသည် လူသတ်မှုကျူးလွန်စေရန် အားပေးကူညီသည့် ပြစ်မှုထိုက်သင့်သည်။

http://www.cherrythitsar.org



**အားပေးကူညီမှုအတွက် သီးခြားပြစ်ဒဏ် သတ်မှတ်ချက်မရှိလျှင် ချမှတ်ရသည့်ပြစ်ဒဏ်။ (ပုဒ်မ-၁၀၉)**

**Punishment of abetment if the act abetted is committed in consequence and where no express provision is made for its punishment. (Section-74)**

**ဥပဒေပြဋ္ဌာန်းချက်**

တစ်ဦးတစ်ယောက်သောသူ၏ အားပေးကူညီမှုကြောင့် ထိုသို့အားပေးကူညီခြင်းခံရသော ပြုလုပ်မှုတစ်ရပ် ဖြစ်မြောက်ခဲ့ရာတွင် အားပေးကူညီသူအား ချမှတ်ရန် ပြစ်ဒဏ်ကို ဤရာဇသတ်ကြီးက အတည့်အလင်း ပြဋ္ဌာန်းခြင်းမရှိလျှင် ကျူးလွန်ခဲ့သော ပြစ်မှုရင်းအတွက် ပြဋ္ဌာန်းသည့်ပြစ်ဒဏ်ကို ချမှတ်ရမည်။

***ရှင်းလင်းချက်။*** လှုံ့ဆော်ခြင်းကြောင့်ဖြစ်စေ၊ ပူးပေါင်းကြံစည်ခြင်းကြောင့်ဖြစ်စေ၊ အားပေးကူညီမှု ဖြစ်မြောက်အောင် ကူပံ့ခြင်းကြောင့်ဖြစ်စေ ပြုလုပ်မှုသော် လည်းကောင်း၊ ပြစ်မှုသော်လည်းကောင်း ဖြစ်မြောက်ခဲ့လျှင် ထိုပြုလုပ်မှုသည် သို့တည်းမဟုတ် ထိုပြစ်မှုသည် အားပေးကူညီခြင်းကြောင့် ဖြစ်မြောက်သည်မည်၏။

**ဥပမာများ**

(က) ပြည်သူ့ဝန်ထမ်း ဦးမဲသည် ရာထူးအလျောက် အလုပ်ဝတ္တရားများကို ဆောင်ရွက်ရာတွင် ဦးမဲက မိမိအား အခွင့်အရေးပေးရန် မောင်ဖြူက ဦးမဲသို့ လာဘ်ပေးသည်ကို ဦးမဲကလက်ခံ၏။ ဦးမဲမှာ ပုဒ်မ ၁၆၁ တွင် အဓိပ္ပာယ်ဖော်ပြထားသည့် ပြစ်မှုကို အားပေးကူညီရာရောက်သည်။

(ခ) မုသားသက်သေခံရန် မောင်ဖြူက မောင်မဲကို လှုံ့ဆော်၏။ ထိုသို့လှုံ့ဆော်သည့်အတိုင်း မောင်မဲက မုသားသက်သေခံမှုကို ကျူးလွန်၏။ မုသားသက်သေခံရန် အားပေးကူညီမှုကို မောင်ဖြူကျူးလွန်သည်ဖြစ်၍ မောင်မဲနှင့်ထပ်တူ ပြစ်ဒဏ်ချမှတ်ခြင်း ခံထိုက်သည်။

(ဂ) မောင်ဖြူနှင့်မောင်မဲတို့သည် မောင်ညိုကို အဆိပ်ဖြင့်သတ်ရန် ပူးပေါင်းကြံစည်ကြ၏။ ထိုသို့ပူးပေါင်းကြံစည်သည့်အတိုင်း မောင်ဖြူက အဆိပ်ကိုရရှိ၍ မောင်ညိုကို အဆိပ်ခတ်ရန် မောင်မဲအားပေးသဖြင့် မောင်မဲက ပူးပေါင်းကြံစည်ခဲ့သည့်အတိုင်း မောင်ဖြူ၏မျက်ကွယ်တွင် မောင်ညိုကို အဆိပ်ခတ်သောကြောင့် မောင်ညိုသေဆုံး၏။ မောင်မဲမှာ လူသတ်မှုအတွက် ပြစ်ဒဏ်ထိုက်သင့်သည်။ မောင်ဖြူမှာ မောင်မဲနှင့်ပူးပေါင်းကြံစည်သောကြောင့် ထိုပြစ်မှုကို အားပေးကူညီသည့်ပြစ်ဒဏ်ထိုက်သင့်၍ လူသတ်မှုအတွက် ပြစ်ဒဏ်ချမှတ်ခြင်းခံထိုက်သည်။

http://www.cherrythitsar.org



**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၀၉ | အားပေးကူညီခြင်းကြောင့် ထိုသို့ အားပေး ကူညီခြင်းခံရသော ပြုလုပ်မှု ဖြစ်မြောက်ခဲ့ပြီး ထိုအားပေးကူညီမှုအတွက် ပြစ်မှုဆိုင်ရာ ဥပဒေတွင်ပြစ်ဒဏ်နှင့်စပ်လျဉ်း၍ အတိအလင်းပြဋ္ဌာန်းချက်မရှိသော ပြစ်မှုတစ်ခုခုကို အားပေးကူညီမှု။ | အားပေးကူညီသည့် ပြစ်မှုရင်းအတွက် ဝရမ်းမပါဘဲ ဖမ်းဆီး ခြင်းပြုလုပ်နိုင်လျှင် အားပေးကူညီမှု အတွက်လည်း ဝရမ်း မပါဘဲ ဖမ်းဆီးနိုင် သည်၊ အခြားနည်း မဖမ်းဆီးနိုင်။ | အားပေးကူညီ သည့် ပြစ်မှုရင်း အတွက် ဝရမ်း ဖြစ်စေ၊ သမ္မန်စာ ဖြစ်စေ ထုတ်ဆင့် နိုင်သည်ဟု ပြဋ္ဌာန်းထားသည့် အတိုင်း။ | အားပေးကူညီ သည့် ပြစ်မှုရင်း အတွက် အာမခံ ပေးရမည် သို့မဟုတ် အာမခံမပေးနိုင် ဟု ပြဋ္ဌာန်းထား သည့်အတိုင်း။ | အားပေးကူညီ သည့် ပြစ်မှုရင်း ကို ကျေအေးခွင့် ရှိသည်။ သို့မဟုတ် ကျေအေးခွင့် မရှိဟု ပြဋ္ဌာန်း ထားသည့် အတိုင်း။ | အားပေးကူညီ သည့် ပြစ်မှုရင်း အတွက် ပြဋ္ဌာန်း ထားသည့် ပြစ်ဒဏ်။ | အားပေးကူညီ သည့် ပြစ်မှုရင်း ကို စစ်ဆေး စီရင်နိုင်သော တရားရုံး။ |

**စီရင်ထုံး**

၁။ အားပေးကူညီသည့် ပြုလုပ်မှုဖြစ်မြောက်သည်သာမက ယင်းအားပေးကူညီမှုအတွက် ပြစ်မှုဆိုင်ရာဥပဒေ၌ သီးခြားပြစ်မှုအဖြစ် သတ်မှတ်ထားခြင်းမရှိလျှင် အားပေးကူညီသူကို ပြစ်မှုအတွက် သတ်မှတ်ထားသည့် ပြစ်ဒဏ်အတိုင်း ကျခံစေရမည်ဟု ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ပြစ်မှုကျူးလွန်သည်ကို ထိရောက်စွာ အားပေးကူညီခြင်းကိစ္စနှင့် အကျုံးဝင်သည်။

ပြစ်မှုကျူးလွန်ရန် လှုံ့ဆော်ခြင်း၊ ကူပံ့ခြင်းမရှိပါက ပြစ်မှုမဖြစ်ပွားရအောင် တားဆီးရန်ပျက်ကွက်မှုသည် အားပေးကူညီသည်မမည်ပေ။ ပြစ်မှုကျူးလွန်ခြင်းနှင့် တရားခံသည် လုံးဝဆက်စပ်မှုမရှိလျှင် ၎င်းအား အားပေးကူညီမှုဖြင့် အရေးမယူနိုင်။

*[ပြည်ထောင်စုနှင့်မောင်တင်မြင့်၊ ၁၉၆၅၊ မြန်မာပြည်စီရင်ထုံး၊ ၈၆၄]*

၂။ နှုတ်ဖြင့်ပြောဆိုခြင်း၊ ကိုယ်အမူအရာဖြင့်ပြခြင်း တစ်ခုခုနှင့် ကူညီနိုင်သည်။ အားပေးကူညီခြင်းရှိမရှိဆိုသော ပြဿနာကို ကြောင်းခြင်းရာအပေါ် လိုက်၍ ဆုံးဖြတ်ရသည်။ လှုံ့ဆော်မှုရှိပြီး ထိုသို့လှုံ့ဆော်သည့်အတိုင်းပြုကြောင်း အထောက်အထားရှိပါက လှုံ့ဆော်ခြင်းခံရသူသည် ယင်းလှုံ့ဆော်သည့်အကြောင်းမှလွဲပြီး အခြားအကြောင်းကြောင့် ပြုခဲ့ခြင်းမဟုတ်ဟု သက်သေထူရန် မလိုပေ။ သို့သော် အားပေးကူညီသည့် ပြုလုပ်မှုသည် ပြစ်မှုဖြစ်ရန်လိုသည်။ သို့မှသာ ပြစ်မှုကျူးလွန်ခြင်းကို အားပေးကူညီရာရောက်သည်။ ဒီစတြိတ်ကောင်စီက ထုတ်ပြန်ထားသည့် ဘိုင်လောမှာ ကိုယ်ပိုင်ဒေသန္တရ အုပ်ချုပ်ရေးအက်ဥပဒေအရ ပြစ်မှုမြောက်သည်ဟု ပြဋ္ဌာန်းထားခြင်းမရှိသဖြင့် ထိုဘိုင်လောကို ချိုးဖောက်ရန် အားပေးကူညီခြင်းအတွက် ပြစ်ဒဏ်စီရင်ခြင်း မပြုနိုင်။

*[မခွက်ကြည်နှင့် အစိုးရ၊ အတွဲ ၆၊ ရန်ကုန်၊ ၇၉၁]*

http://www.cherrythitsar.org



၃။ တရားခံတစ်ဦးအား အားပေးကူညီမှုဖြင့် စွဲချက်မတင်သော်လည်း အားပေးကူညီကြောင်းသာ ထင်ရှားပါက ဤပုဒ်မအရ အပြစ်ပေးနိုင်သည်။ ပုဒ်မ ၁၀၉ အရ စွဲချက်မတင်သည့်အကြောင်းသည် အမှုကို ပျက်ပြယ်ခြင်းမရှိ။

*[ထွန်းအောင်နှင့်အစိုးရ၊ ၁၉၄၆၊ ရန်ကုန်စီရင်ထုံး၊ ၃၁၃]*

၄။ ပြစ်မှုဆိုင်ရာဥပဒေကျင့်ထုံးပုဒ်မ ၁၉၅(၁)တွင် ဖော်ပြထားသည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားပေးကူညီသူအား တရားစွဲဆိုလျှင် ပုဒ်မခွဲ(၄)အရ စာဖြင့် ရေးသားသည့် တိုင်ကြားစာရှိရန်လိုသည်။ အလားတူပင် ပုဒ်မ ၁၉၆ တွင် ဖော်ပြထားသည့် ပြစ်မှုများအတွက်လည်း အားပေးကူညီခြင်း ဖြစ်စေကာမူ နစ်နာသူ၏ တိုင်စာရှိရန်လည်း လိုသည်။ ပုဒ်မ ၁၉၆(က)သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၀(ခ)အရ ပူးပေါင်းကြံစည်ခြင်းနှင့်သာဆိုင်ပြီး ဤပုဒ်မအရ ပူးပေါင်းကြံစည်ကာ အားပေးကူညီခြင်းနှင့် မသက်ဆိုင်ပေ။

*[အဗ္ဗဒုရာမန်နှင့်အစိုးရ၊ အတွဲ ၁၊ ရန်ကုန် ၉၅]*

၅။ ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိသူကို အားပေးကူညီမှုဖြင့် အပြစ်မပေးနိုင်ပေ။ ခိုးမှုကျူးလွန်ခြင်းကို အားပေးကူညီခဲ့ကြောင်း ထင်ရှားနေပါက ထိုအထောက်အထားဖြင့် ခိုးရာပါပစ္စည်းလက်ခံမှုအရ အပြစ်မပေးအပ်ပေ။ အားပေးကူညီခြင်းကြောင့် ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်ပါက ပြစ်ဒဏ်သတ်မှတ်ရာ၌ ပြစ်မှုအတွက် ကျခံထိုက်သော ပြစ်ဒဏ်ကို ချမှတ်သင့်သည်။

*[ကျော်ဒင်နှင့်အစိုးရ၊ ပုံနှိပ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၂၆၉]*

၆။ ကြိမ်ဒဏ်အက်ဥပဒေပုဒ်မ-၃ တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀ ကို ကျူးလွန်ရန် အားပေးကူညီသူကို ပြစ်ဒဏ်စီရင်နိုင်သည်ဟု ဖော်ပြထားခြင်းမရှိသဖြင့် ယင်းအားပေးကူညီမှုအတွက် ကြိမ်ဒဏ်ရိုက်ခတ်ခြင်း မပြုနိုင်။

*[တရားရုံးများလက်စွဲ၊ အပိုဒ် ၆၇၇(၂)]*

**အားပေးကူညီသူ၏ ကြံရွယ်ချက်နှင့်ကွဲလွဲသော ကြံရွယ်ချက်ဖြင့် အားပေးကူညီခံရသူ ကျူးလွန်သည့်ပြစ်မှုအတွက် အားပေးကူညီသူခံရမည့် ပြစ်ဒဏ်။**
**(ပုဒ်မ-၁၁၀)**

**Punishment of abetment if person abetted does act with different intention from that of abettor. (Section-110)**

<u>**ဥပဒေဖွင့်ဆိုချက်**</u>

မည်သူမဆို ပြစ်မှုကျူးလွန်ခြင်းကို အားပေးကူညီရာတွင် အားပေးကူညီခြင်းခံရသူက အားပေးကူညီသူ၏ ကြံရွယ်ချက်အတိုင်း သို့တည်းမဟုတ် အသိဉာဏ်အတိုင်းမဟုတ်ဘဲ ကွဲလွဲသော ကြံရွယ်ချက်နှင့်၊ သို့တည်းမဟုတ် အသိဉာဏ်နှင့်ပြုသော်လည်း အားပေးကူညီသူသည် အကယ်၍ အားပေးကူညီသူ၏ ကြံရွယ်ချက်

http://www.cherrythitsar.org



နှင့်၊ သို့တည်းမဟုတ် အသိဉာဏ်နှင့် အားပေးကူညီခြင်းခံရသူက ပြုခဲ့သော် ကျူးလွန်ခြင်းဖြစ်နိုင်မည့် ပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းကို ခံစေရမည်။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၁၀ | အားပေးကူညီသူ၏ ကြံရွယ်ချက်နှင့်ကွဲလွဲသော ကြံရွယ်ချက်ဖြင့် အားပေးကူညီခြင်းခံရသူ ကျူးလွန်သည့်ပြစ်မှုတစ်ခုကို အားပေးကူညီမှု။ | အားပေးကူညီသည့် ပြစ်မှုရင်းအတွက် ဝရမ်းမပါဘဲ ဖမ်းဆီးခြင်းပြုလုပ်နိုင်လျှင် အားပေးကူညီမှု အတွက်လည်း ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်၊ အခြားနည်း မဖမ်းဆီးနိုင်။ | အားပေးကူညီသည့် ပြစ်မှုရင်း အတွက် ဝရမ်းဖြစ်စေ၊ သမ္မန်စာဖြစ်စေ ထုတ်ဆင့်နိုင်သည်ဟု ပြဋ္ဌာန်းထားသည့် အတိုင်း။ | အားပေးကူညီသည့် ပြစ်မှုရင်း အတွက် အာမခံပေးရမည် သို့မဟုတ် အာမခံမပေးနိုင်ဟု ပြဋ္ဌာန်းထားသည့်အတိုင်း။ | အားပေးကူညီသည့် ပြစ်မှုရင်းကို ကျေအေးခွင့်ရှိသည်။ သို့မဟုတ် ကျေအေးခွင့် မရှိဟု ပြဋ္ဌာန်းထားသည့် အတိုင်း။ | အားပေးကူညီသည့် ပြစ်မှုရင်း အတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်။ | အားပေးကူညီသည့် ပြစ်မှုရင်းကို စစ်ဆေးစီရင်နိုင်သော တရားရုံး။ |

**စီရင်ထုံး**

၁။ အားပေးကူညီသူ၏ ကြံရွယ်ချက်အတိုင်းမဟုတ်ဘဲ အားပေးကူညီခြင်းခံရသူက ကွဲလွဲသော ကြံရွယ်ချက်နှင့်ပြုလျှင် ပုဒ်မ ၁၀၉ နှင့် အကျုံးမဝင်။ ဤပုဒ်မအရသာ ပြစ်မှုမြောက်သည်။

*[မငွေညွှန့်နှင့်အစိုးရ၊ (၁၈၉၇-၀၁)၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၂၄၉]*

၂။ လာဘ်ပေးသည့်အမှုတွင် ပြည်သူ့ဝန်ထမ်းက လာဘ်ယူရန် မရည်ရွယ်ဘဲ ဖမ်းဆီးရန် ငွေကိုလက်ခံပါက လာဘ်ပေးသူအား ဤပုဒ်မနှင့်တွဲဖက်၍ အပြစ်မပေးနိုင်။ ပုဒ်မ ၁၁၆ နှင့်သာ အကြုံးဝင်မည်ဖြစ်သည်။

*[ရာဂူဒတ်ဆင်းနှင့်အစိုးရ(၁၈၉၂-၉၆)၊ အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၁၅၄]*

**အားပေးကူညီခြင်းခံရသည့် ပြုလုပ်မှုမဟုတ်ဘဲ ကွဲလွဲသောပြုလုပ်မှုကို ကျူးလွန်ရာတွင် အားပေးကူညီသူ ခံရမည့်တာဝန်၊ (ပုဒ်မ-၁၁၁)**

**Liability of abettor when one act abetted and different act done Proviso. (Section-111)**

**ဥပဒေဖွင့်ဆိုချက်**

ပြုလုပ်မှုကို အားပေးကူညီရာတွင် ကွဲလွဲသောပြုလုပ်မှုကို ပြုခဲ့သော် အားပေးကူညီသူသည် ထိုကွဲလွဲသော ပြုလုပ်မှုကို တိုက်ရိုက်အားပေးကူညီဘိသကဲ့သို့ ထပ်တူထပ်မျှ တာဝန်ရှိသည်။

http://www.cherrythitsar.org



*ရှင်းချက်။* သို့ရာတွင် ထိုကဲ့သို့သော ပြုလုပ်မှုသည် အားပေးကူညီခြင်းကြောင့် ဖြစ်ဖွယ်ရာအကြောင်းရှိသော ပြုလုပ်မှုလည်းဖြစ်ရမည့်ပြင် လှုံ့ဆော်ခြင်း၏ပယောဂကြောင့်ဖြစ်စေ အားပေးကူညီခြင်းမြောက်သော ပူးပေါင်းကြံစည်မှု၏ အကူအပံ့နှင့်ဖြစ်စေ ထိုပူးပေါင်းကြံစည်သည့်အတိုင်းဖြစ်စေ ကျူးလွန်သောပြုလုပ်မှုလည်းဖြစ်ရမည်။

**<u>ဥပမာများ။</u>**

(က) မောင်ဖြူက မောင်ညို၏အစာတွင် အဆိပ်ခတ်ရန် ကလေးတစ်ယောက်အား လှုံ့ဆော်လျက် အဆိပ်ကိုပေး၏။ ထိုကလေးသည် မောင်ဖြူလှုံ့ဆော်သည့်အတိုင်း အဆိပ်ခတ်ရာ၌ မှားယွင်း၍ မောင်ညို၏အစာအနီးရှိ မောင်နီ၏အစာတွင် အဆိပ်ခတ်မိ၏။ ဤအမှုတွင် အကယ်၍ ကလေးသည် မောင်ဖြူ၏လှုံ့ဆော်မှုပယောဂကြောင့် ဤကဲ့သို့ ပြုရခြင်းဖြစ်၍ ထိုပြုလုပ်မှုသည်လည်း မောင်ဖြူ၏ အားပေးကူညီခြင်းကြောင့် ဖြစ်ဖွယ်ရာအကြောင်းရှိသည့် အခြေအနေအရ ကျူးလွန်သောပြုလုပ်မှုဖြစ်လျှင် မောင်ဖြူသည် မောင်နီ၏အစာတွင် အဆိပ်ခတ်စေရန် ကလေးအား လှုံ့ဆော်ဘိသကဲ့သို့ ထပ်တူထပ်မျှ တာဝန်ရှိသည်။

(ခ) မောင်ညို၏အိမ်ကိုမီးရှို့ရန် မောင်ဖြူက မောင်မဲကိုလှုံ့ဆော်၏။ မောင်မဲက အိမ်ကိုမီးရှို့သည်သာမက ထိုအိမ်မှပစ္စည်းများကိုပါ ခိုးယူ၏။ မောင်ဖြူသည် အိမ်ကိုမီးရှို့ရန် အားပေးကူညီသည့် ပြစ်မှုအတွက်သာလျှင် ပြစ်ဒဏ်ထိုက်သင့်သည်။ ခိုးမှုကို အားပေးကူညီသည့်ပြစ်မှုအတွက် ပြစ်ဒဏ်မထိုက်။ အဘယ်ကြောင့်ဆိုသော် ခိုးမှုသည် သီးခြားပြုလုပ်မှုဖြစ်သည့်ပြင် အိမ်မီးရှို့ခြင်းကြောင့် ဖြစ်ဖွယ်ရာအကြောင်းရှိသည့် ပြုလုပ်မှုမျိုးလည်း မဟုတ်သောကြောင့်ဖြစ်သည်။

(ဂ) ပစ္စည်းကို လုယက်ရန်အလို့ငှာ လူနေအိမ်တစ်ဆောင်ကို သန်းခေါင်အချိန် ဖောက်ထွင်းဝင်စေရန် မောင်ဖြူက မောင်မဲနှင့်မောင်နီတို့ကို လှုံ့ဆော်၍ ထိုကိစ္စအတွက် လက်နက်များကိုပေး၏။ မောင်မဲနှင့်မောင်နီတို့သည် အိမ်ကိုဖောက်ထွင်းဝင်ရာ အိမ်သားမောင်ညိုက ခုခံသဖြင့် မောင်ညိုကိုသတ်ကြ၏။ ဤလူသတ်မှုသည် မောင်ဖြူ၏ အားပေးကူညီခြင်းကြောင့် ဖြစ်ဖွယ်ရာအကြောင်းရှိလျှင် မောင်ဖြူသည် လူသတ်မှုအတွက် ပြဋ္ဌာန်းသော ပြစ်ဒဏ်ချမှတ်ခြင်းခံထိုက်သည်။

http://www.cherrythitsar.org



**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၁၁ | ဤပုဒ်မပါ ခြွင်းချက်နှင့် မဆန့်ကျင်စေဘဲ အားပေးကူညီခြင်းခံရသည့် ပြုလုပ်မှုမဟုတ်ဘဲ ကွဲလွဲသော ပြုလုပ်မှုကို ကျူးလွန်ရာတွင် ဖြစ်ပွားသည့် ပြစ်မှုတစ်ခုခုကို အားပေးကူညီမှု။ | အားပေးကူညီသည့် ပြစ်မှုရင်းအတွက် ဝရမ်းမပါဘဲ ဖမ်းဆီးခြင်းပြုလုပ်နိုင်လျှင် အားပေးကူညီမှုအတွက်လည်း ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်၊ အခြားနည်း မဖမ်းဆီးနိုင်။ | အားပေးကူညီသည့် ပြစ်မှုရင်းအတွက် ဝရမ်း ဖြစ်စေ၊ သမ္မန်စာ ဖြစ်စေ ထုတ်ဆင့်နိုင်သည်ဟု ပြဋ္ဌာန်းထားသည့် အတိုင်း။ | အားပေးကူညီသည့် ပြစ်မှုရင်းအတွက် အာမခံ ပေးရမည် သို့မဟုတ် အာမခံမပေးနိုင်ဟု ပြဋ္ဌာန်းထားသည့်အတိုင်း။ | အားပေးကူညီသည့် ပြစ်မှုရင်းကို ကျေအေးခွင့် ရှိသည်။ သို့မဟုတ် ကျေအေးခွင့် မရှိဟု ပြဋ္ဌာန်းထားသည့် အတိုင်း။ | အားပေးကူညီရန် ကြံရွယ်သော ပြစ်မှုရင်းအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်။ | အားပေးကူညီသည့် ပြစ်မှုရင်းကို စစ်ဆေးစီရင်နိုင်သော တရားရုံး။ |

**စီရင်ထုံး**

၁။ ပုဒ်မ ၁၀၇ ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၌ အားပေးကူညီခြင်းတွင် လှုံ့ဆော်ခြင်း၊ ပူးပေါင်းကြံစည်ခြင်းနှင့် တမင်ကူပံ့ခြင်းတို့ပါသည်။ ပြုလုပ်မှုတစ်ခုကို လှုံ့ဆော်၍ အားပေးကူညီလျှင် လှုံ့ဆော်သည့်အတိုင်း မဟုတ်စေကာမူ လှုံ့ဆော်ခြင်းကြောင့် ဖြစ်တန်ရာသော ပြုလုပ်မှုမျိုးဖြစ်လျှင် ဤပုဒ်မနှင့် အကျုံးဝင်သည်။ သို့ရာတွင် ပူးပေါင်းကြံစည်သည့် အားပေးကူညီမှု၊ တမင်ကူပံ့သည့် အားပေးကူညီမှုတို့တွင်မူ ပူးပေါင်းကြံစည်၍ဖြစ်စေ၊ တမင်ကူပံ့၍ဖြစ်စေ ဖြစ်တန်ရာသော ပြုလုပ်မှုမျိုး ဖြစ်သည်သာမက ပူးပေါင်းကြံစည်သည့်အတိုင်း တမင်ကူပံ့သည့်အတိုင်း ဖြစ်စေရမည်။ သို့မှသာ ဤပုဒ်မအရ အားပေးကူညီမှုမြောက်မည်ဖြစ်သည်။

*[ဘိုးရာနှင့်အစိုးရ၊ အတွဲ ၁၁၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၉၉]*

**အားပေးကူညီခြင်းခံရသော ပြုလုပ်မှုနှင့် သီးခြားပြုသည့် ပြုလုပ်မှုတို့အတွက် အားပေးကူညီသူသည် တဆင့်ပြစ်ဒဏ် ခံထိုက်ခြင်း။**
**(ပုဒ်မ-၁၁၂)**

**Abettor when liable to cumulative punishment for act abetted and for act done.**
**(Section-112)**

**ဥပဒေဖွင့်ဆိုချက်**

အားပေးကူညီခြင်းခံရသော ပြုလုပ်မှုအပြင် တဆက်တည်းဖြစ်သော အထက် ပုဒ်မအရ အားပေးကူညီရာ၌ တာဝန်ရှိသည့် ပြုလုပ်မှုကိုလည်းပြုလျှင်၊ ထို့ပြင် ထိုပြုလုပ်မှုသည် ပြစ်မှုအသီးအခြားဖြစ်လျှင် အားပေးကူညီသူသည် ပြစ်မှုအသီးသီး အတွက် ပြစ်ဒဏ်ချမှတ်ခြင်း ခံထိုက်သည်။

http://www.cherrythitsar.org



ဥပမာ။

ပြည်သူ့ဝန်ထမ်းတစ်ဦးက ပစ္စည်းကို ဝရမ်းဖမ်းရာတွင် ပြည်သူ့ဝန်ထမ်း၏ ဝရမ်းဖမ်းခြင်းကို အတင်းအကြပ် ခုခံစေရန် မောင်ဖြူက မောင်မဲကို လှုံ့ဆော်၏။ ထို့ကြောင့် ဝရမ်းဖမ်းသည်ကို မောင်မဲကခုခံ၏။ ထိုသို့ခုခံရာတွင် မောင်မဲသည် ဝရမ်းဖမ်းသူ အရာရှိကို မိမိအလိုအလျောက် အပြင်းအထန်နာကျင်အောင်ပြု၏။ မောင်မဲသည် ပစ္စည်းဝရမ်းဖမ်းခြင်းကို ခုခံသည့်ပြစ်မှုအပြင် မိမိအလိုအလျောက် အပြင်းအထန်နာကျင်အောင်ပြုသည့် ပြစ်မှုကိုလည်း ကျူးလွန်သည်ဖြစ်သောကြောင့် ထိုပြစ်မှုနှစ်ရပ်လုံးအတွက် ပြစ်ဒဏ်ချမှတ်ခြင်းခံထိုက်သည်။ ပစ္စည်းဝရမ်းဖမ်းခြင်းကို ခုခံရာတွင် မောင်မဲသည် မိမိအလိုအလျောက် အပြင်းအထန်နာကျင်အောင် ပြုတန်ရာသည်ကို မောင်ဖြူသိခဲ့လျှင် မောင်ဖြူသည်လည်း ထိုပြစ်မှု အသီးသီး အတွက် ပြစ်ဒဏ်ချမှတ်ခြင်း ခံထိုက်သည်။

**အားပေးကူညီသူ ကြံရွယ်သည့် ပြုလုပ်မှုနှင့် ကွဲလွဲသော အားပေးကူညီခြင်းခံရသည့် ပြုလုပ်မှုကြောင့် အကျိုးသက်ရောက်မှုအတွက် အားပေးကူညီသူခံရမည့်တာဝန်။ (ပုဒ်မ-၁၁၃)**

**Liability of abettor for an effect caused by the act abetted different from that intended by the abettor. (Section-113)**

ဥပဒေဖွင့်ဆိုချက်

အားပေးကူညီသူက အကျိုးသက်ရောက်မှုတစ်ခု ဖြစ်စေရန် ကြံရွယ်လျက် ပြုလုပ်မှုတစ်ခုကို အားပေးကူညီရာ၌၊ ထို့ပြင် ထိုအားပေးကူညီမှုကြောင့် မိမိ၌ တာဝန်မကင်းဖြစ်သည့် ပြုလုပ်မှုတစ်ခုသည် မိမိကြံရွယ်သည့်အတိုင်း မဟုတ်သော အခြားအကျိုးသက်ရောက်မှုတစ်ခုကို ဖြစ်စေရာ၌ အားပေးကူညီခြင်းခံရသော ပြုလုပ်မှုကြောင့် ထိုအခြားအကျိုးသက်ရောက်မှု ပေါ်ပေါက်တန်ရာသည်ကို အားပေးကူညီသူကသိလျှင် ထိုအားပေးကူညီသူသည် ထိုအခြားအကျိုးသက်ရောက်မှု အတွက် ကြံရွယ်၍ အားပေးကူညီဘိသကဲ့သို့ ထပ်တူထပ်မျှ တာဝန်ရှိသည်။

ဥပမာ

မောင်ညိုကို အပြင်းအထန်နာကျင်အောင်ပြုရန် မောင်ဖြူက မောင်မဲကို လှုံ့ဆော်၏။ ထိုသို့လှုံ့ဆော်သည့်အတိုင်း မောင်မဲက မောင်ညိုကို အပြင်းအထန် နာကျင်အောင်ပြုသဖြင့် မောင်ညိုသေ၏။ ဤအမှုတွင် အားပေးကူညီခြင်းကြောင့် အပြင်းအထန်နာကျင်စေရန်ပြုခြင်းသည် သေစေတန်ရာသည်ဟု မောင်ဖြူသိခဲ့လျှင် မောင်ဖြူသည် လူသတ်မှုအတွက် ပြဋ္ဌာန်းသည့်ပြစ်ဒဏ်ချမှတ်ခြင်း ခံထိုက်သည်။

http://www.cherrythitsar.org



ကျင့်ထုံး

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၁၃ | အားပေးကူညီသူ ကြံရွယ်သည့်ပြုလုပ်မှုနှင့် ကွဲလွဲသော အားပေးကူညီခြင်းခံရသည့် ပြုလုပ်မှုကြောင့် အကျိုးသက်ရောက်သော ပြစ်မှုတစ်ခုခုကို အားပေးကူညီမှု။ | အားပေးကူညီသည့် ပြစ်မှုရင်းအတွက် ဝရမ်းမပါဘဲ ဖမ်းဆီးခြင်းပြုလုပ်နိုင်လျှင် အားပေးကူညီမှုအတွက်လည်း ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်၊ အခြားနည်း မဖမ်းဆီးနိုင်။ | အားပေးကူညီသည့် ပြစ်မှုရင်းအတွက် ဝရမ်းဖြစ်စေ၊ သမ္မန်စာဖြစ်စေ ထုတ်ဆင့်နိုင်သည်ဟု ပြဋ္ဌာန်းထားသည့်အတိုင်း။ | အားပေးကူညီသည့် ပြစ်မှုရင်းအတွက် အာမခံပေးရမည် သို့မဟုတ် အာမခံမပေးနိုင်ဟု ပြဋ္ဌာန်းထားသည့်အတိုင်း။ | အားပေးကူညီသည့် ပြစ်မှုရင်းကို ကျေအေးခွင့်ရှိသည်။ သို့မဟုတ် ကျေအေးခွင့်မရှိဟု ပြဋ္ဌာန်းထားသည့်အတိုင်း။ | အားပေးကူညီရန် ကြံရွယ်သော ပြစ်မှုရင်းအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်။ | အားပေးကူညီသည့် ပြစ်မှုရင်းကို စစ်ဆေးစီရင်နိုင်သော တရားရုံး။ |

**ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီသူ ကိုယ်တိုင် ရှိနေခြင်း။ (ပုဒ်မ-၁၁၄)**

**Abettor present when offence is committed. (Section-114)**

ဥပဒေပြဋ္ဌာန်းချက်

ပြုလုပ်မှုကို သို့တည်းမဟုတ် ပြစ်မှုကို ကျူးလွန်ရာတွင် မိမိကိုယ်တိုင်မရရှိခဲ့လျှင် အားပေးကူညီသူအဖြစ်ဖြင့်သာ ပြစ်ဒဏ်ချမှတ်ခြင်းခံရမည့်သူသည် အားပေးကူညီမှုကြောင့် မိမိပြစ်ဒဏ်ချမှတ်ခြင်းခံရမည့် ပြုလုပ်မှုကို သို့တည်းမဟုတ် ပြစ်မှုကို တစ်ဦးတစ်ယောက်သောသူက ကျူးလွန်သောအခါ မိမိကိုယ်တိုင် ရှိနေခဲ့လျှင် ထိုသူသည် ထိုပြုလုပ်မှုကို သို့တည်းမဟုတ် ထိုပြစ်မှုကို ကိုယ်တိုင်ကျူးလွန်ဘိသကဲ့သို့ ကျူးလွန်သည်ဟု ယူဆခြင်းခံရမည်။

ကျင့်ထုံး

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၁၄ | ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီသူ ကိုယ်တိုင်ရှိနေသည့် ပြစ်မှုတစ်ခုခုကို အားပေးကူညီမှု။ | အားပေးကူညီသည့် ပြစ်မှုရင်းအတွက် ဝရမ်းမပါဘဲ ဖမ်းဆီးခြင်းပြုလုပ်နိုင်လျှင် အားပေးကူညီမှုအတွက်လည်း ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်၊ အခြားနည်း မဖမ်းဆီးနိုင်။ | အားပေးကူညီသည့် ပြစ်မှုရင်းအတွက် ဝရမ်းဖြစ်စေ၊ သမ္မန်စာဖြစ်စေ ထုတ်ဆင့်နိုင်သည်ဟု ပြဋ္ဌာန်းထားသည့်အတိုင်း။ | အားပေးကူညီသည့် ပြစ်မှုရင်းအတွက် အာမခံပေးရမည် သို့မဟုတ် အာမခံမပေးနိုင်ဟု ပြဋ္ဌာန်းထားသည့်အတိုင်း။ | အားပေးကူညီသည့် ပြစ်မှုရင်းကို ကျေအေးခွင့်ရှိသည်။ သို့မဟုတ် ကျေအေးခွင့်မရှိဟု ပြဋ္ဌာန်းထားသည့်အတိုင်း။ | အားပေးကူညီရန် ကြံရွယ်သော ပြစ်မှုရင်းအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်။ | အားပေးကူညီသည့် ပြစ်မှုရင်းကို စစ်ဆေးစီရင်နိုင်သော တရားရုံး။ |

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ ပြစ်မှုကျူးလွန်ရန် အားပေးကူညီခဲ့သည်သာမက ပြစ်မှုကျူးလွန်စဉ်လည်း ရှိနေပါမူ ကိုယ်တိုင်ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်းမဟုတ်သော်လည်း ကိုယ်တိုင်ကျူးလွန်ဘိသကဲ့သို့ တာဝန်ရှိသည်။

*[ကျော်ဒင်နှင့်အစိုးရ၊ ပုံနှိပ်ထားသောစီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၂၆၉]*

*[ဆလန်ခေါ်ကောင်လေးနှင့်ပြည်ထောင်စု၊ ၁၉၆၇၊ မြန်မာပြည်စီရင်ထုံး၊ ၆]*

၂။ ပြစ်မှုကျူးလွန်ရာ၌မရှိက ထိုသူအား အားပေးကူညီမှုဖြင့် အရေးမယူနိုင်လျှင် ဤပုဒ်မနှင့် အကျုံးမဝင်ပေ။

*[အစိုးရနှင့်ဖလောင်း၊ အတွဲ ၃၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၂၆၄]*

၃။ သို့ဖြစ်ရာ ဤပုဒ်မနှင့်အကျုံးဝင်ရန် အင်္ဂါ(၂)ရပ်ရှိရန်လိုသည်။ ၎င်းတို့မှာ (၁)ပြစ်မှုကျူးလွန်ခြင်းမပြုမီက အားပေးကူညီမှုရှိရမည်။ (၂) ပြစ်မှုကျူးလွန်စဉ်ကလည်း အားပေးကူညီမှုရှိနေရမည်။

*[ဘိုးကြုံးနှင့်အစိုးရ၊ အတွဲ ၁၁၊ ရန်ကုန်၊ ၃၅၄]*

၄။ ပုဒ်မ ၁၁၄ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူကို အားပေးကူညီသူအနေဖြင့် အပြစ်ပေးခြင်းမဟုတ်ဘဲ ပြစ်မှုကျူးလွန်သူအနေဖြင့် အပြစ်ပေးခြင်းဖြစ်၍ ထိုပုဒ်မအရ ပြစ်ချက်ဟောင်းကို ပုဒ်မ ၇၅ နှင့် စပ်လျဉ်း၍ အသုံးပြုနိုင်သည်။

မူလပြစ်မှုသည် ကြိမ်ဒဏ်ရိုက်ခတ်နိုင်လျှင် ဤပုဒ်မအရ ပြစ်မှုထင်ရှားသူကို ကြိမ်ဒဏ်အပြစ်ပေးနိုင်သည်။

*[အစိုးရနှင့်မောင်ပုလဲ၊ အတွဲ ၇၊ ရန်ကုန်၊ ၃၂၉]*

**သေဒဏ်ဖြစ်စေ၊ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ ထိုက်သင့်သောပြစ်မှုကို ကျူးလွန်စေရန် အားပေးကူညီသော်လည်း ထိုပြစ်မှုကို မကျူးလွန်လျှင် အားပေးကူညီမှုအတွက်ပြစ်ဒဏ်ချမှတ်ခြင်း၊ ဆိုခဲ့သော အားပေးကူညီမှုကြောင့် ဘေးအန္တရာယ်ဖြစ်စေလျှင် ပြစ်ဒဏ်ချမှတ်ခြင်း။ (ပုဒ်မ-၁၁၅)**

**Abetment of offence punishable with death or transportation for life if ofence not committed;if act causing harm be done in consequence. (Section-115)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို သေဒဏ်ဖြစ်စေ၊ တစ်သက်တစ်ကျွန်းဖြစ်စေ ထိုက်သင့်သော ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားပေးကူညီသော်လည်း ထိုပြစ်မှုကို ကျူးလွန်ခြင်းမရှိ၊ ထိုအားပေးကူညီမှုအတွက်လည်း ဤရာဇသတ်ကြီးအရ ပြစ်ဒဏ်အတည့်အလင်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

http://www.cherrythitsar.org



ထို့ပြင် ဆိုခဲ့သော အားပေးကူညီမှုကြောင့် အားပေးကူညီသူ၌ တာဝန်ရှိသည်လည်းဖြစ်၍ တစ်ဦးတစ်ယောက်အား နာကျင်စေမှုလည်းဖြစ်သော ပြုလုပ်မှုကို အားပေးကူညီခြင်းခံရသူကပြုလျှင် အားပေးကူညီသူကို ဆယ့်လေးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

**ဥပမာ။**

မောင်ညိုကိုသတ်ရန် မောင်ဖြူက မောင်မဲကို လှုံ့ဆော်သော်လည်း မောင်မဲက ထိုပြစ်မှုကို ကျူးလွန်ခြင်းမရှိ။ မောင်မဲသည် မောင်ညိုကိုသတ်ခဲ့လျှင် မောင်ဖြူသည် သေဒဏ်ဖြစ်စေ၊ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ ထိုက်သင့်မည်။ မောင်မဲက လူသတ်မှုကို မကျူးလွန်လျှင် မောင်ဖြူသည် ခုနစ်နှစ်ထိ ထောင်ဒဏ်ပြင် ငွေဒဏ်လည်း ထိုက်သင့်သည်။ အားပေးကူညီခြင်းကြောင့် မောင်ညိုအား နာကျင်စေမှုကို ပြုခဲ့လျှင် မောင်ဖြူသည် ဆယ့်လေးနှစ်ထိ ထောင်ဒဏ်ပြင် ငွေဒဏ်လည်း ထိုက်သင့်မည်။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၁၅ | သေဒဏ်ဖြစ်စေ၊ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ ထိုက်သင့်သောပြစ်မှုကို ကျူးလွန်စေရန် အားပေးကူညီသော်လည်း ထိုပြစ်မှုကို မကျူးလွန်သည့် အားပေးကူညီမှု။ | အားပေးကူညီသည့် ပြစ်မှုရင်းအတွက် ဝရမ်းမပါဘဲ ဖမ်းဆီးခြင်းပြုလုပ်နိုင်လျှင် အားပေးကူညီမှုအတွက်လည်း ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်၊ အခြားနည်း မဖမ်းဆီးနိုင်။ | အားပေးကူညီသည့် ပြစ်မှုရင်းအတွက် ဝရမ်းဖြစ်စေ၊ သမ္မန်စာဖြစ်စေ ထုတ်ဆင့်နိုင်သည်ဟုပြဋ္ဌာန်းထားသည့်အတိုင်း။ | အာမခံ မပေးနိုင်။ | အားပေးကူညီသည့် ပြစ်မှုရင်းကို ကျေအေးခွင့်ရှိသည်။ သို့မဟုတ် ကျေအေးခွင့်မရှိဟု ပြဋ္ဌာန်းထားသည့်အတိုင်း။ | ၇နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | အားပေးကူညီသည့် ပြစ်မှုရင်းကို စစ်ဆေးစီရင်နိုင်သော တရားရုံး။ |
| | ဆိုခဲ့သော အားပေးကူညီမှုကြောင့် ဘေးအန္တရာယ်ဖြစ်စေသည့် ပြုလုပ်မှု။ | ၄င်း | ၄င်း | အာမခံ မပေးနိုင်။ | ၄င်း | ၁၄နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်၊ အားပေးကူညီခြင်းခံရသော ပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့်အများဆုံး ထောင်ဒဏ် တစ်မျိုးမျိုး၏ လေးပုံတစ်ပုံထိ ဖြစ်စေ၊ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | အားပေးကူညီသည့် ပြစ်မှုရင်းကို စစ်ဆေးစီရင်နိုင်သော တရားရုံး။ |

http://www.cherrythitsar.org



**ထောင်ဒဏ်ထိုက်သင့်သောပြစ်မှုကို အားပေးကူညီသော်လည်း ထိုပြစ်မှုကို မကျူးလွန်လျှင် အားပေးကူညီမှုအတွက် ပြစ်ဒဏ်ချမှတ်ခြင်း။ အားပေးကူညီသူသည် သို့တည်းမဟုတ် အားပေးကူညီခြင်းခံရသူသည် ပြစ်မှုကျူးလွန်ခြင်းကို တားမြစ်ရန် ဝတ္တရားရှိသော ပြည်သူ့ဝန်ထမ်းဖြစ်လျှင် ထိုအားပေးကူညီမှုအတွက် ခံရမည့်ပြစ်ဒဏ်။ (ပုဒ်မ-၁၁၆)**

**Abetment of offence punishable with imprisonment if offence be not committed; if abettor or person abetted be a public servant whose duty it is to prevent offence. (Section-116)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

မည်သူမဆို ထောင်ဒဏ်ထိုက်သင့်သောပြစ်မှုကို အားပေးကူညီသော်လည်း ထိုပြစ်မှုကို ကျူးလွန်ခြင်းမရှိ၊ ထိုအားပေးကူညီမှုအတွက်လည်း ဤရာဇဝတ်ကြီးအရ ပြစ်ဒဏ်အတည့်အလင်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် အားပေးကူညီခြင်းခံရသော ပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် အများဆုံးထောင်ဒဏ်တစ်မျိုးမျိုး၏ လေးပုံတစ်ပုံထိဖြစ်စေ၊ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ထိုသူအား ချမှတ်ရမည်။

အားပေးကူညီသူဖြစ်စေ၊ အားပေးကူညီခြင်းခံရသူဖြစ်စေ ဆိုခဲ့သည့် ပြစ်မှုမျိုး ကျူးလွန်ခြင်းကို တားမြစ်ရန် တာဝန်ဝတ္တရားရှိသော ပြည်သူ့ဝန်ထမ်းဖြစ်လျှင် အားပေးကူညီခြင်းခံရသော ပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် အများဆုံးထောင်ဒဏ်တစ်မျိုးမျိုး၏ ထက်ဝက်ထိဖြစ်စေ၊ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ အားပေးကူညီသူအား ချမှတ်ရမည်။

<u>ဥပမာများ</u>

(က) ပြည်သူ့ဝန်ထမ်း မောင်မဲသည် ရာထူးအလျောက် အလုပ်ဝတ္တရားများကို ဆောင်ရွက်သည်တွင် အခွင့်အရေးပေးပါမည့်အကြောင်းဖြင့် မောင်ဖြူက လာဘ်ပေးသည်ကို မောင်မဲက လက်မခံ ငြင်းပယ်သော်လည်း မောင်ဖြူမှာ ဤပုဒ်မအရ ပြစ်ဒဏ်ချမှတ်ခြင်း ခံထိုက်သည်။

(ခ) မုသားသက်သေခံရန် မောင်ဖြူက မောင်မဲကို လှုံ့ဆော်သည်တွင် မောင်မဲက မုသားသက်သေမခံသော်လည်း မောင်ဖြူမှာ ဤပုဒ်မတွင် အဓိပ္ပာယ်ပိုင်းခြား ဖော်ပြပါရှိသော ပြစ်မှုကို ကျူးလွန်ရာရောက်သည်ဖြစ်၍ ထိုပြစ်မှုအတွက် ပြစ်ဒဏ်ချမှတ်ခြင်း ခံထိုက်သည်။

(ဂ) လုယက်မှုကို တားမြစ်ရန် တာဝန်ဝတ္တရားရှိသော ရဲအရာရှိ မောင်ဖြူသည် လုယက်မှုကိုကျူးလွန်ရန် အားပေးကူညီရာတွင် လုယက်မှုကို ကျူးလွန်ခြင်းမရှိသော်လည်း မောင်ဖြူမှာ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် အများဆုံးထောင်ဒဏ်တစ်မျိုးမျိုး၏ ထက်ဝက်အပြင် ငွေဒဏ်လည်း ထိုက်သင့်သည်။

http://www.cherrythitsar.org



(ဃ) လုယက်မှုကို တားမြစ်ရန် တာဝန်ဝတ္တရားရှိသော ရဲအရာရှိ မောင်ဖြူကို လုယက်မှုကျူးလွန်ရန် မောင်မဲက အားပေးကူညီရာတွင် လုယက်မှုကို ကျူးလွန်ခြင်း မရှိသော်လည်း မောင်မဲမှာ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် အများဆုံး ထောင်ဒဏ်တစ်မျိုးမျိုး၏ ထက်ဝက်အပြင် ငွေဒဏ်လည်းထိုက်သင့်သည်။

<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၁၆ | ထောင်ဒဏ်ထိုက်သင့်သော ပြစ်မှုကို အားပေးကူညီသော်လည်း ထိုပြစ်မှုကို မကျူးလွန်သည့် အားပေးကူညီမှု။ | အားပေးကူညီသည့် ပြစ်မှုရင်းအတွက် ဝရမ်းမပါဘဲ ဖမ်းဆီးခြင်းပြုလုပ်နိုင်လျှင် အားပေးကူညီမှု အတွက်လည်း ဝရမ်း မပါဘဲ ဖမ်းဆီးနိုင် သည်၊ အခြားနည်း မဖမ်းဆီးနိုင်။ | အားပေးကူညီ သည့် ပြစ်မှုရင်း အတွက် ဝရမ်း ဖြစ်စေ၊ သမ္မန်စာ ဖြစ်စေ ထုတ်ဆင့် နိုင်သည်ဟု ပြဋ္ဌာန်းထားသည့် အတိုင်း။ | အားပေးကူညီ သည့် ပြစ်မှုရင်း အတွက် အာမခံ ပေးရမည် သို့မဟုတ် အာမခံမပေးနိုင် ဟု ပြဋ္ဌာန်းထား သည့်အတိုင်း။ | အားပေးကူညီ သည့် ပြစ်မှုရင်း ကို ကျေအေးခွင့် ရှိသည်။ သို့မဟုတ် ကျေအေးခွင့် မရှိဟု ပြဋ္ဌာန်း ထားသည့် အတိုင်း။ | ၇ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | အားပေးကူညီ သည့် ပြစ်မှုရင်း ကို စစ်ဆေး စီရင်နိုင်သော တရားရုံး။ |
| | အားပေးကူညီသူသည် သို့မဟုတ် အားပေး ကူညီခြင်းခံရသူသည် ပြစ်မှုကျူးလွန်ခြင်းကို တားမြစ်ရန် တာဝန်ဝတ္တရားရှိသော ပြည်သူ့ဝန်ထမ်းဖြစ်လျှင်။ | အားပေးကူညီသည့် ပြစ်မှုရင်းအတွက် ဝရမ်းမပါဘဲ ဖမ်းဆီး ခြင်းပြုလုပ်နိုင်လျှင် အားပေးကူညီမှု အတွက်လည်း ဝရမ်း မပါဘဲ ဖမ်းဆီးနိုင် သည်၊ အခြားနည်း မဖမ်းဆီးနိုင်။ | အားပေးကူညီ သည့် ပြစ်မှုရင်း အတွက် ဝရမ်း ဖြစ်စေ၊ သမ္မန်စာ ဖြစ်စေ ထုတ်ဆင့် နိုင်သည်ဟု ပြဋ္ဌာန်းထားသည့် အတိုင်း။ | အားပေးကူညီ သည့် ပြစ်မှုရင်း အတွက် အာမခံ ပေးရမည် သို့မဟုတ် အာမခံမပေးနိုင် ဟု ပြဋ္ဌာန်းထား သည့်အတိုင်း။ | အားပေးကူညီ သည့် ပြစ်မှုရင်း ကို ကျေအေးခွင့် ရှိသည်။ သို့မဟုတ် ကျေအေးခွင့် မရှိဟု ပြဋ္ဌာန်း ထားသည့် အတိုင်း။ | အားပေးကူညီခြင်း ခံရသောပြစ်မှု အတွက် ပြဋ္ဌာန်း ထားသည့် အများဆုံး ထောင်ဒဏ် တစ်မျိုးမျိုး၏ ထက်ဝက်ထိ ဖြစ်စေ၊ ထိုပြစ်မှု အတွက် ပြဋ္ဌာန်း ထားသည့် ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | အားပေးကူညီ သည့် ပြစ်မှုရင်း ကို စစ်ဆေး စီရင်နိုင်သော တရားရုံး။ |

http://www.cherrythitsar.org



**တစ်ဦးတစ်ယောက်က အများပြည်သူတို့ကို ဖြစ်စေ၊ ဆယ်ယောက်ထက်ပိုသော သူတို့ကို ဖြစ်စေ ပြစ်မှုကျူးလွန်စေရန် အားပေးကူညီခြင်း။ (ပုဒ်မ-၁၁၇)**

**Abetting commission of offence by the public, or by more than ten persons. (Section-117)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

အများပြည်သူတို့ကိုဖြစ်စေ၊ ဆယ်ယောက်ထက်ပိုသော သူတို့ကိုဖြစ်စေ၊ ဆယ်ယောက်ထက်ပိုသော လူအမျိုးအစားကိုဖြစ်စေ ပြစ်မှုကျူးလွန်ရန် တစ်ဦးတစ်ယောက်က အားပေးကူညီလျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

<u>ဥပမာ</u>

စီတန်းလှည့်လည်ဆဲအတွင်း ဆယ်ယောက်ထက်ပိုသော ဂိုဏ်းဝင်တစ်စုက ဆန့်ကျင်ဘက်ဂိုဏ်းဝင်တစ်စုကို စတင်ရန်မူစိမ့်သောငှာ သတ်မှတ်သောအချိန်တွင် သတ်မှတ်သောအရပ်၌ စုရုံးကြစေရန် လှုံ့ဆော်သောဆွဲစာကို ပြည်သူတို့နှင့်ဆိုင်သော တစ်နေရာတွင် မောင်ဖြူက ဆွဲကပ်ထား၏။ မောင်ဖြူသည် ဤပုဒ်မတွင် အဓိပ္ပာယ်ဖော်ပြထားသော ပြစ်မှုကို ကျူးလွန်ရာရောက်သည်။

<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း။ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၁၇ | တစ်ဦးတစ်ယောက်က အများပြည်သူတို့ကို ဖြစ်စေ၊ ဆယ်ယောက်ထက်ပိုသော သူတို့ကို ဖြစ်စေ ပြစ်မှုကျူးလွန်စေရန် အားပေးကူညီမှု။ | အားပေးကူညီသည့် ပြစ်မှုရင်းအတွက် ဝရမ်းမပါဘဲ ဖမ်းဆီးခြင်းပြုလုပ်နိုင်လျှင် အားပေးကူညီမှုအတွက်လည်း ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်၊ အခြားနည်း မဖမ်းဆီးနိုင်။ | အားပေးကူညီသည့် ပြစ်မှုရင်းအတွက် ဝရမ်းဖြစ်စေ၊ သမ္မန်စာဖြစ်စေ ထုတ်ဆင့်နိုင်သည်ဟု ပြဋ္ဌာန်းထားသည့်အတိုင်း။ | အားပေးကူညီသည့် ပြစ်မှုရင်းအတွက် အာမခံပေးရမည် သို့မဟုတ် အာမခံမပေးနိုင်ဟု ပြဋ္ဌာန်းထားသည့်အတိုင်း။ | အားပေးကူညီသည့် ပြစ်မှုရင်းကို ကျေအေးခွင့်ရှိသည်။ သို့မဟုတ် ကျေအေးခွင့်မရှိဟု ပြဋ္ဌာန်းထားသည့်အတိုင်း။ | ၃-နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | အားပေးကူညီသည့် ပြစ်မှုရင်းကို စစ်ဆေးစီရင်နိုင်သော တရားရုံး။ |

http://www.cherrythitsar.org



**သေဒဏ်ဖြစ်စေ၊ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ထိုက်သင့်သောပြစ်မှုကို ကျူးလွန်ရန် စီစဉ်ချက်ကို ထိမ်ချန်ခြင်း။**
**ပြစ်မှုကျူးလွန်ရှိခဲ့လျှင် ပြစ်မှုကျူးလွန်မရှိခဲ့လျှင်၊**
**(ပုဒ်မ-၁၁၈)**

**Concealing design to commit offence punishable with death or transportation for life-**
**if offence be committed;**
**if offence be not committed.**
**(Section-117)**

**ဥပဒေပွင့်ဆိုချက်**

သေဒဏ်ဖြစ်စေ၊ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ ထိုက်သင့်သော ပြစ်မှုတစ်ခုခု ကျူးလွန်ခြင်းကို လွယ်ကူစေရန် ကြံရွယ်၍သော်လည်းကောင်း၊ လွယ်ကူအောင် မိမိကဖြစ်စေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း မည်သူမဆို ပြုလုပ်မှုဖြင့် ဖြစ်စေ၊ ဥပဒေနှင့်ဆန့်ကျင်သော ပျက်ကွက်မှုပြုခြင်းဖြင့်ဖြစ်စေ ထိုပြစ်မှုကို ကျူးလွန်ရန် စီစဉ်ချက်ရှိကြောင်းကို မိမိအလိုအလျောက် ထိမ်ချန်လျှင်၊ သို့တည်းမဟုတ် ထိုစီစဉ်ချက်နှင့်စပ်လျဉ်း၍ မမှန်သည်ကို သိလျက်နှင့် မှန်သည့်အနေဖြင့် မိမိအလိုအလျောက်ပြောလျှင် ထိုသူကို အဆိုပါပြစ်မှုကျူးလွန်ခြင်းရှိပါက ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

အဆိုပါ ပြစ်မှုကျူးလွန်ခြင်းမရှိပါက သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**ဥပမာ**

ရွာတစ်ရွာတွင် ဓားပြတိုက်မည့်အကြောင်းကို မောင်ဖြူသိလျက်နှင့် ရွာတစ်ရွာ၏တစ်ဖက် ညောင်ပင်ရွာတွင် ဓားပြတိုက်လိမ့်မည်ဟု ရာဇဝတ်တရားသူကြီးသို့ မမှန်သတင်းပေး၏။ ဤတွင် ပြစ်မှုကျူးလွန်ခြင်းကို လွယ်ကူစေရန် ကြံရွယ်ချက်နှင့် ရာဇဝတ်တရားသူကြီးကို အထင်လွဲမှားအောင်ပြု၏။ ထို့နောက် စီစဉ်ချက်အတိုင်း ရွာသစ်ရွာတွင် ဓားပြတိုက်သည်။ မောင်ဖြူသည် ဤပုဒ်မအရ ပြစ်ဒဏ်ချမှတ်ခြင်း ခံထိုက်သည်။

http://www.cherrythitsar.org



<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း။ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၁၈ | သေဒဏ်ဖြစ်စေ၊ တစ်သက်တစ်ကျွန်းဒဏ် ဖြစ်စေ ထိုက်သင့်သောပြစ်မှုကို ကျူးလွန်ရန် စီစဉ်ချက်ကို ထိမ်ချန်မှု။ | အားပေးကူညီသည့် ပြစ်မှုရင်းအတွက် ဝရမ်းမပါဘဲ ဖမ်းဆီး ခြင်းပြုလုပ်နိုင်လျှင် အားပေးကူညီမှု အတွက်လည်း ဝရမ်း မပါဘဲ ဖမ်းဆီးနိုင် သည်၊ အခြားနည်း မဖမ်းဆီးနိုင်။ | အားပေးကူညီ သည့် ပြစ်မှုရင်း အတွက် ဝရမ်း ဖြစ်စေ၊ သမ္မန်စာ ဖြစ်စေ ထုတ်ဆင့် နိုင်သည်ဟု ပြဋ္ဌာန်းထားသည့် အတိုင်း။ | အာမခံ မပေးနိုင်။ | အားပေးကူညီ သည့် ပြစ်မှုရင်း ကို ကျေအေးခွင့် ရှိလည်း။ သို့မဟုတ် ကျေအေးခွင့် မရှိဟု ပြဋ္ဌာန်း ထားသည့် အတိုင်း။ | ၇-နှစ်ထိ ထောင် ဒဏ်တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | အားပေးကူညီ သည့် ပြစ်မှုရင်း ကို စစ်ဆေး စီရင်နိုင်သော တရားရုံး။ |
| | ပြစ်မှုကျူးလွန်ခဲ့ခြင်း မရှိလျှင်။ | ၄င်း | ၄င်း | အာမခံ ပေးရမည်။ | ၄င်း | ၃-နှစ်ထိ ထောင် ဒဏ်တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | ၄င်း |

<u>**စီရင်ထုံး**</u>

ပြစ်မှုကျူးလွန်ရန် စီစဉ်ချက်ရှိကြောင်း ဥပဒေအရ ထုတ်ဖော်ပြောဆိုရန် တာဝန်ရှိသူမဟုတ်က ထုတ်ဖော်ပြောဆိုခြင်းမပြုဘဲ ထိမ်ချန်ခြင်းအားဖြင့် ကျူးလွန်သည်မမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၄ တွင် ဖော်ပြထားသည့် ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် စီရင်ချက်ရှိကြောင်း သိမှသာ အရပ်သားတစ်ဦးသည် ထုတ်ဖော်ပြောဆိုရန် တာဝန်ရှိမည်ဖြစ်သည်။ အခြားပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် စီစဉ်ချက်ရှိကြောင်း ထုတ်ဖော်ပြောဆိုရန် တာဝန်မရှိပေ။ တရားခံ၏ အလုပ်သမား သုံးဦးကို သောင်းကျန်းသူများက သတ်ရန်ခေါ်သွားသည့်ကိစ္စအား ထုတ်ဖော်ပြောဆိုခြင်းမပြုဘဲ ထိမ်ချန်ထားခြင်းအတွက် ဤပုဒ်မအရ ပြစ်မှုမြောက်သည်။

*[ဘထော်နော်နှင့်ပြည်ထောင်စု၊ ၁၉၆၄၊ မြန်မာပြည်စီရင်ထုံး၊ ၈၀၇]*

http://www.cherrythitsar.org



**တားမြစ်ရန် တာဝန်ဝတ္တရားရှိသော ပြည်သူ့ဝန်ထမ်းက ပြစ်မှုကျူးလွန်ရန် စီစဉ်ချက်ကို ထိမ်ချန်ခြင်း။**
**ပြစ်မှုကျူးလွန်ခြင်း ရှိခဲ့လျှင်၊**
**သေဒဏ်အစရှိသော ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုဖြစ်လျှင်၊**
**ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့လျှင်၊**
**(ပုဒ်မ-၁၁၉)**

**Public servant concealing design to commit offence which it is his duty to prevent -**
**if offence be committed;**
**if offence be punishable with death,etc;**
**if offence be not committed.**
**(Section-119)**

**ဥပဒေပြဋ္ဌာန်းချက်**

ပြစ်သူ့ဝန်ထမ်းအဖြစ်ဖြင့် ပြစ်မှုတစ်ခုကို တားမြစ်ရန် တာဝန်ဝတ္တရားရှိသော ပြည်သူ့ဝန်ထမ်းသည် ထိုပြစ်မှုကျူးလွန်ခြင်းကို လွယ်ကူစေရန် ကြံရွယ်၍သော်လည်းကောင်း၊ လွယ်ကူအောင် မိမိက ဖြစ်စေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ထိုပြစ်မှုကို ကျူးလွန်ရန် စီစဉ်ချက်ရှိကြောင်းကို မိမိအလိုအလျောက်ပြုလုပ်မှုဖြင့်ဖြစ်စေ၊ ဥပဒေနှင့်ဆန့်ကျင်သော ပျက်ကွက်မှုပြုခြင်းဖြင့်ဖြစ်စေ ထိမ်ချန်လျှင်၊ သို့တည်းမဟုတ် ထိုစီစဉ်ချက်နှင့် စပ်လျဉ်း၍ မမှန်သည်ကို သိလျက်နှင့် မှန်သည့်အနေဖြင့် မိမိအလိုအလျောက်ပြောလျှင် ထိုပြည်သူ့ဝန်ထမ်းကို-

အဆိုပါ ပြစ်မှုကျူးလွန်ခြင်းရှိပါက ကျူးလွန်သော ပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် အများဆုံးထောင်ဒဏ်တစ်မျိုးမျိုး၏ ထက်ဝက်ထိဖြစ်စေ၊ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

အဆိုပါပြစ်မှုမျိုးမှာ သေဒဏ်ဖြစ်စေ၊ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ ထိုက်သင့်သော ပြစ်မှုမျိုးဖြစ်လျှင် ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည်။

အဆိုပါပြစ်မှု ကျူးလွန်ခြင်းမရှိပါက သက်ဆိုင်ရာပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် အများဆုံးထောင်ဒဏ်တစ်မျိုးမျိုး၏ လေးပုံတစ်ပုံထိဖြစ်စေ၊ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ဥပမာ**

လုယက်မှုစီစဉ်ချက်နှင့် စပ်လျဉ်း၍ မိမိရရှိသောသတင်းကို တိုင်ကြားရန် ဥပဒေအရ ဝတ္တရားရှိသော ရဲအရာရှိ မောင်ဖြူသည် ပြစ်မှုကျူးလွန်ခြင်းကို လွယ်ကူစေရန် ကြံရွယ်ချက်ဖြင့် မောင်မဲ လုယက်မှုကျူးလွန်ရန် စီစဉ်ချက်ရှိသည်ကို သိလျက်နှင့် တိုင်ကြားရန် ပျက်ကွက်၏။ ထိုသို့ ပျက်ကွက်ခြင်းသည် ဥပဒေနှင့်ဆန့်ကျင်သော ပျက်ကွက်မှုပြုခြင်း ဖြစ်သောကြောင့် မောင်ဖြူသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြစ်ဒဏ်ချမှတ်ခြင်း ခံထိုက်သည်။

http://www.cherrythitsar.org



<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၁၉ | တားမြစ်ရန် တာဝန်ဝတ္တရားရှိသော ပြည်သူ့ဝန်ထမ်းက ပြစ်မှုကျူးလွန်ရန် စီစဉ်ချက်ကို ထိမ်ချန်မှု၊ ပြစ်မှုကျူးလွန်ခြင်း ရှိခဲ့လျှင်။ | အားပေးကူညီသည့် ပြစ်မှုရင်းအတွက် ဝရမ်းမပါဘဲ ဖမ်းဆီးခြင်းပြုလုပ်နိုင်လျှင် အားပေးကူညီမှုအတွက်လည်း ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်၊ အခြားနည်း မဖမ်းဆီးနိုင်။ | အားပေးကူညီသည့် ပြစ်မှုရင်း အတွက် ဝရမ်း ဖြစ်စေ၊ သမ္မန်စာ ဖြစ်စေ ထုတ်ဆင့်နိုင်သည်ဟု ပြဋ္ဌာန်းထားသည့် အတိုင်း။ | အားပေးကူညီသည့် ပြစ်မှုရင်း အတွက် အာမခံ ပေးရမည် သို့မဟုတ် အာမခံမပေးနိုင်ဟု ပြဋ္ဌာန်းထားသည့်အတိုင်း။ | အားပေးကူညီသည့် ပြစ်မှုရင်းကို ကျေအေးခွင့် ရှိသည်။ သို့မဟုတ် ကျေအေးခွင့် မရှိဟု ပြဋ္ဌာန်းထားသည့် အတိုင်း။ | ကျူးလွန်သော ပြစ်မှုအတွက် ပြဋ္ဌာန်းထားသော အများဆုံး ထောင်ဒဏ် တစ်မျိုးမျိုး၏ ထက်ဝက်ထိဖြစ်စေ၊ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ငွေဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးသက်ဆိုင်ရာပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် အများဆုံး ထောင်ဒဏ်တစ်မျိုးမျိုး၏လေးပုံတစ်ပုံထိဖြစ်စေ၊ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | အားပေးကူညီသည့် ပြစ်မှုရင်းကို စစ်ဆေးစီရင်နိုင်သော တရားရုံး။ |
| | သေဒဏ်၊ တစ်သက်တစ်ကျွန်းဒဏ် ထိုက်သင့်သောပြစ်မှု ဖြစ်လျှင်။ | ၎င်း | ၎င်း | အာမခံ မပေးနိုင်။ | ၎င်း | | ၎င်း |
| | ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့လျှင်။ | ၎င်း | ၎င်း | အာမခံ ပေးရမည်။ | ၎င်း | | ၎င်း |

http://www.cherrythitsar.org



**ထောင်ဒဏ်ထိုက်သင့်သော ပြစ်မှုကျူးလွန်ရန် စီစဉ်ချက်ကို ထိမ်ချန်ခြင်း။**
**ပြစ်မှု ကျူးလွန်ခြင်းရှိခဲ့လျှင်၊**
**ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့လျှင်။**
**(ပုဒ်မ-၁၂၀)**

**Concealing design to commit offence punishable with imprisonment if offence be committed;**
**if offen be not committed.**
**(Section-120)**

**ဥပဒေပြဌာန်းချက်**

ထောင်ဒဏ်ထိုက်သင့်သော ပြစ်မှုကို ကျူးလွန်ခြင်းကို လွယ်ကူစေရန် ကြံရွယ်၍သော်လည်းကောင်း၊ လွယ်ကူအောင် မိမိကဖြစ်စေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း မည်သူမဆို ပြုလုပ်မှုဖြင့်ဖြစ်စေ၊ ဥပဒေနှင့် ဆန့်ကျင်သော ပျက်ကွက်မှုပြုခြင်းဖြင့်ဖြစ်စေ ထိုပြစ်မှုကျူးလွန်ရန် စီစဉ်ချက်ရှိသည်ကို မိမိအလို အလျောက် ထိမ်ချန်လျှင်၊ သို့တည်းမဟုတ် စီစဉ်ချက်နှင့်စပ်လျဉ်း၍ မမှန်သည်ကို သိလျက်နှင့် မှန်သည့်အနေဖြင့် မိမိအလိုအလျောက်ပြောလျှင် ထိုသူကို အဆိုပါ ပြစ်မှုကျူးလွန်ခြင်းရှိပါက ကျူးလွန်သည့်ပြစ်မှုအတွက် ပြဌာန်းထားသည့် အများဆုံး ထောင်ဒဏ်တစ်မျိုးမျိုး၏ လေးပုံတစ်ပုံထိဖြစ်စေ၊ ပြစ်မှုကျူးလွန်ခြင်းမရှိပါက ရှစ်ပုံ တစ်ပုံထိဖြစ်စေ၊ ထိုပြစ်မှုအတွက် ပြဌာန်းထားသည့် ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၂၀ | ထောင်ဒဏ်ထိုက်သင့်သောပြစ်မှု ကျူးလွန်ရန် စီစဉ်ချက်ကို ထိမ်ချန်မှု၊ ပြစ်မှုကျူးလွန်ခြင်း ရှိခဲ့လျှင်။ | ထိမ်ချန်သည့် ပြစ်မှုရင်းအတွက် ဝရမ်းမပါဘဲ ဖမ်းဆီးခြင်းပြုလုပ်နိုင်လျှင် ထိမ်ချန်မှုအတွက် ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်၊ အခြားနည်း မဖမ်းဆီးနိုင်။ | ထိမ်ချန်သည့် ပြစ်မှုရင်းအတွက် ဝရမ်းဖြစ်စေ၊ သမ္မန်စာဖြစ်စေ ထုတ်ဆင့်နိုင်သည် ဟုပြဌာန်းထားသည့် အတိုင်း။ | အားပေးကူညီသည့် ပြစ်မှုရင်း အတွက် အာမခံ ပေးရမည် သို့မဟုတ် အာမခံမပေးနိုင် ဟု ပြဌာန်းထားသည့်အတိုင်း။ | ထိမ်ချန်သည့် ပြစ်မှုရင်းကို ကျေအေးခွင့် ရှိသည်။သို့မဟုတ် ကျေအေးခွင့် မရှိဟု ပြဌာန်း ထားသည့်အတိုင်း။ | ကျူးလွန်သည့် ပြစ်မှုအတွက် ပြဌာန်းထားသည့် အများဆုံး ထောင်ဒဏ် တစ်မျိုးမျိုး၏ လေးပုံတစ်ပုံထိ ဖြစ်စေ၊ ထိုပြစ်မှု အတွက် ပြဌာန်း ထားသည့် ငွေ ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ထိမ်ချန်သော ပြစ်မှုရင်းကို စစ်ဆေးစီရင် နိုင်သော တရားရုံး။ |

http://www.cherrythitsar.org



| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| | ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့လျှင်။ | ၄င်း | ၄င်း | အာမခံ ပေးရမည်။ | ထိမ်ချန်သည့် ပြစ်မှုရင်းကို ကျေအေးခွင့် ရှိသည်။သို့မဟုတ် ကျေအေးခွင့် မရှိဟု ပြဋ္ဌာန်း ထားသည့်အတိုင်း။ | ကျူးလွန်သည့် ပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် အများဆုံး ထောင်ဒဏ် တစ်မျိုးမျိုး၏ ရှစ်ပုံတစ်ပုံထိ ဖြစ်စေ၊ ထိုပြစ်မှု အတွက် ပြဋ္ဌာန်း ထားသည့် ငွေ ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ထိမ်ချန်သော ပြစ်မှုရင်းကို စစ်ဆေးစီရင် နိုင်သော တရားရုံး။ |

http://www.cherrythitsar.org



## အခန်း(၅–က)
## ရာဇဝတ်မကင်းသော ပူးပေါင်းကြံစည်မှု

**ရာဇဝတ်မကင်းသော ပူးပေါင်းကြံစည်မှု၏အင်္ဂါ။ (ပုဒ်မ-၁၂၀ က)**

**Defination of criminal conspiracy. (Section-120 A)**

**ဥပဒေပြဋ္ဌာန်းချက်**

လူနှစ်ယောက်က၊ သို့တည်းမဟုတ် နှစ်ယောက်ထက် ပိုသောသူများက (၁) ဥပဒေနှင့်မညီသော ပြုလုပ်မှုကိုသော်လည်းကောင်း၊ (၂) ဥပဒေနှင့်မညီသော နည်းဖြင့် ဥပဒေနှင့်မညီ မဟုတ်သော ပြုလုပ်မှုကိုသော် လည်းကောင်း ပြုရန်၊ သို့တည်းမဟုတ် ပြုစေရန်သဘောတူညီလျှင် ထိုသဘောတူညီချက်ကို ရာဇဝတ်မကင်းသော ပူးပေါင်းကြံစည်မှုဟု ခေါ်သည်။

***ခြွင်းချက်။*** သို့ရာတွင် ပြစ်မှုကျူးလွန်ရန် သဘောတူညီချက်မှတစ်ပါး သဘောတူညီချက်တစ်ခုခုတွင် ပါဝင်သူတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ သဘောတူညီသော်လည်း သဘောတူညီသည့်အတိုင်း ပြုလုပ်မှုတစ်ခုခုကို မပြုသမျှ ထိုသဘောတူညီချက်သည် ရာဇဝတ်မကင်းသော ပူးပေါင်းကြံစည်မှုမမြောက်။

*ရှင်းလင်းချက်။* ဆိုခဲ့သော ဥပဒေနှင့်မညီသော ပြုလုပ်မှုသည် ဆိုခဲ့သော သဘောတူညီချက်၏ ရည်ရွယ်ရင်းအချက်ဖြစ်သည် မဖြစ်သည်၊ ထိုရည်ရွယ်ရင်း အချက်နှင့် အကြောင်းသင့် ဆက်စပ်နေသည် မနေသည်တို့မှာ အရေးပါသောအချက်များ မဟုတ်ပေ။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တစ်ဦးထက်ပိုသော လူတို့က သဘောတူညီကြခြင်း။

၂။ ထိုသဘောတူညီချက်မှာ-

(က) ဥပဒေနှင့်မညီသော ပြုလုပ်မှုကိုပြုရန်သော်လည်းကောင်း၊

(ခ) ဥပဒေနှင့်ညီသောပြုလုပ်မှုကို ဥပဒေနှင့်မညီသော နည်းလမ်းဖြင့် လည်းကောင်း ဖြစ်ခြင်း။

**စီရင်ထုံး**

၁။ ပြစ်မှုမကင်းသော ပူးပေါင်းကြံစည်မှုဆိုသည့် စကားရပ်ကို ပုဒ်မ ၁၂၀(က)တွင် လူနှစ်ယောက်က သို့တည်းမဟုတ် နှစ်ယောက်ထက်ပိုသောလူများက (၁) ဥပဒေနှင့်မညီသော ပြုလုပ်မှုကိုသော်လည်းကောင်း၊ (၂) ဥပဒေနှင့်မညီသောနည်းဖြင့် ဥပဒေနှင့်အညီမဟုတ်သော ပြုလုပ်မှုကိုသော်လည်းကောင်း ပြုရန် သို့တည်းမဟုတ် ပြုစေရန် သဘောတူညီလျှင် ထိုသဘောတူညီချက်ကို ပြစ်မှုမကင်းသော ပူးပေါင်းကြံစည်မှုဟု ခေါ်သည်ဟု ပြဋ္ဌာန်းထားပေသည်။

*[ဦးအုန်းခိုင်ပါ ၂ နှင့် ပြည်ထောင်စု၊ ၁၉၈၃ မြန်မာပြည်စီရင်ထုံး၊ ၁၅၁]*

http://www.cherrythitsar.org



၂။ လူနှစ်ဦးထက်မနည်း ပြစ်မှုကျူးလွန်ရန် သဘောတူညီမှုရှိမှသာ ဤပုဒ်မအရ ပူးပေါင်းကြံစည်မှုမြောက်မည်ဖြစ်၍ လူတစ်ဦးတည်းက ပူးပေါင်းကြံစည်မှု ကျူးလွန်ခြင်း မပြုနိုင်ပေ။

*[ပြည်ထောင်စုနှင့်လှထွန်းဦး၊ ခေါ် မောင်တင်ဦး၊ ၁၉၅၅၊ မြန်မာပြည်စီရင်ထုံး ၉(လွှတ်တော်ချုပ်)]*

*[ဦးကျော်ဦးနှင့်ပြည်ထောင်စု၊ ၁၉၅၅၊ မြန်မာပြည်စီရင်ထုံး ၁၇၃(လွှတ်တော်ချုပ်)]*

**ရာဇဝတ်မကင်းသော ပူးပေါင်းကြံစည်မှု အတွက် ပြစ်ဒဏ်။ (ပုဒ်မ-၁၂၀-ခ)**

**Punishment of criminal conspiracy. (Section-120 B)**

**ဥပဒေဖွင့်ဆိုချက်**

၁။ မည်သူမဆို သေဒဏ်သော်လည်းကောင်း၊ တစ်ကျွန်းဒဏ်သော်လည်းကောင်း၊ နှစ်နှစ် သို့တည်းမဟုတ် နှစ်နှစ်ထက်ပို၍သော်လည်းကောင်း အလုပ်ကြမ်းနှင့် ထောင်ဒဏ်သော် လည်းကောင်း ထိုက်သင့်သော ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် ရာဇဝတ်မကင်းသော ပူးပေါင်းကြံစည်မှုတွင် ပါဝင်သူဖြစ်လျှင် ထိုပူးပေါင်းကြံစည်မှု အတွက် ဤရာဇသတ်ကြီးအရ ပြစ်ဒဏ်အတည့်အလင်း ပြဋ္ဌာန်းထားခြင်း မရှိပါက အဆိုပါ သက်ဆိုင်ရာပြစ်မှုကို ကျူးလွန်ရန် အားပေးကူညီဘိသကဲ့သို့ ထိုသူအား ပြစ်ဒဏ်ချမှတ်ရမည်။

၂။ မည်သူမဆို ဆိုခဲ့သည့်ပြစ်ဒဏ်မျိုး ထိုက်သင့်သော ပြစ်မှုမှတစ်ပါး အခြား ပြစ်ဒဏ်ထိုက်သင့်သော ပြစ်မှုကို ကျူးလွန်ရန် ရာဇဝတ်မကင်းသော ပူးပေါင်း ကြံစည်မှုတွင် ပါဝင်သူဖြစ်လျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

http://www.cherrythitsar.org



<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၂၀ ခ | သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ် သို့မဟုတ် အလုပ်ကြမ်းနှင့် ထောင်နှစ်နှစ် ဖြစ်စေ၊ နှစ်နှစ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သော ပြစ်မှုတစ်ရပ်ကို ကျူးလွန်ရန် ပြစ်မှုမကင်းသော ပူးပေါင်းကြံစည်မှု။ | ပူးပေါင်းကြံစည်မှု၏ ရည်ရွယ်ရင်း ပြစ်မှုအတွက် ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်လျှင် ပူးပေါင်းကြံစည်မှုအတွက် ဝရမ်း မပါဘဲ ဖမ်းဆီးနိုင်သည်၊ အခြားနည်း မဖမ်းဆီးနိုင်။ | ပူးပေါင်းကြံစည်မှု၏ ရည်ရွယ်ရင်း ဖြစ်သည့် ပြစ်မှုအတွက် ဝရမ်း ဖြစ်စေ၊ သမ္မန်စာ ဖြစ်စေ ထုတ်ဆင့်နိုင်သည်ဟု ပြဋ္ဌာန်းထားသည့်အတိုင်း။ | ပူးပေါင်းကြံစည်မှု၏ရည်ရွယ်ချက် ဖြစ်သည့် ပြစ်မှုအတွက် အာမခံ ပေးရမည်၊ သို့မဟုတ် အာမခံမပေးနိုင်ဟု ပြဋ္ဌာန်းထားသည့်အတိုင်း။ | ကျေအေးခွင့် မရှိ။ | ပူးပေါင်းကြံစည်မှု၏ ရည်ရွယ်ရင်း ဖြစ်သောပြစ်မှုကို အားပေးကူညီမှုအတွက် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်။ | ပူးပေါင်းကြံစည်မှု၏ ရည်ရွယ်ရင်း ဖြစ်သည့် ပြစ်မှုကို စက်ရှင် တရားရုံးကသာ စစ်ဆေးနိုင်လျှင် စက်ရှင်တရားရုံး၊ အခြားပြစ်မှုများ ဖြစ်လျှင် စက်ရှင် တရားရုံး၊ သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး |
| | အခြားပြစ်မှုမကင်းသော ပူးပေါင်းကြံစည်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ခြောက်လထက် မပိုသော ထောင်ဒဏ်တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

<u>**စီရင်ထုံး**</u>

၁။ ပူးပေါင်းကြံစည်မှုရှိကြောင်း သက်သေထူရန်တာဝန်သည် တရားလိုဘက်၌ တည်ရှိသည်။ တရားခံများသည် အတူသွားလာ ပေါင်းသင်း ဆက်ဆံနေသည့် အကြောင်းကြောင့် ပူးပေါင်းကြံစည်မှုရှိသည်ဟု ယူဆရန်မဟုတ်ပေ။ သို့ရာတွင် ပူးပေါင်းကြံစည်မှုများ၌ သာမန်အားဖြင့် တိုက်ရိုက် အထောက်အထားရရန် မလွယ်ကူသဖြင့် အမှုတွင် ပေါ်ပေါက်လျက်ရှိသော ကြောင်းခြင်းရာများကိုလိုက်၍ ပူးပေါင်းကြံစည်မှုရှိသည် မရှိသည်ဆိုခြင်းကို ဆုံးဖြတ်ရသည်။

*[ဦးကျော်မြင့်/ဦးကျော်သိန်းနှင့်ပြည်ထောင်စု၊ ၁၉၅၆၊ မြန်မာပြည်စီရင်ထုံး၊ ၁၇၅(လွှတ်တော်)]*

http://www.cherrythitsar.org



၂။ ဥပဒေနှင့်မညီသော ပြုလုပ်မှုကိုပြုရန် သဘောတူရာ၌ တစ်ဦးထက်ပိုသော ပုဂ္ဂိုလ်များရှိရန်လိုသဖြင့် တရားခံနှစ်ဦးအား တရားစွဲသောအမှုတွင် တစ်ဦးကို ပူးပေါင်းကြံစည်မှုမရှိဟု ဆုံးဖြတ်လျှင် ကျန်တစ်ဦးအပေါ်၌ ပူးပေါင်းကြံစည်မှုဖြင့် အပြစ်ပေးနိုင်မည်မဟုတ်ပေ။

*[ပြည်ထောင်စုနှင့်လှထွန်းဦး၊ ၁၉၅၈၊*
*မြန်မာပြည်စီရင်ထုံး၊ ၉ (လွှတ်တော်ချုပ်)]*
*[ဦးကျော်ဦးနှင့်ပြည်ထောင်စု၊ ၁၉၅၈*
*မြန်မာပြည်စီရင်ထုံး ၁၇၃(လွှတ်တော်ချုပ်)]*

၃။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၆-က အရ ထိုပုဒ်မရှိ ပူးပေါင်းကြံစည်မှုဖြင့် စွဲဆိုသည့်အမှုများတွင် နိုင်ငံတော်သမ္မတ၏ အမိန့်ဆိုင်ရှင်လိုသည်ဆိုခြင်းကို သတိချပ်ရမည်။

*[အဗ္ဗဒုရမန်နှင့်အစိုးရ၊ အတွဲ ၁၊ ရန်ကုန်၊ ၉၅]*

၄။ စွဲချက်၌ ပူးပေါင်းကြံစည်သူအားလုံး၏ သဘောတူညီခဲ့သော အချက်အလက်အားလုံးကို အသေးစိတ်ဖော်ပြရန် မလိုပေ။ ယေဘူယျအားဖြင့် ဖော်ပြလျှင် ပြည့်စုံသည်။

*[ထင်ကျော်နှင့်အစိုးရ၊ အတွဲ ၆၊ ရန်ကုန်၊ ၆]*

၅။ အစိုးရသစ်များကို ခိုးယူရန် ပူးပေါင်းကြံစည်သည်ဆိုသော စွဲချက်နှင့် ပူးပေါင်းကြံစည်သည့်အတိုင်း ခိုးယူသည့်သစ်များကို လက်ခံထုခွဲသည်ဆိုသော စွဲချက်တို့ကို တစ်မှုတည်း၌ပြုခြင်းသည် ပျက်ပြယ်ခြင်းမရှိပေ။ ပူးပေါင်းကြံစည်ရာတွင် မပါသည့် အခြားလူကို တစ်မှုတည်း၌ ပူးတွဲ၍ စွဲချက်တင်နိုင်မည်မဟုတ်ပေ။

*[မောင်ဘချစ်နှင့်အစိုးရ၊ အတွဲ ၇၊ ရန်ကုန် ၈၂၀]*

http://www.cherrythitsar.org



## အခန်း(၆)
## ပြည်ထောင်စုနိုင်ငံတော်အစိုးရကို ဆန့်ကျင်ကျူးလွန်သော ပြစ်မှုများ

**နိုင်ငံတော်သစ္စာဖောက် ပုန်ကန်ခြင်း။ (ပုဒ်မ-၁၂၁)**
**High Treason. (Section-121)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို -

(က) ပြည်ထောင်စုနိုင်ငံကိုဖြစ်စေ၊ ပြည်ထောင်စုအဖွဲ့ဝင် တစ်ခုခုကိုဖြစ်စေ စစ်မက်ပြိုင်ဆိုင်လျှင်၊ သို့တည်းမဟုတ်

(ခ) ပြည်ထောင်စုနိုင်ငံကိုဖြစ်စေ၊ ပြည်ထောင်စုအဖွဲ့ဝင် တစ်ခုခုကိုဖြစ်စေ စစ်မက်ပြိုင်ဆိုင်ရန် အခြားနိုင်ငံတစ်ခုခုကိုသော် လည်းကောင်း၊ လူတစ်ဦးဦးကိုသော် လည်းကောင်း ပြည်ထောင်စုအတွင်း၌ဖြစ်စေ၊ အပ၌ဖြစ်စေ ကူညီလျှင် သို့တည်းမဟုတ်

(ဂ) ထိုသို့ စစ်မက်ပြိုင်ဆိုင်ရန် ပြည်ထောင်စုနိုင်ငံအတွင်း၌ဖြစ်စေ၊ အပ၌ဖြစ်စေ လူတစ်ဦးဦးကို လှုံ့ဆော်လျှင် သို့တည်းမဟုတ် လူတစ်ဦးဦးနှင့် ပူးပေါင်းကြံစည်လျှင် သို့တည်းမဟုတ်

(ဃ) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဖြင့် တည်ထောင်ခန့်အပ်သော ပြည်ထောင်စုနိုင်ငံ၏ လုပ်ငန်းအဖွဲ့ကိုသော်လည်းကောင်း၊ ပြည်ထောင်စုအဖွဲ့ဝင်၏ လုပ်ငန်းအဖွဲ့ကိုသော်လည်းကောင်း လက်နက်ဖြင့်ဖြစ်စေ၊ အခြား သောင်းကျန်းသော နည်းလမ်းဖြင့်ဖြစ်စေ ဖြိုဖျက်ရန်အားထုတ်လျှင်၊ သို့တည်းမဟုတ် ဖြိုဖျက်ရန် အခြားနည်းဖြင့် ပြင်ဆင်လျှင်၊ သို့တည်းမဟုတ် ထိုသို့အားထုတ်မှုတွင် ပါဝင်ဆောင်ရွက်လျှင်၊ သို့တည်းမဟုတ် ထိုသို့ အားထုတ်မှုနှင့် ပတ်သက်လျှင်၊ သို့တည်းမဟုတ် ထိုသို့အားထုတ်မှုကို ပြုရန်ဖြစ်စေ၊ ထိုသို့အားထုတ်မှုတွင် ပါဝင်ဆောင်ရွက်ရန်ဖြစ်စေ၊ ထိုသို့ အားထုတ်မှုနှင့် ပတ်သက်ရန်ဖြစ်စေ ပြည်ထောင်စုနိုင်ငံအတွင်း၌သော် လည်းကောင်း၊ အပ၌သော်လည်းကောင်း လူတစ်ဦးဦးကို လှုံ့ဆော်လျှင် သို့တည်းမဟုတ် ပူးပေါင်းကြံစည်လျှင်၊

ထိုသူသည် နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကြီးကို ကျူးလွန်သည်။

**နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကြီးအတွက်ပြစ်ဒဏ်။ (ပုဒ်မ-၁၂၂)**
**Punishment of High Treason. (Section-122)**

**ဥပဒေပြဋ္ဌာန်းချက်**

၁။ မည်သူမဆို ပြည်ထောင်စုနိုင်ငံအတွင်းတွင် နိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်မှုကြီးကို ကျူးလွန်လျှင် သေဒဏ်ဖြစ်စေ၊ တစ်သက်တစ်ကျွန်းပို့ဒဏ်ဖြစ်စေ ချမှတ်ခြင်းခံရမည်။

http://www.cherrythitsar.org



၂။ ပြည်ထောင်စုနိုင်ငံသား ဖြစ်သူသည် သို့တည်းမဟုတ် သာမန်အားဖြင့် ပြည်ထောင်စုနိုင်ငံအတွင်းတွင် နေထိုင်သူသည် ပြည်ထောင်စုနိုင်ငံ အပတွင် နိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်မှုကြီးကို ကျူးလွန်လျှင် သေဒဏ်ဖြစ်စေ၊ တစ်သက်တစ်ကျွန်းပို့ဒဏ်ဖြစ်စေ ချမှတ်ခြင်းခံရမည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တရားခံသည် ပြည်ထောင်စုကို စစ်မက်ပြိုင်ဆိုင်ရာတွင် ပါဝင်ခြင်း၊ သို့မဟုတ်

၂။ တရားခံသည် ပြည်ထောင်စုကို စစ်မက်ပြိုင်ဆိုင်ရန် အခြားနိုင်ငံတစ်ခုမှ သို့မဟုတ် လူတစ်ဦးဦးအား ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ ကူညီခြင်း သို့မဟုတ်

၃။ တရားခံသည် ပြည်ထောင်စုကို စစ်မက်ပြိုင်ဆိုင်ရန် ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ လူတစ်ဦးဦးအား လှုံ့ဆော်ခြင်း၊ လူတစ်ဦးဦးနှင့် ပူးပေါင်းကြံစည်ခြင်း သို့မဟုတ်

၄။ ပြည်ထောင်စု၏ လုပ်ငန်းအဖွဲ့တစ်ခုခုကို ဖြိုဖျက်ရန် အားထုတ်ခြင်း သို့မဟုတ် ဖြိုဖျက်ရန် ပြင်ဆင်ခြင်း၊ အားထုတ်မှုတွင် ပါဝင်ဆောင်ရွက်ရန် ပြည်တွင်း၌သော်လည်းကောင်း၊ ပြည်ပ၌သော်လည်းကောင်း လူတစ်ဦးဦးအား လှုံ့ဆော်ခြင်း၊ လူတစ်ဦးဦးနှင့် ပူးပေါင်းကြံစည်ခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၂၂ | နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှု။ | ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | သေဒဏ်။ | စက်ရှင်တရားရုံး။ |

**<u>စီရင်ထုံး</u>**

၁။ နိုင်ငံသားသာမက ပြည်ထောင်စုတွင် နေထိုင်လျက်ရှိသော နိုင်ငံခြားသားများနှင့်လည်း အကျုံးဝင်သည်။ နိုင်ငံခြားသားတို့သည် ပြည်ထောင်စုတွင် နေထိုင်စဉ် ပြည်ထောင်စု၏ ဥပဒေများ၏ အကာအကွယ်ကို ရယူခွင့်ရှိသလို ပြစ်မှုကျူးလွန်က ပြစ်ဒဏ်ကျခံရန် တာဝန်ရှိသည်။

*[ဂိုပိယန်အာဂါဝါလ်နှင့်ပြည်ထောင်စု၊ ၁၉၆၆၊ မြန်မာပြည်စီရင်ထုံး-၁၊ (အထူးအယူခံ)]*

http://www.cherrythitsar.org



၂။ ခေတ်မီလက်နက်များ အသုံးပြုမှုသာ စစ်မက်ဖက်ပြိုင်သည်ဟု မဆိုသာချေ။ နိုင်ငံတော်နှင့်ချီ၍ ပတ်သက်သည့်ကိစ္စကို အကြမ်းနည်းဖြင့် ပြောင်းလဲရန် လူစုလူဝေးဖြင့် တော်လှန်ခြင်းသည် စစ်မက်ပြိုင်ဆိုင်ရာ ရောက်သည်။ တိုင်းပြည်တစ်ခုလုံးနှင့် သက်ဆိုင်ခြင်းမရှိသည့် ခိုးမှု၊ လုယက်မှု စသည့် ပြစ်မှုများ ကျူးလွန်ရန် ပြုသည့် လုပ်ရပ်များနှင့် သက်ဆိုင်ခြင်းမရှိပေ။

*[ဘမောင်နှင့်ပြည်ထောင်စု၊ ၁၉၅၀၊ မြန်မာပြည်စီရင်ထုံး၊ ၁၃၁၊ လွှတ်တော်]*

*[ပြည်ထောင်စုနှင့်စောစတင်ထီဘကြူ၊ ၁၉၅၁၊ မြန်မာပြည်စီရင်ထုံး-၂၈(လွှတ်တော်)]*

၃။ မော်တော်ကားကို ဝိုင်းဝန်းတိုက်ခိုက်ရာတွင် မော်တော်ကားထဲ၌ ရဲအရာရှိများ ပါလာသည်ကိုသိကြောင်း မပေါ်ပေါက်လျှင် နိုင်ငံတော်ပုန်ကန်မှုဖြင့် အပြစ်ပေးမည့်အစား လူသတ်မှုဖြင့် စီရင်သင့်ပေသည်။

*[အုံးမောင်နှင့်ပြည်ထောင်စု၊ ၁၉၄၉၊ မြန်မာပြည်စီရင်ထုံး၊ ၁၃၉ (လွှတ်တော်)]*

၄။ ရဲကင်းစခန်းကိုသိမ်းပြီး လက်နက်ခဲယမ်းများကိုယူသည့် ရဲဘော်ဖြူတို့၏ ပြုမူချက်သည် နိုင်ငံတော်ပုန်ကန်မှုဖြစ်သည်ဟု ဆိုရမည့်အစား ဓားပြမှုဖြစ်သည်ဟု ယူဆသင့်ကြောင်း ဆုံးဖြတ်ထားသည်။

*[မောင်မာနှင့်ပြည်ထောင်စု၊ ၁၉၅၆၊ မြန်မာပြည်စီရင်ထုံး-၂၈၈(လွှတ်တော်)]*

၅။ တရားခံက မိမိလွတ်မြောက်ရေးအတွက် ရဲအဖွဲ့အား သေနတ်နှင့်ပစ်ခတ်ခြင်းသည် နိုင်ငံတော်ပုန်ကန်မှုမဟုတ်ဘဲ ပုဒ်မ ၃၃၃ ကို ကျူးလွန်ရန် အားထုတ်မှုသာ ဖြစ်သည်။

*[ဂျိုကာနှင့်ပြည်ထောင်စု၊ ၁၉၅၀၊ မြန်မာပြည်စီရင်ထုံး၊ ၃၀၀(လွှတ်တော်)]*

၆။ အစိုးရအား တော်လှန်ပုန်ကန်နေသည့်အဖွဲ့၏ စစ်တပ်တွင် ဗိုလ်မှူးကြီးအဆင့်ရာထူးရှိပြီး ပြန်ကြားရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည့်သူသည် အစိုးရစစ်တပ်နှင့် မျက်နှာချင်းဆိုင် တိုက်ခိုက်ရာ၌ မပါဝင်စေကာမူ နိုင်ငံတော်ပုန်ကန်မှု ကျူးလွန်ရာရောက်သည်။

*[ကိုစိုးမောင် ခေါ် ကိုချစ်ကောင်း၊ ၁၉၆၀၊ မြန်မာပြည်စီရင်ထုံး-၁၃၆(လွှတ်တော်)]*

၇။ နှစ်ပေါင်းများစွာ နိုင်ငံတော်ကို ပုန်ကန်ခြားနားခဲ့သည့်အပြင် အလင်းသို့ဝင်ရန် ဖိတ်ခေါ်သောအခါ၌လည်း အလင်းမဝင်ဘဲ ဆက်လက်တော်လှန်ပုန်ကန်သူသည် နိုင်ငံတော်ပုန်ကန်မှု ကျူးလွန်ကြောင်း ယုံမှားဖွယ်မရှိနိုင်ပေ။

*[ဆာလန် ခေါ် ကောင်လေးနှင့်ပြည်ထောင်စု၊ ၁၉၆၇၊ မြန်မာပြည်စီရင်ထုံး-၁ (အထူးအယူခံ)]*

http://www.cherrythitsar.org



## နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကြီး ကျူးလွန်သူကို အားပေးခြင်း၊ သို့တည်းမဟုတ် လက်သင့်ခံခြင်း၊ သို့တည်းမဟုတ် နှစ်သိမ့်စေခြင်း။ (ပုဒ်မ-၁၂၃)

## Encouraging, harbouring or comforting person guilty of High. (Section-123)

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို တစ်ဦးတစ်ယောက်သောသူအား နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကြီး ကျူးလွန်ရာတွင် ပါဝင်သူဖြစ်ကြောင်း သိလျက်နှင့်ဖြစ်စေ၊ ထိုသို့ ပါဝင်သူဖြစ်ကြောင်း ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ထိုသူကို အားပေးလျှင်၊ သို့တည်းမဟုတ် လက်သင့်ခံလျှင်၊ သို့တည်းမဟုတ် နှစ်သိမ့်စေလျှင် တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ အလုပ်ကြမ်းနှင့်ထောင်ဒဏ်ဖြစ်စေ ချမှတ်ခြင်းခံရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

*ကင်းလွတ်ချက်။* ပြစ်မှုကျူးလွန်သူကို လက်သင့်ခံသောသူသည် ထိုပြစ်မှု ကျူးလွန်သူ၏ လင်၊ သို့တည်းမဟုတ် မယားဖြစ်လျှင် ဤပြဋ္ဌာန်းချက်နှင့် မသက်ဆိုင်စေရ။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် လူတစ်ဦးအား လက်ခံခြင်း၊ နှစ်သိမ့်ခြင်း သို့မဟုတ် အားပေးခြင်း။

၂။ ထိုသူသည် နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှု ကျူးလွန်သူဖြစ်ခြင်း။

၃။ နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကျူးလွန်သူဖြစ်ကြောင်း တရားခံသိခြင်း၊ ယုံကြည်ရန် အကြောင်းရှိခြင်း။

၄။ ထိုသူသည် တရားခံ၏ မယား သို့မဟုတ် လင်မဟုတ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၂၃ | နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှု ကျူးလွန်သူကို အားပေးကူညီမှု၊ သို့မဟုတ် လက်သင့်ခံမှု၊ သို့မဟုတ် နှစ်သိမ့်စေမှု။ | ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | တစ်သက်တစ်ကျွန်းဒဏ် ဖြစ်စေ၊ ၁၀ နှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ် အပြင် ငွေဒဏ် | စက်ရှင်တရားရုံး။ |

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ နိုင်ငံတော်ပုန်ကန်မှု ကျူးလွန်ပူးပေါင်းကြံစည်သူ မဟုတ်သော်လည်း ယင်းပုန်ကုန်မှုတွင် ပါဝင်နေသူတစ်ဦးဦးအား နှစ်သိမ့်သူ သို့မဟုတ် အားပေးသူသည် ဤပုဒ်မအရ ပြစ်မှုကျူးလွန်ရာရောက်သည်။

*[ရာဂျန် ခေါ် ဆရာအောင်နိုင်နှင့်ပြည်ထောင်စု၊ ၁၉၆၁၊ မြန်မာပြည်စီရင်ထုံး-၁၈၂(လွှတ်တော်)]*

၂။ အားပေးခြင်း၊ နှစ်သိမ့်ခြင်းပြုသည်ဆိုသော စွဲချက်ဖြင့် ရုံးတင်တရားစွဲဆိုသောအခါ ဥပဒေနှင့်အညီ ခိုင်လုံသော၊ ထင်ရှားသော အထောက်အထားများနှင့် ကွင်းဆက်မပြတ် တင်ပြရန်လိုသည်။ သို့ဖြစ်ရာ စာတိုက်မှ လူတစ်ဦးက တရားခံသည် သောင်းကျန်းသူများနှင့် ဆက်သွယ်သည့်စာဟုဆိုကာ ပေးပို့ခဲ့သည့် တရားခံ၏ လက်ရေးနှင့် ဆင်တူယိုးမှား ရေးသားထားသော စာတစ်စောင် တင်ပြကာမျှဖြင့် တရားခံသည် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကို အားပေးခြင်း၊ သို့မဟုတ် နှစ်သိမ့်ခြင်း ပြုခဲ့သည်ဟု ယူဆရန် မဖြစ်နိုင်ပေ။

*[ဘားလ်ဘဟာဒူးနှင့်ပြည်ထောင်စု၊ ၁၉၆၀၊ မြန်မာပြည်စီရင်ထုံး-၁၉(အထူးအယူခံ)]*

**နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကြီးနှင့် စပ်လျဉ်း၍ ထိမ်ချန်ခြင်း။ (ပုဒ်မ-၁၂၄)**

**Misprision of High Treason. (Section-124)**

**ဥပဒေပြဋ္ဌာန်းချက်**

နိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်မှုကြီးဖြစ်စေမည့် ပြုလုပ်မှုတစ်ခုခုကို တစ်ဦးတစ်ယောက်သောသူက ပြုရန်ကြံရွယ်ကြောင်းကို သို့တည်းမဟုတ် ပြုရန်ပြင်ဆင်ကြောင်းကို၊ သို့တည်းမဟုတ် ပြုဆဲဖြစ်ကြောင်းကို၊ သို့တည်းမဟုတ် ပြုပြီးဖြစ်ကြောင်းကို သိလျက်နှင့် မည်သူမဆို မိမိသိသမျှကို ရာဇဝတ်တရားသူကြီးထံတွင်ဖြစ်စေ၊ ရဲအရာရှိထံတွင်ဖြစ်စေ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရန် တာဝန်ဝတ္တရားဆောင်ရွက်နေသူထံတွင်ဖြစ်စေ ချက်ခြင်းဖွင့်ဟပြောဆိုခြင်းမပြုလျှင် ထိုသူသည် နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကြီး ထိမ်ချန်မှုကို ကျူးလွန်သည်။ ထိုသို့ကျူးလွန်သော ပြစ်မှုအတွက် ထိုသူအား ခုနစ်နှစ်ထိ အလုပ်ကြမ်းနှင့်ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် လူတစ်ဦးက နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကျူးလွန်ရန်ကြံရွယ်သည်ကို၊ ပြင်ဆင်သည်ကို၊ ပြုဆဲဖြစ်သည်ကိုသိခြင်း။

၂။ ယင်းသို့သိလျက် တရားသူကြီး၊ ရဲအဖွဲ့ သို့မဟုတ် ငြိမ်ဝပ်ပိပြားရေးအတွက် တာဝန်ဆောင်ရွက်နေသူအား ချက်ခြင်းအကြောင်းမကြားခြင်း။

http://www.cherrythitsar.org



<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၂၄ | နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုနှင့် စပ်လျဉ်း၍ ထိမ်ချန်မှု။ | ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၇ နှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ် အပြင် ငွေဒဏ် | စက်ရှင်တရားရုံး။ |

## အကြည်ညိုပျက်အောင်ပြုခြင်း။ (ပုဒ်မ-၁၂၄ က)

## Sedition (Section-124 A)

<u>ဥပဒေပြဋ္ဌာန်းချက်</u>

မည်သူမဆို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အမှတ်အသားဖြင့်ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဍာန်ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ပြည်ထောင်စုအတွက် သို့တည်းမဟုတ် ပြည်ထောင်စု အဖွဲ့ဝင်များအတွက် ဥပဒေအရ တည်ထောင်ထားသော အစိုးရကို မုန်းထားအောင်သော်လည်းကောင်း၊ မလေးစားအောင်သော်လည်းကောင်း ပြုလျှင်၊ သို့တည်းမဟုတ် ထိုသို့ပြုရန်အားထုတ်လျှင်၊ သို့တည်းမဟုတ် မေတ္တာပျက်အောင် လှုံ့ဆော်လျှင်၊ သို့တည်းမဟုတ် ထိုသို့လှုံ့ဆော်ရန်အားထုတ်လျှင် ထိုသူကို ငွေဒဏ်နှင့်တကွ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ငွေဒဏ်နှင့်တကွ တစ်သက်တစ်ကျွန်းအောက်လျော့သည့် တစ်ကျွန်းဒဏ်ဖြစ်စေ၊ ငွေဒဏ်နှင့်တကွ သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်သက်သက်ဖြစ်စေ ချမှတ်ရမည်။

*ရှင်းလင်းချက် ၁။* မေတ္တာပျက်စေခြင်းဆိုသည့် စကားတွင် သစ္စာမဲ့ခြင်းနှင့် အငြိုးထားသော စိတ်လည်းပါဝင်သည်။

*ရှင်းလင်းချက် ၂။* မုန်းထားအောင်သော် လည်းကောင်း၊ မလေးစားအောင်သော် လည်းကောင်း၊ မေတ္တာပျက်အောင်သော်လည်းကောင်း ဖြစ်စေရန် လှုံ့ဆော်ခြင်း၊ သို့တည်းမဟုတ် လှုံ့ဆော်ရန် အားထုတ်ခြင်းမရှိဘဲ အစိုးရ၏ ဆောင်ရွက်မှု အစီအစဉ်ကို ဥပဒေနှင့်ညီသောနည်းဖြင့် ပြောင်းလဲပြုပြင်စေရန် ရည်ရွယ်လျက် ထိုဆောင်ရွက်မှုကို သဘောမကျကြောင်း ထုတ်ဖော်ခြင်းသည် ဤပုဒ်မအရ ပြစ်မှုမမြောက်။

*ရှင်းလင်းချက် ၃။* မုန်းထားအောင်သော် လည်းကောင်း၊ မလေးစားအောင်သော် လည်းကောင်း၊ မေတ္တာပျက်အောင်သော်လည်းကောင်း ဖြစ်စေရန် လှုံ့ဆော်ခြင်း၊ သို့တည်းမဟုတ် လှုံ့ဆော်ရန် ကြံစည်အားထုတ်ခြင်းမရှိဘဲ အစိုးရ၏ စီရင်

http://www.cherrythitsar.org



အုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်မှုကို၊ သို့တည်းမဟုတ် အခြားဆောင်ရွက်မှုကို သဘောမကျကြောင်း ထုတ်ဖော်ခြင်းသည် ဤပုဒ်မအရ ပြစ်မှု မမြောက်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် နှုတ်၊ စာ၊ အမှတ်အသား၊ ထင်ရှားသောပုံသဏ္ဍာန် သို့မဟုတ် အခြားနည်းတစ်ခုခုဖြင့် ပြုခြင်း။

၂။ ယင်းသို့ပြုခြင်းသည် မုန်းထားအောင်၊ မလေးစားအောင်၊ သို့မဟုတ် မေတ္တာပျက်အောင် လှုံ့ဆော်မှု၊ လှုံ့ဆော်ရန် အားထုတ်မှုဖြစ်ခြင်း။

၃။ ယင်းလှုံ့ဆော်မှု၊ လှုံ့ဆော်ရန်အားထုတ်မှုသည် အစိုးရအပေါ် ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၂၄က | အကြည်ညိုပျက်အောင်ပြုမှု။ | ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | တစ်သက် တစ်ကျွန်းအဏ် ဖြစ်စေ၊ ငွေဒဏ် နှင့် တစ်သက် တစ်ကျွန်းအောက် လျော့သည့် တစ်ကျွန်းဒဏ် ဖြစ်စေ၊ ငွေဒဏ် နှင့်တကွ ၃နှစ်ထိ ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ် သက်သက်ဖြစ်စေ။ | စက်ရှင်တရားရုံး။ |

**စီရင်ထုံး**

၁။ နှုတ်ဖြင့်ပြောဆိုဟောပြောခြင်း၊ စာဖြင့်ရေးသားဖြန့်ချိကြေညာခြင်း၊ အမှတ်အသား၊ သို့မဟုတ် ပုံသဏ္ဍာန်ပြုလုပ်ခြင်း စသည့် နည်းအမျိုးမျိုးဖြင့် အကြည်ညိုပျက်အောင် ပြုလုပ်နိုင်သည့် စာပေထုတ်ဝေခြင်း၊ သီချင်းဆိုခြင်း၊ ရုပ်သေး၊ ရုပ်ရှင်၊ ပြဇာတ်ကပြခြင်း၊ ပန်းပုထုလုပ်ခြင်း၊ ဓာတ်ပုံ၊ ပန်းချီပြသခြင်း စသည့် နည်းမျိုးစုံ ပါဝင်သည့်အပြင် ဤပုဒ်မရှိ အခြားနည်းဆိုသော စကားရပ်တွင် လက်ရှိအစိုးရကို

http://www.cherrythitsar.org



စင်ပြိုင်ပြုလုပ်ဆောင်ရွက်ခြင်းလည်း အကျုံးဝင်သည်။ လက်ရှိအစိုးရနှင့် စင်ပြိုင် ထူထောင်ခြင်းသည် ဥပဒေအရ တည်ထောင်ထားသော အစိုးရကို မုန်းထားအောင်၊ သို့မဟုတ် မလေးစားအောင် ပြုလုပ်ရာရောက်သည်။

*[အစိုးရနှင့်ဦးစောလှဖြူ၊ ၁၉၄၇၊ ရန်ကုန်စီရင်ထုံး-၈၂]*

၂။ ဟောပြောချက် သို့မဟုတ် အရေးအသားတစ်ခုခုသည် မည်ကဲ့သို့သော ပုံသဏ္ဍာန်ပင် ဖြစ်စေကာမူ ဆိုလိုရင်းအဓိပ္ပာယ်ကိုသာကြည့်၍ အကြည်ညိုပျက်စေသည့် ဟောပြောချက် သို့မဟုတ် အရေးအသားဟုတ်မဟုတ် ဆုံးဖြတ်ရမည်။ ထို့အပြင် နားထောင်သည့်ပရိသတ်နှင့် စာဖတ်ပရိသတ်အမျိုးအစား၊ ဟောပြောရေးသားသည့်အချိန်အခါ၊ ဟောပြောရေးသားသည့်နေရာဒေသနှင့် ဟောပြောရေးသားသူ၏ ပုဂ္ဂိုလ်ရေးအခြေအနေတို့ကို ပေါင်းစပ်၍ ဟောပြောချက် သို့မဟုတ် အရေးအသားသည် အစိုးရအား မုန်းထားအောင်သော်လည်းကောင်း၊ မလေးစားအောင်သော်လည်းကောင်း၊ မေတ္တာပျက်အောင်သော်လည်းကောင်း လှုံ့ဆော်ခြင်း ရှိမရှိ ချင့်ချိန်ရမည်။

*[ဦးမှူခရနှင့်အစိုးရ၊ အတွဲ ၁၊ ရန်ကုန်၊ ၂၁၁]*

**ပြည်ထောင်စုနိုင်ငံ၏ လုပ်ငန်းအဖွဲ့ကိုဖြစ်စေ၊ ပြည်ထောင်စုအဖွဲ့ဝင်၏ လုပ်ငန်းအဖွဲ့ကို ဖြစ်စေ အနိုင်အထက်ဖြိုဖျက်စေရန် နှိုးဆော်ခြင်း။**
**(ပုဒ်မ-၁၂၄ ခ)**

**Advocating overthrow of the organs of the Union or if its conunits by force.**
**(Section-124 B)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို-

(က) ပြည်ထောင်စုနိုင်ငံ၏ လုပ်ငန်းအဖွဲ့ကိုသော်လည်းကောင်း၊ ပြည်ထောင်စုအဖွဲ့ဝင်၏ လုပ်ငန်းအဖွဲ့ကိုသော်လည်းကောင်း အနိုင်အထက်ဖြစ်စေ၊ သောင်းကျန်းသောနည်းဖြင့်ဖြစ်စေ အဆိုပါ လုပ်ငန်းအဖွဲ့ဝင် အရာထမ်းတစ်ဦးဦးကို သစ္စာမဲ့သတ်ဖြတ်ခြင်းအားဖြင့်ဖြစ်စေ ဖြိုဖျက်ရန်၊ သို့တည်းမဟုတ် ဖျက်ဆီးရန် တာဝန်ဝတ္တရားရှိအပ်သည်၊ သို့တည်းမဟုတ် လိုလားအပ်သည်၊ သို့တည်းမဟုတ် တောင့်တအပ်သည်၊ သို့တည်းမဟုတ် လျော်ကန်သင့်မြတ်သည်ဟူ၍ သိလျက်နှင့်သော်လည်းကောင်း၊ တမင်သက်သက်သော်လည်းကောင်း နှိုးဆော်လျှင် သို့တည်းမဟုတ် အကြံပေးလျှင် သို့တည်းမဟုတ် သင်ကြားလျှင်၊ သို့တည်းမဟုတ်

(ခ) အဆိုပါလုပ်ငန်းအဖွဲ့တစ်ခုခုကို အနိုင်အထက်ဖြစ်စေ၊ သောင်းကျန်းသောနည်းဖြင့်ဖြစ်စေ ဖြိုဖျက်စေရန်၊ သို့တည်းမဟုတ် ဖျက်ဆီးစေရန် နှိုးဆော်သော၊ သို့တည်းမဟုတ် အကြံပေးသော၊ သို့တည်းမဟုတ် သင်ကြားသော ရေးသားထားသည့်၊ သို့တည်းမဟုတ် ပုံနှိပ်ထားသည့် အရာတစ်ခုခုကို သိလျက်နှင့်သော်လည်း

http://www.cherrythitsar.org



ကောင်း၊ တမင်သက်သက်သော်လည်းကောင်း ပုံနှိပ်လျှင်၊ သို့တည်းမဟုတ် ကြေညာလျှင်၊ သို့တည်းမဟုတ် တည်းဖြတ်လျှင်၊ သို့တည်းမဟုတ် ထုတ်လုပ်လျှင်၊ သို့တည်းမဟုတ် ဖြန့်ချိလျှင်၊ သို့တည်းမဟုတ် ရောင်းလျှင်၊ သို့တည်းမဟုတ် ဝေငှလျှင်၊ သို့တည်းမဟုတ် အများမြင်သာအောင် ပြထားလျှင်၊ သို့တည်းမဟုတ်

(ဂ) အဆိုပါ လုပ်ငန်းအဖွဲ့တစ်ခုခုကို အနိုင်အထက်ဖြစ်စေ၊ သောင်းကျန်းသောနည်းဖြင့်ဖြစ်စေ ဖြိုဖျက်စေရန်၊ သို့တည်းမဟုတ် ဖျက်ဆီးစေရန်သင်ကြားသော၊ သို့တည်းမဟုတ် နှိုးဆော်သော၊ သို့တည်းမဟုတ် အားပေးသောသူများ ပါဝင်သည့် အသင်းအဖွဲ့၊ လူစု၊ အစုအဝေးတစ်ခုခုကို စည်းရုံးလျှင်၊ သို့တည်းမဟုတ် စည်းရုံးရာတွင် ကူညီလျှင်၊ သို့တည်းမဟုတ်

(ဃ) အဆိုပါ အသင်းအဖွဲ့၊ လူစု၊ အစုအဝေးတစ်ခုခု၏ ရည်ရွယ်ချက်ကို သိလျက်နှင့် ထိုအသင်းအဖွဲ့၊ လူစု၊ အစုအဝေးတစ်ခုခုတွင် အသင်းဝင်အဖြစ် ပါဝင်လျှင်၊ သို့တည်းမဟုတ် ထိုအသင်းအဖွဲ့၊ လူစု၊ အစုအဝေးတစ်ခုခုနှင့် ဆက်သွယ်လျှင်

ထိုသူအား သုံးနှစ်အောက်မနည်း ဆယ်နှစ်ထက်မပိုသော ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

*ရှင်းလင်းချက်။* ဤပုဒ်မ၏ ကိစ္စအလို့ငှာ 'ပြည်ထောင်စုနိုင်ငံ၏ လုပ်ငန်းအဖွဲ့၊ သို့တည်းမဟုတ် ပြည်ထောင်စုအဖွဲ့ဝင်၏ လုပ်ငန်းအဖွဲ့' ဆိုသည့် စကားရပ်မှာ ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ တည်ထောင်ထားသည့် ပြည်ထောင်စုနိုင်ငံ၏ လုပ်ငန်း၊ သို့တည်းမဟုတ် ပြည်ထောင်စုအဖွဲ့ဝင်၏ လုပ်ငန်းအဖွဲ့ကို ဆိုလိုသည်။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သမ္မန် အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၂၄ ခ | ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လုပ်ငန်းအဖွဲ့ကိုဖြစ်စေ၊ ပြည်ထောင်စုအဖွဲ့ဝင်၏ လုပ်ငန်းအဖွဲ့ကိုဖြစ်စေ အနိုင်အထက် ဖြိုဖျက်စေရန် နှိုးဆော်မှု။ | ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်အောက် မနည်း၊ ၁၀နှစ် ထက်မပိုသော ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်တစ်သက် တစ်ကျွန်းဒဏ် အပြင် ငွေဒဏ် ဖြစ်စေ၊ ၇နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်ဖြစ်စေ၊ ငွေဒဏ် သက်သက်ဖြစ်စေ။ | စက်ရှင်တရားရုံး။ |

http://www.cherrythitsar.org



**ပြည်ထောင်စုနိုင်ငံတော်အစိုးရနှင့် မဟာမိတ်ဖြစ်သော အာရှတိုက်နိုင်ငံတစ်ခုခုကို စစ်မက်ပြိုင်ဆိုင်ခြင်း။ (ပုဒ်မ-၁၂၅)**

**Waging war against any Asiatic Power in alliance with the State. (Section-125)**

**ဥပဒေဖွင့်ဆိုချက်**

မည်သူမဆို ပြည်ထောင်စုနိုင်ငံတော်အစိုးရနှင့် မဟာမိတ်ဖြစ်သော၊ သို့တည်းမဟုတ် ငြိမ်းချမ်းလျက်ရှိသော အာရှတိုက်နိုင်ငံတစ်ခုခုကို စစ်မက်ပြိုင်ဆိုင်လျှင်၊ သို့တည်းမဟုတ် စစ်မက်ပြိုင်ဆိုင်ရန် အားထုတ်လျှင်၊ သို့တည်းမဟုတ် စစ်မက်ပြိုင်ဆိုင်ရန် အားပေးကူညီလျှင် ထိုသူကို ငွေဒဏ်နှင့်တကွ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ငွေဒဏ်နှင့်တကွ ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်သက်သက်ဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့်အင်္ဂါရပ်များ**

၁။ တရားခံသည် စစ်မက်ပြိုင်ဆိုင်ခြင်း၊ ပြိုင်ဆိုင်ရန်အားထုတ်ခြင်း၊ ပြိုင်ဆိုင်ရန် အားပေးခြင်း။

၂။ ယင်းသို့ ပြိုင်ဆိုင်ခြင်း၊ ပြိုင်ဆိုင်ရန်အားထုတ်ခြင်း၊ အားပေးခြင်းခံရသည့် တိုင်းပြည်သည် မြန်မာပြည်နှင့်မဟာမိတ် သို့မဟုတ် ငြိမ်းချမ်းလျက်ရှိသော အာရှတိုက်နိုင်ငံတစ်ခုဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၂၅ | နိုင်ငံတော်အစိုးရနှင့်မဟာမိတ်ဖြစ်သော သို့တည်းမဟုတ် ငြိမ်းချမ်းလျက်ရှိသော အာရှတိုက်နိုင်ငံတစ်ခုခုကို စစ်မက်ပြိုင်ဆိုင်မှု။ | ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ငွေဒဏ်နှင့် တစ်သက်တစ်ကျွန်းအောက်လျော့သည့် တစ်ကျွန်းဒဏ်ဖြစ်စေ၊ငွေဒဏ်နှင့်တကွ၇နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်သက်သက်ဖြစ်စေ၊ ၃နှစ်အောက် မနည်း၊ ၁၀နှစ်ထက်မပိုသော ထောင်ဒဏ်တစ်မျိုးမျိုးအပြင် ငွေဒဏ်၊တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊၇နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးအပြင် ငွေဒဏ်ဖြစ်စေ၊ ငွေဒဏ်သက်သက်ဖြစ်စေ။ | စက်ရှင်တရားရုံး။ |

http://www.cherrythitsar.org



**ပြည်ထောင်စုနိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းလျက်ရှိသော နိုင်ငံနယ်ပယ်တွင် တိုက်ခိုက်ဖျက်ဆီးခြင်း။ (ပုဒ်မ-၁၂၆)**

**Committing depredation on territories of Power at peace with the State. (Section-126)**

__ဥပဒေဖွင့်ဆိုချက်__

မည်သူမဆို ပြည်ထောင်စုနိုင်ငံတော်အစိုးရနှင့် မဟာမိတ်ဖြစ်သော၊ သို့တည်းမဟုတ် ငြိမ်းချမ်းလျက်ရှိသော နိုင်ငံနယ်ပယ်များတွင် တိုက်ခိုက်ဖျက်ဆီးလျှင်၊ သို့တည်းမဟုတ် တိုက်ခိုက်ဖျက်ဆီးရန် ပြင်ဆင်လျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် တိုက်ခိုက်ဖျက်ဆီးမှုကျူးလွန်ရာတွင် အသုံးပြုသော ပစ္စည်းကို၊ သို့တည်းမဟုတ် အသုံးပြုရန်ကြံရွယ်သော ပစ္စည်းကို၊ သို့တည်းမဟုတ် တိုက်ခိုက်ဖျက်ဆီး၍ရသော ပစ္စည်းကို သိမ်းယူခြင်း ခံထိုက်စေရမည်။

__အကျုံးဝင်သည့် အင်္ဂါရပ်များ__

၁။ တရားခံသည် တိုက်ခိုက်ဖျက်ဆီးခြင်း၊ တိုက်ခိုက်ဖျက်ဆီးရန် ပြင်ဆင်ခြင်း။

၂။ ယင်းသို့ ဖျက်ဆီးခြင်း၊ ဖျက်ဆီးရန် ပြင်ဆင်ခြင်းခံရသည့် နယ်ပယ်သည် ပြည်ထောင်စုနှင့် မဟာမိတ်ဖြစ်သည့် ငြိမ်းချမ်းလျက်ရှိသည့်နိုင်ငံဖြစ်ခြင်း။

__ကျင့်ထုံး__

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၂၆ | နိုင်ငံတော်အစိုးရနှင့် မဟာမိတ်ဖြစ်သော၊ သို့တည်းမဟုတ် ငြိမ်းချမ်းလျက်ရှိသော နိုင်ငံနယ်ပယ်များတွင် တိုက်ခိုက်ဖျက်ဆီးမှု။ | ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်၊ ၎င်းအပြင် သက်ဆိုင်ရာ ပစ္စည်းကို သိမ်းယူခြင်း။ | စက်ရှင်တရားရုံး။ |

http://www.cherrythitsar.org



**ပုဒ်မ ၁၂၅ နှင့် ၁၂၆ တွင် ဖော်ပြသည့်အတိုင်း စစ်မက်ပြိုင်ဆိုင်ရာတွင်သော်လည်းကောင်း၊ တိုက်ခိုက်ဖျက်ဆီးရာတွင်သော်လည်းကောင်း ရသောပစ္စည်းကို လက်ခံခြင်း။ (ပုဒ်မ-၁၂၇)**

**Receiving property taken by war or depredation mentioned in section 125 and 126. (Section-127)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

ပုဒ်မ ၁၂၅ နှင့် ၁၂၆ တွင် ဖော်ပြသည့်အတိုင်း စစ်မက်ပြိုင်ဆိုင်ရာတွင်သော် လည်းကောင်း၊ တိုက်ခိုက်ဖျက်ဆီးရာတွင်သော် လည်းကောင်း ရသောပစ္စည်းကို လက်ခံခြင်း။

<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>

၁။ တရားခံသည် ပစ္စည်းကိုလက်ခံခြင်း။
၂။ ယင်းပစ္စည်းသည် ပုဒ်မ ၁၂၅ အရ အာရှနိုင်ငံတစ်ခုမှ စစ်မက်ဖက်ပြိုင်ရရှိသောပစ္စည်းဖြစ်ခြင်း၊ သို့မဟုတ် ပုဒ်မ ၁၂၆ အရ တိုက်ခိုက်ဖျက်ဆီး၍ ရရှိသောပစ္စည်းဖြစ်ခြင်း။
၃။ တရားခံသည် အပိုဒ် ၂ အရ ရရှိခဲ့သော ပစ္စည်းဖြစ်ကြောင်း သိရှိခြင်း။

<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၂၇ | ပုဒ်မ ၁၂၅ နှင့် ၁၂၆ တို့တွင် ဖော်ပြသည့် အတိုင်း စစ်မက်ပြိုင်ဆိုင်ရာတွင်ဖြစ်စေ၊ တိုက်ခိုက်ဖျက်ဆီးရာတွင်ဖြစ်စေ ရရှိသော ပစ္စည်းကို လက်ခံမှု။ | ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ဂုနှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်၊ ၎င်းအပြင် သက်ဆိုင်ရာ ပစ္စည်းကို သိမ်းယူခြင်း။ | စက်ရှင်တရားရုံး။ |

http://www.cherrythitsar.org



**နိုင်ငံရေးအကျဉ်းသားကို သို့တည်းမဟုတ် စစ်သုံ့ပန်းကို ပြည်သူ့ဝန်ထမ်းက မိမိအလိုအလျောက် ထွက်ပြေးစေခြင်း။ (ပုဒ်မ-၁၂၈)**

**Public servant voluntarily allowing prisoner of State or war to escape. (Section-128)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို ပြည်သူ့ဝန်ထမ်းဖြစ်သည့်အလျောက် နိုင်ငံရေးအကျဉ်းသားကို ဖြစ်စေ၊ စစ်သုံ့ပန်းကိုဖြစ်စေ ထိန်းသိမ်းထားရသည်တွင် ထိုအကျဉ်းသားကို၊ သို့တည်း မဟုတ် ထိုစစ်သုံ့ပန်းကို အကျဉ်းထားရာနေရာမှ လွတ်ပြေးစေရန် မိမိအလို အလျောက် ခွင့်ပြုလျှင် ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ပြည်သူ့ဝန်ထမ်းဖြစ်ခြင်း။
၂။ တရားခံသည် ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် အကျဉ်းသားကို ထိန်းသိမ်းထားရသူ ဖြစ်ခြင်း။
၃။ ယင်းအကျဉ်းသားသည် နိုင်ငံရေးအကျဉ်းသား သို့မဟုတ် စစ်သုံ့ပန်းဖြစ်ခြင်း။
၄။ တရားခံက ယင်းအကျဉ်းသားကို အကျဉ်းထားရာမှ လွတ်ပြေးစေခြင်း။
၅။ ထိုသို့လွတ်ပြေးစေရန် တရားခံက အလိုအလျောက်ခွင့်ပြုခြင်း။

**ကျဉ့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၂၈ | နိုင်ငံရေးအကျဉ်းသားကို သို့မဟုတ် စစ်သုံ့ပန်းကို ပြည်သူ့ဝန်ထမ်းက မိမိအလိုအလျောက် လွှတ်ပေးစေမှု။ | ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | တစ်သက် တစ်ကျွန်းဒဏ် ဖြစ်စေ၊ ၁၀နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်၊ ၃နှစ်ထိ အလုပ်မဲ့ ထောင်ဒဏ်အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး။ |

http://www.cherrythitsar.org



**ပြည်သူ့ဝန်ထမ်း ပေါ့လျော့မှုကြောင့် နိုင်ငံရေးအကျဉ်းသားကို၊ သို့တည်းမဟုတ် စစ်သုံ့ပန်းကို လွတ်မြောက်ပြေးစေခြင်း။ (ပုဒ်မ-၁၂၉)**

**Public servant negligently suffering such prisoner to escape. (Section-129)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

မည်သူမဆို ပြည်သူ့ဝန်ထမ်းဖြစ်သည့်အလျောက် နိုင်ငံရေးအကျဉ်းသားကို ဖြစ်စေ၊ စစ်သုံ့ပန်းကိုဖြစ်စေ ထိန်းသိမ်းထားရသည်တွင် ထိုအကျဉ်းသားကို၊ သို့တည်း မဟုတ် ထိုစစ်သုံ့ပန်းကို ချုပ်ထားရာနေရာမှ ဝတ္တရားပေါ့လျော့မှုကြောင့် လွတ်ပြေး စေလျှင် ထိုသူကို သုံးနှစ်ထိ အလုပ်မဲ့ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>

၁။ ပုဒ်မ ၁၂၈ တွင် လိုအပ်သည့်အချက် (၅) မှအပ ကျန်အချက်များမှာ တူညီသည်။

၂။ အချက် (၅) တွင် အလိုအလျောက်ခွင့်ပြုခြင်းမဟုတ်ဘဲ တာဝန်ဝတ္တရား ပေါ့လျော့မှုကြောင့် လွတ်ပြေးရခြင်းဖြစ်ရန်လိုသည်။

<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၂၉ | ပြည်သူ့ဝန်ထမ်း ပေါ့လျော့မှုကြောင့် နိုင်ငံရေး အကျဉ်းသားကို၊ သို့မဟုတ် စစ်သုံ့ပန်းကို လွတ်ပြေးစေမှု။ | ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | တစ်သက် တစ်ကျွန်းအဝတ် ဖြစ်စေ၊ ၁၀နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်၊ ၃နှစ်ထိ အလုပ်မဲ့ ထောင်ဒဏ်အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမ တန်း အာဏာရ ရာဇဝတ် တရား သူကြီး။ |

http://www.cherrythitsar.org



**နိုင်ငံရေးအကျဉ်းသားကို၊ သို့တည်းမဟုတ် စစ်သုံ့ပန်း လွတ်ပြေးရာတွင် ကူညီခြင်း၊ ကယ်ခြင်း၊ လက်သင့်ခံခြင်း။ (ပုဒ်မ-၁၃၀)**

**Aiding escape of, rescuing or harbouring such prisoner. (Section-130)**

**ဥပဒေပွင့်ဆိုချက်**

မည်သူမဆို သိလျက်နှင့်-

(က) နိုင်ငံရေးအကျဉ်းသားဖြစ်စေ၊ စစ်သုံ့ပန်းဖြစ်စေ ဥပဒေအရချုပ်ထားရာမှ လွတ်ပြေးရာတွင် ကူညီလျှင်၊ သို့တည်းမဟုတ်

(ခ) ထိုအကျဉ်းသားကိုဖြစ်စေ၊ စစ်သုံ့ပန်းကိုဖြစ်စေ ဥပဒေအရချုပ်ထားရာမှ ကယ်လျှင်၊ သို့တည်းမဟုတ် ကယ်ရန်အားထုတ်လျှင်၊ သို့တည်းမဟုတ်

(ဂ) ဥပဒေအရချုပ်ထားရာမှ လွတ်ပြေးသော ထိုအကျဉ်းသားကိုဖြစ်စေ၊ စစ်သုံ့ပန်းကိုဖြစ်စေ လက်သင့်ခံလျှင်၊ သို့တည်းမဟုတ် ဝှက်ထားလျှင်၊ သို့တည်းမဟုတ်

(ဃ) ထိုသို့လွတ်ပြေးသော အကျဉ်းသားကိုဖြစ်စေ၊ စစ်သုံ့ပန်းကိုဖြစ်စေ ပြန်လည်ဖမ်းဆီးရာတွင် ခုခံလျှင်၊ သို့တည်းမဟုတ် ခုခံရန် အားထုတ်လျှင်၊

ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

***ရှင်းလင်းချက်။*** ပြည်ထောင်စု မြန်မာနိုင်ငံရှိ သတ်မှတ်ထားသော နယ်နိမိတ်အတွင်း၌ နေပါမည်ဟု ကတိထားရှိသောကြောင့် ထိုနယ်နိမိတ်အတွင်း၌ လွတ်လပ်စွာ နေခွင့်ရသော နိုင်ငံရေးအကျဉ်းသားသည်၊ သို့တည်းမဟုတ် စစ်သုံ့ပန်းသည် ထိုနယ်နိမိတ်ပြင်ပသို့ ထွက်လျှင် ဥပဒေအရ ချုပ်ထားရာမှ ထွက်ပြေးသည်မည်၏။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ကြေညာခြင်း။

၂။ ယင်းသို့ကြေညာခြင်းသည် နှုတ်၊ စာ၊ အမှတ်အသား၊ သို့မဟုတ် ထင်ရှားသော ပုံသဏ္ဌာန်နှင့်ဖြစ်ခြင်း။

၃။ ယင်းကြေညာခြင်းသည် ပြည်ထောင်စု၏ မိတ်ဆွေနိုင်ငံ သို့မဟုတ် ယင်းနိုင်ငံ၏ အထွတ်အထိပ်၊ သံအမတ် သို့မဟုတ် ထိပ်တန်းပုဂ္ဂိုလ်အပေါ်ဖြစ်ခြင်း။

၄။ တရားခံတွင် ပြည်ထောင်စုနှင့် မိတ်ဆွေနိုင်ငံတို့၏ ဆက်ဆံမှုကို နှောင့်ယှက်ရန် အကြံရှိခြင်း။

၅။ ယင်းသို့ကြေညာခြင်းသည် မိတ်ဆွေနိုင်ငံ၊ သို့မဟုတ် ယင်းနိုင်ငံ၏ ထိပ်တန်းပုဂ္ဂိုလ်များ၏ ဂုဏ်သိက္ခာကို ထိပါးစေခြင်း၊ မုန်းထားစေခြင်း သို့မဟုတ် မလေးစားစေခြင်း။

၆။ မှန်ကန်ပြီး အများပြည်သူကောင်းကျိုးအတွက် မဟုတ်ခြင်း။

http://www.cherrythitsar.org



<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း။ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၃၀ | နိုင်ငံရေးအကျဉ်းသား သို့မဟုတ် စစ်သုံ့ပန်း လွတ်ပြေးရာတွင် ကူညီမှု၊ ကယ်မှု၊ လက်သင့်ခံမှု။ | ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | တစ်သက် တစ်ကျွန်းဒဏ် ဖြစ်စေ၊ ၁ဝနှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး။ |

http://www.cherrythitsar.org



## အခန်း(၆ က)

## ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ပါလီမန်တို့၏ အက်ဥပဒေများ၌ပါရှိသည့် ပြဋ္ဌာန်းချက်အချို့နှင့် စပ်လျဉ်းသော ပြစ်မှုများ

**ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ပါလီမန်တို့၏ အက်ဥပဒေများ၌ ပါရှိသည့် ပြဋ္ဌာန်းချက်အချို့နှင့် စပ်လျဉ်းသော ပြစ်မှုများ။ (ပုဒ်မ-၁၃၀ က)**

**Offences relating to certain provisions contained in the Constitution and Acts of the Parliament. (Section-130 A)**

**ဥပဒေပြဋ္ဌာန်းချက်**

အပြစ်ဒဏ်ကို သို့တည်းမဟုတ် ပြစ်ဒဏ်ချမှတ်ရန် အခြားနည်းလမ်းကို ဥပဒေဖြင့် အတည့်အလင်း ပြဋ္ဌာန်းထားခြင်းမရှိသည့်ကိစ္စတွင် မည်သူမဆို ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ ပုဒ်မ ၁၅ ၌ဖြစ်စေ၊ ၁၇ ၌ဖြစ်စေ၊ ၁၉ ၌ဖြစ်စေ၊ ၂၀ ၌ဖြစ်စေ၊ ပုဒ်မ ၂၃ ၏ ပုဒ်မခွဲ (၂) နှင့် (၃)များ၌ဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပါလီမန်က ပြဋ္ဌာန်းထားသော အက်ဥပဒေ၌ဖြစ်စေ ပါရှိသော ပြဋ္ဌာန်းချက်က တားမြစ်ထားသော ပြုလုပ်မှုကို တမင်ပြုလုပ်ခြင်းဖြင့်သော်လည်းကောင်း၊ အဆိုပါပြဋ္ဌာန်းချက်အရ ပြုလုပ်ရန် လိုအပ်သော ပြုလုပ်မှုကို တမင်ချန်လှပ်ခြင်းဖြင့်သော်လည်းကောင်း အဆိုပါ ပြဋ္ဌာန်းချက်ကို လျော်ကန်သင့်မြတ်သော ခွင့်လွှတ်ချက်မရှိဘဲ ဆန့်ကျင်ခြင်းပြုလျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၃၀က | ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ပါလီမန်၏ အက်ဥပဒေများ၌ ပါရှိသည့် ပြဋ္ဌာန်းချက် အချို့နှင့်စပ်လျဉ်းသော ပြစ်မှုများ။ | ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



## အခန်း(၆ ခ)
## အခြားနိုင်ငံကို အသရေဖျက်စေမှု

**အခြားနိုင်ငံများကို အသရေဖျက်စေမှု။ (ပုဒ်မ-၁၃၀ ခ)**

**Libel against Foreign Powers. (Section-130 B)**

**ဥပဒေပြဋ္ဌာန်းချက်**

နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အမှတ်အသားဖြင့်ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဌာန်ဖြင့်ဖြစ်စေ မည်သူမဆို ပြည်ထောင်စုမြန်မာနိုင်ငံနှင့် နိုင်ငံခြားတို့၏ ငြိမ်းချမ်းစွာမိတ်ဆွေအဖြစ် ဆက်ဆံမှုကို နှောင့်ယှက်ရန်အကြံဖြင့် နိုင်ငံခြားကို ဖြစ်စေ၊ နိုင်ငံခြား၏ အထွတ်အထိပ်ပုဂ္ဂိုလ်ကိုဖြစ်စေ၊ နိုင်ငံခြား သံအမတ်ကိုဖြစ်စေ၊ နိုင်ငံခြား၏ အခြားထိပ်တန်း ပုဂ္ဂိုလ်များကိုဖြစ်စေ ဂုဏ်နိမ့်ကျစေတတ်သည့်၊ သို့တည်းမဟုတ် ဂုဏ်သိက္ခာထိပါးစေတတ်သည့်၊ သို့တည်းမဟုတ် မုန်းထားအောင် သော်လည်းကောင်း၊ မလေးစားအောင်သော်လည်းကောင်း ဖြစ်စေတတ်သည့်အရာ ကို ကြေညာလျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

*ပထမခြွင်းချက်။* ပြည်ထောင်စု မြန်မာနိုင်ငံနှင့် နိုင်ငံခြားတို့၏ ငြိမ်းချမ်းစွာ မိတ်ဆွေ အဖြစ် ဆက်ဆံမှုကို နှောင့်ယှက်ရန်အကြံမရှိဘဲ ပြည်သူ့အကျိုးနှင့် သက်ဆိုင်သော ကိစ္စနှင့် စပ်လျဉ်း၍ မျှတသော ဝေဖန်ချက်ကို ကြေညာခြင်းသည် ဤပုဒ်မအရ ပြစ်မှုမမြောက်။

*ဒုတိယခြွင်းချက်။* မှန်ကန်သည့်အရာကို အများပြည်သူကောင်းကျိုးအတွက် ကြေညာ သင့်သဖြင့် ကြေညာခြင်းသည် ဤပုဒ်မအရ ပြစ်မှုမမြောက်။ ကြေညာချက်သည် အများပြည်သူကောင်းကျိုးအတွက် ဟုတ်သည် မဟုတ်သည်ဆိုသောအချက်သည် အကြောင်းခြင်းရာပြဿနာ ဖြစ်သည်။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၃၀က | အခြားနိုင်ငံများကို အသရေဖျက်စေမှု။ | ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမ တန်း အာဏာရ ရာဇဝတ် တရား သူကြီး။ |

http://www.cherrythitsar.org



## အခန်း(၇)
## ကြည်းတပ်၊ ရေတပ်၊ လေတပ်နှင့်ဆိုင်သော ပြစ်မှုများ

**စစ်ပုန်ကန်မှုကို အားပေးကူညီခြင်း၊ သို့တည်းမဟုတ် စစ်သားအား တာဝန်ဝတ္တရားမှ သွေးဆောင်ရန်အားထုတ်ခြင်း။ (ပုဒ်မ-၁၃၁)**

**Abetting mutiny, or attempting to seduce a soldier, sailor or airman from his duty. (Section-131)**

**ဥပဒေပြဋ္ဌာန်းချက်**

ပြည်ထောင်စုနိုင်ငံတော် ကြည်း၊ ရေ၊ လေ တပ်ခုခုတွင် ထမ်းရွက်သော တပ်သားကသော် လည်းကောင်း၊ အရာရှိကသော် လည်းကောင်း စစ်ပုန်ကန်မှု ကျူးလွန်ခြင်းကို မည်သူမဆို အားပေးကူညီလျှင်၊ သို့တည်းမဟုတ် ထိုတပ်သား၊ ထိုအရာရှိတစ်ဦးဦးအား နိုင်ငံတော်သစ္စာကို ဖောက်ဖျက်စေခြင်းငှာသော် လည်းကောင်း၊ တာဝန်ဝတ္တရား မဆောင်ရွက်စေခြင်းငှာသော်လည်းကောင်း သွေးဆောင်ရန် အားထုတ်လျှင် ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ အားပေးကူညီခြင်းခံရသူသည် ပြည်ထောင်စုနိုင်ငံတော် ကြည်း၊ ရေ၊ လေ တပ်တစ်ခုခုတွင် ထမ်းရွက်သော တပ်သား သို့မဟုတ် အရာရှိဖြစ်ခြင်း။

၂။ တရားခံက ၎င်းအား စစ်ပုန်ကန်မှုကျူးလွန်ခြင်းကို အားပေးကူညီခြင်း သို့မဟုတ် နိုင်ငံတော်သစ္စာကို ဖောက်ဖျက်ရန်သော်လည်းကောင်း၊ တာဝန်ဝတ္တရားမဆောင်ရွက်စေရန်သော်လည်းကောင်း သွေးဆောင်ရန်အားထုတ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း။ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၃၁ | စစ်ပုန်ကန်မှုကို အားပေးကူညီမှု၊ သို့မဟုတ် ကြည်း၊ရေ၊လေ တပ်တစ်ခုခုတွင် ထမ်းရွက်သော အရာရှိ သို့မဟုတ် တပ်သားအား နိုင်ငံတော်သစ္စာကို ဖောက်ဖျက်စေရန်ဖြစ်စေ၊ တာဝန်ဝတ္တရား မဆောင်ရွက်စေရန်ဖြစ်စေ သွေးဆောင်ရန် အားထုတ်မှု။ | ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | တစ်သက် တစ်ကျွန်းဒဏ် ဖြစ်စေ၊ ၁၀နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ် | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



### အားပေးကူညီခြင်းကြောင့် ကျူးလွန်သော ပုန်ကန်မှုကို အားပေးကူညီခြင်း။ (ပုဒ်မ-၁၃၂)

### Abetment of mutiny if mutiny is committed in consequence thereof. (Section-132)

**ဥပဒေပြဋ္ဌာန်းချက်**

ပြည်ထောင်စုနိုင်ငံတော် ကြည်း၊ ရေ၊ လေ တပ်ခုခုတွင် ထမ်းရွက်သော တပ်သားကသော် လည်းကောင်း၊ အရာရှိကသော် လည်းကောင်း စစ်ပုန်ကန်မှု ကျူးလွန်ခြင်းကို မည်သူမဆို အားပေးကူညီသည်တွင် ထိုသို့ အားပေးကူညီခြင်း ကြောင့် စစ်ပုန်ကန်မှုကို ကျူးလွန်လျှင် ထိုအားပေးကူညီသူကို သေဒဏ်ဖြစ်စေ၊ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ် ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

ပုဒ်မ ၁၃၁ တွင် လိုအပ်သည့် အင်္ဂါရပ်များအပြင် တရားခံ၏ အားပေးကူညီမှု ကြောင့် စစ်ပုန်ကန်မှုကျူးလွန်ခြင်းရှိကြောင်း အင်္ဂါရပ်နှင့် ပြည့်စုံရမည်။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း။ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၃၂ | အားပေးကူညီခြင်းကြောင့် ကျူးလွန်သော ပုန်ကန်မှုကို အားပေးကူညီမှု။ | ဝရမ်း မပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | သေဒဏ်ဖြစ်စေ၊ တစ်သက် တစ်ကျွန်းဒဏ် ဖြစ်စေ၊ ၁၀နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်၊ ၃နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး။ |

http://www.cherrythitsar.org



**အထက်အရာရှိ ဝတ္တရားထမ်းဆောင်ရာတွင် ထိုအရာရှိအပေါ်၌ လက်ရောက်မှုကျူးလွန်စေရန် တပ်သားအား အားပေးကူညီခြင်း။ (ပုဒ်မ-၁၃၃)**

**Abetment of assault by soldier, sailor or airman on his superior Officer, when in executive of his office. (Section-133)**

**ဥပဒေပြဋ္ဌာန်းချက်**

ပြည်ထောင်စုနိုင်ငံတော် ကြည်း၊ ရေ၊ လေ တပ်ခုခုတွင် ထမ်းရွက်သော တပ်သားကသော် လည်းကောင်း၊ အရာရှိကသော် လည်းကောင်း တာဝန်ဝတ္တရား ထမ်းဆောင်နေသော အထက်အရာရှိကို လက်ရောက်မှု ကျူးလွန်ရန် မည်သူမဆို အားပေးကူညီလျှင် ထိုအားပေးကူညီသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံက အားပေးကူညီသောသူမှာ ကြည်း၊ ရေ၊ လေတပ်မှ တပ်သား သို့မဟုတ် အရာရှိခြင်းခြင်း။

၂။ ထိုတပ်သား သို့မဟုတ် အရာရှိက ၎င်း၏အထက်အရာရှိကို လက်ရောက်မှု ကျူးလွန်ရန် တရားခံက အားပေးကူညီခြင်း။

၃။ အထက်အရာရှိသည် တာဝန်ဝတ္တရား ထမ်းဆောင်နေစဉ်ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၃၃ | ကြည်း၊ ရေ၊ လေ တပ်တစ်ခုခုတွင် ထမ်းရွက်သော အရာရှိ သို့မဟုတ် တပ်သားက တာဝန်ဝတ္တရားထမ်းဆောင်နေသော အထက် အရာရှိကို လက်ရောက်မှုကျူးလွန်ရန် အားပေးကူညီမှု။ | ဝရမ်း မပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | သေဒဏ်ဖြစ်စေ၊ တစ်သက် တစ်ကျွန်းဒဏ် ဖြစ်စေ၊ ၁၀နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်၊ ၇နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမ တန်း အာဏာရ ရာဇဝတ် တရား သူကြီး။ |

http://www.cherrythitsar.org



**ကျူးလွန်သော လက်ရောက်မှုကို အားပေး ကူညီခြင်း။**
**(ပုဒ်မ-၁၃၄)**

**Abetment of such assault, if the assault is committed.**
**(Section-134)**

**ဥပဒေဖွင့်ဆိုချက်**

မည်သူမဆို ပြည်ထောင်စုနိုင်ငံတော် ကြည်း၊ ရေ၊ လေ တပ်ခုခုတွင် ထမ်းရွက်သော တပ်သားကသော် လည်းကောင်း၊ အရာရှိကသော် လည်းကောင်း တာဝန်ဝတ္တရား ထမ်းဆောင်နေသော အထက်အရာရှိကို လက်ရောက်မှုကို ကျူးလွန်ရန် အားပေးကူညီသည်တွင် ထိုသို့အားပေးကူညီခြင်းကြောင့် လက်ရောက်မှုကို ကျူးလွန်လျှင် ထိုအားပေးကူညီသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

ပုဒ်မ ၁၃၃ တွင် လိုအပ်သည့် အင်္ဂါရပ်များအပြင် အားပေးကူညီသည့်အတိုင်း လက်ရောက်မှု ကျူးလွန်ခဲ့သည်ဆိုသော အင်္ဂါရပ်ပါရှိရန် လိုသည်။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၃၄ | လက်ရောက်မှုကျူးလွန်ရာတွင် အဆိုပါ လက်ရောက်မှုကို အားပေးကူညီမှု။ | ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး။ |

**တပ်သားအား စစ်ပြေးမှုကျူးလွန်စေရန် အားပေး ကူညီခြင်း။**
**(ပုဒ်မ-၁၃၅)**

**Abetment of such desertion of soldier, sailor or airman.**
**(Section-135)**

**ဥပဒေဖွင့်ဆိုချက်**

ပြည်ထောင်စုနိုင်ငံတော် ကြည်း၊ ရေ၊ လေ တပ်ခုခုတွင် ထမ်းရွက်သော တပ်သားကသော် လည်းကောင်း၊ အရာရှိကသော် လည်းကောင်း စစ်ပြေးမှု ကျူးလွန်ခြင်းကို မည်သူမဆို အားပေးကူညီသည်တွင် ထိုအားပေးကူညီသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

http://www.cherrythitsar.org



<u>**အကျုံးဝင်သည့် အင်္ဂါရပ်များ**</u>

၁။ အားပေးကူညီခြင်းခံရသူသည် ပြည်ထောင်စုနိုင်ငံတော် ကြည်း၊ ရေ၊ လေ တပ်မှ တပ်သား သို့မဟုတ် အရာရှိဖြစ်ခြင်း။

၂။ ထိုတပ်သား၊ အရာရှိကို တရားခံက တပ်ပြေးမှုကျူးလွန်ရန် အားပေးကူညီခြင်း။

<u>**ကျင့်ထုံး**</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၃၅ | ကြည်း၊ ရေ၊ လေ တပ်တစ်ခုခုတွင် ထမ်းရွက်သော အရာရှိကဖြစ်စေ၊ တပ်သားကဖြစ်စေ စစ်ပြေးမှုကျူးလွန်ခြင်းကို အားပေးကူညီမှု။ | ဝရမ်း မပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၂ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**စစ်ပြေးကို လက်သင့်ခံခြင်း။ (ပုဒ်မ-၁၃၆)**

**Harbouring deseter. (Section-136)**

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

အောက်ပါ ကင်းလွတ်ချက်တွင် ပါဝင်သူမှတစ်ပါး စစ်ပြေးမှုကျူးလွန်သော ပြည်ထောင်စုနိုင်ငံတော် ကြည်း၊ ရေ၊ လေတပ်တစ်ခုခုတွင် ထမ်းရွက်သည့် တပ်သားသည်၊ သို့တည်းမဟုတ် အရာရှိသည် စစ်ပြေးမှုကျူးလွန်ခဲ့သည်ကို သိလျက်နှင့်သော်လည်းကောင်း၊ ယုံကြည်ရန်ရှိလျက်နှင့်သော်လည်းကောင်း မည်သူမဆို အဆိုပါ တပ်သားကို၊ သို့တည်းမဟုတ် အရာရှိကို လက်သင့်ခံလျှင် ထိုလက်သင့်ခံသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

*ကင်းလွတ်ချက်။* ဤပြဋ္ဌာန်းချက်သည် မယားက လင်ကို လက်သင့်ခံခြင်းနှင့် မသက်ဆိုင်စေရ။

http://www.cherrythitsar.org



**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ စစ်ပြေးမှု ကျူးလွန်သူမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော် ကြည်း၊ ရေ၊ လေ တပ်မှ တပ်သား သို့မဟုတ် အရာရှိဖြစ်ခြင်း။

၂။ တရားခံသည် ထိုတပ်သား သို့မဟုတ် အရာရှိမှာ စစ်ပြေးဖြစ်သည်ကို သိခြင်း၊ ယုံကြည်ရန် အကြောင်းရှိခြင်း။

၃။ သိလျက်နှင့် ယုံကြည်ရန်အကြောင်းရှိလျက်နှင့် တရားခံက လက်သင့်ခံခြင်း။

၄။ လက်သင့်ခံသူမှာ စစ်ပြေး၏မယား မဟုတ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၃၆ | အဆိုပါ စစ်ပြေးအရာရှိ သို့မဟုတ် တပ်သားကို လက်သင့်ခံမှု။ | ဝရမ်း မပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၂ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**စီရင်ထုံး**

၁။ လက်သင့်ခံသူသည် စစ်ပြေး၏မယားဖြစ်ပါက ပြစ်မှုမမြောက်။ ဘာသာရေးကို အကြောင်းပြ၍သော်လည်းကောင်း၊ မိမိ၏မေတ္တာ၊ ကရုဏာကြီးမားပါသည်ဟု အကြောင်းပြ၍သော်လည်းကောင်း စစ်ပြေးကို လက်သင့်ခံခြင်းဖြစ်၍ ပြစ်မှုမမြောက်ပါဟု အခြားသူတစ်ဦးတစ်ယောက်က ထုချေခြင်းမပြုနိုင်။ ထိုကဲ့သို့ ထုချေခြင်းပြုလျှင် ဘာသာရေးကို အကြောင်းပြပြီး နိုင်ငံ၏ စည်းလုံးလုံခြုံမှုကို အန္တရာယ်ဖြစ်စေနိုင်သည်။ တစ်ဦးအကျိုးအတွက် အများပြည်သူတို့၏အကျိုး နစ်နာလိမ့်မည်ဖြစ်သည်။

*[ဘွန်နီဂျင်အင်ဒရီနှင့်ပြည်ထောင်စု၊ ၁၉၆၈၊ မြန်မာပြည်စီရင်ထုံး၊ ၄၂(အထူးအယူခံ)]*

http://www.cherrythitsar.org



**သင်္ဘောမှူး ပေါ့လျော့မှုကြောင့် စစ်ပြေးသည် သင်္ဘောပေါ်တွင် ပုန်းနေနိုင်ခြင်း။ (ပုဒ်မ-၁၃၇)**

**Deserter concealed on board merchant vessel through negligence of master. (Section-)**

**ဥပဒေပြဋ္ဌာန်းချက်**

ပြည်ထောင်စုနိုင်ငံတော် ကြည်း၊ ရေ၊ လေတပ်တစ်ခုခုမှ စစ်ပြေးတစ်ဦးဦးသည် ကုန်သည်သင်္ဘောပေါ်၌ ပုန်းနေရာတွင် ထိုသို့ပုန်းနေကြောင်းကို သင်္ဘောမှူးသည်၊ သို့တည်းမဟုတ် သင်္ဘောကိုအုပ်ချုပ်သူ အကြီးအကဲသည် မိမိ၏ တာဝန်ဝတ္တရား ပေါ့လျော့ခြင်းမရှိခဲ့သော် သို့တည်းမဟုတ် သင်္ဘောပေါ်တွင် စည်းကမ်းသေဝပ်ရေး ချို့ငဲ့ခြင်းမရှိခဲ့သော် သိနိုင်လောက်သည်ဖြစ်လျှင် ထိုသို့ပုန်းနေကြောင်းကို မသိစေကာမူ ထိုသင်္ဘောမှူးအား သို့တည်းမဟုတ် ထိုသင်္ဘောကို အုပ်ချုပ်သူ အကြီးအကဲအား ငါးရာအထိ ငွေဒဏ်ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ကုန်သင်္ဘော သင်္ဘောမှူး သို့မဟုတ် အုပ်ချုပ်သူ အကြီးအကဲ ဖြစ်ခြင်း။

၂။ တရားခံသည် တာဝန်ဝတ္တရားပေါ့လျော့ခြင်း၊ စည်းကမ်းသေဝပ်မှု ချို့ငဲ့ခြင်း။

၃။ ထိုသို့ ပေါ့လျော့ခြင်း၊ ချို့ငဲ့ခြင်းကြောင့် စစ်ပြေး သင်္ဘောပေါ်မှာ ပုန်းအောင်း နေသည်ကို မသိခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၃၇ | ကုန်သည်သင်္ဘော၏ သင်္ဘောမှူး သို့မဟုတ် သင်္ဘောကို အုပ်ချုပ်သူအကြီးအကဲ၏ တာဝန်ဝတ္တရား ပေါ့လျော့မှုကြောင့် သင်္ဘောပေါ်၌ စစ်ပြေး ပုန်းနေနိုင်မှု။ | ဝရမ်း မပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ကျပ် ၅၀၀ထိ ငွေဒဏ်။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



## စည်းကမ်းဖီဆန်မှုကိုပြုရန် တပ်သားကို အားပေးကူညီခြင်း။ (ပုဒ်မ-၁၃၈)

## Abetment of act of insubordination by soldier, sailor or airman. (Section-138)

**ဥပဒေပြဋ္ဌာန်းချက်**

ပြည်ထောင်စုနိုင်ငံတော် ကြည်း၊ ရေ၊ လေ တပ်တစ်ခုခုတွင် ထမ်းရွက်သော တပ်သား၏ သို့တည်းမဟုတ် အရာရှိ၏ ပြုလုပ်မှုသည် စည်းကမ်းဖီဆန်ရာရောက်ကြောင်း သိလျက်နှင့် ထိုပြုလုပ်မှုကို အားပေးကူညီသည်တွင် ထိုသို့အားပေးကူညီခြင်းကြောင့် စည်းကမ်းဖီဆန်မှုကို ကျူးလွန်လျှင် ထိုအားပေးကူညီသူကို ခြောက်လထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့်အင်္ဂါရပ်များ**

၁။ ကြည်း၊ ရေ၊ လေ တပ်တစ်ခုခု၏ တပ်သား သို့မဟုတ် အရာရှိ၏ ပြုလုပ်မှုသည် စည်းကမ်းဖီဆန်မှုပြုရာရောက်ခြင်း။

၂။ စည်းကမ်းဖီဆန်မှုပြုရာရောက်ကြောင်း သိလျက်နှင့် တရားခံက အားပေးကူညီခြင်း။

၃။ အားပေးကူညီသည့်အတိုင်း စည်းကမ်းဖီဆန်မှုကို ကျူးလွန်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၃၈ | ကြည်း၊ ရေ၊ လေ တပ်တစ်ခုခုတွင် ထမ်းရွက်သော အရာရှိ၏ သို့မဟုတ် တပ်သား၏ စည်းကမ်းဖီဆန်မှုပြုရာရောက်သော ပြုလုပ်မှုကို အားပေးကူညီမှု(ထိုသို့ အားပေးကူညီခြင်းကြောင့် စည်းကမ်းဖီဆန်မှု ကျူးလွန်လျှင်) | ဝရမ်း မပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၆လထိ ထောင်ဒဏ် တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



**အချို့အက်ဥပဒေများကို လိုက်နာရသူများ။ (ပုဒ်မ-၁၃၉)**

**Persons subject to certain Acts. (Section-139)**

**ဥပဒေပြဋ္ဌာန်းချက်**

ပြည်ထောင်စုနိုင်ငံ ကြည်းတပ်မတော် အက်ဥပဒေကို သို့တည်းမဟုတ် ပြည်ထောင်စုမြန်မာနိုင်ငံ ဘော်လံတီယာ အရံရေတပ်မတော်(စည်းကမ်း) အက်ဥပဒေကို၊ သို့တည်းမဟုတ် ၁၉၄၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ လေတပ်မတော်(စည်းကမ်း)အက်ဥပဒေကို လိုက်နာရသူသည် ဤအခန်း၌ ဖော်ပြထားသော ပြစ်မှုအတွက် ဤရာဇသတ်ကြီးအရ ပြစ်ဒဏ်ချမှတ်ခြင်းမခံရ။

**တပ်သား၏ စစ်ဝတ်တန်ဆာကို ဝတ်ဆင်ခြင်း၊ သို့တည်းမဟုတ် စစ်အမှတ်အသားကို ကိုင်ဆောင်ခြင်း။ (ပုဒ်မ-၁၄၀)**

**Wearing garb or carrying token used by soldier, sailor or airman. (Section-140)**

**ဥပဒေပြဋ္ဌာန်းချက်**

ပြည်ထောင်စုမြန်မာနိုင်ငံတော် ကြည်း၊ ရေ၊ လေ တပ်တစ်ခုခုတွင် ထမ်းရွက်သော တပ်သားမဟုတ်ဘဲလျက် မိမိကိုယ်ကို တပ်သားဟူ၍ ယုံကြည်စေရန် ကြံရွယ်ချက်နှင့် မည်သူမဆို စစ်သား၏ စစ်ဝတ်တန်ဆာနှင့် သဏ္ဌာန်တူသော အဝတ်တန်ဆာကို ဝတ်ဆင်လျှင် သို့တည်းမဟုတ် စစ်အမှတ်အသားနှင့် သဏ္ဌာန်တူသော အမှတ်အသားကို ကိုင်ဆောင်လျှင် ထိုသူကို သုံးလထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငါးရာထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့်အင်္ဂါရပ်များ**

၁။ တရားခံသည် ပြည်ထောင်စုမြန်မာနိုင်ငံ ကြည်း၊ ရေ၊ လေ တပ်တစ်ခုခု၏ တပ်သားမဟုတ်ခြင်း။

၂။ ထိုတပ်သားတစ်ဦးဦး၏ စစ်ဝတ်တန်ဆာနှင့်သဏ္ဌာန်တူသော အဝတ်တန်ဆာကို ဝတ်ဆင်ခြင်း၊ စစ်အမှတ်အသားနှင့် သဏ္ဌာန်တူသော အမှတ်အသားကို ကိုင်ဆောင်ခြင်း။

၃။ ယင်းသို့ဝတ်ဆင်ခြင်း၊ ကိုင်ဆောင်ခြင်းမှာ တပ်သားဖြစ်သည်ဟု ယုံကြည်စေရန် ကြံရွယ်ချက်နှင့်ပြုခြင်း။

http://www.cherrythitsar.org



**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၄၀ | ကြည်း၊ ရေ၊ လေ တပ်တစ်ခုခုတွင် ထမ်းရွက်သော တပ်သားမဟုတ်ဘဲလျက် မိမိကိုယ်ကို တပ်သားဟူ၍ ယုံကြည်စေရန် ကြံရွယ်ချက်နှင့် တပ်သား၏ စစ်ဝတ်တန်ဆာနှင့် သဏ္ဌာန်သော အဝတ်တန်ဆာကို ဝတ်ဆင်မှု၊ သို့မဟုတ် စစ်အမှတ်အသားနှင့် သဏ္ဌာန်တူသော အမှတ်အသားကို ကိုင်ဆောင်မှု။ | ဝရမ်း မပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃လထိ ထောင်ဒဏ် တစ်မျိုးမျိုး ဖြစ်စေ၊ ကျပ်ငါးရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



## အခန်း(၈)
## နိုင်ငံတော်ငြိမ်ဝပ်ရေးကို ပျက်စေသော ပြစ်မှုများ

**ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေး။ (ပုဒ်မ-၁၄၁)**

**Unlawful assembly. (Section-141)**

**ဥပဒေဖွင့်ဆိုချက်**

ငါးဦး သို့တည်းမဟုတ် ငါးဦးထက်ပိုသောသူများသည် အောက်ပါ တူသော ရည်ရွယ်ချက်တစ်ခုခုနှင့် စုဝေးကြလျှင် ထိုအစုအဝေးကို 'ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေး' ဟုခေါ်သည်။

*ပထမ။* ရာဇဝတ်ပြစ်ဒဏ်ထိုက်သော အနိုင်အထက်ပြုခြင်းဖြင့်သော်လည်းကောင်း၊ ထိုကဲ့သို့သော အနိုင်အထက်ပြုဟန်ပြခြင်းဖြင့်သော်လည်းကောင်း ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရတည်ထောင်ခန့်အပ်သော ဥပဒေပြုအဖွဲ့ကို ဖြစ်စေ၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏ သို့တည်းမဟုတ် ပြည်ထောင်စုအဖွဲ့ဝင်၏ အစိုးရကိုဖြစ်စေ ဥပဒေ အရ မိမိ၏အာဏာကို ဆောင်ရွက်နေသော ပြည်သူ့ဝန်ထမ်းကိုဖြစ်စေ ချောက်လှန့် ရန် ရည်ရွယ်ချက်၊ သို့တည်းမဟုတ်

*ဒုတိယ။* ဥပဒေအရသော်လည်းကောင်း၊ ဥပဒေနှင့်အညီ ထုတ်ဆင့်သည့် အမိန့် ဆင့်ဆိုချက် စသော ဆောင်ရွက်မှုကိုသော်လည်းကောင်း ဆောင်ရွက်ခြင်းကို ခုခံရန် ရည်ရွယ်ချက်၊ သို့တည်းမဟုတ်

*တတိယ။* အကျိုးဖျက်ဆီးမှုကိုသော်လည်းကောင်း၊ ရာဇဝတ်ပြစ်ဒဏ်ထိုက်သော ကျော်နင်းမှုကိုသော်လည်းကောင်း၊ အခြားပြစ်မှုများကိုသော်လည်းကောင်း ကျူးလွန် ရန် ရည်ရွယ်ချက်၊ သို့တည်းမဟုတ်

*စတုတ္ထ။* တစ်ဦးတစ်ယောက်သောသူကို ရာဇဝတ်ပြစ်ဒဏ်ထိုက်သော အနိုင်အထက် ပြုခြင်းဖြင့်သော်လည်းကောင်း၊ ထိုကဲ့သို့သော အနိုင်အထက်ပြုဟန် ပြခြင်းဖြင့်သော် လည်းကောင်း ပစ္စည်းကိုရယူရန်၊ သို့တည်းမဟုတ် တစ်ဦးတစ်ယောက်၏ လက်ရှိ ဖြစ်သော၊ သို့တည်းမဟုတ် ခံစားဆဲဖြစ်သော ဖြတ်သန်းသွားလာမှု အခွင့်အရေးကို ဖြစ်စေ၊ ရေသုံးစွဲမှု အခွင့်အရေးကိုဖြစ်စေ၊ အကောင်အထည်မရှိသော အခြား အခွင့် အရေးကိုဖြစ်စေ လက်လွှတ်စေရန်၊ သို့တည်းမဟုတ် ခံစားခွင့်ရှိသော အခွင့်အရေး ကိုဖြစ်စေ ခံစားခွင့်ရှိသည်ဟု ထင်မှတ်သော အခွင့်အရေးကိုဖြစ်စေ သုံးစွဲရန် ရည်ရွယ်ချက်၊ သို့တည်းမဟုတ်

*ပဉ္စမ။* ရာဇဝတ်ပြစ်ဒဏ်ထိုက်သော အနိုင်အထက်ပြုခြင်းဖြင့်သော်လည်းကောင်း၊ ထိုကဲ့သို့သော အနိုင်အထက်ပြုဟန်ပြခြင်းဖြင့်သော်လည်းကောင်း တစ်ဦးတစ် ယောက်သောသူအား ဥပဒေအရ ပြုရန်တာဝန်မရှိသောအလုပ်ကို အတင်းအကြပ် ပြုစေရန် သို့တည်းမဟုတ် ဥပဒေအရ ပြုပိုင်သောအမှုကို ပြုခြင်းမှ အတင်းအကြပ် ပျက်ကွက်စေရန် ရည်ရွယ်ချက်။

http://www.cherrythitsar.org



*ရှင်းလင်းချက်။* အစုအဝေးတစ်ခုသည် စုဝေးစက ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးမဟုတ်သော်လည်း နောက်ပိုင်းတွင် မတရားအစုအဝေး ဖြစ်လာနိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ငါးဦး သို့မဟုတ် ငါးဦးထက်ပိုသော လူအများစုဝေးကြခြင်း။

၂။ ၄င်းတို့တွင် တူညီသော ရည်ရွယ်ချက်ရှိခြင်း။

၃။ ယင်းတူညီသော ရည်ရွယ်ချက်မှာ ဤပုဒ်မ၌ ဖော်ပြထားသည့် အပိုဒ်ငါးခုအနက် တစ်ခုခုနှင့် အကျုံးဝင်ခြင်း။

**စီရင်ထုံး**

၁။ ငါးဦး သို့မဟုတ် ငါးဦးထက်ပိုသောလူတို့ စုဝေးရုံဖြင့် မပြီးသေးချေ။ ၄င်းတို့တွင် တူသောရည်ရွယ်ချက်ရှိရန် လိုပေသည်။ ငါးဦး သို့မဟုတ် ငါးဦးထက်ပိုသောလူများအားလုံးတွင် တူညီသော ရည်ရွယ်ချက်ရှိရမည်။ အစုအဝေးတွင် ငါးဦးထက်ပိုသောလူများ ရှိသော်လည်း ငါးဦးထက်နည်းသောလူများ၌သာ တူသောရည်ရွယ်ချက် ရှိပါမူ ဤပုဒ်မနှင့် အကျုံးဝင်မည်မဟုတ်ပေ။ တူသောရည်ရွယ်ချက်ရှိသည် မရှိသည် ဆိုခြင်းကို တိုက်ရိုက်သက်သေအထောက်အထားများသာမက တရားခံတို့၏ ပြုမူချက်နှင့် အခြားပေါ်ပေါက်နေသော အကြောင်းခြင်းရာများအပေါ် မူတည်၍ ဆုံးဖြတ်ရသည်။ ဆန့်ကျင်ဘက်အစုအဝေးနှစ်ခု ရိုက်ပုတ်ကြသည့်ကိစ္စတွင် ၄င်းတို့သည် တူသောရည်ရွယ်ချက်ရှိသည်ဟု ဆိုနိုင်မည်မဟုတ်၍ တစ်မူတည်းတွင် တရားမစွဲဆိုနိုင်။

*[အစိုးရနှင့်ရွှေကံ၊ ရွေးချယ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၃၃၁]*

၂။ ဤပုဒ်မ၏ ရှင်းလင်းချက်အရ တူသောရည်ရွယ်ချက်ကို ကနဦးကပင် ရှိနေရန်မလိုပေ။ မူလက တူသောရည်ရွယ်ချက်မရှိစေကာမူ နောက်ပိုင်း၌ တူသောရည်ရွယ်ချက် ရှိလာသည့်အချိန်တွင် မတရားအစုအဝေး ဖြစ်လာနိုင်သည်။

*[ဦးတင်ညွန့်ခေါ် ချိန်တိမ်ယူနှင့်ပြည်ထောင်စု၊ ၁၉၆၈၊ မြန်မာပြည်စီရင်ထုံး၊ ၂၈၂]*

၃။ နောက်အရေးကြီးသည့်အင်္ဂါရပ်မှာ ထိုလူစုလူဝေးည် တူညီသောရည်ရွယ်ချက်ကို အကြမ်းဖက်၍ အကောင်အထည်ဖော်ခြင်း ဖြစ်သည်။

*[အီစမေနှင့်အစိုးရ၊ (၁၈၉၇-၀၁) အတွဲ-၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၂၅၉]*

၄။ ရွာသူကြီးနှင့် ရွာသား ၁၈ ယောက်တို့သည် ပြည်သူ့လမ်းမပေါ်၌ သွားလာရန်အခွင့်အရေးကို အသုံးပြု၍ အသုဘလှည့်ရင်း စီတန်းလှည့်လည်ရာ၌ လက်နက်ကိုင်စွဲကြောင်း မပေါ်ပေါက်သော်လည်း ခြိမ်းခြောက်သည့် စကားအသုံးအနှုန်းသုံးစွဲကြောင်း ပေါ်ပေါက်နေသဖြင့် စီတန်းလှည့်လည်သည့် လူအစုအဝေးသည် မတရားအစုအဝေးဖြစ်သည်။

*[ကျော်ရောင်နှင့်အစိုးရ (၁၉၀၄-၀၆)အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၂၁(ပြစ်မှုဆိုင်ရာဥပဒေ)]*

http://www.cherrythitsar.org



**ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေး၌ ပါဝင်သူဖြစ်ခြင်း။ (ပုဒ်မ-၁၄၂)**

**Being member of unlawful assembly. (Section-142)**

**<u>ဥပဒေပြဌာန်းချက်</u>**

မည်သူမဆို ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးဖြစ်မြောက်စေသည့် ကြောင်းခြင်းရာများကို သိပါလျက်နှင့် ထိုအစုအဝေးတွင် တမင်ပါဝင်လျှင် သို့တည်းမဟုတ် ဆက်လက်ပါဝင်နေလျှင် ထိုသူသည် ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတွင် ပါဝင်သူမည်၏။

**ပြစ်ဒဏ်။ (ပုဒ်မ-၁၄၃)**

**Punishment. (Section-143)**

**<u>ဥပဒေပြဌာန်းချက်</u>**

မည်သူမဆို ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတစ်ခုတွင် ပါဝင်သူဖြစ်လျှင် ထိုသူကို ခြောက်လထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**<u>အကျုံးဝင်သည့်အင်္ဂါရပ်များ</u>**

၁။ အနည်းဆုံး လူငါးဦးစုဝေးခြင်း။

၂။ ပုဒ်မ ၁၄၁ တွင် ဖော်ပြထားသည့် ရည်ရွယ်ချက်တစ်ခုခုသည် စုဝေးသောလူများတွင်ရှိခြင်း။

**<u>စီရင်ထုံး</u>**

၁။ အစုအဝေးပြုလုပ်ပြီး လူခွန်မပေးရန် တစ်ဦးချင်းအနေဖြင့် ငြင်းဆန်ကြရန် ဆုံးဖြတ်ခြင်းသည် မတရားသောအစုအဝေးတွင် ပါခြင်းမဟုတ်၍ ဤပုဒ်မအရ အပြစ်ပေးနိုင်မည် မဟုတ်ပေ။

*[အစိုးရနှင့်ထွန်းမောင်၊ အတွဲ ၄၊ ဘားမားလောဂျာနယ်၊ ၁၆၉]*

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၄၃ | ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေး၌ ပါဝင်မှု။ | ဝရမ်း မပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၆လထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ ၂နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | မည်သည့် ရာဇဝတ် တရားသူကြီး မဆို။ |

http://www.cherrythitsar.org



**ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတွင် သေစေလောက်သော လက်နက်ကို စွဲကိုင်ကာ ပါဝင်ခြင်း။ (ပုဒ်မ-၁၄၄)**

**Joining unlawful assembly, armed with deadly weapon. Joining or continuing in unlawful assembly, knowing it has been commanded to disperse. (Section-144)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို သေစေလောက်သောလက်နက်ကို သို့တည်းမဟုတ် ရန်မူသော လက်နက်အဖြစ်ဖြင့် အသုံးပြုခဲ့သော် သေစေတန်ရာသော အရာဝတ္ထုကို ကိုင်စွဲလျက် ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးတွင် ပါဝင်သူဖြစ်လျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပုဒ်မ ၁၄၃ တွင် လိုအပ်သည့် အင်္ဂါရပ်များ။

၂။ တရားခံသည် သေစေလောက်သည့်လက်နက် သို့မဟုတ် ရန်မူသောလက်နက်အဖြစ်ဖြင့် အသုံးပြုခဲ့သော် သေစေတန်ရာသော အရာဝတ္ထုကို ကိုင်စွဲခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၄၄ | ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတွင် သေစေလောက်သောလက်နက်ကို စွဲကိုင်ကာ ပါဝင်မှု။ | ဝရမ်း မပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၆လထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ ၂နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | မည်သည့် ရာဇဝတ် တရားသူကြီး မဆို။ |

http://www.cherrythitsar.org



**လူစုခွဲရန် အမိန့်ပေးပြီးကြောင်း သိပါလျက် ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေး၌ ပါဝင်ခြင်း သို့တည်းမဟုတ် ဆက်လက် ပါဝင်နေခြင်း။ (ပုဒ်မ-၁၄၅)**

**Joining or continuing in unlawful assembly, knowing it has been commanded to disperse. (Section-145)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးကို လူစုခွဲရန် ဥပဒေပြဋ္ဌာန်းသည့် နည်းလမ်းအတိုင်း အမိန့်ပေးပြီးကြောင်းသိပါလျက် ထိုအစုအဝေးတွင် ပါဝင်သူဖြစ်လျှင် သို့တည်းမဟုတ် ဆက်လက်ပါဝင်နေသူဖြစ်လျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပုဒ်မ ၁၄၃ တွင် လိုအပ်သည့် အင်္ဂါရပ်များ။

၂။ ထိုဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးကို လူစုခွဲရန် အမိန့်ပေးပြီးဖြစ်ခြင်း။

၃။ ယင်းသို့ အမိန့်ပေးခြင်းမှာ ဥပဒေပြဋ္ဌာန်းသည့် နည်းလမ်းအတိုင်းဖြစ်ခြင်း။

၄။ တရားခံသည် သိလျက်နှင့် အစုအဝေးတွင် ပါဝင်ခြင်း သို့မဟုတ် ဆက်လက် ပါဝင်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၄၅ | လူစုခွဲရန် အမိန့်ပေးပြီးကြောင်း သိပါလျက် ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေး၌ပါဝင်မှု၊ သို့မဟုတ် ဆက်လက်ပါဝင်နေမှု။ | ဝရမ်း မပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၆လထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ ၂နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | မည်သည့် ရာဇဝတ် တရားသူကြီး မဆို။ |

http://www.cherrythitsar.org



**ရုန်းရင်းဆန်ခတ်မှု။ (ပုဒ်မ-၁၄၆)**

**Rioting. (Section-146)**

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးကသော်လည်းကောင်း၊ ထိုအစုအဝေးတွင် ပါဝင်သူ တစ်ဦးဦးကသော်လည်းကောင်း တူသောရည်ရွယ်ချက်အတိုင်း ဆောင်ရွက်ရာ၌ အနိုင်အထက်ပြုလုပ်လျှင် သို့တည်းမဟုတ် သောင်းကျန်းလျှင် ထိုအစုအဝေးတွင် ပါဝင်သူတိုင်းသည် ရုန်းရင်းဆန်ခတ်မှုကို ကျူးလွန်သည်။

**ရုန်းရင်းဆန်ခတ်မှုအတွက် ပြစ်ဒဏ်။ (ပုဒ်မ-၁၄၇)**

**Punishment for rioting. (Section-147)**

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

မည်သူမဆို ရုန်းရင်းဆန်ခတ်မှု ကျူးလွန်လျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ လူငါးဦး သို့မဟုတ် ငါးဦးထက်ပို၍ စုဝေးခြင်း။

၂။ ထိုအစုအဝေးသည် ပုဒ်မ ၁၄၁ အရ ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေး ဖြစ်ခြင်း။

၃။ တရားခံသည် ထိုအစုအဝေးတွင် ပါဝင်သူဖြစ်ခြင်း။

၄။ ထိုအစုအဝေးတွင် ပါဝင်သူတစ်ဦးဦးက အနိုင်အထက်ပြုခြင်း၊ သောင်းကျန်းခြင်း။

၅။ ထိုကဲ့သို့ပြုခြင်းသည် တူသောရည်ရွယ်ချက်အတိုင်းဖြစ်ခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၄၇ | ရုန်းရင်းဆန်ခတ်မှု။ | ဝရမ်း မပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၆လထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ ၂နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | မည်သည့် ရာဇဝတ် တရားသူကြီး မဆို။ |

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ ရုန်းရင်းဆန်ခတ်မှု ကျူးလွန်ရာတွင် နာကျင်စေမှု၊ အပြင်းအထန်နာကျင်စေမှု တစ်ခုခုကိုပါ ကျူးလွန်နိုင်ပေသည်။ အခြားပြစ်မှုကိုပါ ကျူးလွန်သူကို ရုန်းရင်း ဆန်ခတ်မှုအတွက်သာမက အခြားပြစ်မှုအတွက်ပါ ပြစ်ဒဏ်စီရင်နိုင်မည်ဖြစ်သည်။ ပုဒ်မ ၁၄၉ အရ ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်းမရှိသည့် ပြစ်မှုအတွက်ပါ တာဝန်ရှိပေသည်။

*[အူလာနှင့်အစိုးရ၊ ၁၉၄၆၊ ရန်ကုန်စီရင်ထုံး၊ ၅၇]*

## သေစေလောက်သော လက်နက်ကိုစွဲကိုင်လျက် ရုန်းရင်းဆန်ခတ်မှုပြုခြင်း။ (ပုဒ်မ-၁၄၈)

## Rioting, armed with deadly weapon. (Section-148)

**ဥပဒေဖွင့်ဆိုချက်**

မည်သူမဆို သေစေလောက်သော လက်နက်ကို သို့တည်းမဟုတ် ရန်မူသော လက်နက်အဖြစ်ဖြင့် အသုံးပြုလျှင် သေစေတန်ရာသော အရာဝတ္ထုကို စွဲကိုင်လျက် ရုန်းရင်းဆန်ခတ်မှု ကျူးလွန်လျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပုဒ်မ ၁၄၇ တွင် လိုအပ်သည့် အင်္ဂါရပ်များ။

၂။ တရားခံသည် သေစေလောက်သည့်လက်နက် သို့မဟုတ် ရန်မူသောလက်နက် အဖြစ် အသုံးပြုလျှင် သေစေတန်ရာသည့် အရာဝတ္ထုကို စွဲကိုင်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း။ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၄၈ | သေစေလောက်သောလက်နက်ကို စွဲကိုင်လျက် ကျူးလွန်သော ရုန်းရင်းဆန်ခတ်မှု။ | ဝရမ်း မပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | စက်ရှင်တရားရုံး။ သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



**ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတွင် ပါဝင်သူတိုင်းသည် တူသောရည်ရွယ်ချက် အတိုင်း ဆောင်ရွက်ရာ၌ ကျူးလွန်သော ပြစ်မှုအတွက် အပြစ်ရှိခြင်း။ (ပုဒ်မ-၁၄၉)**

**Every member of unlawful assembly guilty of offence committed in prosecution of common object. (Section-149)**

**ဥပဒေပြဋ္ဌာန်းချက်**

ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတွင် ပါဝင်သူတစ်ဦးဦးက ထိုအစုအဝေး၏ တူသောရည်ရွယ်ချက်အတိုင်း ဆောင်ရွက်ရာ၌ ပြစ်မှုတစ်ခုကို ကျူးလွန်လျှင်၊ သို့တည်းမဟုတ် ထိုသို့ တူသောရည်ရွယ်ချက်အတိုင်း ဆောင်ရွက်ရာ၌ ကျူးလွန်တန်ရာသည်ဟု ထိုအစုအဝေး၌ပါဝင်သူများကသိသော ပြစ်မှုကို ကျူးလွန်လျှင် ထိုပြစ်မှုကို ကျူးလွန်စဉ်က ထိုအစုအဝေး၌ ပါဝင်သောသူတိုင်းသည် ထိုပြစ်မှုအတွက် အပြစ်ရှိသည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးဖြစ်ခြင်း။ (ပုဒ်မ ၁၄၁)

၂။ တရားခံသည် ထိုအစုအဝေးတွင် ပါဝင်သူတစ်ဦးဖြစ်ခြင်း။ (ပုဒ်မ ၁၄၂)

၃။ တရားခံသည် ထိုအစုအဝေးတွင် တမင်ပါဝင်ခြင်း၊ ဆက်လက်ပါဝင်ခြင်း။

၄။ အစုအဝေးတွင် ပါဝင်သူတစ်ဦးဦးက ပြစ်မှုတစ်ခုခုကို ကျူးလွန်ခြင်း။

၅။ ယင်းသို့ ကျူးလွန်သောပြစ်မှုမှာ-

(က) အစုအဝေး၏ တူသောရည်ရွယ်ချက်အတိုင်း ဆောင်ရွက်ရာ၌ဖြစ်ခြင်း။

(ခ) တူသောရည်ရွယ်ချက်အတိုင်း ဆောင်ရွက်ရာ၌ ကျူးလွန်တန်ရာသည်ဟု အစုအဝေး၌ ပါဝင်သူများကသိသော ပြစ်မှုဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန် အားဖြင့် ဝရမ်း၊ သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၄၉ | ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတွင် ပါဝင်သူတစ်ဦးဦးက ပြစ်မှုတစ်ခုကို ကျူးလွန်လျှင် ထိုအစုအဝေး၌ ပါဝင်သူတိုင်းသည် ထိုပြစ်မှုအတွက် အပြစ်ရှိသည်။ | ပြစ်မှုတိုင်းအတွက် ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်၊ သို့မဟုတ် ဖမ်းဆီးခွင့်မရှိဟု ပြဋ္ဌာန်းထားသည့် အတိုင်း။ | ပြစ်မှုတိုင်းအတွက် ဝရမ်းသို့မဟုတ် သမ္မန်စာထုတ်ဆင့် နိုင်သည်ဟု ပြဋ္ဌာန်းထားသည့် အတိုင်း။ | ပြစ်မှုရင်းကို အာမခံပေးရ မည် သို့မဟုတ် အာမခံ မပေးနိုင်ဟု ပြဋ္ဌာန်းထားသည့် အတိုင်း။ | ကျေအေးခွင့် မရှိ။ | ပြစ်မှုရင်းအတွက် ပြဋ္ဌာန်းထား သည့် ပြစ်ဒဏ် အတိုင်း။ | ပြစ်မှုရင်းကို စစ်ဆေးစီရင် နိုင်သော တရားရုံး။ |

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ ဤပုဒ်မသည် ပြစ်ဒဏ်သီးသန့်သတ်မှတ်ထားသည့် ပုဒ်မတစ်ခုမဟုတ်ပေ။ ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးတွင် ပါဝင်သူတစ်ဦးဦးက တူသောရည်ရွယ်ချက်အတိုင်း ဆောင်ရွက်ရာ၌ ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်လျှင် ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်းမရှိသူပါ တာဝန်ရှိသည်ဟု ဆိုခြင်းဖြစ်သည်။

*[မောင်ရွှေနှင့်ပြည်ထောင်စု၊ ၁၉၅၃၊ မြန်မာပြည်စီရင်ထုံး၊ ၁၇၈(လွှတ်တော်)]*

၂။ ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးက ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှု ကျူးလွန်မည့် ကိုယ်အမူအရာဖြင့် ဝတ္တရားဆောင်ရွက်ခြင်းကို နှောင့်ယှက်ခြင်း၊ တားမြစ်ခြင်းပြုလျှင် ထိုအစုအဝေးတွင် ပါဝင်သူတိုင်းကို ပုဒ်မ ၃၅၃ ကို ဤပုဒ်မနှင့် တွဲဖက်၍ အပြစ်ပေးနိုင်သည်။

*[ဦးတင်ညွန့်ခေါ် ချိန်တိမ်ယူပါ ၁၁ နှင့် ပြည်ထောင်စု၊ ၁၉၆၈၊ မြန်မာပြည်စီရင်ထုံး၊ ၂၈၂]*

၃။ သောင်းကျန်းသူများက လူအုပ်ထဲသို့ သေနတ်နှင့်ပစ်၍ လူသေလျှင် အားလုံးသည် လူသတ်မှုအရ တာဝန်ရှိသည်။

*[မောင်ခင်(ခေါ်)အေးမောင်နှင့်ပြည်ထောင်စု၊ ၁၉၇၁၊ မြန်မာပြည်စီရင်ထုံး၊ ၂၄]*

**ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတွင် ပါဝင်စေရန် လူကိုငှားရမ်းခြင်း သို့တည်းမဟုတ် ငှားရမ်းခြင်းကို အလိုတူရာရောက်ခြင်း။ (ပုဒ်မ-၁၅၀)**

**Hiring, or conniving at hiring, of persons to join unlawful assembly. (Section-150)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတွင် ပါဝင်စေရန် လူတစ်ဦးတစ်ယောက်ကို ငှားရမ်းလျှင် သို့တည်းမဟုတ် ရယူလျှင် သို့တည်းမဟုတ် စေခိုင်းလျှင် သို့တည်းမဟုတ် ထိုသို့ငှားရမ်းခြင်း၊ ရယူခြင်း၊ စေခိုင်းခြင်းတစ်ခုခုကို အားပေးအားမြှောက်ပြုလျှင် သို့တည်းမဟုတ် အလိုတူရာရောက်လျှင် ထိုသူသည် ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတွင် ပါဝင်သူအဖြစ်ဖြင့် ပြစ်ဒဏ်ချမှတ်ခြင်း ခံထိုက်စေရမည်။ ထို့ပြင် ထိုသို့ငှားရမ်းခြင်းကြောင့်ဖြစ်စေ၊ ရယူခြင်းကြောင့်ဖြစ်စေ၊ စေခိုင်းခြင်းကြောင့်ဖြစ်စေ၊ ငှားရမ်းခြင်း သို့တည်းမဟုတ် ရယူခြင်း သို့တည်းမဟုတ် စေခိုင်းခြင်းခံရသူက ထိုအစုအဝေး၌ ပါဝင်သူအဖြစ်ဖြင့် ကျူးလွန်သော ပြစ်မှုအတွက် အဆိုပါ ငှားရမ်းခြင်း၊ ရယူခြင်း၊ စေခိုင်းခြင်းတစ်ခုခုပြုသူသည် အစုအဝေးတွင် ပါဝင်သူဖြစ်ဘိသကဲ့သို့သော်လည်းကောင်း၊ ပြစ်မှုကို ကိုယ်တိုင်ကျူးလွန်ဘိသကဲ့သို့သော်လည်းကောင်း ပြစ်ဒဏ်ချမှတ်ခြင်း ခံထိုက်စေရမည်။

http://www.cherrythitsar.org



**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် လူတစ်ဦးတစ်ယောက်ကို ငှားရမ်းခြင်း၊ ရယူခြင်း၊ စေခိုင်းခြင်း၊ သို့မဟုတ်။
တရားခံသည် ထိုသူအား ငှားရမ်းခြင်း၊ ရယူခြင်း၊ စေခိုင်းခြင်းတစ်ခုခုကို အားပေးအားမြှောက်ပြုခြင်း သို့မဟုတ် အလိုတူရာရောက်ခြင်း။

၂။ အားပေးအားမြှောက်ပြုခြင်း၊ အလိုတူရာရောက်ခြင်းဖြစ်ပါက-
(က) တရားခံသည် ဥပဒေအရ ထိုသို့ ငှားရမ်းခြင်း၊ ရယူခြင်း၊ စေခိုင်းခြင်းကို တားဆီးရန် တာဝန်ရှိခြင်း။
(ခ) တားဆီးနိုင်ရန်လမ်းလည်းရှိခြင်း။
(ဂ) တားဆီးနိုင်ရန်လမ်းရှိပါလျက် တရားခံသည် တားဆီးရန်ပျက်ကွက်ခြင်း။

၃။ ယင်းသို့ ငှားရမ်းခြင်း၊ ရယူခြင်း၊ စေခိုင်းခြင်းတို့မှာ ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးတွင် ပါဝင်ရန်ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၅၀ | ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတွင် ပါဝင်စေရန် လူကိုငှားရမ်းမှု၊ ရယူမှု၊ စေခိုင်းမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ငှားရမ်းခြင်း၊ ရယူခြင်း၊ သို့မဟုတ် စေခိုင်းခြင်းခံရသူ ကျူးလွန်သော ပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် အတိုင်း။ | ပြစ်မှုရင်းကို အာမခံပေးရမည် သို့မဟုတ် အာမခံ မပေးနိုင်ဟု ပြဋ္ဌာန်းထားသည့် အတိုင်း။ | ကျေအေးခွင့် မရှိ။ | ထိုအစုအဝေး၌ ပါဝင်သူအဖြစ်ဖြင့် ကျူးလွန်သော ပြစ်မှုအတွက် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်နှင့် အဆိုပါအစုအဝေးတွင် ပါဝင်သူ တစ်ဦးဦးက ကျူးလွန်သော ပြစ်မှုတစ်ရပ်ရပ် အတွက် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်။ | ပြစ်မှုရင်းကို စစ်ဆေးစီရင် နိုင်သော တရားရုံး။ |

http://www.cherrythitsar.org



**ငါးဦး သို့တည်းမဟုတ် ငါးဦးထက်ပိုသောသူများ၏ အစုအဝေးကို လူစုခွဲရန် အမိန့်ထုတ်ဆင့်ပြီးနောက် ထိုအစုအဝေးတွင် သိလျက်နှင့်ပါဝင်ခြင်း သို့တည်းမဟုတ် ဆက်လက်ပါဝင်နေခြင်း။**
**(ပုဒ်မ-၁၅၁)**

**Knowingly joining or continuing in assembly of five or more persons after it has been commanded to disperse.**
**(Section-151)**

**ဥပဒေပြဋ္ဌာန်းချက်**

ငါးဦး သို့တည်းမဟုတ် ငါးဦးထက်ပိုသောသူများ၏ အစုအဝေးတစ်ခုခုကို လူစုခွဲရန် ဥပဒေနှင့်အညီ အမိန့်ထုတ်ဆင့်ပြီးနောက် ထိုအစုအဝေးက ငြိမ်ဝပ်ရေးကို နှောင့်ယှက်တန်ရာသည်ကို သိလျက်နှင့် မည်သူမဆို ထိုအစုအဝေးတွင် ပါဝင်လျှင်၊ သို့တည်းမဟုတ် ဆက်လက်ပါဝင်နေလျှင် ထိုသူကို ခြောက်လထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

***ရှင်းလင်းချက်။*** အစုအဝေးသည် ပုဒ်မ ၁၄၁ ပါ ပြဋ္ဌာန်းချက်အရ ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးဖြစ်လျှင် အထက်ပါ ပြစ်မှုကျူးလွန်သူသည် ပုဒ်မ ၁၄၅ အရ ပြစ်ဒဏ်ချမှတ်ခြင်း ခံထိုက်စေရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ လူငါးဦး သို့မဟုတ် ငါးဦးထက်ပိုသော အစုအဝေးဖြစ်ခြင်း။
၂။ ထိုအစုအဝေးသည် ငြိမ်ဝပ်ရေးကို နှောင့်ယှက်ရန်အကြောင်းရှိခြင်း။
၃။ ယင်းအစုအဝေးကို လူစုခွဲရန် အမိန့်ထုတ်ဆင့်ပြီးခြင်း။
၄။ ထိုကဲ့သို့ အမိန့်ထုတ်ဆင့်သည်မှာ ဥပဒေနှင့်အညီဖြစ်ခြင်း။
၅။ တရားခံသည် လူစုခွဲရန် အမိန့်ထုတ်ဆင့်ပြီးနောက် ထိုအစုအဝေးတွင် ပါဝင်ခြင်း၊ ဆက်လက်ပါဝင်ခြင်း။
၆။ တရားခံသည် သိလျက်နှင့်ပါဝင်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၅၁ | ငါးဦး သို့မဟုတ် ငါးဦးထက်ပိုသောသူများ၏ အစုအဝေးကို လူစုခွဲရန် အမိန့်ထုတ်ဆင့်ပြီး နောက် ထိုအစုအဝေးတွင် သိလျက်နှင့် ပါဝင်မှု၊ သို့မဟုတ် ဆက်လက်ပါဝင်စေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၆လထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | မည်သည့် ရာဇဝတ် တရားသူကြီးမဆို။ |

http://www.cherrythitsar.org



**ရုန်းရင်းဆန်ခတ် စသည်တို့ကို နှိမ်နင်းနေသော ပြည်သူ့ဝန်ထမ်းကို လက်ရောက်မှုပြုခြင်း၊ သို့တည်းမဟုတ် ဟန့်တားခြင်း။ (ပုဒ်မ-၁၅၂)**

**Assaulting or obstructing public servant when suppressing riot, etc, if rioting be committed; if not committed. (Section-152)**

<u>ဥပဒေပြဋ္ဌာန်းဆိုချက်</u>

ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် တာဝန်ဝတ္တရား ဆောင်ရွက်နေစဉ် ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးကို လူစုခွဲရန် ကြိုးပမ်းနေသော၊ သို့တည်းမဟုတ် ရုန်းရင်းဆန်ခတ်မှုကိုဖြစ်စေ၊ သတ်ပုတ်နှောင့်ယှက်မှုကိုဖြစ်စေ နှိမ်နင်းရန်ကြိုးပမ်းနေသော ပြည်သူ့ဝန်ထမ်းကို မည်သူမဆို လက်ရောက်မှုပြုလျှင် သို့တည်းမဟုတ် လက်ရောက်မှုပြုရန် ခြိမ်းခြောက်လျှင် သို့တည်းမဟုတ် ဟန့်တားလျှင် သို့တည်းမဟုတ် ဟန့်တားရန် အားထုတ်လျှင် သို့တည်းမဟုတ် ထိုပြည်သူ့ဝန်ထမ်းကို ရာဇဝတ် မကင်းသော အနိုင်အထက်မှုပြုလျှင် သို့တည်းမဟုတ် ထိုသို့ပြုရန် အားထုတ်လျှင် သို့တည်းမဟုတ် ထိုသို့ပြုရန် ခြိမ်းခြောက်လျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်လုံးဖြစ်စေ ချမှတ်ရမည်။

<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>

၁။ ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးရှိနေခြင်း၊ ရုန်းရင်းဆန်ခတ်မှု၊ သတ်ပုတ်နှောင့်ယှက်မှု ဖြစ်နေခြင်း။

၂။ ယင်းအစုအဝေးကို လူစုခွဲရန် ကြိုးပမ်းနေခြင်း၊ ရုန်းရင်းဆန်ခတ်မှု၊ သတ်ပုတ်နှောင့်ယှက်မှုကို နှိမ်နင်းရန် ကြိုးပမ်းနေခြင်း။

၃။ ထိုသို့ကြိုးပမ်းနေသူမှာ ပြည်သူ့ဝန်ထမ်းဖြစ်ခြင်း။

၄။ တရားခံက ထိုပြည်သူ့ဝန်ထမ်းအား လက်ရောက်မှုပြုခြင်း၊ လက်ရောက်မှုပြုရန် ခြိမ်းခြောက်ခြင်း၊ ဟန့်တားခြင်း၊ ဟန့်တားရန် အားထုတ်ခြင်း၊ ပြစ်မှုမကင်းသော အနိုင်အထက်ပြုခြင်း၊ ထိုသို့ပြုရန် အားထုတ်ခြင်း၊ ခြိမ်းခြောက်ခြင်း။

<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၅၂ | ရုန်းရင်းဆန်ခတ်မှု စသည်တို့ကို နှိမ်နင်းနေသော ပြည်သူ့ဝန်ထမ်းကို လက်ရောက်ပြုမှု၊ သို့မဟုတ် ဟန့်တားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | သုံးနှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



**ရုန်းရင်းဆန်ခတ်မှုဖြစ်စေရန် ကြံရွယ်၍ ရမ်းကားလိုသောသဘောဖြင့် ရန်စခြင်း။ ရုန်းရင်းဆန်ခတ်မှုကို ကျူးလွန်ခဲ့သော်၊ မကျူးလွန်ခဲ့သော်။ (ပုဒ်မ-၁၅၃)**

**Wantonly giving provocation, with intent to case riot, if rioting be committed; if not committed. (Section-153)**

**ဥပဒေပြဋ္ဌာန်းချက်**

ရန်စခြင်းဖြင့် ရုန်းရင်းဆန်ခတ်မှုကို ကျူးလွန်ရန် ကြံရွယ်၍သော်လည်းကောင်း၊ ထိုသို့ ရန်စခြင်းဖြင့် ထိုပြစ်မှုကို ကျူးလွန်တန်ရာသည်ကို သိလျက်နှင့်သော် လည်းကောင်း မည်သူမဆို ဘေးသင့်စေလိုသော သဘောဖြင့်ဖြစ်စေ၊ ရမ်းကားလိုသော သဘောဖြင့်ဖြစ်စေ ဥပဒေနှင့်မညီသော အရာတစ်ခုကို ပြုခြင်းအားဖြင့် တစ်ဦးတစ်ယောက်သောသူကို ရန်စလျှင် ထိုသို့ရန်စခြင်းကြောင့် ရုန်းရင်းဆန်ခတ်မှုကို ကျူးလွန်ခဲ့သော် ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ရုန်းရင်းဆန်ခတ်မှုကို မကျူးလွန်ခဲ့သော် ထိုသူကို ခြောက်လထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့်အင်္ဂါရပ်များ**

၁။ တရားခံသည် ဥပဒေနှင့်မညီသော အရာတစ်ခုကို ပြုခြင်း။

၂။ ဘေးသင့်စေလိုသောသဘော သို့မဟုတ် ရမ်းကားလိုသောသဘောနှင့်ပြုသည် ဖြစ်ခြင်း။

၃။ ယင်းသို့ပြုခြင်းဖြင့် ရန်စခြင်း။

၄။ ထိုသို့ရန်စခြင်းဖြင့် တရားခံသည် ရုန်းရင်းဆန်ခတ်မှုကို ကျူးလွန်ရန် ကြံရွယ်ခြင်း၊ ထိုပြစ်မှု ကျူးလွန်တန်ရာသည်ကိုသိခြင်း။

၅။ ပထမအပိုဒ်တွင် အကျုံးဝင်ရန် ယင်းရန်စမှုကြောင့် ရုန်းရင်းဆန်ခတ်မှု ဖြစ်ပွားခြင်း။

http://www.cherrythitsar.org



<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၅၃ | ရန်ရင်းဆန်ခတ်မှုဖြစ်စေရန် ကြံရွယ်၍ ရမ်းကားလိုသောသဘောဖြင့် ရန်စမှု၊ ရန်ရင်းဆန်ခတ်မှုကို ကျူးလွန်ခဲ့လျှင်။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | တစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | မည်သည့် ရာဇဝတ် တရားသူကြီး မဆို။ |
| | ရန်ရင်းဆန်ခတ်မှုကို မကျူးလွန်ခဲ့လျှင်။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ခြောက်လထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | မည်သည့် ရာဇဝတ် တရားသူကြီး မဆို။ |

**အမျိုးအစားတစ်ခုနှင့်တစ်ခု ရန်ငြိုးထားစေရန် အားပေးအားမြှောက်ပြုခြင်း။ (ပုဒ်မ-၁၅၃ က)**

**Promoting enmity between classes. (Section-153 A)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

မည်သူမဆို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အမှတ်အသားဖြင့်ဖြစ်စေ ထင်ရှားသော ပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ပြည်ထောင်စု မြန်မာနိုင်ငံတွင် နေထိုင်သူ အမျိုးအစားတစ်ခုနှင့်တစ်ခု ရန်ငြိုးစိတ်ထားအောင်သော်လည်းကောင်း၊ မုန်းတီးစိတ်ထားအောင်သော်လည်းကောင်း အားပေးအားမြှောက်ပြုလျှင်၊ သို့တည်းမဟုတ် ထိုသို့ အားပေးအားမြှောက်ပြုရန် အားထုတ်လျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

***ရှင်းလင်းချက်။*** ပြည်ထောင်စု မြန်မာနိုင်ငံတွင် နေထိုင်သူ အမျိုးအစားတစ်ခုနှင့် တစ်ခု ရန်ငြိုးစိတ်ထားခြင်းကိုဖြစ်စေ၊ မုန်းတီးစိတ်ထားခြင်းကိုဖြစ်စေ ဖြစ်ပေါ်စေသော၊ သို့တည်းမဟုတ် ဖြစ်ပေါ်စေတတ်သော အကြောင်းများကို ဖယ်ရှားရန် အလို့ငှာ မသမာသော ကြံရွယ်ချက်မရှိသည့်ပြင် ရိုးဖြောင့်သောသဘောဖြင့် ထို အကြောင်းများကို ထုတ်ဖော်ခြင်းသည် ဤပုဒ်မအရ ပြစ်မှုမမြောက်။

http://www.cherrythitsar.org



**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ပြည်ထောင်စုမြန်မာနိုင်ငံတွင် နေထိုင်သူ အမျိုးအစားတစ်ခုနှင့်တစ်ခု ရန်ငြိုးစိတ်ထားအောင်၊ မုန်းတီးစိတ်ထားအောင် အားပေးအားမြှောက်ပြုခြင်း၊ အားပေးအားမြှောက်ပြုရန် အားထုတ်ခြင်း။

၂။ ထိုသို့ပြုသည်မှာ နှုတ်ဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း၊ အမှတ်အသားဖြင့်သော်လည်းကောင်း ထင်ရှားသော ပုံသဏ္ဌာန်ဖြင့်သော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၅၃ က | လူအတန်းအစားများအကြား ရန်ငြိုးထားစေရန် အားပေးအားမြှောက်ပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၂ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**စီရင်ထုံး**

၁။ လူအမျိုးအစားတွင် စနစ်နှင့်ပတ်သက်သည့် အခေါ်အဝေါ် ပါဝင်ခြင်းမရှိ။ ဥပမာ- အရင်းရှင်ဆိုသည်မှာ စနစ်ကိုရည်ညွှန်းသည်။ အရင်းရှင်လူတန်းစားဟူ၍ သီးခြားသတ်မှတ်ရန် ခဲယဉ်းပေသည်။ အလားတူ ကုမ္ပဏီနှင့် ကုမ္ပဏီ၏အစုရှင်တို့လည်းကောင်း၊ အလုပ်သမားသည်လည်းကောင်း လူတစ်မျိုးတစားစီ ဖြစ်သည်ဟု မှတ်ယူခြင်းမပြုနိုင်။

*[လေးမောင်နှင့်အစိုးရ၊ ၁၉၃၉၊ ရန်ကုန်စီရင်ထုံး၊ ၂၃၉]*

၂။ ဘာသာရေးနှင့် ပတ်သက်၍လည်း ဘာသာဝင်တစ်ဦးသည် မိမိဘာသာကောင်းကြောင်းနှင့် အခြားဘာသာ၏ ချွတ်ယွင်းချက်ကို ထောက်ပြခွင့်ရှိသော်လည်း အခြားဘာသာဝင် လူတစ်မျိုးမျိုးအား မုန်းတီးအောင်၊ ရန်ငြိုးစိတ်ထားအောင် ဟောပြောရေးသားခွင့်မရှိပေ။

*[ဦးဓမ္မလောကနှင့်အစိုးရ၊ အတွဲ ၄၊ ဘားမားလောတိုင်း၊ ၈၄]*

http://www.cherrythitsar.org



**ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေး စုဝေးရာမြေကိုပိုင်သူ၊ သို့တည်းမဟုတ် လက်ရှိအသုံးပြုနေသူ။ (ပုဒ်မ-၁၅၄)**

**Owner of occupier of land on which an unlawful assembly is held. (Section-154)**

**ဥပဒေပြဋ္ဌာန်းချက်**

မြေရာတစ်ခုတွင် ဥပဒေနှင့်ဆန့်ကျင်သော စုဝေးမှုကိုဖြစ်စေ၊ ရှန်းရင်းဆန်ခတ်မှုကိုဖြစ်စေ ကျူးလွန်သောအခါ ထိုမြေကိုပိုင်သူကသော်လည်းကောင်း၊ ထိုမြေကို လက်ရှိအသုံးပြုနေသူကသော်လည်းကောင်း၊ ထိုမြေ၌ အကျိုးခံစားခွင့်ရှိသူကသော်လည်းကောင်း၊ ထိုမြေ၌ အကျိုးခံစားခွင့်ရှိထိုက်ကြောင်း ပြောဆိုသူကသော်လည်းကောင်း၊ ထိုသူတစ်ဦးဦး၏ ကိုယ်စားလှယ်ကသော်လည်းကောင်း၊ ထိုသူတစ်ဦးဦး၏ မန်နေဂျာကသော်လည်းကောင်း-

(က) ထိုပြစ်မှု ကျူးလွန်နေကြောင်းကိုဖြစ်စေ၊ ကျူးလွန်ပြီးကြောင်းကိုဖြစ်စေ သိလျက်နှင့် သို့တည်းမဟုတ် ကျူးလွန်တန်ရာသည်ကို ယုံကြည်ရန် အကြောင်းရှိလျက်နှင့် ထိုအကြောင်းကို မိမိတတ်စွမ်းသမျှ လျင်မြန်နိုင်သမျှ လျင်မြန်စွာ အနီးဆုံးရဲဌာနရှိ အကြီးအကဲအရာရှိထံ မတိုင်ကြားလျှင်။

(ခ) ထို့ပြင် ထိုပြစ်မှုကျူးလွန်အံ့ဆဲဆဲဖြစ်ကြောင်း ယုံကြည်ရန် အကြောင်းရှိလျက်နှင့် တားဆီးရန် ဥပဒေနှင့်ညီသောနည်းအမျိုးမျိုးကို မိမိတတ်စွမ်းသမျှ အသုံးမပြုလျှင်။

(ဂ) ထို့ပြင် ကျူးလွန်သောအခါတွင်လည်း ရှန်းရင်းဆန်ခတ် ဖြစ်ခြင်းကိုဖြစ်စေ၊ ဥပဒေနှင့်ဆန့်ကျင်သော ထိုအစုအဝေးကိုဖြစ်စေ လူစုခွဲရန်သော်လည်းကောင်း၊ နှိမ်နင်းရန်သော်လည်းကောင်း ဥပဒေနှင့်ညီသော နည်းအမျိုးမျိုးကို မိမိတတ်စွမ်းသမျှ အသုံးမပြုလျှင်၊

အဆိုပါ မြေပိုင်သူကို၊ သို့တည်းမဟုတ် မြေကိုလက်ရှိအသုံးပြုနေသူကို သို့တည်းမဟုတ် မြေ၌အကျိုးခံစားခွင့်ရှိသူကို သို့တည်းမဟုတ် မြေ၌ဆိုင်ရာဆိုင်ခွင့်ရှိကြောင်း ပြောဆိုသူကို တစ်ထောင်ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

**အကျုံးဝင်သော အင်္ဂါရပ်များ**

၁။ တရားခံသည် မြေပိုင်ရှင်၊ မြေလက်ရှိဖြစ်သူ၊ မြေ၌ အကျိုးခံစားခွင့်ရှိသူဖြစ်ခြင်း၊

၂။ မြေပေါ်၌ ရှန်းရင်းဆန်ခတ်မှု၊ ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးဖြစ်ခြင်း။

၃။ တရားခံ(သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်၊ မန်နေဂျာ) က ယင်းပြစ်မှုကျူးလွန်နေကြောင်းကို သိခြင်း၊ ကျူးလွန်ပြီးကြောင်းသိခြင်း၊ ကျူးလွန်တန်ရာသည်ကို ယုံကြည်ရန်အကြောင်းရှိခြင်း။

http://www.cherrythitsar.org



၄။ တရားခံ(သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်၊ မန်နေဂျာ) က အနီးဆုံး ရဲဌာန အကြီးအကဲထံသို့ လျင်မြန်နိုင်သမျှ လျင်မြန်စွာ တိုင်ကြားရန်ပျက်ကွက်ခြင်း။

*သို့မဟုတ်*

၅။ ယင်းပြစ်မှုတစ်ခုခု ကျူးလွန်အံ့ဆဲဆဲဖြစ်ကြောင်း ယုံကြည်ရန် အကြောင်း ရှိလျက် ဥပဒေဖြင့်ညီသောနည်းဖြင့် တတ်စွမ်းသမျှ တားဆီးရန်ပျက်ကွက်ခြင်း။

*သို့မဟုတ်*

၆။ ယင်းပြစ်မှုတစ်ခုခုကို နှိမ်နင်းရန် ဥပဒေနှင့်ညီသော နည်းအမျိုးမျိုးဖြင့် တတ်စွမ်းသမျှ ဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၅၄ | မြေကိုပိုင်သူကဖြစ်စေ၊ မြေကိုလက်ရှိအသုံးပြု နေသောသူကဖြစ်စေ ထိုမြေတွင် ရန်းရင်း ဆန်ခတ်ဖြစ်ခြင်း စသည်တို့ကို မတိုင်ကြားခြင်း။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ကျပ် ၁၀၀၀ထိ ငွေဒဏ်။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**တစ်ဦးတစ်ယောက်သောသူ၏ အကျိုးငှာ ရုန်းရင်းဆန်ခတ်မှု ကျူးလွန်သည့်အတွက် ထိုသူ၏တာဝန်။ (ပုဒ်မ-၁၅၅)**

**Liability of person for whose benefit riot is committed. (Section-155)**

**ဥပဒေပြဋ္ဌာန်းချက်**

ရုန်းရင်းဆန်ခတ်ဖြစ်ပွားရာမြေကို ပိုင်သူ၏ သို့တည်းမဟုတ် ထိုမြေကို လက်ရှိ အသုံးပြုနေသူ၏ သို့တည်းမဟုတ် ထိုမြေ၌သော်လည်းကောင်း၊ ရုန်းရင်းဆန်ခတ် ဖြစ်စေသော အငြင်းပွားမှုဆိုင်ရာအကြောင်း ပစ္စည်း၌သော်လည်းကောင်း အကျိုး ခံစားခွင့်ရှိထိုက်ကြောင်း ပြောဆိုသူ၏ သို့တည်းမဟုတ် ထိုရုန်းရင်းဆန်ခတ်မှုမှ အကျိုးကို လက်ခံခြင်းသော်လည်းကောင်း၊ ရယူခြင်းသော်လည်းကောင်း ပြုသူ၏ အကျိုးငှာဖြစ်စေ၊ ထိုသူတစ်ဦးဦးအတွက်ဖြစ်စေ ရုန်းရင်းဆန်ခတ်မှုကို ကျူးလွန် သောအခါ ထိုသူတစ်ဦးဦးကသော်လည်းကောင်း၊ ထိုသူတစ်ဦးဦး၏ ကိုယ်စားလှယ် ကသော်လည်းကောင်း၊ ထိုသူတစ်ဦးဦး၏ မန်နေဂျာကသော်လည်းကောင်း၊ ထို ရုန်းရင်းဆန်ခတ်မှု ကျူးလွန်တန်ရာသည်ကိုဖြစ်စေ၊ ထိုရုန်းရင်းဆန်ခတ်မှုကို ကျူးလွန်သော ဥပဒေနှင့် ဆန့်ကျင်သည့် အစုအဝေးစုဝေးတန်ရာသည်ကိုဖြစ်စေ ယုံကြည်ရန်အကြောင်းရှိလျက်နှင့် ထိုအစုအဝေးကို မစုဝေးဖြစ်အောင်သော်လည်း

http://www.cherrythitsar.org



ကောင်း၊ ထိုရုန်းရင်းဆန်ခတ်မှုကို မဖြစ်အောင်သော်လည်းကောင်း တားဆီးရန်၊ ထို့ပြင် ထိုအစုအဝေးကိုဖြစ်စေ၊ ထိုရုန်းရင်းဆန်ခတ်မှုကိုဖြစ်စေ နှိမ်နင်းရန်နှင့် လူစုခွဲရန်၊ ဥပဒေနှင့်ညီသော နည်းအမျိုးမျိုးကို မိမိတတ်စွမ်းသမျှ အသုံးမပြုလျှင် ထိုမြေပိုင်သူကို၊ သို့တည်းမဟုတ် ထိုမြေကို လက်ရှိအသုံးပြုနေသူကို၊ သို့တည်း မဟုတ် ထိုမြေ၌သော်လည်းကောင်း၊ ရုန်းရင်းဆန်ခတ်ဖြစ်စေသော အငြင်းပွားမှု ဆိုင်ရာ အကြောင်းပစ္စည်း၌သော်လည်းကောင်း အကျိုးခံစားခွင့် ရှိထိုက်ကြောင်း ပြောဆိုသူကို သို့တည်းမဟုတ် ထိုရုန်းရင်းဆန်ခတ်မှုမှ အကျိုးကို လက်ခံခြင်း ဖြစ်စေ၊ ရယူခြင်းဖြစ်စေ ပြုသူကို ငွေဒဏ်ချမှတ်ရမည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ ရုန်းရင်းဆန်ခတ်မှုဖြစ်ပွားခြင်း၊

၂။ ထို ရုန်းရင်းဆန်ခတ်မှုသည် မြေ သို့မဟုတ် အငြင်းပွားမှုနှင့် စပ်လျဉ်း၍ ဖြစ်ပွားရခြင်း။

၃။ တရားခံသည် မြေကိုပိုင်သူ၊ မြေကိုလက်ရှိအသုံးပြုသူ၊ မြေ၌အကျိုးခံစားခွင့် ရှိထိုက်ကြောင်း ပြောဆိုသူ၊ အငြင်းပွားမှုဆိုင်ရာပစ္စည်း၌ အကျိုးခံစားခွင့်ရှိသူ ဖြစ်ခြင်း။

၄။ တရားခံ၏ အကျိုးအတွက် ရုန်းရင်းဆန်ခတ်မှုဖြစ်ပွားရခြင်း၊ သို့မဟုတ် တရားခံ သည် ရုန်းရင်းဆန်ခတ်မှုမှ အကျိုးကိုလက်ခံခြင်း၊ ရယူခြင်း။

၅။ တရားခံ သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်၊ မန်နေဂျာသည် ရုန်းရင်းဆန်ခတ်မှု ကျူးလွန်တန်ရာသည်ကိုဖြစ်စေ၊ ထိုရုန်းရင်းဆန်ခတ်မှုကို ကျူးလွန်သော ဥပဒေ နှင့် ဆန့်ကျင်သည့် အစုအဝေး စုဝေးတန်ရာသည်ကိုဖြစ်စေ ယုံကြည်ရန် အကြောင်းရှိခြင်း။

၆။ တရားခံ သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်၊ မန်နေဂျာသည် ထိုအစုအဝေးကို မစုဝေးဖြစ်အောင်သော်လည်းကောင်း၊ ရုန်းရင်းဆန်ခတ်မှုကို မဖြစ်အောင်သော် လည်းကောင်း တားဆီးရန်၊ နှိမ်နင်းရန်၊ လူစုခွဲရန် ဥပဒေနှင့်ညီသော နည်းအမျိုး မျိုးကို မိမိတတ်စွမ်းသမျှ အသုံးမပြုခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၅၅ | တစ်ဦးတစ်ယောက်သောသူ၏ အကျိုးငှာ ရုန်းရင်းဆန်ခတ်မှု ကျူးလွန်ရာ၌ ထိုသူက ထိုရုန်းရင်းဆန်ခတ်ဖြစ်ခြင်းကို တားဆီးရန် ဥပဒေနှင့်ညီသော နည်းအမျိုးမျိုးကို အသုံးမပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ငွေဒဏ်။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



**ပိုင်သူ၏ သို့တည်းမဟုတ် လက်ရှိအသုံးပြုနေသူ၏အကျိုးငှာ ရုန်းရင်းဆန်ခတ်မှု ကျူးလွန်သည့်အတွက် ကိုယ်စားလှယ်၏ တာဝန်။**
**(ပုဒ်မ-၁၅၆)**

**Liability of agent of owner or occupier for whose benefit riot is committed.**
**(Section-156)**

**ဥပဒေပြဋ္ဌာန်းချက်**

ရုန်းရင်းဆန်ခတ်မှုဖြစ်ပွားရာ မြေကိုပိုင်သူ၏ သို့တည်းမဟုတ် ထိုမြေကို လက်ရှိအသုံးပြုနေသူ၏ သို့တည်းမဟုတ် ထိုမြေ၌သော် လည်းကောင်း၊ ရုန်းရင်းဆန်ခတ်ဖြစ်စေသော အငြင်းပွားမှုဆိုင်ရာ အကြောင်းပစ္စည်း၌သော်လည်းကောင်း အကျိုးခံစားခွင့်ရှိထိုက်ကြောင်း ပြောဆိုသူ၏ သို့တည်းမဟုတ် ထိုရုန်းရင်းဆန်ခတ်မှုမှ အကျိုးကို လက်ခံခြင်းသော်လည်းကောင်း၊ ရယူခြင်းသော်လည်းကောင်း ပြုသူ၏ အကျိုးငှာဖြစ်စေ၊ ထိုသူတစ်ဦးဦးအတွက်ဖြစ်စေ ရုန်းရင်းဆန်ခတ်မှုကို ကျူးလွန်သောအခါ ထိုသူတစ်ဦးဦး၏ ကိုယ်စားလှယ်ကသော်လည်းကောင်း၊ ထိုသူတစ်ဦးဦး၏ မန်နေဂျာကသော်လည်းကောင်း ထိုရုန်းရင်းဆန်ခတ်မှု ကျူးလွန်တန်ရာသည်ကိုဖြစ်စေ၊ ထို ရုန်းရင်းဆန်ခတ်မှုကို ကျူးလွန်သော ဥပဒေနှင့်ဆန့်ကျင်သည့် အစုအဝေး စုဝေးတန်ရာသည်ကိုဖြစ်စေ ယုံကြည်ရန်အကြောင်းရှိလျက်နှင့် ထိုအစုအဝေးကို မစုဝေးဖြစ်အောင်သော်လည်းကောင်း၊ ထိုရုန်းရင်းဆန်ခတ်မှုကို မဖြစ်အောင်သော်လည်းကောင်း တားဆီးရန်၊ ထို့ပြင် ထိုအစုအဝေးကိုဖြစ်စေ၊ ထို ရုန်းရင်းဆန်ခတ်ဖြစ်ခြင်းကိုဖြစ်စေ နှိမ်နင်းရန်နှင့်လူစုခွဲရန် ဥပဒေနှင့်ညီသော နည်းအမျိုးမျိုးကို မိမိတတ်စွမ်းသမျှ အသုံးမပြုလျှင် ထိုကိုယ်စားလှယ်ကို၊ သို့တည်းမဟုတ် ထိုမန်နေဂျာကို ငွေဒဏ်ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

ပုဒ်မ ၁၅၅ တွင်လိုအပ်သည့် အင်္ဂါရပ်များအတိုင်းပင် ဖြစ်သည်။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၅၆ | ပိုင်သူ၏ သို့မဟုတ် လက်ရှိအသုံးပြုနေသူ၏ အကျိုးငှာ ရုန်းရင်းဆန်ခတ်မှု ကျူးလွန်ရာ၌ ကိုယ်စားလှယ်က ထိုရုန်းရင်းဆန်ခတ်ဖြစ်ခြင်းကို တားဆီးရန် ဥပဒေနှင့်ညီသော နည်းအမျိုးမျိုးကို အသုံးမပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ငွေဒဏ်။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



**ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတွက် ငှားရမ်းခြင်းခံရသူကို လက်သင့်ခံခြင်း။ (ပုဒ်မ-၁၅၇)**

**Harbouring persons hired for an unlawful assembly. (Section-157)**

**ဥပဒေပြဋ္ဌာန်းချက်**

ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတွင်ပါဝင်ရန် သို့တည်းမဟုတ် အစုအဝေးဝင်ဖြစ်ရန် ငှားရမ်းခြင်းခံရသော သို့တည်းမဟုတ် ရယူခြင်းခံရသော သို့တည်းမဟုတ် စေခိုင်းခြင်းခံရသော သို့တည်းမဟုတ် ငှားရမ်းခြင်းဖြစ်စေ၊ ရယူခြင်းဖြစ်စေ စေခိုင်းခြင်းဖြစ်စေ ခံရမည့်ဆဲဆဲဖြစ်သောသူများဖြစ်ကြောင်း သိလျက်နှင့် မည်သူမဆို မိမိလက်ရှိအသုံးပြုနေသော၊ သို့တည်းမဟုတ် ထိန်းသိမ်းနေသော၊ သို့တည်းမဟုတ် အုပ်ချုပ်နေသော အိမ်၌ဖြစ်စေ၊ ဥပစာ၌ဖြစ်စေ ထိုသူများကို လက်သင့်ခံလျှင် သို့တည်းမဟုတ် လက်ခံလျှင် သို့တည်းမဟုတ် စုဝေးစေလျှင် ထိုသူကို ခြောက်လထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် အိမ် သို့မဟုတ် ဥပစာကို အသုံးပြုနေခြင်း၊ ထိန်းသိမ်းနေခြင်း၊ အုပ်ချုပ်နေခြင်း။

၂။ တရားခံသည် ထိုအိမ် သို့မဟုတ် ဥပစာတွင် လူများကို လက်သင့်ခံခြင်း၊ စုဝေးခြင်း။

၃။ ထိုလူများသည် ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတွင်း ပါဝင်ရန် ငှားရမ်းခြင်း၊ ရယူခြင်း၊ စေခိုင်းခြင်းခံရသူများဖြစ်ခြင်း။

၄။ ယင်းသို့ ငှားရမ်းခြင်း၊ ရယူခြင်း၊ စေခိုင်းခြင်းခံရသူများဖြစ်ကြောင်း တရားခံသည် သိလျက်နှင့် လက်သင့်ခံခြင်း၊ လက်ခံခြင်း၊ စုဝေးခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၅၇ | ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးအတွက် ငှားရမ်းခြင်းခံရသူများကို လက်သင့်ခံမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ခြောက်လထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



**ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေး၌ သို့တည်းမဟုတ် ရုန်းရင်းဆန်ခတ်ပြုမှု၌ ပါဝင်စေရန်သော်လည်းကောင်း၊ လက်နက် ဆောင်လျက် သွားရန်သော်လည်းကောင်း အငှားခံခြင်း။ (ပုဒ်မ-၁၅၈)**

**Being hired to take part in an unlawful assembly or riot; or to go armed. (Section-158)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို ပုဒ်မ ၁၄၁ တွင် သီးခြားဖော်ပြထားသော ပြုလုပ်မှုတစ်ခုခုကို ပြုရန်ဖြစ်စေ၊ ပြုရာတွင် ကူညီရန်ဖြစ်စေ ရယူခြင်းသော်လည်းကောင်း၊ ငှားရမ်းခြင်းသော်လည်းကောင်း ခံလျှင်၊ သို့တည်းမဟုတ် ငှားရမ်းခံရခြင်းအတွက်သော် လည်းကောင်း၊ ရယူခံရခြင်းအတွက်သော်လည်းကောင်း ကမ်းလှမ်းလျှင်၊ သို့တည်းမဟုတ် အားထုတ်လျှင် ထိုသူကို ခြောက်လထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ထို့ပြင် အထက်ဆိုခဲ့သည့်အတိုင်း ရယူခြင်းကိုသော်လည်းကောင်း၊ ငှားရမ်းခြင်းကိုသော်လည်းကောင်း ခံသူက သေစေလောက်သော လက်နက်တစ်ခုခုကိုဖြစ်စေ၊ ရန်မူသော လက်နက်အဖြစ်ဖြင့် အသုံးပြုလျှင် သေစေတန်ရာသော အရာဝတ္ထု တစ်ခုခုကိုဖြစ်စေ ဆောင်လျက်သွားလျှင် သို့တည်းမဟုတ် ထိုသို့ဆောင်လျက်သွားရန် ကမ်းလှမ်းလျှင် သို့တည်းမဟုတ် ထိုသို့ဆောင်လျက်သွားရန် တာဝန်ယူလျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ရယူခြင်း၊ ငှားရမ်းခြင်းကိုခံခြင်း သို့မဟုတ် ငှားရမ်းခံရခြင်း အတွက် ရယူခြင်းအတွက် ကမ်းလှမ်းခြင်း၊ အားထုတ်ခြင်း။

၂။ ထိုသို့ပြုခြင်းမှာ ပုဒ်မ ၁၄၁ တွင် သီးခြားဖော်ပြထားသော ပြုလုပ်မှုတစ်ခုခုကို ပြုရန်ဖြစ်ခြင်း ပြုရာတွင် ကူညီရန်ဖြစ်ခြင်း။

၃။ ဒုတိယအပိုဒ်ဖြစ်ပါက တရားခံသည် သေစေလောက်သောလက်နက် သို့မဟုတ် ရန်မူသောလက်နက်အဖြစ် အသုံးပြုလျှင် သေစေတန်ရာသော အရာဝတ္ထုကို ဆောင်လျက်သွားခြင်း၊ ဆောင်လျက်သွားရန် ကမ်းလှမ်းခြင်း၊ တာဝန်ယူခြင်း။

http://www.cherrythitsar.org



<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၅၈ | ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေး၌ သို့မဟုတ် ရန်ရင်းဆန်ခတ်ပြုမှု၌ ပါဝင်စေရန် အငှားခံမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ခြောက်လထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |
| | သို့မဟုတ် လက်နက်ကိုင်ဆောင်လျက်သွားရန် အငှားခံမှု။ | ၎င်း | ၎င်း | ၎င်း | ၎င်း | ၂ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ၎င်း |

**သတ်ပုတ်နှောင့်ယှက်မှု။**
**(ပုဒ်မ-၁၅၉)**

**Affray**
**(Section-159)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

နှစ်ဦး၊ သို့တည်းမဟုတ် နှစ်ဦးထက်ပိုသောသူများသည် ပြည်သူတို့နှင့်ဆိုင်သော နေရာတွင် သတ်ပုတ်ခြင်းဖြင့် ငြိမ်ဝပ်ရေးကို နှောင့်ယှက်လျှင် ထိုသူတို့သည် 'သတ်ပုတ်နှောင့်ယှက်မှု' ကို ကျူးလွန်သည်မည်၏။

**သတ်ပုတ်နှောင့်ယှက်မှု ကျူးလွန်ခြင်းအတွက် ပြစ်ဒဏ်။**
**(ပုဒ်မ-၁၆၀)**

**Punishment.**
**(Section-160)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

မည်သူမဆို သတ်ပုတ်နှောင့်ယှက်မှုကို ကျူးလွန်လျှင် ထိုသူကို တစ်လထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ တစ်ရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>

၁။ လူနှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသောလူများသည် သတ်ပုတ်ကြခြင်း။
၂။ ထိုသို့ သတ်ပုတ်သည်မှာ အများပြည်သူနှင့်ဆိုင်သောနေရာ၌ဖြစ်ခြင်း။
၃။ ယင်းသို့ သတ်ပုတ်ခြင်းကြောင့် ငြိမ်ဝပ်ရေးကို နှောင့်ယှက်ခြင်း။

http://www.cherrythitsar.org



**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၆၀ | သတ်ပုတ်နှောင့်ယှက်မှုကို ကျူးလွန်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | တစ်လထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ကျပ် ၁၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | မည်သည့် ရာဇဝတ် တရားသူကြီး။ |

**စီရင်ထုံး**

၁။ မီးရထားဘူတာရုံ၊ ပလက်ဖောင်း၊ အများပြည်သူတို့အတွက် ဆောက်လုပ်ထားသည့် အိမ်သာ၊ ခရီးသည်တင်မော်တော်ကား၊ ဆိပ်ကမ်း၊ ဘုရားပုထိုး၊ ခြံခတ်ထားခြင်းမရှိသည့် မြေကွက်လပ်တို့မှာ အများပြည်သူတို့နှင့်ဆိုင်သော နေရာအချို့ပင် ဖြစ်သည်။ သို့ရာတွင် ပုဂ္ဂလိကပိုင်ခြံသည် ပြည်သူနှင့်ဆိုင်သောနေရာမဟုတ်ချေ။

*[အစိုးရနှင့်ချက်ကြီး၊ ရွေးချယ်ထားသည့်စီရင်ထုံးများ၊ အောက်မြန်မာပြည်၊ ၃၃၃]*

၂။ မောင်ဖြူနှင့်မောင်မဲတို့သည် ပြည်သူနှင့်ဆိုင်သောနေရာ၌ အရက်မူးကာ တစ်ယောက်ကိုတစ်ယောက် ဓားနှင့်ခုတ်ကြသဖြင့် မောင်ဖြူကို ပုဒ်မ ၃၂၄ အရ ရဲကတရားစွဲဆိုရာတွင် ပြစ်မှုတရားသူကြီးသည် မောင်ဖြူနှင့်မောင်မဲတို့ကို ဤပုဒ်မအရ စီရင်ခြင်းသည် နည်းလမ်းမကျပေ။ ကြီးလေးသောပြစ်မှုနှင့် အရေးယူရမည့်အစား သေးငယ်သောအမှုဖြင့် အရေးယူခြင်းသည် မှားယွင်းသည်။

*[အစိုးရနှင့်မောင်ရွေး၊ အတွဲ ၄၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၂၃၇]*

၃။ ဤပုဒ်မအရ ပြစ်မှုသည် ပုဒ်မ ၃၂၃/၃၂၄ အရ နာကျင်စေမှုနှင့် သဘာဝချင်း မတူသဖြင့် ယင်းပြစ်မှုများကို သီးသန့်စစ်ဆေးသင့်သည်။ တစ်မှုတည်းတွင် ပူးပေါင်းပြီး စစ်ဆေးရန် မသင့်ချေ။

*[အကောက်နှင့်ပြည်ထောင်စု၊ ၁၉၅၃၊ မြန်မာပြည်စီရင်ထုံး၊ ၁၉၂(လွှတ်တော်)]*

http://www.cherrythitsar.org



## အခန်း(၉)
## ပြည်သူ့ဝန်ထမ်းကို ကျူးလွန်သော သို့တည်းမဟုတ် ပြည်သူ့ဝန်ထမ်းတို့နှင့်သက်ဆိုင်သော ပြစ်မှုများ

**ပြည်သူ့ဝန်ထမ်းက ရာထူးဆိုင်ရာပြုလုပ်မှု တစ်ခုခုအတွက် ဥပဒေနှင့်ညီသော အခကြေးငွေမှတစ်ပါး အခြားတံစိုးကိုယူခြင်း။ (ပုဒ်မ-၁၆၁)**

**Public servant taking gratification other than legal remuneration in respect of an official act. (Section-161)**

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

ပြည်သူ့ဝန်ထမ်းဖြစ်သူ တစ်ဦးဦးကသော်လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းဖြစ်မည်ကို မျှော်လင့်သူတစ်ဦးဦးကသော်လည်းကောင်း-

(က) ရာထူးဆိုင်ရာ ပြုလုပ်မှုတစ်ခုခုကိုပြုရန်၊ သို့တည်းမဟုတ် ထိုသို့ပြုခြင်းမှ ရှောင်ရန်၊ သို့တည်းမဟုတ်

(ခ) မိမိ၏ ရာထူးအလျောက် အလုပ်ဝတ္တရား ဆောင်ရွက်ရာတွင် လူတစ်ဦးတစ်ယောက်အား မျက်နှာလိုက်ရန်၊ သို့တည်းမဟုတ် နှိမ်ရန်၊ သို့တည်းမဟုတ် မျက်နှာလိုက်ခြင်းမှုဖြစ်စေ၊ နှိမ်ခြင်းမှုဖြစ်စေ ရှောင်ရန်၊ သို့တည်းမဟုတ်

(ဂ) ဥပဒေပြုအဖွဲ့ထံတွင်ဖြစ်စေ၊ အစိုးရထံတွင်ဖြစ်စေ၊ ပြည်သူ့ဝန်ထမ်းတစ်ဦးဦးထံတွင်ဖြစ်စေ လူတစ်ဦးတစ်ယောက်အတွက် ကောင်းကျိုးကိုသော် လည်းကောင်း၊ မကောင်းကျိုးကိုသော်လည်းကောင်းပြုရန်၊ သို့တည်းမဟုတ် ထိုသို့ပြုခြင်းကို အားထုတ်ရန် ဥပဒေနှင့်ညီသော အခကြေးငွေမှတစ်ပါး အခြားတံစိုးကို ရည်ရွယ်ချက်အဖြစ်ဖြင့်ဖြစ်စေ၊ ဆုလာဘ်အဖြစ်ဖြင့်ဖြစ်စေ မိမိအတွက်သော်လည်းကောင်း၊ သူတစ်ပါးအတွက်သော်လည်းကောင်း လူတစ်ဦးတစ်ယောက်ထံမှ လက်ခံလျှင်၊ သို့တည်းမဟုတ် ရယူလျှင်၊ သို့တည်းမဟုတ် လက်ခံရန် သဘောတူလျှင်၊ သို့တည်းမဟုတ် ရယူရန် အားထုတ်လျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

***ရှင်းလင်းချက်များ။*** 'ပြည်သူ့ဝန်ထမ်းဖြစ်မည်ကိုမျှော်လင့်သူ' ။ တစ်ဦးတစ်ယောက်သောသူသည် ရာထူးတစ်ခုခု ရရှိမည်ဟု မျှော်လင့်ရန်မရှိဘဲ တစ်ပါးသူတို့အား ရာထူးရတော့မည်ဖြစ်ကြောင်း၊ ထိုသို့ရရှိကာလ ထိုသူတို့၏ လိုအင်ကိစ္စကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ယုံကြည်အောင် လှည့်ဖြား၍ တံစိုးကိုရယူလျှင် ထိုသူသည် လိမ်လည်မှုကို ကျူးလွန်ရာရောက်နိုင်သည်။ သို့ရာတွင် ဤပုဒ်မ၌ ဖော်ပြထားသော ပြစ်မှုကို ကျူးလွန်ရာမရောက်။

**'တံစိုး'။** ငွေကြေးကိုသာ၊ သို့တည်းမဟုတ် ငွေကြေးနှင့် တန်ဖိုးခန့်မှန်းနိုင်သော အရာကိုသာ ဆိုလိုသည်မဟုတ်။

http://www.cherrythitsar.org



'ဥပဒေနှင့်ညီသော အခကြေးငွေ'။ ပြည်သူ့ဝန်ထမ်းတစ်ဦးက ဥပဒေနှင့်အညီ တောင်းခံနိုင်သော အခကြေးငွေကိုသာ ဆိုလိုသည်မဟုတ်၊ ခံယူရန် အစိုးရက ခွင့်ပြုသော အခကြေးငွေ အရပ်ရပ်ကိုလည်း အပါအဝင်ပြု၍ ဆိုလိုသည်။

'ဆောင်ရွက်ခြင်းအတွက် ရည်ရွယ်ချက်၊ သို့တည်းမဟုတ် ဆုလာဘ်'။ တစ်ဦးတစ်ယောက်သောသူသည် ပြုရန်မိမိမကြံရွယ်သည့်ကိစ္စအတွက် မိမိအားပြုစေရန် ရည်ရွယ်ချက်အဖြစ်ဖြင့်ပေးသော တံစိုးကိုခံယူလျှင်၊ သို့တည်းမဟုတ် ကိစ္စတစ်ခုခုကို မိမိမပြုခဲ့သော်လည်း ထိုကိစ္စအတွက် ဆုလာဘ်အဖြစ်ဖြင့် တံစိုးခံယူလျှင် ထိုသူသည် အထက်ပါစကား၏ သဘောအဓိပ္ပာယ်တွင် သက်ဝင်ကျရောက်သည်။

**ဥပမာများ။**

(က) ရာဇဝတ်တရားသူကြီး ဦးဖြူသည် ဘဏ်တိုက်စိုး မောင်မဲကိုအနိုင်ပေး၍ အမှုတစ်မှုကို စီရင်ဆုံးဖြတ်လိုက်သည့်အတွက် ဆုလာဘ်အဖြစ်ဖြင့် မောင်မဲ၏ ဘဏ်တိုက်တွင် မိမိ၏ညီအား အလုပ်တစ်ခုကိုရရှိစေရာ ဦးဖြူသည် ဤပုဒ်မတွင် ဖော်ပြထားသော ပြစ်မှုကို ကျူးလွန်ရာရောက်သည်။

(ခ)

(ဂ) အစိုးရထံမှ မောင်မဲ ဘွဲ့တံဆိပ်ရသည်ကို ပြည်သူ့ဝန်ထမ်း ဦးဖြူက အစိုးရထံ မိမိက အကျိုးဆောင်သောကြောင့်သာ မောင်မဲ ဤကဲ့သို့ ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရကြောင်းကို မောင်မဲထံမှ ဆုလာဘ်အဖြစ်ဖြင့် ငွေကြေးရအောင် မဟုတ်မမှန် ပြောဆိုသွေးဆောင်၏။ ဦးဖြူသည် ဤပုဒ်မတွင် ဖော်ပြထားသောပြစ်မှုကို ကျူးလွန်ရာရောက်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ပြစ်မှုကျူးလွန်စဉ် အချိန်က ပြည်သူ့ဝန်ထမ်းဖြစ်ခြင်း၊ ဖြစ်မည်ဟု မျှော်လင့်သူဖြစ်ခြင်း။

၂။ လူတစ်ဦးတစ်ယောက်ထံမှ တံစိုးလက်ခံခြင်း၊ ရယူခြင်း၊ လက်ခံရန် သဘောတူခြင်း၊ ရယူရန် အားထုတ်ခြင်း။

၃။ ထိုတံစိုးသည် ဥပဒေနှင့်ညီသော အခကြေးငွေမဟုတ်ခြင်း။

၄။ ထိုသို့ တံစိုးကို လက်ခံ၊ ရယူခြင်းသည်-

(က) ရာထူးဆိုင်ရာ ပြုလုပ်မှုတစ်ခုကိုပြုရန်၊ ထိုသို့ ပြုခြင်းမှရှောင်ရန်၊ သို့မဟုတ်

(ခ) ရာထူးအလျောက် အလုပ်ဝတ္တရား ဆောင်ရွက်ရာတွင် လူတစ်ဦးအား မျက်နှာလိုက်ရန်၊ နှိမ်ရန်၊ မျက်နှာလိုက်ခြင်း နှိမ်ခြင်းမှရှောင်ရန်၊ သို့မဟုတ်

http://www.cherrythitsar.org



(ဂ) ဥပဒေပြုအဖွဲ့၊ အစိုးရ၊ ပြည်သူ့ဝန်ထမ်းထံတွင် လူတစ်ဦးအတွက် ကောင်းကျိုး၊ မကောင်းကျိုးကို ပြုရန်၊ ထိုသို့ပြုခြင်းကို အားထုတ်ရန် ရည်ရွယ်ချက်အဖြစ်ဖြင့် ဆုလာဘ်အဖြစ်ဖြင့် ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၆၁ | ပြည်သူ့ဝန်ထမ်းဖြစ်သူ တစ်ဦးဦးကဖြစ်စေ၊ ပြည်သူ့ဝန်ထမ်းဖြစ်မည်ကို မျှော်လင့်သူ တစ်ဦးဦးကဖြစ်စေ ရာထူးဆိုင်ရာပြုလုပ်မှု တစ်ခုခုနှင့်စပ်လျဉ်း၍ ဥပဒေနှင့်ညီသော အခကြေးငွေမှတစ်ပါး အခြားတံစိုးကိုယူမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**စီရင်ထုံး**

၁။ လာဘ်ပေးခြင်းမှာ လာဘ်ယူခြင်းကို အားပေးရာရောက်သဖြင့် လာဘ်ပေးသူကို ပုဒ်မ ၁၀၉ သို့မဟုတ် ပုဒ်မ ၁၁၆ ဖြင့် တွဲဖက်၍ အပြစ်ပေးနိုင်သည်။ ဤပုဒ်မတွင် အကျုံးဝင်သည့် ကိစ္စတစ်ရပ်ရပ်အတွက် လာဘ်ပေးခြင်းသည် လာဘ်ယူခြင်းကို အားပေးကူညီရာရောက်သည်။ ယစ်မျိုးဥပဒေအရ တရားစွဲဆိုရန် တာဝန်ရှိသော ပြည်သူ့ဝန်ထမ်းကို လာဘ်ပေးရန်ပြုခြင်းသည် ဤပုဒ်မအရ ကျူးလွန်ရန် အားပေးရာရောက်သည်။

*[အစိုးရနှင့်ရဲဘော်၊ ပုံနှိပ်ထားသောစီရင်ထုံးများ၊ အောက်မြန်မာပြည်၊ ၃၃၈]*

၂။ ပြည်သူ့ဝန်ထမ်းက လာဘ်ပေးသည်ကို တကယ်ယူရန် မရည်ရွယ်ဘဲ လာဘ်ပေးသူကို ဖမ်းဆီးအရေးယူနိုင်အောင် သက်သေရရန်သာ ယူခြင်းဖြစ်ပါမူ ပုဒ်မ ၁၁၆ နှင့် တွဲဖက်၍ အားပေးကူညီမှုဖြင့် ပြစ်ဒဏ်စီရင်နိုင်သည်။

*[အစိုးရနှင့်မောင်နှင်း၊ အတွဲ ၉၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၅၂]*

၃။ ပြည်သူ့ဝန်ထမ်းက လာဘ်တောင်းသဖြင့် လာဘ်ပေးခြင်းသည်လည်း ဤပုဒ်မအရ ပြစ်မှုကို ကျူးလွန်ရန် အားပေးကူညီရာရောက်ပေသည်။

*[အစိုးရနှင့်မကာ (၁၈၉၂-၉၆) အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၁၅၈]*

၄။ လာဘ်ပေးလာဘ်ယူကိစ္စတွင် သဘောမတူဘဲနှင့် လာဘ်ပေးရသည်လည်းရှိသည်။ သဘောတူလျက်နှင့် ပေးသည်လည်းရှိသည်။ သဘောတူလျက်နှင့်ပေးသူသည် ပြစ်မှုကျူးလွန်ရာ၌ ကြံရာပါဖြစ်သည်ဟု ယူဆရန်အကြောင်းရှိသဖြင့် ၎င်း၏ ထွက်ချက်ကို အထောက်အကူပြုသည့် သက်သေအထောက်အထားရှိရန် လိုပေ

http://www.cherrythitsar.org



သည်။ သို့ရာတွင် သဘောမတူဘဲ ပေးရသည့်ကိစ္စမှာ ခြောက်လှန့်၍ လာဘ်တောင်းခြင်းသာ ဖြစ်သည့်အလျောက် ပေးသူသည် ပြစ်မှုကျူးလွန်ရာ၌ ကြံရာပါဟု မယူဆနိုင်ပေ။

*[ပုကောင်းနှင့်အစိုးရ(၁၈၉၇-၁၁)အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၂၆၃]*

၅။ ပြစ်မှုကျင့်ထုံး ဥပဒေပုဒ်မ ၁၉၇ အရ အစိုးရကသာ ဖြုတ်နိုင်သည်။ ပြည်သူ့ဝန်ထမ်းကို ဤပုဒ်မနှင့် တရားစွဲဆိုလျှင် အစိုးရ၏အမိန့်ဆိုင်ရှင် ရယူရန်လိုသည်။ သို့ရာတွင် ဒိစတြိတ်ကောင်စီလူကြီးသည် ရာထူးဆိုင်ရာ ပြုလုပ်မှုနှင့် မပတ်သက်သည့် ကိစ္စအတွက် လာဘ်ယူခြင်းအတွက်မူ အစိုးရ၏ တရားစွဲဆိုခွင့်ဆိုင်ရှင်အမိန့် ရယူရန်မလိုပေ။

*[ဦးထွန်းကြွယ်နှင့်အစိုးရ၊ ၁၉၃၉၊ ရန်ကုန်စီရင်ထုံး၊ ၇၂]*

၆။ အဂတိလိုက်စားမှု တားမြစ်ရေးသည် အက်ဥပဒေပုဒ်မ ၄ အရ လာဘ်ပေးလာဘ်ယူမှုအတွက် အရေးယူလျှင် အစိုးရ၏အမိန့်ဆိုင်ရှင်လိုကြောင်း ပုဒ်မ ၆ တွင် ပြဋ္ဌာန်းထားသည်။ ပြည်သူ့ဝန်ထမ်းတစ်ဦးအား တရားစွဲလျှင် အစိုးရ၏ဆိုင်ရှင်လိုသည်၊ မလိုသည်ဆိုသောကိစ္စနှင့် ပတ်သက်၍ တရားရုံးများ ညွှန်ကြားလွှာ အမှတ် ၁၁/၇၀ ကို လေ့လာသင့်ပေသည်။ တရားခံတစ်ဦးအား ဤပုဒ်မအရ စွဲချက်မတင်သော်လည်း နစ်နာစေရန် အကြောင်းမရှိက ဤပုဒ်မဖြင့် အပြစ်ပေးနိုင်သည်။

*[ဒူကာရင်နှင့်ပြည်ထောင်စု၊ ၁၉၆၅၊ မြန်မာပြည်စီရင်ထုံး၊ ၁၀၅၉]*

## ပြည်သူ့ဝန်ထမ်းကို တရားမဲ့သော သို့တည်းမဟုတ် ဥပဒေနှင့်မညီသောနည်းဖြင့် သွေးဆောင်ရန် တံစိုးယူခြင်း။ (ပုဒ်မ-၁၆၂)

## Taking gratification in order, by corrupt or illegal means, to influence public servant. (Section-162)

**ဥပဒေပွင့်ဆိုချက်**

မည်သူမဆို ပြည်သူ့ဝန်ထမ်းတစ်ဦးဦးအား (က) ရာထူးဆိုင်ရာ ပြုလုပ်မှုတစ်ခုကို ပြုစေရန် သို့တည်းမဟုတ် ထိုသို့ပြုခြင်းမှရှောင်စေရန် သို့တည်းမဟုတ် (ခ)ထိုပြည်သူ့ဝန်ထမ်း ရာထူးအလျောက် အလုပ်ဝတ္တရားကို ဆောင်ရွက်ရာတွင် လူတစ်ဦးတစ်ယောက်အား မျက်နှာလိုက်စေရန် သို့တည်းမဟုတ် နှိမ်စေရန် သို့တည်းမဟုတ် (ဂ) ဥပဒေပြုအဖွဲ့ထံတွင်ဖြစ်စေ၊ အစိုးရထံတွင်ဖြစ်စေ၊ ပြည်သူ့ဝန်ထမ်း တစ်ဦးဦးထံတွင်ဖြစ်စေ လူတစ်ဦးတစ်ယောက်အတွက် ကောင်းကျိုးကိုသော်လည်းကောင်း၊ မကောင်းကျိုးကိုသော်လည်းကောင်း ပြုစေရန် သို့တည်းမဟုတ် ထိုသို့ပြုခြင်းကို အားထုတ်စေရန် တရားမဲ့သော သို့တည်းမဟုတ် ဥပဒေနှင့်မညီသော နည်းလမ်းဖြင့် သွေးဆောင်သည့်အတွက် တံစိုးကို ရည်ရွယ်ချက်အဖြစ်ဖြင့်ဖြစ်စေ၊ ဆုလာဘ်အဖြစ်ဖြင့်ဖြစ်စေ မိမိအတွက်သော်လည်းကောင်း၊ သူတစ်ပါးအတွက်သော် လည်း

http://www.cherrythitsar.org



ကောင်း လူတစ်ဦးတစ်ယောက်ထံမှ လက်ခံလျှင် သို့တည်းမဟုတ် ရယူလျှင် သို့တည်းမဟုတ် လက်ခံရန် သဘောတူလျှင် သို့တည်းမဟုတ် ရယူရန်အားထုတ်လျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**<u>အကျုံးဝင်သည့်အင်္ဂါရပ်များ</u>**

၁။ တရားခံသည် မိမိအတွက် သို့မဟုတ် သူတစ်ပါးအတွက် လူတစ်ဦးထံမှ တံစိုးကို လက်ခံခြင်း၊ ရယူခြင်း၊ လက်ခံရန်သဘောတူခြင်း၊ ရယူရန် အားထုတ်ခြင်း။

၂။ ထိုကဲ့သို့ ပြုခြင်းမှာ ပြည်သူ့ဝန်ထမ်းအား -

(က) ရာထူးဆိုင်ရာ ပြုလုပ်မှုကို ပြုစေရန်၊ ထိုသို့ပြုခြင်းကို ရှောင်စေရန်။

(ခ) ပြည်သူ့ဝန်ထမ်းအား ဝတ္တရားကို ဆောင်ရွက်ရာ၌ လူတစ်ဦးအား မျက်နှာလိုက်စေရန်၊ နှိမ်စေရန်။

(ဂ) ဥပဒေပြုအဖွဲ့၊ အစိုးရ သို့မဟုတ် ပြည်သူ့ဝန်ထမ်းထံတွင် လူတစ်ဦးတစ်ယောက်အတွက် ကောင်းကျိုး၊ မကောင်းကျိုးကို ပြုစေရန်၊ ယင်းသို့ပြုခြင်းကို အားထုတ်စေရန် တရားမဲ့သော သို့မဟုတ် ဥပဒေနှင့်မညီသော နည်းလမ်းဖြင့် သွေးဆောင်ရန် ရည်ရွယ်ချက်အဖြစ် ဆုလာဘ်အဖြစ် ဖြစ်ခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၆၂ | ပြည်သူ့ဝန်ထမ်းကို တရားမဲ့သော၊ သို့မဟုတ် ဥပဒေနှင့်မညီသောနည်းဖြင့် သွေးဆောင်ရန် တံစိုးယူမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**<u>စီရင်ထုံး</u>**

၁။ ပြည်သူ့ဝန်ထမ်းအား အသိမပေးဘဲ ပြည်သူ့ဝန်ထမ်းအတွက် အခြားလူတစ်ယောက်က တံစိုးယူခြင်းကြောင့် ပြစ်မှုမမြောက်နိုင်ဟု ဆိုခြင်းမှာ ဤပုဒ်မအရ မှန်ကန်ခြင်းမရှိနိုင်ပေ။

*[အစိုးရနှင့် မကာ (၁၈၉၂-၉၆) အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၁၅၈]*

http://www.cherrythitsar.org



## ပြည်သူ့ဝန်ထမ်းအပေါ်၌ မိမိ၏ဩဇာကို အသုံးပြုသည့်အတွက် တံစိုးယူခြင်း။ (ပုဒ်မ-၁၆၃)

## Taking gratification for exercise of personal influence with public servant. (Section-163)

**ဥပဒေဖွင့်ဆိုချက်**

မည်သူမဆို ပြည်သူ့ဝန်ထမ်းတစ်ဦးဦးအား (က) ရာထူးဆိုင်ရာ ပြုလုပ်မှုတစ်ခုကို ပြုစေရန် သို့တည်းမဟုတ် ထိုသို့ပြုခြင်းမှရှောင်စေရန် သို့တည်းမဟုတ် (ခ)ထို ပြည်သူ့ဝန်ထမ်း ရာထူးအလျောက် အလုပ်ဝတ္တရားကို ဆောင်ရွက်ရာတွင် လူတစ်ဦး တစ်ယောက်အား မျက်နှာလိုက်စေရန် သို့တည်းမဟုတ် နှိမ်စေရန် သို့တည်းမဟုတ် (ဂ) ဥပဒေပြုအဖွဲ့ထံတွင်ဖြစ်စေ၊ အစိုးရထံတွင်ဖြစ်စေ၊ ပြည်သူ့ဝန်ထမ်း တစ်ဦးဦး ထံတွင်ဖြစ်စေ လူတစ်ဦးတစ်ယောက်အတွက် ကောင်းကျိုးကိုသော်လည်းကောင်း၊ မကောင်းကျိုးကိုသော်လည်းကောင်း ပြုစေရန် သို့တည်းမဟုတ် ထိုသို့ပြုခြင်းကို အားထုတ်စေရန် တရားမဲ့သော သို့တည်းမဟုတ် ဥပဒေနှင့်မညီသော နည်းလမ်း ဖြင့် သွေးဆောင်သည့်အတွက် တံစိုးကို ရည်ရွယ်ချက်အဖြစ်ဖြင့်ဖြစ်စေ၊ ဆုလာဘ် အဖြစ်ဖြင့်ဖြစ်စေ မိမိအတွက်သော်လည်းကောင်း၊ သူတစ်ပါးအတွက်သော် လည်း ကောင်း လူတစ်ဦးတစ်ယောက်ထံမှ လက်ခံလျှင် သို့တည်းမဟုတ် ရယူလျှင်၊ သို့တည်းမဟုတ် လက်ခံရန်သဘောတူလျှင် သို့တည်းမဟုတ် ရယူရန်အားထုတ် လျှင် ထိုသူကို တစ်နှစ်အထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ဥပမာ**

တရားသူကြီးရှေ့တွင် အမှုတစ်ခုကို လျှောက်လဲပြောဆိုသည့်အတွက် အခကြေး ငွေ ရရှိသူ ရှေ့နေ၊ အစိုးရထံ အကျိုးအကြောင်းဖော်ပြ၍ အသနားလွှာ စီစဉ်ပြုပြင် ပေးသည့်အတွက် အခကြေးငွေရရှိသူ၊ ရာဇဝတ်ပြစ်ဒဏ်သင့်သူတစ်ဦး ကိုယ်စား ထိုသူအပေါ်၌ ပြစ်ဒဏ်စီရင်ခြင်းသည် မတရားကြောင်း အစိုးရထံ၌ တင်ပြသည့် အတွက် အခကြေးငွေရရှိသူ ထိုသူတို့သည် မိမိတို့၏ ဩဇာကို အသုံးမပြုသဖြင့် သို့တည်းမဟုတ် ထိုသို့အသုံးပြုကြောင်းကို ထုတ်ဖော်ပြောဆိုခြင်း မပြုသဖြင့် ထိုသူ များသည် ဤပုဒ်မသဘောတွင် သက်ရောက်ပါဝင်ခြင်းမရှိ။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပုဒ်မ ၁၆၂ အတိုင်းဖြစ်သည်။

၂။ တရားမဲ့သော သို့မဟုတ် ဥပဒေနှင့်မညီသော နည်းလမ်းဖြင့် သွေးဆောင်သည် ဆိုသော အင်္ဂါရပ်အစား ဩဇာတိက္ကမသုံးသည်ဆိုသော အင်္ဂါရပ်ရှိရန်လိုသည်။

http://www.cherrythitsar.org



<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၆၃ | ပြည်သူ့ဝန်ထမ်းအပေါ်၌ မိမိ၏ဩဇာကို အသုံးပြုသည့်အတွက် တံစိုးယူမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁နှစ်ထိ အလုပ်မဲ့ ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**ပုဒ်မ ၁၆၂၊ ၁၆၃ များတွင် ဖော်ပြထားသော ပြစ်မှုများကို ကျူးလွန်ရာ၌ ပြည်သူ့ဝန်ထမ်းက အားပေးကူညီသည့်အတွက် ပြစ်ဒဏ်။ (ပုဒ်မ-၁၆၄)**

**Punishment for abetment by public servant of offences defined in section 162 or 163. (Section-164)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

ပြည်သူ့ဝန်ထမ်းတစ်ဦးနှင့် စပ်လျဉ်း၍ တစ်ဆက်တည်းဖြစ်သော အထက် ပုဒ်မနှစ်ခုတွင် ဖော်ပြထားသည့် ပြစ်မှုတစ်ခုခုကို ကျူးလွန်ရာ၌ ထိုပြည်သူ့ဝန်ထမ်း ဖြစ်သူက ထိုပြစ်မှုကို အားပေးကူညီလျှင် ထိုပြည်သူ့ဝန်ထမ်းကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

<u>ဥပမာ။</u>

ပြည်သူ့ဝန်ထမ်း ဦးဖြူ၏မယား မမဲသည် တစ်ဦးတစ်ယောက်သောသူအား ရာထူးပေးစေရန် ဦးဖြူအား ပြောဆို တောင်းပန်သည့်အတွက် ထိုသူ့ထံမှ လက်ဆောင်တစ်ခုခုကို ရရှိ၏။ ဦးဖြူသည် မမဲကို အားပေးကူညီ၏။ ဤအမှုတွင် မမဲသည် တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံထိုက်သည်။

<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>

၁။ တရားခံသည် ပြည်သူ့ဝန်ထမ်းဖြစ်ခြင်း။
၂။ တရားခံနှင့် စပ်လျဉ်း၍ ပုဒ်မ ၁၆၂ သို့မဟုတ် ပုဒ်မ ၁၆၃ အရ ပြစ်မှုကို ကျူးလွန်ခြင်း။
၃။ ထိုသို့ ပြစ်မှုကျူးလွန်သည်ကို တရားခံက အားပေးကူညီခြင်း။

http://www.cherrythitsar.org



<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၆၄ | ပြည်သူ့ဝန်ထမ်းတစ်ဦးနှင့် စပ်လျဉ်း၍ တစ်ဆက်တည်းဖြစ်သော အထက်ပါပုဒ်မနှစ်ခုတွင် ဖော်ပြထားသည့် ပြစ်မှုများကို ကျူးလွန်ရာ၌ ပြည်သူ့ဝန်ထမ်းက အားပေးကူညီမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**ပြည်သူ့ဝန်ထမ်းသည် မိမိဆောင်ရွက်သည့် မှုခင်းကိစ္စနှင့် သို့တည်းမဟုတ် လုပ်ငန်းနှင့် သက်ဆိုင်သူတို့ထံမှ အဖိုးစားနား မပေးဘဲ အဖိုးတန်ပစ္စည်းကို ရယူခြင်း။ (ပုဒ်မ-၁၆၅)**

**Public servant obtaining valuable thing, without consideration, from person concerned in proceeding or business transacted by such public servant. (Section-165)**

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

ပြည်သူ့ဝန်ထမ်းဖြစ်သူ တစ်ဦးဦးက (က) မိမိဆောင်ရွက်သော သို့တည်းမဟုတ် ဆောင်ရွက်အံ့ဖြစ်သော မှုခင်းကိစ္စနှင့်ဖြစ်စေ၊ လုပ်ငန်းနှင့်ဖြစ်စေ သက်ဆိုင်သူဖြစ်ခဲ့ကြောင်း သို့တည်းမဟုတ် ဖြစ်ကြောင်း သို့တည်းမဟုတ် ဖြစ်တန်ရာကြောင်း မိမိသိသောသူထံမှဖြစ်စေ၊ (ခ) မိမိ၏ရာထူးဆိုင်ရာ အလုပ်ဝတ္တရားနှင့် သို့တည်းမဟုတ် မိမိ၏အထက်အရာရှိ ပြည်သူ့ဝန်ထမ်း၏ ရာထူးဆိုင်ရာ အလုပ်ဝတ္တရားနှင့် အဆက်အသွယ်ရှိသောသူထံမှ ဖြစ်စေ၊ (ဂ) အဆိုပါ သက်ဆိုင်ရာ ပုဂ္ဂိုလ်၌ အကျိုးလိုလားခြင်းရှိကြောင်း သို့တည်းမဟုတ် ထိုပုဂ္ဂိုလ်နှင့် ဆွေမျိုးတော်စပ်ကြောင်း မိမိသိသောသူထံမှဖြစ်စေ အဖိုးစားနားမပေးဘဲ သို့တည်းမဟုတ် မလုံလောက်ဟု မိမိသိသော အဖိုးစားနားကိုပေးလျက် မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ အဖိုးတန်ပစ္စည်းကို လက်ခံလျှင် သို့တည်းမဟုတ် ရယူလျှင် သို့တည်းမဟုတ် လက်ခံရန် သဘောတူလျှင် သို့တည်းမဟုတ် ရယူရန်အားထုတ်လျှင် ထိုသူကို နှစ်နှစ်ထိ အလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

<u>**ဥပမာများ။**</u>

(က) ကော်လိတ်တော်အရာရှိ ဦးဖြူသည် မိမိရုံး၌ မောင်မဲ၏ မြေခွန်တော်မှု မပြီးမပြတ်မီအတွင်း သဘောရိုးဖြင့် ငှားပါက တစ်လလျှင် အိမ်လခငွေ နှစ်ရာ ပေးရမည့်အိမ်ကို မောင်မဲထံမှ တစ်လလျှင် အိမ်လခ ငွေငါးဆယ်နှင့် သဘောတူငှားရမ်း

http://www.cherrythitsar.org



၏။ ဤအမှုတွင် ဦးဖြူသည် ထိုက်တန်လုံလောက်သော အဖိုးစားနားမပေးဘဲ မောင်မဲထံမှ အဖိုးတန်ပစ္စည်းကို ရယူသည်မည်၏။

(ခ) တရားသူကြီး ဦးဖြူသည် မိမိရုံးတွင် မောင်မဲ၏အမှု မပြီးမပြတ်မီအတွင်း အစိုးရငွေပေး ကတိစာချုပ်များကို သတ်မှတ်ထားသော တန်ဖိုးထက် ပိုသောဈေးဖြင့် အရောင်းအဝယ်ဖြစ်နေစဉ်အခါ မောင်မဲထံမှ ထိုသတ်မှတ်ထားသော တန်ဖိုးအောက် လျော့၍ဝယ်ယူ၏။ ဤအမှုတွင် ဦးဖြူသည် လုံလောက်သော အဖိုးစားနားမပေးဘဲ မောင်မဲထံမှ အဖိုးတန်ပစ္စည်းကို ရယူသည်မည်၏။

(ဂ) မောင်မဲ၏ညီကို မုသားသက်သေခံမှုဖြင့် ရာဇဝတ်တရားသူကြီး ဦးဖြူထံသို့ ဖမ်းဆီး၍ပို့၏။ ထိုအခါက ဘဏ်အစုရှယ်ယာများကို သတ်မှတ်ထားသော တန်ဖိုးအောက်လျော့သောဈေးဖြင့် အရောင်းအဝယ်ဖြစ်နေစဉ် ဦးဖြူက သူ၏အစုရှယ်ယာများကို မောင်မဲသို့ သတ်မှတ်ထားသောတန်ဖိုးထက် ပို၍ရောင်းချ၏။ ဦးဖြူရသောငွေသည် လုံလောက်သော အဖိုးစားနားမပေးဘဲ ရရှိသော အဖိုးတန်ပစ္စည်းမည်၏။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တရားခံသည် ပြည်သူ့ဝန်ထမ်းဖြစ်ခြင်း။

၂။ တရားခံသည် မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ၊ အဖိုးတန်ပစ္စည်းကို လက်ခံခြင်း၊ ရယူခြင်း၊ လက်ခံရန်သဘောတူခြင်း၊ ရယူရန် အားထုတ်ခြင်း။

၃။ ထိုသို့ပြုရာ၌ အဖိုးစားနားမပေးခြင်း မလုံလောက်ဟု မိမိသိသော အဖိုးစားနားကို ပေးခြင်း။

၄။ အဖိုးတန်ပစ္စည်းကို ပေးရသူမှာ တရားခံက မိမိဆောင်ရွက်သော၊ ဆောင်ရွက်အံ့ဆဲဆဲဖြစ်သော မှုခင်းကိစ္စ၊ လုပ်ငန်းနှင့်သက်ဆိုင်သူ ဖြစ်ခဲ့ကြောင်း၊ ဖြစ်ကြောင်း၊ ဖြစ်တန်ရာကြောင်းသိခြင်း သို့မဟုတ် မိမိ၏ရာထူးဆိုင်ရာ အလုပ်ဝတ္တရား၊ မိမိအထက်အရာရှိ၏ ရာထူးဆိုင်ရာ အလုပ်ဝတ္တရားနှင့် အဆက်အသွယ်ရှိခြင်း သို့မဟုတ် အဆိုပါ သက်ဆိုင်ရာ ပုဂ္ဂိုလ်၌ အကျိုးလိုလားကြောင်း ဆွေမျိုးတော်စပ်ကြောင်းကိုသိခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၆၅ | ပြည်သူ့ဝန်ထမ်းသည် မိမိဆောင်ရွက်သည့် မှုခင်းကိစ္စနှင့် သို့မဟုတ် လုပ်ငန်းနှင့်သက်ဆိုင်သူထံမှ အဖိုးစားနားမပေးဘဲ အဖိုးတန်ပစ္စည်းကို ရယူမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိအလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း၊ ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



## ပြည်သူ့ဝန်ထမ်းက တစ်ဦးတစ်ယောက်သောသူကို နစ်နာစေရန် ကြံရွယ်၍ ဥပဒေကိုဖီဆန်ခြင်း။ (ပုဒ်မ-၁၆၆)

## Public servant disobeying law with intent to cause injury to any person. (Section-166)

**ဥပဒေဖွင့်ဆိုချက်**

ပြည်သူ့ဝန်ထမ်းဖြစ်သူသည် ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် လိုက်နာဆောင်ရွက်ရမည့် ဥပဒေ ညွှန်ကြားချက်ကို ဖီဆန်ခြင်းဖြင့် တစ်ဦးတစ်ယောက်သောသူအား နစ်နာစေရန် အကြံနှင့်သော်လည်းကောင်း၊ နစ်နာစေတန်ရာသည်ကို သိလျက်နှင့် သော်လည်းကောင်း ထိုဥပဒေညွှန်ကြားချက်ကို သိလျက်နှင့် ဖီဆန်လျှင် ထိုသူကို တစ်နှစ်ထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ဥပမာ**

တရားရုံးက မောင်မဲသို့ အနိုင်ချပေးလိုက်သော ဒီကရီကို အတည်ဖြစ်အောင် ဇာရီပြုရာတွင် ပစ္စည်းကို သိမ်းယူရမည့် ဥပဒေညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ရသူ အရာရှိ ဦးဖြူသည် မောင်မဲအား နစ်နာစေတန်ရာသည်ကို သိလျက်နှင့် ဥပဒေညွှန်ကြားချက်ကို ဖီဆန်၏။ ဦးဖြူသည် ဤပုဒ်မတွင် အဓိပ္ပာယ်ဖော်ပြထားသော ပြစ်မှုကို ကျူးလွန်သည်မည်၏။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ပြည်သူ့ဝန်ထမ်းဖြစ်ခြင်း။

၂။ ပြည်သူ့ဝန်ထမ်းအဖြစ် လိုက်နာဆောင်ရွက်ရမည့် ဥပဒေညွှန်ကြားချက်ကို တရားခံသည် သိလျက်နှင့် ဖီဆန်ခြင်း။

၃။ တရားခံသည် ယင်းဥပဒေညွှန်ကြားချက်ကို ဖီဆန်ခြင်းအားဖြင့် တစ်ဦးတစ်ယောက်သောသူအား နစ်နာစေရန် အကြံရှိခြင်း၊ နစ်နာစေတန်ရာသည်ကို သိခြင်း။

**ကျဉ်ချုပ်** 

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၆၆ | ပြည်သူ့ဝန်ထမ်းက တစ်ဦးတစ်ယောက်သော သူကို နစ်နာစေရန်ကြံရွယ်၍ ဥပဒေ ညွှန်ကြားချက်ကို ဖီဆန်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁နှစ်ထိအလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း၊ ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



## ပြည်သူ့ဝန်ထမ်းက နစ်နာစေရန်ကြံရွယ်၍ မမှန်သောစာတမ်းအမှတ်အသားကိုပြုခြင်း။ (ပုဒ်မ-၁၆၇)

## Public servant framing an incorrect document with intent to cause injury. (Section-167)

**ဥပဒေပြဋ္ဌာန်းချက်**

ပြည်သူ့ဝန်ထမ်းတစ်ဦးလည်းဖြစ်၍ ပြည်သူ့ဝန်ထမ်းဖြစ်သည့်အတိုင်း စာတမ်းအမှတ်အသားကို ပြုရန်ဖြစ်စေ၊ ဘာသာပြန်ရန်ဖြစ်စေ တာဝန်လွှဲအပ်ခြင်းခံရသူလည်းဖြစ်သော ပုဂ္ဂိုလ်သည် တစ်ဦးတစ်ယောက်သောသူအား နစ်နာစေရန်ကြံရွယ်၍ သော်လည်းကောင်း၊ နစ်နာစေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ထိုစာတမ်းအမှတ်အသားကို မမှန်ဟုမိမိကသိသော၊ သို့တည်းမဟုတ် ယုံကြည်သော နည်းလမ်းဖြင့်ပြုလျှင်၊ သို့တည်းမဟုတ် ဘာသာပြန်လျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ပြည်သူ့ဝန်ထမ်းဖြစ်ခြင်း။
၂။ ၎င်းသည် စာတမ်းအမှတ်အသားကိုပြုရန် ဘာသာပြန်ရန် လွှဲအပ်ခြင်းခံရသူဖြစ်ခြင်း။
၃။ ပြည်သူ့ဝန်ထမ်းဖြစ်သည့်အတိုင်း ထိုသို့ လွှဲအပ်ခံရခြင်း။
၄။ တရားခံသည် ထိုစာတမ်းအမှတ်အသားကို မမှန်သောနည်းလမ်းဖြင့်ပြုခြင်း၊ ဘာသာပြန်ခြင်း။
၅။ ထိုသို့ မမှန်ပြုခြင်း၊ ဘာသာပြန်ခြင်းကို တရားခံသိခြင်း၊ ယုံကြည်ခြင်း။
၆။ သူတစ်ပါးအား နစ်နာစေရန် ကြံရွယ်၍ နစ်နာစေတန်ရာသည်ကိုသိလျက်နှင့် ပြုသည်ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၆၇ | ပြည်သူ့ဝန်ထမ်းက နစ်နာစေရန်ကြံရွယ်၍ မမှန်သောစာတမ်းအမှတ်အသားကိုပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ ရဲအရာရှိသည် သက်သေများကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၆၁ အရ စစ်ဆေးရာ၌ သက်သေများက တရားခံအပေါ် မစွပ်စွဲဘဲ စွပ်စွဲသယောင် ရေးသားထားခြင်းသည် စာတမ်းအမှတ်အသားကို မမှန်ပြုရာရောက်သဖြင့် ဤပုဒ်မအရ ပြစ်မှုမြောက်သည်။

*[ဘိုးမှိုနှင့်အစိုးရ (၁၈၉၇-၀၁) အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၂၉]*

## ပြည်သူ့ဝန်ထမ်းသည် ဥပဒေနှင့်ဆန့်ကျင်လျက် စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်ခြင်း။ (ပုဒ်မ-၁၆၈)

## Public servant unlawfully engaging in trade. (Section-168)

**ဥပဒေပြဋ္ဌာန်းချက်**

ပြည်သူ့ဝန်ထမ်းတစ်ဦးလည်းဖြစ်၍ ပြည်သူ့ဝန်ထမ်း ဖြစ်သည့်အတိုင်း စီးပွားရေးလုပ်ငန်းကို မလုပ်ကိုင်ရန် ဥပဒေ၏ ပိတ်ပင်တားမြစ်ခြင်းကို ခံရသူလည်း ဖြစ်သော ပုဂ္ဂိုလ်သည် စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်လျှင် ထိုသူကို တစ်နှစ်ထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ပြည်သူ့ဝန်ထမ်းဖြစ်ခြင်း။

၂။ ၎င်းသည် ပြည်သူ့ဝန်ထမ်းဖြစ်သည့်အတိုင်း စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်ရန် ဥပဒေ၏ တားမြစ်ပိတ်ပင်ခြင်း ခံရသူဖြစ်၏။

၃။ ယင်းသို့ ဥပဒေအရ ပိတ်ပင်ခြင်းခံရပါလျက် စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၆၈ | ပြည်သူ့ဝန်ထမ်းသည် ဥပဒေနှင့်ဆန့်ကျင်လျက် စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁နှစ်ထိ အလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



## ပြည်သူ့ဝန်ထမ်းသည် ဥပဒေနှင့်ဆန့်ကျင်လျက် ပစ္စည်းကိုဝယ်ခြင်း သို့တည်းမဟုတ် လေလံဆွဲခြင်း။ (ပုဒ်မ-၁၆၉)

## Public servant unlawfully buying or bidding for property. (Section-169)

**ဥပဒေပြဋ္ဌာန်းချက်** (ဥပဒေပြဋ္ဌာန်းချက်)

ပြည်သူ့ဝန်ထမ်းတစ်ဦးလည်းဖြစ်၍ ပြည်သူ့ဝန်ထမ်းဖြစ်သည့်အတိုင်း ပစ္စည်းတစ်ခုခုဝယ်ခြင်းကိုဖြစ်စေ၊ လေလံဆွဲခြင်းကိုဖြစ်စေ မပြုရန် ဥပဒေ၏ ပိတ်ပင်တားမြစ်ခြင်းကို ခံရသူလည်းဖြစ်သော ပုဂ္ဂိုလ်သည် မိမိ၏အမည်ဖြင့်သော် လည်းကောင်း၊ တစ်ပါးသူ၏ အမည်ဖြင့်သော်လည်းကောင်း၊ အခြားသူနှင့် ပူးတွဲ၍သော်လည်းကောင်း၊ အခြားသူနှင့် အစုစပ်ပါဝင်၍သော် လည်းကောင်း ထိုပစ္စည်းကို ဝယ်လျှင်၊ သို့တည်းမဟုတ် လေလံဆွဲလျှင် ထိုသူကို နှစ်နှစ်ထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ဝယ်ပြီးဖြစ်သော ပစ္စည်းကို ဘဏ္ဍာတော်အဖြစ် သိမ်းယူရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ပြည်သူ့ဝန်ထမ်းဖြစ်ခြင်း။

၂။ ပြည်သူ့ဝန်ထမ်းအနေဖြင့် ပစ္စည်းကိုဝယ်ခြင်း၊ လေလံဆွဲခြင်းမပြုရဟု ဥပဒေက ပိတ်ထားခြင်း။

၃။ ထိုသို့ပိတ်ထားပါလျက် ပစ္စည်းကို မိမိအမည်ဖြင့်သော်လည်းကောင်း၊ သူတစ်ပါးအမည်ဖြင့်သော်လည်းကောင်း၊ အခြားသူနှင့် ပူးတွဲ၍သော်လည်းကောင်း၊ အခြားသူနှင့် အစုစပ်ပါဝင်၍သော်လည်းကောင်း ဝယ်ယူခြင်း၊ လေလံဆွဲခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၆၉ | ပြည်သူ့ဝန်ထမ်းသည် ဥပဒေနှင့်ဆန့်ကျင်လျက် ပစ္စည်းကိုဝယ်မှု၊ သို့မဟုတ် လေလံဆွဲမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိအလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ ထို့ပြင် ဝယ်ပြီးဖြစ်သော ပစ္စည်းကို ဘဏ္ဍာတော်အဖြစ် သိမ်းယူခြင်း။ | ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



## ပြည်သူ့ဝန်ထမ်းယောင်ဆောင်ခြင်း။ (ပုဒ်မ-၁၇၀)

## Personating a public servant. (Section-170)

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် ရာထူးတစ်ခုခု၌ မိမိ မထမ်းမရွက်ကြောင်းသိလျက်နှင့် ထိုရာထူး၌ ထမ်းရွက်ဟန်ဆောင်ပြီးလျှင်၊ သို့တည်းမဟုတ် ရာထူးတစ်ခုခု၌ ထမ်းရွက်နေသောသူယောင် ဆောင်ပြီးလျှင် ပြည်သူ့ဝန်ထမ်းအယောင်ဆောင်အနေနှင့် ထိုရာထူးနှင့် စပ်လျဉ်း၍ ပြုလုပ်မှုတစ်ခုကိုပြုလျှင်၊ သို့တည်းမဟုတ် ထိုသို့ပြုရန်အားထုတ်လျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ပြည်သူ့ဝန်ထမ်းမဟုတ်ခြင်း၊ ရာထူးတစ်ခုခု၌ ထမ်းရွက်နေသူမဟုတ်ခြင်း။
၂။ ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် ရာထူးတစ်ခုခု၌ ထမ်းရွက်နေသူအဖြစ်ဖြင့် အယောင်ဆောင်ခြင်း။
၃။ ထမ်းရွက်နေသူမဟုတ်ကြောင်းသိလျက်နှင့် အယောင်ဆောင်ခြင်း။
၄။ အယောင်ဆောင်သည့်ရာထူးနှင့် စပ်လျဉ်းသော ပြုလုပ်မှုတစ်ခုခုကို ပြုခြင်း၊ ပြုရန်အားထုတ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၇၀ | ပြည်သူ့ဝန်ထမ်းယောင်ဆောင်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | မည်သည့် ရာဇဝတ် တရားသူကြီး မဆို။ |

**စီရင်ထုံး**

၁။ ပြည်သူ့ဝန်ထမ်း မဟုတ်ပါဘဲလျက် ပြည်သူ့ဝန်ထမ်းအဖြစ် အယောင်ဆောင်ပြီး ပြည်သူ့ဝန်ထမ်းအနေဖြင့် ပြုလုပ်မှုတစ်ခုခုကိုပြုလျှင် ဤပုဒ်မနှင့် ငြိစွန်းသည်။ ပြည်သူ့ဝန်ထမ်းအဖြစ် အယောင်ဆောင်ကာမျှဖြင့် ဤပုဒ်မအရ အရေးမယူနိုင်။

http://www.cherrythitsar.org



အယောင်ဆောင်ပြီးနောက် ပြည်သူ့ဝန်ထမ်းအနေဖြင့် ပြုလုပ်မှု တစ်စုံတစ်ရာကို ပြုမှသာ ပြစ်မှုမြောက်သည်။

*[အစိုးရနှင့်မောင်ဖေ(၁၈၉၂-၉၆)အတွဲ ၁၊အထက်မြန်မာပြည်စီရင်ထုံး၁၆၈]*

၂။ ပြည်သူ့ဝန်ထမ်းမဟုတ်ဘဲ ပြည်သူ့ဝန်ထမ်းအဖြစ် အယောင်ဆောင်လျှင် ဤပုဒ်မနှင့် အကျုံးဝင်သည်။ လိမ်လည်လှည့်ဖြားလိုသည့်အကြံ သို့မဟုတ် မရိုးမဖြောင့်သည့်သဘောဖြင့် အယောင်ဆောင်ခြင်းဖြစ်သည်ဟု တင်ပြရန်မလိုပေ။

*[ထွန်းအောင်ကျော်နှင့်အစိုးရ၊ အတွဲ ၃၊ အောက်မြန်မာပြည်စီရင်ထုံး၂၂၂]*

**ပြည်သူ့ဝန်ထမ်းတို့ ဝတ်ဆင်ကိုင်ဆောင်သော အဝတ်တန်ဆာတို့ကို သို့တည်းမဟုတ် အမှတ်အသားများကို လိမ်လည်လှည့်ဖြားလိုသော ရည်ရွယ်ချက်နှင့် ဝတ်ဆင်ကိုင်ဆောင်ခြင်း။ (ပုဒ်မ-၁၇၁)**

**Wearing garb or carrying token used by public servant with fraudulent intent. (Section-171)**

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

ပြည်သူ့ဝန်ထမ်းအမျိုးအစားတစ်ခုခုတွင် ပါဝင်သူမဟုတ်ဘဲလျက် ထိုပြည်သူ့ဝန်ထမ်းအမျိုးအစားတစ်ခုခုတွင် ပါဝင်သူဖြစ်ကြောင်း သူတစ်ပါးယုံကြည်စေရန် ကြံရွယ်ချက်နှင့်ဖြစ်စေ၊ သူတစ်ပါး ယုံကြည်စေတန်ရာသည်ကို သိလျက်နှင့်ဖြစ်စေ မည်သူမဆို ထိုပြည်သူ့ဝန်ထမ်းအမျိုးအစားတို့ ဝတ်ဆင်ကိုင်ဆောင်သော အဝတ်တန်ဆာနှင့်၊ သို့တည်းမဟုတ် အမှတ်အသားနှင့် သဏ္ဌာန်တူသော အဝတ်တန်ဆာကို၊ သို့တည်းမဟုတ် အမှတ်အသားကို ဝတ်ဆင်လျှင်၊ သို့တည်းမဟုတ် ကိုင်ဆောင်လျှင် ထိုသူကို သုံးလထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ နှစ်ရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တရားခံသည် ပြည်သူ့ဝန်ထမ်းတစ်မျိုး၏ အဝတ်တန်ဆာကိုဝတ်ခြင်း၊ အမှတ်အသားကို ကိုင်ဆောင်ခြင်း။

၂။ တရားခံသည် ပြည်သူ့ဝန်ထမ်းအမျိုးအစားတွင် ပါဝင်သူမဟုတ်ခြင်း။

၃။ ထိုပြည်သူ့ဝန်ထမ်းအမျိုးအစားတွင် ပါဝင်သူဖြစ်ကြောင်း သူတစ်ပါးယုံကြည်စေရန် ကြံရွယ်ချက်၊ ယုံကြည်စေတန်ရာသည်ကို သိလျက်နှင့်ပြုသည်ဖြစ်ခြင်း။

http://www.cherrythitsar.org



**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၇၁ | ပြည်သူ့ဝန်ထမ်းဝတ်ဆင်ကိုင်ဆောင်သော အဝတ်တန်ဆာကို၊ သို့မဟုတ် အမှတ်အသားကို လိမ်လည်လှည့်ဖြားလိုသော ကြံရွယ်ချက်နှင့် ဝတ်ဆင်ကိုင်ဆောင်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | သုံးလထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ကျပ် ၂၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ အဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | မည်သည့် ရာဇဝတ် တရားသူကြီး မဆို။ |

**စီရင်ထုံး**

၁။ ပြည်သူ့ဝန်ထမ်းမဟုတ်ဘဲ ပြည်သူ့ဝန်ထမ်းအဖြစ် သူတစ်ပါးအား ယုံကြည်စေရန် ကြံရွယ်ချက်၊ သို့မဟုတ် အသိဖြင့် အဝတ်တန်ဆာကို ဝတ်ဆင်ခြင်း၊ အမှတ်အသားကို ကိုင်ဆောင်ခြင်းဖြစ်သည်။ အဝတ်တန်ဆာကို ဝတ်ဆင်ခြင်းမရှိဘဲ လက်ထဲ၌ ကိုင်ဆောင်ထားကာမျှဖြင့် ပြစ်မှုမြောက်မည်မဟုတ်။ သို့ဖြစ်ရာ တရားခံသည် မိမိအား သူတစ်ပါးက ရဲဟုထင်စေရန် ရဲဝတ်စုံကို ချိုင်းကြားတွင်ညှပ်၍ ယူဆောင်လာခြင်းသည် ဝတ်ဆင်ခြင်းမဟုတ်သဖြင့် ပြင်ဆင်မှုသာဖြစ်၍ ဤပုဒ်မဖြင့် အရေးမယူနိုင်။

*[အစိုးရနှင့်ဘိုးကျော် (၁၉၀၄-၀၆) အတွဲ ၁၊
အထက်မြန်မာပြည်စီရင်ထုံး ၃၊ (ပြင်မှုဆိုင်ရာဥပဒေ)]*

http://www.cherrythitsar.org



## အခန်း(၉–က)
## ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများ

**အရွေးခံသူ၊ ရွေးကောက်မှုအခွင့်အရေး၊ အဓိပ္ပာယ်ဖော်ပြချက်။**
**(ပုဒ်မ-၁၇၁ က)**

**"Candidate" "Electoral right", defined.**
**(Section-171 A)**

**ဥပဒေပြဋ္ဌာန်းချက်**

ဤအခန်းပါ ကိစ္စများအလို့ငှာ-

(က) 'အရွေးခံသူ' ဆိုသည်မှာ ရွေးကောက်ပွဲအတွက် အရွေးခံသူအဖြစ်ဖြင့် အမည်တင်သွင်းခြင်း ခံရသူကို ဆိုလိုသည်။ ထိုစကားရပ်၌ ရွေးကောက်ပွဲကျင်းပရန် စီစဉ်နေခိုက်တွင် အရွေးခံသူအဖြစ်ဖြင့် ပါဝင်မည်ဟု ထုတ်ဖော်ပြောဆိုသောသူလည်း ပါဝင်သည်။ သို့ရာတွင် ထိုသူသည် ထိုသို့ထုတ်ဖော်ပြောဆိုပြီးနောက် ရွေးကောက်ပွဲအတွက် အရွေးခံသူအဖြစ် အမည်တင်သွင်းခြင်းခံရသူ ဖြစ်ရမည်။

(ခ) 'ရွေးကောက်မှုအခွင့်အရေး' ဆိုသည်မှာ ရွေးကောက်ပွဲတွင် အရွေးခံသူအဖြစ်ဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်သောအခွင့်အရေး သို့တည်းမဟုတ် မပါဝင် မယှဉ်ပြိုင်ဘဲ နေနိုင်သော အခွင့်အရေး၊ သို့တည်းမဟုတ် အရွေးခံသူအဖြစ်မှ နုတ်သိမ်းနိုင်သော အခွင့်အရေး၊ သို့တည်းမဟုတ် ရွေးကောက်ပွဲတွင် မဲပေးနိုင်သော အခွင့်အရေး၊ သို့တည်းမဟုတ် မဲမပေးဘဲ နေနိုင်သော အခွင့်အရေးကို ဆိုလိုသည်။

**လာဘ်ပေးယူမှု။**
**(ပုဒ်မ-၁၇၁ ခ)**

**Bribery**
**(Section-171 B)**

**ဥပဒေပြဋ္ဌာန်းချက်**

(၁) မည်သူမဆို-

(က) ရွေးကောက်မှု အခွင့်အရေးကို သုံးစွဲစေရန် တစ်ဦးတစ်ယောက်ကိုသော်လည်းကောင်း၊ အခြားသူကိုသော်လည်းကောင်း သွေးဆောင်လိုသော ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ထိုအခွင့်အရေးကို သုံးစွဲခဲ့သည့်အတွက် ဆုလာဘ်ပေးလိုသော ရည်ရွယ်ချက်ဖြင့်ဖြစ်စေ ထိုသူအား တံစိုးပေးလျှင်၊ သို့တည်းမဟုတ်

(ခ) ထိုအခွင့်အရေးကို သုံးစွဲသည့်အတွက် ဆုလာဘ်အဖြစ်ဖြင့်၊ သို့တည်းမဟုတ် ထိုအခွင့်အရေးကို သုံးစွဲစေရန် အခြားသူတစ်ဦးကို သွေးဆောင်သည့်အတွက်၊ သို့တည်းမဟုတ် သွေးဆောင်ရန် အားထုတ်သည့်အတွက် မိမိအဖို့ဖြစ်စေ၊ အခြားသူအဖို့ဖြစ်စေ တံစိုးကိုလက်ခံလျှင် ထိုသူသည် လာဘ်ပေးယူမှု ကျူးလွန်သည်။

http://www.cherrythitsar.org



သို့ရာတွင် ပြည်သူ့ဆိုင်ရာဝါဒကို ကြေညာခြင်းသည်၊ သို့တည်းမဟုတ် ပြည်သူ့ဆိုင်ရာလမ်းစဉ်ကို ကတိပြုခြင်းသည် ဤပုဒ်မအရ ပြစ်မှုကျူးလွန်ရာမရောက်။

(၂) တံစိုးပေးရန်ကမ်းလှမ်းလျှင်၊ သို့တည်းမဟုတ် သဘောတူလျှင်၊ သို့တည်းမဟုတ် တံစိုးကို သူတစ်ပါးရယူရန် ကမ်းလှမ်းလျှင်၊ သို့တည်းမဟုတ် အားထုတ်လျှင် ထိုသူသည် တံစိုးပေးသည်မည်၏။

(၃) တံစိုးကိုရယူလျှင်၊ သို့တည်းမဟုတ် လက်ခံရန်သဘောတူလျှင်၊ သို့တည်းမဟုတ် ရယူရန်အားထုတ်လျှင် ထိုသူသည် တံစိုးကိုလက်ခံသည်မည်၏။ ပြုရန် မိမိမကြံရွယ်သောကိစ္စအတွက် ပြုစေရန် ရည်ရွယ်ချက်အဖြစ်ဖြင့်ပေးသော တံစိုးကို လက်ခံလျှင်၊ သို့တည်းမဟုတ် ကိစ္စတစ်ခုကို မိမိမပြုခဲ့သော်လည်း ထိုကိစ္စအတွက် ဆုလာဘ်အဖြစ်ဖြင့် တံစိုးကိုလက်ခံလျှင် ထိုသူသည် တံစိုးကို ဆုလာဘ်အဖြစ်ဖြင့် လက်ခံသည်မည်၏။

**ရွေးကောက်ပွဲ၌ မလျော်ဩဇာသုံးခြင်း။ (ပုဒ်မ-၁၇၁ ဂ)**

**Undue influence at elections. (Section-171 C)**

**ဥပဒေပြဋ္ဌာန်းချက်**

(၁) မည်သူမဆို ရွေးကောက်ပွဲတစ်ခု၌ ရွေးကောက်မှု အခွင့်အရေး လွတ်လပ်စွာ သုံးစွဲခြင်းကို မိမိအလိုအလျောက် နှောင့်ယှက်လျှင်၊ သို့တည်းမဟုတ် နှောင့်ယှက်ရန် မိမိအလိုအလျောက် အားထုတ်လျှင် ရွေးကောက်ပွဲ၌ မလျော်ဩဇာသုံးမှုကို ကျူးလွန်သည်။

(၂) ပုဒ်မခွဲ(၁) ပါ ပြဋ္ဌာန်းချက်များ၏ ယေဘူယျသဘောကို မထိခိုက်စေဘဲ မည်သူမဆို-

(က) အရွေးခံရသူကိုသော်လည်းကောင်း၊ မဲဆန္ဒရှင်ကိုသော်လည်းကောင်း အရွေးခံရသူကဖြစ်စေ၊ မဲဆန္ဒရှင်ကဖြစ်စေ အကျိုးလိုလားသောသူကို သော်လည်းကောင်း တစ်နည်းနည်းဖြင့် နစ်နာစေမည်ဟု ခြိမ်းခြောက်လျှင်၊ သို့တည်းမဟုတ်

(ခ) အရွေးခံရသူကိုသော်လည်းကောင်း၊ မဲဆန္ဒရှင်ကိုသော်လည်းကောင်း အရွေးခံရသူကဖြစ်စေ၊ မဲဆန္ဒရှင်ကဖြစ်စေ အကျိုးလိုလားသောသူကို သော်လည်းကောင်း သက်ဆိုင်ရာဘာသာအယူဝါဒအရ အပြစ်ရောက်စေမည်ဟု ယုံကြည်အောင် ထိုအရွေးခံရသူကိုဖြစ်စေ၊ ထိုမဲဆန္ဒရှင်ကိုဖြစ်စေ သွေးဆောင်လျှင်၊ သို့တည်းမဟုတ် ထိုသို့သွေးဆောင်ရန်အားထုတ်လျှင် ထိုသူသည် ပုဒ်မခွဲ(၁)၏အဓိပ္ပာယ်အရ ထိုအရွေးခံသူ၏၊ သို့တည်းမဟုတ် ထိုမဲဆန္ဒရှင်၏ ရွေးကောက်မှုအခွင့်အရေး လွတ်လပ်စွာသုံးစွဲခြင်းကို နှောင့်ယှက်သည်ဟု မှတ်ယူရမည်။

http://www.cherrythitsar.org



(၃) ပြည်သူ့ဆိုင်ရာဝါဒကို ကြေညာခြင်းသည်၊ သို့တည်းမဟုတ် ပြည်သူ့ဆိုင်ရာ လမ်းစဉ်ကို ကတိပြုခြင်းသည်၊ သို့တည်းမဟုတ် ရွေးကောက်မှု အခွင့်အရေးကို နှောင့်ယှက်ရန် မကြံရွယ်ဘဲ တရားဝင်အခွင့်အရေး သုံးစွဲခြင်းသက်သက်သည် ဤပုဒ်မ၏ အဓိပ္ပာယ်အရ နှောင့်ယှက်ခြင်းဖြစ်သည်ဟု မမှတ်ယူရ။

**ရွေးကောက်ပွဲတွင် သူတစ်ပါးအယောင်ဆောင်ခြင်း။ (ပုဒ်မ-၁၇၁ ဃ)**

**Personation at elections. (Section-171 D)**

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

ရွေးကောက်ပွဲတွင် ရှင်သူတစ်ဦးဦး၏ အမည်နှင့်ဖြစ်စေ၊ သေသူ တစ်ဦးဦး၏ အမည်နှင့်ဖြစ်စေ၊ ကြံစည်ဖန်တီးသော အမည်နှင့်ဖြစ်စေ မည်သူမဆို မဲဆန္ဒအမှတ်အသားကို တောင်းဆိုလျှင်၊ သို့တည်းမဟုတ် မဲပေးလျှင်၊ သို့တည်းမဟုတ် ရွေးကောက်ပွဲ၌ မဲတစ်ကြိမ်ပေးပြီးဖြစ်လျက် ထိုရွေးကောက်ပွဲ၌ပင် မဲဆန္ဒအမှတ်အသားကို မိမိအမည်နှင့်တောင်းဆိုလျှင် ထို့ပြင်ဆိုခဲ့သော နည်းလမ်းတစ်ခုခုဖြင့် အခြားသူမဲပေးခြင်းကို အားပေးကူညီလျှင်၊ သို့တည်းမဟုတ် ထိုသို့မဲပေးခြင်းကို ဖြစ်မြောက်စေလျှင်၊ သို့တည်းမဟုတ် ဖြစ်မြောက်စေရန် အားထုတ်လျှင် ထိုသူသည် ရွေးကောက်ပွဲတွင် သူတစ်ပါးအယောင်ဆောင်မှုကို ကျူးလွန်သည်။

**လာဘ်ပေးယူမှုအတွက် ပြစ်ဒဏ်။ (ပုဒ်မ-၁၇၁ င)**

**Punishment for bribery. (Section-171 E)**

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

မည်သူမဆို လာဘ်ပေးယူမှုကို ကျူးလွန်လျှင် ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

*ခြွင်းချက်။* သို့ရာတွင် ပြုစုခြင်းဖြင့် လာဘ်ပေးယူမှုကို ကျူးလွန်လျှင် ငွေဒဏ်သက်သက်သာ ချမှတ်ရမည်။

***ရှင်းလင်းချက်။*** 'ပြုစုခြင်း' ဆိုသည်မှာ အစား၊ အသောက်၊ ဖျော်ဖြေမှု၊ ရိက္ခာတစ်ခုခုဖြင့် တံစိုးအပေးအယူပြုသော လာဘ်ပေးယူမှုမျိုးကို ဆိုလိုသည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ လာဘ်ပေးသူဖြစ်လျှင် တရားခံသည် တစ်ဦးတစ်ယောက်အား တံစိုးပေးခြင်း။

၂။ ရွေးကောက်မှု အခွင့်အရေးကို သုံးစွဲရန် သွေးဆောင်လိုသော ရည်ရွယ်ချက်၊ သို့မဟုတ် ထိုအခွင့်အရေးကို သုံးစွဲသည့်အတွက် ဆုလာဘ်ပေးလိုသော ရည်ရွယ်ချက်နှင့်ဖြစ်ခြင်း။

http://www.cherrythitsar.org



<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၇၁ င | လာဘ်ပေးယူမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ သို့မဟုတ် ပြုစုခြင်းမှုသာ ဖြစ်လျှင် ငွေဒဏ် သက်သက်သာ။ | မည်သည့် ရာဇဝတ် တရားသူကြီး မဆို။ |

**ရွေးကောက်ပွဲ၌ မလျော်သြဇာသုံးမှုအတွက် သို့တည်းမဟုတ် သူတစ်ပါးအယောင်ဆောင်မှု အတွက် ပြစ်ဒဏ်။**
**(ပုဒ်မ-၁၇၁ စ)**

**Punishment for undue influence or personation at an election.**
**(Section-171 F)**

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

မည်သူမဆို ရွေးကောက်ပွဲတွင် မလျော်သြဇာသုံးမှုကို၊ သို့တည်းမဟုတ် သူတစ်ပါး အယောင်ဆောင်မှုကို ကျူးလွန်လျှင် ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

*ခြွင်းချက်။* သို့ရာတွင် ပါလီမန်ဆိုင်ရာ လွှတ်တော်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ သူတစ်ပါး အယောင်ဆောင်မှု ကျူးလွန်လျှင် ထိုသူအား နှစ်နှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

<u>**အကျုံးဝင်သည့် အင်္ဂါရပ်များ**</u>

မလျော်သြဇာသုံးမှုအတွက်-

၁။ တရားခံသည် နှောင့်ယှက်ခြင်း၊ နှောင့်ယှက်ရန် အားထုတ်ခြင်း။

၂။ ယင်းပြုလုပ်မှုသည် လူတစ်ဦး၏ ရွေးကောက်ပွဲတစ်ခုခု၌ ရွေးကောက်မှု အခွင့်အရေးကို လွတ်လပ်စွာ သုံးစွဲခြင်းကို နှောင့်ယှက်ရန်ဖြစ်ခြင်း။

၃။ ထိုသို့ နှောင့်ယှက်ခြင်းသည် တရားခံက မိမိအလိုအလျောက်ပြုသည်ဖြစ်ခြင်း။

http://www.cherrythitsar.org



**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၇၁ စ | ရွေးကောက်ပွဲ၌ မလျော်သြဇာသုံးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |
| | ပါလီမန်ဆိုင်ရာ လွှတ်တော်တစ်ရပ်ရပ်နှင့် | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | သမ္မန်စာ | အာမခံ ပေးခွင့်မရှိ။ | ကျေအေးခွင့် မရှိ။ | ငွေဒဏ်ဖြစ်စေ၊ ငွေဒဏ်မပါဘဲ ဖြစ်စေ၊ အလုပ်ကြမ်းနှင့် ၂နှစ်ထိ ထောင်ဒဏ် | ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |
| | အခြားရွေးကောက်ပွဲတစ်ရပ်ရပ်၌ သူတစ်ပါး အယောင်ဆောင်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မဟုတ်မမှန် ဖော်ပြခြင်း။ (ပုဒ်မ-၁၇၁ ဆ)**

**False statement in connection with an election. (Section-171 G)**

**ဥပဒေပြဋ္ဌာန်းချက်**

ရွေးကောက်ပွဲ၏ မဲရအခြေအနေကို ထိခိုက်စေရန်အကြံဖြင့် အရွေးခံရသူ၏ စာရိတ္တနှင့်ဖြစ်စေ၊ အပြုအမူနှင့်ဖြစ်စေ စပ်လျဉ်း၍ မမှန်သည်လည်းဖြစ်သည့်ပြင် မမှန်ကြောင်း မိမိသိသည်လည်းဖြစ်သော၊ သို့တည်းမဟုတ် ယုံကြည်သည်လည်း ဖြစ်သော၊ သို့တည်းမဟုတ် မှန်သည်ဟု မိမိယုံကြည်ခြင်း မရှိသည်လည်းဖြစ်သော ကြောင်းခြင်းရာ ဖော်ပြချက်သဘောသို့ သက်ရောက်သည့် ဖော်ပြချက်ကို မည်သူ မဆို ပြုလျှင်၊ သို့တည်းမဟုတ် ကြေညာလျှင် ထိုသူကို ငွေဒဏ်ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ရွေးကောက်ပွဲတွင် အရွေးခံရသူတစ်ဦး၏ အကျင့်စာရိတ္တနှင့် ဖြစ်စေ၊ အပြုအမူနှင့်ဖြစ်စေ ကြောင်းခြင်းရာဖော်ပြချက်ပြုခြင်း၊ ကြေငြာခြင်း။

၂။ ထိုဖော်ပြချက်သည် မမှန်သည်လည်းဖြစ်သည့်အပြင် မမှန်ကြောင်း တရားခံ သိခြင်း၊ ယုံကြည်ခြင်းနှင့် မှန်သည်ဟု တရာခံယုံကြည်ခြင်း မရှိသည်လည်း ဖြစ်ခြင်း။

၃။ ရွေးကောက်ပွဲ၏ မဲရအခြေအနေကို ထိခိုက်စေရန် အကြံဖြင့်ပြုခြင်း၊ ကြေငြာ ခြင်း။

<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၇၁ ဆ | ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မဟုတ်မမှန် ဖော်ပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ကျပ်၅၀၀ထိ ငွေဒဏ်။ | ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဥပဒေနှင့်မညီသောပေးခြင်း။ (ပုဒ်မ-၁၇၁ ဇ)**

**Illegal payments in connection with an election. (Section-171 H)**

<u>ဥပဒေပုဒ်မဆိုချက်</u>

အရွေးခံသူတစ်ဦး၏ ယေဘူယျခွင့်ပြုစာကိုဖြစ်စေ၊ အထူးခွင့်ပြုစာကိုဖြစ်စေ မရရှိဘဲ ထိုသူအရွေးခံရခြင်းကို အားပေးရန်၊ သို့တည်းမဟုတ် ဖြစ်မြောက်စေရန် အလို့ငှာ ပြည်သူတို့နှင့်ဆိုင်သော အစည်းအဝေးတစ်ရပ်ရပ် ကျင်းပပြုလုပ်သည့် အတွက်သော်လည်းကောင်း၊ ကြေညာသည့်အတွက်သော်လည်းကောင်း၊ ဖြန့်ချိစာ ပို့သည့်အတွက်သော်လည်းကောင်း၊ ပုံနှိပ်ထုတ်ဝေသည့်အတွက်သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း မည်သူမဆို စရိတ်ကျခံလျှင်၊ သို့တည်း မဟုတ် စရိတ်ကျခံရန် အခွင့်ပြုလျှင် ထိုသူကို ငါးရာထိ ငွေဒဏ်ချမှတ်ရမည်။

ခြွင်းချက်။ သို့ရာတွင် တစ်ဦးတစ်ယောက်သောသူသည် အခွင့်ပြုစာ မရရှိဘဲ ငွေ တစ်ဆယ်ထက်မပိုသော စရိတ်ကို ကျခံပြီးနောက် ထိုစရိတ်များကို ကျခံသည့်နေ့မှ ဆယ်ရက်အတွင်း အရွေးခံသူ၏စာဖြင့် ရေးသားသည့် သဘောတူညီချက်ကိုရရှိလျှင် ထိုသူသည် ထိုအရွေးခံသူ၏ ခွင့်ပြုစာဖြင့် ထိုစရိတ်များကို ကျခံသည်ဟု မှတ်ယူ ရမည်။

<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>

၁။ တရားခံသည် ပြည်သူတို့နှင့်သက်ဆိုင်သော အစည်းအဝေးတစ်ရပ်ရပ် ကျင်းပ ပြုလုပ်ရန်အတွက်သော်လည်းကောင်း၊ ကြေညာသည့်အတွက်သော် လည်း ကောင်း၊ ဖြန့်ချိစာပို့သည့်အတွက်သော်လည်းကောင်း၊ ပုံနှိပ်ထုတ်ဝေသည့် အတွက်သော်လည်းကောင်း စရိတ်ကျခံခြင်း၊ စရိတ်ကျခံရန်ခွင့်ပြုခြင်း။

၂။ ထိုသို့ကျခံခြင်း၊ ကျခံရန်ခွင့်ပြုခြင်းမှာ အရွေးခံသူတစ်ဦးဦး၏ အရွေးခံရခြင်း ကို အားပေးရန်၊ ဖြစ်မြောက်စေရန်ဖြစ်ခြင်း။

၃။ ယင်းသို့ပြုခြင်းသည် အရွေးခံသူ၏ ယေဘူယျခွင့်ပြုစာ၊ သို့မဟုတ် ခွင့်ပြုစာကို မရရှိဘဲဖြစ်ခြင်း။

http://www.cherrythitsar.org



ကျင့်ထုံး

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၇၁ ဇ | ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဥပဒေနှင့်မညီသောပေးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ကျပ်၅၀၀ထိ ငွေဒဏ်။ | ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

## ရွေးကောက်ပွဲဆိုင်ရာ ငွေစာရင်းထားရှိရန် ပျက်ကွက်ခြင်း။ (ပုဒ်မ-၁၇၁ ဈ)

**Failure to keep election accounts. (Section-171 I)**

ဥပဒေပြဋ္ဌာန်းချက်

တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဥပဒေကဲ့သို့ပင် အာဏာရှိသော နည်းဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ရွေးကောက်ပွဲတစ်ခုခု၌သော် လည်းကောင်း၊ ရွေးကောက်ပွဲတစ်ခုခုနှင့် စပ်လျဉ်း၍သော်လည်းကောင်း ကုန်ကျသောစရိတ်ကို ငွေစာရင်းပြုလုပ်ထားရှိရန် တာဝန်ရှိလျက်နှင့် ထိုငွေစာရင်းကို ပြုလုပ်ထားရှိရန် မည်သူမဆိုပျက်ကွက်လျှင် ထိုသူကို ငါးရာထိ ငွေဒဏ်ချမှတ်ရမည်။

အကျုံးဝင်သည့် အင်္ဂါရပ်များ

၁။ တရားခံသည် တည်ဆဲဥပဒေအရဖြစ်ခြင်း၊ ဥပဒေကဲ့သို့ အာဏာရှိသော နည်းဥပဒေအရဖြစ်စေ၊ ရွေးကောက်ပွဲ၌ ကုန်ကျစရိတ်ကို ငွေစာရင်းပြုလုပ်ထားရှိရန် တာဝန်ရှိခြင်း။

၂။ သို့တာဝန်ရှိပါလျက် ငွေစာရင်းပြုလုပ်ထားရှိရန် ပျက်ကွက်ခြင်း။

ကျင့်ထုံး

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၇၁ ဈ | ရွေးကောက်ပွဲဆိုင်ရာ ငွေစာရင်းထားရှိရန် ပျက်ကွက်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ကျပ်၅၀၀ထိ ငွေဒဏ်။ | ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



**မဲပြားမဲလက်မှတ်တစ်ခုခုကို ဥပဒေနှင့်ဆန့်ကျင်၍ လက်ရှိထားခြင်း။ (ပုဒ်မ-၁၇၁ ည)**

**Illegal possession at election to either Chamber of Parliament of voting tokens, ballot papers or colourable imitation thereof. (Section-171 J)**

**ဥပဒေဖွင့်ဆိုချက်**

မည်သူမဆို မိမိကိုယ်တိုင်က သက်သေထင်ရှားပြရန်တာဝန်ရှိသော ဥပဒေနှင့်အညီ အပြစ်တွင် ကင်းလွတ်ခွင့်မရှိဘဲ ရွေးကောက်ပွဲအတွက် မဲပေးရာဖြစ်သော မဲရုံအတွင်း၌ မိမိ၏မဲကို ဥပဒေနှင့်အညီပေးရန်အလို့ငှာမှတစ်ပါး မဲပြားတစ်ခုကို သို့တည်းမဟုတ် မဲလက်မှတ်တစ်ခုကို၊ သို့တည်းမဟုတ် အရောင်တူအတုပြုထားသော မဲပြားမဲလက်မှတ်တစ်ခုကိုဖြစ်စေ၊ အများကိုဖြစ်စေ လက်ရှိထားလျှင်၊ သို့တည်းမဟုတ် ဆက်လက်ထားရှိလျှင်၊ သို့တည်းမဟုတ် အဆိုပါမဲရုံအပြင်ဘက်၌ မဲပြားတစ်ခုကို၊ သို့တည်းမဟုတ် မဲလက်မှတ်တစ်ခုကို၊ သို့တည်းမဟုတ် အရောင်တူ အတုပြုထားသော မဲပြားလက်မှတ်တစ်ခုကိုဖြစ်စေ၊ အများကိုဖြစ်စေ လက်ရှိထားလျှင် ထိုသူအား နှစ်နှစ်ထိ အလုပ်ကြမ်းနှင့်ထောင်ဒဏ် ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ရွေးကောက်ပွဲအတွက် မဲပေးရာဖြစ်သော မဲရုံအတွင်း၌ ဥပဒေနှင့်အညီ မဲပေးရန်မှတစ်ပါး မဲပြား၊ မဲလက်မှတ်၊ သို့မဟုတ် အရောင်တူ အတုပြုထားသော မဲပြားကို လက်ရှိထားခြင်း၊ ဆက်လက်ထားရှိခြင်း၊ သို့မဟုတ် တရားခံသည် မဲရုံအပြင်ဘက်၌ မဲပြား မဲလက်မှတ် သို့မဟုတ် အရောင်အတုပြုထားသော မဲပြားလက်မှတ်ကို လက်ရှိထားခြင်း။

၂။ တရားခံသည် ဥပဒေနှင့်အညီ အပြစ်ကင်းလွတ်ခွင့်မရှိဘဲ ယင်းသို့ ထားရှိသည်ဖြစ်ခြင်း။

၃။ အပြစ်ကင်းလွတ်ခွင့်ရှိကြောင်း တရားခံ၌ သက်သေပြရန် တာဝန်ရှိခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၇၁ ည | မိမိ၏မဲကို ဥပဒေနှင့်အညီပေးရန် အလို့ငှာ မှတစ်ပါး မဲပြားတစ်ခုကို၊ သို့မဟုတ် မဲလက်မှတ်တစ်ခုကို၊ သို့မဟုတ် အရောင်တူ အတုပြုထားသော မဲပြားလက်မှတ်တစ်ခုကို ဥပဒေနှင့် ဆန့်ကျင်၍ လက်ရှိထားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | သမ္မန်စာ | အာမခံ ပေးခွင့်မရှိ။ | ကျေအေးခွင့် မရှိ။ | ငွေဒဏ်နှင့် ဖြစ်စေ၊ ငွေဒဏ် မပါဘဲဖြစ်စေ၊ ၂နှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်။ | ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



## အခန်း(၁၀)
## ပြည်သူ့ဝန်ထမ်းများ၏ ဥပဒေအရ အာဏာကို မထီလေးစားပြုခြင်း

**သမ္မန်စာ၊ သို့တည်းမဟုတ် အခြားအမိန့်ဆင့်စာ ချအပ်ခြင်းကို တိမ်းရှောင်ခြင်း။ (ပုဒ်မ-၁၇၂)**

**Absconding to avoid service of summons or other proceeding. (Section-172)**

**ဥပဒေပြဋ္ဌာန်းချက်**

ပြည်သူ့ဝန်ထမ်းတစ်ဦးက ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် ဥပဒေနှင့်အညီ ထုတ်ဆင့်ပိုင်သည့်အတိုင်း ထုတ်ဆင့်သော သမ္မန်စာဖြစ်စေ၊ နို့တစ်စာဖြစ်စေ၊ အမိန့်စာဖြစ်စေ ချအပ်သည်ကို မည်သူမဆို တိမ်းရှောင်လျှင် ထိုသူကို တစ်လထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငါးရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ သို့တည်းမဟုတ် သမ္မန်စာမှာဖြစ်စေ၊ နို့တစ်စာမှာဖြစ်စေ၊ အမိန့်စာမှာဖြစ်စေ တရားရုံးသို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ကိုသော်လည်းကောင်း တက်ရောက်စေရန်၊ သို့တည်းမဟုတ် စာတမ်းအမှတ်အသားတစ်ခုခုကို တင်ပြစေရန် ပါရှိလျှင် ထိုသူကို ခြောက်လထိ အလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

**ပထမပိုင်းအတွက်**

၁။ သမ္မန်စာ၊ နို့တစ်စာ၊ သို့မဟုတ် အမိန့်စာဖြစ်ခြင်း။
၂။ ပြည်သူ့ဝန်ထမ်းတစ်ဦးဦးက ထုတ်ဆင့်ခြင်း။
၃။ ထိုပြည်သူ့ဝန်ထမ်းတွင် ဥပဒေနှင့်အညီ ထုတ်ဆင့်ပိုင်ခွင့်ရှိခြင်း။
၄။ တရားခံအပေါ် ချမှတ်ရန် ထုတ်ဆင့်ခြင်း။
၅။ တရားခံသည် ယင်းသမ္မန်စာ၊ နို့တစ်စာ၊ အမိန့်စာ ချမှတ်သည်ကို တိမ်းရှောင်ခြင်း။

**ဒုတိယပိုင်းအတွက်**

၁။ ပထမပိုင်းအတွက် အင်္ဂါရပ်များ။
၂။ တရားခံအား ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော် လည်းကောင်း တက်ရောက်စေရန်၊ သို့မဟုတ် စာတမ်းအမှတ်အသားတစ်ခုခုကို တင်ပြစေရန်ဖြစ်ခြင်း။
၃။ ထိုသို့ တက်ရောက်ခြင်း၊ တင်ပြခြင်းမှာ တရားရုံးတွင်ဖြစ်ခြင်း။

http://www.cherrythitsar.org



**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၇၂ | ပြည်သူ့ဝန်ထမ်းတစ်ဦးက ထုတ်ဆင့်သည့် သမ္မန်စာ၊ သို့မဟုတ် အခြားအမိန့်ဆင့်စာ ချအပ်ခြင်းကို တိမ်းရှောင်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁နှစ်ထိအလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်၅၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | မည်သည့် ရာဇဝတ် တရားသူကြီး မဆို။ |
| | သမ္မန်စာမှာ၊ သို့မဟုတ် နို့တစ်စာမှာ တရားရုံးသို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ကိုသော်လည်းကောင်း တက်ရောက်စေရန်ဖြစ်လျှင်။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၆လထိအလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်၁၀၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | မည်သည့် ရာဇဝတ် တရားသူကြီး မဆို။ |

**သမ္မန်စာ၊ သို့တည်းမဟုတ် အခြားအမိန့်ဆင့်စာ ချအပ်သည်ကိုဖြစ်စေ၊ ကြေညာသည်ကို ဖြစ်စေ တားဆီးခြင်း။ (ပုဒ်မ-၁၇၃)**

**Preventing service of summons or other proceeding, or preventing publication thereof. (Section-173)**

**ဥပဒေဖွင့်ဆိုချက်**

မည်သူမဆို မိမိသို့သော်လည်းကောင်း၊ အခြားသူတစ်ဦးတစ်ယောက်သို့သော်လည်းကောင်း ပြည်သူ့ဝန်ထမ်းတစ်ဦးက ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် ဥပဒေနှင့်အညီ ထုတ်ဆင့်ပိုင်သည့်အတိုင်း ထုတ်ဆင့်သည့် သမ္မန်စာဖြစ်စေ၊ နို့တစ်စာ ဖြစ်စေ၊ အမိန့်စာဖြစ်စေ ချအပ်သည်ကို တစ်နည်းနည်းဖြင့် တမင်တားဆီးလျှင်၊ သို့တည်းမဟုတ် တစ်နေရာရာတွင် ထိုသမ္မန်စာဖြစ်စေ၊ ထိုနို့တစ်စာဖြစ်စေ၊ ထိုအမိန့်စာဖြစ်စေ ဥပဒေနှင့်အညီ ဆွဲကပ်သည်ကို တမင်တားဆီးလျှင်၊ သို့တည်းမဟုတ် ထိုသမ္မန်စာဖြစ်စေ၊ ထိုနို့တစ်စာဖြစ်စေ၊ ထိုအမိန့်စာဖြစ်စေ ဥပဒေနှင့်အညီ ဆွဲကပ်ရာ နေရာတစ်ခုခုမှ တမင်ခွာပစ်လျှင်၊ သို့တည်းမဟုတ် ဥပဒေနှင့်အညီ ထုတ်ပြန်ကြေညာရန် ဆင့်ဆိုပိုင်သူဖြစ်သော ပြည်သူ့ဝန်ထမ်းတစ်ဦး၏ အမိန့်အရ ဥပဒေနှင့်အညီ ထုတ်ပြန်ကြေညာသည်ကို တမင်တားဆီးလျှင် ထိုသူကို တစ်လထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငါးရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

သို့တည်းမဟုတ် သမ္မန်စာဖြစ်စေ၊ နို့တစ်စာဖြစ်စေ၊ အမိန့်စာမှာဖြစ်စေ၊ ကြေညာစာမှာဖြစ်စေ တရားရုံးသို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ကို

http://www.cherrythitsar.org



သော်လည်းကောင်း တက်ရောက်စေရန်၊ သို့တည်းမဟုတ် စာတမ်းအမှတ်အသား တစ်ခုခုကို တင်ပြစေရန် ပါရှိလျှင် ထိုသူကို ခြောက်လထိ အလုပ်မဲ့ထောင်ဒဏ် ဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

**<u>ပထမပိုင်းအတွက်</u>**

၁။ သမ္မန်စာ၊ နို့တစ်စာ၊ အမိန့်စာ သို့မဟုတ် ထုတ်ပြန်ကြေညာချက်ဖြစ်ခြင်း။

၂။ ပြည်သူ့ဝန်ထမ်းတစ်ဦးက ဥပဒေနှင့်အညီ ထုတ်ဆင့်ပိုင်သည့်အတိုင်း ထုတ်ဆင့်ခဲ့ခြင်း၊ ထုတ်ပြန်ကြေညာခဲ့ခြင်း။

၃။ ထုတ်ဆင့်သည့် သမ္မန်စာ၊ နို့တစ်စာ၊ အမိန့်စာသည် တရားခံအပေါ်ဖြစ်စေ၊ အခြားသူတစ်ဦးတစ်ယောက်အပေါ်ဖြစ်စေ ချအပ်ရန်ရှိခြင်း၊ ဥပဒေနှင့်အညီ ဆွဲကပ်ရန်ရှိခြင်း၊ ဥပဒေနှင့်အညီ ကြေညာရန်ရှိခြင်း။

၄။ တရားခံက ယင်းသို့ချအပ်ခြင်းကို တားဆီးခြင်း၊ ဆွဲကပ်ခြင်း၊ ထုတ်ပြန်ကြေညာခြင်းကို တားဆီးခြင်း။

၅။ ထိုသို့တားဆီးခြင်းမှာ တမင်ဖြစ်ခြင်း။

**<u>ဒုတိယပိုင်းအတွက်</u>**

၁။ ပထမပိုင်းအတွက် အင်္ဂါရပ်များ။

၂။ တရားခံအား ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော် လည်းကောင်း တက်ရောက်စေခြင်း သို့မဟုတ် စာတမ်းအမှတ်အသားတစ်ခုခုကို တင်ပြစေခြင်း။

၃။ ယင်းသို့ တင်ပြစေခြင်းမှာ တရားရုံးသို့ဖြစ်ခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၇၃ | သမ္မန်စာ သို့မဟုတ် နို့တစ်စာချအပ်သည်ကို တားဆီးမှု၊ သို့မဟုတ် ထိုသမ္မန်စာ၊ သို့မဟုတ် ထိုနို့တစ်စာကို ဥပဒေနှင့်အညီ စွဲကပ်ရာနေရာ တစ်ခုခုမှ ခွာပစ်မှု၊ သို့မဟုတ် ထုတ်ပြန် ကြေညာသည်ကို တားဆီးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁နှစ်ထိအလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်၅၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း ရာဇဝတ် တရားသူကြီး။ |
| | သမ္မန်စာမှာ၊ သို့မဟုတ် နို့တစ်စာမှာ တရားရုံးသို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ကိုသော်လည်းကောင်း တက်ရောက်စေရန်ဖြစ်လျှင်။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၆လထိအလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်၁၀၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း ရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ တရားမကျင့်ထုံး ဥပဒေအရလည်းကောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေအရ လည်းကောင်း ထုတ်ဆင့်သည့် သမ္မန်စာကို တရားခံက လက်ခံရန် ငြင်းဆိုလျှင် အတည်ဖြစ်သည့်အလျောက် တရားခံက သမ္မန်စာကို လက်ခံရန်ငြင်းဆိုသည့် အတည်ပြုခြင်းမှ တမင်တားဆီးသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

*[ဂျီဇာပန်တီးနှင့်အစိုးရ (၁၉၁၇-၂၀) အတွဲ ၃၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၂၀၂]*

၂။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ အရ ထုတ်ဆင့်သည့် အမိန့်စာကို လက်ခံရန်ငြင်းဆိုခြင်းသည် ဤပုဒ်မအရ ပြစ်မှုမမြောက်ပေ။

*[ဦးသုဓမ္မဝရနှင့် အစိုးရ၊ အတွဲ ၁၊ ရန်ကုန် ၄၉]*

## ပြည်သူ့ဝန်ထမ်းထုတ်ဆင့်သော အမိန့်ကို ဆန့်ကျင်၍ မတက်ရောက်ဘဲနေခြင်း။ (ပုဒ်မ-၁၇၄)

## Non-attendance in obedience to an order from public servant. (Section-174)

**ဥပဒေပြဋ္ဌာန်းချက်**

ပြည်သူ့ဝန်ထမ်းတစ်ဦးက ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် ဥပဒေနှင့်အညီ ထုတ်ဆင့်ပိုင်သည့်အတိုင်း ချိန်းဆိုသောကာလတွင် ချိန်းဆိုသောနေရာသို့ တစ်ဦး တစ်ယောက်သောသူအား ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ကိုသော် လည်းကောင်း တက်ရောက်စေရန် သမ္မန်စာဖြစ်စေ၊ နို့တစ်စာဖြစ်စေ၊ အမိန့်စာ ဖြစ်စေ၊ ကြေညာစာဖြစ်စေ ထုတ်ဆင့်သည်ကို ထိုသူသည် ဥပဒေအရ လိုက်နာရန် ဖြစ်ပါလျက်နှင့် ချိန်းဆိုသောကာလတွင် ချိန်းဆိုသောအရပ်သို့ မတက်ရောက်ဘဲ တမင်ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် တက်ရောက်ရန်တာဝန်ရှိသည့်နေရာမှ ဥပဒေအရ ထွက်ခွာသွားခွင့်ရသော အချိန်မတိုင်မီ ထွက်ခွာသွားလျှင် ထိုသူကို တစ်လထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငါးရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

သို့တည်းမဟုတ် သမ္မန်စာမှာဖြစ်စေ၊ နို့တစ်စာမှာဖြစ်စေ၊ အမိန့်စာမှာဖြစ်စေ၊ ကြေညာစာမှာဖြစ်စေ တရားရုံးသို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ကို သော်လည်းကောင်း တက်ရောက်စေရန်ပါရှိလျှင် ထိုသူကို ခြောက်လထိ အလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ် ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

**ပထမပိုင်းအတွက်**

၁။ သမ္မန်စာ၊ နို့တစ်စာ၊ အမိန့်စာ သို့မဟုတ် ကြေညာစာဖြင့် ထုတ်ဆင့်ခြင်း။

၂။ ပြည်သူ့ဝန်ထမ်းတစ်ဦးက ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် ထုတ်ဆင့်နိုင်သည့် သမ္မန်စာ၊ နို့တစ်စာ၊ အမိန့်စာ သို့မဟုတ် ကြေညာစာဖြစ်ခြင်း။

http://www.cherrythitsar.org



၃။ တရားခံသည် ထိုကဲ့သို့ ထုတ်ဆင့်သည်ကို ဥပဒေအရ ချိန်းဆိုသောကာလတွင် ချိန်းဆိုသောအရပ်သို့ တက်ရောက်ရန်တာဝန်ရှိခြင်း။
၄။ တရားခံသည် ချိန်းဆိုသောကာလတွင် ချိန်းဆိုသောအရပ်သို့ မတက်ရောက်ခြင်း၊ ထွက်ခွာရန်အချိန်မတိုင်မီ ထွက်ခွာသွားခြင်း။
၅။ ထိုကဲ့သို့ မတက်ရောက်ခြင်းသည် တမင်ပျက်ကွက်ခြင်းဖြစ်ခြင်း။

**<u>ဒုတိယပိုင်းအတွက်</u>**
၁။ ပထမပိုင်းအတွက် အင်္ဂါရပ်များ။
၂။ တရားရုံးသို့ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်နှင့်ဖြစ်စေ တက်ရောက်ရန် ညွှန်ကြားချက်ရှိခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၇၄ | ချိန်းဆိုသောနေရာသို့ ကိုယ်တိုင်သော် လည်းကောင်း၊ ကိုယ်စားလှယ်သော်လည်းကောင်း တက်ရောက်စေရန် ဥပဒေနှင့်အညီ ထုတ်ဆင့်သည့်အမိန့်ကို မလိုက်နာမှု၊ သို့မဟုတ် ထိုနေရာမှ ထွက်ခွာသွားခွင့်မရဘဲ ထွက်ခွာသွားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁လထိအလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်၅၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | မည်သည့် ရာဇဝတ် တရားသူကြီး မဆို။ |
| | ထိုအမိန့်အရ တရားရုံးသို့ ကိုယ်တိုင်သော် လည်းကောင်း၊ ကိုယ်စားလှယ်ကိုသော် လည်းကောင်း တက်ရောက်စေရန်ဖြစ်လျှင်။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၆လထိအလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်၁၀၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | မည်သည့် ရာဇဝတ် တရားသူကြီး မဆို။ |

**<u>စီရင်ထုံး</u>**
၁။ ပြည်သူ့ဝန်ထမ်းတစ်ဦးက ဥပဒေနှင့်အညီ ချိန်းဆိုသည့်နေရာသို့ ချိန်းဆိုသည့်အချိန်တွင် တက်ရောက်ရန် တမင်ပျက်ကွက်ခြင်းအတွက် ပြစ်ဒဏ်သတ်မှတ်သောပုဒ်မဖြစ်သည်။ စည်ပင်သာယာရေးအဖွဲ့မှ အဆောက်အဦးခွန်နှင့် မီးခွန်ပေးသွင်းရန် နို့တစ်စာပေးခဲ့ရာ တရားခံသည် အခွန်ငွေများကို ပေးသွင်းရန် ပျက်ကွက်ခဲ့သည်။ စည်ပင်သာယာရေးအဖွဲ့က ထုတ်ဆင့်သော နို့တစ်စာမှာ အခွန်တော်စည်းကြပ်သည့်စာသာဖြစ်သည်။ ထိုနို့တစ်စာတွင် အခွန်တော်ငွေများ မထမ်းဆောင်ပါက မြေခွန်တော်ဥပဒေအရ တိကျစွာအရေးယူမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ နို့တစ်စာတွင် စည်ပင်သာယာရေးအဖွဲ့သို့ လူကိုယ်တိုင်သော် လည်းကောင်း၊

http://www.cherrythitsar.org



ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း တက်ရောက်ရန် ထုတ်ဆင့်သည့် နို့တစ်စာ မဟုတ်သဖြင့် ယင်းနို့တစ်စာကို မလိုက်နာခြင်းကြောင့် ပုဒ်မ ၁၇၄ အရ ပြစ်မှု ကျူးလွန်ရာမရောက်ပေ။

*[ဦးလှဖေနှင့်ပြည်ထောင်စု၊ ၁၉၇၉၊ မြန်မာပြည်စီရင်ထုံး၊ ၁၄၄]*

၂။ ပြည်သူ့ဝန်ထမ်းက ထုတ်ဆင့်သော သမ္မန်စာ၊ နို့တစ်စာ၊ အမိန့်စာ သို့မဟုတ် ကြေညာစာတွင်ပါသည့်အတိုင်း ချိန်းဆိုသောကာလနှင့် ချိန်းဆိုသောအရပ်သို့ တရားခံသည် တက်ရောက်ရန် ဥပဒေအရ တာဝန်ရှိပါလျက် ထိုတာဝန်ကို လိုက်နာရန် တမင်ပျက်ကွက်မှသာ ဤပုဒ်မအရ ပြစ်မှုမြောက်သည်။ တရားခံသည် ချိန်းဆိုသောကာလနှင့် ချိန်းဆိုသောအရပ်သို့ တက်ရောက်ရန် ဥပဒေအရ တာဝန်မရှိပါက ချိန်းဆိုခြင်းကို လိုက်နာရန် ပျက်ကွက်သော်လည်း ဤပုဒ်မအရ အရေးမယူနိုင်ပေ။ သို့ဖြစ်ရာ ရှေ့နေရှေ့ရပ်များ ဥပဒေပုဒ်မ ၃၆ အရ အမှုပွဲစားတစ်ဦးအပေါ် အမိန့်ချမှတ်ရာ၌ ချမှတ်သောအမိန့်ကို နာယူရန် တက်ရောက်ခြင်းမှ ပျက်ကွက်မှုသည် ဤပုဒ်မနှင့် အကျုံးမဝင်ပေ။

*[ပီ၊ဂျေ၊မန်းနီးနှင့်အစိုးရ၊ အတွဲ ၆၊ ရန်ကုန်၊ ၅၂၉]*

၃။ **တရားခံသည်** သမ္မန်စာ၊ နို့တစ်စာ၊ အမိန့်စာ သို့မဟုတ် ကြေညာစာတွင် ပါသည့် နေရာနှင့်အချိန်တွင် တက်ရောက်ရန် တမင်ပျက်ကွက်မှသာ ဤပုဒ်မအရ ပြစ်ဒဏ်ထင်ရှား စီရင်ခြင်းကိုပြုနိုင်မည်ဖြစ်သည်။ တစ်နည်းဆိုသော် အကြောင်းကြောင်းကြောင့် ပျက်ကွက်ခြင်းသည် ပြစ်မှုမမြောက်ဘဲ တမင်တကာ ပျက်ကွက်ခြင်းသာလျှင် ပြစ်မှုမြောက်မည်ဖြစ်သည်။ ဝတ်လုံတစ်ဦးဦးအား မော်တော်ယာဉ် ဥပဒေအရ အရေးယူပြီး သမ္မန်စာထုတ်ဆင့်ခဲ့ရာ ချိန်းဆိုသည့်နေ့တွင် တရားလွှတ်တော်၌ အမှုလိုက်နေရသဖြင့် ၄င်း၏ရှေ့နေလာရောက်ပြီး ရက်ချိန်းတောင်းခဲ့သည့်ကိစ္စတွင် တရားခံသည် ရုံးသို့လာရောက်ရန် တမင်ပျက်ကွက်ခြင်းမဟုတ်၍ ဤပုဒ်မဖြင့် အရေးမယူနိုင်ပေ။

*[ဂျေ၊အာဘရုံ၊ဒတ်နှင့်အစိုးရ၊ အတွဲ ၁၊ ရန်ကုန်၊ ၅၄၉]*

၄။ တရားခံသည် တရားလွှတ်တော်မှ သက်သေခံရန် သမ္မန်စာထုတ်ခဲ့သော်လည်း သက်သေမခံရအောင် တရားလွှတ်တော်၏ ပိုင်နက်မှ ထွက်ခွာသွားခြင်းသည် ရုံးအား မထီမဲ့မြင်ပြုရာရောက်သဖြင့် မထီမဲ့မြင်ပြုမှုဖြင့် အရေးယူနိုင်ပေသည်။

*[အီဗရာဟင်မာမူဂျီပါရက်နှင့်အစိုးရ၊ အတွဲ ၄၊ ရန်ကုန်၊ ၂၅၇]*

## ပြည်သူ့ဝန်ထမ်းသို့ စာတမ်းအမှတ်အသား တင်ပြရန် ဥပဒေနှင့်အညီ တာဝန်ရှိသူက တင်မပြဘဲ ပျက်ကွက်ခြင်း။ (ပုဒ်မ-၁၇၅)

## Omission to produce document to public servant by person legally bound to produce it. (Section-175)

**ဥပဒေပွင့်ဆိုချက်**

ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် ထိုပြည်သူ့ဝန်ထမ်းသို့ စာတမ်းအမှတ်အသား တစ်ခုခု တင်ပြရန်သော်လည်းကောင်း၊ ပေးအပ်ရန်သော်လည်းကောင်း ဥပဒေအရ

http://www.cherrythitsar.org



တာဝန်ရှိသောသူသည် ထိုစာတမ်းအမှတ်အသားကို မတင်ပြဘဲ၊ သို့တည်းမဟုတ် မပေးအပ်ဘဲ မတင်ပျက်ကွက်လျှင် ထိုသူကို တစ်လထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငါးရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

သို့တည်းမဟုတ် စာတမ်းအမှတ်အသားကို တရားရုံးသို့ တင်ပြရန်ဖြစ်လျှင်၊ သို့တည်းမဟုတ် ပေးအပ်ရန်ဖြစ်လျှင် ထိုသူကို ခြောက်လထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တရားခံသည် ပြည်သူ့ဝန်ထမ်း သို့မဟုတ် တရားရုံးသို့ စာရွက်စာတမ်း အမှတ်အသားတစ်ခုခုကို တင်ပြရန် ဥပဒေအရ တာဝန်ရှိခြင်း။

၂။ တာဝန်ရှိပါလျက် တင်ပြရန် ပျက်ကွက်ခြင်း။

၃။ ထိုသို့ ပျက်ကွက်မှုသည် တမင်ပျက်ကွက်မှုဖြစ်ခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၇၅ | ပြည်သူ့ဝန်ထမ်းသို့ စာတမ်းအမှတ်အသား တစ်ခုခုတင်ပြရန်သော်လည်းကောင်း၊ ပေးအပ်ရန်သော်လည်းကောင်း ဥပဒေနှင့်အညီ တာဝန်ရှိသူက မတင်ပြဘဲ၊ သို့မဟုတ် မပေးအပ်ဘဲ တမင်ပျက်ကွက်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁လထိအလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်၅၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ အခန်း၃၅ပါ ပြဋ္ဌာန်းချက်များ နှင့်ဆန့်ကျင်စေဘဲ ပြစ်မှုကျူးလွန်ရာ တရားရုံးသို့မဟုတ် တရားရုံးတစ်ရုံး တွင်ကျူးလွန်ခြင်း မဟုတ်လျှင် ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး |
| | စာတမ်းအမှတ်အသားကို တရားရုံးသို့တင်ပြစေရန် သို့မဟုတ် ပေးအပ်စေရန်ဖြစ်လျှင် | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၆လထိအလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်၁၀၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ၄င်း |

http://www.cherrythitsar.org



**ပြည်သူ့ဝန်ထမ်းသို့ တိုင်ကြားရန်၊ သို့တည်း မဟုတ် သတင်းပေးရန် ဥပဒေအရတာဝန် ရှိသူက မတိုင်ကြားဘဲ၊ သို့တည်းမဟုတ် သတင်းမပေးဘဲ ပျက်ကွက်ခြင်း။ (ပုဒ်မ-၁၇၆)**

**Omission to give notice or information to public servant by person legally bound to give it. (Section-176)**

**ဥပဒေပြဋ္ဌာန်းချက်**

ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် ထိုပြည်သူ့ဝန်ထမ်းသို့ အကြောင်းအရာတစ်ခုခုနှင့် စပ်လျဉ်း၍ တိုင်ကြားရန်ဖြစ်စေ၊ သတင်းပေးရန်ဖြစ်စေ ဥပဒေအရတာဝန်ရှိသူသည် ဥပဒေအရ လိုအပ်သော နည်းလမ်းအတိုင်း ထိုသို့ လိုအပ်သောကာလတွင် ထို အကြောင်းအရာနှင့်စပ်လျဉ်း၍ မတိုင်ကြားဘဲ၊ သို့တည်းမဟုတ် သတင်းမပေးဘဲ တမင်ပျက်ကွက်လျှင် ထိုသူကို တစ်လထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငါးရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

သို့တည်းမဟုတ် ပေးရန်လိုအပ်သော တိုင်ကြားချက်သည်၊ သို့တည်းမဟုတ် သတင်းပေးချက်သည် ပြစ်မှုကျူးလွန်ခြင်းနှင့် သက်ဆိုင်လျှင်၊ သို့တည်းမဟုတ် ပြစ်မှုကျူးလွန်ခြင်းကို တားဆီးရန် အလို့ငှာသော်လည်းကောင်း၊ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရန်အလို့ငှာသော်လည်းကောင်း ဖြစ်လျှင် ထိုသူကို ခြောက်လထိ အလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ် ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

**ပထမပိုင်းအတွက်**

၁။ တရားခံသည် အကြောင်းအရာ၊ သတင်းတစ်ခုခုကိုသိခြင်း။

၂။ ထိုအကြောင်းအရာနှင့် စပ်လျဉ်း၍ တိုင်ကြားရန်၊ သတင်းပေးရန် တရားခံတွင် ဥပဒေအရ တာဝန်ရှိခြင်း။

၃။ ပြည်သူ့ဝန်ထမ်းသို့ တိုင်ကြားရန်၊ သတင်းပေးရန် တာဝန်ရှိခြင်း။

၄။ တာဝန်ရှိပါလျက် မတိုင်ကြားဘဲ၊ သတင်းမပေးဘဲ ပျက်ကွက်ခြင်း။

၅။ တမင်ပျက်ကွက်သည်ဖြစ်ခြင်း။

**ဒုတိယပိုင်းအတွက်**

၁။ ပထမပိုင်းအတွက် လိုအပ်သော အင်္ဂါရပ်များ။

၂။ ပေးရန်လိုအပ်သော တိုင်ကြားချက်၊ သို့မဟုတ် သတင်းပေးချက်သည် ပြစ်မှု ကျူးလွန်ခြင်းနှင့် သက်ဆိုင်ခြင်း၊ ပြစ်မှုကျူးလွန်ခြင်းကို တားဆီးရန်ဖြစ်ခြင်း၊ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရန်ဖြစ်ခြင်း။

http://www.cherrythitsar.org



**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၇၆ | ပြည်သူ့ဝန်ထမ်းသို့ တိုင်ကြားရန်၊ သို့မဟုတ် သတင်းပေးရန် ဥပဒေအရ တာဝန်ရှိသူက တိုင်ကြားရန်၊ သို့မဟုတ် သတင်းပေးရန် တမင်ပျက်ကွက်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁လထိအလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်၅၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး |
| | တိုင်ကြားချက်သည် သို့မဟုတ် သတင်းပေး ချက်သည် ပြစ်မှုကျူးလွန်ခြင်း အစရှိသည် တို့နှင့် သက်ဆိုင်လျှင်။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၆လထိအလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်၁၀၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး |

**စီရင်ထုံး**

၁။ တိုင်ကြားရန်၊ သတင်းပေးရန် ဥပဒေအရ တာဝန်ရှိသူက သတင်းပေးရန်၊ တိုင်ကြားရန် ပျက်ကွက်မှသာ ဤပုဒ်မနှင့် အကျုံးဝင်သည်။ တိုင်ကြားရန်၊ သတင်းပေးရန် ဥပဒေအရ တာဝန်ရှိသူမဟုတ်ပါက ပျက်ကွက်မှုအတွက် အရေးမယူနိုင်။ ရိုးရိုးရွာသားဖြစ်သည့် ကုလီတစ်ဦးသည် ခိုးမှုကျူးလွန်သည့်ကိစ္စနှင့် ပတ်သက်၍ တိုင်ကြားရန်၊ သတင်းပေးရန် ပျက်ကွက်ခြင်းသည် ဤပုဒ်မအရ ပြစ်မှုမမြောက်။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၄၊ ၄၅ အရသော်လည်းကောင်း၊ ကျေးရွာအက်ဥပဒေပုဒ်မ ၁၁ အရသော်လည်းကောင်း ရွာသားတစ်ဦးသည် ခိုးမှုနှင့်စပ်လျဉ်း၍ တိုင်ကြားရန်သော်လည်းကောင်း၊ သတင်းပေးရန်သော်လည်းကောင်း ဥပဒေအရ တာဝန်မရှိချေ။

*[အစိုးရနှင့်ရွှေရင် (၁၈၉၂-၉၆) အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၁၇၁]*

**မမှန်သတင်းပေးခြင်း။ (ပုဒ်မ-၁၇၇)**

**Furnishing false information. (Section-177)**

**ဥပဒေဖွင့်ဆိုချက်**

ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် ထိုပြည်သူ့ဝန်ထမ်းသို့ အကြောင်းအရာတစ်ခုခုနှင့် စပ်လျဉ်း၍ ဥပဒေအရ သတင်းပေးရန်တာဝန်ရှိသူသည် ထိုအကြောင်းအရာနှင့် စပ်လျဉ်း၍ မမှန်ဟု မိမိသိသောသတင်းကိုဖြစ်စေ၊ မမှန်ဟု မိမိယုံကြည်ရန် အကြောင်းရှိသော သတင်းကိုဖြစ်စေ မှန်သောသတင်းအဖြစ်ဖြင့် သတင်းပေးလျှင်

http://www.cherrythitsar.org



ထိုသူကို ခြောက်လထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

သို့တည်းမဟုတ် ဥပဒေအရ ပေးရန်လိုအပ်သော သတင်းသည် ပြစ်မှုကျူးလွန်ခြင်းနှင့် သက်ဆိုင်လျှင်၊ သို့တည်းမဟုတ် ပြစ်မှုကျူးလွန်ခြင်းကို တားဆီးရန်အလို့ငှာ သော်လည်းကောင်း၊ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရန်အလို့ငှာသော် လည်းကောင်း ဖြစ်လျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ဥပမာ**

မြေရှင်မောင်ဖြူသည် မိမိ၏ မြေနယ်နိမိတ်အတွင်းတွင် လူသတ်မှု ကျူးလွန်ကြောင်းသိလျက်နှင့် သေသူသည် မြွေကိုက်ခံရသဖြင့် သေသည်ဟု သက်ဆိုင်ရာ ရာဇဝတ်တရားသူကြီးအား တမင်မမှန်သတင်းပေး၏။ မောင်ဖြူသည် ဤပုဒ်မတွင် ဖော်ပြထားသည့် ပြစ်မှုကို ကျူးလွန်၏။

***ရှင်းလင်းချက်။*** ပြည်ထောင်စု မြန်မာနိုင်ငံ၏ ပြည်ပတွင်ပြုသော ပြုလုပ်မှုသည် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း၌ ကျူးလွန်ခဲ့သော ပုဒ်မ ၃၀၂၊ ၃၀၄၊ ၃၈၂၊ ၃၉၂၊ ၃၉၃၊ ၃၉၄၊ ၃၉၅၊ ၃၉၆၊ ၃၉၇၊ ၃၉၈၊ ၃၉၉၊ ၄၀၂၊ ၄၃၅၊ ၄၃၆၊ ၄၄၉၊ ၄၅၀၊ ၄၅၇၊ ၄၅၈၊ ၄၅၉၊ ၄၆၀ တစ်ခုခုအရ ပြစ်ဒဏ်ခံရမည့် ပြုလုပ်မှုမျိုးဖြစ်လျှင် ထိုပြုလုပ်မှုသည် ဤပုဒ်မနှင့် ပုဒ်မ ၁၇၆ ပါ 'ပြစ်မှု' ဆိုသောစကား၌ အကျုံးဝင်သည်။ ထို့ပြင် 'ပြစ်မှုကျူးလွန်သူ' ဆိုသော စကားတွင် ဆိုခဲ့သော ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း စွပ်စွဲခြင်းခံရသူလည်း အကျုံးဝင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

**ပထမပိုင်းအတွက်**

၁။ တရားခံသည် ပြည်သူ့ဝန်ထမ်းတစ်ဦးအား ဥပဒေအရ သတင်းပေးရန် တာဝန်ရှိခြင်း။
၂။ ထိုသို့ တာဝန်ရှိသည့်အတိုင်း သတင်းပေးခဲ့ခြင်း။
၃။ ယင်းသို့ပေးသောသတင်းမှာ မမှန်သတင်းဖြစ်ခြင်း။
၄။ တရားခံသည် ထိုသတင်းမှာ မမှန်ကန်ဟုသိခြင်း၊ မမှန်ဟု ယုံကြည်ရန် အကြောင်းရှိခြင်း။

**ဒုတိယပိုင်းအတွက်**

၁။ ပထမပိုင်းအတွက် လိုအပ်သည့် အင်္ဂါရပ်များ။
၂။ ထိုသတင်းသည် ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းနှင့် စပ်လျဉ်းခြင်း။

http://www.cherrythitsar.org



<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၇၇ | ပြည်သူ့ဝန်ထမ်းသို့ သိလျက်နှင့် မမှန်သတင်းပေးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၆လထိအလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်၁၀၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး |
| | လိုအပ်သောသတင်းသည် ပြစ်မှုကျူးလွန်ခြင်း စသည်တို့နှင့် သက်ဆိုင်လျှင်။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး |

## ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုစေရန် ပြည်သူ့ဝန်ထမ်းက နည်းလမ်းတကျခိုင်းသည်ကို ငြင်းပယ်ခြင်း။ (ပုဒ်မ-၁၇၈)

## Refusing oath or affirmation when duly required by public servant to make it. (Section-178)

<u>ဥပဒေပြဋ္ဌာန်းချက်</u>

အမှန်ထွက်ဆိုပါမည်ဟု ကျမ်းသစ္စာဖြစ်စေ၊ ကတိသစ္စာဖြစ်စေ ပြုစေရန် ဥပဒေအရ ခိုင်းပိုင်သော ပြည်သူ့ဝန်ထမ်းက ခိုင်းသည်ကို ငြင်းပယ်လျှင် ထိုငြင်းပယ်သူကို ခြောက်လထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>

၁။ ပြည်သူ့ဝန်ထမ်းသည် အမှန်ထွက်ဆိုပါမည်ဟု ကျမ်းသစ္စာဖြစ်စေ၊ ကတိသစ္စာဖြစ်စေ ပြုစေရန် ဥပဒေအရ ခိုင်းပိုင်ခွင့်ရှိခြင်း။

၂။ ယင်းသို့ ခိုင်းပိုင်ခွင့်အရ တရားခံအား ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာ ပြုစေခြင်း။

၃။ တရားခံက ထိုကဲ့သို့ ခိုင်းသည်ကို ငြင်းပယ်ခြင်း။

http://www.cherrythitsar.org



**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၇၈ | ကျမ်းသစ္စာပြုစေရန် ပြည်သူ့ဝန်ထမ်းက နည်းလမ်းတကျ ခိုင်းသည်ကို ငြင်းပယ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၆လထိအလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်၁၀၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ အခန်း၃၅ပါ ပြဋ္ဌာန်းချက်များ နှင့်မဆန့်ကျင်စေဘဲ ပြစ်မှုကျူးလွန်ရာ တရားရုံးသို့မဟုတ် တရားရုံးတစ်ရုံး တွင်ကျူးလွန်ခြင်း မဟုတ်လျှင် ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး |

**မေးပိုင်သည့် ပြည်သူ့ဝန်ထမ်းက မေးသည်ကို ဖြေဆိုရန် ငြင်းပယ်ခြင်း။**
**(ပုဒ်မ-၁၇၉)**

**Refusing to answer public servant authorized to question.**
**(Section-179)**

**ဥပဒေပြဋ္ဌာန်းချက်**

အကြောင်းအရာတစ်ခုခုနှင့် စပ်လျဉ်း၍ ပြည်သူ့ဝန်ထမ်းအား အမှန်ကို ထွက်ဆိုရန် ဥပဒေအရ တာဝန်ရှိသောသူသည် ထိုပြည်သူ့ဝန်ထမ်းက မိမိ၏ ဥပဒေအရ အာဏာကိုသုံးစွဲလျက် ထိုအကြောင်းအရာနှင့်စပ်လျဉ်း၍ မေးသော မေးခွန်းကို ဖြေဆိုရန် ငြင်းပယ်လျှင် ထိုသူကို ခြောက်လထိ အလုပ်မဲ့ထောင်ဒဏ် ဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် အကြောင်းအရာတစ်ခုခုနှင့် စပ်လျဉ်း၍ အမှန်ကိုထွက်ဆိုရန် ဥပဒေအရ တာဝန်ရှိခြင်း။

၂။ ပြည်သူ့ဝန်ထမ်းတစ်ဦးက မေးမြန်းရာ၌ ယင်းသို့ထွက်ဆိုရန်တာဝန်ရှိခြင်း။

၃။ တာဝန်ရှိပါလျက် ဖြေဆိုရန် ငြင်းပယ်ခြင်း။

၄။ ပြည်သူ့ဝန်ထမ်းဥပဒေအရ အာဏာကိုသုံးစွဲ၍ တရားခံအားမေးမြန်းသည် ဖြစ်ခြင်း။

http://www.cherrythitsar.org



**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၇၉ | အမှန်ကိုထွက်ဆိုရန် ဥပဒေအရတာဝန်ရှိပါလျက် မေးခွန်းများကိုဖြေဆိုရန် ငြင်းပယ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၆လထိအလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်၁၀၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ အခန်း၃၅ပါ ပြဋ္ဌာန်းချက်များ နှင့်မဆန့်ကျင်စေဘဲ ပြစ်မှုကျူးလွန်ရာ တရားရုံးသို့မဟုတ် တရားရုံးတစ်ရုံး တွင်ကျူးလွန်ခြင်း မဟုတ်လျှင် ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး |

**စီရင်ထုံး**

၁။ ပြည်သူ့ဝန်ထမ်းတစ်ဦးသည် သက်သေအား ၎င်း၏ရှေ့မှောက်သို့ စစ်ဆေးရန် ခေါ်ယူပြီး စစ်ဆေးရန် အခွင့်အရေးရှိပင်ရှိလင့်ကစား သက်သေအနေဖြင့် အမှန်ကို ထွက်ဆိုရန် တာဝန်မရှိပေ။ အမှန်ကိုထွက်ဆိုရန် ဥပဒေအရ တာဝန်ရှိမှသာ ဤပုဒ်မနှင့် အကျုံးဝင်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၆၁ အရ ရဲအရာရှိသည် သက်သေတစ်ဦးအား ခေါ်ယူစစ်ဆေးသည့်အခါ သက်သေသည် ဖြေကြားရန် တာဝန်ရှိသော်လည်း အမှန်ကိုဖြေကြားရမည်ဟု ထိုပုဒ်မတွင် ပြဋ္ဌာန်းထားခြင်း မရှိသဖြင့် ရဲအရာရှိ၏ မေးခွန်းကို ဖြေကြားရန် ငြင်းပယ်ခြင်းသည် ဤပုဒ်မအရ ပြစ်မှု မမြောက်ချေ။

*[မော်ဇာနာကြီးနှင့်အစိုးရ၊ အတွဲ ၈၊ ရန်ကုန်၊ ၅၁၁]*

**ထွက်ဆိုချက်ကို လက်မှတ်ထိုးရန်ငြင်းပယ်ခြင်း။ (ပုဒ်မ-၁၈၀)**

**Refusing to sign statement. (Section-180)**

**ဥပဒေပြဋ္ဌာန်းချက်**

တစ်ဦးတစ်ယောက်သောသူအား သူ၏ထွက်ဆိုချက်ကို လက်မှတ်ရေးထိုးစေရန် ဥပဒေအရ ခိုင်းပိုင်သော ပြည်သူ့ဝန်ထမ်းက ခိုင်းသည်ကို ငြင်းပယ်လျှင် ထို ငြင်းပယ်သူကို သုံးလထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငါးရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

http://www.cherrythitsar.org



**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ထွက်ဆိုချက်ပြုခြင်း။

၂။ ထိုထွက်ဆိုချက်တွင် ပြည်သူ့ဝန်ထမ်းက လက်မှတ်ထိုးရန်ခိုင်းခြင်း။

၃။ ပြည်သူ့ဝန်ထမ်းသည် ယင်းသို့လက်မှတ်ထိုးရန် ဥပဒေအရ ခိုင်းပိုင်ခွင့်ရှိခြင်း။

၄။ တရားခံသည် ထိုကဲ့သို့ခိုင်းသည်ကို ငြင်းပယ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၈၀ | ပြည်သူ့ဝန်ထမ်းတစ်ဦးသို့ပေးသည့် ထွက်ဆိုချက်အား ဥပဒေအရ လက်မှတ်ရေးထိုးစေသည်ကို လက်မှတ်ရေးထိုးရန် ငြင်းပယ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃လထိအလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်၅၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး |

**စီရင်ထုံး**

၁။ ပြည်သူ့ဝန်ထမ်းအနေဖြင့် တရားခံအား တရားခံ၏ထွက်ချက်၌ လက်မှတ်ထိုးရန် ခိုင်းပိုင်ခွင့်ရှိမှသာ လက်မှတ်ထိုးရန် ငြင်းဆန်ခြင်းအတွက် အရေးယူနိုင်သည်။ တရားမမှုများတွင်သော်လည်းကောင်း၊ အခွန်မှုများတွင်သော်လည်းကောင်း သက်သေတစ်ဦးသည် ၄င်း၏ထွက်ချက်၌ လက်မှတ်ထိုးရမည်ဆိုသော ပြဋ္ဌာန်းချက်မရှိသဖြင့် လက်မှတ်ထိုးရန် ငြင်းဆန်ခြင်းသည် ပြစ်မှုမမြောက်ချေ။ ပြစ်မှုတွင် ရုံးမှမေးမြန်းသဖြင့် တရားခံက ဖြေဆိုရမည့်ထွက်ချက်၌ တရားခံက လက်မှတ်ထိုးရန် ငြင်းဆိုခြင်းသည် ဤပုဒ်မအရ ပြစ်မှုမမြောက်ပေ။

*[အစိုးရနှင့်ဘတင်၊ အတွဲ ၃၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၁၉၉]*

**ကျမ်းသစ္စာဖြစ်စေ၊ ကတိသစ္စာဖြစ်စေပြု၍ မမှန်ထွက်ဆိုခြင်း။ (ပုဒ်မ-၁၈၁)**

**False statement on oath or affirmation to public servant or person authorized to administer an oath or affirmation. (Section-181)**

**ဥပဒေပြဋ္ဌာန်းချက်**

အကြောင်းအရာတစ်ခုခုနှင့် စပ်လျဉ်း၍ ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာအပြုခိုင်းရန် ဥပဒေအရ အာဏာရရှိသော ပြည်သူ့ဝန်ထမ်းထံ၌ဖြစ်စေ၊ ထိုကဲ့သို့သော အခြားပုဂ္ဂိုလ်ထံ၌ဖြစ်စေ အမှန်ကိုထွက်ဆိုပါမည်ဟု ကျမ်းသစ္စာကို၊ သို့တည်းမဟုတ် ကတိသစ္စာကို ဥပဒေအရပြုပြီးသောသူသည် ထိုအကြောင်းအရာ

http://www.cherrythitsar.org



နှင့် စပ်လျဉ်း၍ အဆိုပါ ပြည်သူ့ဝန်ထမ်းထံ၌ဖြစ်စေ၊ အဆိုပါ အခြားပုဂ္ဂိုလ်ထံ၌ ဖြစ်စေ မမှန်သည်လည်းဖြစ်သည့်ပြင် မမှန်ကြောင်း မိမိသိသည်လည်းဖြစ်သော၊ သို့တည်းမဟုတ် ယုံကြည်သည်လည်းဖြစ်သော၊ သို့တည်းမဟုတ် မှန်သည်ဟု မိမိ ယုံကြည်ခြင်းမရှိသည်လည်းဖြစ်သော ထွက်ဆိုခြင်းကိုပြုလျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်မည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တရားခံသည် မှန်ရာကိုထွက်ဆိုမည်ဟု ကျမ်းသစ္စာ၊ ကတိသစ္စာပြုခြင်း။

၂။ တရားခံအား ကျမ်းသစ္စာ၊ ကတိသစ္စာပြုခိုင်းရန် ပြည်သူ့ဝန်ထမ်း၊ သို့မဟုတ် အခြားပုဂ္ဂိုလ်၌ ဥပဒေအရ အာဏာရှိခြင်း။

၃။ တရားခံသည် အဆိုပါ ပြည်သူ့ဝန်ထမ်း သို့မဟုတ် အခြားပုဂ္ဂိုလ်ထံ၌ ထွက်ဆိုရန် တာဝန်ရှိခြင်း။

၄။ ၄င်းထွက်ဆိုချက်သည် တရားခံအနေဖြင့် အကြောင်းအရာတစ်ခုခုနှင့် စပ်လျဉ်း၍ အမှန်ကိုထွက်ရန် တာဝန်ရှိခြင်း။

၅။ တရားခံသည် မမှန်မကန်ထွက်ဆိုခြင်း။

၆။ ယင်းထွက်ဆိုချက်သည် မမှန်ကြောင်းသိခြင်း၊ မမှန်ကြောင်း ယုံကြည်ရန်ရှိခြင်း၊ မှန်သည်ဟု မယုံကြည်ခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၈၁ | မမှန်သည်ကို မမှန်ကြောင်း မိမိသိလျက်နှင့် မှန်ပါသည်ဟု ပြည်သူ့ဝန်ထမ်းထံ၌ ကျမ်းသစ္စာပြု၍ ထွက်ဆိုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**အခြားသူတစ်ဦးတစ်ယောက် နစ်နာစေခြင်းငှာ ပြည်သူ့ဝန်ထမ်းအား ဥပဒေရအာဏာကို အသုံးပြုစေရန်ကြံရွယ်၍ မမှန်သတင်းပေးခြင်း။ (ပုဒ်မ-၁၈၂)**

**False information with intent to cause public servant to use his lawful power to the injury of another person. (Section-182)**

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

မည်သူမဆို-

(က) သတင်းတစ်ခုနှင့်စပ်လျဉ်း၍ ကြောင်းခြင်းရာအမှန်ကို အကယ်၍ သိခဲ့လျှင် ပြည်သူ့ဝန်ထမ်းက ပြုထိုက်သည်မဟုတ်သောအမှုကို ပြည်သူ့ဝန်ထမ်းအား ပြုစေ

http://www.cherrythitsar.org



ရန်၊ သို့တည်းမဟုတ် ပျက်ကွက်ထိုက်သည်မဟုတ်သော ပျက်ကွက်မှုကို ပြုစေရန်၊ သို့တည်းမဟုတ်

(ခ) လူတစ်ဦးတစ်ယောက်ကို နစ်နာစေခြင်းငှာ၊ သို့တည်းမဟုတ် စိတ်ပြိုငြင်စေခြင်းငှာ ပြည်သူ့ဝန်ထမ်းအား သူ၏ဥပဒေရအာဏာကို အသုံးပြုစေရန်ကြံရွယ်၍ သော်လည်းကောင်း၊ ပြုစေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ထို ပြည်သူ့ဝန်ထမ်းသို့ မမှန်ကြောင်း မိမိသိသော၊ သို့တည်းမဟုတ် မိမိယုံကြည်သော သတင်းကိုပေးလျှင် ထိုသူကို ခြောက်လထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ဥပမာများ။**

(က) မောင်ဖြူသည် ရာဇဝတ်တရားသူကြီး၏ လက်အောက်ခံ ရဲအမှုထမ်း မောင်မဲ အလုပ်ပြုတ်စေရန် ထိုရဲအမှုထမ်း မောင်မဲ အလုပ်ဝတ္တရား ပေါ့လျော့ပျက်ကွက် ကြောင်း သတင်းကိုသော်လည်းကောင်း၊ အကျင့်သိက္ခာပျက်ပြားကြောင်း သတင်း ကိုသော်လည်းကောင်း ထိုသတင်းမမှန်ဟုသိလျက်နှင့်၊ သို့တည်းမဟုတ် ထိုသတင်း အရ မောင်မဲကို အဆိုပါ ရာဇဝတ်တရားသူကြီးက အလုပ်မှထုတ်ပစ်တန်ရာသည် ကို သိလျက်နှင့် ရာဇဝတ်တရားသူကြီးအား သတင်းပေးလျှင် မောင်ဖြူသည် ဤ ပုဒ်မအရ ပြစ်မှုကျူးလွန်ရာရောက်သည်။

(ခ) မောင်မဲစိတ်ပြိုငြင်စေရန် ဥပဒေဖြင့်တားမြစ်ထားသော ဆားကို ထိုမောင်မဲ လျှို့ဝှက်သိုလှောင်ထားကြောင်း သတင်းကို ထိုသတင်းမမှန်ဟုသိလျက်နှင့်၊ ထို့ပြင် ထိုသတင်းကြောင့် မောင်မဲ၏ အိမ်ဥပစာကို ရှာဖွေစေတန်ရာသည်ကိုလည်း သိလျက်နှင့် မောင်ဖြူသည် ပြည်သူ့ဝန်ထမ်းသို့ သတင်းပေးလျှင် မောင်ဖြူသည် ဤပုဒ်မအရ ပြစ်မှုကျူးလွန်ရာရောက်သည်။

(ဂ) ရွာတစ်ရွာအနီးတွင် မိမိသည် လက်ရောက်ကျူးလွန်ခြင်း၊ လုယက်ခြင်းခံရ သည်ဟု မောင်ဖြူက ရဲအမှုထမ်းသို့ မမှန်သတင်းပေး၏။ မောင်ဖြူသည် မိမိအား မည်သူကျူးလွန်ကြောင်း ထုတ်ဖော်ခြင်းမပြု။ သို့ရာတွင် ထိုသို့သတင်းပေးခြင်း ကြောင့် ထိုရဲအမှုထမ်းသည် ထိုရွာတွင် စုံစမ်းခြင်း၊ ရှာဖွေခြင်းပြုသဖြင့် ရွာသား အားလုံးသော်လည်းကောင်း၊ အချို့သော်လည်းကောင်း စိတ်ပြိုငြင်တန်ရာသည်ကို သိ၏။ မောင်ဖြူသည် ဤပုဒ်မအရ ပြစ်မှုကျူးလွန်ရာရောက်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် သတင်းပေးခြင်း။

၂။ သတင်းပေးခံရသူသည် ပြည်သူ့ဝန်ထမ်းဖြစ်ခြင်း။

၃။ ပေးသောသတင်းသည် မမှန်ကန်ခြင်း။

၄။ မမှန်ကန်ကြောင်း တရားခံသိခြင်း၊ ယုံကြည်ရန်အကြောင်းရှိခြင်း။

၅။ ပြည်သူ့ဝန်ထမ်းအား မပြုထိုက်သောအမှုကိုပြုစေရန် သို့မဟုတ် လူတစ်ဦး အား ထိခိုက်နစ်နာစေရန်ဖြစ်စေ၊ စိတ်ပြိုငြင်စေရန်ဖြစ်စေ ကြံရွယ်၍ ဆောင်ရွက်ခဲ့ခြင်း။

http://www.cherrythitsar.org



**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၈၂ | လူတစ်ဦးတစ်ယောက် နစ်နာစေရန်၊ သို့မဟုတ် စိတ်ပြိုပြင်စေရန် ပြည်သူ့ဝန်ထမ်းအား သူ၏ ဥပဒေအရ အာဏာကိုအသုံးပြုစေရန် ကြံရွယ်၍ မမှန်သတင်းပေးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ခြောက်လထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်၁၀၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး |

**စီရင်ထုံး**

၁။ သတင်းပေးခြင်း ဆိုသည့်စကားကို ထောက်ရှုလျှင် အလိုအလျောက် သတင်းပေးခြင်းကိုသာ ဆိုလိုသည်။ ပြည်သူ့ဝန်ထမ်းက မေးမြန်း၍ ဖြေဆိုရခြင်းသည် သတင်းပေးသည်ဟုဆိုရန် ခဲယဉ်းသည်။ သို့ဖြစ်ရာ ရဲအရာရှိက အမှုကို စုံစမ်းစစ်ဆေးစဉ် သက်သေတစ်ဦး၏ ထွက်ဆိုချက်သည် ဤပုဒ်မနှင့် အကျုံးဝင်သည်။ သတင်းပေးခြင်းဖြစ်သည်ဟု မဆိုနိုင်သည့်အလျောက် ဤပုဒ်မအရ ပြစ်မှုမမြောက်ပေ။

*[စူလတန်နှင့်မေဂျာဝဲလ်ဘုန်း၊ အတွဲ ၃၊ ရန်ကုန်၊ ၅၇၇]*

*[မောင်ဘိုနီနှင့်အစိုးရ၊ အေအိုင်အာ၊ ၁၉၃၅၊ ရန်ကုန်၊ ၉၇]*

*[ဦးလှိုင်နှင့်အာပီအဘီဂေလ်၊ အေအိုင်အာ၊ ၁၉၃၇၊ ရန်ကုန်၊ ၂၃၂]*

၂။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၆၁ အရ ရဲက သက်သေအား စစ်ဆေးရာ၌ သက်သေသည် မှန်ရာကိုသာ ထွက်ဆိုရမည်ဟု ပြဋ္ဌာန်းထားခြင်း မရှိသဖြင့် ယင်းထွက်ဆိုချက်အတွက် မုသားသက်သေထွက်မှုအရ အရေးမယူနိုင်သည်ကို ဤပုဒ်မဖြင့် အရေးယူခွင့်ပြုလျှင် ဥပဒေကို လက်တစ်လုံးခြား အသုံးပြုရာရောက်မည် ဖြစ်သည်။

*[အစိုးရနှင့်အောင်ဖိုး (၁၉၀၄-၀၆) အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၁၃(ပြစ်မှုဆိုင်ရာဥပဒေ)]*

## ပြည်သူ့ဝန်ထမ်း၏ ဥပဒေရအာဏာဖြင့် ပစ္စည်းသိမ်းယူခြင်းကို ခုခံခြင်း။ (ပုဒ်မ-၁၈၃)

## Resistance to the taking of property by the lawful authority of a public servant. (Section-182)

**ဥပဒေပွင့်ဆိုချက်**

ပြည်သူ့ဝန်ထမ်းဖြစ်ကြောင်း သိလျက်နှင့်၊ သို့တည်းမဟုတ် ယုံကြည်ရန် အကြောင်းရှိလျက်နှင့် ထိုပြည်သူ့ဝန်ထမ်း၏ ဥပဒေရအာဏာဖြင့် ပစ္စည်းသိမ်းခြင်း

http://www.cherrythitsar.org



ကို မည်သူမဆို ခုခံလျှင် ထိုသူကို ခြောက်လထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

**၁။** တရားခံသည် ပစ္စည်းသိမ်းယူခြင်းကို ခုခံခြင်း။

၂။ ထိုသို့ ပစ္စည်းသိမ်းယူခြင်းမှာ ပြည်သူ့ဝန်ထမ်း၏အာဏာအရဖြစ်ခြင်း။

၃။ ယင်းအာဏာမှာ ဥပဒေအရ အပ်နှင်းထားသည့်အာဏာဖြစ်ခြင်း။

၄။ တရားခံသည် ခုခံစဉ် ပြည်သူ့ဝန်ထမ်းဖြစ်ကြောင်းသိခြင်း၊ သို့မဟုတ် ယုံကြည်ရန်အကြောင်းရှိခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၈၃ | ပြည်သူ့ဝန်ထမ်း၏ ဥပဒေအရ အာဏာဖြင့် ပစ္စည်းသိမ်းယူခြင်းကို ခုခံမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၆လထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်၁၀၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး |

**စီရင်ထုံး**

၁။ တရားခံသည် မမှန်သောသတင်းကိုပေးသည်ဟု တရားလိုဘက်မှ ထင်ရှားအောင် သက်သေထူရန်တာဝန်ရှိသည်။ တရားခံက ၎င်းပေးသော သတင်းသည် မှန်ပါသည်ဟု တင်ပြရန်မလိုပေ။

*[လူမိုးနှင့်အစိုးရ (၁၉၁၇-၀၉)အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၁၃(ကျင့်ထုံး)]*

၂။ တရားခံက မမှန်သောသတင်းကို ရဲထံ၌ပေးသဖြင့် ရုံးသို့ပြစ်မှုစွဲဆို တင်ပို့ခဲ့ရသည့် အခြေသို့ရောက်လျှင် တရားခံအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၁၁ အရ အရေးယူသင့်ပေသည်။ ထိုပုဒ်မသည် ဤပုဒ်မထက် ကြီးလေးသဖြင့် ကြီးလေးသော ပုဒ်မဖြင့်သာ အရေးယူထိုက်သည်။ သို့ရာတွင် ပုဒ်မ ၂၁၁ အရ အရေးမယူဘဲ ဤပုဒ်မအရ အရေးယူခြင်းကိုမူ ပိတ်ပင်ခြင်းမရှိချေ။

*[မစောရင်နှင့်အစိုးရ၊ အတွဲ ၁၁၊ အောက်မြန်မာပြည်စီရင်ထုံး ၄၃]*

၃။ ခိုးမှုကျူးလွန်သည်ဟု ရဲစခန်း၌ မမှန်သတင်းပေးသဖြင့် တရားစွဲဆိုခဲ့သည့် အမှုမှာ ပုဒ်မ ၂၁၁ နှင့် အကျုံးဝင်နေသောကြောင့် မမှန်သတင်း စတင်ပေးခဲ့သည့် ရဲအရာရှိ၏အမိန့်ဆိုင်ရှင်မရှိဘဲ တရားခံအပေါ် တရားစွဲဆိုနိုင်သည်။ သက်ဆိုင်ရာ တရားသူကြီး၏ အမိန့်ဆိုင်ရှင်ကိုမူ ရယူရန်လိုပေသည်။

*[ဂျက်ဂူးနှင့်ပါလာ(၁၉၁၄-၁၆) အထက်မြန်မာပြည်စီရင်ထုံး၊ ၉၅]*

http://www.cherrythitsar.org



၄။ ပြည်သူ့ဝန်ထမ်းတစ်ဦးအား မမှန်သတင်းပေးရာ၌ လူတစ်ဦးတစ်ယောက်အား အသရေပျက်စေလျှင် ပြည်သူ့ဝန်ထမ်းက ဤပုဒ်မအရ အရေးမယူစေကာမူ အသရေဖျက်ခြင်းခံရသူက တရားခံအပေါ် ပုဒ်မ ၅၀၀ အရ အရေးယူနိုင်သည်။ ပုဒ်မ ၁၈၂ နှင့် ပုဒ်မ ၅၀၀ တို့မှာ သီးခြားပြစ်မှုများဖြစ်သည့်အားလျော်စွာ ပုဒ်မ ၅၀၀ အရ အရေးယူရာ၌ သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်း၏ တိုင်တန်းချက်ရှိရန် မလိုပေ။

*[ဦးအောင်ဖေနှင့်အစိုးရ၊ ၁၉၃၈၊ ရန်ကုန်စီရင်ထုံး၊ ၄၀၄]*

## ပြည်သူ့ဝန်ထမ်း၏ ဥပဒေရအာဏာဖြင့် ပစ္စည်းရောင်းခြင်းကို ဟန့်တားခြင်း။ (ပုဒ်မ-၁၈၄)

## Obstructing sale of property offered for sale by authority of public servant. (Section-182)

**ဥပဒေပြဋ္ဌာန်းချက်**

ပြည်သူ့ဝန်ထမ်း၏ ဥပဒေရအာဏာဖြင့် ပစ္စည်းရောင်းခြင်းကို မည်သူမဆို တမင်ဟန့်တားလျှင် ထိုသူကို တစ်လထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငါးရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပစ္စည်းတစ်စုံတစ်ခုကို ရောင်းခြင်း။
၂။ ပြည်သူ့ဝန်ထမ်း၏အာဏာဖြင့် ရောင်းခြင်း။
၃။ ထိုအာဏာသည် ဥပဒေအရဖြစ်ခြင်း။
၄။ ယင်းပစ္စည်းရောင်းခြင်းကို တရားခံသည် တမင်ဟန့်တားခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၈၄ | ပြည်သူ့ဝန်ထမ်း၏ ဥပဒေအရ အာဏာဖြင့် ပစ္စည်းရောင်းခြင်းကို ဟန့်တားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁လထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်၅၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး |

http://www.cherrythitsar.org



## ပြည်သူ့ဝန်ထမ်း၏ ဥပဒေရအာဏာဖြင့် ရောင်းသောပစ္စည်းကို ဥပဒေနှင့်အညီ မဟုတ်ဘဲ ဝယ်ခြင်း၊ သို့တည်းမဟုတ် လေလံဆွဲခြင်း။ (ပုဒ်မ-၁၈၅)

## Illegal purchase or bid for property offered for sale by authority of public servant. (Section-185)

**ဥပဒေပြဋ္ဌာန်းချက်**

ပြည်သူ့ဝန်ထမ်း၏ ဥပဒေရအာဏာဖြင့် ပစ္စည်းတစ်ခုခုကို ရောင်းရာတွင် မည်သူမဆို မိမိသော်လည်းကောင်း၊ အခြားသူသော်လည်းကောင်း ဥပဒေအရ ဝယ်နိုင်ခွင့်မရှိကြောင်း သိလျက်နှင့် မိမိအတွက်ဖြစ်စေ၊ ထိုသူအတွက်ဖြစ်စေ ထို ပစ္စည်းကို ဝယ်ခြင်းသော်လည်းကောင်း၊ လေလံဆွဲခြင်းသော်လည်းကောင်း ပြုလျှင်၊ သို့တည်းမဟုတ် လေလံဆွဲသဖြင့် မိမိအပေါ်သို့ ကျရောက်မည့် တာဝန်ကို ဆောင်ရွက်ရန် မကြံရွယ်ဘဲလျက် ထိုပစ္စည်းကို လေလံဆွဲလျှင် ထိုသူကို တစ်လထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ နှစ်ရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပစ္စည်းတစ်စုံတစ်ခုကို ရောင်းခြင်း။
၂။ ပြည်သူ့ဝန်ထမ်း၏အာဏာဖြင့် ရောင်းခြင်း။
၃။ ထိုအာဏာသည် ဥပဒေအရ အာဏာဖြစ်ခြင်း။
၄။ တရားခံက ၎င်းအတွက်သော်လည်းကောင်း၊ အခြားလူတစ်ဦးအတွက်သော်လည်းကောင်း ပစ္စည်းကိုဝယ်ခြင်း၊ လေလံဆွဲခြင်း။
၅။ တရားခံသော်လည်းကောင်း၊ ထိုအခြားသူသော်လည်းကောင်း ပစ္စည်းကို ဥပဒေအရ ဝယ်နိုင်ခွင့်မရှိခြင်း။
၆။ ထိုသို့ ဝယ်နိုင်ခွင့်မရှိသည်ကို တရားခံသိခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၈၅ | ဥပဒေအရ အာဏာဖြင့် ပစ္စည်းတစ်ခုခုကို ရောင်းရာတွင် ဥပဒေအရ ဝယ်နိုင်ခွင့်မရှိသူက လေလံဆွဲမှု၊ သို့မဟုတ် လေလံဆွဲသဖြင့် မိမိအပေါ်သို့ ကျရောက်သည့်တာဝန်ကို ဆောင်ရွက်ရန် မကြံရွယ်ဘဲနှင့် လေလံဆွဲမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁လထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ကျပ် ၂၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး |

http://www.cherrythitsar.org



**ပြည်သူ့ဝန်ထမ်းတစ်ဦး ပြည်သူဆိုင်ရာ အလုပ်ဝတ္တရားဆောင်ရွက်နေသည်ကို ဟန့်တားခြင်း။ (ပုဒ်မ-၁၈၆)**

**Obstructing public servant in discharge of public functions. (Section-186)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို ပြည်သူ့ဝန်ထမ်းတစ်ဦး ပြည်သူဆိုင်ရာ အလုပ်ဝတ္တရားဆောင်ရွက်နေသည်ကို မိမိအလိုအလျောက် ဟန့်တားလျှင်၊ ထိုသူကို သုံးလထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငါးရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် အလိုအလျောက်ဟန့်တားခြင်း။
၂။ ဟန့်တားခြင်းခံရသူမှာ ပြည်သူ့ဝန်ထမ်းဖြစ်ခြင်း။
၃။ ထိုပြည်သူ့ဝန်ထမ်းသည် ပြည်သူဆိုင်ရာ အလုပ်ဝတ္တရား ဆောင်ရွက်နေစဉ်ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၈၆ | ပြည်သူ့ဝန်ထမ်းတစ်ဦး ပြည်သူဆိုင်ရာ အလုပ်ဝတ္တရားဆောင်ရွက်နေသည်ကို ဟန့်တားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃လထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်၅၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး |

**စီရင်ထုံး**

၁။ ပြည်သူ့ဝန်ထမ်းက ဥပဒေအရဆောင်ရွက်ရမည့် ဝတ္တရားကို ဆောင်ရွက်ခြင်းမပြုနိုင်အောင် ဟန့်တားလျှင် ဤပုဒ်မနှင့်အကျုံးဝင်သည်။ ပြည်သူဆိုင်ရာ အလုပ်ဝတ္တရားဆိုသည်မှာ ပြည်သူ့ဝန်ထမ်းအနေဖြင့် ဥပဒေအရသော်လည်းကောင်း၊ ထိုဝန်ထမ်း၏ တာဝန်အရသော်လည်းကောင်း ဆောင်ရွက်ရမည့် တာဝန်ကို ဆိုလိုသည်။ တာဝန်နှင့်မသက်ဆိုင်သည့် ဥပဒေအပြင်ဘက်ရောက်သည့် ဆောင်ရွက်ချက်ကို ဟန့်တားလျှင် ဤပုဒ်မအရ ပြစ်မှုမြောက်မည်မဟုတ်။ ယစ်မျိုး သို့မဟုတ် အလားတူ ဥပဒေအရ ရှာဖွေသောအခါ ဥပဒေပါ ပြဋ္ဌာန်းချက်များကို တိကျစွာလိုက်နာရန်လိုရာ ရဲအရာရှိက တိကျစွာလိုက်နာခြင်းမပြုဘဲ အိမ်သို့ဝင်ရောက်ရှာဖွေလျှင် ထိုသို့ဝင်ရောက်ရှာဖွေရာတွင် ဟန့်တားခြင်းသည် ပြစ်မှုမမြောက်ပေ။
*[အစိုးရနှင့်မောင်ညွန့်၊ ရွေးချယ်ထားသောစီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၁၅၂]*

http://www.cherrythitsar.org



၂။ တိရစ္ဆာန်ဆေးကုဆရာသည် ရောဂါကျ၍သေသည့် ကျွဲ၊ နွားများ၏ သားရေကို ရှာမှရွှေ့ပြောင်းခြင်းမပြုရဟု တားမြစ်နိုင်သည့်အာဏာ မရှိသဖြင့် တရားခံတို့က သားရေများကို ရှာမှရွှေ့ပြောင်းခြင်းသည် ဤပုဒ်မနှင့် အကျုံးမဝင်။

*[အစိုးရနှင့်သာဒင် (၁၈၉၇-၀၁) အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၂၆၆]*

၃။ ယစ်မျိုးအရာရှိသည် တရားခံ၏ခင်ပွန်းအိမ်ကို ရှာဖွေရန် ပြုလုပ်ရာ၌ တရားခံက အိမ်ထဲသို့မဝင်ရန် တားမြစ်ခြင်းကို တရားခံက မနာယူခြင်းသည် ယစ်မျိုးအရာရှိ၏ ပြည်သူဆိုင်ရာ ဝတ္တရားကို ဟန့်တားခြင်းမဟုတ်၍ ဤပုဒ်မဖြင့် အရေးမယူနိုင်။

*[အစိုးရနှင့်မဒေါင်းမ၊ အတွဲ ၂၊ ဘားမားလောတိုင်း၊ ၆]*

၄။ ဝတ္တရားဆောင်ရွက်ခြင်းမှ ဟန့်တားခြင်းခံရသူသည် ပြည်သူ့ဝန်ထမ်းဖြစ်ရန်လိုသည်။ ပြည်သူ့ဝန်ထမ်းမဟုတ်လျှင် ဤပုဒ်မနှင့် အကျုံးမဝင်နိုင်။ ဘီလစ်သည် ဝရမ်းဖမ်းသောပစ္စည်းကို အရပ်သားတစ်ဦးထံ၌ အပ်ထားခဲ့ကာမျှဖြင့် ထိုအရပ်သားသည် ပြည်သူ့ဝန်ထမ်းဖြစ်မလာပေ။ သို့ဖြစ်ရာ ၄င်းအရပ်သားထံမှ ပစ္စည်းကို ယူသွားခြင်းဖြင့် ဤပုဒ်မအရ ပြစ်မှုကျူးလွန်ရာ မရောက်ချေ။

*[အစိုးရနှင့်ရွှေဘွား၊ ရွေးချယ်ထားသည့်စီရင်ထုံးများ၊ အောက်မြန်မာပြည်၊ ၃၆၆]*

၅။ တရားခံက လှေကားဘေးတွင်ရပ်၍ ရဲရှာဖွေသူများအား အိမ်အပေါ်ထပ်သို့ မတက်ရန် ကန့်ကွက်ရာ၌ လှေကားကို ပိတ်ထားခြင်းမရှိသဖြင့် ပြည်သူ့ဝန်ထမ်းအား ဝတ္တရားဆောင်ရွက်ရာတွင် ကိုယ်ထိလက်ရောက် တားဆီးခြင်းမဟုတ်၍ ဤပုဒ်မအရ ဆိုလိုသည့် ဟန့်တားခြင်း မမြောက်ချေ။

*[အချောင်နှင့်အစိုးရ၊ အတွဲ ၉၊ ရန်ကုန်၊ ၆၀၁]*

၆။ အလားတူပင် ဘီလစ်နှင့်သူကြီးတို့သည် တရားခံအိမ်ထဲသို့ ပစ္စည်းဖမ်းရန် ဝင်လာရာ၌ တရားခံက စကားကြမ်းကြမ်းတမ်းတမ်းနှင့် ကန့်ကွက်ပြီး အိမ်ထဲမှ နှင်ထုတ်ခြင်းသည် ဝတ္တရားဆောင်ရွက်ခြင်းကို ဟန့်တားရာမရောက်ပေ။

*[ဝိုင်၊ စီ၊ အရစ်နှင့်အစိုးရ၊ အတွဲ ၁၊ ဘားမားလောတိုင်း၊ ၂၃]*

## ပြည်သူ့ဝန်ထမ်းကို ကူညီရန် ဥပဒေအရ တာဝန်ရှိသူက ကူညီရန် ပျက်ကွက်ခြင်း။ (ပုဒ်မ-၁၈၇)

## Omission to assist public servant when bound by law to give assistance. (Section-)

<u>ဥပဒေပြဋ္ဌာန်းချက်</u>

ပြည်သူ့ဝန်ထမ်းတစ်ဦး ပြည်သူ့ဆိုင်ရာ တာဝန်ဝတ္တရား ဆောင်ရွက်နေသည်ကို ကူညီရန် ဥပဒေအရ တာဝန်ရှိသောသူသည် ထိုသို့ကူညီရန် တမင်ပျက်ကွက်မှုပြုလျှင် ထိုသူကို တစ်လထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ နှစ်ရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

http://www.cherrythitsar.org



ထို့ပြင် တရားရုံးမှ ဥပဒေနှင့်အညီ ထုတ်ဆင့်သော အမိန့်ဆင့်စာကို အတည်ပြုရန် အလို့ငှာဖြစ်စေ၊ ပြစ်မှုတစ်ခုခု ကျူးလွန်ခြင်းကို တားဆီးရန်အလို့ငှာဖြစ်စေ ရုန်းရင်းဆန်ခတ်မှုကိုသော်လည်းကောင်း၊ သတ်ပုတ်နှောင့်ယှက်မှုကိုသော် လည်းကောင်း နှိမ်နင်းရန်အလို့ငှာဖြစ်စေ၊ ပြစ်မှုတစ်ခုခုနှင့် စွဲဆိုခံရသူကိုသော် လည်းကောင်း၊ ပြစ်မှုကျူးလွန်ထင်ရှားသူကိုသော်လည်းကောင်း၊ ဥပဒေအရ ချုပ်ထားခြင်းမှ ထွက်ပြေးသူကိုသော်လည်းကောင်း ဖမ်းဆီးရန်အလို့ငှာဖြစ်စေ၊ ဥပဒေအရ အကူအညီတောင်းဆိုပိုင်ခွင့်ရှိသော ပြည်သူ့ဝန်ထမ်းက အကူအညီတောင်းဆိုသည်ကို အကူအညီ တမင်မပေးဘဲနေလျှင် ထိုသို့အကူအညီမပေးသောသူကို ခြောက်လထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငါးရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

*<u>ပထမပိုင်းအတွက်</u>*

၁။ အကူအညီလိုသူမှာ ပြည်သူ့ဝန်ထမ်းဖြစ်ခြင်း။

၂။ ထိုပြည်သူ့ဝန်ထမ်းသည် ပြည်သူဆိုင်ရာ တာဝန်ဝတ္တရားကို ဆောင်ရွက်နေခြင်း။

၃။ တရားခံသည် ကူညီရန် ဥပဒေအရ တာဝန်ရှိခြင်း။

၄။ တာဝန်ရှိပါလျက် ကူညီရန် တမင်ပျက်ကွက်ခြင်း။

*<u>ဒုတိယပိုင်းအတွက်</u>*

၁။ ပထမပိုင်းအင်္ဂါရပ် (၁) (၂) နှင့် (၃)

၂။ ကူညီရန် တောင်းခံခြင်းမှာ-

(ကက) တရားရုံးမှ ဥပဒေနှင့်အညီ ထုတ်ဆင့်သော အမိန့်စာကို အတည်ပြုရန် ဖြစ်ခြင်း။

(ခခ) ပြစ်မှုတစ်ခုခု ကျူးလွန်ခြင်းကို တားဆီးရန်ဖြစ်ခြင်း။

(ဂဂ) ရုန်းရင်းဆန်ခတ်မှု၊ သတ်ပုတ်နှောင့်ယှက်မှုကို နှိမ်နင်းရန်ဖြစ်ခြင်း။

(ဃဃ) ပြစ်မှုတစ်ခုခုနှင့် စွဲဆိုခံရသူ၊ ပြစ်မှုကျူးလွန်ထင်ရှားသူ၊ ဥပဒေအရ ချုပ်ထားခြင်းမှ ထွက်ပြေးသူကို ဖမ်းဆီးရန်ဖြစ်ခြင်း။

၃။ ပြည်သူ့ဝန်ထမ်းက ဥပဒေအရ အကူအညီတောင်းဆိုခွင့်ရှိခြင်း။

၄။ တရားခံသည် တာဝန်ရှိပါလျက် ကူညီရန် တမင်ပျက်ကွက်ခြင်း။

http://www.cherrythitsar.org



**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၈၇ | ပြည်သူ့ဝန်ထမ်းကို ကူညီရန် ဥပဒေအရ တာဝန်ရှိသူက ကူညီရန်ပျက်ကွက်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁လထိအလုပ်မဲ့ ထောင်ဒဏ် ဖြစ်စေ၊ ကျပ် ၂၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး |
| | တရားရုံးမှ ဥပဒေနှင့်အညီထုတ်ဆင့်သော အမိန့်ဆင့်စာကို အတည်ပြုရန်၊ ပြစ်မှုများ ကျူးလွန်ခြင်းကို တားဆီးရန် စသည်တို့ကို ဆောင်ရွက်ရာ၌ ဥပဒေအရ အကူအညီ တောင်းဆိုပိုင်ခွင့်ရှိသော ပြည်သူ့ဝန်ထမ်းက အကူအညီတောင်းဆိုသည်ကို အကူအညီ တမင်မပေးဘဲနေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၆လထိအလုပ်မဲ့ ထောင်ဒဏ် ဖြစ်စေ၊ ကျပ်၅၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး |

**စီရင်ထုံး**

တရားခံသည် ပြည်သူ့ဝန်ထမ်းအား ကူညီရန် ဥပဒေအရ တာဝန်ရှိပါလျက် ကူညီရန် တမင်ပျက်ကွက်မှသာ ဤပုဒ်မအရ အရေးယူနိုင်မည်ဖြစ်သည်။ ကူညီရန် ဥပဒေအရ တာဝန်ရှိကြောင်း တရားလိုဘက်မှ သက်သေထူရန်လိုသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၂၊ ၇၇ နှင့် ၁၂၈ တို့တွင် ပြည်သူ့ဝန်ထမ်းက အကူအညီတောင်းခံလျှင် ပေးရမည့်ကိစ္စအချို့ကို ဖော်ပြထားသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၀၃ အရ ရှာဖွေစဉ် သက်သေအဖြစ်ဆောင်ရွက်ရန် အကူအညီတောင်းရာ၌ ကူညီရန်ပျက်ကွက်ပါက ဤပုဒ်မအရ ပြစ်ဒဏ်ထင်ရှား စီရင်နိုင်သည်။

*[အစိုးရနှင့်မောင်မှတ်၊ ပုံနှိပ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၄၀၆]*

## ပြည်သူ့ဝန်ထမ်းက နည်းလမ်းတကျ ထုတ်ပြန်ကြေညာသောအမိန့်ကို ဖီဆန်ခြင်း။ (ပုဒ်မ-၁၈၈)

## Disobedience to order duly promulgated by public servant. (Section-188)

**ဥပဒေပြဋ္ဌာန်းချက်**

ပြုလုပ်မှုတစ်ခုခုကို ပြုခြင်းမှ ရှောင်ကြဉ်ရမည်ဟုသော်လည်းကောင်း၊ မိမိ လက်ရှိပစ္စည်းနှင့်၊ သို့တည်းမဟုတ် မိမိစီမံခန့်ခွဲရသောပစ္စည်းနှင့် စပ်လျဉ်း၍ အမိန့် အတိုင်း တစ်ခုခုပြုလုပ်ထားရမည်ဟုသော်လည်းကောင်း၊ ဥပဒေနှင့်အညီ ထုတ်ပြန် ကြေညာရန် အာဏာရရှိသော ပြည်သူ့ဝန်ထမ်းက ထုတ်ပြန်ကြေညာသော အမိန့်

http://www.cherrythitsar.org



ကို သိလျက်နှင့် မည်သူမဆို ထိုအမိန့်ကို ဖီဆန်လျှင် ထိုသူအား အကယ်၍ ထိုသို့ ဖီဆန်ခြင်းသည် ဥပဒေနှင့်အညီ စေခိုင်းခြင်းခံရသောသူကို-

(က) ဟန့်တားခြင်းသော်လည်းကောင်း၊ စိတ်ပြိုငြင်စေခြင်းသော်လည်းကောင်း၊ နစ်နာစေခြင်းသော်လည်းကောင်း ဖြစ်စေသော်၊ သို့တည်းမဟုတ်

(ခ) ဟန့်တားခြင်းသော်လည်းကောင်း၊ စိတ်ပြိုငြင်စေခြင်းသော်လည်းကောင်း၊ နစ်နာစေခြင်းသော်လည်းကောင်းဖြစ်မည့် အန္တရာယ်ကိုဖြစ်စေသော်၊ သို့တည်းမဟုတ် ဖြစ်စေတတ်သော် တစ်လထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ နှစ်ရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ထို့ပြင် အကယ်၍ ထိုသို့ဖီဆန်ခြင်းသည် လူ့အသက်ကိုသော်လည်းကောင်း၊ ကျန်းမာရေးကိုသော်လည်းကောင်း၊ လုံခြုံရေးကိုသော်လည်းကောင်း ဘေးဖြစ်စေသော်၊ သို့တည်းမဟုတ် ဘေးဖြစ်စေတတ်သော်၊ သို့တည်းမဟုတ် ရုန်းရင်းဆန်ခတ်မှုကိုသော်လည်းကောင်း၊ သတ်ပုတ်နှောင့်ယှက်မှုကိုသော်လည်းကောင်း ဖြစ်စေသော်၊ သို့တည်းမဟုတ် ဖြစ်စေတတ်သော် ခြောက်လထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

***ရှင်းလင်းချက်။*** ပြစ်မှုကျူးလွန်သူက ဘေးအန္တရာယ်ပြုရန် ကြံရွယ်ခြင်းသည်၊ သို့တည်းမဟုတ် ဘေးအန္တရာယ်ဖြစ်စေတန်ရာသည့် ဖီဆန်ခြင်းကို ကြံဆခြင်းသည် လိုရင်းမဟုတ်။ ပြစ်မှုကျူးလွန်သူက မိမိဖီဆန်သောအမိန့်ကိုသိ၍ ထိုသို့ ဖီဆန်ခြင်းသည် ဘေးအန္တရာယ်ဖြစ်စေသည်ကိုသော်လည်းကောင်း၊ ဖြစ်စေတန်ရာသည်ကိုသော်လည်းကောင်း သိလျှင် လုံလောက်သည်။

**<u>ဥပမာ။</u>**

ကိုးကွယ်ရာဘာသာနှင့်ဆိုင်သော စီတန်းလှည့်လည်ခြင်းကို လမ်းတစ်လမ်းတွင် မပြုရဟု အမိန့်ထုတ်ပြန်ကြေညာရန် ဥပဒေနှင့်အညီ အာဏာရှိသော ပြည်သူ့ဝန်ထမ်းက အမိန့်တစ်ရပ်ကို ထုတ်ပြန်ကြေညာ၏။ မောင်ဖြူသည် သိလျက်နှင့် ထိုအမိန့်ကို ဖီဆန်၏။ ထိုသို့ဖီဆန်သဖြင့် ရုန်းရင်းဆန်ခတ်ဖြစ်ပွားရန် အန္တရာယ်ဖြစ်စေ၏။ မောင်ဖြူသည် ဤပုဒ်မတွင် ဖော်ပြထားသော ပြစ်မှုကို ကျူးလွန်ရာရောက်သည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ ကြေငြာချက်ထုတ်ထားခြင်း။

၂။ ထိုကြေငြာချက်ကို ပြည်သူ့ဝန်ထမ်းက ထုတ်ပြန်ခြင်း။

၃။ ပြည်သူ့ဝန်ထမ်းသည် ဥပဒေအရ ထုတ်ပြန်ရန်အာဏာရှိခြင်း။

၄။ ထိုသို့ ထုတ်ပြန်ခြင်းမှာ တရားခံအား ရည်ညွှန်းခြင်း။

၅။ တရားခံသည် ယင်းကြေငြာချက်ထုတ်ပြန်ထားသည်ကိုသိခြင်း။

http://www.cherrythitsar.org



၆။ ထိုကြေငြာချက်အရ ပြုလုပ်မှုတစ်ခုခုကို ပြုခြင်းမှ ရှောင်ကြဉ်ရမည့်အပြင် ပစ္စည်းနှင့်စပ်လျဉ်း၍ အမိန့်အတိုင်း တစ်ခုခုပြုလုပ်ထားရမည်ဖြစ်ခြင်း။

၇။ ထိုကြေငြာချက်ကို တရားခံက ဖီဆန်ခြင်း။

၈။ ထိုသို့ဖီဆန်ခြင်းကြောင့်-

(ကက) ဥပဒေနှင့်အညီ စေခိုင်းခြင်းခံရသူကို ဟန့်တားခြင်း၊ စိတ်ငြိုငြင်စေခြင်း၊ နစ်နာစေခြင်း ဖြစ်လျှင်သော် လည်းကောင်း၊ ဖြစ်မည့်အန္တရာယ်သော်လည်းကောင်း ဖြစ်စေလျှင်။

(ခခ) ဒုတိယပိုင်းအတွက် လူ့ အသက်၊ ကျန်းမာရေး၊ လုံခြုံရေးကို ဘေးဖြစ်စေလျှင်၊ ရုန်းရင်းဆန်ခတ်မှု၊ သတ်ပုတ်နှောင့်ယှက်မှုဖြစ်စေလျှင်။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၈၈ | ပြည်သူ့ဝန်ထမ်းက ဥပဒေနှင့်အညီ ထုတ်ပြန်ကြေငြာသောအမိန့်ကို ဖီဆန်ကျူးလွန်ရာ၌ ထိုသို့ဖီဆန်ခြင်းဖြင့် ဥပဒေနှင့်အညီ ခိုင်းစေခြင်းခံရသောသူများကို ဟန့်တားခြင်း၊ စိတ်ငြိုငြင်စေခြင်း သို့မဟုတ် နစ်နာစေခြင်းဖြစ်စေလျှင်။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁လထိအလုပ်မဲ့ ထောင်ဒဏ် ဖြစ်စေ၊ ကျပ် ၂၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး |
| | အဆိုပါဖီဆန်ခြင်းသည် လူ့အသက်၊ ကျန်းမာရေး သို့မဟုတ် လုံခြုံရေးစသည်တို့ကို ဘေးဖြစ်စေလျှင်။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၆လထိအလုပ်မဲ့ ထောင်ဒဏ် ဖြစ်စေ၊ ကျပ်၁၀၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး |

**<u>စီရင်ထုံး</u>**

၁။ ပြည်သူ့ဝန်ထမ်းက ပြည်သူ့အကျိုးအတွက် ထုတ်ပြန်သည့် ကြေငြာချက်သာလျှင် ဤပုဒ်မနှင့် အကျုံးဝင်သည်။ သို့ဖြစ်ရာ တရားမရုံးက တရားမမှုတွင် အမှုသည်အချင်းချင်း အငြင်းပွားနေသည့်ကိစ္စနှင့် ပတ်သက်၍ ချမှတ်သော ကြေငြာချက်မျိုးနှင့် သက်ဆိုင်ခြင်းမရှိပေ။ ထို့ကြောင့် တရားမရုံးက ထုတ်ပြန်သော တားမိန့်ကို ဖီဆန်ခြင်းသည် ဤပုဒ်မအရ ပြစ်မှုမမြောက်။

*[ရှောင်ဟုန်နှင့်အစိုးရ၊ ၁၉၀၇-၀၉၊ အတွဲ ၁၊*
*အထက်မြန်မာပြည်စီရင်ထုံး၊ ၂၃ (ပြစ်မှုဆိုင်ရာဥပဒေ)]*

*[ဒေါ်စိန်းနှင့်ပြည်ထောင်စု၊ ၁၉၆၈၊ မြန်မာပြည်စီရင်ထုံး၊ ၁]*

http://www.cherrythitsar.org



၂။ အများပြည်သူ နှောင့်ယှက်မှုအတွက် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၃၃ သို့မဟုတ် ပုဒ်မ ၁၄၄ အရ အရေးယူဆောင်ရွက်လျှင် အခန်း ၁၀၊ ၁၁ တို့နှင့်အညီ လိုက်နာကျင့်သုံးပြီး ထုတ်ပြန်သည့် အမိန့်မှသာ ဥပဒေနှင့်အညီ ထုတ်ပြန်ရန် အာဏာရှိသော ပြည်သူ့ဝန်ထမ်းက ထုတ်ပြန်ကြေငြာသည့်အမိန့် ဖြစ်သည်ဟု ဆိုနိုင်မည်ဖြစ်သည်။ ယင်းအမိန့်မျိုးကို ဖီဆန်မှသာ ဤပုဒ်မအရ ပြစ်မှုမြောက်သည်။

*[အစိုးရနှင့်နဝပ်ခန် (၁၈၉၂-၉၆) အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၁၇၄]*
*[အစိုးရနှင့်ဆာတာဒင် (၁၈၉၂-၉၆) အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၁၇၆]*
*[အစိုးရနှင့်ဘိုးနိုင် (၁၈၉၂-၉၆) အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၁၇၄]*

၃။ အများပြည်သူ၏ ကျန်းမာရေးကို ထိခိုက်စေသည်ဟုဆိုကာ နောက်နောင်တွင် ထိုလုပ်ငန်းကိုမလုပ်ရန် နှုတ်ဖြင့်တားမြစ်ခဲ့သော်လည်း တရားခံက မနာခံ၍ ဤပုဒ်မအရ အရေးယူရာတွင် ပြစ်မှုတရားသူကြီးသည် စုံစမ်းစစ်ဆေးမှု ဖွင့်လှစ်ပြီး အမိန့်ချမှတ်ခဲ့ခြင်းမဟုတ်သဖြင့် ဤပုဒ်မအရ အပြစ်မပေးနိုင်။

*[အစိုးရနှင့်ဘိုးထွန်း (၁၈၉၂-၉၆) အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၁၇၈]*

၄။ ကရင်လူမျိုး သုသာန်အတွက် အသုံးပြုရန်ခွင့်ပြုထားသော မြေပေါ်၌ ဇရပ်ဆောက်ထားရာ ထိုဇရပ်ကို ရွှေ့ပြောင်းပေးရန် ထုတ်ဆင့်သောအမိန့်ကို ဖီဆန်ခြင်းအတွက် ဤပုဒ်မဖြင့် အရေးမယူနိုင်။

*[ဘညွန့်နှင့်အစိုးရ၊ အတွဲ ၇၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၇၅]*

၅။ ခရိုင်ဝန်က အများသွားရာလမ်း၌ ဖဲလတီတီ လှည်းမမောင်းရဟု အမိန့်ထုတ်ဆင့်ခြင်းသည် ဥပဒေအရမဟုတ်ချေ။

*[အစိုးရနှင့်မောင်ဘိုးသင် (၁၈၉၇-၀၁) အတွဲ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၂၆၈]*

၆။ အမွေဆိုင်အိမ်နှင့်ပတ်သက်၍ အမွေဆိုင်တစ်ဦး၏ တိုင်ကြားချက်အရ အိမ်ငှား မတင်ရန် ရပ်ကွက်ပြည်သူ့ကောင်စီတွင် တားမြစ်နိုင်သည့် လုပ်ပိုင်ခွင့်မရှိ။ အမွေဆိုင်အချင်းချင်း အမွေကိစ္စ အငြင်းပွားလျှင် တရားမကြောင်းအရ ဖြေရှင်းရမည်ဖြစ်ရာ ရပ်ကွက်ပြည်သူ့ကောင်စီအနေဖြင့် အမွေကိစ္စနှင့် ပတ်သက်၍ အမိန့်ထုတ်ပြန်ခွင့် မရှိသောကြောင့် ယင်းအမိန့်ကို မလိုက်နာခြင်းသည် ပုဒ်မ ၁၈၈ နှင့် ငြိစွန်းခြင်းမရှိ။

*[မခင်စိန်ဝင်းနှင့်ပြည်ထောင်စု၊ ၁၉၈၂၊ မြန်မာပြည်စီရင်ထုံး၊ ၈]*

၇။ ပြည်သူ့ဝန်ထမ်းက ထုတ်ပြန်ကြေငြာထားသည့်အမိန့်ကို ဖီဆန်ရုံမျှဖြင့် ပြစ်မှုမမြောက်သေး။ ထိုသို့ဖီဆန်ခြင်းကြောင့် ဥပဒေနှင့်အညီ ခိုင်းစေခြင်းခံရသူကို ဟန့်တားခြင်း၊ စိတ်ငြိုငြင်ခြင်း၊ နစ်နာစေခြင်းဖြစ်မှသာ သို့မဟုတ် လူ့အသက်၊ ကျန်းမာရေး၊ လုံခြုံရေးကို ဘေးဖြစ်စေမှသာ သို့မဟုတ် ရုန်းရင်းဆန်ခတ်မှု၊ သတ်ပုတ်နှောင့်ယှက်မှု ဖြစ်စေမှသာ ပြစ်မှုမြောက်မည်ဖြစ်သည်။

*[အစိုးရနှင့်မောင်ဆိုင် (၁၈၉၂-၉၆) အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၁၈၁]*
*[ဒေါ်စန်းနှင့်ပြည်ထောင်စု၊ ၁၉၆၈၊ မြန်မာပြည်စီရင်ထုံး၊ ၁]*

http://www.cherrythitsar.org



၈။ အခင်းဖြစ်အမှုတွင် မကွေးမြို့နယ်ပြည်သူ့ကောင်စီ၏ ကြေငြာချက်အမိန့်ကို ထုတ်ပြန်ကြေငြာသော မြို့နယ်ပြည်သူ့ကောင်စီအမှုဆောင်တစ်ဦးဦးက ရေးသားတိုင်လျှောက်ထားခြင်းမဟုတ်ဘဲ မြို့နယ်ပြည်သူ့ကောင်စီ၏ ရုံးအဖွဲ့မှူးက ရေးသားတိုင်လျှောက်ခြင်းဖြစ်ရာ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅ (၁) (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ စွဲဆိုဆောင်ရွက်ခဲ့ခြင်းမဟုတ်၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၈ အရ အပြစ်ပေးစီရင်ခဲ့ခြင်းသည် မှန်ကန်ခြင်းမရှိ။

*[ဦးမြအေးနှင့်ပြည်ထောင်စု၊ ၁၉၈၃၊ မြန်မာပြည်စီရင်ထုံး၊ ၁၃၅]*

**ပြည်သူ့ဝန်ထမ်းကို နစ်နာစေမည်ဟု ခြိမ်းခြောက်ခြင်း။ (ပုဒ်မ-၁၈၉)**

**Threat of injury to public servant. (Section-189)**

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

ပြည်သူ့ဝန်ထမ်းတစ်ဦး၏ ပြည်သူဆိုင်ရာ အလုပ်ဝတ္တရားဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသော ပြုလုပ်မှုတစ်ခုခုကို ထိုပြည်သူ့ဝန်ထမ်းအား ပြုစေခြင်းအတွက်သော်လည်းကောင်း၊ ပြုခြင်းမှ ရှောင်စေခြင်းအတွက်သော်လည်းကောင်း၊ ပြုရန်ရှိသည်ကို ဆိုင်းငံ့ထားစေခြင်းအတွက်သော်လည်းကောင်း ထိုပြည်သူ့ဝန်ထမ်းအား သွေးဆောင်ရန်အလို့ငှာ ထိုပြည်သူ့ဝန်ထမ်းကိုဖြစ်စေ၊ ထိုပြည်သူ့ဝန်ထမ်းက အကျိုးလိုလားနေသည်ဟု မိမိယုံကြည်နေသောသူကိုဖြစ်စေ နစ်နာစေမည်ဟု မည်သူမဆို ခြိမ်းခြောက်လျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တရားခံက ခြိမ်းခြောက်ခြင်း။

၂။ ခြိမ်းခြောက်ခြင်းခံရသူသည် ပြည်သူ့ဝန်ထမ်း သို့မဟုတ် ပြည်သူ့ဝန်ထမ်းက အကျိုးလိုလားနေသူဟု တရားခံက ယုံကြည်သောသူဖြစ်ခြင်း။

၃။ နစ်နာစေမည်ဟု ခြိမ်းခြောက်သည်ဖြစ်ခြင်း။

၄။ ပြည်သူ့ဝန်ထမ်း၏ ပြည်သူဆိုင်ရာ အလုပ်ဝတ္တရားနှင့် စပ်လျဉ်းသော ပြုလုပ်မှုကို ပြုစေခြင်း၊ ပြုခြင်းမှ ရှောင်စေခြင်း၊ ပြုရန်ရှိသည်ကို ဆိုင်းငံ့ထားစေခြင်းအတွက် သွေးဆောင်ရန်ဖြစ်ခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၈၉ | ပြည်သူ့ဆိုင်ရာ အလုပ်ဝတ္တရားဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းသော ပြုလုပ်မှုတစ်ခုခုကိုပြုစေခြင်း၊ သို့မဟုတ် ပြုခြင်းမှရှောင်စေခြင်းအလို့ငှာ သွေးဆောင်ရန် ပြည်သူ့ဝန်ထမ်းကိုဖြစ်စေ၊ ပြည်သူ့ဝန်ထမ်းက အကျိုးလိုလားနေသူကို ဖြစ်စေ နစ်နာစေမည်ဟုခြိမ်းခြောက်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး |

http://www.cherrythitsar.org



**ကာကွယ်စောင့်ရှောက်မှုအတွက် ပြည်သူ့ဝန်ထမ်းထံ တောင်းဆိုခြင်းမှရှောင်ကြဉ်စေရန် တစ်ဦးတစ်ယောက်သောသူအား သွေးဆောင်လိုသည့်အတွက် နစ်နာစေမည်ဟု ခြိမ်းခြောက်ခြင်း။ (ပုဒ်မ-၁၉၀)**

**Threat of injury to induce person to refrain from applying for protection to public servant. (Section-190)**

**ဥပဒေပြဋ္ဌာန်းချက်**

နစ်နာစေခြင်းမှ ဥပဒေအရ ကာကွယ်စောင့်ရှောက်ခြင်း ပေးပိုင်ခွင့်ရှိသော သို့တည်းမဟုတ် ပေးစေပိုင်ခွင့်ရှိသော ပြည်သူ့ဝန်ထမ်းထံတွင် ကာကွယ်စောင့်ရှောက်မှုအတွက် ဥပဒေနှင့်အညီ တောင်းဆိုခြင်းမှ ရှောင်ကြဉ်စေရန်သော် လည်းကောင်း၊ ရပ်စဲစေရန်သော် လည်းကောင်း တစ်ဦးတစ်ယောက်သောသူအား သွေးဆောင်ရန်အလို့ငှာ ထိုသူအား နစ်နာစေမည်ဟု မည်သူမဆို ခြိမ်းခြောက်လျှင် ထိုသို့ခြိမ်းခြောက်သောသူကို တစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံက ခြိမ်းခြောက်ခြင်း။

၂။ နစ်နာစေမည်ဟု ခြိမ်းခြောက်ခြင်း။

၃။ ပြည်သူ့ဝန်ထမ်းထံတွင် ကာကွယ်စောင့်ရှောက်မှုအတွက် ဥပဒေနှင့်အညီ တောင်းဆိုခြင်းမပြုအောင်၊ တောင်းဆိုခြင်းမှရပ်စဲအောင် လူတစ်ဦးအား သွေးဆောင်ရန်အလို့ငှာဖြစ်ခြင်း။

၄။ ပြည်သူ့ဝန်ထမ်းသည် နစ်နာစေခြင်းမှ ဥပဒေအရ ကာကွယ်စောင့်ရှောက်ခြင်း ပေးပိုင်ခွင့်ရှိခြင်း၊ ပေးစေပိုင်ခွင့်ရှိခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၉၀ | နစ်နာစေခြင်းမှ ကာကွယ်စောင့်ရှောက်မှုအတွက် ပြည်သူ့ဝန်ထမ်းထံ ဥပဒေနှင့်အညီတောင်းဆိုခြင်းမှ ရှောင်ကြဉ်စေရန် တစ်ဦးတစ်ယောက်သောသူအား သွေးဆောင်လိုသည့်အတွက် နစ်နာစေမည်ဟု ခြိမ်းခြောက်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး |

http://www.cherrythitsar.org



# အခန်း(၁၁)

## မမှန်သက်သေခံမှုနှင့် ဖြောင့်မှန်စွာတရားစီရင်ရေးကို ဆန့်ကျင်သော ပြစ်မှုများ

**မမှန်သက်သေခံခြင်း။ (ပုဒ်မ-၁၉၁)**

**Giving false evidence. (Section-191)**

**ဥပဒေဖွင့်ဆိုချက်**

မည်သူမဆို ကျမ်းသစ္စာအရဖြစ်စေ၊ ဥပဒေ၌ အတည့်အလင်း ဖော်ပြထားသော ပြဋ္ဌာန်းချက်အရဖြစ်စေ အမှန်ထွက်ဆိုရန် ဥပဒေအရ တာဝန်ရှိပါလျက်နှင့်၊ သို့တည်းမဟုတ် အကြောင်းအရာတစ်ခုခုနှင့် စပ်လျဉ်း၍ ကြေငြာချက်ပြုရန် ဥပဒေအရ တာဝန်ရှိပါလျက်နှင့် မမှန်သည်လည်းဖြစ်သည့်ပြင် မမှန်ဟု မိမိသိသည်လည်းဖြစ်သော၊ သို့တည်းမဟုတ် ယုံကြည်သည်လည်းဖြစ်သော၊ သို့တည်းမဟုတ် မှန်သည်ဟု မိမိယုံကြည်ခြင်း မရှိသည်လည်းဖြစ်သော ဖော်ပြချက်ကိုပြုလျှင် ထိုသူသည် မမှန်သက်သေခံသည်မည်၏။

***ရှင်းလင်းချက် ၁။*** နှုတ်ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ပြုသောဖော်ပြချက်သည် ဤပုဒ်မ၏ အဓိပ္ပာယ်၌ အကျုံးဝင်သည်။

***ရှင်းလင်းချက် ၂။*** ထွက်ဆိုသူ၏၊ သို့တည်းမဟုတ် ကြေငြာသူ၏ ယုံကြည်ချက်နှင့် စပ်လျဉ်း၍ ထိုသူ၏ ယုံကြည်ချက်အတိုင်းမဟုတ်သော ကြေငြာချက်သည်၊ သို့တည်းမဟုတ် ထွက်ဆိုချက်သည် ဤပုဒ်မ၏ အဓိပ္ပာယ်၌ အကျုံးဝင်သည်။ ထို့ပြင် တစ်ဦးတစ်ယောက်သောသူသည် မိမိမသိသောအရာကို သိသည်ဟု ထွက်ဆိုခြင်းဖြင့် မမှန်သက်သေခံမှု ကျူးလွန်ရာရောက်သည့်နည်းတူ မိမိမယုံကြည်သောအရာကို ယုံကြည်သည်ဟု ထွက်ဆိုခြင်းဖြင့်လည်း မမှန်သက်သေခံမှု ကျူးလွန်ရာရောက်သည်။

**ဥပမာများ။**

(က) မောင်နီထံမှ တရားသဖြင့်ရရန်ရှိသော ကြွေးငွေတစ်ထောင်အတွက် မောင်မဲက တရားစွဲဆိုရာတွင် မောင်မဲ၏တောင်းဆိုချက်အတိုင်း မှန်သည်ဟု မောင်နီက ဝန်ခံသည်ကို မိမိကြားကြောင်း မောင်ဖြူက အမှုစစ်ဆေးစဉ်တွင် ကျမ်းကျိန်၍ မမှန်ထွက်ဆို၏။ မောင်ဖြူသည် မမှန်သက်သေခံသည်မည်၏။

(ခ) အမှန်ထွက်ဆိုပါမည်ဟု ကျမ်းသစ္စာပြုပြီးသော မောင်ဖြူသည် ရေးထိုးသော လက်မှတ်တစ်ခုကို မောင်မဲ၏လက်မှတ်ဖြစ်သည်ဟု မိမိမယုံကြည်ပါဘဲလျက် မောင်မဲ၏ လက်မှတ်ဖြစ်သည်ဟု ယုံကြည်ကြောင်းထွက်ဆို၏။ ဤနေရာတွင် မောင်ဖြူသည် မိမိယုံကြည်သည့်အတိုင်း ထွက်ဆိုခြင်းမဟုတ်သည်ကို သိလျက်နှင့် ထွက်ဆိုခြင်းဖြစ်သည်။ ထို့ကြောင့် မောင်ဖြူသည် မမှန်သက်သေခံသည်မည်၏။

http://www.cherrythitsar.org



(ဂ) မောင်ဖြူသည် မောင်မဲရေးသားမြဲလက်ရေး၏ ပုံပန်းကိုသိသဖြင့် ရေးထိုးသော လက်မှတ်တစ်ခုကို မောင်မဲ၏လက်မှတ်ဖြစ်သည်ဟု သဘောရိုးဖြင့် ယုံကြည်သည့် အတိုင်း မောင်မဲ၏လက်မှတ်ဖြစ်သည်ဟု မိမိယုံကြည်ကြောင်း ထွက်ဆို၏။ မောင်ဖြူ ၏ ထွက်ဆိုချက်သည် သူ၏ယုံကြည်ချက်နှင့်သာ သက်ဆိုင်သည့်ပြင် သူတကယ် ယုံကြည်သည်လည်းဖြစ်၏။ ထို့ကြောင့် အဆိုပါရေးထိုးထားသော လက်မှတ်သည် မောင်မဲ၏လက်မှတ် မဟုတ်စေကာမူ မောင်ဖြူသည် မမှန်သက်သေခံသည်မမည်။
(ဃ) အမှန်ထွက်ဆိုပါမည်ဟု ကျမ်းသစ္စာပြုပြီးသော မောင်ဖြူသည် ဤမည်သော နေ့ရက်တွင် ဤမည်သောနေရာ၌ မောင်မဲရှိကြောင်း မသိပါဘဲလျက် ထိုနေ့ရက်၊ ထိုနေရာ၌ မောင်မဲရှိကြောင်း မိမိသိသည်ဟု ထွက်ဆို၏။ မောင်မဲသည် ထိုနေ့ရက်၊ ထိုနေရာ၌ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မောင်ဖြူသည် မမှန်သက်သေခံသည် မည်၏။
(င) စကားပြန်ဖြစ်သူ၊ သို့တည်းမဟုတ် ဘာသာပြန်ဖြစ်သူ မောင်ဖြူသည် ထွက်ဆိုချက်တစ်ခုကိုသော် လည်းကောင်း၊ စာတမ်းအမှတ်အသားတစ်ခုကိုသော် လည်းကောင်း၊ မှန်ကန်စွာ ဘာသာပြန်ဆိုပါမည်ဟု ကျမ်းသစ္စာပြုထားပါလျက်နှင့် မမှန်သည်လည်းဖြစ်သည့်ပြင် မှန်သည်ဟု မိမိယုံကြည်ခြင်း မရှိသည်လည်းဖြစ်သော ဘာသာပြန်ဆိုချက်ကိုပြု၏၊ သို့တည်းမဟုတ် မှန်သည်ဟုတာဝန်ခံ၏။ မောင်ဖြူ သည် မမှန်သက်သေခံသည်မည်၏။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ လူတစ်ဦးသည်
- (က) ကျမ်းသစ္စာအရဖြစ်စေ။
- (ခ) ဥပဒေ၌ အတည့်အလင်း ဖော်ပြထားသော ပြဋ္ဌာန်းချက်အရဖြစ်စေ အမှန်ထွက်ဆိုရန် ဥပဒေအရ တာဝန်ရှိခြင်း၊ သို့တည်းမဟုတ်

၂။ ထိုသူသည် မမှန်သောဖော်ပြချက်ကိုပြုခြင်း။

၃။ မမှန်သော ဖော်ပြချက်ဖြစ်သည်ကိုသိခြင်း၊ မမှန်ကြောင်း ယုံကြည်ခြင်း၊ သို့မဟုတ် မှန်သည်ဟု မယုံကြည်ခြင်း။

**<u>စီရင်ထုံး</u>**

**၁။** သက်သေထွက်ချက် ရယူနိုင်သူ သို့မဟုတ် ရုံးပင်ဖြစ်လင့်ကစား ထိုသူ သို့မဟုတ် ရုံး၏ဆောင်ရွက်ချက်သည် ဥပဒေအပြင်ဘက်သို့ ကျရောက်နေပါက ယင်းသို့ဆောင်ရွက်ရာ၌ ပြုလုပ်ခဲ့သော မမှန်ဖော်ပြချက်အတွက် အရေးမယူနိုင် ပေ။ တစ်နည်းဆိုရသော် တရားခံအား သက်သေအဖြစ် စစ်ဆေးသည့် မှုခင်းကို ကိုင်တွယ်စစ်ဆေးရန် အာဏာမရှိသူ သို့မဟုတ် ရုံးက စစ်ဆေးကြားနာရာ၌ တရားခံ က မမှန်သောဖော်ပြချက်ကို ထုတ်ဖော်စေခဲ့ကာမူ မမှန်သက်သေခံသည်မမည်။

*[အစိုးရနှင့်ပါကီရီ၊ အတွဲ ၂၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၂၇၂]*

http://www.cherrythitsar.org



၂။ မှန်ကန်သော ဖော်ပြချက်ကိုသာ ပြုရမည်ဟု ဥပဒေပြဋ္ဌာန်းချက် အတိအလင်း မရှိလျှင် ဤပုဒ်မအရ ပြစ်မှုမမြောက်ပေ။ ဥပမာ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၆၁ အရ ပြစ်မှုမှုခင်းကို စုံစမ်းသည့် ရဲအရာရှိအား အမှန်အတိုင်းထွက်ဆိုရမည် ဟု ပြဋ္ဌာန်းချက်မရှိသဖြင့် ထိုရဲအရာရှိထံ၌ ထွက်ဆိုခဲ့သော မမှန်ထွက်ချက်အတွက် ဤပုဒ်မအရ အရေးမယူနိုင်။

*[အစိုးရနှင့်မငံ၊ အတွဲ ၁၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၁၀၁]*

၃။ အကြောင်းအရာ ဖော်ပြချက်တစ်ခုသည် မှန်သည်မှားသည်ကို မသိဘဲနှင့် မမှန်သောဖော်ပြချက်ကိုပြုလျှင် မမှန်သက်သေခံခဲ့ခြင်းဖြစ်သည်ဟု ယူဆရမည်။ မှန်သည်၊ မမှန်သည်ကိုမသိဘဲ မမှန်သည်ကို မှန်ပါသည်ဟု ကျမ်းသစ္စာပြု၍ ပြောဆိုလျှင် မမှန်သည်ဟုသိလျက်နှင့် ပြောဆိုဘိသကဲ့သို့ အရေးယူနိုင်သည်။ လူတစ်ဦးသည် မမှန်ကန်ကြောင်းသိလျက်နှင့်၊ ယုံကြည်လျက်နှင့် မှန်သည်ဟု ယုံကြည်ခြင်းမရှိလျက်နှင့် မှန်ပါသည်ဟု ထွက်ဆိုဖော်ပြမှသာ ပြစ်မှုမြောက်သည်။ သို့ဖြစ်ရာ အရက်မူးသူတစ်ဦးကို ကျမ်းသစ္စာပြုလွှာဖတ်ပြပြီး လက်မှတ်ထိုးခိုင်းသည့် ကိစ္စတွင် မူးယစ်နေ၍ ကျမ်းသစ္စာပါ စကားရပ်များကို ကောင်းမွန်စွာ နားလည်ပုံ မရသဖြင့် ထိုစကားရပ်ကို ဆန့်ကျင်၍ ထွက်ဆိုခဲ့သော ထွက်ချက်အတွက် မမှန်ကန် သော သက်သေခံမှုဖြင့် အရေးယူနိုင်မည်မဟုတ်ပေ။

*[ဦးအောင်မြင့်ဦးနှင့် ခရိုင်တရားမနှင့် စက်ရှင်တရားသူကြီး၊ အေအိုင်အာ၊ ၁၉၄၀၊ ရန်ကုန်၊ ၁၄၈]*

**မမှန်သက်သေခံ ဖန်တီးခြင်း။**
**(ပုဒ်မ-၁၉၂)**

**Fabricating false evidence.**
**(Section-192)**

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

တရားစီရင်သော မှုခင်းကိစ္စတွင်ဖြစ်စေ ပြည်သူ့ဝန်ထမ်းက ပြည်သူ့ဝန်ထမ်း အဖြစ်ဖြင့် ဥပဒေအရစီရင်သော မှုခင်းကိစ္စတွင်ဖြစ်စေ အနုညာတခုံလူကြီးက ဥပဒေအရ စီရင်သော မှုခင်းကိစ္စတွင်ဖြစ်စေ-

(က) ပတ်ဝန်းကျင် ကြောင်းခြင်းရာတစ်ခုကိုသော် လည်းကောင်း၊ စာအုပ်၌ဖြစ်စေ၊ မှတ်တမ်း၌ဖြစ်စေ ရေးသွင်းသော မမှန်ရေးသွင်းချက်တစ်ခုကိုသော် လည်း ကောင်း၊ မမှန်ထွက်ဆိုချက်ပါသော စာတမ်းအမှတ်အသားတစ်ခုကိုသော် လည်းကောင်း သက်သေခံအဖြစ်ဖြင့် ပေါ်ပေါက်လာနိုင်စေရန်၊ ထို့ပြင်

(ခ) ထိုသို့ ပေါ်ပေါက်လာနိုင်သော ပတ်ဝန်းကျင်ကြောင်းခြင်းရာအားဖြင့်သော် လည်းကောင်း၊ မမှန်ရေးသွင်းချက်အားဖြင့်သော် လည်းကောင်း၊ မမှန် ထွက်ဆိုချက်ပါသော စာတမ်းအမှတ်အသားအားဖြင့်သော်လည်းကောင်း အဆိုပါ စစ်ဆေးစီရင်သော မှုခင်းကိစ္စ၌ သက်သေခံချက်ကို အထောက် အထားပြုကာ ထင်မြင်ကောက်ယူရန်ရှိသောသူအား အမှုဆုံးဖြတ်ရေးတွင်

http://www.cherrythitsar.org



အရေးပါသော အချက်တစ်ခုခုနှင့်စပ်လျဉ်း၍ လွဲမှားစွာ ထင်မြင်မိစေရန် ကြံရွယ်၍ မည်သူမဆိုပြုလျှင် ထိုသူသည် "မမှန်သက်သေခံ ဖန်တီးသည်" မည်၏။

**ဥပမာများ**

(က) မောင်မဲပိုင်သေတ္တာထဲတွင် ကျောက်မျက်ရတနာများကို တွေ့ရှိစေ၍ ထိုသို့ တွေ့ရှိသော ပတ်ဝန်းကျင်ကြောင်းခြင်းရာက မောင်မဲအား ခိုးမှုဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်း ခံရစေရန် ကြံရွယ်လျက် မောင်ဖြူသည် မောင်မဲ၏သေတ္တာ၌ ထို ကျောက်မျက်ရတနာများကို ထည့်ထား၏။ မောင်ဖြူသည် မမှန်သက်သေခံ ဖန်တီး သည်မည်၏။

(ခ) တရားရုံးတွင် အထောက်အခံ သက်သေခံအဖြစ် အသုံးပြုနိုင်ရန် အလို့ငှာ မောင်ဖြူသည် မိမိစာရင်းစာအုပ်တွင် မမှန်ရေးသွင်းချက်တစ်ခုကိုပြု၏။ မောင်ဖြူ သည် မမှန်သက်သေခံ ဖန်တီးသည်မည်၏။

(ဂ) ရာဇဝတ်မကင်းသော ပူးပေါင်းကြံစည်မှုဖြင့် မောင်နီကို ပြစ်မှုထင်ရှားစီရင်ခြင်း ခံရစေရန် ကြံရွယ်၍ မောင်ဖြူသည် မောင်နီ၏လက်ရေးနှင့်တူအောင် အတုပြုလုပ် ကာ စာတစ်စောင်ရေးသားပြီးလျှင် ရာဇဝတ်မကင်းသော ပူးပေါင်းကြံစည်မှုတွင် ပါဝင်သည့် ကျူးလွန်ဘက်တစ်ဦးထံသို့ ရေးသားထားသည့်အနေနှင့် ရဲအမှုထမ်း ရာထမ်းတို့ ရှာဖွေမည့်နေရာ၌ ထိုစာကိုထား၏။ မောင်ဖြူသည် မမှန်သက်သေခံ ဖန်တီးသည်မည်၏။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ (က) ပတ်ဝန်းကျင်ကြောင်းခြင်းရာ တစ်ခုခုကိုသော်လည်းကောင်း။
   (ခ) စာအုပ်၊ မှတ်တမ်း၌ ရေးသွင်းသော မမှန်ရေးသွင်းချက်တစ်ခုခုကိုသော် လည်းကောင်း။
   (ဂ) မမှန်ထွက်ဆိုချက်ပါသော စာတမ်းအမှတ်အသား တစ်ခုခုကိုသော် လည်းကောင်း သက်သေခံအဖြစ် ပေါ်ပေါက်လာစေနိုင်ရန်ပြုခြင်း။

၂။ ယင်းအချက်တစ်ခုခုကို အောက်ပါမှုခင်းတစ်ခုခုတွင်ပြုခြင်း။
   (က) တရားစီရင်သောမှုခင်း။
   (ခ) ပြည်သူ့ဝန်ထမ်းက ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် ဥပဒေအရ စီရင်သော မှုခင်း။
   (ဂ) အနုညာတခုံလူကြီးက ဥပဒေအရ စီရင်သောမှုခင်း။

၃။ ထိုမှုခင်းတွင် သက်သေခံချက်ကို အထောက်အထားပြုကာ ထင်မြင်ကောက်ယူ ရန် ရှိသောသူအား လွဲမှားစွာ ထင်မြင်စေခြင်း။

http://www.cherrythitsar.org



၄။ ထိုကဲ့သို့ လွဲမှားစွာထင်မြင်စေခြင်းမှာ အမှုဆုံးဖြတ်ရေးတွင် အရေးပါသော အချက်တစ်ခုခုနှင့် စပ်လျဉ်းခြင်း။

**စီရင်ထုံး**

၁။ အင်းလိုင်စင်ကို လွှဲပြောင်းပေးရန် ခရိုင်ဝန်ထံသို့ တင်သွင်းသော လျှောက်လွှာ၌ လွှဲပြောင်းပေးသူ၏သားက ဖခင်ကိုယ်စား လက်မှတ်ရေးထိုးခဲ့ခြင်းသည် ဖခင်ခွင့်ပြုချက်မရှိဘဲ လက်မှတ်ရေးထိုးခြင်းဖြစ်သည်ဆိုသော အထောက်အထားမရှိ၍ မမှန်ရေးသွင်းချက်ဟု မဆိုနိုင်သည့်အပြင် အမှုတွင် သက်သေခံအဖြစ် အသုံးပြုရန် ရည်ရွယ်ချက်မရှိ၍ ဤပုဒ်မအရ ပြစ်မှုမမြောက်။

*[အစိုးရနှင့်ဘိုးရှင်၊ အတွဲ ၄၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၄၅]*

## မမှန်သက်သေခံခြင်းအတွက် ပြစ်ဒဏ်။ (ပုဒ်မ-၁၉၃)

## Punishment for false evidence. (Section-193)

**ဥပဒေပြဋ္ဌာန်းချက်**

တရားစီရင်သောမှုခင်းကိစ္စတွင် မည်သည့်အဆင့်၌ဖြစ်စေ မည်သူမဆို တမင်မမှန်သက်သေခံလျှင်၊ သို့တည်းမဟုတ် မည်သည့်အဆင့်၌ဖြစ်စေ သက်သေခံအဖြစ် အသုံးပြုရန် မမှန်သက်သေခံကို တမင်ဖန်တီးလျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

***ရှင်းလင်းချက် ၁။*** စစ်တရားရုံးတွင် စစ်ဆေးစီရင်သော မှုခင်းကိစ္စသည် တရားစီရင်သော မှုခင်းကိစ္စမည်၏။

***ရှင်းလင်းချက် ၂။*** တရားရုံးတွင် အမှုစစ်ဆေးစီရင်ခြင်းမပြုမီ ဥပဒေညွှန်ကြားချက်အရ ကြိုတင်မေးမြန်း စုံထောက်ခြင်းသည် တရားရုံးတွင် မေးမြန်းစုံထောက်မှုပြုခြင်း မဟုတ်သော်လည်း တရားစီရင်သော မှုခင်းကိစ္စ၏ အဆင့်တစ်ဆင့်ဖြစ်သည်။

**ဥပမာ**

မောင်မဲ၏အမှုကို စစ်ဆေးပိုင်ခွင့်ရှိသောရုံးသို့ လွှဲသင့်မလွှဲသင့် သိသာအောင် ရာဇဝတ်တရားသူကြီးက စုံစမ်းရာတွင် မောင်ဖြူသည် ကျမ်းသစ္စာပြု၍ မမှန်သည်ကိုသိလျက်နှင့် မှန်သည်ဟုထွက်ဆို၏။ အထက်ပါ စုံစမ်းခြင်းသည် တရားစီရင်သော မှုခင်းကိစ္စ၏ အဆင့်တစ်ဆင့်ဖြစ်သောကြောင့် မောင်ဖြူသည် မမှန်သက်သေခံသည်မည်၏။

***ရှင်းလင်းချက် ၃။*** ဥပဒေအရ တရားရုံးက ညွှန်ကြား၍ တရားရုံးအမိန့်အရ ဆောင်ရွက်သော မေးမြန်းစုံထောက်ခြင်းသည် တရားရုံးတွင် မေးမြန်းစုံထောက်မှုပြုခြင်း မဟုတ်သော်လည်း တရားစီရင်သော မှုခင်းကိစ္စ၏ အဆင့်တစ်ဆင့်ဖြစ်သည်။

http://www.cherrythitsar.org



**ဥပမာ**

မြေကွက်တစ်ခု၏ နယ်နိမိတ်ကို ထိုနေရာတွင် အမှန်သိသာစေရန် တရားရုံးက လွှဲအပ်ခန့်ထားသော အရာရှိတစ်ဦးက စုံစမ်းရာတွင် မောင်ဖြူသည် ကျမ်းသစ္စာပြု၍ မမှန်သည်ကိုသိလျက်နှင့် မှန်သည်ဟုထွက်ဆို၏။ အထက်ပါ စုံစမ်းခြင်းသည် တရားစီရင်သော မှုခင်းကိစ္စ၏ အဆင့်တစ်ဆင့်ဖြစ်သောကြောင့် မောင်ဖြူသည် မမှန်သက်သေခံသည်မည်၏။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ မမှန်သက်သေခံခြင်းအတွက် လိုအပ်သောအင်္ဂါရပ်များကို ပုဒ်မ ၁၉၁ တွင်လည်းကောင်း။

၂။ မမှန်သက်သေခံဖန်တီးခြင်းအတွက် လိုအပ်သောအင်္ဂါရပ်ကို ပုဒ်မ ၁၉၂ တွင်လည်းကောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၉၃ | တရားစီရင်သော မှုခင်းကိစ္စတွင် မမှန်သက်သေခံမှု၊ သို့မဟုတ် မမှန်သက်သေကို ဖန်တီးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး |
| | အခြားမှုခင်းကိစ္စတွင် မမှန်သက်သေခံမှု၊ သို့မဟုတ် မမှန်သက်သေခံကိုဖန်တီးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | ၄င်း |

**စီရင်ထုံး**

၁။ ရည်ရွယ်ချက်သည် အရေးကြီးသည့်အင်္ဂါရပ်တစ်ခုဖြစ်သည်။ တရားခံသည် မမှန်ကြောင်းသိလျက်နှင့်၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့် မမှန်သက်သေခံခြင်း၊ မမှန်သက်သေခံဖန်တီးခြင်းပြုလျှင် တမင်မမှန်သက်သေခံသည်၊ မမှန်သက်သေခံရန်ဖန်တီးသည်ဟု ယူဆရန်သာရှိသည်။ မသမာသောစိတ်ထားဖြင့် ပြုလုပ်ခဲ့ပါသည်ဟု တင်ပြရန်မလိုပေ။ မမှန်ကြောင်းသိသည်၊ မသိသည် ယုံကြည်ရန် အကြောင်းရှိသည်၊ မရှိသည်ဆိုခြင်းကို ပေါ်ပေါက်နေသည့် အကြောင်းခြင်းရာ အပေါ် ခန့်မှန်းနိုင်မည်ဖြစ်သည်။

*[မောင်ယုံနှင့်အစိုးရ၊ ၁၉၁၇-၂၀၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၈၄]*

http://www.cherrythitsar.org



၂။ အမှုတစ်မှုရှိ ထွက်ချက်သည် အခြားအမှုရှိထွက်ချက်နှင့် ကွဲလွဲနေ၍ ဤပုဒ်မအရ အရေးယူလျှင် အမှုနှစ်မှုစလုံး၏ ထွက်ချက်များသည် ကျမ်းသစ္စာပြု၍ ထွက်ဆိုခဲ့သော ထွက်ချက်များဖြစ်ရပေမည်။ တစ်မှုမှုတွင် ထွက်ဆိုခဲ့သည့် ထွက်ဆိုချက်သည် ဥပဒေအရ ကျမ်းသစ္စာပြုပြီး ထွက်ဆိုစေရန် ပြဋ္ဌာန်းချက်မရှိပါက ကျမ်းသစ္စာပြု၍ ထွက်ဆိုထားသော ထွက်ချက်ပင် ဖြစ်လင့်ကစား ဤပုဒ်မဖြင့် အရေးယူရန်အကြောင်း မပေါ်ပေါက်နိုင်။ အောက်မြန်မာပြည် ကျေးရွာဥပဒေအရ အရေးယူသော အထွေထွေအမှုတွင် မြို့အုပ်သည် သက်သေအား ကျမ်းသစ္စာပြု၍ ထွက်ဆိုခဲ့သော ထွက်ချက်သည် ပြစ်မှုရုံးရှေ့တွင် ကျမ်းသစ္စာပြု၍ ထွက်ဆိုခဲ့သည့် ထွက်ချက်နှင့် ကွဲလွဲနေသည့်အကြောင်းကြောင့် ဤပုဒ်မဖြင့် တရားစွဲဆိုခြင်းမပြုနိုင်။

*[မောင်ပြန်နှင့်အစိုးရ၊ အတွဲ ၉၊ မြန်မာပြည်စီရင်ထုံး၊ ၁၈၀]*

၃။ မမှန်သက်သေခံခြင်းအတွက် စွဲဆိုသော အမှုများတွင် သက်ဆိုင်ရာထွက်ချက်သည် မမှန်ကြောင်းထင်ရှားအောင် တရားလိုဘက်မှ တင်ပြရန်လိုသည်။

*[မခင်နှင့်အစိုးရ (၁၈၉၂-၉၆) အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၁၈၇]*

၄။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ၁၉၅ အရ မမှန်သက်သေခံခြင်း၊ မမှန်သက်သေခံဖန်တီးခြင်း ပြစ်မှုကို တရားစွဲဆိုလျှင် သက်ဆိုင်ရာတရားရုံး သို့မဟုတ် ပြည်သူ့ဝန်ထမ်းဖြစ်စေ၊ ထိုရုံး သို့မဟုတ် ပြည်သူ့ဝန်ထမ်း၏ အကြီးအကဲဖြစ်စေ တိုင်တန်းချက်ရှိရန်လိုပေသည်။ တရားစွဲဆိုခွင့် အမိန့်မရှိဘဲ စွဲဆိုသည့်အမှုသည် ပျက်ပြယ်သည်။

*[အစိုးရနှင့်ထောက်တာလွယ်၊ အတွဲ ၂၊ အောက်မြန်မာပြည်စီရင်ထုံး၊၃၀၂]*

၅။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၈ (၁) (ခ) တွင်လည်းကောင်း၊ ပုဒ်မ ၄၇၆ တွင်လည်းကောင်း သက်သေတစ်ဦးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ မမှန်သက်သေခံမှုဖြင့် အရေးယူရာတွင် သက်ဆိုင်ရာ တရားရုံး၏ ရေးသားတိုင်တန်းချက်အရသာ အရေးယူရမည်ဟုပြဋ္ဌာန်းထားသဖြင့် တရားခံအပေါ် မြို့နယ်တရားရုံးမှ သက်ဆိုင်ရာ တရားစီရင်ရေးအဖွဲ့၏ တိုင်ကြားချက်မရှိဘဲ ပုဒ်မ ၁၉၃ အရ အရေးယူခြင်းသည် မှားယွင်းသည်။

*[ဦးတင်ရွှေ (ခ) သံလုံးနှင့်ပြည်ထောင်စု၊ ၁၉၈၂၊ မြန်မာပြည်စီရင်ထုံး၊၂၈]*

၆။ သက်ဆိုင်ရာ ရုံး သို့မဟုတ် ပြည်သူ့ဝန်ထမ်းသည် တရားစွဲဆိုခွင့်ကို မပေးမီ စုံစမ်းစစ်ဆေးပြီး အများပြည်သူအကျိုးအလို့ငှာ တရားစွဲဆိုခွင့် ပြုသင့်သည်ဟု ယူဆမှသာ ခွင့်ပေးသင့်သည်။ ပုဂ္ဂိုလ်အချင်းချင်း ကလဲ့စားချေလိုသည့်သဘောဖြင့် တရားစွဲဆိုခွင့် တောင်းခံခြင်းကို ခွင့်မပြုသင့်ပေ။ ယင်းစုံစမ်းစစ်ဆေးမှုများ၌ သက်ဆိုင်ရာ ရုံးအနေဖြင့် ပြည့်ပြည့်စုံစုံစစ်ဆေးပြီး တရားခံအား မည်ကဲ့သို့သော စွပ်စွဲချက်ကို ဖြေရှင်းရန်ရှိသည်ဟု သိစေသင့်သည်။

*[မောင်သာဝင်းနှင့်မောင်စံ (၁၉၁၀-၁၁) အထက်မြန်မာပြည်စီရင်ထုံး၊ ၁၆၆]*

http://www.cherrythitsar.org



၇။ တရားစွဲဆိုခွင့်ကိုမပေးမီ တရားရုံးအနေဖြင့် တရားစွဲဆိုရန် လုံလောက်သည့် အကြောင်းရှိသည်သာမက အထောက်အထားလည်း ပြည့်ပြည့်စုံစုံရှိသည်ဟု ကျေနပ်ရမည်ဖြစ်သည်။ စွဲချက်တင်သည့်ရုံးရှေ့၌ ထွက်ချက်နှင့် စက်ရှင်ရုံးရှိ ထွက်ချက်တို့ ကွဲလွဲကာမျှဖြင့် စက်ရှင်ရုံးရှေ့ရှိ ထွက်ချက်သည် မမှန်သက်သေခံချက်ဖြစ်သည်ဟု စက်ရှင်တရားသူကြီးအနေဖြင့် ကျေနပ်မှုမရှိလျှင် သက်သေအား တရားစွဲဆိုခွင့် ပြုရန် ခိုင်လုံသည့်အကြောင်းရှိသည်ဟု မဆိုနိုင်။

*[အစိုးရနှင့်ဘိုးညွန့်၊ ပုံနှိပ်ထားသောစီရင်ချက်များ၊
အောက်မြန်မာပြည်စီရင်ထုံး၊ ၇၉]*

*[ဒိုလာဘီနှင့်အစိုးရ၊ အတွဲ ၃၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၂၀၄]*

၈။ စွဲချက်တင်သည့်ရုံးက မစစ်ဆေးမီ သက်သေအားတရားသူကြီးရှေ့တွင် ကျမ်းသစ္စာပြု၍ စစ်ဆေးခဲ့ရာ ထိုထွက်ချက်သည် စွဲချက်တင်သည့်ရုံးတွင် ထွက်ဆိုသည့် ထွက်ချက်နှင့် ကွဲလွဲနေသည့်အတွက် တရားစွဲဆိုခွင့်အမိန့်ကို တောင်းခံရာဝယ် တရားလွှတ်တော်က စွဲချက်တင်သည့်ရုံးသို့ မပို့မီ ကျမ်းဖြင့် စစ်ဆေးထားခြင်းဖြစ်၍ ဤပုဒ်မအရ တရားစွဲဆိုခွင့်ပြုရန်မသင့်။ သက်သေသည် လွတ်ငြိမ်းချမ်းသာခွင့်ကို ဖောက်ဖျက်လျှင် မူလအမှုဖြင့် တရားစွဲဆိုသင့်သည်ဟု ဆုံးဖြတ်ခဲ့ဖူးသည်။

*[အစိုးရနှင့်ဘိုကြီး၊ အတွဲ ၃၊ ရန်ကုန်၊ ၂၂၄]*

၉။ မမှန်သက်သေခံမှုဖြင့် အရေးယူရန် အချိန်ကြာမြင့်မှ လျှောက်ထားလျှင် လက်ခံစဉ်းစားခြင်းမပြုသင့်ပေ။ တရားစွဲဆိုခွင့်ကို တရားခံအပေါ် ပြစ်ဒဏ်ထင်ရှား စီရင်နိုင်အောင် သက်သေအထောက်အထား ခိုင်လုံမှ ပေးသင့်သည်။

*[ဟွီအိုင်ဟိန်နှင့်အစိုးရ၊ ၁၉၄၈၊ မြန်မာပြည်စီရင်ထုံး၊ ၄၀]*

၁၀။ ငှားရမ်းခကြီးကြပ်ရေးဝန်က ကျူးကျော်သူအား နေထိုင်ခွင့်လက်မှတ်ထုတ်ပေးသည့်အမှုကို စစ်ဆေးရာ၌ တရားရုံးအနေဖြင့် ဆောင်ရွက်ခြင်းမဟုတ်ဘဲ ပြည်သူ့ဝန်ထမ်းအနေဖြင့် ဆောင်ရွက်ခြင်းဖြစ်၍ သက်သေတစ်ဦးသည် ငှားရမ်းခကြီးကြပ်ရေးဝန်ရှေ့တွင် မမှန်သက်သေခံလျှင် ဤပုဒ်မ၏ ဒုတိယပိုင်းနှင့်သာ အကျုံးဝင်သည်။ သို့ဖြစ်ရာ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅ (၁) (ခ) ရှိ ပြဋ္ဌာန်းချက်နှင့် အကျုံးမဝင်။

*[အမ်းအီးအာရဖ်နှင့်ပြည်ထောင်စု၊ ၁၉၅၄၊ မြန်မာပြည်စီရင်ထုံး၊ ၂၃ (လွှတ်တော်)]*

၁၁။ တရားရုံးမှ သက်သေတစ်ဦးအပေါ် မမှန်သက်သေထွက်ချက်အတွက် အလိုအလျောက် အရေးယူလျှင် စီရင်ချက်ချမှတ်ပြီးနောက် ချက်ချင်းအရေးယူသင့်သည်။ တရားရုံးမှ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၇၆ အရ မမှန်သက်သေခံချက်အတွက် အရေးယူပါက မိမိအလိုအလျောက် အရေးယူသည်ဖြစ်စေ၊ တစ်စုံတစ်ယောက်၏ လျှောက်ထားချက်အရ အရေးယူသည်ဖြစ်စေ ထိုကဲ့သို့ အရေးယူခြင်းကို အယူခံဝင်နိုင်သည်။

*[ရှီယားဆင်နှင့်ဘုဂါဆင်၊ ၁၉၅၄၊ မြန်မာပြည်စီရင်ထုံး၊ ၃၂၅ (လွှတ်တော်)]*

http://www.cherrythitsar.org



၁၂။ သက်သေတစ်ဦးအား မမှန်သက်သေခံမှုနှင့် အရေးယူသင့်၊ မသင့် ဆိုသော ပြဿနာကို တရားရုံးသည် ပြည်သူ့အကျိုးကို ရှေးရှု၍ သတိကြီးစွာဖြင့် ဆုံးဖြတ်ရန် တာဝန်ရှိသည်။ ပုဂ္ဂိုလ်အချင်းချင်း ကလဲ့စားချေရန်မဟုတ်ဘဲ မှန်ကန်သော တရားစီရင်ရေးအတွက်သာ ဖြစ်ရပေမည်။ တရားစွဲဆိုခွင့်ပြုသင့်၊ မပြုသင့်ဆိုသောကိစ္စတွင် နှောင့်နှေးကြန့်ကြာမှု ရှိမရှိ၊ တရားစွဲဆိုပါက ပြစ်ဒဏ်ထင်ရှားစီရင်ခြင်းခံရရန် လုံလောက်သည့်အထောက်အထား ရှိမရှိဆိုသော အချက်အလက်များကိုလည်း ထည့်သွင်းစဉ်းစားရန်လိုသည်။

*[ကောင်စီးလီတ်နှင့်ကိုယူတီတ်၊ ၁၉၅၅၊ မြန်မာပြည်စီရင်ထုံး၊ ၈၀ (လွှတ်တော်ချုပ်)]*

၁၃။ မမှန်သက်သေခံမှုဖြင့် အရေးယူရန် လျှောက်ထားချက်တွင် မည်ကဲ့သို့ မမှန်သက်သေခံကြောင်း တိကျစွာ ဖော်ပြရန်လိုသည်။ မမှန်သက်သေခံသည်ဟု ယေဘူယျအားဖြင့် ဖော်ပြကာ ပုဒ်မ ၁၉၃ ဖြင့် အရေးယူရန် လျှောက်ထားခြင်းသည် တမင်မမှန်သက်သေခံမှုဖြင့် အရေးယူရန် လျှောက်ထားခြင်းမမည်ပေ။

*[တီဆတ်သီးရက်ဒီနှင့်အစိုးရ၊ အေအိုင်အာ၊ ၁၉၃၀၊ ရန်ကုန်၊ ၁၅၃]*

၁၄။ မမှန်သက်သေခံမှုဖြင့် အရေးယူခြင်းမှာ မှန်ကန်သော တရားစီရင်ရေးနှင့် အများပြည်သူတို့အကျိုးအတွက်ဖြစ်ရာ သက်သေတစ်ဦးသည် ရှေ့နေရှေ့ရပ်နှင့် တရားသူကြီးတို့က မမှန်သက်သေခံမှု၏ အကျိုးအပြစ်ကို သတိပေးသဖြင့် မူလက ထွက်ဆိုခဲ့သော မမှန်ကန်သည့် သက်သေခံချက်ကို ပြန်လည်ရုပ်သိမ်းပါမူ ဤပုဒ်မ အရ တရားမစွဲဆိုသင့်ပေ။

*[အမ်၊မာဒူးနှင့်အစိုးရ၊ ပုံနှိပ်ထားသောစီရင်ချက်များ၊အောက်မြန်မာပြည်၊၂၄၇]*

၁၅။ သက်သေတစ်ဦးအား စစ်ဆေးနေစဉ် မမှန်သက်သေခံမှုဖြင့် ဖမ်းဆီးချုပ်နှောင်ခြင်းသည် နည်းလမ်းမကျ၊ သက်သေတစ်ဦးသည် မူလထွက်ချက်ကို ဆန့်ကျင်ထွက်ဆိုကာမျှဖြင့် ချက်ချင်းအရေးယူရန်မဟုတ်၊ တမင်မမှန်သက်သေခံခြင်း ဟုတ်မဟုတ် သုံးသပ်ပြီး ၎င်းအား တရားစွဲဆိုသင့်မသင့် သေချာစွာဆုံးဖြတ်ရမည်။

*[ဘိုးထွန်းနှင့်အစိုးရ၊ ပုံနှိပ်ထားသောစီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၃၅၅]*

၁၆။ ရဲရှေ့တွင် တစ်မျိုးထွက်ဆိုပြီး ရုံးရှေ့၌ ကွဲလွဲစွာထွက်ဆိုသည့်အတွက် တရားသူကြီးက မမှန်သက်သေခံမှုဖြင့် တရားစွဲဆိုရာတွင် ရဲရှေ့ထွက်ဆိုချက်ကို သက်သေခံချက်သည် မမှန်ကန်ကြောင်း အထောက်အထားမရှိသဖြင့် တရားစွဲဆိုခွင့်ပင် မပေးသင့်ဟု ဆိုရမည်ဖြစ်သည်။

*[အစိုးရနှင့်ရဲကျော်၊ ပုံနှိပ်ထားသောစီရင်ချက်၊ အောက်မြန်မာပြည်၊ ၁၈၇]*

၁၇။ သူကြီးသည် အခွန်ငွေများကို အလွဲသုံးစားပြုပြီး ဓားပြတိုက်ခံရသည်ဟု ရဲအရာရှိထံ၌ လိမ်လည်တိုင်တန်း ထွက်ဆိုခဲ့လျှင် ၎င်းသည် ဤပုဒ်မ၏ ရှင်းလင်းချက် ၂ အရ မမှန်သက်သေခံမှုမြောက်သည်။

*[အစိုးရနှင့်ဘိုးထဲ (၁၈၉၇-၀၁) အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၃၁]*

http://www.cherrythitsar.org



၁၈။ တရားခံက တရားမမှု၌ တင်ပြခဲ့သော အော်ဒီမံစာချုပ်ကို ၎င်းကိုယ်တိုင် ရေးသားဖြည့်စွက်ခဲ့သည်ဟု ထွက်ဆိုခဲ့ရာ ထိုထွက်ဆိုချက်ကို ဆန့်ကျင်၍ ထွက်ဆိုသော သက်သေတစ်ဦး၏ ထွက်ချက်နှင့် စစ်ဆေးသည့် တရားသူကြီးတို့၏လက်ရေးလက်သားတို့အပေါ် ထင်မြင်ချက်ပေါင်းစပ်၍ တရားခံအား ပြစ်ဒဏ်ထင်ရှားစီရင်ခြင်းသည် ခိုင်လုံထင်ရှားသည်ဟု မဆိုနိုင်ပေ။

*[အောက်စီဂူပတားနှင့်အစိုးရ၊ အတွဲ ၁၊ ရန်ကုန်၊ ၂၉၀]*

၁၉။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၆၀ အရ သက်သေထွက်ချက်ကို တရားခံ သို့မဟုတ် ၎င်း၏ရှေ့နေရှေ့၌ ဖတ်ပြရမည်ဟုဆိုထားသည်။ သက်သေကို အမှုစစ်ဆေးနေစဉ် ၎င်း၏ထွက်ချက်ကို ဖတ်ပြပြီး အချို့သက်သေတို့ကိုမူ ၎င်း၏ ထွက်ချက်များကို ဖတ်ရန်ပြခြင်းသည် ပုဒ်မ ၃၆၀ ကို တိကျစွာလိုက်နာခြင်း မရှိသော်လည်း ထွက်ချက်သည် မှားယွင်းနေကြောင်း မပေါ်ပေါက်၍ ပုဒ်မ ၅၃၇ အရ ပျက်ပြယ်ခြင်းမရှိ။

*[အဋ္ဌဒူရာမန်နှင့်အစိုးရ၊ အတွဲ ၅၊ ရန်ကုန်၊ ၅၃]*

၂၀။ လူတစ်ဦးသေဆုံးသည့်အတွက် မမှန်သတင်းပေးခြင်းနှင့် မမှန်သက်သေခံခြင်းအတွက် ပုဒ်မ ၂၀၁ နှင့် ပုဒ်မ ၁၉၃ စွဲချက် ၃ ခုကို အခြားလူတစ်ဦးသေဆုံးသည့်အတွက် အလားတူစွဲချက် ၃ ခုနှင့် ပူးပေါင်းပြီး တစ်မှုတည်း၌ မစစ်ဆေးနိုင်။

*[အောက်စီချက်တာဂျီနှင့်အစိုးရ၊ အတွဲ ၂၊ ဘားမားလောတိုင်း၊ ၃၃]*

**သေဒဏ်ထိုက်သောပြစ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရအောင် ကြံရွယ်၍ မမှန်သက်သေခံခြင်း၊ သို့တည်းမဟုတ် မဟုတ်မမှန်သက်သေခံဖန်တီးခြင်း။ အပြစ်ကင်းသူမှာ ပြစ်ဒဏ်ထင်ရှားစီရင်ခြင်းခံရ၍ သေဒဏ်ခံရပြီးဖြစ်လျှင်။ (ပုဒ်မ-၁၉၄)**

**Giving or fabricating false evidence with intent to proceure conviction of capital offence: if innocent person be thereby convicted and executed. (Section-194)**

**ဥပဒေပြဋ္ဌာန်းဆိုချက်**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဥပဒေအရ တစ်ဦးတစ်ယောက်သောသူကို သေဒဏ်ထိုက်သောအမှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရအောင် ကြံရွယ်၍သော်လည်းကောင်း၊ ထိုသို့ ပြစ်မှုထင်ရှားစီရင်ခြင်းခံတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း မည်သူမဆို မမှန်သက်သေခံလျှင်၊ သို့တည်းမဟုတ် မမှန်သက်သေခံကို ဖန်တီးလျှင် ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ထို့ပြင် ထိုကဲ့သို့ မမှန်သက်သေခံခြင်းအားဖြင့် အပြစ်ကင်းသူတစ်ဦးမှာ ပြစ်ဒဏ်ထင်ရှားစီရင်ခြင်းခံရ၍ သေဒဏ်ခံရပြီးဖြစ်လျှင် ထိုမမှန်သက်သေခံသူကို သေဒဏ်ဖြစ်စေ၊ အထက်က ဆိုခဲ့သော ပြစ်ဒဏ်ဖြစ်စေ ချမှတ်ရမည်။

http://www.cherrythitsar.org



**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

*<u>ပထမအပိုဒ်အတွက်</u>*

၁။ ပုဒ်မ ၁၉၃ တွင် လိုအပ်သည့်အင်္ဂါရပ်များ။

၂။ တစ်ဦးတစ်ယောက်သောသူကို ဥပဒေအရ သေဒဏ်ထိုက်သောအမှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရအောင် ကြံရွယ်၍သော်လည်းကောင်း၊ ထိုသို့ပြစ်မှုဖြင့်ထင်ရှားစီရင်ခြင်း ခံတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်းပြုခြင်း။

*<u>ဒုတိယအပိုဒ်အတွက်</u>*

၃။ အထက်ပါအင်္ဂါရပ်များအပြင် ထိုသူသည် ပြစ်ဒဏ်ထင်ရှားစီရင်ခြင်းခံရ၍ သေဒဏ်ခံရပြီးဖြစ်သည်။

၄။ ထိုသူသည် အပြစ်ကင်းသူတစ်ဦးဖြစ်သည်။

'တစ်ဦးတစ်ယောက်သောသူ' ဆိုသည့် စကားကိုထောက်ရှု၍ မည်သူမည်ဝါသည် ပြစ်မှုကျူးလွန်သည်ဟု အမည်တပ်၍ တိကျစွာစွပ်စွဲရန်မလိုပေ။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၉၄ | သေဒဏ်ထိုက်သောပြစ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရအောင်ကြံရွယ်၍ မမှန်သက်သေခံမှု၊ သို့မဟုတ် မမှန်သက်သေကိုဖန်တီးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | တစ်သက် တစ်ကျွန်းအဒဏ် ဖြစ်စေ၊ ၁၀နှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်အပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး။ |
| | ထိုကဲ့သို့ မမှန်သက်သေခံခြင်းအားဖြင့် အပြစ်ကင်းသူတစ်ဦးမှာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍ သေဒဏ်ခံရပြီးဖြစ်လျှင်။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | သေဒဏ်ဖြစ်စေ၊ အထက်ဖော်ပြပါ ပြစ်ဒဏ်အတိုင်း ဖြစ်စေ။ | စက်ရှင် တရားရုံး။ |

**တစ်ကျွန်းဒဏ်ဖြစ်စေ၊ ထောင်ဒဏ်ဖြစ်စေ စီရင်ခြင်းခံရအောင် ကြံရွယ်၍ မမှန်သက်သေခံခြင်း၊ သို့တည်းမဟုတ် မမှန်သက်သေခံကို ဖန်တီးခြင်း။ (ပုဒ်မ-၁၉၅)**

**Giving or fabricating false evidence with intent to procure conviction of offence punishable with transportation or imprisonment. (Section-195)**

**<u>ဥပဒေဖွင့်ဆိုချက်</u>**

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဥပဒေအရ တစ်ဦးတစ်ယောက်သောသူကို သေဒဏ်ထိုက်သော အမှုမျိုးမဟုတ်ဘဲ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ခုနစ်နှစ်၊

http://www.cherrythitsar.org



သို့တည်းမဟုတ် ခုနစ်နှစ်ထက်ပိုသော ထောင်ဒဏ်ဖြစ်စေ ထိုက်သောအမှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရအောင် ကြံရွယ်၍သော်လည်းကောင်း၊ ထိုသို့ ပြစ်မှုထင်ရှားစီရင်ခြင်း ခံတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း မည်သူမဆို မမှန်သက်သေခံလျှင်၊ သို့တည်းမဟုတ် မမှန်သက်သေခံကို ဖန်တီးလျှင် ထိုသူအား ထိုပြစ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူ တစ်ဦးတစ်ယောက် ခံထိုက်သော ပြစ်ဒဏ်မျိုး ချမှတ်ရမည်။

**<u>ဥပမာ</u>**

ဓားပြတိုက်မှုဖြင့် မောင်မဲ ပြစ်မှုထင်ရှား စီရင်ခြင်းခံရအောင် ကြံရွယ်၍ မောင်ဖြူသည် တရားရုံးတွင် မမှန်သက်သေခံ၏။ ဓားပြတိုက်မှုအတွက် ပြစ်ဒဏ်မှာ တစ်သက်တစ်ကျွန်းဒဏ်သော်လည်းကောင်း၊ ငွေဒဏ်နှင့်တကွ၊ သို့တည်းမဟုတ် ငွေဒဏ်မပါဘဲ ဆယ်နှစ်ထိ အလုပ်ကြမ်းနှင့်ထောင်ဒဏ်သော်လည်းကောင်း ဖြစ်၏။ ထို့ကြောင့် မောင်ဖြူသည် တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ငွေဒဏ်နှင့်တကွ၊ သို့တည်းမဟုတ် ငွေဒဏ်မပါဘဲ ဆယ်နှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ဖြစ်စေ ထိုက်သင့်သည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ ပုဒ်မ ၁၉၃ တွင် လိုအပ်သည့်အင်္ဂါရပ်များ။

၂။ ဥပဒေအရ သေဒဏ်ထိုက်သောအမှုမျိုးမဟုတ်ဘဲ တစ်သက်တစ်ကျွန်းဖြစ်စေ၊ ခုနစ်နှစ် သို့မဟုတ် ခုနစ်နှစ်ထက်ပိုသော ထောင်ဒဏ်ဖြစ်စေ ထိုက်သောအမှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရအောင် ကြံရွယ်၍သော်လည်းကောင်းပြုခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၉၅ | တစ်သက်တစ်ကျွန်းဒဏ် သို့မဟုတ် ခုနစ်နှစ်ထိ သို့မဟုတ် ခုနစ်နှစ်ထက်ပိုသည့် ထောင်ဒဏ် ထိုက်သောအမှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရအောင် ကြံရွယ်၍ မမှန်သက်သေခံမှု၊ သို့မဟုတ် မမှန်သက်သေခံကို ဖန်တီးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ပြစ်မှုအတွက် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်။ | စက်ရှင် တရားရုံး။ |

**မမှန်ဟုသိသော သက်သေခံချက်ကို အသုံးပြုခြင်း။ (ပုဒ်မ-၁၉၆)**

**Using evidence known to be false. (Section-196)**

**<u>ဥပဒေဖွင့်ဆိုချက်</u>**

မမှန်ဟုသော် လည်းကောင်း၊ ဖန်တီးထားသည်ဟုသော် လည်းကောင်း မိမိသိသော သက်သေခံကို အမှန်သက်သေခံအဖြစ်ဖြင့်ဖြစ်စေ၊ အစစ်သက်သေခံအဖြစ်ဖြင့်ဖြစ်စေ တရားမဲ့စွာအသုံးပြုလျှင်၊ သို့တည်းမဟုတ် ထိုသို့ အသုံးပြုရန် အားထုတ်လျှင် ထိုသူကို မမှန်သက်သေခံဘိသကဲ့သို့သော်လည်းကောင်း၊ မမှန်သက်သေခံကို ဖန်တီးဘိသကဲ့သို့သော်လည်းကောင်း ထပ်တူပြစ်ဒဏ်ချမှတ်ရမည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ သက်သေခံသည် မမှန်ခြင်း၊ ဖန်တီးခြင်း။
၂။ တရားခံသည် ထိုသက်သေခံကို အသုံးပြုခြင်း၊ အသုံးပြုရန်အားထုတ်ခြင်း။
၃။ အမှန်သက်သေခံအဖြစ်ဖြင့် အသုံးပြုခြင်း၊ အသုံးပြုရန်အားထုတ်ခြင်း။
၄။ တရားခံသည် မမှန်ဟုသော်လည်းကောင်း၊ ဖန်တီးထားသည်ဟုသော် လည်းကောင်း သိခြင်း။
၅။ ယင်းသက်သေခံကို တရားခံသည် တရားမဲ့စွာ အသုံးပြုခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၉၆ | တရားစီရင်သော မှုခင်းကိစ္စတွင် မမှန်ကြောင်း၊ သို့မဟုတ် ဖန်တီးထားကြောင်း မိမိသိသော သက်သေခံချက်ကို အသုံးပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အဆိုပါ သက်သေခံချက် ပေးမှုအတွက် အာမခံပေးရမည် သို့မဟုတ် မပေးနိုင်ဟု ပြဋ္ဌာန်းထားသည့် အတိုင်း။ | ကျေအေးခွင့် မရှိ။ | မမှန်သက်သေခံမှု ဖြစ်စေ၊ မမှန်သက်သေခံ ဖန်တီးမှုအတွက် ပြဋ္ဌာန်းထားသည့် အတိုင်းဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**<u>စီရင်ထုံး</u>**

မမှန်သက်သေခံကို တရားမဲ့စွာ အသုံးပြုရန် အားထုတ်မှသာ ဤပုဒ်မအရ ပြစ်မှုမြောက်မည်ဖြစ်သည့်အလျောက် စာတမ်းအမှတ်အသားကို ပယ်ဖျက်ပေးရန် စွဲဆိုသည့် တရားမမှု၌ တရားခံက လက်ရှိစာရွက်စာတမ်း၏ ကျမ်းသစ္စာပြုစာရင်း ကို တင်သွင်းခဲ့ရာ တစ်ဖက်အမှုသည်၏ တောင်းဆိုချက်အရ စာရင်းပါ စာတမ်း

http://www.cherrythitsar.org



အမှတ်အသားတစ်ခုကို တင်ပြခဲ့ရသည်။ ထိုစာတမ်းအမှတ်အသားသည် မမှန် သက်သေခံချက်ဖြစ်စေကာမူ တရားခံသည် ၎င်းစာတမ်းကို တရားမဲ့စွာအသုံးပြုရန် သော်လည်းကောင်း၊ အသုံးပြုရန်အားထုတ်ခြင်းသော်လည်းကောင်း မပြုခဲ့သည့် အလျောက် ပြစ်မှုမမြောက်။

*[မအိမ်လုံးနှင့်မအုံးပု၊ အတွဲ ၃၊ ရန်ကုန် ၃၆]*

**မမှန်သော တာဝန်ခံလက်မှတ်ကိုထုတ်ပေးခြင်း၊ သို့တည်းမဟုတ် လက်မှတ်ရေးထိုးခြင်း။ (ပုဒ်မ-၁၉၇)**

**Issuing or signing false certificate. (Section-197)**

**ဥပဒေပြဋ္ဌာန်းချက်**

ဥပဒေအရ ထုတ်ပေးရန်၊ သို့တည်းမဟုတ် လက်မှတ်ရေးထိုးရန်လိုသော တာဝန်ခံလက်မှတ်၌ဖြစ်စေ၊ ကြောင်းခြင်းရာတစ်ခုခုနှင့် စပ်လျဉ်း၍ ဥပဒေအရ သက်သေခံဝင်သော တာဝန်ခံလက်မှတ်၌ဖြစ်စေ အရေးပါသောအချက်တစ်ခုခုတွင် မမှန်ကြောင်းသိလျက်နှင့်၊ သို့တည်းမဟုတ် မမှန်ကြောင်း ယုံကြည်လျက်နှင့် ထို တာဝန်ခံလက်မှတ်ကို မည်သူမဆို ထုတ်ပေးလျှင်၊ သို့တည်းမဟုတ် လက်မှတ်ရေးထိုး လျှင် ထိုသူကို မမှန်သက်သေခံဘိသကဲ့သို့ ထပ်တူပြစ်ဒဏ်ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ စာတမ်းအမှတ်အသားသည် တာဝန်ခံလက်မှတ်ဖြစ်ခြင်း။

၂။ ထိုလက်မှတ်ကို ဥပဒေအရထုတ်ပေးရန် လက်မှတ်ထိုးရန်လိုခြင်း၊ သို့တည်း မဟုတ် ထိုလက်မှတ်သည် ဥပဒေအရ သက်သေခံဝင်ခြင်း။

၃။ ယင်းလက်မှတ်သည် အရေးပါသော အချက်တစ်ခုခုတွင် မမှန်ကန်ခြင်း။

၄။ ထိုလက်မှတ်ကို တရားခံက ထုတ်ပေးခြင်း၊ လက်မှတ်ရေးထိုးခြင်း။

၅။ ထိုကဲ့သို့ ထုတ်ပေးခြင်း၊ လက်မှတ်ရေးထိုးခြင်းပြုစဉ်က တရားခံသည် မမှန် ကြောင်းသိခြင်း၊ ယုံကြည်ခြင်း။

**ကျဉ့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၉၇ | အကြောင်းခြင်းရာတစ်ခုခုနှင့် စပ်လျဉ်း၍ ဥပဒေအရသက်သေခံဝင်သော တာဝန်ခံ လက်မှတ်ကို မမှန်ကြောင်းသိလျက်နှင့် ထုတ်ပေးမှု၊ သို့မဟုတ် လက်မှတ်ရေးထိုးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | မမှန်သက်သေခံမှု အတွက် ပြဋ္ဌာန်းထားသည့် အတိုင်း။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



## မမှန်ကြောင်းသိသော သက်သေခံလက်မှတ်ကို အမှန်အဖြစ်ဖြင့် အသုံးပြုခြင်း။ (ပုဒ်မ-၁၉၈)

## Using as true a certificate known to befalse. (Section-198)

**ဥပဒေပြဋ္ဌာန်းချက်**

တာဝန်ခံလက်မှတ်တစ်ခု၌ အရေးပါသော အချက်တစ်ခုခုတွင် မမှန်ဟု သိလျက်နှင့် မည်သူမဆို ထိုတာဝန်ခံလက်မှတ်ကို အမှန်အဖြစ်ဖြင့် တရားမဲ့စွာ အသုံးပြုလျှင်၊ သို့တည်းမဟုတ် ထိုသို့အသုံးပြုရန်အားထုတ်လျှင် ထိုသူကို မမှန် သက်သေခံဘိသကဲ့သို့ ထပ်တူပြစ်ဒဏ်ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပုဒ်မ ၁၉၇ တွင် လိုအပ်သည့်အင်္ဂါရပ် (၁) (၂) နှင့် (၃)။

၂။ ထိုလက်မှတ်ကို ထုတ်ပေးခြင်း၊ လက်မှတ်ထိုးခြင်း။

၃။ တရားခံသည် ထိုလက်မှတ်ကို တရားမဲ့စွာ အသုံးပြုခြင်း၊ အသုံးပြုရန် အားထုတ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၉၈ | တာဝန်ခံလက်မှတ်တစ်ခု၌ အရေးပါသော အချက်တစ်ခုတွင် မမှန်ဟုသိလျက်နှင့် ထိုတာဝန်ခံလက်မှတ်ကို အမှန်အဖြစ် အသုံးပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | မမှန်သက်သေခံမှု အတွက် ပြဋ္ဌာန်းထားသည့် အတိုင်း။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

## သက်သေခံအဖြစ်ဖြင့် ဥပဒေအရ လက်ခံနိုင်သော ကြေငြာချက်တွင် မမှန်ဖော်ပြခြင်း။ (ပုဒ်မ-၁၉၉)

## False statement made in declaration which is by law receivable as evidence. (Section-199)

**ဥပဒေပြဋ္ဌာန်းချက်**

ကြောင်းခြင်းရာတစ်ခုခုနှင့် စပ်လျဉ်း၍ သက်သေခံအဖြစ်ဖြင့် ဥပဒေအရ တရားရုံးကဖြစ်စေ၊ ပြည်သူ့ဝန်ထမ်းကဖြစ်စေ၊ အခြားသူတစ်ဦးကဖြစ်စေ လက်ခံရန်တာဝန်ရှိသော၊ သို့တည်းမဟုတ် လက်ခံပိုင်ခွင့်ရှိသော ကြေငြာချက်ကို ပြုသောသူသည်၊ သို့တည်းမဟုတ် လက်မှတ်ရေးထိုးသောသူသည် မမှန်သည်လည်းဖြစ်၍ မမှန်ဟုသိသည်လည်းဖြစ်သော၊ သို့တည်းမဟုတ် ထိုသို့ယုံကြည်သည်လည်းဖြစ်

http://www.cherrythitsar.org



သော၊ သို့တည်းမဟုတ် မှန်သည်ဟု မိမိမယုံကြည်သည်လည်းဖြစ်သော ဖော်ပြချက်ကို အဆိုပါကြေငြာချက်ကိုပြုသော၊ သို့တည်းမဟုတ် အသုံးပြုသောရည်ရွယ်ချက်နှင့် စပ်လျဉ်း၍ အရေးပါသော အချက်၌ပြုလျှင် ထိုသို့ပြုသောသူကို မမှန်သက်သေခံဘိသကဲ့သို့ ထပ်တူပြစ်ဒဏ်ချမှတ်ရမည်။

<u>**အကျုံးဝင်သည့် အင်္ဂါရပ်များ**</u>

၁။ တရားခံသည် ကြေငြာချက်တစ်ခုကို အသုံးပြုခြင်း၊ အသုံးပြုရန်အားထုတ်ခြင်း။
၂။ တရားမဲ့စွာ အသုံးပြုခြင်း။
၃။ အသုံးပြုသောကြေငြာချက်သည် အရေးပါသောအချက်၌ မမှန်ကန်ခြင်း။
၄။ တရားခံက မှန်သောကြေငြာချက်ဖြင့် အသုံးပြုခြင်း။
၅။ တရားခံက မမှန်ဟုသိခြင်း။
၆။ ထိုကြေငြာချက်ကို တရားရုံး၊ ပြည်သူ့ဝန်ထမ်း၊ အခြားသူက အကြောင်းခြင်းရာနှင့်ပတ်သက်၍ သက်သေခံအဖြစ် လက်ခံရန်တာဝန်ရှိခြင်း။

<u>**ကျင့်ထုံး**</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၁၉၉ | သက်သေခံအဖြစ်ဖြင့် ဥပဒေအရ လက်ခံနိုင်သော ကြေငြာချက်တစ်ရပ်ရပ်တွင် မမှန်ဖော်ပြမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | မမှန်သက်သေခံမှုအတွက် ပြဋ္ဌာန်းထားသည့်အတိုင်း။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**ဆိုခဲ့သော ကြေငြာချက်သည် မမှန်ဟုသိလျက်နှင့် အမှန်အဖြစ်ဖြင့် အသုံးပြုခြင်း။ (ပုဒ်မ-၂၀၀)**

**Using as true such declaration knowing it to be false. (Section-200)**

<u>**ဥပဒေပုဒ်မဆိုချက်**</u>

ဆိုခဲ့သော ကြေငြာချက်သည် အရေးပါသောအချက်တစ်ခုခု၌ မမှန်ဟုသိလျက်နှင့် မည်သူမဆို အမှန်အဖြစ်ဖြင့် တရားမဲ့စွာ အသုံးပြုလျှင်၊ သို့တည်းမဟုတ် ထိုသို့အသုံးပြုရန် အားထုတ်လျှင် ထိုသူကို မမှန်သက်သေခံဘိသကဲ့သို့ ထပ်တူပြစ်ဒဏ်ချမှတ်ရမည်။

***ရှင်းလင်းချက်။*** နည်းလမ်းတကျ ဆောင်ရွက်ခြင်း မရှိခဲ့ရုံမျှနှင့် သက်သေခံအဖြစ်လက်မခံနိုင်သော ကြေငြာချက်သည် ပုဒ်မ ၁၉၉ နှင့် ပုဒ်မ ၂၀၀ တို့၏အဓိပ္ပာယ်၌ အကျုံးဝင်သော ကြေငြာချက်ဖြစ်သည်။

http://www.cherrythitsar.org



**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ကြေငြာချက်တစ်ခုကို အသုံးပြုခြင်း၊ အသုံးပြုရန်အားထုတ်ခြင်း။
၂။ တရားမဲ့စွာ အသုံးပြုခြင်း။
၃။ အသုံးပြုသောကြေငြာချက်သည် အရေးပါသောအချက်၌ မမှန်ကန်ခြင်း။
၄။ တရားခံက မှန်သောကြေငြာချက်ဖြင့် အသုံးပြုခြင်း။
၅။ တရားခံက မမှန်ဟုသိခြင်း။
၆။ ထိုကြေငြာချက်ကို တရားရုံး၊ ပြည်သူ့ဝန်ထမ်း၊ အခြားသူက အကြောင်းခြင်းရာနှင့်ပတ်သက်၍ သက်သေခံအဖြစ် လက်ခံရန်တာဝန်ရှိခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၀၀ | အဆိုပါကြေငြာချက်သည် မမှန်ဟုသိလျက်နှင့် အမှန်အဖြစ်ဖြင့် အသုံးပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | မမှန်သက်သေခံမှု အတွက် ပြဋ္ဌာန်းထားသည့် အတိုင်း။ | စက်ရှင် တရားရုံး။ |

**ပြစ်မှုကျူးလွန်သူကို ကာကွယ်ရန်အလို့ငှာ သက်သေခံကို ပျောက်ပျက်စေခြင်း၊ သို့တည်းမဟုတ် မမှန်သတင်းပေးခြင်း။**

**တစ်သက်တစ်ကျွန်း ချမှတ်ခြင်းခံထိုက်သော ပြစ်မှုဖြစ်ပါက။**
**(ပုဒ်မ-၂၀၁)**

**Causig disappearance of evidence of offence; or giving false information, to screen offender-**
**if a capital offence;**
**if punishable with transporation;**
**if punishable with less than ten years' imprisonment.**
**(Section-201)**

**ဥပဒေဖွင့်ဆိုချက်**

ပြစ်မှုကျူးလွန်ပြီးကြောင်း သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ မည်သူမဆို ပြစ်မှုကျူးလွန်သူအား ဥပဒေနှင့်အညီ ခံရမည့် ပြစ်ဒဏ်မှ ကာကွယ်ရန်အကြံဖြင့် ထိုပြစ်မှုကျူးလွန်ခြင်းနှင့် စပ်လျဉ်းသော သက်သေခံတစ်ခုခုကို ပျောက်ပျက်စေလျှင်၊ သို့တည်းမဟုတ် ထိုအကြံမျိုးဖြင့်ပင် ပြစ်မှုနှင့်စပ်လျဉ်း၍ မမှန်ဟုမိမိသိသော၊ သို့တည်းမဟုတ် ယုံကြည်သောသတင်းကိုပေးလျှင် ထိုသူကို-

ကျူးလွန်ပြီးဖြစ်ကြောင်း မိမိသိသော၊ သို့တည်းမဟုတ် ယုံကြည်သောပြစ်မှုသည် သေဒဏ်ချမှတ်ခြင်းခံထိုက်သော ပြစ်မှုဖြစ်ပါက ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ထို့ပြင် အဆိုပါပြစ်မှုသည် တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ ချမှတ်ခြင်းခံထိုက်သော ပြစ်မှုဖြစ်ပါက သုံးနှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

http://www.cherrythitsar.org



ထို့ပြင် အဆိုပါပြစ်မှုသည် ဆယ်နှစ်အောက်လျော့သည့်ထောင်ဒဏ် ချမှတ်ခြင်းခံထိုက်သောပြစ်မှုဖြစ်ပါက ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသော အများဆုံးကာလ အပိုင်းအခြား၏ လေးပုံတစ်ပုံထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ဥပမာ**

မောင်နီကို မောင်မဲသတ်ကြောင်း မောင်ဖြူသိလျက်နှင့် မောင်မဲကို ပြစ်ဒဏ်ချမှတ်ခြင်းမှ ကာကွယ်ရန်အကြံဖြင့် မောင်နီ၏အလောင်းကို ဝှက်ထားရန် မောင်ဖြူက မောင်မဲကို ကူညီ၏။ ထိုအမှုတွင် မောင်ဖြူသည် ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ခြင်းခံထိုက်သည့်ပြင် ငွေဒဏ်လည်းချမှတ်ခြင်းခံထိုက်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပြစ်မှုတစ်ခုခု ကျူးလွန်ပြီးဖြစ်ရမည်။

၂။ ပြစ်မှုကျူးလွန်ကြောင်းကို တရားခံသိခြင်း၊ ယုံကြည်ရန်အကြောင်းရှိခြင်း။

၃။ တရားခံသည် ပြစ်မှုကျူးလွန်ခြင်းနှင့် စပ်လျဉ်းသော သက်သေခံတစ်ခုခုကို ပျောက်ပျက်စေခြင်း သို့မဟုတ် ပြစ်မှုနှင့်စပ်လျဉ်း၍ မမှန်ဟုသိသော၊ ယုံကြည်သော သတင်းပေးခြင်း။

၄။ ယင်းသို့ ပျောက်ပျက်စေခြင်း၊ သတင်းပေးခြင်းသည် ပြစ်မှုကျူးလွန်သူကို ဥပဒေနှင့်အညီ ခံရမည့်ပြစ်ဒဏ်မှ ကာကွယ်ရန်အကြံနှင့်ဖြစ်ခြင်း၊ ပထမနှင့်ဒုတိယ အပိုဒ်များအတွက်မူ ကျူးလွန်သော ပြစ်မှုသည် သေဒဏ်၊ သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်ချမှတ်ခြင်းခံရမည့် ပြစ်မှုများ ဖြစ်ရမည်။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၀၁ | ပြစ်မှုကျူးလွန်သူကို ကာကွယ်ရန်အလို့ငှာ ကျူးလွန်ခဲ့သည့်ပြစ်မှုနှင့်စပ်လျဉ်းသော သက်သေခံကိုပျောက်ပျက်စေမှု၊ သို့မဟုတ် ထိုအချက်နှင့်စပ်လျဉ်း၍ မမှန်သတင်းပေးမှု၊ သေဒဏ်ချမှတ်ခြင်းခံထိုက်သောပြစ်မှုဖြစ်လျှင်။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး။ |
| | တစ်သက်တစ်ကျွန်းဒဏ် သို့မဟုတ် ၁၀နှစ်ထိ ထောင်ဒဏ်ချမှတ်ထိုက်သော ပြစ်မှုဖြစ်လျှင်။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ်ပထမတန်း အာဏာရရာဇဝတ် တရားသူကြီး။ |
| | ၁၀နှစ်အောက်လျော့သည့် ထောင်ဒဏ်ချမှတ်ထိုက်သော ပြစ်မှုဖြစ်လျှင်။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသော အများဆုံးကာလ အပိုင်းအခြား၏ လေးပုံတစ်ပုံထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း အာဏာရရာဇဝတ် တရားသူကြီး သို့မဟုတ် ပြစ်မှုကိုစစ်ဆေး စီရင်နိုင်သည့် တရားရုံး။ |

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသူကို ပြစ်မှုကျူးလွန်ကြောင်း သက်သေအထောက်အထား အထင်အရှားမတင်ပြနိုင်လျှင် ဤပုဒ်မအရ စီရင်နိုင်သည်။

*[မောင်စိန်နှင့်ပြည်ထောင်စု၊ ၁၉၅၃၊ မြန်မာပြည်စီရင်ထုံး၊ ၁၁၆ (လွှတ်တော်ချုပ်)]*

၂။ ပြစ်မှုဆိုသည်မှာ ပုဒ်မ ၄၀ အရ ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်မှုများသာမက ထောင်ဒဏ်(၆)လနှင့်အထက် ပြစ်ဒဏ်စီရင်နိုင်သော အထူး သို့မဟုတ် ဒေသန္တရ ဥပဒေအရ ပြစ်မှုများလည်း အကျုံးဝင်သည်။

*[အစိုးရနှင့်လဖြူ အတွဲ ၁၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၁၀၈]*

၃။ သက်သေခံကို ပြစ်မှုကျူးလွန်က ကာကွယ်ရန်အကြံဖြင့် ပျောက်ပျက်အောင် ပြုမှသာ ဤပုဒ်မနှင့် အကျုံးဝင်သည်ဖြစ်ရာ တရားခံ၏အိမ်ဝင်းအတွင်း၌ လူနှစ်ဦးရန်ဖြစ်၍ တစ်ဦးသေဆုံးသည့်ကိစ္စတွင် လူသေအလောင်းအား အိမ်ဝင်းအပြင်ဘက်သို့ ရွှေ့ပြောင်းထားခြင်းသည်လည်းကောင်း၊ ရဲဌာနသို့ သွားရောက်သတင်းပေးရာ၌ သေသူသည် ဓားခုတ်ခံရ၍သေဆုံးကြောင်း ဖော်ပြခြင်း မပြုခြင်းသည်လည်းကောင်း သက်သေခံပျောက်ပျက်အောင် ပြုခြင်းမဟုတ်၍ ဤပုဒ်မအရ အပြစ်မပေးနိုင်။

*[မောင်ထွန်းဝေနှင့်ပြည်ထောင်စု၊ ၁၉၆၀၊ မြန်မာပြည်စီရင်ထုံး၊ ၂၄၀ (လွှတ်တော်)]*

၄။ သေသူမှာ သူတစ်ပါး၏အသတ်ခံရကြောင်း ပေါ်ပေါက်ခြင်းမရှိလျှင်ဖြစ်စေ၊ သတ်ဖြတ်ရာ၌ ပါဝင်ပတ်သက်သော သက်သေခံပစ္စည်းမဟုတ်လျှင်ဖြစ်စေ၊ သေဆုံးရာ၌ အသုံးပြုခဲ့သည်ဟု အဆိုရှိသော သက်သေခံပစ္စည်းများကို တရားခံက ဖျက်ဆီးပစ်ခြင်းသည် ပုဒ်မ ၂၀၁ တွင် အကျုံးမဝင်ပေ။

*[ပြည်ထောင်စုနှင့်ဦးတင်မောင်ပါ-၂၊ ၁၉၈၃၊ မြန်မာပြည်စီရင်ထုံး၊ ၁၁၅]*

၅။ ပုဒ်မ ၂၀၁ ပါ ပြဋ္ဌာန်းချက်များသည် ပြစ်မှုကျူးလွန်သူအား ဥပဒေနှင့်အညီ ခံရမည့်ပြစ်ဒဏ်မှ ကာကွယ်ရန်အကြံဖြင့် ပြစ်မှုကျူးလွန်ခြင်းနှင့် စပ်လျဉ်းသော သက်သေခံအထောက်အထားတစ်ခုခုကို ပျောက်ပျက်စေခြင်းနှင့် ပတ်သက်သည် ဖြစ်ရာ ပြစ်မှုကို ကိုယ်ထိလက်ရောက် ကျူးလွန်သူနှင့် မသက်ဆိုင်ချေ။

*[ဦးလာဘ(ခ)ဦးရွှေမြိုင်နှင့်ပြည်ထောင်စု၊ ၁၉၇၉၊ မြန်မာပြည်စီရင်ထုံး၊ ၁၃၈]*

**ပြစ်မှုကျူးလွန်ကြောင်း သတင်းပေးရန် တာဝန်ရှိသူက သတင်းမပေး တမင်ပျက်ကွက်ခြင်း။ (ပုဒ်မ-၂၀၂)**

**Intentional omission to give information of offence by person bound to inform. (Section-202)**

**ဥပဒေပွင့်ဆိုချက်**

ပြစ်မှုကျူးလွန်ပြီးကြောင်း သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ မည်သူမဆို ထိုပြစ်မှုနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီပေးရန် တာဝန်ရှိသော

http://www.cherrythitsar.org



သတင်းကိုမပေးဘဲ တမင်ပျက်ကွက်လျှင် ထိုသူကို ခြောက်လထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ဥပဒေနှင့်အညီ သတင်းပေးရန် တာဝန်ရှိခြင်း။

၂။ ထိုသတင်းမှာ ပြစ်မှုနှင့်စပ်လျဉ်းခြင်း။

၃။ ထိုပြစ်မှုကျူးလွန်ပြီးကြောင်း တရားခံသိခြင်း၊ ယုံကြည်ရန်အကြောင်းရှိခြင်း။

၄။ တရားခံသည် ယင်းပြစ်မှုကျူးလွန်ကြောင်းကို ဥပဒေနှင့်အညီ သတင်းပေးရန် တာဝန်ရှိပါလျက် သတင်းပေးရန် တမင်ပျက်ကွက်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၀၂ | ပြစ်မှုကျူးလွန်ကြောင်း သတင်းပေးရန် တာဝန်ရှိသူက သတင်းပေးရန် တမင် ပျက်ကွက်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၆လထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**စီရင်ထုံး**

၁။ သတင်းပေးရန် တမင်ပျက်ကွက်မှသာ ဤပုဒ်မအရ အရေးယူနိုင်သည်။ ပေါ့ဆ၍ ပျက်ကွက်ခြင်း၊ လုံလောက်သောအကြောင်းကြောင့် ပျက်ကွက်ခြင်းတို့မှာ တမင်ပျက်ကွက်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ တရားခံအား အိမ်နီးချင်းဖြစ်သူက အိပ်ရာမှနိုးပြီး ၄င်း၏ဇနီးကို လူသတ်သွားသည်ဟုပြောသည်။ အမှန်မှာ အိမ်နီးချင်းက ၄င်း၏ဇနီးကို သတ်ခဲ့ခြင်းဖြစ်သည်။ တရားခံက အိမ်နီးချင်းအား ရဲထံသွားတိုင်ရန် ပြောလိုက်သည်။ တရားခံကိုယ်တိုင် ရဲထံသို့ သတင်းမပေးချေ။ ထို့ကြောင့် ၄င်းအား ဤပုဒ်မဖြင့် အရေးယူရာ တရားခံသည် အိမ်နီးချင်းက ၄င်း၏ဇနီး သတ်သည်ဟုသိရန် ယုံကြည်ရန်အကြောင်း မရှိသည့်အပြင် အိမ်နီးချင်းကိုယ်တိုင် ရဲထံသို့ သွားရောက်တိုင်ကြားလိမ့်မည်ဟု ယူဆစရာအကြောင်း ပေါ်ပေါက်နေသောကြောင့် ပြစ်မှုမမြောက်ဟု ဆုံးဖြတ်သည်။

*[အစိုးရနှင့်မောင်ချို၊ ပုံနှိပ်ထားသောစီရင်ထုံးများ၊ အောက်မြန်မာပြည်၊ ၃၈၂]*

၂။ တရားခံအိမ်တွင် ဓားပြတိုက်ခံရရာ ၄င်း၏သားက ရွာခေါင်းထံသို့ တိုင်တန်းရာ၌ ပစ္စည်းပါသွားခြင်းမရှိဟု ဖော်ပြခဲ့သည်။ ထိုသတင်းကို ရွာခေါင်းက ရွာသူကြီးထံ ပေးပို့ခဲ့ရာ သူကြီးက ပစ္စည်းမပါသွားသဖြင့် အရေးမယူဘဲထားသည်။ နောက်နေ့တွင် တရားခံက ရွာခေါင်းအား ပစ္စည်းအနည်းငယ်ပါသွားသော်လည်း အဖိုးမတန်၍

http://www.cherrythitsar.org



သူကြီးထံ မတိုင်လိုတော့ကြောင်းပြော၍ ရွာခေါင်းလည်း သူကြီးထံ ဆက်လက်၍ သတင်းမပို့တော့ချေ။ ပစ္စည်းတန်ဖိုးမရှိ၍ မတိုင်လိုတော့ပါဆိုသော တရားခံ၏ ပြောဆိုချက်သည် သတင်းပေးရန် တမင်ပျက်ကွက်ခြင်းဖြစ်သည်ဟုမဆိုနိုင်။

*[အစိုးရနှင့်သာဒွန် (၁၈၉၇-၀၁) အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး ၂၇၆]*

## ကျူးလွန်ပြီးဖြစ်သော ပြစ်မှုနှင့်စပ်လျဉ်း၍ မမှန်သတင်းပေးခြင်း။ (ပုဒ်မ-၂၀၃)

## Giving false information respecting as offence committed. (Section-203)

**ဥပဒေပြဋ္ဌာန်းချက်**

ပြစ်မှုကျူးလွန်ပြီးဖြစ်ကြောင်း သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်း ရှိလျက်နှင့်ဖြစ်စေ မည်သူမဆို ထိုပြစ်မှုနှင့်စပ်လျဉ်း၍ မမှန်ဟုမိမိသိသော၊ သို့တည်း မဟုတ် ယုံကြည်သော သတင်းတစ်ခုခုကိုပေးလျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

***ရှင်းလင်းချက်။*** ပြည်ထောင်စု မြန်မာနိုင်ငံတော်ပြင်ပတွင်ပြုသော ပြုလုပ်မှုသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း၌ ကျူးလွန်ခဲ့သော် ပုဒ်မ ၃၀၂၊ ၃၀၄၊ ၃၈၂၊ ၃၉၂၊ ၃၉၃၊ ၃၉၄၊ ၃၉၅၊ ၃၉၆၊ ၃၉၇၊ ၃၉၈၊ ၃၉၉၊ ၄၀၂၊ ၄၃၅၊ ၄၃၆၊ ၄၄၉၊ ၄၅၀၊ ၄၅၇၊ ၄၅၈၊ ၄၅၉၊ ၄၆၀ တစ်ခုခုအရ ပြစ်ဒဏ်ထိုက်သင့်သော ပြုလုပ်မှု မျိုးဖြစ်လျှင် ထိုပြုလုပ်မှုသည် ပုဒ်မ ၂၀၁၊ ၂၀၂ နှင့် ဤပုဒ်မတို့၌ပါသည့် 'ပြစ်မှု' ဆိုသောစကား၌ အကျုံးဝင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပြစ်မှု ကျူးလွန်ခြင်း။

၂။ ထိုကဲ့သို့ ကျူးလွန်ပြီးကြောင်း တရားခံသိခြင်း၊ ယုံကြည်ရန်အကြောင်းရှိခြင်း။

၃။ တရားခံက သတင်းပေးခြင်း။

၄။ ပေးသောသတင်းမှာ ထိုပြစ်မှုနှင့် စပ်လျဉ်းခြင်း။

၅။ မမှန်သတင်းဖြစ်ခြင်း။

၆။ တရားခံသည် မမှန်ဟုသိခြင်း၊ ယုံကြည်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၀၃ | ကျူးလွန်ပြီးဖြစ်သော ပြစ်မှုနှင့်စပ်လျဉ်း၍ မမှန်သတင်းပေးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ သတင်းပေးသည်ဆိုရာ၌ သတင်းပေးသူက မိမိအလိုအလျောက်ပေးခြင်းနှင့် သက်ဆိုင်သည်။ တစ်ဦးတစ်ယောက်က မေးမြန်းသဖြင့် ပြန်လည်ဖြေကြားခြင်းသည် ဤပုဒ်မတွင် အကျုံးဝင်သည့် သတင်းပေးခြင်းမဟုတ်ပေ။ သို့ဖြစ်၍ ရဲအရာရှိက စစ်ဆေးရာတွင် ဖြေကြားခဲ့သည့် ဖြေကြားချက်သည် သတင်းပေးချက်ဟုမဆိုနိုင်။

*[အစိုးရနှင့်ဘိုးလွင် (၁၉၁၇-၂၀) အထက်မြန်မာပြည်စီရင်ထုံး၊ ၂၀၄]*

**သက်သေခံအဖြစ် တင်မပြနိုင်အောင် စာတမ်းအမှတ်အသားကို ဖျက်ဆီးခြင်း။ (ပုဒ်မ-၂၀၄)**

**Destruction of document to prevent its production as evidence. (Section-204)**

**ဥပဒေပြဋ္ဌာန်းချက်**

တရားရုံးရှေ့တွင်ဖြစ်စေ၊ ပြည်သူ့ဝန်ထမ်းက ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် ဥပဒေနှင့်အညီ စစ်ဆေးစီရင်သော အမှုတစ်ခုခုတွင်ဖြစ်စေ သက်သေခံအဖြစ် တင်ပြစေရန် ဥပဒေအရ အတင်းအကြပ်တောင်းယူနိုင်သော စာတမ်းအမှတ်အသားကို သက်သေခံအဖြစ် တင်မပြနိုင်အောင်၊ သို့တည်းမဟုတ် အသုံးမပြုနိုင်အောင် ပြုရန်အကြံဖြင့်-

(၁) မည်သူမဆို ထိုစာတမ်းအမှတ်အသားကို လျှို့ဝှက်ထားလျှင်၊ သို့တည်းမဟုတ် ဖျက်ဆီးလျှင်၊ သို့တည်းမဟုတ် ထိုစာတမ်းအမှတ်အသားအားလုံး၌ဖြစ်စေ၊ အချို့အဝက်၌ဖြစ်စေ အမှတ်အသားကိုဖျက်လျှင်၊ သို့တည်းမဟုတ် မထင်ရှားအောင်ပြုလျှင်၊ သို့တည်းမဟုတ်

(၂) မည်သူမဆို စာတမ်းအမှတ်အသားကို သက်သေခံအဖြစ် တင်ပြစေရန် ဥပဒေအရ ဆင့်ဆိုခြင်းခံရပြီးနောက်၊ သို့တည်းမဟုတ် အခိုင်းခံရပြီးနောက် ထိုစာတမ်းအမှတ်အသားကို လျှို့ဝှက်ထားလျှင်၊ သို့တည်းမဟုတ် ဖျက်ဆီးလျှင်၊ သို့တည်းမဟုတ် ထို စာတမ်းအမှတ်အသားအားလုံး၌ဖြစ်စေ၊ အချို့အဝက်၌ဖြစ်စေ အမှတ်အသားကိုဖျက်လျှင်၊ သို့တည်းမဟုတ် မထင်ရှားအောင်ပြုလျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် စာတမ်းအမှတ်အသားကို လျှို့ဝှက်ခြင်း၊ စာတမ်းအမှတ်အသားအားလုံးကိုဖြစ်စေ၊ အချို့တစ်ဝက်ကိုဖြစ်စေ ဖျက်ဆီးခြင်း၊ မထင်ရှားအောင်ပြုခြင်း။

၂။ ထိုစာတမ်းအမှတ်အသားကို တရားရုံးရှေ့တွင်ဖြစ်စေ၊ ပြည်သူ့ဝန်ထမ်းက ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် ဥပဒေနှင့်အညီ စစ်ဆေးစီရင်သော အမှုတစ်ခုခုတွင်ဖြစ်စေ သက်သေခံအဖြစ် တင်ပြစေရန် ဥပဒေအရ အတင်းအကြပ်တောင်းယူနိုင်ခြင်း။

၃။ စာတမ်းအမှတ်အသားကို သက်သေခံအဖြစ် တင်မပြနိုင်အောင်၊ အသုံးမပြုနိုင်အောင် အကြံဖြင့်ပြုခြင်း။

http://www.cherrythitsar.org



ကျင့်ထုံး

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၀၄ | သက်သေခံအဖြစ် တင်မပြနိုင်အောင် စာတမ်း အမှတ်အသားတစ်ခုခုကို လျှို့ဝှက်ထားမှု သို့မဟုတ် ဖျက်ဆီးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**တရားမမှု၊ ရာဇဝတ်မှုများတွင် ပြုလုပ်မှုအတွက် ဖြစ်စေ၊ မှုခင်းကိစ္စအတွက်ဖြစ်စေ သူတစ်ပါး အယောင်ဆောင်ခြင်း။ (ပုဒ်မ-၂၀၅)**

**False personation for purpose of act or proceeding in suit or prosecution. (Section-205)**

ဥပဒေပြဋ္ဌာန်းချက်

တရားမမှုတွင်ဖြစ်စေ၊ ရာဇဝတ်မှုတွင်ဖြစ်စေ သူတစ်ပါးအယောင်ဆောင်၍ ထိုကဲ့သို့ အယောင်ဆောင်အနေနှင့် မည်သူမဆို မဟုတ်မမှန်ဘဲလျက် ဝန်ခံချက်ကို ဖြစ်စေ၊ ထွက်ဆိုချက်ကိုဖြစ်စေပြုလျှင်၊ သို့တည်းမဟုတ် စွဲချက်အတိုင်းဖြောင့်ဆို လျှင်၊ သို့တည်းမဟုတ် အမိန့်ဆင့်စာကို ထုတ်စေလျှင်၊ သို့တည်းမဟုတ် အာမခံ ဖြစ်စေ၊ ခံဝန်သူဖြစ်စေပြုလျှင်၊ သို့တည်းမဟုတ် အခြားပြုလုပ်မှုကိုပြုလျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

အကျုံးဝင်သည့် အင်္ဂါရပ်များ

၁။ တရားခံသည် သူတစ်ပါးအယောင်ဆောင်ခြင်း။

၂။ အယောင်ဆောင်သည့်အနေနှင့် မဟုတ်မမှန်ဘဲလျက် ဝန်ခံချက်၊ ထွက်ဆိုချက်ကိုပြုခြင်း၊ စွဲချက်အတိုင်း ဖြောင့်ဆိုခြင်း၊ အမိန့်ဆင့်စာကို ထုတ်စေခြင်း၊ အာမခံ ခံဝန်သူပြုခြင်း၊ အခြားပြုလုပ်မှုကိုပြုခြင်း။

၃။ ထိုကဲ့သို့ပြုခြင်းသည် တရားမမှု သို့မဟုတ် ပြစ်မှုတွင်ဖြစ်ခြင်း။

ကျင့်ထုံး

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၀၅ | တရားမမှု သို့မဟုတ် ပြစ်မှုဆိုင်ရာအမှုတွင် ပြုလုပ်မှုအတွက်ဖြစ်စေ၊ မှုခင်းကိစ္စအတွက် ဖြစ်စေ၊ သို့မဟုတ် အာမခံဖြစ်စေ ခံဝန်သူ ဖြစ်စေရန် သူတစ်ပါးအယောင်ဆောင်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



**အစိုးရ ဘဏ္ဍာတော်အဖြစ်ဖြင့်ဖြစ်စေ၊ ဇာရီပြု ရာ၌ဖြစ်စေ ပစ္စည်းကို မသိမ်းယူနိုင်အောင် လိမ်လည်လှည့်ဖြားလိုသောသဘောနှင့် ဖယ်ရှားခြင်း၊ ဝှက်သိမ်းခြင်း။ (ပုဒ်မ-၂၀၆)**

**Fraudulent removal or concealment of property to prevent its seizure as forfeited or in execution. (Section-206)**

**ဥပဒေပြဋ္ဌာန်းချက်**

တရားရုံးကဖြစ်စေ၊ စီရင်ပိုင်ခွင့်အာဏာရှိသော အခြားအရာရှိကဖြစ်စေ စီရင်ချက်ချပြီးသော၊ သို့တည်းမဟုတ် ချတန်ရာသည်ဟု မိမိသိသော စီရင်ချက်အရ အစိုးရဘဏ္ဍာတော်အဖြစ်ဖြင့်ဖြစ်စေ၊ ငွေဒဏ်အတွက်ရရှိရန်ဖြစ်စေ ပစ္စည်းတစ်ခုခုကို၊ သို့တည်းမဟုတ် ပစ္စည်းတွင်ရှိသော အကျိုးခံစားခွင့်ကို မသိမ်းယူနိုင်စေရန် အကြံဖြင့်၊ သို့တည်းမဟုတ် တရားမမှုတွင် တရားရုံးကချပေးပြီးသော၊ သို့တည်းမဟုတ် ချပေးတန်ရာသည်ဟု မိမိသိသော ဒီကရီကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ ဇာရီပြုရာတွင် ထိုပစ္စည်းကို၊ သို့တည်းမဟုတ် ထိုပစ္စည်းတွင်ရှိသော အကျိုးခံစားခွင့်ကို မသိမ်းယူနိုင်စေရန်အကြံဖြင့် မည်သူမဆို ထိုပစ္စည်းကို၊ သို့တည်းမဟုတ် ထိုပစ္စည်းရှိ အကျိုးခံစားခွင့်ကို လိမ်လည်လှည့်ဖြားလိုသော သဘောနှင့် ဖယ်ရှားခြင်း၊ သို့တည်းမဟုတ် ဝှက်သိမ်းခြင်း၊ သို့တည်းမဟုတ် သူတစ်ပါးသို့လွှဲပြောင်းခြင်း၊ သို့တည်းမဟုတ် သူတစ်ပါးသို့ ပေးအပ်ခြင်းပြုလျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ဒဏ်ငွေတပ်သည့် စီရင်ချက်ချပြီးကြောင်းကိုလည်းကောင်း၊ ချတန်ရာသည်ကိုလည်းကောင်း၊ ဒီကရီချပြီးကြောင်းကိုလည်းကောင်း၊ ချတန်ရာသည်ကို လည်းကောင်း တရားခံသိခြင်း။

၂။ ယင်းဒဏ်ငွေတပ်သည့် စီရင်ချက်၊ ယင်းဒီကရီကို တရားရုံးကဖြစ်စေ၊ စီရင်ပိုင်ခွင့် အာဏာရှိသော အခြားအရာရှိကဖြစ်စေ ချမှတ်ပြီးခြင်း၊ ချမှတ်ရန်ရှိခြင်း။

၃။ ငွေဒဏ်အဖြစ် ရရှိရန်ဖြစ်စေ၊ ဒီကရီကို ဇာရီပြုရာတွင်ဖြစ်စေ ပစ္စည်းတစ်ခုခုကို သို့မဟုတ် ထိုပစ္စည်း၏ အကျိုးခံစားခွင့်ကို သိမ်းယူရန်ရှိခြင်း။

၄။ တရားခံသည် ယင်းပစ္စည်းကို၊ ပစ္စည်းတွင်ရှိသော အကျိုးခံစားခွင့်ကို မသိမ်းယူစေရန်အကြံဖြင့် ဖယ်ရှားခြင်း၊ ဝှက်သိမ်းခြင်း၊ သူတစ်ပါးသို့ လွှဲပြောင်းခြင်း၊ ပေးအပ်ခြင်း။

၅။ ယင်းသို့ပြုခြင်းသည် လိမ်လည်လှည့်ဖြားလိုသော သဘောနှင့်ဖြစ်ခြင်း။

http://www.cherrythitsar.org



<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၀၆ | အစိုးရဘဏ္ဍာတော်အဖြစ်ဖြင့်ဖြစ်စေ၊ ပြစ်ဒဏ် စီရင်ချက်အရ ငွေဒဏ်အတွက်ရရှိရန်ဖြစ်စေ ဒီကရီကို ဇာရီပြုရာ၌ဖြစ်စေ ပစ္စည်းကို မသိမ်းယူနိုင်အောင် လိမ်လည်လှည့်ဖြားလိုသော သဘောနှင့် ဖယ်ရှားမှု၊ သို့မဟုတ် ဝှက်သိမ်းမှု အစရှိသည်တို့။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

## အစိုးရ ဘဏ္ဍာတော်အဖြစ်ဖြင့်ဖြစ်စေ၊ ဇာရီပြု ရာ၌ဖြစ်စေ ပစ္စည်းကို မသိမ်းယူနိုင်အောင် လိမ်လည်လှည့်ဖြားလိုသောသဘောနှင့် တောင်းဆိုခြင်း။ (ပုဒ်မ-၂၀၇)

## Fraudulent claim of property to prevent its seizure as forfeited or in execution. (Section-207)

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

တရားရုံးကဖြစ်စေ၊ စီရင်ပိုင်ခွင့်အာဏာရှိသော အခြားအရာရှိကဖြစ်စေ စီရင်ချက်ချပြီးသော၊ သို့တည်းမဟုတ် ချတန်ရာသည်ဟု မိမိသိသော စီရင်ချက်အရ အစိုးရဘဏ္ဍာတော်အဖြစ်ဖြင့်ဖြစ်စေ၊ ငွေဒဏ်အတွက်ရရှိရန်ဖြစ်စေ ပစ္စည်းတစ်ခုခုကို၊ သို့တည်းမဟုတ် ပစ္စည်းတွင်ရှိသော အကျိုးခံစားခွင့်ကို မသိမ်းယူနိုင်စေရန် အကြံဖြင့်၊ သို့တည်းမဟုတ် တရားမမှုတွင် တရားရုံးကချပေးပြီးသော၊ သို့တည်းမဟုတ် ချပေးတန်ရာသည်ဟု မိမိသိသော ဒီကရီကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ ဇာရီပြုရာတွင် ထိုပစ္စည်းကို၊ သို့တည်းမဟုတ် ထိုပစ္စည်းတွင်ရှိသော အကျိုးခံစားခွင့်ကို မသိမ်းယူနိုင်စေရန်အကြံဖြင့် မည်သူမဆို ထိုပစ္စည်းအတွက်သော်လည်းကောင်း၊ ထိုပစ္စည်းတွင်ရှိသော အကျိုးခံစားခွင့်အတွက်သော်လည်းကောင်း မိမိ၌ ပိုင်ဆိုင်ခွင့်ဖြစ်စေ၊ တောင်းဆိုပိုင်ခွင့်ဖြစ်စေ မရှိဟု မိမိသိလျက်နှင့်၊ သို့တည်းမဟုတ် ထိုပစ္စည်းကိုသော်လည်းကောင်း၊ ထိုပစ္စည်းတွင်ရှိသော အကျိုးခံစားခွင့်ကိုသော်လည်းကောင်း ဆိုင်ပိုင်သောအခွင့်နှင့် စပ်လျဉ်း၍ လှည့်ဖြားခြင်းကို မိမိပြုသည်ဟု မိမိသိလျက်နှင့် ထိုပစ္စည်းကို၊ သို့တည်းမဟုတ် ထိုပစ္စည်းတွင်ရှိသော အကျိုးခံစားခွင့်ကို လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် လက်ခံခြင်း၊ သို့တည်းမဟုတ် ရရှိခြင်း၊ သို့တည်းမဟုတ် တောင်းဆိုခြင်းပြုလျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

http://www.cherrythitsar.org



**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ပစ္စည်း သို့မဟုတ် ထိုပစ္စည်းတွင်ရှိသော အကျိုးခံစားခွင့်ကို လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် လက်ခံခြင်း၊ ရရှိခြင်း၊ တောင်းဆိုခြင်း။

၂။ တရားခံသည် ထိုပစ္စည်း၌ ပိုင်ဆိုင်ခွင့်၊ တောင်းဆိုပိုင်ခွင့်မရှိဟုသိခြင်း။

၃။ ထိုပစ္စည်းကို အစိုးရဘဏ္ဍာတော်အဖြစ်ဖြင့်ဖြစ်စေ၊ ဒဏ်ငွေအတွက် ရရှိရန်ဖြစ်စေ၊ ဒီကရီကို ဇာရီပြုရာတွင်ဖြစ်စေ မသိမ်းယူနိုင်စေရန်အကြံဖြင့်ပြုခြင်း။

၄။ အစိုးရဘဏ္ဍာတော်အဖြစ်သိမ်းကြောင်း၊ ဒဏ်ငွေ သို့မဟုတ် ဒီကရီချပေးပြီးကြောင်း၊ ချပေးတန်ရာသည်ကို တရားခံသိခြင်း။

၅။ တရားရုံး သို့မဟုတ် စီရင်ပိုင်ခွင့်ရှိသော အခြားအရာရှိက အစိုးရဘဏ္ဍာတော်အဖြစ်သိမ်းခြင်း၊ ဒဏ်ငွေ သို့မဟုတ် ဒီကရီချပေးခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၀၇ | အစိုးရဘဏ္ဍာတော်အဖြစ်ဖြင့်ဖြစ်စေ၊ ပြစ်ဒဏ် စီရင်ချက်အရ ငွေဒဏ်အတွက်ရရှိရန်ဖြစ်စေ ဒီကရီကို ဇာရီပြုရာ၌ဖြစ်စေ ပစ္စည်းကို မသိမ်းယူနိုင်အောင် ထိုပစ္စည်းကို အကျိုးခံစားခွင့်မရှိဘဲ တောင်းဆိုမှု၊ သို့မဟုတ် အကျိုးခံစားခွင့်နှင့်စပ်လျဉ်း၍ လိမ်လည်လှည့်ဖြားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**ပေးဆပ်ရန်မရှိသော ကြွေးမြီအတွက် လိမ်လည်လှည့်ဖြားလိုသောသဘောနှင့် ဒီကရီအချခံခြင်း။ (ပုဒ်မ-၂၀၈)**

**Fraudulently suffering decree for sum not due. (Section-208)**

**ဥပဒေပြဋ္ဌာန်းချက်**

ပေးဆပ်စေရန် ကြွေးမြီမရှိဘဲလျက် ရှိကြောင်းဖြင့် တစ်ဦးတစ်ယောက်က တရားမကြောင်း စွဲဆိုသောအမှုတွင်၊ သို့တည်းမဟုတ် ပေးဆပ်စေရန်ရှိသည်ထက် ပိုသော ကြွေးမြီအတွက် ထိုသူက တရားမကြောင်း စွဲဆိုသောအမှုတွင်၊ သို့တည်းမဟုတ် ထိုသူပိုင်ဆိုင်ခွင့်မရှိသော ပစ္စည်းအတွက်ဖြစ်စေ၊ ထိုပစ္စည်းတွင်ရှိသော အကျိုးခံစားခွင့်အတွက်ဖြစ်စေ ထိုသူက တရားမကြောင်းစွဲဆိုသောအမှုတွင် မည်သူမဆို လိမ်လည်လှည့်ဖြားလိုသောသဘောနှင့် မိမိအပေါ်၌ ဒီကရီဖြစ်စေ၊ အမိန့်ဖြစ်စေ ချမှတ်သည်ကိုခံလျှင်၊ သို့တည်းမဟုတ် မည်သူမဆို လိမ်လည်လှည့်ဖြား

http://www.cherrythitsar.org



လိုသောသဘောနှင့် ဒီကရီတစ်ခုဖြစ်စေ၊ အမိန့်တစ်ခုဖြစ်စေ ကျေအေးပြေငြိမ်းပြီး သော်လည်း၊ ထိုကျေအေးပြေငြိမ်းပြီးသော ဒီကရီကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ ဇာရီ ပြုစေလျှင်၊ သို့တည်းမဟုတ် ဇာရီပြုသည်ကိုခံလျှင်၊ သို့တည်းမဟုတ် ဒီကရီဖြစ်စေ၊ အမိန့်ဖြစ်စေ၊ ကျေအေးပြေငြိမ်းပြီးခြင်းနှင့် သက်ဆိုင်သော အရာဝတ္ထုအတွက် ဒီကရီကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ ဇာရီ ပြုစေလျှင်၊ သို့တည်းမဟုတ် ဇာရီပြုသည် ကိုခံလျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ဥပမာ**

မောင်ဖြူသည် မောင်နီအပေါ်၌ တရားမကြောင်းစွဲဆို၏။ မောင်ဖြူ ဒီကရီ အနိုင်ရတန်ရာသည်ကို မောင်နီသိ၏။ ထိုသို့သိသဖြင့် ပို၍များသောငွေအတွက် မောင်မဲက မောင်နီကို စွဲသောအမှုတွင် မောင်နီသည် လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့် မိမိအပေါ်၌ စီရင်ချက်ချမှတ်ခြင်းကိုခံသည်။ အမှန်စင်စစ်မှာ တရား စွဲသော မောင်မဲသည် မောင်နီအပေါ်၌ တောင်းဆိုပိုင်ခွင့်ရှိသူမဟုတ်ချေ။ မောင်နီ ထိုသို့ စီရင်ချက်ချမှတ်ခြင်း ခံသည်မှာ မောင်မဲက သူ့အတွက်ဖြစ်စေ၊ မောင်နီ၏ အကျိုးအတွက်ဖြစ်စေ မောင်ဖြူအနိုင်ရသော ဒီကရီအရ မောင်နီ၏ပစ္စည်းရောင်းရ ငွေထဲမှ ခွဲဝေယူလိုသောကြောင့်ဖြစ်သည်။ မောင်နီသည် ဤပုဒ်မအရ ပြစ်မှု ကျူးလွန်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် မိမိအပေါ် ဒီကရီ၊ အမိန့်ကို ကျစေခြင်း၊ ဇာရီပြုစေခြင်း။

၂။ ပေးဆပ်ရန်မရှိသော ကြွေးမြီ၊ ပေးဆပ်ရန်ရှိသည်တို့ထက် ပိုသော ကြွေးမြီ အတွက်ဖြစ်ခြင်း၊ ကျေအေးပြေငြိမ်းပြီးသည့် ဒီကရီအမိန့်အတွက်ဖြစ်ခြင်း။

၃။ တရားခံသည် လိမ်လည်လှည့်ဖြားလိုသောသဘောနှင့် ပြုခဲ့ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၁၀ | ပေးဆပ်ရန်မရှိသော ကြွေးမြီအတွက် လိမ်လည်လှည့်ဖြားလိုသောသဘောနှင့် ဒီကရီအချခံမှု သို့မဟုတ် ကျေအေးပြေငြိမ်းပြီးဖြစ်သော ဒီကရီကို ဇာရီပြုစေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



**မရိုးမဖြောင့်သောသဘောနှင့် တရားရုံးတွင် မမှန်သော တောင်းဆိုချက်ပြုခြင်း။ (ပုဒ်မ-၂၀၉)**

**Dishonestly making False claim in Court. (Section-209)**

**ဥပဒေပြဋ္ဌာန်းချက်**

လိမ်လည်လှည့်ဖြားလိုသောသဘောနှင့်ဖြစ်စေ၊ မရိုးမဖြောင့်သောသဘောနှင့်ဖြစ်စေ တစ်ဦးတစ်ယောက်သောသူကို နစ်နာစေရန်၊ သို့တည်းမဟုတ် စိတ်ငြိုငြင်စေရန် အကြံနှင့်ဖြစ်စေ မည်သူမဆို တောင်းဆိုချက် တစ်ခုခုကို မမှန်ကြောင်း သိလျက်နှင့် တရားရုံးတွင်ပြုလျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံက တရားရုံးတွင် တောင်းဆိုချက်ပြုခြင်း။

၂။ ထိုတောင်းဆိုချက်သည် မမှန်သောတောင်းဆိုချက်ဖြစ်ခြင်း။

၃။ မမှန်ကြောင်းကို တရားခံသိခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၀၉ | တရားရုံးတွင် မမှန်သောတောင်းဆိုချက်ပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**မရထိုက်သော ငွေအတွက် လိမ်လည်လှည့်ဖြားလိုသောသဘောနှင့် ဒီကရီရယူခြင်း။ ဒီကရီအချခံခြင်း။ (ပုဒ်မ-၂၁၀)**

**Fraudulently suffering decree for sum not due. (Section-210)**

**ဥပဒေပြဋ္ဌာန်းချက်**

မရထိုက်သောငွေအတွက်ဖြစ်စေ၊ ရထိုက်သော ငွေထက်ပိုမို၍ဖြစ်စေ၊ မိမိရထိုက်ခွင့်မရှိသော ပစ္စည်းတစ်ခုခုအတွက်ဖြစ်စေ၊ ထိုပစ္စည်းတွင်ရှိသော အကျိုးခံစားခွင့် တစ်ခုခုအတွက်ဖြစ်စေ မည်သူမဆို လိမ်လည်လှည့်ဖြားလိုသော သဘောနှင့် တစ်ဦးတစ်ယောက်သောသူအပေါ်တွင် ဒီကရီသော်လည်း၊ အမိန့်သော်လည်း ရယူလျှင်၊ သို့တည်းမဟုတ် မည်သူမဆို လိမ်လည်လှည့်ဖြားလိုသော သဘောနှင့် ဒီကရီဖြစ်စေ၊ အမိန့်ဖြစ်စေ ကျေအေးပြေငြိမ်းပြီးသော်လည်း၊ ထိုသူအပေါ်တွင်

http://www.cherrythitsar.org



ထိုကျေအေးပြေငြိမ်းပြီးသော ဒီကရီကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ ဇာရီ ပြုစေလျှင်၊ သို့တည်းမဟုတ် ဒီကရီဖြစ်စေ၊ အမိန့်ဖြစ်စေ၊ ကျေအေးပြေငြိမ်းပြီးခြင်းနှင့် သက်ဆိုင်သော အရာဝတ္ထုအတွက် ဒီကရီကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ ဇာရီပြုစေလျှင်၊ သို့တည်းမဟုတ် မည်သူမဆို လိမ်လည်လှည့်ဖြားလိုသော သဘောနှင့် အဆိုပါ ပြုလုပ်မှုတစ်ခုခုကို မိမိအမည်နှင့် အပြုခံလျှင်၊ သို့တည်းမဟုတ် ပြုခွင့်ပေးလျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တရားခံသည် တစ်ဦးတစ်ယောက်သောသူအပေါ် ဒီကရီ သို့မဟုတ် အမိန့်ကို ရယူခြင်း။

၂။ ထို ဒီကရီ သို့မဟုတ် အမိန့်သည် မရထိုက်သောငွေ၊ ရထိုက်သည်ထက်ပိုသောငွေ၊ ရထိုက်ခွင့်မရှိသောပစ္စည်းအတွက်ဖြစ်ခြင်း။

၃။ လိမ်လည်လှည့်ဖြားလိုသောသဘောနှင့် ရယူခြင်း။

သို့မဟုတ်

- ၁။ တရားခံသည် ဒီကရီ သို့မဟုတ် အမိန့်ကိုရရှိခြင်း။
- ၂။ ထို ဒီကရီ သို့မဟုတ် အမိန့်အပေါ် ကျေအေးပြေငြိမ်းခြင်း။
- ၃။ ကျေအေးပြေငြိမ်းပြီးဖြစ်ပါလျက် ထို ဒီကရီ၊ အမိန့်ကို ဇာရီပြုစေခြင်း၊ မိမိ၏အမည်ဖြင့်ပြုစေခြင်း၊ ပြုခွင့်ပေးခြင်း။
- ၄။ လိမ်လည်လှည့်ဖြားလိုသောသဘောနှင့်ပြုခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၁၀ | မရထိုက်သောငွေအတွက် လိမ်လည်လှည့်ဖြားလိုသောသဘောနှင့် ဒီကရီရယူလိုမှု၊ သို့မဟုတ် ကျေအေးပြေငြိမ်းပြီးသော ဒီကရီကို ဇာရီပြုစေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**နစ်နာစေရန်အကြံနှင့် ပြစ်မှုကျူးလွန်သည်ဟု မမှန်စွပ်စွဲခြင်း။ (ပုဒ်မ-၂၁၁)**

**False charge or offence made with intent to injure. (Section-211)**

**<u>ဥပဒေဖွင့်ဆိုချက်</u>**

မှန်သော၊ သို့တည်းမဟုတ် ဥပဒေနှင့်ညီသော အကြောင်းယုတ္တိမရှိဟု သိလျက်နှင့် မည်သူမဆို တစ်ဦးတစ်ယောက်သောသူကို နစ်နာစေရန်အကြံဖြင့် ထိုသူအပေါ်

http://www.cherrythitsar.org



၌ ရာဇဝတ်မှုစွဲဆိုလျှင်၊ သို့တည်းမဟုတ် စွဲဆိုစေလျှင်၊ သို့တည်းမဟုတ် ထိုသူအပေါ်တွင် ပြစ်မှုကျူးလွန်သည်ဟု မမှန်စွပ်စွဲလျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

ထို့ပြင် ထိုသို့ ရာဇဝတ်မှုစွဲဆိုခြင်းသည် သေဒဏ်ဖြစ်စေ၊ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ခုနစ်နှစ်၊ သို့တည်းမဟုတ် ခုနစ်နှစ်ထက်ပိုသော ထောင်ဒဏ်ဖြစ်စေ ချမှတ်ခြင်းခံထိုက်သော ပြစ်မှုကို ကျူးလွန်သည်ဟု မမှန်စွပ်စွဲ၍ စွဲဆိုခြင်းဖြစ်လျှင် စွဲဆိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တစ်ဦးတစ်ယောက်သောသူကို ပြစ်မှုစွဲဆိုခြင်း၊ သို့မဟုတ် ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခြင်း။

၂။ စွဲဆိုသောပြစ်မှုသည် မှန်သော၊ ဥပဒေနှင့်ညီသော၊ အကြောင်းယုတ္တိမရှိခြင်း၊ ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခြင်းမှာ မမှန်ခြင်း။

၃။ ယင်းသို့ မမှန်ခြင်း၊ ဥပဒေနှင့်ညီသော အကြောင်းယုတ္တိမရှိခြင်းကို တရားခံက သိခြင်း။

၄။ တရားခံသည် ထိုသူအား နစ်နာစေရန်အကြံဖြင့်ပြုခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၁၁ | နစ်နာစေရန်အကြံနှင့် ပြစ်မှုကျူးလွန်သည်ဟု မမှန်စွပ်စွဲမှု။<br>စွပ်စွဲသည့်ပြစ်မှုသည် ၇နှစ်နှင့်အထက် ထောင်ဒဏ်ချမှတ်ထိုက်လျှင်။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |
| | စွပ်စွဲသည့်ပြစ်မှုသည် သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်ထိုက်လျှင်။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး |

**<u>စီရင်ထုံး</u>**

၁။ ဤပုဒ်မနှင့် ပုဒ်မ ၁၈၂ တို့မှာ အလွန်ပင်ဆင်တူသဖြင့် ထိုပုဒ်မနှစ်ခုကို သီးခြားပြဋ္ဌာန်းရန် လိုမလို ဆိုသည့်ပြဿနာပင် ပေါ်ပေါက်ခဲ့သည်။ အချို့က ယင်း

http://www.cherrythitsar.org



ပုဒ်မများ၌ သုံးနှုန်းထားသော စကားလုံးများသည် ထပ်တူထပ်မျှ တူညီခြင်းမရှိသည် ကတစ်ကြောင်း၊ ဥပဒေပြုအဖွဲ့သည် မလိုဘဲနှင့် ပုဒ်မနှစ်ခုကို ပြဋ္ဌာန်းလိမ့်မည် မဟုတ်သည်ကတစ်ကြောင်း ထိုအကြောင်းများကြောင့် ၄င်းပုဒ်မများသည် တူညီခြင်း မရှိကြပါဟု ယူဆသည်။ အချို့ကမူ ပြစ်မှုဆိုင်ရာဥပဒေတွင် ဆင်တူပြစ်မှုများကို သီးခြားပုဒ်မများ ပြဋ္ဌာန်းထားသဖြင့် ဥပဒေပြုအဖွဲ့သည် မလိုဘဲနှင့် ပြဋ္ဌာန်းချက် ပြုမည်မဟုတ်ပါဟုဆိုသည့် ယူဆချက်ကို လက်မခံဘဲ ပုဒ်မ ၂၀၆ မှ ၂၀၉၊ ပုဒ်မ ၄၂၁ မှ ၄၂၄၊ ပုဒ်မ ၄၁၇ နှင့် ၄၂၀ တို့ရှိ ပြဋ္ဌာန်းချက်များကို ရည်ညွှန်းကြသည်။ ထို့ကြောင့် ၄င်းတို့က တရားခံတစ်ဦးအပေါ် ပြစ်မှုတရားသူကြီးသည် ပုဒ်မ ၁၈၂ အရဖြစ်စေ၊ ပုဒ်မ ၂၁၁ အရဖြစ်စေ သင့်တော်သလို အရေးယူနိုင်သည်။ ကြီးလေးသော ပြစ်မှုဖြစ်လျှင် ပုဒ်မ ၂၁၁ အရ အရေးယူသင့်သည်ဟု ယူဆကြသည်။ ထိုယူဆချက်ကို မြန်မာနိုင်ငံ၌ အစဉ်တစိုက် လက်ခံကျင့်သုံးခဲ့သည်ကို တွေ့ရသည်။

*[မစောရင်နှင့်အစိုးရ၊ အတွဲ ၁၁၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၄၃]*

*[မပေါ်နှင့်အစိုးရ၊ အတွဲ ၈၊ ရန်ကုန်၊ ၄၉၉]*

၂။ ပြစ်မှုရုံး၌ မှုခင်းတစ်ခုခုကို စတင်ရန် နည်းလမ်းနှစ်သွယ်ရှိရာ ပထမနည်းလမ်းမှာ ပြစ်မှုရုံးတွင် ဦးတိုက်လျှောက်ထားခြင်းဖြစ်ပြီး ဒုတိယနည်းလမ်းမှာ ရဲထံသို့ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၅၄ အရ တိုင်တန်းသဖြင့် ရဲက တိုင်တန်းခံရသူအပေါ် ပုဒ်မ ၁၉၀ အရ ပြစ်မှုရုံးသို့ တရားစွဲဆိုတင်ပို့ခြင်းဖြစ်သည်။ ပထမနည်းလမ်းမှာ တရားခံသည် ပြစ်မှုစွဲဆိုခြင်းဖြစ်ပြီး ဒုတိယနည်းလမ်းမှာ ပြစ်မှုစွဲဆိုစေခြင်းဖြစ်သည်။ အကယ်၍ ရဲက တရားခံ၏ တိုင်တန်းချက်ကို မယုံကြည်သဖြင့် ရုံးသို့ တရားစွဲဆိုတင်ပို့ခြင်းမရှိလျှင် ပြစ်မှုစွဲဆိုခြင်း၊ စွဲဆိုစေခြင်းမမြောက်ဘဲ ပြစ်မှုကျူးလွန်သည်ဟု မမှန်စွပ်စွဲခြင်းသာဖြစ်သည်။

*[အစိုးရနှင့်မဘာန်ကြီး၊ ၁၉၃၈၊ ရန်ကုန်စီရင်ထုံး၊ ၂၄၆]*

၃။ စွပ်စွဲသည်ဆိုရာ၌ လူတစ်ဦးတစ်ယောက်သည် ပြစ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း တပ်အပ်စွပ်စွဲခြင်းဖြစ်ရန်လိုသည်။ မိမိသိသရွေ့ ကြောင်းခြင်းရာကို ဖော်ပြပြီး မည်သူသည် ပြစ်မှုကျူးလွန်သည်ထင်ပါသည်ဟု ပြောဆိုခြင်းသည် ပြစ်မှုနှင့် စပ်လျဉ်း၍ ရဲအား သတင်းပေးခြင်းသာဖြစ်၍ စွပ်စွဲရာမရောက်ပေ။

*[မောင်ပုနှင့်အစိုးရ၊ အတွဲ ၁၀၊ ဘားမားလောတိုင်း ၂၅၉]*

၄။ ပြစ်မှုဖြင့် လူတစ်ဦးဦးအား ရုံးတင်တရားစွဲဆိုစေရန် ရည်ရွယ်ချက်ဖြင့် ရဲသို့ မမှန်စွပ်စွဲခဲ့ပါမူ ရဲက ပြစ်မှုရုံးသို့ တရားစွဲဆိုတင်ပို့ခြင်း မပြုစေကာမူ ဤပုဒ်မနှင့် အကျုံးဝင်သည့် မမှန်စွပ်စွဲခြင်းမြောက်သည်။

*[ဘရှိန်နှင့်အစိုးရ၊ အေအိုင်အာ၊ ၁၉၃၄၊ ရန်ကုန် ၂၁]*

၅။ ဤပုဒ်မအရ ပြစ်မှုမြောက်ရန် အဓိကအင်္ဂါရပ်ကြီးသုံးရပ်ရှိရာ တရားခံသည် မမှန်ဟုသော်လည်းကောင်း၊ ဥပဒေနှင့်ညီသော အကြောင်းယုတ္တိမရှိဟုသော် လည်းကောင်း သိလျက်နှင့် စွပ်စွဲခြင်း၊ တရားစွဲဆိုခြင်းသည် အင်္ဂါတစ်ရပ်ဖြစ်သည်။ ကျန်

http://www.cherrythitsar.org



အင်္ဂါရပ်များမှာ စွပ်စွဲချက်သည် တကယ်ပင် မှန်ကန်ခြင်းမရှိသည့်အပြင် စွပ်စွဲခံရသူအား နစ်နာစေရန် အကြံနှင့် ပြုခြင်းဖြစ်သည်။ ယင်းအင်္ဂါရပ် ပြည့်စုံကြောင်း တရားလိုဘက်မှ တင်ပြနိုင်မှသာ ဤပုဒ်မအရ ပြစ်ဒဏ်ထင်ရှားစီရင်နိုင်မည်ဖြစ်သည်။

*[ဦးဘိုးသိန်းနှင့်ဘူတာခန်း၊ အေအိုင်အာ၊ ၁၉၃၆၊ ရန်ကုန် ၄၇၃]*

၆။ သေဆုံးသူ၏သမီးဖြစ်ကြောင်း အဆိုပြုသူက သေဆုံးသူ၏ တူနှင့်တူမဖြစ်ကြသည်ဟု အဆိုရှိသူများအပေါ် သေဆုံးသူ၏ ပစ္စည်းများကို အလွဲသုံးစားပြုလုပ်သည်ဟု စွဲဆိုခြင်းမှာ တစ်ဖက်အား နစ်နာစေလိုသောအကြံဖြင့် စွဲဆိုခြင်းဖြစ်သည်ဟု မယူဆနိုင်ချေ။ တရားမကြောင်းအရ စွဲဆိုသင့်သော အမှုမျိုးကို ပြစ်မှုဆိုင်ရာအနေဖြင့် စွဲဆိုခြင်းသာဖြစ်သည်။ တရားမကြောင်းအရ အချက်များကို ဖော်ပြရာ တရားရုံး၌ ပြစ်မှုဆိုင်ရာဥပဒေအဖြစ် မှားယွင်းစွာတိုင်တန်းခြင်းအားဖြင့် ပုဒ်မ ၂၁၁ အရ အရေးယူနိုင်မည်မဟုတ်ချေ။

*[ဦးသွင်ပါ-၂ နှင့်ပြည်ထောင်စု၊ ၁၉၇၆၊ မြန်မာပြည်စီရင်ထုံး၊ ၁၃၆]*

၇။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅ အရ ဤပုဒ်မဖြင့် အရေးယူသောအမှုများတွင် သက်ဆိုင်ရာရုံး၏ ရေးသားထားသော တိုင်တန်းချက်ရှိမှသာ လက်ခံအရေးယူနိုင်မည်ဖြစ်သည်။

*[အစိုးရနှင့်မကြွက် (၁၈၉၇-၀၁)အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၂၇၉]*

၈။ သို့ရာတွင် တရားစွဲဆိုသည့်အဆင့်သို့မရောက်ဘဲ တိုင်ချက်ကို ရဲကမှန်ကန်ခြင်းမရှိဟု ယူဆပြီးပယ်ခဲ့ပါမူ တရားရုံး၏တိုင်တန်းချက် ရယူရန် လိုမည်မဟုတ်။

*[အစိုးရနှင့်ရှိတ်အာမက်၊ အတွဲ ၅၊ ဘားမားလောဘိုင်း ၁၂၉]*

*[အစိုးရနှင့်မဝါ၊ အတွဲ ၈၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၅၃၄]*

*[ဦးစိန်ရွှက်နှင့်ဦးမောင်ကြီး၊ အေအိုင်အာ၊ ၁၉၃၄၊ ရန်ကုန် ၄၀]*

၉။ တရားခံသည် ရဲတွင်တိုင်တန်းခဲ့သည်သာမက ပြစ်မှုရုံးသို့လည်း ပြစ်မှုကြောင်းအရ အရေးယူရန် တရားစွဲဆိုခဲ့သည့် အမှုများ၌မူ သက်ဆိုင်ရာ ရဲအရာရှိ၏ တိုင်ကြားချက်လိုမည်မဟုတ်ဘဲ တရားရုံး၏ တိုင်ကြားချက်ရှိရန်သာလိုသည်။

*[မငွေနှင့်မချစ် (၁၉၁၀-၁၃) အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၁၃၄]*

*[ဂျက်ရှူးနှင့်ပါလာ (၁၉၁၄-၁၆)၊ အတွဲ ၂၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၉၅]*

*[ဘိုးလှိုင်နှင့်ဘအေး၊ အတွဲ ၆၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၅၀]*

၁၀။ ရဲထံ၌ ပြစ်မှုကျူးလွန်သည်ဟု မမှန်စွပ်စွဲသည်နှင့်တစ်ပြိုင်နက် ဤပုဒ်မအရ ကျူးလွန်ပြီးဖြစ်၍ ဤပုဒ်မအရ အရေးယူရာဝယ် နောက်ပိုင်း၌ ပြစ်မှုရုံးသို့ ထပ်မံတိုင်ကြားခဲ့သည့်အကြောင်းကြောင့် ပြစ်မှုရုံး၏ တိုင်တန်းချက်ရယူရန်မလို။

*[ဘရှိန်နှင့်အစိုးရ၊ အေအိုင်အာ၊ ၁၉၃၄၊ ရန်ကုန် ၂၁]*

http://www.cherrythitsar.org



**ပြစ်မှုကျူးလွန်သူကိုလက်သင့်ခံခြင်း။ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ထောင်ဒဏ်ဖြစ်စေ ထိုက်သင့်သော ပြစ်မှုဖြစ်ပါက။ (ပုဒ်မ-၂၁၂)**

**Harbouring offender - if a capital offence: if punishable with transportation for life, or with imprisonment. (Section 212)**

**ဥပဒေပြဌာန်းချက်**

ပြစ်မှုတစ်ခုကို ကျူးလွန်ပြီးရာတွင် တစ်ဦးတစ်ယောက်သောသူအား ပြစ်မှုကျူးလွန်သူဖြစ်သည်ဟု သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ထိုသူကို ဥပဒေနှင့်အညီ စီရင်ထိုက်သော ပြစ်မှုဒဏ်မှ ကာကွယ်ရန်အကြံဖြင့် မည်သူမဆို၊ ထိုသူအား လက်သင့်ခံလျှင်၊ သို့တည်းမဟုတ် ဝှက်သိမ်းလျှင်၊ ထို ကျူးလွန်သောပြစ်မှုသည် သေဒဏ်ထိုက်သင့်သော ပြစ်မှုဖြစ်ပါက၊ လက်သင့်ခံသော၊ သို့တည်းမဟုတ် ဝှက်သိမ်းသောသူကို ငါးနှစ်ထိ ထောင်ဒဏ်တမျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ထို့ပြင် ထိုကျူးလွန်သောပြစ်မှုသည် တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ထိုက်သင့်သောပြစ်မှုဖြစ်ပါက လက်သင့်ခံသော၊ သို့တည်းမဟုတ် ဝှက်သိမ်းသောသူကို သုံးနှစ်ထိထောင်ဒဏ်တမျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ထို့ပြင် ကျူးလွန်သောပြစ်မှုသည် တစ်နှစ်မှ ဆယ်နှစ်အောက်အထိ ထောင်ဒဏ်ထိုက်သင့်သောပြစ်မှုဖြစ်ပါက၊ အဆိုပါကျူးလွန်သော ပြစ်မှုအတွက် အများဆုံး ပြဋ္ဌာန်းထားသော ကာလအပိုင်းအခြား၏ လေးပုံတစ်ပုံထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြင်ပတွင်ပြုသော ပြုလုပ်မှုသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ ကျူးလွန်ခဲ့သော် ပုဒ်မ ၃၀၂၊ ၃၀၄၊ ၃၈၂၊ ၃၉၂၊ ၃၉၃၊ ၃၉၄၊ ၃၉၅၊ ၃၉၆၊ ၃၉၇၊ ၃၉၈၊ ၃၉၉၊ ၄၀၂၊ ၄၃၅၊ ၄၃၆၊ ၄၄၉၊ ၄၅၀၊ ၄၅၇၊ ၄၅၈၊ ၄၅၉ နှင့် ၄၆၀ တစ်ခုခုအရ ပြစ်ဒဏ်ထိုက်သင့်သော ပြုလုပ်မှုမျိုးဖြစ်လျှင်၊ ထိုပြုလုပ်မှုသည် ဤပုဒ်မပါ "ပြစ်မှု" ဆိုသောစကား၌ အကျုံးဝင်သည်။ ထို့ပြင် အဆိုပါ ပြုလုပ်မှုများအတွက် ဤပုဒ်မ၏ကိစ္စအလို့ငှာ နိုင်ငံတော်အတွင်း၌ ပြစ်မှုကျူးလွန်ထင်ရှားဘိသကဲ့သို့ ပြစ်ဒဏ်စီရင်ခြင်းခံထိုက်သည်ဟု မှတ်ယူရမည်။

**ကင်းလွတ်ချက်**

ဤပြဋ္ဌာန်းချက်သည် ပြစ်မှုကျူးလွန်သူက လင်ဖြစ်လျှင်၊ မယားက ထိုလင်ကို လက်သင့်ခံခြင်းနှင့်သော်လည်းကောင်း၊ ဝှက်သိမ်းခြင်းနှင့်သော်လည်းကောင်း၊ ပြစ်မှုကျူးလွန်သူက မယားဖြစ်လျှင်၊ လင်က ထိုမယားကို လက်သင့်ခံခြင်းနှင့်သော်လည်းကောင်း၊ ဝှက်သိမ်းခြင်းနှင့်သော်လည်းကောင်း မသက်ဆိုင်။

http://www.cherrythitsar.org



<u>ဥပမာ။</u>

မောင်မဲစားပြမှုကိုကျူးလွန်သည်ဟု မောင်ဖြူသည်သိလျက်နှင့် ဥပဒေနှင့်အညီ မောင်မဲကိုပြစ်ဒဏ်ချမှတ်ခြင်းမှ ကာကွယ်ရန် မောင်မဲကိုမောင်ဖြူက ဝှက်သိမ်းထား၏။ မောင်မဲသည် တစ်သက်တစ်ကျွန်းဒဏ်ချမှတ်ခြင်းခံထိုက်သဖြင့်၊ မောင်ဖြူမှာ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်တစ်မျိုးမျိုး စီရင်ခြင်းခံထိုက်သည်။ ထို့ပြင် ငွေဒဏ်လည်း ချမှတ်ခြင်းခံထိုက်သည်။

<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>

၁။ တစ်ဦးတစ်ယောက်သည် ပြစ်မှုကျူးလွန်ပြီးဖြစ်ခြင်း။

၂။ ထိုသူကို တရားခံက လက်သင့်ခံခြင်း၊ ဝှက်သိမ်းခြင်း။

၃။ တရားခံက ထိုသူသည် ပြစ်မှုကျူးလွန်သူဖြစ်ကြောင်း သိခြင်း၊ ယုံကြည်ရန် အကြောင်းရှိခြင်း။

၄။ ဥပဒေနှင့်အညီ စီရင်ထိုက်သောပြစ်ဒဏ်မှ ကာကွယ်ရန်အကြံဖြင့် လက်သင့်ခံခြင်း၊ ဝှက်သိမ်းခြင်း။

<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့်ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၁၂ | ပြစ်မှုကျူးလွန်သူကို လက်သင့်ခံမှု၊ သေဒဏ်ထိုက်သင့်သောပြစ်မှုဖြစ်လျှင်။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံပေးရမည် | ကျေအေးခွင့်မရှိ။ | ၅နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ သို့မဟုတ်ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီး။ |
| | တစ်သက်တစ်ကျွန်းဒဏ်၊ သို့မဟုတ် ၁၀နှစ်ထိ ထောင်ဒဏ်ထိုက်သင့်သော ပြစ်မှုဖြစ်လျှင်။ | ၄င်း | ၄င်း | ၄င်း | ၄င်း | ၃နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ်ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီး |
| | ၁နှစ်မှ ၁၀နှစ်အောက်ထိ ထောင်ဒဏ်ထိုက်သင့်သောပြစ်မှုဖြစ်လျှင်။ | ၄င်း | ၄င်း | ၄င်း | ၄င်း | အဆိုပါကျူးလွန်သောပြစ်မှုအတွက် အများဆုံးပြဋ္ဌာန်းထားသော ကာလအပိုင်းအခြား၏ လေးပုံတစ်ပုံအထိ ထောင်ဒဏ်ဖြစ်စေ၊ငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ပြစ်မှုကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိသော တရားရုံး |

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ ပြစ်မှုကျူးလွန်သူကို လက်သင့်ခံမှသာ ဤပုဒ်မနှင့် ငြိစွန်းသည်။ ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်မှုသာမက အထူး သို့မဟုတ် ဒေသန္တရဥပဒေအရ အနည်းဆုံး ထောင်ဒဏ် ၆ လ ထိုက်သင့်သည့်ပြစ်မှုလည်းပါသည်။ ပုဒ်မ ၄၀ ကိုကြည့်ပါ။ ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ အဖမ်းအဆီးခံရမည်ကို စိုးရိမ်သဖြင့် ထွက်ပြေးတိမ်းရှောင်နေသူကို လက်သင့်ခံခြင်းသည် ဤပုဒ်မနှင့်အကျုံးမဝင်ပေ။ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၅၀၀ အရ တရားစွဲဆိုခြင်းခံရသူကို မကျန်းမမာသဖြင့် ဆေးဝါးကုသနိုင်ရန် အမှုကိုနှုတ်သိမ်းပြီး ပြည်ပသို့ထွက်ခွာခွင့်ပြုခြင်းသည် ဤပုဒ်မအရ ပြစ်မှုမမြောက်။ စွဲဆိုထားသည့်အမှုကို နှုတ်သိမ်းခဲ့ပြီးဖြစ်၍ ထိုသူသည် ပြစ်မှုမမြောက်။ စွဲဆိုသည့် အမှုကို နှုတ်သိမ်းခဲ့ပြီးဖြစ်၍ ထိုသူသည်ပြစ်မှုကို ကျူးလွန်သူဖြစ်သည်ဟု မဆိုနိုင်။

*[ဦးသန်းမောင်နှင့်ပြည်ထောင်စု၊ ၁၉၆၁၊ မြန်မာပြည်စီရင်ထုံး ၁၉၇ (လွှတ်တော်)]*

**ပြစ်မှုကျူးလွန်သူကိုပြစ်ဒဏ်စီရင်ခြင်းမှ ကာကွယ်ရန် လက်ဆောင်စသည်တို့ကို ယူခြင်း။ သေဒဏ်ထိုက်သောပြစ်မှုဖြစ်ပါက။ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ထောင်ဒဏ်ဖြစ်စေ ချမှတ်ခြင်းခံထိုက်သောပြစ်မှုဖြစ်ပါက။ (ပုဒ်မ ၂၁၃)**

**Taking gift, etc., to screen an offender from punishment-if a capital offence: if punishable with transportation for life, or with imprisonment. (Section 213)**

**ဥပဒေပြဋ္ဌာန်းချက်**

ပြစ်မှုတစ်ခုခုကို မိမိက ထိမ်ချန်ခြင်းအတွက်ဖြစ်စေ၊ ပြစ်မှုတစ်ခုခုအတွက် ဥပဒေနှင့်အညီ ချမှတ်ထိုက်သော ပြစ်ဒဏ်မှ တစ်ဦးတစ်ယောက်သောသူကို မိမိက ကာကွယ်ခြင်းအတွက်ဖြစ်စေ၊ တစ်ဦးတစ်ယောက်သောသူအား ဥပဒေနှင့်အညီ ပြစ်ဒဏ်ချမှတ်ခြင်းခံရစေရန် တရားစွဲဆိုမှုကို မိမိကမပြုခြင်းအတွက်ဖြစ်စေ၊ မည်သူမဆို မိမိအတွက်သော်လည်းကောင်း၊ သူတစ်ပါးအတွက်သော်လည်းကောင်း တံစိုးကို လက်ခံလျှင်၊ သို့တည်းမဟုတ် ရယူရန်အားထုတ်လျှင်၊ သို့တည်းမဟုတ် လက်ခံရန် သဘောတူလျှင်၊ သို့တည်းမဟုတ် မိမိသို့သော်လည်းကောင်း၊ သူတစ်ပါးသို့သော် လည်းကောင်း ပစ္စည်းပြန်ပေးခြင်းကို လက်ခံလျှင်၊ သို့တည်းမဟုတ် ရယူရန် အားထုတ်လျှင်၊ သို့တည်းမဟုတ် လက်ခံရန်သဘောတူလျှင် ထိုသူကို

အဆိုပါပြစ်မှုသည် သေဒဏ်ထိုက်သောပြစ်မှုဖြစ်ပါက၊ ခုနစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

ထို့ပြင် အဆိုပါပြစ်မှုသည် တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ထိုက်သောပြစ်မှုဖြစ်ပါက၊ သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် အဆိုပါပြစ်မှုသည် ဆယ်နှစ်အောက် လျော့သည့် ထောင်ဒဏ်ထိုက်သောပြစ်မှုဖြစ်ပါက၊ ထိုပြစ်မှုအတွက်

http://www.cherrythitsar.org



အများဆုံးပြဋ္ဌာန်းထားသော ကာလအပိုင်းအခြား၏ လေးပုံတစ်ပုံထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပြစ်မှုတစ်စုံတစ်ခုကို ကျူးလွန်ခြင်း။

၂။ တရားခံသည် -

(က) ကျူးလွန်သောပြစ်မှုကို ထိမ်ချန်ခြင်း သို့မဟုတ်

(ခ) ပြစ်မှုအတွက် ဥပဒေနှင့်အညီ ချမှတ်ထိုက်သောပြစ်ဒဏ်မှ ပြစ်မှုကျူးလွန်သူကို ကာကွယ်ခြင်း၊ သို့မဟုတ်

(ဂ) ပြစ်မှုကျူးလွန်သူအား ဥပဒေနှင့်အညီ ပြစ်ဒဏ်ချမှတ်ခြင်းခံရစေရန် တရားစွဲဆိုမှုကိုမပြုခြင်း။

၃။ ထိုကဲ့သို့ပြုရန်အတွက် တံစိုးကိုလက်ခံခြင်း၊ ရယူရန်အားထုတ်ခြင်း၊ လက်ခံရန် သဘောတူခြင်း၊ ပစ္စည်းပြန်ပေးခြင်းကို လက်ခံခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့်ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၁၃ | ပြစ်မှုကျူးလွန်သူကို ပြစ်ဒဏ်စီရင်ခြင်းမှကာကွယ်ရန် လက်ဆောင်စသည်တို့ကိုယူမှု၊ သေဒဏ်ပြစ်မှုဖြစ်လျှင်။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ | ဝရမ်း | အာမခံပေးရမည် | ကျေအေးခွင့်မရှိ။ | ၇ နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ |
| | တစ်သက်တစ်ကျွန်းဒဏ်၊ သို့မဟုတ် ၁၀နှစ်ထိ ထောင်ဒဏ်ထိုက်သင့်သောပြစ်မှုဖြစ်လျှင်။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ၎င်း | ၎င်း | ၎င်း | ၃နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီး။ |
| | ၁၀နှစ်အောက်လျော့သည့်ထောင်ဒဏ်ထိုက်သင့်သောပြစ်မှုဖြစ်လျှင်။ | ၎င်း | ၎င်း | ၎င်း | ၎င်း | အဆိုပါပြစ်မှုအတွက် အများဆုံးပြဋ္ဌာန်းထားသောကာလအပိုင်းအခြား၏ လေးပုံတစ်ပုံထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီး။ သို့မဟုတ် ပြစ်မှုကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိသောတရားရုံး |

http://www.cherrythitsar.org



**ပြစ်မှုကျူးလွန်သူကိုကာကွယ်ခြင်းအတွက် လက်ဆောင်ပေးခြင်း၊ သို့တည်းမဟုတ် ပစ္စည်းပြန်အပ်ခြင်း။**
**သေဒဏ်ထိုက်သော ပြစ်မှုဖြစ်ပါက။**
**တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ထောင်ဒဏ်ဖြစ်စေ ထိုက်သောပြစ်မှုဖြစ်ပါက။**
**ပုဒ်မ(၂၁၄)**

**Offering gift or restoration of property in consideration of screering offender-**
**if a capital offence:**
**if punishable with transportation for life, or with imprisonment.**
**(Section 214)**

**ဥပဒေပြဋ္ဌာန်းချက်**

တစ်ဦးတစ်ယောက်သောသူက ပြစ်မှုတစ်ခုခုကို ထိမ်ချန်ခြင်းအတွက်ဖြစ်စေ၊ ပြစ်မှုတစ်ခုခုအတွက် ဥပဒေနှင့်အညီ ပြစ်ဒဏ်ချမှတ်ခြင်း ခံထိုက်သူကို ကာကွယ်ခြင်းအတွက်ဖြစ်စေ၊ အခြားသူတစ်ဦးအား ဥပဒေနှင့်အညီ ပြစ်ဒဏ်စီရင်ခြင်းခံရစေရန် တရားစွဲဆိုမှုကို မပြုခြင်းအတွက် ဖြစ်စေ မည်သူမဆို၊ ထိုသူအား တံစိုးပေးလျှင်၊ သို့တည်းမဟုတ် ပေးစေလျှင်၊ သို့တည်းမဟုတ် ကမ်းလှမ်းလျှင်၊ သို့တည်းမဟုတ် ပေးရန်သော် လည်းကောင်း၊ ပေးစေရန်သော် လည်းကောင်း သဘောတူလျှင်၊ သို့တည်းမဟုတ် မည်သူမဆို၊ ထိုသူအား ပစ္စည်းပြန်အပ်ရန်သော်လည်းကောင်း၊ ပြန်အပ်စေရန်သော်လည်းကောင်း ကမ်းလှမ်းလျှင်၊ သို့တည်းမဟုတ် သဘောတူလျှင်၊

အဆိုပါ ပြစ်မှုသည် သေဒဏ်ထိုက်သော ပြစ်မှုဖြစ်ပါက၊ ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

ထို့ပြင် အဆိုပါ ပြစ်မှုသည် တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ ထိုက်သောပြစ်မှုဖြစ်ပါက၊ သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ထို့ပြင် အဆိုပါပြစ်မှုသည် ဆယ်နှစ်အောက်လျော့သည့် ထောင်ဒဏ်ထိုက်သော ပြစ်မှုဖြစ်ပါက၊ ထိုပြစ်မှုအတွက် အများဆုံး ပြဋ္ဌာန်းထားသော ကာလအပိုင်းအခြား၏ လေးပုံတစ်ပုံထိ ထောင်ဒဏ်ဖြစ်စေ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

*ကင်းလွတ်ချက်*။ ပုဒ်မ ၂၁၃ နှင့် ၂၁၄ များပါ ပြဋ္ဌာန်းချက်များသည် ဥပဒေနှင့်အညီ ပြေငြိမ်းနိုင်သော ပြစ်မှုများနှင့်မသက်ဆိုင်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပြစ်မှုတစ်စုံတစ်ခုကို ကျူးလွန်ခြင်း။

၂။ တရားခံသည် တစ်ဦးတစ်ယောက်အား တံစိုးပေးခြင်း၊ ပေးရန် သဘောတူ ကမ်းလှမ်းခြင်း၊ ပစ္စည်းပြန်အမ်းရန်ကမ်းလှမ်းခြင်း၊ သဘောတူခြင်း။

၃။ ထိုကဲ့သို့ပြုခြင်းမှာ ၎င်းလူက ကျူးလွန်သောပြစ်မှုကို ထိန်ချန်ရန်ဖြစ်ခြင်း၊

http://www.cherrythitsar.org



ပြစ်မှုကျူးလွန်သူကို ပြစ်ဒဏ်ချမှတ်ခြင်းမှ ကာကွယ်ရန်ဖြစ်ခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းခံရမည့် တရားစွဲမှုကို မပြုစေရန်ဖြစ်ခြင်း။

<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အား ဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၁၄ | ပြစ်မှုကျူးလွန်သူကိုကာကွယ်ခြင်းအတွက် လက်ဆောင်ပေးခြင်း၊ သို့မဟုတ် ပစ္စည်းပြန်အပ်မှု၊ သေဒဏ်ထိုက်သင့်သော ပြစ်မှုဖြစ်လျှင်။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံပေး ရမည် | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိထောင် ဒဏ်တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ |
| | တစ်သက်တစ်ကျွန်းဒဏ်၊ သို့မဟုတ် ၁၀နှစ်ထိ ထောင်ဒဏ်ထိုက်သင့်သော ပြစ်မှုဖြစ်လျှင်။ | ၄င်း | ၄င်း | ၄င်း | ၄င်း | ၃နှစ်ထိ ထောင် ဒဏ်တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ သို့မဟုတ်ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |
| | ၁၀နှစ်အောက်လျော့သည့် ထောင်ဒဏ် ထိုက်သင့်သော ပြစ်မှုဖြစ်လျှင်။ | ၄င်း | ၄င်း | ၄င်း | ၄င်း | အဆိုပါပြစ်မှု အတွက် အများဆုံး ပြဋ္ဌာန်းထားသော ကာလအပိုင်းအခြား၏လေးပုံတစ်ပုံထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေ | ပထမတန်း အာဏာရရာဇဝတ် တရားသူကြီး၊ သို့မဟုတ်ပြစ်မှုကို စစ်ဆေးစီရင် ပိုင်ခွင့်ရှိသော တရားရုံး။ |

<u>စီရင်ထုံး</u>

၁။ တံစိုးပေးသူကို ပြစ်ဒဏ်စီရင်ရန် ပြဋ္ဌာန်းထားသည့်ပုဒ်မဖြစ်သည်။ ပုဒ်မ ၂၁၃ မှာ တံစိုးလက်ခံသူအတွက်ဖြစ်ပြီး ဤပုဒ်မမှာ ပေးသူအတွက်ဖြစ်သည်။ အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ဤပုဒ်မများသည် ပြည်သူ့ဝန်ထမ်းမဟုတ်သူများနှင့် ပတ်သက်၍သာ အသုံးပြုသည်။ ပြည်သူ့ဝန်ထမ်းနှင့်ပတ်သက်ပါမူ ပုဒ်မ ၁၆၁ အရသာ အရေးယူသင့်သည်။

*[အစိုးရနှင့်ရဲဘော်၊ ပုံနှိပ်ထားသောစီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၃၃၈]*

၂။ ပြစ်မှုကျူးလွန်ခြင်းကို အရေးမယူရအောင် တံစိုးပေးခြင်းမှ ကာကွယ်ရန် ပြဋ္ဌာန်းထားသည့်အလျောက် ဦးစွာအရေးကြီးသည့် အင်္ဂါရပ်မှာ ပြစ်မှုတစ်စုံတစ်ခုကို ကျူးလွန်ပြီးဖြစ်ရပေမည်။ သို့ရာတွင် အချို့ကမူ ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်ပြီးဖြစ်ရန်မလို၊ ကျူးလွန်ရန်စီစဉ်ကြံရွယ်ထားသည့် ပြစ်မှုအတွက် တံစိုးပေးလျှင် ပြစ်မှုမြောက်သည် ယူဆကြသည်။

*[ဆရာပိုနှင့် အစိုးရ (၁၈၉၂-၉၆) အတွဲ-၁ အထက်မြန်မာပြည်စီရင်ထုံး ၁၉၆]*

http://www.cherrythitsar.org



၃။ တံစိုးကို အလိုအလျောက်ပေးမှသာမဟုတ်၊ တစ်ဖက်မှတောင်း၍ ပေးရန် သဘောတူပြီးပေးလျှင်လည်း ဤပုဒ်မရှိ ပေးရန်သဘောတူလျှင် ဆိုသည့် စကားတွင် အကျုံးဝင်သည်။ ထိုကဲ့သို့ သဘောတူလျှင် တံစိုးယူခြင်းကို အားပေးကူညီရာ ရောက်သည်။

*[အစိုးရနှင့် မကာ (၁၈၉၂-၉၆) အတွဲ-၁ အထက်မြန်မာပြည်စီရင်ထုံး ၁၅၈]*

၄။ ပြေငြိမ်းခွင့်ရှိသည့် ပြစ်မှုနှင့်စပ်လျဉ်း၍ ပြေငြိမ်းခွင့်မရှိသူကို တံစိုးပေးစေကာမူ ပြေငြိမ်းခွင့်ရှိသော ပြစ်မှုဖြစ်သည့်အလျောက် ပြစ်မှုမမြောက်။

*[အစိုးရနှင့်ကြာစုံ၊ အတွဲ ၆ အောက်မြန်မာပြည်စီရင်ထုံး ၄၈]*

## ခိုးရာပါပစ္စည်း စသည်တို့ကို ပြန်ရစေရန် ကူညီသည့်အတွက်၊ လက်ဆောင်ယူခြင်း။ ပုဒ်မ(၂၁၅)

## Taking gift to hekp to recover stolen property, etc. (Section 215)

**ဥပဒေပြဋ္ဌာန်းချက်**

ဤရာဇသတ်ကြီးအရ၊ ပြစ်ဒဏ်ချမှတ်ခြင်းခံထိုက်သော ပြစ်မှုတစ်ခုခုကို တစ်ဦးတစ်ယောက်သောသူက ကျူးလွန်သဖြင့် ထိုသူမှာ ရွှေ့ပြောင်းနိုင်သောပစ္စည်း လက်လွတ်သည်ကို ထိုသူပြန်ရစေရန် မည်သူမဆို၊ ထိုသူကို ကူညီဟန်ဆောင်၍ ဖြစ်စေ၊ ကူညီသည့်အတွက်ဖြစ်စေ တံစိုးယူလျှင်၊ သို့တည်းမဟုတ် တံစိုးရယူရန် သဘောတူလျှင် အကယ်၍ ပြစ်မှုကျူးလွန်သူကို ထိုသူက ဖမ်းဆီးစေ၍ ပြစ်မှုထင်ရှား စီရင်ခြင်းခံရစေရန် စွမ်းအားရှိသမျှ နည်းလမ်းအရပ်ရပ်ကို အသုံးမပြုပါက၊ ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်မှုကျူးလွန်သဖြင့် တစ်ဦးတစ်ယောက်သောသူသည် ရွှေ့ပြောင်းနိုင်သောပစ္စည်းကို လက်လွတ်ခဲ့ရခြင်း။

၂။ တရားခံသည် တံစိုးယူခြင်း၊ တံစိုးယူရန် သဘောတူခြင်း။

၃။ ပိုင်ရှင်လက်လွတ်ခဲ့ရသည့်ပစ္စည်းကို ပြန်ရရန်ကူညီသည့်အတွက် ကူညီဟန်ဆောင်သည့်အတွက် ယင်းတံစိုးကို ယူသည်ဖြစ်ခြင်း။

၄။ တရားခံသည် ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးစေ၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရစေရန် စွမ်းအားရှိသမျှ နည်းလမ်းအရပ်ရပ်ကို အသုံးမပြုခြင်း။

http://www.cherrythitsar.org



<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အား ဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၁၅ | ပြစ်မှုတစ်ခုကိုတစ်ဦးတစ်ယောက်သော သူက ကျူးလွန်၍ ထိုသူမှာရွှေပြောင်း နိုင်သောပစ္စည်းလက်လွတ်သည်ကို ထိုသူ ပြန်ရစေရန် ကူညီသည့်အတွက် လက်ဆောင်ရယူမှု၊ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးစေခြင်းမပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံပေး ရမည် | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိ ထောင် ဒဏ်တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

<u>စီရင်ထုံး</u>

၁။ သူခိုးအနေဖြင့် အမှုပေါ်မည့်အခြေအနေ ဆိုက်ရောက်နေလျှင်သော်လည်းကောင်း၊ ပစ္စည်းကို အမြဲခိုးယူထားရန် မရည်ရွယ်ဘဲ ငွေတောင်းလို၍ ခိုးခဲ့ခြင်းဖြစ်လျှင်သော်လည်းကောင်း၊ သူခိုးသည် ပစ္စည်းကိုပြန်ရရေးအတွက် တံစိုးငွေတောင်းဆိုသည့်ကိစ္စတွင် ၎င်းအား ခိုးမှုအတွက်သာမက ဤပုဒ်မအရလည်း ပြစ်ဒဏ်စီရင်ခြင်းမပြုနိုင်စရာအကြောင်းမရှိပေ။

*[အစိုးရနှင့် ထွန်းဖြူ၊ ပုံနှိပ်ထားသည့် စီရင်ချက်များ၊*
*အောက်မြန်မာပြည် စီရင်ထုံး ၂၂၆]*

*[အစိုးရနှင့်မောင်ရှိန်၊ အတွဲ-၁၊ အောက်မြန်မာပြည်စီရင်ထုံး ၂၀၃ ]*

*[အစိုးရနှင့် ဘိုးညိန်း၊ ၁၉၄၁၊ ရန်ကုန်စီရင်ထုံး ၅၈၂ ]*

၂။ တံစိုးငွေကိုပေးသူကပေးရန် သဘောတူပြီး၊ ယူသူကလည်း ယူရန်သဘောတူလျှင် ဤပုဒ်မအရ ပြစ်မှုမြောက်သည်။ တစ်နည်းဆိုရသော် ပေးသူနှင့်ယူသူတို့ နှစ်ဦးသဘောတူညီချက်ရှိရပေမည်။ သို့ရာတွင် တံစိုးယူရန် ကမ်းလှမ်းသည်ကို ပေးသူက တုံ့ပြန်ခြင်းမရှိ၍ တံစိုးငွေ အပေးအယူမရှိသော်လည်း ယူလိုသူသည် ဤပုဒ်မကို ကျူးလွန်ရန် အားထုတ်ရာရောက်သည်။ ယင်းအားထုတ်မှုများတွင် ပေးသူနှင့်ယူသူတို့ နှစ်ဦးသဘောတူညီချက်ရှိရန် မလိုပေ။ နှစ်ဦးသဘောတူညီချက်ရှိလျှင် အားထုတ်မှုမဟုတ်တော့ဘဲ ပြစ်မှုမြောက်သည်။

*[အစိုးရနှင့်မောင်ညို၊ အတွဲ-၂ အောက်မြန်မာပြည်စီရင်ထုံး ၃၁၀]*

*[အစိုးရနှင့်မောင်လှဖေ၊ ၁၉၄၁ ရန်ကုန်စီရင်ထုံး ၃၉၅ ]*

၃။ ပိုင်ရှင်၏ လက်ရှိမှပစ္စည်းကို ထုတ်ယူသွားသည့်ကိစ္စသာမက၊ ပစ္စည်းကို ပိုင်ရှင်ထံသို့ ပြန်မရောက်နိုင်အောင် ပြုလုပ်သည့်ကိစ္စလည်းပါဝင်သည်။ သို့ရာတွင် ပြစ်မှုကျူးလွန်ခြင်းကြောင့်မဟုတ်ဘဲ ပိုင်ရှင်လက်လွတ်နေသည့်ပစ္စည်း ပြန်ရအောင်

http://www.cherrythitsar.org



တံစိုးငွေတောင်းခြင်းသည် ပြစ်မှုကျူးလွန်ရာမရောက်ပေ။ ဥပမာ စားကျက်မှ ပျောက်ဆုံးသွားသည့် ကျွဲနွားကို ပြန်ရှာပေးခြင်းအတွက် တံစိုးငွေတောင်းခြင်းကို ဤပုဒ်မအရ အရေးမယူနိုင်။

*[လူကလေးနှင့်အစိုးရ ၊ အတွဲ-၆ မြန်မာပြည်စီရင်ထုံး ၁၃၈ ]*

၄။ ကျွဲခိုးသော တရားခံကို ပုဒ်မ ၃၇၉ စွဲချက်သာမက ဤပုဒ်မအရ စွဲချက်ဖြင့်လည်း တစ်ခုမဟုတ်တစ်ခုနှင့် ပြစ်မှုထင်ရှားသည်ဟု တရားစွဲဆိုနိုင်သည့် စွဲချက်ပင်မတင်ခဲ့သော်လည်း တရားခံအဖို့ နစ်နာစရာအကြောင်းမရှိက ယင်းပုဒ်မနှစ်ခုအနက် တစ်ခုခုဖြင့် ပြောင်းလဲအပြစ်ပေးနိုင်သည်။ အယူခံရုံးမှလည်း ထိုအတိုင်းပင် အရေးယူဆောင်ရွက်နိုင်သည်။

*[အစိုးရနှင့်မောင်လှဖေ၊ ၁၉၄၁ ရန်ကုန်စီရင်ထုံး ၃၉၅ ]*

၅။ ကျွဲခိုးပြီး ကျွဲပြန်ပေးရန် ငွေတောင်းဆိုသူကို ပုဒ်မ ၃၇၉ နှင့် ဤပုဒ်မတို့အရ အပြစ်ပေးနိုင်သည်။ သို့ရာတွင် အပြစ်ပေးရာ၌ အထူးအကြောင်းရပ်မရှိပါက ခိုးမှုအတွက် သတ်မှတ်ထားသည့် ပြစ်ဒဏ်ထက်ပို၍ စီရင်ခြင်းမပြုသင့်ပေ။

*[အစိုးရနှင့်ဘိုးညိမ်း၊ ၁၉၄၁ ရန်ကုန်စီရင်ထုံး ၅၈၂ ]*

၆။ ဤပုဒ်မဖြင့် အရေးယူထားသည့် တရားခံကို ပုဒ်မ ၄၂၀ အရလည်း ပြစ်ဒဏ်စီရင်နိုင်သည်။

*[မောင်ရှုန်နှင့်အစိုးရ၊ အတွဲ-၁၁ အောက်မြန်မာပြည်စီရင်ထုံး ၄၂၂ ]*

**အချုပ်မှထွက်ပြေးသော ပြစ်မှုကျူးလွန်သူကို ဖြစ်စေ၊ ဖမ်းဆီးရန် အမိန့်ချမှတ်ခြင်းခံရသော ပြစ်မှုကျူးလွန်သူကိုဖြစ်စေ လက်သင့်ခံခြင်း။ သေဒဏ်ထိုက်သောပြစ်မှုဖြစ်ပါက တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ ထိုက်သောပြစ်မှုဖြစ်ပါက။ (ပုဒ်မ ၂၁၆)**

**Harbouring offender who has escaped from custody or whose apprehension has been ordered-
if a capital offence:
if punishable with transportation for life, or with imprisonment.
(Section 216)**

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

ပြစ်မှုထင်ရှားစီရင်ခြင်းခံရသောသူဖြစ်စေ၊ ပြစ်မှုဖြင့် စွပ်စွဲခြင်းခံရသူဖြစ်စေ၊ ထိုပြစ်မှုအတွက် ဥပဒေနှင့်အညီ ချုပ်ထားရာမှ ထွက်ပြေးသောအခါ၊ သို့တည်းမဟုတ်၊ ပြည်သူ့ဝန်ထမ်းတစ်ဦးသည် မိမိရာထူးအလျောက် ဥပဒေနှင့်အညီ ရရှိသောအာဏာများကို ဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်သောသူအား ပြစ်မှုတစ်ခုခုအတွက် ဖမ်းဆီးစေရန် အမိန့်ထုတ်သောအခါ၊ မည်သူမဆို၊ ထိုသို့ထွက်ပြေးကြောင်းကို၊ သို့တည်းမဟုတ် ထိုသို့ဖမ်းဆီးစေရန် ထိုသို့အမိန့်ထုတ်ပြီးဖြစ်ကြောင်းကို သိလျက်နှင့် ထိုသူအား ဖမ်းဆီးခြင်းမှကာကွယ်ရန်အကြံဖြင့် ထိုသူကို လက်သင့်ခံလျှင်၊ သို့တည်းမဟုတ် ဝှက်သိမ်းထားလျှင်၊ ထိုသို့လက်သင့်ခံသော၊ သို့တည်းမဟုတ် ဝှက်သိမ်းထားသောသူကို အောက်ပါအတိုင်း ပြစ်ဒဏ်ချမှတ်ရမည်။

http://www.cherrythitsar.org



ထိုသူအချုပ်ခံရသောပြစ်မှုသည်၊ သို့တည်းမဟုတ် ထိုသူအား ဖမ်းဆီးစေရန် အမိန့်ထုတ်ပြန်သောပြစ်မှုသည် သေဒဏ်ထိုက်သောပြစ်မှုဖြစ်ပါက၊ ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

အဆိုပါပြစ်မှုသည် တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ ထိုက်သောပြစ်မှုဖြစ်ပါက၊ ငွေဒဏ်နှင့်သော်လည်းကောင်း၊ ငွေဒဏ်မပါဘဲ သော်လည်းကောင်း သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည်။

ထို့ပြင် အဆိုပါပြစ်မှုသည် တစ်နှစ်မှ ဆယ်နှစ်အောက်အထိ ထောင်ဒဏ်ထိုက်သော ပြစ်မှုဖြစ်ပါက၊ ထိုပြစ်မှုအတွက် အများဆုံးပြဋ္ဌာန်းထားသော ကာလအပိုင်းအခြား၏ လေးပုံတစ်ပုံထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ဤပုဒ်မပါ "ပြစ်မှု" ဆိုသောစကားတွင် တစ်ဦးတစ်ယောက်သောသူအား ပြည်ထောင်စု မြန်မာနိုင်ငံတော်အပ၌ ပြစ်မှုကျူးလွန်ထင်ရှားသည်ဟု အဆိုရှိသည်လည်းဖြစ်၍ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းတွင် ပြစ်မှုကျူးလွန်ထင်ရှားလျှင် ပြစ်ဒဏ်စီရင်ခြင်း ခံထိုက်သည်လည်းဖြစ်သော ပြုလုပ်မှုသော်လည်းကောင်း၊ ပျက်ကွက်မှုသော်လည်းကောင်း၊ ထို့ပြင် ပြည်ထောင်အချင်းချင်း ရာဇဝတ်သင့်သူ တောင်းဆိုပေးအပ်ရေးဆိုင်ရာ ဥပဒေအရဖြစ်စေ၊ အခြားနည်းဖြစ်စေ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းတွင် ဖမ်းဆီးခြင်းခံထိုက်သော၊ သို့တည်းမဟုတ် ချုပ်ထားခြင်း ခံထိုက်သော ပြုလုပ်မှုသော်လည်းကောင်း၊ ပျက်ကွက်မှုသော်လည်းကောင်း ပါဝင်သည်။ ထို့ပြင် အဆိုပါ ပြုလုပ်မှုအတွက်ဖြစ်စေ၊ ပျက်ကွက်မှုအတွက်ဖြစ်စေ တရားခံသည် ပြည်ထောင်စုနိုင်ငံတော်အတွင်းတွင် ပြစ်မှုကျူးလွန်ထင်ရှားဘိသကဲ့သို့ ဤပုဒ်မအလို့ငှာ ပြစ်ဒဏ်စီရင်ခြင်း ခံထိုက်သည်ဟု မှတ်ယူရမည်။

**ကင်းလွတ်ချက်။** ဤပြဋ္ဌာန်းချက်သည် ဖမ်းဆီးခံရမည့်သူက လင်ဖြစ်လျှင်၊ မယားက ထိုလင်ကို လက်သင့်ခံခြင်းနှင့်သော်လည်းကောင်း၊ ဝှက်သိမ်းခြင်းနှင့်သော်လည်းကောင်း၊ ဖမ်းဆီးခံရမည့်သူက မယားဖြစ်လျှင်၊ လင်က ထိုမယားကို လက်သင့်ခံခြင်းနှင့်သော်လည်းကောင်း၊ ဝှက်သိမ်းခြင်းနှင့်သော်လည်းကောင်း မသက်ဆိုင်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တစ်ဦးတစ်ယောက်သောသူသည် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူဖြစ်ခြင်း၊ သို့မဟုတ် ပြစ်မှုဖြင့် စွပ်စွဲခြင်းခံရသူဖြစ်ခြင်း။
၂။ ထိုသူသည် ဥပဒေနှင့်အညီ ချုပ်ထားခံရခြင်း။
၃။ ယင်းသို့ ချုပ်ထားရာမှ ထွက်ပြေးခြင်း။
၄။ ထိုသို့ထွက်ပြေးကြောင်းကို တရားခံသိခြင်း။
၅။ သိလျက်နှင့် တရားခံက လက်သင့်ခံခြင်း၊ ဝှက်သိမ်းခြင်း။

http://www.cherrythitsar.org



၆။ ဖမ်းဆီးခြင်းမှ ကာကွယ်ရန်အကြံဖြင့် ယင်းသို့ပြုခြင်း

သို့မဟုတ်

၁။ တစ်ဦးတစ်ယောက်သောသူအား ပြစ်မှုတစ်ခုခုအတွက် ဖမ်းဆီးစေရန် အမိန့်ထုတ်ထားခြင်း။

၂။ ထိုအမိန့်ကို ပြည်သူ့ဝန်ထမ်းက ထုတ်ဆင့်ထားခြင်း။

၃။ ပြည်သူ့ဝန်ထမ်းက မိမိရာထူးအလျောက် ဥပဒေနှင့်အညီရရှိသော အာဏာအတွင်း ထုတ်ဆင့်ခဲ့သည်ဖြစ်ခြင်း။

၄။ ထိုသို့ ဖမ်းဆီးရန် အမိန့်ထုတ်ဆင့်ထားသည်ကို တရားခံသိခြင်း။

၅။ သိလျက်နှင့်တရားခံက လက်သင့်ခံခြင်း၊ ဝှက်သိမ်းခြင်း။

၆။ ဖမ်းဆီးခြင်းမှ ကာကွယ်ရန်အကြံဖြင့် ယင်းသို့ပြုခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့်ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၁၆ | အချုပ်မှထွက်ပြေးသောပြစ်မှုကျူးလွန်သူကိုဖြစ်စေ၊ ဖမ်းဆီးရန်အမိန့်ချမှတ်ခြင်းခံရသော ပြစ်မှုကျူးလွန်သူကိုဖြစ်စေ လက်သင့်ခံမှု၊ သေဒဏ်ထိုက်သင့်သောပြစ်မှုဖြစ်လျှင်။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံပေးရမည် | ကျေအေးခွင့်မရှိ။ | ၇နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ သို့မဟုတ်ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီး။ |
| | တစ်သက်တစ်ကျွန်းဒဏ်၊ သို့မဟုတ် ၁၀နှစ်ထိ ထောင်ဒဏ်ထိုက်သင့်သောပြစ်မှုဖြစ်လျှင်။ | ၎င်း | ၎င်း | ၎င်း | ၎င်း | ငွေဒဏ်နှင့်ဖြစ်စေ ငွေဒဏ်မပါဘဲဖြစ်စေ ၃နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး။ | ၎င်း |
| | ၁နှစ်မှ ၁၀နှစ်အောက်ထိ ထောင်ဒဏ်ထိုက်သင့်သောပြစ်မှုဖြစ်လျှင်။ | ၎င်း | ၎င်း | ၎င်း | ၎င်း | အဆိုပါပြစ်မှုအတွက် အများဆုံးပြဋ္ဌာန်းထားသော ကာလအပိုင်းအခြား၏ လေးပုံတစ်ပုံအထိ ထောင်ဒဏ်ဖြစ်စေ၊ငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီး သို့မဟုတ် ပြစ်မှုကိုစစ်ဆေးစီရင်ပိုင်ခွင့်ရှိသောတရားရုံး |

**စီရင်ထုံး**

၁။ တရားခံသည် ထိုသူအား ဖမ်းဆီးခြင်းမှ ကာကွယ်ရန်အကြံဖြင့် လက်သင့်ခံခြင်း၊ ဝှက်သိမ်းခြင်းပြုရန် လိုပေသည်။ ထိုကဲ့သို့ အကြံရှိကြောင်း မပေါ်ပေါက်ပါက

http://www.cherrythitsar.org



ဤပုဒ်မဖြင့် အရေးမယူနိုင်။ ဓားပြကို လက်သင့်ခံခြင်းသည် ဤပုဒ်မအရ ပြစ်မှုမမြောက်၊ ၎င်းအား ဖမ်းဆီးခြင်းမှ ကာကွယ်ရန် အကြံဖြင့် လက်ခံမှသာ ဤပုဒ်မဖြင့် ပြစ်ဒဏ်စီရင်နိုင်မည်ဖြစ်သည်။

*[မြတ်ကြီးနှင့်အစိုးရ၊ ရွေးချယ်ထားသော စီရင်ချက်များ အောက်မြန်မာပြည် စီရင်ထုံး ၁၇၄ ]*

၂။ တရားခံသည် ဓားပြမှု၊ လုယက်မှု ကျူးလွန်မည့်ဆဲဆဲတွင်သော်လည်းကောင်း၊ မကြာမီက ကျူးလွန်ခဲ့သည်ဟုသော်လည်းကောင်း သိရှိရမည့်အပြင် ပြစ်မှုကျူးလွန်ခြင်းကို လွယ်ကူရန်ဖြစ်စေ၊ ကျူးလွန်ခဲ့သည့်ပြစ်မှုအတွက် ထိုက်သင့်သော ပြစ်ဒဏ်ချမှတ်ခြင်းမှ ကာကွယ်ရန်ဖြစ်စေ အကြံနှင့် လက်သင့်ခံမှသာ ဤပုဒ်မအရ ပြစ်ဒဏ်ထင်ရှားစီရင်နိုင်မည်ဖြစ်သည်။ တစ်နည်းဆိုရသော် တရားခံတွင် အသိစိတ်သာမက အကြံလည်းရှိမှသာ ဤပုဒ်မနှင့် ငြိစွန်းမည်ဖြစ်သည်။ သို့ဖြစ်ရာ လူဆိုးများနှင့် စပ်လျဉ်း၍ မမှန်သတင်းပေးသော်လည်း ၎င်းတို့အပေါ် ပြစ်ဒဏ်ချမှတ်ခြင်းမှ ကာကွယ်ရန်အကြံမရှိဘဲ လက်သင့်ခံခြင်းဖြစ်လျှင် ဤပုဒ်မအရ ပြစ်ဒဏ်ထင်ရှားစီရင်ခြင်းမပြုနိုင်။

*[မောင်သင်နှင့်အစိုးရ၊ ၁၉၄၇ ရန်ကုန်စီရင်ထုံး ၃၈ ]*

**လုယက်သူများကိုဖြစ်စေ၊ ဓားပြများကိုဖြစ်စေ လက်သင့်ခံသည့်အတွက် ပြစ်ဒဏ်။ (ပုဒ်မ ၂၁၆-က)**

**Penalty for harbouring robbers or dacoits. (Section 216-A)**

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

လူအချို့သည် လုယက်မှုဖြစ်စေ၊ ဓားပြမှုကိုဖြစ်စေ ကျူးလွန်တော့မည်ဟုသော်၎င်း၊ မကြာသေးမီက ကျူးလွန်ခဲ့ပြီးဖြစ်သည်ဟုသော်လည်းကောင်း၊ သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန် အကြောင်းရှိလျက်နှင့်ဖြစ်စေ ထိုလုယက်မှုကျူးလွန်ခြင်းကိုသော်လည်းကောင်း၊ ထိုဓားပြမှု ကျူးလွန်ခြင်းကိုသော်လည်းကောင်း၊ တစ်ဦးဦးကိုသော်လည်းကောင်း ပြစ်ဒဏ်ချမှတ်ခြင်းမှ ကာကွယ်ရန်အကြံဖြင့် မည်သူမဆို၊ ထိုသူအားလုံးကိုဖြစ်စေ၊ တစ်ဦးဦးကိုဖြစ်စေ လက်သင့်ခံလျှင်၊ ထိုသူကို ခုနစ်နှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

**ရှင်းလင်းချက်။** ဤပုဒ်မအလို့ငှာ၊ လုယက်မှုဖြစ်စေ၊ ဓားပြမှုဖြစ်စေ ကျူးလွန်ရန်ကြံစည်ခြင်းသည်၊ သို့တည်းမဟုတ် ကျူးလွန်ခဲ့ခြင်းသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း၌ဖြစ်သည်၊ အပ၌ဖြစ်သည်ဟူသော အချက်မှာ အရေးပါ အရာရောက်သော အချက်မဟုတ်။

**ကင်းလွတ်ချက်။** ဤပြဋ္ဌာန်းချက်သည် ပြစ်မှုကျူးလွန်သူက လင်ဖြစ်လျှင်၊ မယားက ထိုလင်ကို လက်သင့်ခံခြင်းနှင့်သော်လည်းကောင်း၊ ပြစ်မှုကျူးလွန်သူက မယားဖြစ်လျှင်၊ လင်က ထိုမယားကို လက်သင့်ခံခြင်းနှင့်သော်လည်းကောင်း မသက်ဆိုင်။

http://www.cherrythitsar.org



**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ လူအချို့သည် လုယက်မှု၊ ဓားပြမှုကို ကျူးလွန်အံ့ဆဲဆဲဖြစ်ခြင်း၊ မကြာမီက ကျူးလွန်ခဲ့ပြီဖြစ်ခြင်း။

၂။ ထိုကြောင်းတရားကို တရားခံသိခြင်း၊ ယုံကြည်ရန်အကြောင်းရှိခြင်း။

၃။ တရားခံက ထိုသူအားလုံး သို့မဟုတ် တစ်ဦးဦးကို လက်သင့်ခံခြင်း။

၄။ ပြစ်မှုကျူးလွန်ခြင်းကို လွယ်ကူစေရန် ပြစ်ဒဏ်ချမှတ်ခြင်းမှ ကာကွယ်ရန် အကြံဖြင့်ပြုခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့်ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၁၆ | လုယက်သူများကိုဖြစ်စေ၊ ဓားပြများကိုဖြစ်စေ လက်သင့်ခံမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံပေးရမည် | ကျေအေးခွင့်မရှိ။ | ဂုနှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ် အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ သို့မဟုတ်ပထမတန်း အာဏာရ ရာဇဝတ်တရားသူကြီး။ |

**တစ်ဦးတစ်ယောက်သောသူအား ပြစ်ဒဏ်မှ ကယ်ဆယ်ရန်အကြံဖြင့်သော်လည်းကောင်း၊ ပစ္စည်းကိုသိမ်းယူခြင်းမှလွတ်ကင်းစေရန် အကြံဖြင့်သော်လည်းကောင်း ပြည်သူ့ဝန်ထမ်းသည် ဥပဒေညွှန်ကြားချက်ကိုဖီဆန်ခြင်း။ (ပုဒ်မ ၂၁၇)**

**Public servant disobeying direction of law with intent to save from punishment or property from forfeiture. (Section 217)**

**ဥပဒေပြဋ္ဌာန်းချက်**

တစ်ဦးတစ်ယောက်သောသူကို ဥပဒေနှင့်အညီ ခံထိုက်သောပြစ်ဒဏ်မှ ကယ်ဆယ်ရန် အကြံဖြင့်သော်လည်းကောင်း၊ ထိုသို့ ကယ်ဆယ်နိုင်တန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း၊ ထိုသူခံထိုက်သော ပြစ်ဒဏ်အောက် လျော့သော ပြစ်ဒဏ်ကို ထိုသူခံရစေရန် အကြံဖြင့်သော်လည်းကောင်း၊ ထိုသို့ ခံစေနိုင်တန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း၊ ပစ္စည်းတစ်ခုခုကို ဥပဒေအရ ဘဏ္ဍာတော်အဖြစ် သိမ်းယူခြင်းမှ၊ သို့တည်းမဟုတ် တာဝန်တင်ထားခြင်းမှ လွတ်ကင်းစေရန် အကြံဖြင့်သော်လည်းကောင်း ပြည်သူ့ဝန်ထမ်းဖြစ်သောသူသည် ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် ပြည်သူ့ဝန်ထမ်းလိုက်နာရမည့် ဥပဒေညွှန်ကြားချက်အရ ဆောင်ရွက်ရမည်ကိုသိလျက်နှင့် ထိုဥပဒေ ညွှန်ကြားချက်ကို ဖီဆန်လျှင်၊ ထိုပြည်သူ့ဝန်ထမ်းကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်မည်။

http://www.cherrythitsar.org



**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ပြည်သူ့ဝန်ထမ်းဖြစ်ခြင်း။

၂။ ပြည်သူ့ဝန်ထမ်းလိုက်နာရမည့် ဥပဒေညွှန်ကြားချက်ရှိခြင်း။

၃။ တရားခံသည် ထိုညွှန်ကြားချက်ကို သိလျက်နှင့်ဖီဆန်ခြင်း။

၄။ ပြည်သူ့ဝန်ထမ်းအနေဖြင့် ယင်းညွှန်ကြားချက်ကို ဖီဆန်သည်ဖြစ်ခြင်း။

၅။ တစ်ဦးတစ်ယောက်သောသူကို ဥပဒေနှင့်အညီ ခံထိုက်သော ပြစ်ဒဏ်မှ ကယ်ဆယ်ရန်အကြံဖြင့် ထိုသူခံထိုက်သော ပြစ်ဒဏ်အောက် လျော့သော ပြစ်ဒဏ်ကို ခံစေရန် အကြံဖြင့်၊ ပစ္စည်းတစ်ခုခုကို ဥပဒေအရ ဘဏ္ဍာတော် အဖြစ် သိမ်းယူခြင်း၊ တာဝန်တပ်ထားခြင်းမှ ကင်းလွတ်စေရန် အကြံတစ်ခုခု ဖြင့် ပြုခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၁၇ | တစ်ဦးတစ်ယောက်သောသူအား ပြစ်ဒဏ်မှ ကယ်ဆယ်ရန်အကြံဖြင့်လည်းကောင်း၊ ပစ္စည်းကိုသိမ်းယူခြင်းမှလွတ်ကင်းစေရန် အကြံဖြင့်လည်းကောင်း ပြည်သူ့ဝန်ထမ်းသည် ဥပဒေညွှန်ကြားချက်ကို ဖီဆန်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | သမ္မာန်စာ | အာမခံပေး ရမည် | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိ ထောင် ဒဏ်တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံးဖြစ်စေ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**တစ်ဦးတစ်ယောက်သောသူအား ပြစ်ဒဏ်မှ ကယ်ဆယ်ရန်အကြံဖြင့်သော်လည်းကောင်း၊ ပစ္စည်းကိုသိမ်းယူခြင်းမှ လွတ်ကင်းစေရန် အကြံဖြင့်သော်လည်းကောင်း ပြည်သူ့ဝန်ထမ်းက မှားယွင်းသောမှတ်တမ်းကိုဖြစ်စေ၊ ရေးသားချက်ကိုဖြစ်စေ ပြုပြင်ခြင်း။ (ပုဒ်မ ၂၁၈)**

**Public servant framing incorrect record or writing with intent to save person from punishment or property from forfeiture. (Section 218)**

**ဥပဒေပြဋ္ဌာန်းဆိုချက်**

အများပြည်သူကို၊ သို့တည်းမဟုတ် တစ်ဦးတစ်ယောက်ကို ဆုံးရှုံးစေရန်ဖြစ်စေ၊ နစ်နာစေရန်ဖြစ်စေ အကြံဖြင့်သော်လည်းကောင်း၊ ထိုသို့ ဆုံးရှုံးစေနိုင်တန်ရာ သည်ကို၊ သို့တည်းမဟုတ် နစ်နာစေနိုင်တန်ရာသည်ကို သိလျက်နှင့်သော် လည်းကောင်း၊ တစ်ဦးတစ်ယောက်သောသူကို ဥပဒေနှင့်အညီ ခံထိုက်သော

http://www.cherrythitsar.org



ပြစ်ဒဏ်မှ ကယ်ဆယ်ရန်အကြံဖြင့်သော် လည်းကောင်း၊ ထိုသို့ ကယ်ဆယ်နိုင်တန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း၊ ပစ္စည်းတစ်ခုခုကို ဥပဒေအရ ဘဏ္ဍာတော်အဖြစ် သိမ်းယူခြင်းမှ၊ သို့တည်းမဟုတ် တာဝန်တင်ထားခြင်းမှ လွတ်ကင်းစေရန် အကြံဖြင့်သော်လည်းကောင်း၊ ထိုသို့ လွတ်ကင်းစေနိုင်တန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ပြည်သူ့ဝန်ထမ်းလည်းဖြစ်၍ မှတ်တမ်းကိုဖြစ်စေ၊ အခြားရေးသားချက်ကိုဖြစ်စေ ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့်ပြုရန် တာဝန်ပေးထားခြင်းခံရသည်လည်းဖြစ်သောသူသည် မှားယွင်းသည်ဟု မိမိသိသောနည်းဖြင့် မှတ်တမ်းကိုဖြစ်စေ၊ ရေးသားချက်ကိုဖြစ်စေပြုလျှင်၊ ထိုပြည်သူ့ဝန်ထမ်းကို သုံးနှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တရားခံသည် ပြည်သူ့ဝန်ထမ်းဖြစ်ခြင်း။

၂။ တရားခံသည် ပြည်သူ့ဝန်ထမ်းအဖြစ် မှတ်တမ်း သို့မဟုတ် အခြားရေးသားချက်ကို ပြုရန်တာဝန်ပေးထားခြင်း ခံရသူဖြစ်ခြင်း။

၃။ ထိုမှတ်တမ်း သို့မဟုတ် အခြားရေးသားချက်ကို မှားယွင်းစွာပြုခြင်း။

၄။ တရားခံသည် မှားယွင်းစွာပြုသည်ကိုသိခြင်း။

၅။ ယင်းသို့ပြုခြင်းမှာ -

(က) အများပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အား ဆုံးရှုံးနစ်နာစေရန်၊ ဥပဒေနှင့်အညီ ခံထိုက်သောပြစ်ဒဏ်မှ ကယ်ဆယ်ရန် အကြံနှင့်ဖြစ်ခြင်း။

(ခ) ပစ္စည်းတစ်ခုခုကို ဥပဒေအရ ဘဏ္ဍာတော်အဖြစ်သိမ်းယူခြင်း၊ တာဝန်တင်ထားခြင်းမှ ကင်းလွတ်စေရန်အကြံနှင့်ဖြစ်ခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့်ရှိမရှိ | ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၁၈ | တစ်ဦးတစ်ယောက်သောသူအား ပြစ်ဒဏ်မှ ကယ်ဆယ်ရန်အကြံဖြင့်လည်းကောင်း၊ ပစ္စည်းကိုသိမ်းယူခြင်းမှလွတ်ကင်းစေရန် အကြံဖြင့်လည်းကောင်း ပြည်သူ့ဝန်ထမ်းက မှားယွင်းသောမှတ်တမ်းကိုဖြစ်စေ၊ ရေးသားချက်ကိုဖြစ်စေပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံပေးရမည် | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ | စက်ရှင်တရားရုံး |

http://www.cherrythitsar.org



**တရားစီရင်သောမှုခင်းကိစ္စတွင် ပြည်သူ့ဝန်ထမ်းသည် ဥပဒေနှင့်ဆန့်ကျင်၍ အစီရင်ခံချက်စသည်တို့ကို တရားမဲ့စွာပြုခြင်း။ (ပုဒ်မ ၂၁၉)**

**Public servant in judicial proceeding corruptly making report etc., contrary to law. (Section 219)**

**ဥပဒေပြဋ္ဌာန်းချက်**

တရားစီရင်သော မှုခင်းကိစ္စ၏ အဆင့်တစ်ခုခုတွင် ဥပဒေနှင့်ဆန့်ကျင်သည်ဟု မိမိသိသော အစီရင်ခံချက်ကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ၊ ကောက်ယူချက်ကိုဖြစ်စေ၊ ဆုံးဖြတ်ချက်ကိုဖြစ်စေ ပြည်သူ့ဝန်ထမ်းဖြစ်သောသူသည် တရားမဲ့စွာ၊ သို့တည်းမဟုတ် မသမာစိတ်ဖြင့်ပြုလျှင်၊ သို့တည်းမဟုတ် ချမှတ်လျှင်၊ ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ပြည်သူ့ဝန်ထမ်းဖြစ်ခြင်း။
၂။ တရားခံသည် အစီရင်ခံချက်၊ အမိန့်၊ ကောက်ယူချက်၊ ဆုံးဖြတ်ချက်တစ်ခုခုကို ပြုခြင်း။
၃။ ထိုကဲ့သို့ ပြုသည်မှာ တရားမဲ့စွာ၊ သို့မဟုတ် မသမာစိတ်နှင့်ဖြစ်ခြင်း။
၄။ တရားစီရင်သော မှုခင်းကိစ္စ၏ အဆင့်တစ်ခုခုတွင်ပြုသည်ဖြစ်ခြင်း။
၅။ ယင်းပြုလုပ်မှုသည် ဥပဒေနှင့် ဆန့်ကျင်ခြင်း။
၆။ ဥပဒေနှင့် ဆန့်ကျင်ကြောင်းကို တရားခံသိခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၁၉ | တရားစီရင်သော မှုခင်းကိစ္စတစ်ခုတွင် ပြည်သူ့ဝန်ထမ်းသည် ဥပဒေနှင့်ဆန့်ကျင်သည်ဟု မိမိသိသောအမိန့်၊အစီရင်ခံချက်၊ ကောက်ယူချက်၊ သို့မဟုတ် ဆုံးဖြတ်ချက်ကို တရားမဲ့စွာ ပြုလုပ်၍ ကြေညာမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံပေးရမည် | ကျေအေးခွင့်မရှိ။ | ၇နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင်တရားရုံး၊ |

http://www.cherrythitsar.org



**စီရင်ထုံး**

တရားမဲ့စွာဆိုခြင်းမှာ တံစိုးလက်ဆောင်ဟူ၍ပြခြင်း အဓိပ္ပါယ်ဆောင်သည်။ မသမာစိတ်ဖြင့်ပြုသည်ဆိုသည်မှာ မမှန်ကန်သော ပြုလုပ်မှုကို တရားသော အကြောင်းမရှိဘဲ တမင်ပြုလုပ်ခြင်းပင်ဖြစ်သည်။ တစ်နည်းဆိုရသော် မတရားသော ပြုလုပ်မှုကို မတရားမှန်းသိလျက်နှင့် ပြုခြင်းသည် မသမာစိတ်ဖြင့်ပြုသည်ဟု ဆိုရပေမည်။ သီးစားချထားရေး ဥပဒေကို ကောင်းစွာတတ်ကျွမ်းသည့် မြို့ပိုင်တစ်ဦးက တာဝန်အရဆောင်ရွက်ခဲ့သည့် သီးစားချထားရေးကော်မတီတစ်ရပ်၏ ဆောင်ရွက်မှုအတွက် ပြစ်မှုကြောင်းအရ သမ္မာန်စာထုတ်ဆင့်ခြင်း၊ အာမခံတောင်းခြင်းတို့ကို အမိန့်ချမှတ်ခြင်းပြုလျှင် ဤပုဒ်မအရ ပြစ်မှုမြောက်သည်။

*[ဦးထွန်းအေး ပါ ၂ နှင့် ပြည်ထောင်စု၊ ၁၉၆၆၊ မြန်မာပြည်စီရင်ထုံး ၂၇ (အထူးအယူခံ) ]*

**အာဏာရရှိသူက ဥပဒေနှင့်ဆန့်ကျင်၍ မိမိဆောင်ရွက်နေကြောင်းသိလျက်နှင့် စစ်ဆေးစီရင်စေရန် လွှဲအပ်တင်ပို့ခြင်း၊ သို့တည်းမဟုတ် ချုပ်ထားခြင်း။ (ပုဒ်မ ၂၂၀)**

**Commitment for trial or confinement by person having authority who knows that he is acting contrary to law. (Section 220)**

**ဥပဒေဖွင့်ဆိုချက်**

လူများအား စစ်ဆေးစီရင်စေခြင်းအတွက်သော်လည်းကောင်း၊ ချုပ်ထားစေခြင်းအတွက်သော်လည်းကောင်း လွှဲအပ်တင်ပို့ရန်၊ သို့တည်းမဟုတ် လူများအား ချုပ်ထားရန် ဥပဒေနှင့်အညီ အာဏာရှိသော ရာထူးတစ်ခုခု၌ ထမ်းရွက်နေသူသည် ထိုအာဏာကိုအသုံးပြုရာတွင် ဥပဒေနှင့်ဆန့်ကျင်၍ မိမိဆောင်ရွက်နေကြောင်း သိလျက်နှင့် တရားမဲ့စွာ၊ သို့တည်းမဟုတ် မသမာစိတ်ဖြင့် တစ်ဦးတစ်ယောက်သောသူအား စစ်ဆေးစီရင်စေခြင်းအတွက်သော်လည်းကောင်း၊ ချုပ်ထားစေခြင်းအတွက်သော်လည်းကောင်း လွှဲအပ်တင်ပို့လျှင်၊ သို့တည်းမဟုတ် ချုပ်ထားလျှင်၊ ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် လူများအား စစ်ဆေးစီရင်ခြင်း၊ ချုပ်ထားစေခြင်းအတွက် လွှဲအပ်တင်ပို့ရန်၊ သို့တည်းမဟုတ် ချုပ်ထားရန် ဥပဒေနှင့်အညီ အာဏာရှိသော ရာထူးတစ်ခုခု၌ တာဝန်ထမ်းရွက်နေသူဖြစ်ခြင်း။

၂။ လူတစ်ဦးတစ်ယောက်အား စစ်ဆေးစီရင်ခြင်း၊ ချုပ်ထားစေခြင်းအတွက် လွှဲအပ်တင်ပို့ခြင်း၊ ချုပ်ထားခြင်း။

http://www.cherrythitsar.org



၃။ ထိုသို့ပြုခြင်းမှာ ဥပဒေနှင့်ဆန့်ကျင်ခြင်း။
၄။ ဥပဒေနှင့်ဆန့်ကျင်သည်ကို တရားခံသိခြင်း။
၅။ ယင်းသို့ပြုသည်မှာ တရားမဲ့စွာ သို့မဟုတ် မသမာစိတ်နှင့်ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အား ဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၂၀ | အာဏာရှိသူတစ်ဦးက ဥပဒေနှင့်ဆန့်ကျင်၍ မိမိဆောင်ရွက်နေကြောင်းသိလျက်နှင့် စစ်ဆေးစီရင်စေရန် လွှဲအပ်တင်ပို့မှု၊ သို့မဟုတ် ချုပ်ထားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံပေး ရမည် | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင် တရားရုံး၊ |

**စီရင်ထုံး**

၁။ ရဲအရာရှိတို့သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၄ သို့မဟုတ် ၁၅၇ အရ ဝရမ်းမပါဘဲ လူတစ်ဦးအား ဖမ်းဆီးခြင်းမပြုမီ ရဲအရေးပိုင်သော ပြစ်မှုကို ကျူးလွန်ခဲ့သည်ဟု ယုံကြည်လောက်သည့် သတင်းရရှိရန် လိုပေသည်။ လုံလောက်သော သတင်းမရရှိဘဲ ဝရမ်းမဲ့ ဖမ်းဆီးလျှင် ဥပဒေနှင့်ဆန့်ကျင်၍ ချုပ်နှောင်သည်ဟု ဆိုရမည်ဖြစ်သည်။

*[အစိုးရနှင့် အောင်ဇံ (၁၈၉၂-၉၆) အတွဲ-၁ အထက်မြန်မာပြည်စီရင်ထုံး၊ ၁၇၂]*

## ဖမ်းဆီးရန်တာဝန်ရှိသော ပြည်သူ့ဝန်ထမ်းသည် မဖမ်းဆီးဘဲ တမင်ပျက်ကွက်ခြင်း။ (ပုဒ်မ ၂၂၁)

## Intentional omission to apprehend on the part of public servant bound to apprehend. (Section 221)

**ဥပဒေပြဋ္ဌာန်းချက်**

ပြစ်မှုနှင့် စွဲဆိုခြင်းခံရသူကို၊ သို့တည်းမဟုတ် ပြစ်မှုအတွက် ဖမ်းဆီးခြင်းခံထိုက်သူကို ဖမ်းဆီးရန်ဖြစ်စေ၊ ချုပ်ထားရန်ဖြစ်စေ ဥပဒေနှင့်အညီ တာဝန်ရှိသော ပြည်သူ့ဝန်ထမ်းသည် ထိုသူကို မဖမ်းဆီးဘဲ တမင်ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ထိုသူထွက်ပြေးသည်ကို တမင်လျစ်လျူရှုလျှင်၊ သို့တည်းမဟုတ် ထိုသူအချုပ်မှ ထွက်

http://www.cherrythitsar.org



ပြေးသည်ကိုဖြစ်စေ၊ ထွက်ပြေးရန် အားထုတ်သည်ကိုဖြစ်စေ တမင်ကူညီလျှင်၊ ထိုပြည်သူ့ဝန်ထမ်းကို အောက်ပါအတိုင်း ပြစ်ဒဏ်ချမှတ်ရမည်။

အချုပ်ခံရသူသည်၊ သို့တည်းမဟုတ် ပြစ်မှုအတွက်ဖမ်းဆီးခြင်း ခံထိုက်သူသည် သေဒဏ်ထိုက်သော ပြစ်မှုနှင့်စွဲဆိုခံရသည်ဖြစ်လျှင်၊ သို့တည်းမဟုတ် ထိုပြစ်မှုနှင့် ဖမ်းဆီးခြင်းခံထိုက်သည်ဖြစ်လျှင်၊ ငွေဒဏ်နှင့်ဖြစ်စေ၊ ငွေဒဏ်မပါဘဲဖြစ်စေ ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည်။ သို့တည်းမဟုတ်

အချုပ်ခံရသူသည်၊ သို့တည်းမဟုတ် ပြစ်မှုအတွက် ဖမ်းဆီးခြင်းခံထိုက်သူသည် တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ ထိုက်သောပြစ်မှုနှင့် စွဲဆိုခံရသည်ဖြစ်လျှင်၊ သို့တည်းမဟုတ် ထိုပြစ်မှုနှင့် ဖမ်းဆီးခြင်းခံထိုက်သည်ဖြစ်လျှင်၊ ငွေဒဏ်နှင့်ဖြစ်စေ၊ ငွေဒဏ်မပါဘဲဖြစ်စေ သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည်။ သို့တည်းမဟုတ်

အချုပ်ခံရသူသည်၊ သို့တည်းမဟုတ် ပြစ်မှုအတွက် ဖမ်းဆီးခြင်းခံထိုက်သူသည် ဆယ်နှစ်အောက်လျော့သည့် ထောင်ဒဏ်ထိုက်သော ပြစ်မှုမျိုးနှင့် စွဲဆိုခံရသည်ဖြစ်လျှင်၊ သို့တည်းမဟုတ် ထိုပြင်မှုနှင့်ဖမ်းဆီးခြင်းခံထိုက်သည်ဖြစ်လျှင်၊ ငွေဒဏ်နှင့်ဖြစ်စေ၊ ငွေဒဏ်မပါဘဲဖြစ်စေ၊ နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ လူတစ်ဦးတစ်ယောက်သည် ပြစ်မှုနှင့်စွဲဆိုခြင်းခံရသူ၊ ပြစ်မှုအတွက် ဖမ်းဆီးခြင်း ခံထိုက်သူဖြစ်ခြင်း။

၂။ တရားခံသည် ပြည်သူ့ဝန်ထမ်းဖြစ်ခြင်း။

၃။ တရားခံသည် ပြည်သူ့ဝန်ထမ်းအနေဖြင့် ထိုသူအား ဖမ်းဆီးရန်ချုပ်ထားရန် ဥပဒေအရ တာဝန်ရှိခြင်း။

၄။ တရားခံသည် ထိုသူအား -

(က) မဖမ်းဆီးဘဲ တမင်ပျက်ကွက်ခြင်း။

(ခ) ထွက်ပြေးသည်ကို တမင်လျစ်လျူရှုခြင်း။

(ဂ) အချုပ်မှ ထွက်ပြေးသည်ကို ထွက်ပြေးရန် အားထုတ်သည်ကို တမင်ကူညီခြင်း။

http://www.cherrythitsar.org



<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၂၁ | ပြစ်မှုကျူးလွန်သူတစ်ဦးကို ဖမ်းဆီးရန် ဥပဒေနှင့်အညီ တာဝန်ရှိသော ပြည်သူ့ဝန်ထမ်းသည် ဖမ်းဆီးရန် တမင်ပျက်ကွက်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံပေးရမည် | ကျေအေးခွင့်မရှိ။ | | စက်ရှင်တရားရုံး၊ |
| | သေဒဏ်ထိုက်သင့်သောပြစ်မှုဖြစ်လျှင်။ | ၎င်း | ၎င်း | ၎င်း | ၎င်း | ငွေဒဏ်နှင့်ဖြစ်စေ၊ ငွေဒဏ်မပါဘဲ ဖြစ်စေ ၇နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး | ၎င်း |
| | တစ်သက်တစ်ကျွန်းဒဏ်၊သို့မဟုတ် ၁၀နှစ်ထိ ထောင်ဒဏ်ထိုက်သင့်သော ပြစ်မှုဖြစ်လျှင်။ | ၎င်း | ၎င်း | ၎င်း | ၎င်း | ငွေဒဏ်နှင့်ဖြစ်စေ၊ ငွေဒဏ်မပါဘဲ ဖြစ်စေ ၃နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး | စက်ရှင်တရားရုံး၊ သို့မဟုတ်ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |
| | ၁၀နှစ်အောက်လျော့သည့် ထောင်ဒဏ် ထိုက်သောပြစ်မှုဖြစ်လျှင်။ | ၎င်း | ၎င်း | ၎င်း | ၎င်း | ငွေဒဏ်နှင့်ဖြစ်စေ၊ ငွေဒဏ်မပါဘဲဖြစ်စေ၊ ၂နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုး | ပထမတန်းအာဏာရ သို့မဟုတ်ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**ပြစ်ဒဏ်ချမှတ်ခြင်းခံရသူကို၊ သို့တည်းမဟုတ် ချုပ်ထားရန် ဥပဒေနှင့်အညီ အမိန့်ချခြင်းခံရသူကို ဖမ်းဆီးရန် တာဝန်ရှိသော ပြည်သူ့ဝန်ထမ်းသည် မဖမ်းဆီးဘဲ တမင်ပျက်ကွက်ခြင်း။ (ပုဒ်မ ၂၂၂)**

**Intentional omission to apprehend on the part of public servant bound to apprehend person under sentence or lawfully committed. (Section 222)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

တရားရုံးက ပြစ်မှုတစ်ခုခုနှင့် ပြစ်ဒဏ်ချမှတ်ခြင်းခံရသူကို၊ သို့တည်းမဟုတ် ချုပ်ထားရန် ဥပဒေနှင့်အညီ အမိန့်ချခြင်းခံရသူကို ဖမ်းဆီးရန်ဖြစ်စေ၊ ချုပ်ထားရန်ဖြစ်စေ ဥပဒေနှင့်အညီ တာဝန်ရှိသော ပြည်သူ့ဝန်ထမ်းသည် ထိုသူကို မဖမ်းဆီးဘဲ တမင်ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ထိုသူထွက်ပြေးသည်ကို တမင်လျစ်လျူရှုလျှင်၊ သို့တည်းမဟုတ် ထိုသူအချုပ်မှ ထွက်ပြေးသည်ကိုဖြစ်စေ၊ ထွက်ပြေးရန် အားထုတ်သည်ကိုဖြစ်စေ တမင်ကူညီလျှင်၊ ထိုပြည်သူ့ဝန်ထမ်းကို အောက်ပါအတိုင်း ပြစ်ဒဏ်ချမှတ်ရမည်။

အချုပ်ခံနေရသူသည်၊ သို့တည်းမဟုတ် ဖမ်းဆီးခြင်းခံထိုက်သူသည် သေဒဏ်ချမှတ်ခြင်းခံရသူဖြစ်လျှင်၊ ငွေဒဏ်နှင့်ဖြစ်စေ၊ ငွေဒဏ်မပါဘဲဖြစ်စေ တစ်သက်တစ်ကျွန်းဒဏ်သော်လည်းကောင်း၊ ဆယ့်လေးနှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးသော်လည်းကောင်း ချမှတ်ရမည်။ သို့တည်းမဟုတ်

http://www.cherrythitsar.org



အချုပ်ခံနေရသူသည်၊ သို့တည်းမဟုတ် ဖမ်းဆီးခြင်းခံထိုက်သူသည် တရားရုံး၏ စီရင်ချက်အရဖြစ်စေ၊ ထိုစီရင်ချက်ကို လျှော့ပေါ့ပြောင်းလဲသော အမိန့်အရဖြစ်စေ တစ်သက်တစ်ကျွန်းဒဏ်သော်လည်းကောင်း၊ ဆယ်နှစ်၊ သို့တည်းမဟုတ် ဆယ်နှစ်ထက်ပိုသော တစ်ကျွန်းဒဏ်၊ သို့တည်းမဟုတ် ထောင်ဒဏ်သော်လည်းကောင်း ချမှတ်ခြင်းခံရသူဖြစ်လျှင်၊ ငွေဒဏ်နှင့်ဖြစ်စေ၊ ငွေဒဏ်မပါဘဲဖြစ်စေ ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည်။ သို့တည်းမဟုတ်

အချုပ်ခံနေရသူသည်၊ သို့တည်းမဟုတ် ဖမ်းဆီးခြင်းခံထိုက်သူသည် တရားရုံး၏ စီရင်ချက်အရ၊ ဆယ်နှစ်အောက်လျော့သော ထောင်ဒဏ်ခံရမည့်သူဖြစ်လျှင်၊ သို့တည်းမဟုတ် ချုပ်ထားရန် ဥပဒေနှင့်အညီ အမိန့်ချခြင်းခံရသူဖြစ်လျှင်၊ သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ ချမှတ်ရမည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တရားခံသည် ပြည်သူ့ဝန်ထမ်းဖြစ်ခြင်း။

၂။ တစ်ဦးတစ်ယောက်သည် တရားရုံးက ပြစ်မှုတစ်ခုခုနှင့်ပြစ်ဒဏ်ချမှတ်ခြင်းခံရသူ၊ ချုပ်ထားရန်ဥပဒေနှင့်အညီ အမိန့်ချမှတ်ခြင်းခံရသူဖြစ်ခြင်း။

၃။ တရားခံသည် ပြည်သူ့ဝန်ထမ်းအနေဖြင့် ထိုသူအား ဖမ်းဆီးရန် ချုပ်ထားရန် ဥပဒေနှင့်အညီ တာဝန်ရှိခြင်း။

၄။ သို့တာဝန်ရှိပါလျက် ထိုသူအား မဖမ်းဆီးဘဲ တမင်ပျက်ကွက်ခြင်း၊ ထိုသူအချုပ်မှထွက်ပြေးသည်၊ ထွက်ပြေးရန်အားထုတ်သည်ကို တမင်ကူညီခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၂၂ | တရားရုံးတစ်ရုံးက ပြစ်ဒဏ်ချမှတ်ခြင်းခံရသူကို ဥပဒေအရဖမ်းဆီးရန် တာဝန်ရှိသောပြည်သူ့ဝန်ထမ်းတစ်ဦးသည် ဖမ်းဆီးရန်တမင်ပျက်ကွက်မှု သေဒဏ်ချမှတ်ခြင်းခံရသူဖြစ်လျှင်။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ မပေးနိုင် | ကျေအေးခွင့်မရှိ။ | တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ငွေဒဏ်နှင့်ဖြစ်စေ၊ငွေဒဏ်မပါဘဲဖြစ်စေ၊ ၁၄နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုး။ | စက်ရှင်တရားရုံး |
| | တစ်သက်တစ်ကျွန်းဒဏ်သော်လည်းကောင်း၊ ၁၀နှစ်သို့မဟုတ် ၁၀နှစ်ထက်ပိုသော တစ်ကျွန်းပို့ဒဏ်၊ သို့မဟုတ် ထောင်ဒဏ်ချမှတ်ခြင်းခံရသဖြစ်လျှင်။ | ၎င်း | ၎င်း | ၎င်း | ၎င်း | ငွေဒဏ်နှင့်ဖြစ်စေ ငွေဒဏ်မပါဘဲဖြစ်စေ၊ ၇နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုး။ | ၎င်း |
| | ၁၀နှစ်အောက်လျော့သောထောင်ဒဏ်ချမှတ်ခြင်းခံရသူ၊ သို့မဟုတ်ချုပ်ထားရန်ဥပဒေနှင့်အညီအမိန့်ချမှတ်ခြင်းခံရသူဖြစ်လျှင်။ | ၎င်း | ၎င်း | အာမခံ ပေးရမည်။ | ၎င်း | ၃နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ်ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီး။ |

http://www.cherrythitsar.org



**ပြည်သူ့ဝန်ထမ်း၏ ပေါ့လျော့မှုကြောင့် အချုပ်မှ ထွက်ပြေးခြင်း။ (ပုဒ်မ ၂၂၃)**

**Escape from confinement or custody negligently suffered by public servant. (Section 223)**

**ဥပဒေပြဋ္ဌာန်းချက်**

ပြစ်မှုတစ်ခုခုနှင့် စွဲဆိုခံရသူကိုဖြစ်စေ၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူကိုဖြစ်စေ၊ အချုပ်တွင်ချထားရန် ဥပဒေနှင့်အညီ အမိန့်ချမှတ်ခြင်းခံရသူကိုဖြစ်စေ ချုပ်ထားရန် ဥပဒေနှင့်အညီ တာဝန်ရှိသော ပြည်သူ့ဝန်ထမ်းသည် မိမိ၏ပေါ့လျော့မှုဖြင့် ထို အချုပ်ခံရသူကို အချုပ်မှ ထွက်ပြေးစေလျှင်၊ ထိုပြည်သူ့ဝန်ထမ်းကို အလုပ်မဲ့နှင့် နှစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ပြည်သူ့ဝန်ထမ်းဖြစ်ခြင်း။

၂။ ပြည်သူ့ဝန်ထမ်းအနေဖြင့် -

(က) ပြစ်မှုစွဲဆိုခံရသူ

(ခ) ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူ

(ဂ) အချုပ်တွင်ချထားရန် ဥပဒေနှင့်အညီအမိန့်ချမှတ်ခြင်းခံရသူကို ချုပ်ထားရန် ဥပဒေနှင့်အညီ တာဝန်ရှိခြင်း။

၃။ ထိုသို့ ချုပ်ထားခြင်းခံရသူကို ထွက်ပြေးစေခြင်း။

၄။ ယင်းသို့ ထွက်ပြေးခြင်းမှာ တရားခံ၏ ပေါ့လျော့မှုကြောင့်ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မန်စာကို ပထမဦးစွာထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့်ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၂၃ | ပြည်သူ့ဝန်ထမ်းတစ်ဦး၏ပေါ့လျော့မှုကြောင့် အချုပ်မှထွက်ပြေးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံမပေးနိုင် | ကျေအေးခွင့်မရှိ။ | ၂နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်းသို့မဟုတ်ဒုတိယတန်း အာဏာရ ရာဇဝတ်တရားသူကြီး။ |

**မိမိအား ဥပဒေနှင့်အညီ ဖမ်းဆီးသည်ကို ခုခံခြင်း၊ သို့တည်းမဟုတ် ဟန့်တားခြင်း။ (ပုဒ်မ ၂၂၄)**

**Resistance or obstruction by a person to his lawful apprehensio (Section 224)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ မိမိအား စွဲဆိုသော ပြစ်မှုအတွက်ဖြစ်စေ၊ ပြစ်မှုထင်ရှားစီရင်သော ပြစ်မှုအတွက်ဖြစ်စေ ဥပဒေနှင့်အညီ ဖမ်းဆီးသည်ကို တမင်ခုခံလျှင်၊ သို့တည်း

http://www.cherrythitsar.org



မဟုတ် ထိုပြစ်မှုအတွက် ဥပဒေနှင့်အညီ ချုပ်ထားရာမှ ထွက်ပြေးလျှင်၊ သို့တည်းမဟုတ် ထွက်ပြေးရန်အားထုတ်လျှင်၊ ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ရှင်းလင်းချက်။** ဤပုဒ်မတွင်ပါသော ပြစ်ဒဏ်သည် စွဲဆိုရင်းပြစ်မှုအတွက် ဖြစ်စေ၊ ပြစ်မှုထင်ရှားစီရင်ရင်း ပြစ်မှုအတွက်ဖြစ်စေ ဖမ်းဆီးခြင်းခံရမည့်သူ ခံထိုက်သော၊ သို့တည်းမဟုတ် အချုပ်ခံနေရသူ ခံထိုက်သောပြစ်ဒဏ်အပြင် အပိုခံရမည့် ပြစ်ဒဏ်ဖြစ်သည်။

## အကျုံးဝင်သည့် အင်္ဂါရပ်များ

*ဖမ်းဆီးခြင်းကို ခုခံမှုအတွက်* -

၁။ တရားခံသည် ပြစ်မှုတစ်ခုခုနှင့် စွဲဆိုခံရခြင်း။

၂။ ထိုပြစ်မှုအတွက် ဖမ်းဆီးသည်ကို ခုခံခြင်း၊ ဟန့်တားခြင်း။

၃။ ယင်းခုခံမှု၊ ဟန့်တားမှုသည် ဥပဒေနှင့် ဆန့်ကျင်ခြင်း။

၄။ တရားခံသည် တမင်ပြုခြင်း။

*အချုပ်မှ ထွက်ပြေးခြင်းအတွက်* -

၁။ တရားခံသည် ပြစ်မှုတစ်ခုခုနှင့်စွပ်စွဲခံရခြင်း၊ ပြစ်မှုထင်ရှားစီရင်ခံရခြင်း။

၂။ ထိုပြစ်မှုအတွက် ၎င်းအားချုပ်ထားခြင်း။

၃။ ယင်းသို့ ချုပ်ထားခြင်းသည် ဥပဒေနှင့်အညီဖြစ်ခြင်း။

၄။ တရားခံသည် ထိုအချုပ်မှ ထွက်ပြေးခြင်း၊ ထွက်ပြေးရန်အားထုတ်ခြင်း။

## ကျင့်ထုံး

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၂၄ | လူတစ်ဦးတစ်ယောက်က ၎င်းအားဥပဒေနှင့်အညီ ဖမ်းဆီးသည်ကိုခုခံမှု၊ သို့မဟုတ် ဟန့်တားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ်ဒုတိယတန်း အာဏာရ ရာဇဝတ်တရားသူကြီး။ |

## စီရင်ထုံး

၁။ ဖမ်းဆီးခြင်းသည် ဥပဒေနှင့်အညီဖြစ်သည်ဟု တင်ပြရန်လိုသည်၊ ဥပဒေနှင့်အညီ ဖမ်းဆီးခြင်းဖြစ်လျှင် ဖမ်းဆီးခြင်းခံရသူသည် အသာတကြည်ဖြင့် အဖမ်းခံရန် တာဝန်ရှိသည်။ သို့ရာတွင် ဖမ်းဆီးသူသည် ဖမ်းဆီးရာ၌ လိုသည်ထက်ပို၍ အကြမ်းဖက်မှုကိုမပြုနိုင်၊ ဥပဒေနှင့်မညီသော အကြမ်းဖက်မှုကို အသုံးပြုသည့် ဖမ်းဆီးသူအား အနည်းငယ်ခုခံခြင်းသည် ဤပုဒ်မအရ ပြစ်မှုမမြောက်ချေ။

*[တန်စိန်ခေါ် မောင်ဆိုင်နှင့်အစိုးရ၊ အတွဲ-၁၊အောက်မြန်မာပြည်စီရင်ထုံး ၁၇၃]*

http://www.cherrythitsar.org



၂။ အချုပ်မှ ထွက်ပြေးခြင်းတွင် နှစ်မျိုးနှစ်စားရှိသည်။ ပထမအမျိုးအစားမှာ ပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်း၍ စွဲဆိုထားစဉ် ထွက်ပြေးခြင်းဖြစ်သည်။ ဒုတိယအမျိုးအစားမှာ ပြစ်မှုတစ်ခုခုနှင့် ပြစ်ဒဏ်ထင်ရှားစီရင်ပြီးနောက် ထွက်ပြေးခြင်းဖြစ်သည်။ ပထမအမျိုးအစားနှင့်ပတ်သက်၍ တရားခံအား ပြစ်မှုတစ်ခုခုနှင့်စွဲဆိုသဖြင့် ထိုပြစ်မှုအတွက် ဥပဒေနှင့်အညီ ချုပ်ထားလျှင်၊ တရားခံကို နောင်တစ်နေ့၌ စွဲဆိုသော ပြစ်မှုအရ ပြစ်ဒဏ်ထင်ရှားစီရင်သည်ဖြစ်စေ၊ ပြစ်မှုမထင်ရှားဟု ဆုံးဖြတ်သည်ဖြစ်စေ အချုပ်မှ ထွက်ပြေးလျှင် ပြစ်မှုမြောက်သည်။

*[အစိုးရနှင့်ဘိုးလှ၊ အတွဲ-၃ အောက်မြန်မာပြည်စီရင်ထုံး ၃၂၁ ]*

၃။ တစ်ကျွန်းဒဏ်ကျခံသည့် အချုပ်သားကို တစ်ကျွန်းသို့မပို့မီ ထောင်မှထွက်ပြေးခြင်းအတွက် ဤပုဒ်မနှင့်သာ အကျုံးဝင်သည် ပုဒ်မ ၂၂၆ နှင့် အရေးမယူနိုင်ပေ။

*[ဘိုးချိန်နှင့်အစိုးရ၊ အတွဲ-၄ ဘားမားလောဘိုင်း ၂၆၁ ]*

## အခြားသူအား ဥပဒေနှင့်အညီ ဖမ်းဆီးသည်ကို ခုခံခြင်း၊ သို့တည်းမဟုတ် ဟန့်တားခြင်း။ (ပုဒ်မ ၂၂၅)

## Resistance or obstruction to lawful apprehension of another person. (Section 225)

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

မည်သူမဆို ပြစ်မှုတစ်ခုခုအတွက် အခြားသူတစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ဖမ်းဆီးသည်ကို တမင်ခုခံလျှင်၊ သို့တည်းမဟုတ် ဥပဒေနှင့်ဆန့်ကျင်၍ ဟန့်တားလျှင်၊ သို့တည်းမဟုတ် ပြစ်မှုတစ်ခုခုအတွက် ဥပဒေနှင့်အညီ အခြားသူတစ်ဦးတစ်ယောက်အား ချုပ်ထားရာမှ ကယ်လွှတ်လျှင်၊ သို့တည်းမဟုတ် ကယ်လွှတ်ရန် အားထုတ်လျှင်၊ ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ သို့တည်းမဟုတ်

ဖမ်းဆီးခြင်းခံရမည့်သူသည်၊ သို့တည်းမဟုတ် ကယ်လွှတ်ခြင်းခံရသူသည်၊ သို့တည်းမဟုတ် ကယ်လွှတ်ရန် အားထုတ်ခြင်းခံရသူသည် တစ်သက်တစ်ကျွန်းဒဏ်၊ သို့တည်းမဟုတ် ဆယ်နှစ်ထိ ထောင်ဒဏ်ချမှတ်ခြင်းခံထိုက်သော ပြစ်မှုနှင့် စွဲဆိုခြင်းခံရသူဖြစ်လျှင်၊ သို့တည်းမဟုတ် ထိုပြစ်မှုနှင့်ဖမ်းဆီးခြင်းခံထိုက်သူဖြစ်လျှင်၊ သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ သို့တည်းမဟုတ်

ဖမ်းဆီးခြင်းခံရမည့်သူသည်၊ သို့တည်းမဟုတ် ကယ်လွှတ်ခြင်းခံရသူသည်၊ သို့တည်းမဟုတ် ကယ်လွှတ်ရန် အားထုတ်ခြင်းခံရသူသည် သေဒဏ်ထိုက်သော ပြစ်မှုနှင့် စွဲဆိုခြင်းခံရသူဖြစ်လျှင်၊ သို့တည်းမဟုတ် ထိုပြစ်မှုနှင့် ဖမ်းဆီးခြင်းခံထိုက်သူဖြစ်လျှင်၊ ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ သို့တည်းမဟုတ်

ဖမ်းဆီးခြင်းခံရမည့်သူသည်၊ သို့တည်းမဟုတ် ကယ်လွှတ်ခြင်းခံရသူသည်၊ သို့တည်းမဟုတ် ကယ်လွှတ်ရန် အားထုတ်ခြင်းခံရသူသည် တရားရုံး၏ စီရင်ချက်အရဖြစ်စေ၊ ထိုစီရင်ချက်ကို လျှော့ပေါ့ပြောင်းလွဲသည့် အမိန့်အရဖြစ်စေ တစ်သက်

http://www.cherrythitsar.org



တစ်ကျွန်းဒဏ်သော်၎င်း၊ ဆယ်နှစ်၊ သို့တည်းမဟုတ် ဆယ်နှစ်ထက်ပိုသော တစ်ကျွန်းဒဏ်၊ သို့တည်းမဟုတ် ထောင်ဒဏ်သော်၎င်း ချမှတ်ခြင်းခံရသူဖြစ်လျှင်၊ ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ သို့တည်းမဟုတ်

ဖမ်းဆီးခြင်းခံရမည့်သူသည်၊ သို့တည်းမဟုတ် ကယ်လွှတ်ခြင်းခံရသူသည်၊ သို့တည်းမဟုတ် ကယ်လွှတ်ရန် အားထုတ်ခြင်းခံရသူသည် သေဒဏ်ချမှတ်ခြင်းခံရသူဖြစ်လျှင်၊ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထက်မပိုသော ထောင်ဒဏ်တစ်မျိုးမျိုးကိုဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံမဟုတ်သည့်အခြားလူတစ်ဦးသည် ပြစ်မှုနှင့်စပ်လျဉ်း၍ အချုပ်ခံနေရခြင်း။

၂။ ထိုသို့ အချုပ်ခံနေရသည်မှာ ဥပဒေနှင့်အညီဖြစ်ခြင်း။

၃။ တရားခံသည် ထိုသူအား ကယ်လွှတ်ခြင်း၊ ကယ်လွှတ်ရန်အားထုတ်ခြင်း။

၄။ ထိုသို့ ပြုသည်မှာ တမင်ဖြစ်ခြင်း။ (သို့မဟုတ်)

၁။ တရားခံမဟုတ်သည့် အခြားလူတစ်ဦးသည် ပြစ်မှုတစ်ခုခုအတွက် ဖမ်းဆီးခံရခြင်း။

၂။ ထိုကဲ့သို့ ဖမ်းဆီးသည်မှာ ဥပဒေနှင့်အညီ ဖြစ်ခြင်း။

၃။ ထိုသူအား ဖမ်းဆီးသည်ကို တရားခံက ခုခံခြင်း၊ ဥပဒေနှင့် ဆန့်ကျင်၍ ဟန့်တားခြင်း။

၄။ ထိုသို့ ပြုသည်မှာ တမင်ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၂၅ | အခြားသူအား ဥပဒေနှင့်အညီ ဖမ်းဆီးသည်ကို ခုခံခြင်း၊ သို့မဟုတ် ဟန့်တားခြင်း သို့မဟုတ် ဥပဒေနှင့်အညီ အခြားသူတစ်ယောက်အား ချုပ်ထားရာမှကယ်လွှတ်ခြင်း။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ဒဏ် နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင်တရားရုံး၊ သို့မဟုတ်ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |
| | တစ်သက်တစ်ကျွန်းဒဏ်၊ သို့မဟုတ် ၁၀နှစ်ထိ ထောင်ဒဏ်ချမှတ်ခြင်းခံထိုက်သောပြစ်မှုနှင့် စွဲဆိုခြင်းခံရသူဖြစ်လျှင်။ | ၎င်း | ၎င်း | အာမခံ မပေးနိုင်။ | ၎င်း | ၃နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | ၎င်း |
| | သေဒဏ်ထိုက်သောပြစ်မှုနှင့်စွဲဆိုခြင်းခံရသူဖြစ်လျှင်။ | ၎င်း | ၎င်း | ၎င်း | ၎င်း | ၇နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင်ငွေဒဏ် | စက်ရှင်တရားရုံး။ |
| | တစ်သက်တစ်ကျွန်းဒဏ်သော် လည်းကောင်း ၁၀နှစ် သို့မဟုတ် ၁၀နှစ်ထက်ပိုသော တစ်ကျွန်းပို့ဒဏ်၊ သို့မဟုတ် ထောင်ဒဏ်သော်လည်းကောင်း ချမှတ်ခြင်းခံရသူဖြစ်လျှင်။ | ၎င်း | ၎င်း | ၎င်း | ၎င်း | ၎င်း | ၎င်း |
| | သေဒဏ်ချမှတ်ခြင်းခံရသူဖြစ်လျှင်။ | ၎င်း | ၎င်း | ၎င်း | ၎င်း | တစ်သက်တစ်ကျွန်းဒဏ် ဖြစ်စေ၊၁၀နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး အပြင်ငွေဒဏ်ဖြစ်စေ | ၎င်း |

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်းသည် ဥပဒေနှင့်အညီဖြစ်ရန်လိုသည်။ ဥပဒေနှင့်အညီမဟုတ်သည့် ဖမ်းဆီးခြင်းကို ခုခံပေးခြင်း၊ ဥပဒေနှင့်အညီ မဟုတ်သည့် ချုပ်နှောင်ခြင်းမှ ကယ်လွှတ်ခြင်းသည် ဤပုဒ်မနှင့် ငြိစွန်းခြင်းမရှိ။ ဥပမာ ခိုးမှုကျူးလွန်သည်ဟု ယူဆရသည့်သူကို ဖမ်းဆီးရန် ရဲက အရပ်သားအားခိုင်းသဖြင့် အရပ်သားက ထိုသူအားဖမ်းဆီးရာ တရားခံက ဝင်ရောက်ခုခံခြင်းသည် ဤပုဒ်မအရ ပြစ်မှုမမြောက်၊ အဘယ့်ကြောင့်ဆိုသော် ရဲသည် အရပ်သားအား ဖမ်းဆီးစေရန် အာဏာမရှိသဖြင့် ထိုသို့ ဖမ်းဆီးခြင်းသည် ဥပဒေနှင့်အညီ ဖမ်းဆီးခြင်းဖြစ်သည်ဟု မဆိုနိုင်ခြင်းကြောင့်ဖြစ်သည်။

*[အစိုးရနှင့်တိုက်ဖြူ၊ အတွဲ-၅၊ အောက်မြန်မာပြည်စီရင်ထုံး ၂၁ ]*

**ဥပဒေပြဋ္ဌာန်းထားခြင်းမရှိသောအမှုများတွင် ပြည်သူ့ဝန်ထမ်းသည် ဖမ်းဆီးရန်ပျက်ကွက်ခြင်း၊ သို့တည်းမဟုတ် အချုပ်မှထွက်ပြေးသည်ကို လျစ်လျူရှုခြင်း။ (ပုဒ်မ ၂၂၅-က)**

**Omission to apprehend, or sufferance of escape, on part of public servant, in cases not otherwise provided for. (Section 225-A)**

**ဥပဒေပြဋ္ဌာန်းချက်**

ပုဒ်မ ၂၂၁၊ ၂၂၂၊ ၂၂၃ နှင့် တည်ဆဲ အခြားဥပဒေတစ်ခုခု၌ ပြဋ္ဌာန်းထားခြင်းမရှိသော အမှုတွင်၊ တစ်ဦးတစ်ယောက်သောသူကို ဖမ်းဆီးရန်ဖြစ်စေ၊ ချုပ်ထားရန်ဖြစ်စေ ဥပဒေနှင့်အညီ တာဝန်ရှိသောပြည်သူ့ဝန်ထမ်းသည် ထိုသူကို ဖမ်းဆီးရန်ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ထိုသူအချုပ်မှ ထွက်ပြေးသည်ကို လျစ်လျူရှုလျှင်၊ ထိုပြည်သူ့ဝန်ထမ်းကို အောက်ပါအတိုင်းအပြစ်ဒဏ်ချမှတ်မည်။

(က) တမင်ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် တမင်လျစ်လျူရှုလျှင်၊ သုံးနှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် -

(ခ) ပေါ့လျော့မှုကြောင့် ပျက်ကွက်ခြင်းကိုသော်လည်းကောင်း၊ လျစ်လျူရှုခြင်းကိုသော်လည်းကောင်း ဖြစ်စေလျှင်၊ နှစ်နှစ်ထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ပြည်သူ့ဝန်ထမ်းဖြစ်ခြင်း။

၂။ ၎င်းသည် တစ်ဦးတစ်ယောက်အား ဖမ်းဆီးရန်၊ ချုပ်ထားရန် ဥပဒေနှင့်အညီ တာဝန်ရှိခြင်း။

၃။ ထိုသူကို ဖမ်းဆီးရန်ပျက်ကွက်ခြင်း၊ အချုပ်မှ ထွက်ပြေးသည်ကို လျစ်လျူရှုခြင်း။

၄။ ထိုသို့ ပျက်ကွက်သည်၊ လျစ်လျူရှုသည်မှာ တမင်ဖြစ်ခြင်း၊ ပေါ့လျော့မှုကြောင့်ဖြစ်ခြင်း။

၅။ ယင်းပြစ်မှုသည် ပုဒ်မ ၂၂၁၊ ၂၂၂၊ ၂၂၃ နှင့်ဖြစ်စေ၊ အခြားဥပဒေနှင့်ဖြစ်စေ အကျုံးမဝင်ခြင်း။

http://www.cherrythitsar.org



<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၂၅ (က) | ဥပဒေပြဋ္ဌာန်းခြင်းမရှိသော အမှုများတွင် ပြည်သူ့ဝန်ထမ်းသည်ဖမ်းဆီးရန်ပျက်ကွက်မှု၊ သို့မဟုတ်အချုပ်မှထွက်ပြေးသည်ကို လျစ်လျူရှုမှု။ | | | | | | |
| | (က)တမင်ပျက်ကွက်သည့်၊ သို့မဟုတ် လျစ်လျူရှုသည့်အမှုများတွင် | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ဒဏ် နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင်တရားရုံး၊ သို့မဟုတ်ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |
| | (ခ)ပေါ့လျော့ခြင်းကြောင့်ပျက်ကွက်သည့် သို့မဟုတ်လျစ်လျူရှုသည့်အမှုများတွင် | ၎င်း | သမ္မာန်စာ | ၎င်း | ၎င်း | ၂နှစ်အထိအလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ဒဏ် နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ်ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

<u>စီရင်ထုံး</u>

၁။ ပြည်သူ့ဝန်ထမ်းနှင့်သာ သက်ဆိုင်သဖြင့် ကျေးရွာဥပဒေပုဒ်မ ၁၁ အရ ရွာလူကြီးအား ၎င်း၏တာဝန်ဆောင်ရွက်ရာ၌ ကူညီသည့်ရွာသားသည် ပြည်သူ့ဝန်ထမ်း မဟုတ်၍ ဖမ်းဆီးထားသော တရားခံကို ထွက်ပြေးစေခြင်းအတွက် ဤပုဒ်မအရ ပြစ်မှုမမြောက်။

*[အစိုးရနှင့်ပေါ်အေး၊ အတွဲ-၁၀၊ ဘားမားလောဘိုင် ၁၇၀ ]*

**ဥပဒေပြဋ္ဌာန်းထားခြင်းမရှိသောအမှုများတွင် ဥပဒေနှင့်အညီ ဖမ်းဆီးသည်ကို ခုခံခြင်း၊ သို့တည်းမဟုတ် ဟန့်တားခြင်း၊ သို့တည်းမဟုတ် အချုပ်မှထွက်ပြေးခြင်း၊ သို့တည်းမဟုတ် သူတစ်ပါးကို ကယ်လွှတ်ခြင်း။ (ပုဒ်မ ၂၂၅-ခ)**

**Resistance or obstruction to lawful apprehension , or escape or rescue, in cases not otherwise provided for. (Section 225-B)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

မည်သူမဆို၊ ပုဒ်မ ၂၂၄၊ ၂၂၅ နှင့် တည်ဆဲဥပဒေတစ်ခုခု၌ ပြဋ္ဌာန်းထားခြင်း မရှိသော အမှုတစ်ခုခုတွင် မိမိကိုဖြစ်စေ၊ အခြားသူကိုဖြစ်စေ ဥပဒေနှင့်အညီ ဖမ်းဆီးသည်ကို တမင်ခုခံလျှင်၊ သို့တည်းမဟုတ် ဥပဒေနှင့်ဆန့်ကျင်၍ဟန့်တားလျှင်၊ သို့တည်းမဟုတ် ဥပဒေနှင့်အညီချုပ်ထားရာမှထွက်ပြေးလျှင်၊ သို့တည်းမဟုတ်

http://www.cherrythitsar.org



ထွက်ပြေးရန်အားထုတ်လျှင်၊ သို့တည်းမဟုတ် အခြားသူတစ်ဦးတစ်ယောက်ကို ဥပဒေနှင့်အညီ ချုပ်ထားရာမှ ကယ်လွှတ်လျှင်၊ သို့တည်းမဟုတ် ကယ်လွှတ်ရန် အားထုတ်လျှင်၊ ထိုသူကို ခြောက်လထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တရားခံ သို့မဟုတ် အခြားသူကို ဥပဒေနှင့်အညီ ဖမ်းဆီးခြင်း။

၂။ ထိုသို့ဖမ်းဆီးသည်ကို တရားခံက ခုခံခြင်း၊ ဥပဒေနှင့်ဆန့်ကျင်၍ ဟန့်ထားခြင်း။

၃။ ထိုကိစ္စသည် ပုဒ်မ ၂၂၄၊ ၂၂၅ နှင့် အကျုံးမဝင်ခြင်း။

၄။ ယင်းသို့ ဟန့်တားသည်၊ ခုခံသည်မှာ တမင်ပြု၍ဖြစ်ခြင်း။

သို့မဟုတ်

၁။ တရားခံသည် ချုပ်ထားရာမှ ထွက်ပြေးခြင်း၊ ထွက်ပြေးရန် အားထုတ်ခြင်း၊ သို့မဟုတ် အခြားသူကို ချုပ်ထားရာမှ ကယ်လွှတ်ခြင်း၊ ကယ်လွှတ်ရန် အားထုတ်ခြင်း။

၂။ ချုပ်ထားသည်မှာ ဥပဒေနှင့်အညီဖြစ်ခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၂၅ (ခ) | ဥပဒေပြဋ္ဌာန်းထားခြင်းမရှိသောအမှုများတွင် ဥပဒေနှင့်အညီဖမ်းဆီးသည်ကိုခုခံမှု၊ သို့မဟုတ်ဟန့်တားမှု၊သို့မဟုတ်အချုပ်မှ ထွက်ပြေးမှု၊သို့မဟုတ်အချုပ်မှကယ်လွှတ်မှု | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည် | ကျေအေးခွင့် မရှိ။ | ၆လထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ဒဏ် နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင်တရားရုံး၊ သို့မဟုတ်ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ ပထမတန်း သို့မဟုတ်ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**<u>စီရင်ထုံး</u>**

၁။ ခုခံခြင်း၊ ဟန့်တားခြင်းဆိုသည် စကားရပ်များကို ထောက်ရှုလျှင် အနည်းနှင့်အများ အကြမ်းဖက်မှု၊ အကြမ်းဖက်ရန် ခြိမ်းခြောက်မှုရှိရမည်ဖြစ်သည်။ သို့ဖြစ်ရာ တရားခံသည် တရားနိုင်နှင့် သမ္မန်စာလုလင်တို့က ၎င်းအား တရားမရုံးဝရမ်းအရ ဖမ်းဆီးရန် လာသည်ကိုမြင်၍ အိမ်ထဲတွင် တံခါးပိတ်ပြီး ပုန်းအောင်းနေခြင်းသည် ဖမ်းဆီးခြင်းကိုခုခံသည်၊ ဟန့်တားသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

*[အစိုးရနှင့်ဂန်ပါလ် (၁၉၀၄-၀၆) အတွဲ-၁၊*
*အထက်မြန်မာပြည်စီရင်ထုံး ၂၉ (ပြစ်မှုဆိုင်ရာဥပဒေ) ]*
*[အစိုးရနှင့်အနော်ဒင်၊ အတွဲ ၁၊ ရန်ကုန်၊ ၂၁၈ ]*

http://www.cherrythitsar.org



၂။ တရားခံအား သမ္မာန်လုလင်က ဖမ်းဆီးထားရာမှ ၎င်း၏မိတ်ဆွေများက ကယ်လွှတ်သဖြင့် တရားခံသည် ကိုယ်တိုင်ခုခံခြင်းမပြုသော်လည်း လွတ်မြောက်ကာ ပျောက်ကွယ်သွားပြီး နောက်နေ့ကျမှ ပြန်၍အဖမ်းခံသည်။ ဥပဒေနှင့်အညီ ဖမ်းဆီးရာမှ လွတ်မြောက်ခဲ့ခြင်းဖြစ်၍ အချုပ်မှထွက်ပြေးရာရောက်သည်။

*[ ဒီ၊ အယ်၊ အာဘီယာနှင့်အစိုးရ၊ အတွဲ-၁၁၊ အောက်မြန်မာပြည်စီရင်ထုံး ၄၄၉ ]*

၃။ တရားခံအားဖမ်းဆီးရန် ထုတ်ပေးသော ဝရမ်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့် ညီညွှန်ရန် လိုပေသည်။ ဥပဒေပြဋ္ဌာန်းချက်နှင့်မညီညွတ်လျှင် ဥပဒေနှင့်အညီ ဖမ်းဆီးခြင်းမဟုတ်၍ ဤပုဒ်မ အရေးယူအပြစ်မပေးနိုင်။ ဥပမာ-တရားမကျင့်ထုံး အမိန့် ၂၁၊ နည်း ၃၈ အရ ထုတ်ပေးသောဝရမ်းသည် အမိန့် ၂၁၊ နည်း ၂၄ (၂) အရ ရုံးတံဆိပ်ခပ်နှိပ်ထားရန်လိုရာ၊ ရုံးတံဆိပ်မပါသည့်ဝရမ်းနှင့် ဖမ်းဆီးပါက ထိုသို့ ဖမ်းဆီးခြင်းကို ခုခံလျှင် ပြစ်မှုမမြောက်။

*[ အစိုးရနှင့်မောင်ဘိုးရှိန်၊ ၁၉၃၉၊ ရန်ကုန်စီရင်ထုံး ၄၄၅ ]*

၄။ ဥပဒေနှင့်အညီ ချုပ်ထားခြင်းဖြစ်မှသာ ထိုအချုပ်မှ ထွက်ပြေးခြင်းသည် ဤပုဒ်မအရ ပြစ်မှုမြောက်သည်။ မြေနှင့်အခွန်ဥပဒေပုဒ်မ ၄၄ အရ၊ မြေခွန်ပေးဆောင်ရန် တောင်းဆိုစာထုတ်ဆင့်ပြီးနောက် ဆယ်ရက်ကျော်မှ ဝရမ်းထုတ်နိုင်သဖြင့် ထိုကာလမကျော်မီ ထုတ်ဆင့်ပြီး ချုပ်နှောင်ထားခြင်းသည် ဥပဒေနှင့်အညီ ချုပ်ထားခြင်းမဟုတ်၍ အချုပ်မှ ထွက်ပြေးခြင်းအတွက် ဤပုဒ်မဖြင့် အရေးမယူနိုင်ပေ။

*[ အစိုးရနှင့်ရှမ်မရား၊ အတွဲ-၄၊ အောက်မြန်မာပြည်စီရင်ထုံး ၁၀၃ ]*

**တစ်ကျွန်းသို့ ပို့ထားရာမှ ဥပဒေနှင့်ဆန့်ကျင်၍ ပြန်လာခြင်း။ (ပုဒ်မ ၂၂၆)**

**Unlawful return from transportation. (Section 226)**

**<u>ဥပဒေပုဒ်ဆိုချက်</u>**

မည်သူမဆို၊ ဥပဒေနှင့်အညီ တစ်ကျွန်းသို့ပို့ထားရာ ကျွန်းပို့ဒဏ် ကာလမစေ့ ကုန်မီလည်းကောင်း၊ ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့် မရဘဲလည်းကောင်း၊ ထိုသို့တစ်ကျွန်းပို့ထားရာမှ ပြန်လာလျှင်၊ ထိုသူကို တစ်သက်တစ်ကျွန်းဒဏ် ချမှတ်ရမည့်ပြင်၊ ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် တစ်ကျွန်းသို့ မပို့မီ သုံးနှစ်ထက်မပိုသော အလုပ်ကြမ်းနှင့် ထောင်ဒဏ်လည်း ချမှတ်နိုင်သည်။

http://www.cherrythitsar.org



**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၂၆ | တစ်ကျွန်းသို့ပို့ထားရာမှ ဥပဒေနှင့်ဆန့်ကျင်၍ ပြန်လာမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင် | ကျေအေးခွင့် မရှိ။ | တစ်သက်တစ်ကျွန်းဒဏ်အပြင်ငွေဒဏ်ထို့ပြင်တစ်ကျွန်းသို့မပို့မီ၃နှစ်ထိအလုပ်ကြမ်းနှင့်ထောင်ဒဏ် | စက်ရှင်တရားရုံး၊ |

**စီရင်ထုံး**

၁။ ရေမြေခြားသည့် တစ်ကျွန်းသို့ ဥပဒေနှင့်အညီ ပို့ထားရာမှ ပြန်လာခြင်းအတွက် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ တစ်ကျွန်းဒဏ်ခံရသူသည် တစ်ကျွန်း သို့မဟုတ် ထောင်အချုပ်မှ ထွက်ပြေးခြင်းသည် တစ်ကျွန်းမှ ပြန်လာခြင်းမဟုတ်၍ ဤပုဒ်မအရ အရေးမယူနိုင်၊ ပုဒ်မ ၃၃၄ အရသာ စီရင်နိုင်မည်ဖြစ်သည်။

*[ဘိုးချိန်နှင့်အစိုးရ ၊ အတွဲ-၄ ဘားမားလောတိုင်း ၂၆၁ ]*

**အပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပေးစဉ်က ထားရှိသော စည်းကမ်းချက်ကို ဖောက်ဖျက်ခြင်း။ (ပုဒ်မ ၂၂၇)**

**Violation of condition of remission of punishment. (Section 227)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ သိလျက်နှင့် စည်းကမ်းချက်ထား၍ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပေးသည်ကို လက်ခံပြီးနောက် ထိုစည်းကမ်းချက်ကို ဖောက်ဖျက်လျှင်၊ ထိုသူကို ပြစ်ဒဏ်အရှင်းမခံရသေးပါက၊ ချမှတ်ရင်း ပြစ်ဒဏ်အတိုင်းချမှတ်ရမည်။ ချမှတ်ရင်းပြစ်ဒဏ်အနက် အချို့တစ်ဝက်ခံရပြီးဖြစ်လျှင်၊ ကျန်နေသေးသည့် ပြစ်ဒဏ်ချမှတ်ရမည်။ မည်သူမဆို၊ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပေးစဉ်က ထားရှိသော စည်းကမ်းချက်ကို ဖောက်ဖျက်၍ တိမ်းရှောင်သဖြင့်၊ ဤပုဒ်မအရ ပြစ်ဒဏ်စီရင်ခြင်းခံရလျှင်၊ ထိုသူကို ဤပုဒ်မ၌ ပြဋ္ဌာန်းထားသော ပြစ်ဒဏ်အပြင် ပြစ်ဒဏ်ချမှတ်သော ရာဇဝတ်တရားသူကြီးက တစ်နှစ်ထိ အလုပ်ကြမ်းနှင့်ထောင်ဒဏ် ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံအပေါ် ပြစ်ဒဏ်ချမှတ်ထားခြင်း။

၂။ ထိုပြစ်မှုမှ လွတ်ငြိမ်းခွင့်ပေးထားခြင်း။

၃။ ၎င်းလွတ်ငြိမ်းခွင့်မှာ စည်းကမ်းချက်နှင့်ဖြစ်ခြင်း။

၄။ ထိုစည်းကမ်းချက်ကို တရားခံက လက်ခံခဲ့ခြင်း။

၅။ ယင်းစည်းကမ်းချက်ကို လက်ခံ၍ တရားခံအား လွှတ်ခဲ့ခြင်း။

၆။ တရားခံသည် ထိုစည်းကမ်းချက်ကို ဖောက်ဖျက်ခြင်း။

http://www.cherrythitsar.org



<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အား ဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၂၇ | အပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပေးခဲ့က ထားရှိသောစည်းကမ်းချက်ကို ဖောက်ဖျက်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | သမ္မာန်စာ | အာမခံ မပေးနိုင် | ကျေအေးခွင့် မရှိ။ | ချမှတ်ရင်းပြစ်ဒဏ် အတိုင်းသို့မဟုတ် ချမှတ်ရင်းပြစ်ဒဏ် အနက်တစ်ချို့ တစ်ဝက်ခံရပြီးဖြစ်လျှင် ကျန်နေသေးသည့်ပြစ်ဒဏ်။ | ပြစ်မှုရင်းကို စစ်ဆေးစီရင်ပိုင်ခွင့် ရှိသောတရားရုံး။ |

<u>စီရင်ထုံး</u>

၁။ တရားခံသည် စည်းကမ်းချက် ဖောက်ဖျက်ခြင်း ရှိမရှိဆိုသော ပြဿနာကို တရားရုံးမှဆုံးဖြတ်ပြီးမှသာ ဤပုဒ်မအရ ပြစ်မှုထင်ရှားစီရင်နိုင်သည်။ ထောင်အာဏာပိုင်များက စည်းကမ်းချက်ကို ဖောက်ဖျက်သည်ဟုဆိုကာမျှဖြင့် ပြစ်ဒဏ်စီရင်ခြင်းမပြုနိုင်။

*[အစိုးရနှင့်ဘိုးမင်း၊ အေအိုင်အာ ၁၉၃၃ ရန်ကုန် ၂၈ ]*

၂။ တရားခံတစ်ဦးအား ပြစ်ဒဏ်ထင်ရှားစီရင်ခဲ့ခြင်း၊ ထိုပြစ်ဒဏ်ကို လွတ်ငြိမ်းခွင့်ပေးခဲ့ခြင်း၊ လွတ်ငြိမ်းခွင့်ပေးရာ၌ စည်းကမ်းချက်ပြုခဲ့ခြင်းဆိုသည့် အချက်အလက်များကို စာရွက်စာတမ်း သက်သေအထောက်အထားဖြင့် ထင်ရှားအောင် တင်ပြရမည်။ ပြစ်ဒဏ်စီရင်ခြင်းကို တရားရုံး၏ စီရင်ချက်မိတ္တူ၊ လွတ်ငြိမ်းခွင့်ပေးခြင်းကို လွတ်ငြိမ်းခွင့်ပေးသည့်မိတ္တူနှင့် စည်းကမ်းချက်ဆိုသည့် စာရွက်မိတ္တူများဖြင့် သက်သေထူရမည်။ နှုတ်သက်သေဖြင့် ပြသခြင်းမပြုနိုင်။ တရားခံဟုတ်သည်၊ မဟုတ်သည် ဆိုသောအချက်နှင့် စည်းကမ်းချက်ဖောက်ဖျက်သည်ဆိုသော အချက်များကိုမူ နှုတ်သက်သေတင်ပြနိုင်သည်။

*[ဘိုးငွေနှင့်အစိုးရ၊ အတွဲ-၇ ရန်ကုန် ၃၅၅ ]*

## တရားစီရင်မှုဆောင်ရွက်နေသော ပြည်သူ့ဝန်ထမ်းကို တမင်စော်ကားခြင်း၊ သို့တည်းမဟုတ် ဝင်ရောက်နှောင့်ယှက်ခြင်း။ (ပုဒ်မ ၂၂၈)

## Intentional insult or interruption to public servant sitting in judicial proceeding. (Section 228)

<u>ဥပဒေပြဋ္ဌာန်းချက်</u>

ပြည်သူ့ဝန်ထမ်းတစ်ဦးသည် တရားစီရင်မှု ဆောင်ရွက်နေစဉ်၊ ထိုပြည်သူ့ဝန်ထမ်းကို မည်သူမဆို၊ တမင်စော်ကားလျှင်၊ သို့တည်းမဟုတ် ဝင်ရောက်နှောင့်

http://www.cherrythitsar.org



ယှက်လျှင်၊ ထိုသူကို ခြောက်လထိ အလုပ်မဲ့နှင့် ထောင်ဒဏ်ဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ စော်ကားခြင်း၊ ဝင်ရောက်နှောင့်ယှက်ခြင်းခံရသူသည် ပြည်သူ့ဝန်ထမ်းဖြစ်ခြင်း။

၂။ စော်ကားခြင်း၊ ဝင်ရောက်နှောင့်ယှက်ခြင်းပြုသူသည် တရားခံဖြစ်ခြင်း။

၃။ စော်ကားခြင်း၊ ဝင်ရောက်နှောင့်ယှက်ခြင်းပြုစဉ် ထိုပြည်သူ့ဝန်ထမ်းသည် တရားစီရင်မှုဆောင်ရွက်နေခြင်း။

၄။ တရားခံ၏ စော်ကားမှု၊ ဝင်ရောက်နှောင့်ယှက်မှုသည် တမင်ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အား ဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၂၈ | တရားစီရင်မှုတစ်ရပ်သည်မည်သည့်အဆင့်၌မဆို ဆောင်ရွက်နေသောပြည်သူ့ဝန်ထမ်းတစ်ဦးကို တမင်စော်ကားမှု၊သို့မဟုတ် ဝင်ရောက်နှောင့်ယှက်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | သမ္မာန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၆လထိအလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်၁၀၀၀ထိ ငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | အခန်း ၃၅ ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ပြစ်မှုကျူးလွန်ခဲ့သည့် တရားရုံး။ |

## ဂျူရီလူကြီး ယောင်ဆောင်ခြင်း (ပုဒ်မ ၂၂၉)

## Personation of a juror or assessor. (Section 229)

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ ဥပဒေအရ ဂျူရီလူကြီးစာရင်း၌ ရေးမှတ်ခြင်း မိမိမခံထိုက်ဟု၊ သို့တည်းမဟုတ် ဂျူရီလူကြီးအဖြစ် တင်မြှောက်ခြင်း မိမိမခံထိုက်ဟု၊ သို့တည်းမဟုတ် ဂျူရီလူကြီးအဖြစ် ကျမ်းသစ္စာ မိမိမဆိုထိုက်ဟု သိသောအမှုတွင်၊ ဂျူရီလူကြီးယောင်ဆောင်၍ဖြစ်စေ၊ အခြားနည်းဖြစ်စေ ဂျူရီလူကြီးစာရင်းတွင် ရေးမှတ်ခြင်းခံစေရန်၊ သို့တည်းမဟုတ် ဂျူရီလူကြီးအဖြစ် တင်မြှောက်ခြင်းခံရစေရန်၊ သို့တည်းမဟုတ် ဂျူရီလူကြီးအဖြစ် ကျမ်းသစ္စာဆိုနိုင်ရန် တမင်ပြုလျှင်၊ သို့တည်းမဟုတ် သိလျက်နှင့် ထိုသို့အပြုခံလျှင်၊ သို့တည်းမဟုတ် ဥပဒေနှင့်ဆန့်ကျင်၍ ဂျူရီလူကြီးစာရင်း၌ ရေးမှတ်ခြင်း မိမိခံရပြီးသည်ကို၊ သို့တည်းမဟုတ် ဂျူရီလူကြီးအဖြစ် တင်မြှောက်ခြင်း မိမိခံရပြီးသည်ကို၊ သို့တည်းမဟုတ် အဆိုပါ ဂျူရီလူကြီးအဖြစ်ဖြင့် ကျမ်းသစ္စာ မိမိဆိုပြီးသည်ကို သိလျက်နှင့် အဆိုပါ ဂျူရီလူကြီးအဖြစ်ဖြင့် မိမိအလို

http://www.cherrythitsar.org



အလျောက်ဆောင်ရွက်လျှင်၊ ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တရားခံသည် ဂျူရီလူကြီးစာရင်း၌ ရေးမှတ်ခံရခြင်း၊ ဂျူရီလူကြီးအဖြစ် တင်မြှောက်ခံရခြင်း၊ ဂျူရီလူကြီးအဖြစ် ကျမ်းသစ္စာဆိုခဲ့ခြင်း။

၂။ ဥပဒေအရ ထိုကဲ့သို့ ရေးမှတ်ခံရရန်၊ တင်မြှောက်ခံရရန်၊ ကျမ်းသစ္စာဆိုခဲ့ရန် မဟုတ်ခြင်း။

၃။ ယင်းသို့မဟုတ်ခြင်းကို တရားခံသိခြင်း။

၄။ ထိုသို့ သိပါလျက် တရားခံသည် အယောင်ဆောင်၍သော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်းပြုခြင်း။

၅။ ထိုသို့ ပြုသည်မှာ တမင်ဖြစ်ခြင်း။

သို့မဟုတ်

၁။ ပထမပိုင်း အင်္ဂါရပ် ၁ ၊ ၂ နှင့် ၃။

၂။ သိလျက်နှင့် တရားခံသည်ဂျူရီလူကြီးအဖြစ် အလိုအလျောက်ဆောင်ရွက်ခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၂၉ | ဂျူရီလူကြီးသို့မဟုတ်အဆက်ဆာလူကြီး တစ်ဦးယောင်ဆောင်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | သမ္မာန်စာ | အာမခံ ပေးရမည် | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ဒဏ် နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

http://www.cherrythitsar.org



## အခန်း-၁၂
## ဒင်္ဂါးမှစ၍ အစိုးရတံဆိပ်ခေါင်းများနှင့်သက်ဆိုင်သောပြစ်မှုများ

**ဒင်္ဂါးဟူသော စကား၏အဓိပ္ပါယ်ဖော်ပြချက်။** **"Coin" defined.**
**ပြည်ထောင်စုနိုင်ငံတော်ဒင်္ဂါး။** **Coin of Union.**
**(ပုဒ်မ ၂၃၀)** **(Section 230)**

**ဥပဒေပြဋ္ဌာန်းချက်**

"ဒင်္ဂါး" ဆိုသည်မှာ၊ ကြေးငွေအဖြစ်ဖြင့်၊ အခါကာလအားလျော်စွာ သုံးစွဲစေရန်၊ နိုင်ငံတော်အစိုးရ၏၊ သို့တည်းမဟုတ် အချုပ်အချာအာဏာပိုင်၏ အာဏာဖြင့် တံဆိပ်ခတ်နှိပ်ထုတ်ပေးသော ရွှေ၊ ငွေ၊ ကြေး စသော သတ္တုဖြစ်သည်။

ပြည်ထောင်စုနိုင်ငံတော်ဒင်္ဂါးဆိုသည်မှာ၊ ကြေးငွေအဖြစ် သုံးစွဲစေရန်၊ နိုင်ငံတော်အစိုးရ၏ အာဏာဖြင့် တံဆိပ်ခတ်နှိပ်သော၊ သို့တည်းမဟုတ် ထုတ်ပေးသော ရွှေ၊ ငွေ၊ ကြေး စသော သတ္တုဖြစ်သည်။ ထိုသို့ တံဆိပ်ခတ်နှိပ်သော၊ သို့တည်းမဟုတ် ထုတ်ပေးသော သတ္တုသည် ကြေးငွေအဖြစ် သုံးစွဲခြင်းမှ ရပ်စဲပြီးဖြစ်စေကာမူ၊ ဤအခန်းပါ ကိစ္စအလို့ငှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဒင်္ဂါး အဖြစ်ဖြင့် ဆက်လက်တည်ရှိစေရမည်။

**ဥပမာများ။**

(က) ကြွေစေ့များသည် ဒင်္ဂါးမဟုတ်။
(ခ) တံဆိပ်ခတ်နှိပ်ထားခြင်းမရှိသော ကြေးနီ အတုံးအခဲများသည် ကြေးငွေအဖြစ်ဖြင့် သုံးစွဲစေကာမူ၊ ဒင်္ဂါးမဟုတ်။
(ဂ) ဆုတံဆိပ်များသည် ကြေးငွေအဖြစ်ဖြင့် သုံးစွဲရန် ရည်ရွယ်ရင်းမရှိသောကြောင့် ဒင်္ဂါးမဟုတ်။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၃၀ | ဒင်္ဂါးကို အတုပြုမှု၊သို့မဟုတ် ဒင်္ဂါးအတုပြုရာတွင်ပါဝင်သည့်ပြစ်မှုတစ်ခုခုကိုပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံ မပေးနိုင် | ကျေအေးခွင့် မရှိ။ | ရနှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ |

http://www.cherrythitsar.org



ဒင်္ဂါးကိုအတုပြုခြင်း။ Counterfeiting coin.
(ပုဒ်မ ၂၃၁) (Section 231)

**ဥပဒေပွင့်ဆိုချက်**

မည်သူမဆို၊ ဒင်္ဂါးကိုအတုပြုလျှင်၊ သို့တည်းမဟုတ် ထိုသို့အတုပြုရာတွင် ပါဝင်သည့်ပြစ်မှုတစ်ခုခုကို သိလျက်နှင့်ပြုလျှင်၊ ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**ရှင်းလင်းချက်။** တစ်ဦးတစ်ယောက်သောသူသည် လှည့်ဖြားရန် အကြံနှင့်သော် လည်းကောင်း၊ လှည့်ဖြားခြင်းဖြစ်တန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ဒင်္ဂါးအစစ်ကို အခြားဒင်္ဂါးတစ်မျိုးနှင့်တူအောင်ပြုလျှင်၊ ထိုသူသည် ဤပုဒ်မကို ကျူးလွန်သည် မည်၏။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ သတ္တုသည် ဒင်္ဂါးဖြစ်ခြင်း။

၂။ တရားခံသည် ထိုဒင်္ဂါးကို အတုပြုခြင်း၊ အတုပြုရာတွင်ပါဝင်သည့်ပြုမှုတစ်ခုခု ကိုပြုခြင်း။

၃။ သိလျက်နှင့်ပြုခြင်း။

**ပြည်ထောင်စုနိုင်ငံတော်ဒင်္ဂါးကိုအတုပြုခြင်း။ Counterfeiting coin of the Union.**
**(ပုဒ်မ ၂၃၂) (Section 232)**

**ဥပဒေပွင့်ဆိုချက်**

မည်သူမဆို၊ ပြည်ထောင်စုနိုင်ငံတော်ဒင်္ဂါးကို အတုပြုလျှင်၊ သို့တည်းမဟုတ် ထိုသို့အတုပြုရာတွင် ပါဝင်သည့် ပြုမှုတစ်ခုခုကို သိလျက်နှင့်ပြုလျှင်၊ ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ် ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပုဒ်မ ၂၃၁ တွင် လိုအပ်သည့်အင်္ဂါရပ်များ

၂။ အတုပြုသော ဒင်္ဂါးသည် ပြည်ထောင်စုနိုင်ငံတော်ဒင်္ဂါးဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အား ဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၃၂ | ပြည်ထောင်စုနိုင်ငံတော်၏ဒင်္ဂါးကိုအတုပြုမှု၊သို့မဟုတ်ပြည်ထောင်စုမြန်မာနိုင်ငံတော် ဒင်္ဂါးကိုအတုပြုရာတွင်ပါဝင်သည့်ပြစ်မှု တစ်ခုခုကိုပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင် | ကျေအေးခွင့် မရှိ။ | တစ်သက်တစ်ကျွန်း ဒဏ်ဖြစ်စေ၊ ၁၀နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ် | ခရိုင်တရားရုံး၊ |

http://www.cherrythitsar.org



**ဒင်္ဂါးအတုပြုသည့်ကိရိယာကိုပြုလုပ်ခြင်း၊ သို့တည်းမဟုတ် ရောင်းခြင်း။ (ပုဒ်မ ၂၃၃)**

**Making or selling instrument for counterfeiting coin. (Section 233)**

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

ဒင်္ဂါးအတုပြုမှုကိစ္စအလို့ငှာ၊ အသုံးပြုရန်ဖြစ်စေ၊ ထိုသို့အသုံးပြုရန်ကြံရွယ်သည်ကို သိလျက်နှင့်၊ သို့တည်းမဟုတ် ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ မည်သူမဆို၊ ဒင်္ဂါးသွန်းရန်ပုံကို၊ သို့တည်းမဟုတ် ကိရိယာကိုပြုလုပ်လျှင်၊ သို့တည်းမဟုတ် ပြင်ဆင်လျှင်၊ သို့တည်းမဟုတ် ထိုသို့ပြုလုပ်ခြင်းကိုဖြစ်စေ၊ ပြင်ဆင်ခြင်းကိုဖြစ်စေ ပြုရာတွင်ပါဝင်သည့် ပြုမှုတစ်ခုခုကိုသော်လည်းကောင်း၊ ပြင်ဆင်မှုတစ်ခုခုကိုသော်လည်းကောင်းပြုလျှင်၊ သို့တည်းမဟုတ် ဒင်္ဂါးသွန်းရန်ပုံကိုဖြစ်စေ၊ ကိရိယာကိုဖြစ်စေ ဝယ်ယူခြင်းကိုသော် လည်းကောင်း၊ ရောင်းခြင်းကိုသော်လည်းကောင်း၊ စီမံခန့်ခွဲခြင်းကိုသော်လည်းကောင်းပြုလျှင်၊ ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တရားခံသည် ဒင်္ဂါးသွန်းပုံ၊ ကိရိယာကိုပြုလုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြုလုပ်ပြင်ဆင်ခြင်းပြုရာတွင် ပါဝင်သည့်ပြစ်မှုတစ်ခုခုကိုပြုခြင်း၊ ဝယ်ခြင်း၊ ရောင်းခြင်း၊ စီမံခန့်ခွဲခြင်း။

၂။ ထိုသို့ပြုခြင်းမှာ ဒင်္ဂါးအတုပြုမှု ကိစ္စအလို့ငှာ အသုံးပြုရန်ဖြစ်သည်ဟုသိလျက်နှင့် အသုံးပြုရန်ကြံရွယ်သည်ကို သိလျက်နှင့် ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်ခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့်ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၃၃ | ဒင်္ဂါးအတုပြုမှုကိစ္စအလို့ငှာ ကိရိယာကို ပြုလုပ်မှု၊ ဝယ်ယူမှု၊ သို့မဟုတ် ရောင်းချမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံမပေးနိုင် | ကျေအေးခွင့်မရှိ။ | ၃နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးအပြင် ငွေဒဏ် | စက်ရှင်တရားရုံး၊ သို့မဟုတ်ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီး |

http://www.cherrythitsar.org



**ပြည်ထောင်စုနိုင်ငံတော်ဒင်္ဂါးအတုပြုသည့်ကိရိယာကိုပြုလုပ်ခြင်း၊ သို့တည်းမဟုတ် ရောင်းခြင်း။ (ပုဒ်မ ၂၃၄)**

**Making or selling instrument for counterfeiting coin of the Union. (Section 234)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

ပြည်ထောင်စုနိုင်ငံတော်ဒင်္ဂါးအတုပြုမှုကိစ္စအလို့ငှာ အသုံးပြုရန်ဖြစ်စေ၊ ထိုသို့ အသုံးပြုရန်ကြံရွယ်သည်ကိုသိလျက်နှင့် သို့တည်းမဟုတ် ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ မည်သူမဆို၊ ဒင်္ဂါးသွန်းရန်ပုံကို၊ သို့တည်းမဟုတ် ကိရိယာကိုပြုလုပ်လျှင်၊ သို့တည်းမဟုတ် ပြင်ဆင်လျှင်၊ သို့တည်းမဟုတ် ထိုသို့ပြုလုပ်ခြင်းကိုဖြစ်စေ၊ ပြင်ဆင်ခြင်းကိုဖြစ်စေ ပြုရာတွင် ပါဝင်သည့်ပြုမှု တစ်ခုခုကိုသော်လည်းကောင်း၊ ပြင်ဆင်မှုတစ်ခုခုကိုသော်လည်းကောင်းပြုလျှင်၊ သို့တည်းမဟုတ် ဒင်္ဂါးသွန်းရန်ပုံကိုဖြစ်စေ၊ ကိရိယာကိုဖြစ်စေ ဝယ်ခြင်းကိုသော်လည်းကောင်း၊ ရောင်းခြင်းကိုသော်လည်းကောင်း၊ စီမံခန့်ခွဲခြင်းကိုသော်လည်းကောင်း ပြုလျှင်၊ ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>

၁။ ပုဒ်မ ၂၃၃ တွင် လိုအပ်သည့်အင်္ဂါရပ်များ။

၂။ အတုပြုမည့်ဒင်္ဂါးမှာ ပြည်ထောင်စုနိုင်ငံတော်ဒင်္ဂါးဖြစ်ခြင်း။

<u>ကျဉ်းချုပ်</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့်ရှိမရှိ | ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၃၄ | ပြည်ထောင်စုနိုင်ငံတော်ဒင်္ဂါးကိုအတုပြုမှုကိစ္စအလို့ငှာ ကိရိယာကိုပြုလုပ်မှု၊ဝယ်ယူမှု၊ သို့မဟုတ် ရောင်းချမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင် | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ |

**ဒင်္ဂါးအတုပြုမှုအတွက်သုံးစွဲရန်အလို့ငှာ၊ ကိရိယာကိုဖြစ်စေ၊ ဝတ္ထုပစ္စည်းကိုဖြစ်စေ လက်ရှိထားခြင်း။ (ပုဒ်မ ၂၃၅)**

**Possession of instrument or material for the purpose of using the same for counterfeiting coin; if coin of the Union. (Section 235)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

ဒင်္ဂါးအတုပြုမှုအတွက် သုံးစွဲရန်အလို့ငှာဖြစ်စေ၊ ထိုသို့ သုံးစွဲရန်ကြံရွယ်ကြောင်း သိလျက်နှင့်၊ သို့တည်းမဟုတ် ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ မည်သူမဆို၊

http://www.cherrythitsar.org



ဒင်္ဂါးသွန်းရန်ကိရိယာကို၊ သို့တည်းမဟုတ် ဝတ္ထုပစ္စည်းကို လက်ရှိထားလျှင်၊ ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ထို့ပြင် အတုပြုလုပ်မည့် ဒင်္ဂါးသည် ပြည်ထောင်စုနိုင်ငံတော်ဒင်္ဂါးဖြစ်လျှင်၊ ထိုသူကို ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ကိရိယာ၊ သို့မဟုတ် ဝတ္ထုပစ္စည်းကို လက်ရှိထားခြင်း။

၂။ ထိုကိရိယာ၊ သို့မဟုတ် ဝတ္ထုပစ္စည်းသည် ဒင်္ဂါး၊ ပြည်ထောင်စုဒင်္ဂါးပြုမှုအတွက် သုံးစွဲရန်အတွက်ဖြစ်ခြင်း၊ ထိုကဲ့သို့ သုံးစွဲရန် ကြံရွယ်ကြောင်းကို တရားခံ သိခြင်း၊ ယုံကြည်ရန်အကြောင်းရှိခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အား ဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၃၅ | ဒင်္ဂါးအတုပြုမှုအတွက် သုံးစွဲရန်အလို့ငှာ ကိရိယာကိုဖြစ်စေ၊ ဝတ္ထုပစ္စည်းကိုဖြစ်စေ၊ လက်ရှိထားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင် | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ သို့မဟုတ်ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |
| | ပြည်ထောင်စုနိုင်ငံတော်ဒင်္ဂါးဖြစ်လျှင်။ | ၎င်း | ၎င်း | ၎င်း | ၎င်း | ၁၀နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး။ |

**ပြည်ထောင်စုနိုင်ငံတော်အပတွင် ဒင်္ဂါးအတုပြုသည်ကို နိုင်ငံတော်အတွင်းကနေ၍ အားပေးကူညီခြင်း။ (ပုဒ်မ ၂၃၆)**

**Abetting in the Union of Myanmar the counterfeiting out of the Union of Myanmar of coin. (Section 236)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို ပြည်ထောင်စုနိုင်ငံတော်အပတွင် ဒင်္ဂါးအတုပြုသည်ကို နိုင်ငံတော်အတွင်းကနေ၍ အားပေးကူညီလျှင်၊ ထိုသူအား နိုင်ငံတော်အတွင်း၌ ဒင်္ဂါးအတုပြုသည်ကို အားပေးကူညီဘိသကဲ့သို့ ထပ်တူထပ်မျှ ပြစ်ဒဏ်ချမှတ်ရမည်။

http://www.cherrythitsar.org



**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် အားပေးကူညီခြင်း။

၂။ ဒင်္ဂါးအတုပြုရန် အားပေးကူညီသည်ဖြစ်ခြင်း။

၃။ ပြည်ထောင်စုနိုင်ငံတော်ပြင်ပတွင် ဒင်္ဂါးအတုပြုရန်ဖြစ်ခြင်း။

၄။ အားပေးကူညီစဉ်က တရားခံသည် ပြည်ထောင်စုနိုင်ငံတော်အတွင်း နေထိုင်လျက်ရှိခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့်ရှိမရှိ | ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၃၆ | ပြည်ထောင်စုမြန်မာနိုင်ငံတော်အပတွင် ဒင်္ဂါးအတုပြုသည်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းတနေ၍အားပေးကူညီမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံမပေးနိုင် | ကျေအေးခွင့်မရှိ။ | ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ အဆိုပါဒင်္ဂါးအတုပြုသည်ကို အားပေးခြင်းအတွက်ပြဋ္ဌာန်းထားသောပြစ်ဒဏ်အတိုင်း။ | စက်ရှင်တရားရုံး။ |

**ဒင်္ဂါးအတုကို နိုင်ငံတော်အတွင်းသို့သွင်းခြင်း၊ သို့တည်းမဟုတ် အပသို့ ထုတ်ခြင်း။ (ပုဒ်မ ၂၃၇)**

**Import or export of counterfeit coin. (Section 237)**

**ဥပဒေပြဋ္ဌာန်းချက်**

ဒင်္ဂါးအတုဖြစ်ကြောင်းကို သိလျက်နှင့်၊ သို့တည်းမဟုတ် ယုံကြည်ရန်အကြောင်းရှိလျက်နှင့် မည်သူမဆို၊ ထိုဒင်္ဂါးအတုကို ပြည်ထောင်စုနိုင်ငံတော်အတွင်းသို့သွင်းလျှင်၊ သို့တည်းမဟုတ် အပသို့ထုတ်လျှင်၊ ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ဒင်္ဂါးကို ပြည်ထောင်စုနိုင်ငံတော်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့ ထုတ်ခြင်း။

၂။ ထိုဒင်္ဂါးသည် အတုဖြစ်ခြင်း။

၃။ အတုဖြစ်ကြောင်း တရားခံသိခြင်း၊ ယုံကြည်ရန်အကြောင်းရှိခြင်း။

http://www.cherrythitsar.org



ကျင့်ထုံး

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၃၇ | အတုဖြစ်ကြောင်းသိလျက်နှင့်ဒင်္ဂါးအတုကို နိုင်ငံတော်အတွင်းသို့သွင်းမှု သို့မဟုတ် နိုင်ငံတော်အပသို့ထုတ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင် | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ သို့မဟုတ်ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

## ပြည်ထောင်စုနိုင်ငံတော်ဒင်္ဂါးအတုကို နိုင်ငံတော်အတွင်းသို့သွင်းခြင်း၊ သို့တည်းမဟုတ် အပသို့ထုတ်ခြင်း။ (ပုဒ်မ ၂၃၈)

## Import or export of counterfeits of the coin of the Union. (Section 238)

ဥပဒေပြဋ္ဌာန်းချက်

ပြည်ထောင်စုနိုင်ငံတော် ဒင်္ဂါးအတုဖြစ်ကြောင်းကို သိလျက်နှင့်၊ သို့တည်းမဟုတ် ယုံကြည်ရန်အကြောင်းရှိလျက်နှင့် မည်သူမဆို၊ ထိုဒင်္ဂါးအတုကို ပြည်ထောင်စုနိုင်ငံတော်အတွင်းသို့သွင်းလျှင်၊ သို့တည်းမဟုတ် အပသို့ထုတ်လျှင်၊ ထိုသူကို ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

အကျုံးဝင်သည့် အင်္ဂါရပ်များ

၁။ ပုဒ်မ ၂၃၇ ပါ အတိုင်းဖြစ်ခြင်း။

၂။ ဒင်္ဂါးသည် ပြည်ထောင်စုနိုင်ငံတော်ဒင်္ဂါးဖြစ်ခြင်း။

ကျင့်ထုံး

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၃၈ | အတုဖြစ်ကြောင်းသိလျက်နှင့်ပြည်ထောင်စု နိုင်ငံတော်ဒင်္ဂါးအတုများကိုပြည်ထောင်စု နိုင်ငံတော်အတွင်းသို့သွင်းမှု၊ သို့မဟုတ် ပြည်ထောင်စုနိုင်ငံတော်အပသို့ထုတ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင် | ကျေအေးခွင့် မရှိ။ | တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊၁၀နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး။ |

http://www.cherrythitsar.org



## လက်ရှိရထားသောဒင်္ဂါးသည် ဒင်္ဂါးအတုဖြစ်မှန်း သိလျက်နှင့် ထိုဒင်္ဂါးကို ပေးအပ်ခြင်း။ (ပုဒ်မ ၂၃၉)

## Delivery of coin, possessed with knowledge that it is counterfeit. (Section 239)

**ဥပဒေပြဋ္ဌာန်းချက်**

လက်ရှိရထားသော ဒင်္ဂါးအတုသည် လက်ဝယ်ရစဉ်အခါက ဒင်္ဂါးအတုဖြစ်မှန်း သိလျက်နှင့် မည်သူမဆို၊ လိမ်လည်လှည့်ဖြားလိုသော သဘောနှင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားမှုကို ကျူးလွန်ရန်အကြံနှင့်ဖြစ်စေ၊ ထိုဒင်္ဂါးအတုကို သူတစ်ပါးသို့ ပေးအပ်လျှင်၊ သို့တည်းမဟုတ် သူတစ်ပါးအား လက်ခံအောင်သွေးဆောင်ရန် အားထုတ်လျှင်၊ ထိုသူကို ငါးနှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ဒင်္ဂါးကို လက်ဝယ်ရှိခြင်း။
၂။ ထိုဒင်္ဂါးသည် အတုဖြစ်ခြင်း။
၃။ အတုဖြစ်မှန်း တရားခံသိခြင်း
၄။ တရားခံက ထိုဒင်္ဂါးကို သူတစ်ပါးသို့ပေးအပ်ခြင်း၊ သူတစ်ပါးအား လက်ခံအောင် သွေးဆောင်ရန် အားထုတ်ခြင်း။
၅။ ထိုသို့ပြုခြင်းသည် လိမ်လည်လှည့်ဖြားလိုသောသဘော၊ လိမ်လည်လှည့်ဖြားမှုကို ကျူးလွန်ရန် အကြံနှင့်ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သမာန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၃၉ | လက်ဝယ်ရစဉ်အခါက ဒင်္ဂါးအတုဖြစ်မှန်း သိလျက်နှင့်ဒင်္ဂါးအတုတစ်ခုခုကို လက်ရှိထားပြီး၊ ထိုဒင်္ဂါးအတုကို သူတစ်ပါးသို့ ပေးအပ်မှု အစရှိသည်။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင် | ကျေအေးခွင့် မရှိ။ | ၅နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ သို့မဟုတ်ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

http://www.cherrythitsar.org



**လက်ရှိရထားသောဒင်္ဂါးသည် ပြည်ထောင်စုနိုင်ငံတော်ဒင်္ဂါးအတုဖြစ်မှန်းသိလျက်နှင့် ထိုဒင်္ဂါးကို ပေးအပ်ခြင်း။ (ပုဒ်မ ၂၄၀)**

**Delivery of coin of the Union, possessed with knowledge that it is counterfeit. (Section 240)**

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

ပြည်ထောင်စုနိုင်ငံတော်ဒင်္ဂါးအတုလည်းဖြစ်၍ လက်ရှိရထားသည်လည်းဖြစ်သော ဒင်္ဂါးအတုသည် လက်ဝယ်ရစဉ်အခါက ပြည်ထောင်စုနိုင်ငံတော်ဒင်္ဂါးအတုဖြစ်မှန်းသိလျက်နှင့် မည်သူမဆို၊ လိမ်လည်လှည့်ဖြားလိုသော သဘောနှင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားမှုကို ကျူးလွန်ရန်အကြံနှင့်ဖြစ်စေ ထိုဒင်္ဂါးအတုကို သူတစ်ပါးသို့ ကျူးလွန်ရန်အကြံနှင့်ဖြစ်စေ၊ ထိုဒင်္ဂါးအတုကို သူတစ်ပါးသို့ပေးအပ်လျှင်၊ သို့တည်းမဟုတ် သူတစ်ပါးအား လက်ခံအောင် သွေးဆောင်ရန်အားထုတ်လျှင်၊ ထိုသူကို ဆယ်နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ ပုဒ်မ ၂၃၉ တွင် လိုအပ်သည့်အင်္ဂါရပ်များ။

၂။ ဒင်္ဂါးအတုသည် ပြည်ထောင်စုနိုင်ငံတော်ဒင်္ဂါးအတုဖြစ်ခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၄၀ | လက်ရှိရထားသောဒင်္ဂါးသည်ပြည်ထောင်စုနိုင်ငံတော်ဒင်္ဂါးအတုဖြစ်မှန်းသိလျက်နှင့် ထိုဒင်္ဂါးအတုတစ်ခုခုကိုလက်ရှိရထားပြီး၊ ထိုဒင်္ဂါးအတုကို သူတစ်ပါးသို့ပေးအပ်မှုအစရှိသည်။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင် | ကျေအေးခွင့် မရှိ။ | ၁၀နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ သို့မဟုတ်ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီး |

http://www.cherrythitsar.org



**ပဋ္ဌမ လက်ဝယ်ရစဉ်က ဒင်္ဂါးအတုဖြစ်မှန်း မသိသော ဒင်္ဂါးကို ဒင်္ဂါးအစစ်အနေနှင့် ပေးအပ်ခြင်း။ (ပုဒ်မ ၂၄၁)**

**Delivery of coin as genuine, which, when first possessed, the deliver did not know to be counterfeit. (Section 241)**

**ဥပဒေပုဒ်မဆိုချက်**

မည်သူမဆို၊ ဒင်္ဂါးအတုကို ပထမလက်ဝယ်ရစဉ်က ဒင်္ဂါးအတုဖြစ်မှန်းမသိစေကာမူ နောင်အခါတွင် ဒင်္ဂါးအတုမှန်းသိလျက်နှင့် ဒင်္ဂါးအစစ်အနေဖြင့် သူတစ်ပါးသို့ ပေးအပ်လျှင်၊ သို့တည်းမဟုတ် ဒင်္ဂါးအစစ်အနေနှင့် လက်ခံအောင် သူတစ်ပါးအား သွေးဆောင်ရန် အားထုတ်လျှင်၊ ထိုသူကို နှစ်နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ အတုပြုခြင်းခံရသော ဒင်္ဂါးအစစ်တန်ဖိုး ဆယ်ဆထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ဥပမာ။**

ဒင်္ဂါးလုပ်သူ မောင်ဖြူသည် ကျပ်သုံးဒင်္ဂါးအတုများကို ဖြန့်ချိသုံးစွဲစေရန်အလို့ငှာ ကျူးလွန်ဘက်ဖြစ်သူ မောင်မဲအား ပေးအပ်၏။ မောင်မဲသည် ထိုဒင်္ဂါးအတုများကို အခြားဖြန့်ချိသုံးစွဲသူ မောင်နီသို့ ရောင်းလိုက်၏။ မောင်နီသည် ထိုဒင်္ဂါးအတုများကို ဒင်္ဂါးအတုဖြစ်မှန်းသိလျက်နှင့်ဝယ်၏။ မောင်နီသည် ကုန်ဖိုးငွေအတွက် မောင်ညိုအား ထိုဒင်္ဂါးအတုများကိုပေး၏။ မောင်ညိုသည် ဒင်္ဂါးအတုဖြစ်မှန်းမသိသဖြင့်၊ ထိုဒင်္ဂါးအတုများကို လက်ခံလိုက်သည်။ ထို့နောက် နောင်အခါတွင် ဒင်္ဂါးအတုမှန်း သိလာ၍၊ ထိုဒင်္ဂါးအတုများကို ဒင်္ဂါးအစစ်အနေနှင့် သူတစ်ပါးသို့ပေးအပ်၏။ မောင်ညိုသည် ဤပုဒ်မအရ ပြစ်ဒဏ်ချမှတ်ခြင်းခံထိုက်သည်။ မောင်မဲနှင့်မောင်နီတို့မှာမူကား အကြောင်းအားလျော်စွာ ပုဒ်မ ၂၃၉ အရဖြစ်စေ၊ ပုဒ်မ ၂၄၀ အရဖြစ်စေ ပြစ်ဒဏ်ချမှတ်ခြင်းခံထိုက်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် သူတစ်ပါးအား ဒင်္ဂါးကိုပေးအပ်ခြင်း၊ လက်ခံအောင် သွေးဆောင်ရန် အားထုတ်ခြင်း။

၂။ ထိုဒင်္ဂါးသည် အတုဖြစ်ခြင်း။

၃။ ဒင်္ဂါးအစစ်အနေဖြင့်ပေးအပ်ခြင်း၊ လက်ခံအောင် သွေးဆောင်ရန်အားထုတ်ခြင်း။

၄။ ထိုစဉ်က တရားခံသည် ဒင်္ဂါးအတုဖြစ်ကြောင်းသိခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၄၁ | ပထမလက်ဝယ်ရစဉ်က ဒင်္ဂါးတုဖြစ်မှန်း သိလျက်နှင့် ဒင်္ဂါးအစစ်အနေဖြင့် သူတစ်ပါးသို့ ပေးအပ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင် | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ အတုပြုခြင်းခံရသော ဒင်္ဂါးအစစ်တန်ဖိုး၏ တစ်ဆယ်ဆအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်းသို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



<u>**စီရင်ထုံး**</u>

၁။ ဒင်္ဂါးအတုမှန်းသိလျက်နှင့် အစစ်အနေဖြင့် အသုံးပြုခြင်း၊ ပေးအပ်ခြင်းပြုမှသာ ပြစ်မှုမြောက်သည်။ အတုမှန်းသိမသိ ဆိုသောပြဿနာမှ ကြောင်းခြင်းရာပြဿနာဖြစ်သည်။ တရားခံက ဒင်္ဂါးအတုကို အကြွေလဲပေးရန် လူတစ်ဦးအား ပေးရာ ထိုသူက ဒင်္ဂါးအတုဖြစ်၍ လဲပေးရန်ငြင်းဆိုရာ တရားခံသည် အခြားသူတစ်ဦးထံသို့သွားရောက်ကာ လဲပြန်သည့်ကိစ္စတွင် တရားခံသည် အတုမှန်းသိလျက်နှင့် အစစ်အနေနှင့် အသုံးပြုသည်ဟု ယူဆနိုင်မည်ဖြစ်သည်။

*[အီဗရာဟင်နှင့်အစိုးရ၊ အတွဲ-၄ ဘားမားလောတိုင်း ၉]*

**လက်ဝယ်ရစဉ်က ဒင်္ဂါးအတုမှန်းသိလျက်နှင့် လက်ရှိထားခြင်း။ (ပုဒ်မ ၂၄၂)**

**Possession of counterfeit coin by person who knew it to be counterfeit when he became possessed thereof. (Section 242)**

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

လက်ဝယ်ရစဉ်က ဒင်္ဂါးအတုမှန်းသိလျက်နှင့် မည်သူမဆို၊ လိမ်လည်လှည့်ဖြားလိုသောသဘောနှင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားမှုကို ကျူးလွန်ရန်အကြံနှင့်ဖြစ်စေ၊ ထိုဒင်္ဂါးတုကို လက်ရှိထားလျှင်၊ ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

<u>**အကျုံးဝင်သည့် အင်္ဂါရပ်များ**</u>

၁။ တရားခံသည် ဒင်္ဂါးကို လက်ရှိထားခြင်း။

၂။ ထိုဒင်္ဂါးသည် အတုဖြစ်ခြင်း။

၃။ ယင်းဒင်္ဂါးကို လိမ်လည်လှည့်ဖြားလိုသောသဘော၊ လိမ်လည်လှည့်ဖြားမှုကို ကျူးလွန်ရန်အကြံနှင့် လက်ရှိထားခြင်း။

၄။ တရားခံသည် ထိုဒင်္ဂါးကို လက်ဝယ်ရရှိစဉ်က အတုမှန်းသိခြင်း။

<u>**ကျင့်ထုံး**</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မန်စာကို ပထမဦးစွာထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့်ရှိမရှိ | ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၄၂ | လက်ဝယ်ရစဉ်က ဒင်္ဂါးတုဖြစ်မှန်းသိလျက်နှင့် လူတစ်ဦးက ထိုဒင်္ဂါးအတုကို လက်ရှိထားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံမပေးနိုင် | ကျေအေးခွင့်မရှိ။ | ၃နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ သို့မဟုတ်ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီး |

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ ဒင်္ဂါးအတုကို လက်ရှိထားရုံဖြင့် ပြစ်မှုမမြောက်၊ ဒင်္ဂါးအတုကို လက်ဝယ်ရရှိစဉ်က ဒင်္ဂါးအတုမှန်းသိရမည်ဖြစ်သည့်ပြင် ထိုဒင်္ဂါးအတုကို လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် လက်ရှိထားမှသာ ဤပုဒ်မနှင့်ငြိစွန်းသည်၊ တရားခံသည် ဒင်္ဂါးအတုကို လက်ဝယ်ရရှိစဉ်က အတုမှန်းသိသော်လည်း၊ လိမ်လည်လှည့်ဖြားလိုသောသဘောနှင့် လက်ရှိထားခြင်းမဟုတ်ဘဲ၊ အထူးအဆန်းအနေဖြင့် သိမ်းဆည်းထားခြင်းဖြစ်ပါက ဤပုဒ်မဖြင့် အရေးမယူနိုင်၊ အလားတူ တရားခံသည် ဒင်္ဂါးအတုကို လက်ဝယ်ရရှိစဉ်က အတုမှန်းမသိဘဲ နောင်မှသိရပြီးနောက် လိမ်လည်လှည့်ဖြားရန်သဘောဖြင့် လက်ရှိထားခြင်းဖြစ်လျှင် ဤပုဒ်မအရသော်လည်းကောင်း၊ ပုဒ်မ ၂၄၃ အရသော်လည်းကောင်း၊ အကျုံးမဝင်ဘဲ ပုဒ်မ ၂၄၁ အရ အရေးယူနိုင်မည်ဖြစ်သည်။

*[အီဗရာဟင်နှင့်အစိုးရ၊ အတွဲ-၄ ဘားမားလောတိုင်း ၉ ]*

၂။ ဒင်္ဂါးအတုဖြစ်ကြောင်း ပါရဂူအားတင်ပြရမည်။ လက်ဝယ်ရရှိစဉ်က အတုဖြစ်ကြောင်းသိသည့်အပြင်၊ လိမ်လည်လှည့်ဖြားရန်သဘောနှင့် လက်ရှိထားကြောင်း သက်သေခံချက်ရှိမှ ဤပုဒ်မနှင့်ငြိစွန်းသည်။

*[ပြည်ထောင်စုနှင့်မောင်ညို၊ ၁၉၅၄ မြန်မာပြည်စီရင်ထုံး ၃၆ (လွှတ်တော်)]*

**လက်ဝယ်ရစဉ်က၊ ပြည်ထောင်စုနိုင်ငံတော်ဒင်္ဂါးအတုမှန်းသိလျက်နှင့် လက်ရှိထားခြင်း။ (ပုဒ်မ ၂၄၃)**

**Possession of coin of the Union by person who knew it to be counterfeit when he became possessed thereof. (Section 243)**

**ဥပဒေပြဋ္ဌာန်းချက်**

လက်ဝယ်ရစဉ်က ပြည်ထောင်စုနိုင်ငံတော်ဒင်္ဂါးအတုမှန်းသိလျက်နှင့် မည်သူမဆို၊ လိမ်လည်လှည့်ဖြားလိုသောသဘောနှင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားမှုကို ကျူးလွန်ရန်အကြံနှင့်ဖြစ်စေ၊ ထိုဒင်္ဂါးအတုကို လက်ရှိထားလျှင်၊ ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပုဒ်မ ၂၄၂ တွင် လိုအပ်သည့် အင်္ဂါရပ်များ။

၂။ ဒင်္ဂါးသည် ပြည်ထောင်စုနိုင်ငံတော်ဒင်္ဂါးဖြစ်ခြင်း။

<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အား ဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၄၃ | လတ်ဝယ်ရစဉ်က ပြည်ထောင်စုနိုင်ငံတော် ဒင်္ဂါးအတုမှန်းသိလျက်နှင့်လူတစ်ဦးက ထိုဒင်္ဂါးအတုကို လက်ရှိထားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင် | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | ခရိုင်တရားရုံး၊ သို့မဟုတ်ပထမတန်း အာဏာရရာဇဝတ် တရားသူကြီး |

**ဒင်္ဂါးစက်ရုံတွင် လုပ်ကိုင်သူက ဒင်္ဂါးကိုဥပဒေ ပြဋ္ဌာန်းထားသော အလေးချိန်မှုဖြစ်စေ၊ သတ္တုအရောအစပ်မှုဖြစ်စေ ကွဲလွဲစေခြင်း။ (ပုဒ်မ ၂၄၄)**

**Person employed in mint causing coin to be of different weight or composition from that fixed by law. (Section 244)**

<u>ဥပဒေဖွင့်ဆိုချက်</u>

မည်သူမဆို၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ တည်ထောင်သည့် ဒင်္ဂါးစက်ရုံတွင် လုပ်ကိုင်ရသူဖြစ်၍၊ ထိုဒင်္ဂါးစက်ရုံမှထုတ်သော ဒင်္ဂါးတစ်ခုခုကို ဥပဒေပြဋ္ဌာန်းထားသော အလေးချိန်မှုဖြစ်စေ၊ သတ္တုအရောအစပ်မှုဖြစ်စေ ကွဲလွဲစေရန်အကြံနှင့် ပြုလုပ်မှုတစ်ခုခုကိုပြုလျှင်၊ သို့တည်းမဟုတ် ဥပဒေနှင့်အညီ ပြုရန်တာဝန်ရှိသည်ကို ပျက်ကွက်လျှင်၊ ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>

၁။ တရားခံသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ဥပဒေနှင့်အညီတည်ထောင်ထားသော ဒင်္ဂါးစက်ရုံတွင် လုပ်ကိုင်သူဖြစ်ခြင်း။

၂။ တရားခံသည် ပြုလုပ်မှုတစ်ခုခုကိုပြုခြင်း၊ ဥပဒေနှင့်အညီပြုရန်တာဝန်ရှိသည်ကို ပျက်ကွက်ခြင်း။

၃။ ထိုသို့ပြုခြင်း၊ ပျက်ကွက်ခြင်းမှ ဒင်္ဂါးစက်ရုံမှထုတ်သောဒင်္ဂါးကို ဥပဒေပြဋ္ဌာန်းထားသော အလေးချိန်မှုဖြစ်စေ၊ သတ္တုအရောအစပ်မှုဖြစ်စေ ကွဲလွဲစေရန် အကြံနှင့်ဖြစ်ခြင်း။

http://www.cherrythitsar.org

http://www.cherrythitsar.org



<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အား ဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၄၄ | ဒင်္ဂါးစက်ရုံတွင် လုပ်ကိုင်သူက ဒင်္ဂါးကို ဥပဒေအရ ပြဋ္ဌာန်းထားသောအလေးချိန်မှ ဖြစ်စေ၊ သတ္တုအရောအစပ်မှဖြစ်စေ ကွဲလွဲစေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင် | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ |

## ဒင်္ဂါးစက်ရုံမှ ဒင်္ဂါးသွန်းကိရိယာကို၊ ဥပဒေနှင့် ဆန့်ကျင်၍ ထုတ်ယူခြင်း။ (ပုဒ်မ ၂၄၅)

## Unlawfully taking coining instrument from mint. (Section 245)

<u>ဥပဒေပြဋ္ဌာန်းချက်</u>

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဥပဒေနှင့်အညီ တည်ထောင်ထားသည့် ဒင်္ဂါးစက်ရုံမှ မည်သူမဆို၊ ဒင်္ဂါးသွန်းတန်ဆာပလာကိုဖြစ်စေ၊ ကိရိယာကိုဖြစ်စေ ဥပဒေနှင့်ဆန့်ကျင်၍ ယူထုတ်လျှင်၊ ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>

၁။ တရားခံသည် ပြန်ထောင်စုမြန်မာနိုင်ငံတွင် ဥပဒေနှင့်အညီ တည်ဆောက်ထားသည့် ဒင်္ဂါးစက်ရုံမှ ဒင်္ဂါးသွန်းတန်ဆာပလာ၊ သို့မဟုတ် ကိရိယာကို ယူထုတ်ခြင်း။

၂။ ထိုသို့ ယူထုတ်သည်မှာ ဥပဒေနှင့်ဆန့်ကျင်ခြင်း။

<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အား ဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၄၅ | ဒင်္ဂါးစက်ရုံမှ ဒင်္ဂါးသွန်းကိရိယာတစ်ခုခုကို ဥပဒေနှင့်ဆန့်ကျင်၍ ထုတ်ယူမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင် | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ |

http://www.cherrythitsar.org



**လိမ်လည်လှည့်ဖြားလိုသောသဘောနှင့်ဖြစ်စေ၊ မရိုးမဖြောင့်သောသဘောနှင့်ဖြစ်စေ ဒင်္ဂါး၏ အလေးချိန်ကိုလျှော့ပေါ့ခြင်း၊ သို့တည်းမဟုတ် သတ္တုအရောအစပ်ကိုပြောင်းလွှဲခြင်း။ (ပုဒ်မ ၂၄၆)**

**Fraudulently or dishonestly diminishing weight or altering composition of coin. (Section 246)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

မည်သူမဆို၊ လိမ်လည်လှည့်ဖြားလိုသောသဘောနှင့်ဖြစ်စေ၊ မရိုးမဖြောင့်သော သဘောနှင့်ဖြစ်စေ ဒင်္ဂါး၏အလေးချိန်လျော့အောင်၊ သို့တည်းမဟုတ် ဒင်္ဂါး၏သတ္တု အရောအစပ် ပြောင်းလွှဲအောင်ပြုလုပ်လျှင်၊ ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုး မျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**ရှင်းလင်းချက်။** တစ်ဦးတစ်ယောက်သောသူသည် ဒင်္ဂါးကိုထွင်း၍၊ ထွင်းသော နေရာတွင် တစ်ခုခုထည့်သွင်းလျှင်၊ ထိုသူသည် ဒင်္ဂါး၏ သတ္တုအရောအစပ်ကို ပြောင်းလွှဲသည်မည်၏။

<u>**အကျုံးဝင်သည့် အင်္ဂါရပ်များ**</u>

၁။ တရားခံသည် ပြုလုပ်မှုတစ်ခုကိုပြုခြင်း။

၂။ ထိုသို့ ပြုသည်မှာ ဒင်္ဂါးအတွင်းဖြစ်ခြင်း။

၃။ လိမ်လည်လှည့်ဖြားလိုသော သဘော၊ သို့မဟုတ် မရိုးမဖြောင့်သောသဘောနှင့် ဖြစ်ခြင်း။

၄။ ထိုသို့ပြုခြင်းကြောင့် ဒင်္ဂါး၏အလေးချိန် လျော့ခြင်း၊ သတ္တုအရောအစပ် ပြောင်းလဲခြင်း။

<u>**ကျင့်ထုံး**</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အား ဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၄၆ | လိမ်လည်လှည့်ဖြားလိုသောသဘောနှင့် ဒင်္ဂါးတစ်ခုခု၏အလေးချိန်ကိုလျှော့ပေါ့မှု၊ သို့မဟုတ်သတ္တုအရောအစပ်ကိုပြောင်းလွှဲမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင် | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | ခရိုင်တရားရုံး၊ သို့မဟုတ်ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



**လိမ်လည်လှည့်ဖြားလိုသော သဘောနှင့်ဖြစ်စေ၊ မရိုးမဖြောင့်သောသဘောနှင့်ဖြစ်စေ၊ ပြည်ထောင်စုနိုင်ငံတော်၏ ဒင်္ဂါးအလေးချိန်ကို လျှော့ပေါ့ခြင်း၊ သို့တည်းမဟုတ် သတ္တုအရောအစပ်ကို ပြောင်းလွှဲခြင်း။**
**(ပုဒ်မ ၂၄၇)**

**Fraudulently or dishonestly diminishing weight or altering composition of coin of the Union. (Section 247)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ လိမ်လည်လှည့်ဖြားလိုသောသဘောနှင့်ဖြစ်စေ၊ မရိုးမဖြောင့်သော သဘောနှင့်ဖြစ်စေ ပြည်ထောင်စုနိုင်ငံတော်ဒင်္ဂါး၏ အလေးချိန်လျှော့အောင်၊ သို့ တည်းမဟုတ် ဒင်္ဂါး၏ သတ္တုအရောအစပ်ပြောင်းလွှဲအောင်ပြုလျှင်၊ ထိုသူကို ခုနစ် နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပုဒ်မ ၂၄၆ တွင် လိုအပ်သည့်အင်္ဂါရပ်များ။
၂။ ဒင်္ဂါးသည် ပြည်ထောင်စုနိုင်ငံတော်ဒင်္ဂါးဖြစ်ခြင်း။

**ကျဉ်းထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အား ဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၄၇ | လိမ်လည်လှည့်ဖြားလိုသောသဘောနှင့် ပြည်ထောင်စုနိုင်ငံတော်ဒင်္ဂါးတစ်ခုခု၏ အလေးချိန်ကိုလျှော့ပေါ့မှု၊သို့မဟုတ် သတ္တုအရောအစပ်ကို ပြောင်းလွှဲမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင် | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ သို့မဟုတ်ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**အခြားအမျိုးအစားအနေနှင့် သုံးစွဲနိုင်ရန်အကြံဖြင့် ဒင်္ဂါး၏ အသွင်အပြင်ကို ပြောင်းလွှဲခြင်း။**
**(ပုဒ်မ ၂၄၈)**

**Altering appearance of coin with intent that it shall pass as coin of different description. (Section 248)**

**ဥပဒေပြဋ္ဌာန်းချက်**

ဒင်္ဂါးတစ်ခုခုကို အခြားဒင်္ဂါးအမျိုးအစားအနေနှင့် သုံးစွဲနိုင်ရန်အကြံဖြင့် မည်သူမဆို၊ ထိုဒင်္ဂါး၏အသွင်အပြင် ပြောင်းလွှဲအောင်ပြုလျှင်၊ ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

http://www.cherrythitsar.org



**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ပြုလုပ်မှုကိုပြုခြင်း။

၂။ ထိုသို့ ပြုသည်မှာ ဒင်္ဂါးတွင်ဖြစ်ခြင်း။

၃။ ယင်းသို့ပြုခြင်းကြောင့် ဒင်္ဂါး၏အသွင်အပြင်ပြောင်းလွဲခြင်း။

၄။ ယင်းသို့ပြုသည်မှာ အခြားဒင်္ဂါးအမျိုးအစားအနေဖြင့် သုံးစွဲနိုင်ရန်အကြံနှင့် ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၄၈ | အခြားအမျိုးအစားအနေနှင့်သုံးစွဲနိုင်ရန် အကြံဖြင့်ဒင်္ဂါးတစ်ခုခု၏အသွင်အပြင်ကို ပြောင်းလွဲမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင် | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ သို့မဟုတ်ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

## အခြားအမျိုးအစားအနေနှင့်သုံးစွဲရန်အကြံဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဒင်္ဂါး၏အသွင်အပြင်ကို ပြောင်းလွဲခြင်း။ (ပုဒ်မ ၂၄၉)

## Altering appearance of coin of the Union with intent that it shall pass as coin of different description. (Section 249)

**ဥပဒေပြဋ္ဌာန်းချက်**

ပြည်ထောင်စုနိုင်ငံတော် ဒင်္ဂါးတစ်ခုခုကို အခြား ဒင်္ဂါးအမျိုးအစား အနေနှင့် သုံးစွဲနိုင်ရန်အကြံဖြင့် မည်သူမဆို ထိုဒင်္ဂါး၏ အသွင်အပြင် ပြောင်းလွဲအောင်ပြုလျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပုဒ်မ ၂၄၈ တွင် လိုအပ်သည့် အင်္ဂါရပ်များ။

၂။ ဒင်္ဂါးသည် ပြည်ထောင်စုနိုင်ငံတော်ဒင်္ဂါးဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၄၉ | အခြားအမျိုးအစားအနေနှင့်သုံးစွဲနိုင်ရန် အကြံဖြင့် ပြည်ထောင်စုနိုင်ငံတော်ဒင်္ဂါး တစ်ခုခု၏အသွင်အပြင်ကိုပြောင်းလွဲမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင် | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ သို့မဟုတ်ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

http://www.cherrythitsar.org



## လက်ရှိထားသော ဒင်္ဂါးကိုပြောင်းလွဲထားကြောင်း သိလျက်နှင့် သူတစ်ပါးသို့ပေးအပ်ခြင်း။ (ပုဒ်မ ၂၅၀)

## Delivery of coin, possessed with knowledge that it is altered. (Section 250)

**ဥပဒေပြဋ္ဌာန်းချက်**

ပုဒ်မ ၂၄၆ တွင်၊ သို့တည်းမဟုတ် ပုဒ်မ ၂၄၈ တွင် ဖော်ပြပါရှိသည့်ပြစ်မှုကို ကျူးလွန်၍ ပြုထားသော ဒင်္ဂါးကို လက်ရှိထားရာ၊ လက်ဝယ်ရစဉ်က ထိုဒင်္ဂါးနှင့် စပ်လျဉ်း၍ ပြစ်မှုကျူးလွန်ပြီးကြောင်း သိလျက်နှင့် မည်သူမဆို၊ လိမ်လည်လှည့်ဖြား လိုသောသဘောနှင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားမှုကို ကျူးလွန်နိုင်စေရန်အကြံနှင့် ဖြစ်စေ ထိုဒင်္ဂါးကို သူတစ်ပါးသို့ ပေးအပ်လျှင်၊ သို့တည်းမဟုတ် သူတစ်ပါးလက်ခံ အောင် သွေးဆောင်ရန်အားထုတ်လျှင်၊ ထိုသူကို ငါးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပုဒ်မ ၂၄၆ သို့မဟုတ် ၂၄၈ တွင်ပြဋ္ဌာန်းထားသည့်ပြစ်မှုကို ကျူးလွန်၍ ပြုထားသော ဒင်္ဂါးဖြစ်ခြင်း။

၂။ တရားခံသည် ထိုဒင်္ဂါးကို လက်ရှိထားခြင်း။

၃။ ဒင်္ဂါးကို လက်ဝယ်ရစဉ်က ထိုဒင်္ဂါးနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်ပြီးကြောင်း တရားခံသိခြင်း။

၄။ တရားခံက သူတစ်ပါးပေးအပ်ခြင်း၊ သူတစ်ပါးလက်ခံအောင်သွေးဆောင်ရန် အားထုတ်ခြင်း။

၅။ ထိုသို့ပြုခြင်းမှာ လိမ်လည်လှည့်ဖြားလိုသောသဘော သို့မဟုတ် လိမ်လည် လှည့်ဖြားမှု ကျူးလွန်နိုင်စေရန် အကြံနှင့်ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အား ဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၅၀ | လက်ရှိထားသောဒင်္ဂါးကိုပြောင်းလွဲထား ကြောင်းသိလျက်နှင့်သူတစ်ပါးလက်ထဲသို့ ပေးအပ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင် | ကျေအေးခွင့် မရှိ။ | ၅နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ သို့မဟုတ်ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

http://www.cherrythitsar.org



**လက်ရှိထားသော ပြည်ထောင်စုနိုင်ငံတော်ဒင်္ဂါးကို ပြောင်းလွဲထားကြောင်းသိလျက်နှင့် သူတစ်ပါးသို့ ပေးအပ်ခြင်း။**
**(ပုဒ်မ ၂၅၁)**

**Delivery of coin of the Union, possessed with knowledge that it is altered.**
**(Section 251)**

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

ပုဒ်မ ၂၄၇ တွင်၊ သို့တည်းမဟုတ် ပုဒ်မ ၂၄၉ တွင် ဖော်ပြပါရှိသည့်ပြစ်မှုကို ကျူးလွန်၍ ပြုထားသော ဒင်္ဂါးကို လက်ရှိထားရာ၊ လက်ဝယ်ရစဉ်က ထိုဒင်္ဂါးနှင့် စပ်လျဉ်း၍ ပြစ်မှုကျူးလွန်ပြီးကြောင်း သိလျက်နှင့် မည်သူမဆို၊ လိမ်လည်လှည့်ဖြား လိုသောသဘောနှင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားမှုကို ကျူးလွန်နိုင်စေရန်အကြံနှင့် ဖြစ်စေ ထိုဒင်္ဂါးကို သူတစ်ပါးသို့ ပေးအပ်လျှင်၊ သို့တည်းမဟုတ် သူတစ်ပါးလက်ခံ အောင် သွေးဆောင်ရန်အားထုတ်လျှင်၊ ထိုသူကို ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

<u>**အကျုံးဝင်သည့် အင်္ဂါရပ်များ**</u>

၁။ ပုဒ်မ ၂၅၀ တွင် လိုအပ်သည့်အင်္ဂါရပ်များ။

၂။ ဒင်္ဂါးသည် ပြည်ထောင်စုနိုင်ငံတော်ဒင်္ဂါးဖြစ်ခြင်း။

<u>**ကျဉ်းချုပ်**</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့်ရှိမရှိ | ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၅၁ | လက်ရှိထားသောပြည်ထောင်စုနိုင်ငံတော် ဒင်္ဂါးကိုပြောင်းလွဲထားကြောင်းသိလျက်နှင့် သူတစ်ပါးသို့ ပေးအပ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံမပေးနိုင်။ | ကျေအေးခွင့်မရှိ။ | ၁၀နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ သို့မဟုတ်ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**လက်ဝယ်ရစဉ်က ပြောင်းလွဲထားသော ဒင်္ဂါးမှန်း သိလျက်နှင့် လက်ရှိထားခြင်း။**
**(ပုဒ်မ ၂၅၂)**

**Possession of coin by person who knew it to be altered when became possessed thereof.**
**(Section 252)**

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

ပုဒ်မ ၂၄၆ တွင်ဖြစ်စေ၊ သို့တည်းမဟုတ် ပုဒ်မ ၂၄၈ တွင် ဖြစ်စေ ဖော်ပြပါရှိသည့်ပြစ်မှုကို ကျူးလွန်၍ ပြုထားသော ဒင်္ဂါးကို လက်ရှိထားရာ လက်ဝယ်ရစဉ်က ထိုဒင်္ဂါးနှင့် စပ်လျဉ်း၍ ပြစ်မှုကျူးလွန်ပြီးကြောင်း သိလျက်နှင့် မည်သူမဆို၊ လိမ်လည်လှည့်ဖြား လိုသောသဘောနှင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားမှုကို ကျူးလွန်နိုင်စေရန်အကြံနှင့်ဖြစ်စေ ထိုဒင်္ဂါးကို လက်ရှိထားလျှင်၊ ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

http://www.cherrythitsar.org



**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တရားခံသည် ဒင်္ဂါးကိုလက်ရှိထားခြင်း။

၂။ ထိုဒင်္ဂါးသည် ပုဒ်မ ၂၄၆ သို့မဟုတ် ၂၄၈ တွင် ဖော်ပြပါရှိသည့် ပြစ်မှုကို ကျူးလွန်၍ ပြုထားသော ဒင်္ဂါးဖြစ်ခြင်း။

၃။ ထိုသို့ဖြစ်ကြောင်းကို တရားခံသည် လက်ဝယ်ရစဉ်ကပင် သိခြင်း။

၄။ တရားခံသည် ထိုဒင်္ဂါးကို လိမ်လည်လှည့်ဖြားလိုသောသဘော၊ လိမ်လည်လှည့်ဖြားမှုကို ကျူးလွန်နိုင်စေရန်အကြံနှင့် လက်ရှိထားသည်ဖြစ်ခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့်ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၅၂ | လက်ဝယ်ရစဉ်ကပြောင်းလွှဲထားသောဒင်္ဂါးမှန်းသိလျက်နှင့် ထိုပြောင်းလွှဲထားသော ဒင်္ဂါးကို လူတစ်ဦးကလက်ရှိထားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၃ နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | ခရိုင်တရားရုံး၊ သို့မဟုတ် ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီး |

**လက်ဝယ်ရစဉ်က ပြောင်းလွှဲထားသော ပြည်ထောင်စုနိုင်ငံတော်ဒင်္ဂါးမှန်းသိလျက်နှင့် လက်ရှိထားခြင်း။ (ပုဒ်မ ၂၅၃)**

**Possession of coin of the Union by person who knew it to be altered when became possessed thereof. (Section 253)**

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

ပုဒ်မ ၂၄၇ တွင်ဖြစ်စေ၊ သို့တည်းမဟုတ် ပုဒ်မ ၂၄၉ တွင် ဖြစ်စေ ဖော်ပြပါရှိသည့်ပြစ်မှုကိုကျူးလွန်၍ ပြုထားသောဒင်္ဂါးကို လက်ရှိထားရာ လက်ဝယ်ရစဉ်က ထိုဒင်္ဂါးနှင့် စပ်လျဉ်း၍ ပြစ်မှုကျူးလွန်ပြီးကြောင်း သိလျက်နှင့် မည်သူမဆို လိမ်လည်လှည့်ဖြား လိုသောသဘောနှင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားမှုကို ကျူးလွန်နိုင်စေရန်အကြံနှင့်ဖြစ်စေ ထိုဒင်္ဂါးကို လက်ရှိထားလျှင်၊ ထိုသူကို ငါးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ ပုဒ်မ ၂၅၂ တွင် လိုအပ်သည့် အင်္ဂါရပ်များ။

၂။ ဒင်္ဂါးသည် ပြည်ထောင်စုနိုင်ငံတော်ဒင်္ဂါးဖြစ်ခြင်း။

http://www.cherrythitsar.org



<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၅၃ | လက်ဝယ်ရစဉ်ကလွဲပြောင်းထားသော ပြည်ထောင်စုနိုင်ငံတော်ဒင်္ဂါးမှန်းသိလျက်နှင့် ထိုပြောင်းလွဲထားသောပြည်ထောင်စုနိုင်ငံတော်ဒင်္ဂါးကို လက်ရှိထားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၅နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | ခရိုင်တရားရုံး၊ သို့မဟုတ်ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**ပထမလက်ဝယ်ရစဉ်က ပြောင်းလွဲထားမှန်း မသိသောဒင်္ဂါးကို ဒင်္ဂါးအစစ်အနေနှင့် သူတစ်ပါးသို့ ပေးအပ်ခြင်း။ (ပုဒ်မ ၂၅၄)**

**Delivery of coin as genuine which, when first possessed, the deliver did not know to be altered. (Section 254)**

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

ပုဒ်မ ၂၄၆ တွင်ဖြစ်စေ၊ ပုဒ်မ ၂၄၇ တွင်ဖြစ်စေ၊ ပုဒ်မ ၂၄၉ တွင်ဖြစ်စေ ဖော်ပြပါရှိသည့်အတိုင်း တစ်ခုခုပြုပြီးဖြစ်ကြောင်း လက်ဝယ်ရစဉ်က မသိခဲ့သော်လည်း ပေးအပ်သောအခါတွင်၊ သို့တည်းမဟုတ် သွေးဆောင်ရန်အားထုတ်သောအခါတွင် ထိုသို့ပြုပြီးဖြစ်ကြောင်းသိသောဒင်္ဂါးကို မည်သူမဆို၊ ဒင်္ဂါးအစစ်အနေနှင့် သော်ငြင်း၊ မူလဒင်္ဂါးအမျိုးအစားမှ ကွဲလွဲသော အခြားဒင်္ဂါးအနေနှင့်သော်လည်းကောင်း၊ သူတစ်ပါးအားပေးအပ်လျှင်၊ သို့တည်းမဟုတ် ဒင်္ဂါးအစစ်အနေနှင့် သော်လည်းကောင်း၊ မူလဒင်္ဂါးအမျိုးအစားမှ ကွဲလွဲသောအခြားဒင်္ဂါးအနေနှင့် သော်လည်းကောင်း သူတစ်ပါးလက်ခံအောင်၊ သွေးဆောင်ရန်အားထုတ်လျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ သုံးစွဲရန်၊ သို့တည်းမဟုတ် သုံးစွဲမှုအတွက် အားထုတ်ရန် ပြောင်းလွဲခြင်းခံရသည့် ဒင်္ဂါးအစစ်၏ တန်ဖိုး ဆယ်ဆအထိ ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

<u>**အကျုံးဝင်သည့် အင်္ဂါရပ်များ**</u>

၁။ တရားခံသည် ဒင်္ဂါးကို သူတစ်ပါးအားပေးအပ်ခြင်း၊ သူတစ်ပါးလက်ခံအောင် သွေးဆောင်ရန်အားထုတ်ခြင်း။

၂။ ထိုဒင်္ဂါးသည် ပုဒ်မ ၂၄၆၊ ၂၄၇၊ ၂၄၈ သို့မဟုတ် ၂၄၉ တွင် ဖော်ပြပါရှိသည့် အတိုင်း တစ်ခုခုပြုပြီးဖြစ်သည်။

၃။ ထိုသို့ပြုပြီးဖြစ်သည်ကို တရားခံသိခြင်း။

၄။ တရားခံက ယင်းဒင်္ဂါးကို အစစ်အနေနှင့်သော်လည်းကောင်း၊ မူလဒင်္ဂါး အမျိုးအစားမှ ကွဲလွဲသောဒင်္ဂါးအနေနှင့်သော်လည်းကောင်း ပေးသည်၊ သွေးဆောင် သည်ဖြစ်ခြင်း။

http://www.cherrythitsar.org



<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အား ဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၅၄ | ပထမလက်ဝယ်ရစဉ်က ပြောင်းလွဲထား မှန်းမသိသောဒင်္ဂါးကို ဒင်္ဂါးအစစ်အနေနှင့် သူတစ်ပါးသို့ ပေးအပ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ဒင်္ဂါး၏တန်ဖိုးဆယ်ဆ ထိငွေဒဏ်ဖြစ်စေ။ | ပထမတန်း သို့မဟုတ်ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

## အစိုးရတံဆိပ်ခေါင်းကို အတုပြုခြင်း။ (ပုဒ်မ ၂၅၅)

## Counterfeiting Government stamp. (Section 255)

<u>ဥပဒေပြဋ္ဌာန်းချက်</u>

မည်သူမဆို၊ အခွန်တော်ကိစ္စအလို့ငှာ အစိုးရက ထုတ်သောတံဆိပ်ခေါင်းကို အတုပြုလျှင်၊ သို့တည်းမဟုတ် ထိုသို့ အတုပြုရာတွင် ပါဝင်သည့်ပြုမှုတစ်ခုခုကို သိလျက်နှင့်ပြုလျှင်၊ ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**ရှင်းလင်းချက်။** တစ်ဦးတစ်ယောက်သောသူသည် အမျိုးအစားတစ်ခု ဆိုင်ရာ တံဆိပ်ခေါင်းအစစ်ကို အခြားအမျိုးအစားဆိုင်ရာ တံဆိပ်ခေါင်းအစစ်နှင့် တူအောင်ပြုခြင်းဖြင့် အတုပြုလျှင်၊ ဤပြစ်မှုကို ကျူးလွန်သည်မည်၏။

<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>

၁။ တရားခံသည် တံဆိပ်ခေါင်းကို အတုပြုခြင်း၊ အတုပြုရာတွင် ပါဝင်သည့် ပြုမှုတစ်ခုခုကို သိလျက်နှင့်ပြုခြင်း။

၂။ ယင်းတံဆိပ်ခေါင်းသည် အခွန်တော်ကိစ္စအလို့ငှာ အစိုးရက ထုတ်ထားသော တံဆိပ်ခေါင်းဖြစ်ခြင်း

<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အား ဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၅၅ | အစိုးရတံဆိပ်ခေါင်းတစ်ခုကို အတုပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | တစ်သက်တစ်ကျွန်း ဒဏ်ဖြစ်စေ၊၁၀နှစ် ထိထောင်ဒဏ်တစ် မျိုးမျိုးအပြင် ငွေဒဏ်ဖြစ်စေ။ | စက်ရှင်တရားရုံး၊ |

http://www.cherrythitsar.org



**အစိုးရတံဆိပ်ခေါင်းကိုအတုပြုရန်၊ ကိရိယာကို ဖြစ်စေ၊ ဝတ္ထုပစ္စည်းကိုဖြစ်စေ လက်ရှိထားခြင်း။ (ပုဒ်မ ၂၅၆)**

**Having possession of instrument or material for counterfeiting Government stamp. (Section 256)**

**ဥပဒေဖွင့်ဆိုချက်**

မည်သူမဆို၊ အခွန်တော်ကိစ္စအလို့ငှာ အစိုးရက ထုတ်သောတံဆိပ်ခေါင်းကို အတုပြုမှုအတွက် သုံးစွဲရန်ဖြစ်စေ၊ သုံးစွဲရန် ကြံရွယ်ကြောင်းသိလျက်နှင့်၊ သို့တည်း မဟုတ် ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ မည်သူမဆို၊ ကိရိယာကို၊ သို့တည်း မဟုတ် ဝတ္ထုပစ္စည်းကို လက်ရှိထားလျှင်၊ ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ကိရိယာ သို့မဟုတ် ဝတ္ထုပစ္စည်းကို လက်ရှိထားခြင်း။

၂။ ယင်းကိရိယာ၊ ဝတ္ထုပစ္စည်းကို တံဆိပ်ခေါင်းအတုပြုမှုအတွက် သုံးစွဲရန်ဖြစ်ခြင်း။

၃။ ထိုတံဆိပ်ခေါင်းသည် အခွန်ကိစ္စအလို့ငှာ အစိုးရက ထုတ်သောတံဆိပ်ခေါင်း ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အား ဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၅၆ | အစိုးရတံဆိပ်ခေါင်းတစ်ခုကို အတုပြုရန် အလို့ငှာ ကိရိယာကိုဖြစ်စေ၊ ဝတ္ထုပစ္စည်းကိုဖြစ်စေ လက်ရှိထားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ |

**အစိုးရတံဆိပ်ခေါင်းကိုအတုပြုရန်၊ ကိရိယာလုပ်ကိုင်ခြင်း၊ သို့တည်းမဟုတ် ရောင်းခြင်း။ (ပုဒ်မ ၂၅၇)**

**Making or selling instrument for counterfeiting Government stamp. (Section 257)**

**ဥပဒေဖွင့်ဆိုချက်**

အခွန်တော်ကိစ္စအလို့ငှာ အစိုးရက ထုတ်သောတံဆိပ်ခေါင်းကို အတုပြုမှု အတွက် သုံးစွဲရန်ဖြစ်စေ၊ သုံးစွဲရန် ကြံရွယ်ကြောင်းသိလျက်နှင့်၊ သို့တည်း မဟုတ် ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ မည်သူမဆို၊ ကိရိယာကိုလုပ်ကိုင်လျှင်၊ သို့တည်းမဟုတ် လုပ်ကိုင်ရာတွင် ပါဝင်သည့်ပြုလုပ်မှုတစ်ခုခုကို ပြုလျှင်၊ သို့တည်း မဟုတ် စီမံခန့်ခွဲလျှင်၊ ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

http://www.cherrythitsar.org



**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ကိရိယာကို လုပ်ကိုင်ခြင်း၊ လုပ်ကိုင်ရာတွင် ပါဝင်သည့်ပြုလုပ်မှုတစ်ခုခုကိုပြုခြင်း၊ ဝယ်ခြင်း၊ ရောင်းခြင်း၊ စီမံခန့်ခွဲခြင်း။

၂။ ထိုကိရိယာသည် အခွန်တော်ကိစ္စအလို့ငှာ အစိုးရထုတ်သော တံဆိပ်ခေါင်းကို အတုပြုမှုအတွက် သုံးစွဲရန်ဖြစ်ခြင်း။

၃။ ထိုသို့ သုံးစွဲရန်ဖြစ်သည်ကို သုံးစွဲရန်ကြံရွယ်သည်ကိုသိခြင်း၊ ယုံကြည်ရန်အကြောင်းရှိခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၅၇ | အစိုးရတံဆိပ်ခေါင်းတစ်ခုကိုအတုပြုရန် အလို့ငှာကိရိယာကိုလုပ်ကိုင်မှု၊ ဝယ်ယူမှု၊ သို့မဟုတ် ရောင်းမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံပေးရမည်။ | ကျေအေးခွင့်မရှိ။ | ၇နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ |

## အစိုးရတံဆိပ်ခေါင်းအတုကို ရောင်းခြင်း။ (ပုဒ်မ ၂၅၈)

## Sale of counterfeit Government stamp. (Section 258)

**ဥပဒေဖွင့်ဆိုချက်**

အခွန်တော်ကိစ္စအလို့ငှာ အစိုးရက ထုတ်သောတံဆိပ်ခေါင်း၏ အတုဖြစ်ကြောင်း သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ မည်သူမဆို၊ ထိုတံဆိပ်ခေါင်းအတုကို ရောင်းလျှင်၊ သို့တည်းမဟုတ် ရောင်းရန် ကမ်းလှမ်းလျှင်၊ ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် တံဆိပ်ခေါင်းကို ရောင်းခြင်း၊ ရောင်းရန်ကမ်းလှမ်းခြင်း။

၂။ တရားခံသည် အတုဖြစ်ကြောင်းကို သိခြင်း၊ ယုံကြည်ရန်အကြောင်းရှိခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၅၈ | အစိုးရတံဆိပ်ခေါင်းအတုကိုရောင်းမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံပေးရမည်။ | ကျေအေးခွင့်မရှိ။ | ၇နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ |

http://www.cherrythitsar.org



**အစိုးရတံဆိပ်ခေါင်းအတုကို လက်ရှိထားခြင်း။ (ပုဒ်မ ၂၅၉)**

**Having possession of counterfeit Government stamp. (Section 259)**

**ဥပဒေပြဋ္ဌာန်းချက်**

အခွန်တော်ကိစ္စအလို့ငှာ အစိုးရက ထုတ်သောတံဆိပ်ခေါင်း၏ အတုဖြစ်ကြောင်း သိလျက်နှင့် မည်သူမဆို၊ ထိုတံဆိပ်ခေါင်းအတုကို တံဆိပ်ခေါင်းအစစ်အနေနှင့်သုံးစွဲရန်၊ သို့တည်းမဟုတ် စီမံခန့်ခွဲရန် ကြံရွယ်၍ဖြစ်စေ၊ တံဆိပ်ခေါင်းအစစ်အနေနှင့် သုံးစွဲနိုင်ရန်ဖြစ်စေ လက်ရှိထားလျှင်၊ ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် တံဆိပ်ခေါင်းကို လက်ရှိထားခြင်း။

၂။ ထိုတံဆိပ်ခေါင်းသည် အတုဖြစ်ခြင်း။

၃။ အခွန်တော်ကိစ္စအလို့ငှာ အစိုးရက ထုတ်သောတံဆိပ်ခေါင်း၏အတုဖြစ်ခြင်း။

၄။ တရားခံသည် ယင်းတံဆိပ်ခေါင်းတုကို အစစ်အနေနှင့် သုံးစွဲရန်၊ စီမံခန့်ခွဲရန် ကြံရွယ်၍ လက်ရှိထားသည်ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၅၉ | အစိုးရတံဆိပ်ခေါင်းအတုတစ်ခုကို လက်ရှိထားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ သို့မဟုတ်ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**အစိုးရတံဆိပ်ခေါင်းအတုမှန်းသိလျက် အစစ်အမှန်အနေနှင့် သုံးစွဲခြင်း။ (ပုဒ်မ ၂၆၀)**

**Using as genuine a Government stamp known to be counterfeit. (Section 260)**

**ဥပဒေပြဋ္ဌာန်းချက်**

အခွန်တော်ကိစ္စအလို့ငှာ အစိုးရက ထုတ်သောတံဆိပ်ခေါင်း၏ အတုဖြစ်ကြောင်း သိလျက်နှင့် မည်သူမဆို၊ ထိုတံဆိပ်ခေါင်းအတုကို အစစ်အနေနှင့်သုံးစွဲလျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်ရမည်။

http://www.cherrythitsar.org



<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>

၁။ တရားခံသည် တံဆိပ်ခေါင်းကို အသုံးပြုခြင်း။

၂။ ထိုတံဆိပ်ခေါင်းသည် အတုဖြစ်ခြင်း။

၃။ အစိုးရက ထုတ်သောတံဆိပ်ခေါင်းအတုဖြစ်ခြင်း။

၄။ အတုဖြစ်ကြောင်း တရားခံသိခြင်း။

၅။ တရားခံသည် တံဆိပ်ခေါင်းအစစ်အနေနှင့် သုံးစွဲသည်ဖြစ်ခြင်း။

<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၆၀ | အစိုးရတံဆိပ်ခေါင်းအတုမှန်းသိလျက်နှင့် အစစ်အမှန်အနေနှင့်သုံးစွဲမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ဒဏ် နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင်တရားရုံး၊ သို့မဟုတ်ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**အစိုးရကို ရှုံးပါးစေရန်အကြံနှင့် တံဆိပ်ခေါင်းပါရှိသည့်အရာဝတ္ထုမှ အရေးအသားကို ပယ်ဖျက်ခြင်း၊ သို့တည်းမဟုတ် စာတမ်းအမှတ်အသားတွင် သုံးစွဲထားသော တံဆိပ်ခေါင်းကို ခွာပစ်ခြင်း။ (ပုဒ်မ ၂၆၁)**

**Effacing writing from substance bearing Government stamp, or removing from document a stamp used for it, with intent to cause loss to Government. (Section 261)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

လိမ်လည်လှည့်ဖြားလိုသော သဘောနှင့်ဖြစ်စေ၊ အစိုးရကို ရှုံးပါးစေရန် အကြံနှင့်ဖြစ်စေ အရေးအသား တစ်ခုအတွက်၊ သို့တည်းမဟုတ် စာတမ်းအမှတ်အသား တစ်ခုအတွက် အခွန်တော် ကိစ္စအလို့ငှာ အစိုးရကထုတ်သည့် တံဆိပ်ခေါင်းသုံးစွဲပါရှိသော အရာဝတ္ထုမှ ထိုအရေးအသားကိုဖြစ်စေ၊ ထိုစာတမ်းအမှတ်အသားကိုဖြစ်စေ မည်သူမဆို၊ ခွာပစ်လျှင်၊ သို့တည်းမဟုတ် ပယ်ဖျက်လျှင်၊ သို့တည်းမဟုတ် ဆိုခဲ့သော တံဆိပ်ခေါင်းကို အခြားအရေးအသားတွင်၊ သို့တည်းမဟုတ် အခြား စာတမ်း အမှတ်အသားတွင် သုံးစွဲရန်ဆိုခဲ့သော တံဆိပ်ခေါင်းရှိရင်းဖြစ်သော အရေးအသားမှ၊ သို့တည်းမဟုတ် စာတမ်းအမှတ်အသားမှ ခွာပစ်လျှင်၊ ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

http://www.cherrythitsar.org



<u>**အကျုံးဝင်သည့် အင်္ဂါရပ်များ**</u>

၁။ တံဆိပ်ခေါင်းသည် အခွန်တော်ကိစ္စအလို့ငှာ အစိုးရထုတ်သောတံဆိပ်ခေါင်း ဖြစ်ခြင်း။

၂။ ထိုတံဆိပ်ခေါင်းတွင်ပါရှိသော အရေးအသား သို့မဟုတ် စာတမ်းအမှတ်အသား ကို ခွာပစ်ခြင်း၊ ပယ်ဖျက်ခြင်း။

၃။ လိမ်လည်လှည့်ဖြားလိုသော သဘော၊ သို့မဟုတ် အစိုးရကို ရှုံးပါးစေရန်အကြံ နှင့်ပြုခြင်း၊ သို့မဟုတ် -

(က) ပထမပိုင်း၏ ပထမအင်္ဂါရပ်

(ခ) ထိုတံဆိပ်ခေါင်းကို အရေးအသား၊ သို့မဟုတ် စာတမ်းအမှတ်အသား တစ်ခုအတွက် အသုံးပြုခြင်း။

(ဂ) တရားခံက တံဆိပ်ခေါင်းကို ယင်းအရေးအသားစာတမ်း အမှတ် အသားမှ ခွာပစ်ခြင်း။

(ဃ) အခြားအရေးအသား၊ အခြားစာတမ်းအမှတ်အသားတွင် သုံးစွဲရန် အတွက် ခွာသည်ဖြစ်ခြင်း။

(င) လိမ်လည်လှည့်ဖြားလိုသောသဘော သို့မဟုတ် အစိုးရကို ရှုံးပါးစေရန် အကြံနှင့်ပြုခြင်း။

<u>**ကျင့်ထုံး**</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အား ဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၆၁ | အစိုးရကိုရှုံးပါးစေရန်အကြံနှင့် အစိုးရ တံဆိပ်ခေါင်းပါရှိသည့်အရာဝတ္ထုတစ်ခုမှ အရေးအသားတစ်စုံတစ်ရာကိုပျယ်ဖျက်မှု၊ သို့မဟုတ်စာတမ်းအမှတ်အသားတစ်ခုတွင် သုံးစွဲထားသောတံဆိပ်ခေါင်းတစ်ခုကိုခွာပစ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | စက်ရှင်တရားရုံး၊ သို့မဟုတ်ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**အစိုးရတံဆိပ်ခေါင်းကို ယခင်က သုံးစွဲပြီးဖြစ်ကြောင်း သိလျက်နှင့်သုံးစွဲခြင်း။ (ပုဒ်မ ၂၆၂)**

**Using Government stamp know to have been before used. (Section 262)**

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

လိမ်လည်လှည့်ဖြားလိုသောသဘောနှင့်ဖြစ်စေ၊ အစိုးရကို ရှုံးပါးစေရန်အကြံ နှင့်ဖြစ်စေ အခွန်တော်ကိစ္စအလို့ငှာ အစိုးရကထုတ်သော တံဆိပ်ခေါင်းကို ယခင်က သုံးစွဲပြီးဖြစ်ကြောင်း သိလျက်နှင့် မည်သူမဆို၊ ကိစ္စတစ်ခုခုအလို့ငှာ သုံးစွဲလျှင်၊ ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ် နိုင်သည်။

http://www.cherrythitsar.org



**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ အခွန်တော်ကိစ္စအလို့ငှာ အစိုးရကထုတ်သောတံဆိပ်ခေါင်းဖြစ်ခြင်း။

၂။ ထိုတံဆိပ်ခေါင်းသည် ယခင်က သုံးစွဲပြီးဖြစ်ခြင်း။

၃။ တရားခံက ၎င်းတံဆိပ်ခေါင်းကို ကိစ္စတစ်ခုခုအလို့ငှာ သုံးစွဲခြင်း။

၄။ ယင်းသို့သုံးစွဲရန် ယခင်က သုံးစွဲပြီးကြောင်းကို တရားခံသိခြင်း။

၅။ လိမ်လည်လှည့်ဖြားလိုသော သဘော၊ အစိုးရအား ရှုံးပါးစေရန်အကြံဖြင့် သုံးစွဲသည်ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၆၂ | အစိုးရတံဆိပ်ခေါင်းတစ်ခုကို ယခင်က သုံးစွဲပြီးဖြစ်ကြောင်းသိလျက်နှင့်သုံးစွဲမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ | ပထမတန်း သို့မဟုတ်ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**တံဆိပ်ခေါင်းသုံးစွဲပြီးဖြစ်ကြောင်း အမှတ်အသားကို ဖျက်ပစ်ခြင်း။**
**(ပုဒ်မ ၂၆၃)**

**Erasure of mark denoting that stamp has been used.**
**(Section 263)**

**ဥပဒေပြဋ္ဌာန်းချက်**

လိမ်လည်လှည့်ဖြားလိုသောသဘောနှင့်ဖြစ်စေ၊ အစိုးရကို ရှုံးပါးစေရန် အကြံနှင့်ဖြစ်စေ အခွန်တော်ကိစ္စအလို့ငှာ အစိုးရက ထုတ်သော တံဆိပ်ခေါင်းမှ မည်သူမဆို၊ ထိုတံဆိပ်ခေါင်းသုံးစွဲပြီးဖြစ်ကြောင်း သိသာထင်ရှားစေရန် မှတ်သားထားသော၊ သို့တည်းမဟုတ် ခတ်နှိပ်ထားသော အမှတ်အသားကို ပယ်ဖျက်လျှင်၊ သို့တည်းမဟုတ် ခွါပစ်လျှင်၊ သို့တည်းမဟုတ် မည်သူမဆို၊ ထိုသို့အမှတ်အသားပယ်ဖျက်ခြင်းခံရပြီးဖြစ်သော၊ သို့တည်းမဟုတ် ခွာပစ်ခြင်းခံရပြီးဖြစ်သော တံဆိပ်ခေါင်းမှန်းသိလျက်နှင့် ထိုတံဆိပ်ခေါင်းကို လက်ရှိထားလျှင်၊ သို့တည်းမဟုတ် ရောင်းလျှင်၊ သို့တည်းမဟုတ် စီမံခန့်ခွဲလျှင်၊ သို့တည်းမဟုတ် မည်သူမဆို၊ သုံးစွဲပြီးဖြစ်ကြောင်း သိသည့် တံဆိပ်ခေါင်းကို ရောင်းလျှင်၊ သို့တည်းမဟုတ် စီမံခန့်ခွဲလျှင်၊ ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

http://www.cherrythitsar.org



**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

*ပထမပိုင်း*

၁။ အခွန်တော်ကိစ္စအလို့ငှာ အစိုးရကထုတ်သော တံဆိပ်ခေါင်းဖြစ်ခြင်း။

၂။ ထိုအတိုင်းပင် သုံးစွဲခဲ့ခြင်း။

၃။ ယင်းသို့ သုံးစွဲပြီးကြောင်း သိသာထင်ရှားစေရန် မှတ်သားထားသော ခတ်နှိပ်ထားသော အမှတ်အသားရှိခြင်း။

၄။ ထိုအမှတ်အသားကို တရားခံက ပယ်ဖျက်ခြင်း၊ ခွာပစ်ခြင်း။

၅။ လိမ်လည်လှည့်ဖြားလိုသောသဘော အစိုးရကို ရှုံးပါးစေရန်အကြံနှင့်ပြုခြင်း။

*ဒုတိယပိုင်း*

၁။ ပထမပိုင်း၏အင်္ဂါရပ်များ ၁ မှ ၃

၂။ ထိုအမှတ်အသားမှ ပယ်ဖျက်ခံရခြင်း။

၃။ ပယ်ဖျက်ခြင်းခံရပြီးကြောင်းကို တရားခံသိခြင်း။

၄။ တရားခံသည် ထိုတံဆိပ်ခေါင်းကို လက်ရှိထားခြင်း။

*တတိယပိုင်း*

၁။ ဒုတိယပိုင်းအင်္ဂါရပ် ၁ မှ ၃

၂။ တရားခံသည် ထိုတံဆိပ်ခေါင်းကို ရောင်းခြင်း၊ စီမံခန့်ခွဲခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့်ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၆၃ | တံဆိပ်ခေါင်းသုံးစွဲပြီးဖြစ်ကြောင်း အမှတ်အသားကို ဖျက်ပစ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံပေးရမည်။ | ကျေအေးခွင့်မရှိ။ | ၃နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင်တရားရုံး၊ သို့မဟုတ်ပထမတန်း အာဏာရ ရာဇဝတ်တရားသူကြီး |

**တံဆိပ်ခေါင်းလိမ်များကို တားမြစ်ခြင်း။ (ပုဒ်မ ၂၆၄)**

**Prohibition of fictitous stamps. (Section 264)**

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

(၁) မည်သူမဆို၊ (က) တံဆိပ်ခေါင်းလိမ်ကိုပြုလုပ်လျှင်၊ သို့တည်းမဟုတ် သိလျက်နှင့် ဖြန့်ချိသုံးစွဲလျှင်၊ သို့တည်းမဟုတ် အရောင်းအဝယ်ပြုလျှင်၊ သို့တည်းမဟုတ် ရောင်းလျှင်၊ သို့တည်းမဟုတ် သိလျက်နှင့် စာပို့ခြင်းကိစ္စအလို့ငှာ အသုံးပြုလျှင်၊ သို့တည်းမဟုတ်

http://www.cherrythitsar.org



(ခ) ဥပဒေနှင့်ညီသော အပြစ်လွတ်ခွင့်ကိုမရရှိဘဲ တံဆိပ်ခေါင်းလိမ်ကို လက်ရှိထားလျှင်၊ သို့တည်းမဟုတ်

(ဂ) တံဆိပ်ခေါင်းလိမ်ပြုလုပ်ရန် ပုံကိုဖြစ်စေ၊ တံဆိပ်ပြားကိုဖြစ်စေ၊ ကိရိယာကိုဖြစ်စေ၊ ဝတ္ထုပစ္စည်းကိုဖြစ်စေ ပြုလုပ်လျှင်၊ သို့တည်းမဟုတ် ဥပဒေနှင့်ညီသော အပြစ်လွတ်ခွင့်ကိုမရရှိဘဲ လက်ရှိထားလျှင်၊ ထိုသူကို နှစ်ရာထိ ငွေဒဏ်ချမှတ်ရမည်။

(၂) တံဆိပ်ခေါင်းလိမ်ကိုဖြစ်စေ၊ တံဆိပ်ခေါင်းလိမ်ကို ပြုလုပ်ရန်ပုံကို၊ သို့တည်းမဟုတ် တံဆိပ်ပြားကို၊ သို့တည်းမဟုတ် ကိရိယာကို၊ သို့တည်းမဟုတ် ဝတ္ထုပစ္စည်းကိုဖြစ်စေ လက်ရှိထားရှိသော သူတစ်ဦးတစ်ယောက်ထံမှ ဖမ်းဆီးနိုင်သည့်ပြင် ထိုပစ္စည်းများကို ဘဏ္ဍာတော်အဖြစ် သိမ်းဆည်းရမည်။

(၃) ဤပုဒ်မတွင် "တံဆိပ်ခေါင်းလိမ်" ဆိုသည်မှာ၊ စာပို့ခနှုန်းကို ဖော်ပြရန် အစိုးရကထုတ်ထားသော တံဆိပ်ခေါင်းအနေမျိုး သဘောမမှန်သောနည်းဖြင့် သက်ရောက်နေသော တံဆိပ်ခေါင်းကိုသော်လည်းကောင်း၊ ဆိုခဲ့သည့်ကိစ္စအလို့ငှာ အစိုးရက ထုတ်ထားသော တံဆိပ်ခေါင်းတစ်ခုခုကို စက္ကူပေါ်တွင်ဖြစ်စေ၊ အခြားနည်းဖြစ်စေ ပုံထပ်တူပြုခြင်းကို၊ သို့တည်းမဟုတ် အတုပြုခြင်းကို၊ သို့တည်းမဟုတ် ပုံသဏ္ဌာန်ပြုခြင်းကိုသော်လည်းကောင်း ဆိုလိုသည်။

(၄) ဤပုဒ်မ၌၎င်း၊ ပုဒ်မ ၂၂၅ မှ ၂၆၃ အထိလည်းကောင်း၊ "အစိုးရ" ဆိုသော စကားတွင်၊ စာပို့ခနှုန်းကို ဖော်ပြရန် ထုတ်သောတံဆိပ်ခေါင်းနှင့် စပ်လျဉ်း၍၊ သို့တည်းမဟုတ် ရည်ညွှန်း၍ သုံးသောအခါ၊ ပုဒ်မ ၁၇ ၌ မည်သို့ပင်ပါရှိစေကာမူ၊ အိန္ဒိယ၌ဖြစ်စေ၊ ပါကစ္စတန်၌ဖြစ်စေ၊ ဗြိတိသျှဘုရင်မင်းမြတ်၏ ဒိုမီနီယံများ၌ဖြစ်စေ၊ နိုင်ငံခြား၌ဖြစ်စေ နိုင်ငံတော်အစိုးရအဖွဲ့ကို ဖွဲ့စည်းအုပ်ချုပ်ရန် ဥပဒေအရ အာဏာပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်၊ သို့တည်းမဟုတ် ပုဂ္ဂိုလ်များပါဝင်သည်ဟု မှတ်ယူရမည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တံဆိပ်ခေါင်းလိမ်ကိုပြုခြင်း၊ အရောင်းအဝယ်ပြုခြင်း၊ ရောင်းချခြင်း၊ သိခြင်းနှင့် ဖြန့်ချိသုံးစွဲခြင်း သို့မဟုတ်-

၂။ သိလျက်နှင့်စာပို့ခြင်း၊ ကိစ္စအလို့ငှာ အသုံးပြုခြင်း၊ သို့မဟုတ်

၃။ ဥပဒေနှင့်ညီသော အပြစ်လွတ်ခွင့်မရှိဘဲ၊ တံဆိပ်ခေါင်းလိမ်ကို လက်ရှိထားခြင်း သို့မဟုတ်

၄။ တံဆိပ်ခေါင်းလိမ်ပြုလုပ်ရန်ပုံ၊ တံဆိပ်ပြား၊ ကိရိယာ၊ ဝတ္ထုပစ္စည်းကိုပြုခြင်း၊ ဥပဒေနှင့်ညီသော အပြစ်လွတ်ခွင့်မရှိဘဲ လက်ရှိထားခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၆၃ က | တံဆိပ်ခေါင်းလိမ်များကို တားမြစ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ကျပ် ၂၀၀ ထိ ငွေဒဏ်။ | ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

http://www.cherrythitsar.org



## အခန်း(၁၃)

## အလေး၊ အချိန်အတွယ် တင်းတောင်းနှင့် အတိုင်းအတာများဆိုင်ရာ ပြစ်မှုများ

**မမှန်သောအချိန်အတွယ် ကိရိယာကို လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့်သုံးခြင်း။ (ပုဒ်မ ၂၆၄)**
**Fraudulent use of false instrument for weighing. (Section 264)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ မမှန်ကြောင်းသိသော အချိန်အတွယ် ကိရိယာတစ်ခုခုကို လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် အသုံးပြုလျှင်၊ ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ကိရိယာတစ်ခုခုကို အသုံးပြုခြင်း။
၂။ ထိုကိရိယာမှ အချိန်အတွယ်အတွက်ဖြစ်ခြင်း။
၃။ ထိုကိရိယာသည် မမှန်မကန်ခြင်း။
၄။ သို့ မမှန်မကန်ကြောင်းကို တရားခံသိခြင်း။
၅။ တရားခံသည် လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် အသုံးပြုခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၆၄ | မမှန်သော အချိန်အတွယ်ကိရိယာကို လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့် အသုံးပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁ နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ဒဏ် နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ်ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**မမှန်သောအလေး တင်းတောင်းကိုသော်လည်းကောင်း၊ ထိုသို့သော အတိုင်းအတာကို သော်လည်းကောင်း လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့်သုံးခြင်း။ (ပုဒ်မ ၂၆၅)**
**Fraudulent use of false weight or measure. (Section 265)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ မမှန်သော အလေးကိုဖြစ်စေ၊ မမှန်သော အတိုင်းအတာ တင်းတောင်းကိုဖြစ်စေ လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် အသုံးပြုလျှင်၊ သို့တည်း

http://www.cherrythitsar.org



မဟုတ် အလေးတင်းတောင်း အတိုင်းအတာ တစ်ခုခုကို၊ ထိုအလေးတင်းတောင်း အတိုင်းအတာတစ်ခုနှင့် ကွဲလွဲသော အလေးတင်းတောင်း အတိုင်းအတာအဖြစ်၊ လိမ်လည်လှည့်ဖြားလိုသောသဘောနှင့် အသုံးပြုလျှင်၊ ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တရားခံသည် အလေး၊ တင်းတောင်း၊ အတိုင်းအတာကို အသုံးပြုခြင်း။

၂။ မမှန်သော အလေး၊ တင်းတောင်း၊ အတိုင်းအတာဖြစ်ခြင်း။

၃။ လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် အသုံးပြုခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အား ဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၆၅ | မမှန်သောအလေး၊တင်းတောင်း၊သို့မဟုတ် အတိုင်းအတာကိုလိမ်လည်လှည့်ဖြားလို သောသဘောဖြင့် အသုံးပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁ နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ဒဏ် နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ်ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**မမှန်သော အလေး၊ တင်းတောင်း၊ အတိုင်းအတာကို လက်ရှိထားခြင်း။ (ပုဒ်မ ၂၆၆)**

**Being in possession of false weight or measure. (Section 266)**

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

မည်သူမဆို၊ မမှန်ကြောင်းသိသော အချိန်အတွယ် ကိရိယာကိုဖြစ်စေ၊ ထိုကဲ့သို့သော အလေး တင်းတောင်း အတိုင်းအတာကိုဖြစ်စေ လိမ်လည်လှည့်ဖြားလိုသောသဘောနှင့် အသုံးပြုနိုင်ရန်ကြံရွယ်၍ လက်ရှိထားလျှင်၊ ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တရားခံသည် အချိန်အတွယ် ကိရိယာ၊ အလေး၊ တင်းတောင်း အတိုင်းအတာ တစ်ခုခုကို လက်ရှိဖြစ်ခြင်း။

၂။ ထိုပစ္စည်းသည် မမှန်ခြင်း။

၃။ မမှန်ကြောင်း တရားခံသိခြင်း။

၄။ လိမ်လည်လှည့်ဖြားလိုသောသဘောနှင့် အသုံးပြုရန်ကြံရွယ်၍ လက်ရှိထားခြင်း။

http://www.cherrythitsar.org



<u>**ကျင့်ထုံး**</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အား ဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၆၆ | မမှန်သောအလေး၊တင်းတောင်းများ သို့မဟုတ် အတိုင်းအတာများကိုလိမ်လည် လှည့်ဖြားလိုသောသဘောနှင့်အသုံးပြုရန် ရန်အတွက် လက်ရှိထားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁ နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ဒဏ် နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ်ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

<u>**စီရင်ထုံး**</u>

မမှန်သော အလေး၊ တင်းတောင်း၊ အတိုင်းအတာ၊ အချိန်အတွယ် ကိရိယာကို လိမ်လည်လှည့်ဖြားလိုသောသဘောနှင့် အသုံးပြုရန်ကြံရွယ်၍ လက်ရှိထားမှုသာ ပြစ်မှုမြောက်မည်ဖြစ်ရာ လိမ်လည်လှည့်ဖြားလိုသောသဘောရှိ-မရှိ ဆိုခြင်းကို တင်ပြရန်လိုသည်။

*[အစိုးရနှင့် မရာပြန် (၁၉၀၇-၀၉) အတွဲ-၁၊*
*အထက်မြန်မာပြည်စီရင်ထုံး ၁၇ (ပြစ်မှုဆိုင်ရာဥပဒေ) ]*

**မမှန်သော အလေး၊ တင်းတောင်း အတိုင်းအတာကို လုပ်ကိုင်ခြင်း၊ သို့တည်းမဟုတ် ရောင်းခြင်း။ (ပုဒ်မ ၂၆၇)**

**Making or selling false weight or measure. (Section 267)**

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

မည်သူမဆို၊ မမှန်ကြောင်းသိသော အချိန်အတွယ် ကိရိယာကိုဖြစ်စေ၊ ထိုကဲ့သို့သော အလေး တင်းတောင်း အတိုင်းအတာ တစ်ခုခုကိုဖြစ်စေ၊ အမှန်အဖြစ်ဖြင့် အသုံးပြုနိုင်ရန်သော်လည်းကောင်း၊ အမှန်အဖြစ်ဖြင့် အသုံးပြုတန်ရာသည်ကို သိလျက်နှင့်သော် လည်းကောင်း လုပ်ကိုင်လျှင်၊ သို့တည်းမဟုတ် ရောင်းလျှင်၊ သို့တည်းမဟုတ် စီမံခန့်ခွဲလျှင်၊ ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ် လုံးဖြစ်စေ ချမှတ်ရမည်။

<u>**အကျုံးဝင်သည့် အင်္ဂါရပ်များ**</u>

၁။ တရားခံသည် အချိန်အတွယ် ကိရိယာ၊ အလေး၊ တင်းတောင်း၊ အတိုင်းအတာ တစ်ခုခုကို လုပ်ကိုင်ခြင်း၊ ရောင်းခြင်း၊ စီမံခန့်ခွဲခြင်း။

၂။ ထိုအချိန်အတွယ် ကိရိယာ စသည်တို့သည် မမှန်ဖြစ်ခြင်း။

၃။ မမှန်ကြောင်း တရားခံသိခြင်း။

၄။ အမှန်အဖြစ်ဖြင့် အသုံးပြုရန်သော်လည်းကောင်း၊ အသုံးပြုတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း လုပ်ကိုင်၊ ရောင်းချ၊ စီမံခန့်ခွဲခြင်း။

http://www.cherrythitsar.org



<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၆၉ | မမှန်သော အလေးတင်းတောင်းများ၊ သို့မဟုတ် အတိုင်းအတာများကို လိမ်လည်လှည့်ဖြားလိုသော သဘောနှင့်အသုံးပြုရန်အတွက်လုပ်ကိုင်မှု၊ သို့မဟုတ်ရောင်းမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံပေးရမည်။ | ကျေအေးခွင့်မရှိ။ | ၁ နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ်ဒုတိယတန်း အာဏာရ ရာဇဝတ်တရားသူကြီး |

http://www.cherrythitsar.org



## အခန်း(၁၄)
## ပြည်သူ့ကျန်းမာမှု၊ လုံခြုံမှု၊ သက်သာမှု၊ သိက္ခာစောင့်စည်းမှုနှင့် ကိုယ်ကျင့်တရားရှိမှုကို ထိခိုက်စေသောပြစ်မှုများ

**အများပြည်သူနှောင့်ယှက်မှု (ပုဒ်မ ၂၆၈)** — **Public nuisance. (Section 268)**

**ဥပဒေဖွင့်ဆိုချက်**

တစ်ဦးတစ်ယောက်သောသူသည် အများပြည်သူကိုသော်လည်းကောင်း၊ အနီးအပါးတွင် နေထိုင်သော၊ သို့တည်းမဟုတ် အိမ်ယာပစ္စည်းလက်ရှိဖြစ်သော သူတို့ကိုသော်လည်းကောင်း တူညီသည့်နစ်နာမှုကို ဖြစ်စေသော၊ သို့တည်းမဟုတ် တူညီသည့် စိတ်ငြိုငြင်မှုကို ဖြစ်စေသော ပြုလုပ်မှုကိုဖြစ်စေ၊ ထိုကဲ့သို့သော ဥပဒေနှင့်မညီသည့် ပျက်ကွက်မှုကိုဖြစ်စေ ပြုလျှင်၊ သို့တည်းမဟုတ် ပြည်သူ့အခွင့်အရေးကို သုံးစွဲရန် အခါအခွင့် ကြုံသောသူအား မချွတ်မလွဲ နစ်နာစေရမည်ဖြစ်သော၊ သို့တည်းမဟုတ် ဟန့်တားစေ ရမည်ဖြစ်သော၊ သို့တည်းမဟုတ် ဘေးရောက်စေရမည်ဖြစ်သော၊ သို့တည်းမဟုတ် စိတ်ငြိုငြင်စေရမည်ဖြစ်သော ပြုလုပ်မှုကိုဖြစ်စေ၊ ထိုကဲ့သို့သော ဥပဒေနှင့် မညီသည့် ပျက်ကွက်မှုကိုဖြစ်စေ ပြုလျှင်၊ ထိုသူသည် အများပြည်သူ နှောင့်ယှက်မှုကို ကျူးလွန်သည်မည်၏။

အများပြည်သူကို နှောင့်ယှက်ခြင်းဖြင့်၊ ထိုသို့နှောင့်ယှက်ခြင်းသည် သက်သာမှုကိုသော်လည်းကောင်း၊ အကျိုးကျေးဇူးကိုသော်လည်းကောင်း ဖြစ်စေသည်ဟု အကြောင်းပြစေကာမူ ပြည်သူ့နှောင့်ယှက်မှုသည် အပြစ်မှ ကင်းလွတ်ခွင့်ရှိသည် မဟုတ်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ပြုလုပ်မှုသို့မဟုတ် ဥပဒေနှင့်မညီသည့် ပျက်ကွက်မှုကိုပြုခြင်း။

၂။ ထိုပြုလုပ်မှု သို့မဟုတ် ဥပဒေနှင့်မညီသည့် ပျက်ကွက်မှုသည်

(ကက) အများပြည်သူကိုသော်လည်းကောင်း၊ အနီးအပါးတွင်နေထိုင်သော အိမ်ယာပစ္စည်းလက်ရှိဖြစ်သူတို့ကိုသော်လည်းကောင်း တူညီသည့် နစ်နာမှု၊ ဘေး၊ စိတ်ငြိုငြင်မှုဖြစ်စေခြင်း၊ သို့မဟုတ် -

( ခခ ) ပြည်သူ့အခွင့်အရေးကိုသုံးစွဲရန် အခါအခွင့်ကြုံသောသူအား မချွတ်မလွဲ နစ်နာစေခြင်း၊ ဟန့်တားစေခြင်း၊ ဘေးရောက်စေခြင်း၊ စိတ်ငြိုငြင်ရစေခြင်း။

**စီရင်ထုံး**

၁။ "ပြည်သူ" ဆိုသော စကားရပ်ကို ပုဒ်မ ၁၂ ၌ အဓိပ္ပါယ်ရှင်းလင်းထားရာ အများပြည်သူတို့အနက် မည်သည့်အမျိုးအစား သို့မဟုတ် လူမျိုးစုမဆို ပါဝင်သည်။ အမျိုး

http://www.cherrythitsar.org



အစားဆိုရာတွင် အများပြည်သူဟု ခေါ်နိုင်လောက်အောင် အရေအတွက်အားဖြင့် များပြားရန် လိုမည်ဖြစ်သည်။ လူမျိုးစုဆိုရာတွင် မိသားစုထက် အများပြည်သူကို သော်လည်းကောင်း၊ အနီးအပါးတွင် နေထိုင်သော အိမ်ယာပစ္စည်းလက်ရှိ ပြည်သူတို့ကိုသော်လည်းကောင်း ဆိုသည့်စကားရပ်များကို သုံးနှုန်းထားသည်ကို ထောက်ရှုလျှင် လူအများ သို့မဟုတ် အရေအတွက်အားဖြင့် မနည်းသည့်လူတစ်စုကို ဆိုလိုကြောင်းထင်ရှားသည်။

*[အစိုးရနှင့် ထွန်းဦး အတွဲ-၁ အောက်မြန်မာပြည်စီရင်ထုံး ၂၁၃ ]*

၂။ "စိတ်ပြိုငြင်မှု" နှင့်ပတ်သက်၍လည်း အလားတူပင် အများပြည်သူနှင့်သက်ဆိုင်ရန် လိုပေသည်။ တစ်ဦးတစ်ယောက် သို့မဟုတ် အချို့သောသူများအား စိတ်ပြိုငြင်မှုဖြစ်စေကာမျှဖြင့် ဤပုဒ်မသည် အကျုံးဝင်မည်မဟုတ်၊ အများပြည်သူတို့သွားရာ လမ်းပေါ် သို့မဟုတ် လမ်းအနီး၌ ငါးစိမ်းရောင်းခြင်းဖြင့် အများပြည်သူ သို့မဟုတ် အနီးအနားတွင် နေထိုင်သူ၊ သို့မဟုတ် လမ်းကို အသုံးပြုသည့် ပြည်သူတို့အား စိတ်ပြိုငြင်မှုဖြစ်စေသည်ဆိုသော အထောက်အထားမရှိသဖြင့် ဤပုဒ်မအရ ပြစ်မှုမမြောက်ပေ။

*[အစိုးရနှင့်ဖောင်သာရီ၊ ရွေးချယ်ထားသည့်စီရင်ထုံးများ အောက်မြန်မာပြည် ၉၄ ]*

၃။ လူနေရပ်ကွက်ထဲ၌ ပြည့်တန်ဆာမွေးခြင်း၊ လောင်းကစားဒိုင်ဖွင့်ခြင်းကြောင့် တရားခံသည် ပြည်သူ့နှောင့်ယှက်မှုကို ကျူးလွန်ခြင်း ရှိ-မရှိ ပြဿနာပေါ်နိုင်သည်။ ပြည့်တန်ဆာမွေးခြင်း၊ လောင်းကစားဒိုင်ဖွင့်ခြင်းကြောင့် လူဆိုး လူမိုက်များ အချိန်မရွေး ထွက်ဝင်ခြင်း၊ ဆူပူခြင်း၊ အချိန်မတော် ဆူညံခြင်း စသည်ကိစ္စရပ်များ ပေါ်ပေါက်ပြီး အများပြည်သူ သို့မဟုတ် အနီးအနားတွင် နေထိုင်သူများအား စိတ်ပြိုငြင်မှုဖြစ်စေလျှင်၊ ပြည်သူ့နှောင့်ယှက်မှု မြောက်မည်ဖြစ်သည်။ အထက်ပါနှောင့်ယှက်မှုများပေါ်ပေါက်ခြင်းမရှိလျှင် ပြည်သူ့နှောင့်ယှက်မှုမဖြစ်နိုင်ပေ။ အခြားသူများအား မိမိအိမ်၌ လောင်းကစားရန် ခွင့်ပြုကာမျှဖြင့် တရားခံသည် ပြည်သူ့နှောင့်ယှက်မှုကို မကျူးလွန်ပေ။

*[အစိုးရနှင့် ရွှေညို၊ ရွေးချယ်ထားသောစီရင်ထုံးများ ၂၇၉ ]*

**အသက်အန္တရာယ်ဖြစ်စေတတ်သည့် ကူးစက်တတ်သော ရောဂါမျိုးပြန့်ပွားစေတန်ရာသည့် ပေါ့လျော့မှု။ (ပုဒ်မ ၂၆၉)**

**Negligent act likely to spread infection of disease dangerous to life. (Section 269)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ အသက်အန္တရာယ်ဖြစ်စေတတ်သည့် ကူးစက်တတ်သော ရောဂါမျိုး ပြန့်ပွားစေတန်ရာသော၊ သို့တည်းမဟုတ် ထိုသို့ ပြန့်ပွားစေတန်ရာသည်ကို

http://www.cherrythitsar.org



မိမိသိသော၊ သို့တည်းမဟုတ် ထိုသို့ ယုံကြည်ရန်အကြောင်းရှိသော ဥပဒေနှင့် ဆန့်ကျင်မှုကိုသော်လည်းကောင်း၊ ပေါ့လျော့မှုကိုသော်လည်းကောင်း ပြုလျှင်၊ ထိုသူကို ခြောက်လထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တရားခံသည် ပြုလုပ်မှုတစ်ခုကိုပြုခြင်း။

၂။ ထိုပြုလုပ်မှုကြောင့် ရောဂါမျိုးပြန့်ပွားစေတန်ရာသည်ကို တရားခံကသိခြင်း၊ ယုံကြည်ရန်အကြောင်းရှိခြင်း။

၃။ ထိုရောဂါသည် အသက်အန္တရာယ်ဖြစ်စေတတ်သည့် ကူးစက်တတ်သောရောဂါဖြစ်ခြင်း။

၄။ တရားခံသည် ဥပဒေနှင့် ဆန့်ကျင်မှု သို့မဟုတ် ပေါ့လျော့မှုကို ပြုခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၆၉ | အသက်အန္တရာယ်ဖြစ်စေတတ်သည့် ကူးစက်တတ်သောရောဂါမျိုးပြန့်ပွားစေတန်ရာသည်ဟု မိမိသိသောပြုမူချက်တစ်စုံတစ်ရာကို ပေါ့လျော့စွာပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၆လထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ဒဏ် နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ်ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**<u>စီရင်ထုံး</u>**

၁။ လူအများ၏ ကျန်းမာရေးနှင့် အသက်အန္တရာယ်ကို ကာကွယ်ရန်အလို့ငှာ ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ကူးစက်တတ်သော ရောဂါမှန်းသိလျက် ထိုရောဂါပြန့်ပွားအောင် တမင်သော်လည်းကောင်း၊ ပေါ့ပေါ့လျော့လျော့နှင့်သော်လည်းကောင်း ပြုလျှင် ပြစ်မှုမြောက်သည်။ ကူးစက်တတ်သော ရောဂါမှန်းသိမှသာ သို့မဟုတ် ယုံကြည်ရန်အကြောင်းရှိမှသာ ပြစ်မှုကျူးလွန်ရာ ရောက်မည်ဖြစ်၍ ကူးစက်တတ်သောရောဂါမှန်းမသိရှိပါဟု ထုချေတင်ပြနိုင်မည်ဖြစ်သည်။ အုတ်ဖိုပိုင်ရှင်သည် အုတ်ဖို၌သန့်ရှင်းစွာမထားမှုကြောင့် ဝမ်းရောဂါဖြစ်ပွားခြင်းသည် ဤပုဒ်မနှင့် အကျုံးမဝင်ပေ။

*[အစိုးရနှင့်ရန်ဂါလာဆင်း၊ အတွဲ-၂ ဘားမားလောဂျာနယ် ၁၁ ]*

http://www.cherrythitsar.org



၂။ ကျောက်ဆေးထိုးခြင်းသည် ကျောက်ရောဂါကို ကာကွယ်ရန်ဖြစ်သော်လည်း၊ ကျောက်ရည်ကို နားလည်တတ်ကျွမ်းသူသာ ထုတ်လုပ်ထိုးပေးသင့်သည်။ ကျောက်ဆေးထိုးခြင်းသည် ပြစ်မှုမဟုတ်သော်လည်း မတတ်ကျွမ်း နားမလည်သူတစ်ယောက်က ကျောက်ဆေးထိုးပေး၍ ရောဂါပြန့်ပွားရလျှင် ပေါ့လျော့မှုကြောင့်ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည့်အလျောက် ပြစ်မှုမြောက်မည်ဖြစ်သည်။

*[အစိုးရနှင့်စံလှ (၁၈၉၇-၀၁) အတွဲ-၁ အထက်မြန်မာပြည်စီရင်ထုံး ၂၈၀ ]*

## အသက်အန္တရာယ်ဖြစ်စေတတ်သည့် ကူးစက်တတ်သောရောဂါမျိုး ပြန့်ပွားစေတန်ရာသည့် ဘေးသင့်စေမှု။ (ပုဒ်မ ၂၇၀)

## Malignant act likely to spread infection of disease dangerous to life. (Section 270)

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

မည်သူမဆို၊ အသက်အန္တရာယ်ဖြစ်စေတတ်သည့် ကူးစက်တတ်သောရောဂါမျိုး ပြန့်ပွားစေတန်ရာသော၊ သို့တည်းမဟုတ် ထိုသို့ပြန့်ပွားစေတန်ရာသည်ကို မိမိသိသော၊ သို့တည်းမဟုတ် ထိုသို့ ယုံကြည်ရန်အကြောင်းရှိသော ဘေးသင့်စေမှုကိုပြုလျှင်၊ ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တရားခံသည် ပြုလုပ်မှုတစ်ခုကို ပြုခြင်း။

၂။ ထိုပြုလုပ်မှုမှာ ဘေးသင့်စေမှုဖြစ်ခြင်း။

၃။ ထိုပြုလုပ်မှုကြောင့် ရောဂါမျိုးပြန့်ပွားစေတန်ရာသည်ကို တရားခံကသိခြင်း၊ ယုံကြည်ရန်အကြောင်းရှိခြင်း။

၄။ ထိုရောဂါသည် အသက်အန္တရာယ်ဖြစ်စေတတ်သည့် ကူးစက်တတ်သောရောဂါ ဖြစ်ခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့်ရှိမရှိ | ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၇၀ | အသက်အန္တရာယ်ဖြစ်စေတတ်သည့်ကူးစက်တတ်သောရောဂါတစ်စုံတစ်ရာပြန့်ပွားစေတန်ရာသည်ဟု မိမိသိသောပြုမှုချက်တစ်စုံတစ်ရာကို ဘေးသင့်စေရန်ပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | သမ္မန်စာ | အာမခံပေးရမည်။ | ကျေအေးခွင့်မရှိ။ | ၂ နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ်ဒုတိယတန်း အာဏာရ ရာဇဝတ်တရားသူကြီး |

http://www.cherrythitsar.org



**ကူးစက်တတ်သောရောဂါကာကွယ်ရေး(ကွာရန်တင်း) နည်းဥပဒေကို ဖီဆန်ခြင်း။ (ပုဒ်မ ၂၇၁)**

**Disobedience to quarantine rule. (Section 271)**

**ဥပဒေပြဋ္ဌာန်းချက်**

ရေယာဉ် တစ်ခုခုကို ကူးစက်တတ်သောရောဂါပြန့်ပွားခြင်းမှ ကာကွယ်ရန် သီးသန့်ချထားရေးအတွက်ဖြစ်စေ၊ ထိုသို့ သီးသန့်ချထားရေယာဉ်များကို ဆိပ်ကမ်းနှင့်သော်လည်းကောင်း၊ အခြားရေယာဉ်များနှင့်သော်လည်းကောင်း ကူးလူးဆက်ဆံမှုကို စည်းမျဉ်းသတ်မှတ်ရေးအတွက်ဖြစ်စေ၊ ကူးစက်တတ်သောရောဂါ ဖြစ်ပွားသည့် နေရာများနှင့် အခြားနေရာများ ကူးလူးဆက်ဆံမှုကို စည်းမျဉ်း သတ်မှတ်ရေးအတွက်ဖြစ်စေ၊ အစိုးရက ပြုလုပ်၍ ထုတ်ပြန်ကြေညာထားသောနည်းဥပဒေကို မည်သူမဆို သိလျက်နှင့်ဖီဆန်လျှင် ထိုသူကို ခြောက်လထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ရေယာဉ်တစ်ခုခုကို ကူးစက်တတ်သော ရောဂါပြန့်ပွားရေးမှ ကာကွယ်ရန် သီးသန့်ချထားရေးအတွက်ဖြစ်စေ၊ ကူးစက်တတ်သောရောဂါဖြစ်ပွားသည့် နေရာနှင့် အခြားနေရာတို့ ကူးလူးဆက်ဆံရေးအတွက်ဖြစ်စေ နည်းဥပဒေ ရှိခြင်း။

၂။ ထိုနည်းဥပဒေကို အစိုးရက ထုတ်ပြန်ကြေညာထားခြင်း။

၃။ တရားခံသည် ထိုနည်းဥပဒေကို သိခြင်း။

၄။ ထိုနည်းဥပဒေကို သိလျက်နှင့် ဖီဆန်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၇၁ | ကူးစက်တတ်သောရောဂါကာကွယ်ရေးနည်းဥပဒေကို သိလျက်နှင့်ဖီဆန်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၆လထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ဒဏ် နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ်ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**စီရင်ထုံး**

၁။ စားဖွယ်သောက်ဖွယ်တို့ အန္တရာယ်ဖြစ်စေအောင် ယုတ်ညံ့သောအရာနှင့် ရောနှောခြင်းသည် ဤပုဒ်မအရ ပြစ်မှုမမြောက်။ နွားနို့ထဲသို့ ရေရောခြင်းသည် ရောနှောသောရေမှာ မသန့်ရှင်းသည့်ရေမဟုတ်လျှင် ဤပုဒ်မအရ အရေးမယူနိုင်ပေ။

*[အစိုးရနှင့် အဗ္ဗဒူရာမန် အတွဲ-၁ အောက်မြန်မာပြည်စီရင်ထုံး ၁၅၃]*

http://www.cherrythitsar.org



**ရောင်းရန်ကြံရွယ်သော စားဖွယ်သောက်ဖွယ်ကို ယုတ်ညံ့သောအရာနှင့် ရောခြင်း။ (ပုဒ်မ ၂၇၂)**

**Adulteration of food or drink intended for sale. (Section 272)**

**ဥပဒေပြဋ္ဌာန်းချက်**

စားဖွယ်သောက်ဖွယ်တစ်ခုခုကို စားဖွယ်သောက်ဖွယ်အနေနှင့် ရောင်းရန်ကြံရွယ်လျက်၊ သို့တည်းမဟုတ် ထိုသို့ ရောင်းတန်ရာသည်ကို သိလျက်နှင့် မည်သူမဆို၊ ထိုစားဖွယ်သောက်ဖွယ်ကို အန္တရာယ်ဖြစ်စေအောင် ယုတ်ညံ့သောအရာနှင့်ရောလျှင်၊ ထိုသူကို ခြောက်လထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် စားဖွယ်သောက်ဖွယ်ကို ရောနှောခြင်း။

၂။ အန္တရာယ်ဖြစ်အောင် ယုတ်ညံ့သောအရာနှင့်ရောခြင်း။

၃။ ရောင်းရန်ကြံရွယ်လျက်၊ သို့တည်းမဟုတ် ရောင်းတန်ရာသည်ကိုသိလျက်နှင့် ရောခြင်း။

**ကျဉ်ချုပ်**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၇၂ | ရောင်းရန်ကြံရွယ်သောစားဖွယ်သောက်ဖွယ်ကို အန္တရာယ်ဖြစ်စေအောင် ယုတ်ညံ့သော အရာနှင့်ရောမှု။ ရောင်းမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၆လထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်၁၀၀၀ထိငွေဒဏ်ဖြစ်စေ၊ဒဏ် နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ်ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**အန္တရာယ်ဖြစ်စေသော စားဖွယ်သောက်ဖွယ်ကို ရောင်းခြင်း။ (ပုဒ်မ ၂၇၃)**

**Sale of noxious food drink. (Section 273)**

**ဥပဒေပြဋ္ဌာန်းချက်**

အန္တရာယ်ဖြစ်စေအောင် ပြုထားသော စားဖွယ် သောက်ဖွယ်ကိုဖြစ်စေ၊ အန္တရာယ်ဖြစ်လာသော စားဖွယ်သောက်ဖွယ်ကိုဖြစ်စေ၊ စားသောက်ရန်မသင့် မလျော်သောအဖြစ်သို့ ရောက်ရှိနေသည့် စားဖွယ်သောက်ဖွယ်ကိုဖြစ်စေ မည်သူမဆို၊ စားဖွယ်သောက်ဖွယ်အနေနှင့် အန္တရာယ်ဖြစ်သည်ကိုသိလျက်၊ သို့တည်းမဟုတ် ထိုသို့ဖြစ်သည်ကို ယုံကြည်ရန်အကြောင်းရှိလျက်၊ စားဖွယ်သောက်ဖွယ်အဖြစ်ဖြင့် ရောင်းလျှင်၊ သို့တည်းမဟုတ် ရောင်းရန်ကမ်းလှမ်းလျှင်၊ သို့တည်းမဟုတ် ရောင်းရန် ပြထားလျှင်၊ ထိုသူကို ခြောက်လထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

http://www.cherrythitsar.org



<u>**အကျုံးဝင်သည့် အင်္ဂါရပ်များ**</u>

၁။ အရာဝတ္ထုသည် စားဖွယ်သောက်ဖွယ်ဖြစ်ခြင်း။

၂။ ထိုအရာကို တရားခံက ရောင်းချခြင်း၊ ရောင်းချရန်ကမ်းလှမ်းခြင်း သို့မဟုတ် ရောင်းရန်ပြထားခြင်း။

၃။ ထိုစားဖွယ်သောက်ဖွယ်သည် အန္တရာယ်ဖြစ်စေအောင်ပြုထားခြင်း၊ အန္တရာယ်ဖြစ်လာခြင်း၊ စားသောက်ရန်မသင့်လျော်သော အဖြစ်သို့ရောက်ရှိခြင်း။

၄။ စားဖွယ်သောက်ဖွယ်အဖြစ် ရောင်းချစဉ် အန္တရာယ်ဖြစ်သည်ကို တရားခံသိခြင်း သို့မဟုတ် ယုံကြည်ရန်အကြောင်းရှိခြင်း။

<u>**ကျင့်ထုံး**</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၇၃ | အန္တရာယ်ဖြစ်စေသောစားဖွယ်သောက်ဖွယ်တစ်စုံတစ်ခုကိုအန္တရာယ်ဖြစ်ကြောင်းသိလျက် စားဖွယ်သောက်ဖွယ်အဖြစ်ဖြင့်ရောင်းမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၆လထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်၁၀၀၀ထိငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ်ဒုတိယတန်း အာဏာရ ရာဇဝတ်တရားသူကြီး |

**ဆေးဝါးဝင်ဝတ္ထုကို ယုတ်ညံ့သောအရာနှင့်ရောခြင်း။ (ပုဒ်မ ၂၇၄)**

**Adulteration of drugs. (Section 274)**

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

ယုတ်ညံ့သောအရာနှင့် ရောထားခြင်းမရှိသော ဆေးဘက်ဝင်ဝတ္ထုဖြစ်ဘိသကဲ့သို့၊ သို့တည်းမဟုတ် ဖော်စပ်ပြီးဆေးဖြစ်ဘိသကဲ့သို့ ဆေးဝါးကိစ္စအလို့ငှာ ရောင်းရန်ကြံရွယ်လျက်၊ သို့တည်းမဟုတ် သုံးစွဲစေရန်ကြံရွယ်လျက်၊ သို့တည်းမဟုတ် ထိုသို့ရောင်းတန်ရာသည်ကိုဖြစ်စေ၊ သုံးစွဲတန်ရာသည်ကိုဖြစ်စေ သိလျက်၊ မည်သူမဆို၊ ဆေးဘက်ဝင်ဝတ္ထုကိုသော် လည်းကောင်း၊ ဖော်စပ်ပြီးဆေးကိုသော်လည်းကောင်း ဆေးတန်ခိုး အာနိသင် ယုတ်လျော့အောင်၊ သို့တည်းမဟုတ် အကျိုးသက်ရောက်ခြင်း ပြောင်းလွဲအောင်၊ သို့တည်းမဟုတ် အန္တရာယ်ဖြစ်အောင် ယုတ်ညံ့သောအရာနှင့် ရောလျှင်၊ ထိုသူကို ခြောက်လအထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

http://www.cherrythitsar.org



**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ဆေးဘက်ဝင် သို့မဟုတ် ဖော်စပ်ပြီးဆေးဖြစ်ခြင်း။

၂။ တရားခံသည် ယုတ်ညံ့သောအရာနှင့်ရောစပ်ခြင်း။

၃။ ယုတ်ညံ့သောအရာနှင့်ရောထားခြင်းမရှိသော ဆေးဘက်ဝင်ဝတ္ထုဖြစ်ဘိသကဲ့သို့ သို့မဟုတ် ဖော်စပ်ပြီးဆေးဖြစ်ဘိသကဲ့သို့ ရောင်းရန်ကြံရွယ်၍ပြုခြင်း၊ ရောင်းတန်ရာ၊ သုံးတန်ရာသည်ကို သိလျက်နှင့်ပြုခြင်း။

၄။ ထိုသို့ ရောသဖြင့် -

(ကက) ဆေးတန်ခိုးအာနိသင် ယုတ်လျော့ခြင်း၊ သို့မဟုတ်

( ခခ ) အကျိုးသက်ရောက်မှုပြောင်းလဲခြင်း၊ သို့မဟုတ်

( ဂဂ ) အန္တရာယ်ဖြစ်စေခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အား ဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၇၄ | ဆေးဘက်ဝင်ဝတ္ထုတစ်စုံတစ်ခုကိုသော်၎င်း၊ ဖော်စပ်ပြီးဆေးတစ်စုံတစ်ခုကိုသော်၎င်း၊ ဆေးတန်ခိုးအာနိသင်ယုတ်လျော့အောင်၊ သို့မဟုတ်အကျိုးသက်ရောက်ခြင်းပြောင်းလဲအောင် သို့မဟုတ်အန္တရာယ်ဖြစ်စေအောင် ယုတ်ညံ့သောအရာနှင့်ရောမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၆လထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်၁၀၀၀ထိငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ်ဒုတိယတန်း အာဏာရ ရာဇဝတ်တရားသူကြီး |

**ယုတ်ညံ့သောအရာနှင့်ရောထားသည့် ဆေးဘက်ဝင်ဝတ္ထုများကို ရောင်းခြင်း။ (ပုဒ်မ ၂၇၅)**

**Sale of adulterated drugs. (Section 275)**

**ဥပဒေပြဋ္ဌာန်းချက်**

ဆေးဘက်ဝင်ဝတ္ထုကို၊ သို့တည်းမဟုတ် ဖော်စပ်ပြီးဆေးကို တန်ခိုးအာနိသင် ယုတ်လျော့အောင်သော်လည်းကောင်း၊ အကျိုးသက်ရောက်ခြင်း ပြောင်းလွဲအောင် သော်လည်းကောင်း၊ အန္တရာယ်ဖြစ်စေအောင်သော်လည်းကောင်း ယုတ်ညံ့သော အရာတစ်ခုခုနှင့် ရောထားကြောင်း သိလျက်နှင့် မည်သူမဆို၊ ထိုသို့ရောထားသော ဆေးဘက်ဝင်ဝတ္ထုကို၊ သို့တည်းမဟုတ် ဖော်စပ်ပြီးဆေးကို ယုတ်ညံ့သောအရာနှင့် ရောထားခြင်းမရှိဘိသကဲ့သို့ ဆေးဝါးကိစ္စအလို့ငှာ ရောင်းလျှင်၊ သို့တည်းမဟုတ် ရောင်းရန်ကမ်းလှမ်းလျှင်၊ သို့တည်းမဟုတ် ရောင်းရန်ပြထားလျှင်၊ သို့တည်းမဟုတ်

http://www.cherrythitsar.org



ဆေးပေးရုံမှထုတ်ပေးလျှင်၊ သို့တည်းမဟုတ် ယုတ်ညံ့သောအရာနှင့် ရောထား ကြောင်း မသိသောသူတစ်ဦးတစ်ယောက်အား ဆေးဝါးကိစ္စအလို့ငှာ သုံးစွဲစေလျှင် ထိုသူကို ခြောက်လထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

<u>**အကျုံးဝင်သည့် အင်္ဂါရပ်များ**</u>

၁။ ဆေးဘက်ဝင်ဝတ္ထု သို့မဟုတ် ဖော်စပ်ပြီးဆေးဖြစ်ခြင်း။

၂။ ထိုဆေးကို တန်ခိုးအာနိသင်ယုတ်လျော့အောင်သော်လည်းကောင်း၊ အကျိုး သက်ရောက်ခြင်းပြောင်းလွဲအောင်သော်လည်းကောင်း၊ အန္တရာယ်ဖြစ်စေအောင် သော်လည်းကောင်း ယုတ်ညံ့သော အရာဝတ္ထုတစ်ခုခုနှင့် ရောထားခြင်း။

၃။ ထိုသို့ ရောထားသည်ကို တရားခံသိခြင်း။

၄။ တရားခံသည် ဆေးကို -

(ကက) ရောင်းခြင်း သို့မဟုတ်

( ခခ ) ရောင်းရန်ကမ်းလှမ်းခြင်း သို့မဟုတ်

( ဂဂ ) ရောင်းရန်ပြထားခြင်း သို့မဟုတ်

(ဃဃ) ဆေးပေးရုံမှထုတ်ပေးခြင်း သို့မဟုတ်

( ငင ) ယုတ်ညံ့သောအရာနှင့်ရောထားကြောင်း မသိသူအား ဆေးဝါးကိစ္စ အလို့ငှာ သုံးစွဲစေခြင်း။

<u>**ကျင့်ထုံး**</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အား ဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၇၅ | ယုတ်ညံ့သောအရာနှင့် ရောထားကြောင်းသိလျက်နှင့်ဆေးဖက်ဝင်ဝတ္ထုတစ်စုံတစ်ခုကို သို့မဟုတ် ဖော်စပ်ပြီးဆေးတစ်စုံတစ်ခုကို ရောင်းရန်ကမ်းလှမ်းမှု၊ သို့မဟုတ် ဆေးပေးရုံမှ ထုတ်ပေးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၆လထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်၁၀၀၀ထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ်ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**ဆေးဖက်ဝင်ဝတ္ထုတစ်မျိုးကို၊ သို့တည်းမဟုတ် ဖော်စပ်ပြီး ဆေးတစ်မျိုးကို အခြားတစ်မျိုးဖြစ်၍ ရောင်းခြင်း။**
**(ပုဒ်မ ၂၇၆)**

**Sale of drug as a different drug of preparation.**
**(Section 276)**

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

မည်သူမဆို၊ ဆေးဘက်ဝင်ဝတ္ထုတစ်မျိုးကို၊ သို့တည်းမဟုတ် ဖော်စပ်ပြီးဆေး တစ်မျိုးကို အခြားတစ်မျိုးဖြစ်မှန်းသိလျက်နှင့် ဆေးဝါးကိစ္စအလို့ငှာ ရောင်းလျှင်၊

http://www.cherrythitsar.org



သို့တည်းမဟုတ် ရောင်းရန်ကမ်းလှမ်းလျှင်၊ သို့တည်းမဟုတ် ရောင်းရန်ပြထားလျှင်၊ သို့တည်းမဟုတ် ဆေးပေးရုံမှ ထုတ်ပေးလျှင်၊ ထိုသူကို ခြောက်လထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

<u>**အကျုံးဝင်သည့် အင်္ဂါရပ်များ**</u>

၁။ တရားခံသည် ဆေးဘက်ဝင်ဝတ္ထု သို့မဟုတ် ဖော်စပ်ပြီးဆေးကို ရောင်းခြင်း၊ ရောင်းရန်ကမ်းလှမ်းခြင်း သို့မဟုတ် ရောင်းရန်ပြထားခြင်း။

၂။ ထိုသို့ပြုခြင်းမှာ ဆေးဝါးကိစ္စအလို့ငှာဖြစ်ခြင်း။

၃။ အခြားတစ်မျိုးအနေဖြင့်ရောင်းခြင်း၊ ကမ်းလှမ်းခြင်း၊ ပြသထားခြင်း။

၄။ အခြားတစ်မျိုးမဟုတ်သည်ကို ထိုသို့ပြုစဉ်က သိခြင်း။

<u>**ကျင့်ထုံး**</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့်ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၇၆ | ဆေးဘက်ဝင်ဝတ္ထုတစ်စုံတစ်ခုကိုသို့မဟုတ် ဖော်စပ်ပြီးဆေးတစ်စုံတစ်ခုကိုအခြားဆေးဘက်ဝင်ဝတ္ထု၊ သို့မဟုတ်ဖော်စပ်ပြီးဆေးအဖြစ်ဖြင့်သိလျက်နှင့်ရောင်းမှု၊သို့မဟုတ် ဆေးပေးရုံမှထုတ်ပေးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံပေးရမည်။ | ကျေအေးခွင့်မရှိ။ | ၆လထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်၁၀၀၀ထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ်ဒုတိယတန်း အာဏာရ ရာဇဝတ်တရားသူကြီး |

## အများပြည်သူဆိုင်ရာစိမ့်စမ်း၊ ရေလှောင်ကန်စသည်တို့ကို ညစ်ညမ်းအောင်ပြုခြင်း။ (ပုဒ်မ ၂၇၇)

## Fouling water of public spring or reservoir. (Section 277)

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

မည်သူမဆို အများပြည်သူဆိုင်ရာ စိမ့်စမ်းမှ၊ သို့တည်းမဟုတ် ရေလှောင်ကန်မှ ရေကိုသုံးစွဲနေကျအခြေမှ ယုတ်လျော့အောင် မိမိအလိုအလျောက် ယုတ်ညံ့စေလျှင်၊ သို့တည်းမဟုတ် ညစ်ညမ်းစေလျှင်၊ ထိုသူကို သုံးလထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငါးရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

<u>**အကျုံးဝင်သည့် အင်္ဂါရပ်များ**</u>

၁။ တရားခံသည် ရေကို ယုတ်ညံ့စေခြင်း၊ ညစ်ညမ်းစေခြင်း။

၂။ အများပြည်သူပိုင် စိမ့်စမ်း၊ ရေလှောင်ကန်မှ ရေဖြစ်ခြင်း။

၃။ တရားခံသည် မိမိအလိုအလျောက်ပြုခြင်း။

၄။ သုံးစွဲနေကျအခြေမှ ယုတ်လျော့အောင်ပြုခြင်း။

http://www.cherrythitsar.org



<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၇၇ | အများပြည်သူဆိုင်ရာစိမ့်စမ်းသို့မဟုတ် ရေလှောင်ကန်တစ်ခု၏ရေကို ညစ်ညမ်းအောင်ပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃လထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်၅၀၀ထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | မည်သည့် ရာဇဝတ် တရားသူကြီးမဆို |

## ကျန်းမာရေးကိုအန္တရာယ်ဖြစ်စေရန် လေကို တစ်ခုခုပြုခြင်း။ (ပုဒ်မ ၂၇၈)

## Making atmosphere noxious to health. (Section 278)

<u>ဥပဒေပွင့်ဆိုချက်</u>

မည်သူမဆို၊ နေရာတစ်ခုခုရှိ လေကို၊ ထိုနေရာအနီးအနားတွင် အများအားဖြင့် နေထိုင်ကြသော၊ သို့တည်းမဟုတ် အလုပ်လုပ်ကိုင်ကြသော၊ သို့တည်းမဟုတ် အများပြည်သူဆိုင်ရာလမ်း၌ သွားလာနေကြသောသူများ၏ ကျန်းမာရေးကို အန္တရာယ်ဖြစ်စေအောင် မိမိအလိုအလျောက် ညစ်ညမ်းစေလျှင်၊ ထိုသူကို ငါးရာထိ ဒဏ်ငွေ ချမှတ်ရမည်။

<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>

၁။ လေကိုညစ်ညမ်းစေခြင်း။
၂။ တရားခံသည် မိမိအလိုအလျောက် ညစ်ညမ်းစေခြင်း။
၃။ ထိုသို့ပြုခြင်းကြောင့် ကျန်းမာရေးကို အန္တရာယ်ဖြစ်စေခြင်း။
၄။ အနီးအနားတွင်နေထိုင်ကြသော၊ အလုပ်လုပ်ကိုင်ကြသော လမ်းသွားလမ်းလာ နေသောသူများ၏ ကျန်းမာရေးကို အန္တရာယ်ဖြစ်စေခြင်း။

<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၇၈ | ကျန်းမာရေးကိုအန္တရာယ်ဖြစ်စေရန် လေကို ညစ်ညမ်းအောင်ပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ကျပ်၅၀၀ထိ ငွေဒဏ်။ | မည်သည့် ရာဇဝတ် တရားသူကြီးမဆို |

http://www.cherrythitsar.org



## အများပြည်သူဆိုင်ရာလမ်းတွင် အရမ်းမောင်းခြင်း သို့တည်းမဟုတ် အရမ်းစီးခြင်း။ (ပုဒ်မ ၂၇၉)

## Rash driving or riding on a public way. (Section 279)

**ဥပဒေဖွင့်ဆိုချက်**

မည်သူမဆို၊ လူ့အသက်ကို အန္တရာယ်ဖြစ်စေအောင်သော် လည်းကောင်း၊ သူတစ်ပါးအား နာကျင်စေတန်လောက်အောင်၊ သို့တည်းမဟုတ် နစ်နာစေတန်လောက်အောင်သော်လည်းကောင်း အရမ်းဖြစ်စေ၊ ပေါ့လျော့စွာဖြစ်စေ အများပြည်သူဆိုင်ရာလမ်းပေါ်၌ ယာဉ်ကိုမောင်းလျှင်၊ သို့တည်းမဟုတ် စီးလျှင်၊ ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ယာဉ်ကိုမောင်းခြင်း၊ စီးခြင်း။

၂။ ထိုသို့ မောင်းခြင်း၊ စီးခြင်းမှ အများပြည်သူဆိုင်ရာလမ်းပေါ်၌ဖြစ်ခြင်း။

၃။ အရမ်း သို့မဟုတ် ပေါ့လျော့စွာ မောင်းခြင်း၊ စီးခြင်း။

၄။ လူ့အသက်ကို အန္တရာယ်ဖြစ်စေအောင်၊ သူတစ်ပါးအား နာကျင်စေတန်လောက်အောင် ပြုသည်ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၇၉ | လူ့အသက် စသည်တို့ကိုအန္တရာယ်ဖြစ်စေအောင် အများပြည်သူဆိုင်ရာလမ်းတစ်ခုတွင်အရမ်းမောင်းမှု၊သို့မဟုတ်အရမ်းစီးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်၁၀၀၀ထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ်ဒုတိယတန်း အာဏာရ ရာဇဝတ်တရားသူကြီး |

**စီရင်ထုံး**

၁။ တရားခံတစ်ဦး၏ ယာဉ်မောင်းနှင်မှု၊ စီးနင်းမှုသည် အရမ်းပြုမှု သို့မဟုတ် ပေါ့လျော့စွာပြုမှု ဟုတ်မဟုတ်ဆိုသော ပြဿနာကို အချိန်၊ နေရာ၊ လမ်း၏အခြေအနေစသည့်အချက်အလက်များအပေါ်တွင် မူတည်၍ဆုံးဖြတ်ရသည်ဖြစ်သည်။ နေ့အချိန်ယာဉ်မောင်းသူထက် ညအချိန် သို့မဟုတ် အလင်းရောင်များစွာမရှိသည့် လမ်းမီးထွန်းထားသည့်နေရာတွင် မောင်းနှင်သူက ပို၍သတိဝိရိယရှိရန် လိုမည်

http://www.cherrythitsar.org



ဖြစ်သည်။ လူပြတ်သည့်နေရာတွင် မောင်းနှင်သူသည် လူရှုပ်သည့်မြို့နယ်လမ်း၌ မောင်းသူလောက် သတိဝီရိယရှိရန် လိုမည်မဟုတ်ပေ။ လူမရှိသည့်လမ်းပင်ဖြစ်စေကာမူ လမ်းလျှောက်သူ သို့မဟုတ် အခြားယာဉ်များသည် ရုတ်တရက် လမ်းပေါ်သို့ ရောက်လာနိုင်သဖြင့် မထိန်းနိုင်၊ မသိမ်းနိုင်လောက်အောင် အလွန်လျင်မြန်စွာ မောင်းလာလျှင် ပေါ့လျော့စွာ သို့မဟုတ် အရမ်းမောင်းလာသည်ဟု ကောက်ယူရမည်ဖြစ်သည်။ ဖြောင့်တန်း၍ ကျယ်ဝန်းသောလမ်းမပေါ်တွင် တစ်နာရီ မိုင် ၃၀/၄၀ မောင်းနှင်ခြင်းသည် အရမ်းသို့မဟုတ် ပေါ့လျော့စွာမောင်းနှင်သည်ဟု ဆိုနိုင်မည်မဟုတ်။ သို့ရာတွင် လမ်းပေါ်၌အပြိုင်မောင်းနှင်ခြင်းသည် အန္တရာယ်ကိုဖိတ်ခေါ်ရာ ရောက်သဖြင့် အရမ်းပြုမှုမြောက်သည်။ ထို့ပြင် လက်ဝဲမောင်း လက်ယာမောင်း ဆိုသည့် ယာဉ်စည်းကမ်းအတိုင်းမမောင်းသဖြင့် တစ်ခြားသူတစ်ဦးတစ်ယောက်အား အန္တရာယ်ဖြစ်စေလျှင် အရမ်း သို့မဟုတ် ပေါ့လျော့မှု ကျူးလွန်သည်ဟု ဆိုရမည်ဖြစ်သည်။ သို့ရာတွင် လမ်းမှားပြီးမောင်းလာသော်လည်း ပေါ့လျော့မှု၊ သို့မဟုတ် အရမ်းပြုမှုမရှိဘဲ လမ်းမှန်မှလာသော တရားလိုက အရမ်းမောင်းနှင်လာခြင်းကြောင့် ကားတိုက်မှုဖြစ်ပွားရလျှင် တရားခံတွင် တာဝန်ရှိမည်မဟုတ်ပေ။

*[အက်ဖ်ဂျီရှော့ဆင်နှင့် အစိုးရ ၊ အေအိုင်အာရ် ၁၉၃၄ ရန်ကုန် ၁၉၄ ]*

၂။ သာမန်စက်ဘီး၏နောက်တွင် လူတစ်ဦးကိုပို၍တင်လျှင် စက်ဘီးစီးသူသည် စက်ဘီးမထိန်းနိုင် မသိမ်းနိုင်ဘဲ အခြားယာဉ်များ၊ လမ်းသွားလမ်းလာများနှင့် တိုက်မိရန် အကြောင်းရှိသဖြင့် ထိုသူ၏ ပြုလုပ်မှုသည် အရမ်းပြုလုပ်မှုဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

*[အစိုးရနှင့် ဘာစ်ဒီယို ၁၉၄၁ ရန်ကုန်စီရင်ထုံး ၁၂၇ ]*

၃။ ခိုးသတ်သည့် ဝက်သားပါသောကားကို ဝက်သားစစ်ဆေးသော အင်စပတ်တော်၏ကားက လိုက်ဖမ်းရာတွင် အရှိန်ပြင်းစွာမောင်းနှင်သည်သာမက လမ်းအချက်ပြများကို လိုက်နာခြင်းမရှိကြောင်း ပေါ်ပေါက်ပါက ယာဉ်မောင်းသူသည် အရမ်းမောင်းနှင်သည်ဟု ဆိုရမည်ဖြစ်၍ ဤပုဒ်မအရ ပြစ်မှုမြောက်မည် ဖြစ်သည်။ ကားထဲ၌ပါသည့် အင်စပတ်တော်အနေဖြင့် ထိုကဲ့သို့ အရမ်းမောင်းနှင်ခြင်းမပြုရန် တားမြစ်ခြင်းမပြုကာမျှဖြင့် ၎င်းသည် ယာဉ်မောင်းသူအား ဤပုဒ်မကို ကျူးလွန်ရန် အားပေးသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

*[မောင်ထွန်းခင်နှင့်အစိုးရ (၁၉၃၇) အတွဲ ၃၉၊ ပြစ်မှုဆိုင်ရာ ဥပဒေဂျာနယ် ၅၃၅ ]*

၄။ လော်လီကားနှစ်စီး ခေါင်းချင်းဆိုင်၍ တိုက်မိသောအမှုတွင် ယာဉ်မောင်းသူနှစ်ဦးစလုံးအား အမှုတစ်မှုတည်းတွင် တရားခံများအဖြစ် အရေးမယူသင့်ပေ။ တစ်ဦးအပေါ်တစ်ဦး အပြစ်ဖို့သည့်အပြင် နှစ်ဦးအနက် တစ်ဦးသာလျှင် အရမ်း၊ သို့မဟုတ် ပေါ့လျော့စွာ မောင်းနှင်သည်ဟု ဆုံးဖြတ်ရမည့်ကိစ္စတွင် ၎င်းတို့အား တစ်မှုစီခွဲ၍ တရားစွဲဆိုသင့်ပေသည်။

*[အန်နဝါနှင့် ပြည်ထောင်စု ၁၉၅၂၊ မြန်မာပြည်စီရင်ထုံး ၃၃၁ (လွှတ်တော်)]*

http://www.cherrythitsar.org



**သွားလာနေသော ယာဉ်ကို၊ ဘေးဖြစ်စေသော အရာဝတ္ထုဖြင့် ပစ်ခတ်ခြင်း။ (ပုဒ်မ ၂၇၉-က)**

**Throwing dangerous article on moving vehicle. (Section 279-A)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ ယာဉ်တစ်စီးစီးတွင်၊ စီးနင်းသွားလာသူတစ်ဦးတစ်ယောက်၏ လုံခြုံမှုကို ဘေးဖြစ်စေတန်ရာသော အကြံဖြင့်သော်လည်းကောင်း၊ ထိုသို့ ဖြစ်စေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း၊ အများပြည်သူဆိုင်ရာ နေရာ၌ ယာဉ်တစ်စီးစီးကို သစ်သားဖြင့်ဖြစ်စေ၊ ခဲဖြင့်ဖြစ်စေ၊ အက်ဆစ်ဖြင့်ဖြစ်စေ၊ အခြား အရာဝတ္ထုဖြင့်ဖြစ်စေ ပစ်ခတ်လျှင်၊ သို့တည်းမဟုတ် ရိုက်ပုတ်လျှင်၊ သို့တည်းမဟုတ် ထိုယာဉ်တစ်စီးစီးပေါ်၌ ထိုအရာတစ်ခုခုကို ကျစေလျှင် ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငါးရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ရှင်းလင်းချက် ၁။** ဤပုဒ်မ၏ကိစ္စအလို့ငှာ "ယာဉ်" ဆိုသည်မှာ လမ်းပေါ်၌ သယ်ယူပို့ဆောင်ရန် အသုံးပြုနိုင်သော ဘီးနှင့်ယာဉ်ကို ဆိုလိုသည်။

**ရှင်းလင်းချက် ၂။** သင်္ကြန်အတွင်းတွင်၊ အများပြည်သူဆိုင်ရာနေရာ၌ ယာဉ်တစ်စီးစီးကို ရေပက်ခြင်းသည် ဤပုဒ်မအရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုမဟုတ်။

**ရှင်းလင်းချက် ၃။** ဤပုဒ်မရှိ စကားရပ်ကြောင့် လူတစ်ဦးတစ်ယောက်ကို ပြုလုပ်မှု တစ်ခုခုအတွက်ဖြစ်စေ၊ ပျက်ကွက်မှုတစ်ခုခုအတွက်ဖြစ်စေ ဤရာဇသတ်ကြီးရှိ အခြားပုဒ်မအရသော်လည်းကောင်း၊ အခြားဥပဒေအရသော်လည်းကောင်း တရားမစွဲဆိုနိုင်ဟု မမှတ်ယူရ။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည်ယာဉ်တစ်စီးစီးကို ပစ်ခတ်ခြင်း၊ ရိုက်ပုတ်ခြင်း၊ ယာဉ်တစ်စီးစီး အပေါ်သို့ ကျစေခြင်း။

၂။ သစ်သား၊ ခဲ၊ အက်ဆစ်၊ သို့မဟုတ် အခြားဝတ္ထုဖြင့် ပစ်ခြင်း။

၃။ အများပြည်သူဆိုင်ရာနေရာ၌ဖြစ်ခြင်း။

၄။ ယာဉ်တွင်စီးနင်းသွားလာသူ၏ လုံခြုံရေးကို ဘေးဖြစ်စေတန်ရာသောအကြံ သို့မဟုတ် ဖြစ်စေတန်ရာသည်ကို သိလျက်နှင့်ပြုခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၇၉ က | ယာဉ်တစ်စီးစီးအတွင်း သို့မဟုတ်အပေါ်တွင် စီးနင်းသွားလာသူတစ်ဦးတစ်ယောက်၏လုံခြုံမှုကိုဘေးဖြစ်စေတန်ရာသောအကြံဖြင့်သော်လည်းကောင်း၊ ထိုသို့ ဖြစ်စေတန်ရာသည်ကိုသိလျက်နှင့်သော်လည်းကောင်း အများပြည်သူဆိုင်ရာ နေရာတစ်ခု၌ယာဉ်တစ်စီးကို ခဲစသည်တို့ဖြင့် ပစ်ခတ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်၅၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

http://www.cherrythitsar.org



**ရေယာဉ်ကို အရမ်း ဦးစီးသွားလာစေခြင်း။ (ပုဒ်မ ၂၈၀)**

**Rash navigation of vessel. (Section 280)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ လူ့အသက်ကို အန္တရာယ်ဖြစ်စေအောင်သော် လည်းကောင်း၊ သူတစ်ပါးအား နာကျင်စေတန်လောက်အောင် သို့တည်းမဟုတ် နစ်နာစေတန်လောက်အောင်သော်လည်းကောင်း အရမ်းဖြစ်စေ၊ ပေါ့လျော့စွာဖြစ်စေ ရေယာဉ်ကို ဦးစီးသွားလာစေလျှင် ထိုသူကို ခြောက်လထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ရေယာဉ်ကို ဦးစီးသွားလာစေခြင်း။
၂။ တရားခံသည် အရမ်း သို့မဟုတ် ပေါ့လျော့စွာပြုခြင်း။
၃။ ယင်းသို့ပြုခြင်းကြောင့် လူ့အသက်အန္တရာယ်ဖြစ်စေခြင်း၊ သူတစ်ပါးအား နာကျင်စေတန်လောက်အောင်ဖြစ်ခြင်း၊ နစ်နာစေတန်လောက်အောင်ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အား ဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၈၀ | လူ့အသက်ကိုအန္တရာယ်ဖြစ်စေအောင်စသည် ဖြင့် ရေယာဉ်တစ်စင်းကိုအရမ်းဖြစ်စေ၊ ပေါ့လျော့စွာဖြစ်စေ ဦးစီးသွားလာမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၆လထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်၁၀၀၀ထိငွေ ဒဏ်ဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ်ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**မမှန်သော မီးရောင်ကိုဖြစ်စေ၊ အမှတ်အသားကို ဖြစ်စေ၊ ဘောကိုဖြစ်စေပြခြင်း။ (ပုဒ်မ ၂၈၁)**

**Exhibition of false light, mark or buoy. (Section 281)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ ရေယာဉ်ဦးစီးကို လွဲမှားစေရန် ကြံရွယ်၍သော်လည်းကောင်း၊ လွဲမှားစေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း မမှန်သောမီးရောင်ကို သို့တည်းမဟုတ် အမှတ်အသားကို၊ သို့တည်းမဟုတ် ဘောကိုပြလျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

http://www.cherrythitsar.org



**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် မီးရောင်အမှတ်အသား သို့မဟုတ် ဘော့ကိုပြခြင်း။

၂။ အဆိုပါ အချက်တစ်ခုခုသည် မမှန်ခြင်း။

၃။ ရေယာဉ်ဦးစီးကို လွဲမှားစေရန်ကြံရွယ်၍သော်လည်းကောင်း၊ လွဲမှားစေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ပြခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၈၁ | မမှန်သောမီးရောင်၊ သို့မဟုတ် အမှတ်အသား၊ သို့မဟုတ် ဘော့ကိုပြမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ဒဏ် နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင် တရားရုံး |

**ဘေးမကင်းသော ရေယာဉ်ဖြင့်ဖြစ်စေ၊ ဝန်ပိုတင်သောရေယာဉ်ဖြင့်ဖြစ်စေ ရေလမ်းခရီးတွင် လူကို အခနှင့် သယ်ယူပို့ဆောင်ခြင်း။ (ပုဒ်မ ၂၈၂)**

**Conveying person by water for hire in unsafe or overloaded vessel. (Section 282)**

**ဥပဒေပြဋ္ဌာန်းချက်**

လူ့အသက်ကို အန္တရာယ်ဖြစ်စေသည့်အခြေခံရှိသော၊ သို့တည်းမဟုတ် ထိုသို့ အန္တရာယ်ဖြစ်စေလောက်အောင် ဝန်ပိုတင်သော ရေယာဉ်ဖြင့် မည်သူမဆို သိလျက်နှင့်သော်လည်းကောင်း၊ ပေါ့လျော့စွာသော်လည်းကောင်း ရေလမ်းခရီးတွင် လူတစ်ဦးတစ်ယောက်ကို အခယူ၍ သယ်ယူပို့ဆောင်လျှင်၊ သို့တည်းမဟုတ် သယ်ယူပို့ဆောင်စေလျှင်၊ ထိုသူကို ခြောက်လထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် လူတစ်ဦးတစ်ယောက်ကို အခယူ၍ သယ်ယူပို့ဆောင်ခြင်း။

၂။ ယင်းသို့ ပို့ဆောင်ခြင်းမှာ ရေယာဉ်နှင့်ဖြစ်ခြင်း။

၃။ ထိုရေယာဉ်သည် လူ့အသက်ကို အန္တရာယ်ဖြစ်စေသည့် အခြေခံရှိခြင်း၊ အန္တရာယ်ဖြစ်လောက်အောင် ဝန်ပိုတင်ခြင်း။

၄။ ထိုသို့ဖြစ်ကြောင်းကို တရားခံသည်သိခြင်း၊ မသိပါကလည်း ပေါ့လျော့စွာပြုခြင်း။

http://www.cherrythitsar.org



**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အား ဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၈၂ | လူ့အသက်ကိုအန္တရာယ်ဖြစ်စေသည့်အခြေ၌ရှိသော၊ သို့မဟုတ်အန္တရာယ်ဖြစ်စေလောက်အောင်ဝန်ကိုတင်သော ရေယာဉ်တစ်စင်းဖြင့်လူတစ်ဦးတစ်ယောက်ကို အခယူ၍ရေလမ်းခရီးတွင်သယ်ယူပို့ဆောင်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၆လထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်၁၀၀၀ထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ်ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**အများပြည်သူဆိုင်ရာလမ်းတွင်၊ သို့တည်းမဟုတ် အများပြည်သူဆိုင်ရာရေယာဉ်သွားလာရာလမ်းကြောင်းတွင် အန္တရာယ်ဖြစ်စေခြင်း၊ သို့တည်းမဟုတ် ဟန့်တားခြင်း။**
**(ပုဒ်မ ၂၈၃)**

**Danger or obstruction in public way or line of navigation.**
**(Section 283)**

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

မည်သူမဆို၊ ပြုလုပ်မှုတစ်ခုခုကို ပြုခြင်းဖြင့်သော် လည်းကောင်း၊ လက်ရှိဖြစ်သော၊ သို့တည်းမဟုတ် အုပ်ထိန်းထားသောပစ္စည်းကို နေရာတကျမထားရှိဘဲ ပျက်ကွက်ခြင်းဖြင့်သော်လည်းကောင်း အများပြည်သူဆိုင်ရာလမ်းတွင်၊ သို့တည်းမဟုတ် အများပြည်သူဆိုင်ရာ ရေယာဉ်သွားလာရာလမ်းကြောင်းတွင် လူတစ်ဦးတစ်ယောက်ကို အန္တရာယ်ဖြစ်စေလျှင်၊ သို့တည်းမဟုတ် အဟန့်အတားဖြစ်စေလျှင်၊ သို့တည်းမဟုတ် နစ်နာစေလျှင်၊ ထိုသူကို နှစ်ရာထိ ငွေဒဏ်ချမှတ်ရမည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တရားခံသည် မိမိလက်ရှိဖြစ်သော သို့တည်းမဟုတ် အုပ်ထိန်းထားသော ပစ္စည်းကို ပြုလုပ်မှုတစ်ခုခုပြုခြင်း၊ နေရာတကျမထားရှိဘဲ ပျက်ကွက်ခြင်း။

၂။ ထိုပြုလုပ်မှု၊ ပျက်ကွက်မှုသည် အသက်အန္တရာယ်ဖြစ်စေခြင်း၊ အဟန့်အတားဖြစ်စေခြင်း၊ နစ်နာစေခြင်း။

၃။ အများပြည်သူဆိုင်ရာ လမ်း သို့မဟုတ် ရေယာဉ်သွားရာလမ်းကြောင်းတွင် လူတစ်ဦးတစ်ယောက်အား ထိုသို့ဖြစ်စေခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၈၃ | အများပြည်သူဆိုင်ရာလမ်း၊ သို့မဟုတ် ရေယာဉ်သွားလာရာ လမ်းကြောင်းတစ်ခုခုတွင် အန္တရာယ်ဖြစ်စေမှု၊ သို့မဟုတ် အဟန့်အတားဖြစ်စေမှု၊ သို့မဟုတ် နစ်နာစေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ကျပ် ၂၀၀ထိ ငွေဒဏ်။ | ပထမတန်း သို့မဟုတ်ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

http://www.cherrythitsar.org



**အဆိပ်ရှိအရာဝတ္ထုနှင့်စပ်လျဉ်း၍ ပေါ့လျော့ခြင်း။ (ပုဒ်မ ၂၈၄)**

**Negligent conduct with respect to poisonous substance. (Section 284)**

**<u>ဥပဒေဖွင့်ဆိုချက်</u>**

မည်သူမဆို၊ လူ့အသက်ကို အန္တရာယ်ဖြစ်စေအောင်သော်လည်းကောင်း၊ လူတစ်ဦးတစ်ယောက်ကို နာကျင်စေတန်လောက်အောင်၊ သို့တည်းမဟုတ် နစ်နာစေတန်လောက်အောင်သော်လည်းကောင်း၊ အဆိပ်ရှိ အရာဝတ္ထုဖြင့် ပြုလုပ်မှုတစ်ခုခုကို အရမ်းဖြစ်စေ၊ ပေါ့လျော့စွာဖြစ်စေ ပြုလျှင်၊ သို့တည်းမဟုတ် အဆိပ်ရှိ အရာဝတ္ထုကြောင့် လူ့အသက်အား အန္တရာယ်ဖြစ်ဖွယ်ရှိခြင်းမှ ကာကွယ်ရန် လုံလောက်အောင် လက်ရှိအဆိပ်ရှိအရာဝတ္ထုကို နေရာတကျမထားဘဲ သိလျက်နှင့်ဖြစ်စေ၊ ပေါ့လျော့စွာဖြစ်စေ ပျက်ကွက်လျှင်၊ ထိုသူကို ခြောက်လထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

**ပထမအပိုဒ်**

၁။ တရားခံသည် အဆိပ်ရှိအရာဝတ္ထုဖြင့် ပြုလုပ်မှုတစ်ခုခုကိုပြုခြင်း။

၂။ ထိုအရာဝတ္ထုသည် လူ့အသက်ကို အန္တရာယ်ဖြစ်စေအောင်သော်လည်းကောင်း၊ လူတစ်ဦးတစ်ယောက်ကို နစ်နာ၊ နာကျင်စေတန်လောက်အောင် အခြေရှိခြင်း။

၃။ တရားခံ၏ ပြုလုပ်မှုသည် အရမ်း သို့မဟုတ် ပေါ့လျော့စွာပြုသည့်ပြုလုပ်မှု ဖြစ်ခြင်း။

**ဒုတိယအပိုဒ်**

၁။ တရားခံသည် အဆိပ်ရှိဝတ္ထုကို လက်ရှိဖြစ်ခြင်း။

၂။ ထိုဝတ္ထုသည် လူ့အသက်ကို အန္တရာယ်ဖြစ်စေဖွယ်ရှိခြင်း။

၃။ တရားခံသည် ထိုဝတ္ထုကို နေရာတကျမထားဘဲ ပျက်ကွက်ခြင်း။

၄။ ယင်းသို့ပျက်ကွက်ခြင်းမှာ သိလျက်နှင့် သို့မဟုတ် ပေါ့လျော့စွာဖြစ်ခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၈၄ | လူ့အသက်ကိုအန္တရာယ်ဖြစ်စေအောင် စသည်ဖြင့် ကျူးလွန်ရန်အလို့ငှာအဆိပ်ရှိ အရာဝတ္ထုတစ်စုံတစ်ခုနှင့်စပ်လျဉ်း၍ ပေါ့လျော့စွာပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၆လထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်၁၀၀၀ထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ်ဒုတိယတန်း အာဏာရ ရာဇဝတ်တရားသူကြီး |

http://www.cherrythitsar.org



**မီးနှင့် ၊ သို့တည်းမဟုတ် မီးလောင်လွယ်သော အရာဝတ္ထုနှင့်စပ်လျဉ်း၍ပေါ့လျော့ခြင်း။ (ပုဒ်မ ၂၈၅)**

**Negligent conduct with respect to fire or combustible matter. (Section 285)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ လူ့အသက်ကိုအန္တရာယ်ဖြစ်စေအောင်သော်လည်းကောင်း၊ သူတစ်ပါးနာကျင်စေတန်လောက်အောင်၊ သို့တည်းမဟုတ် နစ်နာစေတန်လောက်အောင်သော်လည်းကောင်း မီးဖြင့်၊ သို့တည်းမဟုတ် မီးလောင်လွယ်သော အရာဝတ္ထုဖြင့်၊ ပြုလုပ်မှုတစ်ခုခုကို အရမ်းဖြစ်စေ၊ ပေါ့လျော့စွာဖြစ်စေပြုလျှင်၊ သို့တည်းမဟုတ် မီးကြောင့်သော်လည်းကောင်း၊ မီးလောင်လွယ်သော အရာဝတ္ထုကြောင့်သော်လည်းကောင်း လူ့အသက်အန္တရာယ်ဖြစ်ဖွယ်ရှိခြင်းမှ ကာကွယ်ရန် လုံလောက်အောင် လက်ရှိမီးကို၊ သို့တည်းမဟုတ် မီးလောင်လွယ်သောအရာဝတ္ထုကို နေရာတကျမထားဘဲ သိလျက်နှင့်ဖြစ်စေ၊ ပေါ့လျော့စွာဖြစ်စေ ပျက်ကွက်လျှင်၊ ထိုသူကို သုံးနှစ်ထိထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

**ပထမအပိုဒ်အတွက်**

၁။ တရားခံသည် မီး သို့မဟုတ် မီးလောင်လွယ်သော အရာဝတ္ထုဖြင့် ပြုလုပ်မှုကို ပြုခြင်း။

၂။ ထိုသို့ပြုခြင်းမှာ အရမ်း သို့မဟုတ် ပေါ့လျော့စွာဖြစ်ခြင်း။

၃။ လူ့အသက်ကို အန္တရာယ်ဖြစ်စေအောင်၊ သူတစ်ပါးအား နာကျင်၊ နစ်နာစေတန်လောက်အောင်ဖြစ်ခြင်း။

**ဒုတိယအပိုဒ်အတွက်**

၁။ တရားခံသည် မီး သို့မဟုတ် မီးလောင်လွယ်သောအရာဝတ္ထုကို လက်ရှိဖြစ်ခြင်း။

၂။ မီး သို့မဟုတ် မီးလောင်လွယ်သော အရာဝတ္ထုကြောင့် လူ့အသက်ကို အန္တရာယ်ဖြစ်ခြင်းမှ ကာကွယ်ရန် လုံလောက်အောင် နေရာတကျမထားဘဲ ပျက်ကွက်ခြင်း။

၃။ ယင်းပျက်ကွက်မှုသည် သိလျက်နှင့်သော်လည်းကောင်း၊ ပေါ့လျော့၍သော်လည်းကောင်း ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၈၅ | မီးနှင့် သို့မဟုတ် မီးလောင်လွယ်သော အရာဝတ္ထုတစ်စုံတစ်ခုနှင့်စပ်လျဉ်း၍ ပေါ့လျော့စွာပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | ပထမတန်း သို့မဟုတ်ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ တရားခံအိမ်မှစတင်၍ မီးလောင်မှုဖြစ်ပွားသည့်အကြောင်းကြောင့် တရားခံသည် ဤပုဒ်မအရ ပြစ်မှုကျူးလွန်သည်ဟု ယူဆရန် မဟုတ်ချေ။

*[အစိုးရနှင့်မအုန်း၊ ရွေးချယ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၁၃၄]*

*[အစိုးရနှင့်မောင်စိန်၊ ရွေးချယ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၅၆၉]*

၂။ မီးလောင်ရခြင်းသည် တရားခံ၏ ပေါ့လျော့မှုကြောင့်ဖြစ်ကြောင်း၊ ပေါ်ပေါက်မှသာ ဤပုဒ်မအရ ပြစ်မှုမြောက်မည်ဖြစ်သည်။

*[အစိုးရနှင့်ရာပို၊ ရွေးချယ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၃၃၇]*

*[အစိုးရနှင့်မောင်ချို၊ ရွေးချယ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၄၁၁]*

၃။ အရမ်းပြုမှု၊ ပေါ့လျော့မှု သို့မဟုတ် ပြုသင့်သည်ကို မပြုဘဲ ပျက်ကွက်မှုကြောင့် ဖြစ်သည်ဟု တရားလိုဘက်မှ သက်သေအထင်အရှားတင်ပြရန် လိုပေသည်။

*[အစိုးရနှင့်မောင်ဏ (၁၉၀၂-၀၃) အတွဲ-၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၇ (ပြစ်မှု)]*

*[မတင်ရွှေနှင့်ပြည်ထောင်စု၊ ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၆၅၀]*

၄။ ဤပုဒ်မကို ပြင်ဆင်ထားသဖြင့် တရားခံအပြစ်ရှိကြောင်း တွေ့ရှိပါမူ ငွေဒဏ်တစ်ခုတည်းကိုသာ တပ်ရိုက်ခြင်းမပြုနိုင်ပေ။ ထောင်ဒဏ်မချမှတ်ဘဲနေ၍မရပေ။ မီးဘေးကြောင့် လူအများ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်ကြရသဖြင့် ပြစ်မှုကျူးလွန်သူအား ထိရောက်စွာ ပြစ်ဒဏ်ချမှတ်သင့်ပေသည်။

*[တရားရုံးချုပ်ညွှန်ကြားလွှာ အမှတ် ၆/၇၀ ]*

**ပေါက်ကွဲတတ်သောအရာဝတ္ထုနှင့်စပ်လျဉ်း၍ ပေါ့လျော့ခြင်း။ (ပုဒ်မ ၂၈၆)**

**Negligent conduct with respect to explosive substance. (Section 286)**

**ဥပဒေဖွင့်ဆိုချက်**

မည်သူမဆို၊ လူ့အသက်ကို အန္တရာယ်ဖြစ်စေအောင်သော်လည်းကောင်း၊ သူတစ်ပါးကို နာကျင်စေတန်လောက်အောင်၊ သို့တည်းမဟုတ် နစ်နာစေတန်လောက်အောင်သော်လည်းကောင်း ပေါက်ကွဲတတ်သောအရာဝတ္ထုဖြင့် ပြုလုပ်မှုတစ်ခုခုကို အရမ်းဖြစ်စေ၊ ပေါ့လျော့စွာဖြစ်စေ ပြုလျှင်၊ သို့တည်းမဟုတ် ပေါက်ကွဲတတ်သော အရာဝတ္ထုကြောင့် လူ့အသက်အန္တရာယ်ဖြစ်ဖွယ်ရှိခြင်းမှ ကာကွယ်ရန် လုံလောက်အောင်လက်ရှိ ပေါက်ကွဲတတ်သော အရာဝတ္ထုကို နေရာတကျမထားဘဲ သိလျက်နှင့်ဖြစ်စေ ပေါ့လျော့စွာဖြစ်စေ ပျက်ကွက်လျှင်၊ ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပုဒ်မ ၂၈၅ အတိုင်းပင်ဖြစ်သည်။

၂။ မီး၊ သို့မဟုတ် မီးလောင်လွယ်သောအရာဝတ္ထုအစား ပေါက်ကွဲတတ်သော အရာဝတ္ထုကိုသာ အစားထိုးရန်လိုသည်။

http://www.cherrythitsar.org



<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၈၆ | ပေါက်ကွဲစေတတ်သောအရာဝတ္ထုတစ်စုံတစ်ခုနှင့်စပ်လျဉ်း၍ ပေါ့လျော့စွာပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | ပထမတန်း သို့မဟုတ်ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**စက်ကိရိယာနှင့်စပ်လျဉ်း၍ ပေါ့လျော့ခြင်း။ (ပုဒ်မ ၂၈၇)**

**Negligent conduct with respect to machinery. (Section 287)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

မည်သူမဆို၊ လူ့အသက် အန္တရာယ်ဖြစ်စေအောင်သော်လည်းကောင်း၊ သူတစ်ပါးကို နာကျင်စေတန်လောက်အောင်၊ သို့တည်းမဟုတ် နစ်နာစေတန် လောက်အောင်သော်လည်းကောင်း၊ စက်ကိရိယာဖြင့် ပြုလုပ်မှုတစ်ခုခုကို အရမ်း ဖြစ်စေ၊ ပေါ့လျော့စွာဖြစ်စေ ပြုလျှင်၊ သို့တည်းမဟုတ် စက်ကိရိယာကြောင့် လူ့အသက်အား အန္တရာယ်ဖြစ်ဖွယ်ရှိခြင်းမှကာကွယ်ရန် လုံလောက်အောင် လက်ရှိ စက်ကိရိယာကိုသော်လည်းကောင်း၊ မိမိကြည့်ရှုအုပ်ထိန်းသော စက်ကိရိယာ ကိုသော်လည်းကောင်း နေရာတကျမထားဘဲ သိလျက်နှင့်ဖြစ်စေ၊ ပေါ့လျော့စွာ ဖြစ်စေ ပျက်ကွက်လျှင်၊ ထိုသူကို ခြောက်လထိ ထောင်ဒဏ်တစ်မျိုးမျိုး ဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>

၁။ ပုဒ်မ ၂၈၅ အတိုင်းဖြစ်သည်။

<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲကဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၈၇ | စက်ကိရိယာတစ်စုံတစ်ခုနှင့်စပ်လျဉ်း၍ ပေါ့လျော့စွာပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၆လထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်၁၀၀၀ထိငွေ ဒဏ်ဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ်ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

http://www.cherrythitsar.org



**အဆောက်အအုံများကို ဖြိုခြင်းနှင့်၊ သို့တည်းမဟုတ် ပြင်ခြင်းနှင့်စပ်လျဉ်း၍ ပေါ့လျော့ခြင်း။ (ပုဒ်မ ၂၈၈)**

**Negligent conduct with respect to pulling down or repairing buildings. (Section 288)**

**ဥပဒေပွင့်ဆိုချက်**

အဆောက်အအုံတစ်ခုကို ဖြိုရာတွင်၊ သို့တည်းမဟုတ် ပြင်ရာတွင် ထို အဆောက်အအုံတစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ပြိုကျခြင်းကြောင့် လူ့အသက်အား အန္တရာယ်ဖြစ်ဖွယ်ရှိခြင်းမှ ကာကွယ်ရန် လုံလောက်အောင် ထို အဆောက်အအုံကို နေရာတကျမဖြိုဖျက်ဘဲ၊ သို့တည်းမဟုတ် မပြင်ဘဲ မည်သူ မဆို သိလျက်နှင့်ဖြစ်စေ၊ ပေါ့လျော့စွာဖြစ်စေ ပျက်ကွက်လျှင်၊ ထိုသူကို ခြောက်လ အထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် အဆောက်အအုံကို ဖြိုခြင်း၊ ပြင်ဆင်ခြင်း။

၂။ ထိုသို့ပြုရာ၌ အဆောက်အအုံပြိုကျခြင်းမှ ကာကွယ်ရန် လုံလောက်အောင် နေရာတကျ မဆောင်ရွက်ခြင်း။

၃။ ယင်းသို့ ပြိုကျခြင်းသည် လူ့အသက်အန္တရာယ်ဖြစ်ဖွယ်ရှိခြင်း။

၄။ တရားခံသည် သိလျက်နှင့်ဖြစ်စေ၊ ပေါ့လျော့စွာဖြစ်စေ ပြုခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၈၈ | ဖြိုဖျက်ရန်၊ သို့မဟုတ်ပြင်ရန်အခွင့် အလမ်းရှိသောအဆောက်အအုံတစ်စုံတစ်ခု ပြိုကျခြင်းကြောင့်လူ့အသက်အန္တရာယ် ဖြစ်ဖွယ်ရှိခြင်းမှကာကွယ်ရန် တစ်ဦး တစ်ယောက်က ပျက်ကွက်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၆လထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်၁၀၀၀ထိငွေ ဒဏ်ဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ်ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**တိရစ္ဆာန်နှင့်စပ်လျဉ်း၍ ပေါ့လျော့ခြင်း။ (ပုဒ်မ ၂၈၉)**

**Negligent conduct with respect to animal. (Section 289)**

**ဥပဒေပွင့်ဆိုချက်**

တိရစ္ဆာန်ကြောင့် လူ့အသက်အား အန္တရာယ်ဖြစ်ဖွယ်ရှိခြင်းမှ၊ သို့တည်းမဟုတ် အပြင်းအထန် နာကျင်ဖွယ်ရှိခြင်းမှ ကာကွယ်ရန် လုံလောက်အောင် လက်ရှိ တိရစ္ဆာန်ကို နေရာတကျမထားဘဲ မည်သူမဆို သိလျက်နှင့်ဖြစ်စေ၊ ပေါ့လျော့စွာ

http://www.cherrythitsar.org



ဖြစ်စေ ပျက်ကွက်လျှင်၊ ထိုသူကို ခြောက်လထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တိရစ္ဆာန်သည် တရားခံလက်ရှိဖြစ်ခြင်း။

၂။ တရားခံသည် ထိုတိရစ္ဆာန်ကြောင့် လူ့အသက်အား အန္တရာယ်ဖြစ်ဖွယ်ရှိခြင်း။ သို့မဟုတ် အပြင်းအထန် နာကျင်ဖွယ်ရှိခြင်းမှကာကွယ်ရန် လုံလောက်အောင် နေရာတကျ မထားခြင်း။

၃။ ယင်းသို့ မထားခြင်းမှာ တရားခံအနေဖြင့် သိလျက်နှင့်ဖြစ်စေ၊ ပေါ့လျော့စွာဖြစ်စေ ပျက်ကွက်သည်ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၈၉ | တိရစ္ဆာန်ကြောင့်လူ့အသက်အား အန္တရာယ်ဖြစ်ဖွယ်ရှိခြင်းမှ၊ သို့မဟုတ် အပြင်းအထန်နာကျင်ဖွယ်ရှိခြင်းမှ ကာကွယ်ရန် လုံလောက်အောင် မိမိလက်ရှိတိရစ္ဆာန်တစ်ကောင်ကောင်ကို တစ်ဦးတစ်ယောက်က နေရာတကျထားရန် ပျက်ကွက်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၆လထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်၁၀၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | မည်သည့် ရာဇဝတ် တရားသူကြီးမဆို။ |

**စီရင်ထုံး**

၁။ တိရစ္ဆာန်ကို နေရာတကျထိန်းသိမ်းခြင်းမပြုသည့်ကိစ္စအတွက် ပြဋ္ဌာန်းထားသည့် ပုဒ်မဖြစ်သည်။ တိရစ္ဆာန်ဆိုရာ၌ တောရိုင်းတိရစ္ဆာန်ဖြစ်သည့် ကျား၊ ဝက်ဝံ စသည့် သတ္တဝါများသာမက၊ ယဉ်ပါးနေသည့် တိရစ္ဆာန်ဖြစ်သော ခွေး၊ နွား၊ ကျွဲ စသည့် သတ္တဝါများနှင့်လည်း အကျုံးဝင်သည်။

*[မောင်ရွှေဇင်နှင့် မောင်ဘိုငွေ၊ အတွဲ-၂ ဘားမားလောဂျာနယ် ၈]*

၂။ တောရိုင်းတိရစ္ဆာန်များသည် လူကို ရန်မူတတ်သည့်သတ္တဝါများဖြစ်သည့်အားလျော်စွာ ထိုသတ္တဝါကို လက်ရှိဖြစ်သောသူသည် အထူးဂရုပြု၍ ထိန်းသိမ်းရန်လိုသည်။ ထိုသတ္တဝါမျိုးသည် လူ၏အသက်ကို အန္တရာယ်ဖြစ်စေခြင်း၊ လူအားအပြင်းအထန်နာကျင်စေခြင်း ပြုတတ်သည့်သဘောရှိကြသဖြင့် လက်ရှိဖြစ်သူသည် ထိုသို့သဘောရှိသည်ကို သိလျက်နှင့် မွေးမြူထားသည်ဟု ယူဆနိုင်ပေသည်။ သို့ရာတွင် ယဉ်ပါးနေသည့် ခွေး၊ နွား၊ ကျွဲ၊ မြင်း စသည့် သတ္တဝါများမှာ သာမန်အားဖြင့် လူကို ရန်မူတတ်သည့် သတ္တဝါမဟုတ်သဖြင့် ထိုသတ္တဝါတစ်ကောင်ကောင်က လူကို ရန်မူသည့်ကိစ္စတွင် လက်ရှိဖြစ်သူက မိမိမွေးမြူထားသည့်သတ္တဝါသည် လူကို

http://www.cherrythitsar.org



ရန်မူတတ်ကြောင်း သိရှိပါသည်ဟု တရားလိုဘက်မှ တင်ပြနိုင်မှသာ ဤပုဒ်မဖြင့် အရေးယူနိုင်မည်ဖြစ်သည်။ တရားခံ လက်ရှိဖြစ်သော ခွေးက လူကိုကိုက်ဖူးခြင်း မရှိစေကာမူ ကိုက်ရန်ပြုဖူးကြောင်း အထောက်အထားရှိပါက တရားခံသည် မိမိ၏ ခွေးမှာ လူကို ရန်မူတတ်ကြောင်းသိသည်ဟု ဆိုရမည်ဖြစ်၍ ဤပုဒ်မနှင့် ငြိစွန်း နေပေသည်။

*[အစိုးရနှင့် သောက်ကရအောင်၊ ရွေးချယ်ထားသောစီရင်ချက်များ၊ အောက်မြန်မာပြည် ၃၅၃ ]*

## ပြဋ္ဌာန်းထားခြင်းမရှိသော အချက်တွင် အများပြည်သူဆိုင်ရာ နှောင့်ယှက်မှုအတွက်ပြစ်ဒဏ်။ (ပုဒ်မ ၂၉၀)

## Punishment for public nuisance in cases not otherwise provided for. (Section 290)

**ဥပဒေပြဋ္ဌာန်းချက်**

ဤရာဇသတ်ကြီးအရ ပြစ်ဒဏ်စီရင်ရန် ပြဋ္ဌာန်းထားခြင်းမရှိသည့် အချက်၌ မည်သူမဆို၊ အများပြည်သူဆိုင်ရာ နှောင့်ယှက်မှုကို ကျူးလွန်လျှင်၊ ထိုသူကို နှစ်ရာ ထိ ငွေဒဏ်ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပုဒ်မ ၂၆၈ တွင် လိုအပ်သည့်အင်္ဂါရပ်များရှိရန်လိုသည်။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အား ဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၉၀ | အများပြည်သူဆိုင်ရာ နှောင့်ယှက်ခြင်းကို ကျူးလွန်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ကျပ် ၂၀၀ထိ ငွေဒဏ်။ | မည်သည့် ရာဇဝတ် တရားသူကြီးမဆို |

**စီရင်ထုံး**

၁။ အများပြည်သူ၊ အိမ်နီးချင်းများအား တူညီသော နစ်နာမှု၊ ဘေး သို့မဟုတ် စိတ်ငြိုငြင်မှု ဖြစ်စေသည့် ပြုလုပ်မှုကို ပြုမှသာ ဤပုဒ်မနှင့် အကျုံးဝင်မည်ဖြစ် သည်။ သို့ဖြစ်ရာ တရားခံက မိမိ၏ အိမ်၌ လောင်းကစားရန်ခွင့်ပြုခြင်းသည် ဤ ပုဒ်မအရ အများပြည်သူ နှောင့်ယှက်မှုမမြောက်ပေ။ လောင်းကစားဥပဒေအရသာ အရေးယူရမည်။

*[အစိုးရနှင့် ရွှေညို၊ ရွေးချယ်ထားသောစီရင်ထုံးများ၊ အောက်မြန်မာပြည် ၂၇၉]*

http://www.cherrythitsar.org



**တားဝရမ်းကို၊ သို့တည်းမဟုတ် တားမြစ်သည့် အမိန့်ကိုထုတ်ဆင့်ပြီးနောက် နှောင့်ယှက်မှုကို ဆက်လက်၍ပြုခြင်း။ (ပုဒ်မ ၂၉၁)**

**Continuance of nuisance after in junction to discontinue. (Section 291)**

__ဥပဒေပွင့်ဆိုချက်__

အများပြည်သူဆိုင်ရာ နှောင့်ယှက်မှုကို ထပ်မံ၍သော်လည်းကောင်း၊ ဆက်လက်၍သော်လည်းကောင်း မပြုရဟု ဥပဒေနှင့်အညီ အမိန့်ထုတ်ရန် အခွင့်အာဏာရှိသော ပြည်သူ့ဝန်ထမ်း၏ တားမြစ်ခြင်းကို ခံရပြီးသောသူသည် အများပြည်သူဆိုင်ရာ နှောင့်ယှက်မှုကို ထပ်မံ၍၊ သို့တည်းမဟုတ် ဆက်လက်၍ပြုလျှင် ထိုသူကို ခြောက်လထိ အလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ ချမှတ်ရမည်။

__အကျုံးဝင်သည့် အင်္ဂါရပ်များ__

၁။ တားမြစ်မိန့်ရှိရမည်။
၂။ ထိုတားမြစ်မိန့်ကို ဥပဒေနှင့်အညီ အမိန့်ထုတ်ပြန်ရန် အခွင့်အာဏာရှိသော ပြည်သူ့ဝန်ထမ်းက ထုတ်ပြန်ခဲ့ခြင်းဖြစ်ရမည်။
၃။ အများပြည်သူဆိုင်ရာ အနှောင့်အယှက်မှုကို ထပ်မံ၍သော်လည်းကောင်း၊ ဆက်လက်၍သော်လည်းကောင်း မပြုရဟု တားမြစ်ခြင်းပြုရမည်။
၄။ ထိုအမိန့်သည် တရားခံအပေါ် ထုတ်ဆင့်ခဲ့ခြင်းဖြစ်ရမည်။
၅။ တရားခံက ယင်းအမိန့်ကို မနာခံဘဲ အများပြည်သူဆိုင်ရာ နှောင့်ယှက်မှုကို ထပ်မံ၍သော်လည်းကောင်း၊ ဆက်လက်၍သော်လည်းကောင်း ပြုခြင်းဖြစ်ရမည်။

__ကျင့်ထုံး__

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သမ္မန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့်ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၉၁ | ဆက်လက်၍မပြုရန်တားဝရမ်းထုတ်ဆင့်ပြီး နှောင်နှောင့်ယှက်ခြင်းကို ဆက်လက်၍ပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | သမ္မန်စာ | အာမခံပေးရမည်။ | ကျေအေးခွင့်မရှိ။ | ၆လထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ်ဒုတိယတန်း အာဏာရ ရာဇဝတ်တရားသူကြီး။ |

http://www.cherrythitsar.org



**ညစ်ညမ်းသောစာအုပ် စသည်များကို ရောင်းခြင်း၊ စသည်များ။ (ပုဒ်မ ၂၉၂)**

**Sale, etc., of obscene books, etc. (Section 292)**

**<u>ဥပဒေဖွင့်ဆိုချက်</u>**

မည်သူမဆို -

(က) ညစ်ညမ်းသောစာအုပ်၊ စာအုပ်ငယ်၊ စာရွက်စာတမ်း၊ ရေးဆွဲသောပုံ၊ ပန်းချီကား၊ ပုံသဏ္ဌာန်ရုပ်ပုံတစ်မျိုးမျိုးကို၊ သို့တည်းမဟုတ် ညစ်ညမ်းသော အရာဝတ္ထုကိုရောင်းခြင်း၊ ထုတ်ငှားခြင်း၊ ဝေငှခြင်း၊ အများပြည်သူတို့မြင်သာအောင်ပြခြင်း တစ်ခုခုကိုပြုလျှင်၊ သို့တည်းမဟုတ် နည်းတစ်မျိုးမျိုးဖြင့် ဖြန့်ချိခြင်းပြုလျှင်၊ သို့တည်းမဟုတ် ရောင်းခြင်း၊ ထုတ်ငှားခြင်း၊ ဝေငှခြင်း၊ အများပြည်သူတို့ မြင်သာအောင်ပြခြင်း၊ ဖြန့်ချိခြင်း ကိစ္စတစ်ခုခုအလို့ငှာပြုလျှင်၊ သို့တည်းမဟုတ် ထုတ်လုပ်လျှင်၊ သို့တည်းမဟုတ် လက်ရှိထားလျှင်၊ သို့တည်းမဟုတ်

(ခ) ညစ်ညမ်းသော အရာဝတ္ထုတစ်ခုခုကို အထက်အဆိုပါကိစ္စတစ်ခုခုအတွက်၊ သို့တည်းမဟုတ် ထိုအရာဝတ္ထုတစ်ခုခုကို ရောင်းခြင်း၊ ထုတ်ငှားခြင်း၊ ဝေငှခြင်း၊ အများပြည်သူတို့ မြင်သာအောင် ပြခြင်း၊ နည်းတစ်မျိုးမျိုးဖြင့် ဖြန့်ချိခြင်း တစ်ခုခုပြုမည်ဖြစ်ကြောင်းကို သိလျက်နှင့်သော်လည်းကောင်း၊ ထိုသို့ယုံကြည်ရန် အကြောင်းရှိလျက်နှင့်သော်လည်းကောင်း နိုင်ငံတွင်းသို့သွင်းခြင်း၊ နိုင်ငံအပသို့ထုတ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းတစ်ခုခုပြုလျှင်၊ သို့တည်းမဟုတ်

(ဂ) ညစ်ညမ်းသော အရာဝတ္ထုတစ်ခုခုကို အထက်အဆိုပါကိစ္စတစ်ခုခုအတွက် ပြုကြောင်းကိုဖြစ်စေ၊ ထုတ်လုပ်ကြောင်းကိုဖြစ်စေ၊ ဝယ်ကြောင်းကိုဖြစ်စေ၊ ထားရှိကြောင်းကိုဖြစ်စေ၊ သယ်ယူပို့ဆောင်ကြောင်းကိုဖြစ်စေ၊ အများပြည်သူ မြင်သာအောင် ပြကြောင်းကိုဖြစ်စေ၊ နည်းတစ်မျိုးမျိုးဖြင့် ဖြန့်ချိကြောင်းကိုဖြစ်စေ သိသော၊ သို့တည်းမဟုတ် ယုံကြည်ရန်အကြောင်းရှိသော လုပ်ငန်းကို လုပ်ကိုင်ရာတွင် ပါဝင်ဆောင်ရွက်လျှင်၊ သို့တည်းမဟုတ် ထိုလုပ်ငန်းမှ အမြတ်အစွန်းရရှိလျှင်၊ သို့တည်းမဟုတ်

(ဃ) ဤပုဒ်မအရ၊ ပြစ်မှုဖြစ်သော ပြုလုပ်မှုတစ်ခုခုတွင်၊ တစ်ဦးတစ်ယောက်သောသူ ပါဝင်ဆောင်ရွက်ကြောင်းကို၊ သို့တည်းမဟုတ် ပါဝင်ဆောင်ရွက်ရန်အသင့်ရှိကြောင်းကိုဖြစ်စေ၊ အဆိုပါ ညစ်ညမ်းသော အရာဝတ္ထုတစ်ခုခုကို တစ်ဦးတစ်ယောက်ထံမှသော်လည်းကောင်း၊ တစ်ဆင့်သော်လည်းကောင်း ရယူနိုင်ကြောင်းကိုဖြစ်စေ နည်းတစ်မျိုးမျိုးဖြင့် ကြော်ငြာလျှင်၊ သို့တည်းမဟုတ် ကြားသိစေလျှင်၊ သို့တည်းမဟုတ်

http://www.cherrythitsar.org



(င) ဤပုဒ်မအရ ပြစ်မှုဖြစ်သော ပြုလုပ်မှုတစ်ခုခုကိုပြုရန် ကမ်းလှမ်းလျှင်၊ သို့တည်းမဟုတ် အားထုတ်လျှင်၊ ထိုသူကို သုံးလထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

**ကင်းလွတ်ချက်။** ဤပုဒ်မသည် ကိုးကွယ်သည့် ဘာသာကိစ္စများ အလို့ငှာ သဘောရိုးနှင့်ထားရှိသော၊ သို့တည်းမဟုတ် သုံးစွဲသောစာအုပ်၊ စာအုပ်ငယ်၊ အရေးအသား၊ ရေးဆွဲသောပုံ၊ ပန်းချီကားတစ်မျိုးမျိုးနှင့်ဖြစ်စေ၊ ကိုးကွယ်သည့် ဘာသာရေးဆိုင်ရာ အဆောက်အအုံမှာသော်လည်းကောင်း၊ ရုပ်ပွားဆင်းတုများကို ပင့်ဆောင်ရန်သုံးစွဲသည့် ယာဉ်မှာသော်လည်းကောင်း ထုခြင်း၊ ထွင်းခြင်း၊ ဆေးရေးခြယ်ခြင်းတစ်ခုခုပြုထားသော၊ သို့တည်းမဟုတ် အခြားနည်းဖြင့် ပုံသဏ္ဌာန်ပြုထားသော ပုံတစ်ခုခုနှင့် ဖြစ်စေ၊ ကိုးကွယ်သည့်ဘာသာကိစ္စအလို့ငှာ ထားရှိသော၊ သို့တည်းမဟုတ် သုံးစွဲသော အထက်ပါပုံတစ်ခုခုနှင့်ဖြစ်စေ သက်ဆိုင်ခြင်းမရှိစေရ။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ အရာဝတ္ထုတစ်ခုခုသည် ညစ်ညမ်းသော အရာဝတ္ထုဖြစ်ခြင်း။

၂။ ထိုအရာဝတ္ထုသည် ဤပုဒ်မ၌ ဖော်ပြထားသည့် နည်းတစ်မျိုးမျိုးဖြင့် အသုံးပြုခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲကဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၉၂ | ညစ်ညမ်းသော စာအုပ်များကိုရောင်းမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃လထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ဒဏ် နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

## ညစ်ညမ်းသော အရာဝတ္ထုများကို ငယ်ရွယ်သူတို့အား ရောင်းခြင်း စသည်များ။ (ပုဒ်မ ၂၉၃)

## Sale, etc., of obscene objects to young person. (Section 293)

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

မည်သူမဆို၊ တစ်ဆက်တည်းဖြစ်သော အထက်ပုဒ်မတွင်ဖော်ပြထားသည့် ညစ်ညမ်းသော အရာဝတ္ထုတစ်ခုခုကို အသက်နှစ်ဆယ်မပြည့်သေးသောသူ တစ်ဦးတစ်ယောက်သို့ ရောင်းခြင်း၊ ထုတ်ငှားခြင်း၊ ဝေငှခြင်း၊ ပြခြင်း၊ ဖြန့်ချိခြင်းတစ်ခုခု ပြုလျှင်၊ သို့တည်းမဟုတ် ထိုသို့ပြုရန်ကမ်းလှမ်းခြင်း၊ အားထုတ်ခြင်းတစ်ခုခုပြုလျှင်၊ ထိုသူကို ခြောက်လထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

http://www.cherrythitsar.org



<u>**အကျုံးဝင်သည့် အင်္ဂါရပ်များ**</u>

၁။ ပုဒ်မ ၂၉၂ တွင် လိုအပ်သည့်အင်္ဂါရပ်များ။

၂။ အသက် ၂၀ မပြည့်သေးသောသူကို ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ဝေငှခြင်း၊ ပြခြင်း၊ ဖြန့်ချိခြင်း၊ သို့မဟုတ် ထိုသို့ပြုရန် ကမ်းလှမ်းခြင်း၊ အားထုတ်ခြင်း။

<u>**ကျင့်ထုံး**</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၉၃ | ညစ်ညမ်းသောစာအုပ်စသည်များကို ငယ်ရွယ်သူတို့အား ရောင်းမှုစသည်များ။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၆လထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ဒဏ် နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**ညစ်ညမ်းသော ပြုလုပ်မှုများနှင့် ညစ်ညမ်းသော သီချင်းများ။ (ပုဒ်မ ၂၉၄)**

**Obscene acts and songs. (Section 294)**

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

မည်သူမဆို၊ အခြားသူများ စိတ်ငြိုငြင်အောင် -

(က) အများပြည်သူဆိုင်ရာ နေရာတစ်ခုခုတွင် ညစ်ညမ်းသော ပြုလုပ်မှု တစ်ခုခုကို ပြုလျှင်၊ သို့တည်းမဟုတ်

(ခ) အများပြည်သူဆိုင်ရာ နေရာတစ်ခုခုတွင် ဖြစ်စေ၊ အနီးအနားတွင် ဖြစ်စေ၊ ညစ်ညမ်းသော ကဗျာ၊ လင်္ကာ၊ သီချင်း၊ စကားတစ်မျိုးမျိုးကို ရွတ်ဆိုခြင်း၊ သီဆိုခြင်း၊ ပြောဆိုခြင်း တစ်ခုခုပြုလျှင်၊

ထိုသူကို သုံးလထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

<u>**အကျုံးဝင်သည့် အင်္ဂါရပ်များ**</u>

၁။ တရားခံသည်

(က) အများပြည်သူဆိုင်ရာနေရာတွင်ပြုလုပ်မှုတစ်ခုခုကိုပြုခြင်း။

(ခ) အများပြည်သူဆိုင်ရာနေရာတွင်၊ အနီးအနားတွင် ကဗျာ၊ လင်္ကာ၊ သီချင်း စသော တစ်မျိုးမျိုးကို ရွတ်ဆိုခြင်း၊ သီဆိုခြင်း၊ ပြောဆိုခြင်း။

၂။ ယင်းပြုလုပ်မှု၊ သီဆိုပြောဆိုမှုသည် ညစ်ညမ်းခြင်း။

၃။ ထိုပြုလုပ်မှုကြောင့် အခြားသူများအား စိတ်ငြိုငြင်စေခြင်း။

http://www.cherrythitsar.org



<u>**ကျင့်ထုံး**</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့်ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၉၄ | ညစ်ညမ်းသောသီချင်းများ။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံပေးရမည်။ | ကျေအေးခွင့်မရှိ။ | ၃လထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | မည်သည့်ရာဇဝတ်တရားသူကြီးမဆို။ |

<u>**စီရင်ထုံး**</u>

၁။ ညစ်ညမ်းသော ပြုလုပ်မှုကို ပြုကာမျှဖြင့် ညစ်ညမ်းသောသီချင်း၊ စကားကို သီဆိုခြင်း၊ ပြောဆိုခြင်း ပြုကာမျှဖြင့် ဤပုဒ်မအရ ပြစ်မှုမမြောက်၊ အခြားသူများအား စိတ်ပြိုငြင်ခြင်းဖြစ်စေမှသာ ဤပုဒ်မနှင့် အကျုံးဝင်မည်ဖြစ်သည်။

*[အစိုးရနှင့်ညိုကဲ၊ ရွေးချယ်ထားသောစီရင်ချက်များ၊ အောက်မြန်မာပြည် ၃၃၂]*

*[အစိုးရနှင့်မကျေးဥ၊ ရွေးချယ်ထားသောစီရင်ချက်များ၊ အောက်မြန်မာပြည် ၅၃၇]*

၂။ တရားခံတစ်ဦးအား ဤပုဒ်မဖြင့် အရေးယူလျှင် မည်သည့်ညစ်ညမ်းသော ပြုလုပ်မှုကို ပြုခဲ့သည်၊ မည်သည့်ညစ်ညမ်းသောသီချင်း၊ စကားတို့ကို ပြောဆိုခဲ့သည်ဟု တိကျစွာ ဖော်ပြရန်လိုပေသည်။

*[အစိုးရနှင့်စိုးဖေ၊ ပုံနှိပ်ထားသော စီရင်ချက်များ၊ အောက်မြန်မာပြည် ၅၀ ]*

**ထီရုံထောင်ခြင်း။ (ပုဒ်မ ၂၉၄-က)**

**Keeping lottery office.**
**(Section 294-A)**

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

မည်သူမဆို၊ အစိုးရ၏ အခွင့်အမိန့်မရရှိဘဲ၊ ထီဖွင့်ရန်အလို့ငှာ၊ သို့တည်းမဟုတ် ထီပွဲကို အားပေးအားမြှောက်ပြုရန်အလို့ငှာ၊ သို့တည်းမဟုတ် ထီပွဲကို စီမံကျင်းပရန်အလို့ငှာ ရုံတစ်ခုခုကိုသော်လည်းကောင်း၊ နေရာတစ်ခုခုကိုသော် လည်းကောင်း ထားရှိလျှင်၊ ထိုသူကို ခြောက်လထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

မည်သူမဆို၊ အဆိုပါထီပွဲတစ်ခုခုတွင် လက်မှတ်၊ ဂဏန်း၊ သို့တည်းမဟုတ် ရုပ်ပုံတစ်ခုခုကို ထီဖွင့်ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ထိုထီပွဲတစ်ခုခု စီမံကျင်းပခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဖြစ်သည့် မဖြစ်သည့် အခြင်းအရာ၊ သို့တည်းမဟုတ် မသေချာသော အခြင်းအရာ တစ်ခုခုပေါ်တွင်မူတည်၍ ငွေပေးဆောင်မည်၊ သို့တည်းမဟုတ် ပစ္စည်းပေးအပ်မည်၊ သို့တည်းမဟုတ် တစ်ဦးတစ်ယောက်သောသူ၏ အကျိုးဖြစ်မှုအတွက် အရာတစ်ခုခုကိုပြုမည်၊ သို့တည်းမဟုတ် မပြုဘဲနေမည်ဟူ၍ ရည်ရွယ်ကြောင်းကို ကြော်ငြာလျှင်၊ ထိုသူကို ကျပ်တစ်ထောင်ထိ ငွေဒဏ်ချမှတ်ရမည်။

http://www.cherrythitsar.org



မည်သူမဆို၊ ထီပွဲတစ်ခုခုတွင် ထီလက်မှတ်များ၊ သို့တည်းမဟုတ် ကံစမ်းခွင့်များကို၊ ထီလက်မှတ်ပေါ်တွင် ဖော်ပြထားသည့်အတိုင်း ရောင်းရင်းတန်ဖိုး အပြည့်ကိုရရှိ၍ ရောင်းခြင်းမဟုတ်ဘဲ၊ အခြားနည်းထုတ်ဝေလျှင်၊ သို့တည်းမဟုတ် ထုတ်ဝေရန် ကမ်းလှမ်းလျှင်၊ သို့တည်းမဟုတ် ထုတ်ဝေရန် ကြော်ငြာလျှင်၊ ထိုသူကို ကျပ်တစ်ထောင်ထိ ငွေဒဏ်ချမှတ်ရမည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

**ပထမအပိုဒ်**

၁။ တရားခံသည် ရုံး၊ သို့မဟုတ် နေရာတစ်ခုခုကိုထားရှိခြင်း။

၂။ ထိုသို့ထားရှိခြင်းမှာ ထီဖွင့်ရန် သို့မဟုတ် ထီပွဲကို အားပေးအားမြှောက်ပြုရန် သို့မဟုတ် ထီပွဲကို စီမံကျင်းပရန် အလို့ငှာဖြစ်ခြင်း။

၃။ ယင်းထီသည် အစိုးရ၏ အခွင့်အမိန့်မရရှိသော ထီဖြစ်ခြင်း။

**ဒုတိယအပိုဒ်**

၁။ တရားခံသည် အကြောင်းအရာတစ်ခုခုကိုကြော်ငြာခြင်း။

၂။ ထိုအကြောင်းအရာမှာ -

(က) ထီပွဲ၌ လက်မှတ်၊ ဂဏန်း သို့မဟုတ် ရုပ်ပုံတစ်ခုခုကို ထီဖွင့်ခြင်းနှင့် စပ်လျဉ်းခြင်း၊ သို့မဟုတ်

(ခ) ထီပွဲ စီမံကျင်းပခြင်းနှင့်စပ်လျဉ်းခြင်း၊ သို့မဟုတ်

(ဂ) မသေချာသော အချင်းအရာတစ်ခုခုအပေါ် မူတည်၍ ငွေပေးဆောင်မည်၊ ပစ္စည်းပေးဆောင်မည်၊ တစ်ဦးတစ်ယောက်၏ အကျိုးအတွက် အရာတစ်ခုခုကို ပြုမည်၊ မပြုဘဲနေမည်ဆိုခြင်းနှင့် စပ်လျဉ်းခြင်း။

**တတိယအပိုဒ်**

၁။ ထီလက်မှတ်၊ သို့မဟုတ် ကံစမ်းလက်မှတ်ကို တရားခံက ထုတ်ဝေခြင်း၊ ထုတ်ဝေရန် ကမ်းလှမ်းခြင်း သို့မဟုတ် ကြော်ငြာခြင်း။

၂။ ထီလက်မှတ်ပေါ်တွင် ဖော်ပြထားသည့်အတိုင်း ရောင်းရန်တန်ဖိုးအပြည့်ကို ရရှိ၍ ရောင်းခြင်းမဟုတ်ဘဲ အခြားနည်း ထုတ်ဝေသည့်ကိစ္စဖြစ်ခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့်ရှိမရှိ | ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၉၄ က | ထီရုံတစ်ခုထောင်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံပေးရမည်။ | ကျေအေးခွင့်မရှိ။ | ၆လထိထောင်အတ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေဒဏ် နှစ်ရပ်လုံးဖြစ်စေ။ | မည်သည့် ရာဇဝတ် တရားသူကြီးမဆို။ |
| | ထီများနှင့်စပ်လျဉ်း၍ ရည်ရွယ်ချက်များကို ကြေညာမှု။ | ၎င်း | ၎င်း | ၎င်း | ၎င်း | ကျပ်၁၀၀၀ထိ ငွေဒဏ်။ | ၎င်း |

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ အစိုးရဆိုသည်မှာ နိုင်ငံတော်အစိုးရကိုဆိုလိုသည်။ နိုင်ငံခြားအစိုးရ၏ အခွင့်အမိန့်အရ ပြုလုပ်သည့်ထီဖြစ်စေကာမူ နိုင်ငံတော်အစိုးရ၏ အခွင့်အမိန့်မရှိပါက ထိုထီနှင့်ပတ်သက်၍ရုံး၊ သို့မဟုတ် နေရာထားခြင်း၊ ကြေငြာခြင်းတို့သည် ပြစ်မှုမြောက်သည်။ ထီဖွင့်ရန် ခွင့်ပြုသည်ဟု အစိုးရ၏ အတည့်အလင်းခွင့်ပြုမိန့်ရှိရန်လိုသည်။ အခွန်အကောက် ယူနေသဖြင့် သွယ်ဝိုက်ပြီးခွင့်ပြုထားသည်ဟု ထုချေခြင်းမပြုနိုင်။ ကော်လိတ္တော်အရာရှိသည် အခွန်အရာရှိတစ်ဦးသာဖြစ်၍ ထီဖွင့်ရန် ခွင့်ပြုရန် အာဏာမရှိ။

*[အစိုးရနှင့်အောဂျော်ကုတ် အတွဲ-၇ အောက်မြန်မာပြည်စီရင်ထုံး ၃၁၉ ]*

၂။ ထီဆိုသည် ထီလက်မှတ်ထုတ်ဝေပြီး ကံစမ်းမဲနှိုက်မှ အထမြောက်သည့်ကိစ္စသာမက ကံကိုလိုက်၍ အမြတ်အစွန်းရနိုင်သည့် ကိစ္စများနှင့်လည်း အကျုံးဝင်သည်။ ထို့ကြောင့် ယင်းအင်္ဂါရပ်များပေါ်ပေါက်နေပါက ကုန်ပစ္စည်းကိုရောင်းချရာ၌ တွင်ကျယ်စေရန် ပြုလုပ်ခြင်းသာဖြစ်သည်ဟု ထုချေခြင်းမပြုနိုင်။ ဤပုဒ်မအရ ပြစ်မှုမြောက်သည်။

*[ဂျီ၊ စီ၊ချက်ကရာဗာတီနှင့်အစိုးရ၊ အတွဲ-၉ ဘားမားလောတိုင်း ၁၂၄ ]*

၃။ ဤပုဒ်မကို ၁၉၆၀ ခုနှစ်တွင် ပြင်ဆင်ခြင်းမပြုမီက ရုံးသို့မဟုတ် နေရကို ထီဖွင့်ရန်အလို့ငှာ ထားရှိမှသာ အရေးယူနိုင်သည်ဟု အချို့က ကောက်ယူကြသည်။ ထိုကိစ္စအတွက် ကြိုတင်ပြင်ဆင်ထားသော ရုံး၊ ထီလက်မှတ်ရောင်းသော ရုံ စသည့် ထားရှိခြင်းသည် ပြစ်မှုမမြောက်ဟု ယူဆကြသည်။ သို့ရာတွင် ဤပုဒ်မ၏ အပိုဒ်၁ ကို ပြင်ဆင်ခဲ့ရာ၌ ရုံး သို့မဟုတ် နေရာကို ထီဖွင့်ရန်အလို့ငှာသော်လည်းကောင်း၊ ထီပွဲကို အားပေးအားမြှောက်ပြုရန်သော်လည်းကောင်း၊ ထီပွဲကို စီမံကျင်းပရန် အလို့ငှာသော်လည်းကောင်း ထားရှိက ဤပုဒ်မနှင့်အကျုံးဝင်မည်ဖြစ်သည်။ သို့ဖြစ်ရာ ကော်ဖီဗူးရောင်းချရာ၌ အချို့ဗူးထဲတွင် လက်မှတ်ထည့်ပေးပြီး လက်မှတ်ရသူကို ပလပ်စတစ်ခြင်း လက်ဆောင်ပေးခြင်းသည် ထီပြုလုပ်ရာရောက်သဖြင့် ဤပုဒ်မနှင့် အပြစ်ပေးနိုင်သည်။

*[ပြည်ထောင်စုနှင့်အမ်၊အီး၊ဂျိုးဇက်၊ ၁၉၆၃ မြန်မာပြည်စီရင်ထုံး ၃၉၁ ]*

၄။ တရားခံက ဆင်းရဲဒုက္ခရောက်နေသောလူများကို ကူညီရန် အသင်းဖွဲ့စည်းမည်၊ ထိုအသင်းသို့ ပြည်သူပြည်သားများက ငွေဆယ်သန်းထည့်ဝင်ကြပါ။ အတိုးငွေ ၆ ပုံ ၁ ပုံကို အသင်း၏ ရည်ရွယ်ချက်အတိုင်း အသုံးပြုပြီး ကျန်အတိုးငွေကို ငွေထည့်ဝင်သူများအား မဲနှိုက်၍ခွဲဝေပေးမည်ဟု ကြေငြာရာ၌ ငွေရင်းကိုမူ ပြန်ရမည်ဟု ဖော်ပြထားခြင်းမရှိသည့်ကိစ္စမှာ ဤပုဒ်မနှင့် အကျုံးဝင်သည့် ထီသဘောသက်ရောက်သည့်ကိစ္စသာဖြစ်ပေသည်။

*[အေဒီရပ်ချ်နှင့် အစိုးရ အတွဲ ၁၀ ရန်ကုန် ၂၃၂ ]*

http://www.cherrythitsar.org



## အခန်း(၁၅)
## ဘာသာ သာသနာဆိုင်ရာ ပြစ်မှုများ

**လူတစ်စား ကိုးကွယ်သည့်ဘာသာသာသနာကို စော်ကားရန်အကြံဖြင့် ကိုးကွယ်ဝတ်ပြုသော နေရာကို ဖျက်ဆီးခြင်း၊ သို့တည်းမဟုတ် ယုတ်ညံ့စေခြင်း။**
**(ပုဒ်မ ၂၉၅)**

**Injuring or defiling place of worship, with intent to insult the religion of any class.**
**(Section 295)**

**ဥပဒေပြဋ္ဌာန်းချက်**

လူတစ်စားကိုးကွယ်သည့် ဘာသာသာသနာကို စော်ကားရန်အကြံဖြင့်ဖြစ်စေ၊ ကိုးကွယ်ဝတ်ပြုသောနေရာကိုသော်လည်းကောင်း၊ အထွဋ်အမြတ်ထားသော အရာဝတ္ထုကို သော်လည်းကောင်း၊ ဖျက်ဆီးခြင်းသည်၊ သို့တည်းမဟုတ် ပျက်စီးနစ်နာစေခြင်းသည်၊ သို့တည်းမဟုတ် ယုတ်ညံ့စေခြင်းသည်၊ ထိုဘာသာသာသနာကို စော်ကားသည်ဟု လူတစ်စားက ယူဆတန်ရာသည်ကို သိလျက်နှင့်ဖြစ်စေ မည်သူမဆို၊ ထိုလူတစ်စားက ဘာသာသာသနာရေးဆိုင်ရာ ကိုးကွယ်ဝတ်ပြုသော နေရာကိုသော်လည်းကောင်း၊ အထွဋ်အမြတ်ထားသော အရာဝတ္ထုကိုသော်လည်းကောင်း ဖျက်ဆီးခြင်း၊ သို့တည်းမဟုတ် ပျက်စီးနစ်နာစေလျှင်၊ သို့တည်းမဟုတ် ယုတ်ညံ့စေလျှင်၊ ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် နေရာကိုသော်လည်းကောင်း၊ အရာဝတ္ထုကိုသော်လည်းကောင်း၊ ဖျက်ဆီးခြင်း၊ ပျက်စီးနစ်နာစေခြင်း၊ သို့မဟုတ် ယုတ်ညံ့စေခြင်း။

၂။ ထိုနေရာသည် ဘာသာ သာသနာဆိုင်ရာ ကိုးကွယ်ဝတ်ပြုသည့်နေရာဖြစ်ခြင်း၊ ထိုအရာဝတ္ထုသည် အထွဋ်အမြတ်ထားသော အရာဝတ္ထုဖြစ်ခြင်း။

၃။ ထိုနေရာ၊ အရာဝတ္ထုကို လူတစ်စားက ဘာသာသာသနာအဖြစ် ကိုးကွယ်ခြင်း။

၄။ တရားခံသည် ထိုသို့ပြုခြင်းမှာ -

(က) စော်ကားရန်အကြံနှင့်ဖြစ်ခြင်း။

(ခ) စော်ကားသည်ဟု ထိုလူတစ်စားက ယူဆတန်ရာသည်ကို သိလျက်နှင့် ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သမ္မန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၉၅ | လူတစ်စားကိုးကွယ်သည့် ဘာသာသာသနာကို စော်ကားရန်အကြံဖြင့် ကိုးကွယ်ဝတ်ပြုသည့်နေရာကို၊ သို့မဟုတ် အထွဋ်အမြတ်ထားသောအရာဝတ္ထုကို ဖျက်ဆီးမှု၊ သို့မဟုတ် ယုတ်ညံ့စေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ်ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ ဗုဒ္ဓဘာသာတို့၏ ဘုန်းကြီးကျောင်းသည် ကိုးကွယ်ဝတ်ပြုသောနေရာဟု ဆိုရမည်ဖြစ်သည်။

*[၁၈၉၂-၉၆၊ အတွဲ-၁၊ အထက်မြန်မာပြည်စီရင်ထုံး ၁၉၈ ]*

၂။ ဤစကားရပ်၏ အဓိပ္ပါယ်ကို အချို့က ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း စကားရပ်များနည်းတူ အကောင်အထည်အရ ယုတ်ညံ့စေခြင်း (ဝါ) ညစ်ပတ်စေခြင်းနှင့်သာ သက်ဆိုင်သည်ဟု ယူဆသည်။ ထို့ကြောင့် ဘုရားသိမ်အတွင်း ကာမစပ်ယှက်ခြင်းသည် ဤပုဒ်မအရ ပြစ်မှုမမြောက်ဘဲ ပုဒ်မ ၂၉၇ အရသာ ပြစ်မှုမြောက်သည်ဟု ဆုံးဖြတ်ခဲ့သည်။

*[အစိုးရနှင့်ဖိုးစန်း (၁၈၉၂-၉၆) အတွဲ-၁၊ အထက်မြန်မာပြည်စီရင်ထုံး ၁၉၉]*

**လူတစ်စား ကိုးကွယ်သည့်ဘာသာသာသနာကို ဖြစ်စေ၊ ဘာသာသာသနာရေးယုံကြည်မှုကို ဖြစ်စေ၊ စော်ကားခြင်းဖြင့် ထိုလူတစ်စား၏ ကိုးကွယ်ရာ ဘာသာရေးစိတ်ဓါတ်ကို နာကြည်းစေရန်ကြံရွယ်၍ မသမာစိတ်ဖြင့် တမင်ကျူးလွန်သော ပြုလုပ်မှုများ။ (ပုဒ်မ ၂၉၅-က)**

**Deliberate and malicious acts intended to outrage religious feelings of any classby insulting its religious beliefs. (Section 295-A)**

**ဥပဒေပြဋ္ဌာန်းချက်**

ပြည်ထောင်စုနိုင်ငံတော်တွင် နေထိုင်သော လူတစ်စား၏ ဘာသာရေးစိတ်ကို နာကြည်းစေရန် တမင် မသမာသောအကြံဖြင့် မည်သူမဆို၊ စကားဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ ထိုလူတစ်စားကိုးကွယ်သည့် ဘာသာသာသနာကိုသော်လည်းကောင်း၊ ဘာသာ သာသနာရေးယုံကြည်မှုကိုသော်လည်းကောင်း စော်ကားလျှင်၊ သို့တည်းမဟုတ် စော်ကားရန်အားထုတ်လျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် စကားပြောခြင်း၊ စာနှင့်ဖြစ်စေ၊ ထင်ရှားသောပုံသဏ္ဌာန်နှင့်ဖြစ်စေ ရေးသားခြင်း။

၂။ ထိုသို့ပြုခြင်းဖြင့် ပြည်ထောင်စုနိုင်ငံတွင် နေထိုင်သော လူတစ်စား၏ ကိုးကွယ်သော ဘာသာ သာသနာကိုသော်လည်းကောင်း၊ ဘာသာရေးယုံကြည်မှုကိုသော်လည်းကောင်း စော်ကားခြင်း၊ စော်ကားရန် အားထုတ်ခြင်း။

၃။ ထိုလူတစ်စား၏ ဘာသာရေးစိတ်ကို နာကျည်းစေရန် တမင် မသမာသော အကြံဖြင့် ပြုခြင်း။

http://www.cherrythitsar.org



<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၉၅ (က) | လူတစ်စားကိုးကွယ်သည့် ဘာသာ၊ သာသနာကိုဖြစ်စေ၊ ဘာသာသာသနာရေးယုံကြည်သူကိုဖြစ်စေ၊ မသမာစိတ်ဖြင့် စော်ကားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင် တရားရုံး |

<u>စီရင်ထုံး</u>

၁။ တရားခံသည် လူတစ်စား၏ ဘာသာရေးစိတ်ကို နာကျည်းစေရန် တမင်ပြုလုပ်ခြင်းလည်းဖြစ်ရမည့်အပြင်၊ မသမာသောအကြံဖြင့် ပြုလုပ်မှုသာ ဤပုဒ်မနှင့် အကျုံးဝင်မည်ဖြစ်သည်။ တစ်နည်းဆိုရသော် ဤပုဒ်မနှင့် အကျုံးဝင်ရန် တမင်ပြုလုပ်သည်ဆိုသော အင်္ဂါရပ်အပြင် မသမာသောအကြံဖြင့် ပြုလုပ်သည်ဆိုသော အင်္ဂါရပ်လည်းရှိရန် လိုပေသည်။

*[အစိုးရနှင့်ရွှေဖီ ၁၉၃၉ ၊ ရန်ကုန် စီရင်ထုံး ၃၀၂]*

**ဘာသာ သာသနာရေးဆိုင်ရာ အစုအဝေးကို နှောင့်ယှက်ခြင်း။ (ပုဒ်မ ၂၉၆)**

**Disturbing religious assembly. (Section 296)**

<u>ဥပဒေပွင့်ဆိုချက်</u>

ဥပဒေနှင့်အညီ ဘာသာသာသနာရေးဆိုင်ရာ ကိုးကွယ်ဝတ်ပြုခြင်းပြုနေသော၊ သို့တည်းမဟုတ် ဘာသာ သာသနာရေးဆိုင်ရာ အခမ်းအနားကို ကျင်းပနေသော အစုအဝေးတစ်ခုခုအား မည်သူမဆို မိမိအလိုအလျောက် အနှောင့်အယှက်ဖြစ်စေလျှင်၊ ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>

၁။ အစုအဝေးရှိခြင်း။

၂။ ထိုအစုအဝေးသည် ဘာသာ သာသနာရေးဆိုင်ရာ ကိုးကွယ်ဝတ်ပြုနေခြင်း။

၃။ ယင်းသို့ဝတ်ပြုခြင်း၊ ကျင်းပခြင်းသည် ဥပဒေနှင့်အညီဖြစ်ခြင်း။

၄။ ထိုသို့ဝတ်ပြုခြင်း၊ ကျင်းပခြင်းကို တရားခံက အနှောင့်အယှက်ဖြစ်စေခြင်း။

၅။ တရားခံက အလိုအလျောက်ပြုခြင်း။

http://www.cherrythitsar.org



<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၉၆ | ဘာသာ၊ သာသနာရေးဆိုင်ရာကိုးကွယ်ဝတ်ပြုသောအစုအဝေးကို နှောင့်ယှက်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ဒဏ် နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ်ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

## သင်္ချိုင်းစသော နေရာအရပ်များကို ကျူးကျော်စော်ကားခြင်း။ (ပုဒ်မ ၂၉၇)

## Trespassing on burial - places, etc. (Section 297)

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

တစ်ဦးတစ်ယောက်သောသူ၏ စိတ်ကိုနာစေရန်အကြံဖြင့်ဖြစ်စေ၊ တစ်ဦးတစ်ယောက်ကိုးကွယ်သည့် ဘာသာ သာသနာကိုစော်ကားရန်အကြံဖြင့်ဖြစ်စေ တစ်ဦးတစ်ယောက်သောသူ၏ စိတ်ကို နာစေတန်ရာသည်ကို၊ သို့တည်းမဟုတ် တစ်ဦးတစ်ယောက်သောသူ ကိုးကွယ်သည့်ဘာသာ သာသနာကို စော်ကားတန်ရာသည်ကို သိလျက်နှင့်ဖြစ်စေ မည်သူမဆို ကိုးကွယ်ဝတ်ပြုသောနေရာ၌သော်လည်းကောင်း၊ သင်္ချိုင်း၌သော်လည်းကောင်း၊ မသာအခမ်းအနားဆောင်ရွက်ရန် သီးသန့်ထားသည့် နေရာ၌သော်လည်းကောင်း၊ လူသေအလောင်းထားရန် သီးသန့်နေရာ၌သော်လည်းကောင်း ကျူးကျော်စော်ကားလျှင်၊ သို့တည်းမဟုတ် လူသေအလောင်းကို မဖွယ်မရာပြုလျှင်၊ သို့တည်းမဟုတ် မသာအခမ်းအနား ကျင်းပဆောင်ရွက်ရန် စုဝေးနေသူတို့ကို အနှောင့်အယှက် ဖြစ်စေလျှင်၊ ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

<u>**အကျုံးဝင်သည့် အင်္ဂါရပ်များ**</u>

**ပထမပိုင်းအတွက်**

၁။ ကိုးကွယ်ဝတ်ပြုသောနေရာ၊ သင်္ချိုင်း၊ မသာအခမ်းအနားဆောင်ရွက်ရန် သီးသန့်ထားသည့်နေရာ၊ လူသေအလောင်းထားရန် သီးသန့်နေရာတစ်ခုခု ဖြစ်ရမည်။

၂။ တရားခံသည် ထိုနေရာ၌ ကျူးကျော်စော်ကားခြင်း။

၃။ ယင်းသို့ ကျူးကျော်စော်ကားခြင်းမှာ တစ်ဦးတစ်ယောက်သောသူ၏ စိတ်ကို နာစေရန်အကြံ၊ တစ်ဦးတစ်ယောက် ကိုးကွယ်သော ဘာသာ၊ သာသနာကို စော်ကားရန်အကြံ၊ တစ်ဦးတစ်ယောက်သောသူ ကိုးကွယ်သည့် ဘာသာ သာသနာကို စော်ကားတန်ရာသည်ကို သိလျက်နှင့် တစ်ဦးတစ်ယောက်သောသူ၏ စိတ်ကို နာတန်စေရာသည်ကို သိလျက်နှင့်ဖြစ်ခြင်း။

http://www.cherrythitsar.org



**ဒုတိယပိုင်းအတွက်**

၁။ လူသေအလောင်းရှိခြင်း။

၂။ တရားခံက အလောင်းကို မဖွယ်မရာပြုခြင်း။

၃။ ပထမပိုင်း၏ တတိယအင်္ဂါရပ်။

**တတိယပိုင်းအတွက်**

၁။ မသာအခမ်းအနားကျင်းပဆောင်ရွက်ရန် လူများစုဝေးနေခြင်း။

၂။ ထိုသူများအား တရားခံက အနှောင့်အယှက်ဖြစ်စေခြင်း။

၃။ ပထမပိုင်း၏ တတိယအင်္ဂါရပ်။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အား ဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၉၇ | တစ်ဦးတစ်ယောက်သောသူ၏စိတ်ကို နာစေရန် အကြံဖြင့်ဖြစ်စေ၊ တစ်ဦးတစ်ယောက်၏ ကိုးကွယ်သည့် ဘာသာသာသနာကို စော်ကားရန် အကြံဖြင့်ဖြစ်စေ၊ လူသေအလောင်းကို မဖွယ်မရာ ပြုလုပ်ရန်အကြံဖြင့်ဖြစ်စေ၊ ကိုးကွယ်ဝတ်ပြုသည့် နေရာ၌သော်လည်းကောင်း၊ သင်္ချိုင်း၌သော် လည်းကောင်း၊ မသာအခမ်းအနားဆောင်ရွက်ရန် နေရာ၌သော်လည်းကောင်း၊ ကျူးကျော်စော်ကားမှု သို့မဟုတ် အနှောင့်အယှက်ဖြစ်စေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**<u>စီရင်ထုံး</u>**

၁။ ဤပုဒ်မ၌ “ကျူးကျော်” ဆိုသောစကားရပ်မှာ ပုဒ်မ ၄၄၁ တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည့် ပြစ်မှုမကင်းသော ကျော်နင်းမှုနှင့် တူညီခြင်းမရှိပေ။ ဤပုဒ်မ၌ ဖော်ပြထားသည့်နေရာများသို့ ဝင်ရောက်ပြီး သတ်မှတ်ထားသည့်အကြံ သို့မဟုတ် အသိစိတ်ဖြင့် အကြမ်းဖက်ခြင်း၊ နစ်နာအောင်ပြုခြင်းသည် ကျူးကျော်စော်ကားခြင်းပင်ဖြစ်သည်။

*[မတ်စတန်နှင့်အစိုးရ၊ အတွဲ-၁ ရန်ကုန် ၆၉၀ ]*

၂။ တရားခံသည် ဘုရားပရဝုဏ်အတွင်းသို့ဝင်၍ ကာမစပ်ယှက်ခြင်းသည် ကိုးကွယ်ဝတ်ပြုသောနေရာသို့ ကျူးကျော်ဝင်ရောက်ပြီး ဗုဒ္ဓဘာသာ သာသနာကို စော်ကားရာရောက်သဖြင့် ဤပုဒ်မအရ ပြစ်မှုကို ကျူးလွန်သည်။ ပုဒ်မ ၂၉၅ ဖြင့် အကျုံးမဝင်ပေ။

*[အစိုးရနှင့် ဘိုးစန်း (၁၈၉၂-၉၆) အတွဲ-၁၊ အထက်မြန်မာပြည်စီရင်ထုံး ၁၉၉]*

http://www.cherrythitsar.org



**ဘာသာရေးကို စိတ်နာစေရန် တမင်ကြံရွယ်၍၊ စကား စသည်များကို ပြောဆိုခြင်း။ (ပုဒ်မ ၂၉၈)**

**Uttering words, ect; with deliberate intent to wound religious feelings. (Section 298)**

**ဥပဒေပြဋ္ဌာန်းချက်**

တစ်ဦးတစ်ယောက်သောသူ၏ ဘာသာရေးစိတ်ကို နာစေရန် တမင်ကြံ၍၊ မည်သူမဆို၊ ထိုသူကြားလောက်သောနေရာ၌ စကားပြောဆိုလျှင်၊ သို့တည်းမဟုတ် အသံတစ်ခုခုကိုပြုလျှင်၊ သို့တည်းမဟုတ် ထိုသူမြင်လောက်သောနေရာ၌ ကိုယ်အမူအရာတစ်ခုခုကိုပြုလျှင်၊ သို့တည်းမဟုတ် အရာဝတ္ထုတစ်ခုခုကိုထားလျှင်၊ ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် စကားပြောခြင်း၊ အသံတစ်ခုခုပြုခြင်း သို့မဟုတ် ကိုယ်အမူအရာ တစ်ခုခုပြုခြင်း။

၂။ ယင်းသို့ပြုခြင်းသည် တစ်ဦးတစ်ယောက်သောသူ၏ ဘာသာရေးစိတ်ကို နာစေရန် ကြံရွယ်ခြင်း။

၃။ ထိုကြံရွယ်ချက်ကို တမင်ပြုခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အား ဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၂၉၈ | ဘာသာရေးစိတ်ကိုနာစေရန်တမင်ကြံ၍ ထိုသူကြားလောက်သောနေရာ၌ စကား စသည်များကိုပြောဆိုမှု၊သို့မဟုတ် အသံတစ်ခုခုပြုမှု၊သို့မဟုတ် ထိုသူမြင်လောက်သောနေရာ၌ ကိုယ်အမူအရာတစ်ခုခုပြုမှု၊ သို့မဟုတ် အရာဝတ္ထုတစ်ခုခုထားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | သမ္မာန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် ရှိသည်။ | ၁နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ဒဏ် နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ်ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**စီရင်ထုံး**

၁။ တရားခံ၏ ပြောဆိုပြုမူချက်သည် သူတစ်ပါး၏ ဘာသာရေးစိတ်ကို နာကျည်းစေလျှင် ပြုပြင်သင့် ပြုပြင်အပ်သည့်ကိစ္စကို ဖော်ထုတ်ခြင်းသာဖြစ်ပါသည်ဟု ထုချေခြင်းမပြုနိုင်ပေ။

*[အစိုးရနှင့်ရွှေဖီ ၁၉၃၉ ရန်ကုန်စီရင်ထုံး ၃၀၂]*

http://www.cherrythitsar.org



## အခန်း ၁၆

## လူ့ကိုယ်ကို ထိခိုက်သောပြစ်မှုများ၊ လူ့အသက်ကို ထိခိုက်သောပြစ်မှုများ

**ရာဇဝတ်ပြစ်ဒဏ်ထိုက်သောလူသေမှု (ပုဒ်မ ၂၉၉)**

**Culpable homicide. (Section 299)**

**ဥပဒေပြဋ္ဌာန်းချက်**

(၁) သေစေခြင်းဖြစ်တန်ရာသော ကိုယ်အင်္ဂါနာကျင်မှုကိုဖြစ်စေရန်အကြံဖြင့် မည်သူမဆို၊ ပြုလုပ်မှုတစ်ခုခုကိုပြု၍ လူကိုသေစေလျှင်၊ ထိုသူသည် လူသတ်မှု မမြောက်သည့် ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှုကို ကျူးလွန်သည်မည်၏။ ထို့ပြင် -

(၂) သေစေရန်အကြံဖြင့်ဖြစ်စေ၊ ဖြစ်တတ်သော သဘောအရ အမှန်အားဖြင့် သေစေလောက်သော ကိုယ်အင်္ဂါနာကျင်မှုကိုဖြစ်စေရန်အကြံဖြင့်ဖြစ်စေ မည်သူမဆို၊ ပြုလုပ်မှုတစ်ခုခုကိုပြု၍ လူကိုသေစေလျှင်၊ ထိုသူသည် အောက်ပါအချက် တစ်ခုခု၌၊ လူသတ်မှုမမြောက်သည့် ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှုကို ကျူးလွန်သည်မည်၏။

(က) ပြစ်မှုကျူးလွန်သူသည် ရုတ်တရက် အကြီးအကျယ်ဒေါသထွက်အောင် ပြုခြင်းခံရသဖြင့် မိမိကိုယ်မိမိ မချုပ်တည်းနိုင်သည့်အတွင်း၊ ဒေါသထွက်အောင် ပြုသူကိုဖြစ်စေ၊ မှားယွင်း၍သော်ငြင်း၊ မတော်တဆသော်ငြင်း အခြားသူ တစ်ဦးဦးကိုဖြစ်စေ သေစေလျှင် -

**ခြွင်းချက်။**

**ပထမ။** ။ သို့ရာတွင် တစ်ဦးတစ်ယောက်သူအား သတ်သည့်အတွက်သော် လည်းကောင်း၊ အန္တရာယ်ပြုသည့်အတွက်သော်လည်းကောင်း၊ အပြစ်တင် ကင်းလွတ်ခွင့်ရအောင် ထိုပြစ်မှုကျူးလွန်သူသည် ဒေါသထွက်စေမှုကို မိမိကိုယ်တိုင် ရှာကြံခြင်းမရှိစေရ၊ သို့တည်းမဟုတ် မိမိဒေါသထွက်အောင် သူတစ်ပါးက ပြုစေရန် မိမိက ထိုသူအား မိမိအလိုအလျောက်ပြုခြင်းမရှိစေရ။

**ဒုတိယ** ။ ။ သို့ရာတွင် ဥပဒေကိုနာခံ၍သော်လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် ဥပဒေနှင့်အညီ အာဏာကိုသုံးစွဲရာတွင် ပြည်သူ့ ဝန်ထမ်းကသော်လည်းကောင်း ပြုမူဆောင်ရွက်သော အရာသည် ဒေါသထွက်စေမှု ကိုပြုသည်ဟု မှတ်ယူခြင်းမရှိစေရ။

**တတိယ** ။ ။ ဒေါသထွက်စေမှုသည် ပြစ်မှုကျူးလွန်သူ၏စိတ်ကို မချုပ်တည်း နိုင်လောက်အောင် ရုတ်တရက်အကြီးအကျယ် ဖြစ်သည် မဖြစ်သည်ဆိုသော အချက်မှာကား ကြောင်းခြင်းရာပြဿနာဖြစ်သည်။

http://www.cherrythitsar.org



(ခ) ပြစ်မှုကျူးလွန်သူသည် ကိုယ်ကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ ကာကွယ်ခုခံပိုင်ခွင့်ကို သဘောရိုးဖြင့် သုံးစွဲရာတွင် ဥပဒေက ပေးအပ်သည့် ကာကွယ်ခုခံပိုင်ခွင့်ကို လိုသည်ထက် ပိုမိုသုံးစွဲ၍ တင်ကူးကြံရွယ်ခြင်း မရှိဘဲနှင့်လည်းကောင်း၊ ထိုသို့ကာကွယ်ခုခံရန်အလို့ငှာ၊ လိုသည်ထက်ပို၍ အန္တရာယ်ပြုရန်ကြံရွယ်ခြင်းမရှိဘဲနှင့်လည်းကောင်း ကာကွယ်ခုခံပိုင်ခွင့်သုံးစွဲရခြင်း၏ အကြောင်းရင်းဖြစ်သော လူကိုသေစေလျှင် -

(ဂ) ပြည်သူ့ဝန်ထမ်းဖြစ်သော၊ သို့တည်းမဟုတ် ဖြောင့်မှန်စွာ တရားစီရင်ရေးအတွက် ပြည်သူ့ဝန်ထမ်းကိုကူညီသော ပြစ်မှုကျူးလွန်သူသည် ဥပဒေကပေးအပ်သောအာဏာကို လိုသည်ထက် ပိုမိုသုံးစွဲ၍ ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် တာဝန်ဝတ္တရားကို ကျနစွာ ဆောင်ရွက်ရေးအတွက် ဥပဒေနှင့်အညီ ဖြစ်သည့်အပြင် လိုလည်းလိုအပ်သည်ဟု သဘောရိုးဖြင့် မိမိယုံကြည်သော ပြုလုပ်မှုတစ်ခုကို ပြုခြင်းဖြင့်လည်းကောင်း၊ သေသူအပေါ်၌ ရန်ငြိုးထားခြင်းမရှိဘဲနှင့်လည်းကောင်း လူကိုသေစေလျှင် -

(ဃ) ပြစ်မှုကျူးလွန်သူသည် ရုတ်တရက် ခိုက်ရန်ဖြစ်ပွားသဖြင့် ဒေါသအမျက်ပြင်းပြ၍ ရုတ်တရက်သတ်ပုတ်ကြရာတွင် တင်ကူးကြံရွယ်ခြင်းမရှိဘဲနှင့်လည်းကောင်း၊ မလျော်သော အခွင့်အရေးယူခြင်း၊ သို့တည်းမဟုတ် ရက်ရက်စက်စက် ထူးထူးခြားခြား၊ သို့တည်းမဟုတ် ရက်ရက်စက်စက်၊ သို့တည်းမဟုတ် ထူးထူးခြားခြား ပြုမူခြင်းမရှိဘဲနှင့် လည်းကောင်း ပြုလုပ်လျှင် -

(င) အသက်တစ်ဆယ့်ရှစ်နှစ် ကျော်လွန်သည်လည်းဖြစ်၍ သဘောတူအသေခံသည်လည်းဖြစ်သော၊ သို့တည်းမဟုတ် ထိုသို့ သေဘေးကို ခံယူစွန့်စားသည်လည်းဖြစ်သော လူကို ပြစ်မှုကျူးလွန်သူက သေစေလျှင်။

**လူသတ်မှု၊**
**(ပုဒ်မ ၃၀၀)**
**(ပုဒ်မ ၃၀၀-က)**
**(ပုဒ်မ ၃၀၁)**

**Murder.**
**Explanations of culpable homicide.**
**Culpable homicide by causing death of person other than person whose death was intended.**
**(Section 300)**
**(Section 300-A)**
**(Section 301)**

**ဥပဒေပြဋ္ဌာန်းချက်**

ပြုလုပ်မှုကို လူသတ်မှုမမြောက်သည့် လူသေမှုဖြစ်အောင်ပြုသော ပတ်ဝန်းကျင်ကြောင်းခြင်းရာမရှိခဲ့သော် မည်သူမဆို သေစေရန်အကြံဖြင့်ဖြစ်စေ၊ ဖြစ်တတ်သော သဘောအရ အမှန်အားဖြင့် သေစေလောက်သော ကိုယ်အင်္ဂါနာကျင်မှုကိုဖြစ်စေရန် အကြံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုတစ်ခုခုကိုပြု၍ လူကိုသေစေလျှင်၊ ထိုသူသည် လူသတ်မှုကျူးလွန်သည်မည်၏။

http://www.cherrythitsar.org



**၃၀၀-က။ ။ ပုဒ်မ ၂၉၉ နှင့် ၃၀၀ တွင် -**

(က) ကိုယ်စိတ်ချွတ်ယွင်းခြင်းရှိသော၊ သို့တည်းမဟုတ် အနာရောဂါစွဲကပ်သော၊ သို့တည်းမဟုတ် ကိုယ်အင်္ဂါချည့်နဲ့သောသူအား ကိုယ်အင်္ဂါနာကျင်မှုဖြစ်စေ၍၊ ထိုသူ၏ သေခြင်းကိုမြန်စေသော သူတစ်ဦးတစ်ယောက်သည် ထိုသူအား သေစေသည်ဟု မှတ်ယူရမည်။

(ခ) ကိုယ်အင်္ဂါနာကျင်စေခြင်းဖြင့် သေစေသည့်အမှုတွင်၊ ကိုယ်အင်္ဂါနာကျင်စေမှုပြုခြင်း ခံရသောလူ၏ မသန်စွမ်းခြင်းကိုသော်လည်းကောင်း၊ ချည့်နဲ့ခြင်းကိုသော်လည်းကောင်း ပြစ်မှုကျူးလွန်သူ သိခြင်းသည် ထိုသူ၏ ကြံရွယ်ခြင်းအချက်ကို ထင်ရှားအောင်ပြရာတွင် သက်ဆိုင်သောအချက် ဖြစ်သည်။

(ဂ) ပြုလုပ်မှုတစ်ခုခုသည် ဖြစ်တတ်သောသဘောအရ သေခြင်းသို့ရောက်လောက်အောင် လတ်တလောဘေးကိုဖြစ်စေမည်ဟုသော်လည်းကောင်း၊ သေစေခြင်းဖြစ်တန်ရာသော ကိုယ်အင်္ဂါနာကျင်မှုကို ဖြစ်စေသည်ဟုသော်လည်းကောင်း ပြစ်မှုကျူးလွန်သူသိခြင်းသည် ထိုသူ၏ ကြံရွယ်ရင်းအချက်ကို ထင်ရှားအောင်ပြရာတွင် သက်ဆိုင်သောအချက်ဖြစ်သည်။

(ဃ) ကိုယ်အင်္ဂါနာကျင်စေခြင်းဖြင့် သေစေသည့်အမှုတွင် သင့်တော်သော ဆေးဝါးဖြင့်လည်းကောင်း၊ ကျွမ်းကျင်သော ကုသခြင်းဖြင့်လည်းကောင်း ပြုစု၍သေခြင်းကို တားဆီးနိုင်သော်လည်း ကိုယ်အင်္ဂါနာကျင်မှုကိုပြုသောသူသည် သေခြင်းကိုဖြစ်စေသည်ဟု မှတ်ယူရမည်။

(င) အမိဝမ်းတွင်းရှိ ကလေးကိုသေစေခြင်းသည် လူသေမှုမမည်၊ သို့ရာတွင် အသက်ရှင်သော ကလေးကို သေစေခြင်းသည် ထိုကလေး အသက်မရှူသေးသော်လည်း၊ သို့တည်းမဟုတ် အလုံးစုံမွေးဖွားပြီးမဟုတ်သေးသော်လည်း၊ အချို့အဝက်ဖွားမြင်ပြီးဖြစ်လျှင်၊ ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှုမြောက်နိုင်သည်။

**၃၀၁။** တစ်ဦးတစ်ယောက်သောသူသည် သေစေရန် မိမိကြံရွယ်သော၊ သို့တည်းမဟုတ် သေစေတန်ရာသည်ဟု မိမိသိသောအရာတစ်ခုခုကို ပြုခြင်းဖြင့် သေစေရန် မိမိက မကြံရွယ်သောသူ၏ သေခြင်းကိုဖြစ်စေလျက်၊ သို့တည်းမဟုတ် သူတစ်ဦး၏ သေခြင်းကိုဖြစ်စေတန်ရာသည်ဟု မိမိကိုယ်တိုင်မသိသော ထိုသူ၏သေခြင်းကိုဖြစ်စေလျက် ပြစ်မှုတစ်ခုခုကို ကျူးလွန်လျှင် ထိုသူကျူးလွန်သောပြစ်မှုသည် သေစေရန် မိမိက ကြံရွယ်သည့်သူကို သေစေသော ပြစ်မှုနှင့်သော်လည်းကောင်း၊ သေခြင်းကို ဖြစ်စေတန်ရာသည်ဟု မိမိကိုယ်တိုင်သိသည့် သေခြင်းကိုဖြစ်စေသော ပြစ်မှုနှင့်သော်လည်းကောင်း မခြားထပ်တူဖြစ်သည်။

**ရှင်းလင်းချက်။** ။ ဤပုဒ်မပါ **"ပြစ်မှု"** ဆိုသော စကားသည် ရာဇသတ်ကြီးပုဒ်မ ၂၉၉ ၌၊ သို့တည်းမဟုတ် ပုဒ်မ ၃၀၀ ၌၊ သို့တည်းမဟုတ် ၃၀၄ (က) ၌ ဖော်ပြထားသော ပြစ်မှုကို ဆိုလိုသည်။

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ ပုဒ်မ ၃၀၀ တွင် မည်သည့်အခါ လူသတ်မှုကျူးလွန်သည်ဟု ပြဋ္ဌာန်းသည်၊ ပုဒ်မ ၂၉၉ နှင့် ၃၀၀ တို့ကို ၁၉၄၇ ခုနှစ်တွင် ပြင်ဆင်ထားသည့်အတိုင်းလိုပင် ယခုအခါ အတည်ဖြစ်လျက်ရှိသောကြောင့် ထိုနှစ်မတိုင်မီက ဆုံးဖြတ်ခဲ့သော စီရင်ထုံးများကို သတိဖြင့် လေ့လာရန်လိုပေသည်။ လက်ရှိပြဋ္ဌာန်းချက်အရ လူတစ်ဦးအား (၁) သေစေရန်အကြံဖြင့်သော်လည်းကောင်း (၂) ဖြစ်တတ်သော သဘောအရ အမှန်အားဖြင့် သေစေလောက်သော နာကျင်မှုကိုဖြစ်စေရန် အကြံဖြင့်သော်လည်းကောင်းပြု၍ သေစေလျှင် လူသတ်မှုကျူးလွန်ရာရောက်သည်။

*[မောင်တင်ရွှေနှင့်ပြည်ထောင်စု၊ ၁၉၆၀ မြန်မာပြည်စီရင်ထုံး၊ ၈၄ (လွှတ်တော်ချုပ်)]*

၂။ ပုဒ်မ ၃၀၀-က(ဂ)အရ ပြုလုပ်မှုတစ်ခုသည် အရမ်း သို့မဟုတ် ပေါ့လျော့မှု ဖြစ်စေကာမူ၊ ယင်းပြုလုပ်မှုကြောင့် ဖြစ်တတ်သော သဘောအရ သေခြင်းသို့ ရောက်အောင် လတ်တလော ဘေးကိုဖြစ်စေမည်ဟု တရားခံသိရှိပါက လူသတ်မှု ကျူးလွန်ရာ ရောက်သည်။ တရားခံက သိလျက်နှင့်ပြုခြင်းသည် ၎င်း၏ကြံရွယ်ချက်ကို ညွှန်ပြခြင်းပင်ဖြစ်သည်။

*[မောင်ညွှန့်နှင့်ပြည်ထောင်စု၊ ၁၉၄၈ မြန်မာပြည်စီရင်ထုံး ၇၈၀ (၇၀၇)]*

၃။ ဖြစ်တတ်သောသဘောအရ အမှန်အားဖြင့် သေစေလောက်သော နာကျင်မှု ရရှိစေကာ လူကိုသေစေလျှင်လည်း တရားခံသည် သေစေရန် အကြံရှိသည်ဟု ယူဆရမည်ဖြစ်သည့်အလျောက် လူသတ်မှုကျူးလွန်သည်ဟု ဆိုရမည်ဖြစ်သည်။

*[ပဒူးဝါနှင့်ပြည်ထောင်စု၊ ၁၉၅၂ မြန်မာပြည်စီရင်ထုံး ၉၁(လွှတ်တော်)]*

၄။ စေတနာသည် ပြစ်မှုမြောက်ရန်အရေးကြီးသော အင်္ဂါရပ်ဖြစ်သည့်အလျောက် သေစေရန်သော်လည်းကောင်း၊ ဖြစ်တတ်သောသဘောအရ အမှန်အားဖြင့် သေစေလောက်သော နာကျင်မှုကိုဖြစ်စေရန်သော်လည်းကောင်း အကြံမရှိဘဲ လူတစ်ဦးကို သေစေသည့်ကိစ္စမှာ လူသတ်မှုမဟုတ်ပေ။ ရရှိစေသည့် နာကျင်မှုကိုလိုက်၍ ပုဒ်မ ၃၂၅ သို့မဟုတ် ၃၂၃ အရသာ ပြစ်မှုမြောက်သည်။ လင်ဖြစ်သူက ဒေါသ အလျောက် မယားဖြစ်သူအား ခြေထောက်နှင့်ကန်ရာ လူမထိဘဲ ရောဂါကြောင့် ကြီးထွားနေသည့် သရက်ရွက်ဒဏ်ရပြီး မယားသေဆုံးလျှင် လင်ဖြစ်သူသည် မယားအားသေစေရန်အကြံဖြင့်သော်လည်းကောင်း၊ သေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ပြုလုပ်သည်ဟု မယူဆနိုင်သောကြောင့် လူသတ်မှုဖြင့် အပြစ် မပေးနိုင်၊ အပြင်းအထန် နာကျင်စေမှုအရသာ စီရင်ရမည်ဖြစ်သည်။

*[မောင်ဟန်စောနှင့်ပြည်ထောင်စု၊ ၁၉၆၄ မြန်မာပြည်စီရင်ထုံး ၇၃၂ ]*

၅။ ပုဒ်မ ၂၉၉ အရ၊ ပြစ်မှုမကင်းသော လူသေမှုတွင် နှစ်ပိုင်းရှိသည်။ ပထမပိုင်းမှာ ပုဒ်မခွဲ (၁) အရ သေစေခြင်းဖြစ်တန်ရာသော နာကျင်မှုကိုပြုလုပ်၍ လူကိုသေစေခြင်းဖြစ်သည်။

*[မောင်ညွှန့်နှင့်ပြည်ထောင်စု၊ ၁၉၄၈ မြန်မာပြည်စီရင်ထုံး ၇၈၀ ]*

http://www.cherrythitsar.org



၆။ သေစေခြင်းဖြစ်တန်ရာသော နာကျင်မှုနှင့်ဖြစ်တတ်သောသဘောအရ အမှန်အားဖြင့် သေစေလောက်သော နာကျင်မှုတို့မှာ တစ်ခုနှင့်တစ်ခု များစွာကွာခြားမှု မရှိသော်လည်း၊ ပြစ်မှုအနေဖြင့် တစ်ခုမှာ ပြစ်မှုမကင်းသော လူသေမှုနှင့်အကျုံးဝင်ပြီး၊ အခြားတစ်ခုမှာ လူသတ်မှုဖြစ်သည်။ ထို့ကြောင့် နာကျင်မှုအနေအထားကို သတိချပ်၍ မေးမြန်းရန်လိုအပ်သည်။

*[မောင်အောင်သန်းနှင့်ပြည်ထောင်စု၊ ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၅၂၃ ]*

၇။ ကိုယ် သို့မဟုတ် စိတ် ချို့ယွင်းချည့်နဲ့သူအား သေစေခြင်းသည် ကျန်းမာသန်စွမ်းသူအား သေစေခြင်းကဲ့သို့ ပြစ်မှုမြောက်သည်။ ကိုယ်စိတ်ချို့ယွင်းချည့်နဲ့သူအား သေစေခြင်းသည် ၎င်း၏ သာမန်သက်တမ်းအား လပိုင်း၊ ရက်ပိုင်း၊ နာရီပိုင်းလောက်သာ တိုစေပြီး၊ သန်စွမ်းသူအား သေစေခြင်းသည် နှစ်ပိုင်းနှင့်ချီ၍ သက်တမ်းကို တိုစေသည်ဆိုသောအချက်သာ ခြားနားခြင်းဖြစ်သည်။ သို့ရာတွင် သေဆုံးရခြင်း၏ အကြောင်းအရင်းမှာ တရားခံ၏ ပြုလုပ်မှုကြောင့်မဟုတ်ဘဲ စွဲကပ်နေသော ရောဂါဝေဒနာကြောင့်ဖြစ်ပါမူ ဤရှင်းလင်းချက်တွင် အကျုံးမဝင်။ ထို့ကြောင့် ဤရှင်းလင်းချက်နှင့် အကျုံးဝင်ရန်အလို့ငှာ (၁) ရောဂါဝေဒနာကြောင့် အဓိကမဟုတ်သည့်အပြင် (၂) တရားခံ၏ပြုလုပ်မှုကြောင့် သေသူ၏ သက်တမ်းတိုရသည့် အချက်များရရှိရန်လိုသည်။ တရားခံ၏လက်ချက်ကြောင့် သေသူ၏ဦးခေါင်းတွင် ဒဏ်ရာရရှိပြီး ဆေးရုံအပြင်လူနာအဖြစ် (၇) ရက်ကုသပြီးနောက် မသက်သာ၍ အတွင်းလူနာအဖြစ် ဆေးရုံတက်နေစဉ် သေဆုံးသွားသောကြောင့် စစ်ဆေးကြည့်ရာ ဦးနှောက်ပြည်တည်၍ သေဆုံးရကြောင်းပေါ်သည်။ သေဆုံးရခြင်း၏အကြောင်းရင်းမှာ ကျကျနနဆေးကုသခြင်းမရှိ၍ ပြည်တည်သောကြောင့်ဖြစ်ရာ ဤရှင်းလင်းချက်နှင့် အကျုံးမဝင်သောကြောင့် လူသေမှုမမြောက်ဘဲ အပြင်းအထန်နာကျင်မှုသာဖြစ်သည်။

*[မောင်မောင်နှင့်ပြည်ထောင်စု ၁၉၆၅၊ မြန်မာပြည်စီရင်ထုံး ၃၉၄ ]*

၈။ သေသူ၏ ကျန်းမာသန်စွမ်းမှု ချို့ယွင်းချည့်နဲ့ခြင်းကို သိပါလျက် ၎င်းအား နာကျင်မှုဖြစ်စေကာ သေစေလျှင် နာကျင်မှုပြုလုပ်သူသည် သေစေရန်ကြံရွယ်ချက်ရှိသည်ဟု ကောက်ယူရမည်။ ကျန်းမာသန်စွမ်းမှု ချို့ယွင်းချည့်နဲ့ကြောင်းမသိဘဲ ပြုလုပ်မှုမှာ ဤရှင်းလင်းချက်နှင့်အကျုံးမဝင်သဖြင့် လူကိုသေစေကာမူ ပြုလုပ်မှုကိုလိုက်၍ သာမန်နာကျင်မှု၊ သို့မဟုတ် အပြင်းအထန်နာကျင်မှုအရသာ စီရင်ရမည်ဖြစ်သည်။

*[မောင်တန်ဖေနှင့်ပြည်ထောင်စု ၁၉၆၄၊ မြန်မာပြည်စီရင်ထုံး ၇၃၂ ]*

၉။ လင်က မယားအား ဒေါသအလျောက် ဖနောင့်နှင့်ပေါက်လိုက်ရာ လူမသိဘဲ ရောဂါကြောင့် ကြီးထွားနေသော သရက်ရွက်ကြွေပြီး သေဆုံးရသည့်အမှုတွင် လင်၌ မယားအား သေစေလိုသော စေတနာ၊ သို့မဟုတ် သေစေလောက်သော ဒဏ်ရာ ရစေလိုသည့် စေတနာရှိသည်ဟု မယူဆနိုင်သဖြင့် ပုဒ်မ ၃၂၅ အရသာ ပြစ်မှုစီရင်ခဲ့သည်။

*[မောင်မိုးနှင့်အစိုးရ ၁၉၄၃၊ ရန်ကုန်စီရင်ထုံး ၁၃၈ ]*

http://www.cherrythitsar.org



၁၀။ ပြုလုပ်မှုတစ်ခုသည် သေစေခြင်းသို့ ရောက်လိမ့်မည်ဟု ပြုလုပ်သူက သိလျက်နှင့်ပြုပါက ယင်းပြုလုပ်သူအား အရမ်း သို့မဟုတ် ပေါ့လျော့စွာပြုခဲ့စေကာမူ ဖြစ်တတ်သောသဘောအရ အမှန်အားဖြင့် သေစေသည့်နာကျင်မှုကို ဖြစ်စေလျှင် လူသတ်မှုမြောက်ပြီး၊ သေစေတန်ရာသည့် နာကျင်မှုကို ဖြစ်စေလျှင် လူသေမှုမြောက်မည်ဖြစ်သည်။ သေစေမည်ကို သိလျက်နှင့်ပြုခြင်းသည် သေစေရန် စေတနာဖြင့် ပြုခြင်းပင်ဖြစ်သည်။

*[မောင်ညွန့်နှင့်ပြည်ထောင်စု ၁၉၄၈၊ မြန်မာပြည်စီရင်ထုံး ၇၈၀ ]*

၁၁။ လူသတ်မှု၊ သို့မဟုတ် လူသေမှုကို ကျူးလွန်ခဲ့သည့်ကိစ္စတွင် အချိန်မီ ဆေးကောင်း၊ ဝါးကောင်း၊ သမားကောင်းနှင့်ကုသပါက အသက်ချမ်းသာရာရနိုင်သဖြင့် ပြစ်မှုမမြောက်ပါဟု ထုချေခြင်း မပြုနိုင်ပေ။ ထူးကဲစွာ ကံကောင်းထောက်မလျှင် မည်ကဲ့သို့ ဖြစ်နိုင်သည်ဟု တွေးတောမှန်းဆ၍ ဆုံးဖြတ်ရန်မဟုတ်ဘဲ တကယ့်ဖြစ်ရပ်အပေါ် မူတည်၍ ဖြစ်ရိုးဖြစ်စဉ်အရသာ သုံးသပ်စဉ်းစားရသည်။ ယင်းနာကျင်မှုသည် မည်ကဲ့သို့သော အကျိုးတရားဖြစ်ပေါ်နိုင်သည်ဆိုသော အဖြေပေါ်တွင် မူတည်သည်၊ ဆေးဝါးကုသမှုရခဲ့ခြင်းရှိ မရှိ၊ မှန်ကန်သောကုသမှုဟုတ်မဟုတ် ဆိုသောအချက်တို့မှာ ပဓာနမဟုတ်ပေ။

*[အစိုးရနှင့်စံဖဲ အတွဲ-၁၄၊ ရန်ကုန် ၆၄၃ ]*

*[အစိုးရနှင့်အာဘော်အာမက် ၁၉၃၇ ရန်ကုန်စီရင်ထုံး ၃၈၄ ]*

*[မောင်မြဟန်နှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၈၀ အယူခံအဖွဲ့]*

၁၂။ လူသတ်မှု၊ လူသေမှု သို့မဟုတ် ပေါ့လျော့ခြင်းဖြင့် သေစေမှုမြောက်သည့်ပြုလုပ်မှုတစ်ခုခုကိုပြုရာ၌ ပြုလုပ်သူက မရည်ရွယ်သောသူအား သေစေခြင်းသည် သေစေတန်ရည်ရွယ်သူအား သေစေဘိသကဲ့သို့ အကျိုးသက်ရောက်မှုရှိသည်။

*[မအေးမြင့်နှင့်ပြည်ထောင်စု ၁၉၆၅ ၊ မြန်မာပြည်စီရင်ထုံး ၅၀၀ ]*

၁၃။ သေစေရန် ရည်ရွယ်သူမဟုတ်ဘဲ အခြားသူဖြစ်သည့်အလျောက် ပြစ်မှုမြောက်မှု ထုချေခြင်းမပြုနိုင်ပေ။ ကြံရွယ်သူကို သေစေသည့်ပြစ်မှုနှင့်မခြား ထပ်တူထပ်မျှဖြစ်သည်။

*[မောင်အေးမောင်နှင့်ပြည်ထောင်စု ၁၉၆၆၊ မြန်မာပြည်စီရင်ထုံး ၄၈၄ ]*

**လူသတ်မှုအတွက်ပြစ်ဒဏ်။**
**(ပုဒ်မ ၃၀၂)**

**Punishment for murder.**
**(Section 302)**

<u>**ဥပဒေဖွင့်ဆိုချက်**</u>

(၁) မည်သူမဆို -

(က) တစ်သက်တစ်ကျွန်းဒဏ် စီရင်ခြင်းခံရသည့်အတွင်း သို့တည်းမဟုတ်

(ခ) တင်ကူးကြံရွယ်ချက်ဖြင့်၊ သို့တည်းမဟုတ်

(ဂ) ဤရာဇသတ်ကြီးအရ ခုနစ်နှစ်ထိ ထောင်ဒဏ်ချမှတ်ခြင်းခံရထိုက်သော ပြစ်မှုကို ကျူးလွန်နေစဉ် လူသတ်မှုကို ကျူးလွန်လျှင်၊ ထိုသူကို သေဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

http://www.cherrythitsar.org



(၂) မည်သူမဆို၊ အခြားအချက်မျိုး၌ လူသတ်မှုကျူးလွန်လျှင်၊ ထိုသူကိုတစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ အလုပ်ကြမ်းနှင့်ထောင်ဒဏ်ဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

**ရှင်းလင်းချက် ။** ။ ပြုလုပ်မှုတစ်ခုသည် တင်ကူးကြံရွယ်သော ပြုလုပ်မှုဖြစ်သည် မဖြစ်သည်ဆိုသောအချက်မှာ ကြောင်းခြင်းရာပြဿနာဖြစ်သည်။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၀၂ | တစ်သက်တစ်ကျွန်းဒဏ်စီရင်ခြင်းခံရသည့်အတွင်း ဖြစ်စေ၊ တင်ကူးကြံရွယ်ချက်ဖြင့်ဖြစ်စေ၊ ခုနစ်နှစ်ထိထောင်ဒဏ်ချမှတ်ခြင်း ခံထိုက်သော ပြစ်မှုကိုကျူးလွန်နေစဉ်ဖြစ်စေ လူတစ်ဦးက လူသတ်မှုကျူးလွန်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | သေဒဏ်အပြင် ငွေဒဏ် | စက်ရှင်တရားရုံး |
| | အခြားအချက်မျိုး၌ လူသတ်မှုကျူးလွန်လျှင် | ၎င်း | ၎င်း | ၎င်း | ၎င်း | တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊၁၀နှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်အပြင် ငွေဒဏ် | ၎င်း |

**တရားရုံးလက်စွဲအပိုဒ် ၄၅၇**

လူသတ်မှုများတွင် ဆင်းရဲနွမ်းပါးသည့် တရားခံအတွက် အစိုးရစရိတ်ဖြင့် အမှုကိုနာခံရန် ရှေ့နေငှားပေးသည်။

**စီရင်ထုံး**

၁။ တစ်သက်တစ်ကျွန်းဒဏ်ဆိုသည်မှာ ပြစ်ဒဏ်စီရင်ပြီးနောက်ပိုင်းမှ သေသည်အထိ တစ်သက်လုံးကိုဆိုလိုသောကြောင့် တစ်သက်တစ်ကျွန်းဒဏ်ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ အရ ခြွင်းချက်ဖြင့် လွတ်ငြိမ်းခွင့်ပြုခံရသူက နောက်ထပ်လူသတ်မှုကျူးလွန်လျှင် ဤပုဒ်မခွဲ (၁) (က) အရ ပြစ်မှုကျူးလွန်ရာရောက်မည်ဖြစ်သည်။

*[ဖိုးထွန်းနှင့်အစိုးရ ၁၉၃၉ ရန်ကုန်စီရင်ထုံး ၄၄ ]*

၂။ တရားခံသည် လူတစ်ဦးအား သတ်သင့်မသတ်သင့် အချိန်ယူစဉ်းစားပြီး သတ်မည်ဟု ဆုံးဖြတ်ကာ ယင်းဆုံးဖြတ်ချက်အရ သတ်လျှင် တင်ကူးကြံရွယ်ချက်ဖြင့် လူသတ်မှုကျူးလွန်ရာရောက်သည်။ အဓိကအားဖြင့် စဉ်းစားရန်အချိန်ရှိရမည်။ စဉ်းစားပြီးနောက် သတ်မည်ဟု ဆုံးဖြတ်ချက်ချကာ ပြုလုပ်ခြင်းဖြစ်ရမည်။

*[သန်းမြင့်နှင့်ပြည်ထောင်စု ၁၉၅၃ မြန်မာပြည်စီရင်ထုံး ၃၄၂ (လွှတ်တော်)]*

*[အထွေးနှင့်ပြည်ထောင်စု ၁၉၅၇ မြန်မာပြည်စီရင်ထုံး ၁၃၄ (လွှတ်တော်)]*

http://www.cherrythitsar.org



၃။ တင်ကူးကြံရွယ်မှုရှိသည် မရှိသည်ဆိုသောအချက်မှာ ကြောင်းခြင်းရာပြဿနာ ဖြစ်သောကြောင့် အမှုကိုလိုက်၍ပေါ်ပေါက်နေသော ပတ်ဝန်းကျင်အခြေအနေများ အပေါ်တွင် မူတည်၍ စဉ်းစားရသည်။ တင်ကူးကြံရွယ်မှုရှိကြောင်း သက်သေ အထောက်အထားများရှိနေလျှင် ဤပုဒ်မခွဲအရ ပြစ်မှုထင်ရှားစီရင်ရမည်။

*[မောင်အောင်ထွေးနှင့်ပြည်ထောင်စု ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၆၉၄]*

၄။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၁)(ခ) အရ ပြစ်ဒဏ်စီရင်ရန် လူတစ်ဦးကို တင်ကူးကြံရွယ်ချက်ဖြင့် သတ်ဖြတ်ကြောင်းပေါ်ပေါက်ရန်၊ တင်ကူးကြံရွယ်ချက်ရှိ ကြောင်း လုံလောက်သော သက်သေခံချက် ရှိရန်လိုသည်။ တင်ကူးကြံရွယ်ချက် ရှိကြောင်း သံသယကင်းရှင်းစွာ ပေါ်လွင်ထင်ရှားခြင်း မရှိလျှင် ပုဒ်မ ၃၀၂(၂) အရသာ စီရင်သင့်သည်။

*[မောင်စိုးညိမ်းနှင့်ပြည်ထောင်စု ၁၉၇၈ မြန်မာပြည်စီရင်ထုံး ၂၁ ]*

၅။ တင်ကူးကြံရွယ်ချက်ဖြင့် သတ်ဖြတ်ခြင်း ဟုတ်မဟုတ် စဉ်းစားရာတွင် တင်ကူး ကြံရွယ်ချက်ဆိုသည်မှာ အကြောင်းခြင်းရာနှင့်ပတ်သက်သော ပြဿနာဖြစ်သည်။ တင်ကူးကြံရွယ်ချက်ရှိကြောင်း အကြောင်းအချက်ကို အထင်အရှားပြဖို့လိုသည်။ သက်သေအထောက်အထား အခိုင်အလုံမရှိလျှင် ပုဒ်မ ၃၀၂(၂)ဖြင့်သာ အပြစ်ပေး ရမည်။

*[မောင်ဘဆန်းနှင့်ပြည်ထောင်စု ၁၉၇၉ မြန်မာပြည်စီရင်ထုံး ၉၅ ]*

၆။ ထောင်ဒဏ်ခုနစ်နှစ်နှင့်အထက် ပြစ်ဒဏ်သတ်မှတ်ထားသောပြစ်မှုတစ်ခုခုကို ကျူးလွန်နေစဉ်၊ လူသတ်မှုကျူးလွန်သူသည် ကြီးလေးသောပြစ်မှုကို ဆင့်ကဲဆင့်ကဲ ကျူးလွန်ရာရောက်သောကြောင့် သေဒဏ်သတ်မှတ်ထားခြင်းဖြစ်သည်။ ဓားပြမှုကို ကျူးလွန်ရာ၌ လူသတ်မှုကို ကျူးလွန်လျှင်၊ ကိုယ်တိုင်သတ်သည်ဖြစ်စေ၊ မသတ်သည် ဖြစ်စေ အားလုံးသည် ပုဒ်မ ၃၉၆ အရ တာဝန်ရှိပြီး သေဒဏ်ပေးခြင်းခံရနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သတ်ခြင်းမပြုသည့် ဓားပြကိုမူ သေဒဏ်ပေးလေ့မရှိသဖြင့် ဤပုဒ်မနှင့် ကွဲပြားခြားနားသည်။ ဤပုဒ်မသည် ကိုယ်တိုင် ထောင်ခုနစ်နှစ်နှင့် အထက် ပြစ်ဒဏ်သတ်မှတ်ထားသော ပြစ်မှုတစ်ခုကို ကျူးလွန်ခိုက် လူသတ်မှုကိုပါ ကျူးလွန်ကြောင်း ထင်ရှားသူနှင့်သာ သက်ဆိုင်သည်။ ဥပမာ လုယက်မှုကျူးလွန် ကြောင်း အထောက်အထားရှိသော်လည်း လူသတ်မှုကျူးလွန်ကြောင်း ခိုင်လုံသော အထောက်အထားမရှိလျှင် သာမန်အားဖြင့် ပုဒ်မ ၃၉၄ အရသာ ပြစ်ဒဏ်စီရင်သင့် ပေသည်။

*[မောင်လှရွှေနှင့်ပြည်ထောင်စု ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၆၈၆ ]*

၇။ ကြိုတင်ပူးပေါင်းကြံစည်မှုရှိကြောင်း သက်သေထူနိုင်မှသာ ဤပုဒ်မအရ အရေးယူနိုင်မည်ဖြစ်သည်။ လုယက်ပြီး လူသတ်ခဲ့ကြောင်း ဝန်ခံသည့်အမှုတွင် ဤပုဒ်မအရ သေဒဏ်မှအပ အခြားအပြစ်ဒဏ်သတ်မှတ်ရန် မဖြစ်နိုင်ပေ။

*[ပေါက်စ(ခ)မေဝင်းနှင့် ပြည်ထောင်စု ၁၉၇၅ မြန်မာပြည်စီရင်ထုံး ၅၅ ]*

http://www.cherrythitsar.org



၈။ တရားခံသည် သေသူအား အလိုမတူဘဲ သားမယားအဖြစ် ပြုကျင့်စဉ် သေသူက အော်ဟစ်အကူအညီတောင်းသဖြင့် တရားခံက ရိုက်ပုတ်သောကြောင့် သေသူတွင် ဒဏ်ရာများရရှိပြီး ဦးခေါင်းခွံကွဲအက်၍သေဆုံးရကြောင်း ပေါ်ပေါက်သဖြင့် တရားခံသည် ထောင်ဒဏ်တစ်သက်တစ်ကျွန်းချမှတ်ခြင်း ခံရထိုက်သော မုဒိမ်းမှုကိုကျူးလွန်စဉ် အတောအတွင်း တစ်ဆက်တည်းဆိုသလို လူသတ်မှုကို ကျူးလွန်သဖြင့် ပုဒ်မ ၃၀၂(၁)(ဂ)အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသည်။

*[မောင်ထွန်းလွင်နှင့်ပြည်ထောင်စု ၁၉၈၈ မြန်မာပြည်စီရင်ထုံး ၂၄ ]*

၉။ လူသတ်မှုများတွင် တိုက်ရိုက်မျက်မြင်သက်သေ အထောက်အထားမရှိစေကာမူ ခိုင်လုံသော ပတ်ဝန်းကျင် သက်သေခံချက်ရှိပါက တရားခံအား ပြစ်ဒဏ်စီရင်နိုင်သည်။

*[မမြိုင်နှင့်ပြည်ထောင်စု ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၃၅၄ ]*

၁၀။ တရားခံအပြစ်ရှိကြောင်း သက်သေကွင်းဆက်မပြတ်ရှိရမည်။ ကွင်းဆက်ပြတ်နေပါက ပြတ်နေသောကွင်းကို ထင်ကြေးဖြင့် ဆက်၍မရချေ။

*[မောင်အောင်ရွှေနှင့်ပြည်ထောင်စု ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၉၅၃ ]*

၁၁။ မျက်မြင်သက်သေမရှိဘဲ ပတ်ဝန်းကျင် သက်သေအထောက်အထားဖြင့် တရားခံတစ်ဦးအား အပြစ်ပေးလိုလျှင် ထိုအထောက်အထားသည် တရားခံအပြစ်ရှိကြောင်း တစ်ထစ်ချ ကောက်ယူနိုင်သည့် အထောက်အထားဖြစ်ရန်လိုသည်။ မသင်္ကာစရာအချက်ဖြင့် အပြစ်မပေးနိုင်၊ မသင်္ကာစရာအချက်ဖြင့် အပြစ်ပေးခြင်းသည် ထင်ကြေးဖြင့် အပြစ်ပေးရာရောက်သည်။

*[မောင်သိန်းနှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၁၅၈ ]*

၁၂။ သက်သေ အရေအတွက်ထက် အရည်အချင်းက ပို၍ အရေးကြီးသဖြင့် သက်သေတစ်ဦးတည်းဖြစ်စေကာမူ ယုံကြည်ထိုက်ပါက ၎င်း၏ထွက်ဆိုချက်ကို ပယ်ရန်မဟုတ်ပေ။

*[အာရုံအောက်စ်ဘွန်းနှင့်ပြည်ထောင်စု၊ ၁၉၆၆၊ မြန်မာပြည်စီရင်ထုံး၊ ၆၅၊ အထူးအယူခံ]*

*[မောင်တိုက်ဖြူနှင့်ပြည်ထောင်စု၊ ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၆၇၃ ]*

*[ဦးအေးမောင်နှင့်ပြည်ထောင်စု ၁၉၇၁ မြန်မာပြည်စီရင်ထုံး ၄ (အထူးအယူခံ)]*

၁၃။ သေခါနီးစွပ်စွဲချက်သည် သက်သေခံ ဥပဒေပုဒ်မ ၃၂ အရ သက်သေခံဝင်သဖြင့် ထိုသေခါနီးစွပ်စွဲချက်သည် စိတ်ချယုံကြည်ရပါမူ ယင်းစွပ်စွဲချက်တစ်ခုတည်းနှင့်ပင် တရားခံအား အပြစ်ပေးနိုင်သည်။ သို့ရာတွင် သေသူသည် မတရားလိမ်လည်ပြီး စွပ်စွဲရန်အကြောင်းရှိ မရှိ၊ လူမှားပြီးစွပ်စွဲခြင်း ဟုတ်မဟုတ် ဆိုသော အချက်အလက်များအပေါ် စိတ်ချလက်ချ ယုံကြည်သင့်မသင့် ဆိုသော အဖြေကိုရှာရသည်။

*[မောင်သာထွန်းနှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၄၆၅ ]*

http://www.cherrythitsar.org



၁၄။ သေခါနီးစွပ်စွဲချက်နှင့်ပတ်သက်၍ သတိဝိရိယကြီးစွာဖြင့် ဝေဖန်သုံးသပ်၍ ဆုံးဖြတ်ရသည်။

*[ကျင်ဟုတ်နှင့်ပြည်ထောင်စု ၁၉၄၉ မြန်မာပြည်စီရင်ထုံး ၁၅၄ (လွှတ်တော်)]*
*[မောင်ထွန်းစိန်နှင့်ပြည်ထောင်စု၊ ၁၉၅၄ မြန်မာပြည်စီရင်ထုံး ၁၁(လွှတ်တော်ချုပ်)]*
*[မောင်လှအောင်နှင့်ပြည်ထောင်စု ၁၉၆၄ မြန်မာပြည်စီရင်ထုံး ၇၂၂ ]*
*[မောင်တင်အေးနှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၁၃၇ ]*

၁၅။ ဖြစ်တတ်သောသဘောအရ အမှန်အားဖြင့် သေစေလောက်သော နာကျင်မှု ရရှိစေလျှင် လူသတ်မှုဖြစ်ပြီး သေစေခြင်းဖြစ်တန်ရာသော နာကျင်မှုမှာ လူသေမှုတွင် အကျုံးဝင်သောကြောင့် ဆရာဝန်အား ယင်းအချက်နှင့်စပ်လျဉ်း၍ သေချာစွာ စစ်ဆေးမေးမြန်းရန်လိုသည်။

*[မောင်ညွန့်နှင့်ပြည်ထောင်စု ၁၉၄၈ မြန်မာပြည်စီရင်ထုံး ၇၈၀ ]*

၁၆။ ခြေထောက်တွင် သေနတ်ဒဏ်ရာရရှိပြီးနောက် ဆယ်ရက်အကြာတွင် သေဆုံးသည့်အမှု၌ မည်သည့်အတွက်ကြောင့် သေဆုံးရကြောင်း ဆေးစစ်ဆေးချက်မရှိသဖြင့် ယင်းဒဏ်ရာသည် အမှန်အားဖြင့် သေစေလောက်သောဒဏ်ရာ သို့မဟုတ် သေစေခြင်းဖြစ်တန်ရာသော ဒဏ်ရာဟု ယူဆခြင်းမပြုနိုင်သောကြောင့် လူသတ်မှု သို့မဟုတ် လူသေမှု ကျူးလွန်သည်ဟု မဆိုနိုင်ကြောင်း ဆုံးဖြတ်ထားသည်။

*[ဖိုးသီအောင်နှင့်ပြည်ထောင်စု ၁၉၆၀ မြန်မာပြည်စီရင်ထုံး ၃၅၆ ]*

၁၇။ ဆရာဝန်တစ်ဦး၏ထင်မြင်ချက်သည် ဒဏ်ရာအနေအထားကိုကြည့်၍ မည်သို့မည်ပုံရရှိခဲ့သည်၊ မည်သည့်လက်နက်ကြောင့် ရရှိခဲ့သည်ဟု အတွေ့အကြုံများအရ ကောက်ယူချက်ဖြစ်သောကြောင့် လက်ဗွေပါရဂူ၊ လက်နက်ပါရဂူတို့၏ ထင်မြင်ချက် နည်းတူ အလေးပေး၍ စဉ်းစားရသည်။ သို့ရာတွင် ယုံကြည်စိတ်ချရသော မျက်မြင်သက်သေတစ်ဦး၏ အမှန်တကယ် တွေ့မြင်ခဲ့ရသော ဖြစ်ရပ်မှန်ကို လွှမ်းမိုးခြင်း မပြုနိုင်။ ဆရာဝန်၏ ထင်မြင်ချက်မှာ ထင်မြင်ချက်သာဖြစ်၍ ယုံကြည်စိတ်ချရသော မျက်မြင်သက်သေ၏ ထွက်ချက်ကိုပို၍ အလေးပေးရမည်။

*[မောင်ကျော်လှနှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၄၁၉ ]*

၁၈။ လူသတ်မှုများတွင် တရားခံပြုသည့် နာကျင်မှုကြောင့် သေဆုံးရသည်ဆိုသော အချက်မှာ အလွန်ပင်အရေးကြီးသဖြင့် နာကျင်မှုနှင့်သေဆုံးမှု ဆက်စပ်ခြင်းရှိမရှိ ဆရာဝန်အား စစ်ဆေးရာ၌ ဖော်ထုတ်ရန်လိုပေသည်။ တရားခံပြုသည့် နာကျင်မှုကြောင့် အဓိကမဟုတ်ဘဲ သေသူ၌ လူမသိဘဲ ရောဂါစွဲကပ်နေသဖြင့် ခံနိုင်စွမ်းရည်မရှိ၍ သေဆုံးရကြောင်းပေါ်လျှင် လူသတ်မှု သို့မဟုတ် လူသေမှုနှင့်အကျုံးမဝင်ဘဲ နာကျင်မှုဖြင့်သာ စီရင်ရမည်ဖြစ်သည်။

*[မောင်မိုးနှင့်အစိုးရ ၁၉၄၁ ရန်ကုန်စီရင်ထုံး ၁၃၈ ]*

၁၉။ လက်ရေးပါရဂူ၏ ထင်မြင်ချက်သည် အခြားပါရဂူတို့၏ထင်မြင်ချက်များ နည်းတူ လေးနက်စွာစဉ်းစားသင့်သော်လည်း၊ အခြားလွတ်လပ်သော သက်သေခံ

http://www.cherrythitsar.org



ချက်မရှိလျှင် ယင်းထင်မြင်ချက်ကို မဏ္ဍိုင်ပြု၍ တရားခံအား အပြစ်မပေးသင့်ပေ။ လက်ရေးနှိုင်းယှဉ်စစ်ဆေးသောပညာသည် လက်ဗွေပုံစံကို နှိုင်းယှဉ်စစ်ဆေးသော သိပ္ပံပညာလောက် တိကျခြင်းမရှိသေးသဖြင့် လက်ရေးပါရဂူ၏ထင်မြင်ချက်သည် လွဲမှားနိုင်သည်။

*[တင်ရွှေနှင့်ပြည်ထောင်စု ၁၉၅၄ မြန်မာပြည်စီရင်ထုံး ၃၅၈(လွှတ်တော်)]*

*[ပြည်ထောင်စုနှင့် ဓကေးစီးကိုတက် ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၉၀၉]*

*[ဘာလ်ဘဟာဒူးနှင့်ပြည်ထောင်စု ၁၉၆၈ မြန်မာပြည်စီရင်ထုံး ၁၉]*

၂၀။ အလားတူပင် လက်နက်ပါရဂူ၏ ထင်မြင်ချက်သည် သက်သေအထောက် အထားများအပေါ် ပိုမိုခိုင်မာ လုံလောက်စေရန် အထောက်အထားဖြစ်စေသည့် သက်သေခံချက်မျိုးသာဖြစ်သည်။ အကယ်၍ အခြားသက်သေအထောက်အထား လုံးဝမရှိပါက လက်နက်ပါရဂူ၏ ထင်မြင်ချက်ဖြင့် တရားခံအား စိတ်ချလက်ချ အပြစ်ပေးရန် ခိုင်မာလုံလောက်သည်ဟု မဆိုနိုင်ချေ။

*[မောင်ချစ်မောင်နှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၄၃၂ ]*

၂၁။ ခြေရာနှိုင်းယှဉ်သည့် အတတ်ပညာသည် လက်ဗွေနှိပ်ယှဉ်သည့် ပညာလောက် တိကျမှန်ကန်ခြင်းမရှိသဖြင့် ခြေရာကောက်ပါရဂူ၏ထင်မြင်ချက်ကို တစ်ထစ်ချ မှန်ကန်သည်ဟု မဆိုနိုင်၊ အမှုတွင်ပေါ်ပေါက်လျက်ရှိသော အကြောင်းခြင်းရာများ နှင့် ဆက်စပ်၍လက်ခံသင့်မသင့် ဆုံးဖြတ်ရသည်။

*[မိုက်စ(ခေါ်)ပေါက်စနှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၁၅၁၄]*

၂၂။ "သံသယ" ဆိုသည့် စကားရပ်ကို ဆောင်ပုဒ်သဖွယ်မသုံးဘဲ အမှုတွင် ပေါ်ပေါက်သော အထောက်အထားတို့ကို ချိန်ဆ၍ အမှန်တရားကို ရှာဖွေရာတွင် အထောက်အကူဖြစ်စေသော လမ်းညွှန်တစ်ရပ်မျှသာ ဖြစ်စေရန် လိုပေသည်။ သံသယသည် လွယ်လွယ်ဖြစ်တတ်သော သံသယမဖြစ်ရ၊ မည်သည့်အရာမျိုး၌မဆို ဒွိဟဖုံးတတ်သော စိတ်တွင်ဖြစ်ပေါ်သည့် သံသယလည်းမဟုတ်ရ။ ဖြစ်တတ်သော သဘာဝနှင့်နှိုင်းယှဉ်၍ ဖြစ်ပေါ်သင့်သော သံသယမျိုးကိုသာ ဆိုလိုပေသည်။

*[ဒေါ်တင်ဦးနှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၁၂၉ (အထူးအယူခံ)]*

*[မောင်စောဖေနှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၅၇ (အထူးအယူခံ)]*

*[မခင်မြင့်နှင့်ပြည်ထောင်စု ၁၉၇၀ မြန်မာပြည်စီရင်ထုံး ၁ (အထူးအယူခံ) ]*

၂၃။ တရားခံပြု၍ရရှိသော ဒဏ်ရာသည် ဖြစ်တတ်သောသဘောအရ သေစေ လောက်သည့် နာကျင်မှုဖြစ်ပါသလော၊ သို့တည်းမဟုတ် သေစေတန်ရာသည့် နာကျင်မှုဖြစ်ပါသလောဟု သံသယဖြစ်စရာအကြောင်း ပေါ်ပေါက်နေလျှင် တရားခံ အား သံသယအကျိုးကို ခံစားခွင့်ပြုပြီး သေးငယ်သော ပြစ်မှုအရသာ စီရင်ရသည်။ အလားတူပင် တစ်ဦးထက်ပိုသော တရားခံများက တစ်ခုထက်ပိုသော ဒဏ်ရာများ ကို ရရှိစေခဲ့သည့်အမှုတွင် သေလောက်သော ဒဏ်ရာကို မည်သူပြုလုပ်ခဲ့သည်ဟု

http://www.cherrythitsar.org



တစ်ထစ်ချယူဆခြင်းမပြုနိုင်လျှင် တရားခံများအား သံသယအကျိုးခံစားခွင့်ပြုပြီး လက်နက်ကိုလိုက်၍ ပုဒ်မ ၃၂၆ သို့မဟုတ် ၃၂၅ အရသာ အပြစ်ပေးသင့်သည်။

*[မနုင်းနှင့်ပြည်ထောင်စု ၁၉၆၄ မြန်မာပြည်စီရင်ထုံး ၅၀၂ ]*

*[မောင်စံတင်နှင့်ပြည်ထောင်စု ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၅၀၅ ]*

*[သောင်းခိုင်နှင့်ပြည်ထောင်စု ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၉၆၄ ]*

၂၄။ လူသတ်မှုကျူးလွန်ရာ၌ တင်ကူးကြံရွယ်ချက် ရှိ/မရှိဆိုသော အချက်တွင် သံသယဖြစ်စေရာအကြောင်းရှိက ယင်းသံသယအကျိုးကို တရားခံ ခံစားထိုက်သည်။

*[မောင်ဉာဏ်ရှိန်နှင့်ပြည်ထောင်စု ၁၉၆၄၊*
*မြန်မာပြည်စီရင်ထုံး ၅၅၆ (စစ်ဖက်အယူခံ) ]*

၂၅။ ကာကွယ်ခုခံပိုင်ခွင့်အရ လူကို သေစေခြင်းဟုတ်မဟုတ် သံသယဖြစ်ပေါ်နေပါက တရားခံအား ဒွိဟသံသယ အကျိုးကို ပေးထိုက်သည်။

*[မောင်ခင်မောင်နှင့်ပြည်ထောင်စု ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၁၇၈ ]*

၂၆။ ပုဒ်မ ၃၄ အရ တရားခံအများ အကြံတူဖြင့် ပြုခြင်းဟုတ်မဟုတ်ဆိုသော ပြဿနာကိုဆုံးဖြတ်ရန် အလွန်ခဲယဉ်းသည်။ ထိုအချက်သည် လူတို့၏စိတ်နေစိတ်ထားပေါ်တွင် တည်ရှိသည့်အတိုင်း တိုက်ရိုက်သက်သေခံချက်ရရှိရန် ခဲယဉ်းသည်။ အမှုတွင် ပေါ်ပေါက်နေသောကြောင်းခြင်းရာ၊ တရားခံတို့ အသုံးပြုသည့်လက်နက်၊ အချင်းမဖြစ်မီအချိန်အနည်းငယ်အတွင်း၌လည်းကောင်း၊ ဖြစ်ပွားပြီး အချိန်အနည်းငယ် အတွင်းတွင်လည်းကောင်း တရားခံတို့၏ ပြုမူသွားလာပုံ၊ ပြောဆိုကြိမ်းမောင်းပုံ စသည့်အချက်အလက်များအားလုံးကို ပေါင်းစပ်၍ အကြံတူတစ်ခုရှိနေပါသည်ဆိုသော ကောက်ယူချက်မှလွဲ၍ အခြားကောက်ယူချက်မပြုနိုင်သည့် ကိစ္စမျိုးမှသာ အကြံတူတစ်ခုနှင့်ပြုခဲ့ကြသည်ဟု ဆုံးဖြတ်ရသည်။

*[မောင်တင်အောင်နှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၆၆၁ ]*

*[ဒေါ်သန်းရင်နှင့်ပြည်ထောင်စု ၁၉၆၄ မြန်မာပြည်စီရင်ထုံး ၇၉၃ ]*

*[မောင်ပါတူးနှင့်ပြည်ထောင်စု ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၆၇၈ ]*

၂၇။ အကြံတူတစ်ခုကို အထမြောက်စေရန် ရည်ရွယ်၍ ပြစ်မှုကျူးလွန်သည့်အမှုတွင် တရားခံတစ်ဦးထက်ပို၍ရှိရန်လိုသည်။ လူသတ်မှုဖြင့် တရားစွဲဆိုခြင်းခံရသည့် ကြံရာပါသုံးဦးအနက် နှစ်ဦးကိုလွှတ်ပြီး ကျန်တစ်ဦးကို ပုဒ်မ ၃၄ နှင့်တွဲ၍ အပြစ်မပေးနိုင်။ အကြောင်းမှာ တစ်ဦးထက်ပိုသောသူများရှိမှသာ မိမိတို့၏ အကြံတူတစ်ခုကို အထမြောက်စေရန်ရည်ရွယ်၍ ပြစ်မှုကျူးလွန်နိုင်သည်။

*[မောင်ဟန်မောင်နှင့်ပြည်ထောင်စု၊ ၁၉၅၉၊ မြန်မာပြည်စီရင်ထုံး၊ ၁၂၅ (လွှတ်တော်ချုပ်)]*

၂၈။ အကြံတူတစ်ခုကို အထမြောက်စေရန် ရည်ရွယ်ချက်ရှိကြောင်း ပေါ်လွင်ထင်ရှားခြင်းမရှိပါက အားပေးကူညီမှုဖြင့်သာ ပြစ်ဒဏ်ထင်ရှားစီရင်ရသည်။

*[အောင်သိန်းနှင့်ပြည်ထောင်စု ၁၉၅၆ မြန်မာပြည်စီရင်ထုံး ၁(လွှတ်တော်)]*

*[မောင်စံခနှင့်ပြည်ထောင်စု ၁၉၆၄ မြန်မာပြည်စီရင်ထုံး ၄၉၂]*

http://www.cherrythitsar.org



၂၉။ ရည်ရွယ်ချက်မရှိဘဲ ကျူးလွန်သည့်လူသတ်မှုတိုင်းသည် စိတ်ပေါ့သွပ်စဉ် ကျူးလွန်ခြင်းဖြစ်သည်ဟု ယူဆခြင်းမပြုနိုင်ပေ။

*[ဦးလှခိုင်နှင့်ပြည်ထောင်စု ၁၉၅၈ မြန်မာပြည်စီရင်ထုံး ၁၄၃(လွှတ်တော်)]*

၃၀။ ပုဒ်မ ၃၀၀ တွင် တစ်စုံတစ်ရာရန်ဖြစ်ခြင်း၊ စကားများခြင်းမရှိဘဲ သေစေသည့် အမှုများတွင် တရားခံသည် စိတ်ပေါ့သွပ်ခြင်းကြောင့်သာလျှင် ပြုသည်ဟု ယူဆ နိုင်သည်။

*[မောင်သံချောင်းနှင့်ပြည်ထောင်စု ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၁၃၂ ]*

*[မောင်ကုတ်ချိန့်နှင့်ပြည်ထောင်စု ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၁၉၆ ]*

၃၁။ အဆိပ်ကျွေး၍ သေစေတတ်သောအမှုတွင် အစာ သို့မဟုတ် အစာအိမ်၏ အကြွင်းအကျန်တို့၏ ဓာတုဗေဒစစ်ဆေးချက်ရှိရန်လိုသည်။ အဆိပ်ကျွေး၍သတ် သည့်အမှုတွင် မျက်မြင်သက်သေမရှိသော်လည်း၊ အမှုတွင်ပေါ်ပေါက်သည့်တရားခံ အပြုအမူ၊ အပြောအဆိုများသည် ပြစ်မှုကျူးလွန်ကြောင်း ညွှန်ပြသည့်ထင်ရှားသော အထောက်အထားဖြစ်ပါက တရားခံအား ပြစ်ဒဏ်စီရင်နိုင်သည်။

*[မမြိုင်နှင့်ပြည်ထောင်စု ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၃၅၄ ]*

၃၂။ ရှေ့နေမရှိဘဲ စစ်ဆေးစီရင်သည့် လူသတ်မှုတွင် ချမှတ်သောအမိန့်မှာ တရား မျှတမှုကို ထိခိုက်စရာအကြောင်းရှိသဖြင့် အတည်မဖြစ်ပေ။

*[ထွန်းလှိုင်နှင့်အစိုးရ ၁၉၄၆ ရန်ကုန်စီရင်ထုံး ၂၆၃ ]*

၃၃။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်းများမှာ အများအားဖြင့် တရားမျှတခြင်း၊ သိမ်မွေ့ခြင်း အင်္ဂါရပ်များပါဝင်သဖြင့် အခွန့်ရှည်စွာ ရပ်ရွာ၏ လုံခြုံရေး၊ လူမှုရေး၊ ဆက်ဆံရေး၊ ယဉ်ကျေးမှု စသည်တို့ကို ကောင်းစွာထိန်းသိမ်းနိုင် ခဲ့ပြီး ဥပဒေအဖြစ် ခိုင်မာစွာ သက်ဝင်လှုပ်ရှားခဲ့သည်။ သက်ဆိုင်ရာလူမျိုးစုကလည်း သိကျွမ်းနားလည်သဖြင့် သဘာဝအလျောက် လက်ခံကြသည်။ သို့ဖြစ်ရာ အစိုးရ ကလည်း ကောင်းသည့်ဓလေ့ထုံးတမ်းများကို တရားစီရင်ရာ၌ လိုက်နာသင့်ပေသည်။

*[ထွန်းလှိုင်နှင့်ပြည်ထောင်စု ၁၉၄၆ ရန်ကုန်စီရင်ထုံး ၂၆၃ ]*

၃၄။ အစွဲအလန်းတစ်ရပ်ကို ဓလေ့ထုံးတမ်းဥပဒေဟု ခေါ်ဝေါ်ကာမျှဖြင့် ယင်းအစွဲ အလန်းသည် ဥပဒေ၏ အာနိသင်ကို ရနိုင်သည်မဟုတ်၊ ရပ်ရွာတစ်ရွာ၊ လူတစ်စုက အချိန်ကာလတွင် ကျင့်သုံးရုံဖြင့် ဓလေ့ထုံးတမ်းအဆင့်သို့မရောက်ချေ။ အခွန့်ရှည် စွာ သက်ဆိုင်ရာဒေသရှိ လူအများစုက နားလည်ကျင့်သုံး လက်ခံမှသာ ဓလေ့ ထုံးတမ်း ဥပဒေဖြစ်သည်။ သို့ဖြစ်ရာ စုံးဖြစ်သည်ဟုဆိုကာသတ်သည့် ဓလေ့ထုံးတမ်း နှင့် အကျုံးဝင်သောကိစ္စမဟုတ်ဟု ယူဆရမည်။

*[ဆဲရယ်နှင့်ပြည်ထောင်စု ၁၉၆၈ မြန်မာပြည်စီရင်ထုံး ၁(အထူးအယူခံ) ]*

၃၅။ ပုဒ်မ ၃၀၂(၁) အရ စွဲချက်တင်ရာတွင်မူ ပထမပိုဒ်ခွဲနှင့် အကျုံးဝင်လျှင် တစ်သက်တစ်ကျွန်းအပြစ်ဒဏ်ကျခံနေစဉ်ဆိုသောစကားရပ်တွင် ထည့်သွင်းရန် ဖြစ်သည်။ ဒုတိယပိုဒ်ခွဲနှင့်သက်ဆိုင်ပါက တင်ကူးကြံရွယ်ချက်ဖြင့်ဆိုသော စကား

http://www.cherrythitsar.org



ထည့်ရန်ဖြစ်ပြီး၊ တတိယပိုဒ်ခွဲနှင့်အကျုံးဝင်ပါကမူ ကျူးလွန်သည့်သက်ဆိုင်ရာ ပြစ်မှုကို ဖော်ပြရန်သာဖြစ်လေသည်။ ပုဒ်မ ၃၀၂(၁)(ဂ) အရ စွဲချက်တင်သူကို ပုဒ်မ ၃၀၂(၂)နှင့် ၃၇၉ အရ ပြောင်းလဲအပြစ်ပေးနိုင်သည်။

*[မောင်စံသိန်း(ခ)သိန်းဇော်နှင့်ပြည်ထောင်စု ၁၉၆၉ မြန်မာပြည်စီရင်ထုံး ၂၈]*

၃၆။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ တွင် အပိုင်းနှစ်ပိုင်းရှိသည်။ အပိုဒ်ခွဲ(၁)အရ လူသတ်မှုကို ကျူးလွန်လျှင် ထိုသူကို သေဒဏ်ချရမည်ဟုလည်းကောင်း၊ အပိုဒ်ခွဲ(၂) အရ လူသတ်မှုကျူးလွန်လျှင် တစ်သက်တစ်ကျွန်း သို့မဟုတ် အလုပ်ကြမ်းနှင့် ထောင်ဒဏ်ချမှတ်ရမည်ဟုလည်းကောင်း ဖော်ပြထားသည်။ ယခုအမှုတွင် တရားခံ အား ပုဒ်မ ၃၀၂ ဟူ၍သာ စွဲချက်တင်ပြီးနောက် ပုဒ်မ ၃၀၂(၁)(ခ)အရ ဖြေရှင်းစေ လိုလျှင် ထိုပုဒ်မအတိုင်း တိကျစွာ စွဲချက်တွင်ဖော်ပြရန်လိုသည်။

*[မောင်ခင်မောင်မျိုးနှင့်ပြည်ထောင်စု ၁၉၇၉ မြန်မာပြည်စီရင်ထုံး ၃၀ ]*

၃၇။ တရားခံအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၂)အရ စွဲချက်တင်ပြီးနောက် အပြစ်ပေးသောအခါတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၁)(ခ)အရ အပြစ်ပေးခြင်း မှာ ဥပဒေအရ မှားယွင်းသည်။ တရားခံတစ်ဦးအပေါ် သေးငယ်သောပြစ်မှုနှင့် စွဲချက်တင်ပြီးနောက် ကြီးလေးသောပြစ်မှုသို့ ပြောင်းလွဲအပြစ်မပေးနိုင်ပေ။

*[မောင်ဘမြေနှင့်ပြည်ထောင်စု ၁၉၇၉ မြန်မာပြည်စီရင်ထုံး ၉၉ ]*

**လူသတ်မှုမမြောက်သည့် ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှုအတွက်ပြစ်ဒဏ်။ (ပုဒ်မ ၃၀၄)**

**Punishment for culpable homicide not amounting to murder. (Section 304)**

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

မည်သူမဆို လူသတ်မှုမမြောက်သည့် ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှု ကို ကျူးလွန်လျှင်၊ ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၀၄ | လူသတ်မှုမမြောက်သည့် ပြစ်ဒဏ် ထိုက်သော လူသေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | တစ်သက်တစ်ကျွန်း ဒဏ်ဖြစ်စေ၊ ၁၀ နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ် | စက်ရှင် တရားရုံး |

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ လူကိုသေစေသည့် အမှုများတွင် သက်သေဦးရေ မည်ရွေ့မည်မျှ ရှိမှသာ ပြစ်ဒဏ်စီရင်ရမည်ဟု ဥပဒေသတ်မှတ်ချက်ရှိသဖြင့် တစ်ဦးတည်းသော သက်သေပင်ဖြစ်စေကာမူ စိတ်ချယုံကြည်ရပါက တရားခံအား အပြစ်ပေးနိုင်သည်။ သို့ရာတွင် အလွန်တရာ တုန်လှုပ်ခြောက်ချားနေသော အခြေအနေမျိုးတွင်သော်လည်းကောင်း၊ လုံလောက်သောအလင်းရောင်မရှိသည့် အခြေအနေမျိုးတွင်သော် လည်းကောင်း၊ မှတ်မိလိုက်သည်ဆိုသော သက်သေထွက်ချက်ကိုမူ စိတ်ချလက်ချလက်ခံရန် ခဲယဉ်းပေသည်။

*[ဦးလှထွန်းနှင့်ပြည်ထောင်စု ၁၉၅၈ မြန်မာပြည်စီရင်ထုံး ၁၆၀(လွှတ်တော်ချုပ်)]*

*[မောင်တင်အေးနှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၁၁၇ ]*

*[မောင်တင်မြနှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၆၄၄ ]*

၂။ ညအချိန် မှောင်မိုက်ထဲမှအသံကို ကြားရ၍ လူကိုမှတ်မိလိုက်ပါသည်ဆိုသော စွပ်စွဲချက်မျိုးမှာလည်း တန်ဖိုးမရှိသောကြောင့် ယင်းအထောက်အထားဖြင့် တရားခံအား အပြစ်မပေးနိုင်ပေ။

*[အော်ဒရော်ဇမန်နှင့်ပြည်ထောင်စု ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၅၃၈ ]*

*[မောင်ချင်းနောင်နှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၁၂၄ ]*

*[မောင်တင်မြနှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၆၄၄ ]*

၃။ နှစ်ဦးနှစ်ဖက်ခိုက်ရန်ဖြစ်ပွားသောအမှုများတွင် မည်သူ့ထံတွင်မှ ကာကွယ်ခုခံပိုင်ခွင့်မရှိသဖြင့် ယင်းရန်ပွဲ၌ လူသေပါက ကာကွယ်ခုခံပိုင်ခွင့်ကို အကာအကွယ်မယူနိုင်သောကြောင့် သတ်သူသည် လူသေမှု ကျူးလွန်ရာရောက်သည်။

*[မောင်ဆိုက်ကြီးနှင့်ပြည်ထောင်စု ၁၉၇၁ မြန်မာပြည်စီရင်ထုံး ၁၃ ]*

၄။ ၁၆-၁၁-၈၀ နေ့တွင် ဒေါ်မြကြုတ်ခင်ပွန်း ဦးကိုကြီးက ရိုက်သည်ဆိုကာ ဆေးရုံတင်ပြီးကုသခံရာ ၂၁-၁၂-၈၀ နေ့တွင် ဒေါ်မြကြုတ်သေဆုံးခဲ့သည်။ သက်သေများသည် ဦးကိုကြီးက ဒေါ်မြကြုတ်အား လက်သီးဖြင့်ထိုးခဲ့ကြောင်း ကိုယ်တိုင်တွေ့မြင်ခဲ့ရခြင်းမဟုတ်ဘဲ ဒေါ်မြကြုတ်၏ ပြောပြချက်ကို ပြန်လည်ထွက်ဆိုခြင်းသာဖြစ်သည်။ ဆရာဝန်က ဒေါ်မြကြုတ်သည် ဆီးချိုနှင့်အထွေထွေအားနည်းရောဂါတို့ကြောင့် သေဆုံးရခြင်းဖြစ်ပြီး ဦးကိုကြီးက လက်ရောက်မှုကျူးလွန်ရာမှ ရရှိသောဒဏ်ရာများကြောင့် သေဆုံးခြင်းမဟုတ်ကြောင်း ထွက်ဆိုထားသောကြောင့် ပုဒ်မ ၃၀၄ အရ ပြစ်မှုကျူးလွန်ခြင်းမရှိ။

*[ဦးအောင်လွင်နှင့်ပြည်ထောင်စု(ဦးကိုကြီး) ၁၉၈၃ မြန်မာပြည်စီရင်ထုံး ၃၂]*

၅။ သေသူက ဓားမြှောင်နှင့်ခြိမ်းခြောက်သဖြင့် တရားခံက ဓားမြှောင်ကိုလုပြီး ထိုးသည့်အမှုတွင် တရားခံက ခုခံကာကွယ်ပိုင်ခွင့် တင်ပြသော်လည်း သေသူ၌ လက်နက်မဲ့ဖြစ်နေ၍ တရားခံက ဓားမြှောင့်ဖြင့် ၆-ချက်ထိုးခဲ့ခြင်းသည် ခုခံကာကွယ်ခွင့်ကို ကျော်လွန်ရာရောက်၍ ပုဒ်မ ၃၀၄ အရ ပြစ်မှုကျူးလွန်သည်။

*[မောင်ညွန့်စိန်နှင့်ပြည်ထောင်စု ၁၉၇၈ မြန်မာပြည်စီရင်ထုံး ၃၀ ]*

http://www.cherrythitsar.org



၆။ သက်သေခံအထောက်အထားများအရ တရားခံသည် ပုဒ်မ ၃၀၄ အရ ပြစ်မှုကျူးလွန်ကြောင်းထင်ရှားသော်လည်း ပထမအကြိမ်ကျူးလွန်သူဖြစ်ခြင်းနှင့် သေသူ၏ ရမ်းကားမှုကြောင့် လက်လွန်ခြင်းဖြစ်ခဲ့ရခြင်း စသည့်အချက်များကိုထောက်ထားလျက် ပြစ်ဒဏ်သတ်မှတ်ရာ၌ သက်ညှာစွာ စဉ်းစားသင့်ပေသည်။

*[ဦးဘိုလေးနှင့်ပြည်ထောင်စု ၁၉၇၆ မြန်မာပြည်စီရင်ထုံး ၁၀၈ ]*

၇။ ရာဇသတ်ကြီးပုဒ်မ ၃၀၄-ရန်စခြင်း-ခုခံပိုင်ခွင့်ကို အကာအကွယ်ယူခွင့်ရှိမရှိ။

**ဆုံးဖြတ်ချက်။** အယူခံတရားလိုက ရန်စပြီးဆဲရေးခြင်းအားဖြင့် သေသူက ဒေါသထွက်ပြီးရိုက်ရာတွင် အယူခံတရားလိုသည် ခုခံပိုင်ခွင့်ကို အကာအကွယ်ယူပြီး သေသူကို သေစေခြင်းမပြုနိုင်။

*[ဝေစောအောင်နှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၁၇၆ ]*

၈။ ရာဇသတ်ကြီးပုဒ်မ ၃၀၄- မိမိအသက်အန္တရာယ်ကို ကာကွယ်ရာတွင် လင်ယောကျ်ားသေစေခဲ့သော မိန်းမ-ရာဇသတ်ကြီးပုဒ်မ ၉၇ တွင် အကျုံးဝင်မဝင်။

**ဆုံးဖြတ်ချက်။** အထက်ပါအခြေအနေတွင် အယူခံတရားလိုက သေသူအားထင်းစနှင့် တစ်ချက်သာရိုက်လိုက်ခြင်းမှာ မိမိ၏အသက်အန္တရာယ်ကို ကာကွယ်သည့်အနေနှင့် ပြုလုပ်လိုက်ခြင်းဖြစ်ကြောင်း ပြဆိုချက်မှာ ယုတ္တိရှိသည်ဟု လက်ခံရမည်။

အယူခံတရားလို၏ပြုမှုချက်မှာ ရာဇသတ်ကြီး ပုဒ်မ ၉၇ ခွင့်ပြုချက်အရ အသက်ဘေးအန္တရာယ်ကို ကာကွယ်သည့်အနေနှင့် ပြုလုပ်ရခြင်းဖြစ်သည်ဟုသာ ယူဆရမည်ဖြစ်သည့်ပြင်၊ မိမိကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့်ထက် ပိုမိုပြုလုပ်ခြင်းဖြစ်သည်ဟုလည်း မယူဆနိုင်။

*[မထွေးစိန်နှင့်ပြည်ထောင်စု ၁၉၆၄ မြန်မာပြည်စီရင်ထုံး ၄၉၈ ]*

၉။ ရာဇသတ်ကြီးပုဒ်မ ၃၀၄-မည်သူရိုက်၍သေဆုံးခြင်း-သံသယပုဒ်မ ၃၂၅ အရသာ အပြစ်ပေးသင့်ခြင်း-အယူခံတရားလိုနှင့်အခြားသူတစ်ဦးတို့က တုတ်နှင့်ရိုက်သဖြင့် သေသူ သေဆုံးခဲ့ရာ အောက်ရုံးက အယူခံတရားလိုအား ရာဇသတ်ကြီးပုဒ်မ ၃၀၄ အရ အပြစ်ပေးခဲ့လေသည်။

**ဆုံးဖြတ်ချက် ။** သေသူရရှိသည့် သေစေမည့် ဒဏ်ရာများမှာ မည်သူပြုလုပ်၍ ရရှိသည့်ဒဏ်ရာဖြစ်ကြောင်း တစ်ထစ်ချယူဆရန် ခဲယဉ်းသဖြင့် ထိုဒဏ်ဒဏ်ရာများကို အယူခံတရားလိုပြုလုပ်သည်ဟုယူဆရန် လုံလောက်သည့်သက်သေအထောက်အထားမရှိ။

*[မနှင်းနှင့်ပြည်ထောင်စု ၁၉၆၄ မြန်မာပြည်စီရင်ထုံး ၅၀၂ ]*

၁၀။ Held: For the purpose of liablility under S.304 A, Penal Code it is to find out whether the death of a person in question is one directly caused by the rash and negligent act of the person charged therewith or in other words whether the death of the person in question was the proximate and effective cause of accused's rash and neglignet act without actus interveniens of a third person's negligence.

http://www.cherrythitsar.org



A very high degree of negligence is required to be proved before an accused person can be charged under S.304 A of the Penal Code.

*[Mg Bo Kya vs. U.B. 1956 BLR (HC) 101 ]*

၁၁။ ရာဇသတ်ကြီးပုဒ်မ ၃၀၄ လူသေမှု-လင်ယောကျ်ားက မယားကို ဖနောင့်နှင့် ပေါက်ခြင်းဖြင့် သေဆုံးခြင်း-ရာဇသတ်ကြီးပုဒ်မ ၃၂၅။

**ဆုံးဖြတ်ချက် ။** အယူခံတရားလိုသည် မိမိမယားကို ဖနောင့်နှင့်ပေါက်ခြင်းဖြင့် သေစေလိုသော စေတနာ သို့မဟုတ် သေလောက်သော ဒဏ်ရာရစေလိုသော စေတနာ ရှိလိမ့်မည်မဟုတ်၊ အကြီးအကျယ်ဒဏ်ရာရစေလိုသော စေတနာသာလျှင် ရှိလိမ့်မည်ဟု ယူဆသည်။ ထို့ကြောင့် ရာဇသတ်ကြီးပုဒ်မ ၃၀၄ အရ အပြစ်ပေးစီရင်ရန်မထိုက်၊ ပုဒ်မ ၃၂၅ အရသာ အပြစ်ပေးထိုက်သည်။

*[မောင်ဟန်စောနှင့်ပြည်ထောင်စု ၁၉၆၄ မြန်မာပြည်စီရင်ထုံး ၄၃၂ ]*

၁၂။ ရာဇသတ်ကြီးပုဒ်မ ၃၀၄-ရိုက်နှက်၍ ဦးခေါင်းတွင် ဒဏ်ရာရသောဒဏ်ရာကြောင့် သေဆုံးခြင်း-ဆေးရုံတွင်မနေ၍ သေဆုံးခြင်း- ပုဒ်မ ၃၂၆ အရသာ အပြစ်ပေးထိုက်ခြင်း ပြစ်ဒဏ်ကိစ္စ။

**ဆုံးဖြတ်ချက်။** ဆေးရုံဆရာဝန်ကြီး၏ ထင်မြင်ချက်တွင် သေသူသည် ဆေးရုံတက်ရောက်ပြီး ကျကျနနကုသလျှင် ဒဏ်ရာမှာ ပြည်တည်စရာအကြောင်းမရှိ၍ မသေနိုင်ပါဟု ဆိုသည်။ သေသူသည် ဆေးရုံတွင် ကြပ်ကြပ်မတ်မတ်ကုသခြင်း ခံခဲ့လျှင် အသက်ချမ်းသာရာရမည်ဟု ယူဆနိုင်ဖွယ်ရာရှိသည်။ ဒဏ်ရာကြောင့် မုချသေစေနိုင်သည်ဟု မဆိုနိုင်။

*[ဦးမောင်မောင်နှင့်ပြည်ထောင်စု ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၃၉၄ ]*

၁၃။ ရာဇဝတ်မှုခင်းစီရင်ရေး-အမှန်တရားကိုဖော်ထုတ်ရန်ဖြစ်ခြင်း-မီးရထားသံလမ်းပေါ်ကျစေရန်-ခေါင်းတွဲကြိတ်သေဆုံးခြင်း-ရာဇသတ်ပုဒ်မ ၃၀၄(က)အရ အပြစ်ရှိခြင်း။

**ဆုံးဖြတ်ချက် ။** ရာဇဝတ်မှုများကို စစ်ဆေးရာ၌ သက်သေခံချက်များမှ အမှန်တရားကို ထုတ်နိုင်ရမည်ဖြစ်ရာ မည်သူ့ကို လုံးဝယုံ၍ မည်သည့်သက်သေကို လုံးဝပယ်ရမည်မဟုတ်ဘဲ၊ ယုံသင့်ရာရာတို့ကို ထုတ်နုတ်ပြီးနောက် သဘာဝယုတ္တိနှင့် နှိုင်းယှဉ်ကာ အမှန်တရားကိုဖော်ရန်ဖြစ်ပေသည်။

ဤမှုသည် ဆိုရှယ်လစ်စနစ် ရာဇဝတ်မှုခင်း စီရင်ရေးနှင့်လည်း ကိုက်ညီပေသည်။

**ထပ်မံဆုံးဖြတ်ချက် ။** အယူခံတရားလိုသည် သေသူအား ရန်ဖြစ်ကြစဉ် မီးရထားလမ်းသို့ကျစေပြီး၊ ခေါင်းတွဲကြိတ်၍ သေဆုံးခဲ့ရာ၌ ရာဇသတ်ကြီးပုဒ်မ ၃၀၄(က)အရ အပြစ်ရှိသည်ဟု ယူဆရမည်။ အောက်ရုံးက ပုဒ်မ ၃၀၂(၂)အရ၊ အပြစ်ရှိကြောင်း ဆုံးဖြတ်ထားသည်ကို ပယ်ဖျက်လိုက်သည်။

*[မောင်အောင်ငွေးမြင့်နှင့်ပြည်ထောင်စု ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၄၉၇]*

http://www.cherrythitsar.org



၁၄။ ရာဇသတ်ကြီးပုဒ်မ ၃၀၄-ရိုင်ဖယ်နှင့်ပစ်ရာ၌ ရွယ်သူကိုမထိဘဲ အခြားသူအား ထိမှန်၍သေခြင်း-ပြစ်မှုကျူးလွန်ရာမြောက်ခြင်း-ပြစ်ဒဏ်စီရင်ချက်-စဉ်းစားအပ်သည့် အချက်အလက်များ။

**ဆုံးဖြတ်ချက် ။** အမှုပါအကြောင်းအချက်တို့ကိုထောက်လျှင် အယူခံတရားလိုအား ပုဒ်မ ၃၀၄ အရ ပြစ်မှုထင်ရှားတွေ့ရှိထားခြင်းသည် မှန်ကန်သည်။

**ထပ်မံဆုံးဖြတ်ချက် ။** ပြစ်ဒဏ်ကိုလည်း သက်သက်ညှာညှာနှင့် သတ်မှတ်ပေးပြီးဖြစ်ကြောင်း တွေ့ရှိရသည်။ သို့ရာတွင် ပြစ်ဒဏ်ပေးရာ၌ အဓိကထားရှိရန် ရည်ရွယ်ချက်မှာ အပြစ်ကျသူကို ဖြစ်နိုင်ပါက ပြုပြင်၍ ပြည်ထောင်စုသားကောင်း သမီးကောင်းအဖြစ် ပြန်လည်၍ ဘဝသစ်ထူထောင်စေနိုင်ရန်ဖြစ်သည်။ တစ်စုံတစ်ခုကို ပြုလုပ်မိသည့်အတွက် လူတစ်ယောက်အား ထောင်ဒဏ်ကျခံစေဟူသည့် သဘောမျိုးမျှသာမဟုတ်ချေ။ ပြစ်ဒဏ်ကို သတ်မှတ်ရာ၌ တစ်ဦးတစ်ယောက်၏ နောက်ကြောင်းစိတ်ထားနှင့်အတူ ရှေ့ရေးကိုပါ ထည့်သွင်းစဉ်းစားကာ ထိုသူတစ်ဦးသည် အပြစ်ဒဏ်ကျခံပြီးသည့်အခါ၌ သူ၏ လူ့ဘောင်အဆောက်အအုံတွင် ပြန်လည်၍ ကောင်းသောဘဝအသစ်ထူနိုင်စေရန် အရေးကြီးထား၍ စဉ်းစားအပ်သည်။ သက်ဆိုင်ရာအချက်အလက်များကို စဉ်းစား၍ အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၂ နှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

*[မအေးမြင့်နှင့်ပြည်ထောင်စု ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၅၀၀ ]*

၁၅။ လူသေမှု-ရာဇသတ်ကြီးပုဒ်မ ၂၉၉(၁)နှင့် ပုဒ်မခွဲ ၂(က)တွင် အကျုံးဝင်ခြင်း-ရာဇသတ်ကြီးပုဒ်မ ၃၀၄ အရ အပြစ်ကျူးလွန်ပြောင်းလဲသတ်မှတ်ခြင်း-ပြစ်ဒဏ်စီရင်ရာ၌ စဉ်းစားအပ်သည့်အချက်အလက်များ။

**ဆုံးဖြတ်ချက်။** အမှု၏အကြောင်းအချက်အလက်များအရ စဉ်းစားရလျှင် အယူခံတရားလိုသည် ရာဇသတ်ကြီးပုဒ်မ ၂၉၉(၁)တွင် အကျုံးဝင်သော သေစေခြင်းဖြစ်တန်ရာသော ကိုယ်အင်္ဂါနာကျင်မှုဖြစ်စေရန်အကြံဖြင့် ပြုလုပ်ခြင်းကြောင့် လူကိုသေစေခြင်းသာဖြစ်သည်ဟု ယူဆနိုင်သည့်အပြင် ထိုပုဒ်မ၏ ပုဒ်မခွဲ၂(က) တွင် ဖော်ထားသော အကြီးအကျယ်ဒေါသထွက်၍ ပြုခြင်းမျိုးမဟုတ်ဟူ၍ မဆိုသာသောကြောင့် ရာဇသတ်ကြီးပုဒ်မ ၃၀၄အရ ပြစ်မှုထင်ရှားတွေ့ရှိခဲ့လျှင် ပိုမို၍မှန်ကန်မျှတမည်ဟု ယူဆသည်။

**ထပ်မံဆုံးဖြတ်ချက်။** ပြစ်ဒဏ်သတ်မှတ်ရာ၌ မူးရူး၍ စိတ်လွန်ကိုယ်လွန်လုပ်ခဲ့မိသူများအား သန္ဓေဇီဇအရ ရာဇဝတ်ကျူးလွန်သူများနှင့် တစ်တန်းစားတည်းထား၍ စဉ်းစားသတ်မှတ်ခြင်းမပြုဘဲ ၎င်းတို့သည် အကျင့်စာရိတ္တကိုပြုပြင်၍ လူကောင်းများဖြစ်လာနိုင်သည်ဟု မျှော်လင့်ယူဆရမည်ဖြစ်သည်။

အကြောင်းအချက်အားလုံးကို နှလုံးသွင်း၍ ရာဇသတ်ကြီးပုဒ်မ ၃၀၂(၂)အရ ပြစ်ဒဏ်ထင်ရှား တွေ့ရှိထားခြင်းကို ပယ်ဖျက်၍ ရာဇသတ်ကြီးပုဒ်မ ၃၀၄ အရ ပြစ်မှုကျူးလွန်သည်ဟု ပြောင်းလဲသတ်မှတ်ပြီး ထောင်ဒဏ် ၁၀ နှစ်ခံစေရန် အမိန့်ချမှတ်သည်။

*[မောင်အောင်သန်းနှင့်ပြည်ထောင်စု ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၅၂၃ ]*

http://www.cherrythitsar.org



၁၆။ ရာဇသတ်ကြီးပုဒ်မ ၃၀၄-ခုခံကာကွယ်ပိုင်ခွင့်ရှိမရှိ-ခုခံကာကွယ်ပိုင်ခွင့်ကို လိုသည်ထက်ပို၍ အသုံးပြု မပြု။

**ဆုံးဖြတ်ချက်**။ ။ သေသူသည် အယူခံတရားလိုအား အရှည် ၂ တောင်၊ လုံးပတ် ၁ ကျပ်ခန့်ရှိသောတုတ်နှင့် စပြီး ၂ ချက် ၃ ချက် ရိုက်သောကြောင့် အယူခံတရားလိုသည် ခုခံကာကွယ်ပိုင်ခွင့်ရှိသည်ဆိုခြင်းမှာ မငြင်းနိုင်။ သို့ရာတွင် အယူခံတရားလိုသည် သေသူအား ဓားနှင့်အချက်ပေါင်း ၅-ချက်တိတိ ထိုးခဲ့ခြင်း ဖြစ်၍ ၎င်းသည် ခုခံကာကွယ်ပိုင်ခွင့်ကို လိုသည်ထက်ပို၍ အသုံးပြုမိကြောင်း ပေါ်ပေါက်နေသည်။

*[မောင်ကျော်နုနှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၄၁၅ ]*

၁၇။ ရာဇသတ်ကြီးပုဒ်မ ၃၀၄အရ မှုပြစ်ထင်ရှားစီရင်ခြင်း-ပစ္စည်းကာကွယ်ခုခံပိုင်ခွင့်သည် မည်သည့်အခါတွင် လူကိုသေစေသည်အထိ ရာဇသတ်ကြီးပုဒ်မ ၁၀၃ အရ ပြုလုပ်ပိုင်ခွင့်ရှိခြင်း-ရာဇသတ်ကြီးပုဒ်မ ၉၉ အရ ကာကွယ်ခုခံပိုင်ခွင့်မရှိသည့် ပြုလုပ်မှု။

**ဆုံးဖြတ်ချက်**။ ။ ရာဇသတ်ကြီးပုဒ်မ ၁၀၃ အရ လူတစ်ဦးသည် ညအခါ အိမ်ဖောက်ထွင်းမှု ကျူးလွန်သူကို သေစေသည်အထိ ပြုလုပ်ပိုင်ခွင့်ရှိသည်။ ထိုပြုလုပ်ပိုင်ခွင့်မှာ ပစ္စည်းကို ခုခံကာကွယ်ပိုင်ခွင့် ကျရောက်သည်။ သို့ရာတွင် ထိုခုခံကာကွယ်ပိုင်ခွင့်မှာ ရာဇသတ်ကြီးပုဒ်မ ၉၉ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း လိုသည်ထက်ပို၍ အသုံးပြုနိုင်ခွင့်မရှိချေ။

အယူခံတရားလိုသည် သေသူအား ဓားကိုင်၍ရပ်နေသည်ကိုတွေ့၍ မည်သူလဲဟု မေးရာ မဖြေသဖြင့် သေနတ်နှင့် ပစ်လိုက်ခြင်းဖြစ်သည်။ သေနတ်နှင့်ပစ်စဉ်အချိန်က ၎င်းတို့သည် လေးလံခန့်ဝေးသည့်အပြင် သေသူမှာ ရှေ့သို့တိုးလာခြင်းမပြုဘဲ ရပ်နေရာ အယူခံတရားလိုအနေနှင့် သေသူအား သေနတ်နှင့်ပစ်ရန် အကြောင်းမပေါ်ပေါက်ပေ။ လက်နှိပ်ဓာတ်မီးဖြင့်ထိုးထားသဖြင့် သေသူကို တွေ့မြင်နေရပြီဖြစ်ရာ ဓားကိုချ၍ အဖမ်းခံရန်ပြောဆိုမည်ဆိုက သေသူအနေနှင့်ထွက်ပြေးနိုင်လိမ့်မည်မဟုတ်ပေ။ ထိုကဲ့သို့အခြေအနေတွင် သေနတ်နှင့် ပစ်ခတ်ခဲ့သည့် အယူခံတရားလို၏ပြုမှုချက်မှာ လိုအပ်သည့် ဘေးအန္တရာယ်ထက်ပို၍ ပြုလုပ်ခဲ့ကြောင်း ထင်ရှားသည်။

*[မောင်တင်ဖေနှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၁၀၀၁ ]*

၁၈။ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၆၁(က)အရ လျှောက်ထားခြင်း-ရာဇသတ်ကြီးပုဒ်မ ၃၀၄(က)အရ ပြစ်မှုမြောက်သော အရမ်းပြုလုပ်မှု သို့မဟုတ် ပေါ့လျော့မှုကျူးလွန်ခြင်းရှိ မရှိကို အဓိကအားဖြင့် စစ်ဆေးရခြင်း-အတိုက်ခံရသူလည်း ပေါ့လျော့သည်ဟု ထင်ရှားလျှင် တိုက်သူကလည်း ရာဇသတ်ကြီးပုဒ်မ ၃၀၄(က)အရ ပြစ်မှုကျူးလွန်လျှင် ပြစ်ဒဏ်ပေးရာ၌ လျော့ပေါ့ပေးနိုင်ရုံသာရှိခြင်း-ရမ်းကားမှုကြီးသလောက် ပြစ်ဒဏ်မှာလည်း ကြီးလေးရခြင်း။

http://www.cherrythitsar.org



**ဆုံးဖြတ်ချက်**။ ။ မော်တော်ကားဖြင့်တိုက်သူသည် ရာဇသတ်ကြီးပုဒ်မ ၃၀၄(က)အရ ပြစ်မှုမမြောက်သော အရမ်းပြုလုပ်မှု၊ သို့မဟုတ် ပေါ့လျော့မှု ကျူးလွန်ခဲ့ခြင်း ရှိ မရှိကို အဓိကအားဖြင့် စစ်ဆေးရသည်။ ရှိသည်ဟုတွေ့ရလျှင် အတိုက်ခံရသူဘက်မှလည်း အနည်းငယ်ပေါ့လျော့ခဲ့ရုံမျှနှင့် တိုက်သူအပြစ် လွတ်နိုင်မည်မဟုတ်ချေ။ အရမ်းမောင်းတတ်သူတို့သည် တစ်ဖက်မှပေါ့လျော့လျှင် ၎င်းတို့လည်း အပြစ်ကင်းစွာပေါ့လျော့ခြင်း၊ ရမ်းကားခြင်းပြုနိုင်သည်ဟု ထင်မြင်ယူဆလေ့ရှိကြသည်။ ထိုယူဆချက်သည် မှားယွင်းသည်ကို သတိထားသင့်ကြပေသည်။ အတိုက်ခံရသူကလည်း ပေါ့လျော့ခဲ့သည်ဟု ထင်ရှားလျှင် တိုက်သူကလည်း ရာဇသတ်ကြီးပုဒ်မ ၃၀၄(က)အရ ပြစ်မှုကျူးလွန်နေလျှင် ပြစ်ဒဏ်ပေးရာ၌ လျော့ပေါ့ပေးနိုင်ရုံသာရှိသည်။

*[မောင်ရွှေဝင်းနှင့်ပြည်ထောင်စု ၁၉၆၇ မြန်မာပြည်စီရင်ထုံး ၈၈ ]*

၁၉။ ရာဇသတ်ကြီးပုဒ်မ ၃၀၄ အရ ပြစ်မှုထင်ရှားစီရင်ခြင်း-ရာဇသတ်ပုဒ်မ ၉၉ တွင် ပြဆိုထားသည့်အတိုင်း အယူခံတရားလိုက မိမိအသက်အန္တရာယ်ဖြစ်မည်ကို စိုးရိမ်မကင်းရှိရန် အခြေအနေရှိသည့်အတွက် ပြုလုပ်ခဲ့ခြင်း ဟုတ်မဟုတ်။

**ဆုံးဖြတ်ချက်**။ ။ အယူခံတရားလိုက သေသူ မိမိ၏ခေါင်းကိုတစ်ချက် ဓားနှင့်ခုတ်လျှင်ခုတ်ခြင်းပင် အမဲဖျက်နေသည့်တံစူးနှင့်ထိုးလိုက်ခြင်းဖြစ်သောကြောင့် အယူခံတရားလို၏ ပြုမှုချက်မှာ ခုခံကာကွယ်ပိုင်ခွင့်အရ ပြုမူခဲ့ခြင်းသာဖြစ်သည်ဟု ယူဆရမည်ဖြစ်သည်။

သေသူ၏လက်ဝယ်တွင် ဓားရှိသည် မရှိသည်ကို မိမိက မပြောနိုင်ပါဟု ထွက်ဆိုထားလေသည်။ ထိုထွက်ဆိုချက်မှာလည်း မှန်ကန်ခြင်းမရှိဟု မဆိုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ယခုကဲ့သို့ ရန်ခိုက်ဖြစ်နေစဉ်၊ အယူခံတရားလိုက သေသူထံ လက်နက်ရှိမည် အသေအချာ ကြည့်ရှုချင့်ချိန်နိုင်မည်မဟုတ်သောကြောင့် ဖြစ်ပေသည်။

*[မောင်သန်းမောင်နှင့်ပြည်ထောင်စု ၁၉၇၀ မြန်မာပြည်စီရင်ထုံး၊ ၈၆ ]*

၂၀။ ရာဇသတ်ကြီးပုဒ်မ ၃၀၄(က)အရ ပြစ်မှုထင်ရှားစီရင်ခြင်း-မော်တော်ရေယာဉ်များ လုံခြုံမှုအတွက် ကောင်းစွာထိန်းသိမ်းခြင်း-စက်မောင်းပဲ့ကိုင် စသူတို့ အရည်အချင်းနှင့်ပြည့်စုံကြခြင်းတို့သည် အထူးလိုအပ်သော ကိစ္စများဖြစ်ခြင်း။

မြစ်ချောင်းများတွင် ခရီးသည်များ၊ ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်ပေးကြသော မော်တော်ရေယာဉ်များကို အားလုံး၏လုံခြုံမှုအတွက် ကောင်းစွာထိန်းသိမ်းခြင်း၊ စက်မောင်းပဲ့ကိုင် စသူတို့က အရည်အချင်းပြည့်စုံကြခြင်းတို့သည် အထူးလိုအပ်သော ကိစ္စများဖြစ်သည်။ သက်ဆိုင်ရာတို့က ရေယာဉ်များကို စစ်ဆေးကြည့်ရှုပေးခြင်း၊ ရေယာဉ်မောင်း၊ ပဲ့ကိုင်စသူတို့ကို လေ့ကျင့်သင်ကြားပေးခြင်း၊ အရည်အချင်းစစ်ဆေးခြင်း စသည်တို့ကို ဂရုစိုက်၍ ပြုလုပ်ပေးသင့်သည်။

အထောက်အထား အခိုင်အလုံမရှိသည့်အတွက် ၎င်းအပေါ် အထူးရာဇဝတ်ရုံးက ပြစ်မှုထင်ရှားတွေ့ရှိထားခြင်းနှင့် ပြစ်ဒဏ်စီရင်ထားခြင်းတို့ကို ပယ်ဖျက်လိုက်သည်။

*[မောင်ညိုမောင်နှင့်ပြည်ထောင်စု ၁၉၆၉ မြန်မာပြည်စီရင်ထုံး(အထူး) ၅၉]*

http://www.cherrythitsar.org



၂၁။ ရာဇသတ်ကြီးပုဒ်မ ၃၀၄(က)အရ မှုပြစ်ထင်ရှား စီရင်ခြင်း-အရက်သေစာ သောက်စား၍ မီးရထားမောင်းခြင်းသည် ဌာနဆိုင်ရာစည်းကမ်းကို ဖောက်သည်သာ မကသေး၊ ရာဇဝတ်မှုမြောက်စေသော အင်္ဂါတစ်ရပ်ဖြစ်ခြင်း-တာဝန်ဖြင့် စောင့်ထိန်း အပ်သည့် သတိဝီရိယပျက်ကွက်သောကြောင့် ရာဇဝတ်မှုမြောက်စေသော ပေါ့ဆ ခြင်းဖြစ်ခြင်း - အချိန်မီ မီးနီပြ၍ သတိပေးနိုင်ခြင်း - ပေါ့ဆစွာပြုလုပ်ခြင်းကြောင့် လူသေစေမှုကို ကျူးလွန်ခဲ့ရာရောက်ခြင်း။

မီးရထားချင်းတိုက်၍ လူအများသေစေလောက်အောင် ပေါ့ဆသောကြောင့် ရာဇဝတ်ပြစ်မှုကျူးလွန်သည်ဟု ယူဆရသဖြင့် အယူခံတရားလိုများအား ရာဇသတ် ကြီးပုဒ်မ ၃၀၄(က)အရ စွဲဆိုတင်ပို့ခဲ့သည်။

**ဆုံးဖြတ်ချက်**။ ။ အရက်သေစာသောက်စား၍ မီးရထားမောင်းခြင်းသည် ဌာနဆိုင်ရာစည်းကမ်းကို ဖောက်ဖျက်သည်သာမကသေး၊ ယာဉ်မောင်းသူများ လိုက်နာအပ်သော စည်းကမ်းကိုဖောက်ဖျက်ခြင်းဖြစ်သည်။ ဌာနဆိုင်ရာစည်းကမ်း ကို ဖောက်ခြင်းသည် ဌာနစည်းကမ်းအရလည်းကောင်း၊ ခရီးသည်တို့၏ လုံခြုံမှု၊ အစိုးရယာဉ် ရထား၊ အများယာဉ်ရထားတို့၏ လုံခြုံမှုအတွက်လည်းကောင်း၊ မထား မနေ ထားရှိရမည့် သတိဝီရိယ၏စံချိန်ကို ဖောက်ဖျက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဌာနဆိုင်ရာစည်းကမ်းဖောက်ခြင်းမျှသာ မဟုတ်ချေ။ ရာဇဝတ်မှုမြောက်စေသော အင်္ဂါရပ်တစ်ရပ်ဖြစ်သည်။ အလားတူပင် မီးမပါဘဲ မီးရထားမောင်းခြင်းသည် ဌာနဆိုင်ရာစည်းကမ်းကိုသာ ဖောက်ခြင်းမမည်။ ခရီးသည်များနှင့် မီးရထား၊ အခြား ခရီးသွားယာဉ်များ၏ လုံခြုံရေးအတွက် လိုအပ်သော သတိဝီရိယ ပျက်ကွက်၍ ရာဇဝတ်မှုမြောက်သော ပေါ့ဆခြင်းဖြစ်စေသည်။ မီးများသာကောင်းပါလျှင် ဦးချစ် သည် ဘူတာအတွင်း အခြေအနေကို ကြိုတင်မြင်နိုင်ကောင်းသည်။ အဆန်ရထား ကိုလည်း မီးဖြင့် သတိပေးနိုင်ကောင်းသည်။

အထက်ပါအချက်တို့ကြောင့် ဦးချစ်သည် ရာဇသတ်ကြီးပုဒ်မ ၃၀၄(က)တွင် အကျုံးဝင်သော ပေါ့ဆဟော့ရမ်းခြင်းဖြင့် လူသေစေမှုကို ကျူးလွန်ခဲ့သည်ဟု ဆိုရ မည်။ ရထားလမ်းခွဲ ပွိုင့်ကလင့်ကို ဖောက်ကျော်၍မောင်းနှင်ကာ မီးရထားလမ်းမကြီး ပေါ်သို့ ပေ ၁၅၀ ကျော်လွန်နေစေခြင်းကပင်လျှင် ယင်း ပေါ့ဆဟော့ရမ်းခြင်းကို သရုပ်ဖော်လျက်ရှိခဲ့သည်။

ညရုံပိုင် ဦးမောင်ကိုသည် ရထားချင်းဆုံမည်ကို အချိန်မီ ကြိုတင်သိလျက်နှင့် ဂျမဒါမောင်တင်စိန်အား အဆန်ရထားဝင်ရာဖက်သို့ ဆောင်ရွက်ရန်ရှိသည်တို့ကို အချိန်မီဆောင်ရွက်ရန် ကြပ်မတ်၍ စေလွှတ်ခြင်းမရှိ။ ကြံရထားသည် မီးရထား လမ်းမကြီးပေါ်ကျော်၍ ရပ်နေသောအခါ၌လည်း အဆန်ရထားအား သတိပေးရန် စီမံခြင်းမပြု။ ရုံပိုင်အဖြစ် ကိုယ်တိုင်ကြည့်ရှုစစ်ဆေးရမည့် တာဝန်များကိုလည်း ပျက်ကွက်သောကြောင့် မီးရထားအထွေထွေနည်းဥပဒေ ၁၃၃၊ ၁၆၁၊ ၁၇၅၊ ၁၈၇ စသည်တို့ကို ဖောက်ဖျက်သည်။ တာဝန်ဖြင့် စောင့်ထိန်းအပ်သည့် သတိဝီရိယ ပျက်ကွက်သောကြောင့် ရာဇဝတ်မှုမြောက်စေသော ပေါ့ဆခြင်းဖြစ်သည်။

http://www.cherrythitsar.org



ဂျမဒါမောင်တင်စိန်သည် အဆန်ရထားကို အချိန်မီ မီးနီပြ၍ သတိပေးနိုင်ခဲ့သည်။ ၎င်းသည် အဆန်ရထားဝင်လာမည့်ဖက်သို့ အေးဆေး လေးကန်စွာ သွားကြောင်း၊ ဂျမဒါကိုမောင်မောင်က မြောက်ဖက်သို့ ကြံရထားကို အမှတ် ၂ လမ်းသို့ သွင်းရန် သွားသောအခါ၊ မောင်တင်စိန်သည် ဘူတာအတွင်း၌ပင် ကျန်ရစ်ကြောင်း၊ မီးရထားချင်းတိုက်ကြပြီးမှ ၎င်းသည် တောင်ဖက်အချက်ပြခုံပေါ်တွင် မီးနီတစ်လုံး သွားရောက်တင်ကြောင်း အထောက်အထားပြည့်စုံသည်။ ထို့ကြောင့် မောင်တင်စိန်သည်လည်း ပေါ့ဆစွာလုပ်ခြင်းကြောင့် လူသေစေမှုကို ကျူးလွန်ခဲ့ရာရောက်သည်။ *[ဦးမောင်ကို၊ မောင်တင်စိန်၊ ဦးချစ်၊ ဘာလာခရစ်ရှနားနှင့်ပြည်ထောင်စု ၁၉၆၉ မြန်မာပြည်စီရင်ထုံး(အထူး) ၃၈]*

## ပေါ့လျော့ခြင်းဖြင့် သေစေမှု။ (ပုဒ်မ ၃၀၄-က)

## Causing death by negligence (Section 304-A)

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ ရာဇဝတ် ပြစ်ဒဏ်ထိုက်သော လူသေမှု အဖြစ်ဖြင့်သော်လည်းကောင်း၊ လူသတ်မှုအဖြစ်ဖြင့်သော်လည်းကောင်း ပြစ်ဒဏ်ချမှတ်ခြင်း မခံထိုက်သော အရမ်းပြုလုပ်မှုကို၊ သို့တည်းမဟုတ် ပေါ့လျော့သော ပြုလုပ်မှုကိုပြု၍ လူကိုသေစေလျှင်၊ ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ သို့ရာတွင် အဆိုပါပြုလုပ်မှုကို၊ သေစေတန်ရာသည်ဟု သိလျက်နှင့်ပြုလျှင် ထောင်ဒဏ်ကိုတိုး၍ ဆယ်နှစ်ထိ ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ လူတစ်ဦးသေဆုံးရခြင်း။

၂။ ထိုကဲ့သို့ သေဆုံးခြင်းမှာ တရားခံ၏ ပြုလုပ်မှုကြောင့်ဖြစ်ခြင်း။

၃။ တရားခံ၏ ပြုလုပ်မှုသည် ပြစ်မှုမကင်းသော လူသေမှုမဟုတ်သည့် အရမ်း၊ သို့မဟုတ် ပေါ့လျော့သော ပြုလုပ်မှုဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၀၄ က | အရမ်းသို့မဟုတ်ပေါ့လျော့သော ပြုလုပ်မှုဖြင့် လူသေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင်၊ ငွေဒဏ်။ | စက်ရှင် တရားရုံး |
| | သေစေတန်ရာသည်ကို သိလျက်နှင့် ပြုလုပ်လျှင် | ၎င်း | ၎င်း | ၎င်း | ၎င်း | ၁၀နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင်၊ ငွေဒဏ်။ | တရားသူကြီး |

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ အရမ်းသို့မဟုတ်၊ ပေါ့လျော့စွာပြု၍ လူကိုသေစေခြင်းအတွက် ပြဋ္ဌာန်းထားသော ပုဒ်မဖြစ်သည်။ ပုဒ်မ ၃၃၆၊ ၃၃၇၊ ၃၃၈ တို့နှင့် ယှဉ်တွဲ၍ ဖတ်ရှုရန်ဖြစ်သည်။ တမင်ပြု၍ လူကိုသေစေခြင်းသည် ဤပုဒ်မနှင့်အကျုံးမဝင်၊ အလိုအလျောက် သို့မဟုတ် တမင်ပြု၍ လူကိုသေစေလျှင် လူသတ်မှု၊ လူသေမှု သို့မဟုတ် နာကျင်မှု တစ်ခုခုသာဖြစ်သည်။ တစ်ဦးထက်ပိုသော တရားခံတို့က တမင်ဝိုင်းရိုက်ခြင်းကြောင့် သေဆုံးရခြင်းသည် ဤပုဒ်မအရ ပြစ်မှုမမြောက်၊ ပြင်းထန်သော နာကျင်မှုအရသာ စီရင်ရသည်။

*[မောင်စိန်နှင့်ပြည်ထောင်စု ၁၉၄၈ မြန်မာပြည်စီရင်ထုံး ၃၃၄ ]*

၂။ အရမ်းသို့မဟုတ် ပေါ့လျော့သော ပြုလုပ်မှုဆိုသည်မှာ ဆင်ခြင်တုံတရားရှိသည့် သာမန်အသိဉာဏ်ရှိသောသူတစ်ဦး၏ ပြုမှုမျိုးကို မပြုလုပ်ဘဲ ပျက်ကွက်ခြင်း၊ သို့မဟုတ် တစ်ခုခုကို လုပ်ကိုင်ဆောင်ရွက်ရာ၌ ထိုကဲ့သို့သောသူမျိုး ပြုလုပ်လိမ့်မည်မဟုတ်သည့် ပြုမူမှုများကို ပြုလုပ်ခြင်းကိုဆိုလိုသည်။

*[မောင်ဘိုကြည်နှင့်ပြည်ထောင်စု ၁၉၆၇ မြန်မာပြည်စီရင်ထုံး ၅၆၅ ]*

၃။ လမ်းအကွေ့တွင် အရှိန်ပြင်းစွာမောင်းနှင်သည့်အပြင် ကွေ့နေသောလမ်းမှ ဖြောင့်တန်းသော လမ်းအပေါ်သို့အထွက်တွင် အချက်တစ်စုံတစ်ရာမပေးသော မော်တော်ကားမောင်းသမားသည် ဆင်ခြင်တုံတရားရှိသည့် သာမန်အသိဉာဏ်နှင့် ပြည့်စုံသောသူတစ်ဦးကဲ့သို့ ပြုမူခြင်းမရှိဟု ယူဆရမည်ဖြစ်သည်။ သေနတ်ယမ်းထိုးရင်း နောက်ပြောင်သည့်သဘောဖြင့် ခလုတ်ကိုဆွဲလိုက်မိ၍ ကျည်ဆံထွက်ကာ လူသေရသောအမှုတွင် တရားခံ၏ပြုလုပ်မှုသည် အရမ်း သို့မဟုတ် ပေါ့လျော့သော ပြုလုပ်မှုပင်ဖြစ်သည်။

*[မောင်တင်လှနှင့်ပြည်ထောင်စု၊ ၁၉၆၄၊ မြန်မာပြည်စီရင်ထုံး ၉၈၈ (စစ်ဘက်အယူခံ)]*

၄။ အရမ်း သို့မဟုတ် ပေါ့လျော့စွာပြုလုပ်သော ပြုလုပ်မှုများဖြစ်၍ ဤပုဒ်မနှင့် အကျုံးဝင်သည်။ မော်တော်ယာဉ်မောင်းနှင်သူများသာမက မြစ်ချောင်းများတွင် ခရီးသည်နှင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ပေးကြသည့် မော်တော်ရေယာဉ်၏ စက်မောင်း၊ ပဲ့ကိုင်များသည် အရမ်း သို့မဟုတ် ပေါ့လျော့စွာမပြုမိကြရန် သတိချပ်ရမည်။

*[မောင်ညိုမောင်နှင့်ပြည်ထောင်စု ၁၉၆၇ မြန်မာပြည်စီရင်ထုံး ၅၉၊(အထူးအယူခံ)]*

၅။ တရားခံနှင့်သေသူတို့သည် မီးရထားပလက်ဖောင်းပေါ်တွင် ထိုးကြိတ်နေကြစဉ် မီးရထားဝင်လာသောအခါ တရားခံက သေသူအား မီးရထားလမ်းပေါ်သို့ကျစေပြီး ရထားကြိတ်၍ သေဆုံးခြင်းသည် လူသတ်မှုမမြောက်ဘဲ အရမ်းပြုလုပ်မှုကြောင့် လူသေရခြင်းဖြစ်သည်ဟု ယူဆရပေမည်။

*[မောင်အောင်ဌေးနှင့်ပြည်ထောင်စု ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၃၉၇ ]*

http://www.cherrythitsar.org



၆။ မော်တော်ယာဉ် သို့မဟုတ် ရေယာဉ်တိုက်၍ လူသေသည့်အမှုတိုင်းတွင် ယာဉ်မောင်းသူ၏ အရမ်းပြုလုပ်မှုကြောင့်ဖြစ်ရသည်ဟု တစ်ထစ်ချယူဆရန်မဟုတ်ချေ။ တရားခံ၏ အရမ်း သို့မဟုတ် ပေါ့လျော့မှုကြောင့် သေဆုံးရခြင်းမဟုတ်ဘဲ တရားခံ၏ ပြုလုပ်မှုနှင့် တိုက်ရိုက်သက်ဆိုင်ကြောင်း ပြသရန်လိုသည်။

*[မောင်ဘိုလေးနှင့်ပြည်ထောင်စု ၁၉၅၆ မြန်မာပြည်စီရင်ထုံး-၁၀၁(လွှတ်တော်)]*

၇။ ကားအတိုက်ခံရသူဘက်မှ အနည်းငယ် ပေါ့လျော့ခဲ့ရုံမျှဖြင့် တိုက်သူသည် အပြစ်ကင်းလွတ်နိုင်မည်မဟုတ်ချေ။ အရမ်းမောင်းသူသည် တစ်ဖက်မှပေါ့လျော့ခဲ့စေကာမူ မိမိအနေဖြင့် အရမ်း သို့မဟုတ် ပေါ့လျော့စွာပြုလုပ်ခဲ့ပါက ပြစ်ဒဏ်စီရင်ခြင်းခံရမည်ဖြစ်သည်။ အတိုက်ခံရသူက ပေါ့လျော့ကြောင်း ထင်ရှားလျှင် ပြစ်ဒဏ်သတ်မှတ်ရာ၌ လျှော့ပေါ့ရန် စဉ်းစားမည်သာဖြစ်သည်။

*[မောင်ရွှေဝင်းနှင့်ပြည်ထောင်စု ၁၉၆၇ မြန်မာပြည်စီရင်ထုံး ၈၈ ]*

၈။ ခြံဝင်းအတွင်းသို့ မိုင်(၂၀)နှုန်းဖြင့် မော်တော်ကားနှင့် ဝင်ရောက်သဖြင့် ဘရိတ်ဖမ်းသော်လည်း မနိုင်မနင်းဖြစ်ကာ လူတစ်ဦးသေဆုံးခြင်းမှာ တရားခံ၏ ပေါ့လျော့မှုကြောင့်သာဖြစ်သည်ဟု စီရင်ခဲ့သည့်သာဓက ရှိခဲ့ဖူးသည်။

*[မောင်ချစ်လှိုင်နှင့်ပြည်ထောင်စု ၁၉၇၅ မြန်မာပြည်စီရင်ထုံး ၂၂ ]*

၉။ အရက်သေစာသောက်စား၍ မီးရထားမောင်းသဖြင့် မီးရထားနှစ်စင်းတိုက်မိပြီး လူနှင့်ပစ္စည်းအမြောက်အမြား ဆုံးရှုံးခဲ့ရသည့်အမှုတွင် ဌာနဆိုင်ရာ စည်းကမ်းကို ဖောက်ဖျက်ခဲ့သည်သာမက တာဝန်ဖြင့် စောင့်ထိန်းအပ်သော သတိဝီရိယ ပျက်ကွက်သောကြောင့် ပြစ်မှုမြောက်သော ပေါ့ဆမှု ကျူးလွန်သည့်အလျောက် ဤ ပုဒ်မအရ ကျူးလွန်သည်ဟု ယူဆရမည်။

*[ဦးမောင်ကိုပါ(၄)နှင့်ပြည်ထောင်စု ၁၉၆၉ မြန်မာပြည်စီရင်ထုံး ၂၈၀ (အယူးအယူခံ) ]*

၁၀။ တရားခံသည် ဂျစ်ကားဘောနက်ပေါ်တွင် လူတင်ပြီး ဂျစ်ကားအတွင်း၌ လူနှင့်ကုန်များကို အဆမတန် တင်ဆောင်လာသောကြောင့် သာမန်လူတစ်ယောက်ထားသင့်သော သတိ၊ ရှိသင့်သောဝီရိယ မရှိသည့်အတွက် ကားချင်းရှောင်ရာတွင် ကားကို မထိန်းနိုင်ဖြစ်ပြီး တိမ်းမှောက်ခဲ့ရာမှ ခရီးသည်တစ်ဦးအားပိပြီး သေဆုံးခဲ့ခြင်းဖြစ်၍ တရားခံသည် ပေါ့လျော့စွာပြုလုပ်ရာရောက်သဖြင့် ပုဒ်မ ၃၀၄-က အရ ပြစ်မှုစီရင်ခြင်းသည် မှန်ကန်သည်။

*[မောင်ကျော်ဦးနှင့်ပြည်ထောင်စု ၁၉၇၉ မြန်မာပြည်စီရင်ထုံး ၁၃ ]*

၁၁။ မော်တော်ကားများကို အရမ်းမောင်းနှင်ခြင်းကြောင့် လမ်းအန္တရာယ်ဖြစ်ကာ လူအများ မသေသင့်ဘဲ သေရခြင်း၊ အနာတရ မရသင့်ဘဲ ရရှိခြင်းမျိုးများ မကြာခဏ တွေ့ကြုံနေရသဖြင့် မော်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များကိုပင် ဖွဲ့စည်းပြီး ထိန်းသိမ်းခဲ့ရသည်။ သို့ဖြစ်ရာ ပြစ်ဒဏ်သတ်မှတ်ရာ၌ ကျူးလွန်သော ပြစ်မှုအတိုင်းအတာနှင့် ကိုက်ညီသော အပြစ်ဒဏ်ကို ချမှတ်ရန်လိုသည်။ သို့မှသာ

http://www.cherrythitsar.org



နောက်နောင်တွင် မော်တော်ယာဉ်မောင်းနှင်သူများ၏ မဆင်မခြင်အရမ်းမောင်းနှင်ခြင်းကို ဟန့်တားနိုင်မည်ဖြစ်သည်။

*[မောင်ရွှေဝင်းနှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၉၁၈ ]*

*[မောင်ရွှေစင်နှင့်ပြည်ထောင်စု ၁၉၆၇ မြန်မာပြည်စီရင်ထုံး ၁၈ ]*

၁၂။ ရာဇသတ်ကြီးပုဒ်မ ၃၀၄(က)အရ တရားစွဲဆိုမှုတွင် တရားရှင်လွှတ်၍ပြင်ဆင်မှုလျှောက်ထားခြင်း - ရာဇသတ်ကြီးပုဒ်မ ၈၀ အရ ပြစ်မှုမမြောက်။

သေသူနှင့်တကွ လျှောက်ထားခံရသူ အပေါင်းအပါတို့သည် တောလိုက်သွားကြရာ၊ ဂျီတစ်ကောင် တောထဲမှထွက်လာသည်အထင်နှင့် လျှောက်ထားခံရသူက သေနတ်ဖြင့် ပစ်ခတ်ရာတွင် ထွက်လာသည့်အကောင်မှာ ဂျီမဟုတ်ဘဲ ဂျီကဲ့သို့အရောင်ရှိသည့် ခွေးတစ်ကောင်ဖြစ်နေသည်။ ထိုခွေးကို ကျည်သင့်၍သေနေသည်ကို တွေ့ကြရသည်။ သေသူလည်း ခေါင်းတွင် သေနတ်ဒဏ်ရာတစ်ချက်နှင့် မလှမ်းမကမ်းတွင် လဲကျနေသည်ကိုတွေ့ရသည်။ လျှောက်ထားခံရသူကို ရာဇသတ်ကြီးပုဒ်မ ၃၀၄(က)အရ တရားစွဲဆိုတင်ရာ စွဲချက်မတင်ဘဲ တရားရှင်လွှတ်လိုက်သည်။

**ဆုံးဖြတ်ချက်**။ ။ အမှုအဖြစ်အပျက်များအရ တောလိုက်ရာတွင် မတော်တဆထိမှန်ခဲ့ခြင်းဖြစ်သည်မှာ ထင်ရှားသည်။ သို့ကြောင့် ရာဇသတ်ကြီးပုဒ်မ ၈၀ အရ ပြစ်မှုမမြောက်။

*[ဦးညိမ်းပေါ်(ခ)နှင့်ဦးကြင်ဖုက် ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၅၆၇ ]*

၁၃။ ရာဇသတ်ကြီးပုဒ်မ ၃၀၄(က)အရ ပြစ်မှုထင်ရှားစီရင်ခြင်း-ကားမောင်းသူ၏တာဝန်ဝတ္တရား။

လျှောက်ထားသူသည် ၎င်း၏ကားကိုသတိမမူဘဲ ပေါ့ဆစွာမောင်းနှင်ခြင်းအားဖြင့် သေဆုံးသူ လူမမယ်ကလေးအား တိုက်ခိုက်သေဆုံးစေသည်ဟု ယူဆဆုံးဖြတ်သည်မှာ မှားယွင်းချွတ်ချော် မတော်မတရားဖြစ်သည်ဟု မဆိုသာချေ။

အမှုတစ်ခုလုံးကို ခြုံ၍ ဆင်ခြင်စဉ်းစားလျှင် လျှောက်ထားသူသည် မိမိကားကိုသတိကြီးစွာမထားဘဲ ပေါ့ဆစွာဖြင့် မောင်းနှင်သောကြောင့် သေဆုံးသူကလေးအားတိုက်မိခြင်းဖြစ်သည်ဟု ယူဆသည်။

*[မောင်ကျင်သိန်းနှင့်ပြည်ထောင်စု ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၆၆၉ ]*

၁၄။ ရာဇသတ်ကြီးပုဒ်မ ၃၀၄(က) ဂီယာဝင်နေ မနေကို ဂရုစိုက်၍ စစ်ဆေးခြင်းမပြုဘဲ စက်နှိုးခြင်း - ပေါ့လျော့စွာပြုလုပ်သော်လည်း ကြီးလေးသည့် ပေါ့ဆမှုဟု ယူဆရန် သင့် မသင့်။

**ဆုံးဖြတ်ချက်**။ ။သက်သေအထောက်အထားများအရ ကားကိုမောင်းလျှင် ဂီယာဝင်နေ မနေကို ဂရုစိုက်၍ ဆန်းစစ်ရန်လိုသည်။ ထိုသို့စစ်ဆေးခြင်းမပြုဘဲ စက်နှိုးစေသောကြောင့် ကားသည် ချက်ခြင်းနောက်သို့ဆုတ်ကာ တိုက်ခိုက်မိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အယူခံတရားလို(၁)သည် ရမ်းကားပေါ့ဆစွာ ပြုလုပ်ခဲ့သည်။ သို့ရာတွင် ၎င်း၏ ရမ်းကားပေါ့ဆမှုသည် ကြီးလေးသည်ဟူ၍ကား မဆိုသာ။ လမ်းပေါ်၌ ရမ်းကား၍ သို့မဟုတ် ပေါ့ဆစွာ မောင်းနှင်သောကြောင့် လူတစ်ယောက်ကိုတိုက်ခိုက်စေခြင်းမျိုးလောက် ကြီးလေးသည်ဟု ယူဆရန်မသင့်။

http://www.cherrythitsar.org



မောင်စိန်မောင်သည် ကားကိုလှည့်၍ နှိုးခိုင်းသောကြောင့် နှိုးရသူဖြစ်သည်။ ကားကိုမောင်းနှင်သူမှာ မောင်သန်းစိန်သာဖြစ်သည်။ ကားဂီယာ ဝင်နေ၊ မနေကို အောက်ကလှည့်၍ နှိုးပေးရသူက မသိရှိနိုင်။ ကားမောင်းသူနေရာတွင် ထိုင်၍ မောင်းနှင်သည့်သူကသာ သိရှိနိုင်သည်၊ သတိထားရမည်။ ထို့ကြောင့် ကားစက်နှိုးသောအခါ ရုတ်ခြင်း နောက်သို့ဆုတ်သွားခြင်းသည် မောင်စိန်မောင်၏ တာဝန်မဟုတ်ဟု ယူဆသင့်သည်။

*[မောင်သန်းစိန်ပါ-၂ နှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၁၄၉ ]*

၁၅။ ရာဇသတ်ကြီးပုဒ်မ ၃၀၄(က) အရ မှုပြစ်ထင်ရှားစီရင်ခြင်း- အမဲလိုက်ရင်း အမဲကောင်ကို သေနတ်နှင့်တစ်ချက်ပစ်ခြင်း - ဥပဒေနှင့်မကိုက်ညီသော ပြုလုပ်မှုဟု ဆိုနိုင်၊ မဆိုနိုင် - သေစေရန် သို့မဟုတ် နာကျင်စေရန် ရာဇဝတ်မှုမကင်းသည့်အကြံ၊ အသိဉာဏ်ဖြင့် ပြုလုပ်ခြင်းရှိ မရှိ - ရာဇသတ်ပုဒ်မ ၈၀ အရ ပြစ်မှုမမြောက်ခြင်း။

**ဆုံးဖြတ်ချက်**။ ။ အယူခံတရားလိုသည် တောထဲ၌ အမဲလိုက်ယင်း အမဲကောင်ကို သေနတ်နှင့်တစ်ချက်ပစ်ခဲ့၏။ ယင်းသို့ အမဲကောင်ကိုပစ်ခဲ့သော အယူခံတရားလို၏ ပြုမူချက်မှာ ဥပဒေနှင့်မညီသော ပြုလုပ်မှုဟု မဆိုနိုင်ပေ။ ဥပဒေနှင့်ဆန့်ကျင်သည့် အပြုအမူကို ပြုလုပ်ရာ၌ အယူခံတရားလိုသည် မောင်ကျောက်ကိုဖြစ်စေ၊ အခြား လုပ်သားပြည်သူတစ်ဦးကိုဖြစ်စေ သေစေရန်၊ သို့မဟုတ် နာကျင်စေရန် ရာဇဝတ်မကင်းသည့်အကြံ၊ အသိဉာဏ်ဖြင့် ပြုလုပ်ခဲ့ခြင်း မရှိသည့်အလျောက် ၎င်း၏ပြုမူချက်သည် ရာဇသတ်ပုဒ်မ ၈၀ အရ ပြစ်မှုမမြောက်။

*[မောင်စန်းမောင်နှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၆၂၉ ]*

၁၆။ ရာဇသတ်ကြီးပုဒ်မ ၃၀၄(က) အရ မှုပြစ်ထင်ရှားစီရင်ခြင်း - ပြစ်ဒဏ်။

**ဆုံးဖြတ်ချက်**။ ။ ယခုအခါ မော်တော်ကားများကို အရမ်းမောင်းမှုကြောင့် လမ်းအန္တရာယ်အများအပြားရှိနေသည်မှာ မငြင်းနိုင်ပေ။ မြို့ကြီးများတွင် သာမက မြို့ပြင်လမ်းမများပေါ်၌လည်း မော်တော်ကားမောင်းသူများသည် မော်တော်ကားကို မောင်းရာ၌ မစူးစမ်းမဆင်ခြင်ဘဲ အရမ်းမောင်းလေ့မောင်းထ ရှိသည်မှာ အများအပြားဖြစ်နေသည်ကို တွေ့ရှိရသည်။ ယင်းကဲ့သို့ မစူးစမ်း မဆင်ခြင်ဘဲ အရမ်းမောင်းနှင်မှုကြောင့် လူမသေသင့်ဘဲ သေရခြင်း၊ အနာတရ မရသင့်ဘဲ ရရှိခြင်းမျိုးများ ခဏခဏ တွေ့ကြုံနေရသဖြင့် အပြစ်ဒဏ်ချမှတ်ရာတွင် ပြစ်မှုကျူးလွန်ခြင်းနှင့် ကိုက်ညီသော အပြစ်ဒဏ်ချမှတ်ရန် ရှိပေသည်။ ယင်းကိုက်ညီသော အပြစ်ဒဏ်ချမှတ်ခြင်းသည် နောက်နောင် မော်တော်ကားမောင်းသူများ ဆင်ခြင်တုံတရားရှိလာပြီး မစူးစမ်းမဆင်ခြင်ဘဲ အရမ်းမောင်းနှင်ခြင်းကို ဟန့်တားဖွယ်ရာဖြစ်နိုင်ပေသည်။

ထို့ကြောင့် လျှောက်ထားခံရသူအပေါ် မူလရုံးကချမှတ်သော အပြစ်ဒဏ်များအပြင် အလုပ်နှင့်ထောင်ဒဏ် ၃ နှစ် တိုးမြှင့်၍ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

*[(ပထစ)မန်းဘစိန်နှင့်မောင်ရွှေဝင်း၊ ၁၉၆၆၊ မြန်မာပြည်စီရင်ထုံး ၉၁၈]*

http://www.cherrythitsar.org



**ကလေးဖြစ်စေ၊ ရူးသွပ်သူဖြစ်စေ၊ မိမိကိုယ်ကိုမိမိ သတ်သည်ကို အားပေးကူညီခြင်း။ (ပုဒ်မ ၃၀၅)**

**Abetment of suicide of child or insane person. (Section 305)**

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

အသက်ဆယ့်ရှစ်နှစ်အောက် ကလေးဖြစ်စေ၊ ရူးသွပ်သူဖြစ်စေ၊ သွေးလေချောက်ချားသူဖြစ်စေ၊ ဝမ်းတွင်းရူးဖြစ်စေ၊ မူးယစ်နေသူဖြစ်စေ၊ မိမိကိုယ်ကို သတ်သည်တွင် မည်သူမဆို၊ ထိုသို့သတ်သည်ကို အားပေးကူညီလျှင် ထိုသူကို သေဒဏ်ဖြစ်စေ၊ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထက်မပိုသော ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ အသက် ၁၈ နှစ်မပြည့်သူ၊ ရူးသွပ်သူ၊ သွေးလေ ချောက်ချားသူ၊ ဝမ်းတွင်းရူး သို့မဟုတ် မူးယစ်သူတစ်ဦးဦးသည် မိမိကိုယ်ကို သတ်သေခြင်း။

၂။ တရားခံက သတ်သေသူကို အားပေးကူညီခြင်း။

၃။ ယင်းအားပေးကူညီခြင်းသည် သတ်သေခြင်းနှင့်ပတ်သက်ခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၀၅ | ကလေးဖြစ်စေရူးသွပ်သူဖြစ်စေ၊ သွေးလေချောက်ချားသူဖြစ်စေ၊ ဝမ်းတွင်းရူးဖြစ်စေ၊ မူးယစ်နေသူဖြစ်စေ မိမိကိုယ်ကိုသတ်သည်တွင် အားပေးကူညီမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | သေဒဏ်ဖြစ်စေ၊ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ၁၀နှစ်ထက် မပိုသော ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး |

**တစ်ဦးတစ်ယောက်သောသူ မိမိကိုယ်ကိုမိမိ သတ်ခြင်းကို အားပေးကူညီခြင်း။ (ပုဒ်မ ၃၀၆)**

**Abetment of suicide. (Section 306)**

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

တစ်ဦးတစ်ယောက်သောသူသည် မိမိကိုယ်ကို မိမိသတ်သည်တွင် မည်သူမဆို ထိုသို့သတ်သည်ကို အားပေးကူညီလျှင်၊ ထိုသူကို ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ လူတစ်ဦးသည် မိမိကိုယ်ကို သတ်သေခြင်း။

၂။ တရားခံက ယင်းကိစ္စတွင် အားပေးကူညီခြင်း။

<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၀၆ | တစ်ဦးတစ်ယောက်သောသူက မိမိကိုယ်ကို မိမိ သတ်ရာတွင် အားပေးကူညီမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၁၀နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင်၊ ငွေဒဏ်။ | စက်ရှင် တရားရုံး |

**လူသတ်မှုကိုကျူးလွန်ရန်အားထုတ်ခြင်း။**
**တစ်သက်တစ်ကျွန်းဒဏ်ခံနေရသူတို့က အားထုတ်ခြင်း။**
**(ပုဒ်မ ၃၀၇)**

**Attempt to murder.**
**Attempts by life-convicts.**
**(Section 307)**

<u>ဥပဒေပွင့်ဆိုချက်</u>

ပြုလုပ်မှုတစ်ခုခုကိုပြုရာတွင် သေခြင်းကိုဖြစ်စေခဲ့သော် လူသတ်မှုမြောက်နိုင်မည့် ကြံရွယ်ချက်ဖြင့်လည်းကောင်း၊ ထိုကဲ့သို့သော (ပြုလုပ်မှုတစ်ခုခုကိုပြုရာတွင် သေခြင်းကိုဖြစ်စေခဲ့သော် လူသတ်မှုမြောက်နိုင်မည့်) ပတ်ဝန်းကျင် ကြောင်းချင်းရာဖြင့်လည်းကောင်း မည်သူမဆို၊ ပြုလုပ်မှုတစ်ခုခုကိုပြုလျှင်၊ ထိုသူကို ဆယ်နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ထိုပြုလုပ်မှုဖြင့် တစ်ဦးတစ်ယောက်သောသူအားနာကျင်စေလျှင် ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ အထက်ကဆိုခဲ့သော ပြစ်ဒဏ်ဖြစ်စေ ချမှတ်နိုင်သည်။

တစ်သက်တစ်ကျွန်းဒဏ် ခံနေရစဉ် ဤပုဒ်မအရ ပြစ်မှုကျူးလွန်သူသည် သူတစ်ပါးကို နာကျင်စေလျှင် ထိုသူကို သေဒဏ်ချမှတ်နိုင်သည်။

<u>ဥပမာများ။</u>

(က) မောင်ဖြူကို သတ်ရန်ကြံရွယ်၍ မောင်မဲက မောင်ဖြူကို သေနတ်နှင့်ပစ်၏။ မောင်ဖြူသေခဲ့သော် မောင်မဲလူသတ်မှုမြောက်နိုင်မည့် ပတ်ဝန်းကျင်ကြောင်းခြင်းရာဖြင့် ပစ်ခြင်းဖြစ်လျှင်၊ မောင်မဲသည် ဤအမှု၌ ဤပုဒ်မအရ ပြစ်ဒဏ်ချမှတ်ခြင်း ခံထိုက်သည်။

(ခ) မောင်ဖြူသည် သေစေရန်ကြံရွယ်ချက်နှင့် လူသူမရှိသောအရပ်တွင် အသက်အရွယ်နုနယ်သော ကလေးကို စွန့်ပစ်ထား၏။ ကလေး မသေစေကာမူ မောင်ဖြူသည် ဤပုဒ်မတွင်ဖော်ပြထားသည့် ပြစ်မှုကို ကျူးလွန်သည်မည်၏။

(ဂ) မောင်နီကိုသတ်ရန် ကြံရွယ်ချက်နှင့် မောင်ဖြူသည် သေနတ်တစ်လက်ကို ဝယ်၍ ယမ်းထိုး၏။ ထိုသို့သေနတ်ကို ယမ်းထိုးရုံမျှနှင့် မောင်ဖြူသည် ပြစ်မှုကို

http://www.cherrythitsar.org



မကျူးလွန်သေး၊ မောင်ဖြူသည် မောင်နီကို သေနတ်နှင့်ပစ်မှသာလျှင်၊ ဤပုဒ်မတွင် ဖော်ပြထားသည့်ပြစ်မှုကို ကျူးလွန်သည်မည်၏။ ထိုသို့သေနတ်နှင့်ပစ်၍ မောင်နီကို ထိခိုက်နာကျင်စေလျှင် မောင်ဖြူသည် ဤပုဒ်မ(ပဌမစာပိုဒ်)အောက်ပိုင်းတွင် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်ချမှတ်ခြင်းခံထိုက်သည်။

(ဃ) မောင်နီကို အဆိပ်ခတ်၍သတ်ရန် ကြံရွယ်ချက်နှင့် မောင်ဖြူသည် အဆိပ်ကိုဝယ်၍ အစာနှင့်ရောနှောပြီးလျှင် မိမိလက်တွင်ထား၏။ ထိုသို့ပြုရုံမျှနှင့် မောင်ဖြူသည် ဤပုဒ်မတွင်ပါသည့် ပြစ်မှုကို မကျူးလွန်သေး။ ထိုအစာကို မောင်နီ၏ထမင်းစားပွဲပေါ်တွင်တင်ထားမှသာလျှင်၊ သို့တည်းမဟုတ် မောင်နီ၏ထမင်းစားပွဲပေါ်တွင် တင်ထားရန် မောင်နီ၏အစေခံများကို ပေးအပ်မှသာလျှင် မောင်ဖြူသည် ဤပုဒ်မတွင် ဖော်ပြထားသည့်ပြစ်မှုကို ကျူးလွန်သည်မည်၏။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ လူတစ်ဦးအား သေစေရန်အားထုတ်ခြင်း။

၂။ ယင်းအားထုတ်မှုကို တရားခံကပြုခြင်း။

၃။ ထိုသို့ပြုရာတွင် သေစေရန်အကြံ သို့မဟုတ် ဖြစ်တတ်သောသဘောအရ အမှန်အားဖြင့် သေစေမည့် နာကျင်မှုဖြစ်ရန်အကြံ သို့မဟုတ် ယင်းအကြံရှိသည့် ပတ်ဝန်းကျင်ကြောင်းခြင်းရာရှိခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၀၇ | လူသတ်မှုကိုကျူးလွန်ရန်အားထုတ်မှု။ ထိုပြုလုပ်မှုဖြင့် တစ်ဦးတစ်ယောက်အား နာကျင်စေလျှင်။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | တစ်သက်တကျွန်းအဒဏ် ဖြစ်စေ၊ အထက်ပါ ပြစ်ဒဏ်ဖြစ်စေ။ | စက်ရှင် တရားရုံး |
| | တစ်သက်တစ်ကျွန်းအဒဏ် ခံနေရစဉ် ဤပုဒ်မအရ ပြစ်မှုကျူးလွန်သူသည် သူတစ်ပါးအား နာကျင်စေရန် အားထုတ်မှု။ | ၎င်း | ၎င်း | ၎င်း | ၎င်း | သေဒဏ် | ၎င်း |

**<u>စီရင်ထုံး</u>**

၁။ လူသတ်မှုကျူးလွန်ရန်အားထုတ်ခြင်းတွင် သတ်ရန်အကြံရှိရမည့်အပြင် လူသတ်မှုမြောက်နိုင်မည့် ပတ်ဝန်းကျင်ကြောင်းခြင်းရာများလည်းရှိရန်လိုသည်။ ဥပမာ (က)ကိုကြည့်ပါ။ သို့ဖြစ်ရာ သတ်ရန်အကြံရှိစေကာမူ တရားခံ၏ပြုလုပ်မှုသည် ပတ်ဝန်းကျင်ကြောင်းခြင်းရာများအရ လူသတ်မှုမြောက်ရန် အခြေအနေမရှိ

http://www.cherrythitsar.org



ပါက ဤပုဒ်မဖြင့် ပြစ်ဒဏ်စီရင်ခြင်းမပြုနိုင်ပေ။ မယားဖြစ်သူက လင်အား အစား အစာတွင် အဆိပ်ခတ်သောအမှုတွင် အဆိပ်သည် လူသေနိုင်လောက်အောင်မရှိ ပါက လူသတ်မှုကျူးလွန်ရန် အားထုတ်ခြင်းမဟုတ်ဘဲ၊ ပုဒ်မ ၃၂၈ ကို ကျူးလွန်ရန် အားထုတ်ခြင်းသာဖြစ်လေသည်။

*[မပုနှင့်အစိုးရ၊ အတွဲ-၅ အောက်မြန်မာပြည်စီရင်ထုံး ၇၉ ]*

၂။ ယမ်းမထိုးထားသည့်သေနတ်ဖြင့် နှစ်ချက်ပစ်သည့် တရားခံ၏ပြုလုပ်မှုသည် ဤပုဒ်မအရ ပြစ်မှုမမြောက်၊ ပုဒ်မ ၃၅၂ အရ လက်ရောက်မှု ကျူးလွန်ခြင်းသာ ဖြစ်သည်။

*[မောင်ဝိုက်နှင့်အစိုးရ အတွဲ-၁ ရန်ကုန် ၂၀၉ ]*

၃။ လူနှစ်ဦး ရန်ဖြစ်ပြီးသတ်ပုတ်ကြရာ နှစ်ဦးစလုံးတွင် သေစေတန်ရာသော ဒဏ်ရာများရရှိသဖြင့် နှစ်ဦးစလုံးအား ဤပုဒ်မဖြင့် သီးခြားတရားစွဲဆိုသောအမှုတွင် ဤပုဒ်မနှင့်အကျုံးမဝင်ဘဲ ပုဒ်မ ၃၂၆ အရ အပြင်းအထန်နာကျင်စေမှုအရသာ အပြစ်ပေးသင့်ကြောင်း ဆုံးဖြတ်ထားသည်။

*[ဘိုးအေးနှင့်အစိုးရ၊ အတွဲ-၂ ရန်ကုန် ၅၅၈ ]*

၄။ မောင်းမတင်ထားသည့်ရိုင်ဖယ်ကို မောင်းတင်၍ပစ်ရာ ကံကောင်းထောက်မ ၍ သေကံမရောက်သည့်အမှုတွင် တရားခံ၏ပြုလုပ်မှုသည် ဤပုဒ်မအရ ပြစ်မှု မြောက်သည်။ မတော်တဆဖြစ်သည်ဟု ကောက်ယူခြင်းမပြုနိုင်။

*[မောင်ဆန်းအောင်နှင့်ပြည်ထောင်စု ၁၉၆၁ မြန်မာပြည်စီရင်ထုံး ၁၀၃၃ (စစ်ဖက်အယူခံ) ]*

၅။ ထွေးလုံးသတ်ပုတ်နေစဉ် တရားခံက မိမိအထက်အရာရှိအား သေနတ်နှင့် ပစ်သော အမှုတွင် တရားခံသည် အခင်းဖြစ်ပွားပြီးနောက် မတော်တဆဖြစ်ရသည် ဟု တစ်စုံတစ်ရာ တောင်းပန်ပြောဆိုခြင်းမပြုသည့်အမှုအရာကိုထောက်လျှင် တရားခံသည် သေစေရန်အကြံဖြင့် သေနတ်နှင့်ပစ်ခဲ့ကြောင်း ထင်ရှားသည်။

*[ဗိုလ်မင်းစိုးနှင့်ပြည်ထောင်စု ၁၉၆၄ မြန်မာပြည်စီရင်ထုံး ၅၃၃၊ (စစ်ဖက်အယူခံ)]*

၆။ တရားခံက လူတစ်ဦးအား သေနတ်နှင့် ပစ်စေကာမူ ပေါ်ပေါက်နေသော ကြောင်းခြင်းရာများအရ သေစေရန်အကြံဖြင့် ပြုလုပ်ခြင်းမဟုတ်ပါက လူသတ်မှု ကျူးလွန်ရန် အားထုတ်မှုဖြင့် အပြစ်မပေးနိုင်။

*[မောင်အေးကြိုင်နှင့်ပြည်ထောင်စု၊ ၁၉၆၅၊ မြန်မာပြည်စီရင်ထုံး၊ ၉၊ (စစ်ဖက်အယူခံ)]*
*[မောင်စစ်သိန်းနှင့်ပြည်ထောင်စု၊၁၉၆၅၊ မြန်မာပြည်စီရင်ထုံး၊ ၄၈၊ (စစ်ဖက်အယူခံ)]*

၇။ လူသတ်မှုကျူးလွန်ရန်အားထုတ်မှုတွင် တစ်စုံတစ်ဦးအား နာကျင်မှုဖြစ်စေရန် မလိုပေ။ သေစေရန်အကြံဖြင့် ပြုလုပ်လျှင် ပြစ်မှုမြောက်သည်။

*[ဗိုလ်စိုးသိန်းနှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၁(စစ်ဖက်အယူခံ)]*

http://www.cherrythitsar.org



## ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှုကို ကျူးလွန်ရန်အားထုတ်ခြင်း။ (ပုဒ်မ ၃၀၈)

## Attempt to commit culpable homicide. (Section 308)

**ဥပဒေပြဋ္ဌာန်းချက်**

ပြုလုပ်မှုတစ်ခုခုကို ပြုရာတွင် သေခြင်းကိုဖြစ်စေခဲ့သော် လူသတ်မှုမမြောက်သည့် ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှုမြောက်နိုင်သည့် ကြံရွယ်ချက်ဖြင့်လည်းကောင်း၊ ထိုကဲ့သို့သော ပတ်ဝန်းကျင် ကြောင်းခြင်းရာဖြင့် လည်းကောင်း မည်သူမဆို ပြုလုပ်မှုတစ်ခုခုကို ပြုလျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ထိုပြုလုပ်မှုဖြင့် တစ်ဦးတစ်ယောက်သော သူအား နာကျင်စေလျှင် ပြစ်မှုကျူးလွန်သူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ လူတစ်ဦးအား သေစေရန်အားထုတ်ခြင်း။

၂။ ယင်းအားထုတ်မှုကို တရားခံကပြုခြင်း။

၃။ ထိုသို့ပြုရာတွင် သေစေခြင်းဖြစ်တန်ရာသော နာကျင်မှုဖြစ်စေရန်အကြံရှိခြင်း၊ သို့မဟုတ် ပုဒ်မ ၂၉၉(၂)ပါ အချက်တစ်ခုခုရှိခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၀၈ | လူသတ်မှုမမြောက်သော ပြစ်မှုပြစ်ဒဏ်ထိုက်သော လူသေမှုကိုကျူးလွန်ရန် အားထုတ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင် တရားရုံး |
| | ထိုပြုလုပ်မှုဖြင့် တစ်ဦးတစ်ယောက်အား နာကျင်စေလျှင်။ | ၄င်း | ၄င်း | ၄င်း | ၄င်း | ၇နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ၄င်း |

## မိမိကိုယ်မိမိသတ်ရန် အားထုတ်ခြင်း။ (ပုဒ်မ ၃၀၉)

## Attempt to commit suicide. (Section 309)

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ မိမိကိုယ်ကို မိမိသတ်ရန်အားထုတ်၍ ထိုပြစ်မှုကို ကျူးလွန်ရန် ရှေ့ရှုသော ပြုလုပ်မှုတစ်ခုခုကိုပြုလျှင်၊ ထိုသူကို တစ်နှစ်ထိ အလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

http://www.cherrythitsar.org



**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပြုလုပ်မှုသည် အားထုတ်မှုဖြစ်ခြင်း။

၂။ ယင်းပြုလုပ်မှုသည် မိမိကိုယ်မိမိ သတ်ရန် ရှေ့ရှု၍ပြုသော ပြုလုပ်မှုဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၀၉ | မိမိကိုယ်မိမိသတ်ရန် အားထုတ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁နှစ်ထိအလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

## လူသတ်ဓားပြ။ (ပုဒ်မ ၃၁၀)

## Thug. (Section 310)

**ဥပဒေဖွင့်ဆိုချက်**

လူသတ်မှုကို ကျူးလွန်၍ဖြစ်စေ၊ လူသတ်မှုပါ ဖက်တွဲ၍ဖြစ်စေ၊ လုယက်မှုကိုသော်လည်းကောင်း၊ ကလေးခိုးမှုကိုသော်လည်းကောင်း ကျူးလွန်ရန် မည်သူမဆို၊ အခြားသူတစ်ဦး တစ်ယောက်နှင့်ဖြစ်စေ၊ အများနှင့်ဖြစ်စေ ဖက်စပ်ပေါင်းသင်းလေ့ရှိလျှင် ထိုသူသည် လူသတ်ဓားပြဖြစ်၏။

## ပြစ်ဒဏ်။ (ပုဒ်မ ၃၁၁)

## Punishment. (Section 311)

**ဥပဒေဖွင့်ဆိုချက်**

မည်သူမဆို၊ လူသတ် ဓားပြဖြစ်လျှင်၊ ထိုသူကို တစ်သက်တစ်ကျွန်းဒဏ် ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် အခြားလူတစ်ဦး သို့မဟုတ် အများနှင့်ပေါင်းသင်းလေ့ရှိခြင်း။

၂။ ယင်းသို့ ပေါင်းသင်းခြင်းသည် လူသတ်မှုကျူးလွန်၍ လုယက်မှု သို့မဟုတ် ကလေးခိုးမှုကျူးလွန်ရန်ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၁၁ | လူသတ်ဓားပြမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | တသက်တကျွန်းဒဏ် အပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး |

http://www.cherrythitsar.org



**ကိုယ်ဝန်ပျက်စေခြင်း၊ မဖွားသေးသည့်ကလေးကို နာကျင်စေခြင်း၊ ဆယ့်နှစ်နှစ်အောက်ကလေးကို စွန့်ပစ်ခြင်း၊ ကလေးမွေးဖွားကြောင်းကိုထိန်ချန်ခြင်း။ (ပုဒ်မ ၃၁၂)**

**Causing miscarriage. (Section 312)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ ကိုယ်ဝန်ဆောင်မိန်းမ၏အသက်ကို ကယ်ဆယ်လိုသော သဘောရိုးဖြင့်မဟုတ်ဘဲ ကိုယ်ဝန်ဆောင်မိန်းမကို ကိုယ်ဝန်ပျက်စေရန် မိမိအလိုအလျောက် ပြုလျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ မိန်းမသည် လှုပ်ရှားသော ကိုယ်ဝန်နှင့်ဖြစ်လျှင်၊ ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**ရှင်းလင်းချက်။** မိမိ၏ကိုယ်ဝန်ကို မိမိပျက်စေသည့် မိန်းမသည် ဤပုဒ်မပါ အဓိပ္ပာယ်တွင် အကျုံးဝင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ မိန်းမသည် ကိုယ်ဝန်နှင့်ဖြစ်ခြင်း၊ (ဒုတိယပိုင်းအတွက် မိန်းမသည် လှုပ်ရှားသော ကိုယ်ဝန်နှင့်ဖြစ်ခြင်း)

၂။ တရားခံသည် ထိုမိန်းမ၏ ကိုယ်ဝန်ကို ပျက်စေရန်ပြုခြင်း။

၃။ တရားခံသည် အလိုအလျောက်ပြုခြင်း။

၄။ ထိုမိန်းမ၏ ကိုယ်ဝန်ပျက်ရခြင်း။

၅။ ထိုမိန်းမ၏အသက်ကို ကယ်ဆယ်လိုသော သဘောရိုးဖြင့်မဟုတ်ဘဲ ပြုခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၁၂ | ကိုယ်ဝန်ပျက်စေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ဒဏ် နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင် တရားရုံး |
| | မိန်းမသည် လှုပ်ရှားသောကိုယ်ဝန်နှင့် ဖြစ်လျှင်။ | ၎င်း | ၎င်း | ၎င်း | ၎င်း | ၇နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ် | ၎င်း |

**မိန်းမကို ပဋိသန္ဓေမတည်နိုင်အောင် ခွဲစိတ်ကုသခြင်း။ (ပုဒ်မ ၃၁၂-က)**

**Starilization of a woman by Surgery. (Section 312-A)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ မိန်းမတစ်ဦးတစ်ယောက်၏ ကိုယ်၊ သို့မဟုတ် စိတ်ကျန်းမာရေးအတွက် ထိုမိန်းမကို ပဋိသန္ဓေ မတည်နိုင်အောင် ခွဲစိတ်ကုသရန်လိုအပ်ကြောင်းဖြင့်၊

http://www.cherrythitsar.org



ဤကိစ္စအလို့ငှာ အစိုးရ ခန့်ထားသည့်အဖွဲ့က ထောက်ခံခြင်းမရှိဘဲ၊ ထိုမိန်းမကို ပဋိသန္ဓေ မတည်နိုင်အောင် တမင်ခွဲစိတ်ကုသလျှင် ထိုသူအား သုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

သို့ရာတွင် ထိုမိန်းမ၏အသက်ကို ကယ်ဆယ်ရန်အလို့ငှာ ချက်ခြင်းအရေးယူဆောင်ရွက်ရမည့်ကိစ္စများတွင် အဆိုပါ ထောက်ခံချက် လက်မှတ်ရယူရန်မလို။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ မိန်းမတစ်ဦးတစ်ယောက်ဖြစ်ခြင်း။

၂။ ထိုမိန်းမကို ပဋိသန္ဓေ မတည်နိုင်အောင် တမင်ခွဲစိတ်ကုသခြင်း။

၃။ ယင်းသို့ ခွဲစိတ်ကုသခြင်းသည် ထိုမိန်းမ၏ ကိုယ်၊ သို့မဟုတ် စိတ်ကျန်းမာရေးအတွက် ပဋိသန္ဓေ မတည်နိုင်အောင် ခွဲစိတ်ကုသရန် လိုအပ်သည်ဟု အစိုးရက ခန့်ထားသည့်အဖွဲ့၏ ထောက်ခံချက်မရှိခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၁၂ က | မိန်းမကိုပဋိသန္ဓေမတည်နိုင်အောင် ခွဲစိတ်ကုသမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထက်မပိုသည့် ထောင်ဒဏ်အပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး |

**စပ်ဟပ်ဥပဒေ**

၁။ ပဋိသန္ဓေ မတည်နိုင်အောင် ခွဲစိတ်ကုသရန် လို မလိုဟူသော ကိစ္စကို ယင်းကိစ္စအတွက် အစိုးရကခန့်ထားသောအဖွဲ့က ဆုံးဖြတ်ထောက်ခံရသည်။ ထောက်ခံချက်မရှိဘဲ ခွဲစိတ်ကုသသဖြင့် ပုဒ်မ ၃၁၂၊ ၃၁၂-ကမှယ၊ ၃၁၃၊ ၃၁၄၊ ၃၁၅ အရ အပြစ်ပေးခံရသည့် ဆရာဝန်ဖြစ်စေ၊ ဝမ်းဆွဲသူနာပြုဖြစ်စေ စာရင်းမှ ထုတ်ပယ်ခြင်းခံရမည်။

*[မြန်မာနိုင်ငံဆေးဘက်ဆိုင်ရာဥပဒေပုဒ်မ ၂၁(၃)နှင့် ဝမ်းဆွဲသူနာပြုဥပဒေပုဒ်မ ၅-က ]*

## ယောက်ျားကို ပဋိသန္ဓေပေးနိုင်စွမ်းမရှိအောင် ခွဲစိတ်ကုသခြင်း။ (ပုဒ်မ ၃၁၂-ခ)

## Sterilization of a man by Surgery. (Section 312-B)

**ဥပဒေဖွင့်ဆိုချက်**

မည်သူမဆို၊ ယောက်ျားတစ်ဦး၏ ကိုယ်၊ သို့မဟုတ် စိတ်ကျန်းမာရေးအတွက် ထိုယောက်ျားကို ပဋိသန္ဓေ ပေးနိုင်စွမ်းမရှိအောင် ခွဲစိတ်ကုသရန် လိုအပ်ကြောင်းဖြင့် ဤကိစ္စအလို့ငှာ အစိုးရ ခန့်ထားသည့်အဖွဲ့က ထောက်ခံခြင်းမရှိဘဲ၊ ထိုယောက်ျားကို ပဋိသန္ဓေပေးနိုင်စွမ်းမရှိအောင် တမင်ခွဲစိတ်ကုသလျှင်၊ ထိုသူအား သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

http://www.cherrythitsar.org



**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ယောက်ျားတစ်ဦးဖြစ်ခြင်း။

၂။ ထိုယောက်ျားကို ပဋိသန္ဓေပေးနိုင်စွမ်းမရှိအောင် ခွဲစိတ်ကုသခြင်း။

၃။ ယင်းသို့ကုသခြင်းသည် ထိုယောက်ျား၏ စိတ်၊ သို့မဟုတ် ကိုယ်ကျန်းမာရေးအတွက် ပဋိသန္ဓေပေးနိုင်စွမ်းမရှိအောင် ခွဲစိတ်ရန်လိုသည်ဟု အစိုးရက ခန့်ထားသောအဖွဲ့၏ ထောက်ခံချက်မရှိခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၁၂ ခ | ယောက်ျားကို ပဋိသန္ဓေပေးစွမ်းမရှိအောင် ခွဲစိတ်ကုသမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၇နှစ်ထက်မပိုသည့် ထောင်ဒဏ်အပြင်၊ ငွေဒဏ် | စက်ရှင်တရားရုံး |

**ပဋိသန္ဓေမတည်နိုင်အောင် သို့မဟုတ် ပဋိသန္ဓေပေးနိုင်စွမ်းမရှိအောင် ခွဲစိတ်ကုသသည်ကို ခံယူခြင်း။**
**(ပုဒ်မ ၃၁၂-ဂ)**

**Allowing one Self to be Sterilized by Surgery.**
**(Section 312-C)**

**ဥပဒေဖွင့်ဆိုချက်**

မည်သူမဆို၊ မိမိ၏ကိုယ်၊ သို့မဟုတ် စိတ်ကျန်းမာရေးအတွက်၊ မိမိကို ပဋိသန္ဓေမတည်နိုင်အောင်သော် လည်းကောင်း၊ ပဋိသန္ဓေပေးနိုင်စွမ်း မရှိအောင်သော် လည်းကောင်း၊ ခွဲစိတ်ကုသရန် လိုအပ်ကြောင်းဖြင့် ဤကိစ္စအလို့ငှာ အစိုးရခန့်ထားသည့်အဖွဲ့က ထောက်ခံခြင်းမရှိဘဲ ထိုသို့ ပဋိသန္ဓေ မတည်နိုင်အောင်၊ သို့မဟုတ် ပဋိသန္ဓေပေးနိုင်စွမ်းမရှိအောင် ခွဲစိတ်ကုသပေးသည်ကို မိမိသဘောအလျောက် ခံယူလျှင် ထိုသူအား သုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ မိန်းမ သို့မဟုတ် ယောက်ျားဖြစ်ခြင်း။

၂။ ကိုယ် သို့မဟုတ် စိတ်ကျန်းမာရေးအတွက် (မိန်းမဖြစ်က) ပဋိသန္ဓေ မတည်နိုင်အောင် (ယောက်ျားဖြစ်က) ပဋိသန္ဓေ ပေးနိုင်စွမ်းမရှိအောင် ခွဲစိတ်ကုသရန် လိုအပ်သည်ဟု အစိုးရကခန့်ထားသော အဖွဲ့က ထောက်ခံချက်မရှိခြင်း။

၃။ ထိုပဋိသန္ဓေ မတည်အောင် (မိန်းမဖြစ်က) ပဋိသန္ဓေပေးနိုင်စွမ်းမရှိအောင် (ယောက်ျားဖြစ်က) ခွဲစိတ်ကုသပေးသည်ကို ခံယူခြင်း

၄။ ယင်းသို့ ခံယူခြင်းမှာ တရားခံက မိမိသဘောအလျောက်ဖြစ်ခြင်း။

http://www.cherrythitsar.org



<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အား ဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၁၂ ဂ | ပဋိသန္ဓေမတည်နိုင်အောင်၊ သို့မဟုတ် ပဋိသန္ဓေပေးနိုင်စွမ်းမရှိအောင် ခွဲစိတ်ကုသသည်ကို ခံယူမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထက်မပိုသည့် ထောင်ဒဏ်အပြင်၊ ငွေဒဏ်။ | စက်ရှင် တရားရုံး |

**ပဋိသန္ဓေ မတည်နိုင်အောင် သို့မဟုတ် ပဋိသန္ဓေ ပေးနိုင်စွမ်းမရှိအောင် ခွဲစိတ်ကုသခြင်းကြောင့် သေဆုံးမှု။**
**(ပုဒ်မ ၃၁၂-ဃ)**

**Death caused by Sterilization by Surgery.**
**(Section 312-D)**

<u>ဥပဒေပွင့်ဆိုချက်</u>

မည်သူမဆို တစ်ဦးတစ်ယောက်သောသူ၏ ကိုယ်၊ သို့မဟုတ် စိတ်ကျန်းမာရေး အတွက်၊ ထိုသူကို ပဋိသန္ဓေ မတည်နိုင်အောင်သော်လည်းကောင်း၊ ပဋိသန္ဓေ ပေးနိုင်စွမ်းမရှိ အောင်သော်လည်းကောင်း၊ ခွဲစိတ်ကုသရန် လိုအပ်ကြောင်းဖြင့်၊ ဤကိစ္စအလို့ငှာ အစိုးရ ခန့်ထားသည့်အဖွဲ့က ထောက်ခံခြင်းမရှိဘဲ၊ ထိုသူကို ထိုသို့ ပဋိသန္ဓေ မတည်နိုင်အောင်၊ သို့မဟုတ် ပဋိသန္ဓေပေးနိုင်စွမ်းမရှိအောင် တမင် ခွဲစိတ်ကုသပေးသဖြင့် ထိုသူသေဆုံးလျှင် ထိုသို့ခွဲစိတ်ကုသပေးသူအား ဆယ်နှစ်ထိ ထောင်ဒဏ် ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>

၁။ ပုဒ်မ ၃၁၂-က သို့မဟုတ် ၃၁၂-ခ တွင် လိုအပ်သည့်အင်္ဂါရပ်များ။

၂။ ခွဲစိတ်ကုသပေးသဖြင့် ခွဲစိတ်ကုသခံသူ သေဆုံးခြင်း။

<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အား ဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၁၂ ဃ | ပဋိသန္ဓေမတည်နိုင်အောင်၊ သို့မဟုတ် ပဋိသန္ဓေပေးနိုင်စွမ်းမရှိအောင် ခွဲစိတ်ကုသခြင်းကြောင့် သေဆုံးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁၀နှစ်ထက်မပိုသော ထောင်ဒဏ်အပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး |

http://www.cherrythitsar.org



**ကိုယ်ဝန်ဆောင်မိန်းမက သဘောမတူဘဲ ကိုယ်ဝန်ပျက်စေခြင်း။ (ပုဒ်မ ၃၁၃)**

**Causing miscarriage without womans' consent. (Section 313)**

**ဥပဒေပြဋ္ဌာန်းချက်**

ကိုယ်ဝန်လှုပ်ရှားသည်ဖြစ်စေ၊ မလှုပ်ရှားသည်ဖြစ်စေ ကိုယ်ဝန်ဆောင်မိန်းမက သဘောမတူဘဲ မည်သူမဆို၊ တစ်ဆက်တည်းဖြစ်သော အထက်ပုဒ်မတွင် ဖော်ပြထားသည့်ပြစ်မှုကို ကျူးလွန်လျှင်၊ ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပုဒ်မ ၃၁၂ တွင် လိုအပ်သည့် အင်္ဂါရပ်များ

၂။ ကိုယ်ဝန်ဆောင်မိန်းမက သဘောမတူဘဲ ကိုယ်ဝန်ပျက်စေခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့်ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၁၃ | ကိုယ်ဝန်ဆောင်မိန်းမ သဘောမတူဘဲ ကိုယ်ဝန်ပျက်စေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံမပေးနိုင်။ | ကျေအေးခွင့်မရှိ။ | တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ၁၀နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး |

**ကိုယ်ဝန်ပျက်စေရန် အကြံနှင့်ပြုသော ပြုလုပ်မှုဖြင့် သေစေခြင်း။ ကိုယ်ဝန်ဆောင်မိန်းမက သဘောမတူဘဲပြုခြင်း။ (ပုဒ်မ ၃၁၄)**

**Death caused by act done with intent to cause miscarriage. If act done without woman's consent. (Section 314)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ ကိုယ်ဝန်ပျက်စေရန် အကြံဖြင့် ကိုယ်ဝန်ဆောင်မိန်းမသေအောင် ပြုလုပ်မှုတစ်ခုခုကို ပြုလျှင်၊ ထိုသူကို ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ထို့ပြင် ထိုပြုလုပ်မှုကို ကိုယ်ဝန်ဆောင်မိန်းမက သဘောမတူဘဲပြုလျှင်၊ ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ အထက်က ဖော်ပြခဲ့သည့် ပြစ်ဒဏ်မျိုးဖြစ်စေ ချမှတ်ရမည်။

http://www.cherrythitsar.org



**ရှင်းလင်းချက်**။ မိမိပြုသော ပြုလုပ်မှုသည် သေစေတန်ရာသည်ဟု ပြစ်မှုကျူးလွန်သူက သိရန်မလို။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ ကိုယ်ဝန်ဆောင်မိန်းမဖြစ်ခြင်း။

၂။ တရားခံသည် ထိုမိန်းမအား ပြုလုပ်မှုတစ်ခုခုကိုပြုခြင်း။

၃။ ကိုယ်ဝန်ပျက်စေရန် အကြံနှင့်ပြုခြင်း။

၄။ ထိုပြုလုပ်မှုကြောင့် ကိုယ်ဝန်ဆောင်မိန်းမ သေရခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၁၄ | ကိုယ်ဝန်ပျက်စေရန်အကြံနှင့်ပြုလုပ်မှုဖြင့် သေစေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၁၀နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး |
| | ကိုယ်ဝန်ဆောင်မိန်းမကသဘောမတူဘဲ ပြုလုပ်လျှင်။ | ၎င်း | ၎င်း | ၎င်း | ၎င်း | တစ်သက်တစ်ကျွန်းဒဏ် ဖြစ်စေ၊ အထက်ပါ ပြစ်ဒဏ်မျိုးဖြစ်စေ။ | ၎င်း |

## ကလေး အရှင်မွေးဖွားခြင်းကို တားဆီးရန်အကြံဖြင့်သော်လည်းကောင်း၊ မွေးဖွားပြီးနောက် သေစေရန်အကြံဖြင့်သော်လည်းကောင်း ပြုလုပ်မှုတစ်ခုခုကိုပြုခြင်း။ (ပုဒ်မ ၃၁၅)

## Act done with intent to prevent child being born alive or to cause it to die after birth. (Section 315)

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

မည်သူမဆို၊ ကလေးမဖွားမြင်မီ ထိုကလေး အရှင်မွေးဖွားခြင်းကို တားဆီးရန် အကြံဖြင့်ဖြစ်စေ၊ ဖွားမြင်ပြီးနောက် သေစေရန်အကြံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုတစ်ခုခုကို ပြု၍၊ ထိုသို့ပြုခြင်းဖြင့် ထိုကလေးအရှင် မွေးဖွားခြင်းကိုတားဆီးလျှင်၊ သို့တည်းမဟုတ် ဖွားမြင်ပြီးနောက် သေစေလျှင်၊ ထိုသို့ပြုခြင်းသည် အမိအသက်ကို ကယ်ဆယ်ရန် သဘောရိုးဖြင့် ပြုခြင်းမဟုတ်ခဲ့သော်၊ ထိုသူကို ဆယ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ ကိုယ်ဝန်ဆောင်မိန်းမဖြစ်ခြင်း။

၂။ တရားခံသည် ကလေးမဖွားမြင်မီ ပြုလုပ်မှုတစ်ခုခုကိုပြုခြင်း။

၃။ ကလေးအရှင် မွေးဖွားခြင်းကို တားဆီးရန် အကြံ၊ သို့မဟုတ် ဖွားမြင်ပြီးနောက် သေစေရန်အကြံဖြင့်ပြုခြင်း။

၄။ ထိုပြုလုပ်မှုကြောင့် ကလေးအရှင်မွေးဖွားခြင်းကို တားဆီးခြင်း သို့မဟုတ် ဖွားမြင်ပြီးနောက် သေစေခြင်း။

၅။ ထိုသို့ပြုခြင်းသည် မိခင်အသက်ကို ကယ်ဆယ်ရန် သဘောရိုးဖြင့် ပြုသည် မဟုတ်ခြင်း။

http://www.cherrythitsar.org



<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၁၅ | ကလေးအရှင်မွေးဖွားခြင်းကိုတားဆီးရန် အကြံဖြင့်သော်၎င်း၊ မွေးဖွားပြီးနောက် သေစေရန်အကြံဖြင့်သော်၎င်း ပြုလုပ်မှု တစ်ခုခုကိုပြုလုပ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၁၀နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ဒဏ် နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင် တရားရုံး |

**လှုပ်ရှားသောကိုယ်ဝန်ရှိ အမိဝမ်းတွင်းကလေးကို သေစေခြင်း။**
**(ပုဒ်မ ၃၁၆)**

**Causing death of quick unborn child by doing act likely to cause death of pregnant woman.**
**(Section 316)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

မည်သူမဆို၊ ဥပဒေနှင့်ညီသောအပြစ်လွတ်ခွင့်မရှိဘဲ ကိုယ်ဝန်ဆောင်မိန်းမအား သေစေတန်ရာသည်ကို သိလျက်နှင့် ပြုလုပ်မှုတစ်ခုခုကိုပြု၍၊ ထိုသို့ပြုခြင်းဖြင့် လှုပ်ရှားသော ကိုယ်ဝန်ရှိ အမိဝမ်းတွင်းကလေးကို သေစေလျှင်၊ ထိုသူကို ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

<u>ဥပမာ</u>

မောင်ဖြူသည် ကိုယ်ဝန်ဆောင်မိန်းမအား သေစေတန်ရာသည်ကို သိလျက်နှင့် အကယ်၍ ထိုမိန်းမသေခဲ့သော် ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှုမြောက်မည့် ပြုလုပ်မှုတစ်ခုခုကိုပြု၏။ မိန်းမသည် နာကျင်ရုံမျှရှိ၍ မသေ။ သို့ရာတွင် လှုပ်ရှားသော ကိုယ်ဝန်ရှိ အမိဝမ်းတွင်းကလေးကိုကား သေစေ၏။ ထို့ကြောင့် မောင်ဖြူသည် ဤပုဒ်မတွင် ဖော်ပြထားသော ပြစ်မှုကို ကျူးလွန်သည်မည်၏။

<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>

၁။ ကိုယ်ဝန်ဆောင်မိန်းမဖြစ်ခြင်း။
၂။ လှုပ်ရှားသော ကိုယ်ဝန်ဖြစ်ခြင်း။
၃။ ဥပဒေနှင့်ညီသော အပြစ်ကင်းလွတ်ခွင့်မရှိဘဲ ထိုမိန်းမအား သေစေတန်ရာသည်ကို သိလျက်နှင့် ပြုလုပ်မှုတစ်ခုခုကိုပြုလုပ်ခြင်း။
၄။ ထိုပြုလုပ်မှုကြောင့် အမိဝမ်းတွင်းမှ ကလေးသေဆုံးရခြင်း။

http://www.cherrythitsar.org



<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၁၆ | ကိုယ်ဝန်ဆောင်မိန်းမအား သေစေတန်ရာသည်ကို သိလျက်နှင့် ပြုလုပ်မှုတစ်ခုခုပြုခြင်းဖြင့် လုပ်ရှားသော ကိုယ်ဝန်ရှိကလေးကို သေစေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၁၀နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင်၊ ငွေဒဏ်။ | စက်ရှင် တရားရုံး |

**မိဘက၊ သို့တည်းမဟုတ် ထိန်းသိမ်းသူက အသက်ဆယ့်နှစ်နှစ်အောက် ကလေးကို စွန့်ပစ်ခြင်း။ (ပုဒ်မ ၃၁၇)**

**Exposure and abandonment of child under twelve years by parent or person having care of it. (Section 317)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

အသက်ဆယ့်နှစ်နှစ်အောက် ကလေး၏ အဘက၊ သို့တည်းမဟုတ် အမိက သော်လည်းကောင်း၊ ထိန်းသိမ်းသူကသော် လည်းကောင်း ထိုကလေးကို လုံးဝ စွန့်ပစ်ရန်အကြံဖြင့်၊ မည်သည့်နေရာတွင်မဆို စွန့်ပစ်ထားလျှင်၊ ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ရှင်းလင်းချက်။** စွန့်ပစ်ထားခြင်းကြောင့် ကလေးသေဆုံးခဲ့သော် ပြစ်မှုကျူးလွန်သူကို အမှုအားလျော်စွာ လူသတ်မှုနှင့်ဖြစ်စေ၊ ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှုနှင့်ဖြစ်စေ စစ်ဆေးစီရင်သည်ကို တားမြစ်ရန် ဤပုဒ်မက မရည်ရွယ်။

<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>

၁။ တရားခံသည် ကလေး၏မိဘ သို့မဟုတ် ထိန်းသိမ်းသူဖြစ်ခြင်း။

၂။ ကလေးသည် အသက်တစ်ဆယ့်နှစ်နှစ်အောက်ဖြစ်ခြင်း။

၃။ တရားခံအား နေရာတစ်ခုခုတွင် စွန့်ပစ်ထားခြင်း။

၄။ ကလေးကို လုံးဝစွန့်ပစ်ရန်အကြံဖြင့်ပြုခြင်း။

<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၁၇ | မိဘက သို့မဟုတ် ထိန်းသိမ်းသူက အသက်၁၂အောက်ကလေးကို လုံးဝစွန့်ရန်အကြံဖြင့် စွန့်ပစ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေဒဏ် နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင် တရားရုံး |

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ စွန့်ပစ်ခြင်းဆိုသည့်စကားရပ်ကို သုံးနှုန်းရာ၌ ကလေး၏ အသက်အန္တရာယ်ကို ထိခိုက်စေမည့်ပြုလုပ်မှုတစ်ခုခုကို ရည်ညွှန်းသဖြင့် မိခင်ဘခင်သည် ကလေး၏ အသက်အန္တရာယ် ထိခိုက်နိုင်သည်ဆိုသောအချက်ကို လုံးဝ အလေးဂရုမပြုဘဲ၊ လုံးဝစွန့်ပစ်ရန်အကြံဖြင့် ပြုခဲ့သည်ဆိုသော အထောက်အထားရှိမှသာ ဤပုဒ်မအရ ပြစ်ဒဏ်ထင်ရှား စီရင်နိုင်မည်ဖြစ်သည်။

*[အစိုးရနှင့်မမိန်းကလေး (၁၉၁၄-၁၆) အထက်မြန်မာပြည်စီရင်ထုံး ၅ ]*

၂။ ဤပြစ်မှု၌ အရေးကြီးသောအင်္ဂါရပ်မှာ ကလေးအား လုံးဝစွန့်ပစ်ရန်အကြံဖြင့် ပြုလုပ်ခြင်းပင်ဖြစ်သည်။

*[မောင်ကျော်ငွေနှင့်ပြည်ထောင်စု ၁၉၆၇ မြန်မာပြည်စီရင်ထုံး ၃၀၃ ]*

## ကလေးအလောင်းကို တိတ်တဆိတ် ဖျောက်ဖျက်ခြင်းဖြင့် မွေးဖွားသည်ကို ထိန်ချန်ခြင်း။ (ပုဒ်မ ၃၁၈)

## Concealment of birth by secret disposal of dead body. (Section 318)

**ဥပဒေပြဋ္ဌာန်းချက်**

မမွေးဖွားမီဖြစ်စေ၊ မွေးဖွားပြီးနောက်ဖြစ်စေ၊ မွေးဖွားသည့်အတွင်းဖြစ်စေ ကလေးသေဆုံး၍၊ ထိုကလေး၏အလောင်းကို တိတ်တဆိတ် မြေမြှုပ်ခြင်းဖြင့်သော်လည်းကောင်း၊ အခြားနည်းဆောင်ရွက်ခြင်းဖြင့်သော်လည်းကောင်း ကလေးမွေးဖွားကြောင်းကို တမင်ထိန်ချန်လျှင်၊ သို့တည်းမဟုတ် ထိန်ချန်ရန်အားထုတ်လျှင်၊ ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ကလေးမွေးဖွားခြင်း

၂။ ကလေးသည် မမွေးဖွားမီဖြစ်စေ၊ မွေးဖွားဆဲဖြစ်စေ မွေးဖွားပြီးသည့်နောက်ဖြစ်စေ သေဆုံးခြင်း။

၃။ တရားခံသည် ကလေးအလောင်းကို မြေမြှုပ်ခြင်း၊ အခြားနည်းဆောင်ရွက်ခြင်း။

၄။ ထိုကဲ့သို့ မြေမြှုပ်ခြင်း၊ အခြားနည်းဆောင်ရွက်ခြင်းကို တိတ်တဆိတ်ပြုခြင်း။

၅။ ထိုသို့ပြုခြင်းမှာ ကလေးမွေးဖွားကြောင်းကို တမင်ထိန်ချန်ရန်၊ ထိန်ချန်ခြင်းကို အားထုတ်ရန်ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၁၈ | ကလေးအလောင်းကို တိတ်တဆိတ်ဖျောက်ဖျက်ခြင်းဖြင့် မွေးဖွားသည်ကို ထိန်ချန်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ ကလေးဆိုသော စကားရပ်ကို ပြစ်မှုဆိုင်ရာ ဥပဒေ၌ အဓိပ္ပါယ်ဖွင့်ဆိုထားခြင်း မရှိ၊ သန္ဓေသားကောင်သည် မွေးဖွားသည့်အခါ အသက်ရှင်နိုင်၍ အခြေအနေရှိမှသာ ဤပုဒ်မအရ ဆိုလိုသည့် ကလေးဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်သည်။ သာမန်အားဖြင့် ခုနစ်လအရွယ် သန္ဓေသားသည် ဖွားမြင်ပါက အသက်ရှင်ရန် အကြောင်းရှိသဖြင့် ကလေးဖြစ်သည်ဟု ယူဆသင့်သည်။ လေး၊ ငါးလသားဖြစ်လျှင် အသက်ရှင်ရန်လည်း လမ်းမရှိသဖြင့် သန္ဓေသားကောင်သာဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ ကလေးဟု ယူဆခြင်းမပြုနိုင်ပေ။

*[အစိုးရနှင့်မပျိုညို (၁၉၀၄-၀၆) အတွဲ-၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၂၇ ၊(ပြစ်မှုဆိုင်ရာ) ]*

**နာကျင်စေမှု (ပုဒ်မ ၃၁၉)**

## Hurt.
## (Section 319)

**ဥပဒေဖွင့်ဆိုချက်**

မည်သူမဆို၊ တစ်ဦးတစ်ယောက်သောသူအား ကိုယ်အင်္ဂါနာကျင်အောင်၊ သို့တည်းမဟုတ် အနာရောဂါ စွဲကပ်အောင်၊ သို့တည်းမဟုတ် ချည့်နဲ့အောင်ပြုလျှင် ထိုသူသည် နာကျင်စေမှုကို ပြုသည်မည်၏။

**စပ်ဟပ်ဥပဒေ**

၁။ တစ်ဦးတစ်ယောက်အား ကိုယ်အင်္ဂါနာကျင်အောင်ပြုလျှင်၊ အနာရောဂါစွဲကပ်အောင်ပြုလျှင်၊ သို့မဟုတ် ချည့်နဲ့အောင်ပြုလုပ်လျှင် နာကျင်မှုမြောက်မည်ဖြစ်သည်။ နာကျင်မှုအမျိုးအမျိုးအစားစားရှိရာ အချို့နာကျင်မှုတို့သည် အရေးယူနိုင်လောက်သည့် နာကျင်မှုဖြစ်သည်ဟု မဆိုနိုင်ပေ။

*[ပုဒ်မ ၉၅ ]*

**စီရင်ထုံး**

၁။ တရားခံက သေသူအား ဓါးတုတ်နှင့်ရိုက်၍ သေဆုံးရသော်လည်း ရိုက်သည့်ဒဏ်ရာကြောင့်မဟုတ်ဘဲ ဘိန်းကို တိတ်တဆိတ် အလွန်အကျွံကျွေးခြင်းကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ပါမူ၊ တရားခံသည် နာကျင်မှုကိုသာကျူးလွန်သည်ဟု ဆိုရမည်ဖြစ်သည်။

*[ရွှေဖိုးနှင့်အစိုးရ၊ ရွေးချယ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၁၇၉]*

၂။ တရားခံသည် သေသူ၏ သရက်ရွက်၌ ရောဂါရှိသည်ကို မသိဘဲ ခြေထောက်နှင့်ကန်၍ သေဆုံးရလျှင် သေစေရန် ကြံရွယ်ချက်မရှိသည်သာမက ခြေထောက်နှင့်ကန်ခြင်းသည် သာမန်အားဖြင့် သေစေနိုင်သည့်ပြုလုပ်မှုတစ်ခုမဟုတ်၍ လူသတ်မှုမမြောက်။ နာကျင်မှုသာ ဖြစ်သည်။

*[အစိုးရနှင့်မောင်ကျင်(၁၈၉၂-၉၆) အတွဲ-၁၊ အထက်မြန်မာပြည်စီရင်ထုံး ၇၃၂]*

*[မောင်ဟန်စောနှင့်ပြည်ထောင်စု ၁၉၆၄ မြန်မာပြည်စီရင်ထုံး ၇၃၂ ]*

http://www.cherrythitsar.org



၃။ မိန်းမတစ်ဦး၏ဆံပင်ကိုဆွဲခြင်းသည် နာကျင်မှုဖြစ်ပေသည်။ တရားခံသည် ကြွေးတောင်းရာ မရသဖြင့် မြီစားနှင့်ရန်ဖြစ်ကာ လူနေအိမ်ကို အုတ်ခဲနှင့်ပေါက်၍ အိမ်တွင်းရှိလူကို ထိခိုက်စေလျှင် နာကျင်မှုကျူးလွန်သည်ဟု ဆိုရမည်ဖြစ်သည်။ တရားခံ၏လက်ချက်ကြောင့်မဟုတ်ဘဲ ငှက်ဖျားရောဂါစွဲကပ်ကာ ဦးနှောက်၌ ပြည်တည်၍သေဆုံးရလျှင် လူသတ်မှုဖြင့်အပြစ်ပေးနိုင်မည်မဟုတ်ဘဲ သာမန် နာကျင်မှုဖြင့်သာ စီရင်နိုင်မည်ဖြစ်သည်။

*[မောင်ခိုးနှင့်အစိုးရ၊ ၁၉၄၁ ရန်ကုန်စီရင်ထုံး ၁၃၈ ]*

**အပြင်းအထန်နာကျင်စေမှု (ပုဒ်မ ၃၂၀)**

**Grievous hurt. (Section 320)**

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

အောက်ပါနာကျင်စေမှုများသာလျှင် "အပြင်းအထန်" နာကျင်စေမှုမည်၏။

**ပထမ** ။ ။ လူကိုသင်းကွပ်ခြင်း။

**ဒုတိယ** ။ ။ လူ၏မျက်စိတစ်ဖက်ကို အမြဲမမြင်အောင်ပြုခြင်း။

**တတိယ** ။ ။ လူ၏နားတစ်ဖက်ဖက်ကို အမြဲမကြားအောင်ပြုခြင်း။

**စတုတ္ထ** ။ ။ ကိုယ်လက်အင်္ဂါ အဆစ်အမျက်တစ်ခုခု ကျိုးပဲ့ပျက်စီးအောင် ပြုခြင်း။ သို့တည်းမဟုတ် အမြဲချို့တဲ့အောင်ပြုခြင်း။

**ဆဋ္ဌမ** ။ ။ ဦးခေါင်းကိုဖြစ်စေ၊ မျက်နှာကိုဖြစ်စေ၊ အမြဲအရုပ်ဆင်းပျက်အောင်ပြုခြင်း။

**သတ္တမ** ။ ။ အရိုးကို၊ သို့တည်းမဟုတ် သွားကို ကျိုးအက်ကွဲအောင်ဖြစ်စေ၊ တိမ်းလွဲအောင်ဖြစ်စေ ပြုခြင်း။

**အဋ္ဌမ** ။ ။ အသက်ကို အန္တရာယ်ဖြစ်စေအောင်၊ သို့တည်းမဟုတ် နာကျင်ခံရသူသည် ရက်ပေါင်းနှစ်ဆယ်အတွင်း ကိုယ်အင်္ဂါအပြင်းအထန် ဝေဒနာခံရအောင်၊ သို့တည်းမဟုတ် ရက်ပေါင်းနှစ်ဆယ်အတွင်း မိမိလုပ်ဆောင်မြဲအလုပ်အကိုင်တို့ကို မလုပ်ကိုင်နိုင်အောင် နာကျင်စေခြင်း။

<u>**စီရင်ထုံး**</u>

၁။ ဦးခေါင်းခွံကိုထိသော်လည်း အရိုးကွဲအက်ခြင်းမရှိက ပုဒ်မ ၃၂၄ အရသာ ပြစ်မှုမြောက်သည်။ ပုဒ်မ ၃၂၆ မဟုတ်ချေ။

*[မောင်ဘိုးရီနှင့်မအေးတင်၊ အေအိုင်အာ ၁၉၃၇ ရန်ကုန် ၂၅၃ ]*

၂။ တတိယအမျိုးအစားမှ ခံရသူအနေဖြင့် မိမိလုပ်ကိုင်မြဲ အလုပ်အကိုင်ကို ရက်ပေါင်း ၂၀ တိုင်တိုင် မလုပ်ကိုင်နိုင်အောင် ပြင်းထန်သည့်နာကျင်မှုဖြစ်သည်။ ဟန်ဆောင်ကာ ရက်ပေါင်း ၂၀ မကဘဲ နေသည့်ကိစ္စမျိုးမဖြစ်ရအောင် ရရှိသည့်

http://www.cherrythitsar.org



ဒဏ်ရာ ပမာဏ၊ လူနာ၏အခြေအနေ၊ ဆရာဝန်၏ထွက်ချက်များအပေါ် သုံးသပ်၍ ဆုံးဖြတ်ရသည်။ ဆေးရုံတွင် ရက်ပေါင်း ၂၀ နေရသည်ဆိုကာမျှဖြင့် ဒဏ်ရာအမျိုးအစားတွင် အကျုံးဝင်မည်မဟုတ်။ မိမိအလုပ်အကိုင်ကို ထိုရက်များအတွင်း လုပ်ကိုင်ခြင်းမပြုနိုင်သည့် အခြေအနေရှိရန်လိုသည်။

*[အစိုးရနှင့်မောင်ရာတော်၊ အတွဲ-၁ အောက်မြန်မာပြည်စီရင်ထုံး ၂၂၀ ]*
*[မောင်ဟန်သာနှင့်ပြည်ထောင်စု ၁၉၇၀ မြန်မာပြည်စီရင်ထုံး ၁၃၈ ]*

## မိမိ အလိုအလျောက်နာကျင်စေမှု။ (ပုဒ်မ ၃၂၁) — Vountarily casuing hurt. (Section 321)

**ဥပဒေပြဋ္ဌာန်းချက်**

တစ်ဦးတစ်ယောက်သောသူကို နာကျင်စေရန် အကြံဖြင့်သော်လည်းကောင်း၊ နာကျင်စေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း မည်သူမဆို၊ ပြုလုပ်မှုတစ်ခုခုကိုပြု၍ ထိုသို့ပြုခြင်းဖြင့် နာကျင်စေလျှင် ထိုသူသည် "မိမိအလိုအလျောက် နာကျင်စေမှု" ကို ဖြစ်စေသည်မည်၏။

## မိမိအလိုအလျောက် အပြင်းအထန်နာကျင်စေမှု။ (ပုဒ်မ ၃၂၂) — Voluntarily causing grievous hurt. (Section 322)

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ မိမိအလိုအလျောက် နာကျင်စေသည်တွင်၊ နာကျင်စေရန် မိမိကြံရွယ်သော၊ သို့တည်းမဟုတ် အပြင်းအထန် နာကျင်စေတန်ရာသည်ကို မိမိသိသော နာကျင်စေမှုသည် အပြင်းအထန် နာကျင်စေမှုဖြစ်လျှင်လည်းကောင်း၊ မိမိကပြုသော နာကျင်စေမှုသည် အပြင်းအထန်နာကျင်စေမှုဖြစ်လျှင်လည်းကောင်း ထိုသူသည် "မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေမှု" ကို ဖြစ်စေသည်မည်၏။

**ရှင်းလင်းချက်**။ ။ တစ်ဦးတစ်ယောက်သောသူသည် အပြင်းအထန်နာကျင်စေမှုကိုပြုသောအခါမှာမှတပါး၊ ထို့ပြင် အပြင်းအထန်နာကျင်စေရန် ကြံရွယ်သောအခါမှာမှ တပါး၊ သို့တည်းမဟုတ် အပြင်းအထန် နာကျင်စေတန်ရာသည်ကို သိသောအခါမှာမှ တပါး မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေသည်မမည်။ သို့ရာတွင် အပြင်းအထန် နာကျင်စေမှု တစ်မျိုးကိုဖြစ်စေရန် ကြံသော်လည်း၊ သို့တည်းမဟုတ် ထိုသို့ဖြစ်တန်ရာသည်ကိုသိသော်လည်း အခြားသော အပြင်းအထန် နာကျင်စေမှုကို အကယ်ဖြစ်စေလျှင်၊ ထိုသူသည် မိမိအလိုလျောက် အပြင်းအထန် နာကျင်စေသည်မည်၏။

မောင်ဖြူသည် မောင်နီ၏မျက်နှာကို အမြဲရုပ်ဆင်းပျက်အောင် ကြံရွယ်လျက်၊ သို့တည်းမဟုတ် ရုပ်ဆင်းပျက်တန်ရာသည်ကို သိလျက်နှင့်ရိုက်နှက်၏။ ထိုကဲ့သို့

http://www.cherrythitsar.org



ရိုက်နှက်ခြင်းကြောင့် မောင်နီ၏မျက်နှာသည် အမြဲရုပ်ဆင်းမပျက်။ သို့ရာတွင် မောင်နီမှာ ကိုယ်အင်္ဂါအပြင်းအထန် နာကျင်သော ဝေဒနာကို ရက်ပေါင်းနှစ်ဆယ် ခံရ၏။ ဤအမှုတွင် မောင်ဖြူသည် မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေမှု ပြုသည်မည်၏။

**စီရင်ထုံး**

၁။ ပုဒ်မ ၃၂၂ ၏ ရှင်းလင်းချက်အရ တရားခံသည် အပြင်းအထန် နာကျင်စေရန် ကြံရွယ်၍သော်လည်းကောင်း အပြင်းအထန် နာကျင်စေတန်သည်ကို သိလျက်နှင့် သော်လည်းကောင်း ပြုမှသာ အပြင်းအထန် နာကျင်မှုမြောက်မည်ဖြစ်သည်။ သို့ရာတွင် ယင်းသို့အကြံရှိသည်။ အသိရှိသည်ဆိုခြင်းနှင့်ပတ်သက်၍ အသုံးပြုသော လက်နက်၊ ဒဏ်ရာရရှိစေသည့် ကိုယ်အင်္ဂါအစိတ်အပိုင်း၊ ကိုယ်အမူအရာ၊ နှုတ်အမူ အရာ ရရှိစေရမည်ဖြစ်သည်။ သို့ဖြစ်ရာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၅ အရ စွဲဆိုသည့်အမှုများ၌ရရှိသည့်ဒဏ်ရာကို သာမက၊ ထိုဒဏ်ရာကို ရစေရာ၌ တရားခံ သည် အပြင်းအထန်ဒဏ်ရာကိုရရှိစေရန် ကြံရွယ်ချက် သို့မဟုတ် အသိစိတ်ရှိမရှိ ဆိုသော အချက်အလက်ကိုပါ စဉ်းစားရန်လိုပေသည်။

*[မောင်ထွန်းအေးနှင့်အစိုးရ (၁၉၁၄-၁၆) အတွဲ-၂ အထက်မြန်မာပြည်စီရင်ထုံး ၃၅ ]*

၂။ ဦးခေါင်းခွံအက်အောင် ရိုက်လျှင် အပြင်းအထန် နာကျင်စေရန် ရည်ရွယ်၍ သော်လည်းကောင်း၊ သိလျက်နှင့်သော်လည်းကောင်း ပြုသည်ဟု ဆိုရမည်ဖြစ်သည်။

*[ဘကျော်နှင့်အစိုးရ (၁၉၁၀-၁၃) အတွဲ-၁ အထက်မြန်မာပြည်စီရင်ထုံး ၁၀၅]*

**မိမိအလိုအလျောက်နာကျင်စေမှုအတွက်ပြစ်ဒဏ်။ (ပုဒ်မ ၃၂၃)** **Punishment for voluntarily causing hurt. (Section 323)**

**ဥပဒေပြဋ္ဌာန်းချက်**

ပုဒ်မ ၃၃၄ ၌ ပြဋ္ဌာန်းထားသော အချက်မှာမှတစ်ပါး၊ မည်သူမဆို၊ တစ်ဦး တစ်ယောက်သောသူအား မိမိအလိုအလျောက် နာကျင်စေလျှင်၊ ထိုသူကို တစ်နှစ် ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် လူတစ်ဦးတစ်ယောက်အား ကိုယ်အင်္ဂါ နာကျင်စေခြင်း သို့မဟုတ် အနာရောဂါစွဲကပ်စေခြင်း သို့မဟုတ် ချည့်နဲ့အောင်ပြုခြင်း။

၂။ နာကျင်စရေန် အကြံဖြင့်သော်လည်းကောင်း၊ နာကျင်စေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်းပြုခြင်း။

http://www.cherrythitsar.org



<u>**ကျင့်ထုံး**</u>

| ပုဒ်မ | ပြစ်မှု | ရဲကဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၂၃ | မိမိအလိုအလျောက် နာကျင်စေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မာန်စာ | အာမခံ ပေးရမည်။ | တရားလိုသက် စစ်ဆေးဆဲ တရားရုံး၏ ခွင့်ပြုချက် ရလျှင်ကျေအေး ခွင့်ရှိသည်။ | ၁နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်၁၀၀၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | မည်သည့် ရာဇဝတ် တရားသူကြီး မဆို။ |

<u>**ပြစ်မှုကိုကျေအေးနိုင်သူများ**</u>

နာကျင်စေမှုပြုလုပ်ခြင်းခံရသူ။

<u>**စီရင်ထုံး**</u>

၁။ ပထမအင်္ဂါရပ်ကို ပုဒ်မ ၃၁၉ ၌ ရှင်းလင်းထားပြီး၊ ဒုတိယအင်္ဂါရပ်ကို ပုဒ်မ ၃၂၁ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားပြီးဖြစ်၍၊ ထပ်မံကာ အကျယ်ဖော်ပြရန်မလိုတော့ပေ။ အဓိကအချက်မှာ တရားခံသည် လူတစ်ဦးအား နာကျင်စေရန် အကြံဖြင့်သော်လည်းကောင်း၊ သိလျက်နှင့်သော်လည်းကောင်း၊ နာကျင်စေခြင်းဟုတ်မဟုတ်ကို ဆုံးဖြတ်ရန်လိုသည်။ မိဘသည် သားသမီးအား လိမ္မာရေးခြားရှိအောင် ရိုက်နှက်ဆုံးမခွင့်ရှိသည့်အတွက် ရိုက်နှက်ဆုံးမခြင်းသည် နာကျင်စေရန်အကြံဖြင့်သော်လည်းကောင်း၊ နာကျင်စေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ပြုသည်ဟု ဆိုနိုင်မည်မဟုတ်၍ ပြစ်မှုမမြောက်။

*[အစိုးရနှင့်မောင်ဘသောင်း၊ အတွဲ-၃ ရန်ကုန် ၆၅၉ ]*

၂။ နစ်နာသူ သေဆုံးသွားကာမျှဖြင့် စွဲဆိုထားသည့်အမှုသည် အလိုအလျောက် ဆိတ်သုဉ်းပျက်ပြယ်သွားသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

*[ဦးမိုးကောင်းနှင့်ဦးဘိုးဆင်၊ အတွဲ ၆၊ ရန်ကုန် ၆၆၄]*

*[ဦးတင်မောင်နှင့်အစိုးရ၊ ၁၉၄၁၊ ရန်ကုန်စီရင်ထုံး၊ ၂၂၄]*

၃။ သေရည်သေရက် မူးယစ်ခြင်းသည် ပြစ်မှုကျူးလွန်ခြင်းအတွက် ကင်းလွတ်ခွင့်အကြောင်းတစ်ရပ်မဟုတ်သော်လည်း အလိုအလျောက်နာကျင်စေမှုဟုတ်မဟုတ်ဆိုသည့်ပြဿနာကို စဉ်းစားရာ၌ ထည့်သွင်းသင့်သည့်အချက်ဖြစ်ပြီး၊ ပြစ်ဒဏ်သတ်မှတ်ရာ၌ သက်ညှာထိုက်သည့် အချက်တစ်ရပ်ဖြစ်နိုင်ပေသည်။

*[ဘကျော်နှင့်အစိုးရ (၁၉၁၀-၀၃) အထက်မြန်မာပြည်စီရင်ထုံး ၁၀၅ ]*

၄။ ရာဇသတ်ကြီးပုဒ်မ ၃၂၃ အရ၊ မူပြစ်စီရင်ခြင်း-နာကျင်စေမှုတစ်ခုသည် အရိုးကို ကျိုးအက်ကွဲအောင်ဖြစ်စေလျှင်၊ အပြင်းအထန်နာကျင်မှုမြောက်မည် ဖြစ်သော်လည်း ယင်းသို့ကွဲအက်ခြင်းသည် အတွင်းဘက်သို့တိုင်အောင် တောက်လျှောက်ကွဲအက်မှ ဤသို့ယူဆရမည်ဖြစ်ခြင်း-ဆေးရုံတွင် ရက်ပေါင်း ၂၀ ကျော်နေရသည်ဆိုကာမျှဖြင့် ပုဒ်မ ၃၂၀ ၏ အဌမအပိုဒ်တွင် ပါဝင်သော ဒဏ်ရာအမျိုးအစားဟုတ်မဟုတ်။

http://www.cherrythitsar.org



**ဆုံးဖြတ်ချက်**။ ယခုအမှုတွင် ဆရာဝန် ဦးညီညီက မောင်သောင်းလှ၏ နဖူးရိုးမှာ ကွဲအက်သွားသည်ဟု ထွက်ဆိုထားသော်လည်း၊ အပြင်မှ အတွင်းသို့ တောက်လျှောက် ကွဲအက်သွားသည် မသွားသည်ကို ဖော်ပြထားခြင်းမရှိသဖြင့် ရာဇသတ်ပုဒ်မ ၃၂၀ ၏ သတ္တမအပိုဒ်၌ အကျုံးဝင် မဝင်ဆိုသော ပြဿနာမှာ သေချာတိကျခြင်းမရှိပေ။ သို့ဖြစ်ရာ မောင်ဟန်သာအား အပြင်းအထန်နာကျင်စေမှု အစား သာမန်နာကျင်စေမှုဖြင့် ပြစ်ဒဏ်ထင်ရှားစီရင်ခဲ့ခြင်းသည် အထင်အရှား မှားယွင်းသည်ဟု မဆိုနိုင်ပေ။

မောင်သောင်းလှသည် ဆေးရုံတွင် ရက်ပေါင်း ၂၀ ကျော်နေခဲ့ရသည်ဟု ဆိုသော်လည်း ထိုကဲ့သို့နေခဲ့စဉ်က ကိုယ်အင်္ဂါအပြင်းအထန် ဝေဒနာခံရလျှင်သော် လည်းကောင်း မိမိလုပ်ဆောင်မြဲ အလုပ်အကိုင်တို့ကို မလုပ်ကိုင်နိုင်သည့် အခြေ အနေ၌ရှိသည်ဟုသော်လည်းကောင်း ပေါ်ပေါက်ခြင်းမရှိသဖြင့် ၎င်းအား အပြင်း အထန်နာကျင်စေမှုအတွက် ပြစ်ဒဏ်စီရင်ခြင်းပြုနိုင်မည်မဟုတ်ပေ။

*[ပထစ (မောင်သောင်းလှ)နှင့် မောင်ဟန်သာ (၁၉၇၀) မြန်မာပြည်စီရင်ထုံး ၁၃၀ ]*

**ဘေးဖြစ်စေတတ်သောလက်နက်ဖြင့်၊ သို့တည်းမဟုတ် နည်းဖြင့် မိမိအလို အလျောက် နာကျင်စေမှု။ (ပုဒ်မ ၃၂၄)**

**Voluntarily causing hurt by dangerous weapons or means. (Section 324)**

**ဥပဒေပြဋ္ဌာန်းချက်**

ပုဒ်မ ၃၃၄ ၌ ပြဋ္ဌာန်းထားသော အချက်မှာမှတပါး၊ ပစ်ခတ်ရန်၊ သို့တည်း မဟုတ် ထိုးရန်၊ သို့တည်းမဟုတ် ခုတ်ဖြတ်ရန် ကိရိယာတစ်ခုခုဖြင့်ဖြစ်စေ၊ ရန်မူ သော လက်နက်အဖြစ်ဖြင့်သုံးစွဲလျှင် သေစေတတ်ရာသော ကိရိယာတစ်ခုခုဖြင့် ဖြစ်စေ၊ မီးဖြင့်၊ သို့တည်းမဟုတ် အပူရှိန်ရှိသော အရာဝတ္ထုတစ်ခုခုဖြင့်ဖြစ်စေ၊ အဆိပ်ဖြင့်၊ သို့တည်းမဟုတ် စားလောင်စေတတ်သော အရာဝတ္ထုတစ်ခုခုဖြင့်ဖြစ်စေ၊ ပေါက်ကွဲတတ်သော အရာဝတ္ထုတစ်ခုခုဖြင့်ဖြစ်စေ၊ ရှူရှိုက်လျှင်၊ သို့တည်းမဟုတ် မျိုချလျှင်၊ သို့တည်းမဟုတ် သွေးထဲသို့ ရောက်သွားလျှင် လူကိုယ်ခန္ဓာကို အန္တရာယ် ဖြစ်စေတတ်သော အရာဝတ္ထုတစ်ခုခုဖြင့်ဖြစ်စေ၊ တိရစ္ဆာန်တစ်ကောင်ကောင်ဖြင့် ဖြစ်စေ မည်သူမဆို၊ တစ်ဦးတစ်ယောက်သောသူအား မိမိအလိုအလျောက် နာကျင် စေလျှင်၊ ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

http://www.cherrythitsar.org



**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ကိုယ်အင်္ဂါနာကျင်အောင်၊ အနာရောဂါစွဲကပ်အောင် သို့မဟုတ် ချည့်နဲ့အောင် ပြုခြင်း။

၂။ လူတစ်ဦးတစ်ယောက်အား ပြုခဲ့သည်ဖြစ်ခြင်း။

၃။ နာကျင်စေရန် အကြံ၊ နာကျင်စေတန်ရာသည်ကို သိလျက်နှင့်ခွင့်ပြုခြင်း။

၄။ ဘေးဖြစ်စေသည့် လက်နက်၊ မီး၊ အဆိပ်၊ စားလောင်စေသည့် အရာဝတ္ထု၊ ပေါက်ကွဲစေသော၊ ကိုယ်ခန္ဓာကိုအန္တရာယ်ဖြစ်စေသော အရာဝတ္ထု၊ တိရစ္ဆာန် စသည့် တစ်ခုခုဖြင့်ပြုခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၂၄ | ဘေးဖြစ်စေတတ်သောလက်နက်ဖြင့် သို့မဟုတ် နည်းဖြင့် မိမိအလိုအလျောက် နာကျင်စေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | သမ္မာန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေဒဏ် နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ်ပထမတန်း အာဏာရ သို့မဟုတ် ဒုတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီး |

**စီရင်ထုံး**

၁။ ရန်မူရာ၌ အသုံးပြုလျှင် သေစေတန်ရာသည့်လက်နက်ကို ဆိုလိုပေသည်။ ပစ်ခတ်ရန်၊ ထိုးခုတ်ရန်၊ ခုတ်ဖြတ်ရန် လက်နက်များမှအပ အခြားလက်နက်များကို ရည်ညွှန်းပေသည်။ ထိုလက်နက်များတွင် အကျုံးမဝင်သည့် လက်နက်များကို ဆိုလိုသည်။ မည်သည့်လက်နက်မျိုးဖြစ်ရမည်ဟု သတ်မှတ်ထားခြင်းမရှိသဖြင့် သာမန်အိမ်သုံးပစ္စည်းဖြစ်သည့် တူ၊ သံတူရွင်း စသည့်လက်နက်များသည် အကျုံးဝင်နိုင်ပေသည်။ သာမန်ဝါးတုတ်သည် သေစေတန်ရာသော လက်နက်တစ်ခုမဟုတ်သော်လည်း ထိုဝါးတုတ်၌ ဇာဂီတပ်ထားခြင်းဖြင့်၊ သံကွပ်ထားခြင်းဖြင့် သေစေတန်ရာသော လက်နက်တစ်ခုဖြစ်လာနိုင်သည်။

*[အစိုးရနှင့်မောင်ဆိတ်(၁၈၉၇-၀၁)အတွဲ-၁၊အထက်မြန်မာပြည်စီရင်ထုံး ၃၁၈]*

*[ဘိုးညဏ်နှင့်အစိုးရ၊ အေအိုင်အာ ၁၉၃၇ ရန်ကုန် ၈ ]*

၂။ တရားခံအား ဓားဖြင့်ခုတ်၍ နာကျင်စေမှုဖြင့် တရားစွဲဆိုရာ၌ တရားခံနှင့် အခုတ်ခံရသူတို့သည် မူးယစ်ပြီး လမ်းပေါ်၌ တစ်ဦးနှင့်တစ်ဦး ဓားနှင့်ခုတ်ကြောင်း ပေါ်ပေါက်၍ ၎င်းတို့နှစ်ဦးအား ပုဒ်မ ၁၆၀ အရ အရေးယူ အပြစ်ပေးခြင်းသည် မှားယွင်းသည်။ ပုဒ်မ ၃၂၄ အရသာ အရေးယူရမည်ဖြစ်သည်။

*[အစိုးရနှင့်မောင်ရွှဲ၊ အတွဲ-၄ အောက်မြန်မာပြည်စီရင်ထုံး ၂၃၇ ]*

http://www.cherrythitsar.org



၃။ အနည်းငယ် ခိုက်ရန်ဖြစ်ပွားကာမျှဖြင့် ဓားကို အသုံးပြုသည့် တရားခံအား ထောင်လေးလချမှတ်ခြင်းသည် ကြီးလေးသည်ဟု မဆိုနိုင်။

*[အစိုးရနှင့်မြဒင်၊ အတွဲ-၄ ဘားမားလောတိုင်း ၆၉ ]*

၄။ ထစ်ကနဲဆိုလျှင် ဓားကဲ့သို့သော လက်နက်ကို အသုံးပြုခြင်းမှ ဟန့်တားစေမည့် ပြစ်ဒဏ် သတ်မှတ်သင့်ပေသည်။

*[တရားရုံးများလက်စွဲ(ဒုတိယပုံနှိပ်ခြင်း) အပိုဒ် ၆၃၀(၁) ]*

*[အစိုးရနှင့်မောင်ဖြူသန်း၊ ပုံနှိပ်ထားသော စီရင်ချက်များ၊ ၂၆၁ ]*

**မိမိအလိုအလျောက် အပြင်းအထန်နာကျင်စေမှု အတွက် ပြစ်ဒဏ်။ (ပုဒ်မ ၃၂၅)**

**Punishment for voluntarily causing grienous hurt. (Section 325)**

**<u>ဥပဒေဖွင့်ဆိုချက်</u>**

ပုဒ်မ ၃၃၅ ၌ ပြဋ္ဌာန်းထားသောအချက်မှာမှတပါး၊ မည်သူမဆို၊ တစ်ဦးတစ်ယောက်သောသူအား မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေလျှင်၊ ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တရားခံသည် လူတစ်ဦးတစ်ယောက်အား နာကျင်စေခြင်း။

၂။ ထိုကဲ့သို့ ပြုသည့်နာကျင်မှုသည် ပုဒ်မ ၃၂၀ တွင် ဖော်ပြထားသည့် အပြင်းအထန် နာကျင်စေမှုတစ်ခုခုဖြစ်ခြင်း။

၃။ အပြင်းအထန် နာကျင်စေရန် အကြံ သို့မဟုတ် အပြင်းအထန် နာကျင်စေတန်ရာသည်ကို သိလျက်နှင့်ပြုခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အား ဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၂၅ | မိမိအလိုအလျောက် အပြင်းအထန်နာကျင်စေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | သမ္မာန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင်၊ ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ်၊ ပထမတန်း သို့မဟုတ်ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး။ |

**<u>ပြစ်မှုကိုကျေအေးနိုင်သူများ</u>**

နာကျင်မှုပြုလုပ်ခြင်းခံရသူ။

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ တရားခံသည် လူတစ်ဦးအား နာကျင်စေရာ၌ အပြင်းအထန် နာကျင်စေရန် အကြံ၊ သို့မဟုတ် အပြင်းအထန် နာကျင်စေတန်ရာသည်ကို သိလျက်နှင့်ပြုမှသာ အပြင်းအထန် နာကျင်စေမှုဖြင့် အရေးယူနိုင်မည်ဖြစ်သည်။ သာမန်နာကျင်မှု ရှိစေရန် အကြံ သို့မဟုတ် နာကျင်စေတန်ရာသည်ကို သိလျက်နှင့်ပြုခဲ့ခြင်းဖြစ်ပါမူ ပုဒ်မ ၃၂၅ အရ အပြစ်ပေးနိုင်မည်မဟုတ်ဘဲ ပုဒ်မ ၃၂၃ အရသာ ပြစ်ဒဏ်ထင်ရှား စီရင်ရမည်ဖြစ်သည်။

*[ထွန်းအေးနှင့်အစိုးရ (၁၉၁၄-၁၆) အထက်မြန်မာပြည်စီရင်ထုံး ၃၅]*

၂။ ဓားတုတ်ဖြင့်ရိုက်၍ ဆေးရုံ၌ ရက်ပေါင်း ၂၀ ကျော် ကုသခဲ့ရသော်လည်း အပြင်းအထန် နာကျင်စေတန်ရာသည်ကို သိလျက်နှင့်ပြုကြောင်း မပေါ်ပေါက်ပါက ပုဒ်မ ၃၂၅ အစား၊ ပုဒ်မ ၃၂၃ အရသာ စီရင်သင့်ပေသည်။

*[အစိုးရနှင့်တုတ်လှ(၁၈၉၇-၀၁)အတွဲ-၁ အထက်မြန်မာပြည်စီရင်ထုံး ၃၁၆]*

၃။ လင်ဖြစ်သူက ဒေါသအလျောက် မယားအားခြေထောက်နှင့် ကန်လိုက်ရာ လူမသိဘဲ ရောဂါကြောင့် ကြီးထွားနေသည့် သရက်ရွက်ကြွေပြီး သေဆုံးရလျှင် သေစေရန်အကြံသော်လည်းကောင်း၊ သေတန်ရာသည်ကို သိလျက်နှင့်သော်လည်း ကောင်း ပြုလုပ်သည်ဟုဆိုနိုင်မည်မဟုတ်၍ အပြင်းအထန် နာကျင်စေမှုဖြင့်သာ ပြစ်ဒဏ်ထင်ရှားစီရင်နိုင်မည်ဖြစ်သည်။

*[မောင်ဟန်သာနှင့်ပြည်ထောင်စု ၁၉၆၄ မြန်မာပြည်စီရင်ထုံး ၇၃၂]*

၄။ တစ်ဦးထက်များသော တရားခံတို့က လူတစ်ဦးကို ဝိုင်း၍ တုတ်နှင့်ရိုက်သဖြင့် သေဆုံးရာ၌ သေသူတွင် ရရှိသည့် သေစေသည့်ဒဏ်ရာကို မည်သည့်တရားခံက ရရှိစေသည်ဟု ပေါ်ပေါက်ခြင်းမရှိလျှင် တရားခံတို့အား ပြစ်မှုမကင်းသော လူသေမှုဖြင့် အပြစ်မပေးနိုင်။ ၎င်းတို့အနေဖြင့် အပြင်းအထန် နာကျင်မှုကို ကြံရွယ်သည်ဟုသော်လည်းကောင်း၊ အပြင်းအထန် နာကျင်မှုဖြစ်တန်ရာသည်ကို သိလျက်နှင့် သော်လည်းကောင်း ပြုခဲ့သည်ဟု ဆိုရမည်ဖြစ်၍ ပုဒ်မ ၃၂၅ အရ ပြစ်ဒဏ်ထင်ရှား စီရင်နိုင်မည်။

*[မောင်စိန်နှင့်ပြည်ထောင်စု ၁၉၄၈ မြန်မာပြည်စီရင်ထုံး ၃၃၄ ]*

*[မနှင်းနှင့်ပြည်ထောင်စု ၁၉၆၄ မြန်မာပြည်စီရင်ထုံး ၅၀၂ ]*

၅။ ပုဒ်မ ၃၂၀ တွင် ဖော်ပြထားသည့် နာကျင်မှုရှစ်မျိုးအနက် တစ်မျိုးမျိုးတွင် အကျုံးဝင်မှသာ အပြင်းအထန် နာကျင်စေမှု မြောက်မည်ဖြစ်၍၊ ထိုနာကျင်မှု တစ်ခုခု၌ အကျုံးဝင်ခြင်းရှိမရှိဆိုသောပြဿနာကို ဆုံးဖြတ်ရာတွင် ၎င်းအား ကုသခဲ့ ရသည့် ဆရာဝန် သို့မဟုတ် ထိုဆရာဝန်၏မှတ်တမ်းရှိ လက်ရေးလက်သားကို သိရှိ သော ဆရာဝန်အား စစ်ဆေးရန်လိုပေသည်။

*[အစိုးရနှင့်မောင်ချက်၊ ရွေးချယ်ထားသည့်စီရင်ထုံးများ အောက်မြန်မာပြည် ၂၉၂ ]*

http://www.cherrythitsar.org



၆။ သာမန်နာကျင်စေမှုဖြစ်သည် သို့မဟုတ် အပြင်းအထန် နာကျင်စေမှုဖြစ်စေ ဆိုသော ဆုံးဖြတ်ချက်ကိုချမှတ်ရန်တာဝန်မှာ အမှုစစ်ဆေးသည့် တရားရုံးတွင်သာ ရှိသည်။ ဆရာဝန်က သာမန်နာကျင်စေမှုဖြစ်သည်၊ အပြင်းအထန် နာကျင်စေမှု ဖြစ်သည်ဟု သတ်မှတ်ခွဲခြားရန် မဟုတ်ချေ။

*[ဘိုးမောင်နှင့်အစိုးရ၊ အတွဲ-၃ အောက်မြန်မာပြည်စီရင်ထုံး ၁၉၈၆]*

*[တရားရုံးများလက်စွဲ (ဒုတိယပုံနှိပ်ခြင်း) အပိုဒ် ၆၂၅]*

၇။ မည်သည့်ဒဏ်ရာရရှိသည်ဟု ရေးသားထားသော ဆေးစာရွက်သည် သက်သေခံမဟုတ်၊ ဆရာဝန်အား ရုံးသို့ခေါ်ယူစစ်ဆေးရန် လိုသည်။

*[တရားရုံးများလက်စွဲ (ဒုတိယပုံနှိပ်ခြင်း) အပိုဒ် ၆၂၆]*

၈။ ဤပြစ်မှုသည် ထောင်ဒဏ်ရော ငွေဒဏ်ပါ ချမှတ်နိုင်သည့်အပြင် ပြစ်မှုဖြစ်၍ ငွေဒဏ်တစ်ခုတည်းကိုသာ ချမှတ်ခြင်းမပြုနိုင်၊ အနည်းဆုံး ရုံးတစ်ထိုင် ထောင်ဒဏ် ချမှတ်မှသာ ဥပဒေနှင့် ညီညွတ်သော ပြစ်ဒဏ်ဖြစ်ပေသည်။ ထောင်ဒဏ်အစား ကြိမ်ဒဏ်ချမှတ်ခြင်းမပြုနိုင်။

*[အစိုးရနှင့်အငွဒူမန်း၊ အတွဲ-၁၃ ရန်ကုန် ၁၁၅]*

၉။ မိန်းမသားတစ်ဦးအပေါ် အနိုင်အထက်ပြုကျင့်၍ ပြင်းထန်သော ဒဏ်ရာရရှိစေသောအမှုတွင် ငွေဒဏ်အနည်းငယ်မျှသာ တပ်ရိုက်ခြင်းသည် မျှတမှုမရှိ၊ နောင် ဤကဲ့သို့ ကျူးလွန်သူများကို ဟန့်တားစေနိုင်သည်မဟုတ်၊ ပုဒ်မ ၃၂၅ အရ ပြစ်မှု ကျူးလွန်ကြောင်းထင်ရှားလျှင် ထောင်ဒဏ်မပါဘဲ ငွေဒဏ်သက်သက် ချမှတ်ခြင်း မပြုနိုင်ချေ။

*[မအုန်းတင်နှင့်ပြည်ထောင်စု ၁၉၇၆ မြန်မာပြည်စီရင်ထုံး ၁၄၃]*

**ဘေးဖြစ်စေတတ်သောလက်နက်ဖြင့် သို့တည်းမဟုတ် နည်းဖြင့် မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေမှု။**
**(ပုဒ်မ ၃၂၆)**

**Voluntairyly causing grievous hurt by dangerous weapons or means.**
**(Section 326)**

**ဥပဒေပြဋ္ဌာန်းချက်**

ပုဒမ ၃၃၅ ၌ ပြဋ္ဌာန်းထားသော အချက်မှာမှတစ်ပါး၊ ပစ်ခတ်ရန် သို့တည်းမဟုတ် ထိုးရန်၊ သို့တည်းမဟုတ် ခုတ်ဖြတ်ရန် ကိရိယာတစ်ခုခုဖြင့်ဖြစ်စေ၊ ရန်မူသော လက်နက်အဖြစ်ဖြင့် သုံးစွဲလျှင် သေစေတန်ရာသော ကိရိယာတစ်ခုခုဖြင့် ဖြစ်စေ၊ မီးဖြင့်၊ သို့တည်းမဟုတ် အပူရှိန်ရှိသော အရာဝတ္ထုတစ်ခုခုဖြင့်ဖြစ်စေ၊ အဆိပ်ဖြင့်၊ သို့တည်းမဟုတ် စားလောင်စေတတ်သော အရာဝတ္ထုတစ်ခုခုဖြင့်ဖြစ်စေ၊ ပေါက်ကွဲတတ်သော အရာဝတ္ထုတစ်ခုခုဖြင့်ဖြစ်စေ၊ ရှူရှိုက်လျှင်၊ သို့တည်းမဟုတ် မျိုချလျှင်၊ သို့တည်းမဟုတ် သွေးထဲသို့ရောက်သွားလျှင် လူကိုယ်ခန္ဓာကို အန္တရာယ်ဖြစ်စေတတ်သော အရာဝတ္ထုတစ်ခုခုဖြင့်ဖြစ်စေ၊ တိရစ္ဆာန်တစ်ကောင်ကောင်ဖြင့် ဖြစ်စေ မည်သူမဆို၊ တစ်ဦးတစ်ယောက်သောသူအား မိမိအလိုအလျောက် အပြင်းအထန်နာကျင်စေလျှင်၊ ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

http://www.cherrythitsar.org



**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တရားခံသည် အပြင်းအထန် နာကျင်စေခြင်း။

၂။ လူတစ်ဦးတစ်ယောက်အား အလိုအလျောက်ပြုခြင်း။

၃။ ဤပုဒ်မတွင် ဖော်ပြထားသည့် လက်နက်ကိရိယာတစ်ခုခုဖြင့်ပြုခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၂၆ | သေစေနိုင်သော လက်နက်၊ သို့မဟုတ် နည်းဖြင့် မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | သမ္မာန်စာ | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | တစ်သက်တစ်ကျွန်းဒဏ် ဖြစ်စေ၊ ၁၀နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး အပြင်ငွေဒဏ်။ | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမတန်း အာဏာရရာဇဝတ် တရားသူကြီး။ |

**<u>စီရင်ထုံး</u>**

၁။ လူတစ်ဦးအား အများကဝိုင်း၍ ခုတ်ထစ်ကြ၍ သေစေရာ၌ တရားခံတို့သည် ထိုသူအား သေစေရန် အကြံတူဖြင့် ပြုလုပ်ခဲ့ကြကြောင်း၊ အထောက်အထားအခိုင်အလုံရှိလျှင် အသက်သေစေသည့်ဒဏ်ရာကို မည်သူပြုလုပ်၍ ရသည်ဟု မဆိုနိုင်စေကာမူ တရားခံအားလုံးသည် လူသတ်မှုကျူးလွန်သည်ဟု ဆိုရမည်ဖြစ်သည်။ သို့ရာတွင် အကြံတူရှိသည်ဆိုခြင်းမှာ ထင်ရှားခြင်းမရှိဘဲ အသက်သေစေသည့်ဒဏ်ရာမှ မည်သူ၏လက်ချက်ဖြစ်သည်ဆိုသော သက်သေခံချက်မရှိလျှင် တရားခံတို့သည် အပြင်းအထန်နာကျင်စေမှုကိုသာ ကျူးလွန်သည်ဟု ဆိုရမည်ဖြစ်သည်။

*[မောင်စံတင်ပါ-၂ နှင့်ပြည်ထောင်စု ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၅၀၅ ]*

*[သောင်းခိုင်ပါ-၄ နှင့်ပြည်ထောင်စု ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၉၆၄ ]*

*[မောင်တင်အောင်နှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၆၆၁ ]*

*[ဦးသန်းညွန့်နှင့်ပြည်ထောင်စု၁၉၆၉ မြန်မာပြည်စီရင်ထုံး ၄၆(အထူးအယူခံ)]*

၂။ တရားခံသည် မူးယစ်ကာ သေသူနှင့်ရန်ဖြစ်စဉ် ရိုက်နှက်သဖြင့် သေသူ၏ ဦးခေါင်း၌ဒဏ်ရာရရှိခဲ့ရာ ဆေးရုံတွင် သေချာကျကျနန ကုသခြင်းမပြုသဖြင့် ပြည်တည်၍ သေဆုံးရလျှင် တရားခံသည် အများဆုံးပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ ကိုသာ ကျူးလွန်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ တရားခံ၏လက်ချက်ကြောင့် နားရွက်ပြတ်သွားရာ၌ ဓားလက်နက်ကို အသုံးပြုခြင်းမဟုတ်ဘဲ တစ်ယောက်ကိုတစ်ယောက် ထိုးနှင့်ရိုက်ရင်း ထိုးခရိုင်၏အစွန်ဖြင့် ထိုဒဏ်ရာရရှိနိုင်သည့်အလျောက် ပုဒ်မ ၃၂၆ မဟုတ်ဘဲ ၃၂၅ သာ မြောက်သည်ဟု ယူဆရပေမည်။

*[ပြည်ထောင်စုနှင့်မောင်လှဆင်၊ ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၈၉၄ ]*

http://www.cherrythitsar.org



၃။ လူနှစ်ယောက်အချင်းချင်း ဓားနှင့်ခုတ်ကြ၍ နှစ်ဦးစလုံး အပြင်းအထန်ဒဏ်ရာ ရကြလျှင် နှစ်ဦးစလုံးကို ဤပုဒ်မနှင့် အပြစ်ပေးနိုင်သည်။

*[အစိုးရနှင့်ဘိုးခက်၊ ပုံနှိပ်ထားသောစီရင်ချက်များ၊ ၁၈၆ (အောက်မြန်မာပြည်)]*

*[အစိုးရနှင့်ဘိုးသင်၊ ပုံနှိပ်ထားသောစီရင်ချက်များ၊ ၁၈၂ (အောက်မြန်မာပြည်)]*

၄။ ဘေးဖြစ်စေသည့်လက်နက်ဖြင့် အပြင်းအထန် နာကျင်စေသည့်အမှုများသည် လူသတ်မှုကျူးလွန်ရန် အားထုတ်မှုဖြင့် ခွဲခြားရန် ခက်ခဲသဖြင့် ထိုပြစ်မှုအရ တရားစွဲဆိုတင်ပို့သော အမှုများတွင် လိုအပ်ပါက အထူးအာဏာအပ်နှင်းထားသည့် တရားသူကြီးထံသို့ ပြောင်းရွှေ့ပေးနိုင်ရန် တရားရုံးချုပ်မှ ညွှန်ကြားထားသည်။

*[တရားရုံးများလက်စွဲ(ဒုတိယပုံနှိပ်ခြင်း) အပိုဒ် ၆၉၀(၂)]*

၅။ ဓား သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေသည့်လက်နက်ကို အသုံးပြု၍ နာကျင်စေလျှင် မှတ်လောက်သားလောက်သည့် အပြစ်ဒဏ် ချမှတ်ရမည်ဟု ညွှန်ကြားခဲ့ပေသည်။ စီရင်ထုံးလည်း ပြုခဲ့ပြီးဖြစ်သည်။

*[ဘိုးသင်နှင့်အစိုးရ၊ ရွေးချယ်ထားသောစီရင်ထုံးများ၊ (အောက်မြန်မာပြည်) ၁၈၂]*

၆။ တရားခံတစ်ဦးအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၆ အရ တရားစွဲဆိုခဲ့သော်လည်း ပုဒ်မအရ စွဲချက်မတင်ဘဲ ပုဒ်မ ၃၂၆ အရသာ စွဲချက်တင်၍ အပြစ်ပေးသည့်ကိစ္စတွင် အယူခံ၌ ပုဒ်မ ၃၉၆ ပြစ်မှုအရ ပြောင်းလဲ၍ အပြစ်မပေးနိုင်၊ သေးငယ်သော ပြစ်မှုမှ ကြီးလေးသောပြစ်မှုသို့ ပြောင်းလဲအပြစ်ပေးရာရောက်မည်ဖြစ်သည်။

*[မောင်အာပို(ခ)မောင်သောင်းနှင့်ပြည်ထောင်စု ၁၉၆၆၊ မြန်မာပြည်စီရင်ထုံး၊ ၁၇၉]*

၇။ ရန်မူလာသူကို ခုခံကာကွယ်ခွင့်ရှိသည့်အတိုင်း မိခင်ဖြစ်သူအား အရက်မူးပြီး ဆေးလိပ်မီးဖြင့်ထိုးရန်ပြုသည့် ပထွေးကို ဓားဖြင့်တစ်ချက်သာခုတ်ခဲ့ရာ ဒဏ်ရာရရှိသူသည် ဒဏ်ရာကို ဂရုမစိုက်ဘဲ ကောင်းစွာဆေးကုသမှုမပြု၍ သေဆုံးရလျှင် ကင်းလွတ်ရမြဲအချက်၌ အကျုံးဝင်သောကြောင့် ပြစ်မှုမမြောက်၊ ပုဒ်မ ၃၂၆ အရ ပြစ်ဒဏ်စီရင်ခြင်းမပြုနိုင်။

*[စန်းစန်းမြင့်(ခ)မတင်မြင့်နှင့်ပြည်ထောင်စု၊ ၁၉၆၆၊ မြန်မာပြည်စီရင်ထုံး ၁၀၇၃]*

၈။ အသက် ၁၉ နှစ်အောက် ငယ်ရွယ်သူတရားခံက လူတစ်ဦးကို အပြင်းအထန်နာကျင်စေသည့်အတွက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆ အရလည်းကောင်း၊ အခြားတစ်ဦးကို သာမန်နာကျင်စေရန်အတွက် ပုဒ်မ ၃၂၄ အရလည်းကောင်း၊ ပြစ်ဒဏ်ထင်ရှားစီရင်ပြီးနောက် ပထမပြစ်မှုအတွက် ဘော်စတယ်ကျောင်းသို့ပို့ပြီး၊ ဒုတိယပြစ်မှုအတွက် ကြိမ်ဒဏ်အချက် ၂၀ ရိုက်ခတ်စေရန် အမိန့်ချမှတ်ခြင်းသည် မှန်၏။

*[အစိုးရနှင့် ဘိုးရွှေ၊ အတွဲ-၁၂ ရန်ကုန် ၃၄၄]*

၉။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးအာဏာအပ်နှင်းခြင်းခံရသည့် တရားသူကြီးသည် ပုဒ်မ ၃၂၆ အရ ပြစ်မှုကျူးလွန်သူကို အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ် အပြစ်ဒဏ်အပြင် ကြိမ်ဒဏ်လည်း ချမှတ်နိုင်သည်။

*[မောင်ကျန်နှင့်အစိုးရ၊ အတွဲ-၁၄၊ ရန်ကုန် ၆၆၂]*

http://www.cherrythitsar.org



၁၀။ ပုဒ်မ ၃၂၀ ၏ သတ္တမအပိုဒ်တွင် အရိုးကွဲအက်ပါက အပြင်းအထန် နာကျင်မှုဖြစ်သည်ဟုဆိုရာ အရိုး၏အတွင်းဘက်သို့ တောက်လျှောက်ကွဲအက်ခြင်းကိုသာ ရည်ညွှန်းသည်။ အပေါ်ယံမျှသာ ပြတ်ရှပါမူ ပုဒ်မ ၃၂၆ အစား ၃၂၄ အရသာ စီရင်သင့်သည်။

*[ပြည်ထောင်စုနှင့်မောင်ဟန်သာ၊ ၁၉၇၁၊ မြန်မာပြည်စီရင်ထုံး ၁၃၁ ]*

၁၁။ သေသူအား တရားခံက တုတ်နှင့်ရိုက်ပြီး ဝါးစူးနှင့်ထိုးကြောင်း ဝန်ခံသည့်အပြင် အခြားလူများကပါ သေသူအား ဝိုင်းရိုက်ကြသေးကြောင်း သက်သေခံချက်ရှိနေသည့် အမှုမျိုးတွင် တရားခံအပေါ် ပုဒ်မ ၃၀၂(၂)အစား ပုဒ်မ ၃၂၆ အရ ပြစ်ဒဏ်ချမှတ်ခြင်းက ပိုမိုလျော်ကန်သည်။

*[ကိုမြင့်အောင်နှင့်ပြည်ထောင်စု ၁၉၇၆ မြန်မာပြည်စီရင်ထုံး ၁၀၄ ]*

၁၂။ ရာဇသတ်ကြီးပုဒ်မ ၃၂၆- ဓားနှင့် ကလေးအားခုတ်ခြင်းကိစ္စ- ပုဒ်မ ၃၃၅ အရ အပြစ်ပေးခြင်းမှာ မှားယွင်းခြင်း- အပြစ်ဒဏ်ပေးခြင်းကိစ္စ- ပူဆွေးခြင်းနှင့် ဒေါသအလျောက်ပြုခြင်း- ကလဲ့စားချေသည့် ထုံးတမ်း- ချင်းလူမျိုးတို့၏ အယူအဆ- ခေတ်နှင့်မလျော်ညီသော်လည်း စဉ်းစားရမည်ဖြစ်ခြင်း။

**ဆုံးဖြတ်ချက်**။ ။ ဥပဒေအရကြည့်လျှင် အဖြစ်အပျက်များသည် ထင်ရှားသဖြင့် ရာဇသတ်ကြီးပုဒ်မ ၃၃၅ အရ၊ အပြစ်ပေးခြင်းသည် မှားယွင်းကြောင်း လက်ခံရမည်ဖြစ်သည်။ ဆီလျော်သော ပုဒ်မသည် ၃၂၆ ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ခြင်း**။ ။ ပြစ်ဒဏ်စီရင်ခြင်းနှင့်ပတ်သက်၍ စဉ်းစားသောအခါ၌ အယူခံတရားလိုသည် မိမိလင်ယောကျ်ား သေဆုံးရခြင်းနှင့်ပတ်သက်၍ ပူဆွေးခြင်းဖြစ်ရသည်လည်းတစ်ကြောင်း၊ ဒေါသဖြစ်ရသည်လည်းတစ်ကြောင်း၊ ချင်းထုံးစံအရ ဂလဲ့စားချေနိုင်သည်။ ကလဲ့စားချေရန် တာဝန်လည်းရှိသည် ဟူသော အယူအဆ အစွဲရှိခဲ့သည်လည်းတစ်ကြောင်းကြောင့် ၎င်းအပေါ် သက်ညှာစွာ ပြစ်ဒဏ်ချမှတ်သင့်သည်ဟု ယူဆသည်။

*[ ပထစနှင့်မဟွန်နူး / မဟွန်နူးနှင့်ပထစ ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၁၆၃ ]*

၁၃။ ရာဇသတ်ကြီးပုဒ်မ ၃၂၆ အရ၊ ပြစ်မှုထင်ရှားစီရင်ခြင်း- ရာဇသတ်ပုဒ်မ ၃၉၆ အရ၊ တရာစွဲဆိုမှု- အယူခံရာတွင် ရာဇသတ်ကြီးပုဒ်မ ၃၉၆ အရ၊ ပြောင်းလဲအပြစ်ပေးရန် သင့် မသင့်။

အောက်ရုံး၌ အယူခံတရားလိုအား ရာဇသတ်ပုဒ်မ ၃၉၆ အရ တရားစွဲဆိုခဲ့သော်လည်း ထိုပုဒ်မအရ စွဲချက်မတင်ဘဲ ရာဇသတ်ပုဒ်မ ၃၂၆ အရသာ စွဲချက်တင်ပြီး အပြစ်ပေးခဲ့သဖြင့် ပုဒ်မ ၃၉၆ အရ၊ ယခု ဤအယူခံအမှုတွင် ပြောင်းလဲအပြစ်ပေးပါက သေးငယ်သောပြစ်မှုမှ ကြီးလေးသောပြစ်မှုသို့ ပြောင်းလဲအပြစ်ပေးသည့် အနေသို့ ရောက်နေပေမည်။ အကယ်၍ အယူခံတရားလိုအပေါ် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၂၃ နှင့် ၄၃၉ အရ ပြင်ဆင်မှုဖွင့်လှစ်ပြီး အရေးယူခဲ့ပါမူ အောက်ရုံးမှ အပြစ်ပေးခဲ့သည့် ရာဇသတ်ပုဒ်မ ၃၂၆ အစား ပုဒ်မ ၃၉၆ သို့ ပြောင်းလဲအပြစ်ပေး

http://www.cherrythitsar.org



နိုင်မည်။ ယခုအမှုတွင်မူ အယူခံတရားလိုအပေါ် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၂၃ နှင့် ၄၃၉ တို့အရ ပြင်ဆင်မှုဖွင့်လှစ်အရေးယူခဲ့ခြင်းမရှိသဖြင့် ရာဇသတ်ကြီးပုဒ်မ ၃၉၆ အရ စွဲချက်ပြောင်းလဲပြီး အပြစ်ပေးခြင်းမပြုနိုင်ပေ။

*[မောင်အားပို(ခ)မောင်သောင်းနှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၁၇၉ ]*

၁၄။ ရာဇသတ်ကြီးပုဒ်မ ၃၂၅ နှင့် ၃၂၆ အရ ပြစ်မှုထင်ရှားစီရင်ခြင်း- ပြင်းထန်သော ဒဏ်ရာများကို အသက်အန္တရာယ်ဖြစ်စေတတ်သော လက်နက်များဖြင့် ပြုလုပ်ခြင်း- မည်သူက ပြုလုပ်သော အပြင်းအထန်နာကျင်စေမှုကြောင့် သေဆုံးသွားရသည့် ဒွိဟ သံသယ။

**ဆုံးဖြတ်ချက်**။ ။ ဆရာဝန်ကြီး၏ထွက်ချက်အရဆိုလျှင် ဒဏ်ရာများသည် အလွန်ပြင်းထန်သော ဒဏ်ရာများဖြစ်သည်ကို တွေ့ရှိရသည်။ ဦးခေါင်းတွင် ဒဏ်ရာ နှစ်ချက်တွေ့ရှိရုံမျှနှင့် လူ ၃-၄ ယောက်တို့သည် ဝိုင်းရိုက်သည်ဟု မဖြစ်နိုင်ပါဟု မပြောနိုင်ပေ။ ထိုရရှိသောဒဏ်ရာပေါ်တွင် ထပ်ဆင့်ရိုက်ပါက ဖြစ်နိုင်စရာ အကြောင်း ရှိသည်။

သို့ကြောင့်ပင် ဆရာဝန်ကြီးက နောက်စေ့ပတ်ဝန်းကျင် ညာဘက်နဖူးပတ်ဝန်းကျင်နှင့် ညာဘက်ပါးစောင်ရိုးပတ်ဝန်းကျင်တို့တွင် ဖူးရောင်နေခြင်းများသည် အသားမကွဲဘဲ ထိုနေရာများကို ထပ်ဆင့်၍ ရိုက်ပါကလည်း ဖြစ်နိုင်သည်ဟု ထွက်ဆိုသွားသည်။ ၎င်းအပြင် အယူခံတရားလိုများအသုံးပြုသော လက်နက်များကို ကြည့်ရှုသောအားဖြင့် သိရှိနိုင်သည်မှာ အယူခံတရားလိုများသည် အသက်အန္တရာယ်ကိုဖြစ်စေတတ်သော လက်နက်များကို အသုံးပြုထားသောကြောင့်ဖြစ်သည်။ အယူခံတရားလို ၄ ဦးလုံးက ပြုလုပ်သော ဒဏ်ရာများမှာ မည်သည့်နည်းနှင့်မျှ ရိုးရိုးနာကျင်စေမှုမဖြစ်နိုင်ဘဲ အပြင်းအထန်နာကျင်စေမှု ပြုလုပ်သည်ဆိုရာ၌ ဒွိဟ သံသယ ဖြစ်ဘွယ်ရာအကြောင်း မပေါ်ပေါက်ပေ။ ဆိုလိုရင်းမှာ အယူခံတရားလို တိုင်းကပင်လျှင် သေသူအပေါ် ဒဏ်ရာရအောင် ပြုလုပ်ခြင်းများသည် အပြင်းအထန် နာကျင်မှုဖြစ်အောင်ပြုလုပ်ခြင်းများဖြစ်ပေသည်။ သို့ရာတွင် မည်သူက ပြုလုပ်သောနာကျင်စေမှုကြောင့် သေဆုံးသွားရသည်ကို မပြောနိုင်သဖြင့် လူသတ်မှုနှင့် အရေးမယူဘဲ အပြင်းအထန်နာကျင်စေမှုနှင့်သာ အရေးယူအပြစ်ပေးလိုက်ခြင်း ဖြစ်သည်။

*[သောင်းခိုင်ပါ-၄နှင့်ပြည်ထောင်စု ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၉၆၄ ]*

၁၅။ ရာဇသတ်ကြီးပုဒ်မ ၃၂၆/၃၂၆/၁၁၄ အရ မှုပြစ်ထင်ရှားစီရင်ခြင်း၊ သေဆုံးရရှိသည့်ဒဏ်ရာများ - အသက်ကို သေစေသည့်ဒဏ်ရာမှာ မည်သူပြုလုပ်၍ရရှိသည့်ဒဏ်ဖြစ်ကြောင်း သက်သေခံချက်မရှိခြင်း - သေဆုံးသူအား ဝိုင်းဝန်းခုတ်ထစ်ကြသူအား လုံးတို့သည် ရာဇသတ်ကြီးပုဒ်မ ၃၂၆ အရသာလျှင် ပြစ်မှုထင်ရှားစီရင်ထိုက်သည်ဟု အမြဲတစေ ယူဆသင့်မသင့် - အကြံတူ ရှိမရှိဆိုသည့် ပြဿနာ

http://www.cherrythitsar.org



ကို ဆုံးဖြတ်ရန်မှာ အလွန်ခဲယဉ်းခြင်း၊ လူ၏ စိတ်နေစိတ်ထားပေါ်၌ တည်ရှိသည့် အချက်ကို တိုက်ရိုက်သက်သေခံချက် ရရှိရန် အလွန်ခဲယဉ်းခြင်း - အကြံတူတစ်ခု ရှိနေပါသည်ဟူသောအချက်မှလွဲ၍ အခြားမည်သည့်အချက်မျိုးမှ ရှိနိုင်မည်မဟုတ်ဟု ယူဆနိုင်သောအခါမှသာလျှင် အကြံတူတစ်ခုရှိသည်ဟု ကောက်ယူဆုံးဖြတ်သင့်ခြင်း - အကြံတူတစ်ခုရှိမရှိဟူသော ပြဿနာသည် အလွန်ဒွိဟ သံသယဖြစ်စရာကောင်းသည့် ပြဿနာသာ ဖြစ်မဖြစ်။

**ဆုံးဖြတ်ချက်** ။ ။ အမှု၏ပတ်ဝန်းကျင် အကြောင်းချင်းရာများနှင့် မောင်ဘိုဖြောင့်ဆိုချက်များတွင် ပေါ်ပေါက်သည့် အချက်အလက်များကို ထောက်ဆ၍ တရားလိုများသည် မောင်သိန်းအောင်အား ဓားနှင့်ခုတ်ရာ၌ မိမိတို့၏ အကြံတူတစ်ခုကို အထမြောက်စေရန် ရည်ရွယ်၍ ပြစ်မှုမြောက်သော ပြုလုပ်မှုကို ပြုမပြုနှင့်ပတ်သက်ပြီး၊ ဆင်ခြင်စဉ်းစားရန် လိုအပ်သည်။ သေသူရရှိသည့်ဒဏ်ရာမှာ မည်သူပြုလုပ်၍ ရရှိသည့်ဒဏ်ရာဖြစ်ကြောင်း သက်သေခံချက် မရှိရုံကာမျှဖြင့် ထိုသေဆုံးသူအား ဝိုင်းဝန်းခုတ်ထစ်ကြသူ အားလုံးတို့သည် ရာဇသတ်ကြီးပုဒ်မ ၃၂၆ အရသာလျှင် ပြစ်မှုထင်ရှားစီရင်ထိုက်သည်ဟု အမြဲတစေ မယူဆသင့်ချေ။

တရားခံများ၌ အကြံတူတစ်ခု ရှိမရှိကိုဆုံးဖြတ်ရန်မှာ အလွန်ခဲယဉ်းသည့် ပြဿနာဖြစ်သည်။ ထိုအချက်သည် လူ၏စိတ်နေစိတ်ထားအပေါ်၌တည်ရှိသည့် အချက်ဖြစ်ရကား တိုက်ရိုက်သက်သေခံချက်ရရှိရန် အလွန်ခဲယဉ်း၏။ များသောအားဖြင့် ထိုပြဿနာကို ဆင်ခြင်ရာ၌ အမှုပတ်ဝန်းကျင်အကြောင်းခြင်းရာများနှင့်တကွ၊ တရားခံများ အသုံးပြုသည့် လက်နက်များ၊ အချင်းမဖြစ်မီ အချိန်အနည်းငယ်အတွင်း၌၎င်း၊ အချင်းဖြစ်ပြီးနောက် အချိန်အနည်းငယ်အတွင်းတွင်၎င်း၊ တရားခံများ၏ ပြုမူသွားလာနေထိုင်ပုံ၊ ၎င်းတို့၏ ပြောဆိုကြိမ်းမောင်းချက် အစရှိသည်တို့ကို ထည့်သွင်းစဉ်းစားပြီး ထိုအချက်အားလုံးတို့သည် တရားခံတို့၌ အကြံတူတစ်ခု ရှိနေပါသည်ဟူသော အချက်မှလွဲ၍ အခြားမည်သည့်အချက်မျိုးမှ ရှိနိုင်မည်မဟုတ်ဟု ယူဆနိုင်သောအခါမှသာလျှင် ထိုကဲ့သို့သော အကြံတူတစ်ခုရှိသည်ဟု ကောက်ယူဆုံးဖြတ်သင့်လေသည်။

*[မောင်ဘင်အောင်နှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၆၆၁ ]*

**ပစ္စည်းကိုခြောက်လှန့်တောင်းရန်ဖြစ်စေ၊ ဥပဒေနှင့် မညီသောပြုလုပ်မှုကိုပြုစေခြင်းငှာ၊ အတင်းအဓမ္မပြုရန်ဖြစ်စေ မိမိအလိုအလျောက်နာကျင်စေမှု၊ (ပုဒ်မ ၃၂၇)**

**Vlountarily causing hurt to extort property, or to constrain to an illegal act. (Section 327)**

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

အပြုခံရသူထံမှဖြစ်စေ၊ အပြုခံရသူနှင့် အကျိုးသက်ဆိုင်သူထံမှဖြစ်စေ ပစ္စည်းကို၊ သို့တည်းမဟုတ် အဖိုးတန်စာတမ်းအမှတ်အသားကို ခြောက်လှန့်တောင်းရန်

http://www.cherrythitsar.org



သော်လည်းကောင်း၊ ဥပဒေနှင့်မညီသောအရာကို၊ သို့တည်းမဟုတ် ပြစ်မှုကျူးလွန်ခြင်းကို လွယ်ကူစေသောအရာကို ပြုစေခြင်းငှာ အပြုခံရသူကိုဖြစ်စေ၊ အပြုခံရသူနှင့် အကျိုးသက်ဆိုင်သူကိုဖြစ်စေ အတင်းအဓမ္မပြုစေရန်သော်လည်းကောင်း မည်သူမဆို၊ မိမိအလိုအလျောက် နာကျင်စေလျှင်၊ ထိုသူကို ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် နာကျင်စေခြင်း။

၂။ ထိုသို့ပြုခြင်းမှာ အပြုခံရသူထံမှဖြစ်စေ၊ အကျိုးသက်ဆိုင်သူထံမှဖြစ်စေ -

(က) ခြောက်လှန့်တောင်းရန်ဖြစ်ခြင်း၊ သို့မဟုတ်

(ခ) ဥပဒေနှင့်မညီသောအရာကို ပြုစေရန်ဖြစ်ခြင်း၊ သို့မဟုတ်

(ဂ) ပြစ်မှုကျူးလွန်ခြင်းကို လွယ်ကူစေသောအရာကို ပြုစေရန်ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၂၇ | ပစ္စည်းကို၊ သို့မဟုတ် အဖိုးတန်စာတမ်း အမှတ်အသားကို ခြောက်လှန့်တောင်းရန်ဖြစ်စေ ဥပဒေနှင့်မညီသောအရာကို သို့မဟုတ် ပြစ်မှုကျူးလွန်ခြင်းကို လွယ်ကူစေသောအရာကို ပြုစေခြင်းငှာ အတင်းအဓမ္မပြုရန်ဖြစ်စေ မိမိအလိုအလျောက်နာကျင်စေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၁၀နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင်၊ ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ်ပထမတန်း အာဏာရရာဇဝတ် တရားသူကြီး |

**ပြစ်မှုကျူးလွန်ရန် ကြံရွယ်၍ အဆိပ် စသည်များဖြင့် နာကျင်စေမှု။ (ပုဒ်မ ၃၂၈)**

**Causing hurt by means of poison etc., with intent to commit an offence. (Section 328)**

**ဥပဒေပုဒ်မဆိုချက်**

မည်သူမဆို၊ တစ်ဦးတစ်ယောက်သောသူအား နာကျင်စေရန် ကြံရွယ်ချက်နှင့်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရန် ကြံရွယ်ချက်နှင့်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ခြင်းကို လွယ်ကူစေရန် ကြံရွယ်ချက်နှင့်ဖြစ်စေ၊ နာကျင်စေတန်ရာသည်ကို သိလျက်နှင့်ဖြစ်စေ အဆိပ်ကိုသော်လည်းကောင်း၊ ထိုင်းမှိုင်းစေသော၊ သို့တည်းမဟုတ် မူးယစ်စေသော၊ သို့တည်းမဟုတ် မကျန်းမမာစေသော ဆေးဘက်ဝင်ဝတ္ထုကိုသော်လည်းကောင်း၊ မကျန်းမမာစေသော အခြားအရာဝတ္ထုတစ်ခုခုကိုသော်လည်းကောင်း သင့်စေလျှင် ထိုသူကို ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

http://www.cherrythitsar.org



**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် တစ်ဦးတစ်ယောက်အား သင့်စေခြင်း။

၂။ ထိုကဲ့သို့ သင့်စေသော အရာဝတ္ထုမှာ အဆိပ် သို့မဟုတ် ပုဒ်မတွင် ဖော်ပြထားသည့် ဥပါဒ်ရောက်စေသည့် အရာဝတ္ထုဖြစ်ခြင်း။

၃။ ထိုသို့ပြုခြင်းမှာ -

(က) နာကျင်စေရန်ကြံရွယ်ချက်နှင့်ဖြစ်ခြင်း သို့မဟုတ်

(ခ) နာကျင်စေတန်ရာသည်ကို သိလျက်နှင့်ဖြစ်ခြင်း သို့မဟုတ်

(ဂ) ပြစ်မှုကျူးလွန်ရန်အကြံ သို့မဟုတ် ပြစ်မှုကျူးလွန်ခြင်းကို လွယ်ကူစေရန် ကြံရွယ်ချက်နှင့်ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲကဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၂၈ | နာကျင်စေရန်ကြံရွယ်ချက်စသည်ဖြင့် တစ်ဦးတစ်ယောက်အား အဆိပ် စသည်များဖြင့် နာကျင်စေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၁၀နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး |

**စီရင်ထုံး**

၁။ သင့်စေသော အဆိပ်သည် မည်ရွေ့မည်မျှရှိသည်။ အသက်အန္တရာယ်ကို မည်သို့ ထိခိုက်စေနိုင်သည်ဆိုသော အထောက်အထားမရှိလျှင် ဤပုဒ်မအရ ပြစ်မှုမမြောက်၊ ဤပုဒ်မကို ကျူးလွန်ရန်အားထုတ်မှုသာဖြစ်သည်။

*[မပုနှင့်အစိုးရ၊ အတွဲ ၅၊ အောက်မြန်မာပြည်စီရင်ထုံး ၇၉ ]*

**ပစ္စည်းကိုချောက်လှန့်တောင်းရန်ဖြစ်စေ၊ ဥပဒေနှင့်မညီသောပြုလုပ်မှုကိုပြုစေခြင်းငှာ အတင်းအဓမ္မပြုရန်ဖြစ်စေ၊ မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေမှု။ (ပုဒ်မ ၃၂၉)**

**Voluntarily causing grievous hurt to extort property, or to compel restoration of property. (Section 329)**

**ဥပဒေပြဋ္ဌာန်းချက်**

အပြုခံရသူထံမှဖြစ်စေ၊ အပြုခံရသူနှင့် အကျိုးသက်ဆိုင်သူထံမှဖြစ်စေ ပစ္စည်းကို၊ သို့တည်းမဟုတ် အဖိုးတန်စာတမ်းအမှတ်အသားကို ခြောက်လှန့်တောင်းရန်သော်လည်းကောင်း၊ ဥပဒေနှင့်မညီသောအရာကို၊ သို့တည်းမဟုတ် ပြစ်မှုကျူးလွန်ခြင်းကို လွယ်ကူစေသောအရာကိုပြုစေခြင်းငှာ အပြုခံရသူကိုဖြစ်စေ၊ အပြုခံရသူနှင့် အကျိုးသက်ဆိုင်သူကိုဖြစ်စေ အတင်းအဓမ္မပြုစေရန်သော် လည်းကောင်း မည်သူ

http://www.cherrythitsar.org



မဆို၊ မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေမှုကိုပြုလျှင်၊ ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် အပြင်းအထန် နာကျင်စေခြင်း။

၂။ ထိုကဲ့သို့ပြုခြင်းမှာ -

(က) အပြုခံရသူ သို့မဟုတ် အကျိုးသက်ဆိုင်သူထံမှ ပစ္စည်း သို့မဟုတ် အဖိုးတန် စာတမ်းအမှတ်အသားကို ခြောက်လှန့်တောင်းရန်ဖြစ်ခြင်း။ သို့မဟုတ်

(ခ) ၎င်းတို့အား ဥပဒေနှင့်မညီသောအရာ၊ သို့မဟုတ် ပြစ်မှုကျူးလွန်ခြင်းကို လွယ်ကူစေသောအရာကို ပြုစေရန်ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သမာန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၂၉ | ပစ္စည်း သို့မဟုတ် အဖိုးတန်စာတမ်း အမှတ်အသားကို ခြောက်လှန့်တောင်းရန်ဖြစ်စေ၊ ဥပဒေနှင့်မညီသော၊ သို့မဟုတ် ပြစ်မှုကျူးလွန်ခြင်းကို လွယ်ကူစေသောအရာကိုပြုစေခြင်းငှာ အတင်းအဓမ္မပြုရန်ဖြစ်စေ၊ မိမိအလိုအလျောက် အပြင်းအထန်နာကျင်စေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | တစ်သက်တစ်ကျွန်းဒဏ် ဖြစ်စေ၊ ၁၀နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင်၊ ငွေဒဏ်။ | စက်ရှင် တရားရုံး |

**ခြောက်လှန့်၍ဖြောင့်ချက်ယူရန်ဖြစ်စေ၊ ပစ္စည်းကို ပြန်ပေးအောင် အတင်းအဓမ္မပြုလုပ်ရန်ဖြစ်စေ မိမိအလိုအလျောက် နာကျင်စေမှု။ (ပုဒ်မ ၃၃၀)**

**Voluntarily causing hurt to extort confession, or to compel restoration of property. (Section 330)**

**ဥပဒေပွင့်ဆိုချက်**

အပြုခံရသူထံမှဖြစ်စေ၊ အပြုခံရသူနှင့် အကျိုးသက်ဆိုင်သောသူထံမှဖြစ်စေ ပြစ်မှု၊ သို့တည်းမဟုတ် အကျင့်ပျက်ပြားမှု ပေါ်စေနိုင်သော ဖြောင့်ချက်ကို၊ သို့တည်းမဟုတ် ထိုသို့သော သတင်းပေးချက်ကို ခြောက်လှန့်၍ တောင်းရန်သော်လည်းကောင်း အပြုခံရသူအား၊ သို့တည်းမဟုတ် အပြုခံရသူနှင့် အကျိုးသက်ဆိုင်သူအား ပစ္စည်းကိုဖြစ်စေ၊ အဖိုးတန် စာတမ်းအမှတ်အသားကိုဖြစ်စေ ပြန်ပေးအောင်၊ သို့တည်းမဟုတ် ပြန်ပေးစေအောင်၊ သို့တည်းမဟုတ် တောင်းဆိုချက်ကိုဖြစ်စေ၊

http://www.cherrythitsar.org



လိုလားချက်ကိုဖြစ်စေပေးအောင်၊ သို့တည်းမဟုတ် ပစ္စည်းကိုဖြစ်စေ၊ အဖိုးတန်စာတမ်းအမှတ်အသားကိုဖြစ်စေ၊ ပြန်ရစေနိုင်သော သတင်းကိုပေးအောင် အတင်းအဓမ္မ ပြုစေရန်သော်လည်းကောင်း မည်သူမဆို မိမိအလိုအလျောက် နာကျင်စေမှုကိုပြုလျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**ဥပမာများ။**

(က) ရာဇဝတ်ပြစ်မှုကို ကျူးလွန်ကြောင်း မောင်မဲထံမှ ဖြောင့်ချက်ရစေရန် ရဲအရာရှိ မောင်ဖြူသည် မောင်မဲကို ညှဉ်းပန်းနှိပ်စက်၏။ မောင်ဖြူသည် ဤပုဒ်မအရ ပြစ်မှုကို ကျူးလွန်သည်မည်၏။

(ခ) ခိုးရာပါပစ္စည်းထားသော အရပ်ကိုပြစေရန် ရဲအရာရှိ မောင်ဖြူသည် မောင်မဲကို ညှဉ်းပန်းနှိပ်စက်၏။ မောင်ဖြူသည် ဤပုဒ်မအရ ပြစ်မှုကျူးလွန်သည် မည်၏။

(ဂ) ပေးဆောင်ရမည်ဖြစ်သော အခွန်မပြေကျန်ငွေကို ပေးစေရန် အခွန်တော်အရာရှိ မောင်ဖြူသည် မောင်မဲကို ညှဉ်းပန်းနှိပ်စက်၏။ မောင်ဖြူသည် ဤပုဒ်မအရ ပြစ်မှုကျူးလွန်သည်မည်၏။

(ဃ) ငှားရမ်းခပေးစေရန် မြေရှင်မောင်ဖြူသည် မောင်မဲကို ညှဉ်းပန်းနှိပ်စက်၏။ မောင်ဖြူသည် ဤပုဒ်မအရ ပြစ်မှုကျူးလွန်သည်မည်၏။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် မိမိအလိုအလျောက် နာကျင်စေခြင်း။

၂။ ထိုသို့ နာကျင်စေခြင်းမှာအပြုခံရသူ သို့မဟုတ် ၎င်း၏ အကျိုးသက်ဆိုင်သူထံမှ -

(က) ပြစ်မှု သို့မဟုတ် အကျင့်ပျက်ပြားမှုပေါ်စေနိုင်သော ဖြောင့်ချက်ဖြစ်စေ၊ သတင်းဖြစ်စေရအောင် ခြောက်လှန့်၍ တောင်းခြင်း။

(ခ) ပစ္စည်းသို့မဟုတ် အဖိုးတန်စာတမ်းအမှတ်အသားကို ပြန်ပေးအောင်ပြုခြင်း။

(ဂ) တောင်းဆိုချက် သို့မဟုတ် လိုလားချက်ကို ပေးအောင်ပြုခြင်း။

(ဃ) ပစ္စည်းသို့မဟုတ် အဖိုးတန် စာတမ်းအမှတ်အသားကို ပြန်ရစေနိုင်သော သတင်းကိုပေးအောင် အတင်းအဓမ္မပြုခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၃၀ | ခြောက်လှန့်၍ ဖြောင့်ချက်၊ သို့မဟုတ် သတင်းပေးချက်ယူရန်ဖြစ်စေ၊ ပစ္စည်းကို ပြန်ပေးအောင် အတင်းအဓမ္မပြုလုပ်ရန် ဖြစ်စေ မိမိအလိုအလျောက်နာကျင်စေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၇ နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး |

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ ရဲအရာရှိက ဖြောင့်ချက်ကို ညှဉ်းပန်းနှိပ်စက်၍ ရယူခဲ့ကြောင်း ထင်ရှားလျှင် ထိုကဲ့သို့သော အမှုမျိုးမှာ ပေါ်ပေါက်ရန်ခဲယဉ်းသည်ကတစ်ကြောင်း၊ တရားစီရင်ရာ၌ အရေးပါအရာရောက်သည့် ဖြောင့်ချက်ကို မတရားရယူခဲ့ခြင်းဖြင့် တရားစီရင်ရေးလမ်းကြောင်း တိမ်းစောင်းနိုင်သည်ကတစ်ကြောင်း၊ ထိုအကြောင်းများကြောင့် မှတ်လောက်သားလောက်သည့် အပြစ်ဒဏ်ကို ချမှတ်သည်။ မူလရုံးမှ ၃လ အပြစ်ပေးခြင်းကို ၂ နှစ်သို့ တိုးမြှင့်လိုက်သည်။

*[ဦးမောင်မောင်နှင့်ပြည်ထောင်စု၊ ၁၉၆၉၊ မြန်မာပြည်စီရင်ထုံး၊ ၁၂။ (အထူးအယူခံ)]*

၂။ တပ်မတော်၊ ပြည်သူ့ရဲနှင့် ပြည်သူ့ဝန်ထမ်းတို့သည် ပြည်သူကို စောင့်ရှောက်ရသည့်တာဝန်ရှိရာ တရားခံအားဖမ်းဆီးပြီး နှိပ်စက်ခြင်းသည် ပြည်သူကို အန္တရာယ်ပြုရာရောက်၍ ပြစ်မှုသည် ပို၍ကြီးလေးသည်။ သို့ရာတွင် ရိုးရိုးဖြောင့်ဖြောင့် အလုပ်လုပ်သော ဝန်ထမ်းအား မလိုလားသူတို့က လည်ဆယ်၍ တိုင်တန်းတတ်ကြသည်ကို သတိချပ်သင့်သည်။

*[ဦးမောင်မောင်နှင့်ပြည်ထောင်စု၊ ၁၉၆၉၊ မြန်မာပြည်စီရင်ထုံး၊ ၁၂။ (အထူးအယူခံ)]*

၃။ ဦးတင်မောင်အား ဦးလှရီက ပျဉ်လုံးနှင့်ရိုက်ပြီး ဦးမောင်မောင်က လက်သီးနှင့်ထိုးသဖြင့် ဦးမောင်မောင်က နှာခေါင်းရိုးကျိုးသော ဒဏ်ရာရရှိခဲ့ကြောင်း ထင်ရှားသည်။ သို့ရာတွင် ဦးလှရီနှင့် ဦးမောင်မောင်တို့နှစ်ဦးအနက် မည်သူ၏လက်ချက်ကြောင့် ယင်းဒဏ်ရာရရှိခဲ့ကြောင်း ခွဲခြား၍ တပ်အပ်သေချာစွာ မပြောနိုင်သောကြောင့် ဦးလှရီနှင့် ဦးမောင်မောင်တို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၁ အရ ပြစ်မှုထင်ရှားစီရင်ရန် မသင့်ပေ။ တစ်ဆင့်နိမ့်သောပြစ်မှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၀ အရသာလျှင် ပြစ်မှုထင်ရှား စီရင်ရန်ဖြစ်သည်။

*[ဦးလှရီနှင့်ပြည်ထောင်စု ၁၉၇၅ မြန်မာပြည်စီရင်ထုံး ၉၁ ]*

**ချောက်လှန့်၍ဖြောင့်ချက်ယူရန်ဖြစ်စေ၊ ပစ္စည်းကို ပြန်ပေးအောင် အတင်းအဓမ္မပြုရန်ဖြစ်စေ၊ မိမိ အလိုအလျောက် အပြင်းအထန်နာကျင်စေမှု၊ (ပုဒ်မ ၃၃၁)**

**Voluntarily causing grievous hurt to extort confession or to compel restoration of property. (Section 331)**

**ဥပဒေပြဋ္ဌာန်းချက်**

အပြုခံရသူထံမှဖြစ်စေ၊ အပြုခံရသူနှင့် အကျိုးသက်ဆိုင်သောသူထံမှဖြစ်စေ ပြစ်မှု၊ သို့တည်းမဟုတ် ကိုယ်ကျင့်ပျက်ပြားမှု ပေါ်စေနိုင်သော ဖြောင့်ချက်ကို၊ သို့တည်းမဟုတ် ထိုသို့သော သတင်းပေးချက်ကို ခြောက်လှန့်၍တောင်းရန်သော်လည်းကောင်း အပြုခံရသူအား၊ သို့တည်းမဟုတ် အပြုခံရသူနှင့် အကျိုးသက်ဆိုင်သူအား ပစ္စည်းကိုဖြစ်စေ၊ အဘိုးတန်စာတမ်းအမှတ်အသားကိုဖြစ်စေ ပြန်ပေးအောင်၊ သို့တည်းမဟုတ် ပြန်ပေးစေအောင်၊ သို့တည်းမဟုတ် တောင်းဆိုချက်ကိုဖြစ်စေ၊

http://www.cherrythitsar.org



လိုလားချက်ကိုဖြစ်စေ ပေးအပ်အောင်၊ သို့တည်းမဟုတ် ပစ္စည်းကိုဖြစ်စေ၊ အဖိုးတန် စာတမ်းအမှတ်အသားကိုဖြစ်စေ၊ ပြန်ရစေနိုင်သော သတင်းကိုပေးအောင် အတင်းအဓမ္မ ပြုစေရန်သော်လည်းကောင်း မည်သူမဆို၊ မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေမှုကိုပြုလျှင် ထိုသူကို ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ ပုဒ်မ ၃၃၀ အတိုင်းပင်ဖြစ်သည်။

၂။ သာမန်နာကျင်မှုအစား အပြင်းအထန် နာကျင်မှုရရှိစေခြင်းသော ခြားနားမှု ရှိသည်။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၃၁ | ခြောက်လှန့်၍ ဖြောင့်ချက်၊ သို့မဟုတ် သတင်းပေးချက်ယူရန်ဖြစ်စေ၊ ပစ္စည်းကို ပြန်ပေးအောင် အတင်းအဓမ္မပြုလုပ်စေရန် ဖြစ်စေ၊ မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၁၀နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး |

**ပြည်သူ့ဝန်ထမ်းအား တာဝန်ဝတ္တရား ဆောင်ရွက်ခြင်းမှ ဟန့်တားရန် မိမိအလိုအလျောက် နာကျင်စေမှု။ (ပုဒ်မ ၃၃၂)**

**Voluntarily causing hurt to deter public servant from his duty. (Section 332)**

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် တာဝန်ဝတ္တရားဆောင်ရွက်နေသော ပြည်သူ့ဝန်ထမ်းဖြစ်သူကို မိမိအလိုအလျောက် နာကျင်စေလျှင်၊ သို့တည်းမဟုတ် ထိုသူကိုဖြစ်စေ၊ အခြားပြည်သူ့ဝန်ထမ်းကိုဖြစ်စေ ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် တာဝန်ဝတ္တရား ဆောင်ရွက်ခြင်းမှ တားဆီးရန်၊ သို့တည်းမဟုတ် ဟန့်တားရန်အကြံဖြင့် မိမိအလို အလျောက် နာကျင်စေလျှင်၊ သို့တည်းမဟုတ် ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် မိမိ၏ တာဝန်ဝတ္တရားကို ဥပဒေနှင့်အညီ ဆောင်ရွက်နေစဉ် ထိုသူပြုပြီးသော သို့တည်း မဟုတ် ပြုရန်အားထုတ်ပြီးသော အကြောင်းကြောင့် ထိုသူအား မိမိအလိုအလျောက် နာကျင်စေမှုကိုပြုလျှင် ထိုသို့နာကျင်စေမှုပြုသောသူကို သုံးနှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

http://www.cherrythitsar.org



**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တရားခံသည် နာကျင်စေခြင်း။

၂။ နာကျင်စေသောသူမှာ ပြည်သူ့ဝန်ထမ်းဖြစ်သည်။

၃။ နာကျင်စေခြင်းမှာ -

(က) ပြည်သူ့ဝန်ထမ်းသည် ပြည်သူ့ဝန်ထမ်းအဖြစ် တာဝန်ဝတ္တရား ဆောင်ရွက်နေစဉ်ဖြစ်ခြင်း၊ သို့မဟုတ်

(ခ) ပြည်သူ့ဝန်ထမ်းအဖြစ် တာဝန်ဝတ္တရားဆောင်ရွက်ခြင်းမှ တားဆီးရန် ဟန့်တားရန်အကြံဖြင့်ပြုခြင်း၊ သို့မဟုတ်

(ဂ) ပြည်သူ့ဝန်ထမ်း အဖြစ်ဖြင့် တာဝန်ဝတ္တရားကို ဥပဒေနှင့်အညီ ဆောင်ရွက်နေစဉ်၊ ဆောင်ရွက်ပြီးသော၊ ဆောင်ရွက်ရန်အားထုတ်ပြီး သောအကြောင်းကြောင့် ပြုခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၃၂ | ပြည်သူ့ဝန်ထမ်းအား တာဝန်ဝတ္တရား ဆောင်ရွက်ခြင်းမှ ဟန့်တားရန် မိမိအလိုအလျောက် နာကျင်စေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိထောင်အတ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ အတ်နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ်၊ ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**ပြည်သူ့ဝန်ထမ်းအား တာဝန်ဝတ္တရား ဆောင်ရွက်ခြင်းမှ ဟန့်တားရန် မိမိအလို အလျောက် အပြင်းအထန် နာကျင်စေမှု။ (ပုဒ်မ ၃၃၃)**

**Voluntarily causing grievous hurt to deter public servant from his duty. (Section 333)**

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် တာဝန်ဝတ္တရားဆောင်ရွက်နေသော ပြည်သူ့ဝန် ထမ်းဖြစ်သူကို မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေလျှင်၊ သို့တည်း မဟုတ် ထိုသူကိုဖြစ်စေ၊ အခြားပြည်သူ့ဝန်ထမ်းကိုဖြစ်စေ ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် တာဝန်ဝတ္တရားဆောင်ရွက်ခြင်းမှ တားဆီးရန်၊ သို့တည်းမဟုတ် ဟန့်တားရန်အကြံ ဖြင့် မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေလျှင်၊ သို့တည်းမဟုတ် ပြည်သူ့ ဝန်ထမ်းအဖြစ်ဖြင့် မိမိ၏ တာဝန်ဝတ္တရားကို ဥပဒေနှင့်အညီ ဆောင်ရွက်နေစဉ် ထိုသူပြုပြီးသော၊ သို့တည်းမဟုတ် ပြုရန်အားထုတ်ပြီးသော အကြောင်းကြောင့် ထိုသူအား မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေမှုကိုပြုလျှင်၊ ထိုသို့နာကျင် စေမှုပြုသောသူကို ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ် လည်း ချမှတ်နိုင်သည်။

http://www.cherrythitsar.org



**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပြည်သူ့ဝန်ထမ်းသည် ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် တာဝန်ဝတ္တရားဆောင်ရွက် နေဆဲဖြစ်ရမည်။ မည်သို့ရည်ရွယ်ချက်ရှိသည်၊ အကြောင်းရှိသည်ဆိုခြင်းကို စူးစမ်းသုံးသပ်ရန်မလိုပေ။

၂။ ပြည်သူ့ဝန်ထမ်းအား ပြည်သူ့ဝန်ထမ်း၏ တာဝန်ဝတ္တရားအရ ပြုပြီးသော၊ ပြုရန်အားထုတ်ပြီးသော အကြောင်းကြောင့်ဖြစ်ခြင်း၊ နာကျင်စေသည့် အချိန် တွင် တာဝန်ဝတ္တရားကို ဆောင်ရွက်နေဆဲဖြစ်ရန် မလိုပေ။ နာကျင်စေခြင်း၏ အကြောင်းရင်းကိုသာ ရှာဖွေတင်ပြရန်လိုသည်။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၃၃ | ပြည်သူ့ဝန်ထမ်းအား တာဝန်ဝတ္တရား ဆောင်ရွက်ခြင်းမှဟန့်တားရန် မိမိအလိုအလျောက် အပြင်းအထန်နာကျင်စေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၁၀နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး |

**ဒေါသထွက်အောင်ပြုမှုကြောင့် မိမိအလို အလျောက် နာကျင်စေမှု။ (ပုဒ်မ ၃၃၄)**

**Voluntarily causing hurt on provocation. (Section 334)**

**ဥပဒေပြဋ္ဌာန်းချက်**

ဒေါသထွက်အောင် ပြုသူမှတစ်ပါး၊ အခြားသူအား နာကျင်စေရန် မကြံရွယ် ခဲ့သော်၊ သို့တည်းမဟုတ် နာကျင်စေတန်ရာသည်ကို မိမိမသိခဲ့သော် မည်သူမဆို၊ မိမိအား ရုတ်တရက် အကြီးအကျယ် ဒေါသထွက်အောင်ပြုမှုကြောင့် မိမိအလို အလျောက် နာကျင်စေမှုကိုပြုလျှင်၊ ထိုသူကို တစ်လထိ ထောင်ဒဏ်တစ်မျိုးမျိုး ဖြစ်စေ၊ ငါးရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ အလိုအလျောက် နာကျင်စေမှုကိုပြုခြင်း။

၂။ ထိုကဲ့သို့ပြုသူမှာ တရားခံဖြစ်ခြင်း။

၃။ ရုတ်တရက်အကြီးအကျယ် ဒေါသထွက်အောင်ပြုမှုကြောင့်ဖြစ်ခြင်း။

၄။ ဒေါသထွက်အောင်ပြုသူကိုသာ နာကျင်စေရန်ကြံရွယ်၍သော်လည်းကောင်း၊ နာကျင်စေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်းပြုခဲ့ခြင်း။

http://www.cherrythitsar.org



<u>**ကျင့်ထုံး**</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၃၄ | ဒေါသထွက်အောင်ပြုသူမှတစ်ပါး အခြားသူအား နာကျင်စေရန်မကြံရွယ်ဘဲနှင့် ရုတ်တရက် အကြီးအကျယ် ဒေါသထွက်အောင်ပြုလုပ်မှုကြောင့် မိမိအလိုအလျောက်နာကျင်စေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | သမ္မာန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁လထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်၅၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | မည်သည့်ရာဇဝတ် တရားသူကြီးမဆို။ |

## ဒေါသထွက်အောင် ပြုမှုကြောင့် မိမိအလို အလျောက် အပြင်းအထန် နာကျင်စေမှု။ (ပုဒ်မ ၃၃၅)

## Voluntarily causing grievous hurt on provocation. (Section 335)

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

ဒေါသထွက်အောင်ပြုသူမှတစ်ပါး၊ အခြားသူအား နာကျင်စေရန် မကြံရွယ်ခဲ့သော်၊ သို့တည်းမဟုတ် နာကျင်စေတန်ရာသည်ကို မိမိမသိခဲ့သော် မည်သူမဆို၊ မိမိအား ရုတ်တရက် အကြီးအကျယ် ဒေါသထွက်အောင်ပြုမှုကြောင့် မိမိအလို အလျောက် အပြင်းအထန် နာကျင်စေမှုကိုပြုလျှင်၊ ထိုသူကို လေးနှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ နှစ်ထောင်ထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ရှင်းလင်းချက်**။ အထက်ပါပုဒ်မ ၃၃၄ နှင့် ၃၃၅ တို့သည် ပုဒ်မ ၂၉၉(၂)ရှိ ကင်းလွတ်ချက်(က)ပါ ခြွင်းချက်များနှင့်မဆန့်ကျင်စေရ။

<u>**အကျုံးဝင်သည့် အင်္ဂါရပ်များ**</u>

၁။ ပုဒ်မ ၃၃၄ အတိုင်းပင်ဖြစ်သည်။

၂။ ပထမအင်္ဂါရပ်တွင် သာမန်နာကျင်စေမှုအစား အပြင်းအထန်နာကျင်စေမှု ဖြစ်ရန်လိုသည်။

<u>**ကျင့်ထုံး**</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၃၅ | ဒေါသထွက်အောင်ပြုသူမှတစ်ပါး အခြားသူအား နာကျင်စေရန်မကြံရွယ်ဘဲနှင့် ရုတ်တရက် အကြီးအကျယ် ဒေါသထွက်အောင်ပြုလုပ်မှုကြောင့် မိမိအလိုအလျောက်အပြင်းအထန်နာကျင်စေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | သမ္မာန်စာ | အာမခံ ပေးရမည်။ | တရားလိုသက် စစ်ဆေးဆဲ တရားရုံး၏ ခွင့်ပြုချက် ရလျှင်ကျေအေး ခွင့်ရှိသည်။ | ၄နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်ငွေ ၂၀၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ်ပထမတန်း သို့မဟုတ်ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ လင်ဖြစ်သူအား လှံဖြင့်ထိုးသတ်သူကို ကလဲ့စားချေရန် ရှာသော်လည်း မတွေ့သဖြင့် ထိုသူ၏ ကလေးကိုဓားနှင့်ခုတ်၍ အပြင်းအထန် နာကျင်စေလျှင် ပုဒ်မ ၃၂၆ အရ ပြစ်မှုမြောက်မည်ဖြစ်သည်။ ပုဒ်မ ၃၃၅ နှင့် အကျုံးမဝင်။

*[မဟွန်ဒူးနှင့်ပြည်ထောင်စု ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၁၆၃ ]*

၂။ ပုဒ်မ ၃၂၆ အရ စွဲချက်တင်ပြီးနောက် ပုဒ်မ ၃၃၅ ဖြင့်သာ အပြစ်ပေးသည့် တရားခံကို တရားရုံးချုပ်မှ ပြင်ဆင်မှုဖွင့်ပြီး ၃၂၆ အရ ပြစ်မှုသို့ပြင်ဆင်ပြောင်းလဲ အပြစ်ပေးနိုင်မည်ဖြစ်သည်။

*[ပြည်ထောင်စုနှင့်မောင်တင်မောင်၊ ၁၉၆၈ မြန်မာပြည်စီရင်ထုံး ၂၉ ]*

**အခြားသူ၏အသက်ကို၊ သို့တည်းမဟုတ် လုံခြုံရေးကို ဘေးဖြစ်စေသောပြုလုပ်မှု။ (ပုဒ်မ ၃၃၆)**

**Act endangering life or personal safety of others. (Section 336)**

**ဥပဒေပြဋ္ဌာန်းချက်**

လူ့အသက်ကိုဖြစ်စေ၊ အခြားသူတို့၏ လုံခြုံရေးကိုဖြစ်စေ ဘေးဖြစ်အောင် မည်သူမဆို၊ အရမ်းသော်လည်းကောင်း၊ ပေါ့လျော့စွာသော်လည်းကောင်း ပြုလုပ်မှု တစ်ခုခုကိုပြုလျှင် ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငါးရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ပြုလုပ်မှုတစ်ခုခုကိုပြုခြင်း။
ပုဒ်မ ၃၂ အရ ပြုလုပ်မှုဆိုသည့် စကားရပ်တွင် ဥပဒေနှင့်မညီသော ပျက်ကွက်မှုလည်းပါဝင်ပေသည်။

၂။ တရားခံ ထိုပြုလုပ်မှုကို အရမ်းသော်လည်းကောင်း၊ ပေါ့လျော့စွာသော်လည်းကောင်းပြုခြင်း။

၃။ ယင်းပြုလုပ်မှုသည် လူ့အသက် သို့မဟုတ် လုံခြုံရေးကို ဘေးဖြစ်စေနိုင်သည်။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၃၆ | လူ့အသက်ကိုဖြစ်စေ၊ အခြားသူတို့၏ လုံခြုံရေးကိုဖြစ်စေ၊ ဘေးဖြစ်စေအောင်ပြုလုပ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | သမ္မာန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်ငွေ၅၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ တရားခံသည် ပြုလုပ်မှုတစ်ခုခုကို ကြံရွယ်ချက်ဖြင့်သော်လည်းကောင်း၊ အသိစိတ်ဖြင့်သော်လည်းကောင်း ပြုပါက ၎င်း၏ပြုလုပ်မှုသည် အရမ်း သို့မဟုတ် ပေါ့လျော့စွာ ပြုခဲ့သည့် ပြုလုပ်မှုဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ တမင်နာကျင်အောင်ပြုခြင်း၊ နာကျင်စေရန် အကြံဖြင့်ပြုခြင်း စသည်တို့မှာ အရမ်း သို့မဟုတ် ပေါ့လျော့စွာပြုခဲ့ခြင်းမဟုတ်၍ ဤပုဒ်မနှင့် အကျုံးမဝင်ပေ။

*[အစိုးရနှင့်ရွှေလူ (၁၉၀၄-၀၆) အတွဲ-၁၊*
*အထက်မြန်မာပြည်စီရင်ထုံး ၆ (ပြစ်မှုဆိုင်ရာ) ]*
*[အစိုးရနှင့်ဘိုးအောင်(၁၉၀၄-၀၆)အတွဲ-၁၊*
*အထက်မြန်မာပြည်စီရင်ထုံး ၁၅ (ပြစ်မှုဆိုင်ရာ) ]*

၂။ တရားခံက အိမ်ကိုခဲနှင့်ပေါက်ရာ၌ အိမ်ပေါ်၌ လူမရှိလျှင် လူ၏အသက်ကို လုံခြုံမှုကို ဘေးဖြစ်စေရန်အကြောင်းရှိသည်ဟု ဆိုနိုင်မည်မဟုတ်ချေ။ အကျိုးပျက်စီးမှုသာ ဖြစ်ပေသည်။

*[မငြိမ်းကလေးနှင့်မောင်စိန် အတွဲ(၅) အထက်မြန်မာပြည်စီရင်ထုံး၊ ၁၀၀(စုံညီခုံ)]*
*[အစိုးရနှင့်သာကူး၊ ရွေးချယ်ထားသောစီရင်ထုံးများ၊ အောက်မြန်မာပြည် ၉၁]*

၃။ တရားခံသည် အိမ်အတွင်းရှိ လူတစ်ဦးဦးအား ထိမှန်မည်ကို မစူးစမ်းမဆင်ခြင်ဘဲ အရမ်းသော်လည်းကောင်း၊ ပေါ့လျော့စွာသော်လည်းကောင်း ခဲနှင့်ပေါက်လျှင် ဤပုဒ်မနှင့် အကျုံးဝင်မည်ဖြစ်သည်။

*[အစိုးရနှင့်ဘိုးဂေါင် (၁၈၉၂-၉၆) အတွဲ-၁၊ အထက်မြန်မာပြည်စီရင်ထုံး ၂၁၉]*
*[အစိုးရနှင့်မြတ်သင်း၊ ပုံနှိပ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်စီရင်ထုံး ၂၁၉]*

၄။ တရားခံက အိမ်သားများအား ကြောက်ရွံ့စေရန်၊ နာကျင်စေရန် အကြံဖြင့် အိမ်ထဲသို့ ပုလင်းကိုပစ်သွင်းလျှင် ၎င်း၏ပြုလုပ်မှုသည် အရမ်း သို့မဟုတ် ပေါ့လျော့စွာပြုမှုဖြစ်သည်ဟု မဆိုနိုင်၍ ဤပုဒ်မအရ ပြစ်မှုမမြောက်၊ ပုဒ်မ ၃၅၁ အရ လက်ရောက်မှုသာဖြစ်သည်။

*[အစိုးရနှင့်ဘိုးတော၊ အတွဲ-၁၊ အောက်မြန်မာပြည်စီရင်ထုံး ၁၉၄ ]*

၅။ တရားခံ၏အိမ်ကို ခဲနှင့်အပေါက်ခံရသဖြင့် တရားခံက ခဲပေါက်သူကို ခြောက်လှန့်ရန် သေနတ်နှင့်ပစ်လျှင် တရားခံ၏ပြုလုပ်မှုသည် တမင်ပစ်ခြင်းဖြစ်၍ အရမ်း သို့မဟုတ် ပေါ့လျော့သည့်ပြုလုပ်မှု မဟုတ်သဖြင့် ဤပုဒ်မနှင့် အကျုံးမဝင်နိုင်။ သေနတ်နှင့်ပစ်ခြင်းသည် ခဲပေါက်သူအား ခြောက်လှန့်ရန်ဖြစ်ပြီး တစ်စုံတစ်ယောက်အား ထိအောင်ပစ်ခြင်းမဟုတ်၍ မည်သည့်ပြစ်မှုကိုမှ ကျူးလွန်ခြင်းမရှိဟု ဆိုရမည်။

*[မောင်ဘကြည်နှင့်အစိုးရ၊ အေအိုင်အာ ၁၉၃၇ ရန်ကုန် ၂၇၃ ]*

http://www.cherrythitsar.org



**အခြားသူ၏ အသက်ကို၊ သို့တည်းမဟုတ် လုံခြုံရေးကို ဘေးဖြစ်စေသောပြုလုပ်မှု တစ်ခုခုကိုပြုခြင်းဖြင့် နာကျင်စေမှု။ (ပုဒ်မ ၃၃၇)**

**Causing hurt by act endangering life or personal safety of others. (Section 337)**

**ဥပဒေပြဋ္ဌာန်းချက်**

လူ့အသက်ကိုဖြစ်စေ၊ အခြားသူတို့၏ လုံခြုံရေးကိုဖြစ်စေ၊ ဘေးဖြစ်အောင်မည်သူမဆို၊ အရမ်းသော်လည်းကောင်း၊ ပေါ့လျော့စွာသော်လည်းကောင်း ပြုလုပ်မှုတစ်ခုခုကိုပြုခြင်းဖြင့် တစ်ဦးတစ်ယောက်သောသူအား နာကျင်စေလျှင်၊ ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပုဒ်မ ၃၃၆ တွင် လိုအပ်သည့်အင်္ဂါရပ်များ။

၂။ တရားခံ၏ ပြုလုပ်မှုကြောင့် တစ်စုံတစ်ယောက်သောသူအား နာကျင်စေခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၃၇ | လူ့အသက်စသည်တို့ကို ဘေးဖြစ်စေသော ပြုလုပ်မှုတစ်ခုခုကို ပြုခြင်းဖြင့် နာကျင်စေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | သမ္မာန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်၁၀၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင် တရားရုံး |

**စီရင်ထုံး**

၁။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၇ နှင့်အကျုံးဝင်စေရန် လူ့အသက်ကိုဖြစ်စေ၊ အခြားသူတို့၏ လုံခြုံရေးကိုဖြစ်စေ အန္တရာယ်ဖြစ်စေရန် အရမ်းသော်ငြား၊ ပေါ့လျော့စွာသော်ငြား ပြုလုပ်ရမည်ဖြစ်ပေသည်။

*[အလီဟူစိန်နှင့်ပြည်ထောင်စု ၁၉၇၆ မြန်မာပြည်စီရင်ထုံး ၁၀၂ ]*

**အခြားသူ၏အသက်ကို၊ သို့တည်းမဟုတ် လုံခြုံရေးကိုဘေးဖြစ်စေသောပြုလုပ်မှုတစ်ခုခုကိုပြုခြင်းဖြင့် အပြင်းအထန် နာကျင်စေမှု။ (ပုဒ်မ ၃၃၈)**

**Causing grievous hurt by act endangering life or personal safety of others. (Section 338)**

**ဥပဒေပြဋ္ဌာန်းချက်**

လူ့အသက်ကိုဖြစ်စေ၊ အခြားသူတို့၏ လုံခြုံရေးကိုဖြစ်စေ၊ ဘေးဖြစ်အောင်မည်သူမဆို၊ အရမ်းသော်လည်းကောင်း၊ ပေါ့လျော့စွာသော်လည်းကောင်း ပြုလုပ်မှုတစ်ခုခုကိုပြုခြင်းဖြင့် တစ်ဦးတစ်ယောက်သောသူအား အပြင်းအထန် နာကျင်စေလျှင်၊ ထိုသူကို ငါးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

http://www.cherrythitsar.org



**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပုဒ်မ ၃၃၆ တွင် လိုအပ်သည့်အင်္ဂါရပ်များ။

၂။ တရားခံ၏ပြုလုပ်မှုကြောင့် တစ်စုံတစ်ယောက်အား အပြင်းအထန်နာကျင်စေခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၃၈ | လူ့အသက်စသည်တို့ကို ဘေးဖြစ်စေသော ပြုလုပ်မှုတစ်ခုကို ပြုလုပ်ခြင်းဖြင့် အပြင်းအထန်နာကျင်စေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | သမ္မာန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ်၊ ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**စီရင်ထုံး**

၁။ ဟွန်းတီးခြင်းကြောင့် မော်တော်ယာဉ်ကို အရမ်း သို့မဟုတ် ပေါ့လျော့စွာ မောင်းနှင်ခြင်းမဟုတ်ဟု ယူဆခြင်းမပြုနိုင်သကဲ့သို့ ဟွန်းမတီးခြင်းကြောင့် အရမ်း သို့မဟုတ် ပေါ့လျော့စွာမောင်းနှင်သည်ဟု တစ်ထစ်ချကောက်ယူရန်မဟုတ်ပေ။ ပတ်ဝန်းကျင် သက်သေအထောက်အထားများအပေါ် ဆုံးဖြတ်ရသည်။ အလွန်ပြင်းထန်သောအရှိန်ဖြင့် မောင်းနှင်လျှင် အရမ်း သို့မဟုတ် ပေါ့လျော့စွာ မောင်းနှင်သည်၊ ပေါ့လျော့စွာမောင်းနှင်ခြင်းဖြစ်သည်ဟု တစ်ထစ်ချယူဆရန် မဟုတ်ချေ။

*[အုံးဆိုင်နှင့်အစိုးရ ၊ အေအိုင်အာ ၁၉၃၉ ရန်ကုန် ၂၀၉ ]*

၂။ မော်တော်ကားတိုက်၍ ရရှိသောဒဏ်ရာသည် သာမာန်စုတ်ပြတ်သောဒဏ်ရာဖြစ်သော်လည်း နယ်ဆေးရုံ၌ ဆေးမရှိ၍ ခြေထောက်ပုပ်သွားသဖြင့် ရန်ကုန်ဆေးရုံကြီးမှ ခြေထောက်ဖြတ်ပြီး ကုသလိုက်ရစေကာမူ ကျူးလွန်သောပြစ်မှုမှာ ပုဒ်မ ၃၃၇ အရသာ ဖြစ်သည်ဟု ယူဆရမည်ဖြစ်သည်။

*[မောင်ပြုံးချိုနှင့်ပြည်ထောင်စု ၁၉၇၅ မြန်မာပြည်စီရင်ထုံး ၆၅ ]*

**မတရားတားဆီးကန့်ကွက်မှု။ (ပုဒ်မ ၃၃၉)**

**Wrongful restraint. (Section 339)**

**ဥပဒေပြဋ္ဌာန်းချက်**

တစ်ဦးတစ်ယောက်သောသူ သွားလာပိုင်ခွင့်ရှိသောအရပ်သို့ မသွားမလာရအောင် တားဆီးရန် မည်သူမဆို၊ ထိုသူအား မိမိအလိုအလျောက် ပိတ်ပင်လျှင်၊ ထိုပိတ်ပင်သူသည် မတရားတားဆီးကန့်ကွက်သည်မည်၏။

http://www.cherrythitsar.org



**ကင်းလွတ်ချက်**။ ကုန်းတွင်ဖြစ်စေ၊ ရေတွင်ဖြစ်စေ ကိုယ်ပိုင်လမ်းကို တရားသဖြင့် ပိတ်ပင်ခွင့်ရှိသည်ဟု သဘောရိုးနှင့်ယုံကြည်၍ ပိတ်ပင်ခြင်းသည် ဤပုဒ်မ၏ အဓိပ္ပါယ်တွင် အကျုံးဝင်သော ပြစ်မှုမဟုတ်။

**ဥပမာ**။

လမ်းကို ပိတ်ပင်ပိုင်ခွင့်ရှိကြောင်း သဘောရိုးနှင့်ယုံကြည်ခြင်းမရှိဘဲ မောင်ဖြူသည် မောင်မဲသွားလာပိုင်ခွင့်ရှိသော လမ်းကလေးကိုပိတ်ပင်၏။ ထို့ကြောင့် မောင်မဲသည် တားဆီးခြင်းခံရသည်။ မောင်ဖြူသည် မောင်မဲကို မတရားတားဆီးကန့်ကွက်သည်မည်၏။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ လူတစ်ဦးတစ်ယောက်အား ပိတ်ပင်ခြင်း။

၂။ ထိုသူအား ၎င်းသွားလာပိုင်ခွင့်ရှိသော အရပ်သို့ မသွားလာရအောင် တားဆီးရန် ဖြစ်သည်။

**စီရင်ထုံး**

၁။ ပိတ်ပင်သည်ဆိုရာ၌ ကိုယ်ကာယနှင့် အကျုံးဝင်သည့်ပြုလုပ်မှုကို ဆိုလိုပေသည်။ ကိုယ်ထိလက်ရောက်ပြုလုပ်မှုသာမက ယင်းပြုလုပ်မှု ဆိုက်ရောက်လိမ့်မည်ဟု ထင်မြင်ယုံကြည်စေခြင်းလည်း ပါဝင်ပေသည်။ ဥပမာ အကြမ်းပြုမှုကို အသုံးပြုမည်ဟု ခြိမ်းခြောက်ခြင်းသည် ကာယကံမြောက် အကြမ်းပြုသကဲ့သို့ပင် အကျိုးသက်ရောက်မှုရှိပေသည်။ ကာယကံမြောက် ပိတ်ပင်မှုမရှိပါက အပြုခံရသူ၏စိတ်၌ မိမိသွားလာပိုင်ခွင့်ရှိရာကို သွားလာပါက တရားခံ၏ ပိတ်ပင်ခြင်းကို ခံရလိမ့်မည်ဟု ယူဆရန် အကြောင်းရှိပါသည်ဟု တင်ပြရန်လိုမည်ဖြစ်သည်။

*[မောင်လင်္ကာနှင့်ပြည်ထောင်စု ၁၉၅၄ မြန်မာပြည်စီရင်ထုံး ၂၃၈(လွှတ်တော်)]*

**မတရားချုပ်နှောင်ထားမှု။ (ပုဒ်မ ၃၄၀)**

**Wrongful confinement. (Section 340)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ တစ်ဦးတစ်ယောက်သောသူကို၊ ပိုင်းခြားသတ်မှတ်ထားသော နေရာမှ အခြားသို့မသွားမလာရအောင် တားဆီးရန် မတရားတားဆီးကန့်ကွက်လျှင်၊ တားဆီးကန့်ကွက်သူသည် ထိုသူကို မတရားချုပ်နှောင်ထားသည်မည်၏။

**ဥပမာများ**။

(က) မောင်ဖြူသည် မောင်မဲကို ကာထားသောနံရံအတွင်းသို့ ဝင်စေပြီးလျှင် တံခါးကို သော့ခတ်ထား၏။ ထိုသို့သော့ခတ်ထားသဖြင့် မောင်မဲသည် နံရံအပြင်ဘက်သို့ မထွက်နိုင်ချေ။ မောင်ဖြူသည် မောင်မဲကို မတရားချုပ်နှောင်ထားသည်မည်၏။

http://www.cherrythitsar.org



(ခ) အဆောက်အအုံတစ်ခု၏ ထွက်ပေါက်များ၌၊ မောင်ဖြူသည် သေနတ်လက်နက်ကိုင်များကို ချထားပြီးလျှင်၊ ထိုအဆောက်အအုံ၏အပြင်ဘက်သို့ မောင်မဲထွက်သွားရန် အားထုတ်လျှင်၊ ထိုချထားသောသူများက သေနတ်နှင့် မောင်မဲကို ပစ်လိမ့်မည်ဟု မောင်ဖြူက မောင်မဲကို ပြော၏။ မောင်ဖြူသည် မောင်မဲကို မတရား ချုပ်နှောင်ထားသည်မည်၏။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ လူတစ်ဦးအား မတရား တားဆီးကန့်ကွက်ခြင်း။

၂။ ထိုသို့ တားဆီးကန့်ကွက်သဖြင့် ၎င်းလူသည် ပိုင်းခြားသတ်မှတ်နေရာမှ အခြားတစ်နေရာသို့ မသွားမလာရခြင်း။

## မတရား တားဆီးကန့်ကွက်မှုအတွက်ပြစ်ဒဏ်။ (ပုဒ်မ ၃၄၁)

## Punishment for wrongrul restraint. (Section 341)

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ တစ်ဦးတစ်ယောက်သောသူကို မတရားတားဆီးကန့်ကွက်လျှင်၊ ထိုသူကို တစ်လထိ အလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ငါးရာထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် လူတစ်ဦးတစ်ယောက်အား ပိတ်ပင်ခြင်း။

၂။ ယင်းသို့ ပိတ်ပင်ခြင်းသည် အလိုအလျောက်ဖြစ်ခြင်း။

၃။ ထိုသူ သွားလာပိုင်ခွင့်ရှိသောအရပ်သို့ မသွားမလာရအောင် တားဆီးရန်ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၄၁ | တစ်ဦးတစ်ယောက်ကို မတရားတားဆီးကန့်ကွက်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | သမ္မာန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁လထိ အလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငွေ၅၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | မည်သည့် ရာဇဝတ် တရားသူကြီးမဆို။ |

**စီရင်ထုံး**

၁။ ရဲအရေးပိုင်သည်။ ကနဦးအနေဖြင့် သမ္မန်ထုတ်ပေးသင့်သည်။ အာမခံပေးနိုင်သည်။ ကျေအေးခွင့်ရှိသည်။ မည်သည့်တရားသူကြီးမဆို စစ်ဆေးစီရင်နိုင်သည်။ အကျဉ်းနည်းဖြင့်စစ်ဆေးနိုင်သည်။ ယခုအခါ ရပ်ကွက်၊ ကျေးရွာအုပ်စု တရားရုံး

http://www.cherrythitsar.org



ကပင် စစ်ဆေးနိုင်သည်။ သမ္မန်စာဖြစ်၍ စွဲချက်တင်ရန်မလိုပေ။ ဤပုဒ်မအရ အရေးယူခဲ့သော တရားသည် မတရားတားဆီးပိတ်ပင်သည့် မရွေ့မပြောင်းနိုင်သော ပစ္စည်းတစ်ခုခုကို ဖယ်ရှားရန် အမိန့်ချမှတ်နိုင်မနိုင်ဆိုသည့် ပြဿနာပေါ်နိုင်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၂၂ အရ ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှု ပါသည့် ပြုလုပ်မှုဖြစ်မှသာ အဆိုပါ အမိန့်မျိုးကို ချမှတ်နိုင်သည်။ သာမန် မတရားတားဆီးပိတ်ပင်မှုတွင် ယင်းအမိန့်မျိုးချမှတ်ရန် အာဏာမရှိဟု ဆိုရမည် ဖြစ်သည်။

*[ ယူနွတ်နှင့်ရပ်ချ်မိုဟာမက် ၁၉၅၆ မြန်မာပြည်စီရင်ထုံး ၂၂၃ ]*

၂။ တရားခံက တရားလို၏အခန်းကို သော့ပိတ်ထားရာ တရားလိုမဝင်နိုင်လျှင် မတရား တားဆီးရာရောက်၍ ပုဒ်မ ၃၄၁ အရ ပြစ်မှုမြောက်သည်။ တရားခံအား ပုဒ်မ ၄၄၈ ဖြင့် စွဲချက်တင်သော်လည်း ဤပုဒ်မဖြင့် အပြစ်ပေးနိုင်သည်။

*[ ရာဟီရုန်နှင့်အစိုးရ၊ အောက်ဗိုင်အာ ၁၉၃၇ ရန်ကုန် ၂၅၀ ]*

## မတရား ချုပ်နှောင်ထားမှုအတွက်ပြစ်ဒဏ်။ (ပုဒ်မ ၃၄၂)

## Punishment for wrongful confinement. (Section 342)

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ တစ်ဦးတစ်ယောက်သောသူကို မတရား ချုပ်နှောင်ထားလျှင် ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် လူတစ်ဦးအား ပိတ်ပင်ခြင်း။

၂။ ထိုသို့ ပိတ်ပင်ခြင်းမှာ တရားခံအလိုအလျောက်ပြုသည်ဖြစ်ခြင်း။

၃။ ယင်းသို့ ပိတ်ပင်သောကြောင့် ထိုသူသည် ပိုင်းခြားသတ်မှတ်သောနေရာမှ အခြားသို့ မသွားမလာရခြင်း။

၄။ ထိုသို့ တားဆီးခြင်းသည် မတရားတားဆီးကန့်ကွက်မှုဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၄၂ | တစ်ဦးတစ်ယောက်ကို မတရားချုပ်နှောင်ထားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်ငွေ၁၀၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး |

http://www.cherrythitsar.org



**စပ်ဟပ်ဥပဒေ**

၁။ ပုဒ်မ ၃၄၀ တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည့် မတရားချုပ်နှောင်မှုအတွက် ပြစ်ဒဏ်သတ်မှတ်ထားသော ပုဒ်မဖြစ်သည်။ မတရားချုပ်နှောင်ထားသူကို ရှာဖွေရန် နယ်ပိုင်ပြစ်မှုတရားသူကြီး သို့မဟုတ် ပထမတန်းအာဏာရ ပြစ်မှုတရားသူကြီးက ဝရမ်းထုတ်ပေးနိုင်သည်။

*[ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၀၀ ]*

၂။ မတရားချုပ်နှောင်ထားသည့်ကိစ္စများအတွက် တရားရုံးချုပ်သို့ တင်ပြလျှောက်ထားခြင်းလည်း ပြုနိုင်ပေသည်။

*[ကျင့်ထုံးဥပဒေပုဒ်မ ၄၉၁ ]*

**စီရင်ထုံး**

၁။ ခေတ္တခဏပင် တားဆီးပိတ်ပင်ပါက ချုပ်နှောင်မှုမြောက်သည်။ ချုပ်နှောင်သည့် အချိန်ကာလသည် ပဓာနမဟုတ်ချေ။ မတရားချုပ်နှောင်ခြင်းဖြစ်လျှင် ခဏပင်ဖြစ်စေကာမူ ပြစ်မှုမြောက်သည်။

*[အစိုးရနှင့်အောင်ဇံ (၁၈၉၂-၉၆)အတွဲ-၁ အထက်မြန်မာပြည်စီရင်ထုံး၊ ၁၇၂ (၁၇၃)]*

၂။ ရဲအရာရှိများအနေဖြင့် အမှုစစ်ရာ၌ သက်သေများကို မလိုအပ်ဘဲ ခေါ်ထားခြင်း၊ ဥပဒေနှင့်ဆန့်ကျင်ကာ ပြစ်မှုကျူးလွန်သည်ဟု မသင်္ကာသူများကို ချုပ်နှောင်ထားခြင်းသည် ဤပုဒ်မအရ ပြစ်မှုမြောက်နိုင်သည်။

*[မောင်ထွန်းလှနှင့်အစိုးရ (၁၈၉၂-၉၆) အတွဲ-၁၊ အထက်မြန်မာပြည်စီရင်ထုံး ၂၂၁]*

၃။ တရားရုံးအား ဖမ်းဆီးပြီး ဝရမ်းထုတ်ပေးသည့် တရားမရုံးသို့ တင်ပေးသဖြင့် ရုံးက တရားရုံးအားလွှတ်လိုက်သည်။ ဘီးလစ်က ဝရမ်း၌ အတည်ပြုပြီးကြောင်း ရေးမှတ်ထားခြင်းမရှိသဖြင့် ဆင့်စာလုလင်အား ပြန်ပေးရာ ဆင့်စာလုလင်က တရားရုံးကို ပြန်ဖမ်းလိုက်သည်။ ဝရမ်းမှာ အတည်ပြုပြီးဖြစ်၍ နောက်ထပ်ပြန်ဖမ်းရန် အာဏာမရှိ။ ယင်းသို့အာဏာမရှိဘဲ ပြန်ဖမ်းခြင်းသည် မတရားချုပ်နှောင်ရာရောက်ပေသည်။ သို့ရာတွင် ဆင့်စာလုလင်သည် သဘောရိုးဖြင့် မှားယွင်းပြီးပြုလုပ်ခဲ့ခြင်းဖြစ်၍ ပုဒ်မ ၇၉ တွင် အကျုံးဝင်သောကြောင့် ဤပုဒ်မအရ အရေးမယူနိုင်။

*[မောင်ထွေးနှင့်ဘသန့် ၊ ၁၉၄၀ ရန်ကုန်စီရင်ထုံး ၂၅၃ ]*

၄။ ချုပ်နှောင်ခြင်းခံရသူအနေဖြင့် ထွက်ပြေးလိုပါက ထွက်ပြေးနိုင်ရန် လမ်းဖွင့်ထားပါက မတရားချုပ်နှောင်မှုမြောက်သည်ဟု ဆိုနိုင်မည်မဟုတ်ချေ။

*[မောင်လင်ပူနှင့်ပြည်ထောင်စု ၁၉၅၄ မြန်မာပြည်စီရင်ထုံး ၂၃၈၊ (လွှတ်တော်)]*

## သုံးရက်၊ သို့တည်းမဟုတ် သုံးရက်ထက်ပို၍ မတရားချုပ်နှောင်ထားမှု။ (ပုဒ်မ ၃၄၃)

## Wrongful confinement for three or more days. (Section 343)

**ဥပဒေဖွင့်ဆိုချက်**

မည်သူမဆို တစ်ဦးတစ်ယောက်သောသူကို သုံးရက်သော်လည်းကောင်း၊ သုံးရက်ထက် ပို၍သော်လည်းကောင်း မတရား ချုပ်နှောင်ထားလျှင်၊ ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

http://www.cherrythitsar.org



**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပုဒ်မ ၃၄၂ တွင် လိုအပ်သည့်အထောက်အထားများအပြင်

၂။ ချုပ်နှောင်ထားသည့်ကာလသည် သုံးရက်သို့မဟုတ် သုံးရက်ထက်ပိုရမည် ဖြစ်သည်။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၄၃ | သုံးရက်သို့မဟုတ် သုံးရက်ထက်ပို၍ မတရား ချုပ်နှောင်ထားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | သမ္မာန်စာ | အာမခံ ပေးရမည်။ | တရားလိုတက် စစ်ဆေးသဲ တရားရုံး၏ ခွင့်ပြုချက် ရလျှင်ကျေအေး ခွင့်ရှိသည်။ | ၂နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး။ |

**ဆယ်ရက်၊ သို့တည်းမဟုတ် ဆယ်ရက်ထက်ပို၍ မတရားချုပ်နှောင်ထားမှု။ (ပုဒ်မ ၃၄၄)**

**Wrongful confinement for ten or more days. (Section 344)**

**ဥပဒေဖွင့်ဆိုချက်**

မည်သူမဆို၊ တစ်ဦးတစ်ယောက်သောသူကို ဆယ်ရက်သော်လည်းကောင်း၊ ဆယ်ရက်ထက်ပို၍သော်လည်းကောင်း မတရားချုပ်နှောင်ထားလျှင်၊ ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပုဒ်မ ၃၄၂ တွင် လိုအပ်သည့်အထောက်အထားများအပြင်

၂။ ချုပ်နှောင်ထားသည့်ကာလသည် ဆယ်ရက်သို့မဟုတ် ဆယ်ရက်ထက်ပိုရမည် ဖြစ်သည်။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၄၄ | တစ်ဆယ်ရက်၊ သို့မဟုတ် တစ်ဆယ်ရက်ထက်ပို၍ မတရားချုပ်နှောင်ထားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | သမ္မာန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ တရားရှုံးအား တရားမရုံး၏ အမိန့်အရ ဖမ်းဆီးပြီး ရုံးရှေ့သို့တင်ပို့ခဲ့၏။ မြို့နယ်တရားမ တရားသူကြီးက ဘိလစ်အား ချုပ်နှောင်ထားရန် နှုတ်မိန့်ပေး၍ ဘိလစ်က ဆင့်စာလုလင်အား ချုပ်နှောင်ရန်အပ်ခဲ့၏။ ဘိလစ်နှင့် ဆင့်စာလုလင်တို့ကို တရားစွဲဆိုရာ တရားသူကြီး၏ နှုတ်မိန့်သည် ပုဒ်မ ၇၈ နှင့် အကျုံးမဝင်သဖြင့် ဘိလစ်နှင့် ဆင့်စာလုလင်တို့၏ မှားယွင်းမှုမှာ ကြောင်းခြင်းရာ မှားယွင်းမှုမဟုတ်၊ ဥပဒေနှင့်စပ်လျဉ်းသည့် မှားယွင်းမှုဖြစ်၍ ဤပုဒ်မအရ ပြစ်မှုကျူးလွန်ခဲ့ကြသည်ဟု ဆိုရမည်ဖြစ်သည်။

*[မောင်ပုနှင့်အစိုးရ၊ အတွဲ-၄ ၊ မြန်မာပြည်စီရင်ထုံး ၂၅၃ ]*

## လွတ်ခွင့်အမိန့် ထုတ်ဆင့်ခြင်းခံရပြီးသောသူကို မတရားချုပ်နှောင်ထားမှု။ (ပုဒ်မ ၃၄၅)

## Wrongful confinement of person for whose liberation writ has been issued. (Section 345)

**ဥပဒေပြဋ္ဌာန်းချက်**

တစ်ဦးတစ်ယောက်သောသူအတွက် လွတ်ခွင့်အမိန့်ကို နည်းလမ်းတကျ ထုတ်ဆင့်ပြီးကြောင်းသိလျက်နှင့် မည်သူမဆို၊ ထိုသူအား မတရားချုပ်နှောင်ထားလျှင် ထိုချုပ်နှောင်ထားသူကို ဤအခန်းပါ အခြားပုဒ်မတစ်ခုခုအရ ထိုက်သင့်သော ထောင်ဒဏ်အပြင် နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးကိုလည်း ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ အခန်း ၁၆ ရှိ သက်ဆိုင်ရာပုဒ်မ၏ လိုအပ်သော အင်္ဂါရပ်များ။

၂။ တရားခံသည် လူတစ်ဦးအား ချုပ်နှောင်ထားခြင်း။

၃။ ထိုသို့ချုပ်နှောင်ခြင်းသည် မတရားခြင်း။

၄။ ထိုသူအား လွတ်ခွင့်အမိန့်ကိုနည်းလမ်းတကျ၊ ထုတ်ဆင့်ပြီးခြင်း။

၅။ ထိုကဲ့သို့ ထုတ်ဆင့်ပြီးသည်ကို သိလျက်နှင့် မတရားချုပ်နှောင်ထားခြင်း။

**ကျဉ့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၄၅ | တစ်ဦးတစ်ယောက်သောသူအတွက် လွတ်ခွင့်အမိန့်ကို ထုတ်ဆင့်ပြီးကြောင်းသိလျက်နှင့် ထိုသူအား မတရားချုပ်နှောင်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | သမ္မာန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | အခြားပုဒ်မတစ်ခုခု အရထိုက်သင့်သော ထောင်ဒဏ်အပြင် ၂နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုး။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



**လျှို့ဝှက်စွာ မတရားချုပ်နှောင်ထားမှု၊ (ပုဒ်မ ၃၄၆)**

**Wrongful confinement in secret. (Section 346)**

**ဥပဒေပြဋ္ဌာန်းချက်**

တစ်ဦးတစ်ယောက်သောသူကို ချုပ်နှောင်ထားသည်တွင်၊ ထိုသို့ချုပ်နှောင်ထားခြင်းကို အချုပ်အနှောင်ခံရသူနှင့် အကျိုးသက်ဆိုင်သောသူဖြစ်စေ၊ ပြည်သူ့ဝန်ထမ်းဖြစ်စေ မသိအောင်သော်လည်းကောင်း၊ ချုပ်နှောင်ထားသောနေရာကို အဆိုပါသူတစ်ဦးဦး မသိအောင်၊ သို့တည်းမဟုတ် မတွေ့မမြင်အောင်သော်လည်းကောင်း ကြံရွယ်ကြောင်း ဖော်ပြသောနည်းဖြင့် မည်သူမဆို တစ်ဦးတစ်ယောက်သောသူအား မတရားချုပ်နှောင်ထားလျှင်၊ ထိုသူကို မတရားချုပ်နှောင်ထားမှုအတွက် ထိုက်သင့်သော ပြစ်ဒဏ်အပြင် နှစ်နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးကိုလည်း ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပုဒ်မ ၃၄၂ တွင်လိုအပ်သည့် အင်္ဂါရပ်များ။

၂။ ချုပ်နှောင်ထားခြင်းကို -

(က) ချုပ်နှောင်ခံရသူနှင့် အကျိုးသက်ဆိုင်သောသူ သို့မဟုတ်

(ခ) ပြည်သူ့ဝန်ထမ်းတစ်ဦးဦးမသိအောင် နည်းဖြင့်ပြုခြင်း။

(ဂ) ချုပ်နှောင်ထားနေရာကို မသိအောင်၊ မတွေ့မမြင်အောင် ကြံရွယ်သည့်နည်းဖြင့် ပြုခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၄၆ | လျှို့ဝှက်စွာ မတရားချုပ်နှောင်ထားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | သမ္မာန်စာ | အာမခံ ပေးရမည်။ | တရားလိုတက် စစ်ဆေးဆဲ တရားရုံး၏ ခွင့်ပြုချက် ရလျှင်ကျေအေး ခွင့်ရှိသည်။ | မတရားချုပ်နှောင် ထားမှုအတွက် ထိုက်သင့်သောပြစ်ဒဏ် အပြင် ၂နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး။ |

**ပြစ်မှုကိုကျေအေးနိုင်သူများ**

ချုပ်နှောင်ထားခြင်းခံရသူ

http://www.cherrythitsar.org



**ပစ္စည်းကို ခြောက်လှန့်တောင်းရန်ဖြစ်စေ၊ ဥပဒေနှင့်မညီသောပြုလုပ်မှုကိုပြုစေခြင်းငှာ အတင်းအဓမ္မပြုရန်ဖြစ်စေ မတရားသဖြင့် ချုပ်နှောင်ထားမှု။ (ပုဒ်မ ၃၄၇)**

**Wrongful confinement to extort property, or constrain to illegal act. (Section 347)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

အချုပ်အနှောင်ခံရသူထံမှဖြစ်စေ၊ ချုပ်နှောင်ခံရသူနှင့် အကျိုးသက်ဆိုင်သော သူထံမှဖြစ်စေ ပစ္စည်းကို၊ သို့တည်းမဟုတ် အဖိုးတန်စာတမ်းအမှတ်အသားကို ခြောက်လှန့်တောင်းရန်သော်လည်းကောင်း၊ ထိုသူတစ်ဦးဦးအား ဥပဒေနှင့်မညီသော အရာကို အတင်းအဓမ္မပြုစေရန်၊ သို့တည်းမဟုတ် ပြစ်မှုကျူးလွန်ခြင်းကို လွယ်ကူစေနိုင်သော သတင်းတစ်ခုခုကို အတင်းအဓမ္မပေးစေရန်သော်လည်းကောင်း မည်သူမဆို၊ တစ်ဦးတစ်ယောက်သောသူအား မတရားသဖြင့် ချုပ်နှောင်ထားလျှင်၊ ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

<u>**အကျုံးဝင်သည့် အင်္ဂါရပ်များ**</u>

၁။ တရားခံသည် လူတစ်ဦးအား ချုပ်နှောင်ခြင်း။

၂။ ထိုချုပ်နှောင်ခြင်းသည် မတရားသော ချုပ်နှောင်မှုဖြစ်ခြင်း။

၃။ ထိုသို့ချုပ်နှောင်ခြင်းမှာ -

- (က) ပစ္စည်းကို သို့မဟုတ် အဖိုးတန်စာတမ်းအမှတ်အသားကို ခြောက်လှန့်တောင်းရန်ဖြစ်ခြင်း၊ သို့မဟုတ်
- (ခ) ဥပဒေနှင့် မညီသောအရာကို အတင်းအဓမ္မ ပြုစေရန်ဖြစ်ခြင်း၊ သို့မဟုတ်
- (ဂ) ပြစ်မှုကျူးလွန်ခြင်းကို လွယ်ကူစေနိုင်သော သတင်းတစ်ခုခုကို အတင်းအဓမ္မ ပေးစေရန်ဖြစ်ခြင်း။

၄။ အပိုဒ်(၃)အရ လိုအပ်ချက်တစ်ခုခုကို ချုပ်နှောင်ခြင်းခံရသူထံမှဖြစ်စေ ၎င်း၏ အကျိုးကို လိုလားသူထံမှ ဖြစ်စေရန်ဖြစ်ခြင်း။

<u>**ကျင့်ထုံး**</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၄၇ | ပစ္စည်းကို ခြောက်လှန့်တောင်းရန်ဖြစ်စေ၊ ဥပဒေနှင့်မညီသော ပြုလုပ်မှုကိုပြုစေခြင်းငှာ အတင်းအဓမ္မပြုရန်ဖြစ်စေ၊ စသည်ဖြင့် မတရားချုပ်နှောင်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | သမ္မာန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိထောင်ဒဏ် အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ်၊ ပထမတန်း သို့မဟုတ်၊ ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



**ခြောက်လှန့်၍ ဖြောင့်ချက်ယူရန်ဖြစ်စေ၊ ပစ္စည်းကိုပြန်ပေးအောင် အတင်းအဓမ္မပြုရန် ဖြစ်စေ မတရားချုပ်နှောင်ထားမှု။ (ပုဒ်မ ၃၄၈)**

**Wrongful confinement to extort confession, or compel restoration of property. (Section 348)**

**ဥပဒေဖွင့်ဆိုချက်**

ချုပ်နှောင်ခံရသူထံမှဖြစ်စေ၊ ချုပ်နှောင်ခံရသူနှင့် အကျိုးသက်ဆိုင်သောသူထံမှဖြစ်စေ ပြစ်မှု၊ သို့တည်းမဟုတ် အကျင့်ပျက်ပြားမှုပေါ်စေနိုင်သော ဖြောင့်ချက်ကို၊ သို့တည်းမဟုတ် ထိုသို့သော သတင်းပေးချက်ကို ခြောက်လှန့်၍ တောင်းရန်သော်လည်းကောင်း၊ ထိုသူတစ်ဦးဦးအား ပစ္စည်းကိုဖြစ်စေ၊ အဖိုးတန် စာတမ်းအမှတ်အသားကိုဖြစ်စေ ပြန်ပေးအောင်၊ သို့တည်းမဟုတ် ပြန်ပေးစေအောင်၊ သို့တည်းမဟုတ် တောင်းဆိုချက်ကိုဖြစ်စေ၊ လိုလားချက်ကိုဖြစ်စေ ပေးအောင်၊ သို့တည်းမဟုတ် ပစ္စည်းကိုဖြစ်စေ၊ အဖိုးတန်စာတမ်းအမှတ်အသားကိုဖြစ်စေ ပြန်ရစေနိုင်သော သတင်းကိုပေးအောင် အတင်းအဓမ္မပြုစေရန်သော်လည်းကောင်း မည်သူမဆို တစ်ဦးတစ်ယောက်သောသူအား မတရားချုပ်နှောင်ထားလျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် လူတစ်ဦးအား ချုပ်နှောင်ခြင်း။

၂။ ထိုသို့ချုပ်နှောင်ခြင်းသည် မတရားသော ချုပ်နှောင်မှုဖြစ်ခြင်း။

၃။ ယင်းချုပ်နှောင်ခြင်းမှာ -

(က) ပြစ်မှုအတွက် ဖြောင့်ချက်ကို ခြောက်လှန့်တောင်းယူရန်ဖြစ်ခြင်း၊ သို့မဟုတ်

(ခ) အကျင့်ပျက်ပြားမှုပေါ်စေနိုင်သော ဖြောင့်ချက် သို့မဟုတ် သတင်းပေးချက် ခြောက်လှန့်တောင်းယူရန်ဖြစ်ခြင်း။

(ဂ) ပစ္စည်း သို့မဟုတ် အဖိုးတန် စာတမ်းအမှတ်အသားကို ပြန်ပေးစေရန်ဖြစ်ခြင်း၊ သို့မဟုတ်

(ဃ) တောင်းဆိုချက်၊ လိုလားချက်ကို ပေးစေရန်ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၄၈ | ခြောက်လှန့်၍ ဖြောင့်ချက် သို့မဟုတ် သတင်းပေးချက်ယူရန်ဖြစ်စေ၊ ပစ္စည်းကို ပြန်ပေးအောင် အတင်းအဓမ္မပြုရန်ဖြစ်စေ စသည်ဖြင့် မတရားချုပ်နှောင်ထားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | သမ္မာန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃ နှစ်ထိ ထောင်ဒဏ် အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



**အနိုင်အထက်ပြုမှု၊ Force.**
**(ပုဒ်မ ၃၄၉) (Section 349)**

**ဥပဒေပြဋ္ဌာန်းချက်**

တစ်ဦးတစ်ယောက်သောသူက သူတစ်ပါးကို အနိုင်အထက်ပြုသည်ဆိုသည်မှာ သူတစ်ပါးအား ရွေ့လျားစေလျှင်၊ သို့တည်းမဟုတ် သူတစ်ပါးရွေ့လျားသည်ကို ပြောင်းလဲစေလျှင်၊ သို့တည်းမဟုတ် ထိုသို့ ရွေ့လျားသည်ကိုရပ်စဲစေလျှင်၊ သို့တည်း မဟုတ် သူတစ်ပါး၏ ကိုယ်အင်္ဂါတစ်ခုခုနှင့်ဖြစ်စေ၊ ထိုသူဝတ်ဆင်သော၊ သို့တည်း မဟုတ် ဆောင်ယူသောအရာဝတ္ထုနှင့်ဖြစ်စေ၊ ထိတွေ့မှုရှိလျှင် ထိုသူ၏အာရုံခံစားမှု ကိုဖြစ်ပေါ်စေနိုင်သည့် အခြေ၌ရှိသော အရာဝတ္ထုနှင့်ဖြစ်စေ၊ ထိတွေ့အောင် အရာ ဝတ္ထုတစ်ခုခုကို ရွေ့လျားစေလျှင်၊ သို့တည်းမဟုတ် ထိုအရာဝတ္ထုရွေ့လျားသည်ကို ပြောင်းလဲစေလျှင်၊ သို့တည်းမဟုတ် ထိုသို့ရွေ့လျားသည်ကို ရပ်စဲစေလျှင်၊ သူတစ်ပါးကို အနိုင်အထက်ပြုသည်မည်၏။

သို့ရာတွင် ရွေ့လျားခြင်း၊ ရွေ့လျားမှုပြောင်းလဲခြင်း၊ ရွေ့လျားမှုရပ်စဲခြင်းတစ်ခုခု ကို ဖြစ်စေသောသူသည် အောက်ဖော်ပြပါ နည်းသုံးမျိုးအနက် တစ်မျိုးမျိုးဖြင့်ပြု မှသာလျှင်၊ ရွေ့လျားခြင်းကို၊ သို့တည်းမဟုတ် ရွေ့လျားမှုပြောင်းလဲခြင်းကို၊ သို့တည်း မဟုတ် ရွေ့လျားမှုရပ်စဲခြင်းကိုဖြစ်စေသည်မည်၏။

**ပထမ**။ မိမိ၏ကိုယ်အင်အားဖြင့်ပြုခြင်း။

**ဒုတိယ**။ ပြုသူကဖြစ်စေ၊ အခြားသူတစ်ဦးတစ်ယောက်ဖြစ်စေ ပြုလုပ်မှု တစ်ခုခုကို ထပ်မံ၍မပြုဘဲ ရွေ့လျားခြင်း၊ ရွေ့လျားမှုပြောင်းလဲခြင်း၊ ရွေ့လျားမှု ရပ်စဲခြင်းတစ်ခုခုဖြစ်အောင် အရာဝတ္ထုတစ်ခုခုကိုပြုခြင်း။

**တတိယ**။ တိရစ္ဆာန် တစ်ကောင်ကောင်အား ရွေ့လျားခြင်း၊ ရွေ့လျားမှု ပြောင်းလဲခြင်း၊ ရွေ့လျားမှုရပ်စဲခြင်းတစ်ခုခုပြုရန် သွေးဆောင်ခြင်း။

**ရာဇဝတ် မကင်းသော အနိုင်အထက်ပြုမှု၊ Criminal force.**
**(ပုဒ်မ ၃၅၀) (Section 350)**

**ဥပဒေပြဋ္ဌာန်းချက်**

ပြစ်မှုကျူးလွန်ရန်သော်လည်းကောင်း၊ အနိုင်အထက်ပြုမှုကိုသုံးစွဲခြင်းဖြင့် အနိုင်အထက် ပြုခြင်းခံရသောသူအား နစ်နာခြင်း၊ ကြောက်ရွံ့ခြင်း၊ စိတ်ပြင်ငြင်ခြင်း တစ်ခုခုဖြစ်စေရန် ကြံရွယ်၍သော်လည်းကောင်း၊ ထိုသို့ဖြစ်တန်ရာသည်ကို သိလျက် နှင့်သော်လည်းကောင်း ထိုသူအား ထိုသူ၏ သဘောတူချက်ကိုမရရှိဘဲ တမင် အနိုင်အထက်ပြုလျှင်၊ အနိုင်အထက်ပြုသူသည် ရာဇဝတ်မကင်းသော အနိုင် အထက်ပြုမှုကို ပြုသည်မည်၏။

(က) မောင်မဲသည် မြစ်ထဲ၌ဆိုက်ကပ်ထားသော လှေတစ်စင်းပေါ်တွင် ထိုင် နေ၏။ မောင်ဖြူသည် ထိုလှေကိုဖြုတ်၍ တမင်မျှောလိုက်၏။ ဤအချက်တွင်

http://www.cherrythitsar.org



မောင်ဖြူသည် မောင်မဲအား တမင်ရွှေ့လျားစေ၏။ ထိုသို့ရွှေ့လျားစေခြင်းသည် ပြုလုပ်မှုတစ်ခုကို မည်သူကမျှ ထပ်မံ၍မပြုဘဲနှင့် အရာဝတ္ထုတစ်ခုကို အလို အလျောက်ရွှေ့လျားသွားအောင် မောင်ဖြူပြုခြင်းဖြစ်သည်။ ထို့ကြောင့် မောင်ဖြူ သည် မောင်မဲကိုအနိုင်အထက်ပြုသည်မည်၏။ မောင်မဲ၏ သဘောတူချက်မရရှိဘဲ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန်သော် လည်းကောင်း၊ မောင်မဲအား နစ်နာခြင်း၊ ကြောက်ရွံ့ခြင်း၊ စိတ်ငြိုငြင်ခြင်းတစ်ခုခုဖြစ်စေရန် ကြံရွယ်၍သော်လည်းကောင်း၊ ထိုသို့ဖြစ်စေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ဤသို့ပြုခဲ့သော်၊ မောင်ဖြူသည် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကို မောင်မဲအားပြုသည် မည်၏။

(ခ) မောင်မဲသည် မြင်းရထားကိုစီးသွားစဉ် မောင်ဖြူက မြင်းများကို ရိုက်လိုက် သဖြင့် မြင်းများသည် ပို၍လျင်မြန်စွာပြေး၏။ ဤအချက်တွင် မောင်ဖြူသည် တိရစ္ဆာန်များ၏ ရွှေ့လျားခြင်းကိုပြောင်းလဲစေရန်ပြုခြင်းဖြင့်၊ မောင်မဲ၏ရွှေ့လျားခြင်း ကိုလည်း ပြောင်းလဲစေ၏။ ထို့ကြောင့် မောင်ဖြူသည် မောင်မဲကို အနိုင်အထက်ပြု သည်မည်၏။ မောင်မဲ၏သဘောတူချက်မရရှိဘဲ မောင်မဲအားနစ်နာခြင်း၊ ကြောက် ရွံ့ခြင်း၊ စိတ်ငြိုငြင်ခြင်း တစ်ခုခုဖြစ်စေရန် ကြံရွယ်၍သော်လည်းကောင်း၊ ထိုသို့ ဖြစ်စေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ဤသို့ပြုခဲ့သော်၊ မောင်ဖြူ သည် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကို မောင်မဲအား ပြုသည်မည်၏။

(ဂ) မောင်မဲသည် ထမ်းစင်ကိုစီးသွားစဉ် မောင်ဖြူက လုယက်ရန် ကြံရွယ်ချက် နှင့် ထမ်းစင်ထမ်းပိုးကိုဆွဲကိုင်ကာ ရပ်စေ၏။ ဤအချက်တွင် မောင်ဖြူသည် မိမိ၏ ကိုယ်အင်အားဖြင့် မောင်မဲ၏ရွှေ့လျားခြင်းကို ရပ်စဲစေ၏။ ထို့ကြောင့် မောင်ဖြူသည် မောင်မဲကို အနိုင်အထက်ပြုသည်မည်၏။ ထို့ပြင်မောင်ဖြူသည် ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန်အလို့ငှာ ထိုပြုလုပ်မှုကို မောင်မဲက ခွင့်မပြုဘဲ တမင်ပြုသဖြင့် မောင်ဖြူ သည် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကို မောင်မဲအားပြုသည်မည်၏။

(ဃ) လမ်းပေါ်တွင် မောင်ဖြူသည် မောင်မဲကို တမင်တွန်း၏။ ဤအချက်တွင် မောင်ဖြူသည် မိမိကိုယ်အင်အားဖြင့် မိမိကိုယ်ကို မောင်မဲနှင့် တွေ့ထိစေရန် ရွှေ့လျား၏။ ထို့ကြောင့် မောင်ဖြူသည် မောင်မဲအား တမင်အနိုင်အထက်ပြုသည် မည်၏။ ထို့ပြင် မောင်မဲ၏ သဘောတူညီချက်မရရှိဘဲ မောင်မဲအားနစ်နာခြင်း၊ ကြောက်ရွံ့ခြင်း၊ စိတ်ငြိုငြင်ခြင်းတစ်ခုခုဖြစ်စေရန် ကြံရွယ်၍သော်လည်းကောင်း၊ ထိုသို့ဖြစ်စေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း၊ ဤသို့ပြုခဲ့သော်၊ မောင်ဖြူသည် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကို မောင်မဲအား ပြုသည် မည်၏။

(င) မောင်မဲကိုဖြစ်စေ၊ မောင်မဲ၏ အဝတ်အစားများကို ဖြစ်စေ၊ မောင်မဲ ဆောင်ယူလာသောအရာဝတ္ထုတစ်ခုခုကိုဖြစ်စေ ထိမှန်စေရန် ကြံရွယ်၍သော် လည်းကောင်း၊ ထိမှန်စေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ခဲသည်

http://www.cherrythitsar.org



ရေကိုထိ၍ မောင်မဲ၏ အဝတ်များကိုဖြစ်စေ၊ မောင်မဲဆောင်ယူလာသော အရာဝတ္ထု တစ်ခုခုကိုဖြစ်စေ ရေစင်စေရန်ကြံရွယ်၍သော်လည်းကောင်း၊ ထိုသို့ ရေစင်စေရန် တန်ရာသည်ကိုသိလျက်နှင့်သော်လည်းကောင်း မောင်ဖြူသည် ခဲတစ်လုံးကို ပစ်လိုက်၏။ ဤအချက်၌ ခဲပစ်ခြင်းကို အကြောင်းပြု၍ အရာဝတ္ထုတစ်ခုခုသည် မောင်မဲကိုဖြစ်စေ၊ မောင်မဲ၏ အဝတ်များကိုဖြစ်စေ ထိမှန်လျှင်၊ မောင်ဖြူသည် မောင်မဲကို အနိုင်အထက်ပြုသည်မည်၏။ ထို့ပြင် မောင်မဲ၏ သဘောတူချက်မရရှိဘဲ မောင်မဲအား နစ်နာခြင်း၊ ကြောက်ရွံ့ခြင်း၊ စိတ်ငြိုငြင်ခြင်းတစ်ခုခုဖြစ်စေရန်ကြံရွယ်၍ ဤသို့ပြုလျှင်၊ မောင်ဖြူသည် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကို မောင်မဲ အားပြုသည်မည်၏။

(စ) မောင်ဖြူသည် မိန်းမတစ်ဦး၏ မျက်နှာဖုံးကို တမင်ဆွဲဖွင့်လိုက်၏။ ဤ အချက်တွင် မောင်ဖြူသည် ထိုမိန်းမကို တမင်အနိုင်အထက်ပြုသည်မည်၏။ ထို့ပြင် ထိုမိန်းမ၏သဘောတူချက်မရရှိဘဲ ထိုမိန်းမအား နစ်နာခြင်း၊ ကြောက်ရွံ့ခြင်း၊ စိတ်ငြိုငြင်ခြင်း တစ်ခုခုဖြစ်စေရန် ကြံရွယ်၍သော်လည်းကောင်း၊ ထိုသို့ဖြစ်စေ တန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ဤသို့ပြုလျှင် မောင်ဖြူသည် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကို ထိုမိန်းမအားပြုသည်မည်၏။

(ဆ) မောင်မဲသည် ရေချိုးနေစဉ် မောင်ဖြူသည် ဆူနေမှန်းသိသော ရေနွေးပူ ကို မောင်မဲ၏ချိုးရေအိုးထဲသို့ လောင်းထည့်၏။ ဤအချက်တွင် မောင်မဲနှင့်တွေ့ထိ စေရန်သော်လည်းကောင်း၊ ရေနွေးပူလောင်းထည့်လျှင် မောင်မဲ၏အာရုံခံစားမှုကို ဖြစ်ပေါ်စေနိုင်သည့် အခြားရေနှင့်တွေ့ထိစေရန်သော်လည်းကောင်း မောင်ဖြူသည် မိမိ၏ကိုယ်အင်အားဖြင့် ရေနွေးပူကို တမင်ရွေ့လျားစေ၏။ ထို့ကြောင့် မောင်ဖြူ သည် မောင်မဲကို အနိုင်အထက်ပြုသည်မည်၏။ ထို့ပြင် မောင်မဲ၏ သဘော တူညီချက်မရရှိဘဲ မောင်မဲအား နစ်နာခြင်း၊ ကြောက်ရွံ့ခြင်း၊ စိတ်ငြိုငြင်ခြင်း တစ်ခုခုဖြစ်စေရန် ကြံရွယ်၍သော်လည်းကောင်း၊ ထိုသို့ဖြစ်စေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ဤသို့ပြုခဲ့သော် မောင်ဖြူသည် ရာဇဝတ်မကင်း သော အနိုင်အထက်ပြုမှုကို မောင်မဲအားပြုသည် မည်၏။

(ဇ) မောင်မဲ၏ သဘောတူချက်မရရှိဘဲ မောင်မဲ၏အပေါ်သို့ ခွေးခုန်တက် အောင် မောင်ဖြူသည် ခွေးကိုလှုံ့ဆော်ပေး၏။ ဤအချက်တွင် မောင်မဲအား နစ်နာခြင်း၊ ကြောက်ရွံ့ခြင်း၊ စိတ်ငြိုငြင်ခြင်းတစ်ခုခုဖြစ်စေရန် ကြံရွယ်၍ မောင်ဖြူက ပြုလျှင် မောင်ဖြူသည် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကို မောင်မဲအား ပြုသည်မည်၏။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ လူတစ်ဦးအား အနိုင်အထက်ပြုမှုကို တမင်ပြုခြင်း။

၂။ အပြုခံရသူ၏ သဘောတူညီချက်မရရှိဘဲပြုခြင်း။

http://www.cherrythitsar.org



၃။ ထိုသို့ပြုခြင်းမှာ -
(က) ပြစ်မှုကျူးလွန်ရန်ဖြစ်ခြင်း။
(ခ) အပြုခံရသူအား နစ်နာခြင်း၊ ကြောက်ရွံ့ခြင်း၊ စိတ်ပြိုငြင်ခြင်းတစ်ခုခု ဖြစ်စေရန် ကြံရွယ်၍ပြုခြင်း။

**စီရင်ထုံး**

၁။ အိမ်တွင်းရှိလူကို နာကျင်စေရန်အကြံဖြင့် ပုလင်းတစ်လုံး ပစ်သွင်းခြင်းသည် မဆင်မခြင် ပေါ့ပေါ့ဆဆပြုလုပ်မှုမဟုတ်ဘဲ လက်ရောက်မှုသာဖြစ်သည်။

*[ အစိုးရနှင့်ဘိုးတော၊ အတွဲ-၃၊ အောက်မြန်မာပြည်စီရင်ထုံး ၁၉၄ ]*

**လက်ရောက်မှု (ပုဒ်မ ၃၅၁)**

## Assault.
## (Section 351)

**ဥပဒေပွင့်ဆိုချက်**

မည်သူမဆို၊ မိမိရှေ့မှောက်ရှိ တစ်ဦးတစ်ယောက်သောသူအား မိမိ၏ကိုယ်အမူအရာဖြင့်၊ သို့တည်းမဟုတ် ပြင်ဆင်မှုဖြင့် ထိုသူအား ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုသုံးစွဲအံ့သည်ကို စိုးရိမ်လောက်အောင် ထိုကိုယ်အမူအရာဖြင့်၊ သို့တည်းမဟုတ် ထိုပြင်ဆင်မှုဖြင့် ဖြစ်စေမည်ဟု ကြံရွယ်၍သော်လည်းကောင်း၊ ထိုသို့ဖြစ်စေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ကိုယ်အမူအရာကို၊ သို့တည်းမဟုတ် ပြင်ဆင်မှုကိုပြုလျှင် ထိုသူသည် လက်ရောက်မှုကို ကျူးလွန်သည် မည်၏။

**ရှင်းလင်းချက်။** စကားသက်သက်သည် လက်ရောက်မှုမမြောက်၊ သို့ရာတွင် ထိုသူသုံးစွဲသောစကားများသည် ထိုသူ၏ ကိုယ်အမူအရာကို၊ သို့တည်းမဟုတ် ပြင်ဆင်မှုကို လက်ရောက်မှုမြောက်သည့် အဓိပ္ပါယ်သက်ရောက်စေနိုင်သည်။

**ဥပမာများ။**

(က) မောင်မဲကို ထိုးအံ့ဟု မောင်မဲယုံကြည်စေရန်ကြံရွယ်၍ဖြစ်စေ၊ ယုံကြည်တန်ရာသည်ကို သိလျက်နှင့်ဖြစ်စေ၊ မောင်ဖြူသည် မောင်မဲအား လက်သီးဖြင့်ရွယ်၏။ မောင်ဖြူသည် လက်ရောက်မှုကို ကျူးလွန်သည်မည်၏။

(ခ) မောင်မဲကို ခွေးကိုက်စေအံ့ဟု မောင်မဲယုံကြည်စေရန်ကြံရွယ်၍ဖြစ်စေ၊ ယုံကြည်စေတန်ရာသည်ကိုသိလျက်နှင့်ဖြစ်စေ မောင်ဖြူသည် ခွေးဆိုးတစ်ကောင်၏ နှုတ်သီးစွပ်ကို ဖြုတ်စပြု၏။ မောင်ဖြူသည် မောင်မဲကို လက်ရောက်မှုကျူးလွန်သည်မည်၏။

(ဂ) "နင့်ကိုငါရိုက်မည်" ဟု မောင်မဲအားပြောလျက် မောင်ဖြူသည် တုတ်ချောင်းကိုကောက်ယူ၏။ ဤအချက်တွင် မောင်ဖြူပြောသော စကားသက်သက်သည်

http://www.cherrythitsar.org



မည်သည့်နည်းနှင့်မျှ လက်ရောက်မှုမမြောက်၊ ထို့ပြင် ပတ်ဝန်းကျင်ကြောင်းခြင်းရာ မပါသော မောင်ဖြူ၏ ကိုယ်အမူအရာ သက်သက်သည်လည်း လက်ရောက်မှု မမြောက်၊ သို့သော်လည်း အထက်ကဆိုခဲ့သည့်စကားများဖြင့် အဓိပ္ပာယ်ဖော်ထား သော မောင်ဖြူ၏ ကိုယ်အမူအရာမှာကား လက်ရောက်မှုမြောက်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် မိမိရှေ့မှောက်ရှိ လူတစ်ဦးတစ်ယောက်အား ကိုယ်အမူအရာ သို့မဟုတ် ပြင်ဆင်မှုတစ်ခုခုပြုခြင်း။

၂။ ထိုသို့ပြုခြင်းမှာ အပြုခံရသူအား ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှုသုံးစွဲ လိမ့်မည်ဟု စိုးရိမ်လောက်အောင်ကြံရွယ်၍သော်လည်းကောင်း၊ စိုးရိမ်စေ တန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ဖြစ်ခြင်း။

**စီရင်ထုံး**

၁။ ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှု သုံးစွဲလိမ့်မည်ဟု စိုးရိမ်လောက်အောင် အကြံဖြင့်သော်လည်းကောင်း၊ စိုးရိမ်စေတန်ရာသည်ကို သိလျက်နှင့်သော် လည်းကောင်း ပြုမှုသာ လက်ရောက်မှုမြောက်မည်ဖြစ်၍ ယင်းအကြံ သို့မဟုတ် သိရှိခြင်းသည် ပြစ်မှုမြောက်ရန် အရေးကြီးသည့် အင်္ဂါရပ်ဖြစ်ပေသည်။ သို့ဖြစ်ရာ အိမ်သားများအား ကြောက်ရွံ့စေရန်သော်လည်းကောင်း၊ နာကျင်စေရန်သော် လည်းကောင်း အကြံဖြင့် အိမ်ထဲသို့ ပုလင်းပစ်သွင်းခြင်းသည် လက်ရောက်မှုဖြစ်ပေ သည်။

*[အစိုးရနှင့်ဘိုးတော၊ အတွဲ-၃၊ အောက်မြန်မာပြည်စီရင်ထုံး ၁၉၄ ]*

http://www.cherrythitsar.org



**အကြီးအကျယ် ဒေါသထွက်အောင်ပြုမှုကြောင့် မဟုတ်ဘဲ အခြားအကြောင်းကြောင့်ဖြစ်သော လက်ရောက်မှုအတွက်၊ သို့တည်းမဟုတ် ရာဇဝတ် မကင်းသော အနိုင်အထက်ပြုမှုအတွက်ပြစ်ဒဏ်။ (ပုဒ်မ ၃၅၂)**

**Punishment for assault or criminal force otherwise than on grave provocation. (Section 352)**

ဥပဒေပြဋ္ဌာန်းချက်

မည်သူမဆို၊ ရုတ်တရက် အကြီးအကျယ် ဒေါသထွက်အောင် တစ်ဦး တစ်ယောက်သောသူက ပြုခြင်းကြောင့်မဟုတ်ဘဲ အခြားအကြောင်းကြောင့် ထိုသူ အား လက်ရောက်မှုကျူးလွန်လျှင်၊ သို့တည်းမဟုတ် ရာဇဝတ်မကင်းသော အနိုင် အထက်ပြုမှုကိုပြုလျှင်၊ ထိုသူကို သုံးလထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငါးရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ရှင်းလင်းချက်။** ပြစ်မှုအတွက် အပြစ်တွင် ကင်းလွတ်ခွင့်ရစေရန် ဒေါသ ထွက်စေမှုကို ပြစ်မှုကျူးလွန်သူက ရှာကြံလျှင်၊ သို့တည်းမဟုတ် မိမိဒေါသ ထွက်အောင် သူတစ်ပါးကပြုစေရန် မိမိက ထိုသူအား မိမိအလိုအလျောက်ပြုလျှင်၊ သို့တည်းမဟုတ်

ဥပဒေကိုနာခံ၍သော်လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် ဥပဒေနှင့် အညီ အာဏာကိုသုံးစွဲရာတွင် ပြည်သူ့ဝန်ထမ်းကသော်လည်းကောင်း ပြုမူ ဆောင်ရွက်သောကိစ္စက ဒေါသထွက်စေမှုကို ဖြစ်စေလျှင်၊ သို့တည်းမဟုတ်

ကာကွယ်ခုခံပိုင်ခွင့်ကို ဥပဒေနှင့်အညီ ဆောင်ရွက်ရာတွင် ပြုသောအရာက ဒေါသထွက်စေမှုကိုဖြစ်စေလျှင်၊ ရုတ်တရက် အကြီးအကျယ်ဒေါသထွက်စေမှုသည် ဤပုဒ်မအရ ပြစ်မှုတစ်ခုခုကို ကျူးလွန်သည့်အတွက် ပြစ်ဒဏ်ကိုပေါ့လျော့စေမည် မဟုတ်။

ဒေါသထွက်စေမှုသည် ပြစ်မှုကိုပေါ့လျော့စေလောက်အောင် ရုတ်တရက် အကြီးအကျယ်ဖြစ်သည် မဖြစ်သည်ဆိုသော အချက်မှာကား ကြောင်းခြင်းရာ ပြဿနာဖြစ်သည်။

ကျင့်ထုံး

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၅၂ | အကြီးအကျယ် ဒေါသထွက်အောင်ပြုမှုကြောင့် မဟုတ်ဘဲ အခြားအကြောင်းကြောင့်ဖြစ်သော လက်ရောက်မှု သို့မဟုတ်ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် ရှိသည်။ | ၃လထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | မည်သည့်ရာဇဝတ် တရားသူကြီးမဆို။ |

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ တရားခံက တရားလိုအား သေနတ်နှင့်ချိန်၍ သေနတ်ကို မောင်းဆွဲရာ၌ သေနတ်အား ယမ်းတောင့်ထိုးထားသည်ဆိုသော သက်သေအထောက်အထားမရှိပါက ယမ်းထိုးထားခြင်းမရှိသည့် သေနတ်နှင့်ချိန်ပြီး မောင်းဆွဲခြင်းသာဖြစ်၍ တရားခံ၏ ပြုလုပ်မှုသည် လူသတ်မှု ကျူးလွန်ရန် အားထုတ်ခြင်းမဟုတ်။ လက်ရောက်မှုကိုသာ ကျူးလွန်ခြင်းဖြစ်သည့်အလျောက် ဤပုဒ်မအရ အပြစ်ပေးရမည်ဖြစ်သည်။

*[မောင်ဝိုက်နှင့်အစိုးရ၊ အတွဲ-၁ ရန်ကုန် ၂၀၉ ]*

၂။ လက်ရောက်မှုကျူးလွန်ခြင်းခံရသူသည် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု ယူဆကာ ပုဒ်မ ၃၅၃ ဖြင့် အပြစ်ပေးခံရသူကို အယူခံရုံးမှ ပြည်သူ့ဝန်ထမ်းမဟုတ်ဟု ဆုံးဖြတ်ပါက ပုဒ်မ ၃၅၂ ဖြင့် ပြောင်းလဲ၍ ပြစ်ဒဏ်ထင်ရှားစီရင်နိုင်ပေသည်။

*[မောင်ဘနှင့်အများနှင့်အစိုးရ၊ ၁၉၃၈ ရန်ကုန်စီရင်ထုံး ၁၃၉ ]*

၃။ အနိုင်အထက်ပြုမှုကို တမင်ပြုခြင်းမဟုတ်ဘဲ မတော်တဆဖြစ်လျှင် ဤပုဒ်မအရ အပြစ်မပေးနိုင်ပေ။

*[အစိုးရနှင့်မောင်မဲ (၁၈၉၂-၉၆) အတွဲ-၁၊ အထက်မြန်မာပြည်စီရင်ထုံး ၂၂၈]*

**တာဝန်ဝတ္တရားဆောင်ရွက်ခြင်းမှ ပြည်သူ့ဝန်ထမ်းကို ဟန့်တားရန် လက်ရောက်မှုကျူးလွန်ခြင်း၊ သို့တည်းမဟုတ် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကိုပြုခြင်း။ (ပုဒ်မ ၃၅၃)**

**Assault or cirminal force to deter public servant from discharge of his duty. (Section 353)**

**ဥပဒေပွင့်ဆိုချက်**

ပြည်သူ့ဝန်ထမ်းဖြစ်သူသည် ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် တာဝန်ဝတ္တရားဆောင်ရွက်ရာတွင်သော်လည်းကောင်း၊ ထိုပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် တာဝန်ဝတ္တရားဆောင်ရွက်ခြင်းကို တားဆီးရန်၊ သို့တည်းမဟုတ် ဥပဒေနှင့်အညီ တာဝန်ဝတ္တရားကို ဆောင်ရွက်ရာတွင်ပြုသော၊ သို့တည်းမဟုတ် ပြုရန်အားထုတ်သော အရာတစ်ခုခုကြောင့်သော်လည်းကောင်း၊ မည်သူမဆို၊ ထိုပြည်သူ့ဝန်ထမ်းကို လက်ရောက်မှု ကျူးလွန်လျှင်၊ သို့တည်းမဟုတ် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကို ပြုလျှင်၊ ထိုသူအား နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ လက်ရောက်မှု၊ ပြစ်မှုမကင်းသော အနိုင်အထက်မှုပြုခြင်းခံရသူမှာ ပြည်သူ့ဝန်ထမ်းဖြစ်ခြင်း။

၂။ ထိုသို့ပြုသောသူမှာ တရားခံဖြစ်ခြင်း။

http://www.cherrythitsar.org



၃။ ထိုသို့ပြုရာ၌ -
(က) ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် တာဝန်ဝတ္တရားဆောင်ရွက်လျက်ရှိခြင်း၊ သို့မဟုတ်
(ခ) ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် တာဝန်ဝတ္တရားဆောင်ရွက်ခြင်းကို တားဆီးရန်၊ ဟန့်တားရန်အကြံဖြင့် ပြုခြင်း၊ သို့မဟုတ်
(ဂ) ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် ဥပဒေနှင့်အညီ တာဝန်ဝတ္တရားကို ဆောင်ရွက်ရာတွင် ပြုသော၊ ပြုရန်အားထုတ်သောအကြောင်း တစ်ခုခုကြောင့်ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၅၃ | တာဝန်ဝတ္တရားဆောင်ရွက်ခြင်းမှ ပြည်သူ့ဝန်ထမ်းကို ဟန့်တားရန် လက်ရောက်မှု သို့မဟုတ် ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့်မရှိ။ | ၂နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**စီရင်ထုံး**

၁။ ပြည်သူ့ဝန်ထမ်းဆိုသည့်စကားရပ်ကို ပုဒ်မ ၂၁ ၌ ရှင်းလင်းခဲ့ပြီးဖြစ်သည်။ ပြည်သူ့ဝန်ထမ်းသည် ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် ဝတ္တရားဆောင်ရွက်စဉ်သော်လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် တာဝန်ဝတ္တရားဆောင်ရွက်ခြင်းကို တားဆီး၊ ဟန့်တားရန် အကြံဖြင့်သော်လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် တာဝန်ဝတ္တရားအရ ဆောင်ရွက်သည့်ကိစ္စဆောင်ရွက်ရန် အားထုတ်သည့်ကိစ္စ အတွက်ကြောင့်သော်လည်းကောင်း ပြုသည့် တရားခံ၏ လက်ရောက်မှု သို့မဟုတ် ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှုသာလျှင် ဤပုဒ်မအရ ပြစ်ဒဏ်ထင်ရှား စီရင်နိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာ ပြည်သူ့ဝန်ထမ်းတစ်ဦးသည် မိမိ၏ တာဝန်ဝတ္တရားကို ကျော်လွန်၍ ဥပဒေနှင့်မညီသော ပြုလုပ်မှုကိုပြုသည့်ကိစ္စမှာ ပြည်သူ့ဝန်ထမ်း အဖြစ်ဖြင့် တာဝန်ဝတ္တရားကို ဆောင်ရွက်ခြင်းဖြစ်သည်ဟု မဆိုနိုင်သောကြောင့် ယင်းပြည်သူ့ဝန်ထမ်းအား လက်ရောက်မှု သို့မဟုတ် ပြစ်မှုမကင်းသော အနိုင် အထက်ပြုမှု ကျူးလွန်ခြင်းသည် ဤပုဒ်မအရ ပြစ်မှုမမြောက်ပေ။

*[ငွေယုံနှင့်အစိုးရ၊ အေအိုင်အာ ၁၉၃၁ ရန်ကုန် ၁၆၉ ]*

၂။ တရားဥပဒေနှင့် လုံးဝကိုက်ညီခြင်းမရှိသည့် ပြည်သူ့ဝန်ထမ်း၏ ဆောင်ရွက် ချက်ကို ခုခံခြင်းသည် ဤပုဒ်မပြစ်မှုမမြောက်သဖြင့် မည်သည့်နေရာ၌မဆို တွေ့ရှိ

http://www.cherrythitsar.org



သည့် တရားရုံး၏ပစ္စည်းကိုဖြစ်စေ၊ အခြားလူတစ်ဦးဦး၏ပစ္စည်းကိုဖြစ်စေ ဖမ်းဆီးရန် ထုတ်ပေးသည့်ဝရမ်းအား လိုက်နာခံယူခြင်းမပြုဘဲ ခုခံခြင်းသည် ဤပုဒ်အရ ပြစ်မှုမမြောက်။ ဝရမ်းမှာ ဥပဒေနှင့်ဆန့်ကျင်နေသောကြောင့် ပစ္စည်းအား မတရားဖမ်းဆီးခြင်းကို ခုခံနိုင်ပေသည်။

*[တာရီပရာဆတ်နှင့် ရန်ကုန်မြို့၊ စမော်ကော်ရုံး၊ ဘီလစ် ၁၉၄၁ ရန်ကုန်စီရင်ထုံး ၅၉၂ ]*

၃။ တားဆီးသည်ဆိုရာ၌ အကြမ်းဖက်၍ပြုသည့် ပြုလုပ်မှုသာမက အခြားနည်းဖြင့် ပြုသည့်ပြုလုပ်မှုများလည်း အကျုံးဝင်ပေသည်။ တားဆီးခြင်းသည် ကန့်ကွက်ခြင်းနှင့်တူညီခြင်းမရှိဆိုသောအချက်ကို သတိချပ်ရန်လိုသည်။ အကြမ်းဖက်ခြင်းသော်လည်းကောင်း၊ ခြိမ်းခြောက်ခြင်းသော်လည်းကောင်း မပါသည့်ကန့်ကွက်ခြင်းသည်တားဆီးသည် ဆိုနိုင်မည်မဟုတ်ပေ။

*[အချောင်နှင့်အစိုးရ၊ အေအိုင်အာ ၁၉၃၂ ရန်ကုန် ၂၁ ]*

၄။ တားဆီးရာ၌ အကြမ်းဖက်မှုရှိရန် မလိုသဖြင့် ပြည်သူ့ဝန်ထမ်းအနေဖြင့် တာဝန်ဝတ္တရားကိုဆောင်ရွက်လျှင် အကြမ်းဖက်မှုကို အသုံးပြုလိမ့်မည်ဆိုသောအကြောင်းပေါ်ပေါက်နေပါက ဤပုဒ်မနှင့်အကျုံးဝင်မည်ဖြစ်သည်။ အကြမ်းဖက်မှုပြုမည်ဆိုသောအကြောင်းမရှိက တားဆီးခြင်းမြောက်မည်မဟုတ်ပေ။

*[အစိုးရနှင့် အနာဝါဒင်၊ အေအိုင်အာ ၁၉၂၃ ရန်ကုန် ၂၃၁(၂၃၂) ]*

၅။ ပစ္စည်းဖမ်းဝရမ်းကို အတည်ပြုရာ၌ ခုခံသည်ဟုဆိုကာ တရားခံအပေါ် တရားစွဲဆိုသည့်အမှုတွင် ဝရမ်းကို တင်ပြခြင်းမပြုလျှင် ဥပဒေနှင့်အညီ ထုတ်ပေးသည့် ဝရမ်းဟုတ်သည် မဟုတ်သည်ဆိုခြင်းကို ခန့်မှန်းနိုင်မည်မဟုတ်သဖြင့် ဤပုဒ်မအရ အပြစ်ပေးနိုင်မည်မဟုတ်ပေ။

*[ရွှေကိုနှင့်အစိုးရ အတွဲ-၃၊ အောက်မြန်မာပြည်စီရင်ထုံး ၁၂၈ ]*

၆။ လက်ရောက်မှု သို့မဟုတ် ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှု၊ ပြုခြင်းခံရသူသည် ပြည်သူ့ဝန်ထမ်းဖြစ်ကြောင်း မထင်ရှားပါက ဤပုဒ်မအရ ပြစ်ဒဏ်ထင်ရှားစီရင်ခြင်းခံသည့် တရားခံကို ပုဒ်မ ၃၅၂ ဖြင့် ပြောင်းလဲ၍ အပြစ်ပေးနိုင်ပေသည်။

*[မောင်ဘနှင့်အစိုးရ၊ ၁၉၃၈ ရန်ကုန်စီရင်ထုံး ၁၃၉ ]*

## မိန်းမ၏ကာယိန္ဒြေပျက်စီးစေရန်အကြံဖြင့် လက်ရောက်မှုကျူးလွန်ခြင်း၊ သို့တည်းမဟုတ် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကို ပြုခြင်း။ (ပုဒ်မ ၃၅၄)

## Assault or criminal force to woman with intent to outrage her modesty. (Section 354)

**<u>ဥပဒေဖွင့်ဆိုချက်</u>**

မည်သူမဆို၊ မိန်းမတစ်ဦး၏ ကာယိန္ဒြေကို ပျက်စီးစေရန်အကြံဖြင့်သော်လည်းကောင်း၊ ကာယိန္ဒြေပျက်စီးတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း

http://www.cherrythitsar.org



ထိုမိန်းမကိုလက်ရောက်မှု ကျူးလွန်လျှင်၊ သို့တည်းမဟုတ် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကိုပြုလျှင်၊ ထိုသူအား နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ လက်ရောက်မှု၊ ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှုကျူးလွန်ခံရသူသည် မိန်းမဖြစ်ခြင်း။

၂။ တရားခံက ထိုမိန်းမအား လက်ရောက်မှု၊ ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှု ကျူးလွန်ခြင်း။

၃။ ထိုမိန်းမ၏ ကာယိန္ဒြေကို ပျက်စီးစေရန်အကြံ သို့မဟုတ် ပျက်စီးစေတန်ရာသည်ကို သိလျက်နှင့်ပြုခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၅၄ | မိန်းမတစ်ဦး၏ ကာယိန္ဒြေစီးစေရန်အကြံဖြင့် လက်ရောက်မှု၊ သို့မဟုတ် ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**<u>စီရင်ထုံး</u>**

၁။ သဘာဝယုတ္တိအားဖြင့် စဉ်းစားလျှင် အလုပ်သမားများစွာ ရှိနေစဉ်အချိန်ကိုဒေဝက မငွေမကို စော်ကားဝံ့မည်မဟုတ်ချေ။ အကယ်၍ စော်ကားခြင်းမှန်ကန်လျှင်လည်း တရားလိုဘက်မှ ယခုထက်ပိုမို၍ သက်သေများ တင်ပြနိုင်ဖွယ်ရာရှိသည်။ ကိုဒေဝသည် မငွေမအပေါ် ယခင်ကတည်းက ရင်းနှီးစေရန် ကိုယ်အမူအရာ၊ နှုတ်အမူအရာဖြင့် ပြုကျင့်ခဲ့ကြောင်း မပေါ်ပေါက်ချေ။ ယခင်အဆက်အသွယ် လုံးဝမရှိသော မိန်းကလေးတစ်ဦးကို အကြောင်းမဲ့သက်သက် လူများစွာရှိနေစဉ်အချိန်တွင် လက်ဆွဲ၍ပါးကိုနမ်းသည်ဆိုခြင်းမှာလည်း စဉ်းစားဖွယ်ရာဖြစ်ပေသည်။

*[ကိုဒေဝနှင့်ပြည်ထောင်စု ၁၉၇၆ မြန်မာပြည်စီရင်ထုံး ၅၇ ]*

၂။ မည်သို့သောပြုလုပ်မှုသည် ကာယိန္ဒြေပျက်စီးစေသည်ဟု ဥပဒေသတ်မှတ်ထားခြင်းမရှိသဖြင့် အပြုခံရသူအမျိုးသမီး၏ ယဉ်ကျေးမှု၊ အနေအထိုင်၊ ဓလေ့စရိုက်အပေါ် မူတည်၍ ကာယိန္ဒြေပျက်စီးစေသည့်ပြုလုပ်မှု ဟုတ်မဟုတ်ဆိုခြင်းကို

http://www.cherrythitsar.org



ဆုံးဖြတ်ရမည်ဖြစ်သည်။ အနောက်နိုင်ငံယဉ်ကျေးမှုအရ အမျိုးသမီးတစ်ဦး၏ခါးကို ဖက်ခြင်းသည် ကာယိန္ဒြေပျက်စီးစေသည်ဟု ဆိုနိုင်မည်မဟုတ်သော်လည်း မြန်မာ အမျိုးသမီးတစ်ဦး၏ ခါးကိုသွားဖက်လျှင် ကာယိန္ဒြေပျက်စီးမှုမြောက်မည်မှာ ယုံမှား ဖွယ်မရှိနိုင်ပေ။ အလားတူပင် အိမ်တွင်းပုန်းကုလားမ၏ မျက်နှာဖုံးကိုဖွင့်ခြင်းနှင့် အနောက်နိုင်ငံအမျိုးသမီးတစ်ဦး၏ မျက်နှာဖုံးကို လှပ်ခြင်းသည် တူနိုင်မည်မဟုတ် ပေ။ မြန်မာလူမျိုးတို့၏ ဓလေ့အရ အမျိုးသမီးတစ်ဦး၏လက်နှင့်ဆံပင်တို့ကိုဆွဲလျှင် ပိုင်စိုးပိုင်နင်းပြုလုပ်ရာကျသဖြင့် ရည်းစားဖြစ်သူက သဝန်ကြောင်စိတ်ဖြင့် လက်နှင့် ဆံပင်ကိုဆွဲလျှင် ဤပုဒ်မအရ ကာယိန္ဒြေပျက်စီးစေရာရောက်သည်။

*[မလှစိုးမောင်သန်း ၊ အတွဲ-၄ ဘားမားလောတိုင်း ၂၆၈ ]*

၃။ လက်ရောက်မှု သို့မဟုတ် ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှုသည် အမျိုး သမီး၏ သဘောတူချက်မရှိဘဲပြုခြင်းဖြစ်မှသာ ဤပုဒ်မအရ ပြစ်မှုမြောက်မည် ဖြစ်သည်။ အရွယ်ရောက်ပြီးဖြစ်သည့် အမျိုးသမီးက ပြုလုပ်မှုကိုသဘောတူလျှင် ကာယိန္ဒြေပျက်စီးမှုဖြင့် အရေးယူခြင်းမပြုနိုင်။

*[မောင်ဖုံးမောင်နှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၁၀၂၈]*

*[မာတီမာနှင့် ကပ္ပီတိန်မက်ကော့မက်၊ အတွဲ-၆ ဘားမားလောတိုင်း ၂၁]*

၄။ ပြုလုပ်မှုတစ်ခုသည် ကာယိန္ဒြေပျက်စီးအောင်ပြုခြင်းသည်ဖြစ်နိုင်သည်။ မုဒိမ်းမှုကျူးလွန်ရန်အားထုတ်မှုလည်းဖြစ်နိုင်သည်။ မုဒိမ်းမှုကျူးလွန်ရန်အားထုတ်မှု အဆင့်သို့ မရောက်သေးသည့် ပြင်ဆင်မှုလည်း ဖြစ်နိုင်သည်။ အမှုကိုလိုက်၍ ပေါ်ပေါက်နေသော ကြောင်းခြင်းရာများကိုထောက်ရှုပြီး ဆုံးဖြတ်ရမည်ဖြစ်သည်။ မုဒိမ်းမှုကျူးလွန်ရန် အားထုတ်မှုအဆင့်သို့ မရောက်သေးသည့်ပြင်ဆင်မှုသာဖြစ်လျှင် ဤပုဒ်မအရ စီရင်သင့်သည်။ မီးရထားတွဲထဲတွင် တစ်ဦးတည်းလိုက်ပါလာသည့် အမျိုးသမီးသည် အိပ်ရာမှနိုးလာသောအခါ တရားခံအား အနီးတွင် တွေ့ရသဖြင့် တွဲတံခါးဆီသို့ပြေးရန်ပြုသောအခါ တရားခံသည် ခြောက်လုံးပြူးပြပြီး အထိုင်ခိုင်း သည်။ ထို့နောက် တရားခံဘောင်းဘီကြယ်သီးကိုဖြုတ်သဖြင့် အမျိုးသမီးက ရထား ရပ်ကြိုးကိုဆွဲရန်အားထုတ်ရာ တရားခံက အမျိုးသမီး၏လက်ကို ဖမ်းဆွဲသောကြောင့် ရှန်းကန်ရင်း အမျိုးသမီး၏ လက်ပတ်နာရီကွဲသွားသည်။ ထို့နောက် တရားခံက အမျိုးသမီးကိုလွှတ်လိုက်ပြီး နာမည်ကိုမေးသည်။ အမျိုးသမီးက ၎င်း၏အမည်ကို ပြောသောအခါ လူမှားကြောင်းပြောပြီး တောင်းပန်သည်။ တရားခံ၏ပြုလုပ်မှုသည် မုဒိမ်းမှုကျူးလွန်ရန်ပြင်ဆင်သည့်အဆင့်၌သာ ရှိသေးသဖြင့် ဤပုဒ်မအရသာ ပြစ်မှုကျူးလွန်ပေသည်။

*[ဂျိဗ္ဗိဒဏ်ချူကျုံးနှင့်အစိုးရ၊ အတွဲ-၄ ဘားမားလောဂျာနယ် ၈၃ ]*

၅။ မုဒိမ်းမှုကျူးလွန်ရန် အားထုတ်မှုကို ကာယိန္ဒြေပျက်စီးမှုဖြစ်သည်ဟု ဆိုကာ စီရင်ပိုင်ခွင့်ကို အလွဲသုံးစားမပြုမိရန် တရားရုံးများအနေဖြင့် သတိပြုရန်လိုပေသည်။

*[အစိုးရနှင့်မောင်ငြိမ်း (၁၈၉၂-၉၆) အတွဲ-၁၊အထက်မြန်မာပြည်စီရင်ထုံး ၂၃၀]*

http://www.cherrythitsar.org



၆။ မုဒိမ်းမှုကျူးလွန်ရန်အားထုတ်မှုဖြစ်နိုင်ကြောင်းပေါ်ပေါက်လာပါက အာဏာဆန့်သည့်ရုံးက စီရင်ရန်အလို့ငှာအမှုတွဲကို တင်ပြသင့်ပေသည်။

*[အစိုးရနှင့်မောင်မြ (၁၈၉၇-၁၁) အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး ၃၂၇]*

၇။ တရားခံသည် တရားလိုအမျိုးသမီးအား ဖက်လှဲကာ ခွစီး၍ လုံချည်လှန်ပြီး ၎င်းအားမချစ်ကြိုက်လျှင် ဓားနှင့်ထိုးမည်ဟု ခြိမ်းခြောက်သည့်ကိစ္စမှာ သာမန်ကာယိန္ဒြေကို ဖျက်ဆီးခြင်းမဟုတ်ဘဲ မုဒိမ်းမှုကို ကျူးလွန်ရန် အားထုတ်မှုဖြစ်သည်ဟု ယူဆရန်အကြောင်းရှိပေသည်။

*[အစိုးရနှင့်ချစ်ကြူ (၁၈၉၇-၀၁)အတွဲ-၁၊ အထက်မြန်မာပြည်စီရင်ထုံး ၃၂၅]*

၈။ မိန်းကလေးတစ်ဦးအား ကာအိန္ဒြေပျက်စီးအောင် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကို ပြုလုပ်လျှင်သော်လည်းကောင်း၊ လက်ရောက်ကျူးလွန်လျှင်သော်လည်းကောင်း၊ ရာဇသတ်ကြီးပုဒ်မ ၃၅၄ အရ ပြစ်မှုမြောက်သည်ဟု ပြဋ္ဌာန်းထားသည်။ လက်ရောက်မှုကျူးလွန်ရာ၌ ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုလည်းပါရမည်ဖြစ်ရာ၊ ကာယိန္ဒြေပျက်စီးအောင် ပြုလုပ်ရာ၌ ပြုလုပ်ခြင်းခံရသူ၏ သဘောတူညီချက်မရရှိဘဲ၊ အနိုင်အထက်ပြုလုပ်မှသာ ထိုပြုလုပ်ချက်သည် ရာဇသတ်ကြီးပုဒ်မ ၃၅၄ တွင် အကျုံးဝင်မည်ဖြစ်သည်။ တစ်နည်းဆိုသော် မိန်းကလေးတစ်ဦး၏ သဘောတူညီချက်မရဘဲ အနိုင်အထက် ကာအိန္ဒြေပျက်အောင် ပြုလုပ်မှသာ ရာဇသတ်ကြီး ပုဒ်မ ၃၅၄ အရ အပြစ်ပေးနိုင်မည်ဖြစ်သည်။ အနိုင်အထက်မဟုတ်ဘဲ မိန်းကလေးက သဘောတူညီနေလျှင် ရာဇဝတ်ပြစ်မှု မမြောက်ချေ။

*[မောင်အုန်းမောင်နှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၁၀၂၈ ]*

**အကြီးအကျယ်ဒေါသထွက်အောင်ပြုမှုကြောင့်မဟုတ်ဘဲ အခြားအကြောင်းကြောင့် တစ်ဦးတစ်ယောက်သောသူအား အရှက်တကွဲအကျိုးနဲဖြစ်စေရန် အကြံဖြင့် လက်ရောက်မှုကျူးလွန်ခြင်း၊ သို့တည်းမဟုတ် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကိုပြုခြင်း။ (ပုဒ်မ ၃၅၅)**

**Assault or cirminal force with intent to dishonour person, otherwise than on grave provocation. (Section 355)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

မည်သူမဆို၊ မိမိအား တစ်ဦးတစ်ယောက်သောသူက ရုတ်တရက် အကြီးအကျယ် ဒေါသထွက်အောင်ပြုမှုကြောင့်မဟုတ်ဘဲ အခြားအကြောင်းကြောင့်၊ ထိုသူကို အရှက်တကွဲအကျိုးနဲဖြစ်စေရန်အကြံဖြင့် လက်ရောက်မှုကျူးလွန်လျှင်၊ သို့တည်းမဟုတ် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကိုပြုလျှင်၊ ထိုသူအား နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

http://www.cherrythitsar.org



**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပုဒ်မ ၃၅၂ တွင် လိုအပ်သည့်အင်္ဂါရပ်များ

၂။ တရားခံသည် အပြုခံရသူအား အရှက်တကွဲအကျိုးနဲဖြစ်စေရန် အကြံဖြင့် ပြုခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၅၅ | ရုတ်တရက် အကြီးအကျယ်ဒေါသထွက်အောင် ပြုမူကြောင့်မဟုတ်ဘဲ အခြားအကြောင်းကြောင့် တစ်ဦးတစ်ယောက်သောသူအား အရှက်တကွဲ အကျိုးနဲဖြစ်စေရန်အကြံဖြင့် လက်ရောက်မှု သို့မဟုတ် ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | သမ္မာန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် ရှိသည်။ | ၂နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**တစ်ဦးတစ်ယောက်သောသူ သယ်ယူလာသော ပစ္စည်းကိုခိုးယူရန်အားထုတ်ရာတွင် လက်ရောက်မှုကျူးလွန်ခြင်း၊ သို့တည်းမဟုတ် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကိုပြုခြင်း။ (ပုဒ်မ ၃၅၆)**

**Assault or ciminimal force in attempt to commit theft of property. carried by a person. (Section 356)**

**ဥပဒေပွင့်ဆိုချက်**

မည်သူမဆို၊ တစ်ဦးတစ်ယောက်သောသူ ဝတ်ဆင်သော၊ သို့တည်းမဟုတ် သယ်ယူလာသောပစ္စည်းကို ခိုးယူရန်အားထုတ်ရာတွင် ထိုသူကို လက်ရောက်မှု ကျူးလွန်လျှင်၊ သို့တည်းမဟုတ် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကိုပြုလျှင်၊ ထိုသူအား နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် လူတစ်ဦးအား လက်ရောက်မှု သို့မဟုတ် ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှုပြုခြင်း။

၂။ ထိုသူသည် ပစ္စည်းတစ်ခုခုကိုဝတ်ဆင်ထားခြင်း၊ သယ်ယူလာခြင်း။

၃။ ထိုပစ္စည်းကိုခိုးယူရန် အားထုတ်ရာတွင် လက်ရောက်မှု သို့မဟုတ် ပြစ်မှု မကင်းသော အနိုင်အထက်ပြုမှုကို ပြုခြင်း။

http://www.cherrythitsar.org



<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၅၆ | တစ်ဦးတစ်ယောက်သောသူ ဝတ်ဆင်သော၊ သို့မဟုတ် သယ်ယူလာသောပစ္စည်းကို ခိုးယူရန် အားထုတ်ရာတွင် လက်ရောက်မှု၊ သို့မဟုတ် ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | မည်သည့် ရာဇဝတ် တရားသူကြီးမဆို |

**တစ်ဦးတစ်ယောက်သောသူကို မတရားချုပ်နှောင်ထားရန် အားထုတ်ရာတွင် လက်ရောက်မှုကျူးလွန်ခြင်း၊ သို့တည်းမဟုတ် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကိုပြုခြင်း။**
**(ပုဒ်မ ၃၅၇)**

**Assault or criminal force in attempt wrongfully to confine a person.**
**(Section 357)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

မည်သူမဆို၊ တစ်ဦးတစ်ယောက်သောသူကို မတရားချုပ်နှောင်ထားရန် အားထုတ်ရာတွင် ထိုသူကို လက်ရောက်မှုကျူးလွန်လျှင်၊ သို့တည်းမဟုတ် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကိုပြုလျှင်၊ ထိုသူအား တစ်နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>

၁။ တရားခံသည် လူတစ်ဦးအား လက်ရောက်မှု သို့မဟုတ် ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှုပြုခြင်း။

၂။ ထိုသူအား မတရားချုပ်နှောင်ရန် အားထုတ်ရာတွင် ယင်းသို့ပြုသည်ဖြစ်ခြင်း။

<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၅၇ | တစ်ဦးတစ်ယောက်သောသူကို မတရားချုပ်နှောင်ထားရန် အားထုတ်ရာတွင် လက်ရောက်မှု၊ သို့မဟုတ် ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | တရားလိုအား စစ်ဆေးဆဲ တရားရုံး၏ ခွင့်ပြုချက် ရလျှင် ကျေအေးခွင့် ရှိသည်။ | ၁နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်၁၀၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | မည်သည့် ရာဇဝတ် တရားသူကြီးမဆို။ |

<u>ပြစ်မှုကိုကျေအေးနိုင်သူများ</u>

လက်ရောက်မှု၊ သို့မဟုတ် အနိုင်အထက်ပြုမှုကျူးလွန်ခြင်းခံရသူ

http://www.cherrythitsar.org



**အကြီးအကျယ်ဒေါသထွက်အောင်ပြုမူခံရ၍၊ လက်ရောက်မှုကျူးလွန်ခြင်း၊ သို့တည်းမဟုတ် ရာဇဝတ်မှုမကင်းသော အနိုင်အထက်ပြုမှုကို ပြုခြင်း။**
**(ပုဒ်မ ၃၅၈)**

**Assault or criminal force on grave provocation**
**(Section 358)**

ဥပဒေပြဋ္ဌာန်းချက်

မည်သူမဆို၊ မိမိအား တစ်ဦးတစ်ယောက်သောသူက ရုတ်တရက် အကြီးအကျယ်ဒေါသထွက်အောင်ပြုမူကြောင့် ထိုသူကို လက်ရောက်မှုကျူးလွန်လျှင်၊ သို့တည်းမဟုတ် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကိုပြုလျှင်၊ ထိုသူအား တစ်လထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ နှစ်ရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ရှင်းလင်းချက်။** အထက်ပုဒ်မ ၃၅၈ ကို ပုဒ်မ ၃၅၂ နှင့် ထပ်တူအဓိပ္ပါယ်ကောက်ယူရမည်။

အကျုံးဝင်သည့် အင်္ဂါရပ်များ

၁။ ပုဒ်မ ၃၅၂ တွင် လိုအပ်သောအင်္ဂါရပ်များ

၂။ တရားခံသည် ရုတ်တရက် အကြီးအကျယ်ဒေါသထွက်အောင်အပြုခံရခြင်း။

ကျင့်ထုံး

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၅၈ | ရုတ်တရက်အကြီးအကျယ် ဒေါသထွက်အောင် ပြုမူခံရ၍ လက်ရောက်မှု၊ သို့မဟုတ် ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် ရှိသည်။ | ၁လထိအလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၂၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | မည်သည့်ရာဇဝတ် တရားသူကြီးမဆို |

**လူခိုးမှု**
**(ပုဒ်မ ၃၅၉)**

**Kidnapping**
**(Section 359)**

ဥပဒေပြဋ္ဌာန်းချက်

လူခိုးမှုဆိုသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံမှအပသို့ လူကိုခိုးယူမှုနှင့် ဥပဒေနှင့်အညီ အုပ်ထိန်းသူထံမှ လူကိုခိုးယူမှုဟူ၍ နှစ်မျိုးရှိသည်။

http://www.cherrythitsar.org



**ပြည်ထောင်စုမြန်မာနိုင်ငံမှအပသို့လူခိုးမှု (ပုဒ်မ ၃၆၀)** **Kidnapping from the Union of Myanmar. (Section 360)**

ဥပဒေပြဋ္ဌာန်းချက်

မည်သူမဆို၊ တစ်ဦးတစ်ယောက်သောသူအား ထိုသူကိုယ်တိုင်ကဖြစ်စေ၊ ထိုသူ့ကိုယ်စား ဥပဒေနှင့်အညီ သဘောတူနိုင်ခွင့် ရှိသူကဖြစ်စေ၊ သဘောမတူဘဲ ပြည်ထောင်စုမြန်မာနိုင်ငံမှအပသို့ ထုတ်ဆောင်သွားလျှင်၊ ပြည်ထောင်စုမြန်မာနိုင်ငံမှအပသို့ လူကိုခိုးယူသည်မည်၏။

**ဥပဒေနှင့်အညီ အုပ်ထိန်းသူထံမှ ခိုးယူမှု၊ (ပုဒ်မ ၃၆၁)** **Kidnapping from lawful guardianship (Section 361)**

ဥပဒေပြဋ္ဌာန်းချက်

မည်သူမဆို၊ ဥပဒေနှင့်အညီ အုပ်ထိန်းသူ၏ ထိန်းသိမ်းခြင်းမှ အသက်ဆယ့်လေးနှစ်အောက် ယောကျ်ားကလေးကိုဖြစ်စေ၊ အသက်ဆယ့်ခြောက်နှစ်အောက် မိန်းကလေးကိုဖြစ်စေ၊ စိတ်ပေါ့သွပ်သူကိုဖြစ်စေ ထိုအုပ်ထိန်းသူက သဘောမတူဘဲ ဆောင်ယူလျှင်၊ သို့တည်းမဟုတ် ဖြားယောင်းခြင်းအားဖြင့် ထွက်သွားစေလျှင်၊ ထိုအရွယ်မရောက်သေးသူကို၊ သို့တည်းမဟုတ် ထိုစိတ်ပေါ့သွပ်သူကို ဥပဒေနှင့်အညီ အုပ်ထိန်းသူထံမှ ခိုးယူသည်မည်၏။

**ရှင်းလင်းချက်။** ဤပုဒ်မ၌ "ဥပဒေနှင့်အညီအုပ်ထိန်းသူ" ဆိုသောစကားများတွင် ဆိုခဲ့သော အရွယ်မရောက်သေးသူကို၊ သို့တည်းမဟုတ် အခြားသူကို ထိန်းသိမ်းစောင့်ရှောက်ရန်ဖြစ်စေ၊ အုပ်ထိန်းရန်ဖြစ်စေ ဥပဒေနှင့်အညီ အပ်နှံခံရသူလည်း ပါဝင်သည်။

**ကင်းလွတ်ချက်။** မိမိသည် တရားမဝင်သောကလေး၏ အဘဖြစ်သည်ကို သဘောရိုးဖြင့် ယုံကြည်သောသူ၏ ပြုလုပ်မှုသည်၊ သို့တည်းမဟုတ် ထိုကလေးကို ဥပဒေနှင့်အညီ မိမိအုပ်ထိန်းပိုင်ခွင့်ရှိသည်ဟု သဘောရိုးဖြင့် ယုံကြည်သောသူ၏ ပြုလုပ်မှုသည် အကျင့်ဖောက်ပြားသောကိစ္စအလို့ငှာဖြစ်စေ၊ ဥပဒေနှင့်ဆန့်ကျင်သောကိစ္စအလို့ငှာဖြစ်စေ ပြုသောပြုလုပ်မှုမဟုတ်လျှင်၊ ဤပုဒ်မနှင့် မသက်ဆိုင်စေရ။

အကျုံးဝင်သည့် အင်္ဂါရပ်များ

၁။ အရွယ်မရောက်သေးသောသူ၊ သို့မဟုတ် စိတ်ပေါ့သွပ်သူကိုဆောင်ယူခြင်း၊ သို့မဟုတ် ဖြားယောင်းခြင်းဖြင့် ထွက်သွားစေခြင်း။

၂။ အရွယ်မရောက်သေးသူဆိုသည်မှာ ယောကျ်ားဖြစ်က ၁၄ နှစ်အောက်၊ မိန်းမဖြစ်က ၁၆ နှစ်အောက်ဖြစ်ခြင်း။

၃။ ယင်းသို့ ဆောင်ယူခြင်း၊ ဖြားယောင်းခြင်းဖြင့် ထွက်သွားစေခြင်းမှာ ဥပဒေနှင့်အညီ အုပ်ထိန်းသူ၏ ထိန်းသိမ်းခြင်းမှဖြစ်ခြင်း။

၄။ ထိုသို့ပြုခြင်းမှာ အုပ်ထိန်းသူ၏ သဘောတူညီချက်မရှိခြင်း။

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ ပြစ်မှုမြောက်ခြင်း ရှိမရှိဆိုသောပြဿနာမှာ ခိုးယူခြင်းခံရသည့်ကလေး၏ အသက်ပေါ်၌ မူတည်နေသဖြင့် အသက်နှင့်ပတ်သက်၍ အထောက်အထားတင်ပြရန်လိုသည်။ ဤပုဒ်မတွင် သတ်မှတ်ထားသည့်အသက်အောက်သို့ ရောက်နေကြောင်း အထောက်အထားတင်ပြလာပါက အရွယ်ရောက်ပြီးဖြစ်သည်ဟု သဘောရိုးဖြင့် ယုံကြည်ကာ ခိုးယူခြင်းဖြစ်ကြောင်း တရားခံအနေဖြင့် ထုချေခြင်းမပြုနိုင်ပေ။ ခိုးယူခြင်းခံရသည့် မိန်းကလေးက အသက်ကို လိမ်လည်ပြောဆိုထားသောကြောင့် အသက်ပြည့်ပြီဟု သတ်မှတ်ယုံကြည်ခဲ့သည်ဟုပင် မချေပနိုင်ပေ။

*[မောင်မိုး(ခ)မောင်သိန်းနှင့်ပြည်ထောင်စု ၁၉၆၆မြန်မာပြည်စီရင်ထုံး-၁၂၁၄]*

၂။ အရွယ်မရောက်သေးသူက အုပ်ထိန်းသူ၏ ထိန်းသိမ်းခြင်းအောက်မှ ထွက်ခွာစေရန်ပြု၍ ထွက်ခွာသည်နှင့်တစ်ပြိုင်နက် ဆောင်ယူခြင်းမြောက်သည်။ အုပ်ထိန်းသူ၏ ထိန်းသိမ်းမှုအောက်သို့ ပြန်မရောက်မချင်း ဆောင်ယူလျက်ဖြစ်သည်ဟု ယူဆခြင်းမပြုနိုင်။ တစ်နည်းဆိုသော် အုပ်ထိန်းသူ၏ ထိန်းသိမ်းမှုအောက်မှ ဆောင်ယူသွားသည်နှင့်တစ်ပြိုင်နက် ပြစ်မှုမြောက်ခဲ့ပြီးဖြစ်၍၊ ထိုပြစ်မှုမှာ ဆက်ကာဆက်ကာ ဖြစ်ပွားနေသည့်ပြစ်မှုတစ်ရပ်မဟုတ်ပေ။

*[မောင်ကျော်နှင့်အစိုးရ ၁၉၄၇ ရန်ကုန်စီရင်ထုံး ၅၇ ]*

၃။ အရွယ်မရောက်သေးသူ၊ သို့မဟုတ် စိတ်ပေါ့သွပ်သူအား အုပ်ထိန်းသူ၏ ထိန်းသိမ်းခြင်းမှ ဆောင်ယူခြင်း၊ ဖြားယောင်း၍ ထွက်သွားစေခြင်းပြုသည့်အင်္ဂါရပ်မှာ အရေးကြီးသည့်အင်္ဂါရပ်တစ်ခုဖြစ်သည်။ ထိန်းသိမ်းခြင်းဆိုသည်မှာ ကြည့်ရှုစောင့်ရှောက်ခြင်းအဓိပ္ပါယ်ဆောင်သည်။ သို့ဖြစ်ရာ အရွယ်မရောက်သေးသူအား အုပ်ထိန်းသူကိုယ်တိုင် ကြပ်မတ်၍ထိန်းကျောင်းနေရန်မလိုပေ။ အုပ်ထိန်းသူ၏ ကြည့်ရှုစောင့်ရှောက်မှုအောက် သြဇာလွှမ်းမိုးမှုအောက်တွင်နေပါက အုပ်ထိန်းသူ၏ ထိန်းသိမ်းခြင်းအောက်တွင်ရှိနေသည်ဟု ယူဆရမည်ဖြစ်သည်။ သို့ဖြစ်ရာ အရွယ်မရောက်သေးသည့် မိန်းကလေးသည် ရွာဈေးထဲ၌ တရားခံ၏နောက်သို့ လိုက်သွားသောကိစ္စ၌ ထိုမိန်းကလေးသည် အုပ်ထိန်းသူ၏ ထိန်းသိမ်းမှုအောက်၌ပင် ရှိသည်ဟု ဆိုရမည်ဖြစ်၍ ဤပုဒ်မအရ ပြစ်မှုမြောက်သည်။

*[အစိုးရနှင့်စံလှိုင်၊ အတွဲ-၁၊ အောက်မြန်မာပြည်စီရင်ထုံး ၂၀၅ ]*

၄။ အလားတူပင် အရွယ်မရောက်သေးသည့်မိန်းကလေးသည် လမ်း၌ တရားခံနှင့်တွေ့၍ မိမိအလိုအလျောက် တရားခံနောက်သို့လိုက်သွားခြင်းသည် အုပ်ထိန်းသူ၏ ထိန်းသိမ်းမှုအောက်မှ ဆောင်ယူသွားခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

*[ရွှေသွေးနှင့်အစိုးရ၊ (၁၉၀၇-၀၉) အတွဲ-၁၊ အောက်မြန်မာပြည်စီရင်ထုံး ၁ (ပြစ်မှုဆိုင်ရာ)]*

၅။ မိန်းကလေးသည် ၎င်း၏ချစ်သူ တရားခံနှင့် ချိန်းဆိုပြီး ၎င်းသဘောအရ ချစ်သူထံသို့ထွက်သွားခြင်းသည် အုပ်ထိန်းသူ၏ ထိန်းသိမ်းခြင်းအောက်မှ ထွက်သွားစေခြင်းဖြစ်သည်ဟု ယူဆရမည်ဖြစ်၍ ပြစ်မှုမြောက်သည်။

*[မောင်ကျော်နှင့်အစိုးရ၊ ၁၉၄၇ ရန်ကုန်စီရင်ထုံး ၅၇ ]*

http://www.cherrythitsar.org



၆။ အရွယ်မရောက်သေးသူ၏ သဘောတူချက်သည် အရာမရောက်ပေ၊ အရွယ်မရောက်သေးသူက သဘောတူစေကာမူ အုပ်ထိန်းသူ၏ သဘောတူချက်မရှိလျှင် ပြစ်မှုမြောက်သည်။

*[အစိုးရနှင့်စံလှိုင် အတွဲ-၁၊ အောက်မြန်မာပြည်စီရင်ထုံး ၂၀၅ ]*

၇။ သဘောတူချက်သည် အတည့်အလင်းပေးသော သဘောတူချက်လည်းဖြစ်နိုင်သည်။ သဘောတူရာရောက်သည့် သွယ်ဝိုက်သောခွင့်ပြုချက်လည်းဖြစ်နိုင်သည်။

*[အဗ္ဗဒူရာမန်နှင့်အစိုးရ (၁၉၁၀-၁၁) အထက်မြန်မာပြည်စီရင်ထုံး ၁၃၆ ]*

၈။ အကျင့်ဖောက်ပြားသောကိစ္စ၊ သို့မဟုတ် ဥပဒေနှင့်ဆန့်ကျင်သောကိစ္စပြုလုပ်ရန်အတွက်ဖြစ်ကြောင်း မပေါ်ပေါက်က ဥပဒေအရ အသိအမှတ်ပြုသော အုပ်ထိန်းသူ ဖခင်သည် လက်ရှိအုပ်ထိန်းသူမိခင်ထံမှ ကလေးကို ဆောင်ယူခြင်းသည် ပြစ်မှုမြောက်မည်မဟုတ်ပေ။ အကျင့်ဖောက်ပြားသောကိစ္စဆိုသည်မှာ ကလေးအား ပြည့်တန်ဆာ အလုပ်လုပ်ရန် ရောင်းချခြင်းမျိုးကို ဆိုလိုသည်။ ကလေးအား သူတစ်ပါးထံ၌ ကျွန်အဖြစ်ရောင်းစားခြင်းသည် ဥပဒေနှင့်ဆန့်ကျင်သောကိစ္စရပ်၏ ဥပမာတစ်ခုဖြစ်ပေသည်။ ကလေးအား ဆောင်ယူစဉ် ဖြားယောင်းထွက်သွားစဉ် အကျင့်ဖောက်ပြားသော သို့မဟုတ် ဥပဒေနှင့်ဆန့်ကျင်သောကိစ္စကို ပြုရန် ရည်ရွယ်ချက်ရှိရမည်ဖြစ်သည်။ ပြုစဉ်က ထိုကဲ့သို့ရည်ရွယ်ချက်မရှိဘဲ နောက်ပိုင်းမှအကြံပေါ်၍ပြုခြင်းဖြစ်လျှင် ဤကင်းလွတ်ချက်တွင် အကျုံးမဝင်ဟုမဆိုနိုင်ပေ။ အရွယ်မရောက်သောသူအား ထိမ်းမြားလက်ထပ်ခြင်းမှ တားမြစ်ဆန့်ကျင်သောကိစ္စကို ပြုသည်ဟု ဆိုရပေမည်။

*[ဒါလ်လာလ်ရာမန်နှင့်အစိုးရ၊ အတွဲ-၁၁ ရန်ကုန် ၂၁၃ ]*

**လူကိုသွေးဆောင်ဆွဲခေါ်မှု၊ (ပုဒ်မ ၃၆၂)**

**Abduction. (Section 362)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ တစ်ဦးတစ်ယောက်သောသူအား တစ်နေရာရာမှ သွားစေရန် အနိုင်အထက်ပြုခြင်းဖြင့် အတင်းအဓမ္မပြုလျှင်၊ သို့တည်းမဟုတ် လှည့်ဖြားသောနည်းဖြင့် သွေးဆောင်လျှင်၊ ထိုသူသည် သွေးဆောင်ဆွဲခေါ်သည်မည်၏။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ အနိုင်အထက်ပြုကာ အတင်းအဓမ္မပြုခြင်း သို့မဟုတ် လှည့်ဖြားသောနည်းဖြင့် သွေးဆောင်ခြင်း။

၂။ ထိုသို့ပြုခြင်းမှာ တစ်ဦးတစ်ယောက်အား တစ်နေရာရာမှသွားစေရန်ဖြစ်ခြင်း။

http://www.cherrythitsar.org



**လူခိုးမှုအတွက်ပြစ်ဒဏ်။ (ပုဒ်မ ၃၆၃)**

**Punishment for kidnapping. (Section 363)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ တစ်ဦးတစ်ယောက်သောသူအား၊ ပြည်ထောင်စုမြန်မာနိုင်ငံမှအပသို့ဖြစ်စေ၊ ဥပဒေနှင့်အညီ အုပ်ထိန်းသူထံမှဖြစ်စေ ခိုးယူလျှင်၊ ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပြည်ထောင်စုမြန်မာနိုင်ငံမှအပသို့ ခိုးယူမှုအတွက် ခိုးယူခြင်းခံရသူသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌ရှိခြင်း။

၂။ တရားခံသည် ပြည်ထောင်စုမြန်မာနိုင်ငံမှအပသို့ ထိုသူအား ထုတ်ဆောင်သွားခြင်း။

၃။ ယင်းသို့ထုတ်ဆောင်ခြင်းကို ထိုသူကိုယ်တိုင်ကသော်လည်းကောင်း၊ ထိုသူကိုယ်စား သဘောတူခွင့်ရှိသူကသော်လည်းကောင်း သဘောမတူခြင်း။

ဥပဒေ နှင့်အညီ အုပ်ထိန်းသူထံမှ ခိုးယူမှုအတွက် -

၁။ ခိုးယူခြင်းခံရသူသည် စိတ်ပေါ့သွပ်သူဖြစ်ခြင်း သို့မဟုတ် ယောက်ျားဖြစ်က ၁၄ နှစ်အောက်၊ မိန်းမဖြစ်က ၁၆ နှစ်အောက်ဖြစ်သည့် အရွယ်မရောက်သေးသူဖြစ်ခြင်း။

၂။ ထိုသူသည် ဥပဒေနှင့်အညီ အုပ်ထိန်းသူ၏ ထိန်းသိမ်းမှုအောက်တွင် ရှိခြင်း။

၃။ အုပ်ထိန်းသူ၏ သဘောတူညီချက်မရှိဘဲ ဆောင်ယူခြင်း၊ ဖြားယောင်းခြင်းအားဖြင့် ထွက်သွားစေခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၆၃ | လူခိုးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**စီရင်ထုံး**

၁။ အရွယ်မရောက်သေးသူသည် ဥပဒေနှင့်အညီ အုပ်ထိန်းသူ၏ ထိန်းသိမ်းမှုအောက်တွင်ရှိနေခိုက် ခိုးယူခြင်းဖြစ်ပါမူ ခိုးယူခြင်းခံရသူက သဘောတူချက်ရှိစေကာမူ ပြစ်မှုမြောက်မည်ဖြစ်သည်။ တရားခံသည် အရွယ်မရောက်သေးသည့် မိန်းကလေးနှင့်ချိန်းတွေ့ပြီးထွက်ပြေးကြသည်။ မိန်းကလေးသည် အုပ်ထိန်းသူထံ

http://www.cherrythitsar.org



ပြန်လာရန်ရည်ရွယ်ချက်မရှိသော်လည်း အုပ်ထိန်းသူ၏ထိန်းသိမ်းမှုအောက်မှ ဆောင်ယူရာတွင် တရားခံ၏ပယောဂပါကြောင်း ထင်ရှားနေသဖြင့် ဤပုဒ်မအရ ပြစ်မှုမြောက်သည်။

*[ စောလှနှင့်အစိုးရ (၁၉၀၇-၀၉)အတွဲ-၁၊ အထက်မြန်မာပြည်စီရင်ထုံး ၁၁ ]*

*[ပြည်ထောင်စုနှင့်မောင်မိုး ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၁၂၁၄ ]*

၂။ အရွယ်မရောက်သေးသည့် မိန်းကလေးက တရားခံအိမ်သို့ သွားရောက်ကာ ၎င်းအား ခေါ်သွားရန်ပြောသည်။ တရားခံက မခေါ်လျှင် မိန်းကလေးသည် အုပ်ထိန်းသူထံမှ အပြီးအပိုင်ထွက်သွားရန်ရည်ရွယ်ချက်မရှိ။ ထိုအခြေ၌ မိန်းကလေးအား ခေါ်သွားသည့် တရားခံသည် ဤပြစ်မှုကို ကျူးလွန်ရာရောက်သည်။

*[ အစိုးရနှင့်အက်စ်ဂါအလီ (၁၉၀၇-၀၉)အတွဲ-၁၊*
*အထက်မြန်မာပြည်စီရင်ထုံး ၂၇ (ပြစ်မှုဆိုင်ရာ) ]*

၃။ ပုဒ်မ ၃၆၃ အရ ပြစ်ဒဏ်ထိုက်သော လူခိုးမှုတွင် အုပ်ထိန်းသူထံမှ ခိုးယူသည့် မိန်းကလေးသည် အသက် ၁၆ နှစ်အောက် မိန်းကလေးကို အဆိုပါမိန်းကလေး၏ သဘောတူညီချက်ဖြင့် ခိုးယူခဲ့စေကာမူ အုပ်ထိန်းသူက သဘောမတူလျှင် ယင်း ဥပဒေပုဒ်မ ၃၆၃ အရ အပြစ်ရှိသည်။ မိန်းကလေးအသက် ၁၆ နှစ်ကျော်သည်ဟု သဘောရိုးဖြင့် ယုံကြည်ပြီးခိုးယူခဲ့စေကာမူ ထိုမိန်းကလေး၏ အသက်အမှန်မှာ ၁၆ နှစ်အောက်ဖြစ်ကြောင်း ပေါ်ပေါက်လျှင် တရားခံသည် ဖော်ပြပါ ယုံကြည်ချက်ကို အကာအကွယ်ယူနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် မိန်းကလေး၏အသက်သည် အခင်းဖြစ်ချိန်က ၁၆ နှစ်အောက်ဖြစ်ကြောင်း ထင်ရှားအောင် သက်သေပြရန် တာဝန်မှာ တရားလို၏ တာဝန်ဖြစ်သည်။

*[ မောင်ခင်ဆက်နှင့်ပြည်ထောင်စု ၁၉၈၁ မြန်မာပြည်စီရင်ထုံး ၄ ]*

၄။ ဥပဒေနှင့်အညီ အုပ်ထိန်းသူထံမှ လူခိုးယူရာ၌ အခိုးခံရသူ၏အသက်ကန့်သတ်ချက်ရှိသဖြင့် ယောကျ်ားကလေးဖြစ်က အသက် ၁၄ နှစ်၊ မိန်းကလေးဖြစ်က အသက် ၁၆ နှစ်မပြည့်သေးကြောင်း သက်သေအထောက်အထားခိုင်လုံအောင် တင်ပြရန်လိုသည်။ အသက်နှင့်ပတ်သက်၍ လောကဓာတ်နည်းအရ စစ်ဆေးခဲ့သည့် ဆရာဝန်၏ထွက်ချက်သည် တန်ဖိုးရှိမည်ဖြစ်သည်။ သာမန်အမြင်ဖြင့် ပေးခဲ့သည့် ထင်မြင်ချက်သည် ခိုင်လုံမည်မဟုတ်။ အသက်နှင့်ပတ်သက်၍ သံသယရှိနေလျှင် ဤပုဒ်မအရ ပြစ်ဒဏ်ထင်ရှားစီရင်ခြင်းပြုနိုင်မည်မဟုတ်ပေ။

*[ မောင်ခင်ဆက်နှင့်ပြည်ထောင်စု ၁၉၈၁ မြန်မာပြည်စီရင်ထုံး ၄ ]*

၅။ ကန့်သတ်ထားသည့်အသက်ထက် ပိုမိုနေသည်ကိုတွေ့ရလျှင် ကျူးလွန်ခြင်းခံရသူသည် မိန်းကလေးဖြစ်ပါက ပုဒ်မ ၃၆၆ သို့တည်းမဟုတ် အခြားအလားတူ ပြစ်မှုတစ်ခုခုနှင့်အကျုံးဝင်မဝင်ဆိုသောပြဿနာကို စိစစ်သုံးသပ်ရန်လိုမည်ဖြစ်သည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၃ နှင့်ပတ်သက်ပြီး မိန်းကလေးတစ်ဦးသည် အသက် ၁၆ နှစ်မပြည့်သေးပါဟူသော သက်သေခံအထောက်အထားပြသရန်

http://www.cherrythitsar.org



တာဝန်မှာ တရားလိုအပေါ်တွင် ရှိသည်။ အကယ်၍ မိန်းကလေး၏အသက်သည် ၁၆ နှစ်ပြည့်ပြီးလည်းဖြစ်နိုင်သည်ဟု အမှုတွဲ၌ပေါ်လွင်လျှင် အသက်နှင့်ပတ်သက်သော ဒွိဟသံသယအကျိုးခံစားခွင့်ကို တရားခံသာလျှင် ခံစားခွင့်ရှိသည်။

*[ပြည်ထောင်စုနှင့်မောင်ထူး၊ ၁၉၇၉ မြန်မာပြည်စီရင်ထုံး ၈၇ ]*

၆။ ဆင်ခြင်တုံတရားမရှိသေးသည့် ငယ်ရွယ်သူမိန်းကလေးတစ်ဦး၏ ဘဝလုံခြုံမှု ထိခိုက်ပျက်ပြားစေခြင်းသည် လူမှုရေးအရ မလိုအပ်သဖြင့် ဥပဒေနှင့်အညီ နမူနာပြစ်ဒဏ်စီရင်ထိုက်သည့်အလျောက် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂(၁)အရ ခံဝန်ချုပ်ဖြင့် အစမ်းလွှတ်ထားရန် အမိန့်ချမှတ်ခြင်းသည် မသင့်လျော်ပေ။

*[ဒေါ်ခင်ညွန့်နှင့်ပြည်ထောင်စု(ဦးသောင်းရှိန်)၁၉၇၅မြန်မာပြည်စီရင်ထုံး ၉]*

၇။ လူခိုးမှုကျူးလွန်ရာ၌ ခိုးယူခြင်းခံရသည့်အရွယ်မရောက်သေးသော မိန်းကလေးဖြစ်ပါမူ ပုဒ်မ ၃၆၆ နှင့်အကျုံးဝင်သည့် အကြောင်းအရာများ ရှိကောင်းရှိမည်ဖြစ်သည်။ ထိုကဲ့သို့ အကြောင်းအရာများရှိနေပါက ဤပုဒ်မအရ စစ်ဆေးစီရင်ခြင်းမပြုရန် တရားရုံးများအနေဖြင့် သတိချပ်ရန်လိုပေသည်။

*[အစိုးရရှိုက်ဖရိုက်၊ ပုံနှိပ်ထားသောစီရင်ချက်များ၊ အောက်မြန်မာပြည် ၂၀၂]*

*[အစိုးရနှင့်ဘိုးစော(၁၈၉၇-၀၁) အတွဲ-၁၊ အထက်မြန်မာပြည်စီရင်ထုံး ၃၂၈]*

၈။ ရာဇသတ်ကြီးပုဒ်မ ၃၆၃ အရ မှုပြစ်ထင်ရှားစီရင်ခြင်း၊ အမျိုးသားမှတ်ပုံတင်လက်မှတ်၊ မွေးဖွားသည့်ရက်စွဲ ဖော်ပြထားခြင်း၊ အမျိုးသားမှတ်ပုံတင်လက်မှတ် သက်သေခံအက်ဥပဒေပုဒ်မ ၃၅ အရ တရားဝင်မဝင်၊ ကျောင်းဝင်ပုံစံ၊ သက်သေခံအက်ဥပဒေပုဒ်မ ၃၅ အရ တရားဝင်မဝင်၊ ဇာတာများမှာ အများနှင့်သက်ဆိုင်သော စာချုပ်စာတမ်းများ ဟုတ်မဟုတ် ဆရာဝန်၏အကြံပေးခြင်းသည် တရားဝင်သော သက်သေခံတင်ပြချက် အကြောင်းအရာဖြစ်မဖြစ်၊ ဒွိဟသံသယအကျိုးခံစားခွင့်။

**ဆုံးဖြတ်ချက်**။ ။ မခင်ရဲတင့် အသက်နှင့်ပတ်သက်၍ အသေးစိတ် စိစစ်ရာ အခြားသော သက်သေခံစာရွက်စာတမ်းများထက် စိတ်အဝင်စားဆုံးဖြစ်သည့် စာရွက်စာတမ်းမှာ နှစ်ခုဖြစ်သည်။ ပထမစာရွက်စာတမ်းမှာ မခင်ရဲတင့်၏ အမျိုးသားမှတ်ပုံတင်လက်မှတ် ဖြစ်သည်။ အမျိုးသားမှတ်ပုံတင်အရာရှိက တရားဝင်လက်ခံထားသော မခင်ရဲတင့်၏ မွေးဖွားသည့် ရက်စွဲ ၁၉၄၈-ခု၊ စက်တင်ဘာလ ၂၁ ရက်ဖြစ်သည်။ ၎င်းမွေးဖွားသော နေ့စွဲကိုပြင်ဆင်၍ ထည့်ထားရာတွင် မခင်ရဲတင့်တစ်ယောက်တည်းသဘောအရ လုပ်ခြင်းမဟုတ်၊ မိဘများက ခွင့်ပြု၍ ပြင်ဆင်ထားကြောင်း အမှုတွဲတွင် ပေါ်လွင်သည်။ ဤကဲ့သို့ ပြင်ဆင်ရာ၌ မခင်ရဲတင့်၏ အဆိုအရဆိုလျှင်၊ ၉-တန်းစာမေးပွဲဝင်ရာ၌ အသက် ၁၅-နှစ်မပြည့်သဖြင့် အသက်ကိုပြင်ဆင်ပြီး တိုးထားသည်ဟု ဖော်ပြထားသည်။ ထိုအချက်ကို အောက်ရုံးနှစ်ရုံးစလုံးက လက်ခံထားသည်ကို တွေ့ရှိရသည်။ သို့ရာတွင် ဤမှတ်ပုံတင်လက်မှတ်သည် သက်သေခံအက်ဥပဒေပုဒ်မ ၃၅ အရ၊ တရားဝင်သော အများနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းမျိုး ဖြစ်နေသဖြင့်၊ ၎င်းတွင်ဖော်ပြထားသော

http://www.cherrythitsar.org



မခင်ရဲတင့်၏ မွေးဖွားသက္ကရာဇ်ကို အဓိကအချက်အနေဖြင့် ထားရှိရလိမ့်မည်။ ၎င်းပြင် ဒုတိယစိတ်ဝင်စားသော စာချုပ်စာတမ်းမှာ ပြည်မြို့အစိုးရအထက်တန်းကျောင်း၊ ကျောင်းဝင်ပုံစံတွင် မခင်ရဲတင့်၏ မွေးသက္ကရာဇ်မှာ ၁၉၄၉ ခု၊ ဒီဇင်ဘာ ၂၉ ဖြစ်နေသည်ကို တွေ့ရှိရသည်။ ၎င်းကျောင်းဝင်ပုံစံမှာ ဆိုပြီးခဲ့သည့် သက်သေခံအက်ဥပဒေပုဒ်မ ၃၅ အရ တရားဝင်သော အများနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းဖြစ်သည်။

**ဆက်လက်ဆုံးဖြတ်ချက်။** ။ တရားလိုဘက်မှ မခင်ရဲတင့်၏ဇာတာနှင့် အခြားဇာတာများကို တင်ပြထားသည်။ ၎င်းဇာတာများမှာ အများနှင့်သက်ဆိုင်သော စာချုပ်စာတမ်းများမဟုတ်ပေ။ ဇာတာများကို မည်သည့်အခါမဆို ပြုလုပ်၍ရနိုင်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။။ ဆရာဝန်၏ထွက်ဆိုချက်ကိုလည်း အသေးစိတ်စစ်ဆေးရန် လိုအပ်သည်။ ဆရာဝန်သည် မခင်ရဲတင့်၏ အရပ်အမောင်း၊ အလေးချိန်နှင့် ကိုယ်ခန္ဓာအစိတ်အပိုင်းများအပြင် သွားများကို ကြည့်ရှုစစ်ဆေးခဲ့လေသည်။ လောကဓာတ်နည်းဖြင့် စစ်ဆေးရာ၌ တွေ့ရှိရသည်မှာ မခင်ရဲတင့်၏အသက်သည် ၁၅ နှစ်နှင့် ၁၇ နှစ်အကြား ဖြစ်သည်ဆိုသော်လည်း ၁၆ နှစ် နည်းနည်းကျော်ပြီဟု ထွက်ဆိုထားချက်ကို ထောက်ထားခြင်းအားဖြင့် ထိုလောကဓာတ်နည်းနှင့် စစ်ဆေး၍ တွေ့ရှိသောအချက်အလက်တို့မှာ ဆရာဝန်၏အကြံဉာဏ်ဖြစ်စေကာမူ တရားဝင်သော သက်သေခံတင်ပြချက် အကြောင်းအရာဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ အမှုတစ်ခုလုံးကို ခြုံ၍ကြည့်သောအခါ တွေ့ရှိရသည်မှာ မခင်ရဲတင့်၏အသက်နှင့်ပတ်သက်၍ တရားလိုဘက်က တိကျပြတ်သားသော သက်သေခံချက်မရှိချေ။ တရားခံဘက်ကတင်ပြသော သက်သေခံစာမှတ်တမ်းများနှင့် အမျိုးသားမှတ်ပုံတင်လက်မှတ်အပြင်၊ ဆရာဝန်၏သက်သေထွက်ချက်များကို ထောက်ရှုခြင်းအားဖြင့် မခင်ရဲတင့်၏အသက်သည် အချင်းဖြစ်စဉ်အခါက အသက် ၁၆ နှစ်မပြည့်သေးလည်းဖြစ်နိုင်သည်၊ ပြည့်ပြီးလည်းဖြစ်နိုင်သည်ဟု အမှုတွဲတွင် ပေါ်လွင်နေသောကြောင့် အသက်နှင့်ပတ်သက်၍ ဒွိဟသံသယ၏ အကျိုးခံစားခွင့်ကို လျှောက်ထားသူသာလျှင် ခံစားရန်အကြောင်းရှိသည်။

*[မောင်ကျော်ဆွေနှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၄၀၈ ]*

၉။ ရာဇသတ်ကြီးပုဒ်မ ၃၆၃ အရ ပြစ်မှုထင်ရှားစီရင်ခြင်း၊ အုပ်ထိန်းသူထံမှ ခိုးယူသည့်မိန်းကလေးသည် ၁၆ နှစ်အောက် ဖြစ်မဖြစ်၊ အုပ်ထိန်းသူသဘောမတူခြင်း၊ မိန်းကလေးသည် အသက် ၁၆ နှစ်ကျော်ပြီးဟု သဘောရိုးနှင့်ယုံကြည်ခြင်း၊ ယုံကြည်ချက်ကို အကာအကွယ်ယူနိုင် မယူနိုင်၊ မိန်းကလေး၏အသက်သည် ၁၆ နှစ်အောက်ဖြစ်သည်ဟု ထင်ရှားအောင်ပြသရန်တာဝန်။

**ဆုံးဖြတ်ချက်။** ။ ရာဇသတ်ကြီးပုဒ်မ ၃၆၁ အရ အပြစ်ဒဏ်ထိုက်သော လူခိုးမှုတွင် အဓိက အရေးကြီးသည့်အချက်မှာ အုပ်ထိန်းသူထံမှ ခိုးယူသည့်

http://www.cherrythitsar.org



မိန်းကလေးသည် အသက် ၁၆ နှစ်အောက်ဖြစ်ရန်လိုပေသည်။ အသက် ၁၆ နှစ်အောက် မိန်းကလေးတစ်ဦးကို ၎င်း၏သဘောတူညီချက်အရပင် ခိုးယူခဲ့စေကာမူ အုပ်ထိန်းသူက သဘောမတူလျှင် ထိုသို့ခိုးယူသောသူသည် ရာဇသတ်ကြီးပုဒ်မ ၃၆၃ အရ အပြစ်ဒဏ်ချမှတ်ခြင်းခံရမည် ဖြစ်သည်။ ၎င်းပြင် ခိုးယူသူ မိန်းကလေးသည် အသက် ၁၆ နှစ်ကျော်ပြီဟု သဘောရိုးနှင့် ယုံကြည်ခဲ့စေကာမူ မိန်းကလေး၏ အသက်မှာ အမှန်တကယ် ၁၆ နှစ်အောက်ဖြစ်နေပါက ထိုသို့ ခိုးယူသူသည် မိမိယုံကြည်ချက်ကို အကာအကွယ်မယူနိုင်ချေ။ ထိုပုဒ်မအရ အဓိကစဉ်းစားရမည့်ပြဿနာမှာ မိန်းကလေး၏အသက် ဖြစ်သည့်အလျောက် ခိုးယူသည်ဆိုသော မိန်းကလေး၏အသက်သည် ၁၆ နှစ်အောက်ဖြစ်သည်ဟု ထင်ရှားအောင်ပြသရန် တာဝန်မှာ တရားလိုအပေါ်တွင် ကျရောက်နေပေသည်။

*[မောင်မိုး(ခ)မောင်သိန်းနှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၁၂၁၄]*

၁၀။ ရာဇသတ်ကြီးပုဒ်မ ၃၆၃ အရ မှုပြစ်ထင်ရှားစီရင်ခြင်းပြစ်ဒဏ်။

**ဆုံးဖြတ်ချက်**။ ။ ပညာသင်ကြားနေစဉ်အချိန်၌ ငယ်ရွယ်သည့် ကျောင်းသူကျောင်းသားများသည် ဆရာမိဘတို့၏ နောက်ကွယ်တွင် သမီးရည်းစားထားခြင်း၊ ချိန်းဆိုတွေ့ဆုံခြင်း စသည့်အပြုအမူများမှာ ၎င်းတို့၏ ပညာရေးကိုသာမက ကိုယ်ကျင့်တရားနှင့် ကျောင်းစည်းကမ်းများကိုပါ ထိခိုက်နိုင်သည့်ကိစ္စဖြစ်၍ ထိုကဲ့သို့ပြုမူသည့် ကျောင်းသားများအား၊ အသိပညာပေးသည့်အနေဖြင့်လည်းကောင်း၊ အခြား ကျောင်းသူ ကျောင်းသားများအဖို့ စံနမူနာဖြစ်စေရန် ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ သင့်လျော်သည့် အပြစ်ဒဏ်များချမှတ်ပေးရန် တရားရုံးများအနေဖြင့် တာဝန်ရှိပေသည်။ အယူခံတရားလိုတို့သည် ငယ်ရွယ်သည့် ကျောင်းသားများဖြစ်ကြပြီး မိမိတို့ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် လေးလကျော်ကျော်အကျဉ်းခံရပြီးဖြစ်ရာ ၎င်းတို့အဖို့ လုံလောက်သော သင်ခန်းစာရရှိပြီဖြစ်သည်ဟု ယူဆသည်။

အထက်ပါအကြောင်းရပ်များကြောင့် အယူခံ တရားလိုတို့အပေါ် ကျပြီးသော ထောင်ဒဏ်သာကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

*[မောင်ဟန်ညွန့်ပါ-၂နှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၁၅၀၂]*

## လူကိုသတ်ရန် ခိုးယူမှု၊ သို့တည်းမဟုတ် သွေးဆောင်ဆွဲခေါ်မှု။ (ပုဒ်မ ၃၆၄)

## Kidnapping or abducting in order to murder. (Section 364)

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

မည်သူမဆို၊ တစ်ဦးတစ်ယောက်သောသူအား သတ်ရန်သော်လည်းကောင်း၊ အသတ်ခံ ရမည့်ဘေးရောက်လောက်အောင် စီမံခန့်ခွဲနိုင်ရန်သော်လည်းကောင်း ခိုးယူလျှင်၊ သို့တည်းမဟုတ် သွေးဆောင်ဆွဲခေါ်လျှင်၊ ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ အလုပ်ကြမ်းနှင့်ထောင်ဒဏ်ဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

http://www.cherrythitsar.org



**ဥပမာများ။**

(က) မောင်မဲအား ယစ်ပူဇော်ရန်ကြံရွယ်၍သော်လည်းကောင်း၊ ယစ်ပူဇော်ခြင်း ခံရတန်သည်ကို သိလျက်နှင့်သော် လည်းကောင်း မောင်ဖြူသည် မောင်မဲကို ပြည်ထောင်စုမြန်မာနိုင်ငံမှအပသို့ ခိုးယူ၏။ မောင်ဖြူသည် ဤပုဒ်မတွင် အဓိပ္ပာယ်ဖော်ပြထားသောပြစ်မှုကို ကျူးလွန်၏။

(ခ) မောင်ဖြူသည် မောင်မဲကိုသတ်ရန် မောင်မဲ၏အိမ်မှ မောင်မဲအား အနိုင်အထက်ဆောင်ယူသွား၏၊ သို့တည်းမဟုတ် ဖြားယောင်းခြင်းအားဖြင့် ထွက်သွားစေ၏။ မောင်ဖြူသည် ဤပုဒ်မတွင် အဓိပ္ပာယ်ဖော်ပြသောပြစ်မှုကို ကျူးလွန်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် လူတစ်ဦးအားခိုးယူခြင်း၊ သို့မဟုတ် သွေးဆောင်ဆွဲခေါ်ခြင်း။

၂။ ထိုသူအား သတ်ရန်သော်လည်းကောင်း၊ အသတ်ခံရမည့်ဘေးရောက်လောက်အောင် စီမံခန့်ခွဲနိုင်ရန်သော်လည်းကောင်း ပြုသည်ဖြစ်ခြင်း

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေး ခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၆၄ | လူကိုသတ်ရန် ခိုးယူမှု၊ သို့မဟုတ် သွေးဆောင်ဆွဲခေါ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | တစ်သက်တစ်ကျွန်းအဏ်ဖြစ်စေ၊ ၁၀နှစ်ထိ အလုပ်ကြမ်းနှင့် ထောင်အဏ်အပြင် ငွေအဏ်ဖြစ်စေ။ | စက်ရှင် တရားရုံး |

**စီရင်ထုံး**

၁။ တစ်ချိန်က အိန္ဒိယပြည်တွင် ဟိန္ဒူဘာသာဝင်တို့ ပြုလုပ်လေ့ရှိသည့် လူကိုသတ်ပြီး ယစ်ပူဇော်ခြင်းကို တားမြစ်ရန် ပြဋ္ဌာန်းထားသည့် ပုဒ်မဖြစ်သည်။ မြန်မာနိုင်ငံတွင် လူကိုသတ်ပြီး ယစ်ပူဇော်သည့် အလေ့အထမရှိပေ။ အလေ့အထရှိသည်ဆိုသော လုံလောက်သည့် အထောက်အထားလည်းမတွေ့ရပေ။ ယစ်ပူဇော်ခြင်းကို တားမြစ်ရန် အဓိကရည်ရွယ်၍ပြဋ္ဌာန်းထားခြင်းဖြစ်သော်လည်း သာမန်လူကို သတ်ရန်သော်လည်းကောင်း၊ အသတ်ခံရအောင် စီမံခန့်ခွဲနိုင်ရန်သော်လည်းကောင်း ပြုသည့်လူခိုးမှုအတွက် ဤပုဒ်မဖြင့် စီရင်နိုင်ပေသည်။ သေသူအားသတ်ကြောင်း မျက်မြင်သက်သေမရှိသော်လည်း တရားခံ၏လုံ့ချည်ကို သေသူကဆုတ်ဖြဲသော

http://www.cherrythitsar.org



ကြောင့် မကျေနပ်မှုရှိနေခြင်း၊ သေသူနှင့်တရားခံတို့ အတူတကွ လမ်းလျှောက်သွားသည်ကို မြင်လိုက်ရပြီး နောက်မကြာမီ သေသူသေဆုံးရခြင်း၊ အခင်းဖြစ်ပွားရာအနီးမှ တရားခံ၏ ဖိနပ်ကိုရရှိခြင်း အစရှိသော ပတ်ဝန်းကျင်အထောက်အထားများကွင်းဆက်မပြတ်ရှိနေသဖြင့် တရားခံအား လူသတ်မှုဖြင့် အပြစ်မပေးဘဲ အသတ်ခံရမည့်ဘေးသို့ ရောက်အောင် ဖြားယောင်းသွေးဆောင်ခဲ့မှုအရ ပုဒ်မ ၃၆၄ ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းသည် မှန်ကန်သည်။

*[မောင်မျိုးအောင်နှင့်ပြည်ထောင်စု ၁၉၇၇ မြန်မာပြည်စီရင်ထုံး ၂၅ ]*

၂။ ဤပုဒ်မနှင့် အပြစ်ပေးနိုင်ရန် တရားခံသည် လူကိုခိုးရာ၌ သတ်ရန်အတွက်သော်လည်းကောင်း၊ အသတ်ခံရမည့်ဘေးရောက်လောက်အောင် စီမံခန့်ခွဲနိုင်ရန်အတွက်သော်လည်းကောင်း ဖြစ်သည်ဟု တရားလိုဘက်မှ သက်သေထူရန် တာဝန်ရှိပေသည်။ ထိုအင်္ဂါရပ်ရှိကြောင်း မတင်ပြနိုင်က ဤပုဒ်မနှင့် အကျုံးမဝင်၊ ပုဒ်မ ၃၆၅ အရသာ ပြစ်ဒဏ် ထင်ရှားစီရင်နိုင်မည်ဖြစ်သည်။

*[မောင်ဘထူးနှင့်ပြည်ထောင်စု ၁၉၅၅ မြန်မာပြည်စီရင်ထုံး ၁၀၉၊(လွှတ်တော်)]*

၃။ ဤပုဒ်မအရ အရေးယူခြင်းခံရသည့် တရားခံတစ်ဦးသည် လူကိုခိုးရာ၌ ခိုးယူခြင်းခံရသူအား သတ်ရန်အတွက်ဖြစ်သည်ဟု မပေါ်ပေါက်က သေဘေးဆိုက်အောင် စီမံခန့်ခွဲရန်အတွက်ဖြစ်သည်ဟု ယူဆရန်သာရှိသည်။ ယင်းသို့ ပုဒ်မ၏ ဒုတိယပိုင်းအရ ပြစ်မှုကျူးလွန်သူကို အလုပ်နှင့်ထောင်ဒဏ်ခုနစ်နှစ် ချမှတ်ခြင်းသည် အလွန်သက်ညှာလွန်းသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

*[မောင်ဟန်နှင့်အစိုးရ၊ ၁၉၄၇ ရန်ကုန်စီရင်ထုံး ၃၇၀ ]*

**လူကိုလျှို့ဝှက်စွာ မတရားသဖြင့်ချုပ်နှောင်ထားရန်အကြံဖြင့် ခိုးယူမှု၊ သို့တည်းမဟုတ် သွေးဆောင်ဆွဲခေါ်မှု။ (ပုဒ်မ ၃၆၅)**

**Kidnapping or abduction with intent secretly and wrongfully to confine person. (Section 365)**

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

မည်သူမဆို၊ တစ်ဦးတစ်ယောက်သောသူအား လျှို့ဝှက်စွာ မတရားသဖြင့်ချုပ်နှောင်ထားခြင်းခံရစေရန်အကြံဖြင့် ခိုးယူလျှင်၊ သို့တည်းမဟုတ် သွေးဆောင်ဆွဲခေါ်လျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

<u>**အကျုံးဝင်သည့် အင်္ဂါရပ်များ**</u>

၁။ တရားခံသည် လူတစ်ဦးအား ခိုးယူခြင်း၊ (ပုဒ်မ ၃၆၃ အရ) သို့မဟုတ် သွေးဆောင်ဆွဲခေါ်ခြင်း (ပုဒ်မ ၃၆၂ အရ)

၂။ လျှို့ဝှက်စွာ မတရားသဖြင့် ချုပ်နှောင်ထားခြင်းခံရစေရန် အကြံဖြင့်ပြုခြင်း။

http://www.cherrythitsar.org



**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၆၅ | လူတစ်ဦးတစ်ယောက်ကို လျှို့ဝှက်စွာ မတရားသဖြင့် ချုပ်နှောင်ထားရန်အကြံဖြင့် ခိုးယူမှု၊ သို့မဟုတ် သွေးဆောင်ဆွဲခေါ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**စီရင်ထုံး**

၁။ ပုဒ်မ ၃၆၃ တွင် သတ်မှတ်ထားသည့် အပြစ်ဒဏ်အတိုင်း ဤပုဒ်မ၌လည်း ပြဋ္ဌာန်းထားသည်။ သို့ရာတွင် ပုဒ်မ ၃၆၃ တွင် အကျုံးမဝင်သည့် သွေးဆောင်ဆွဲခေါ်မှုကိုကျူးလွန်လျှင် ဤပုဒ်မနှင့် ငြိစွန်းမည်ဖြစ်သည်။ တစ်နည်းဆိုရသော် ဤပုဒ်မအရ ခိုးယူခြင်း၊ သို့မဟုတ် သွေးဆောင်ခြင်းဆွဲခေါ်ခြင်းခံရသူသည် အရွယ်မရောက်သေးသူလည်း ဖြစ်နိုင်သည်။ အရွယ်ရောက်ပြီးသူလည်း ဖြစ်နိုင်သည်။ ပြန်ပေးဆွဲခြင်းသည် ဤပုဒ်မနှင့်အကျုံးဝင်သည်။

*[ဘိုးလန်းနှင့်အစိုးရ၊ အတွဲ-၆ ၊ အောက်မြန်မာပြည်စီရင်ထုံး ၁၆၀ ]*

**အတင်းအဓမ္မ ထိမ်းမြားပေးစာရန် စသည်တို့အတွက် မိန်းမကိုခိုးယူမှု၊ သို့တည်းမဟုတ် သွေးဆောင်ဆွဲခေါ်မှု၊ သို့တည်းမဟုတ် သွေးဆောင်မှု။ (ပုဒ်မ ၃၆၆)**

**Kidnapping, abducting or inducing woman to compel her marriage, etc. (Section 366)**

**ဥပဒေပြဋ္ဌာန်းချက်**

မိန်းမက အလိုမတူဘဲ ထိုမိန်းမကို တစ်ဦးတစ်ယောက်သောသူနှင့် ထိမ်းမြားပေးစားခြင်းငှာ အတင်းအဓမ္မပြုရန်အကြံနှင့်သော်လည်းကောင်း၊ ထိုသို့ အတင်းအဓမ္မပြုခြင်း ခံရမည်ဖြစ်တန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း၊ အနိုင်အထက်ပြုခြင်းဖြင့်ဖြစ်စေ၊ ကာမသွေးဆောင် အကျင့်ဖျက်ဆီးခြင်းဖြင့်ဖြစ်စေ၊ မတရားသဖြင့် ကာမစပ်ယှက်စေရန်သော်လည်းကောင်း၊ ထိုသို့အနိုင်အထက်ပြုခြင်း၊ သို့တည်းမဟုတ် ကာမသွေးဆောင် အကျင့်ဖျက်ဆီးခြင်းခံရမည်ဖြစ်တန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း မည်သူမဆို၊ မိန်းမတစ်ဦးတစ်ယောက်အား ခိုးယူလျှင်၊ သို့တည်းမဟုတ် သွေးဆောင်ဆွဲခေါ်လျှင် ထိုသူကို ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

http://www.cherrythitsar.org



ထို့ပြင် ဤရာဇသတ်ကြီးတွင် အဓိပ္ပာယ်ဖော်ပြသည့် ရာဇဝတ်မကင်းသော ခြောက်လှန့်ခြင်းနည်းဖြင့်သော်လည်းကောင်း၊ မိမိအခွင့်အာဏာကို အလွဲသုံးစား ပြုခြင်းဖြင့်သော်လည်းကောင်း၊ အခြားအတင်းအဓမ္မနည်း တစ်နည်းနည်းဖြင့်သော် လည်းကောင်း အနိုင်အထက် ပြုခြင်းဖြင့်ဖြစ်စေ၊ ကာမသွေးဆောင် အကျင့် ဖျက်ဆီးခြင်းဖြင့်ဖြစ်စေ မိန်းမတစ်ဦးတစ်ယောက်ကို အခြားသူတစ်ဦးတစ်ယောက် နှင့် မတရားသဖြင့် ကာမစပ်ယှက်စေရန်အကြံနှင့်သော်လည်းကောင်း၊ ထိုသို့ ကာမစပ်ယှက်ခြင်းခံရမည် ဖြစ်တန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း မည်သူမဆို၊ ထိုမိန်းမအား တစ်နေရာရာမှ ထွက်သွားစေရန် သွေးဆောင်လျှင်၊ ထိုသူကို အထက်ကဖော်ပြသည့်အတိုင်း ပြစ်ဒဏ်ချမှတ်ရမည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

**ပထမပိုဒ်အတွက်**

၁။ တရားခံသည် မိန်းမတစ်ဦးအား ခိုးယူခြင်း၊ သို့မဟုတ် သွေးဆောင်ဆွဲခေါ်ခြင်း။

၂။ ထိုကဲ့သို့ ခိုးယူခြင်း၊ သွေးဆောင်ဆွဲခေါ်ခြင်းသည် -

(က) တစ်ဦးတစ်ယောက်သောသူနှင့် ထိမ်းမြားပေးစားခြင်းငှာ အတင်းအဓမ္မပြုရန်အကြံနှင့်သော်လည်းကောင်း၊ ထိုသို့ အတင်းအဓမ္မပြုခြင်းခံရမည် ဖြစ်တန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်းဖြစ်ခြင်း။ သို့မဟုတ်

(ခ) အနိုင်အထက်ပြုခြင်းဖြင့်ဖြစ်စေ၊ ကာမသွေးဆောင်အကျင့်ဖျက်ဆီးခြင်းဖြင့်ဖြစ်စေ၊ မတရားသဖြင့် ကာမစပ်ယှက်စေရန်သော် လည်းကောင်း၊ ထိုသို့ဖြစ်တန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ဖြစ်ခြင်း။

**ဒုတိယပိုဒ်အတွက်**

၁။ ပြစ်မှုမကင်းသော ခြောက်လှန့်၍သော်လည်းကောင်း၊ မိမိအခွင့်အာဏာကို အလွဲသုံးစားပြု၍သော်လည်းကောင်း၊ အခြားအဓမ္မနည်းဖြင့်သော်လည်းကောင်း မိန်းမတစ်ဦးကို တစ်နေရာရာမှ ထွက်ခွာစေရန် သွေးဆောင်ခြင်း။

၂။ ယင်းသို့ ထွက်ခွာစေခြင်းသည် အနိုင်အထက်ပြုခြင်းဖြင့်ဖြစ်စေ၊ ကာမသွေးဆောင် အကျင့်ဖျက်ဆီးခြင်းဖြင့်ဖြစ်စေ၊ မတရားသဖြင့် ကာမစပ်ယှက်စေရန် အကြံနှင့်သော်လည်းကောင်း၊ ထိုကဲ့သို့ ကာမစပ်ယှက်ခြင်းခံရမည် ဖြစ်တန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်းဖြစ်ခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၆၆ | အတင်းအဓမ္မထိမ်းမြားပေးစားရန်၊ သို့မဟုတ် ယုတ်ညံ့စေရန် စသည်အတွက် မိန်းမတစ်ဦးကို ခိုးယူမှု၊ သို့မဟုတ် သွေးဆောင်ဆွဲခေါ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၁၀နှစ်ထိထောင်အပြင် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး |

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ အကြမ်းဖက်၍ သွေးဆောင်ခေါ်ကာမျှဖြင့် ဤပုဒ်မအရ ပြစ်မှုမမြောက်၊ အတင်းအဓမ္မ ထိမ်းမြားပေးစားရန်အကြံ၊ သို့မဟုတ် မတရား ကာမစပ်ယှက်စေရန် အကြံဖြင့် သွေးဆောင်ဆွဲခေါ်မှုသာ ဤပုဒ်မဖြင့် ငြိစွန်းမည်ဖြစ်သည်။ အချုပ်ဆိုရသော် သွေးဆောင်ခေါ်စဉ် တရားခံ၏အကြံသည် ပြစ်မှုကျူးလွန်ခြင်းရှိမရှိ ဆိုသော ပြဿနာ၏အဓိကအင်္ဂါရပ်ဖြစ်ပေသည်။ မိန်းမတစ်ဦးအား ယင်းအကြံဖြင့် သွေးဆောင်ဆွဲခေါ်ကြောင်း ထင်ရှားပါက ပြစ်မှုမြောက်မည်ဖြစ်သည်။ တရားခံ၏ ရည်ရွယ်ချက် အောင်မြင်သည်၊ မအောင်မြင်သည်၊ သွေးဆောင်ဆွဲခေါ်သည့် မိန်းမက သဘောတူသည်၊ မတူသည်၊ ထိမ်းမြားပေးစားခြင်း၊ သို့မဟုတ် မတရားသဖြင့် ကာမစပ်ယှက်ခြင်း အထမြောက်သည် မမြောက်သည်ဆိုသော အချက်အလက်များကို စဉ်းစားရန်လိုမည်မဟုတ်ပေ။

*[ခါလီအုရာမန်နှင့်အစိုးရ၊ အတွဲ-၁၁၊ ရန်ကုန် ၂၁၃ ]*

၂။ သွေးဆောင်ဆွဲခေါ်ခြင်းခံရသူက သဘောမတူဘဲ အကြမ်းဖက်၍ အတင်းအဓမ္မ ထိမ်းမြားရန် ဆွဲခေါ်ခြင်းသည် ဤပုဒ်မနှင့်ငြိစွန်းသဖြင့် မိန်းကလေး၏ ဖခင်က သဘောတူ၍ အတင်းအဓမ္မဆွဲခေါ်ခြင်းဖြစ်သည်ဟု ထုချေခြင်းမပြုနိုင်ပေ။ ဖခင်သည် သမီးသဘောမတူသူနှင့် ထိမ်းမြားလက်ထပ်ရန် အတင်းဆွဲခေါ်ခွင့် မပေးနိုင်၍ ဆွဲခေါ်သည့် တရားခံသည် ဤပုဒ်မမြောက်မည်ဖြစ်သည်။

*[မောင်ကုနှင့်အစိုးရ၊ (၁၈၉၇-၀၁)အတွဲ-၁၊ အထက်မြန်မာပြည်စီရင်ထုံး ၃၃၀]*

၃။ မိန်းမတစ်ဦးအား သာမန်ဆွဲခေါ်ကာမျှဖြင့်၊ သွေးဆောင်ကာမျှဖြင့်၊ ခိုးယူကာမျှဖြင့် ဤပုဒ်မအရ ပြစ်မှုမမြောက်၊ ထိမ်းမြားပေးစေခြင်းငှာ အတင်းအဓမ္မပြုရန် အကြံနှင့်သော်လည်းကောင်း၊ အနိုင်အထက်ပြုကာ မတရားသဖြင့် ကာမယှက်ရန် သော်လည်းကောင်း၊ ခိုးယူသွေးဆောင်ဆွဲမှုသာ ဤပုဒ်မနှင့်အကျုံးဝင်မည် ဖြစ်သည်။ မိန်းကလေးတစ်ဦးအား ခိုးယူစဉ်၊ ဆွဲခေါ်စဉ်၊ သွေးဆောင်စဉ် တရားခံ၏စိတ်၌ မည်သို့သောအကြံရှိသည်ဆိုခြင်းကို မည်သူမျှ တပ်အပ်ပြောဆိုနိုင်မည်မဟုတ်၍ မည်သည့်အကြံနှင့် ပြုသည်ဟု သက်သေတင်ပြနိုင်လိမ့်မည်မဟုတ်ပေ။ သို့ဖြစ်ရာ ထိုကဲ့သို့သောအကြံနှင့်ပြုခဲ့သည်ဟု ဆုံးဖြတ်ရမည်သာဖြစ်သည်။ လူပျိုတစ်ယောက်က အပျိုတစ်ဦးအား အတင်းအဓမ္မထိမ်းမြားရန်အကြံနှင့် ပြုခြင်းသာဖြစ်သည်ဟု ယူဆရမည်ဖြစ်သည်။ ထိုကဲ့သို့ ကြံရွယ်ချက်မရှိဟုဆိုလျှင် မည်သည့်ကြံရွယ်ချက်နှင့် ဆွဲခေါ်သည်ဟု ထင်ရှားအောင်ပြသရန် တာဝန်မှာ သက်သေခံဥပဒေပုဒ်မ ၁၀၆ ၏ ဥပမာ(က)အရ တရားခံအပေါ်၌ ကျရောက်နေပေသည်။

*[မောင်တင်အောင်ပါ-၃နှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၁၀၀၆]*

၄။ မိန်းမတစ်ဦးအား ဓားပြခြိမ်းခြောက်ခေါ်ဆောင်၍ မိန်းမက အလိုမတူကြောင်း အမူအယာပြသခဲ့လျှင် ဤပုဒ်မအရ ပြစ်မှုမြောက်သည်။ နောက်ပိုင်းကျမှ မိန်းမက သဘောတူခဲ့ကြောင်း ပေါ်ပေါက်လျှင် ထိုအကြောင်းကြောင့် ပြစ်ဒဏ်ကိုသတ်မှတ်ရာ၌ သက်ညှာစွာ စဉ်းစားသင့်သော်လည်း ပြစ်မှုမမြောက်ဟု ထုချေခြင်းမပြုနိုင်ပေ။

*[မောင်အောင်ငြိမ်းနှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၄၇၂ ]*

http://www.cherrythitsar.org



၅။ အနိုင်အထက်ပြု၍သော်လည်းကောင်း၊ ကာမသွေးဆောင် အကျင့်ဖျက်ဆီး၍ သော်လည်းကောင်း၊ မတရားသဖြင့် ကာမစပ်ယှက်စေရန် မိန်းမတစ်ဦးကို ခိုးယူခြင်း၊ သွေးဆောင်ခြင်းပြုမှသာ ဤပုဒ်မအရ ပြစ်ဒဏ်ထင်ရှားစီရင်နိုင်မည်။ အနိုင်အထက်ပြု၍ဆွဲခေါ်ခြင်း၊ ခိုးယူခြင်း စသည့်ကိစ္စကို အထူးရှင်းလင်းရန် မလိုပေ။ ကာမသွေးဆောင် အကျင့်ဖျက်ဆီးခြင်းနှင့်ပတ်သက်၍ ဝိဝါဒကွဲပြားလျက်ရှိသည်ကို တွေ့ရလေသည်။ အချို့က မိန်းကလေးတစ်ဦးသည် တရားခံနှင့် ကာမစပ်ယှက်ခြင်းသည် ကာမသွေးဆောင်အကျင့်ဖျက်ဆီးမှု မတရားသဖြင့် ကာမစပ်ယှက်မှုဖြစ်သည့်အလျောက် ပုဒ်မ ၃၆၆ အရ ပြစ်မှုမြောက်သည်ဟု ယူဆကြသည်။

*[အစိုးရနှင့်နီတာ (၁၉၀၃-၀၄) အတွဲ-၁၊*
*အထက်မြန်မာပြည်စီရင်ထုံး ၁၅(ပြစ်မှုဆိုင်ရာဥပဒေ) ]*

၆။ အရွယ်မရောက်သေးသည့် မြန်မာဗုဒ္ဓဘာသာအမျိုးသမီးသည် ဒင်းအုပ်ထိန်းသူ၏ သဘောတူညီချက်မရှိဘဲ တရားခံနှင့် ထိမ်းမြားခဲ့သည့်အတွက် မတရားသဖြင့် ကာမစပ်ယှက်ခြင်းဖြစ်သည်ဟု ကောက်ယူခဲ့သည်။

*[အစိုးရနှင့်နေစိုး၊ ရွေးချယ်ထားသောစီရင်ချက်များ၊*
*အောက်မြန်မာပြည်စီရင်ထုံး ၂၀၂ ]*

၇။ ကာမသွေးဆောင် အကျင့်ဖျက်ဆီးခြင်းဆိုသည်မှာ မိန်းကလေးအား ခိုးယူခြင်း၊ သို့မဟုတ် သွေးဆောင်ဆွဲခေါ်ခြင်းပြုပြီးမှ မတရားသဖြင့် ကာမစပ်ယှက်ခြင်းနှင့်သာ သက်ဆိုင်သည်။ မူလက သဘောတူစပ်ယှက်ပြီးဖြစ်လျှင် ခိုးယူပြီးသည့်နောက်ပိုင်း၌ စပ်ယှက်ခြင်းသည် ဤပုဒ်မနှင့် အကျုံးမဝင်ဟု ယူဆကြသည်။

*[အစိုးရနှင့် ချမ်းမြ၊ အတွဲ-၁၊ အောက်မြန်မာပြည်စီရင်ထုံး ၂၉၇ ]*

၈။ အရွယ်မရောက်သည့် မိန်းကလေးက မိမိသဘောအတိုင်း တရားခံနောက်သို့လိုက်ပြီး ကာမစပ်ယှက်ခြင်းသည် မတရားသဖြင့် ကာမစပ်ယှက်ခြင်းမဟုတ်၍ ဤပုဒ်မနှင့်မသက်ဆိုင်ဟု ဆိုသည်။

*[အစိုးရနှင့်မောင်ငယ် (၁၉၀၅-၀၆)အတွဲ-၁၊*
*အထက်မြန်မာပြည်စီရင်ထုံး ၁၇ (ပြစ်မှုဆိုင်ရာဥပဒေ) ]*

၉။ တစ်ကြိမ်တစ်ခါမျှ ကာမစပ်ယှက်ခြင်းမရှိဖူးသည့် မိန်းမကို အတင်းခိုးယူပေါင်းသင်းမှသာ ကာမသွေးဆောင်အကျင့်ဖျက်ဆီး၍ မတရားသဖြင့် ကာမစပ်ယှက်သည်ဟု တရားသေမယူဆဘဲ မိန်းမတစ်ဦးသည် ယခင်က ကာမစပ်ယှက်ဖူးသော်လည်း ခိုးယူခြင်း၊ သွေးဆောင်ဆွဲခေါ်ခြင်းခံရစဉ် အကျင့်သီလစောင့်ထိန်းနေစဉ်ထိုကဲ့သို့ စောင့်ထိန်းနေခိုက် ခိုးယူကာ ကာမစပ်ယှက်ခြင်းသည် ကာမသွေးဆောင်အကျင့်ဖျက်ဆီး၍ မတရားသဖြင့် ကာမစပ်ယှက်သည်ဟု ထင်မြင်ယူဆကြသည်။

*[ထွန်းကြိုင်နှင့်အစိုးရ၊ ၁၉၄၈ မြန်မာပြည်စီရင်ထုံး ၃၄ ]*

၁၀။ အရွယ်မရောက်သေးသည့် မိန်းကလေးတစ်ဦးအား ခိုးယူပေါင်းသင်းသည့်အမှုများတွင် ဤပုဒ်မနှင့် အကျုံးဝင်နိုင်မည့်အချက်အလက်များ ပေါ်ပေါက်နေပါက

http://www.cherrythitsar.org



တရားသူကြီးတို့သည် ပုဒ်မ ၃၆၃ အရ စစ်ဆေးစီရင်ခြင်းမပြုကြရန် သတိချပ်ရမည်ဖြစ်သည်။

*[အစိုးရနှင့် ရှိုတ်ဖရိုက်၊ ပုံနှိပ်ထားသောစီရင်ချက်များ၊ အောက်မြန်မာပြည်စီရင်ထုံး ၂၁၂ ]*

၁၁။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆ အရ စွဲချက်တင်ပြီး အပြစ်ပေးထားသည့် တရားခံတစ်ဦးကို အယူခံ၌ ဤပုဒ်မအရ ပြောင်းလဲ၍ အပြစ်ပေးလျှင် ပုဒ်မတစ်ခု၌ လိုအပ်သည့် အင်္ဂါရပ်သည် အခြားပုဒ်မ၏ လိုအပ်သည့်အင်္ဂါရပ်နှင့်မတူသဖြင့် တရားခံအဖို့ နစ်နာဖွယ်ရာအကြောင်း ပေါ်ပေါက်နိုင်သည်။

*[ဂျီစီဆာကာနှင့်အစိုးရ၊ အဘွဲ့-၃၊ ရန်ကုန် ၆၀ ]*

၁၂။ တရားခံက ၎င်း၏နမဝမ်းကွဲကို ထိမ်းမြားလက်ထပ်ရန် ရည်ရွယ်၍ ဆွဲခေါ်၍ ဤပုဒ်မအရ ပြစ်မှုမြောက်သော်လည်း အပြစ်ဒဏ် သတ်မှတ်ရာ၌ သက်ညှာသင့်ပေသည်။

*[စံမင်နှင့်အစိုးရ၊ အဘွဲ့-၆ ဘားမားလောဂျာနယ် ၂၅ ]*

**ကာမပွဲစားအဖြစ်ဖြင့် အရွယ်မရောက်သေးသော မိန်းကလေးကို ရှာပေးခြင်း။ (ပုဒ်မ ၃၆၆-က)**

**Procuration of minor girl. (Section 366-A)**

**<u>ဥပဒေပွင့်ဆိုချက်</u>**

အနိုင်အထက်ပြုခြင်းဖြင့်ဖြစ်စေ၊ ကာမသွေးဆောင် အကျင့်ဖျက်ဆီးခြင်းဖြင့်ဖြစ်စေ၊ ဆယ့်ရှစ်နှစ်အောက် မိန်းကလေးတစ်ယောက်ကို အခြားသူတစ်ဦးတစ်ယောက်နှင့် မတရားသဖြင့် ကာမစပ်ယှက်စေရန် အကြံဖြင့်သော်လည်းကောင်း၊ ထိုသို့ အနိုင်အထက်ပြုခြင်း၊ သို့တည်းမဟုတ် ကာမသွေးဆောင်ခြင်းခံရမည်ဖြစ်တန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ထိုမိန်းကလေးအား တစ်နေရာရာမှထွက်သွားစေရန်၊ သို့တည်းမဟုတ် ပြုလုပ်မှုတစ်ခုခုကိုပြုစေရန် မည်သူမဆို၊ တစ်နည်းနည်းဖြင့် ထိုမိန်းကလေးကို သွေးဆောင်လျှင်၊ ထိုသူကို ဆယ်နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တရားခံသည် အသက် ၁၈ နှစ်အောက် မိန်းကလေးအားဆွဲခေါ် သွေးဆောင်ခြင်း။

၂။ အနိုင်အထက်ပြုခြင်း သို့မဟုတ် ကာမသွေးဆောင်အကျင့်ဖျက်ဆီးခြင်းဖြင့် သွေးဆောင်ခြင်း။

၃။ မတရားသဖြင့် ကာမစပ်ယှက်ရန်အကြံ သို့မဟုတ် ထိုသို့ပြုခြင်းခံရမည်ဖြစ်တန်ရာသည်ကို သိလျက်နှင့်ပြုခြင်း။

၄။ ယင်းသို့ မတရားသဖြင့် ကာမစပ်ယှက်ခြင်းမှာ တရားခံမှအပ အခြားသူ တစ်ဦးဦးနှင့်ဖြစ်ခြင်း။

၅။ သွေးဆောင်ခြင်းကြောင့် မိန်းကလေးအား တစ်နေရာရာမှ ထွက်သွားစေခြင်း၊ ပြုလုပ်မှုတစ်ခုခုကို ပြုစေခြင်း။

http://www.cherrythitsar.org



**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲကဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၆၆ က | ကာမပွဲစားအဖြစ်ဖြင့် အရွယ်မရောက်သေးသော မိန်းကလေးကိုရှာပေးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၁၀နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး |

**စီရင်ထုံး**

၁။ ဤပုဒ်မအရ ပြစ်မှုထင်ရှားသည့် အသက် ၁၈ နှစ်အရွယ် တရားခံကို ဘော်စတယ်ကျောင်းတွင် နှစ်နှစ်ကျခံစေရန်နှင့် ကြိမ်ဒဏ်အချက် ၂၀ ကျခံရန် အမိန့်ချမှတ်ရာ ပြစ်မှုကျူးလွန်သည့် ငယ်ရွယ်သူများ အက်ဥပဒေပုဒ်မ ၂၅(၁)အရ ကြိမ်ဒဏ်ချမှတ်ခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိပေ။

*[အစိုးရနှင့်ရွှေသိန်း၊ အတွဲ-၁၂၊ ရန်ကုန် ၃၄၉ ]*

**နိုင်ငံခြားမှ မိန်းကလေးကို နိုင်ငံတွင်းသွင်းမှု။ (ပုဒ်မ ၃၆၆-ခ)**

**Importation of girl from foreign country. (Section 366-B)**

**ဥပဒေပြဋ္ဌာန်းချက်**

အသက်နှစ်ဆယ့်တစ်နှစ်အောက် မိန်းကလေးတစ်ဦးကို အခြားသူတစ်ဦးတစ်ယောက်နှင့် မတရားသဖြင့် ကာမစပ်ယှက်စေအောင် မိမိကသော်လည်းကောင်း၊ တစ်ပါးသူကသော်လည်းကောင်း အနိုင်အထက်ပြုရန်၊ သို့တည်းမဟုတ် ကာမသွေးဆောင် အကျင့်ဖျက်ဆီးရန် အကြံဖြင့်ဖြစ်စေ၊ ထိုသို့ အနိုင်အထက်ပြုခြင်း၊ သို့တည်းမဟုတ် ကာမသွေးဆောင် အကျင့်ဖျက်ဆီးခြင်းခံရမည် ဖြစ်တန်ရာသည်ကို သိလျက်နှင့်ဖြစ်စေ မည်သူမဆို၊ ထိုမိန်းကလေးကို ပြင်ပနိုင်ငံတစ်ခုခုမှ ပြည်ထောင်စုမြန်မာနိုင်ငံတွင်းသို့သွင်းလျှင်၊ ထိုသူကို ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် မိန်းကလေးကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့သွင်းခြင်း။
၂။ ပြည်ပနိုင်ငံတစ်ခုခုမှဖြစ်ခြင်း။
၃။ မိန်းကလေးသည် အသက်နှစ်ဆယ့်တစ်နှစ်အောက်ဖြစ်ခြင်း။
၄။ အနိုင်အထက်ပြုရန် သို့မဟုတ် ကာမသွေးဆောင်အကျင့်ဖျက်ဆီးရန်အကြံနှင့်ဖြစ်စေ၊ ထိုသို့ပြုခြင်းဖြစ်တန်ရာသည်ကို သိလျက်နှင့်ဖြစ်စေ၊ အခြားသူတစ်ဦးတစ်ယောက်နှင့် မတရားသဖြင့် ကာမစပ်ယှက်စေရန်ဖြစ်ခြင်း။

http://www.cherrythitsar.org



<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၆၆ ၁ | နိုင်ငံခြားမှမိန်းကလေးကို နိုင်ငံတွင်းသွင်းမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၁၀နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး |

**အပြင်းအထန်နာကျင်စေခြင်း၊ ကျွန်ပြုခြင်း စသည်တို့ကို ခံစေရန် လူကိုခိုးမှု၊ သို့တည်းမဟုတ် သွေးဆောင်ဆွဲခေါ်မှု။ (ပုဒ်မ ၃၆၇)**

**Kidnapping or abducting in order to subject person to grievous hurt slavery, etc. (Section 367)**

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

အပြင်းအထန်နာကျင်စေခြင်းကို၊ သို့တည်းမဟုတ် ကျွန်ပြုခြင်းကို၊ သို့တည်းမဟုတ် ဓမ္မတာအတိုင်းမဟုတ်သည့်တဏှာရာဂဒဏ်ကို ခံစေရန်သော်လည်းကောင်း၊ ထိုသို့ခံရမည့်ဘေးရောက်လောက်အောင် စီမံခန့်ခွဲနိုင်ရန်သော်လည်းကောင်း၊ ထိုသို့ခံရမည်ဖြစ်တန်ရာသည်ကို၊ သို့တည်းမဟုတ် ထိုသို့ စီမံခန့်ခွဲခြင်းခံရမည် ဖြစ်တန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း မည်သူမဆို တစ်ဦးတစ်ယောက် သောသူအား ခိုးယူလျှင်၊ သို့တည်းမဟုတ် သွေးဆောင်ဆွဲခေါ်လျှင်၊ ထိုသူကို ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

<u>**အကျုံးဝင်သည့် အင်္ဂါရပ်များ**</u>

၁။ တရားခံသည် တစ်ဦးတစ်ယောက်အား ခိုးယူခြင်း သို့မဟုတ် သွေးဆောင်ခြင်း။

၂။ ထိုသို့ပြုခြင်းမှာ -

(က) အပြင်းအထန် နာကျင်စေရန်၊ သို့မဟုတ် ကျွန်ပြုရန် သို့မဟုတ် ဓမ္မတာ အတိုင်းမဟုတ်သည့် တဏှာရာဂဒဏ်ကို ခံစေရန်ဖြစ်ခြင်း။

(ခ) ထိုသို့ခံရမည့်ဘေးရောက်လောက်အောင် စီမံခန့်ခွဲရန်ဖြစ်ခြင်း၊ သို့မဟုတ်

(ဂ) ထိုသို့ခံရမည့်၊ စီမံခန့်ခွဲခြင်းခံရမည် ဖြစ်တန်ရာသည်ကို သိလျက်နှင့် ဖြစ်ခြင်း။

<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၆၇ | အပြင်းအထန်နာကျင်စေခြင်း၊ ကျွန်ပြုခြင်း စသည်တို့ကိုခံစေရန် လူကိုခိုးယူမှု၊ သို့မဟုတ် သွေးဆောင်ဆွဲခေါ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၁၀နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး |

http://www.cherrythitsar.org



**ခိုးယူခြင်း၊ သို့တည်းမဟုတ် သွေးဆောင်ဆွဲခေါ်ခြင်းခံရသူကို မတရားသဖြင့် ဝှက်သိမ်းမှု၊ သို့တည်းမဟုတ် ချုပ်နှောင်ထားမှု။ (ပုဒ်မ ၃၆၈)**

**Wrongfully concealing or keeping in confinement kidnapped or abducted person. (Section 368)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

တစ်ဦးတစ်ယောက်သောသူအား ခိုးယူခဲ့ကြောင်း၊ သို့တည်းမဟုတ် သွေးဆောင်ဆွဲခေါ်ခဲ့ကြောင်းကို သိလျက်နှင့် မည်သူမဆို၊ ထိုသူကို မတရားသဖြင့် ဝှက်သိမ်းလျှင်၊ သို့တည်းမဟုတ် ချုပ်နှောင်ထားလျှင် မိမိကိုယ်တိုင်က ဝှက်သိမ်းရန်၊ သို့တည်းမဟုတ် ချုပ်နှောင်ထားရန် အကြံဖြင့်သော်လည်းကောင်း၊ ထိုသို့ဝှက်သိမ်းသည်ကို၊ သို့တည်းမဟုတ် ချုပ်နှောင်ထားသည်ကို သိလျက်နှင့်သော်လည်းကောင်း၊ ထိုသို့ဝှက်သိမ်းရန် သို့တည်းမဟုတ် ချုပ်နှောင်ထားရန် ကိစ္စအလို့ငှာသော်လည်းကောင်း ခိုးယူဘိသကဲ့သို့၊ သို့တည်းမဟုတ် သွေးဆောင်ဆွဲခေါ်ဘိသကဲ့သို့ ထိုသူကို ထပ်တူပြစ်ဒဏ်ချမှတ်ရမည်။

<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>

၁။ တစ်ဦးတစ်ယောက်သောသူသည် ခိုးယူခြင်း၊ သို့မဟုတ် သွေးဆောင်ဆွဲခေါ်ခံရခြင်း။

၂။ တရားခံသည် ထိုသို့ခိုးယူခြင်း၊ သွေးဆောင်ဆွဲခေါ်ခြင်းကို သိရှိခြင်း။

၃။ ယင်းသို့သိလျက်နှင့် ထိုသူအား မတရားသဖြင့် ဝှက်သိမ်းခြင်း၊ သို့မဟုတ် ချုပ်နှောင်ထားခြင်း။

<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သမာန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၆၈ | ခိုးယူခြင်းခံရသူကို ဝှက်သိမ်းမှု၊ သို့မဟုတ် ချုပ်နှောင်ထားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ခိုးမှု၊ သို့မဟုတ် သွေးဆောင်ဆွဲခေါ်မှု အတွက် ပြစ်ဒဏ် ကဲ့သို့ ထပ်တူပြစ်ဒဏ် | စက်ရှင်တရားသူကြီး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**အသက်ဆယ်နှစ်အောက်ကလေး၏ကိုယ်မှ ပစ္စည်းကို ခိုးရန်အကြံဖြင့် ထိုကလေးကိုခိုးယူမှု၊ သို့တည်းမဟုတ် သွေးဆောင်ဆွဲခေါ်မှု။ (ပုဒ်မ ၃၆၉)**

**Kidnapping or abducting child under ten years with intent to steal from its person. (Section 369)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

အသက်ဆယ်နှစ်အောက် ကလေး၏ကိုယ်မှ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းတစ်ခုခုကို မရိုးမဖြောင့်သောသဘောဖြင့် ယူရန်အကြံဖြင့် မည်သူမဆို၊ ထိုကလေး

http://www.cherrythitsar.org



အား ခိုးယူလျှင်၊ သို့တည်းမဟုတ် သွေးဆောင်ဆွဲခေါ်လျှင်၊ ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ကလေးကို ခိုးယူခြင်း၊ သွေးဆောင်ဆွဲခေါ်ခြင်း။
၂။ ကလေးသည် အသက်ဆယ်နှစ်အောက်ဖြစ်ခြင်း။
၃။ ကလေး၏ကိုယ်မှ ရွှေ့ပြောင်းနိုင်သောပစ္စည်းခိုးရန်အကြံဖြင့်ပြုခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၆၉ | ကလေး၏ကိုယ်မှပစ္စည်းကို ခိုးယူရန်အကြံဖြင့် ထိုကလေးကို ခိုးယူမှု၊ သို့မဟုတ် သွေးဆောင်ဆွဲခေါ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင် | ကျေအေးခွင့် မရှိ။ | ၇ နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**တစ်ဦးတစ်ယောက်သောသူကို ကျွန်အဖြစ် ဝယ်ယူမှု၊ သို့တည်းမဟုတ် စီမံခန့်ခွဲမှု။ (ပုဒ်မ ၃၇၀)**

**Buying or disposing of any person as a slave. (Section 370)**

**ဥပဒေဖွင့်ဆိုချက်**

မည်သူမဆို တစ်ဦးတစ်ယောက်သောသူအား ကျွန်အဖြစ်ဖြင့် နိုင်ငံအတွင်းသို့ သွင်းလျှင်၊ သို့တည်းမဟုတ် နိုင်ငံအပသို့ထုတ်လျှင်၊ သို့တည်းမဟုတ် ရွှေ့ပြောင်းလျှင်၊ သို့တည်းမဟုတ် ဝယ်လျှင်၊ သို့တည်းမဟုတ် ရောင်းလျှင်၊ သို့တည်းမဟုတ် လက်လွှဲပြောင်းလျှင်သော်လည်းကောင်း၊ တစ်ဦးတစ်ယောက်သောသူအား ထိုသူက ခွင့်မပြုဘဲ ကျွန်အဖြစ်လက်ခံလျှင်၊ သို့တည်းမဟုတ် ရရှိလျှင်၊ သို့တည်းမဟုတ် တားဆီးလျှင်သော်လည်းကောင်း၊ ထိုသူကို ခုနစ်နှစ်ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် လူတစ်ဦးအား နိုင်ငံအတွင်းသို့သွင်းခြင်း၊ နိုင်ငံအပသို့ထုတ်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဝယ်ခြင်း၊ ရောင်းခြင်း၊ လက်လွှဲပြောင်းခြင်း။
၂။ ထိုသူအား ကျွန်အဖြစ်ဖြင့် ယင်းသို့ပြုခြင်း၊ သို့တည်းမဟုတ်
၃။ တရားခံသည် လူတစ်ဦးအား ကျွန်အဖြစ်လက်ခံခြင်း၊ ရရှိခြင်း၊ တားဆီးခြင်း။
၄။ ယင်းသို့ပြုခြင်းကို ထိုသူက ခွင့်မပြုခြင်း။

http://www.cherrythitsar.org



ကျင့်ထုံး

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၇၀ | တစ်ဦးတစ်ယောက်သောသူအား ကျွန်အဖြစ် ဝယ်ယူမှု၊ သို့မဟုတ် စီမံခန့်ခွဲမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံပေးရမည်။ | ကျေအေးခွင့်မရှိ။ | ၇နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး |

## အမြဲတစေ ကျွန်ရောင်းဝယ်မှု။ (ပုဒ်မ ၃၇၁)

## Habitual dealing in slaves. (Section 371)

ဥပဒေပြဋ္ဌာန်းချက်

မည်သူမဆို၊ ကျွန်များကို အမြဲတစေ နိုင်ငံတွင်းသို့သွင်းလျှင်၊ သို့တည်းမဟုတ် အမြဲတစေ နိုင်ငံပသို့ထုတ်လျှင်၊ သို့တည်းမဟုတ် အမြဲတစေ ရွှေ့ပြောင်းလျှင်၊ သို့တည်းမဟုတ် အမြဲတစေဝယ်လျှင်၊ သို့တည်းမဟုတ် အမြဲတစေ ရောင်းလျှင်၊ သို့တည်းမဟုတ် အမြဲတစေ အရောင်းအဝယ်ပြုလျှင်၊ ထိုသူကို တစ်သက်တစ်ကျွန်း ဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထက်မပိုသော ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

အကျုံးဝင်သည့် အင်္ဂါရပ်များ

၁။ တရားခံသည် ကျွန်များကို နိုင်ငံအတွင်းသို့ သွင်းခြင်း၊ နိုင်ငံအပသို့ ထုတ်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဝယ်ခြင်း၊ ရောင်းခြင်း၊ အရောင်းအဝယ်ပြုခြင်း။

၂။ ယင်းသို့ အမြဲတစေပြုခြင်း။

ကျင့်ထုံး

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၇၁ | အမြဲတစေ ကျွန်ရောင်းဝယ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံမပေးနိုင်။ | ကျေအေးခွင့်မရှိ။ | တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ၁၀နှစ်ထိ မပိုသောထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး။ |

http://www.cherrythitsar.org



**အရွယ်မရောက်သေးသူကို ပြည့်တန်ဆာကိစ္စ စသည်များ အလို့ငှာ ရောင်းမှု။ (ပုဒ်မ ၃၇၂)**

**Selling minor for purposes of prostitution, etc. (Section 372)**

ဥပဒေပြဋ္ဌာန်းချက်

ပြည့်တန်ဆာကိစ္စအလို့ငှာဖြစ်စေ၊ တစ်ဦးတစ်ယောက်သောသူနှင့် မတရားသဖြင့် ကာမစပ်ယှက်စေရန်ကိစ္စအလို့ငှာဖြစ်စေ၊ ဥပဒေနှင့်ဆန့်ကျင်သည့် အကျင့်ဖောက်ပြားသောကိစ္စအလို့ငှာဖြစ်စေ၊ မည်သည့်အသက်အရွယ်၌မဆို စေခိုင်းရန် သို့တည်းမဟုတ် အသုံးပြုရန်အကြံနှင့်သော်လည်းကောင်း၊ ထိုကိစ္စတစ်ရပ်ရပ်အလို့ငှာ စေခိုင်းခြင်းခံရမည် ဖြစ်တန်ရာသည်ကို၊ သို့တည်းမဟုတ် အသုံးပြုခြင်းခံရမည်ဖြစ်တန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း မည်သူမဆို၊ အသက်ဆယ့်ရှစ်နှစ်အောက်ရှိသူကို ရောင်းလျှင်၊ သို့တည်းမဟုတ် ထုတ်ငှားလျှင်၊ သို့တည်းမဟုတ် အခြားနည်း လက်လွှဲပြောင်းလျှင်၊ ထိုသူကို ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**ရှင်းလင်းချက် ၁။** မည်သူမဆို၊ အသက်ဆယ့်ရှစ်နှစ်အောက် မိန်းမတစ်ဦးကို ပြည့်တန်ဆာတစ်ဦးတစ်ယောက်သို့ဖြစ်စေ၊ ပြည့်တန်ဆာအိမ်ထားရှိသူ၊ သို့တည်းမဟုတ် စီမံကြီးကြပ်သူသို့ဖြစ်စေ ရောင်းလျှင်၊ သို့တည်းမဟုတ် အခကြေးငွေအတွက် ထုတ်ငှားလျှင်၊ သို့တည်းမဟုတ် အခြားနည်းလက်လွှဲပြောင်းလျှင်၊ ထိုသူကို ထိုသို့မပြုကြောင်း သက်သေထင်ရှားမရှိသမျှ ထိုမိန်းမအား ပြည့်တန်ဆာကိစ္စအလို့ငှာ အသုံးပြုရန်အကြံဖြင့် လက်လွှဲပြောင်းသည်ဟု မှတ်ယူရမည်။

**ရှင်းလင်းချက် ၂။** ဤပုဒ်မကိစ္စအလို့ငှာ"မတရားသဖြင့်ကာမစပ်ယှက်ခြင်း" ဆိုသည်မှာ တရားဝင်ထိမ်းမြားခြင်းဖြင့်သော်လည်းကောင်း၊ တရားဝင်ထိမ်းမြားခြင်းပင် မမြောက်သော်လည်း သက်ဆိုင်ရာသူတို့၏ မျိုးရိုးဘာသာဥပဒေအရဖြစ်စေ၊ ဓလေ့ထုံးစံအရဖြစ်စေ သက်ဆိုင်သူတို့သည် လူမျိုးစုကွဲများဖြစ်လျှင်၊ ထိုလူမျိုးစုနှစ်စုတို့၏ မျိုးရိုးဘာသာ ဥပဒေအရဖြစ်စေ၊ ဓလေ့ထုံးစံအရဖြစ်စေ၊ ထိမ်းမြားခြင်းမြောက်ဘိသကဲ့သို့ အသိအမှတ်ပြုသော စုံဖက်ခြင်းဖြင့်၊ သို့တည်းမဟုတ် နှောင်ဖွဲ့ခြင်းဖြင့်သော်လည်းကောင်း၊ ပေါင်းဖက်ခြင်းမဟုတ်သော ကာမစပ်ယှက်ခြင်းကို ဆိုလိုသည်။

အကျုံးဝင်သည့် အင်္ဂါရပ်များ

၁။ တရားခံသည် လူတစ်ဦးတစ်ယောက်အား ရောင်းချခြင်း၊ ထုတ်ငှားခြင်း၊ သို့မဟုတ် အခြားနည်းလက်လွှဲပြောင်းခြင်း။

၂။ ထိုသူသည် အသက်(၁၈)နှစ်အောက်ဖြစ်ခြင်း။

၃။ (က) ပြည့်တန်ဆာကိစ္စအလို့ငှာဖြစ်စေ။

(ခ) တစ်ဦးတစ်ယောက်နှင့် မတရားသဖြင့် ကာမစပ်ယှက်ရန်ဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်ဆန့်ကျင်သော အကျင့်ဖောက်ပြားသည့်ကိစ္စ အလို့ငှာဖြစ်စေ၊ အသုံးပြုရန်အကြံ သို့မဟုတ် ထိုသို့ အသုံးပြုခြင်းခံရမည်ဖြစ်တန်ရာသည်ကို သိလျက်နှင့်ပြုခြင်း။

http://www.cherrythitsar.org



**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၇၂ | အရွယ်မရောက်သေးသူကို ပြည့်တန်ဆာကိစ္စ စသည်များအလို့ငှာရောင်းမှု၊ သို့မဟုတ် ငှားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၁၀နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**စပ်ဟပ်ဥပဒေ**

၁။ ပြည့်တန်ဆာအိမ်ဆိုသည်မှာ ပြည့်တန်ဆာကိစ္စအလို့ငှာ အသုံးပြုမြဲဖြစ်သည့် အိမ် သို့မဟုတ် အဆောက်အဦး၊ အခန်း၊ ရေယာဉ်၊ ကုန်းယာဉ် သို့မဟုတ် နေရာ သာမက ဆိုခဲ့သည့် အိမ် စသည်တို့၏ တစ်စိတ်တစ်ဒေသများပါဝင်သည်။

*[၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေ ၂(က) ]*

## အရွယ်မရောက်သေးသူကို ပြည့်တန်ဆာကိစ္စ စသည်များအလို့ငှာ ဝယ်မှု။ (ပုဒ်မ ၃၇၃)

## Buying minor for purposes of prostitution, etc. (Section 373)

**ဥပဒေပြဋ္ဌာန်းချက်**

ပြည့်တန်ဆာကိစ္စအလို့ငှာဖြစ်စေ၊ တစ်ဦးတစ်ယောက်သောသူနှင့် မတရားသဖြင့် ကာမစပ်ယှက်စေရန်ကိစ္စအလို့ငှာဖြစ်စေ၊ ဥပဒေနှင့် ဆန့်ကျင်သည့် အကျင့်ဖောက်ပြားသောကိစ္စအလို့ငှာဖြစ်စေ မည်သည့်အသက်အရွယ်၌မဆို စေခိုင်းရန်၊ သို့တည်းမဟုတ် အသုံးပြုရန် အကြံဖြင့်သော်လည်းကောင်း၊ အဆိုပါကိစ္စတစ်ခုခုအလို့ငှာ ထိုသို့စေခိုင်းခြင်းခံရမည်ဖြစ်တန်ရာသည်ကို၊ သို့တည်းမဟုတ် ထိုသို့အသုံးပြုခြင်းခံရမည် ဖြစ်တန်ရာသည်ကို သိလျက်နှင့်သော် လည်းကောင်း မည်သူမဆို၊ အသက်ဆယ့်ရှစ်နှစ်အောက်ရှိသူအား ဝယ်လျှင်၊ သို့တည်းမဟုတ် ငှားယူလျှင်၊ သို့တည်းမဟုတ် အခြားနည်း လက်ရှိရယူလျှင်၊ ထိုသူကို ဆယ်နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

**ရှင်းလင်းချက် ၁။** အသက်ဆယ့်ရှစ်နှစ်အောက် မိန်းမတစ်ဦးကို ဝယ်သော၊ သို့တည်းမဟုတ် ငှားယူသော၊ သို့တည်းမဟုတ် အခြားနည်း လက်ရှိ ရယူသော ပြည့်တန်ဆာဖြစ်စေ ပြည့်တန်ဆာ အိမ်ထားရှိသောသူ၊ သို့တည်းမဟုတ် စီမံကြီးကြပ်သောသူဖြစ်စေ ထိုသို့မပြုကြောင်း သက်သေထင်ရှား မရှိသမျှ၊ ထိုမိန်းမအား ပြည့်တန်ဆာကိစ္စအလို့ငှာ အသုံးပြုရန်အကြံဖြင့် လက်ရှိရယူသည်ဟု မှတ်ယူရမည်။

**ရှင်းလင်းချက် ၂။** ။ "မတရားသဖြင့် ကာမစပ်ယှက်ခြင်း"ဆိုသည်မှာ ပုဒ်မ ၃၇၂ ပါ အဓိပ္ပာယ်နှင့်ထပ်တူဖြစ်သည်။

http://www.cherrythitsar.org



**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တရားခံသည် လူတစ်ဦးအား ဝယ်ယူခြင်း၊ ငှားယူခြင်း သို့မဟုတ် အခြားနည်း လက်ရှိရယူခြင်း။

၂။ ထိုသူသည် အသက်ဆယ့်ရှစ်နှစ်အောက်ရှိပြီးဖြစ်ခြင်း။

၃။ ပြည့်တန်ဆာကိစ္စအလို့ငှာ တစ်ဦးတစ်ယောက်သောသူနှင့် မတရားသဖြင့် ကာမစပ်ယှက်သောကိစ္စ၊ ဥပဒေနှင့်ဆန့်ကျင်ပြီး အကျင့်ဖောက်ပြားသောကိစ္စ တစ်ခုခုအသုံးပြုရန်အကြံဖြင့် သို့မဟုတ် ထိုကိစ္စတစ်ခုခုအလို့ငှာ အသုံးပြုခြင်း ခံရမည်ဖြစ်တန်ရာသည်ကို သိလျက်နှင့်ပြုသည်ဖြစ်ခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၇၃ | အရွယ်မရောက်သေးသူကို ပြည့်တန်ဆာကိစ္စ စသည်များအလို့ငှာ ဝယ်မှု၊ သို့မဟုတ် လက်ရှိရယူမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၁၀နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**ဥပဒေနှင့်ဆန့်ကျင်သောအတင်းအဓမ္မခိုင်းစေမှု။ (ပုဒ်မ ၃၇၄)** **Unlawful compulsory labour. (Section 374)**

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

မည်သူမဆို၊ တစ်ဦးတစ်ယောက်သောသူအား ထိုသူအလိုမတူဘဲ ဥပဒေနှင့် ဆန့်ကျင်၍ အတင်းအဓမ္မ ခိုင်းစေလျှင်၊ ထိုသူကို တစ်နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တရားခံသည် လူတစ်ဦးအား အတင်းအဓမ္မခိုင်းစေခြင်း။

၂။ ယင်းသို့ ခိုင်းစေခြင်းသည် ဥပဒေနှင့်ဆန့်ကျင်ခြင်း။

၃။ ထိုသူ၏ အလိုမတူဘဲ ခိုင်းစေခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၇၄ | ဥပဒေနှင့်ဆန့်ကျင်သော အတင်းအဓမ္မခိုင်းစေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် ရှိသည်။ | ၁နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | မည်သည့်ရာဇဝတ် တရားသူကြီးမဆို |

**<u>ပြစ်မှုကိုကျေအေးနိုင်သူများ</u>**

အတင်းအဓမ္မခိုင်းစေခြင်းခံရသူ

http://www.cherrythitsar.org



**မုဒိမ်းမှု၊**
**(ပုဒ်မ ၃၇၅)**

**Rape**
**(Section 375)**

**ဥပဒေပြဋ္ဌာန်းချက်**

ဤမှ နောက်တွင် ကင်းလွတ်ချက်ပြုထားသည်မှတစ်ပါး၊ အောက်ဖော်ပြပါ အကြောင်းငါးရပ်တွင် သက်ဝင်သော အကြောင်းတစ်ရပ်ရပ်ဖြင့် ယောက်ျားသည် မိန်းမနှင့် ကာမစပ်ယှက်လျှင်၊ ထိုသူသည် "မုဒိမ်းမှု"ကို ကျူးလွန်သည်မည်၏။

**ပထမ**။ မိန်းမက အလိုမတူငြင်းဆန်ခြင်း။

**ဒုတိယ**။ မိန်းမက ခွင့်မပြုခြင်း။

**တတိယ**။ မိန်းမကခွင့်ပြုသော်လည်း၊ ထိုသို့ခွင့်ပြုရခြင်းမှာ ထိုမိန်းမအား သေစေမည်ဟုသော် လည်းကောင်း၊ နာကျင်စေမည်ဟုသော် လည်းကောင်း ကြောက်ရွံ့အောင်ပြုသဖြင့် ခွင့်ပြုရခြင်း။

**စတုတ္ထ**။ ။ မိန်းမက ခွင့်ပြုသော်လည်း ယောက်ျားက မိမိသည် ထိုမိန်းမ၏ လင်မဟုတ်ကြောင်း သိသည့်ပြင် ထိုမိန်းမက ခွင့်ပြုခြင်းမှာလည်း မိမိကို ဥပဒေနှင့်အညီ လက်ထပ်ထားသော၊ သို့တည်းမဟုတ် လက်ထပ်ထားသည်ဟု ယုံကြည်သော အခြားယောက်ျားဖြစ်သည်ဟု ယုံကြည်၍သာ ခွင့်ပြုကြောင်းကို ထိုယောက်ျားက သိခြင်း။

**ပဉ္စမ**။ ။ မိန်းမက ခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ ထိုမိန်းမသည် အသက်ဆယ့်လေးနှစ်အောက် အရွယ်ရှိသူဖြစ်ခြင်း။

**ရှင်းလင်းချက်**။ ။ ယောက်ျား၏အင်္ဂါဇာတ်သည် မိန်းမ၏အင်္ဂါဇာတ်တွင် သွင်းဝင်မိလျှင်၊ မုဒိမ်းမှုကျူးလွန်ခြင်းအတွက် လိုအပ်သော ကာမ စပ်ယှက်မှု မြောက်ရန် လုံလောက်သည်။

**ကင်းလွတ်ချက်**။ ။ ယောက်ျားသည် အသက်ဆယ့်သုံးနှစ်အောက် မဟုတ်သော မိမိ၏မယားနှင့် ကာမစပ်ယှက်ခြင်းမှာ မုဒိမ်းမှုမဟုတ်။

**စီရင်ထုံး**

၁။ ပုဒ်မ ၁၀ အရ မည်သည့်အသက်အရွယ်ရှိသည့် လူယောက်ျားကိုမဆို ဆိုလိုသည်။ သို့ရာတွင် ပုဒ်မ ၈၂ အရ အသက်ခုနစ်နှစ်အောက် ကလေး၏ပြုလုပ်မှုသည် ပြစ်မှုမမြောက်သဖြင့် အသက်ခုနစ်နှစ်အောက် ယောက်ျားကလေးသည် မုဒိမ်းမှုကျူးလွန်ခြင်းမပြုနိုင်ပေ။ သို့ရာတွင် အသက်ခုနစ်နှစ်အောက်နှင့် ဆယ်နှစ်အောက်ယောက်ျားကလေးဖြစ်ပါမူ အကျိုးအပြစ်ကို သိနားလည်ကြောင်း အထောက်အထားရှိက မုဒိမ်းမှုကျူးလွန်ရန်အားထုတ်မှုဖြင့် ပြစ်ဒဏ်ထင်ရှားစီရင်နိုင်သည်။

*[ပုဒ်မ ၈၃၊ အစိုးရနှင့်ထွန်းကြိုင် အတွဲ-၁၁၊ ဘားမားလောတိုင်း ၁၃၅ ]*

*[အစိုးရနှင့်မောင်ညွန့်၊ အေအိုင်အာ ၁၉၁၅ ရန်ကုန် ၃၉၃ ]*

http://www.cherrythitsar.org



၂။ မုဒိမ်းကျင့်စဉ်အချိန်၌ မုဒိမ်းကျင့်ခံရသောမိန်းမသည် အလိုတူသည် မတူသည်ကို စဉ်းစားရန်လိုသည်။ အကျင့်ခံရစဉ်က အလိုမတူလျှင် ပြစ်မှုမြောက်သည်။ နောက်ပိုင်းသဘောတူသည် မတူသည်ကို စဉ်းစားရန်မလို။ အကျင့်ခံရစဉ်က အလိုတူလျှင် မုဒိမ်းမှုမဖြစ်ပေ။

*[ဦးပန်းအေးနှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၅၂၇ ]*

၃။ သေစေမည်ဟုသော်လည်းကောင်း၊ နာကျင်စေမည်ဟုသော်လည်းကောင်း၊ ကြောက်ရွံ့အောင်ပြုသဖြင့် ကာမစပ်ယှက်ခြင်းကို ခွင့်ပြုရခြင်းသည် အလိုတူခြင်းမမြောက်ပေ။ အကျင့်ခံရသူအနေဖြင့် ကြောက်ရွံ့သဖြင့် မအော်ဟစ်၊ မရုန်းကန်စေကာမူ သဘောတူသည်ဟု ဆိုနိုင်မည်မဟုတ်၍ ပြစ်မှုမြောက်သည်။

*[မောင်အောင်သန်းပါ-၆နှင့်ပြည်ထောင်စု ၁၉၆၇ မြန်မာပြည်စီရင်ထုံး ၁၃၁(အထူးအယူခံ) ]*

၄။ မိန်းမက မိမိ၏ယောက်ျားဖြစ်သည်ဟု ယုံကြည်ထင်မှတ်၍ ကာမစပ်ယှက်ခြင်းကို လက်ခံခြင်းသည် ကြောင်းခြင်းရာအမှန်ကိုမသိ၍ သဘောတူခြင်းဖြစ်၍ ဥပဒေအရ သဘောတူခြင်းမဟုတ်သည့်အလျောက် ပြစ်မှုမြောက်သည်။ မိန်းမသည် မိမိယောက်ျား ပွဲသွားနေစဉ် အိမ်ရှေ့ ကပြင်ပေါ်၌ အိပ်ပျော်နေရာ၊ တရားခံက စပ်ယှက်ရာ၌ မိမိယောက်ျားထင်မှတ်၍ လက်ခံခဲ့သော်လည်း၊ တရားခံက ၎င်းသည် လင်မဟုတ်ကြောင်း သိလျက်နှင့်ဆက်ဆံသောကြောင့် မုဒိမ်းမှုမြောက်သည်။

*[မောင်စံတင်နှင့်ပြည်ထောင်စု ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၁၈၂ ]*

၅။ အသက်ဆယ့်လေးနှစ်အောက် မိန်းကလေးတစ်ဦးအား စပ်ယှက်လျှင် မိန်းကလေးက သဘောတူစေကာမူ ပြစ်မှုမြောက်သည်။ အသက်အရွယ် နုနယ်သဖြင့် အကောင်းအဆိုးကို ခွဲခြားနိုင်သည့်အရွယ် မဟုတ်သည့်အလျောက် မိန်းကလေး၏ သဘောတူခွင့်ပြုသောကြောင့် ကာမစပ်ယှက်ခြင်းသာဖြစ်သည်ဟု ထုချေခြင်းမပြုနိုင်ပေ။

*[ဘိုးစော(ခ)စောမောင်နှင့်ပြည်ထောင်စု ၁၉၅၅ မြန်မာပြည်စီရင်ထုံး ၃၇၉(လွှတ်တော်) ]*

*[ပြည်ထောင်စုနှင့်မောင်ပြူးပါ-၂၊ ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၄၈၆ ]*

*[ကြက်ဖ(ခ)တင်မြင့်နှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၈၄၅ ]*

*[မောင်ထွန်းရှင်နှင့်ပြည်ထောင်စု ၁၉၆၇ မြန်မာပြည်စီရင်ထုံး ၁၁၄(အထူးအယူခံ) ]*

*[မောင်ညွှန့်တင်(ခ)မောင်ညွှန့်ကြည်နှင့်ပြည်ထောင်စု ၁၉၆၈ မြန်မာပြည်စီရင်ထုံး ၂၉ (အထူးအယူခံ) ]*

http://www.cherrythitsar.org



**မုဒိမ်းမှုအတွက်ပြစ်ဒဏ်။ (ပုဒ်မ ၃၇၆)**

**Punishment for rape. (Section 376)**

**ဥပဒေပြဋ္ဌာန်းချက်**

မုဒိမ်းမှု ကျူးလွန်သူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ မုဒိမ်းကျင့်ခံရသောမိန်းမသည် မိမိ၏မယားဖြစ်၍ အသက်တစ်ဆယ့်နှစ်နှစ်အောက် မဟုတ်လျှင်မူကား မုဒိမ်းကျင့်သော ထိုလင်ကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် မိန်းမတစ်ဦးနှင့် ကာမစပ်ယှက်ခြင်း။

၂။ မိန်းမက ထိုသို့စပ်ယှက်ခြင်းကို အလိုမတူ ငြင်းဆန်ခြင်း၊ ခွင့်ပြုခြင်း၊ သေစေမည်ဟုသော်လည်းကောင်း၊ နာကျင်စေမည်ဟုသော်လည်းကောင်း ကြောက်ရွံ့အောင်ပြုသဖြင့် ခွင့်ပြုရခြင်း၊ မိမိလင်ဖြစ်သည်ဟု ယုံကြည်၍ ခွင့်ပြုသည်ကို တရားခံက ထိုမိန်းမ၏ လင်မဟုတ်ကြောင်းသိခြင်း သို့မဟုတ် မိန်းမက ခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ ထိုမိန်းမသည် အသက်ဆယ့်လေးနှစ်အောက်ဖြစ်ခြင်း၊ သို့မဟုတ် မိန်းမသည် တရားခံ၏ဇနီးဖြစ်ပြီး အသက်ဆယ့်သုံးနှစ်အောက် ဖြစ်ခြင်း။

၃။ တရားခံ၏အင်္ဂါစပ်သည် မိန်းမ၏ အင်္ဂါစပ်တွင် သွတ်ဝင်မိခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သမန်အာမြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့်ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၇၆ | မုဒိမ်းမှု-ယောကျာ်းတစ်ယောက်သည် အသက် ၁၂နှစ်အောက် မဟုတ်သော မိမိ၏မယားအား မုဒိမ်းကျင့်လျှင်။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ် ခရိုင်ရာဇဝတ် တရားသူကြီး |
| | ယောကျာ်းတစ်ယောက်သည် အသက် ၁၂နှစ် အောက်ဖြစ်သော မိမိ၏မယားအား မုဒိမ်းကျင့်လျှင်။ | ၎င်း | ၎င်း | ၎င်း | ၎င်း | တစ်သက်တစ်ကျွန်းဒဏ် ဖြစ်စေ၊ ၁၀နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်ဖြစ်စေ။ | စက်ရှင်တရားရုံး။ |
| | အခြားအမှုများတွင် - | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ၎င်း | ၎င်း | ၎င်း |

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ မုဒိမ်းမှုကို နှစ်မျိုးနှစ်စားခွဲခြားနိုင်ပေသည်။ တစ်မျိုးမှာ မိန်းမက ခွင့်ပြုသည် ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ ကာမစပ်ယှက်ခြင်းကြောင့် ပြစ်မှုမြောက်သည့် မုဒိမ်းမှု ပင်ဖြစ်ပြီး၊ အခြားတစ်မျိုးမှာ မိန်းမက ခွင့်မပြုဘဲ ကာမစပ်ယှက်ခြင်းကြောင့် ပြစ်မှု မြောက်သည့်မုဒိမ်းမှုပင်ဖြစ်သည်။ ပထမအမျိုးအစားမှာ အသက်တစ်ဆယ့်လေးနှစ် အောက် မိန်းကလေး (လင်ဖြစ်သူက စပ်ယှက်လျှင် အသက်တစ်ဆယ့်သုံးနှစ် အောက်မိန်းကလေး)က ခွင့်ပြုသော်လည်း ကာမစပ်ယှက်လျှင် မုဒိမ်းမှုမြောက်သည်။ ဒုတိယအမျိုးအစား မိန်းမက အလိုမတူငြင်းဆန်လျက်၊ ခွင့်မပြုပါဘဲလျက်၊ ခြောက် လှန့်ကာ ကြောက်ရွံ့အောင်ပြု၍၊ လိမ်လည်လှည့်ဖြား၍ ကာမစပ်ယှက်ခြင်းပင်ဖြစ် သည်။ တစ်နည်းဆိုရသော် မိန်းမက သဘောမတူဘဲ စပ်ယှက်သည့်ကိစ္စပင်ဖြစ် သည်။ အမျိုးသမီးတစ်ဦးသည် အကျင့်စာရိတ္တ ပေ့ါပျက်နေစေကာမူ၊ ပြည့်တန်ဆာ ဖြစ်စေကာမူ ၎င်း၏ သဘောတူညီချက်မရှိဘဲ ကာမစပ်ယှက်လျှင် မုဒိမ်းမှုမြောက် သည်။

*[မောင်တင်လှိုင်ပါ-၅နှင့်ပြည်ထောင်စု ၁၉၆၇၊*
*မြန်မာပြည်စီရင်ထုံး ၆၆ (အထူးအယူခံ) ]*
*[မောင်လှဦးပါ-၅နှင့်ပြည်ထောင်စု ၁၉၆၇၊*
*မြန်မာပြည်စီရင်ထုံး ၁၅၂ (အထူးအယူခံ) ]*

၂။ မိန်းကလေးတစ်ဦးတည်း၏ စွပ်စွဲချက်သာရှိစေကာမူ ယုံကြည်လက်ခံထိုက် ပါက ယုံကြည်လက်ခံရမည်ဖြစ်သည်။ ထိုသို့မဟုတ်ပါက မိန်းကလေးတစ်ဦးကို သက်သေမရနိုင်သော မမြင်ကွယ်ရာ၌ ကျူးလွန်လျှင် ကျူးလွန်သူသည် အမြဲတစေ အပြစ်လွတ်မည်သာဖြစ်သည်။ မိန်းကလေးတစ်ဦး၏ စွပ်စွဲချက်ကို အမှု၏ကြောင်း ခြင်းရာများနှင့်စပ်ဟပ်၍ ကျင့်သုံးရမည်ဖြစ်သည်။ ပုံသေထား၍ ကျင့်သုံးရန်မဟုတ် ချေ။

*[မောင်ဝ(ခ)သန်းမြိုင်နှင့်ပြည်ထောင်စု ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၁၉၄ ]*

၃။ ရိုးသားသော ကျေးရွာသူမိန်းမပျိုတစ်ဦးသည် မိမိအရှက်ကိုမငဲ့ကွက်ဘဲ တစ်ပါး သူအပေါ် မဟုတ်မတရား ကာမကျူးလွန်ကြောင်း စွပ်စွဲတိုင်တန်းမည်မဟုတ်၍ အခင်းဖြစ်ပွားပြီးနောက် ချက်ချင်းပင် ရွာလူကြီးများနှင့်အမေဖြစ်သူကို တိုင်တန်း ခဲ့လျှင် ထိုစွပ်စွဲချက်မှာ အခြေအမြစ်မရှိဟု ဆိုနိုင်မည်မဟုတ်ပေ။

*[ဆလိန်မာနှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၇၄ ]*

၄။ မိန်းမတစ်ဦးက ၎င်းအား အလိုမတူဘဲ ကျူးလွန်ပါသည်ဟု စွပ်စွဲသောအခါ မျိုး၌ ရုံးများသည် အမှန်တရားကိုရရှိရေးအတွက် အဘက်ဘက်မှ ကျနသေချာစွာ သုံးသပ်ရသည်။ တစ်ဘက်တွင် အကျင့်စာရိတ္တမကောင်းသော မိန်းမတစ်ဦးက ယောက်ျားတစ်ဦးကို စွပ်စွဲရုံမျှဖြင့် စွဲဆိုချက်သည် မှန်ကန်သည်ဟု ယူဆရန်မသင့်။ စွပ်စွဲချက်ကို အထောက်အထားပြုသည့် အခြားသက်သေခံချက်များရှိမှသာ ထိုစွပ်စွဲ

http://www.cherrythitsar.org



ချက်သည် မှန်ကန်သည်ဟု ယူဆရန်ဖြစ်သည်။ သို့ရာတွင် တစ်ဖက်တွင်မူ မိန်းမ တစ်ဦး၏ ပြောစကားတစ်ခုတည်းဖြင့် မလုံလောက်ဟု ပုံသေကားချပ် မှတ်ယူရန် မဟုတ်။ ထိုကဲ့သို့သာ မှတ်ယူလျှင် လူအများမမြင်ကွယ်ရာ၌ ကျူးလွန်ခြင်းခံရသော မိန်းမများသည် ၎င်းတို့ကျူးလွန်နစ်နာခဲ့သည့်အတွက် တရားဥပဒေ၏ အကူအညီ အကာအကွယ်ကို မည်သည့်အခါမှ ရရှိနိုင်မည်မဟုတ်။ ဤကဲ့သို့ ကျူးလွန်မှုများ သည်လည်း မမြင်ကွယ်ရာတွင် မသမာသူများက ကျူးလွန်တတ်သည်သာ များ သည်။ ထို့ကြောင့် မျက်မြင်သက်သေမရှိလျှင် မိန်းမတစ်ဦး၏ စွပ်စွဲချက်ကို မယုံရဟု ပုံသေထား၍ ဆုံးဖြတ်ရန်လည်းမဟုတ်ပေ။

*[ပတ္တီးဘဲလူးနှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၅၁(အထူးအယူခံ)]*

၅။ မျက်မြင်သက်သေ မရှိသော်လည်း မိန်းမက အကျင့်ခံရပြီးနောက် ချက်ချင်းပင် မိဘအားတိုင်တန်းခဲ့ခြင်း၊ မိဘများကတစ်ဆင့် ရပ်ရွာလူကြီးအား တိုင်ကြားခဲ့ခြင်း၊ ထဘီတွင် ယောက်ျားသုတ်သွေးပိုးတွေ့ခြင်း စသည့် ကွင်းဆက်မပြတ် သက်သေ အထောက်အထားရှိလျှင် မုဒိမ်းမှုကျူးလွန်သည်ဟု ယူဆနိုင်ပေသည်။

*[မောင်ခင်မောင်နှင့်ပြည်ထောင်စု ၁၉၆၆၊*
*မြန်မာပြည်စီရင်ထုံး ၇၇(အထူးအယူခံ) ]*

၆။ မုဒိမ်းမှုနှင့်ပတ်သက်၍ အဓိကစဉ်းစားရန်မှာ မိန်းကလေးသဘောတူညီမှု ရှိ မရှိသာဖြစ်သည်။ သဘောတူညီမှုရှိခဲ့လျှင် သွေးဆောင်ခြင်း၊ ယဉ်ပါးအောင်ပြုလုပ် ခြင်း အစရှိသောအချက်များကို စဉ်းစားရန်မလိုချေ။

*[မောင်ညွန့်လွင်နှင့်ပြည်ထောင်စု ၁၉၇၆ မြန်မာပြည်စီရင်ထုံး ၃၅ ]*

၇။ အမှုစစ်တရားရုံးများသည် တရားခံ၏ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ကို လေ့လာခြင်းဖြင့် တရားခံ၏စိတ်ကို ခန့်မှန်းသင့်သလောက် ခန့်မှန်းနိုင်သည်။ အကယ်၍ တရားခံအပေါ် အထောက်အထား ခိုင်လုံသည်ဟု ဆုံးဖြတ်လျှင်လည်း သင့်တော်သော အပြစ်ဒဏ်ကို တိုင်းထွာသတ်မှတ်ရာ၌ တရားခံ၏နောက်ကြောင်း ရာဇဝင်၊ ပတ်ဝန်းကျင်အခြေအနေ စသည်တို့ကို ထည့်သွင်းစဉ်းစားသင့်သည်။ သို့မှသာလျှင် တရားခံ၏ဘဝကိုလည်း ပြုပြင်ကာကွယ်ပေးနိုင်မည်။ သူနေထိုင် လှုပ်ရှားသော လူနေမှုပတ်ဝန်းကျင်၏ လူနေမှုဘဝကိုလည်း ပြုပြင်ကာကွယ်ပေးနိုင် မည်ဖြစ်သည်။

*[မောင်တင်ငွေနှင့်ပြည်ထောင်စု ၁၉၆၇၊*
*မြန်မာပြည်စီရင်ထုံး ၆၂(အထူးအယူခံမှု) ]*

၈။ ဖခင်ဖြစ်သူက သမီးရင်းကို မုဒိမ်းကျင့်ခြင်းသည် လူမဆန်သည့်ကိုယ်ကျင့် တရားပျက်ကွက်ခြင်းဖြစ်၍ ဟန့်တားနိုင်လောက်သောအပြစ်ဒဏ်ကို ချမှတ်ရမည်။

*[ပြည်ထောင်စုနှင့်မောင်ကြည်အောင်၊ ၁၉၆၄ မြန်မာပြည်စီရင်ထုံး ၈၉၄ ]*

http://www.cherrythitsar.org



၉။ စိတ်မခိုင်ခန့်သူဖြစ်သည့် ကလေးငယ်မိန်းမတစ်ဦးအား အနိုင်အထက်ပြုခြင်းသည် ဆိုးသွမ်းညစ်ညမ်းသော ပြစ်မှုဖြစ်၍ ထိုက်တန်သောပြစ်ဒဏ်ကို သတ်မှတ်ရမည် ဖြစ်သည်။

*[မောင်ရင်မောင်(ခ)ရှီးတားနှင့်ပြည်ထောင်စု ၁၉၆၇၊*
*မြန်မာပြည်စီရင်ထုံး ၇၇ (အထူးအယူခံ) ]*

၁၀။ ပြည်သူတို့၏အသက်အိုးအိမ်ကို စောင့်ရှောက်ရမည့် ပြည်သူ့ရဲက ၎င်းတို့အား ကြောက်လန့်နေရသည့် အမျိုးသမီးတို့အား ရက်စက်စွာ လူမဆန်သော ပြုကျင့်မှုမျိုးကို ကျူးလွန်ခဲ့ကြောင်း တွေ့ရှိလျှင် မှတ်သားလောက်သော ပြစ်ဒဏ်ကို ချမှတ်ရမည်။

*[မောင်အောင်သန်းပါ-၆နှင့်ပြည်ထောင်စု ၁၉၆၇၊*
*မြန်မာပြည်စီရင်ထုံး ၁၃၁(အထူးအယူခံ) ]*

## ဓမ္မတာနှင့်ဆန့်ကျင်သောပြစ်မှု။ (ပုဒ်မ ၃၇၇)

## Unnnatural offences. (Section 377)

__ဥပဒေပြဋ္ဌာန်းချက်__

ယောက်ျားနှင့်ဖြစ်စေ၊ မိန်းမနှင့်ဖြစ်စေ၊ တိရစ္ဆာန်နှင့်ဖြစ်စေ မည်သူမဆို၊ မိမိအလိုအလျောက် ဓမ္မတာနှင့်ဆန့်ကျင်သော ကာမစပ်ယှက်မှုကိုပြုလျှင်၊ ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

**ရှင်းလင်းချက်**။ ။ အင်္ဂါဇာတ်တစ်ခုသည် အခြားအင်္ဂါဇာတ်တစ်ခုအတွင်းသို့ ဝင်မိလျှင် ဤပုဒ်မ၌ ဖော်ပြထားသော ပြစ်မှုကျူးလွန်ခြင်းအတွက် လိုအပ်သော ဓမ္မတာနှင့်ဆန့်ကျင်သည့် ကာမစပ်ယှက်မှုမြောက်ရန် လုံလောက်သည်။

__အကျုံးဝင်သည့် အင်္ဂါရပ်များ__

၁။ တရားခံသည် ယောက်ျားနှင့်ဖြစ်စေ၊ မိန်းမနှင့်ဖြစ်စေ၊ တိရစ္ဆာန်နှင့်ဖြစ်စေ ကာမစပ်ယှက်ခြင်းကိုပြုခြင်း။
၂။ ထိုသို့ပြုခြင်းမှာ ဓမ္မတာနှင့် ဆန့်ကျင်နေခြင်း။
၃။ တရားခံသည် မိမိအလိုအလျောက်ပြုခြင်း။
၄။ တရားခံ၏အင်္ဂါဇာတ်သည် အပြုခံရသူ၏အင်္ဂါဇာတ်အတွင်းသို့ဝင်မိခြင်း။

__ကျင့်ထုံး__

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့်ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၇၇ | ဓမ္မတာနှင့်ဆန့်ကျင်သော ပြစ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | တစ်သက်တစ်ကျွန်းဒဏ် ဖြစ်စေ၊ ၁၀နှစ်ထိ ထောင်ဒဏ်အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

http://www.cherrythitsar.org



## အခန်း(၁၇)
## ပစ္စည်းကိုထိခိုက်သည့် ပြစ်မှုများ

**ခိုးမှု၊**
**(ပုဒ်မ ၃၇၈)**

**Theft.**
**(Section 378)**

ဥပဒေပြဋ္ဌာန်းချက်

တစ်ဦးတစ်ယောက်သောသူ၏ လက်ရှိမှ ထိုသူ သဘောမတူဘဲ မည်သူမဆို၊ မရိုးမဖြောင့်သောသဘောဖြင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းတစ်ခုခုကိုယူရန်ကြံရွယ်၍၊ ထိုသို့ယူရန် ကိစ္စအလို့ငှာ ထိုပစ္စည်းကို ရွှေ့စေလျှင်၊ ထိုသူသည် ခိုးမှုကျူးလွန်သည် မည်၏။

**ရှင်းလင်းချက် ၁။** တစ်ခုခုသော အရာဝတ္ထုသည် မြေ၌စွဲကပ်နေသမျှ ကာလပတ်လုံး ရွှေ့ပြောင်းနိုင်သော ပစ္စည်းမဟုတ်သဖြင့် ခိုးမှုကျူးလွန်သော ပစ္စည်း မဟုတ်။ သို့ရာတွင် ထိုအရာဝတ္ထုသည် မြေမှကွာလျှင်ကွာခြင်း ခိုးမှုကျူးလွန်နိုင် သောပစ္စည်း ဖြစ်လာနိုင်သည်။

**ရှင်းလင်းချက် ၂။** မြေမှကွဲကွာအောင် ပြုလုပ်မှုဖြင့် ရွှေ့စေခြင်းသည် ခိုးမှုဖြစ်နိုင်သည်။

**ရှင်းလင်းချက် ၃။** တစ်ဦးတစ်ယောက်သောသူသည် အရာဝတ္ထုတစ်ခု မရွှေ့အောင် တားဆီးပိတ်ဆို့ထားသောအရာကို ရွှေ့ပြောင်းလျှင်၊ သို့တည်းမဟုတ် အရာဝတ္ထုတစ်ခုကို အခြားအရာဝတ္ထုတစ်ခုမှခွာလျှင်၊ သို့တည်းမဟုတ် တကယ် ရွှေ့စေလျှင်၊ ထိုအရာဝတ္ထုကို ရွှေ့စေသည်မည်၏။

**ရှင်းလင်းချက် ၄။** တစ်ဦးတစ်ယောက်သောသူသည် တိရစ္ဆာန်တစ်ကောင်ကို တစ်နည်းနည်းဖြင့်ရွှေ့စေလျှင်၊ ထိုသူသည် တိရစ္ဆာန်ကို ရွှေ့စေသည်မည်၏။ ထို့ပြင် ထိုတိရစ္ဆာန်ကို ရွှေ့စေခြင်းကြောင်း ရွှေ့သွားသည့် အရာဝတ္ထု တစ်ခုခုကိုလည်း ထိုသူပင် ရွှေ့စေသည်မည်၏။

**ရှင်းလင်းချက် ၅။** ။ အဓိပ္ပာယ်ဖော်ပြချက်တွင် သဘောတူချက်ဆိုသည်မှာ အတည့်အလင်းသော် လည်းကောင်း၊ သဘောသက်ရောက်ခြင်းဖြင့်သော် လည်းကောင်း ဖြစ်နိုင်သည့်ပြင် ထိုသဘောတူချက်ကို လက်ရှိဖြစ်သူကဖြစ်စေ၊ ထိုကိစ္စအလို့ငှာ အတည့်အလင်းသော်လည်းကောင်း၊ သဘောသက်ရောက်ခြင်းဖြင့် သော်လည်းကောင်း အခွင့်အာဏာရှိသူကဖြစ်စေ ပေးနိုင်သည်။

ဥပမာများ။

(က) မောင်ဖြူသည် မရိုးမဖြောင့်သောသဘောနှင့် မောင်မဲ၏ လက်ရှိသစ်ပင်ကို မောင်မဲသဘောမတူဘဲယူရန်အကြံဖြင့်၊ မောင်မဲ၏မြေပေါ်မှ သစ်ပင်တစ်ပင်ကို ခုတ်လှဲ၏။ ဤတွင် မောင်ဖြူသည် ထိုသို့ယူရန်အလို့ငှာ သစ်ပင်ကို ဖြတ်ပစ်သည်နှင့် တစ်ပြိုင်နက် မောင်ဖြူသည် ခိုးမှုကိုကျူးလွန်၏။

http://www.cherrythitsar.org



(ခ) မောင်ဖြူသည် ခွေးစာကို မိမိအိတ်တွင်ထည့်၍၊ မောင်မဲ၏ခွေးကို ထိုအစာနောက်သို့လိုက်စေရန် သွေးဆောင်၏။ ဤတွင် မောင်ဖြူ၏အကြံသည် မောင်မဲသဘောမတူဘဲ မောင်မဲ၏လက်မှ မရိုးမဖြောင့်သောသဘောနှင့် ခွေးကိုယူရန်ကြံရွယ်လျှင်၊ မောင်မဲ၏ခွေးသည် မောင်ဖြူနောက်သို့ လိုက်စပြုသည်နှင့်တစ်ပြိုင်နက် မောင်ဖြူသည် ခိုးမှုကို ကျူးလွန်၏။

(ဂ) မောင်ဖြူသည် အဘိုးတန်ဘဏ္ဍာသေတ္တာ သယ်ယူလာသော နွားတစ်ကောင်ကို တွေ့၏။ မရိုးမဖြောင့်သောသဘောနှင့် အဘိုးတန်ဘဏ္ဍာကို ယူရန်အလို့ငှာ မောင်ဖြူသည် နွားကို တစ်ဖက်သို့မောင်းနှင်လိုက်၏။ နွားသည် ရွေ့စပြုသည်နှင့်တစ်ပြိုင်နက် မောင်ဖြူသည် အဘိုးတန်ဘဏ္ဍာခိုးမှုကို ကျူးလွန်၏။

(ဃ) မောင်ဖြူသည် မောင်မဲ၏ အစေခံဖြစ်၍ မောင်မဲက မောင်ဖြူ ထိန်းသိမ်းထားရန် မိမိ၏ ပန်းကန်ခွက်ယောက်များကို အပ်နှံထား၏။ မောင်မဲသဘောမတူဘဲ မရိုးမဖြောင့်သောသဘောနှင့် ပန်းကန်ခွက်ယောက်များနှင့်တကွ မောင်ဖြူထွက်ပြေး၏။ မောင်ဖြူသည် ခိုးမှုကိုကျူးလွန်၏။

(င) မောင်မဲသည် ခရီးသွားရန်ရှိ၍ မိမိပြန်ရောက်သည့်တိုင်အောင် ထိန်းသိမ်းထားစေရန် ပန်းကန်ခွက်ယောက်များကို ကုန်ရုံမှူး မောင်ဖြူထံ၌ အပ်နှံထား၏။ မောင်ဖြူသည် ထိုပန်းကန်ခွက်ယောက်များကို ပန်းထိမ်သည်ထံသို့ ယူသွား၍ ရောင်း၏။ ဤတွင် ထိုပန်းကန်ခွက်ယောက်များသည် မောင်မဲ၏လက်၌မရှိချေ။ ထို့ကြောင့် မောင်မဲလက်ဝယ်မှ ပန်းကန်ခွက်ယောက်များကို ယူသည်ဟုမဖြစ်နိုင်၍၊ မောင်ဖြူသည် ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုကိုကျူးလွန်ရာရောက်ချင်လျှင် ရောက်နိုင်သော်လည်း၊ ခိုးမှုကို မကျူးလွန်။

(စ) မောင်ဖြူသည် မောင်မဲနေထိုင်သော အိမ်ရှိ စားပွဲပေါ်တွင် မောင်မဲပိုင်လက်စွပ်တစ်ကွင်းကိုတွေ့၏။ ဤတွင် လက်စွပ်သည် မောင်မဲ၏ လက်ရှိပစ္စည်းဖြစ်၏။ မောင်ဖြူသည် မရိုးမဖြောင့်သောသဘောနှင့် ထိုလက်စွပ်ကို ရွှေ့ပြောင်းလျှင် ခိုးမှုကို ကျူးလွန်၏။

(ဆ) မောင်ဖြူသည် တစ်ဦးတစ်ယောက်သောသူ၏ လက်ရှိမဟုတ်သောလက်စွပ်တစ်ကွင်းကို လမ်းမပေါ်တွင်တွေ့၏။ မောင်ဖြူသည် ထိုလက်စွပ်ကို ရယူခြင်းအားဖြင့် ရာဇဝတ်မကင်းသော အလွဲသုံးစားမှုကို ကျူးလွန်ရာရောက်ချင်လျှင်ရောက်နိုင်သော်လည်း၊ ခိုးမှုကို မကျူးလွန်။

(ဇ) မောင်ဖြူသည် မောင်မဲ၏အိမ်ရှိ စားပွဲပေါ်တွင် မောင်မဲပိုင်လက်စွပ်တစ်ကွင်းကို တွေ့၏။ ရှာဖွေသဖြင့် အမှုပေါ်မည်ကို ကြောက်ရွံ့၍ မိမိလက်တွင်း၌ချက်ခြင်းယူမထားဝံ့သောကြောင့် မောင်မဲမေ့လောက်မှ ထိုလက်စွပ်ကို ဝှက်ထားသော နေရာမှယူ၍ ရောင်းရန်အကြံနှင့် မောင်မဲမတွေ့နိုင်လောက်သောနေရာ၌ မောင်ဖြူသည် ထိုလက်စွပ်ကို ဝှက်ထား၏။

http://www.cherrythitsar.org



(ဈ) မောင်ဖြူသည် မိမိ၏နာရီကို ပြင်ပေးစေရန် ရွှေကုန်သည် မောင်မဲသို့ ပေးအပ်၏။ မောင်မဲသည် ထိုနာရီကို မိမိဆိုင်သို့ ယူသွား၏။ နာရီကို မောင်မဲက ကြွေးအတွက် အာမခံအနေဖြင့် ဥပဒေနှင့်အညီ ထိန်းသိမ်းထားနိုင်အောင် မောင်ဖြူက မောင်မဲသို့ ကြွေးဆပ်ရန်မရှိ၊ မောင်ဖြူသည် မောင်မဲ၏ဆိုင်ထဲသို့ ပြောင်ဝင်ကာ မောင်မဲ၏လက်မှ ထိုနာရီကို အနိုင်အထက် ယူသွားရာတွင်၊ မောင်ဖြူသည် ရာဇဝတ်မကင်းသော ကျော်နင်းမှုနှင့် လက်ရောက်မှုကို ကျူးလွန်ရာရောက်ချင်လျှင် ရောက်နိုင်သော်လည်း မရိုးမဖြောင့်သောသဘောနှင့်ပြုခြင်း မဟုတ်သဖြင့် ခိုးမှုကို မကျူးလွန်။

(ည) မောင်မဲက မောင်ဖြူအပေါ်တွင် နာရီပြင်ခငွေ ရရန်ရှိ၍ နာရီကို ထိုပြင်ခငွေအတွက် အာမခံအနေဖြင့် ဥပဒေနှင့်အညီ ဆက်လက်ထားရှိ၏။ အကယ်၍ မောင်မဲလက်မှနာရီပြင်ခအတွက် အာမခံဖြစ်သော ပစ္စည်းလက်လွတ်စေရန် အကြံနှင့် မောင်ဖြူသည် မောင်မဲ၏လက်ရှိမှ ထိုနာရီကိုယူလျှင်၊ မောင်ဖြူသည် မရိုးမဖြောင့်သောသဘောနှင့် ရယူခြင်းဖြစ်သောကြောင့် ခိုးမှုကိုကျူးလွန်၏။

(ဋ) မောင်ဖြူသည် မောင်မဲထံတွင် မိမိ၏နာရီကိုပေါင်၏။ အပေါင်ငွေ မပေးဆပ်သေးမီ မောင်မဲက သဘောမတူဘဲ မောင်ဖြူသည် မောင်မဲ၏လက်ရှိမှ နာရီကို ရယူ၏။ မိမိပိုင်နာရီပင်ဖြစ်သော်လည်း၊ မောင်ဖြူသည် မရိုးမဖြောင့်သော သဘောဖြင့် ရယူခြင်းဖြစ်သောကြောင့် ခိုးမှုကိုကျူးလွန်၏။

(ဌ) ပစ္စည်းရှင်သို့ ပစ္စည်းပြန်ပေးသည့်အတွက် ပစ္စည်းရှင်ထံမှ ဆုငွေကို ရရှိသည့်တိုင်အောင် ပစ္စည်းတစ်ခုခုကို မိမိ၏လက်၌ထားရန်အကြံနှင့် မောင်ဖြူသည် မောင်မဲ၏လက်ဝယ်မှ၊ မောင်မဲသဘောမတူဘဲ မောင်မဲပိုင်ပစ္စည်းတစ်ခုကို ရယူ၏။ ဤတွင် မောင်ဖြူသည် မရိုးမဖြောင့်သော သဘောနှင့် ရယူခြင်းဖြစ်သောကြောင့် ခိုးမှုကို ကျူးလွန်၏။

(ဍ) မောင်ဖြူသည် မောင်မဲ၏ မိတ်ဆွေဖြစ်သည့်အလျောက်၊ မောင်မဲမရှိခိုက် မောင်မဲ၏ စာကြည့်တိုက်သို့သွား၍၊ မောင်မဲ၏ အတည့်အလင်းသဘောတူချက် မရှိဘဲ ဖတ်ပြီးပြန်ပေးရန်အကြံဖြင့် စာအုပ်တစ်အုပ်ကို ဖတ်ဖို့အတွက်သာ ယူသွား၏။ ဤတွင် မောင်မဲ၏စာအုပ်ကို အသုံးပြုရန် မောင်ဖြူသည် မောင်မဲ၏သဘောတူချက်ရကြောင်း သက်ရောက်သည်ဟု ထင်မှတ်နိုင်လောက်သည်။ ဤသို့ထင်မှတ်နိုင်လောက်လျှင်၊ မောင်ဖြူသည် ခိုးမှုကို မကျူးလွန်။

(ဎ) မောင်ဖြူသည် မောင်မဲ၏မယားထံမှ အလှူခံ၏။ မောင်မဲ၏မယားက မောင်မဲပိုင် ကြေးငွေ အစားအစာနှင့် အဝတ်များကို မောင်ဖြူသို့လှူလိုက်၏။ ထိုပစ္စည်းများသည် လင်ဖြစ်သူ မောင်မဲပိုင်ပစ္စည်းများဖြစ်ကြောင်းကို မောင်ဖြူသိသော်လည်း၊ မောင်မဲ၏မယား၌ ပေးလှူပိုင်ခွင့်ရှိသည်ဟု မောင်ဖြူထင်မှတ်လောက်သည်။ ဤသို့ထင်မှတ်လောက်လျှင်၊ မောင်ဖြူသည် ခိုးမှုကို မကျူးလွန်။

http://www.cherrythitsar.org



(ဏ) မောင်ဖြူသည် မောင်မဲမယား၏ လင်မြှောင်ဖြစ်၏။ မောင်မဲ၏ မယားသည် မောင်ဖြူအား အဖိုးတန်ပစ္စည်းကိုပေး၏။ ထိုပစ္စည်းသည် မောင်မဲပိုင် ဖြစ်ကြောင်းကိုလည်းကောင်း၊ မောင်မဲ၏မယားသည် ပေးကမ်းပိုင်ခွင့်ကို မောင်မဲထံမှ မရရှိကြောင်းကို လည်းကောင်း မောင်ဖြူသိ၏။ မောင်ဖြူသည် မရိုးမဖြောင့်သောသဘောနှင့် ထိုပစ္စည်းကို ရယူလျှင် ခိုးမှုကိုကျူးလွန်၏။

(တ) မောင်ဖြူသည် သဘောရိုးဖြင့် မောင်မဲပိုင်ပစ္စည်းကို မိမိပိုင်ပစ္စည်းဟု ယုံကြည်၍ ထိုပစ္စည်းကို မောင်နီ၏လက်ရှိမှရယူ၏။ ဤတွင် မောင်ဖြူသည် မရိုးမဖြောင့်သောသဘောနှင့် ရယူခြင်းမဟုတ်သောကြောင့် ခိုးမှုကို မကျူးလွန်။

**ခိုးမှုအတွက်ပြစ်ဒဏ်။ (ပုဒ်မ ၃၇၉)**

**Punishment for theft. (Section 379)**

<u>**ဥပဒေပုဒ်ဆိုချက်**</u>

မည်သူမဆို၊ ခိုးမှုကိုကျူးလွန်လျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

<u>**အကျုံးဝင်သည့် အင်္ဂါရပ်များ**</u>

၁။ မရိုးမဖြောင့်သော သဘောဖြင့် ပစ္စည်းကိုယူရန်ကြံရွယ်ခြင်း။
၂။ ထိုပစ္စည်းသည် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းဖြစ်ခြင်း။
၃။ သူတစ်ပါး၏ လက်ရှိမှယူခြင်း။
၄။ ထိုသူ၏သဘောတူညီမှုမရှိဘဲ ယူခြင်း။
၅။ ယူရန်ကြံရွယ်၍ ပစ္စည်းကို ရွှေ့စေခြင်း။

<u>**ကျင့်ထုံး**</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၇၉ | ခိုးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | မည်သည့် ရာဇဝတ် တရားသူကြီးမဆို။ |

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ ခိုးမှုမြောက်မမြောက်ဆိုသော ပြဿနာကိုစိစစ်ရာတွင် ပြုလုပ်သူ၏ ကြံရွယ်ချက်မှာ အဓိကဖြစ်ပေသည်။ မရိုးမဖြောင့်သောသဘောရှိသည့် ကြံရွယ်ချက်ဖြင့် ပစ္စည်းကိုယူမှသာ ခိုးမှုမြောက်မည်ဖြစ်သည်။ မရိုးမဖြောင့်သောသဘောဆိုသည်မှာ သူတစ်ပါးအား မတရားရယူစေရန်အကြံနှင့်ဖြစ်စေ၊ သူတစ်ပါးအား မတရားဆုံးရှုံးစေရန်အကြံနှင့်ဖြစ်စေ ပြုလုပ်ခြင်းကိုဆိုလိုပေသည်။ သို့ဖြစ်၍ ပစ္စည်းကိုယူရာ၌ မရိုးမဖြောင့်သောသဘောမရှိလျှင် ခိုးမှုမမြောက်နိုင်။ ဥပမာ လူတစ်ယောက်က အဖိုးတန်ပစ္စည်းများကို သိမ်းဆည်းလေ့မရှိသည့် သူငယ်ချင်းတစ်ဦး၏ အဖိုးတန်ပစ္စည်းတစ်ခုကို သင်ခန်းစာယူနိုင်အောင် ရည်ရွယ်ချက်ဖြင့် ယူပြီးဝှက်ထားသည့်ကိစ္စတွင် မရိုးမဖြောင့်သောသဘောဖြင့် ယူခြင်းမဟုတ်၍ ခိုးမှုကျူးလွန်ခြင်းမရှိဟု ဆိုရပေမည်။ ဦးဘရင်က ဇနီးဒေါ်ရင်မေသည် သူမရှိခိုက် နေအိမ်အတွင်းရှိ ဘီဒိုကို တူဖြင့်ဖွင့်၍ ဘီဒိုထဲမှ ရွှေထည်ပစ္စည်းများကို ခိုးယူသွားသည်ဟု တိုင်တန်းသည်။ ဦးဘရင်နှင့် ဒေါ်ရင်မေတို့သည် မကွာရှင်းရသေးသော ဇနီးမောင်နှံဖြစ်သည်။ ဒေါ်ရင်မေက ရွှေထည်ပစ္စည်းများကို မိမိလည်းပိုင်သည်ဟု ယုံကြည်၍ ယူသွားခြင်းဖြစ်၍ မရိုးမဖြောင့်သောသဘောဖြင့် ယူသွားခြင်းမဟုတ်သဖြင့် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၈၀ အရ ပြစ်မှုကျူးလွန်ခြင်းမရှိ။

*[ဒေါ်ရင်မေနှင့်ဦးဘရင် ၁၉၈၃ မြန်မာပြည်စီရင်ထုံး ၂၀ ]*

၂။ မကွာရှင်းရသေးသည့် ဇနီးက လင်မယားပိုင် လက်ဝတ်လက်စားများကို ယူသွားသောအမှုတွင် ထိုပစ္စည်းများကို မိမိလည်းပိုင်သည်ဟု ယုံကြည်၍ ယူသွားခြင်းဖြစ်သည့်အလျောက် မရိုးမဖြောင့်သောသဘောဖြင့်ယူခြင်း မဟုတ်သည့်အတွက် ပုဒ်မ ၃၇၈ အရ ခိုးမှုမမြောက်ပေ။

*[ဦးခင်အောင်နှင့်ပြည်ထောင်စု ၁၉၈၁ မြန်မာပြည်စီရင်ထုံး ၀၁ ]*

၃။ နွားများကိုပေါင်နှံသူက အပေါင်ခံသူထံမှ အပေါင်ခံသူ၏ သဘောတူညီမှုမရှိဘဲ ပြန်ယူလျှင် ခိုးမှုမြောက်မည်ဖြစ်သည်။

*[အစိုးရနှင့်ချစ်ဦး (၁၈၉၂-၉၆) အတွဲ-၁၊ အထက်မြန်မာပြည်စီရင်ထုံး ၂၃၂]*

၄။ တရားခံက တရားလိုထံမှ ငွေ ၂၀ ကျပ်ရရန်ရှိ၍ တောင်းရာ မပေးသဖြင့် တရားလို၏ကျွဲတစ်ကောင်ကို တရားခံက ယူသွားလျှင် တရားခံသည် ခိုးမှုကျူးလွန်ရာရောက်ပေသည်။

*[အစိုးရနှင့်ရွှေမိတ် (၁၈၉၇-၀၁)အတွဲ-၁၊ အထက်မြန်မာပြည်စီရင်ထုံး ၃၃၉]*

၅။ ပိုင်ဆိုင်ခွင့်ကိုအကြောင်းပြု၍ သဘောရိုးဖြင့်ယူလျှင် ခိုးမှုမမြောက်ဘဲ မလုပ်သင့်မလုပ်ထိုက်သည်ကို သိပါလျက် ဥပဒေလက်လွတ်ပြုခဲ့ပါမူ ခိုးမှုမြောက်မည်ဖြစ်သည်။

*[အစိုးရနှင့်မောင်ပို အတွဲ-၁၊ အောက်မြန်မာပြည်စီရင်ထုံး ၃၃၄ ]*

http://www.cherrythitsar.org



၆။ အခြားသက်သေအထောက်အထားမရှိလျှင် စားကျက်တွင်လွှတ်ထားသည့် ကျွဲနွားများသည် ပိုင်ရှင်၏လက်ရှိဖြစ်သည်ဟု ယူဆရမည်ဖြစ်၍ ထိုကျွဲနွားများကို ယူလျှင် ခိုးမှုမြောက်မည်ဖြစ်သည်။

*[အစိုးရနှင့်သိန်းဦး (၁၈၉၂-၉၆)အတွဲ-၁၊ အထက်မြန်မာပြည်စီရင်ထုံး ၂၃၈]*

*[ပေါ်ခင်နှင့်အစိုးရ (၁၉၈၃) ရန်ကုန်စီရင်ထုံး ၆၃]*

၇။ ဆင်ကိုမြင်၍ ထွက်ပြေးသွားသည့်နွားများကို လိုက်လံရှာဖွေသော်လည်း မတွေ့၍ ပျောက်သည်ဟုထားပြီးမှ တရားခံထံမှ ပြန်တွေ့လျှင် နွားများသည် ပိုင်ရှင်၏ လက်ရှိဖြစ်သည်ဟုမဆိုနိုင်၍ ခိုးမှုအစား ပစ္စည်းအလွဲသုံးစားမှုကိုသာ ကျူးလွန်သည်ဟု ဆိုရပေမည်။

*[ရွှေလယ်နှင့်အစိုးရ၊ အတွဲ-၁၊ အောက်မြန်မာပြည်စီရင်ထုံး ၁၂၃ ]*

၈။ အိမ်ကိုဖျက်၍ သစ်သားများကိုယူလျှင် ခိုးမှုမြောက်ပေသည်။ ကျုံးအတွင်းရှိ ငါးကို အခွင့်အမိန့်မရှိဘဲဖမ်းလျှင် ခိုးမှုကျူးလွန်ရာရောက်သည်။

*[အစိုးရနှင့် မစ (၁၈၉၂-၉၆) အထက်မြန်မာပြည်စီရင်ထုံး ၂၃၄ ]*

၉။ ငှက်သိုက်များသည် စုဆောင်းခြင်းမပြုရသေးမီ တစ်စုံတစ်ဦး၏ လက်ရှိဖြစ်သည်ဟု မဆိုနိုင်၍ လိုင်စင်မရှိဘဲ ငှက်သိုက်ကိုယူခြင်းသည် ခိုးမှုမမြောက်၊ အောက်မြန်မာပြည် မြေနှင့်အခွန်အကော်ဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေ ပုဒ်မ ၁၁၃ အရသာ ပြစ်မှုမြောက်သည်။

*[အော်စုနှင့်အစိုးရ၊ အတွဲ-၄၊ အောက်မြန်မာပြည်စီရင်ထုံး ၂၃၄ ]*

၁၀။ တစ်ဦးတစ်ယောက်ဆိုသည့် စကားရပ်ကို ပုဒ်မ ၁၁ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားပြီးဖြစ်သည်။ ဥပမာ (ည) (ဠ) အရ ပစ္စည်း၏ပိုင်ရှင်ဖြစ်ရန်မလိုပေ။ တစ်နည်းနည်းဖြင့် လက်ရှိဖြစ်သူလည်းပါဝင်သည်။ သို့ဖြစ်ရာ ပိုင်ရှင်၏အလုပ်သမားထံမှဖြစ်စေ၊ ထိန်းသိမ်းစောင့်ရှောက်သူထံမှဖြစ်စေ ယူလျှင် ခိုးမှုမြောက်သည်ဟု ဆိုရမည်ဖြစ်သည်။ သို့ဖြစ်ရာ ဘုရား၏ ရွှေခေါင်းလောင်းကိုခိုးလျှင် ဘဏ္ဍာတော်ထိန်း လူကြီးများ၏ လက်ရှိမှ ခိုးယူသည်ဟု ဆိုရမည်ဖြစ်သည်။

*[အစိုးရနှင့်ဖိုးစော၊ ရွှေချယ်ထားသောစီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၄၁၀]*

၁၁။ နှစ်ဦးပိုင်ဆိုင်သောပစ္စည်းကို တစ်ဦးက ကျန်တစ်ဦး၏ သဘောတူညီချက်မရှိဘဲ ယူစေကာမူ ပြစ်မှုမြောက်မည်မဟုတ်။ နှစ်ဦးစလုံးပင် လက်ရှိဖြစ်သည်ဟု ယူဆရမည့်အတွက်ပင်ဖြစ်ပေသည်။ တရားလို၏ စပါးတင်း ၄၀ ရှိရာမှ ၃၅ တင်းသည် တရားခံပိုင်ကြောင်း တရားရုံးမှ ဒီကရီရရှိသဖြင့် တရားခံက စပါးတင်း ၄၀ အပုံထဲမှ ၃၅ တင်းကို တရားလိုသဘောမတူဘဲ ယူစေကာမူ ခိုးမှုမမြောက်ပေ။

*[မောင်ပိုနှင့်အစိုးရ၊ အတွဲ-၁၊ အောက်မြန်မာပြည်စီရင်ထုံး ၃၃၄ ]*

၁၂။ ပစ္စည်းကို လက်ရှိဖြစ်သူ၏ သဘောတူညီချက်မရှိဘဲ ယူမှသာ ခိုးမှုမြောက်မည်ဖြစ်သည်။

*[မောင်စံသိန်း(ခ)မောင်သိန်းဇော်နှင့်ပြည်ထောင်စု ၁၉၆၉ မြန်မာပြည်စီရင်ထုံး ၂၈ ]*

http://www.cherrythitsar.org



၁၃။ သူတစ်ပါး၏ လက်ရှိဖြစ်သောပစ္စည်းကိုယူမှသာ ခိုးမှုမြောက်မည်ဖြစ်၍ တစ်စုံတစ်ယောက်သောသူ၏ လက်ရှိမဟုတ်သော အရိုင်းသဘာဝငှက်၊ တိရစ္ဆာန်၊ ငါး စသည့်သတ္တဝါများအား ဖမ်းဆီးသောကြောင့် ခိုးမှုမမြောက်နိုင်ပေ။ သို့ရာတွင် ထိုအရိုင်းသတ္တဝါများကို ယဉ်ပါးအောင် မွေးမြူထားပါမူ ပိုင်ရှင်၏ ခွင့်ပြုချက်မရဘဲ ဖမ်းဆီးက ခိုးမှုကျူးလွန်ရာရောက်သည်။ သေဆုံးသူ၏ပစ္စည်းသည် သေသူ၏လက်ရှိဖြစ်နေသေးသည်ဟု မဆိုနိုင်၍ ထိုပစ္စည်းအား မရိုးမဖြောင့်သည့် သဘောဖြင့် ယူစေကာမူ ခိုးမှုမြောက်မည်မဟုတ်၊ ပုဒ်မ ၄၀၄ အရသာ ပြစ်မှုမြောက်နိုင်သည်။ အလားတူပင် ပျောက်ဆုံးသွားပြီဟု ပိုင်ရှင်က ယူဆထားသည့်ပစ္စည်းနှင့်အတူ ရမိသူကို သူခိုးဟု မယူဆနိုင်၊ ပစ္စည်းကို အလွဲသုံးစားပြုသူဟုသာ ကောက်ယူရမည်ဖြစ်သည်။

*[ရွှေစံနှင့်အစိုးရ၊ အတွဲ-၁၊ ဘားမားလောတိုင်း ၂၆၁ ]*

၁၄။ သဘောတူညီချက်ဆိုသည်မှာ အတည့်အလင်း သဘောတူညီချက်သာမက သဘောသက်ရောက်သည့် သဘောတူညီချက်လည်း ဖြစ်နိုင်သည်။ သို့ရာတွင် ထိုသဘောတူညီချက်သည် လိမ်လည်၍သော်လည်းကောင်း၊ မူးယစ်နေသဖြင့် မည်သို့သဘောရှိသည်ကို မသိ၍သော်လည်းကောင်း၊ ခြိမ်းခြောက်၍သော်လည်းကောင်း အသက်အရွယ်နုနယ်သည့် ၁၂ နှစ်အောက် ကလေးထံမှသော်လည်းကောင်း ရယူသည့် သဘောတူညီချက်ဖြစ်လျှင် သဘောတူညီချက်မရှိသကဲ့သို့ပင် ယူဆရမည်။ ကြောင်းခြင်းရာကို လွဲမှားယူဆပြီးပေးသော သဘောတူညီချက်မှာလည်း သဘောတူညီချက် မမည်ပေ။

*[မောင်ဘချစ်နှင့်အစိုးရ၊ အတွဲ-၇၊ ရန်ကုန် ၁၂၀ ]*

၁၅။ ခိုးမှုမြောက်ရန် ပစ္စည်းကို ရွှေ့စေသည့်အင်္ဂါရပ်ရှိဖို့လိုသည်။ ရွှေ့လျားခြင်းမရှိက အားထုတ်မှုအခြေအနေ၌သာ ရှိမည်ဖြစ်သည်။ တစ်နေရာမှ တစ်နေရာသို့သော်လည်းကောင်း၊ အမြဲတမ်း တစ်ခြားစီကွာသွားအောင်သော် လည်းကောင်း ရွှေ့လျားပြောင်းရွှေ့မှသာမဟုတ်၊ သာမန်ရွှေ့လျားစေကာမျှဖြင့် ပြစ်မှုမြောက်မည်ဖြစ်သည်။ အုန်းပင်မှ အုန်းသီးကို ဆွတ်ခူးရန် ဆွဲလိပ်လျှင် အညှာမှ ကျွတ်ထွက်၍ မသွားစေကာမူ ပစ္စည်းကို ရွှေ့စေသည်ဟု မှတ်ရမည်။

*[အစိုးရနှင့်ဘိုးလယ်၊ ရွေးချယ်ထားသည့်စီရင်ချက်များ အောက်မြန်မာပြည် ၃၉၉ ]*

၁၆။ ခိုးမှုကျူးလွန်ခဲ့ကြောင်း အထောက်အထားမရှိက သူခိုးသော်လည်းကောင်း၊ ခိုးယူပါပစ္စည်းသော်လည်းကောင်း မရှိနိုင်။ ခိုးမှုကျူးလွန်ခဲ့သည်ဆိုစေဦး တရားခံထံမှ တွေ့ရှိသည့်ပစ္စည်းသည် တရားလိုထံမှ ပျောက်ဆုံးသွားသည့်ပစ္စည်းပင် ဖြစ်သည်ဆိုသော အထောက်အထားရှိရန်လိုသည်။ ပစ္စည်းချင်းတူရုံဖြင့် ခိုးရာပါပစ္စည်းနှင့် ပတ်သက်၍မူ ထိုဥပဒေယူဆချက်ကို အသုံးမပြုနိုင်။ ထို့ပြင် ခိုးမှုကျူးလွန်ပြီးနောက် များမကြာမီ ခိုးရာပါပစ္စည်းနှင့်တွေ့မှသာ ၎င်းဥပဒေယူဆချက်နှင့် အကျုံးဝင်မည်ဖြစ်သည်။ ခိုးမှုကျူးလွန်ပြီးနောက် နောက်အချိန်ကြာမြင့်မှသာ ပစ္စည်းကိုပြန်တွေ့

http://www.cherrythitsar.org



လျှင် ထိုသူကို သူခိုး သို့မဟုတ် ခိုးရာပါပစ္စည်းလက်ခံသူအဖြစ် ယူဆရန် မဖြစ်နိုင်ပေ။

အချိန်နှောင်းပြီးမှတွေ့ရှိခြင်းဟုတ်မဟုတ်ဆိုသော ပြဿနာကို စဉ်းစားရာတွင် ပျောက်ဆုံးသွားသည့် ပစ္စည်းအမျိုးအစားအပေါ် မူတည်နေပေသည်။ ပျောက်ဆုံးသွားသည့်ကျွဲကို တစ်နှစ်ကြာမှ တရားခံလက်ဝယ်ပြန်တွေ့လျှင် တရားခံအား သူခိုး သို့မဟုတ် ခိုးရာပါပစ္စည်းလက်ခံသူအဖြစ် ယူဆခြင်းမပြုနိုင်။

*[မောင်ရောက်နှင့်အစိုးရ၊ ရွေးချယ်ထားသောစီရင်ချက်များ အောက်မြန်မာပြည်စီရင်ထုံး ၃၃၆ ]*

၁၇။ ခိုးရာပါပစ္စည်းကို တရားခံထံမှ တသီးတသန့် ဖမ်းဆီးရမိရန်လိုသည်။ သို့မဟုတ်ပါက အဆိုပါဥပဒေယူဆချက်ကို အသုံးပြုနိုင်မည်မဟုတ်။ ဥပမာဆောင်ရသော် လူအများအပြားနေထိုင်သည့်အိမ်မှ ခိုးရာပါပစ္စည်းကို တွေ့ရှိရာ၌ တစ်ဦးတစ်ယောက်ထံမှ တသီးတသန့် ဖမ်းဆီးရမိသည်ဆိုသော အထောက်အထားမရှိပါက ဤဥပဒေယူဆချက်အတိုင်း ကောက်ယူခြင်းမပြုနိုင်။ သို့ဖြစ်ရာ ခိုးရာပါပစ္စည်းကို ခိုးမှုကျူးလွန်ပြီးနောက် များမကြာမီ တွေ့ရှိသည့်အပြင် တရားခံထံမှ တသီးတသန့် တွေ့ရှိခြင်းဖြစ်မှသာ အဆိုပါဥပဒေယူဆချက်ကို ပြုနိုင်မည်ဖြစ်သည်။

*[အစိုးရနှင့်သာဒွေး၊ ပုံနှိပ်ထားသည့် စီရင်ချက်များ အောက်မြန်မာပြည်စီရင်ထုံး ၂၇၉ ]*

၁၈။ ပြစ်မှုကျူးလွန်ရာ၌ တရားခံသည် မည်သည့်ရည်ရွယ်ချက်ဖြင့်ပြုသည်ဆိုခြင်းကို တရားရုံးများက စဉ်းစားလေ့မရှိသဖြင့် ပစ္စည်းကို အမြဲတမ်းခိုးယူရန်ရည်ရွယ်ချက်မရှိဘဲ၊ လက်ဆောင်တောင်းရန် ရည်ရွယ်ချက်နှင့် ယူထားခြင်းပင်ဖြစ်လင့်ကစား တရားခံ၏ ပြုလုပ်မှုသည် ခိုးမှုမြောက်သည်။

*[အစိုးရနှင့်ညာဏ်ဦး၊ (၁၉၁၄-၁၆)အတွဲ-၂ အထက်မြန်မာပြည်စီရင်ထုံး ၄၃ ]*

၁၉။ ငွေတောင်းရန်ရည်ရွယ်ချက်ဖြင့် ပစ္စည်းကိုခိုးယူပြီးနောက် ငွေရသောအခါ ခိုးရာပါပစ္စည်းကို ပြန်ရစေလျှင် တရားခံသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၉ အရ ခိုးမှုသာမက ပုဒ်မ ၂၁၅ အရ လက်ဆောင်ယူမှုကိုပါ ကျူးလွန်သည်ဟု ယူဆရမည်။ သို့ရာတွင် ပြစ်ဒဏ်ချမှတ်ရာ၌ ခိုးမှုကျူးလွန်သည့်အတွက် ချမှတ်ရမည့်အပြစ်ဒဏ်ထက်ပို၍ သတ်မှတ်ရန်မသင့်ပေ။

*[အစိုးရနှင့်တွန်းဖြူ၊ ပုံနှိပ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်စီရင်ထုံး ၂၂၆ ]*

၂၀။ ခိုးရာပါပစ္စည်းပြန်ရရန် ငွေတောင်းပြီးနောက် ပစ္စည်းကိုညွှန်ပြလျှင် အခြားလူတစ်ဦးတစ်ယောက်က ခိုးယူသည်ဆိုသော အထောက်အထားမရှိပါမူ တရားခံအား ခိုးမှုဖြင့် အပြစ်ပေးသင့်ပြီး ပစ္စည်းကို ညွှန်ပြခြင်း၊ သို့တည်းမဟုတ် ပြန်ရရန်ဆောင်ရွက်ခြင်းမပြုပါက ပုဒ်မ ၂၁၅ အရသာ အပြစ်ပေးသင့်သည်။

*[အုပ်ကြီးနှင့်အစိုးရ၊ ရွေးချယ်ထားသည့်စီရင်ချက်များ အောက်မြန်မာပြည်စီရင်ထုံး ၄၄၉ ]*

http://www.cherrythitsar.org



၂၁။ ငွေတောင်းရန်အကြံနှင့် နွားကိုခိုးပြီး ၂ ရက်အကြာတွင် ငွေရ၍ နွားပြန်ပေးသော တရားခံအား ပုဒ်မ ၃၇၉ အရပါ အပြစ်ပေးထားခြင်းသည် မှန်ကန်ပေသည်။

*[အစိုးရနှင့်မောင်တို့၊ အတွဲ-၂၊ အောက်မြန်မာပြည်စီရင်ထုံး ၂၃ ]*

၂၂။ ကြိမ်ဒဏ်အက်ဥပဒေပုဒ်မ ၃ အရ ခိုးမှုကျူးလွန်သူကို အခြားပြစ်ဒဏ်အစား ကြိမ်ဒဏ်ပေးနိုင်သည်။ အခြားပြစ်ဒဏ်နှင့် တွဲဖက်၍ ကြိမ်ဒဏ်ချမှတ်ခြင်းမပြုရ၊ ခိုးမှုကျူးလွန်ရန် အားထုတ်ခြင်းအတွက် ကြိမ်ဒဏ်ရိုက်ခတ်ခြင်းမပြုနိုင်။

*[အစိုးရနှင့်အဗ္ဗဒူမဂျစ်၊ ရွေးချယ်ထားသည့်စီရင်ချက်များ အောက်မြန်မာပြည်စီရင်ထုံး ၃၃၈ ]*

၂၃။ လယ်ယာကိုင်းကျွန်းကို မှီခိုအားထားနေသည့် မြန်မာနိုင်ငံတွင် စက်မှုလယ်ယာကို လုံးဝအစားထိုးခြင်းမပြုနိုင်မီ ကျွဲနွားခိုးခြင်းကို မှတ်လောက်သားလောက်သည့် ပြစ်ဒဏ်ချမှတ်ရန်လိုသည်။

*[တရားရုံးချုပ်ဩွန်ကြားလွှာ ၅/၆၈ အောင်မြသွင်နှင့် ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၁၁၄၄ ]*

<u>**စပ်ဟပ်ဥပဒေ**</u>

၁။ ခိုးမှုနှင့် ခိုးရာပါပစ္စည်းလက်ခံမှုတို့ကို ခိုးရာပါပစ္စည်းတွေ့ရှိသည့်ဒေသမှ တရားရုံးတစ်ခုခုက စစ်ဆေးနိုင်သည်။

*[ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၀၁(၃) ]*

၂။ ခိုးမှုဖြင့် တရားစွဲဆိုခံရသူတစ်ဦးကို ပစ္စည်းအလွဲသုံးစားမှု သို့မဟုတ် လိမ်လည်မှု၊ သို့မဟုတ် ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုတစ်ခုခုဖြင့် အပြစ်ပေးနိုင်သည်။

*[ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၃၆ ၊ ၂၃၇ ]*

## နေအိမ် စသည်တို့အတွင်းတွင် ခိုးမှု၊ (ပုဒ်မ ၃၈၀)

## Theft in dwelling - house, etc. (Section 380)

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

လူနေထိုင်ရန်သော်လည်းကောင်း၊ ပစ္စည်းသိုလှောင်ရန်သော် လည်းကောင်း အသုံးပြုသော အဆောက်အအုံ၊ သို့တည်းမဟုတ် ရေယာဉ်တစ်ခုခုအတွင်းတွင် မည်သူမဆို ခိုးမှုကိုကျူးလွန်လျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

<u>**အကျုံးဝင်သည့် အင်္ဂါရပ်များ**</u>

၁။ ခိုးယူသည့်ပစ္စည်းသည် အဆောက်အအုံ၊ တဲ သို့မဟုတ် ရေယာဉ်အတွင်းမှ ဖြစ်ခြင်း။

၂။ ထို အဆောက်အုံ၊ တဲ သို့မဟုတ် ရေယာဉ်သည် လူနေထိုင်ရန်သော် လည်းကောင်း၊ ပစ္စည်းသိုလှောင်ရန်သော်လည်းကောင်း၊ အသုံးချလျက်ရှိခြင်း။

http://www.cherrythitsar.org



**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၈၀ | အဆောက်အအုံ သို့မဟုတ် ရေယာဉ်တစ်ခုခုအတွင်း ခိုးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | မည်သည့်ရာဇဝတ် တရားသူကြီးမဆို |

**စီရင်ထုံး**

၁။ ရဲအရေးပိုင်သည့်အမှုဖြစ်သည်။ ကနဦးကပင် ဝရမ်းထုတ်နိုင်သည်။ အာမခံမပေးနိုင်၊ ကျေအေးခွင့်မရှိ ခိုးသည့်ပစ္စည်းသည် တန်ဖိုးငွေတစ်ရာကျပ်ထက် မပိုက အကျဉ်းနည်းဖြင့် စစ်ဆေးနိုင်သည်။ မည်သည့်ပြစ်မှုတရားသူကြီးမဆို စစ်ဆေးစီရင်နိုင်သည်။ ယခုအခါ ရပ်ကွက်၊ ကျေးရွာအုပ်စု တရားရုံးကပင် စီရင်ခွင့်ရှိသည်။ တရားခံလေးဦးအား တရားစွဲဆိုရာ ပထမတရားခံတစ်ဦးတည်းထံမှ ခိုးရာပါပစ္စည်းကို မိသည်။ ထိုတရားခံကို ဤပုဒ်မအရလည်းကောင်း၊ ဒုတိယတရားခံကို ဤပုဒ်မနှင့် ပုဒ်မ ၄၁၁ အရ လည်းကောင်း၊ တတိယနှင့်စတုတ္ထတရားခံများကို ပုဒ်မ ၄၁၁ နှင့် ၄၁၄ အရလည်းကောင်း အမှုတစ်မှုတည်းတွင် တရားစွဲဆိုခြင်းသည် စွဲချက်တွဲရာ၌ မှားယွင်းနေသည်ဟု မဆိုနိုင်ပေ။

*[ဘိုးရှင်ပါ-၂နှင့်အစိုးရ၊ အတွဲ-၄၊ ဘားမားလောတိုင်း ၂၆၃]*

**စေခိုင်းသူ၏လက်ရှိပစ္စည်းကို စာရေး၊ သို့တည်းမဟုတ် အစေခံကခိုးမှု။ (ပုဒ်မ ၃၈၁)**

**Theft by clerk or servant of property in possession of master. (Section 381)**

**ဥပဒေပြဋ္ဌာန်းချက်**

စာရေးဖြစ်စေ၊ စာရေးအနေနှင့်သော် လည်းကောင်း၊ အစေခံအနေနှင့်သော် လည်းကောင်း စေခိုင်းခြင်းခံရသောသူဖြစ်စေ မိမိအား စေခိုင်းသူ၏၊ သို့တည်းမဟုတ် မိမိအလုပ်ရှင်၏ လက်ရှိပစ္စည်းတစ်ခုခုနှင့် စပ်လျဉ်း၍ ခိုးမှုကို ကျူးလွန်လျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ခိုးမှုတွင် လိုအပ်သည့် အင်္ဂါရပ်များအပြင်

၂။ တရားခံသည် စာရေး သို့မဟုတ် အစေခံအဖြစ် အလုပ်ရှင်၏ လက်ရှိပစ္စည်းကို ယူခြင်း။

http://www.cherrythitsar.org



**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၈၁ | စေခိုင်းသူ သို့မဟုတ် အလုပ်ရှင်၏ လက်ရှိပစ္စည်းကို စာရေး သို့မဟုတ် အစေခံက ခိုးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ်၊ ပထမတန်း သို့မဟုတ်၊ ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**စီရင်ထုံး**

၁။ စာရေးသည် အစေခံဟုဆိုနိုင်မည်ဖြစ်သော်လည်း အစေခံသည် စာရေးမဟုတ်ပေ။ အလုပ်ရှင်နှင့်စာရေး သို့မဟုတ် အစေခံ ဆက်သွယ်မှုရှိမရှိ စဉ်းစားရာတွင် အဓိကအချက်မှာ တရားခံသည် တရားလို၏အမိန့် သို့မဟုတ် ညွှန်ကြားချက်ကို လိုက်နာသူဖြစ်ပါသလောဆိုသည့်အမေး၏ အဖြေပေါ်တွင် မူတည်သည်။ တရားခံသည် တရားလို၏ လခစားဖြစ်ရန်မလို၊ ကော်မရှင်စားလည်း ဖြစ်နိုင်သည်။ တရားလို၏ အလုပ်ကိုသာ အမြဲတန်းတစ်ချိန်လုံး လုပ်ကိုင်ရသူကသာမက အချိန်ပိုင်းနှင့် လုပ်ကိုင်သူအပြင် လုပ်ငန်းအလိုက် သီးသန့်လုပ်သူလည်း ပါဝင်သည်။ အလုပ်ရှင်၏ ညွှန်ကြားချက် သို့မဟုတ် အမိန့်ကို လိုက်နာရသူဖြစ်ပါက စာရေး သို့မဟုတ် အစေခံဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်သည်။

*[ဖြိုးကြီးနှင့်အစိုးရ၊ အတွဲ-၁၀၊ အောက်မြန်မာပြည်စီရင်ထုံး ၃၁ ]*

**ခိုးမှုကိုကျူးလွန်ရန်အလို့ငှာ၊ သေစေရန်ဖြစ်စေ၊ နာကျင်စေရန်ဖြစ်စေ၊ တားဆီးရန်ဖြစ်စေ ပြင်ဆင်ပြီးမှ ကျူးလွန်သော ခိုးမှု။ (ပုဒ်မ ၃၈၂)**

**Theft after preparation made for causing death, hurt or restraint, in order to the committing of the theft. (Section 382)**

**ဥပဒေပြဋ္ဌာန်းချက်**

ခိုးမှုကိုကျူးလွန်ရန် အလို့ငှာသော်လည်းကောင်း၊ ခိုးမှုကို ကျူးလွန်ပြီးနောက် ထွက်ပြေးလွတ်မြောက်ရန် အလို့ငှာသော်လည်းကောင်း၊ ခိုးမှုကိုကျူးလွန်၍ ရရှိသော ပစ္စည်းကို ဆက်လက်ထားရှိနိုင်ရန်အလို့ငှာသော်လည်းကောင်း တစ်ဦးတစ်ယောက်သောသူကို သေစေရန်၊ သို့တည်းမဟုတ် နာကျင်စေရန်၊ သို့တည်းမဟုတ် တားဆီးရန်၊ သို့တည်းမဟုတ် သေစေမည်ဟုဖြစ်စေ၊ နာကျင်စေမည်ဟုဖြစ်စေ၊ တားဆီးခံရမည်ဟုဖြစ်စေ၊ ကြောက်ရွံ့စေရန် ပြင်ဆင်ပြီးမှ မည်သူမဆို၊ ခိုးမှုကိုကျူးလွန်လျှင် ထိုသူကို အလုပ်ကြမ်းနှင့် ဆယ်နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

http://www.cherrythitsar.org



**ဥပမာများ။**

(က) မောင်ဖြူသည် မောင်မဲ၏ လက်ရှိမှပစ္စည်းကို ခိုးယူ၏။ ထိုသို့ခိုးယူရာတွင် အကယ်၍ မောင်မဲက ခုခံခဲ့သော် မောင်မဲကို နာကျင်စေရန်အလို့ငှာ ယမ်းထိုးပြီး ပစ္စတိုသေနတ်တစ်လက်ကို မိမိ၏ အဝတ်အတွင်း၌ ထားရှိ၏။ မောင်ဖြူသည် ဤပုဒ်မတွင် အဓိပ္ပာယ်ဖော်ပြထားသောပြစ်မှုကို ကျူးလွန်သည်မည်၏။

(ခ) ဖြစ်ပျက်ပုံအခြေအနေကို မောင်မဲကမြင်၍ ခုခံခဲ့လျှင်သော်လည်းကောင်း၊ မိမိအား မောင်မဲကဖမ်းဆီးရန် အားထုတ်ခဲ့လျှင်သော် လည်းကောင်း မောင်မဲကို တားဆီးရန်အလို့ငှာ မိမိ၏အပေါင်းအဖော်များကို အနီးအပါးတွင် နေရာချထား၍ မောင်ဖြူသည် မောင်မဲကို ခါးပိုက်နှိုက်၏။ မောင်ဖြူသည် ဤပုဒ်မတွင် အဓိပ္ပာယ် ဖော်ပြထားသော ပြစ်မှုကို ကျူးလွန်သည်မည်၏။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ခိုးမှုတွင် လိုအပ်သည့် အင်္ဂါရပ်များအပြင်

၂။ တရားခံသည် ခိုးမှုကျူးလွန်စဉ် သေစေခြင်း၊ နာကျင်စေခြင်း၊ တားဆီးခြင်း၊ တစ်ခုခုပြုရန် ပြင်ဆင်မှု ပြုလုပ်ခဲ့ရမည်။

၃။ ထိုပြင်ဆင်မှုသည် ခိုးမှုကျူးလွန်ရန် သို့မဟုတ် ခိုးမှုကျူးလွန်ပြီးနောက် ထွက်ပြေးလွတ်မြောက်ရန် သို့မဟုတ် ခိုးရာပါပစ္စည်းကို ဆက်လက်ထားရှိရန် အတွက် ဖြစ်သည်။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၈၂ | ခိုးမှုကိုကျူးလွန်ရန် သို့မဟုတ် ခိုးမှုကျူးလွန်ပြီး နောက်တွင် ထွက်ပြေးလွတ်မြောက်ရန်အလို့ငှာ သေစေရန်ဖြစ်စေ၊ နာကျင်စေရန်ဖြစ်စေ၊ တားဆီးရန်ဖြစ်စေ၊ သေစေမည် သို့မဟုတ်၊ နာကျင်စေမည်၊ သို့မဟုတ် တားဆီးခံရမည်ကို ကြောက်ရွံ့အောင်ပြင်ဆင်ပြီးမှ ကျူးလွန်သောခိုးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | အလုပ်ကြမ်းနှင့် ၁၀နှစ်ထိ ထောင်ဒဏ်အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**စီရင်ထုံး**

၁။ ခိုးမှုကျူးလွန်စဉ် နာကျင်မှုရရှိစေပါက လုယက်မှုဖြစ်သည်။ ခိုးမှုမဟုတ်တော့ပေ။ နာကျင်မှုဖြစ်စေရန် ပြင်ဆင်မှုအဆင့်၌သာရှိပြီး၊ နာကျင်မှုကို မပြုလုပ်သရွေ့ ဤပုဒ်မနှင့် အကျုံးဝင်မည်ဖြစ်သည်။ တရားခံသည် အိမ်တစ်အိမ်မှ ဆန်အိတ် တစ်အိတ်ကို ခိုးယူလာစဉ် လမ်း၌ လူတစ်ယောက်က တားဆီးသည်။ ထိုအခါ

http://www.cherrythitsar.org



တရားခံသည် ဆန်အိတ်ကို အောက်သို့ပစ်ချပြီး တားဆီးသူအား ဓားနှင့်ထိုးလျှင် ဆန်အိတ်ကို သယ်ယူရန်အတွက် ဓားနှင့်ထိုးခြင်းမဟုတ်၍ ဤပုဒ်မအရသော်လည်းကောင်း၊ လုယက်မှုကိုသော်လည်းကောင်း ကျူးလွန်ခြင်းမရှိ၊ ပုဒ်မ ၃၂၄ ကိုသာ ကျူးလွန်သည်ဟု ဆိုရပေမည်။

*[မောင်ပိုင်နှင့်အစိုးရ၊ အတွဲ-၄၊ အောက်မြန်မာပြည်စီရင်ထုံး ၁၄၇ ]*

၂။ သေစေခြင်း၊ သို့မဟုတ် နာကျင်စေခြင်း သို့မဟုတ် တားဆီးခြင်းဖြစ်လိမ့်မည်ဟု ကြောက်ရွံ့စေရန်ပြင်ဆင်မှုရှိရမည်ဖြစ်သည်။ နှုတ်နှင့် သာမန်ခြိမ်းခြောက်ကာမျှဖြင့် ဤပြစ်မှုမြောက်မည်မဟုတ်။ ပြင်ဆင်မှုရှိမရှိဆိုသောကိစ္စကို စဉ်းစားရာတွင် တရားခံသည် လက်နက်တစ်စုံတစ်ရာ ကိုင်စွဲခြင်းပြုမပြု၊ အပေါင်းအဖော်များကို အနီးအနား၌နေရာချထားမထား စသည့်အချက်အလက်များအား စဉ်းစားရမည်ဖြစ်သည်။ ဓားတုတ် စသည် လက်နက်စွဲလာပါက သာမန်အားဖြင့် ဤပုဒ်အရ ပြင်ဆင်မှု ရှိကောင်းရှိနိုင်မည်ဖြစ်သော်လည်း ယင်းအချက်တစ်ခုတည်းကြောင့် ပြင်ဆင်မှုရှိသည်ဟု တစ်ထစ်ချ ယူဆရန်မဟုတ်ပေ။ ပေါ်ပေါက်နေသော ကြောင်းခြင်းရာ၌ မူတည်မည်ဖြစ်သည်။ သူခိုးတစ်ဦးသည် ခိုးမှုကျူးလွန်စဉ် ၎င်း၏ လက်၌ ဓားပါလာကာမျှဖြင့် သေစေခြင်း၊ နာကျင်စေခြင်းပြုရန် ပြင်ဆင်မှုရှိသည်ဟု ယူဆခြင်းမပြုနိုင်။ ပြင်ဆင်မှုရှိကြောင်း အခြားသက်သေအထောက်အထား တင်ပြရန်လိုသည်။

*[ရှမ်းကလေးနှင့်အစိုးရ (၁၉၀၄)၊ အတွဲ-၁၀၊ မြန်မာပြည်စီရင်ထုံး ၈၇]*

## ခြောက်လှန့်တောင်းယူမှု။ (ပုဒ်မ ၃၈၃) — Extortion. (Section 383)

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ တစ်ဦးတစ်ယောက်သောသူအား၊ သို့တည်းမဟုတ် အခြားသူတစ်ဦးတစ်ယောက်အား နစ်နာစေမည်ဟု ကြောက်အောင် တမင်ပြု၍ ပစ္စည်းတစ်ခုခုကိုဖြစ်စေ၊ အဖိုးတန်စာတမ်းအမှတ်အသားတစ်ခုခုကိုဖြစ်စေ၊ အဘိုးတန်စာတမ်းအမှတ်အသားအဖြစ်သို့ ပြောင်းလဲနိုင်သော လက်မှတ်ရေးထိုးထားသည့် သို့တည်းမဟုတ် တံဆိပ်ခတ်နှိပ်ထားသည့် အရာဝတ္ထုတစ်ခုခုကိုဖြစ်စေ တစ်ဦးတစ်ယောက်သောသူသို့ ပေးအပ်စေရန် ကြောက်အောင်တမင်ပြုခြင်းခံရသော အဆိုပါသူအား မရိုးမဖြောင့်သော သဘောနှင့်သွေးဆောင်လျှင် ထိုသို့ကြောက်အောင်ပြု၍ သွေးဆောင်သူသည် “ခြောက်လှန့်တောင်းမှု”ကို ကျူးလွန်သည်မည်၏။

**ဥပမာများ။**

(က) ငွေမပေးလျှင် မောင်မဲ၏ အသရေပျက်စေမည့်စာကို ကျေညာမည်ဟု မောင်ဖြူသည် မောင်မဲကို ခြိမ်းခြောက်၏။ ဤနည်းဖြင့် မိမိအား ငွေပေးစေရန် မောင်ဖြူသည် မောင်မဲကို သွေးဆောင်၏။ ဤတွင် မောင်ဖြူသည် “ခြောက်လှန့်တောင်းယူမှု”ကို ကျူးလွန်၏။

http://www.cherrythitsar.org



(ခ) မောင်မဲက မောင်ဖြူသို့ ငွေပေးရန်ရှိကြောင်း မောင်မဲအား တာဝန်ထားသည့် ငွေပေးကတိစာချုပ်တစ်ခုကို မောင်မဲက လက်မှတ်ရေးထိုး၍ မောင်ဖြူသို့ ပေးလျှင် မောင်မဲ၏ကလေးကို မတရားချုပ်နှောင်ထားမည်ဟု မောင်ဖြူက မောင်မဲကို ခြိမ်းချောက်၏။ ထို့ကြောင့် မောင်မဲသည် ငွေပေးကတိစာချုပ်ကို လက်မှတ်ရေးထိုး၍ မောင်ဖြူသို့ ပေးရ၏။ ဤတွင် မောင်ဖြူသည် "ခြောက်လှန့်တောင်းယူမှု" ကို ကျူးလွန်၏။

(ဂ) မောင်နီအား ကောက်ပဲသီးနှံ မည်ရွေ့မည်မျှပေးပါမည်ဆိုသည့် ခံဝန်ချုပ်တစ်စောင်ကို မောင်မဲက လက်မှတ်ရေးထိုး၍ မောင်နီသို့ မပေးအပ်လျှင် မောင်မဲ၏ လယ်ယာကို ဖျက်ဆီးပစ်စေရန် တုတ်လက်နက်စွဲကိုင်သူတို့ကို စေလွှတ်မည်ဟု မောင်ဖြူက ခြိမ်းခြောက်၏။ ထိုသို့ ခြိမ်းခြောက်၍ ခံဝန်ချုပ်ကို မောင်မဲက လက်မှတ်ရေးထိုး၍ မောင်နီအား ပေးအပ်ရန် မောင်မဲကို သွေးဆောင်၏။ မောင်ဖြူသည် "ခြောက်လှန့်တောင်းယူမှု"ကို ကျူးလွန်၏။

(ဃ) မောင်ဖြူက မောင်မဲအား အပြင်းအထန် နာကျင်စေမည်ဟု ကြောက်အောင် ပြု၍၊ စက္ကူလွတ်တစ်ချပ်တွင် လက်မှတ်ရေးထိုးစေပြီးလျှင်၊ သို့တည်းမဟုတ် တံဆိပ်ခတ်နှိပ်စေပြီးလျှင် မိမိအား ပေးအပ်စေရန် မောင်မဲကို မရိုးမဖြောင့်သောသဘောနှင့် သွေးဆောင်၏။ ထိုသို့သွေးဆောင်သဖြင့် မောင်မဲက ထိုစက္ကူကို လက်မှတ်ရေးထိုး၍ မောင်ဖြူသို့ပေးအပ်၏။ ဤတွင် ထိုသို့ လက်မှတ်ထိုးလိုက်ရသည့် စက္ကူကို အဖိုးတန်စာတမ်းအမှတ်အသားအဖြစ်သို့ ပြောင်းလဲချင်လျှင် ပြောင်းလဲနိုင်သည်ဖြစ်၍၊ မောင်ဖြူသည် "ခြောက်လှန့်တောင်းယူမှု"ကို ကျူးလွန်၏။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တမင်ပြုခြင်း။

၂။ တစ်ဦးတစ်ယောက်အား နစ်နာစေမည်ဟု ကြောက်အောင်ခြောက်ခြင်း။

၃။ မရိုးမဖြောင့်သောသဘောဖြင့် သွေးဆောင်ခြင်း။

၄။ ပစ္စည်းတစ်ခုကို ပေးအပ်စေခြင်းဖြစ်သည်။

## ခြောက်လှန့်တောင်းယူမှုအတွက်ပြစ်ဒဏ်။ (ပုဒ်မ ၃၈၄)

## Punishment for extortion. (Section 384)

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

မည်သူမဆို၊ ခြောက်လှန့်တောင်းယူမှုကို ကျူးလွန်လျှင်၊ ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တမင်ပြုခြင်း။

၂။ တစ်ဦးတစ်ယောက်အား နစ်နာစေမည်ဟု ကြောက်အောင်ခြောက်ခြင်း။

၃။ မရိုးမဖြောင့်သောသဘောဖြင့် သွေးဆောင်ခြင်း။

၄။ ပစ္စည်းတစ်ခုခုကို ပေးအပ်စေခြင်းဖြစ်သည်။

http://www.cherrythitsar.org



ကျင့်ထုံး

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၈၄ | ခြောက်လှန့်တောင်းယူမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**ခြောက်လှန့်တောင်းယူမှုကို ကျူးလွန်ရန် တစ်ဦးတစ်ယောက်သောအား နစ်နာစေမည်ဟု ကြောက်အောင်ပြုခြင်း။ (ပုဒ်မ ၃၈၅)**

**Putting person in fear of injury in order to commit extortion. (Section 385)**

ဥပဒေပွင့်ဆိုချက်

မည်သူမဆို၊ ခြောက်လှန့်တောင်းယူမှုကို ကျူးလွန်ရန် တစ်ဦးတစ်ယောက်သောသူအား နစ်နာစေမည်ဟု ကြောက်အောင်ပြုလျှင်၊ သို့တည်းမဟုတ် ထိုသို့ပြုရန် အားထုတ်လျှင်၊ ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

အကျုံးဝင်သည့် အင်္ဂါရပ်များ

၁။ တရားခံသည် တစ်ဦးတစ်ယောက်အား ကြောက်အောင်ခြောက်ခြင်း။

၂။ နစ်နာမှုတစ်ခုခုဖြစ်ပေမည်ဟု ခြောက်ခြင်း။

၃။ ပစ္စည်းကို ခြောက်လှန့်တောင်းယူရန် အကြံဖြင့်ပြုခြင်း။

ကျင့်ထုံး

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၈၅ | ခြောက်လှန့်တောင်းယူမှုကို ကျူးလွန်ရန် နစ်နာစေမည်ဟု ကြောက်အောင်ပြုမှု၊ သို့မဟုတ် အားထုတ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

http://www.cherrythitsar.org



**တစ်ဦးတစ်ယောက်သောသူအား သေစေမည်ဟု သို့တည်းမဟုတ် အပြင်းအထန်နာကျင်စေမည်ဟု ကြောက်အောင်ပြု၍ ခြောက်လှန့်တောင်းယူမှု။ (ပုဒ်မ ၃၈၆)**

**Extortion by putting a person in fear of death or grievous hurt. (Section 386)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

မည်သူမဆို၊ တစ်ဦးတစ်ယောက်သောသူကိုဖြစ်စေ၊ သူတစ်ပါးကိုဖြစ်စေ၊ သေစေမည်ဟု၊ သို့တည်းမဟုတ် အပြင်းအထန် နာကျင်စေမည်ဟု ကြောက်အောင် ပြု၍ ခြောက်လှန့်တောင်းယူမှုကို ကျူးလွန်လျှင်၊ ထိုသူကို ဆယ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>

၁။ ပုဒ်မ ၃၈၄ တွင် လိုအပ်သည့်အင်္ဂါရပ်များရှိရန်လိုသည်။

၂။ ထိုအင်္ဂါရပ်များအနက် ဒုတိယအင်္ဂါရပ်အစား တရားခံသည် တရားလိုအား သေစေမည်၊ သို့တည်းမဟုတ် အပြင်းအထန် နာကျင်မှု ဖြစ်စေမည်ဟု ခြိမ်းခြောက်ခြင်း ဖြစ်ရပေမည်။

<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၈၆ | တစ်ဦးတစ်ယောက်သောသူအား သေစေမည်ဟု သို့မဟုတ် အပြင်းအထန်နာကျင်စေမည်ဟု ကြောက်အောင်ပြု၍ ခြောက်လှန့်တောင်းယူမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၁၀နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး |

**ခြောက်လှန့်တောင်းယူမှုကိုကျူးလွန်ရန် တစ်ဦး တစ်ယောက်သောသူအား သေစေမည်ဟု၊ သို့ တည်းမဟုတ် အပြင်းအထန်နာကျင်စေမည်ဟု ကြောက်အောင်ပြုခြင်း။ (ပုဒ်မ ၃၈၇)**

**Putting person in fear of death or of grievous hurt, in order to commit extortion. (Section 387)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

မည်သူမဆို၊ ခြောက်လှန့်တောင်းယူမှုကိုကျူးလွန်ရန် တစ်ဦးတစ်ယောက်သော သူကိုဖြစ်စေ၊ သူတစ်ပါးကိုဖြစ်စေ သေစေမည်ဟု၊ သို့တည်းမဟုတ် အပြင်းအထန် နာကျင်စေမည်ဟု ကြောက်အောင်ပြုလျှင်၊ သို့တည်းမဟုတ် ထိုသို့ပြုရန် အားထုတ် လျှင်၊ ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

http://www.cherrythitsar.org



**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပုဒ်မ ၃၈၅ တွင် လိုအပ်သည့်အင်္ဂါရပ်များရှိရန်လိုသည်။

၂။ ထိုအင်္ဂါရပ်များအနက် ဒုတိယအင်္ဂါရပ်အစား သေစေမည်၊ သို့မဟုတ် အပြင်းအထန် နာကျင်စေမှုဖြစ်စေမည်ဟု ခြိမ်းခြောက်သည်ဆိုသော အင်္ဂါရပ် ရှိရမည် ဖြစ်သည်။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၈၇ | ခြောက်လှန့်တောင်းယူမှုကို ကျူးလွန်ရန် တစ်ဦးတစ်ယောက်သောသူအား သေစေမည်၊ သို့မဟုတ် အပြင်းအထန်နာကျင်စေမည်ဟု ကြောက်အောင်ပြုမှု၊ သို့မဟုတ် အားထုတ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ဂုနှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး |

**စီရင်ထုံး**

၁။ ချက်ချင်းလက်ငင်းသေစေမည် သို့မဟုတ် အပြင်းအထန် နာကျင်စေမှုဖြစ်စေမည်ဟု ခြိမ်းခြောက်ရန်မလိုပေ။ ငွေညှစ်ရန်အကြံနှင့် သေကြောင်းကြံရန် ဟန်ဆောင်ခြင်းသည် ဤပုဒ်မအရ ပြစ်မှုကျူးလွန်ရာရောက်သည်။ တရားခံသည် ထန်းရည်မူးပြီး ဓားကိုင်၍ တရားလိုအိမ်ရှေ့သို့သွားရောက်ကာ ငွေမပေးက ဓားနှင့်ခုတ်မည်ဟု ကြိမ်းမောင်းသည်။ အိမ်တံခါးကို ခြေနှင့်ကန်ပြီး ဓားနှင့်ခုတ်သည်။ တရားလိုနှင့်အိမ်သားများက နောက်ဖေးပေါက်မှ ထွက်ပြေးကြသည်။ တံခါးပွင့်သောအခါ တရားခံမူးပြီး လဲသွားသည်။ တရားခံသည် လုယက်မှုကျူးလွန်ရန် ကြံစည်ခြင်းမဟုတ်ဘဲ ဤပုဒ်မအရသာ ပြစ်မှုကျူးလွန်သည်ဟု ဆိုရမည်။

*[ထွန်းဘော်နှင့်အစိုးရ၊ အတွဲ-၆၊ အောက်မြန်မာပြည်စီရင်ထုံး ၁၀၀ ]*

**သေဒဏ်၊ တစ်သက်တစ်ကျွန်းဒဏ်မှစ၍ ပြစ်ဒဏ်ချမှတ်ခြင်းခံထိုက်သောပြစ်မှုမျိုးနှင့် စွပ်စွဲမည်ဟု ခြိမ်းခြောက်၍ ခြောက်လှန့်တောင်းယူမှု။ (ပုဒ်မ ၃၈၈)**

**Extortion by threat of accusation of an offence punishable with death or transportation, etc. (Section 388)**

**ဥပဒေပွင့်ဆိုချက်**

မည်သူမဆို၊ တစ်ဦးတစ်ယောက်သောသူကိုဖြစ်စေ၊ သူတစ်ပါးကိုဖြစ်စေ၊ သေဒဏ်၊ တစ်သက်တစ်ကျွန်းဒဏ်၊ ဆယ်နှစ်ထိ ထောင်ဒဏ် တစ်ခုခုထိုက်သော ပြစ်မှုမျိုး ကျူးလွန်ကြောင်းနှင့်၊ သို့တည်းမဟုတ် ထိုပြစ်မှုမျိုးကို ကျူးလွန်ရန် အား

http://www.cherrythitsar.org



ထုတ်ကြောင်းနှင့်၊ သို့တည်းမဟုတ် ထိုပြစ်မှုမျိုးကို ကျူးလွန်စိမ့်သောငှာ အခြားသူ တစ်ဦးတစ်ယောက်အား သွေးဆောင်ရန် အားထုတ်ကြောင်းနှင့် စွပ်စွဲမည်ဟု ကြောက်အောင်ပြု၍၊ ခြောက်လှန့်တောင်းယူမှုကိုကျူးလွန်လျှင် ထိုသူကို ဆယ်နှစ်ထိ ထောင်ဒဏ်တမျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ထို့ပြင် အထက်ပါပြစ်မှုမျိုးသည် ပုဒ်မ ၃၇၇ အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှု ဖြစ်လျှင် ထိုသူကို တစ်သက်တစ်ကျွန်းဒဏ် ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပုဒ်မ ၃၈၄ တွင် လိုအပ်သည့် အင်္ဂါရပ်များရှိရန်လိုသည်။

၂။ သို့ရာတွင် အဆိုပါပုဒ်မ၏ ဒုတိယအင်္ဂါရပ်အစား တရားခံသည် သေဒဏ်၊ တစ်သက်တစ်ကျွန်းဒဏ်ကျခံရမည့်ပြင် ပြစ်ဒဏ်တစ်ခုခုကိုသော်လည်းကောင်း၊ ဓမ္မတာနှင့်ဆန့်ကျင်သည့် ပြစ်မှုကိုသော်လည်းကောင်း၊ ကျူးလွန်ကြောင်း၊ ကျူးလွန်ရန် သွေးဆောင်ကြောင်း စွပ်စွဲမည်ဟု ခြိမ်းခြောက်ရန်လိုသည်။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၈၈ | သေဒဏ်၊ တစ်သက်တစ်ကျွန်း၊ သို့မဟုတ် ၁ဝနှစ်ထိထောင်ဒဏ်ချမှတ်ခြင်း ခံထိုက်သော ပြစ်မှုမျိုးနှင့် စွပ်စွဲမည်ဟုခြိမ်းခြောက်၍ ခြောက်လှန့်တောင်းယူမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁ဝနှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး |

**ခြောက်လှန့်တောင်းယူမှုကိုကျူးလွန်ရန် တစ်ဦး တစ်ယောက်သောသူအား ပြစ်မှုတစ်ခုနှင့် စွပ်စွဲမည်ဟု ကြောက်အောင်ပြုခြင်း။ (ပုဒ်မ ၃၈၉)**

**Putting person in fear of accusation of offence in order to commit extortion. (Section 389)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို ခြောက်လှန့်တောင်းယူမှုကို ကျူးလွန်ရန် တစ်ဦးတစ်ယောက်သော သူကိုဖြစ်စေ၊ သူတစ်ပါးကိုဖြစ်စေ သေဒဏ်၊ တစ်သက်တစ်ကျွန်းဒဏ်၊ ဆယ်နှစ်ထိ ထောင်ဒဏ်တစ်ခုခုထိုက်သော ပြစ်မှုမျိုး ကျူးလွန်ကြောင်းနှင့်၊ သို့တည်းမဟုတ် ထိုပြစ်မှုမျိုးကို ကျူးလွန်ရန် အားထုတ်ကြောင်းနှင့် စွပ်စွဲမည်ဟု ကြောက်အောင် ပြုလျှင်၊ သို့တည်းမဟုတ် ထိုသို့ပြုရန် အားထုတ်လျှင်၊ ထိုသူကို ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

ထို့ပြင် အထက်ပါပြစ်မှုမျိုးသည် ပုဒ်မ ၃၇၇ အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှု ဖြစ်လျှင် ထိုသူကို တစ်သက်တစ်ကျွန်းဒဏ် ချမှတ်နိုင်သည်။

http://www.cherrythitsar.org



<u>**အကျုံးဝင်သည့် အင်္ဂါရပ်များ**</u>

၁။ ပုဒ်မ ၃၇၉ အရ ခိုးမှုတွင် လိုအပ်သည့်အင်္ဂါရပ်များ။

၂။ တရားခံသည် တစ်စုံတစ်ယောက်အား -

(က) သေစေခြင်း၊ နာကျင်စေခြင်း၊ မတရားတားဆီးခြင်းတစ်ခုခု ပြုရမည်၊ ပြုရန်အားထုတ်ရမည်၊ သို့တည်းမဟုတ် -

(ခ) တစ်မုဟုတ်ချင်း သေစေမည်ဟု ကြောက်အောင်ပြုရမည်။

၃။ ထိုကဲ့သို့ပြုခြင်းမှာ -

(က) ခိုးမှုကျူးလွန်စဉ်သော် လည်းကောင်း၊

(ခ) ခိုးမှုကျူးလွန်ရန် ပြုစဉ်သော်လည်းကောင်း၊

(ဂ) ခိုးရာပါပစ္စည်းကို သယ်ယူစဉ်သော်လည်းကောင်း ဖြစ်ရမည်။

၄။ တရားခံက အထက်ပါပြုလုပ်မှုကို မိမိအလိုအလျောက်ပြုခြင်း။ သို့တည်းမဟုတ်

(က) ပုဒ်မ ၃၈၄ အရ ခြောက်လှန့်တောင်းယူမှုတွင် လိုအပ်သည့်အင်္ဂါရပ်များ

(ခ) ကြောက်အောင်ပြုခြင်းခံရသူအနီး၌ တရားခံရှိနေခြင်း။

<u>**ကျင့်ထုံး**</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၈၉ | ခြောက်လှန့်တောင်းယူမှုကို ကျူးလွန်ရန် တစ်ဦးတစ်ယောက်သောသူအား သေဒဏ်၊ တစ်သက်တစ်ကျွန်းဒဏ်၊ ၁၀နှစ်ထိထောင်ဒဏ် တစ်ခုခုထိုက်သော ပြစ်မှုမျိုးနှင့် စွပ်စွဲမည်ဟု ကြောက်အောင်ပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁၀နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး |
| | အထက်ပါပြစ်မှုသည် မဖွတာနှင့်ဆန့်ကျင်သော ပြစ်မှုဖြစ်လျှင်။ | ၄င်း | ၄င်း | ၄င်း | ၄င်း | တစ်သက်တစ်ကျွန်း ဒဏ်။ | ၄င်း |
| | အထက်ပါ ခြိမ်းခြောက်ခြင်းခံရသောပြစ်မှုတွင် မဖွတာနှင့်ဆန့်ကျင်သောပြစ်မှုဖြစ်လျှင်။ | ၄င်း | ၄င်း | ၄င်း | ၄င်း | ၄င်း | ၄င်း |

**လုယက်မှု။** **Robbery.**

**ခိုးမှုမှ လုယက်မှုဖြစ်လာခြင်း။** **When theft is robbery.**

**ခြောက်လှန့်တောင်းယူမှုမှ လုယက်မှုဖြစ်လာခြင်း။** **When extortion is robbery.**

**(ပုဒ်မ ၃၉၀)** **(Section 390)**

<u>**ဥပဒေပွင့်ဆိုချက်**</u>

လုယက်မှုဟူသမျှတွင် ခိုးမှုသော်လည်းကောင်း၊ ခြောက်လှန့်တောင်းယူမှုသော်လည်းကောင်း ပါသည်။

ခိုးမှုကျူးလွန်ရန်သော် လည်းကောင်း၊ ခိုးမှုကို ကျူးလွန်ရာတွင်သော်လည်းကောင်း၊ ခိုးမှုကျူးလွန်၍ ရရှိသောပစ္စည်းကို သယ်ယူရာတွင်၊ သို့တည်းမဟုတ်

http://www.cherrythitsar.org



သယ်ယူရန် အားထုတ်ရာတွင်သော်လည်းကောင်း အထမြောက်စေရေးအတွက် ပြစ်မှုကျူးလွန်သူသည် မိမိအလိုအလျောက် တစ်ဦးတစ်ယောက်သောသူအား သေစေခြင်းကိုဖြစ်စေ၊ နာကျင်စေခြင်းကိုဖြစ်စေ၊ မတရား တားဆီးခြင်းကိုဖြစ်စေ၊ တစ်မုဟုတ်ချင်း သေစေမည်ဟု၊ သို့တည်းမဟုတ် တစ်မုဟုတ်ချင်း မတရား တားဆီးခြင်းခံရစေမည်ဟု ကြောက်အောင်ဖြစ်စေ ပြုလျှင်၊ သို့တည်းမဟုတ် ထိုသို့ပြုရန် အားထုတ်လျှင်၊ ထိုခိုးမှုသည် လုယက်မှုဖြစ်လာသည်။

ခြောက်လှန့်တောင်းယူမှုကို ကျူးလွန်စဉ်တွင် ခြောက်လှန့်ခံရသူ၏ မျက်မှောက်၌ ပြစ်မှုကျူးလွန်သူ ရှိနေပြီးလျှင်၊ ခြောက်လှန့်ခံရသူကိုသော် လည်းကောင်း၊ သူတစ်ပါးကိုသော်လည်းကောင်း တစ်မုဟုတ်ခြင်း သေစေမည်ဟု၊ သို့တည်းမဟုတ် တမုဟုတ်ခြင်း နာကျင်စေမည်ဟု၊ သို့တည်းမဟုတ် တစ်မုဟုတ်ခြင်း မတရား တားဆီးခြင်းခံရစေမည်ဟု ပြစ်မှုကျူးလွန်သူက ကြောက်ရွံ့အောင်ပြု၍ ထိုသို့ ပြုခြင်းဖြင့် ခြောက်လှန့်ခြင်းခံရသူအား ခြောက်လှန့်တောင်းယူခြင်းခံရသောပစ္စည်းကို ထိုအခါ ထိုနေရာ၌ ပေးအပ်စေရန် သွေးဆောင်လျှင် ခြောက်လှန့်တောင်းယူမှုသည် လုယက်မှုဖြစ်လာသည်။

**ရှင်းလင်းချက်**။ ပြစ်မှုကျူးလွန်သူသည် ခြောက်လှန့်ခံရသူအား တစ်မုဟုတ်ခြင်း သေစေခြင်းကိုဖြစ်စေ၊ တစ်မုဟုတ်ခြင်း နာကျင်စေခြင်းကိုဖြစ်စေ၊ တစ်မုဟုတ်ခြင်း မတရားတားဆီးခြင်းကိုဖြစ်စေ ပြုနိုင်လောက်အောင် ခြောက်လှန့်ခံရသူ၏ အနီး အပါး၌ရှိနေလျှင် ပြစ်မှုကျူးလွန်သူသည် ခြောက်လှန့်ခံရသူ၏ မျက်မှောက်တွင် ရှိသည်မည်၏။

(က) မောင်ဖြူသည် မောင်မဲကို နှိမ်ထားပြီးလျှင် မောင်မဲက သဘောမတူဘဲ မောင်မဲ၏ အဝတ်ထဲမှ ငွေနှင့် ကျောက်မျက်ရတနာများကို လိမ်လည်လှည့်ဖြားလိုသော သဘောနှင့်ယူ၏။ ဤတွင် မောင်ဖြူသည် ခိုးမှုကို ကျူးလွန်၏။

ထို့ပြင် ထိုခိုးမှုကို ကျူးလွန်ရန် မောင်မဲအား မတရားတားဆီးခြင်းကို မိမိအလို အလျောက်ပြုခဲ့သဖြင့် မောင်ဖြူသည် လုယက်မှုကို ကျူးလွန်သည်မည်၏။

(ခ) မောင်ဖြူသည် မောင်မဲကို လမ်းတွင်တွေ့ရာ သေနတ်ပြပြီးလျှင် မောင်မဲ၏ ငွေအိတ်ကို တောင်း၏။ ထိုသို့တောင်းသဖြင့် မောင်မဲက မောင်ဖြူသို့ ငွေအိတ်ကို ပေးလိုက်ရ၏။ ဤတွင် မောင်ဖြူသည် မောင်မဲအား တစ်မုဟုတ်ခြင်း နာကျင်စေမည်ဟု ကြောက်အောင်ပြု၍ မောင်မဲထံမှ ငွေအိတ်ကို ခြောက်လှန့်တောင်းယူသည့်ပြင် ထို ခြောက်လှန့်တောင်းယူစဉ် အခါကလည်း၊ မောင်ဖြူသည် မောင်မဲ၏ မျက်မှောက်၌ ရှိ၏။ ထို့ကြောင့် မောင်ဖြူသည် လုယက်မှုကို ကျူးလွန်သည်မည်၏။

(ဂ) မောင်ဖြူသည် မောင်မဲနှင့် မောင်မဲ၏ကလေးကို လမ်းတွင်တွေ့၏။ မောင်ဖြူသည် မောင်မဲ၏ကလေးကိုယူ၍၊ မောင်မဲက ငွေအိတ်ကိုမပေးလျှင် ထို ကလေးကို ချောက်ကမ်းပါးသို့ ပစ်ချလိုက်မည်ဟု ခြိမ်းခြောက်၏။ ထိုသို့ခြိမ်းခြောက် ခြင်းကြောင့် မောင်မဲသည် မောင်ဖြူသို့ ငွေအိတ်ကို ပေးလိုက်ရ၏။ ဤတွင် ထိုနေရာ

http://www.cherrythitsar.org



၌ရှိနေသော မောင်မဲ၏ကလေးကို တမုဟုတ်ခြင်း နာကျင်စေမည်ဟု မောင်ဖြူက မောင်မဲကို ကြောက်အောင်ပြု၍၊ မောင်မဲထံမှ ငွေအိတ်ခြောက်လှန့်တောင်းယူသောကြောင့်၊ မောင်ဖြူသည် လုယက်မှုကို ကျူးလွန်သည်မည်၏။

(ဃ) မောင်ဖြူက မောင်မဲအား "သင်၏ကလေးသည် ငါ၏လူစုလက်တွင် ရှိသည်၊ ငွေတစ်သောင်း မပို့လိုက်လျှင် ထိုကလေးကို သတ်မည်" ဟု ပြောဆို၍ မောင်မဲထံမှ ငွေကို ရယူ၏။ ထိုအမှုသည် ခြောက်လှန့်တောင်းယူမှုမျှသာဖြစ်သောကြောင့် ထိုပြစ်မှုနှင့်သာ ပြစ်ဒဏ်ချမှတ်ထိုက်သည်။ ကလေးကို တစ်မုဟုတ်ခြင်း သေစေမည်ဟု မောင်မဲအား ကြောက်အောင်ပြုခြင်းမဟုတ်လျှင် ထိုအမှုသည် လုယက်မှုမမြောက်။

**စီရင်ထုံး**

၁။ ပစ္စည်းကိုခိုးယူရာတွင် အထမြောက်စေရေးအတွက် အကြမ်းဖက်မှုတစ်ခုခုကို ပြုခြင်းကို ဆိုလိုသည်။ အကြမ်းဖက်မှုသည် ပစ္စည်းကို ခိုးယူရာတွင်သော်လည်းကောင်း၊ ပစ္စည်းကို သယ်ယူရာတွင်သော်လည်းကောင်း၊ တစ်စုံတစ်ရာ ဆက်စပ်ခြင်းမရှိပါက ဤပုဒ်မနှင့် အကျုံးဝင်မည်ဟုတ်။ ဥပမာ တရားခံသည် တရားလိုနှင့်ရန်ဖြစ်၍ တရားလိုကိုထိုးရာ၌ တရားလို၏ အိတ်ထဲမှ ထွက်ကျသော ငွေကို တရားခံကခိုးလျှင် တရားခံသည် လုယက်မှုကျူးလွန်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ ပစ္စည်းကို ခိုးယူခြင်းနှင့်သော်လည်းကောင်း၊ ပစ္စည်းကို သယ်ယူခြင်းနှင့်သော်လည်းကောင်း တရားခံ၏ အကြမ်းဖက်မှုသည် ဆက်စပ်မှုမရှိ။ သို့ဖြစ်ရာ ခိုးမှုကို အထက်ဖော်ပြပါ ကိစ္စတစ်ရပ်ရပ် အထမြောက်စေရေးအတွက် အကြမ်းဖက်မှုကို အသုံးပြုမှသာ လုယက်မှုဖြစ်ပေသည်။

*[ဘိုးသက်နှင့်အစိုးရ၊ အေအိုင်အာ ၁၉၁၇ အောက်မြန်မာပြည် ၁ ]*

**ဓားပြမှု၊ (ပုဒ်မ ၃၉၁)**

## Dacoity.
## (Section 391)

**ဥပဒေပြဋ္ဌာန်းချက်**

ငါးဦးဖြစ်စေ၊ ငါးဦးထက်ပိုသူတို့ကဖြစ်စေ လုယက်မှုကို ပူးပေါင်းကျူးလွန်လျှင် သို့တည်းမဟုတ် ထိုသို့ကျူးလွန်ရန် အားထုတ်လျှင်၊ သို့တည်းမဟုတ် လုယက်မှုကို ပူးပေါင်းကျူးလွန်သူတို့နှင့်တကွ၊ သို့တည်းမဟုတ် ထိုသို့ကျူးလွန်ရန်အားထုတ်သူတို့နှင့်တကွ လုယက်မှုကျူးလွန်ခြင်းကိုဖြစ်စေ၊ ထိုသို့ကျူးလွန်ရန် အားထုတ်ခြင်းကို ဖြစ်စေ ကိုယ်တိုင်ရှိလျက် ကူညီကြသော သူတို့အားလုံးပေါင်း ဦးရေသည် ငါးဦး၊ သို့တည်းမဟုတ် ငါးဦးထက်ပိုလျှင် ထိုလုယက်မှုကျူးလွန်သူဖြစ်စေ၊ ထိုသို့ကျူးလွန်ရန် အားထုတ်သူဖြစ်စေ၊ ထိုသို့ကျူးလွန်ခြင်းကို၊ သို့တည်းမဟုတ် ကျူးလွန်ရန် အားထုတ်ခြင်းကို ကူညီသူဖြစ်စေ အသီးသီးသည် "ဓားပြမှု" ကို ကျူးလွန်သည်မည်၏။

http://www.cherrythitsar.org



**လုယက်မှုအတွက် ပြစ်ဒဏ်။ (ပုဒ်မ ၃၉၂)**

**Punishment for robbery. (Section 392)**

**ဥပဒေပုဒ်ဆိုချက်**

မည်သူမဆို၊ လုယက်မှုကိုကျူးလွန်လျှင် ထိုသူကို အလုပ်ကြမ်းနှင့်ဆယ်နှစ်ထိ ထောင်ဒဏ် ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ထိုလုယက်မှုကို နေဝင်နှင့် နေထွက်အကြား၌ ပြည်သူသွားလာရာလမ်းတွင် ကျူးလွန်လျှင် ထိုထောင်ဒဏ်ကို ဆယ့်လေးနှစ်ထိ တိုးမြှင့်ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တစ်မှုဟုတ်ချင်း သေစေမည်၊ နာကျင်စေမည်၊ တားဆီးခြင်း ခံရမည်ဟု ကြောက်အောင်ပြုခြင်း ခံရသူ၊ သို့မဟုတ် သူတစ်ပါးအား ကြောက်အောင်ပြုခြင်း။

၂။ ကြောက်အောင်ပြုခြင်း ခံရသူအား ထိုနေရာ၌ပင် ပစ္စည်းကို ပေးအပ်ရန် သွေးဆောင်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၉၂ | လုယက်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၁၀နှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရရာဇဝတ် တရားသူကြီး။ |
| | နေဝင်နှင့်နေထွက်အကြား ပြည်သူသွားရာ လမ်းတွင် ကျူးလွန်လျှင်။ | ၎င်း | ၎င်း | ၎င်း | ၎င်း | ၁၄နှစ်ထိအလုပ် အလုပ်ကြမ်းနှင့် ထောင်ဒဏ်အပြင် ငွေဒဏ်။ | ၎င်း |

**စီရင်ထုံး**

၁။ ခိုးမှုကျူးလွန်ပြီးနောက် တစ်စုံတစ်ယောက်သောသူက နာကျင်မှုရရှိစေသဖြင့် သူခိုးက ထိုသူကို ပြန်၍ နာကျင်မှုမရှိစေလျှင်သော်လည်းကောင်း၊ ထွက်ပြေးရာတွင် နာကျင်မှု တစ်စုံတစ်ခုကို ရရှိစေလျှင်သော်လည်းကောင်း၊ ခိုးမှုကျူးလွန်ရာ၌ အထမြောက်စေရေးအတွက်မဟုတ်၍ ထိုသူခိုးအား လုယက်မှုဖြင့်အပြစ်ပေးနိုင်မည် မဟုတ်ပေ။

*[သာခွားနှင့်အစိုးရ၊ အတွဲ-၂၊ ဘားမားလောတိုင်း ၁၄]*

၂။ နာကျင်မှုတစ်စုံတစ်ရာမရှိသည့်အမှုမျိုးတွင် သာမန်လုယက်မှုနှင့်သာ အကျုံးဝင်မည်ဖြစ်ပြီး လုယက်စဉ် နာကျင်မှုရရှိစေပါမှ တရားခံကို ပို၍ ကြီးလေးသော ပုဒ်မ ၃၉၄ အရ အရေးယူရမည်ဖြစ်သည်။

*[အစိုးရနှင့်ဘိုးလုံး၊ အတွဲ-၁၊ အောက်မြန်မာပြည်စီရင်ထုံး ၂၃၂]*

http://www.cherrythitsar.org



၃။ လုယက်မှုကျူးလွန်ရာ၌ လူဆိုးတစ်ဦးက သေနတ်ဖြင့်ပစ်၍ အိမ်ရှင်သေရလျှင် မည်သူ၏လက်ချက်ကြောင့် ဖြစ်သည်ဟု မပြောနိုင်စေကာမူ လူဆိုးအားလုံးသည် လုယက်မှုကျူးလွန်ရာ၌ အလိုအလျောက် နာကျင်ခြင်းဖြစ်အောင် ပြုလုပ်သည်ဟု ယူဆရမည်ဖြစ်၍ ပုဒ်မ ၃၉၄ အရ အပြစ်ပေးရမည်ဖြစ်သည်။

*[ပြည်ထောင်စု နှင့် မောင်ဟန်ကြီး၊ ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၁၁၄ ]*

၄။ လုယက်မှုကျူးလွန်သည့် တရားခံအား တရားစွဲဆိုသည့်အမှုတွင် တင်ပြသည့် သက်သေအထောက်အထားများအပေါ် တရားခံသည် အပြစ်ရှိသည် မရှိသည်ကို ဆုံးဖြတ်ရသည်။ အခြားအမှုမှ သက်သေအထောက်အထားများကို တရားခံအပေါ် အသုံးမပြုနိုင်ပေ။

*[မောင်ထွန်းရွှေပါ-၂နှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၆၇၇ ]*

၅။ တစ်ကြိမ်လုယက်မှုကျူးလွန်ခဲ့ဖူးသည့်အကြောင်းကြောင့် သက်သေအထောက်အထားမရှိဘဲ တရားခံသည် အကြိမ်ကြိမ်အဖန်ဖန် လုယက်မှုကျူးလွန်လိမ့်မည်ဟု ယူဆရန် မဟုတ်ချေ။

*[မောင်စက်ပြားနှင့်ပြည်ထောင်စု ၁၉၆၇ မြန်မာပြည်စီရင်ထုံး ၇၃ ]*

## လုယက်မှုကို ကျူးလွန်ရန်အားထုတ်မှု။ (ပုဒ်မ ၃၉၃)

## Attempt to commit robbery. (Section 393)

**ဥပဒေဖွင့်ဆိုချက်**

မည်သူမဆို လုယက်မှုကိုကျူးလွန်ရန်အားထုတ်လျှင် ထိုသူကို အလုပ်ကြမ်းနှင့် ခုနစ်နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၉၃ | လုယက်မှုကျူးလွန်ရန်အားထုတ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | အလုပ်ကြမ်းနှင့် ၇နှစ်ထိ ထောင်ဒဏ်အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရရာဇဝတ် တရားသူကြီး။ |

## လုယက်မှုကိုကျူးလွန်ရာတွင် မိမိအလိုအလျောက် နာကျင်စေမှု။ (ပုဒ်မ ၃၉၄)

## Voluntarily causing hurt in committing robbery. (Section 394)

**ဥပဒေဖွင့်ဆိုချက်**

တစ်ဦးတစ်ယောက်သောသူသည် လုယက်မှုကို ကျူးလွန်ရာတွင်ဖြစ်စေ၊ ကျူးလွန်ရန် အားထုတ်ရာတွင်ဖြစ်စေ တစ်ဦးတစ်ယောက်သောသူကို မိမိအလို

http://www.cherrythitsar.org



အလျောက် နာကျင်စေလျှင်၊ ထိုသို့ နာကျင်စေသူကိုလည်းကောင်း၊ အဆိုပါ လုယက်မှုကို ကျူးလွန်ရာတွင်ဖြစ်စေ၊ ကျူးလွန်ရန် အားထုတ်ရာတွင်ဖြစ်စေ ထိုသူနှင့် ဖက်စပ်ပါဝင်သော သူတို့ကို လည်းကောင်း၊ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ အလုပ်ကြမ်းနှင့် ဆယ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တရားခံသည် လုယက်မှုကျူးလွန်ရာတွင် ကျူးလွန်ရန်အားထုတ်ရာတွင် ပါဝင်ခြင်း။

၂။ ထိုပါဝင်ရာ၌ တရားခံ သို့မဟုတ် အဖော်တစ်ဦးဦးက တစ်စုံတစ်ယောက်အား နာကျင်စေခြင်း။

၃။ ထိုသို့ နာကျင်စေခြင်းသည် အလိုအလျောက်ပြုခြင်းဖြစ်ရမည်။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၉၄ | လုယက်မှုကျူးလွန်ရာတွင်ဖြစ်စေ၊ ကျူးလွန်ရန် အားထုတ်ရာတွင်ဖြစ်စေ၊ တစ်ဦးတစ်ယောက်သော သူကို မိမိအလိုအလျောက် နာကျင်စေလျှင်၊ သို့မဟုတ် အဆိုပါလုယက်မှုတွင် ထိုသူနှင့်ဖက်စပ် ပါဝင်သောသူတို့ကို မိမိအလိုအလျောက်နာကျင်စေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | တစ်သက်တစ်ကျွန်းဒဏ် ဖြစ်စေ၊ ၁၀နှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်အပြင် ငွေဒဏ်ဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**<u>စီရင်ထုံး</u>**

၁။ လုယက်မှုကျူးလွန်ရာ၌ နာကျင်မှုဖြစ်စေပါက၊ တရားခံအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂ သာမက ဤပုဒ်မနှင့်လည်း စွဲချက်တင်ပြီးနောက် စွဲချက်နှင့် နှစ်ခုစလုံးအတွက် အပြစ်ပေးနိုင်သည်။

*[အစိုးရနှင့်ဘိုးလုံး၊ အတွဲ-၁၊ အောက်မြန်မာပြည်စီရင်ထုံး ၂၃၂ ]*

၂။ လုယက်မှုကျူးလွန်ရာ၌ တရားခံကိုယ်တိုင် နာကျင်မှုရရှိစေကြောင်း အထောက် အထားရှိမှသာ ထောင်ဒဏ်အပြင် ကြိမ်ဒဏ်ပါ ရိုက်ခတ်နိုင်မည်ဖြစ်သည်။

*[ဘိုးသောင်းနှင့်အစိုးရ၊ အတွဲ-၆၊ ရန်ကုန် ၄၈]*

၃။ လုယက်မှုကျူးလွန်ရာ၌ လူကိုသေစေရာတွင် အလွန်ဆုံး ကိုယ်အင်္ဂါနာကျင်မှု ဖြစ်စေရန်အကြံဖြင့် ပြုလုပ်လျှင် လူသတ်မှုမမြောက်၊ ဤပုဒ်မအရသာ အပြစ်ပေး သင့်သည်။

*[မောင်တင်ရွှေနှင့်ပြည်ထောင်စု ၁၉၆၀ မြန်မာပြည်စီရင်ထုံး ၈၄(လွှတ်တော်ချုပ်)]*

http://www.cherrythitsar.org



၄။ လုယက်မှုကျူးလွန်ရာ၌ လူဆိုးတစ်ဦးက လူသတ်လျှင် ထိုလူဆိုးကိုသာလျှင် လူသတ်မှုဖြင့် အရေးယူနိုင်သည်။ ထိုသို့ သတ်ဖြတ်ရာ၌ ကျန်လူဆိုးများနှင့် ကြိုတင်ပူးပေါင်းကြံစည်ခဲ့သည်ဆိုသော အထောက်အထားမရှိက ကျန်လူဆိုးများသည် လူသတ်မှုအတွက် တာဝန်မရှိ။ လုယက်ရာ၌ နာကျင်စေခြင်းဖြစ်သည့် ဤပုဒ်မအရသာ စီရင်ရမည်။

*[ဒေါ်သန်းရင်နှင့်ပြည်ထောင်စု ၁၉၆၄ မြန်မာပြည်စီရင်ထုံး ၇၉၃ ]*

*[မောင်လှရွှေပါ-၃နှင့်ပြည်ထောင်စု ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၆၈၆]*

၅။ ဤပုဒ်မအရ အပြစ်ရှိသူကို တစ်သက်တစ်ကျွန်းဒဏ်စီရင်ခြင်းသည် များလွန်းပေသည်။ အလုပ်နှင့်ထောင်ဒဏ်(၁၀)နှစ် ကျခံစေရန်သာ သင့်လျော်မည်ဖြစ်သည်။

*[ထွက်ကိန်းနှင့်ပြည်ထောင်စု ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၃၃၁ ]*

၆။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၄ အရ စွဲဆိုသောအမှုတွင် တစ်ဦးတည်းသော သက်သေထွက်ချက်ဖြင့် အပြစ်မပေးရဟု တားမြစ်ထားခြင်းမရှိသော်လည်း ထိုသက်သေအပေါ် အပြန်အလှန် စွပ်စွဲချက်ရှိလျှင် ၎င်း၏ထွက်ချက်တစ်ခုတည်းဖြင့် အပြစ်မပေးသင့်ပေ။

*[တောင်တိုက်ဖြူနှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၆၇၃ ]*

## ဓားပြမှုအတွက် ပြစ်ဒဏ်။ (ပုဒ်မ ၃၉၅) — Punishment for dacoity. (Section 395)

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ ဓားပြမှုကို ကျူးလွန်လျှင်၊ ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ အလုပ်ကြမ်းနှင့် ဆယ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ လုယက်မှုကျူးလွန်ခြင်း သို့မဟုတ် ကျူးလွန်ရန်အားထုတ်ခြင်း။

၂။ ငါးဦးထက်မနည်းသော လူစုက လုယက်မှုကျူးလွန်ခြင်း သို့မဟုတ် လုယက်မှုကျူးလွန်ရန် အားထုတ်ခြင်း။

၃။ ထိုလူစုက ပူးပေါင်း၍ပြုခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၉၅ | ဓားပြမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | တစ်သက်တစ်ကျွန်းဒဏ် ဖြစ်စေ၊ ၁၀နှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ ဓားပြမှုများတွင် လူဆိုးများအား မှတ်မိခြင်းရှိမရှိ၊ တိုက်ရာပါပစ္စည်းများကို ဆွဲပြနိုင်ခြင်းရှိမရှိ၊ တရားခံသည် ဓားပြတိုက်ရာ၌ မည်သို့မည်ပုံ ပါဝင်ခဲ့သည်ဆိုသော အချက်အလက်များကို စဉ်းစားရန်လိုသည်။ လူဆိုးများအား မှတ်မိခြင်းရှိမရှိဆိုသော ပြဿနာကို စိစစ်ရာတွင် အလင်းရောင်ရှိမရှိ၊ အလင်းရောင်ရှိပါက မည်မျှကြာအောင်မြင်လိုက်ရသည်ဆိုသော အချက်အလက်များ ထည့်သွင်းစဉ်းစားရမည်။ အလွန်ကြောက်လန့်တုန်လှုပ်နေသည့် အခြေအနေတွင် ခေတ္တခဏမျှသာ မီးရောင်ဖြင့် တွေ့ရပါမူ လူဆိုးများအား မှတ်မိရန် ခဲယဉ်းမည်ဖြစ်သည်။

*[မောင်တင်မြနှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၆၄၄ ]*

၂။ တရားခံသည် ဓားပြမှုကျူးလွန်ရာ၌ ပါဝင်သည့်လူဆိုးတစ်ယောက်ဖြစ်ကြောင်း အထောက်အထားခိုင်လုံမှ အပြစ်ပေးသင့်သည်။ ဓားပြမှုမဖြစ်ပွားမီ ဓားပြတစ်ဦးဦးနှင့် တစ်နေရာ၌ မိတ်ဆွေအပေါင်းအသင်းဖြစ်သည့်အလျောက် စကားပြောမိရုံဖြင့် ထိုသူသည် ဓားပြဖြစ်ရမည်ဟု ကောက်ယူခြင်းမပြုနိုင်ပေ။

*[ကာဆော်နှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၂၆၂ ]*

၃။ တရားခံသည် ရဲတပ်စခန်းတစ်ခုမှ လက်နက်သိမ်းသည့် ရဲဘော်ဖြူအဖွဲ့တွင် ပါဝင်ခဲ့သည်ဟုသာ အထောက်အထားရှိပြီး ထိုကဲ့သို့ လက်နက်သိမ်းသောကြောင့် အုပ်ချုပ်ရေးတွင် တစ်စုံတစ်ရာ ထိခိုက်ခြင်းမရှိကြောင်း ပေါ်ပေါက်နေလျှင် တရားခံအား နိုင်ငံတော်သစ္စာဖောက်မှုအစား ဓားပြမှုဖြင့်သာ အပြစ်ပေးသင့်ပေသည်။

*[မောင်ပါနှင့်ပြည်ထောင်စု ၁၉၅၆ မြန်မာပြည်စီရင်ထုံး ၂၈၈(လွှတ်တော်)]*

၄။ တိုက်ရာပါပစ္စည်းကို ဓားပြမှုကျူးလွန်ပြီးနောက် များမကြာမီ တွေ့ရှိသူအား ဓားပြသို့မဟုတ် တိုက်ရာပါပစ္စည်းလက်ခံသူအဖြစ် ယူဆနိုင်ကြောင်း သက်သေခံဥပဒေပုဒ်မ ၁၁၄ ၏ ဥပမာ(က)က ခွင့်ပြုထားသည်။ တိုက်ရာပါပစ္စည်းကို အချိန်နာရီပိုင်းအတွင်းရမိက ထိုသူအား ဓားပြဖြစ်သည်ဟု ယူဆရန်အကြောင်းလုံလောက်သည်။ ဓားပြတိုက်ရာ၌ရသော ပစ္စည်းကို တိုက်ရာပါပစ္စည်းမှန်းသိလျက်နှင့် လက်ခံလျှင် တိုက်ရာပါပစ္စည်းလက်ခံမှု (ပုဒ်မ ၄၁၂)အရ အပြစ်ပေးနိုင်သည်။

*[မောင်ထွန်းနှင့်အစိုးရ ၊ ၁၉၄၆ ရန်ကုန်စီရင်ထုံး ၂၉၃ ]*

၅။ တိုက်ရာပါပစ္စည်းကို ရက်အတန်ကြာမှ ရမိပြီး၊ တရားခံသည် ဓားပြမှုကျူးလွန်ရာ၌ ကိုယ်တိုင်ပါဝင်ခဲ့သည်ဆိုသော အထောက်အထားမရှိပါက တိုက်ရာပါ ပစ္စည်းလက်ခံသူ သို့မဟုတ် ခိုးရာပါပစ္စည်းလက်ခံသူအဖြစ်သာ အပြစ်ပေးသင့်သည်။ ပေါ်ပေါက်လျက်ရှိသော ကြောင်းခြင်းရာများအရ တိုက်ရာပါပစ္စည်းဖြစ်သည်ဟု သိနိုင်ရန်အကြောင်းရှိပါက ပုဒ်မ ၄၁၂ အရ အပြစ်ပေးသင့်ပြီး၊ တိုက်ရာပါပစ္စည်းမှန်းသိရန်အကြောင်းမရှိလျှင် ပုဒ်မ ၄၁၁ (ခိုးရာပါပစ္စည်းလက်ခံမှု)အရ ပြစ်ဒဏ်စီရင်သင့်ပေသည်။

*[မောင်တင်ငွေနှင့်ပြည်ထောင်စု ၁၉၇၅ မြန်မာပြည်စီရင်ထုံး ၈၄ ]*

http://www.cherrythitsar.org



၆။ ဓားပြတိုက်ရန်အားထုတ်ခြင်းသည် ဥပဒေအရ ဓားပြတိုက်ခြင်းပင်ဖြစ်သည့်အလျောက် တရားခံများအား ဤပုဒ်မနှင့်ပင် အပြစ်ပေးနိုင်သည်။

*[အိုးခပါက်နှင့်အစိုးရ၊ (၁၉၀၃)အတွဲ-၉ မြန်မာပြည်စီရင်ထုံး ၁၄၄ ]*

၇။ လူစုလူဝေးဖြင့် တစ်ဖက်သားအား ကြောက်ရွံ့စေကာ ကျူးလွန်လေ့ရှိသည့် ပြစ်မှုဖြစ်၍ မှတ်လောက်သားလောက်သည့် အပြစ်ဒဏ်သတ်မှတ်ရသည်။ အတိုက်ခံရသူမှာ တုန်လှုပ်ခြောက်ခြားနေသည့်အလျောက် အမှုပေါ်ပေါက်ရန် ခဲယဉ်းသည့် အမှုမျိုးဖြစ်သည်။ ငွေဒဏ်သက်သက်သာ တပ်ရိုက်နိုင်သည့်အမှုမျိုးမဟုတ်၊ ထောင်ဒဏ်ကိုချမှတ်ခြင်းမှ ရှောင်၍မရပေ။ အထူးအာဏာရပြစ်မှုတရားသူကြီးများသာ စီရင်စစ်ဆေးနိုင်သည်။ ကျွဲနွားများအား ဓားပြတိုက်သူကို ပြစ်မှုထင်ရှားလျှင် နောင်ကျဉ်စေမည့်ပြစ်ဒဏ်မျိုး ချမှတ်သင့်သည်။

*[အောင်မြသွင်နှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၁၀၄၄ ]*

၈။ ဓားပြတိုက်ရန် အစီအစဉ်လုပ်ပေးပြီး တိုက်ရာပါပစ္စည်းများကို ရရှိသည့် တရားခံသည့် ဓားပြတိုက်ရာ၌ ကိုယ်တိုင်ကိုယ်ကျပါဝင်ခြင်းမရှိပါမူ ပုဒ်မ ၃၉၅ အရ အပြစ်မပေးနိုင်၊ အားပေးကူညီမှုဖြင့်သာ စီရင်နိုင်မည်ဖြစ်သည်။ ထိုတရားခံအပေါ် ပုဒ်မ ၁၀၉ ဖြင့် ပူးတွဲ၍ စွဲချက်တင်ထားခြင်းမရှိသော်လည်း တရားခံသည် ထိုစွဲချက်နှင့်ပတ်သက်၍ နားလည်သိရှိပြီးဖြစ်၍ ပြောင်းလဲပြီးအပြစ်ပေးနိုင်သည်။

*[ထွန်းအောင်နှင့်အစိုးရ၊ ၁၉၄၆ ရန်ကုန်စီရင်ထုံး ၃၁၃ ]*

၉။ ကောက်ပဲသီးနှံအဖွဲ့ပိုင် ဆန်အိတ်နှင့်ဂုံနီများကို သောင်းကျန်းသူတို့နှင့် လုယူရာ၌ ခြိမ်းခြောက်ခံရ၍ သယ်ဆောင်ပေးရကြောင်း မပေါ်ပေါက်သဖြင့် ဓားပြလူဆိုးဂိုဏ်းဝင်များသာဖြစ်သည်ဟု ဆိုရမည်ဖြစ်သောကြောင့် ဤပုဒ်မအရ ပြစ်မှုမြောက်သည်။

*[မခေါ်တွန်ပါ-၂၁နှင့်ပြည်ထောင်စု ၁၉၆၇*
*မြန်မာပြည်စီရင်ထုံး ၁၀၈(အထူးအယူခံ) ]*

၁၀။ လက်နက်ကိုင်အဖွဲ့ဖြင့် ဝိုင်း၍ သေနတ်ဖြင့်ချိန်ကာ ခေါ်ယူသွားကြခြင်းဖြစ်သောကြောင့် နှုတ်ဖြင့် မည်သို့မျှခြိမ်းခြောက်ရန်မလို၊ ပတ်ဝန်းကျင်အခြေအနေနှင့် အပြုအမူအရ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၅ အရ ခြိမ်းခြောက်ခြင်းမြောက်သည်။

*[ဗိုလ်သာကျော်(ခ)မောင်သန်းနှင့်ပြည်ထောင်စု ၁၉၆၈*
*မြန်မာပြည်စီရင်ထုံး ၈ (အထူးအယူခံ) ]*

၁၁။ တရားခံလက်နက်ကိုင်ရဲအဖွဲ့ဝင်များအား လက်နက်ယူဆောင်၍ တောခိုခြင်း၊ ဓားပြတိုက်ခြင်းပြုသည်ဟု စွပ်စွဲရာ၌ ခြိမ်းခြောက်ခံရ၍ ပြုမူရသည်ဟု ထုချေသောအခါ သေဘေးဆိုက်ရောက်မည်ဟု စိုးရိမ်ဖွယ်ရာ ယုတ္တိရှိအောင် ခြိမ်းခြောက်ခြင်းခံရသည်ဟုအထောက်အထားရှိရန်လိုသည်။ လက်နက်ကိုင်တပ်ဖွဲ့သည် သာမန်ခြိမ်းခြောက်မှုကို မကြောက်၊ သာမန်ဆွဲဆောင်မှုကို မယိမ်းယိုင်၊ ကြံ့ခိုင်ရမည်ဖြစ်၍ ပြစ်မှုမြောက်သည်။

*[မြသွေး(ခ)တင်အေးနှင့်ပြည်ထောင်စု ၁၉၆၈*
*မြန်မာပြည်စီရင်ထုံး ၄၆(အထူးအယူခံ) ]*

http://www.cherrythitsar.org



၁၂။ စက်မှုလယ်ယာကို နေရာတိုင်း၌ အသုံးမပြုနိုင်မီ လယ်ယာလုပ်ငန်းကို အဓိက ထားသည့် မြန်မာပြည်၌ ကျွဲနွားများသည် အလွန်အရေးကြီးသည့်အလျောက် ယင်း ကဲ့သို့ ကျွဲနွားများကို ခိုးယူတိုက်ခိုက်သောအမှုများတွင် မှတ်လောက်သားလောက် သည့် အပြစ်ဒဏ်ကို ချမှတ်သင့်ပေသည်။

*[မောင်မြသွင်နှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၁၀၄၄ ]*

၁၃။ ရာဇသတ်ကြီးပုဒ်မ ၃၉၅ အရ မှုပြစ်ထင်ရှားစီရင်ခြင်း၊ သောင်းကျန်းသူတို့က ခြိမ်းခြောက်ခိုင်းစေ၍ ဆန်များကို သယ်ဆောင်ပေးရသည်ဟု ခုခံထွက်ဆိုခြင်း၊ ရာဇသတ်ကြီးပုဒ်မ ၉၄ အရ ပြစ်မှုမြောက်မမြောက်။

**ဆုံးဖြတ်ချက်**။ သောင်းကျန်းသူတို့က ခြိမ်းခြောက်ခိုင်းစေ၍ အယူခံတရားလိုတို့က ဆန်များကို သယ်ဆောင်ပေးရသည်ဟု မပေါ်လွင်။ အယူခံတရားလိုများထံမှ ရရှိ သော ဆန်ပစ္စည်းပမာဏကို ထောက်ရှုလျှင် ၎င်းတို့သည် စိတ်ပါလက်ပါ ဝင်ရောက် လုယက်ကြသည်ဟု ယူဆရန်သာရှိသည်။ ရာဇသတ်ကြီးပုဒ်မ ၉၄ ၏ ရှင်းလင်းချက် တွင် ရိုက်ပုတ်မည်ဟု ခြိမ်းခြောက်ခြင်းခံရရုံမျှနှင့် ဓားပြလူဆိုးတို့၏ အကျင့်အကြံ ကိုသိလျက် ဓားပြလူဆိုးဂိုဏ်းသို့ ဝင်ရောက်သောသူပင်လျှင် ပြစ်မှုအတွက် ပြစ်ဒဏ် မှ ကင်းလွတ်နိုင်မည်မဟုတ်ချေ။ အမှုတွင်လည်း ရိုက်ပုတ်မည် ခြိမ်းခြောက်သည် ဟုသာ အယူခံတရားလိုတို့က ဆိုသည်။ သို့ရာတွင် သောင်းကျန်းသူတို့ လုယက် နေကြကြောင်းသိလျက် ပါဝင်လုယက်ကြခြင်းဖြစ်ရာ အယူခံ တရားလိုတို့သည် လည်း ဓားပြလူဆိုးဂိုဏ်းဝင်များသာ ဖြစ်ချေတော့သည်။

*[အခါထွန်းပါ-၂၁နှင့်ပြည်ထောင်စု ၁၉၆၇ မြန်မာပြည်စီရင်ထုံး ၁၀၈ ]*

## လူသတ်မှုပါသော ဓားပြမှု။ (ပုဒ်မ ၃၉၆)

## Dacoity with murder. (Section 396)

**ဥပဒေပြဋ္ဌာန်းချက်**

ဓားပြမှုကို ပူးပေါင်းကျူးလွန်သောသူ ငါးဦး၊ သို့တည်းမဟုတ် ငါးဦးထက် ပိုသောသူများအနက် တစ်ဦးတစ်ယောက်သောသူသည် အဆိုပါ ဓားပြမှုကျူးလွန် ရာ၌ လူသတ်မှုကိုပါ ကျူးလွန်လျှင်၊ ထိုသူအသီးသီးကို သေဒဏ်ဖြစ်စေ၊ တစ်သက် တစ်ကျွန်းဒဏ်ဖြစ်စေ၊ အလုပ်ကြမ်းနှင့် ဆယ်နှစ်ထိထောင်ဒဏ်ဖြစ်စေ ချမှတ်ရမည့် ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၉၆ | လူသတ်မှုပါသော ဓားပြမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | သေဒဏ်ဖြစ်စေ၊ တစ်သက်တစ်ကျွန်းဒဏ် ဖြစ်စေ၊ အလုပ်ကြမ်းနှင့် ၁၀နှစ်ထိထောင်ဒဏ် အပြင်ငွေဒဏ်။ | စက်ရှင် တရားရုံး |

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ ဓားပြမှု ကျူးလွန်စဉ် လူသတ်မှုကျူးလွန်ခြင်းရှိမရှိ လိုအပ်သော ပြဿနာနှင့် ပတ်သက်၍ ပေါ်ပေါက်နေသော ကြောင်းခြင်းရာအပေါ် မူတည်၍ ဆုံးဖြတ်ရမည် ဖြစ်သည်။ ဓားပြမှု ကျူးလွန်နေခိုက်သာမက ကျူးလွန်ပြီးနောက်ဖြစ်စေ၊ ကျူးလွန်ခြင်းမပြုမီ ရွာသူရွာသားများက ဝိုင်းလိုက်၍ဖြစ်စေ လွတ်မြောက်ရန် နောက်ဆုတ်ထွက်ပြေးစဉ် လူသတ်မှု ကျူးလွန်ပါကလည်း ဓားပြမှုကျူးလွန်စဉ် လူသတ်မှု ကျူးလွန်သည်ဟု ဆိုရမည်ဖြစ်သည်။ အကျဉ်းသား ၁၈ ဦးသည် ရဲအချုပ်မှ သေနတ်လက်နက်များကို လု၍ထွက်ပြေးစဉ် အကျဉ်းသားတစ်ဦးက ရဲသားတစ်ဦးအား သေနတ်နှင့်ပစ်၍ ရဲသားသေလျှင် အကျဉ်းသားအားလုံးတွင် ဤပုဒ်မအရ တာဝန် ရှိပေသည်။

*[မောင်ကျော်နှင့်အစိုးရ၊ ရွေးချယ်ထားသည့်စီရင်ထုံးများ၊ အောက်မြန်မာပြည် ၅၁၂ ]*

၂။ ဓားပြတစ်ဦးက ငွေတောင်းရာ၌ ခုခံသည့် အိမ်ရှင်၏သားကို သတ်ပစ်လျှင် ဓားပြအားလုံးတွင် တာဝန်ရှိပေသည်။

*[အစိုးရနှင့်ဝါတောပရီ၊ ပုံနှိပ်ထားသည့်စီရင်ထုံးများ၊ အောက်မြန်မာပြည် ၁၉၄]*

၃။ လွတ်မြောက်အောင် တိမ်းရှောင်ခြင်းသည် ဓားပြမှုကျူးလွန်ခြင်း တစ်စိတ်တစ်ဒေသဖြစ်၍ တိမ်းရှောင်ထွက်ပြေးစဉ် လူသတ်ပါက ဤပုဒ်မနှင့်အကျုံးဝင်ပေသည်။

*[သားငယ်ကြီးနှင့်အစိုးရ၊ ၁၉၄၆ ရန်ကုန်စီရင်ထုံး ၂၂၉ ]*

၄။ ဓားပြများသည် ဆုတ်ခွာထွက်ပြေးစဉ် ဓားစာခံခေါ်သွားပြီး လူစုမခွဲမီ ဓားစာခံကို သတ်ပစ်ပါက ဓားပြမှုကျူးလွန်စဉ် လူသတ်သည်ဟု ယူဆရမည်ဖြစ်သည်။

*[မောင်ညွန့်နှင့်ပြည်ထောင်စု ၁၉၄၉ မြန်မာပြည်စီရင်ထုံး ၃၄၃(လွှတ်တော်)]*

၅။ ဓားပြတိုက်စဉ် ကျန်ရစ်ခဲ့သောယမ်းတောင့်နှင့်ပတ်သက်သည့် လက်နက်ပါရဂူထင်မြင်ချက်တစ်ခုတည်းကိုမှီပြီး အခြားထောက်ခံသည့် အထောက်အထားမရှိက တရားခံများအား ဤပုဒ်မဖြင့် အပြစ်မပေးသင့်ပေ။

*[မောင်ချစ်မောင်နှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၄၃၂ ]*

၆။ ညအချိန် လုံလောက်သော အလင်းရောင်မရှိဘဲ လူကို မှတ်မိလိုက်သည်ဆိုသောစွပ်စွဲချက်မျိုးဖြင့် တရားခံအပေါ် လွန်စွာကြီးလေးသည့် ပုဒ်မအရ ပြစ်မှုဖြင့် စီရင်ခြင်းမပြုသင့်ပေ။

*[မောင်ခင်နှင့်ပြည်ထောင်စု ၁၉၆၇ မြန်မာပြည်စီရင်ထုံး ၁၇၉ ]*

http://www.cherrythitsar.org



## သေစေရန်ဖြစ်စေ၊ အပြင်းအထန်နာကျင်စေရန် ဖြစ်စေ အားထုတ်မှုပါသော လုယက်မှု၊ သို့တည်းမဟုတ် ဓားပြမှု။ (ပုဒ်မ ၃၉၇)

## Robbery or dacoity, with attempt to cause death or grievous hurt. (Section 397)

**ဥပဒေဖွင့်ဆိုချက်**

လုယက်မှုကိုဖြစ်စေ၊ ဓားပြမှုကိုဖြစ်စေ ကျူးလွန်သောအခါတွင် ပြစ်မှုကျူးလွန်သူသည် တစ်ဦးတစ်ယောက်သောသူကို အပြင်းအထန်နာကျင်စေလျှင်၊ သို့တည်းမဟုတ် တစ်ဦးတစ်ယောက်သောသူအား သေစေရန်သော်လည်းကောင်း၊ အပြင်းအထန် နာကျင်စေရန်သော်လည်းကောင်း အားထုတ်လျှင် ထိုသူကို ချမှတ်သောထောင်ဒဏ်သည် ခုနစ်နှစ်အောက် မလျော့စေရ။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့်ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၉၇ | သေစေရန်ဖြစ်စေ၊ အပြင်းအထန်နာကျင်စေရန် ဖြစ်စေ၊ အားထုတ်မှုပါဝင်သော လုယက်မှု သို့မဟုတ် ဓားပြမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၇နှစ်ထက် မနည်းသော အလုပ်ကြမ်းနှင့် ထောင်ဒဏ်။ | စက်ရှင်တရားရုံး |

**စီရင်ထုံး**

၁။ ရာဇသတ်ကြီးပုဒ်မ ၃၉၇ အရ မှုပြစ်ထင်ရှားစီရင်ခြင်း၊ သေသူ မသေမီက ၎င်းသဘောမတူဘဲ ပစ္စည်းများကိုရယူခြင်းမှာ သေသူ၏ပစ္စည်းများကို မရိုးမဖြောင့်သောသဘောဖြင့် ရယူခြင်းဖြစ်၍ ရာဇသတ်ကြီးပုဒ်မ ၃၇၉ အရ မှုပြစ်မြောက်ခြင်း။

ထို့ပြင် မောင်စံလှိုင်(လိုပြ-၁၂)၏ လျှောက်ထားချက်နှင့် ပတ်သက်၍လည်း စဉ်းစားရန်ရှိပေသည်။ ၎င်းထံမှ ရဲက သိမ်းဆည်းသွားသော သက်သေခံပစ္စည်း အမှတ်(၄) ဒိုးပုံကြုတ်ပါသော ရွှေဆွဲကြိုးမှာ ခိုးရာပါပစ္စည်းဖြစ်သည်ဟု တစ်ထစ်ချ မပေါ်လွင်ပေ။ အဘယ်ကြောင့်ဆိုသော် အယူခံတရားလိုသည် ခိုးရာပါပစ္စည်း ရွှေထည်များကို ရောင်းပြီးမှ ရသောငွေဖြင့် ထိုဒိုးပုံကြုတ်ရွှေဆွဲကြိုး ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ခိုးရာပါပစ္စည်း အသွင်ပြောင်းသွားခြင်းဖြစ်ပေသည်။

*[မောင်ကျော်လင်းနှင့်ပြည်ထောင်စု ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၃၁၇]*

*[မောင်စံသိန်း(ခ)မောင်သိန်းဇော်နှင့်ပထစ၊ ၁၉၆၉၊ မတစ(တရခ)၂၈]*

## ဓားပြမှုကို ကျူးလွန်ရန်ပြင်ဆင်မှု။ (ပုဒ်မ ၃၉၉)

## Making preparation to commit dacoity. (Section 399)

**ဥပဒေဖွင့်ဆိုချက်**

မည်သူမဆို၊ ဓားပြမှုကိုကျူးလွန်ရန်ပြင်ဆင်လျှင်၊ ထိုသူကို အလုပ်ကြမ်းနှင့် ဆယ်နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

http://www.cherrythitsar.org



**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့်ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၃၉၉ | ဓားပြမှုကိုကျူးလွန်ရန် ပြင်ဆင်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | အလုပ်ကြမ်းနှင့် ၁၀နှစ်ထိထောင်ဒဏ် အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး |

## ဓားပြဂိုဏ်း၌ ပါဝင်သူအတွက်ပြစ်ဒဏ်။ (ပုဒ်မ ၄၀၀)

## Punishment for belonging to gang of dacoits. (Section 400)

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ ဓားပြမှုကို အမြဲတစေ ကျူးလွန်ရန်အလို့ငှာ ဖွဲ့စည်းထားသော ဂိုဏ်းတစ်ခုခု၌ ပါဝင်သူဖြစ်လျှင် ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ အလုပ်ကြမ်းနှင့် ဆယ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ဓားပြဂိုဏ်း၌ ပါဝင်ခြင်း။

၂။ ထိုဂိုဏ်းသည် ဓားပြမှုကို အမြဲတစေ ကျူးလွန်ရန်ဖွဲ့စည်းထားသော ဂိုဏ်းဖြစ်ခြင်းဆိုသော အထောက်အထားများတင်ပြရန်လိုသည်။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့်ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၀၀ | ဓားပြမှုကို အမြဲတစေကျူးလွန်ရန်ဖွဲ့စည်းထားသော ဂိုဏ်းတစ်ခုခု၌ ပါဝင်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | တစ်သက်တစ်ကျွန်းဒဏ် ဖြစ်စေ၊ အလုပ်ကြမ်းနှင့် ၁၀နှစ်ထိ ထောင်ဒဏ်အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး |

**စီရင်ထုံး**

၁။ တရားခံသည် ဓားပြမှုကို အမြဲတစေ ကျူးလွန်ရန်ဖွဲ့စည်းထားသည့် ဂိုဏ်းတွင် ပါဝင်သည်ဆိုသော စွဲချက်နှင့် ပတ်သက်၍ တိုက်ရိုက်သက်သေအထောက်အထား တင်ပြရန်လိုသည်။ ကျော်စောသတင်းရှိသည်ဆိုသော အထောက်အထားမျိုးဖြင့် အပြစ်မပေးနိုင်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၁၇(၄)ပါ ပြဋ္ဌာန်းချက်သည် ဤပုဒ်မအရ စွဲဆိုသည့်အမှုတွင် အသုံးမပြုနိုင်။

*[မောင်ပြားနှင့်အစိုးရ၊ ၁၉၄၇ မြန်မာပြည်စီရင်ထုံး ၄၁၆ ]*

http://www.cherrythitsar.org



**သူခိုးဂိုဏ်း၌ ပါဝင်သူအတွက်ပြစ်ဒဏ်။**
**(ပုဒ်မ ၄၀၁)**

**Punishment for belonging to gang of thieves.**
**(Section 401)**

**ဥပဒေပြဋ္ဌာန်းချက်**

လူသတ်ဓားပြဂိုဏ်း၊ သို့တည်းမဟုတ် ဓားပြဂိုဏ်းမဟုတ်သည့် ခိုးမှုကို၊ သို့တည်းမဟုတ် လုယက်မှုကို အမြဲတစေ ကျူးလွန်ရန်အလို့ငှာ ဖွဲ့စည်းထားသည့် လှည့်ပတ်သွားလာနေသော လူဆိုးဂိုဏ်း၌သော်လည်းကောင်း၊ အခြားလူဆိုးဂိုဏ်း၌သော်လည်းကောင်း ပါဝင်သူဖြစ်လျှင် ထိုသူကို အလုပ်ကြမ်းနှင့် ခုနစ်နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တစ်ဦးထက်များသော လူများ ပါဝင်သည့်ဂိုဏ်းရှိရမည်။
၂။ ထိုဂိုဏ်းသည် ခိုးမှု၊ သို့မဟုတ် လုယက်မှုကျူးလွန်ရန် ဖွဲ့စည်းထားခြင်းဖြစ်ရမည်။
၃။ ခိုးမှု သို့မဟုတ် လုယက်မှုကို အမြဲတစေ ကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ရမည်။
၄။ တရားခံသည် ထိုဂိုဏ်းသို့ ပါဝင်သူတစ်ဦးဖြစ်ရမည်ဆိုသော အင်္ဂါရပ်များနှင့် ပြည့်စုံမှသာ ဤပုဒ်မနှင့် အကျုံးဝင်မည်ဖြစ်သည်။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၀၁ | ခိုးမှုများကို အမြဲတစေကျူးလွန်ရန် ဖွဲ့စည်းထားသည့် လှည့်ပတ်သွားလာနေသော လူဆိုးဂိုဏ်း တစ်ခုခုတွင် ပါဝင်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၇နှစ် အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရရာဇဝတ် တရားသူကြီး။ |

**ဓားပြမှုကျူးလွန်ရန် စုဝေးမှု။**
**(ပုဒ်မ ၄၀၂)**

**Assembling for purpose of committing dacoity.**
**(Section 402)**

**ဥပဒေပြဋ္ဌာန်းချက်**

ဓားပြမှုကျူးလွန်ရန်အလို့ငှာ စုဝေးသော လူငါးဦး၊ သို့တည်းမဟုတ် ငါးဦးထက် ပိုသော သူများအနက် အပါအဝင် တစ်ဦးဖြစ်လျှင်၊ ထိုသူကို အလုပ်ကြမ်းနှင့် ခုနစ်နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

http://www.cherrythitsar.org



**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ လူငါးဦး သို့မဟုတ် ငါးဦးထက်ပိုသောလူများစုဝေးခြင်း။

၂။ ထိုသို့စုဝေးခြင်းသည် ဓားပြမှုကျူးလွန်ရန်ဖြစ်ခြင်း။

၃။ တရားခံသည် စုဝေးသည့်လူများအနက် တစ်ဦးဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၀၂ | ဓားပြမှုကိုကျူးလွန်ရန် စုဝေးထားသော လူငါးဦး သို့မဟုတ် ငါးဦးထက်ပိုသောသူများအနက် တစ်ဦးအဖြစ် ပါဝင်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၇နှစ် အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး |

## ပစ္စည်းကို မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားမှု။ (ပုဒ်မ ၄၀၃)

## Dishonest misappropriation of property. (Section 403)

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းကို မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုလျှင်၊ သို့တည်းမဟုတ် မိမိ၏ ပစ္စည်းအဖြစ် ပြောင်းလွှဲခြင်းပြုလျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

**ဥပမာများ။**

(က) မောင်မဲပိုင်ပစ္စည်းကို မောင်ဖြူက မိမိပိုင်ပစ္စည်းဟု ယုံကြည်၍ မောင်မဲ၏ လက်ရှိမှ ထိုပစ္စည်းကို သဘောရိုးဖြင့်ယူ၏။ ထိုသို့ယူသဖြင့် မောင်ဖြူသည် ခိုးမှု မကျူးလွန်။ သို့ရာတွင် မောင်ဖြူသည် မိမိပစ္စည်းမဟုတ်ကြောင်း သိပြီးနောက် ထိုပစ္စည်းကို မရိုးမဖြောင့်သောသဘောဖြင့် မိမိ၏ပစ္စည်းအဖြစ်ဖြင့် အသုံးပြုလျှင် ဤပုဒ်မအရ ပြစ်မှုကျူးလွန်သည်။

(ခ) မောင်ဖြူသည် မောင်မဲနှင့် မိတ်ဆွေဖြစ်သည့်အလျောက် မောင်မဲမရှိခိုက် မောင်မဲ၏ စာကြည့်တိုက်သို့သွား၍ မောင်မဲ၏ အတည့်အလင်းသဘောတူချက် မရှိဘဲ စာအုပ်တစ်အုပ်ကိုယူသွား၏။ ဤတွင် မောင်ဖြူသည် မောင်မဲ၏ စာအုပ်ကို ဖတ်ရန်အလို့ငှာ ရယူခြင်းအတွက် မောင်မဲသဘောတူရာရောက်သည်ဟု ထင်မြင်လျှင် ခိုးမှုကိုမကျူးလွန်။ သို့ရာတွင် မိမိအကျိုးအတွက် ထိုစာအုပ်ကို နောင်အခါတွင် ရောင်းစားလျှင် မောင်ဖြူသည် ဤပုဒ်မအရ ပြစ်မှုကို ကျူးလွန်သည်။

http://www.cherrythitsar.org



(ဂ) မောင်ဖြူနှင့် မောင်နီတို့သည် မြင်းတစ်ကောင်ကို အတူပိုင်ကြ၏။ မောင်ဖြူသည် အသုံးပြုရန် မောင်နီ၏လက်ရှိမှ ထိုမြင်းကိုရယူ၏။ ဤတွင် မောင်ဖြူသည် ထိုမြင်းကို သုံးစွဲပိုင်ခွင့်ရှိသဖြင့် မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုသည် မမည်။ သို့ရာတွင် မောင်ဖြူသည် မြင်းကိုရောင်း၍ မိမိအသုံးပြုမှုအတွက် ရောင်းရငွေအားလုံးကို သုံးစားခြင်းပြုလျှင် ဤပုဒ်မအရ ပြစ်မှုကျူးလွန်သည်။

**ရှင်းလင်းချက် ၁။** မရိုးမဖြောင့်သောသဘောဖြင့် ခေတ္တမျှ အလွဲသုံးစားပြုခြင်းသည်လည်း ဤပုဒ်မအရ အလွဲသုံးစားပြုသည်မည်၏။

<u>ဥပမာ။</u>

မောင်ဖြူသည် ကန့်သတ်မဲ့ လက်မှတ်ထိုးချက်ပါသော မောင်မဲပိုင် အစိုးရငွေပေးကတိစာချုပ်ကိုတွေ့၏။ ထိုငွေပေးကတိစာချုပ်ကို မောင်မဲပိုင်ကြောင်း သိလျက်နှင့် နောက်အခါမှာမှ မောင်မဲအား ပြန်ပေးမည်ကြံရွယ်၍ ဘဏ်တိုက်စိုးတစ်ဦးထံ၌ ချေးငွေအတွက် အာမခံအဖြစ်ပေါင်နှံ၏။ မောင်ဖြူသည် ဤပုဒ်မအရ ပြစ်မှုကျူးလွန်သည်။

**ရှင်းလင်းချက် ၂ ။** တစ်ဦးတစ်ယောက်သောသူသည် အခြားသူ၏ လက်ရှိမဟုတ်သော ပစ္စည်းတစ်ခုကိုတွေ့၏။ ထိုပစ္စည်းကို ပစ္စည်းရှင်အတွက် စောင့်ရှောက်ထားရန်အလို့ငှာဖြစ်စေ၊ ပစ္စည်းရှင်သို့ပြန်ပေးရန်အလို့ငှာဖြစ်စေ ရယူထား၏။ ထိုသို့ရယူထားခြင်းသည် မရိုးမဖြောင့်သောသဘောနှင့် ရယူထားခြင်းမဟုတ်သောကြောင့် သို့တည်းမဟုတ် အလွဲသုံးစားပြုခြင်းမဟုတ်သောကြောင့် ပြစ်မှုကိုကျူးလွန်သည် မမည်။ သို့ရာတွင် ပစ္စည်းပိုင်ရှင်ကို သိလျက်နှင့်ဖြစ်စေ၊ ပစ္စည်းပိုင်ရှင်ကို ရှာဖွေတွေ့ရှိနိုင်လောက်သော နည်းလမ်းရှိလျက်နှင့်ဖြစ်စေ၊ ပစ္စည်းပိုင်ရှင်ကို တွေ့အောင်ရှာဖွေအကြောင်းကြားရန် အကြောင်းလုံလောက်သောနည်းလမ်းကိုသုံး၍ ပစ္စည်းကိုပိုင်ရှင်က တောင်းဆိုသာအောင် သင့်တော်သော အချိန်ကာလအထိ သိမ်းဆည်းထားခြင်းမပြုသေးမီဖြစ်စေ မိမိအသုံးပြုမှုအတွက် သုံးစွဲလျှင် ထိုသူသည် အထက်တွင် ဖော်ပြထားသော ပြစ်မှုကို ကျူးလွန်သည်မည်၏။

ထိုကဲ့သို့သော အမှုမျိုးတွင် အကြောင်းလုံလောက်သောနည်းလမ်းများ ဆိုသည်မှာ သို့တည်းမဟုတ် သင့်တော်သော အချိန်ကာလဆိုသည်မှာ ကြောင်းချင်းရာပြဿနာဖြစ်သည်။

ပစ္စည်းပိုင်ရှင် မည်သူဖြစ်ကြောင်းကို၊ သို့တည်းမဟုတ် တစ်ဦးတစ်ယောက်သောသူသည် ပစ္စည်းပိုင်ရှင်ဖြစ်ကြောင်းကို ပစ္စည်းတွေ့သူက သိရမည်ဟူသော အချက်သည် မလို။ ပစ္စည်းကို သုံးစဉ်အခါက မိမိပိုင်ပစ္စည်းဖြစ်ကြောင်း မယုံလျှင်၊ သို့တည်းမဟုတ် ပစ္စည်းပိုင်ရှင်အစစ်ကို ရှာမတွေ့နိုင်ကြောင်း သဘောရိုးနှင့်ယုံလျှင် လုံလောက်သည်။

http://www.cherrythitsar.org



ဥပမာများ။

(က) မောင်ဖြူသည် မည်သူပိုင်ဖြစ်ကြောင်း မသိသော ငွေတစ်ကျပ်ကို လမ်း ပေါ်တွင်တွေ့၍ ကောက်ယူ၏။ မောင်ဖြူသည် ဤပုဒ်မတွင် ဖော်ပြထားသောပြစ်မှုကို ကျူးလွန်ရာမရောက်။

(ခ) မောင်ဖြူသည် ဘဏ်ငွေလက်မှတ်ပါသော စာတစ်စောင်ကို လမ်းပေါ်၌ ကောက်ရ၏။ စာတွင်ပါသော လိပ်စာနှင့်စာသားများကိုထောက်သဖြင့် မောင်ဖြူသည် ထိုဘဏ်လက်မှတ်ကို မည်သူပိုင်ဖြစ်ကြောင်းသိလျက်နှင့် သုံးစားလိုက်၏။ မောင်ဖြူသည် ဤပုဒ်မအရ ပြစ်မှုကို ကျူးလွန်သည်။

(ဂ) မောင်ဖြူသည် ဆောင်ယူလာသူအား ငွေပေးရန် ညွှန်ကြားချက်ပါသော ချက်လက်မှတ်တစ်စောင်ကို ကောက်ရ၏။ ထိုချက်လက်မှတ်သည် မည်သူက ပျောက်ဆုံးကြောင်းကို မောင်ဖြူသည် မှန်းဆ၍မသိနိုင်။ သို့ရာတွင် ထိုချက်လက်မှတ်ကို ထုတ်ပေးလိုက်သူ၏အမည်သည် ချက်လက်မှတ်ပေါ်တွင်ပါရှိသဖြင့် ထိုချက်လက်မှတ် ထုတ်ပေးလိုက်သူက ထိုချက်လက်မှတ်ကို မည်သူအား ထုတ်ပေးလိုက်ကြောင်း ညွှန်ပြနိုင်သည်ကို သိ၏။ ထိုသို့သိပါလျက် မောင်ဖြူသည် ပိုင်ရှင်ကို အားထုတ်၍ မရှာဘဲ ထိုချက်လက်မှတ်ကို သုံးစားလျှင် ဤပုဒ်မအရ ပြစ်မှုကို ကျူးလွန်သည်။

(ဃ) မောင်ဖြူသည် ငွေပါသောငွေအိတ်တစ်အိတ် မောင်မဲမှကျရစ်သည်ကို မြင်၏။ ထိုငွေအိတ်ကို မောင်မဲသို့ပြန်ပေးရန် ကြံရွယ်ချက်နှင့်ကောက်ယူ၏။ သို့ရာတွင် နောင်အခါ၌ မောင်မဲသို့ ပြန်မပေးဘဲ မောင်ဖြူသည် ထိုငွေကို မိမိအသုံးပြုမှုအတွက် သုံးစား၏။ မောင်ဖြူသည် ဤပုဒ်မအရ ပြစ်မှုကို ကျူးလွန်သည်။

(င) မောင်ဖြူသည် ငွေပါသောငွေအိတ်တစ်အိတ်ကို ကောက်ရ၏။ မူလက မည်သူပိုင်ကြောင်းမသိရသော်လည်း နောင်အခါ မောင်မဲပိုင်ကြောင်းကိုသိရ၏။ မောင်ဖြူသည် ထိုငွေကို မိမိအသုံးပြုမှုအတွက် သုံးစား၏။ မောင်ဖြူသည် ဤပုဒ်မအရ ပြစ်မှုကိုကျူးလွန်သည်။

(စ) မောင်ဖြူသည် အဘိုးတန်လက်စွပ်တစ်ကွင်းကိုကောက်ရ၏။ ထိုလက်စွပ်ကို မည်သူပိုင်ကြောင်း မောင်ဖြူမသိ။ ထိုလက်စွပ်ပိုင်ရှင်ကို ရှာဖွေရန်အားထုတ်ခြင်းကို မပြုဘဲ လက်စွပ်ကိုချက်ခြင်းရောင်းချလိုက်၏။ မောင်ဖြူသည် ဤပုဒ်မအရ ပြစ်မှုကိုကျူးလွန်သည်။

အကျုံးဝင်သည့် အင်္ဂါရပ်များ

၁။ တရားခံသည် မရိုးမဖြောင့်သောသဘောဖြင့်။

၂။ ရွေ့ပြောင်းနိုင်သောပစ္စည်းတစ်ခုခုကို အလွဲသုံးစားပြုခြင်း သို့တည်းမဟုတ် မိမိပစ္စည်းအဖြစ် ပြောင်းလွဲခြင်း။

http://www.cherrythitsar.org



<u>**ကျင့်ထုံး**</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၀၃ | ရွှေ့ပြောင်းနိုင်သောပစ္စည်းကို မရိုးမဖြောင့်သော သဘောဖြင့် အလွဲသုံးစားပြုမှု သို့မဟုတ် မိမိပစ္စည်းအဖြစ် ပြောင်းလဲမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | တရားလိုတက် စစ်ဆေးဆဲ တရားရုံးက ခွင့်ပြုချက်ရ လျှင်ကျေအေး ခွင့်ရှိသည်။ | ၂နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | မည်သည့်ရာဇဝတ် တရားသူကြီးမဆို။ |

<u>**ပြစ်မှုကိုကျေအေးနိုင်သူများ**</u>

အလွဲသုံးစားပြုခံရသည်ပစ္စည်းပိုင်ရှင်

<u>**စီရင်ထုံး**</u>

၁။ ပုဒ်မ ၂၄ တွင် ထိုစကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပြီးဖြစ်သည်။ တရားခံ၏ ပြုလုပ်မှုသည် မရိုးမဖြောင့်သောသဘောရှိမရှိဆိုသည့်ကိစ္စမှာ ကြောင်းခြင်းရာ ပြဿနာဖြစ်သည့်အလျောက် ပေါ်ပေါက်နေသည့် ကြောင်းခြင်းရာအလိုက် ဆုံးဖြတ်ရမည်ဖြစ်သည်။ ဤပုဒ်မအရ လိုအပ်သည့် မရိုးမဖြောင့်သောသဘောမှာ ပစ္စည်း ရရှိစဉ်အချိန်၌ ပေါ်ပေါက်ခြင်းမဟုတ်ဘဲ ပစ္စည်းရရှိပြီးနောက်ပိုင်းတွင်မှဖြစ်ပေါ်လာခြင်းဖြစ်သည်။ ပစ္စည်းကို ရိုးသားစွာရရှိခဲ့သော်လည်း မရိုးမဖြောင့်သောသဘော မရှိလျှင် တရားခံ၏ ပြုလုပ်မှုသည် ဤပုဒ်မနှင့် အကျုံးဝင်မည် မဟုတ်ပေ။ လူမနေသည့် အိမ်တစ်ဆောင်မှ တိုင်နှင့်တရုတ်ကပ်များကို စွန့်ပစ်ထားသည်ဟု ယုံကြည်ပြီး ထင်းဆိုက်ရန်ယူလျှင် မရိုးမဖြောင့်သောသဘောရှိသည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

*[အစိုးရနှင့်နော်တာရာဆင်(၁၉၀၄-၀၆) အထက်မြန်မာပြည်စီရင်ထုံး ၇ (ပြစ်မှုဆိုင်ရာ) ]*

၂။ ရိုးဖြောင့်စွာ ပစ္စည်းလက်ရှိလာသူက မရိုးမဖြောင့်သောသဘောနှင့် ဆက်လက်၍ သုံးစွဲမှသာ အလွဲသုံးစားမှုမြောက်မည်ဖြစ်သည်။ ထိုကဲ့သို့ သုံးစွဲခြင်းကြောင့် ခိုးရာပါပစ္စည်းကို လက်ခံသည်ဟု ဆိုနိုင်မည်မဟုတ်။

*[ရွှေထီးနှင့်အစိုးရ၊ အတွဲ-၁၊ အောက်မြန်မာပြည်စီရင်ထုံး ၂၅၄ ]*

၃။ ပိုင်ရှင်ပျောက်ဆုံးသွားသည့်ပစ္စည်းကိုယူခြင်းမှာ ခိုးမှုမမြောက်။ အလွဲသုံးစားမှုသာ ဖြစ်ပေသည်။

*[ရွှေဇံနှင့်အစိုးရ၊ အတွဲ-၁၁၊ ဘားမားလောတိုင်း ၂၆၁ ]*

http://www.cherrythitsar.org



၄။ ရာဇသတ်ကြီးပုဒ်မ ၄၀၃၊ ပစ္စည်းကိုအလွဲသုံးစားမှု မည်သည့်အခါ၌ဖြစ်ခြင်း။

လျှောက်သူနှင့် လျှောက်ထားခံရသူတို့မှာ ဖအေတူ မအေကွဲ မောင်နှမများ ဖြစ်ကြသည်။ လျှောက်ထားခံရသူက မိမိသည် အမှုစွဲဆိုရန် လျှောက်ထားသူအား ငွေ ၆၀၀၀ ကျပ် ချေးပေးလိုက်ရာ အမှုစွဲခြင်းမပြုဘဲ မိမိကိုယ်ကျိုးအတွက် ကန်ထရိုက်အလုပ်တွင် အသုံးပြုနေသည်ဟု စွပ်စွဲကာ ရာဇသတ်ကြီးပုဒ်မ ၄၀၉ အရ တရားစွဲဆိုခဲ့လေသည်။ လျှောက်သူက ငွေ ၅၉၀၀ ကျပ်ရသည်ကို မငြင်းဘဲ ငွေ ၃၀၀၀ ကျပ်ကို ရှေ့နေအားပေးရပြီး ရှေ့နေသေဆုံးသဖြင့် တရားစွဲဆိုရန် ဝယ်ထားသော ခေါင်းစက္ကူကို ပြန်လည်ရောင်းရသဖြင့် ငွေ ၂၃၅၀ ကျပ်ရရှိသည် ကိုလည်း ဝန်ခံလေသည်။ သို့အတွက် လျှောက်ထားခံရသူမှ ခေတ္တငွေယူခြင်းသာ ဖြစ်သဖြင့် ရာဇဝတ်ကြောင်းရာမမြောက်၊ တရားမမှုသာဖြစ်သည်ဟု ချေပလေသည်။

သို့ရာတွင် မူလစစ်ဆေးသောရုံးသည် လျှောက်သူအား ပုဒ်မ ၄၀၆ အရ အပြစ်ပေးပြီး အယူခံရာတွင် အောက်အယူခံရုံးတော်က ပုဒ်မ ၄၀၃ အရ အမိန့်ချမှတ်ပြန်လေသည်။ လျှောက်သူက တရားရုံးချုပ်သို့ ပြင်ဆင်မှုလျှောက်ထားရာ။

**ဆုံးဖြတ်ချက်**။ အောက်အယူခံရုံးတော်မှ ဖော်ပြခဲ့သည့်အတိုင်း လျှောက်ထားသူသည်၊ တံဆိပ်တော်ခေါင်းများရောင်းရငွေ ၂၃၅၀ ကျပ်ကို လျှောက်ခံရသူ အကြိမ်ကြိမ်တောင်းဆိုသော်လည်း ပြန်လည်ပေးဆပ်ခြင်းမပြုသေးသည်မှာ မငြင်းဆိုနိုင်၊ ထို့ကြောင့် ထိုငွေများကို မရိုးမဖြောင့်သောသဘောနှင့် အလွဲသုံးစားပြု ထားသည်ဟု ဆုံးဖြတ်ခြင်းမှာ မှန်ကန်လေသည်။ ထို့ပြင် အမှုမှာ တရားမမှုသာ ဖြစ်ပါသည်ဟူသော ပြဆိုချက်မှာလည်း လက်ခံခြင်းမပြုနိုင်။

*[ဦးသွင်မောင်နှင့်ပထာစ၊ ၁၉၆၃၊ မစထ(တရခ)၄၇၁]*

## သေစဉ်ကကျန်ရစ်ခဲ့သည့် သေသူလက်ရှိပစ္စည်းကို မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုမှု၊ (ပုဒ်မ ၄၀၄)

## Dishonest misappropriation of property possessed by deceased person at the time of his death. (Section 404)

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

တစ်ဦးတစ်ယောက်သောသူ သေစဉ်က ကျန်ရစ်ခဲ့သော သေသူ၏ လက်ရှိ ပစ္စည်းဖြစ်ကြောင်း သိလျက်နှင့်လည်းကောင်း၊ ထိုပစ္စည်းသည် ဥပဒေနှင့်ညီစွာ လက်ရှိဖြစ်ပိုင်ခွင့်ရှိသူ တစ်ဦးတစ်ယောက်၏ လက်သို့ မရောက်သေးကြောင်း သိလျက်နှင့်လည်းကောင်း မည်သူမဆို၊ ထိုပစ္စည်းကို မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုလျှင်၊ သို့တည်းမဟုတ် မိမိ၏ပစ္စည်းအဖြစ် ပြောင်းလွဲလျှင်၊ ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ထိုပစ္စည်းရှင် သေဆုံးစဉ်အခါက၊ ပြစ်မှုကျူးလွန်သူသည် သေသူ၏ စာရေး အဖြစ်၊ သို့တည်းမဟုတ် အစေခံအဖြစ် စေခိုင်းခံရသူဖြစ်လျှင်၊ ထိုသူကို ထောင်ဒဏ် ခုနစ်နှစ်ထိ တိုးမြှင့်ချမှတ်နိုင်သည်။

http://www.cherrythitsar.org



**ဥပမာများ။**

အိမ်ထောင်ပရိဘောဂနှင့် ငွေလက်ရှိဖြစ်သူ မောင်မဲသေ၏။ ထိုငွေသည် လက်ရှိဖြစ်ပိုင်ခွင့်ရှိသူ၏ လက်သို့မရောက်မီ မောင်မဲ၏အစေခံ မောင်ဖြူသည် မရိုးမဖြောင့်သောသဘောဖြင့် ထိုငွေကို အလွဲသုံးစားပြု၏။ မောင်ဖြူသည် ဤပုဒ်မ၌ ဖော်ပြထားသောပြစ်မှုကို ကျူးလွန်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းဖြစ်ရမည်။

၂။ ထိုပစ္စည်းသည် သေသူသေဆုံးစဉ်က ၎င်း၏လက်ရှိဖြစ်ရမည်။

၃။ ထိုပစ္စည်းသည် ပိုင်ရှင်သေဆုံးပြီးနောက် ပိုင်ရေးပိုင်ခွင့်ရှိသူ၏လက်ထဲသို့ မရောက်မီ အခြေ၌ဖြစ်ရမည်။

၄။ တရားခံသည် ထိုပစ္စည်းကို အလွဲသုံးစားခြင်း သို့မဟုတ် မိမိ၏ပစ္စည်းအဖြစ် ပြောင်းလဲခြင်းပြုရမည်။

၅။ ထိုကဲ့သို့ပြုခြင်းမှာ မရိုးမဖြောင့်သောသဘောနှင့်ဖြစ်ရမည်။ တရားခံသည် ဒုတိယနှင့်တတိယအင်္ဂါရပ်ရှိ အချက်အလက်များကို သိလျက်နှင့်ပြုခြင်း ဖြစ်ရပေမည်။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၀၄ | သေစဉ်ကကျန်ရစ်ခဲ့သည့် သေသူတစ်ဦး၏ လက်ရှိဖြစ်ကြောင်း သိလျက်နှင့် ထိုပြင် ထိုပစ္စည်းသည် ဥပဒေနှင့်အညီလက်ရှိဖြစ်ပိုင်ခွင့် ရှိသူ တစ်ဦးတစ်ယောက်၏လက်သို့မရောက်သေး ကြောင်းသိလျက်နှင့် ထိုပစ္စည်းကို မရိုးမဖြောင့် သောသဘောဖြင့် အလွဲသုံးစားပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး၊ သို့မဟုတ် ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |
| | ပြစ်မှုကျူးလွန်သူသည် သေသူ၏ စာရေး၊ သို့မဟုတ် စေခိုင်းခံရသူဖြစ်လျှင်။ | ၎င်း | ၎င်း | ၎င်း | ၎င်း | ၇နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင်၊ ငွေဒဏ်။ | |

**စီရင်ထုံး**

၁။ ပိုင်ရှင်သေဆုံးပြီးသည့်နောက် သက်ဆိုင်ရာ အမွေစား အမွေခံ၏လက်သို့ မရောက်ရှိမီ ကြားကာလတွင် အလွဲသုံးစားပြုခြင်းကို ကာကွယ်ရန်ဖြစ်လေသည်။ သေသူ၏ပစ္စည်းကို တစိမ်းတရံစာလူက ဝင်ရောက်၍ အလွဲသုံးစားပြုလျှင် ဤပုဒ်မ အရ ပြစ်မှုမြောက်သည်။ သေသူ၏ စာရေး၊ သို့မဟုတ် အစေခံက အလွဲသုံးစားပြု ပါက အလုပ်ရှင်၏ပစ္စည်းကို မတရား လုယက်ရာရောက်၍ ပို၍ကြီးလေးသော အပြစ်ဒဏ်ကို သတ်မှတ်ထားခြင်းဖြစ်သည်။ သေသူ၏ ပစ္စည်းအပေါ် ပိုင်ရေးပိုင်ခွင့်

http://www.cherrythitsar.org



လုံးဝမရှိသူကို အလွဲသုံးစားမပြုရန် ပြဋ္ဌာန်းထားခြင်းဖြစ်၍ သေသူ၏ဆွေမျိုးများက အမွေစားအမွေခံအဖြစ် သုံးစွဲခဲ့သည့် ကိစ္စမျိုးနှင့် အကျုံးဝင်မည်မဟုတ်ပေ။

*[ဦးညိုပါ-၇နှင့်ပြည်ထောင်စု ၁၉၆၉ မြန်မာပြည်စီရင်ထုံး ၁၄၀ ]*

၂။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၄ အရ ပြစ်မှုမြောက်ရန် သေဆုံးသူ၏ ကျန်ရစ်သော ပစ္စည်းကို သေဆုံးသူနှင့် မည်သို့မှုဆွေမျိုးတော်စပ်ခြင်းမရှိသူတစ်ဦးက မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုခြင်းနှင့်သက်ဆိုင်သည်။

*[ဒေါ်တင်ညွန့်နှင့်ပြည်ထောင်စု ၁၉၇၉ မြန်မာပြည်စီရင်ထုံး ၅၉ ]*

၃။ အမွေပုံပစ္စည်းတစ်ရပ်နှင့်စပ်လျဉ်း၍ အမွေဆိုင်တစ်ဦးအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၄ အရ အလွဲသုံးစားမှုမြောက်ရန်အကြောင်း မပေါ်ပေါက်နိုင်ပေ။

*[ဦးမောင်မောင်နှင့်ပြည်ထောင်စု ၁၉၈၄ မြန်မာပြည်စီရင်ထုံး ၇၀ ]*

၄။ တန်ဖိုးခြောက်သောင်းကျော်ပစ္စည်းများကို အလွဲသုံးစားပြုသူအား ဒဏ်ငွေ ၃၀၀ိ/-သာ သတ်မှတ်ခြင်းသည် လျော်ကန်ခြင်းမရှိပေ။ အပြစ်ရှိသူအား ကရုဏာထားသည်နှင့်အမျှ နစ်နာသူ၏ နစ်နာမှုအတိမ်အနက်ကိုလည်း သတိချပ်သင့်ပေသည်။

*[ဒေါ်သန်းရှင်နှင့်ပြည်ထောင်စု ၁၉၇၅ မြန်မာပြည်စီရင်ထုံး ၁၀၀ ]*

၅။ ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်မှုမြောက် မမြောက်ဟူသောအချက်နှင့် တရားမဆိုင်ရာအရ မြွက်ဟ ဒီကရီပေးသင့် မသင့်ဟူသော အချက်တို့မှာ တူညီမည်ဟု မဆိုနိုင်ပေ။ တရားမမှု စွဲဆိုထားသည်ဆိုသောအချက်ကြောင့် ပြစ်မှုဆိုင်ရာအမှုကို ဆိုင်းငံ့ထားရန်မလိုပေ။

*[အရာခံဗိုလ်မြသောင်းနှင့်ပြည်ထောင်စု ၁၉၇၉ မြန်မာပြည်စီရင်ထုံး ၁၇၃]*

**ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှု။ (ပုဒ်မ ၄၀၅)**

**Criminal breach of trust. (Section 405)**

**<u>ဥပဒေပြင့်ဆိုချက်</u>**

မည်သူမဆို၊ ပစ္စည်းကို၊ သို့တည်းမဟုတ် ပစ္စည်းစီမံခန့်ခွဲပိုင်ခွင့်ကို တစ်နည်းနည်းဖြင့် ယုံကြည်အပ်နှံခြင်းခံရသည်တွင် ထိုပစ္စည်းကို မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုလျှင်၊ သို့တည်းမဟုတ် မိမိ၏ပစ္စည်းအဖြစ် ပြောင်းလွှဲလျှင် သို့တည်းမဟုတ် ယုံကြည်အပ်နှံခြင်းခံရသည့်အတိုင်း ဆောင်ရွက်ရန်နည်းလမ်းကို ပြဋ္ဌာန်းသည့်ဥပဒေညွှန်ကြားချက်ကို ကျူးလွန်၍သော်လည်းကောင်း၊ ယုံကြည်အပ်နှံခြင်းခံရသည့်အတိုင်း ဆောင်ရွက်ရန်ကိစ္စနှင့်စပ်လျဉ်း၍ အတည့်အလင်းဖြစ်စေ၊ သဘောသက်ရောက်စေခြင်းဖြင့်ဖြစ်စေ မိမိချုပ်ဆိုသော ဥပဒေနှင့်ညီသည့် ပဋိညာဉ်ကို ကျူးလွန်၍သော်လည်းကောင်း ထိုပစ္စည်းကို မရိုးမဖြောင့်သော သဘောဖြင့် သုံးစွဲခြင်းကို၊ သို့တည်းမဟုတ် စီမံခန့်ခွဲခြင်းကိုပြုလျှင်၊ သို့တည်းမဟုတ် အခြားသူက ထိုသို့ပြုသည်ကို တမင်ခွင့်ပြုလျှင်၊ ထိုသူသည် ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုကို ကျူးလွန်သည်မည်၏။

http://www.cherrythitsar.org



ဥပမာများ။

(က) မောင်ဖြူသည် သေသူတစ်ဦး၏ အမွေပစ္စည်းကို ထိန်းသိမ်းစီမံခန့်ခွဲရန် သေတမ်းစာဖြင့် လွှဲအပ်ခြင်းခံရသည်ဖြစ်၏။ သို့ရာတွင် အမွေပစ္စည်းအရပ်ရပ်ကို သေတမ်းစာအရ ခွဲဝေပေးရန် ညွှန်ကြားသည့်ဥပဒေကို မရိုးမဖြောင့်သောသဘော နှင့် ဖီဆန်၍ ထိုပစ္စည်းအရပ်ရပ်ကို မိမိ၏ပစ္စည်းအဖြစ်ဖြင့် သုံးစွဲလိုက်၏။ မောင်ဖြူ သည် ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုကို ကျူးလွန်သည်။

(ခ) မောင်ဖြူသည် ကုန်ရုံမှူးဖြစ်၏။ မောင်မဲသည် ခရီးထွက်သည့်အခါ ကုန်ရုံမှူး မောင်ဖြူထံ၌ မိမိပြန်ရောက်သည့်အခါ သတ်မှတ်သောကုန်ရုံအခန်းခကိုပေး၍ ပစ္စည်းပြန်ယူမည်ဟူသော ပဋိညာဉ်ကိုပြုပြီးလျှင် မိမိ၏အိမ်ထောင်ပရိဘောဂကို အပ်နှံထား၏။ မောင်ဖြူသည် မရိုးမဖြောင့်သောသဘောဖြင့် အပ်နှံထားသော ထိုပစ္စည်းများကို ရောင်းချလိုက်၏။ ဤတွင် မောင်ဖြူသည် ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုကို ကျူးလွန်လိုက်သည်။

(ဂ) ရန်ကုန်မြို့နေ မောင်ဖြူသည် မန္တလေးမြို့နေ မောင်မဲ၏ ကိုယ်စားလှယ်ဖြစ်၏။ မောင်မဲက မောင်ဖြူထံသို့ပို့သော ငွေအားလုံးကို မောင်မဲ၏ ညွှန်ကြားချက်အတိုင်း မောင်ဖြူက ရင်းနှီးရန် မောင်မဲနှင့်မောင်ဖြူတို့သည် အတည့်အလင်းဖြစ်စေ၊ သဘောသက်ရောက်စေခြင်းဖြင့်ဖြစ်စေ ပဋိညာဉ်ပြုထား၏။ မောင်မဲက အစိုးရငွေ လက်မှတ်များကို ဝယ်ယူစေရန် ညွှန်ကြား၍ မောင်ဖြူထံသို့ ငွေတစ်သိန်းပို့လိုက်၏။ မောင်ဖြူသည် မရိုးမဖြောင့်သောသဘောဖြင့် မောင်မဲညွှန်ကြားချက်ကို ဖီဆန်၍ ထိုငွေများကို မိမိကိုယ်ပိုင်လုပ်ငန်း၌ သုံးစွဲ၏။ ဤတွင် မောင်ဖြူသည် ရာဇဝတ် မကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုကို ကျူးလွန်သည်။

(ဃ) သို့သော်လည်း အထက်ပါ ဥပမာ(ဂ)၌ မောင်ဖြူသည် အစုစပ်ဘဏ်၌ ရှယ်ယာ များကို ဝယ်ယူခြင်းဖြင့် မောင်မဲမှာ ပိုမိုအကျိုးဖြစ်ထွန်းလိမ့်မည်ဟု ယုံကြည်၍ မရိုးမဖြောင့်သောသဘောနှင့် မဟုတ်ဘဲ ရိုးဖြောင့်သောသဘောဖြင့် မောင်မဲ၏ ညွှန်ကြားချက်ကို ဖီဆန်လျက် အစိုးရငွေလက်မှတ်များကို ဝယ်ယူမည့်အစား အစုစပ်ဘဏ်၌ ရှယ်ယာများကို မောင်မဲအတွက် ဝယ်ယူလိုက်သည်တွင် မောင်မဲမှာ ဆုံးရှုံးခြင်းသို့ရောက်၍ ထိုသို့ ဆုံးရှုံးသည့်အတွက် မောင်မဲက မောင်ဖြူအပေါ်၌ တရားမကြောင်း တရားစွဲဆိုခွင့်ရှိသော်လည်း မောင်ဖြူသည် မရိုးမဖြောင့်သော သဘောနှင့်ပြုလုပ်ခြင်းမဟုတ်သောကြောင့် ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံ ရေးဖောက်ဖျက်မှုကို ကျူးလွန်သည်မမည်။

(င) အခွန်တော်အရာရှိ ဦးဖြူထံတွင် အစိုးရငွေများကို အပ်နှံထား၏။ ဥပဒေ အရဖြစ်စေ၊ အစိုးရနှင့် အတည့်အလင်းသော်လည်းကောင်း၊ သဘောသက်ရောက် စေခြင်းဖြင့်သော်လည်းကောင်း ပြုထားသည့် ပဋိညာဉ်အရဖြစ်စေ၊ မိမိထံတွင် အပ်နှံထားသော အစိုးရငွေကို အစိုးရငွေတိုက်သို့ ပေးသွင်းရန် ဦးဖြူ၌တာဝန်ရှိ၏။ ဦးဖြူက ထိုငွေများကို မရိုးမဖြောင့်သောသဘောဖြင့် သုံးစားလိုက်၏။ ဦးဖြူသည် ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုကို ကျူးလွန်၏။

http://www.cherrythitsar.org



(စ) မောင်မဲသည် မိမိ၏ပစ္စည်းများကို ကုန်းကြောင်းခရီးဖြင့်သော်လည်းကောင်း၊ ရေကြောင်းခရီးဖြင့်သော်လည်းကောင်း သယ်ယူစေရန် သယ်ဆောင်သူ မောင်ဖြူထံ၌ အပ်နှံထားခဲ့၏။ ထိုပစ္စည်းများကို မောင်ဖြူက မရိုးမဖြောင့်သော သဘောဖြင့် အလွဲသုံးစားပြု၏။ မောင်ဖြူသည် ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုကို ကျူးလွန်၏။

**ရာဇဝတ်မကင်းသောယုံကြည်အပ်နှံရေးဖောက်ဖျက်မှုအတွက်ပြစ်ဒဏ်။ (ပုဒ်မ ၄၀၆)**

**Punishment or criminal breach of trust. (Section 406)**

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

မည်သူမဆို၊ ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုကို ကျူးလွန်လျှင်၊ ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၀၆ | ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**<u>စီရင်ထုံး</u>**

၁။ ယုံကြည်အပ်နှံခံရသူက ယုံကြည်အပ်နှံသည့် မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုလျှင်သော်လည်းကောင်း၊ မိမိပစ္စည်းအဖြစ် ပြောင်းလွဲခြင်းပြုလျှင်သော်လည်းကောင်း၊ ပြစ်မှုမကင်းသည့် ယုံကြည်အပ်နှံရေးဖောက်ဖျက်မှု မြောက်သည်။ ပစ္စည်းကို မည်သည့်နည်းနှင့်မဆို အပ်နှံခြင်းခံရသူတိုင်းနှင့်သက်ဆိုင်သည်။ မရိုးမဖြောင့်သော သဘောဖြင့် ပစ္စည်းကို အလွဲသုံးစားပြုခြင်း၊ မိမိပစ္စည်းအဖြစ် ပြောင်းလွဲခြင်းသာမက ဥပဒေညွှန်ကြားချက်ကို ကျူးလွန်၍သော်လည်းကောင်း၊ ပဋိညာဉ်ကိုကျူးလွန်၍သော်လည်းကောင်း ပစ္စည်းကိုသုံးစွဲလျှင် ပြစ်မှုမြောက်သည်။ အပ်နှံထားသည့်ပစ္စည်းကို အလွဲသုံးစားပြုတိုင်း အလွဲသုံးစားပြုသူကို တရားမကြောင်းအရ အရေးယူနိုင်မည်ဖြစ်သည်။ မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုခြင်း မဖြစ်က ပြစ်မှုမမြောက်ပေ။

*[ ဘီရာဂျားနားနှင့်အစိုးရ ၁၉၄၈ မြန်မာပြည်စီရင်ထုံး ၆၁ ]*

http://www.cherrythitsar.org



၂။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၃ ကဲ့သို့ ရွှေ့ပြောင်းနိုင်သောပစ္စည်းဟု တိကျစွာ ဖော်ပြထားခြင်းမရှိသဖြင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းကို အလွဲသုံးစားပြုလျှင်လည်း ဤပုဒ်မအရ ပြစ်မှုသည် ခိုးမှုအနွယ်တွင် ပါဝင်သည့်ပြစ်မှုတစ်ခုဖြစ်သည့်အလျောက် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့်သာ သက်ဆိုင်သည်ဟု အချို့က ယူဆကြသည်။ ထိုအယူအဆကို ယခုအခါ အများစုက လက်ခံလျက်ရှိသည်။

*[ဦးကတိုးနှင့်အစိုးရ၊ အတွဲ-၈ ရန်ကုန် ၁၃ ]*

၃။ တစ်ဦးက အခြားတစ်ဦးအပေါ် စိတ်ချယုံကြည်သဖြင့် ပစ္စည်းအား လက်ရှိပေးအပ်ခြင်းကို ဆိုလိုသည်။ အများနားလည်သည့် စကားရပ်အနေဖြင့် အသုံးပြုထားခြင်းသာဖြစ်ပြီး အခြားအထွေထွေအဓိပ္ပာယ်မရှိပေ။

*[အင်အင်ဘာကျော်ကျီနှင့်အစိုးရ၊ ၁၉၃၅ ရန်ကုန် ၄၅၃ ]*

၄။ ပစ္စည်းကို ယုံကြည်အပ်နှံရာ၌ တရားဥပဒေနှင့်ညီညွတ်သည့်ကိစ္စရပ်အတွက် ဖြစ်ရန်မလိုပေ။ ယုံကြည်အပ်နှံသည့်ပစ္စည်းကို မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုလျှင် ဤပုဒ်မနှင့်အကျုံးဝင်မည်ဖြစ်၍ တရားဥပဒေနှင့် ညီညွတ်ခြင်းမရှိသည့်ကိစ္စရပ်အတွက် အပ်နှံခြင်းဖြစ်စေကာမူ ပြစ်မှုမြောက်မည်ဖြစ်သည်။ သို့ဖြစ်ရာ လောင်းကစားငွေကို လက်ခံထားသည့် လောင်းကစားဒိုင်က အလွဲသုံးစားပြုလျှင် ဤပုဒ်မအရ ပြစ်မှုကျူးလွန်သည်ဟု ယူဆရသည်။

*[မောင်တင်နှင့်အစိုးရ၊ အတွဲ-၂ အောက်မြန်မာပြည်စီရင်ထုံး ၂၁၆ ]*

၅။ ချေးငွေအဖြစ် ငွေကိုထုတ်ပေးလျှင် တရားခံအား ပစ္စည်းကို အပ်နှံခဲ့သည်ဟု ဆိုနိုင်မည်မဟုတ်၍ ဤပုဒ်မအရ အရေးမယူနိုင်။

*[ဝေါင်ယုံမိန်းနှင့်အစိုးရ၊ အတွဲ-၆၊ အောက်မြန်မာပြည်စီရင်ထုံး ၄၆ ]*

၆။ ပဋိညာဉ်ကို ချိုးဖောက်ကာမျှနှင့် ပြစ်မှုမမြောက်။ စိတ်ချယုံကြည်သဖြင့် သူတစ်ပါးက အပ်နှံထားသည့်ပစ္စည်းကို အလွဲသုံးစားပြုမှသာ ဤပုဒ်မအရ ပြစ်မှုမြောက်မည်ဖြစ်သည်။ သို့ဖြစ်ရာ စပါးဝယ်ရန် ငွေထုတ်ပေးပြီး ထိုငွေအတွက် အော်ဒီမံ စာချုပ်ချုပ်ဆိုထားလျှင် ငွေကို တရားခံအား ယုံကြည်အပ်နှံထားသည်ဟု ဆိုနိုင်မည်မဟုတ်။

*[ဖိုးဆိတ်နှင့်အစိုးရ၊ အတွဲ-၆၊ မြန်မာပြည်စီရင်ထုံး ၆၂ ]*

၇။ ငွေကို စပါးဝယ်ရန်ကိစ္စအတွက် ထုတ်ပေးသည်ဆိုကာမျှဖြင့် တရားခံသည် ထိုငွေကို အပ်နှံခံရသူ မဖြစ်နိုင်ပေ။

*[ဟုတ်ချွန်ကုမ္ပဏီနှင့်သာကတိုး၊ အတွဲ-၇၊ အောက်မြန်မာပြည်စီရင်ထုံး ၁၆]*

*[ဘိုးရွှတ်နှင့်အစိုးရ၊ အတွဲ-၇၊ အောက်မြန်မာပြည်စီရင်ထုံး ၂၇၈ ]*

*[မောင်ချမ်းစိန်နှင့်အစိုးရ၊ ၁၉၄၁ ရန်ကုန်စီရင်ထုံး ၁၉၃ ]*

၈။ တရားလိုနှင့် တရားခံတို့သည် လက်ထပ်ရန် ရည်ရွယ်ထားကြသူများဖြစ်သည့်အလျောက် တရားလိုက ပစ္စည်းများစုဆောင်းဝယ်ယူပြီး တရားခံထံ အလီလီပေးပို့ထားခဲ့ပြီးနောက် လက်မထပ်ဖြစ်တော့သဖြင့် ပစ္စည်းများကို ပြန်လည်တောင်းဆိုရာ

http://www.cherrythitsar.org



ပြန်မပေး၍ ယုံကြည်အပ်နှံခြင်းဖောက်ဖျက်မှုဖြင့် အရေးယူသည်။ နှစ်ဦးသဘောတူ စုဆောင်းထားကြသည့်ပစ္စည်းများနှင့်သက်ဆိုင်နေသောကြောင့် ယုံကြည်အပ်နှံမှု ရှိသည်ဟု မယူဆနိုင်။ သို့ဖြစ်ရာ တရားလိုသည် ပြစ်မှုကြောင်းအရ အရေးမယူနိုင်။ တရားမကြောင်းအရသာ အရေးဆိုရမည်။

*[မစန်းစန်းဦးနှင့်ပြည်ထောင်စု ၁၉၈၃ မြန်မာပြည်စီရင်ထုံး ၁၀၁ ]*

၉။ ပစ္စည်းသည် တရားခံ၏ စီမံခန့်ခွဲအောက်တွင်ရှိက ယုံကြည်အပ်နှံမှုရှိသည်ဟု ကောက်ယူရမည်။ စီမံခန့်ခွဲမှုနှင့် ယုံကြည်အပ်နှံမှုမှာ တစ်သဘောတည်းမဟုတ်ချေ။ ဥပမာဆောင်ရလျှင် စက်ရုံတစ်ရုံ၏ မန်နေဂျာနှင့် အိုဗာစီရာတို့သည် စက်ရုံအတွင်းရှိ ပစ္စည်းများအပေါ် သီးသန့်ထားသည့်အတိုင်း စီမံခန့်ခွဲနိုင်ကြသည်။ စက်ပစ္စည်းများကို ၎င်းတို့အား အပ်နှံထားခြင်းမဟုတ်ပေ။ ယင်းသို့ စီမံခန့်ခွဲနိုင်သည့် ပစ္စည်းများကို အလွဲသုံးစားပြုလျှင် ဤပုဒ်မအရ ပြစ်မှုမြောက်ကြမည်ဖြစ်သည်။ တရားခံက ခရိုင်အင်ဂျင်နီယာထံမှ ရရန်ရှိသည့် ချက်လက်မှတ်များကို ပေးပါမည်ဟု ဝန်ခံလက်မှတ်ထိုးထားပါလျက် ချက်လက်မှတ်များကိုမပေးဘဲ ငွေထုတ်ယူသုံးစွဲပါက ဤပုဒ်မအရ တရားခံသည် ချက်လက်မှတ်များနှင့်ပတ်သက်၍ စီမံခန့်ခွဲနိုင်သူတစ်ဦးအနေဖြင့် တာဝန်ရှိမည်ဖြစ်သည်။

*[အက်စ်ဘီစက်ဟာဒတ်နှင့်အစိုးရ၊ (၁၉၀၇-၀၉)*
*အထက်မြန်မာပြည်စီရင်ထုံး ၁၃ (ပြစ်မှုဆိုင်ရာ) ]*

၁၀။ အစိုးရရေဒီယိုများရောင်းရငွေကို လက်ခံရသည့် လက်ထောက်အတွင်းဝန်သည် ထိုငွေများအား စီမံခန့်ခွဲနိုင်သူဖြစ်သည်ဟု ယူဆရပေမည်။

*[ဂျေအမ်ဘာရိုးနှင့်ပြည်ထောင်စု ၁၉၅၃ မြန်မာပြည်စီရင်ထုံး ၃၁၅(လွှတ်တော်)]*

၁၁။ သာမာန်အားဖြင့် အစုရှင်တစ်ဦးသည် အစုစပ်လုပ်ငန်းကို ကိုယ်စားပြုသူတစ်ဦးဖြစ်၍ အစုစပ်လုပ်ငန်းအတွက် ရရှိသောငွေနှင့်ပတ်သက်၍ အလွဲသုံးစားမှုဖြင့် တရားစွဲခြင်းမပြုနိုင်။

*[ကျော်ရန်နှင့်အစိုးရ၊ အတွဲ-၁၊ ဘားမားလောတိုင်း ၁၀၁ ]*

၁၂။ အစုရှင်တစ်ဦးသည် အစုစပ်လုပ်ငန်း၏ပစ္စည်းများနှင့်ပတ်သက်၍ မည်သို့မည်ပုံ အသုံးပြုရမည်ဟု အခြားအစုရှင်များက သဘောတူအပ်နှံချက် ပဋိညာဉ်ရှိပါမူ ထိုအစုရှင်သည် ယင်းသဘောတူ ပဋိညာဉ်ကို ဖောက်ဖျက်ပြီး အလွဲသုံးစားပြုလျှင် ဤပုဒ်မအရ ပြစ်မှုကြောင်းဖြင့် အရေးယူနိုင်မည်ဖြစ်သည်။

*[ဘောသာဦးနှင့်ပြည်ထောင်စု ၁၉၅၇ မြန်မာပြည်စီရင်ထုံး ၁၇၉(လွှတ်တော်)]*
*[ဦးကန်သာနှင့်ပြည်ထောင်စု ၁၉၅၇ မြန်မာပြည်စီရင်ထုံး ၃၃၆(လွှတ်တော်)]*
*[ဦးညီလေးနှင့်ပြည်ထောင်စု ၁၉၅၉ မြန်မာပြည်စီရင်ထုံး ၆၀(လွှတ်တော်ချုပ်)]*

၁၃။ အစုစပ်ဆိုသည့်သဘောကပင် အစုစပ်ပိုင်ပစ္စည်းများကို အစုစပ်တစ်ဦးက အစုစပ်တစ်ဦးသို့ ယုံကြည်အပ်နှံခြင်းပြုသည့် သဘောမရှိနိုင်ပေ။ ထို့ကြောင့်လည်း သာမာန်အစုစပ်လုပ်ငန်းနှင့်ပတ်သက်၍ အစုစပ်တစ်ဦးက အခြားအစုစပ်တစ်ဦး

http://www.cherrythitsar.org



အပေါ် ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုဖြင့် မစွဲဆိုနိုင်ပေ။ အစုစပ်ပစ္စည်းများအနက် မည်သည့်ပစ္စည်းကို မည်သို့စီမံခန့်ခွဲရမည်၊ မည်သို့ ဆောင်ရွက်ရမည်ဆိုသော အထူးသဘောတူညီချက် တစ်စုံတစ်ရာ ရှိကြသဖြင့် ယင်းသဘောတူညီချက်အရ အစုစပ်ပစ္စည်းများကို ယုံကြည်အပ်နှံခြင်းဖြစ်မှသာ ယင်း အစုစပ်ပစ္စည်းများကို အလွဲသုံးစားပြုလုပ်ခြင်းဖြင့် ပြစ်မှုမကင်းသော ယုံကြည် အပ်နှံရေးဖောက်ဖျက်မှုကို ကျူးလွန်နိုင်သည်။

*[ဦးချစ်ကျော်နှင့်ပြည်ထောင်စု ၁၉၈၁ မြန်မာပြည်စီရင်ထုံး ၁၄ ]*

၁၄။ ကိစ္စကြောင်းရပ်တစ်ခုခုအတွက် ပစ္စည်းငှားရမ်းလက်ခံရရှိသူက ထိုကိစ္စရပ်ကို ကျော်လွန်၍ သုံးစွဲလျှင် ယုံကြည်အပ်နှံမှုဖောက်ဖျက်ရာရောက်သည်။ တရားခံက တရားလိုထံမှ ရွှေကြိုးကို လက်ထပ်ပွဲ၌ဝတ်ရန် ငှားရမ်းပြီး ပြန်မပေးဘဲနေလျှင် ဤပုဒ်မအရ အရေးယူနိုင်ပေသည်။

*[ဗာဒီဗေလူးချစ်တီးနှင့်အဗ္ဗဒူရာဇတ်၊ အတွဲ-၁၊ ဘားမားလောတိုင်း ၁၀၃]*

၁၅။ ပစ္စည်းအား အပေါင်ခံသူသည် တစ်ဆင့်ပေါင်နှံခြင်းမပြုရဟု ပဋိညာဉ်မရှိလျှင် တစ်ဆင့်ပေါင်နှံခွင့်ရှိပေသည်။ ထိုကဲ့သို့ တစ်ဆင့်ပေါင်နှံခြင်းကြောင့် ပြစ်မှုမမြောက်။ ယင်းသို့ တဆင့်ပေါင်နှံခြင်းသည် မရိုးမဖြောင့်သောသဘောဖြင့် ပြုသည်ဟု ဆိုနိုင် မည်မဟုတ်ပေ။

*[အာရ်မန်ဂီလာလ်နှင့်အစိုးရ၊ ၁၉၄၁ ရန်ကုန်စီရင်ထုံး ၇၈၄ ]*

၁၆။ ငှားရမ်းဝယ်ယူသည့်ပဋိညာဉ်အရ ရရှိသည့်ပစ္စည်းကို နှစ်ဦးသဘောတူထား သည့် တန်ဖိုးငွေ အကြေမပေးဘဲ ရောင်းချပစ်လျှင် အလွဲသုံးစားပြုရာရောက်သည်။ ငွေမကြေသရွေ့ ပစ္စည်းမှာ ပိုင်ရှင်၏ပစ္စည်းအဖြစ် ရပ်တည်လျက်ရှိသောကြောင့် တရားခံသည် ထိုပစ္စည်းအား အပ်နှံခြင်းခံရသူတစ်ယောက်၏ အခြေ၌သာရှိသည့် အလျောက် ပဋိညာဉ်ကို ချိုးဖောက်ပြီး ရောင်းချလျှင် ပြစ်မှုမြောက်မည်ဖြစ်သည်။ အဖိုးငွေ ၁၂၀ ကျပ်ရှိသော အပ်ချုပ်စက်ကို လက်ငင်း ၁၅ ကျပ်ပေးပြီး တစ်လ ၁၀ ကျပ်နှုန်းပေးရန် တာဝန်နှင့်ဝယ်ယူရာ၌ ငွေမကြေသရွေ့ ပိုင်ရှင်က ပြန်ယူနိုင် သည်ဟု ပဋိညာဉ်ရှိခဲ့ရာ ငွေမကြေမီ တရားခံက စက်ကို ရောင်းချလျှင် အလွဲသုံးစား ပြုရာ ရောက်ပေသည်။

*[မြကြီးနှင့်ဘိုးရွှေ၊ အတွဲ-၇၊ အောက်မြန်မာပြည်စီရင်ထုံး ၂၉၈ ]*

၁၇။ ဤပုဒ်မတွင် အဓိကအင်္ဂါရပ်မှာ မရိုးမဖြောင့်သောသဘောရှိရန်လိုသည်ဆို ခြင်းပင်ဖြစ်သည်။ ပစ္စည်းကို အလွဲသုံးစားပြုခြင်း၊ မိမိပစ္စည်းအဖြစ်လွှဲပြောင်းခြင်း ပြုကာမျှဖြင့် ပြစ်မှုမမြောက်၊ မရိုးမဖြောင့်သောသဘောနှင့်ပြုမှသာ ဤပုဒ်မနှင့် အကျုံးဝင်မည်။

*[ဘီရာဂျာနားနှင့်အစိုးရ၊ ၁၉၄၈ မြန်မာပြည်စီရင်ထုံး ၆၁ ]*

*[ပြည်ထောင်စု နှင့်ဦးခင်မောင်လတ်၊ ၁၉၅၂ မြန်မာပြည်စီရင်ထုံး၊ ၁၁၄၊ (လွှတ်တော်)]*

http://www.cherrythitsar.org



၁၈။ ငွေကို လက်ရှိထားကာမျှဖြင့် တရားခံသည် မရိုးမဖြောင့်သော သဘောဖြင့် အလွဲသုံးစားပြုသည်ဟု တစ်ထစ်ချယူဆရန်မဟုတ်။ ယုံကြည်အပ်နှံမှုကို ဖောက်ဖျက်ပြီး မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုခဲ့သည်ဆိုသော အထောက်အထားရှိရန် လိုပေသည်။

*[မောင်မှုနှင့်အစိုးရ (၁၈၉၇-၁၉၀၁) အတွဲ-၁၊ အထက်မြန်မာပြည်စီရင်ထုံး ၃၄၅]*

၁၉။ ငွေကို သာမန်လက်ရှိထားကာမျှဖြင့် မရိုးမဖြောင့်သောသဘောနှင့် အလွဲသုံးစားပြုသည်ဟု တစ်ထစ်ချယူဆရန်မဟုတ်သော်လည်း ထိုကဲ့သို့ထားရှိခြင်းသည် မရိုးမဖြောင့်သောသဘောနှင့် အလွဲသုံးစားပြုသည်ဟု ယူဆရန်အကြောင်းတစ်ရပ်ဖြစ်ပေသည်။

*[သာဇန်နှင့်အစိုးရ(၁၉၀၄-၀၆)အထက်မြန်မာပြည်စီရင်ထုံး ၁၉(ပြစ်မှုဆိုင်ရာ)]*

၂၀။ မရိုးမဖြောင့်သောသဘောဆိုသည်မှာ လူတစ်ဦး၏ စိတ်၌ ဖြစ်ပေါ်သည့် အကြောင်းအရာတစ်ခုဖြစ်ရာ တိုက်ရိုက် သက်သေအထောက်အထားတင်ပြရန် မဖြစ်နိုင်၍ ပေါ်ပေါက်နေသော ကြောင်းခြင်းရာအပေါ် ယူဆချက်ပြုရမည်ဖြစ်သည့် အလျောက် အပ်နှံထားသည့်ငွေကို စာရင်းရှင်းလင်းခြင်းမပြုသည့် အကြောင်းရပ်သည် မရိုးမဖြောင့်သောသဘောနှင့် သုံးစွဲထားသည်ဟု ယူဆရန်အကြောင်းတစ်ရပ်ဖြစ်ပေသည်။

*[ဂါရှင်နှင့်မူတူးဆာမိ(၁၉၀၇-၁၉) အတွဲ-၁၊ အထက်မြန်မာပြည်စီရင်ထုံး ၂၁(ပြစ်မှုဆိုင်ရာ) ]*

၂၁။ ငွေကို အလွဲသုံးစားပြုသည့်အမှုတွင် မည်သို့မည်ပုံ ငွေကို သုံးစွဲခဲ့သည်ဟု သက်သေအထင်အရှားပြရန်မလို၊ ပေါ်ပေါက်လျက်ရှိသောကြောင်းခြင်းရာအပေါ် ဆုံးဖြတ်နိုင်သည်။

*[ဘိုးစန်နှင့်အစိုးရ၊ (၁၈၉၂-၉၆) အတွဲ-၁၊ အထက်မြန်မာပြည်စီရင်ထုံး ၂၅၃]*

၂၂။ ပစ္စည်းကို တစ်နည်းနည်းဖြင့် ယုံကြည်အပ်နှံလျှင် ဤပုဒ်မနှင့် အကျုံးဝင်မည်ဖြစ်၍ ပိုင်ရှင်သာမက ပိုင်ရှင်၏ ကိုယ်စားလှယ်ကလည်း ယုံကြည်အပ်နှံခြင်းပြုနိုင်ပေသည်။

*[ဦးစိန်သာဇံနှင့်ဒေါ်ကြည်ကြည်ပါ-၂၊ ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၁၅၆၆]*

၂၃။ ပြစ်မှုဆိုင်ရာအမှုများတွင် အလွဲသုံးစားပြုထားသောငွေကို ပေးလျော်ပြီးဖြစ်သည်ဟု ဆိုရုံမျှဖြင့် တရားခံသည်ပြစ်မှုမှ ကင်းလွတ်ခွင့်ရနိုင်သည်မဟုတ်ပေ။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ ပြစ်မှုသည် ကျေအေးနိုင်သောအမှုမျိုးမဟုတ်သောကြောင့် တရားလိုတရားခံ နှစ်ဦးသဘောတူကျေအေးခြင်းဖြင့်လည်း အမှုကို ပိတ်သိမ်းခွင့်မရှိပေ။

*[ဦးသိန်းဆွေနှင့်ပထစ၊ ၁၉၈၁၊ မြန်မာပြည်စီရင်ထုံး၊ ၁၂၃]*

၂၄။ တရားလိုက တရားခံအား ပစ္စည်း၏ မီးရထားလက်မှတ်ကို ပဲခူး၌ပေးပြီး ပစ္စည်းကို ရန်ကုန်၌လက်ခံကာ ရောင်းချရန် ညွှန်ကြားခဲ့သည့်အတိုင်း တရားခံသည် ရန်ကုန်၌ ပစ္စည်းကို ထုတ်၍ ရောင်းရငွေကို အလွဲသုံးစားပြုလျှင် ရန်ကုန်မြို့၌သာ တရားခံကို စွဲဆိုရမည်ဖြစ်ပြီး ပဲခူး၌စွဲဆိုခြင်းမပြုနိုင်ပေ။

*[ကာဝီချစ်ဝီနှင့်ကေစီချစ်တီး၊ အေအိုင်အာ၊ ၁၉၁၇၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၁၀]*

http://www.cherrythitsar.org



၂၅။ ဤပုဒ်မ၌ အပိုင်းနှစ်ပိုင်းရှိရာ စွဲဆိုပုံစံ၌ သက်ဆိုင်ရာအပိုင်းကို တိကျစွာဖော်ပြသင့်ပေသည်။ ငွေအလွဲသုံးစားမှုများတွင် တစ်နှစ်အတွင်း ရက်စွဲနှစ်ခုအကြားရှိ ကာလတွင် ငွေပေါင်းအားလုံးမည်ရွေ့မည်မျှ သုံးစွဲခဲ့သည်ဟု စွဲချက်၌ဖော်ပြလျှင် လုံလောက်သည်။ မည်သည့်ရက်တွင် ငွေမည်မျှသုံးစွဲခဲ့သည်ဟု တစ်ခုစီ အသေးစိတ် ဖော်ပြရန်မလို။

*[ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၂၂(၂) ]*

၂၆။ တရားခံသည် သူတစ်ပါးပစ္စည်းကို အပ်နှံခြင်းခံရသူဖြစ်မှသာ ဤပုဒ်မနှင့် အကျုံးဝင်မည်ဖြစ်သည့်အလျောက် အစိုးရအသိအမှတ်ပြု အထည်ကုန်သည်က အစိုးရရောင်းဝယ်ရေးဌာနစုမှ ဝယ်ထားသည့် အဝတ်အထည်များကို အသိအမှတ် မပြုသည့် အပြင်လူများကို ရောင်းချခဲ့သော်လည်း ပစ္စည်းကို အစိုးရက အပ်နှံခဲ့ သည်ဆိုသောအင်္ဂါရပ် မရှိသဖြင့် ပြစ်မှုမမြောက်။

*[ဘာလျမ်းနှင့်အစိုးရ၊ ၁၉၆၄ ရန်ကုန်စီရင်ထုံး ၂၉၁ ]*

၂၇။ အပ်နှံခြင်းခံရသည့် တရားခံက ငွေကို မည်ကဲ့သို့သုံးစွဲကြောင်း စာရင်းတင်ပြလျှင် ထိုစာရင်းကို ရုံးမှယုံကြည်ခြင်းမရှိစေကာမူ တရားခံ အလွဲသုံးစားကြောင်း တစ်ထစ်ချယူဆရန်မဖြစ်၍ တရားသေလွှတ်ထိုက်ပေသည်။

*[အမ်မှုသူဆာဗေးနှင့်ပြည်ထောင်စု ၁၉၅၅ မြန်မာပြည်စီရင်ထုံး ၁၇၅(လွှတ်တော်)]*

၂၈။ ရုံးမှ သက်သေခံပစ္စည်းကို ပြန်လည်ပေးအပ်ထားခြင်းခံရသူက ကိုယ်ကျိုး အတွက် အလွဲသုံးစားပြုလျှင် ပုဒ်မ ၄၀၆ အရ တရားမစွဲနိုင်၊ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၄ အရသာ အရေးယူရမည်။

*[ဒေါ်ကျင်ရှိန်နှင့်ပြည်ထောင်စု ၁၉၇၁ မြန်မာပြည်စီရင်ထုံး ၄၄ ]*

**သယ်ဆောင်သူစသည်တို့က ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုကို ကျူးလွန်ခြင်း။**
**(ပုဒ်မ ၄၀၇)**

**Criminal breach of trust by carrier, etc.**
**(Section 407)**

**ဥပဒေဖွင့်ဆိုချက်**

မည်သူမဆို၊ သယ်ဆောင်သူအဖြစ်ဖြင့်သော်လည်းကောင်း၊ ဆိပ်ခံတံတားပိုင်ရှင် အဖြစ်ဖြင့်သော်လည်းကောင်း၊ ကုန်ရုံမှူးအဖြစ်ဖြင့်သော်လည်းကောင်း ပစ္စည်း အပ်နှံခြင်းခံရသည်တွင် ထိုပစ္စည်းနှင့်စပ်လျဉ်း၍ ရာဇဝတ်မကင်းသော ယုံကြည် အပ်နှံရေး ဖောက်ဖျက်မှုကို ကျူးလွန်လျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် သယ်ဆောင်သူ၊ သို့မဟုတ် ဆိပ်ခံတံတားပိုင်ရှင်၊ သို့မဟုတ် ကုန်ရုံမှူးဖြစ်ရမည်။

၂။ တရားခံသည် မိမိအား အပ်နှံထားသည့်ပစ္စည်းကို အလွဲသုံးစားပြုရမည်ဆိုသည့် အထောက်အထားများရှိမှသာ ဤပုဒ်မနှင့်အကျုံးဝင်မည်ဖြစ်သည်။

http://www.cherrythitsar.org



<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၀၇ | သယ်ဆောင်သူ ဆိပ်ခံတံတားပိုင်ရှင်သည်တို့က ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

## စာရေးကဖြစ်စေ၊ အစေခံကဖြစ်စေ ရာဇဝတ်မကင်းသောယုံကြည်အပ်နှံရေးဖောက်ဖျက်မှုကို ကျူးလွန်ခြင်း။ (ပုဒ်မ ၄၀၈)

## Criminal breach of trust by clerk or servant. (Section 408)

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

မည်သူမဆို၊ စာရေးကသော်လည်းကောင်း၊ အစေခံသော်လည်းကောင်း ဖြစ်၍ သို့တည်းမဟုတ် စာရေးအဖြစ်ဖြင့်သော်လည်းကောင်း၊ အစေခံအဖြစ်ဖြင့်သော်လည်းကောင်း စေခိုင်းခြင်းခံရ၍ ထိုသို့သောအနေဖြင့် ပစ္စည်းကို၊ သို့တည်းမဟုတ် ပစ္စည်းစီမံခန့်ခွဲပိုင်ခွင့်ကို တစ်နည်းနည်းဖြင့် အပ်နှံခြင်းခံသည်တွင် ထိုပစ္စည်းနှင့် စပ်လျဉ်း၍ ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုကို ကျူးလွန်လျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

<u>**အကျုံးဝင်သည့် အင်္ဂါရပ်များ**</u>

၁။ တရားခံသည် ပစ္စည်းအပ်နှံသူ၏ စာရေး သို့မဟုတ် အစေခံဖြစ်ရမည်။

၂။ ထိုကဲ့သို့သောအနေဖြင့် ပစ္စည်းကို အပ်နှံထားခြင်းဖြစ်ရမည်။

၃။ ယင်းသို့ အပ်နှံထားသည့်ပစ္စည်းကို မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုခဲ့ခြင်း ဖြစ်ရမည်။

<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၀၈ | စာရေးကဖြစ်စေ၊ အစေခံကဖြစ်စေ ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ ယုံကြည်အပ်နှံမှုကို ဖောက်ဖျက်တိုင်း တရားမကြောင်းအရ အရေးယူနိုင်မည် ဖြစ်သော်လည်း မရိုးမဖြောင့်သောသဘောဖြင့်ပြုမှသာ ပြစ်မှုကြောင်းအရ အရေး ယူနိုင်မည်ဖြစ်သည်။

*[ဘီရာဂျာနားနှင့်အစိုးရ၊ ၁၉၄၈ မြန်မာပြည်စီရင်ထုံး ၆၁ ]*

၂။ အလွဲသုံးစားပြုခြင်း ရှိမရှိဆိုသောအချက်နှင့်ပတ်သက်၍ ကြောင်းခြင်းရာ အပေါ် မူတည်၍ဆုံးဖြတ်ရသည်။ အစေခံအား ပစ္စည်းကိုအပ်နှံထားရာ၌ ထိုပစ္စည်း ကို ပြန်မပေးလျှင်သော်လည်းကောင်း၊ စာရင်းရှင်းလင်းခြင်းမပြုလျှင်သော် လည်း ကောင်း၊ လိမ်လည်၍ စာရင်းရှင်းလင်းခြင်းပြုလျှင်သော်လည်းကောင်း ပစ္စည်းကို မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုသည်ဟု ယူဆနိုင်ပေသည်။

*[ဆိုနာပြားနှင့်အစိုးရ၊ အတွဲ-၂ ရန်ကုန် ၄၇၆ ]*

၃။ အရောင်းစာရေးက ပစ္စည်းကို အစမ်းသဘောဖြင့် ရောင်းချခြင်းဖြစ်လျှင် မရိုး မဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုသည်ဟု ဆိုနိုင်မည်မဟုတ်၍ ဤပုဒ်မ အရ ပြစ်မှုမမြောက်။

*[မောင်သန်းမောင်နှင့်ပြည်ထောင်စု ၁၉၆၇ မြန်မာပြည်စီရင်ထုံး ၃၆၃ ]*

၄။ မီးရထားအလုပ်သမားများ ဝတ္တရားဆောင်ရွက်ရာ၌ အသုံးပြုရန်ပေးထားသည့် မိုးကာအင်္ကျီကို ပေါင်နှံပါက ဤပုဒ်မအရ အပြစ်ပေးနိုင်သည်။

*[မောင်အောင်သိန်းနှင့်အစိုးရ၊ အေအိုင်အာ ၁၉၃၄ ရန်ကုန် ၄၁ ]*

၅။ သမဝါယမအသင်း၏ အတွင်းရေးမှူးသည် အသင်းပိုင်ငွေများကို ကိုယ်တွယ် သုံးစွဲခြင်းမပြုရဘဲ အသင်းဆိုင်မန်နေဂျာကသာ ငွေများကိုကိုင်တွယ်သုံးစွဲရကြောင်း ပေါ်ပေါက်ပါမူ အတွင်းရေးမှူးအား ပြစ်မှုကြောင်းအရ အရေးယူခြင်းသည် မှားယွင်း သည်ဟု ဆိုရမည်ဖြစ်ပေသည်။

*[ဦးပါငယ်နှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၂၀၀ ]*

**ပြည်သူ့ဝန်ထမ်းကဖြစ်စေ၊ ဘဏ်တိုက်စိုးက ဖြစ်စေ၊ ကုန်သည်ကဖြစ်စေ၊ ကိုယ်စားလှယ်က ဖြစ်စေ ရာဇဝတ်မကင်းသော ယုံကြည် အပ်နှံရေးဖောက်ဖျက်မှုကို ကျူးလွန်ခြင်း။ (ပုဒ်မ ၄၀၉)**

**Criminal breach of trust by public servant or by banker, merchant or agent. (Section 409)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့်သော်လည်းကောင်း၊ ဘဏ်တိုက်စိုး၊ သို့တည်းမဟုတ် ကုန်သည်၊ သို့တည်းမဟုတ် အရောင်းအဝယ် ကိုယ်စားလှယ်၊ သို့တည်းမဟုတ် ပွဲစား၊ သို့တည်းမဟုတ် ကိုယ်စားလှယ်ပြုသူ၊ သို့တည်းမဟုတ် ကိုယ်စားလှယ်အလုပ်ကို လုပ်ကိုင်လျက်သော်လည်းကောင်း ပစ္စည်းကို၊ သို့တည်း

http://www.cherrythitsar.org



မဟုတ် ပစ္စည်းစီမံခန့်ခွဲပိုင်ခွင့်ကို တစ်နည်းနည်းဖြင့် အပ်နှံခြင်းခံရသည်တွင် ထိုပစ္စည်းနှင့်စပ်လျဉ်း၍ ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုကိုကျူးလွန်လျှင် ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တရားခံသည် ပြည်သူ့ဝန်ထမ်း သို့မဟုတ် ဘဏ်တိုက်စိုး၊ သို့မဟုတ် ကိုယ်စားလှယ်ပြုသူဖြစ်ရမည်။

၂။ ပစ္စည်း သို့မဟုတ် ပစ္စည်း၏ စီမံခန့်ခွဲပိုင်ခွင့်ကို တစ်နည်းနည်းဖြင့် အပ်နှံခဲ့ခြင်းဖြစ်ရမည်။

၃။ ထိုပစ္စည်းကို တရားခံက မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုသည်ဆိုသော အထောက်အထားရှိရမည်။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၀၉ | ပြည်သူ့ဝန်ထမ်းကဖြစ်စေ၊ ဘဏ်တိုက်စိုးကဖြစ်စေ၊ ကုန်သည်ကဖြစ်စေ၊ ကိုယ်စားလှယ်ကဖြစ်စေ ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | တစ်သက်တစ်ကျွန်းဒဏ် ဖြစ်စေ၊ ၁၀နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**<u>စီရင်ထုံး</u>**

၁။ ပြည်သူ့ဝန်ထမ်းဆိုသောစကားရပ်ကို ပုဒ်မ ၂၁ တွင် ရှင်းလင်းခဲ့ပြီး ဖြစ်သည်။ ပစ္စည်းကို တရားခံအား ပြည်သူ့ဝန်ထမ်းအနေဖြင့် အပ်နှံခဲ့ခြင်းဖြစ်ရမည်။ ထိုသို့ အပ်နှံသည့်ပစ္စည်းသည် အစိုးရပစ္စည်းဖြစ်ရန်မလိုပေ။ တစ်နည်းနည်းဖြင့် အပ်နှံခြင်းခံရသူဖြစ်မည်ဟု ဆိုထားသဖြင့် ပြည်သူ့ဝန်ထမ်းအား ဥပဒေပြဋ္ဌာန်းချက်အရ အပ်နှံရန်မလိုပေ။ တစ်နည်းနည်းဖြင့် အပ်နှံခြင်းကို လက်ခံခဲ့လျှင် ထို ပြည်သူ့ဝန်ထမ်းသည် တာဝန်ရှိမည် ဖြစ်သည်။ အစိုးရ ရေဒီယိုများကို ရောင်းချပြီးနောက် ရငွေများကို အလွဲသုံးစားပြုလျှင် တရားခံအား ထိုငွေများကိုအပ်နှံခဲ့ကြောင်း အတည့်အလင်း အမိန့်ထုတ်ပြန်ထားခြင်းမရှိစေကာမူ တစ်နည်းနည်းဖြင့် ငွေများကို အပ်နှံရာရောက်ခဲ့သည့်အတွက် အလွဲသုံးစားမှုမြောက်ကြောင်း ထင်ရှားပေသည်။

*[ဂျေအက်စ်အင်ဘာရိုစ်နှင့်ပြည်ထောင်စု ၁၉၅၃ မြန်မာပြည်စီရင်ထုံး ၁၁၅ (လွှတ်တော်)]*

http://www.cherrythitsar.org



၂။ ပစ္စည်းကို ပြည်သူ့ဝန်ထမ်းအနေဖြင့် အပ်နှံခဲ့မှသာ ဤပုဒ်မနှင့်အကျုံးဝင်မည် ဖြစ်၍ အပ်နှံမှုမရှိလျှင် ပြစ်မှုမြောက်မည်မဟုတ်။ မြူနီစီပါယ် ဒုဥက္ကဋ္ဌအား လမ်းကြိတ်စက်ရောင်းသည့် ကုမ္ပဏီက စက်၏တန်ဘိုးအပေါ် ကော်မရှင်ပေးခဲ့လျှင် ထိုငွေသည် မြူနီစီပါယ်အဖွဲ့က အပ်နှံထားခြင်းမဟုတ်၍ ပုဒ်မ ၄၀၉ အရ အရေးမယူနိုင်။

*[အစိုးရနှင့်ဦးမောင်ကလေး၊ အတွဲ-၄၊ ရန်ကုန် ၁၂၈ ]*

၃။ အထည်ကိုယ်စားလှယ်များသည် အထည်များကို ဝယ်ယူခွင့်မရှိသူအား ရောင်းချသည့်ကိစ္စတွင် အထည်များသည် အထည်ပိုင်ရှင်ကိုယ်ပိုင်ဖြစ်ပြီး အစိုးရက ထိုပစ္စည်းများကို အပ်နှံထားသည်ဟု မဆိုနိုင်သဖြင့် ဤပုဒ်မနှင့် အကျုံးမဝင်နိုင်။

*[ဘဂျမ်းနှင့်အစိုးရ၊ ၁၉၄၆ ရန်ကုန်စီရင်ထုံး ၂၉၁ ]*

၄။ ရောင်းခွန်တော်ငွေကို သွင်းရန်ပျက်ကွက်သည့် အထည်ကုန်သည်သည် ပြည်သူ့ဝန်ထမ်းလည်းမဟုတ်၊ အစိုးရ၏ ကိုယ်စားလှယ်လည်း မဟုတ်သဖြင့် ပုဒ်မ ၄၀၉ အရ တရားစွဲဆိုခြင်းမပြုနိုင်ပေ။

*[ဦးညီမောင်နှင့်ပြည်ထောင်စု ၁၉၅၅ မြန်မာပြည်စီရင်ထုံး ၃၆၄(လွှတ်တော်)]*

၅။ အပ်နှံထားသည့် ပစ္စည်းကို မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုမှသာ ဤပုဒ်မနှင့် အကျုံးဝင်မည်ဖြစ်သောကြောင့် ပယ်ထားသည့် အစိုးရပုံနှိပ်စက်များကို ပေါက်စျေးထက်လျှော့၍ ရောင်းချသည့်ကိစ္စတွင် ရောင်းရငွေများကို ငွေတိုက်သို့ သွင်းခဲ့ပြီး မရိုးမဖြောင့်သောသဘောနှင့် အလွဲသုံးစားပြုကြောင်း မပေါ်ပေါက်သဖြင့် ဤပုဒ်မအရ တရားစွဲဆိုခြင်းမပြုနိုင်ပေ။

*[ဦးဝကြီးနှင့်ပြည်ထောင်စု ၁၉၄၈ မြန်မာပြည်စီရင်ထုံး ၆၅၂ ]*

၆။ တရားခံသည် ဒိုင်မှူးအဖြစ် ပေါ့လျော့စွာ စာရင်းများမှား၍ တွက်ချက်ပြီး အလုပ်သမားခ ပိုပေးမိခြင်းသည် ပြစ်မှုမကင်းသော ယုံကြည်အပ်နှံခြင်း ဖောက်ဖျက်မှုမဟုတ်၍ ဌာနဆိုင်ရာအနေဖြင့်သာ အရေးယူသင့်သည်။

*[မောင်ကြည်သိန်းနှင့်ပြည်ထောင်စု ၁၉၇၅ မြန်မာပြည်စီရင်ထုံး ၆ ]*

၇။ အလွဲသုံးစားခြင်းပြုမပြုဆိုသော ပြဿနာကို ဆုံးဖြတ်ရာ၌ ငွေမည်မျှကို မည်သည့်နေ့ရက်တွင် တရားခံက အလွဲသုံးစွဲခဲ့သည်ဟု အသေးစိတ်အထောက်အထားများတင်ပြရန် မလိုပေ။ တရားခံသည် ပြည်သူ့ဝန်ထမ်းတစ်ဦးအနေဖြင့် အပ်နှံခြင်းခံရသည့် ပစ္စည်းကို ပြန်လည်ပေးအပ်ခြင်းသော်လည်းကောင်း၊ စာရင်းအင်းရှင်းလင်းခြင်းသော်လည်းကောင်း မပြုနိုင်လျှင် ဤပုဒ်မအရ အလွဲသုံးစားပြုသည်ဟု ယူဆနိုင်ပေသည်။ ပြည်သူ့ဆိုင်ကို စစ်ဆေးရာ၌ ပစ္စည်းနှင့်ငွေစာရင်းများကွာနေပြီး တရားခံက ရှင်းလင်းခြင်းမပြုနိုင်လျှင် အစိုးရအား မတရားနစ်နာဆုံးရှုံးစေသဖြင့် မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုသည်ဟု ယူဆရမည်ဖြစ်သည်။

*[မောင်မြင့်သန်းနှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၁၄၇၄ ]*

http://www.cherrythitsar.org



၈။ တရားခံသည် ပြည်သူ့ဝန်ထမ်းအနေဖြင့် အပ်နှံခြင်းခံရသည့် ပစ္စည်းကို ကိုယ်တိုင်အလွဲသုံးစားခြင်း မပြုစေကာမူ တစ်ဦးတစ်ယောက်အား အလွဲသုံးစား ပြုနိုင်အောင် တမင်ခွင့်ပြုလျှင် သို့မဟုတ် တမင်ခွင့်ပြုရာရောက်အောင်ပြုမူလျှင် မိမိကိုယ်တိုင် အလွဲသုံးစားပြုဘိသကဲ့သို့ တာဝန်ရှိပေသည်။

*[ဦးသာနုနှင့်ပြည်ထောင်စု ၁၉၆၀ မြန်မာပြည်စီရင်ထုံး ၁၂၄(လွှတ်တော်)]*

၉။ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းကိုသာ အလွဲသုံးစားနိုင်သည့်အလျောက် မခုတ်လှဲ ရသေးသည့် ကျွန်းပင်များနှင့်ပတ်သက်၍ သစ်တောအုပ်အနေနှင့် ထိုကျွန်းပင်များ ကို သစ်တောလိုင်စင် ဥပဒေနှင့်အညီ လှဲခုတ်စေခြင်းသည် ဤပုဒ်မအရ အလွဲ သုံးစားမှု ကျူးလွန်ရာမရောက်ပေ။

*[ဦးကာတိုးနှင့်အစိုးရ၊ အတွဲ-၈ ရန်ကုန် ၁၃ ]*

၁၀။ ကုမ္ပဏီတစ်ခုအား အပ်နှံခဲ့သည့်ပစ္စည်းနှင့်စပ်လျဉ်း၍ ကုမ္ပဏီ၏ မန်နေဂျာ အား ပုဂ္ဂိုလ်အနေဖြင့် အပ်နှံခြင်းမဟုတ်၍ မန်နေဂျာသည် ယင်းပစ္စည်းအတွက် တာဝန်ရှိသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

*[အစ်စီဂူဟာနှင့်အစိုးရ၊ အေအိုင်အာ ၁၉၃၀ ရန်ကုန် ၃၃၂ ]*

၁၁။ မြီစားက မြီရှင်အား အကြွေးကို လစဉ်ပေးဆပ်ရန် သဘောတူခဲ့သော်လည်း ပဋိညာဉ်ပျက်ကွက်ကာ ပေးဆပ်ခြင်းမပြုသည့်ကိစ္စမှာ ယုံကြည်အပ်နှံခြင်းကို ဖောက် ဖျက်သည်ဟု မဆိုနိုင်၍ ဤပုဒ်မအရ အရေးမယူနိုင်။

*[ကိုစက်ရွှင်နှင့်အစိုးရ၊ (၁၉၀၂-၀၃) အတွဲ-၁၊*
*အောက်မြန်မာပြည်စီရင်ထုံး၊ ၉ (ပြစ်မှုဆိုင်ရာ) ]*

၁၂။ စပါးဝယ်ရန် ငွေထုတ်ပေးခြင်းမှာ ထိုငွေကိုအပ်နှံရာမရောက်သဖြင့် ဤပုဒ်မ အရ အပြစ်ပေးခြင်းသည် မှန်ကန်သည်ဟု ယူဆခြင်းမပြုနိုင်ပေ။

*[ဝေါင်ယုံမိန်နှင့်အစိုးရ၊ အတွဲ-၆၊ အောက်မြန်မာပြည်စီရင်ထုံး ၄၆ ]*

၁၃။ လူတစ်ဦးက အခြားလူတစ်ဦးနှင့် ဆက်သွယ်ရာ၌ မိမိကိုယ်စားဆောင်ရွက်ရန် အခွင့်အာဏာ လွှဲအပ်ပေးထားသူဖြစ်ပေသည်။ အတည့်အလင်း အာဏာလွှဲအပ် ပေးထားသူများသာမက ယင်းသို့ လွှဲအပ်ခြင်းမရှိစေကာမူ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နေသူများလည်း ပါဝင်သည်။ ဥပမာဆောင်ရသော် ဘုရားပုထိုးတွင် ဘဏ္ဍာထိန်းအဖြစ် ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များသည် ဘုရားပုထိုး၏ ကိုယ် စားလှယ် ဖြစ်သည်ဟု ဆိုနိုင်ပေသည်။ အလွဲသုံးစားပြုသည်ဆိုသော် အထောက် အထားမရှိဘဲ စာရင်းရှင်းရန် ငြင်းဆိုသည့်အကြောင်းကြောင့် ကိုယ်စားလှယ်သည် ဤပုဒ်မအရ ပြစ်မှုကိုကျူးလွန်သည်ဟု ဆိုနိုင်မည်မဟုတ်။

*[ဒို့အေအိုဒါယား ချစ်တီးယားနှင့်ကေအောရ်အိုဒိုဒါယား*
*ချစ်တီးယားအေအိုင်အာ ၁၉၃၇ ရန်ကုန် ၅၀၅ ]*

၁၄။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၉ နှင့်ပတ်သက်ပြီး အရေးယူရာတွင် ဌာနဆိုင်ရာ စစ်ဆေးမှုပြုလုပ်ပြီးမှသာ အရေးယူနိုင်မည်မဟုတ်ပေ။ ဌာနဆိုင်ရာ စစ်ဆေးမှု

http://www.cherrythitsar.org



ပြုလုပ်သည်ဖြစ်စေ၊ မပြုလုပ်သည်ဖြစ်စေ၊ ပြစ်မှုကျူးလွန်သည်ဟု ယူဆရသူများ အပေါ် ဌာနဆိုင်ရာအကြီးအကဲသည် ပြစ်မှုကြောင်းအရ အရေးယူနိုင်သည်။

*[မောင်ဝင်းပါ-၂နှင့်ပြည်ထောင်စု ၁၉၇၉ မြန်မာပြည်စီရင်ထုံး ၁၅၀ ]*

၁၅။ ဤပုဒ်မအရ ပြစ်မှုကျူးလွန်သူကို အပြစ်ဒဏ်ချမှတ်ရာ၌ ထိုသူသည် အလုပ်ကြမ်းလုပ်နိုင်မည့်သူ ဟုတ်မဟုတ် ထည့်သွင်းစဉ်းစားရန်မလို။ အကျဉ်းသားတစ်ဦးအား မည်သည့်အလုပ်ကို ခိုင်းရမည်ဆိုသောကိစ္စမှာ တရားရုံး၏အလုပ်မဟုတ်၊ ထောင်အာဏာပိုင်များ၏အလုပ်သာ ဖြစ်သည်။

*[ပြည်ထောင်စုနှင့်အောင်မြိုင်၊ ၁၉၆၈ မြန်မာပြည်စီရင်ထုံး ၅၅ ]*

**ခိုးရာပါပစ္စည်း။**
**(ပုဒ်မ ၄၁၀)**

**Stolen property.**
**(Section 410)**

**ဥပဒေပြဋ္ဌာန်းချက်**

ခိုးယူခြင်းဖြင့်သော်လည်းကောင်း၊ ခြောက်လှန့်တောင်းယူခြင်းဖြင့်သော် လည်းကောင်း၊ လုယက်ခြင်းဖြင့်သော်လည်းကောင်း လက်ပြောင်းသွားသော ပစ္စည်းသည်၊ ထို့ပြင် ရာဇဝတ်မကင်းသော အလွဲသုံးစားပြုခြင်းခံရသော၊ သို့တည်းမဟုတ် ရာဇဝတ်မကင်းသောယုံကြည်အပ်နှံရေးဖောက်ဖျက်မှု ကျူးလွန်ခြင်းခံရသော ပစ္စည်းသည် ထိုသို့လက်ပြောင်းခြင်းကို၊ သို့တည်းမဟုတ် အလွဲသုံးစားပြုခြင်းကို၊ သို့တည်းမဟုတ် ယုံကြည်အပ်နှံရေးဖောက်ဖျက်မှု ကျူးလွန်ခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌ဖြစ်စေ၊ အပ၌ဖြစ်စေ ခံရသည်ဖြစ်လျှင် ခိုးရာပါပစ္စည်းမည်၏။ သို့ရာတွင် ထိုပစ္စည်းသည် ဥပဒေအရ လက်ရှိဖြစ်ထိုက်သူ၏လက်သို့ နောင်ပြန်လည်ရောက်ရှိသည့်အခါ ခိုးရာပါပစ္စည်းအဖြစ်မှ ရပ်စဲ၏။

**ခိုးရာပါပစ္စည်းကို မရိုးမဖြောင့်သောသဘောနှင့် လက်ခံခြင်း။**
**(ပုဒ်မ ၄၁၁)**

**Dishonestly receiving stolen property.**
**(Section 411)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ ခိုးရာပါပစ္စည်းဖြစ်ကြောင်းသိလျက်နှင့်၊ သို့တည်းမဟုတ် ထိုသို့ယုံကြည်ရန်အကြောင်းရှိလျက်နှင့် ထိုပစ္စည်းကို မရိုးမဖြောင့်သောသဘောဖြင့် လက်ခံခြင်းသော်လည်းကောင်း၊ ဆက်လက်ထားရှိခြင်းသော်လည်းကောင်း ပြုလျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ခိုးရာပါပစ္စည်းဖြစ်ခြင်း။

၂။ တရားခံက ထိုပစ္စည်းကို မရိုးမဖြောင့်သောသဘောဖြင့် လက်ခံခြင်း၊ သို့မဟုတ်

၃။ ခိုးရာပါပစ္စည်းဖြစ်ကြောင်းသိလျက်နှင့် သို့မဟုတ် သိရန်အကြောင်းရှိလျက်နှင့် လက်ခံခြင်း၊ ဆက်လက်ထားရှိခြင်း။

http://www.cherrythitsar.org



**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၁၁ | ခိုးရာပါပစ္စည်းဖြစ်ကြောင်း သိလျက်နှင့် မရိုးမဖြောင့်သောသဘောဖြင့် လက်ခံမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၃ နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ အဏ်နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**စီရင်ထုံး**

၁။ ပစ္စည်းကို ခိုးယူပြီးနောက် ပစ္စည်း၏ ပုံသဏ္ဍာန်ကို လုံးဝပြောင်းလဲလိုက်လျှင် ပြောင်းလွဲသွားသည့်ပစ္စည်းသည် ခိုးရာပါပစ္စည်းဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ ပြောင်းလဲလိုက်သည့်အခြေအနေကို လိုက်၍ ခိုးရာပါပစ္စည်းဟုတ်မဟုတ် ဆုံးဖြတ်ရမည်ဖြစ်သည်။ ဥပမာဆောင်ရသော် ရွှေ ငွေ လက်ဝတ်လက်စားကို ခိုးယူပြီး အရည်ကျို၍ ရွှေတုံး ငွေတုံးကို လက်ခံလျှင် ထိုရွှေတုံး၊ ငွေတုံးသည် မူလပုံသဏ္ဍာန် အတိုင်းမဟုတ်သော်လည်း အခြေခံသည့် ရွှေငွေသတ္တုများအဖြစ် တည်ရှိနေသေးသဖြင့် ခိုးရာပါပစ္စည်းဟု ခေါ်ရမည်ဖြစ်သည်။ သို့ရာတွင် ထိုရွှေတုံး ငွေတုံးကို ရောင်းလိုက်၍ မရရှိသောငွေသည် ခိုးရာပါပစ္စည်းဖြစ်သည်ဟု ယူဆခြင်း မပြုနိုင်ပေ။ တရားခံသည် ခိုးရာပါရွှေချောင်းကိုဝယ်ယူပြီး လက်ဝတ်လက်စားပြုလုပ်ကာ ရောင်းချရသောငွေမှာ ခိုးရာပါပစ္စည်းဟု မခေါ်နိုင်ပေ။

*[ပြည်ထောင်စုနှင့်ဦးကျော်လင်း၊ ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၁၁၇ ]*

၂။ ခိုးရာပါပစ္စည်းကို လက်ခံမှုမြောက်မမြောက်ဆိုသော ပြဿနာကို ဖြေရှင်းရာ၌ ပစ္စည်းကို မရိုးမဖြောင့်သောသဘောဖြင့်လက်ခံခြင်း၊ ဆက်လက်ထားရှိခြင်း စသည့် အချက်အလက်သည် အဓိကဖြစ်သည်။

*[ဦးဘဟန်နှင့်ပြည်ထောင်စု ၁၉၅၆ မြန်မာပြည်စီရင်ထုံး ၄၂၄(လွှတ်တော်)]*

၃။ မရိုးမဖြောင့်သောသဘောရှိမရှိဆိုသောကိစ္စမှာ လူစိတ်ကို သိမြင်နိုင်စွမ်းမရှိသည့်အလျောက် ပေါ်ပေါက်နေသော ကြောင်းခြင်းရာများအပေါ် ဆုံးဖြတ်ရန်ဖြစ်သည်။ ထိုကိစ္စမှာ ကြောင်းခြင်းရာ ပြဿနာသာဖြစ်သည်။ ဥပဒေပြဿနာမဟုတ်ပေ။ ခိုးရာပါ လက်ဝတ်လက်စားများနှင့် တွေ့ရှိသူသည် မည်သူ့ထံမှ ထိုလက်ဝတ်လက်စားများကို ရရှိခဲ့သည်ဟု ဖော်ပြောဆိုခြင်းမပြုလျှင် ခိုးရာပါပစ္စည်းလက်ခံသူအဖြစ် ကောက်ယူနိုင်မည်ဖြစ်သည်။

*[ရန်ပါရှုပ်နှင့်အစိုးရ၊ အတွဲ-၂ ရန်ကုန် ၈၀ ]*

၄။ ခိုးရာပါပစ္စည်းကို ဝယ်ယူရာ၌ မရိုးမဖြောင့်သောသဘောရှိကြောင်း သက်သေခံချက်ရှိလျှင် ခိုးရာပါပစ္စည်းလက်ခံမှု မြောက်သည်။

*[ဦးဘဂျမ်းနှင့်ပြည်ထောင်စု ၁၉၇၈ မြန်မာပြည်စီရင်ထုံး ၇၁ ]*

http://www.cherrythitsar.org



၅။ ခိုးမှုကျူးလွန်ပြီးနောက် များမကြာမီ ခိုးရာပါပစ္စည်းနှင့် တွေ့ရှိသူကို သူခိုး သို့မဟုတ် ခိုးရာပါပစ္စည်းလက်ခံသူအဖြစ် ယူဆနိုင်သည်ဟု သက်သေခံဥပဒေပုဒ်မ ၁၁၄ ၏ ဥပမာ(က)တွင် ပြဋ္ဌာန်းထားသည်။ ခိုးမှုကျူးလွန်ပြီးနောက် နာရီပိုင်း အတွင်း ခိုးမှုကျူးလွန်ရာဒေသအနီးတွင် တွေ့ရှိက ထိုသူကို သူခိုးဟု ယူဆရန်ဖြစ် သည်။ ရက်အနည်းငယ်အတွင်း တရားခံကို ၎င်း၏အိမ်၌ ခိုးရာပါပစ္စည်းနှင့်တွေ့ရ ပြီး ထိုပစ္စည်းကို ရိုးရိုးသားသားရရှိခဲ့ခြင်းဖြစ်သည်ဟု အထောက်အထားမပြနိုင်က ခိုးရာပါပစ္စည်းမှန်းသိလျက်နှင့် လက်ခံသည်ဟု ယူဆနိုင်ပေသည်။ ခိုးမှုကျူးလွန်ပြီး နောက် အချိန်အလွန်ကြာညောင်းမှသာ တရားခံမှ ပစ္စည်းကိုတွေ့လျှင် ခိုးရာပါ ပစ္စည်းမှန်းသိလျက်နှင့် လက်ခံခဲ့သည်ဟု ယူဆခြင်းပြုနိုင်မည်မဟုတ်ပေ။

*[မောင်တင်ငွေနှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၄၄၄(၄၄၇) ]*

၆။ ခိုးရာပါပစ္စည်းနှင့်တွေ့သူကို ခိုးရာပါပစ္စည်းလက်ခံသူဖြစ်သည်ဟူသော ယူဆ ချက်မှာ တရားခံက ပြန်လည်ချေပနိုင်သည့် ယူဆချက်တစ်ရပ်သာ ဖြစ်ပေသည်။ မည်သို့မည်ပုံ လက်ခံရရှိခဲ့ကြောင်း အကျိုးသင့်အကြောင်းသင့် ဆီလျော်အောင် ရှင်းလင်းတင်ပြနိုင်လျှင် တရားခံအား အပြစ်ပေးနိုင်မည်မဟုတ်ပေ။

*[မှုသီးယားဆာမေနှင့်ပြည်ထောင်စု၊ ၁၉၅၅ မြန်မာပြည်စီရင်ထုံး ၁၇၅(လွှတ်တော်)]*

၇။ တရားခံသည် ခိုးရာပါပစ္စည်းကို မရိုးမဖြောင့်သောသဘောဖြင့် လက်ခံခြင်း၊ လက်ရှိထားခြင်းပြုမှသာ ဤပုဒ်မနှင့် အကျုံးဝင်မည်ဖြစ်၍ ပစ္စည်းအား တရားခံ ထံမှ တသီးတသန့်တွေ့ရှိရန်လိုပေသည်။ တရားခံ၏ လက်ရှိမှ တသီးတသန့်ရမိခြင်း မဟုတ်ပါက ဤပုဒ်မအရ အပြစ်ပေးနိုင်မည်မဟုတ်ပေ။ ဥပမာ ခိုးမှုကျူးလွန်နိုင် သည့်လူများ အများအပြားနေထိုင်သောအိမ်မှ ခိုးရာပါပစ္စည်းဖမ်းမိရုံဖြင့် တစ်ဦး တစ်ယောက်သောသူသည် ထိုပစ္စည်းအတွက် ခွင့်ပြုချက်မရှိဘဲ အိမ်ပေါ်သို့ ထို ပစ္စည်းမရောက်နိုင်ဆိုသည့် အထောက်အထားမျိုးရှိမှသာ ထိုသူကို အရေးယူနိုင်မည် ဖြစ်သည်။ ဒုက္ခသည်အများ ခိုလှုံနေသည့်စခန်းတွင် တွေ့ရှိသည့် ခိုးရာပါပစ္စည်း သည် ဒုက္ခသည်တစ်ဦးဦးထံမှ တွေ့ရှိသည်ဟု ဆိုနိုင်မည်မဟုတ်။

*[ရွှေရိုပ်နှင့်အစိုးရ၊ ရွေးချယ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၁၉၇၇]*

၈။ ပိုင်ရှင်တစ်ဦးထက်များသည့် ခိုးရာပါပစ္စည်းများကို လက်ခံခြင်းအားဖြင့် ပြစ်မှု တစ်ခုကိုသာ ကျူးလွန်ရာရောက်သည်။ သို့ရာတွင် တရားခံသည် လူအများပိုင် ပစ္စည်းများကို ခိုးရာပါပစ္စည်းမှန်းသိလျက်နှင့် အကြိမ်ကြိမ် လက်ခံခဲ့ခြင်းဖြစ်ပါမူ အကြိမ်ကြိမ်ရှိသလောက် ပြစ်မှုများကို လက်ခံသူကို ပစ္စည်းအားလုံးအတွက် ပြစ်ဒဏ် တစ်ခုတည်းကိုသာ ချမှတ်ရမည်ဖြစ်သည်။

*[ဦးဘဟာန်နှင့်ပြည်ထောင်စု ၁၉၅၆ မြန်မာပြည်စီရင်ထုံး ၄၂၄(လွှတ်တော်)]*

၉။ ခိုးရာပါပစ္စည်းလက်ခံသူကို သူခိုးအဖြစ် ခိုးရာပါပစ္စည်းကို ဖျောက်ဖျက်ရာ၌ ကူညီသူတို့နှင့်အတူ တစ်မှုတည်းတွင် တရားစွဲဆိုနိုင်သည်။ စွဲချက်များကို ပူးပေါင်း ရာ၌ မှားယွင်းသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

*[ဖိုးရှပ်နှင့်အစိုးရ၊ အတွဲ-၄ ဘားမားလောတိုင်း ၂၆၃ ]*

http://www.cherrythitsar.org



၁၀။ တရားခံထံမှတွေ့ရသောပစ္စည်းသည် တရားလိုပိုင်ဆိုင်သည့် ပစ္စည်းဖြစ်သည် သာမက ခိုးရာပါ ပစ္စည်းဖြစ်ကြောင်း သက်သေအထောက်အထား ခိုင်လုံမှသာ သက်သေခံဥပဒေပုဒ်မ ၁၁၄ ၏ ဥပမာ(က)အရ ဥပဒေယူဆချက်ကို ပြုနိုင်မည် ဖြစ်သည်။

*[မောင်အေးကြီးနှင့်အစိုးရ၊ အတွဲ-၁ ရန်ကုန် ၅၂၀ ]*

၁၁။ ခိုးမှုကျူးလွန်ပြီးနောက် ခိုးရာပါပစ္စည်းကို များမကြာမီက တရားခံထံမှ တွေ့ရှိသည်ဆိုသည့်ကိစ္စတွင် ပစ္စည်းကိုလိုက်၍ စဉ်းစားရန်လိုပေသည်။

*[မောင်အေးနှင့်အစိုးရ၊ ရွေးချယ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်စီရင်ထုံး ၃၅၄ ]*

၁၂။ အများသုံးစွဲသည့် ပစ္စည်းမျိုးမဟုတ်သော အဖိုးတန်လက်ဝတ်လက်စားနှင့် စပ်လျဉ်း၍မူ တရားခံက မည်သို့မည်ပုံ ရရှိခဲ့ကြောင်း မရှင်းလင်းလျှင် ခိုးမှုကျူးလွန်ပြီးနောက် နှစ်နှစ်ခြားခဲ့စေကာမူ ခိုးရာပါပစ္စည်းကို လက်ခံခဲ့သည်ဟု ယူဆနိုင်ပေသည်။

*[ရန်ပါရှပ်နှင့်အစိုးရ ၊ အတွဲ-၂ ရန်ကုန် ၈၀ ]*

၁၃။ တရားခံသည် သေသူများအား သတ်ဖြတ်ခဲ့ကြောင်း သက်သေခံချက် လုံး၀ မရှိ၊ အခင်းဖြစ်ပွားပြီး (၁၁)ရက်အကြာတွင် သေသူတို့ပိုင်ဆိုင်သောပစ္စည်းများကို တရားခံတို့ထံမှ သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ရာ ယင်းတို့အား လူသတ်မှုဖြင့် အပြစ်ပေးမည့်အစား ပုဒ်မ ၄၁၁ အရ ခိုးရာပါပစ္စည်းများကို လက်ဝယ်ထားရှိမှုဖြင့် အပြစ်ပေးပါက ပိုမိုဆီလျော်သည်။

*[မောင်ဦးပေါ်-စနှင့်ပြည်ထောင်စု ၁၉၈၃ မြန်မာပြည်စီရင်ထုံး ၃၅ ]*

၁၄။ သက်သေခံပစ္စည်းအဖြစ် တင်ပြထားသည့် ခိုးရာပါပစ္စည်းကို ပိုင်ရှင်သို့သာ ပြန်ပေးသင့်သည်။ သဘောရိုးဖြင့် ဝယ်ယူထားသူအား ပြန်ပေးခြင်းမပြုနိုင်။

*[အစိုးရနှင့်ပန်းလှ၊ ရွေးချယ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၈၄]*

**ဓားပြတိုက်မှု ကျူးလွန်ရာတွင် ရရှိသည့် ခိုးရာပါပစ္စည်းကို မရိုးမဖြောင့်သော သဘောဖြင့် လက်ခံခြင်း။ (ပုဒ်မ ၄၁၂)**

**Dishonestly receiving property stolen in the commission of a dacoity. (Section 412)**

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

မည်သူမဆို၊ ခိုးရာပါပစ္စည်းသည် ဓားပြတိုက်မှုကျူးလွန်ခြင်းဖြင့် လက်ပြောင်းခဲ့ကြောင်းကို သိလျက်နှင့်ဖြစ်စေ၊ ထိုသို့ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ထိုပစ္စည်းကို မရိုးမဖြောင့်သောသဘောဖြင့် လက်ခံခြင်းသော်လည်းကောင်း၊ ဆက်လက်ထားရှိခြင်းသော်လည်းကောင်း ပြုလျှင် သို့တည်းမဟုတ် ဓားပြဂိုဏ်း

http://www.cherrythitsar.org



တွင်ပါဝင်သူ သို့တည်းမဟုတ် ပါဝင်ခဲ့သူဖြစ်ကြောင်း မိမိသိသော၊ သို့တည်းမဟုတ် ထိုသို့ယုံကြည်ရန် အကြောင်းရှိသောသူထံမှ ခိုးရာပါပစ္စည်း ဖြစ်ခဲ့ကြောင်း မိမိသိသော၊ သို့တည်းမဟုတ် ယုံကြည်ရန်အကြောင်းရှိသောပစ္စည်းကို မရိုးမဖြောင့်သောသဘောနှင့်လက်ခံလျှင် ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ အလုပ်ကြမ်းနှင့်ထောင်ဒဏ်ဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ ခိုးရာပါပစ္စည်းဖြစ်ခြင်း။

၂။ ထိုပစ္စည်းကို ဓားပြတိုက်မှုကျူးလွန်ပြီး လက်ပြောင်းခဲ့ခြင်း။

၃။ တရားခံသည် ထိုပစ္စည်းကို လက်ခံခြင်း၊ ဆက်လက်ထားရှိခြင်း။

၄။ ယင်းသို့လက်ခံခြင်း၊ ဆက်လက်ထားရှိခြင်းမှာ မရိုးမဖြောင့်သောသဘောနှင့် ဖြစ်ခြင်း။

၅။ တရားခံသည် -

(က) လက်ခံထားရှိသောပစ္စည်းမှာ ဓားပြတိုက်မှုကျူးလွန်ပြီး လက်ပြောင်းခဲ့သည်ကို သိခြင်း၊ သို့မဟုတ်

(ခ) ပစ္စည်းပေးအပ်သူသည် ဓားပြ သို့မဟုတ် ဓားပြဂိုဏ်းဝင်တစ်ဦးဖြစ်သည်ဟု သိသည့်အပြင် အပ်ပေးထားသောပစ္စည်းမှာလည်း ခိုးရာပါပစ္စည်းဖြစ်သည်ဟု သိခြင်း၊ ယုံကြည်ရန်အကြောင်းရှိခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၁၂ | ဓားပြမှုကျူးလွန်ရာတွင် ရရှိသည့်ပစ္စည်းဖြစ်ကြောင်းသိလျက်နှင့် ခိုးရာပါပစ္စည်းကို မရိုးမဖြောင့်သောသဘောဖြင့် လက်ခံမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | တစ်သက်တစ်ကျွန်းဒဏ် ဖြစ်စေ၊ ၁၀နှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်အပြင် ငွေဒဏ်ဖြစ်စေ။ | စက်ရှင်တရားရုံး |

**<u>စီရင်ထုံး</u>**

၁။ တရားခံထံမှ ဓားပြများယူသွားသည့် ခိုးရာပါပစ္စည်းကို တွေ့ရှိရုံဖြင့် ဤပုဒ်မအရ အပြစ်ပေးနိုင်မည်မဟုတ်။ ဓားပြတိုက်မှုဖြင့် လက်ပြောင်းခဲ့သည့်ပစ္စည်း(ဝါ) တိုက်ရာပါပစ္စည်းမှန်းသိလျက်နှင့်၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့် လက်ခံခြင်းပြုမှသာ ဤပုဒ်မနှင့်အကျုံးဝင်မည်ဖြစ်သည်။

*[မောင်ထွန်းနှင့်အစိုးရ ၁၉၄၆ ရန်ကုန်စီရင်ထုံး ၂၉၃]*

http://www.cherrythitsar.org



၂။ သက်သေခံဥပဒေပုဒ်မ ၁၁၄ ၏ ဥပမာ(က)အရ တိုက်ရာပါပစ္စည်းနှင့် ချက်ချင်းတွေ့ရှိပါမူ ထိုသူသည် ဓားပြဖြစ်သည်ဟု ယူဆနိုင်မည်ဖြစ်သည်။ ရက်အနည်းငယ်ကြာမှ တွေ့ရှိလျှင် ထိုသူအား ခိုးရာပါပစ္စည်း လက်ခံသူအဖြစ် အပြစ်ပေးရမည်လား၊ သို့မဟုတ် တိုက်ရာပါပစ္စည်း လက်ခံသူအဖြစ် အပြစ်ပေးရမလား ဆိုသည့် ပြဿနာ ပေါ်ပေါက်နိုင်သည်။ ထိုကဲ့သို့ ပေါ်ပေါက်လျှင် အမှု၏ကြောင်းခြင်းရာကိုလိုက်၍ လက်ခံသူသည် တိုက်ရာပါပစ္စည်းဖြစ်ကြောင်း သိနိုင်ရန် အကြောင်းရှိနေပါက တိုက်ရာပါပစ္စည်းလက်ခံသူအဖြစ်နှင့် အပြစ်ပေးနိုင်ပေသည်။

*[မောင်တင်ဌေးနှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၄၄၄ ]*

## ခိုးရာပါပစ္စည်းကို အမြဲတစေ ရောင်းဝယ်ဆက်ခံခြင်း။ (ပုဒ်မ ၄၁၃)

## Habitually dealing in stolen property. (Section 413)

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ ခိုးရာပါပစ္စည်းမှန်းသိလျက်နှင့်ဖြစ်စေ၊ ထိုသို့ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ထိုပစ္စည်းကိုအမြဲတစေလက်ခံလျှင်၊ သို့တည်းမဟုတ် ရောင်းဝယ်ဆက်ဆံလျှင် ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ခိုးရာပါပစ္စည်းဖြစ်ခြင်း။

၂။ တရားခံသည် ထိုပစ္စည်းကို လက်ခံခြင်း၊ ရောင်းဝယ်ဆက်ဆံခြင်း။

၃။ အမြဲတစေပြုခြင်း။

၄။ ခိုးရာပါပစ္စည်းမှန်းသိလျက်နှင့် ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ပြုမူခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၁၃ | ခိုးရာပါပစ္စည်းကို အမြဲတစေရောင်းဝယ်ခြင်း။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | တစ်သက်တစ်ကျွန်းဒဏ် ဖြစ်စေ၊ ၁၀နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်ဖြစ်စေ။ | စက်ရှင်တရားရုံး |

http://www.cherrythitsar.org



## ခိုးရာပါပစ္စည်းကို ဝှက်သိမ်းရာတွင်ကူညီခြင်း။ (ပုဒ်မ ၄၁၄)

## Assisting in concealment of stolen property. (Section 414)

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ ခိုးရာပါပစ္စည်းမှန်း သိလျက်နှင့်သော် လည်းကောင်း၊ ထိုသို့ ယုံကြည်ရန် အကြောင်းရှိလျက်နှင့်သော်လည်းကောင်း ထိုပစ္စည်းကို ဝှက်သိမ်း ရာတွင် သို့တည်းမဟုတ် စီမံခန့်ခွဲရာတွင် သို့တည်းမဟုတ် ဖျောက်ဖျက်ရာတွင် မိမိအလိုအလျောက်ကူညီလျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ခိုးရာပါပစ္စည်းဖြစ်ခြင်း။

၂။ တရားခံသည် ထိုပစ္စည်းကို ဝှက်သိမ်းရာတွင်လည်းကောင်း၊ စီမံခန့်ခွဲရာတွင် လည်းကောင်း ကူညီခြင်း။

၃။ ယင်းသို့ကူညီခြင်းမှာ တရားခံက မိမိအလိုအလျောက်ပြုခြင်း။

၄။ ခိုးရာပါပစ္စည်းမှန်းသိခြင်း သို့မဟုတ် ယုံကြည်ရန်အကြောင်းရှိခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၁၄ | ခိုးရာပါပစ္စည်းဖြစ်ကြောင်းသိလျက်နှင့် ထိုပစ္စည်းကို ဝှက်သိမ်း သို့မဟုတ် စီမံခန့် ခွဲရာတွင် ကူညီမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး |

**စီရင်ထုံး**

၁။ ဝှက်သိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ ဖျောက်ဖျက်ခြင်း စသည့်စကားရပ်များတွင် ခိုးရာပါပစ္စည်းကို ပိုင်ရှင်အားပြန်ပေးခြင်း ပါဝင်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ ခိုးရာပါပစ္စည်းကို တစ်နည်းနည်းဖြင့် မမှတ်မိအောင်သော်လည်းကောင်း၊ သက်သေ အထောက်အထားအဖြစ် အသုံးမပြုနိုင်အောင်သော်လည်းကောင်း ပြုမူသူကို အရေးယူရန် ဤပုဒ်မကို ပြဋ္ဌာန်းထားခြင်းဖြစ်ရာ သားဖြစ်သူခိုးထားသော လက်ဝတ် လက်စားများကို ဖခင်ဖြစ်သူက ပိုင်ရှင်ကို ပြန်ပေးခဲ့လျှင် ဖခင်အား ဤပုဒ်မဖြင့် အပြစ်မပေးနိုင်ပေ။

*[ရန်အေးနှင့်အစိုးရ၊ (၁၉၁၀-၁၃) အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၈ ]*

http://www.cherrythitsar.org



၂။ သူခိုးသည် ခိုးရာပါပစ္စည်းကို ပွင့်ပွင့်လင်းလင်း၊ အထင်အရှား ရောင်းချခြင်း မပြုနိုင်။ ဒလန်မှတဆင့် ထုတ်ရသည်။ ပစ္စည်းကိုလက်ခံသည့် ဒလန်သည် ခိုးရာပါ ပစ္စည်း လက်ခံသူဖြစ်သည်။ လက်ခံခြင်းမပြုဘဲ အခြားသူတစ်ဦးဦးထံသို့ အခွန် ထုတ်ပေးသည့်ဒလန်မှာ ဤပုဒ်မနှင့် အကျုံးဝင်မည်ဖြစ်သည်။

*[အက်ဖ်အမ်ဂျူးနှင့်အစိုးရ၊ ၁၉၄၈၊ မြန်မာပြည်စီရင်ထုံး၊ ၁၀၃]*

၃။ တရားခံတစ်ဦးအား ခိုးရာပါပစ္စည်းတစ်ခုတည်းနှင့် ပတ်သက်၍ ခိုးမှုအရ လည်းကောင်း၊ ခိုးရာပါပစ္စည်းကို စီမံခန့်ခွဲမှုအရလည်းကောင်း အပြစ်မပေးနိုင်ပေ။

*[ဘိုးကျော်နှင့်အစိုးရ၊ ရွေးချယ်ထားသည့်စီရင်ချက်များ၊ အောက်မြန်မာပြည်၊၃၃၄ ]*

**လိမ်လည်မှု၊ (ပုဒ်မ ၄၁၅)**

## Cheating
## (Section 415)

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

မည်သူမဆို၊ တစ်ဦးတစ်ယောက်သောသူအား လှည့်ဖြားခြင်းဖြင့် ထိုသို့ လှည့်ဖြားခံရသောသူက သူတစ်ပါးအား ပစ္စည်းတစ်ခုခုကို ပေးအပ်စေရန်ဖြစ်စေ၊ သူတစ်ပါးထံတွင် ပစ္စည်းတစ်ခုခုကို ဆက်လက်ထားရှိသည်ကို သဘောတူစေရန် ဖြစ်စေ ထိုသို့လှည့်ဖြားခံရသောသူအား လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့် သော်လည်းကောင်း၊ မရိုးမဖြောင့်သောသဘောဖြင့်သော်လည်းကောင်း သွေးဆောင် လျှင်၊ သို့တည်းမဟုတ် တစ်ဦးတစ်ယောက်သောသူအား လှည့်ဖြားခြင်းဖြင့် ထိုသို့ လှည့်ဖြားခြင်းခံရသောသူက အကယ်၍ လှည့်ဖြားခြင်းမခံရခဲ့သော် မိမိပြုမည် မဟုတ်သော၊ သို့တည်းမဟုတ် မိမိပျက်ကွက်မည်မဟုတ်သောအရာကို ပြုစေရန် သော်လည်းကောင်း၊ မပြုဘဲ ပျက်ကွက်စေရန်သော်လည်းကောင်း ထိုသို့လှည့်ဖြား ခြင်းခံရသောသူအား တမင်သွေးဆောင်လျှင်၊ ထို့ပြင် ထိုပြုလုပ်မှုက၊ သို့တည်း မဟုတ် ထိုပျက်ကွက်မှုက ထိုသူ၏ကိုယ်ကိုဖြစ်စေ၊ စိတ်ကိုဖြစ်စေ၊ ဂုဏ်သရေကို ဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ ပျက်စီးနစ်နာစေခြင်းသော်လည်းကောင်း၊ အန္တရာယ်သော် လည်းကောင်း ဖြစ်စေလျှင်၊ သို့တည်းမဟုတ် ထိုသို့ဖြစ်စေတန်ရာလျှင် ထိုသူသည် လိမ်လည်သည်မည်၏။

**ရှင်းလင်းချက်။** မရိုးမဖြောင့်သော သဘောနှင့် ကြောင်းခြင်းရာများကို ထိမ်ချန်ခြင်း သည် ဤပုဒ်မ၏ အဓိပ္ပာယ်အရ လှည့်ဖြားခြင်းမည်၏။

**<u>ဥပမာများ</u>**

(က) မောင်ဖြူသည် နိုင်ငံဝန်ထမ်း အဖွဲ့ဝင်မဟုတ်ဘဲ ဟုတ်မှန်ယောင်ဆောင်လျက် မောင်မဲကို တမင်လှည့်ဖြားပြီးလျှင် ကုန်ဖိုးငွေကို ပေးချေရန် သဘောမထားဘဲ မိမိအား ကုန်အကြွေးပေးစေရန် မောင်မဲကို မရိုးမဖြောင့်သော သဘောနှင့် သွေးဆောင်၏။ ဤတွင် မောင်ဖြူသည် လိမ်လည်သည်မည်၏။

http://www.cherrythitsar.org



(ခ) မောင်ဖြူသည် တံဆိပ်အတုကို ပစ္စည်းတစ်ခုပေါ်၌ပြု၍ ထိုပစ္စည်းကို ထင်ရှားသော ကုန်ထုတ်လုပ်သူက ပြုလုပ်ကြောင်း မောင်မဲယုံကြည်အောင် တမင်လှည့်ဖြားပြီးလျှင် မောင်မဲအား အဖိုးပေးဝယ်ယူစေရန် မရိုးမဖြောင့်သော သဘောနှင့် သွေးဆောင်၏။ ဤတွင် မောင်ဖြူသည် လိမ်လည်သည်မည်၏။

(ဂ) မောင်ဖြူသည် မောင်မဲအား ပစ္စည်းနှင့်မတူသော နမူနာကိုပြ၍ ပစ္စည်းသည် နမူနာအတိုင်းဖြစ်အောင် မောင်မဲယုံကြည်အောင် တမင်လှည့်ဖြားပြီးလျှင် မောင်မဲအား ပစ္စည်းကို အဖိုးပေးဝယ်ယူစေရန် မရိုးမဖြောင့်သော သဘောနှင့် သွေးဆောင်၏။ ဤတွင် မောင်ဖြူသည် လိမ်လည်သည်မည်၏။

(ဃ) မောင်ဖြူသည် အစုစပ်လုပ်ငန်းတွင် ငွေအပ်နှံထားခြင်းမရှိ၊ ထို့ကြောင့် ထိုလုပ်ငန်းက မိမိ၏ငွေလွှဲလက်မှတ်ကို ပယ်မည်ဖြစ်ကြောင်းသိထား၏။ ထိုသို့သိထားပြီးလျက်နှင့် ပစ္စည်းတစ်ခုအတွက် ငွေပေးချေရန် အဆိုပါ အစုစပ်လုပ်ငန်း၌ ငွေထုတ်ယူရမည့် ငွေလွှဲလက်မှတ်ကို မောင်မဲအား ပေးခြင်းဖြင့် မောင်မဲကို တမင်လှည့်ဖြားပြီးလျှင် ထိုပစ္စည်း၏တန်ဖိုးကိုပေးရန် မကြံရွယ်ဘဲ မောင်မဲက မိမိအား ထိုပစ္စည်းကို ပေးအပ်စေရန် မောင်မဲအား မရိုးမဖြောင့်သောသဘောနှင့် သွေးဆောင်၏။ ဤတွင် မောင်ဖြူသည် လိမ်လည်သည်မည်၏။

(င) မောင်ဖြူသည် ပစ္စည်းတစ်ခုကို စိန်မဟုတ်ကြောင်းသိလျက်နှင့် ထိုပစ္စည်းကို စိန်ထည်အဖြစ်ဖြင့် ပေါင်နှံကာ မောင်မဲအား တမင်လှည့်ဖြားပြီးလျှင် မောင်မဲက မိမိအား ငွေချေးစေရန် မောင်မဲကို မရိုးမဖြောင့်သော သဘောနှင့် သွေးဆောင်၏။ ဤတွင် မောင်ဖြူသည် လိမ်လည်သည်မည်၏။

(စ) မောင်ဖြူသည် ချေးယူသည့်ငွေကို ပြန်ဆပ်ရန် ကြံရွယ်ခြင်းမရှိဘဲ မောင်မဲထံမှ ချေးယူသည့်ငွေများကို ပြန်ဆပ်မည်ဖြစ်ကြောင်း ယုံကြည်အောင်ပြု၍ မောင်မဲကို တမင်လှည့်ဖြားပြီးလျှင် မောင်မဲက မိမိအားငွေထုတ်ချေးရန် မောင်မဲအား မရိုးမဖြောင့်သော သဘောနှင့် သွေးဆောင်၏။ ဤတွင် မောင်ဖြူသည် လိမ်လည်သည်မည်၏။

(ဆ) မောင်ဖြူသည် မဲနယ်ပင်ပေးအပ်ရန် ကြံရွယ်ခြင်းမရှိဘဲ မောင်မဲအား မဲနယ်ပင်များ ပေးမည်ဖြစ်ကြောင်း ယုံကြည်အောင် တမင်လှည့်ဖြား၏။ ထိုသို့လှည့်ဖြားခြင်းကို မောင်မဲသည် ယုံကြည်ရာ မောင်ဖြူသည် မောင်မဲက မိမိအား ငွေထုတ်ပေးစေရန် မောင်မဲကို မရိုးမဖြောင့်သော သဘောနှင့် သွေးဆောင်၏။ ဤတွင် မောင်ဖြူသည် လိမ်လည်သည်မည်၏။ သို့ရာတွင် မောင်ဖြူသည် ငွေကိုရစဉ်အခါက မဲနယ်ပင်များကို ပေးအပ်ရန်ကြံရွယ်ခြင်းရှိ၍ နောင်အခါမှာမှ ပဋိညာဉ်ကို ဖောက်ဖျက်ကာ မပေးအပ်ဘဲနေလျှင် မောင်ဖြူသည် လိမ်လည်ရာမရောက်။ ပဋိညာဉ်ဖောက်ဖျက်သည့်အတွက် တရားမကြောင်း စွဲဆိုခြင်းကိုသာလျှင် ခံထိုက်သည်။

(ဇ) မောင်ဖြူသည် မောင်မဲနှင့်ပြုလုပ်ထားသည့် ပဋိညာဉ်တွင် မိမိဆောင်ရွက်ရန်ဖြစ်သော အမှုကိစ္စကို မဆောင်ရွက်ဘဲလျက် ဆောင်ရွက်ပြီးစီးကြောင်းယုံကြည်

http://www.cherrythitsar.org



အောင် တမင်လှည့်ဖြား၍ မိမိအား မောင်မဲက ငွေပေးစေရန် မောင်မဲကို မရိုးမဖြောင့်သော သဘောနှင့် သွေးဆောင်၏။ ဤတွင် မောင်ဖြူသည် လိမ်လည်သည်မည်၏။

(ဈ) မောင်ဖြူသည် မြေနေရာတစ်ခုကို မောင်နီအားရောင်းချ၍ လွှဲပြောင်းပေး၏။ ထိုသို့ရောင်းချပြီးဖြစ်သဖြင့် ထိုမြေနေရာနှင့်စပ်လျဉ်း၍ မိမိ၌ ပိုင်ဆိုင်ခွင့်မရှိကြောင်း သိလျက်နှင့် မောင်ဖြူသည် ထိုသို့ရောင်းချ လွှဲပြောင်းပေးပြီးဖြစ်ကြောင်းကို ထုတ်ဖော်ပြောဆိုခြင်းမပြုဘဲ ထိုမြေနေရာကို မောင်မဲအား ရောင်းချခြင်းကိုသော်လည်းကောင်း၊ ပေါင်နှံခြင်းကိုသော်လည်းကောင်းပြု၍ မောင်မဲထံမှ ရောင်းရငွေကို၊ သို့တည်းမဟုတ် အပေါင်ငွေကို လက်ခံ၏။ ဤတွင် မောင်ဖြူသည် လိမ်လည်သည်မည်၏။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တစ်ဦးတစ်ယောက်သောသူအား လှည့်ဖြားခြင်းနှင့်

၂။ (က) လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့်သော်လည်းကောင်း၊ မရိုးမဖြောင့်သော သဘောဖြင့်သော်လည်းကောင်း ထိုသူက သူတစ်ပါးအား ပစ္စည်းတစ်ခုခုကို ပေးအပ်စေခြင်း၊ သို့မဟုတ် ပစ္စည်းတစ်ခုခုအား ဆက်လက်ထားရှိသည်ကို သဘောတူစေခြင်း၊ သို့မဟုတ်

(ခ) ထိုသူ၏ကိုယ်ကိုဖြစ်စေ၊ စိတ်ကိုဖြစ်စေ၊ ဂုဏ်သရေကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ ပျက်စီးနစ်နာစေရန်၊ အန္တရာယ်ဖြစ်စေရန် တမင်သွေးဆောင်၍ ပြုစေခြင်း၊ ပျက်ကွက်စေခြင်း။

**<u>စီရင်ထုံး</u>**

၁။ သာမန်ပဋိညာဉ်ချိုးဖောက်သည့်ကိစ္စသည် ပြစ်မှုကြောင်းအရ လိမ်လည်မှုတွင် အကျုံးမဝင်ဟုဆိုသော အချက်ကို သတိချပ်ရန်လိုသည်။ လိမ်လည်မှုတွင် အဓိက အချက်မှာ သွေးဆောင်စဉ်က တရားခံသည် လိမ်လည်လှည့်ဖြားလိုသည့်သဘော ရှိသည်ဆိုခြင်းပင် ဖြစ်သည်။

*[ပြည်ထောင်စုနှင့်ဦးအောင်ခင်လတ်၊ ၁၉၅၂၊*
*မြန်မာပြည်စီရင်ထုံး၊ ၁၁၄(လွှတ်တော်) ]*

၂။ ချေးငွေကုမ္ပဏီ တည်ထောင်သူတို့က ငွေချေးပုံစံများကို ရောင်းချခဲ့ရာ ထိုပုံစံတွင် ငွေချေးပါမည်ဟု တာဝန်မယူခဲ့ပေ။ ပုံစံဝယ်ယူသူတို့အနေဖြင့်လည်း ငွေချေးသည့်ကိစ္စသက်သက်မဟုတ်ဘဲ ထီဖွင့်သည့်ကိစ္စဖြစ်ကြောင်း သိရှိနားလည်ကြသဖြင့် ယင်းကုမ္ပဏီ တည်ထောင်သူများအား လိမ်လည်မှုဖြင့် ပြစ်ဒဏ်ထင်ရှားစီရင်ခြင်း မပြုနိုင်ပေ။

*[မောင်ဘသွင်နှင့်အစိုးရ၊ အေအိုင်အာ၊ ၁၉၃၈၊ ရန်ကုန်၊ ၃၀၁ ]*

http://www.cherrythitsar.org



၃။ သွေးဆောင်သည့်ကိစ္စတိုင်းသည် လိမ်လည်မှုမဟုတ်ချေ။ လိမ်လည်လှည့်ဖြားလိုသည့်သဘော သို့မဟုတ် မရိုးမဖြောင့်သည့်သဘောဖြင့် သွေးဆောင်မှသာ ပြစ်မှုမြောက်မည်ဖြစ်သည်။ လိမ်လည်လှည့်ဖြားလိုသည့်သဘောဆိုသည့် စကားရပ်နှင့် မရိုးမဖြောင့်သည့်သဘောဆိုသည့် စကားရပ်များကို ဤပုဒ်မတွင် သီးသန့်အသုံးပြုထားသဖြင့် ထိုစကားရပ်များသည် အဓိပ္ပာယ်သီးခြားရှိသည်ဟု ဆိုရမည်ဖြစ်သည်။ အဓိပ္ပာယ်တူလျှင် စကားရပ်နှစ်ခုကို ပူးတွဲ၍ အသုံးပြုလိမ့်မည်မဟုတ်ပေ။ လိမ်လည်လှည့်ဖြားခြင်းဆိုသည်မှာ လိမ်လည်လှည့်ဖြားရန်အကြံနှင့်ပြုခြင်း ဖြစ်သည်ဟု ပုဒ်မ ၂၅ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသော်လည်း 'လိမ်လည်လှည့်ဖြား' ဆိုသည့်စကားရပ်ကို ရှင်းလင်းထားခြင်းမရှိသဖြင့် သူတစ်ပါးအပေါ် မကောင်းသည့်စိတ်စေတနာဖြင့် ပြုခြင်းပင်ဖြစ်သည်ဟု ဆိုရပေမည်။ မတရားဆုံးရှုံးခြင်း၊ ရယူခြင်းမရှိဘဲ တမင်တကာ လိမ်လည်ခြင်း အဓိပ္ပာယ်ဆောင်ပေသည်။ ဥပမာ အရက်ကို နာမည်ကျော်ကုမ္ပဏီမှထုတ်လုပ်သည့်အရက် ဖြစ်လေဟန် တံဆိပ်လိမ်လည်ကပ်၍ ရောင်းချလျှင် ဝယ်ယူသူအား မတရားဆုံးရှုံးစေရန်အကြံ မရှိစေကာမူ လိမ်လည်မှုကျူးလွန်ရာရောက်သည်။

*[အစိုးရနှင့်သာဗျော၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၃၁၅]*

၄။ တရားခံအား ၎င်း၏အဒေါ်က မင်္ဂလာပွဲတွင် လက်ဝတ်လက်စားငှားရမ်းပြီး ရက်အနည်းငယ်အတွင်း ပြန်ပေးမည်ဟုပြောကြား၍ ငှားရမ်းလိုက်ရာ မင်္ဂလာပွဲပြီးသည့်နောက်ပိုင်း၌ ပြန်မပေးသဖြင့် လိမ်လည်မှုဖြင့် တရားစွဲဆိုရာ ငှားရမ်းစဉ်က လိမ်လည်လှည့်ဖြားလိုသည့်သဘောသော်လည်းကောင်း၊ မရိုးမဖြောင့်သည့်သဘောသော်လည်းကောင်း ရှိသည်ဟု မပေါ်ပေါက်၍ လိမ်လည်မှုမမြောက်ဟု ဆုံးဖြတ်ထားသည်။

*[ဂျာဂါဒါးမားနှင့်အစိုးရ၊ အတွဲ ၁၃၊ မြန်မာပြည်စီရင်ထုံး၊ ၂၆၈]*

၅။ တရားလိုနှင့်တရားခံတို့သည် စပါးတင်းတစ်ရာလျှင် ၂၂၅ ကျပ်ဈေးနှုန်းဖြင့် ရောင်းဝယ်ကြရန် သဘောတူစာချုပ်ချုပ်ဆိုကြပြီး ငွေချေမှ စပါးကို သယ်ယူသွားရန် ကတိရှိကြသည်။ တရားခံတို့က စပါး ၉၈ အိတ်ဝယ်ရာ တရားလိုက ငွေချေရန် ပြောသောအခါ တရားခံက စပါးတင်လှည်းကိုသွားပါစေ၊ ငွေကို အခြားတရားခံ ယူလာမည်ဟုပြောပြီး ကိုယ်တိုင် တရားလိုအိမ်တွင်စောင့်နေသည်။ တရားလိုနှင့် အိမ်သားများ အလုပ်ရှုပ်နေခိုက် တရားခံ တိမ်းရှောင်သွားလျှင် တရားခံတို့သည် စပါးဝယ်စဉ်ကပင် ငွေချေရန်မရည်ရွယ်ကြောင်း ပေါ်ပေါက်နေသောကြောင့် လိမ်လည်မှုမြောက်သည်ဟု ဆိုရမည်ဖြစ်သည်။

*[မောင်မြနှင့်အစိုးရ၊ အတွဲ ၄၊ ဘားမားလောတိုင်း၊ ၁၄]*

၆။ တရားခံက အနီးရှိချောင်းထဲ၌ စပါးလှေ၂စင်းရှိသည်ဟုဆိုကာ စရံငွေယူပြီး အော်ဒီမံစာချုပ် ချုပ်ဆိုကာ တိမ်းရှောင်သွားသည့်ကိစ္စတွင် တရားခံထံ၌ ငွေယူစဉ်က စပါးလှေရှိကြောင်း မပေါ်ပေါက်သဖြင့် လိမ်လည်မှုကျူးလွန်ကြောင်း ထင်ရှားသည်။

*[ဘိုးယုံနှင့်မိုဟာဘရားသားလီမိဘက်၊ အတွဲ ၆၊*
*အောက်မြန်မာပြည်စီရင်ထုံး၊ ၃၈]*

http://www.cherrythitsar.org



၇။ နှုတ်ဖြင့်သော်လည်းကောင်း၊ အပြုအမူဖြင့်သော်လည်းကောင်း လိမ်လည်နိုင်မည်ဖြစ်သော်လည်း သာမန်ထိမ်ချန်ထားခြင်းဖြင့် လိမ်လည်ရာမရောက်ပေ။ မရိုးမဖြောင့်သောသဘောဖြင့် ထိမ်ချန်ခြင်းပြုမှသာ လိမ်လည်ရာရောက်သည်။

*[ဘိုးမောင်နှင့်အစိုးရ(၁၈၉၂-၉၆) အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၂၅]*

၈။ ပြုလုပ်မှုတစ်ခုသည် လိမ်လည်မှုမမြောက်သော်လည်း လိမ်လည်ရန်အားထုတ်မှု၊ အားပေးကူညီမှုဖြစ်နိုင်သည်။ မီးအာမခံ ကုမ္ပဏီသို့ မီးလောင်သည့် စပါးနှင့်ပတ်သက်၍ လောင်သည်ထက်ပို၍ တောင်းခံခြင်းသည် လိမ်လည်ရန် အားထုတ်မှုမြောက်သည်။

*[မောင်ဘိုးမြင့်နှင့်အစိုးရ၊ အတွဲ ၂ ရန်ကုန် ၅၁ ]*

၉။ သွေးဆောင်မှုကြောင့် ပစ္စည်းအပ်ပေးခံရလျှင် ထိုသွေးဆောင်မှုသည် တရားဥပဒေက တားမြစ်ထားသည့်ကိစ္စ၊ တရားမရုံးတွင် တရားစွဲဆိုခြင်းမပြုနိုင်သည့်ကိစ္စအတွက်ပင် ဖြစ်စေကာမူ လိမ်လည်မှုဖြင့် တရားစွဲဆိုနိုင်သည်။

*[မိရာနှင့်အစိုးရ၊ အေအိုင်အာ ၁၉၁၇ အောက်မြန်မာပြည်စီရင်ထုံး၊ ၁၀၅]*

၁၀။ တရားခံက ပြစ်မှုရုံးတွင် တရားစွဲဆိုခြင်းခံရသူများအတွက် ပြောပေးမည်ဟုဆိုကာ ငွေယူသည့်ကိစ္စတွင် လာဘ်ပေးလာဘ်ယူခြင်းဖြစ်သော်လည်း တရားခံအားလိမ်လည်မှုဖြင့် တရားစွဲဆိုနိုင်သည်။

*[ရာကွတ်နှင့်အစိုးရ၊ အေအိုင်အာ ၁၉၃၃ ရန်ကုန် ၁၉၉]*

၁၁။ ချက်လက်မှတ်နှင့်ငွေပေးသည့်ကိစ္စတွင် ချက်ပေးသူသည် ဘဏ်၌ငွေစာရင်းရှိသည်ဟုလည်းကောင်း၊ ထိုငွေစာရင်းမှ ချက်လက်မှတ်တွင် ဖော်ပြထားသည့်ငွေကိုထုတ်ယူရန် အခွင့်အရေးရှိသည်ဟုလည်းကောင်း၊ ချက်လက်မှတ်သည် ဘဏ်ငွေစာရင်းမှ သာမန်အားဖြင့်ထုတ်ယူနိုင်သည့် ချက်လက်မှတ်ဖြစ်သည်ဟုလည်းကောင်း ဝန်ခံရာရောက်ပေသည်။ ချက်လက်မှတ်ပါငွေသည် ငွေစာရင်းတွင် အပြည့်အစုံရှိပြီးသားဖြစ်သည်ဟု ကတိပြုရာမရောက်ပေ။ ချက်လက်မှတ်ပေးသူအနေဖြင့် ဘဏ်မှငွေပိုထုတ်ယူခွင့်ရယူသည် ဖြစ်နိုင်သည်။ ချက်လက်မှတ်ကို တင်ပြခြင်းမပြုမီငွေကို တစ်နည်းနည်းဖြင့် ရှာဖွေပြီး ဖြည့်စွက်ခြင်းလည်းပြုနိုင်ပေသည်။ သို့ဖြစ်ရာကြိုတင်ရက်စွဲဖြင့် ရေးသားထားသည့် ချက်လက်မှတ်ကို ပေးခြင်းအားဖြင့် ထိုချက်လက်မှတ်နှင့်ငွေထုတ်၍မရစေကာမူ ပြစ်မှုကြောင်းအရ လိမ်လည်မှုဖြင့်အရေးမယူနိုင်ပေ။

*[ချောင်းအီထုံး(ခ)ဦးအေးထွန်းနှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၁၁၉၅]*

၁၂။ အိမ်လခပေးရန်ပျက်ကွက်သည့် အိမ်ငှားအား လိမ်လည်မှုဖြင့် တရားစွဲဆိုခြင်းမပြုနိုင်၊ တရားမကြောင်းအရသာ အရေးယူရမည်။

*[ဦးမျိုးသန့်နှင့်ပြည်ထောင်စု ၁၉၇၄ တရားရေးစာစောင်၊ အတွဲ ၂၊ ၈၁-၇]*

http://www.cherrythitsar.org



၁၃။ အမျိုးသမီးတစ်ဦးအား လက်ထပ်မည်ဟု ဖြားယောင်းသွေးဆောင်ပြီး ကာမယူခြင်းသည် သွေးဆောင်ခြင်းခံရသူ၏ ကိုယ်စိတ်နှင့်ဂုဏ်သရေကို နစ်နာပျက်စီးစေသဖြင့် လိမ်လည်မှုမြောက်သည်။

*[မောင်သန်းထွန်းနှင့်ပြည်ထောင်စု၊ ၁၉၇၂ မြန်မာပြည်စီရင်ထုံး ၂၃]*

၁၄။ တရားခံက ရဟန်းဘောင်မှ လူထွက်ပြီး လက်ထပ်ပါမည်ဟူသော ကတိမရှိဘဲ သဘောတူချစ်ကြိုက်ပျော်ပါးသည့် အခြေအနေတွင်မှ အမျိုးသမီး၌ ကိုယ်ဝန်ရှိလာပြီးနောက် လက်မထပ်သည့်အကြောင်းကြောင့် လိမ်လည်မှုအရ ပြစ်မှုကျူးလွန်ရာမရောက်။

*[မတင်အိနှင့်ဦးဝိမလ၊ ၁၉၇၅ မြန်မာပြည်စီရင်ထုံး ၄၄ ]*

၁၅။ အတည်တကျ လက်ထပ်ပါမည်ဟု လိမ်လည်လှည့်ဖြားပြီး ကာမစပ်ယှက်ခဲ့လျှင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ အရ ပြစ်ဒဏ်ထိုက်သောပြစ်မှုကို ကျူးလွန်ရာရောက်သည်။ မိမိနှင့် ထိမ်းမြားခြင်းမပြုသော မိန်းမကို မိမိနှင့် တရားသဖြင့်ထိမ်းမြားကြောင်း လှည့်ဖြားယုံကြည်စေ၍ ကာမစပ်ယှက်မှုသာလျှင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၃ အရ ပြစ်မှုမြောက်သည်။

*[မောင်ကျော်ဝင်းနှင့်ပြည်ထောင်စု၊ ၁၉၇၆ မြန်မာပြည်စီရင်ထုံး ၉]*

၁၆။ အတည်တကျ လက်ထပ်ပေါင်းသင်းမည်ဟု ပြောဆိုသည်ကို ယုံကြည်သဖြင့် ကာမပေးခဲ့သည်ဆိုသော စွပ်စွဲချက်နှင့်စပ်လျဉ်း၍ ကာယကံရှင်အမျိုးသမီးတစ်ဦးတည်း၏ထွက်ချက်သာရှိပြီး အခြားလွတ်လပ်သည့် သက်သေခံအထောက်အထားလုံးဝမရှိလျှင် လိမ်လည်မှုဖြင့် အပြစ်မပေးသင့်ပေ။

*[ဦးညွန့်မောင်နှင့်ပြည်ထောင်စု၊ ၁၉၇၃ မြန်မာပြည်စီရင်ထုံး ၁၀၄]*

**သူတစ်ပါးအယောင်ဆောင်၍လိမ်လည်ခြင်း။ (ပုဒ်မ ၄၁၆)**

**Cheating by personation. (Section 416)**

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

လူတစ်ဦးတစ်ယောက်သည် သူတစ်ပါးယောင်ဆောင်၍သော် လည်းကောင်း၊ သိလျက်နှင့် လူစားသွင်း၍သော်လည်းကောင်း၊ မိမိသည် သူတစ်ပါးဖြစ်ကြောင်း၊ သို့တည်းမဟုတ် တစ်ဦးတစ်ယောက်သောသူသည် ထိုသူ အစစ်အမှန်မဟုတ်သော အခြားသူဖြစ်ကြောင်း ပြောဆို၍သော်လည်းကောင်း လိမ်လည်လျှင်၊ ထိုသူသည် သူတစ်ပါးအယောင်ဆောင်၍ လိမ်လည်သည်မည်၏။

**ရှင်းလင်းချက်**။ ။ အယောင်ဆောင်ခြင်းခံရသူသည် တကယ်ရှိသည်ဖြစ်စေ၊ စိတ်ကူး၌သာရှိသည်ဖြစ်စေ အယောင်ဆောင်သူမှာ ဤပြစ်မှုကို ကျူးလွန်ရာရောက်သည်။

http://www.cherrythitsar.org



<u>ဥပမာများ။</u>

(က) မောင်ဖြူသည် မိမိနှင့် အမည်တူ လူချမ်းသာ ဘဏ်တိုက်စိုးဟန်ဆောင်၍ လိမ်လည်၏။ ဤတွင် မောင်ဖြူသည် သူတစ်ပါးယောင်ဆောင်၍ လိမ်လည်သည် မည်၏။

(ခ) မောင်ဖြူသည် သေဆုံးသွားသူ မောင်မဲဟန်ဆောင်၍ လိမ်လည်၏။ ဤတွင် မောင်ဖြူသည် သူတစ်ပါးယောင်ဆောင်၍ လိမ်လည်သည်မည်၏။

<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>

၁။ လိမ်လည်ခြင်း နှင့်

၂။ သူတစ်ပါးအဖြစ် အယောင်ဆောင်ခြင်း၊ သို့မဟုတ် သိလျက်နှင့်လူစားသွင်းခြင်း သို့မဟုတ် မိမိသည် သူတစ်ပါးဖြစ်သည်ဟု လည်းကောင်း၊ တစ်ဦးတစ်ယောက်သည် အစစ်အမှန်မဟုတ်သော အခြားသူဖြစ်သည်ဟု လည်းကောင်း ပြောဆိုခြင်း။

**လိမ်လည်မှုအတွက်ပြစ်ဒဏ်။ (ပုဒ်မ ၄၁၇)**

**Punishment for cheating. (Section 417)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

မည်သူမဆို၊ လိမ်လည်မှု ကျူးလွန်လျှင် ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>

၁။ တရားခံက တစ်ဦးတစ်ယောက်အား လှည့်ဖြားခြင်း။

၂။ လှည့်ဖြားကာ ထိုသူအားသွေးဆောင်ခြင်း။

၃။ သွေးဆောင်ခြင်းမှာ လိမ်လည်လှည့်ဖြားလိုသည့် သို့မဟုတ် မရိုးမဖြောင့်သည့် သဘောနှင့်ဖြစ်ခြင်း။

၄။ သွေးဆောင်ခြင်းခံရသူအား ပစ္စည်းတစ်စုံတစ်ခုကို ပေးအပ်စေခြင်း၊ သို့မဟုတ် ဆက်လက်ထိန်းသိမ်းရန် သဘောတူစေခြင်း -

သို့တည်းမဟုတ်

၁။ တရားခံက တစ်ဦးတစ်ယောက်အား လှည့်ဖြားခြင်း။

၂။ လှည့်ဖြားကာ ထိုသူအား သွေးဆောင်ခြင်း။

၃။ ထိုကဲ့သို့ ပြုစေခြင်း၊ ပျက်ကွက်စေခြင်းကြောင့် ထိုသူ၏ ကိုယ်၊ စိတ်၊ ဂုဏ်သရေ သို့မဟုတ် ပစ္စည်းကို နစ်နာစေခြင်း၊ အန္တရာယ်ဖြစ်စေခြင်း။

၄။ သွေးဆောင်ခြင်းခံရသူအားပြုစေခြင်း၊ ပျက်ကွက်စေခြင်း။

၅။ တမင်သွေးဆောင်ခြင်း။

http://www.cherrythitsar.org



<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၁၇ | လိမ်လည်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | တရားလိုတက် စစ်ဆေးဆဲ တရားရုံးက ခွင့်ပြုလျှင် ကျေအေးခွင့် ရှိသည်။ | ၁နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

<u>**ပြစ်မှုကိုကျေအေးနိုင်သူများ**</u>
လိမ်လည်ခြင်းခံရသူ

<u>**စီရင်ထုံး**</u>

၁။ သာမန်လိမ်လည်မှုအတွက် ပြစ်ဒဏ်သတ်မှတ်သောပုဒ်မဖြစ်သည်။ သာမန်လိမ်လည်မှုမှာ မည်သို့သော ပြုလုပ်မှုဖြစ်သည်ဟု ပုဒ်မ ၄၁၅ တွင် ရှင်းလင်းထားပြီးဖြစ်သည်။ ဤပုဒ်မနှင့် ပုဒ်မ ၄၂၀ မှာ ဆင်တူသည်။ ပုဒ်မ ၄၂၀ မှာ ကြီးလေးသောပုဒ်မဖြစ်၍ ပစ္စည်းအပ်ပေးခဲ့ရလျှင် ထိုပုဒ်မကိုသာ အသုံးပြုလေ့ရှိသည်။ ပုဒ်မ ၄၂၀ တွင် လိုအပ်သည့် အင်္ဂါရပ်များဖြင့် လိမ်လည်ခြင်းဖြစ်ပါမူ ဤပုဒ်မအရ အပြစ်မပေးသင့်၊ ပိုမိုကြီးလေးသည့် ပုဒ်မအရသာ စီရင်ရမည်ဖြစ်သည်။

*[အစိုးရနှင့်ဘိုးလှိုင်၊ အတွဲ-၁ အောက်မြန်မာပြည်စီရင်ထုံး ၂၆၆ ]*

**ပြစ်မှုကျူးလွန်သူသည် မိမိက ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသူအား မတရားသဖြင့် ဆုံးရှုံးခြင်းဖြစ်စေမည်ကို သိလျက်နှင့် လိမ်လည်ခြင်း။ (ပုဒ်မ ၄၁၈)**

**Cheating with knowledge that wrongful loss may ensue to person whose interest offender is bound to protect. (Section 418)**

<u>**ဥပဒေပုဒ်မဆိုချက်**</u>

မည်သူမဆို၊ လိမ်လည်မှုကျူးလွန်ရာ၌ ထိုသို့ကျူးလွန်ခြင်းနှင့်သက်ဆိုင်သော ကိစ္စတစ်ခုတွင် တစ်ဦးတစ်ယောက်၏ အကျိုးကို ဥပဒေအရဖြစ်စေ၊ ဥပဒေနှင့်အညီပြုသည့် ပဋိညာဉ်အရဖြစ်စေ ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသော်လည်း ထိုသူအား မတရားသဖြင့် ဆုံးရှုံးခြင်းဖြစ်စေတန်ရာသည်ကို သိလျက်နှင့် လိမ်လည်လျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

http://www.cherrythitsar.org



**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် တစ်ဦးတစ်ယောက်အား လိမ်လည်ခြင်း။

၂။ တရားခံသည် ထိုသူ၏ အကျိုးကို ကာကွယ်စောင့်ရှောက်ရန်တာဝန်ရှိခြင်း။

၃။ ယင်းတာဝန်နှင့်ပတ်သက်၍ လိမ်လည်ခြင်း။

၄။ တရားခံသည် ထိုသူအား မတရားဆုံးရှုံးဖြစ်တန်ရာသည်ကိုသိခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၁၈ | တစ်ဦးတစ်ယောက်၏အကျိုးကို ဥပဒေအရဖြစ်စေ၊ ဥပဒေနှင့်အညီပြုသည့် ပဋိညာဉ်အရဖြစ်စေ၊ ပြစ်မှုကျူးလွန်သူက ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသောထိုသူအား လိမ်လည်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | တရားလိုတက် စစ်ဆေးဆဲ၊ တရားရုံးက ခွင့်ပြုလျှင် ကျေအေးခွင့် ရှိသည်။ | ၃နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**ပြစ်မှုကိုကျေအေးနိုင်သူများ**

လိမ်လည်ခြင်းခံရသူ

**သူတစ်ပါးယောင်ဆောင်၍ လိမ်လည်မှုအတွက် ပြစ်ဒဏ်။ (ပုဒ်မ ၄၁၉)**

**Punishment for cheating by personation. (Section 419)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ သူတစ်ပါးယောင်ဆောင်၍ လိမ်လည်လျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံက တစ်ဦးတစ်ယောက်အား လိမ်လည်ခြင်း။

၂။ သူတစ်ပါးအဖြစ် အယောင်ဆောင်၍သော်လည်းကောင်း၊ သိလျက်နှင့် လူစားသွင်း၍ဖြစ်စေ၊ အစစ်အမှန်မဟုတ်သော အခြားသူဖြစ်ကြောင်းပြော၍သော်လည်းကောင်း လိမ်လည်ခြင်း။

http://www.cherrythitsar.org



**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၁၉ | သူတစ်ပါးယောင်ဆောင်၍ လိမ်လည်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | တရားလိုတက် စစ်ဆေးဆဲ၊ တရားရုံးက ခွင့်ပြုလျှင် ကျေအေးခွင့် ရှိသည်။ | ၃နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**ပြစ်မှုကိုကျေအေးနိုင်သူများ**

လိမ်လည်ခြင်းခံရသူ

## ပစ္စည်းကိုပေးအပ်စေရန် လိမ်လည်၍မရိုးမဖြောင့် သောသဘောနှင့်သွေးဆောင်ခြင်း။ (ပုဒ်မ ၄၂၀)

## Cheating and dishonestly inducing delivery of property. (Section 420)

**ဥပဒေဖွင့်ဆိုချက်**

မည်သူမဆို၊ လှည့်ဖြားခြင်းခံရသောသူအား တစ်ခုခုသောပစ္စည်းကို သူတစ်ဦး တစ်ယောက်သို့ ပေးအပ်စေရန်သော်လည်းကောင်း၊ အဖိုးတန်စာတမ်းအမှတ်အသား အားလုံးကို၊ သို့တည်းမဟုတ် တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ လက်မှတ်ရေးထိုးခြင်း သော်လည်းကောင်း၊ တံဆိပ်ခတ်နှိပ်ခြင်းသော်လည်းကောင်း ရှိသည်လည်းဖြစ်၍၊ အဖိုးတန်စာတမ်းအမှတ်အသားအဖြစ်သို့ ပြောင်းလွှဲနိုင်သည်လည်းဖြစ်သော အရာ အားလုံးကို၊ သို့တည်းမဟုတ် တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြုစေရန်၊ သို့တည်း မဟုတ် ပြင်ဆင်စေရန်၊ သို့တည်းမဟုတ် ဖျက်ဆီးစေရန်သော်လည်းကောင်း ထို လှည့်ဖြားခြင်းခံရသူအား လိမ်လည်၍ မရိုးမဖြောင့်သောသဘောနှင့် သွေးဆောင် လျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် တစ်ဦးတစ်ယောက်အား လှည့်ဖြားခြင်း။

၂။ ယင်းသို့လှည့်ဖြားသဖြင့် ထိုသူက ပစ္စည်းတစ်စုံတစ်ရာကို သူတစ်ပါးအား အဖိုးတန် စာတမ်းအမှတ်အသားအဖြစ်သို့ ပြောင်းလဲနိုင်သည့် အရာဝတ္ထုကို ပြင်ဆင်ခဲ့ရခြင်း၊ ပြုခဲ့ရခြင်း၊ ဖျက်ဆီးခဲ့ရခြင်း။

၃။ မရိုးမဖြောင့်သောသဘောဖြင့် လှည့်ဖြားခြင်း။

http://www.cherrythitsar.org



**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၂၀ | ပစ္စည်းကို ပေးအပ်စေရန်ဖြစ်စေ၊ အဖိုးတန်စာတမ်းအမှတ်အသားတစ်ခုခုကိုဖြစ်စေ၊ ပြင်ဆင်စေရန်၊ သို့မဟုတ် ဖျက်ဆီးစေရန်ဖြစ်စေ လိမ်လည်၍ မရိုးမဖြောင့်သော သဘောဖြင့် သွေးဆောင်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**စီရင်ထုံး**

၁။ သာမန်လိမ်လည်မှုအတွက် ပြစ်ဒဏ်သတ်မှတ်သောပုဒ်မမှာ ပုဒ်မ၄၁၇ ဖြစ်ပြီး၊ ဤပုဒ်မသည် လိမ်လည်ရာ၌ ပစ္စည်းကို အပ်စေခြင်း၊ ပြင်ဆင်စေခြင်း၊ ဖျက်ဆီးစေခြင်းစသည့် အကျိုးသက်ရောက်မှုပါဝင်လာသည့်ကိစ္စနှင့် သက်ဆိုင်သည်။ ပုဒ်မ ၄၁၇ တွင် အကျုံးဝင်သည်။ လိမ်လည်မှု၌ လိမ်လည်လှည့်ဖြားလိုသော သဘော၊ သို့မဟုတ် မရိုးမဖြောင့်သောသဘောတစ်ခုခုနှင့်ပြုခြင်းဖြင့်သော်လည်း ဤပုဒ်မ အကျုံးဝင်သည်။ လိမ်လည်မှုတွင် မရိုးမဖြောင့်သောသဘောဖြင့် ပြုခြင်းသာ သက်ဆိုင်သည်။ လိမ်လည်စဉ်အချိန်က မတရားရယူခြင်းသော်လည်းကောင်း၊ မတရားဆုံးရှုံးခြင်းသော်လည်းကောင်း အကြံရှိသည်ဟု ထင်ရှားခြင်းမရှိက မရိုးမဖြောင့်သောသဘောနှင့် ပြုသည်ဟုဆိုနိုင်မည်မဟုတ်၍ ပုဒ်မ ၄၁၇ အရသာ အပြစ်ပေးသင့်ပေသည်။

*[ဘရှိန်နှင့်အစိုးရ၊ အတွဲ-၁၀ အောက်မြန်မာပြည်စီရင်ထုံး ၃၆၆ ]*

၂။ မရိုးမဖြောင့်ခြင်းကို ပုဒ်မ ၂၄ တွင် မတရားယူရန်အကြံနှင့်ဖြစ်စေ၊ မတရားဆုံးရှုံးစေရန်အကြံနှင့်ဖြစ်စေ၊ ပြုခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ထားသည်။ ပစ္စည်းကို သူတစ်ပါးထံမှ ရယူသည့်အချိန်တွင်ဖြစ်စေ၊ ရယူခြင်းမပြုမီအချိန်တွင်ဖြစ်စေ၊ မရိုးမဖြောင့်သောသဘောရှိရန် လိုပေသည်။

*[ဦးခင်မောင်လတ်နှင့်ပြည်ထောင်စု ၁၉၅၂ မြန်မာပြည်စီရင်ထုံး ၁၁၄(လွှတ်တော်)]*

*[ဦးမောင်မောင်နှင့်ပြည်ထောင်စု၊ ၁၉၆၆၊ မြန်မာပြည်စီရင်ထုံး၊ ၇၃၂]*

၃။ တရားခံက အနီးရှိချောင်းထဲတွင် စပါးလှေရှိသည်၊ ထိုစပါးကိုရောင်းပါမည်ဟု ပြောကာငွေယူ၍ အော်ဒီမံစာချုပ်ပေးခဲ့ပြီး၊ ရှောင်တိမ်းသွားသည်။ ငွေယူစဉ်က စပါးလှေမရှိကြောင်း ပေါ်ပေါက်နေ၍ ငွေကို မရိုးမဖြောင့်သော သဘောဖြင့် လှည့်ဖြားပြီးယူကြောင်း ထင်ရှားသဖြင့် ဤပုဒ်မအရ ပြစ်မှုမြောက်သည်။

*[ဘိုးယုံနှင့်မိုဟာဘရားသားကုမ္ပဏီလီမိတက်၊ အတွဲ-၆ အောက်မြန်မာပြည်စီရင်ထုံး ၃၁ ]*

http://www.cherrythitsar.org



၄။ ပစ္စည်း သို့မဟုတ် ငွေကိုရယူစဉ်က မရိုးမဖြောင့်သောသဘောမရှိလျှင် ပြစ်မှုကြောင်းအရ အရေးမယူနိုင်ချေ။ ပဋိညာဉ်ချိုးဖောက်သည့်အနေဖြင့် တရားမကြောင်းအရသာ အရေးယူနိုင်မည်ဖြစ်သည်။ မရိုးမဖြောင့်သောသဘော ရှိသည် မရှိသည်ဆိုခြင်းမှာ အမှုတွင် ပေါ်ပေါက်လျက်ရှိသော ကြောင်းခြင်းရာများအရ ဆုံးဖြတ်ရမည်ဖြစ်သည်။ တရားခံသည် တရားလို၏ စပါးပွဲစားဖြစ်ပြီး ငွေယူသောအခါ အော်ဒီမံစာချုပ် ချုပ်ပေးကာ စပါးများကိုလည်း ပေးသွင်းလေ့ရှိသည်။ နောက်ဆုံးအကြိမ်တွင် ငွေ ၄၀၀၀ ကျပ်ယူပြီး စပါးငွေ ၈၀၀ ကျပ်ဖိုးကိုသာ ပေးသွင်းခြင်းသည် ငွေယူစဉ်က မရိုးမဖြောင့်သောသဘောရှိသည်ဟု ယူဆရန် အကြောင်းမရှိပေ။

*[မောင်ဘိုလူနှင့် အစိုးရ၊ အတွဲ-၁၊ ရန်ကုန် ၃၉၇ ]*

၅။ တရားခံက ၎င်းတွင် သစ်တန် ၃၀၀ ရောင်းရန်ရှိသည်ဆိုပြီး စရံငွေယူပြီးနောက် သစ်ကိုမပေးသွင်းနိုင်၍ ဤပုဒ်မအရ တရားစွဲဆိုရာ တရားခံသည် သစ်ကုန်သည်ကြီးတစ်ဦးဖြစ်ပြီး သစ်သားများကို အမြဲရောင်းချနေသူဖြစ်၍ စရံငွေယူစဉ်က ပဋိညာဉ်ကိုဆောင်ရွက်ရန် လုံးဝရည်ရွယ်ခြင်းမရှိကြောင်း အထောက်အထားမရှိက အရေးယူနိုင်မည်မဟုတ်ပေ။

*[ဦးဝေလင်းနှင့်အက်ဖ်မိုဟာမက်၊ ၁၉၆၅ မြန်မာပြည်စီရင်ထုံး ၁၀၅၄ ]*

၆။ တရားခံသည် အစိုးရသို့ ငွေပေးဆပ်ရန်ရှိသဖြင့် တရားလိုထံချဉ်းကပ်ကာ ဆိုင်နှင့်ဆိုင်ရှိပစ္စည်းများကို လွှဲအပ်ပေးမည်ဟု ကတိပြုပြီး ငွေချေးသည်။ ငွေရပြီးနောက် ဆိုင်နှင့်ဆိုင်ရှိပစ္စည်းကို လွှဲအပ်ပေးခြင်းမပြု၍ တရားစွဲဆိုရာ၌ ငွေချေးစဉ်အချိန်က တရားခံတွင် ဆိုင်နှင့်ပစ္စည်းများရှိကြောင်း ပေါ်ပေါက်နေသဖြင့် ဆိုင်နှင့်ပစ္စည်းမရှိဘဲ ရှိသည်ဟု လိမ်လည်လှည့်ဖြားကာ ငွေကိုရယူခြင်းမဟုတ်၍ ဤပုဒ်မအရ ပြစ်မှုမမြောက်။

*[မစိန်ရင်နှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၃၈၁ ]*

၇။ ပဋိညာဉ်ပျက်ကွက်မှုဖြင့် တရားမကြောင်းအရ အရေးယူသင့်သောအမှုကို ပြစ်မှုကြောင်းအရ အရေးမယူနိုင်။ ငွေယူစဉ် လိမ်လည်ရန် အကြံရှိကြောင်း ပေါ်ပေါက်မှသာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ ပြစ်မှုမြောက်မည်ဖြစ်သည်။

*[ဦးညိုကြီးနှင့်ပြည်ထောင်စု ၁၉၇၈ မြန်မာပြည်စီရင်ထုံး ၂၇ ]*

၈။ ချေးယူသည့်ငွေကိုပြန်ဆပ်ရန် မရည်ရွယ်ဘဲ ပြန်ဆပ်မည်ဖြစ်ကြောင်း ယုံကြည်အောင် ပြုမူလျက် တမင်လှည့်ဖြားပြီး ငွေထုတ်ချေးစေရန် မရိုးမဖြောင့်သောသဘောဖြင့် သွေးဆောင်၍ ငွေကိုရယူလျှင် ပုဒ်မ ၄၂၀ အရ လိမ်လည်မှုမြောက်နိုင်သည်။

*[ဦးချစ်မောင်နှင့်ပြည်ထောင်စု ၁၉၈၁ မြန်မာပြည်စီရင်ထုံး ၂၀ ]*

၉။ အိမ်နှင့် မြေကို ရောင်းချရာ၌ စရန်ငွေရယူပြီးမှ အကြောင်းတစ်ခုခုကြောင့် ရောင်းချရန်ငြင်းဆိုခြင်းသည် လိမ်လည်လှည့်ဖြား၍ စရန်ငွေယူခြင်းဖြစ်သည်ဟု မဆိုနိုင်သဖြင့် ပုဒ်မ ၄၂၀ နှင့် ငြိစွန်းခြင်းမရှိ။

*[ဦးဘိုးချက်ပါ-၂နှင့်ပြည်ထောင်စု ၁၉၈၃ မြန်မာပြည်စီရင်ထုံး ၁၃၂ ]*

http://www.cherrythitsar.org



၁၀။ ငွေကိုလိမ်၍ မရိုးမဖြောင့်သောသဘောဖြင့် ရယူခြင်းဖြစ်ကြောင်း သက်သေပြရန်တာဝန်မှာ တရားလိုဘက်တွင်ရှိသည်။ စွပ်စွဲသူက စွပ်စွဲရုံမျှဖြင့် အစွပ်စွဲခံရသူက စွပ်စွဲချက်မဟုတ်မမှန်ကြောင်း ရှင်းလင်းရန် တာဝန်ရှိသည်ဟု သတ်မှတ်လျှင် မမှန်မကန်စွပ်စွဲခြင်းဖြင့် အစွပ်စွဲခံရသူတွင် ပင်ပန်းဆင်းရဲခြင်းဖြစ်ပေမည်။ စာချုပ်စာတမ်းများတွင် စည်းကမ်းချက်များ သတ်မှတ်ပြီး ရုပ်ရှင်ကားငှားရမ်းရာ၌ တစ်ဦးဦးက စည်းကမ်းဖောက်ဖျက်၍ တစ်ဦးတွင် နစ်နာလျှင် ထိုနစ်နာမှုအတွက် တရားမကြောင်း စွဲဆိုရန်သာဖြစ်သည်။

*[ဦးသက်လယ်နှင့်ပြည်ထောင်စု ၁၉၈၃ မြန်မာပြည်စီရင်ထုံး ၁၄၁ ]*

၁၁။ တရားခံက ရက်ကြို ချက်လက်မှတ်ထုတ်ပေးခဲ့ရာ အချိန်ကျရောက်ကာလ ငွေထုတ်၍မရကာမျှဖြင့် တရားခံသည် ချက်လက်မှတ်ထုတ်ပေးစဉ်က လိမ်လည်လှည့်ဖြားရန်အကြံရှိသည်ဟု ယူဆရန်မဟုတ်ချေ။ လိမ်လည်လှည့်ဖြားရန်အကြံနှင့် ထုတ်ပေးကြောင်း သက်သေထူရန်လိုအပ်သည်။

*[ဦးသိန်းဖေနှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၅၃ ]*

*[ချောင်းအိုထုံး(ခ)ဦးအေးထွန်းနှင့်ပြည်ထောင်စု ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၁၁၅၉ ]*

၁၂။ တရားခံတစ်ဦးသည် လိမ်လည်လှည့်ဖြားရာ၌ နည်းအမျိုးမျိုးသုံးစွဲနိုင်သည်။ ဤပုဒ်မအရ လိုအပ်သည့်အင်္ဂါရပ်များနှင့်ပြည့်စုံမှသာ ဤပုဒ်မနှင့်အရေးယူနိုင်မည်ဖြစ်သည်။ ဤပုဒ်မအရ လိုအပ်သောအင်္ဂါရပ်နှင့် ပြည့်စုံခြင်းမရှိလျှင် ပုဒ်မ ၄၁၇ အရသာ ဆောင်ရွက်မည်။ ဤပုဒ်မအရ လိုအပ်သည့်အင်္ဂါရပ်နှင့်ပြည့်စုံနေလျှင် သေးငယ်သည့်ပြစ်မှုဖြစ်သော ပုဒ်မ ၄၁၇ အရ အရေးမယူသင့်ပေ။

*[အစိုးရနှင့်ဘိုးလှိုင်၊ အတွဲ-၁၊ အောက်မြန်မာပြည်စီရင်ထုံး ၂၆၆ ]*

*[မောင်ရှမ်းနှင့်အစိုးရ၊ အတွဲ-၁၁ အောက်မြန်မာပြည်စီရင်ထုံး ၄၂၂ ]*

၁၃။ ပစ္စည်းရယူစဉ်က ပေးခဲ့သောကတိသည် တရားမကြောင်းအရ တရားစွဲဆိုနိုင်ခြင်းမပြုသည့် ကတိဖြစ်စေကာမူ လိမ်လည်လှည့်ဖြား၍ ပစ္စည်းကိုရယူခဲ့ကြောင်း ထင်ရှားလျှင် ဤပုဒ်မအရ အရေးယူအပြစ်ပေးနိုင်သည်။

*[မီရာနှင့်အစိုးရ၊ အတွဲ-၁၀ ဘားမားလောတိုင်း ၂၅၅ ]*

၁၄။ တရားခံသည် မီးလောင်သည်ထက်ပို၍ စပါးတင်းရေများပြပြီး လျော်ကြေးတောင်းသည့်လျှောက်လွှာ ပေးပို့ခြင်းသည် ဤပုဒ်မအား ကျူးလွန်ရန်အားထုတ်ရာရောက်သည်။

*[မောင်ဘိုးမြင့်နှင့်အစိုးရ၊ အတွဲ-၂ ရန်ကုန် ၅၃ ]*

၁၅။ တရားမမှုများတွင် ပဋိညာဉ်အရ လောင်းကစားနှင့်ပတ်သက်၍ ပြုလုပ်သော ပဋိညာဉ်သည် ပျက်ပြယ်သည်ဟု ပြဋ္ဌာန်းထားသော်လည်း ပြစ်မှုဆိုင်ရာအမှုများ၌ ယင်းပြဋ္ဌာန်းချက်သည် အကျုံးမဝင်သဖြင့် နွားလှည်းပြိုင်ပွဲအတွက် လောင်းကြေးငွေကို လိမ်လည်ရယူလျှင် ပုဒ်မ ၄၂၀ အရ ပြစ်ဒဏ်ထိုက်သင့်သည်။

*[ဦးလှီနှင့်ပြည်ထောင်စု ၁၉၇၅ မြန်မာပြည်စီရင်ထုံး ၄၈ ]*

http://www.cherrythitsar.org



၁၆။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ ပြစ်မှုကျူးလွန်သည်ဟု ကောက်ယူခြင်း မပြုနိုင်သော လိမ်လည်မှုကို အခြေခံ၍ ထိုလိမ်လည်မှုကျူးလွန်အားထုတ်ခဲ့သည် ဆိုသောတရားခံအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀/၅၁၁ အရ အပြစ်မပေးနိုင်။

*[ ဒေါ်မြနုနှင့်ပြည်ထောင်စု ၁၉၈၃ မြန်မာပြည်စီရင်ထုံး ၆၉ ]*

**မြီရှင်တို့ ဝေငှခွဲယူခြင်းကိုတားဆီးရန် ပစ္စည်းကို မရိုးမဖြောင့်သောသဘောနှင့်ဖြစ်စေ၊ လိမ်လည် လှည့်ဖြားလိုသည့်သဘောနှင့်ဖြစ်စေ ဖယ်ရှားခြင်း၊ သို့တည်းမဟုတ် ဝှက်သိမ်းခြင်း။ (ပုဒ်မ ၄၂၁)**

**Dishonest or fraudulent removal or concealment of prperty to prevent distribution among creditors. (Section 421)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ မိမိ၏မြီရှင်တို့၊ သို့တည်းမဟုတ် အခြားသူတစ်ဦးတစ်ယောက်၏ မြီရှင်တို့ ဥပဒေအရ ပစ္စည်းဝေငှ ခွဲယူခြင်းကို တားဆီးရန် ကြံရွယ်၍သော် လည်းကောင်း၊ ထိုသို့ ဝေငှခွဲယူခြင်းကို မိမိက တားဆီးခြင်း ပြုတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ပစ္စည်းတစ်ခုခုကို မရိုးမဖြောင့်သောသဘောနှင့် ဖြစ်စေ၊ လိမ်လည်လှည့်ဖြားလိုသော သဘောနှင့်ဖြစ်စေ ဖယ်ရှားခြင်း၊ သို့တည်း မဟုတ် ဝှက်သိမ်းခြင်း၊ သို့တည်းမဟုတ် သူတစ်ပါးလက်သို့ ပေးအပ်ခြင်းပြုလျှင်၊ သို့တည်းမဟုတ် လုံလောက်သည့် အဖိုးစားနားမရှိဘဲ ထိုပစ္စည်းကို သူတစ်ပါးအား လွှဲပြောင်းလျှင်၊ သို့တည်းမဟုတ် လွှဲပြောင်းစေလျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ပစ္စည်းကို သူတစ်ပါးအား ဖယ်ရှားခြင်း၊ ဝှက်သိမ်းခြင်း၊ ပေးအပ် ခြင်း၊ လွှဲပြောင်းခြင်း၊ လွှဲပြောင်းစေခြင်း။

၂။ ထိုသို့ ပေးအပ်ခြင်း၊ လွှဲပြောင်းခြင်းမှာ လုံလောက်သည့် အဖိုးစားနားမရှိခြင်း။

၃။ မရိုးမဖြောင့်သောသဘော သို့မဟုတ် လိမ်လည်လှည့်ဖြားလိုသောသဘောနှင့် ပြုခြင်း။

၄။ ဥပဒေအရ မြီရှင်တို့အနေဖြင့် ပစ္စည်းဝေငှခွဲယူခြင်းကို တားဆီးရန်ကြံရွယ်ချက် ရှိခြင်း၊ တားဆီးခြင်းပြုတန်ရာသည်ကိုသိခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၂၁ | မြီရှင်တို့ ဝေငှခွဲယူခြင်းကိုတားဆီးရန် ပစ္စည်း စသည်တို့ကို လိမ်လည်လှည့်ဖြားသည့်သဘောဖြင့် ဖယ်ရှား သို့မဟုတ် ဝှက်သိမ်းမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

http://www.cherrythitsar.org



**မြီရှင်များရရှိနိုင်သော အကြွေးပေးဆပ်ခြင်းကို မရိုးမဖြောင့်သောသဘောနှင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားလိုသောသဘောနှင့်ဖြစ်စေ တားဆီးခြင်း။ (ပုဒ်မ ၄၂၂)**

**Dishonestly or fraudulently preventing debt being available for creditors. (Section 422)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ မိမိသို့ဖြစ်စေ၊ အခြားသူတစ်ဦးတစ်ယောက်သို့ဖြစ်စေ၊ ပေးဆပ်ရန်ရှိသည့် ကြွေးကိုသော်လည်းကောင်း၊ မိမိကဖြစ်စေ၊ အခြားသူတစ်ဦးတစ်ယောက်ကဖြစ်စေ ရရန်ရှိသော ရထိုက်ခွင့်ကိုသော်လည်းကောင်း ဥပဒေအရ ပေးဆပ်နိုင်ခြင်းကို မရိုးမဖြောင့်သောသဘောနှင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားလိုသော သဘောနှင့်ဖြစ်စေ တားဆီးလျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ် လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ကြွေး သို့မဟုတ် ရရန်ရှိသည့် ရထိုက်ခွင့်ရှိခြင်း။

၂။ တရားခံက ထိုကြွေး သို့မဟုတ် ရရန်ရှိသည့် ရထိုက်ခွင့်ကို ဥပဒေအရ အခြားကြွေးမြီတစ်ခုခုသို့ပေးဆပ်ရန် တားဆီးခြင်း။

၃။ မရိုးမဖြောင့်သောသဘော သို့မဟုတ် လိမ်လည်လှည့်ဖြားလိုသောသဘောနှင့်ပြုခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၂၂ | မြီရှင်များရရှိနိုင်သော အကြွေးပေးဆပ်ခြင်းကို မရိုးမဖြောင့်သောသဘောနှင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားလိုသောသဘောနှင့်ဖြစ်စေ တားဆီးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**အဘိုးစားနားမှုကို မဟုတ်မမှန်ဖော်ပြခြင်း ပါရှိသော အပြောင်းအလွှဲစာချုပ်စာတမ်းကို မရိုးမဖြောင့်သောသဘောနှင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားလိုသောသဘောနှင့်ဖြစ်စေ ချုပ်ဆိုခြင်း။ (ပုဒ်မ ၄၂၃)**

**Dishonest or fraudulent execution of deed of transfer containing false statement of consideration. (Section 423)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ ပစ္စည်းကိုဖြစ်စေ၊ တင်ထားသောတာဝန်နှင့်တကွ ပစ္စည်းကိုဖြစ်စေ၊ ထိုပစ္စည်း၌ရှိသော အကျိုးခံစားခွင့်ကိုဖြစ်စေ လွှဲပြောင်းရာရောက်သည်လည်း

http://www.cherrythitsar.org



ဖြစ်၍၊ ထိုလွှဲပြောင်းခြင်းအတွက်ဖြစ်စေ၊ ထိုသို့တာဝန်ထားရှိခြင်းအတွက်ဖြစ်စေ အဘိုးစားနားနှင့်စပ်လျဉ်းသော မဟုတ်မမှန်ဖော်ပြခြင်း၊ သို့တည်းမဟုတ် အသုံးပြုမှုအတွက်ဖြစ်စေ၊ အကျိုးကျေးဇူးအတွက်ဖြစ်စေ စာချုပ်စာတမ်းအတိုင်း ဖြစ်မြောက်စေရန် အကယ်ရည်ရွယ်ခြင်းခံရသောသူတစ်ဦးနှင့်သော်လည်းကောင်း၊ အများနှင့်သော်လည်းကောင်း စပ်လျဉ်းသော မဟုတ်မမှန်ဖော်ပြခြင်းပါရှိသည်လည်းဖြစ်သည့် စာချုပ်စာတမ်းကို မရိုးမဖြောင့်သောသဘောနှင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားလိုသောသဘောနှင့်ဖြစ်စေ လက်မှတ်ရေးထိုးလျှင်၊ သို့တည်းမဟုတ် ချုပ်ဆိုလျှင်၊ သို့တည်းမဟုတ် ထိုစာချုပ်စာတမ်း၌ အပါအဝင်ပြုလုပ်လျှင်၊ ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ စာချုပ်စာတမ်းရှိခြင်း။

၂။ ထိုစာချုပ်စာတမ်းဖြင့် ပစ္စည်းတစ်ခုခုကို လွှဲပြောင်းခြင်း သို့မဟုတ် တာဝန်ထားရှိခြင်း။

၃။ တရားခံသည် ထိုစာချုပ်ကို လက်မှတ်ရေးထိုးခြင်း သို့မဟုတ် ချုပ်ဆိုခြင်း သို့မဟုတ် စာချုပ်၌ပါဝင်ခြင်း။

၄။ ထိုစာချုပ်တွင် အဖိုးစားနားနှင့်စပ်လျဉ်း၍ဖြစ်စေ၊ အကျိုးခံစားရသူနှင့်စပ်လျဉ်း၍ဖြစ်စေ မဟုတ်မမှန် ဖော်ပြထားခြင်း။

၅။ တရားခံသည် လိမ်လည်လှည့်ဖြားလိုသောသဘော သို့မဟုတ် မရိုးမဖြောင့်သောသဘောနှင့်ပြုခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၂၃ | အဖိုးစားနားကို မဟုတ်မမှန်ဖော်ပြပါရှိသော အပြောင်းအလွဲစာချုပ်စာတမ်းကို လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် ချုပ်ဆိုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ်တရားသူကြီး |

**မရိုးမဖြောင့်သောသဘောနှင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားလိုသောသဘောနှင့်ဖြစ်စေ ပစ္စည်းကို ဖယ်ရှားခြင်း၊ သို့တည်းမဟုတ် ဖုံးကွယ်သိမ်းဆည်းခြင်း။ (ပုဒ်မ ၄၂၄)**

**Dishonest or fraudulent removal or concealment of property. (Section 424)**

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

မည်သူမဆို၊ မိမိကိုယ်ပိုင်၊ သို့တည်းမဟုတ် အခြားသူတစ်ဦးတစ်ယောက်ပိုင် ပစ္စည်းကို မရိုးမဖြောင့်သော သဘောနှင့်သော်လည်းကောင်း၊ လိမ်လည်လှည့်ဖြား

http://www.cherrythitsar.org



လိုသော သဘောနှင့်သော်လည်းကောင်း ဝှက်သိမ်းခြင်း၊ သို့တည်းမဟုတ် ဖယ်ရှားခြင်း ပြုလျှင်၊ သို့တည်းမဟုတ် ထိုသို့ ဝှက်သိမ်းရာတွင်ဖြစ်စေ၊ ဖယ်ရှားရာတွင်ဖြစ်စေ မရိုးမဖြောင့်သောသဘောနှင့်သော် လည်းကောင်း၊ လိမ်လည်လှည့်ဖြားလိုသည့် သဘောနှင့်သော်လည်းကောင်း ကူညီလျှင်၊ သို့တည်းမဟုတ် မိမိရသင့်ရထိုက်သော ရထိုက်ခွင့်ကို မရိုးမဖြောင့်သော သဘောနှင့်စွန့်လွှတ်လျှင်၊ ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ပစ္စည်းကို ဝှက်သိမ်းဖယ်ရှားခြင်း၊ သို့မဟုတ် ဝှက်သိမ်းဖယ်ရှားရာတွင် ကူညီခြင်း သို့မဟုတ် ရထိုက်ခွင့်ကို စွန့်လွှတ်ခြင်း။

၂။ မရိုးမဖြောင့်သောသဘော သို့မဟုတ် လိမ်လည်လှည့်ဖြားလိုသောသဘောနှင့် ပြုခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့်ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၂၄ | မိမိကိုယ်ပိုင် သို့မဟုတ် အခြားသူတစ်ဦးပိုင်ပစ္စည်းကို လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် ဖယ်ရှားခြင်း၊ သို့မဟုတ် ဝှက်သိမ်းခြင်းပြုလျှင်ဖြစ်စေ၊ ထိုသို့ပြုရာတွင်ကူညီလျှင်ဖြစ်စေ၊ မိမိရသင့်ရထိုက်ခွင့်ကို မရိုးမဖြောင့်သောသဘောဖြင့်စွန့်လွှတ်ခြင်းဖြစ်စေ ပြုလုပ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံပေးရမည်။ | ကျေအေးခွင့်မရှိ။ | ၂နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ်တရားသူကြီး |

**အကျိုးဖျက်ဆီးမှု။ (ပုဒ်မ ၄၂၅)**

**Mischief.**
**(Section 425)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို အများပြည်သူကိုဖြစ်စေ၊ လူတစ်ဦးတစ်ယောက်ကိုဖြစ်စေ မတရားသဖြင့် ဆုံးရှုံးခြင်း၊ သို့တည်းမဟုတ် ပျက်စီးနစ်နာခြင်းဖြစ်စေရန် အကြံနှင့်သော်လည်းကောင်း၊ ထိုသို့ ဆုံးရှုံးခြင်း၊ သို့တည်းမဟုတ် ပျက်စီးနစ်နာခြင်း ဖြစ်စေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ပစ္စည်းတစ်ခုခုကို ဖျက်ဆီးလျှင်၊ သို့တည်းမဟုတ် ပစ္စည်း၏တန်ဘိုးဖြစ်စေ၊ အသုံးဝင်မှုဖြစ်စေ ပျက်စီးအောင်၊ သို့တည်းမဟုတ် ယုတ်လျော့အောင်၊ သို့တည်းမဟုတ် နစ်နာလောက်အောင် ထိုပစ္စည်း၌၊ သို့တည်းမဟုတ် ထိုပစ္စည်း၏ အနေအထား၌ ပြောင်းလဲခြင်းကိုဖြစ်စေလျှင် ထိုသူသည် “အကျိုးဖျက်ဆီးမှု” ကို ကျူးလွန်သည်မည်၏။

http://www.cherrythitsar.org



**ရှင်းလင်းချက် ၁။** ။ ပြစ်မှုကျူးလွန်သူက နစ်နာခြင်း၊ သို့တည်းမဟုတ် ဖျက်ဆီးခြင်းခံရသည့် ပစ္စည်းရှင်အား ဆုံးရှုံးခြင်းသို့၊ သို့တည်းမဟုတ် ပျက်စီးနစ်နာခြင်းသို့ ရောက်အောင် ကြံရွယ်ရမည်ဟူသောအချက်သည် အကျိုးဖျက်ဆီးမှုတွင် လိုရင်းမဟုတ်။ ပစ္စည်းတစ်ခုခုသည် တစ်ဦးတစ်ယောက်သောသူ ပိုင်သည်ဖြစ်စေ၊ မပိုင်သည်ဖြစ်စေ ထိုပစ္စည်းကို နစ်နာစေခြင်းဖြင့် ထိုသူကို မတရားသဖြင့် ဆုံးရှုံးခြင်း၊ သို့တည်းမဟုတ် ပျက်စီးနစ်နာခြင်းဖြစ်စေရန် ကြံရွယ်လျှင်၊ သို့တည်းမဟုတ် ထိုသို့ဖြစ်စေတန်ရာသည်ကိုသိလျှင်၊ ထိုသို့ကြံရွယ်ခြင်းသည်၊ သို့တည်းမဟုတ် ထိုသို့သိခြင်းသည် လုံလောက်သောအကြောင်းဖြစ်သည်။

**ရှင်းလင်းချက် ၂။** ။ ပစ္စည်းကိုထိခိုက်သော ပြုလုပ်မှုကို ကျူးလွန်သူသည် မိမိပိုင်ဆိုင်သည့် ပစ္စည်းကိုသော်လည်းကောင်း၊ အခြားသူများနှင့်တွဲဖက်ပိုင်ဆိုင်သည့် ပစ္စည်းကိုသော် လည်းကောင်း ထိခိုက်သော ပြုလုပ်မှုကို ကျူးလွန်လျှင်၊ အကျိုးဖျက်ဆီးမှုကို ကျူးလွန်ရာ ရောက်နိုင်သည်။

**<u>ဥပမာများ။</u>**

(က) မောင်ဖြူသည် မောင်မဲကို မတရားသဖြင့် ဆုံးရှုံးစေရန်ကြံရွယ်၍ မောင်မဲပိုင်သော အဖိုးတန်စာတမ်းအမှတ်အသားကို မိမိအလိုအလျောက် မီးရှို့လိုက်၏။ မောင်ဖြူသည် အကျိုးဖျက်ဆီးမှုကို ကျူးလွန်သည်မည်၏။

(ခ) မောင်ဖြူသည် မောင်မဲကို မတရားသဖြင့် ဆုံးရှုံးစေရန်ကြံရွယ်၍ မောင်မဲပိုင် ရေခဲသိုလှောင်သည့်အိမ်တွင်းသို့ ရေများကို ဝင်ရောက်စေ၍ ရေခဲကိုပျော်စေ၏။ မောင်ဖြူသည် အကျိုးဖျက်ဆီးမှုကို ကျူးလွန်သည်မည်၏။

(ဂ) မောင်ဖြူသည် မောင်မဲကိုမတရားသဖြင့် ဆုံးရှုံးစေရန်ကြံရွယ်၍ မောင်မဲပိုင် လက်စွပ်တစ်ကွင်းကို မိမိအလိုအလျောက် မြစ်ထဲသို့ ပစ်ချလိုက်၏။ မောင်ဖြူသည် အကျိုးဖျက်ဆီးမှုကို ကျူးလွန်သည်မည်၏။

(ဃ) မောင်မဲသို့ ပေးဆပ်ရမည့်ကြွေးမြီကို ပေးဆပ်စေရန် မိမိပိုင်ပစ္စည်းများကို ဇာရီပြုခြင်းခံရတော့မည်ကို သိလျက်နှင့် မောင်ဖြူသည် ထိုကြွေးမြီများကို မောင်မဲမရရှိအောင် တားဆီးရန်အကြံဖြင့်လည်းကောင်း၊ မောင်မဲပျက်စီး နစ်နာစေရန် အကြံဖြင့် လည်းကောင်း ထိုပစ္စည်းများကို ဖျက်ဆီး၏။ မောင်ဖြူသည် အကျိုးဖျက်ဆီးမှုကို ကျူးလွန်သည် မည်၏။

(င) မောင်ဖြူသည် သင်္ဘောအာမခံသူတို့၏ အကျိုးကိုပျက်စီးစေရန်အကြံဖြင့်၊ မိမိ အာမခံချုပ်ဆိုထားသော သင်္ဘောတစ်စင်းကို မိမိအလိုအလျောက် လွင့်ပါးပျက်စီးစေ၏။ မောင်ဖြူသည် အကျိုးကို ဖျက်ဆီးမှုကို ကျူးလွန်သည်မည်၏။

(စ) မောင်ဖြူသည် သင်္ဘောကို အပေါင်ထား၍ ငွေထုတ်ချေးသော မောင်မဲ၏ အကျိုးပျက်စီးစေရန်အကြံဖြင့်၊ ထိုအပေါင်ဝင်သင်္ဘောကို လွင့်ပါးပျက်စီးစေ၏။ မောင်ဖြူသည် အကျိုးဖျက်ဆီးမှုကို ကျူးလွန်သည်မည်၏။

http://www.cherrythitsar.org



(ဆ) မောင်ဖြူသည် မောင်မဲကို မတရားသဖြင့် ဆုံးရှုံးစေရန်ကြံရွယ်၍၊ မိမိတို့နှစ်ဦးဖက်စပ်ပိုင်ဆိုင်သည့်မြင်းကို သေနတ်နှင့်ပစ်၏။ မောင်ဖြူသည် အကျိုးဖျက်ဆီးမှုကို ကျူးလွန်သည်မည်၏။

(ဇ) မောင်ဖြူသည် မောင်မဲ၏အသီးအနှံများကို ပျက်စီးစေရန်ကြံရွယ်၍ လည်းကောင်း၊ ထိုသို့ ပျက်စီးစေတန်ရာသည်ကို သိလျက်နှင့် လည်းကောင်း မောင်မဲပိုင်လယ်ထဲသို့ ကျွဲနွားများကို ဝင်ရောက်စေ၏။ မောင်ဖြူသည် အကျိုးဖျက်ဆီးမှုကို ကျူးလွန်သည်မည်၏။

**အကျိုးဖျက်ဆီးမှုအတွက်ပြစ်ဒဏ်။ (ပုဒ်မ ၄၂၆)**

**Punishment for mischief. (Section 426)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ အကျိုးဖျက်ဆီးမှုကိုကျူးလွန်လျှင်၊ ထိုသူကို သုံးလထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် အများပြည်သူ သို့မဟုတ် လူတစ်ဦးတစ်ယောက်၏ ပစ္စည်းကို ဖျက်ဆီးခြင်းသည် သို့မဟုတ်ပစ္စည်း၏ အနေအထားပြောင်းလဲခြင်း။

၂။ တရားခံ၏ပြုလုပ်မှုကြောင့် ပစ္စည်းသည် ပျက်စီးဆုံးရှုံးခြင်း သို့မဟုတ် ပစ္စည်း၏ တန်ဖိုးဖြစ်စေ၊ အသုံးဝင်မှုဖြစ်စေ ယုတ်လျော့စေခြင်း၊ နစ်နာစေခြင်း။

၃။ တရားခံသည် အများပြည်သူ သို့မဟုတ် လူတစ်ဦးတစ်ယောက်ကို ဆုံးရှုံးနစ်နာစေရန်အကြံနှင့်သော်လည်းကောင်း၊ ထိုသို့ ဆုံးရှုံးနစ်နာခြင်း ဖြစ်စေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်းပြုခြင်း။

၄။ မတရားသဖြင့်ဆုံးရှုံးခြင်း သို့မဟုတ် နစ်နာပျက်စီးခြင်းကို ဖြစ်စေခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၂၆ | အကျိုးဖျက်ဆီးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | တရားလိုတက် စစ်ဆေးဆဲ၊ တရားရုံးက ခွင့်ပြုလျှင် ကျေအေးခွင့် ရှိသည်။ | ၃လထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | မည်သည့် ရာဇဝတ် တရားသူကြီးမဆို။ |

**ပြစ်မှုကိုကျေအေးနိုင်သူများ**

ဆုံးရှုံးခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်းခံရသူ။

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ အကျိုးဖျက်ဆီးမှုမြောက်ရန် အဓိကအားဖြင့် တရားခံသည် အများပြည်သူ သို့မဟုတ် လူတစ်ဦးတစ်ယောက်အား မတရားဆုံးရှုံးနစ်နာစေရန် အကြံနှင့်ဖြစ်စေ၊ ထိုသို့ ဆုံးရှုံးနစ်နာခြင်း ဖြစ်စေတန်ရာသည်ကိုသိလျက်နှင့်ဖြစ်စေ ပြုခြင်းပင်ဖြစ်သည်။ မတရားဆုံးရှုံးနစ်နာစေရန်အကြံမရှိစေကာမူ မတရားဆုံးရှုံးနစ်နာလိမ့်မည်ဟု သိလျက်နှင့်ဖြစ်ပါမူ ပြစ်မှုမြောက်မည်ဖြစ်သည်။

*[ မောင်အေးသောင်နှင့်ပြည်ထောင်စု ၁၉၆၀ မြန်မာပြည်စီရင်ထုံး ၁၇၀ ]*

၂။ တရားခံ၏နွားများသည် သူတစ်ပါး၏လယ်ထဲသို့ ဝင်ရောက်၍ စပါးစားသည့်အကြောင်းကြောင့် တရားခံသည် အကျိုးဖျက်ဆီးမှုကို ကျူးလွန်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ တရားခံက ၎င်း၏နွားများကို သူတစ်ပါးလယ်ထဲသို့ဝင်ရောက်ကျူးကျော်ပြီး စပါးပင်ကို စားစေရန်အကြံနှင့်သော် လည်းကောင်း၊ စပါးပင်များကို ဝင်ရောက်စားလိမ့်မည်ဟု သိလျက်နှင့်သော်လည်းကောင်း လွှတ်ထားခဲ့ကြောင်း ပေါ်ပေါက်မှသာ အကျိုးဖျက်ဆီးမှုဖြင့် ပြစ်ဒဏ်ထင်ရှား စီရင်နိုင်မည်ဖြစ်သည်။

*[ အစိုးရနှင့်မောင်လွန်း၊ အတွဲ-၂ အောက်မြန်မာပြည်စီရင်ထုံး ၁၅၈ ]*

၃။ ပိုင်ဆိုင်ခွင့်ရှိသည်ဆိုသောအကြောင်းပြချက်အရ သဘောရိုးဖြင့်ပြုခြင်းကြောင့် သူတစ်ပါးအား ဆုံးရှုံးနစ်နာစေခဲ့ပါမူ တရားခံ၏ပြုလုပ်မှုသည် အကျိုးဖျက်ဆီးမှုမြောက်လိမ့်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် တရားခံတွင် သူတစ်ပါးအား မတရားဆုံးရှုံးနစ်နာစေရန် အကြံရှိသည်ဟုဆိုနိုင်မည်မဟုတ်သောကြောင့် ဖြစ်ပေသည်။ သို့ရာတွင် ပိုင်ဆိုင်ခွင့်ရှိသော အကြောင်းပြချက်ဖြင့် ပြုသည့်ပြုလုပ်မှုတိုင်းသည် ဤပုဒ်မနှင့် အကျုံးမဝင်ဟု တစ်ထစ်ချ မှတ်ယူရမည်မဟုတ်ချေ။ အမှုတွင် ပေါ်ပေါက်လျက်ရှိသော ကြောင်းချင်းရာများကိုလိုက်၍ သဘောရိုးဖြင့်ပြုခြင်း ဟုတ်မဟုတ် ဆုံးဖြတ်ရမည်ဖြစ်သည်။ သဘောရိုးဖြင့် ပြုသည်ဟု ယူဆခြင်းမပြုနိုင်ပါက ဤပုဒ်မအရ ပြစ်မှုထင်ရှားစီရင်ရပေမည်။ ထို့ကြောင့် တရားလိုလက်ရှိဖြစ်သည့်မြေ၏ တစ်စိတ်တစ်ဒေသသို့ ဝင်ရောက်ကာ တရားလိုစိုက်ပျိုးထားသော သီးနှံများကို ထွန်ယက်ဖျက်ဆီးခဲ့သည့် တရားခံ၏ ပြုလုပ်မှုသည် ပိုင်ဆိုင်ခွင့်ရှိသည်ဟု သဘောရိုးဖြင့် ပြုခဲ့သည့်ပြုလုပ်မှုဖြစ်သည်ဟု မယူဆနိုင်သည့်အလျောက် ဤပုဒ်မအရ ပြစ်မှုကျူးလွန်သည်ဟု ဆုံးဖြတ်ရမည်ဖြစ်သည်။

*[ မောင်ဘိုမောင်နှင့်အစိုးရ၊ (၁၈၉၂-၉၆) အတွဲ-၁ အထက်မြန်မာပြည်စီရင်ထုံး ၂၅၉ ]*

၄။ တရားခံသည် အများပြည်သူ သို့မဟုတ် သူတစ်ပါး၏ပစ္စည်းကို ဖျက်ဆီးခြင်းဖြစ်စေ၊ ပြောင်းလဲခြင်းဖြစ်စေ ပြုရန်လိုသည်။ ဖျက်ဆီးခြင်း ပြောင်းလဲခြင်းဆိုသည့် စကားရပ်များကို ထောက်ရှုခြင်းအားဖြင့် ကာယကံမြောက်သည့်ပြုလုပ်မှုကိုသာ ဆိုလိုဟန် လက္ခဏာရှိပေသည်။ ပစ္စည်းတစ်ခုခု၏ သဘာဝ အသုံးချမှုတို့ကို ဆန့်ကျင်၍ ပြုသည့်ပြုလုပ်မှုကို ထိုပစ္စည်းအား ဖျက်ဆီးခြင်း၊ ပြောင်းလဲခြင်းပြုသည့် ပြုလုပ်သူဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ တရားခံတို့က တရားလို၏ အိမ်ကို အုတ်ခဲများဖြင့် ပစ်ရာ အမိုးနှင့် နောက်ဖေးနံရံတွင်ထိပြီး အနည်းငယ်ပျက်စီးသွားသည်။

http://www.cherrythitsar.org



အိမ်ပေါ်၌ ထိုစဉ်က လူမရှိချေ။ အုတ်ခဲဒဏ်ကြောင့် အိမ်၏အခြေအနေများ ပြောင်းလဲသွားသည်ဟု ဆိုရမည်ဖြစ်၍ ဤပုဒ်မအရ ပြစ်မှုမြောက်မည်ဖြစ်သည်။

*[မညိမ်းကလေးနှင့်မောင်စိန်ပါ၊အမှုအတွဲ-၅ အောက်မြန်မာပြည်စီရင်ထုံး ၃၀၀ ]*

၅။ ခြေထောက်တွင် အနာပေါက်နေသည့်တရားခံသည် လမ်းတွင် ကျွဲတစ်ကောင်ကိုတွေ့သဖြင့် ကျွဲစီးပြီးလာခဲ့သည်။ လမ်းကောင်းသည့်နေရာရောက်သောအခါ ကျွဲကို ပြန်လွှတ်လိုက်သည်။ ထိုကိစ္စအတွက် ၎င်းအား တရားစွဲဆိုရာ ပြစ်မှုတရားသူကြီးက ပုဒ်မ ၄၂၆ အရ အပြစ်ပေးရာတွင် ယင်းပုဒ်မ၌ အကျုံးဝင်ရန် တရားခံသည် ပစ္စည်းကိုဖျက်ဆီးခြင်း၊ ပစ္စည်း၏တန်ဖိုး သို့မဟုတ် အသုံးဝင်မှုကို ထိခိုက်ခြင်းဖြစ်စေရန်လိုအပ်ကြောင်း၊ ခြေနာနေ၍ ကျွဲကိုစီးမိခြင်းသည် ကျွဲ၏တန်ဖိုးကို ယုတ်လျော့စေခြင်းသော်လည်းကောင်း၊ အသုံးဝင်မှုကို ထိခိုက်စေခြင်းသော် လည်းကောင်း ဖြစ်စေခဲ့သည်ဟု ဆိုနိုင်မည်မဟုတ်ချေ။

*[အစိုးရနှင့်သာဇံ (၁၈၉၇-၀၁) အတွဲ-၁ အထက်မြန်မာပြည်စီရင်ထုံး ၃၄၇ ]*

**အဘိုးငွေ ငါးဆယ်ကျပ်အောက်မနည်း ပျက်စီးနစ်နာစေသော အကျိုးဖျက်ဆီးမှု။ (ပုဒ်မ ၄၂၇)**

**Mischief causing damage to the amount of fifty kyats. (Section 427)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ အကျိုးဖျက်ဆီးမှုကိုကျူးလွန်၍ ထိုသို့ကျူးလွန်ခြင်းဖြင့် အဖိုးငွေငါးဆယ်ကျပ်အောက်မနည်း ဆုံးရှုံးစေလျှင်၊ သို့တည်းမဟုတ် ပျက်စီးနစ်နာစေလျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပုဒ်မ ၄၂၆ တွင် ဖော်ပြထားသည့် အင်္ဂါရပ်များအပြင် ပျက်စီးဆုံးရှုံးသည့် ပစ္စည်းတန်ဖိုးမှာ ငါးဆယ်ကျပ်နှင့်အထက် ဖြစ်ရန်လိုပေသည်။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၂၇ | အဖိုးငွေကျပ်၅၀အောက်မနည်း ပျက်စီးနစ်နာစေသော အကျိုးဖျက်ဆီးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | တရားလိုတက် စစ်ဆေးဆဲ တရားရုံးက ခွင့်ပြုလျှင် ကျေအေးခွင့် ရှိသည်။ | ၂နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**ပြစ်မှုကိုကျေအေးနိုင်သူများ**

ဆုံးရှုံးခြင်း သို့မဟုတ် အကျိုးပျက်စီးခြင်းခံရသူ

http://www.cherrythitsar.org



<u>**စီရင်ထုံး**</u>

၁။ ရာဇသတ်ကြီးပုဒ်မ ၄၂၇ အရ မှုပြစ်ထင်ရှားစီရင်ခြင်း - အိမ်ကို ကောင်းအောင် ပြုပြင်မွမ်းမံပေးခြင်းသာဖြစ်ခြင်း - ရာဇသတ်ကြီးပုဒ်မ ၄၂၅ အရ အကျိုးဖျက်ဆီးမှု၏ အဓိပ္ပာယ်နှင့် အကျုံးမဝင် - ပြစ်မှုမမြောက်။

**ဆုံးဖြတ်ချက်**။ ။ အမှုသွားအမှုလာကို ကြည့်ရှုဝေဖန်သုံးသပ်သည့်အခါ လျှောက်ထားသူသည် မိမိငှားရမ်းနေထိုင်သည့်အိမ်ကို ဖျက်ဆီးခြင်းမဟုတ်၊ ကောင်းအောင် ပြုပြင်မွမ်းမံပေးခြင်းမျှသာဖြစ်သဖြင့် ရာဇသတ်ကြီးပုဒ်မ ၄၂၅ အရ၊ အကျိုးဖျက်ဆီးမှု၏အဓိပ္ပာယ်နှင့် အကျုံးမဝင်သောကြောင့် ရာဇသတ်ကြီးပုဒ်မ ၄၂၇ အရ ပြစ်မှုမမြောက်နိုင်ပေ။

*[ဦးရွှေနှင့်ပထစ(ဒေါ်အေးခင်)၁၉၆၆၊ မတစ(တရခ)၁၀၈၈]*

**အဘိုးငွေတစ်ဆယ်ကျပ်အောက်မနည်းတန်ဖိုးရှိသော တိရစ္ဆာန်ကို သတ်ဖြတ်ခြင်းဖြင့်သော်လည်းကောင်း၊ အင်္ဂါပျက်ယွင်းစေခြင်းဖြင့်သော်လည်းကောင်း အကျိုးဖျက်ဆီးမှု။ (ပုဒ်မ ၄၂၈)**

**Mischief by killing or maiming animal of the value of ten kyats. (Section 428)**

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

မည်သူမဆို၊ အဖိုးငွေတစ်ဆယ်ကျပ်အောက်မနည်း တန်ဖိုးရှိသည့် တိရစ္ဆာန် တစ်ကောင်ကို၊ သို့တည်းမဟုတ် အများကိုသတ်ခြင်းဖြင့်သော်လည်းကောင်း၊ အဆိပ်ခတ်ခြင်းဖြင့်သော်လည်းကောင်း၊ အင်္ဂါပျက်ယွင်းစေခြင်းဖြင့်သော် လည်းကောင်း၊ အသုံးမဝင်အောင် ပြုခြင်းဖြင့်သော်လည်းကောင်း အကျိုးဖျက်ဆီးမှုကိုကျူးလွန်လျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

<u>**အကျုံးဝင်သည့် အင်္ဂါရပ်များ**</u>

၁။ ပုဒ်မ ၄၂၆ တွင် လိုအပ်သည့်အင်္ဂါရပ်များ

၂။ အကျိုးဖျက်ဆီးခြင်းခံရသည့်ပစ္စည်းမှာ တိရစ္ဆာန်ဖြစ်ခြင်း။

၃။ ထိုတိရစ္ဆာန်ကိုသတ်ခြင်း သို့မဟုတ် အဆိပ်ခတ်ခြင်း သို့မဟုတ် အင်္ဂါပျက်ယွင်းစေခြင်း သို့မဟုတ် အသုံးမဝင်အောင်ပြုခြင်း။

၄။ ယင်းသို့ ပြုခြင်းခံရသော တိရစ္ဆာန်သည် အနည်းဆုံး တန်ဖိုးငွေတစ်ဆယ် ရှိခြင်း။

<u>**ကျင့်ထုံး**</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၂၈ | အဖိုးငွေ ကျပ်၁၀အောက်မနည်းတန်ဖိုးရှိသော တိရစ္ဆာန်ကို သတ်ဖြတ်ခြင်း၊ အဆိပ်ခတ်ခြင်း၊ သို့မဟုတ် အင်္ဂါပျက်ယွင်းစေခြင်း၊ သို့မဟုတ် အသုံးမဝင်အောင်ပြုခြင်းဖြင့် အကျိုးဖျက်ဆီးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံပေးရမည်။ | ကျေအေးခွင့်မရှိ။ | ၂နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



**အဘိုးမည်မျှထိုက်တန်စေကာမူ ကျွဲနွားတိရစ္ဆာန်စသည်တို့ကိုသော်လည်းကောင်း၊ ငါးဆယ်ကျပ်အောက်မနည်းတန်ဖိုးရှိသော တိရစ္ဆာန်ကိုသော်လည်းကောင်း သတ်ခြင်းဖြင့်၊ သို့တည်းမဟုတ် အင်္ဂါပျက်ယွင်းစေခြင်းဖြင့် အကျိုးဖျက်ဆီးမှု။ (ပုဒ်မ ၄၂၉)**

**Mischief by killing or maiming cattle. etc., of any value or any animal of he value of fifty kyats. (Section 429)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို၊ အဖိုးမည်မျှ ထိုက်တန်စေကာမူ၊ ဆင်ကိုသော် လည်းကောင်း၊ ကုလားအုပ်ကိုသော်လည်းကောင်း၊ မြင်းကိုသော်လည်းကောင်း၊ လားကိုသော် လည်းကောင်း၊ ကျွဲကိုသော်လည်းကောင်း၊ နွားသိုးကိုသော် လည်းကောင်း၊ နွားမကိုသော်လည်းကောင်း၊ နွားထီးကိုသော်လည်းကောင်း ငွေငါးဆယ်ကျပ်အောက်မနည်းတန်ဖိုးရှိသော အခြားတိရစ္ဆာန်ကိုသော် လည်းကောင်း သတ်ခြင်းဖြင့်ဖြစ်စေ၊ အဆိပ်ခတ်ခြင်းဖြင့်ဖြစ်စေ၊ အင်္ဂါပျက်ယွင်းစေခြင်းဖြင့်ဖြစ်စေ၊ အသုံးမဝင်အောင် ပြုခြင်းဖြင့်ဖြစ်စေ အကျိုးဖျက်ဆီးမှုကိုကျူးလွန်လျှင်၊ ထိုသူကို ငါးနှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးသော် လည်းကောင်း၊ ငွေဒဏ်သော်လည်းကောင်း၊ ဒဏ်နှစ်ရပ်လုံးသော် လည်းကောင်း ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပုဒ်မ ၄၂၆ တွင် လိုအပ်သည့်အင်္ဂါရပ်များ။

၂။ အကျိုးဖျက်ဆီးခြင်းခံရသည့်ပစ္စည်းမှာ ဆင်၊ ကုလားအုပ်၊ မြင်း၊ လား၊ ကျွဲ၊ နွားသိုး၊ နွားမ၊ နွားထီး သို့မဟုတ် ငွေငါးဆယ်ကျပ်အောက်မနည်းတန်ဖိုးရှိသည့် တိရစ္ဆာန်ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိမရှိ | သာမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၂၉ | အဖိုးမည်မျှထိုက်တန်စေကာမူ ဆင်၊ ကုလားအုပ်၊ မြင်း စသည်တို့ကိုဖြစ်စေ၊ ကျပ်ငွေ၅၀အောက် မနည်းတန်ဖိုးရှိသော အခြားတိရစ္ဆာန်ကိုဖြစ်စေ သတ်ဖြတ်ခြင်း၊ အင်္ဂါပျက်ယွင်းစေခြင်း၊ သို့မဟုတ် အသုံးမဝင်အောင်ပြုခြင်းဖြင့် အကျိုးဖျက်ဆီးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၅နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

http://www.cherrythitsar.org



**ရေသွယ်လုပ်ငန်းကို ဖျက်ဆီးခြင်းဖြင့်သော်လည်းကောင်း၊ ရေကြောင်းကို မတရား လွှဲဖယ်ခြင်းဖြင့်သော်လည်းကောင်း အကျိုးဖျက်ဆီးမှု။ (ပုဒ်မ ၄၃၀)**

**Mischief by injury to works of irrigation or by wrongfully house or sea-mark. (Section 430)**

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

မည်သူမဆို၊ လယ်ယာလုပ်ကိုင်ခြင်းကိစ္စအတွက်ဖြစ်စေ၊ လူများ၊ သို့တည်းမဟုတ် ပိုင်ရှင်ရှိ တိရစ္ဆာန်များ စားသောက်ခြင်းကိစ္စအတွက်ဖြစ်စေ၊ သန့်ရှင်းရေးအတွက်ဖြစ်စေ၊ ကုန်ထုတ်လုပ်ငန်းအတွက်ဖြစ်စေ ရေရရှိရေး လျော့ပါးစေသော ပြုလုပ်မှုကို၊ သို့တည်းမဟုတ် ထိုသို့ လျော့ပါးစေတန်ရာသည်ကို မိမိသိသော ပြုလုပ်မှုကို ပြုလုပ်ခြင်းဖြင့် အကျိုးဖျက်ဆီးမှုကို ကျူးလွန်လျှင်၊ ထိုသူကို ငါးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ ပုဒ်မ ၄၂၆ တွင် လိုအပ်သည့်အင်္ဂါရပ်များ။

၂။ ရေရရှိရေးလျော့ပါးစေသည့် ပြုလုပ်မှုကိုပြုခြင်း။

၃။ သိလျက်နှင့်ပြုခြင်း

၄။ လယ်ယာလုပ်ကိုင်ခြင်းကိစ္စ၊ ပိုင်ရှင်ရှိ တိရစ္ဆာန်များ စားသောက်ခြင်းကိစ္စ၊ ကုန်ထုတ်လုပ်ငန်းကိစ္စတစ်ခုခုနှင့်ပတ်သက်၍ ရေရရှိရေးလျော့ပါးစေခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိမရှိ | သမန်အားဖြင့် ဝရမ်းသို့မဟုတ် သမ္မာန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင် မပေးနိုင် | ကျေအေးခွင့် ရှိမရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့်တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၃၀ | လယ်ယာလုပ်ငန်း လုပ်ကိုင်ခြင်းကိစ္စအတွက် ရေရရှိရေးလျော့ပါးစေသော ပြုလုပ်မှုဖြင့် အကျိုးဖျက်ဆီးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | တရားလိုတက် စစ်ဆေးဆဲ တရားရုံးက ခွင့်ပြုလျှင် ကျေအေးခွင့် ရှိသည် | ၅နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**<u>ပြစ်မှုကိုကျေအေးနိုင်သူများ</u>**

ဆုံးရှုံးခြင်း၊ သို့မဟုတ် အကျိုးဖျက်ဆီးခြင်းခံရသူ။

**<u>စီရင်ထုံး</u>**

၁။ နစ်နာသူသည် ရေရရှိရေးအပေါ် ပိုင်ဆိုင်ခွင့်သော်လည်းကောင်း၊ အခွင့်အရေးသော်လည်းကောင်း မရှိပါက ထိုသူအား ရေရရှိရေးလျော့ပါးစေသည့် တရားခံ၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်ပေ။ တရားခံက ရေကြောင်းကိုပိတ်သဖြင့် ရေကြောင်းအောက်ဖက်ရှိ အခြားလူတစ်ဦး၏လယ်များမှာ ရေငတ်ခဲ့၍ တရားခံအား ဤပုဒ်မအရ တရားစွဲဆိုရာ လယ်ပိုင်ရှင်သည် ထိုရေကိုသုံးစွဲရန် အခွင့်အရေးရှိကြောင်း မပေါ်ပေါက်သောကြောင့် ပြစ်မှုမြောက်မည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

*[ထွန်းအောင်နှင့်အစိုးရ၊ အတွဲ-၄၊ အောက်မြန်မာပြည်စီရင်ထုံး ၁၄၉ ]*

http://www.cherrythitsar.org



**ပြည်သူသွားရာလမ်း၊ တံတား၊ မြစ်၊ ချောင်း၊ တူးမြောင်းများကို ဖျက်ဆီးခြင်းဖြင့် အကျိုးဖျက်ဆီးမှု။ (ပုဒ်မ-၄၃၁)**

**Mischief by injury to public road, bridge, river or channel. (Section-431)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

မည်သူမဆို ပြည်သူသွားလာရာ လမ်းကိုသော်လည်းကောင်း၊ တံတားကိုသော်လည်းကောင်း ရေယာဉ်သွားလာနိုင်သည့် မြစ်၊ ချောင်း၊ တူးမြောင်းကိုသော် လည်းကောင်း ခရီးသွားမှုအတွက်ဖြစ်စေ၊ ပစ္စည်းသယ်ယူပို့ဆောင်မှုအတွက်ဖြစ်စေ မသွားမလာနိုင်အောင်၊ သို့တည်းမဟုတ် လုံခြုံမှုလျော့ပါးအောင်ဖြစ်စေသော၊ သို့တည်းမဟုတ် ထိုသို့ဖြစ်စေတန်ရာသည်ကို မိမိသိသော ပြုလုပ်မှုကို ပြုခြင်းဖြင့် အကျိုးဖျက်ဆီးမှုကို ကျူးလွန်လျှင် ထိုသူကို ငါးနှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>

၁။ ပုဒ်မ ၄၂၆ တွင် လိုအပ်သည့် အင်္ဂါရပ်များ

၂။ ပြည်သူသွားလာရာ လမ်း၊ တံတား၊ ရေယာဉ်သွားလာနိုင်သည့် မြစ်၊ ချောင်း၊ တူးမြောင်း တစ်ခုခုတွင် ခရီးသွားမှုအတွက်ဖြစ်စေ၊ ပစ္စည်းသယ်ယူပို့ဆောင်မှုအတွက်ဖြစ်စေ မသွားမလာနိုင်အောင်၊ သို့တည်းမဟုတ် လုံခြုံမှုလျော့ပါးအောင် သိလျက်နှင့်ပြုခြင်း။

<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၃၁ | ပြည်သူသွားလာရာလမ်း၊ တံတား၊ ရေယာဉ်သွားလာရာ မြစ် သို့မဟုတ် ချောင်းတို့ကို နစ်နာစေရန်နှင့် ခရီးသွားမှုဖြစ်စေ၊ သယ်ယူပို့ဆောင်မှုအတွက်ဖြစ်စေ မသွားမလာနိုင်အောင် သို့မဟုတ် လုံခြုံမှုလျော့ပါးအောင် ပြုလုပ်ခြင်းဖြင့် အကျိုးဖျက်ဆီးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၅နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



## ပြည်သူနှင့်သက်ဆိုင်သည့် ရေသွားလမ်းကို ရေလွှမ်းစေခြင်းဖြင့်ဖြစ်စေ၊ ပိတ်ဆို့စေခြင်း ဖြင့်ဖြစ်စေ ဆုံးရှုံးခြင်းကို ဖြစ်စေသော အကျိုးဖျက်ဆီးမှု။ (ပုဒ်မ-၄၃၂)

## Mischief by causing inundation or obstruction to public drainage attended with damage. (Section-432)

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို ပြည်သူနှင့်သက်ဆိုင်သော ရေသွားလမ်းအား ရေလွှမ်းစေသော၊ သို့တည်းမဟုတ် ပိတ်ဆို့စေသော၊ သို့တည်းမဟုတ် ထိုသို့ဖြစ်စေတန်ရာသည်ကို မိမိသိသော ပြုလုပ်မှုကို ပြုခြင်းဖြင့် နစ်နာခြင်းကို၊ သို့တည်းမဟုတ် ဆုံးရှုံးခြင်းကို ဖြစ်စေသော အကျိုးဖျက်ဆီးမှုကို ကျူးလွန်လျှင် ထိုသူကို ငါးနှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပုဒ်မ ၄၂၆ တွင် လိုအပ်သည့် အင်္ဂါရပ်များ

၂။ ရေသွားလမ်းအား ပိတ်ဆို့စေရန် သို့မဟုတ် ရေလွှမ်းစေရန်ပြုခြင်း။

၃။ ထိုရေသွားလမ်းသည် ပြည်သူနှင့်သက်ဆိုင်သော ရေသွားလမ်းဖြစ်ခြင်း။

၄။ ရေလွှမ်းစေခြင်း၊ ပိတ်ဆို့စေခြင်းကြောင့် နစ်နာဆုံးရှုံးမှုဖြစ်စေခြင်း။

၅။ တရားခံသည် မိမိ၏ပြုလုပ်မှုကြောင့် ရေလမ်းအား ပိတ်ဆို့က နစ်နာဆုံးရှုံး မည်ကို သိခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၃၂ | ပြည်သူနှင့်သက်ဆိုင်သည့် ရေသွားလမ်းကို ရေလွှမ်းခြင်းဖြင့်ဖြစ်စေ၊ ပိတ်ဆို့စေခြင်းဖြင့် ဖြစ်စေ ဆုံးရှုံးခြင်းကိုဖြစ်စေသော အကျိုးဖျက်ဆီးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၅နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



**မီးပြတိုက်ကို သို့တည်းမဟုတ် ပင်လယ်အမှတ်အသားကို ဖျက်ဆီးခြင်းဖြင့်ဖြစ်စေ၊ ရွှေ့ပြောင်းခြင်းဖြင့်ဖြစ်စေ အသုံးဝင်မှု လျော့ပါးစေခြင်းဖြင့်ဖြစ်စေ အကျိုးဖျက်ဆီးမှု။ (ပုဒ်မ-၄၃၃)**

**Mischief by destroying, moving or rendering less useful a light-diverting water. (Section-433)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို မီးပြတိုက်ကိုဖြစ်စေ၊ ပင်လယ်အမှတ်အသားအဖြစ် အသုံးပြုသော အခြားမီးပြကိုဖြစ်စေ၊ ပင်လယ်အမှတ်အသားကိုဖြစ်စေ၊ ရေကြောင်းပြ ဘော့ကို ဖြစ်စေ၊ ရေကြောင်းသွားလာသူတို့အတွက် လမ်းပြအဖြစ်ချမှတ်ထားသော အခြား အရာကိုဖြစ်စေ ဖျက်ဆီးခြင်း၊ သို့တည်းမဟုတ် ရွှေ့စေခြင်းဖြင့်သော်လည်းကောင်း၊ ဆိုခဲ့သော မီးပြတိုက်၊ ပင်လယ်အမှတ်အသား၊ ရေကြောင်းပြ ဘော့နှင့် အခြားအရာ တစ်ခုခုအား ရေကြောင်းသွားလာသူများအတွက် လမ်းပြအဖြစ် အသုံးဝင်မှုလျော့ပါး စေသော ပြုလုပ်မှုကို ပြုခြင်းဖြင့်သော်လည်းကောင်း အကျိုးဖျက်ဆီးမှုကိုကျူးလွန် လျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပုဒ်မ ၄၂၆ တွင် လိုအပ်သည့် အင်္ဂါရပ်များ

၂။ တရားခံသည် မီးပြတိုက်၊ ပင်လယ်အမှတ်အသား၊ ရေကြောင်းပြဘော့နှင့် လမ်းပြ အခြားအရာတစ်ခုခုအား ရေကြောင်းသွားလာမှု ပြုသူများအတွက် လမ်းပြအဖြစ် အသုံးဝင်မှုလျော့ပါးစေရန်ပြုခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၃၁ | မီးပြတိုက်ကို သို့မဟုတ် ပင်လယ်အမှတ်အသားကို ဖျက်ဆီးခြင်းဖြင့်ဖြစ်စေ၊ ရွှေ့ပြောင်းခြင်းဖြင့်ဖြစ်စေ၊ အသုံးဝင်မှုလျော့ပါးစေခြင်းဖြင့် ဖြစ်စေ မမှန်သောမီးရောင်များပြခြင်းဖြင့် ဖြစ်စေ အကျိုးဖျက်ဆီးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | စက်ရှင် တရားရုံး။ |

http://www.cherrythitsar.org



**မည်သူမဆို ပြည်သူ့ဝန်ထမ်း၏ အမိန့်နှင့် စိုက်ထူထားသော မြေမှတ်တိုင်ကို ဖျက်ဆီးခြင်း၊ သို့တည်းမဟုတ် ရွှေ့ပြောင်းခြင်း စသည်တို့ကို ပြုလုပ်ခြင်းဖြင့် အကျိုးဖျက်ဆီးမှု။ (ပုဒ်မ-၄၃၄)**

**Mischief by destroying, moving etc., a land - mark fixed by public authority. (Section-434)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို ပြည်သူ့ဝန်ထမ်း၏ အမိန့်အာဏာအရ မြေပေါ်၌ သတ်မှတ်စိုက်ထူထားသော မှတ်တိုင်ကို ဖျက်ဆီးခြင်းဖြင့်၊ သို့တည်းမဟုတ် ရွှေ့စေခြင်းဖြင့် ဖြစ်စေ၊ ထိုမှတ်တိုင်၏ အသုံးဝင်မှုကို လျော့ပါးစေသော ပြုလုပ်မှုကို ပြုခြင်းဖြင့် ဖြစ်စေ အကျိုးဖျက်ဆီးမှုကိုကျူးလွန်လျှင် ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပုဒ်မ ၄၂၆ တွင် လိုအပ်သည့် အင်္ဂါရပ်များ

၂။ မြေပေါ်၌ သတ်မှတ်စိုက်ထူထားသော မှတ်တိုင်ကို ဖျက်ဆီးခြင်း၊ ရွှေ့စေခြင်းဖြင့် အသုံးဝင်မှုကို လျော့ပါးခြင်း။

၃။ ထိုမှတ်တိုင်ကို ပြည်သူ့ဝန်ထမ်း၏ အမိန့်အာဏာအရ စိုက်ထူထားခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၃၄ | ပြည်သူ့အာဏာပိုင်အမိန့်ဖြင့် စိုက်ထူထားသော မြေမှတ်တိုင်ကို ဖျက်ဆီးခြင်း၊ သို့မဟုတ် ရွှေ့ပြောင်းခြင်း စသည်တို့ကို ပြုလုပ်ခြင်းဖြင့် အကျိုးဖျက်ဆီးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



**အဖိုးငွေ တစ်ရာအောက်မနည်းသောတန်ဖိုးကို၊ သို့တည်းမဟုတ် (စိုက်ပျိုးရေးလုပ်ငန်းထွက်ပစ္စည်းဖြစ်လျှင်) ငွေတစ်ဆယ်အောက် မနည်းသော တန်ဖိုးကို ဆုံးရှုံးစေရန်အကြံဖြင့် မီးဖြင့်သော်လည်းကောင်း၊ ပေါက်ကွဲတတ်သော အရာဖြင့်သော်လည်းကောင်း အကျိုးဖျက်ဆီးမှု။ (ပုဒ်မ-၄၃၅)**

**Mischief by fire or explosive substance with intent to cause damage to anount of one hundred or (in case of agricultural produce) ten kyats. (Section-435)**

__ဥပဒေပြဋ္ဌာန်းချက်__

မည်သူမဆို ပစ္စည်းတစ်ခုခုတွင် အဖိုးငွေတစ်ရာအောက်မနည်းသောတန်ဖိုးကို သို့တည်းမဟုတ် (စိုက်ပျိုးရေးလုပ်ငန်းထွက်ပစ္စည်းဖြစ်လျှင်) ငွေတစ်ဆယ်အောက် မနည်းသော တန်ဖိုးကို ဆုံးရှုံးစေရန်အကြံဖြင့်၊ သို့တည်းမဟုတ် ထိုသို့ ဆုံးရှုံးစေတန်ရာသည်ကို သိလျက်နှင့် မီးဖြင့်သော်လည်းကောင်း၊ ပေါက်ကွဲတတ်သော အရာဖြင့်သော်လည်းကောင်း အကျိုးဖျက်ဆီးမှုကိုကျူးလွန်လျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

__အကျုံးဝင်သည့် အင်္ဂါရပ်များ__

၁။ ပုဒ်မ ၄၂၆ တွင် လိုအပ်သည့် အင်္ဂါရပ်များ

၂။ စိုက်ပျိုးရေးလုပ်ငန်းထွက်ပစ္စည်းဖြစ်လျှင် တန်ဖိုးငွေ ငွေတစ်ဆယ်အောက် မနည်းသော၊ အခြားပစ္စည်းဖြစ်လျှင် အဖိုးငွေတစ်ရာအောက်မနည်းသော ပစ္စည်းဖြစ်ခြင်း။

၃။ တရားခံသည် ထိုပစ္စည်းကို ဆုံးရှုံးစေရန်အကြံဖြင့်ဖြစ်စေ၊ ဆုံးရှုံးစေတန်ရာသည်ကို သိလျက်နှင့်ဖြစ်စေ ပြုခြင်း။

__ကျင့်ထုံး__

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၃၅ | အဖိုးငွေကျပ် ၁၀၀ထက်မနည်းသော တန်ဖိုးကို၊ သို့မဟုတ်(စိုက်ပျိုးရေးလုပ်ငန်းအတွက်ဖြစ်လျှင်) ကျပ်ငွေ ၁၀အောက်မနည်းသော တန်ဖိုးကို ဆုံးရှုံးစေရန်အကြံနှင့် မီးဖြင့်သော်လည်းကောင်း၊ ပေါက်ကွဲစေတတ်သောအရာဖြင့်သော် လည်းကောင်း အကျိုးဖျက်ဆီးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



**အိမ်အစရှိသည်တို့ကို ဖျက်ဆီးရန်ကြံရွယ်၍ မီးဖြင့် သို့တည်းမဟုတ် ပေါက်ကွဲတတ်သည့် အရာဖြင့် အကျိုးဖျက်ဆီးမှု။ (ပုဒ်မ-၄၃၆)**

**Mischief by fire or explosive substance with intent to destroy house, etc. (Section-436)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

မည်သူမဆို ကိုးကွယ်ဝတ်ပြုသော နေရာအဖြစ်ဖြင့်သော်လည်းကောင်း၊ နေအိမ်အဖြစ်ဖြင့်သော်လည်းကောင်း၊ ပစ္စည်းများ သိုလှောင်ထိန်းသိမ်းသောနေရာ အဖြစ်ဖြင့်သော်လည်းကောင်း သာမန်အားဖြင့် အသုံးပြုသော အဆောက်အအုံကို ဖျက်ဆီးရန်အကြံဖြင့်ဖြစ်စေ၊ မိမိက ထိုသို့ ပျက်စီးစေတန်ရာသည်ကို သိလျက်နှင့် ဖြစ်စေ မီးဖြင့် သို့တည်းမဟုတ် ပေါက်ကွဲစေတတ်သောအရာဖြင့် အကျိုးဖျက်ဆီးမှု ကိုကျူးလွန်လျှင် ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>

၁။ ပုဒ်မ ၄၂၆ တွင် လိုအပ်သည့် အင်္ဂါရပ်များ

၂။ မီး သို့မဟုတ် ပေါက်ကွဲစေတတ်သောအရာဖြင့် ဖျက်ဆီးခြင်း။

၃။ ဖျက်ဆီးခြင်းခံရသည့် ပစ္စည်းသည် အဆောက်အအုံဖြစ်ခြင်း။

၄။ ထိုအဆောက်အအုံကို သာမန်အားဖြင့် ကိုးကွယ်ဝတ်ပြုသောနေရာ၊ သို့မဟုတ် နေအိမ် သို့မဟုတ် ပစ္စည်းများ သိုလှောင်ထိန်းသိမ်းသောနေရာအဖြစ် အသုံးပြုနေခြင်း။

<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၃၆ | အိမ်အစရှိသည်တို့ကို ဖျက်ဆီးရန်ကြံရွယ်၍ မီးဖြင့် သို့မဟုတ် ပေါက်ကွဲစေတတ်သည့် အရာဖြင့် အကျိုးဖျက်ဆီးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | တစ်သက် တစ်ကျွန်းဒဏ် ဖြစ်စေ၊ ၁၀နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး။ |

http://www.cherrythitsar.org



**ကုန်းပတ်ပါရှိသော ရေယာဉ်ကို၊ သို့တည်း မဟုတ် ဝန်စည်တန်ချိန်နှစ်ဆယ်အောက် မနည်းတင်ဆောင်နိုင်သော ရေယာဉ်ကို ပျက်စီးစေရန်ဖြစ်စေ၊ ဘေးမကင်းစေရန် ဖြစ်စေ ကြံရွယ်၍ အကျိုးဖျက်ဆီးမှု။ (ပုဒ်မ-၄၃၇)**

**Mischief with intent to destroy or make unsafe a decked vessel or one of twenty tons burden. (Section-437)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

မည်သူမဆို ကုန်းပတ်ပါရှိသော ရေယာဉ်ကိုဖြစ်စေ၊ ဝန်စည်တန်ချိန်နှစ်ဆယ် အောက်မနည်း တင်ဆောင်နိုင်သော ရေယာဉ်ကိုဖြစ်စေ ပျက်စီးစေရန်၊ သို့တည်း မဟုတ် ဘေးမကင်းစေရန် အကြံဖြင့်သော်လည်းကောင်း၊ မိမိက ထိုသို့ပျက်စီးစေ မည်၊ သို့တည်းမဟုတ် ဘေးမကင်းစေမည် ဖြစ်တန်ရာသည်ကို သိလျက်နှင့်သော် လည်းကောင်း အကျိုးဖျက်ဆီးမှုကိုကျူးလွန်လျှင် ထိုသူကို ဆယ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>

၁။ ပုဒ်မ ၄၂၆ တွင် လိုအပ်သည့် အင်္ဂါရပ်များ

၂။ ရေယာဉ်အား အကျိုးဖျက်ဆီးခြင်း။

၃။ ထိုရေယာဉ်သည် ကုန်းပတ်ပါသောရေယာဉ် သို့မဟုတ် ဝန်စည်တန်ချိန် နှစ်ဆယ်အောက်မနည်း တင်ဆောင်နိုင်သော ရေယာဉ်ဖြစ်ခြင်း။

၄။ တရားခံသည် ရေယာဉ်ကို ပျက်စီးစေရန်၊ ဘေးမကင်းစေရန် အကြံဖြင့်သော် လည်းကောင်း၊ ပျက်စီးစေမည်၊ ဘေးမကင်းဖြစ်စေမည် ဖြစ်တန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ပြုခြင်း။

<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၃၇ | ကုန်းပတ်ပါရှိသော ရေယာဉ်ကို သို့တည်းမဟုတ် ဝန်စည်တန်ချိန် ၂၀အောက်မနည်း တင်ဆောင် နိုင်သော ရေယာဉ်ကို ပျက်စီးစေရန်ဖြစ်စေ၊ ဘေးမကင်းစေရန်ဖြစ်စေ ကြံရွယ်၍ အကျိုးဖျက်ဆီးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၁၀နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး။ |

http://www.cherrythitsar.org



**မီးဖြင့် သို့တည်းမဟုတ် ပေါက်ကွဲတတ်သော အရာဖြင့် ကျူးလွန်သည့် ပုဒ်မ ၄၃၇ ရှိ အကျိုးဖျက်ဆီးမှုအတွက် ပြစ်ဒဏ်။ (ပုဒ်မ-၄၃၈)**

**Punishment for the mischief described in section 437 committed by fire of explosive substance. (Section-438)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို မီးဖြင့်ဖြစ်စေ၊ ပေါက်ကွဲတတ်သောအရာဖြင့်ဖြစ်စေ တစ်ဆက်တည်းဖြစ်သော အထက်ပုဒ်မ၌ ဖော်ပြထားသည့် အကျိုးဖျက်ဆီးမှုကို ကျူးလွန်လျှင်၊ သို့တည်းမဟုတ် ထိုသို့ကျူးလွန်ရန် အားထုတ်လျှင် ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပုဒ်မ ၄၃၇ တွင် လိုအပ်သည့် အင်္ဂါရပ်များ

၂။ မီး သို့မဟုတ် ပေါက်ကွဲစေတတ်သောအရာဖြင့် အကျိုးဖျက်ဆီးခြင်း၊ အကျိုးဖျက်ဆီးရန် အားထုတ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၃၈ | မီး သို့မဟုတ် ပေါက်ကွဲစေတတ်သောအရာဖြင့် အထက်ပုဒ်မ၌ ဖော်ပြထားသည့် အကျိုးဖျက်ဆီးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | တစ်သက် တစ်ကျွန်းဒဏ် ဖြစ်စေ၊ ၁၀နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး။ |

**ခိုးမှု အစရှိသည့်ပြစ်မှုကို ကျူးလွန်ရန် အကြံဖြင့် ရေယာဉ်ကို တမင်သောင်တင်စေသည့်အတွက်၊ သို့တည်းမဟုတ် ကမ်းတင်စေသည့်အတွက် ပြစ်ဒဏ်။ (ပုဒ်မ-၄၃၉)**

**Punishment for intentionally running vessel aground or ashore with intent to commit theft. etc. (Section-439)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို ရေယာဉ်၌ပါရှိသော ပစ္စည်းကို ခိုးရန်အကြံဖြင့်သော်လည်းကောင်း၊ မရိုးမဖြောင့်သော သဘောနှင့် ထိုပစ္စည်းကို အလွဲသုံးစားပြုရန် အကြံဖြင့်သော်

http://www.cherrythitsar.org



လည်းကောင်း၊ ထိုသို့ခိုးခြင်းကို၊ သို့တည်းမဟုတ် ထိုသို့ အလွဲသုံးစားပြုခြင်းကို ကျူးလွန်နိုင်စေရန် အကြံဖြင့်သော်လည်းကောင်း ရေယာဉ်ကို တမင်သောင်တင်စေလျှင်၊ သို့တည်းမဟုတ် ကမ်းတင်စေလျှင် ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

<u>**အကျုံးဝင်သည့် အင်္ဂါရပ်များ**</u>

၁။ တရားခံသည် ရေယာဉ်ကို သောင်တင်စေခြင်း။

၂။ တမင်သောင်တင်စေခြင်း။

၃။ ရေယာဉ်ပါပစ္စည်းကို ခိုးယူရန် သို့မဟုတ် အလွဲသုံးစားပြုရန်ဖြစ်စေ၊ ခိုးခြင်း သို့မဟုတ် အလွဲသုံးစားပြုခြင်းကို ကျူးလွန်နိုင်စေရန်ဖြစ်စေ အကြံဖြင့်ပြုခြင်း။

<u>**ကျင့်ထုံး**</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၃၉ | ခိုးမှု အစရှိသည့်ပြစ်မှုကို ကျူးလွန်ရန်အကြံဖြင့် ရေယာဉ်ကို ကမ်းတင်စေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၁၀နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး။ |

## သေစေမှုအတွက်၊ သို့တည်းမဟုတ် နာကျင်စေမှုအတွက် ပြင်ဆင်ပြီးနောက် ကျူးလွန်သည့် အကျိုးဖျက်ဆီးမှု။ (ပုဒ်မ-၄၄၀)

## Mischief committed after preparation made for causing death or hurt. (Section-440)

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

မည်သူမဆို တစ်ဦးတစ်ယောက်၏သေစေမှုကို၊ သို့တည်းမဟုတ် နာကျင်စေမှုကို၊ သို့တည်းမဟုတ် မတရားတားဆီးခံရမှုကို တားဆီးရန်ဖြစ်စေ၊ သေစေမည်ကို၊ သို့တည်းမဟုတ် နာကျင်စေမည်ကို၊ သို့တည်းမဟုတ် မတရားတားဆီးခံရမည်ကို ကြောက်စေရန်ဖြစ်စေ ပြင်ဆင်ပြီးနောက် အကျိုးဖျက်ဆီးမှုကို ကျူးလွန်လျှင် ထိုသူကို ငါးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

http://www.cherrythitsar.org



**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပုဒ်မ ၄၂၆ တွင် လိုအပ်သည့် အင်္ဂါရပ်များ။

၂။ သေစေမှု သို့မဟုတ် နာကျင်စေမှု သို့မဟုတ် မတရားတားဆီးခံရမှု တစ်ခုခုကို ဖြစ်စေမည်ဟု ကြောက်စေပြီး ပြင်ဆင်ကာ ပြုလုပ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၄၀ | သေစေမှုအတွက်၊ သို့မဟုတ် နာကျင်စေမှု အတွက် ပြင်ဆင်ပြီးနောက် ကျူးလွန်သည့် အကျိုးပျက်ဆီးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၅နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး |

**ရာဇဝတ်မကင်းသော ကျော်နင်းမှု။ (ပုဒ်မ-၄၄၁)**

**Criminal trespass. (Section-441)**

**ဥပဒေပွင့်ဆိုချက်**

မည်သူမဆို ပြစ်မှုကိုကျူးလွန်ရန်၊ သို့တည်းမဟုတ် ပစ္စည်းလက်ရှိဖြစ်သူ တစ်ဦးတစ်ယောက်ကို ခြောက်လှန့်ရန်၊ သို့တည်းမဟုတ် စော်ကားရန်၊ သို့တည်းမဟုတ် စိတ်ငြိုငြင်စေရန်အကြံဖြင့် သူတစ်ပါး၏ လက်ရှိပစ္စည်းအတွင်းသို့ဖြစ်စေ၊ အပေါ်သို့ဖြစ်စေ ဝင်ရောက်လျှင်၊ သို့တည်းမဟုတ် ထိုပစ္စည်းအတွင်းသို့ဖြစ်စေ၊ အပေါ်သို့ဖြစ်စေ တရားသဖြင့် ဝင်ရောက်ပြီးသည့်နောက် ပစ္စည်းလက်ရှိဖြစ်သူကို ခြောက်လှန့်ရန်၊ သို့တည်းမဟုတ် စော်ကားရန်၊ သို့တည်းမဟုတ် စိတ်ငြိုငြင်စေရန်၊ သို့တည်းမဟုတ် ပြစ်မှုကို ကျူးလွန်ရန်အကြံဖြင့် ဥပဒေနှင့်ဆန့်ကျင်ကာ ထိုပစ္စည်း၌ ဆက်လက်၍နေလျှင် ထိုသူသည် 'ရာဇဝတ်မကင်းသော ကျော်နင်းမှု'ကို ကျူးလွန်သည်မည်၏။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ သူတစ်ပါး၏ လက်ရှိဖြစ်သည့်ပစ္စည်းအတွင်း သို့မဟုတ် အပေါ်သို့ဝင်ရောက်ခြင်း၊ သို့မဟုတ် တရားသဖြင့် ဝင်ရောက်ပြီး ဥပဒေနှင့် ဆန့်ကျင်သော ဆက်လက်နေထိုင်ခြင်း။

၂။ ထိုကဲ့သို့ ဝင်ရောက်ခြင်းသည်-

(က) ပြစ်မှုကျူးလွန်ရန် သို့မဟုတ်

(ခ) ပစ္စည်းလက်ရှိဖြစ်သူကို ခြောက်လှန့်ရန်၊ သို့မဟုတ် စော်ကားရန်၊ သို့မဟုတ် စိတ်ငြိုငြင်စေရန်အကြံဖြင့်ဖြစ်ခြင်း။

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ ကျော်နင်းမှုကျူးလွန်တိုင်း ပြစ်မှုမမြောက်ချေ။ ပြစ်မှုမကင်းသော ကျော်နင်းမှုဖြစ်ရန် ဤပုဒ်မရှိ အင်္ဂါရပ်များနှင့် ပြည့်စုံရန်လိုသည်။ ယင်းအင်္ဂါရပ်များ မရှိပါက ကျော်နင်းမှု ကျူးလွန်သော်လည်း ပြစ်မှုကြောင်းအရအရေးမယူနိုင်။ တရားမကြောင်းအရသာ တရားစွဲဆိုနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ မြေနှင့်ပတ်သက်ပြီး အငြင်းအခုံဖြစ်လာလျှင် အများအားဖြင့် တရားမကြောင်းအရ စွဲဆိုရမည့်အမှုများသာဖြစ်သည့်အလျောက် ပြစ်မှုရုံးမှ လွယ်လင့်တကူ လက်ခံစစ်ဆေး ဆုံးဖြတ်ခြင်းမပြုသင့်ပေ။

*[မောင်ချမ်းသာနှင့်အစိုးရ၊ အေအိုင်အာ၊ ၁၉၃၆၊ ရန်ကုန်၊ ၁၁၆]*

၂။ တရားလိုသည် ပစ္စည်းကို ပြစ်မှုကျူးလွန်စဉ်တစ်ချိန်၌ ကိုယ်ထိလက်ရောက်လက်ရှိဖြစ်ရန်လိုသည်။ ဤပုဒ်မနှင့် အကျုံးဝင်မည်ဖြစ်သည်။ ကိုယ်ထိလက်ရောက်လက်ရှိမဟုတ်က ပြစ်မှုမကင်းသော ကျော်နင်းမှုဖြင့် တရားမစွဲဆိုနိုင်။ သို့ရာတွင် အချို့စီရင်ထုံးများကမူ ကိုယ်ထိလက်ရောက်ရှိရမည်ဟု ယူဆခြင်းမပြုပေ။ လက်ရှိဖြစ်သည်ဟု ဆိုရာ၌ တရားလိုကိုယ်တိုင် ပစ္စည်းပေါ်၌ နေထိုင်လျက်ရှိရန်မလိုဘဲ ပိုင်ရှင်က ခေတ္တခဏ အစောင့်မရှိဘဲ ထားခဲ့ခြင်းသည် ထိုသူ၏ လက်ရှိဖြစ်သည်ဟု ယူဆရမည်။

*[ဒီအမ်ဂျီဝါးနှင့်အစိုးရ၊ ၁၉၄၇၊ ရန်ကုန်စီရင်ထုံး၊ ၁၃၇]*

၃။ အလားတူပင် အခန်းကိုသော့ခတ်ထားပြီး ခတ်ထားသောသော့ကို လက်ရှိထားသူသည် ပစ္စည်းကို လက်ရှိဖြစ်သည်ဟု ဆိုရမည်။

*[ဦးလှသိန်းနှင့်ဦးကံညောင်၊ ၁၉၆၆၊ မြန်မာပြည်စီရင်ထုံး၊ ၁၀၉၁]*

၄။ လူတစ်ဦးသည် ပစ္စည်းကို လက်ရှိဟုတ်သည် မဟုတ်သည်ဆိုသောပြဿနာမှာ ကြောင်းခြင်းရာပြဿနာသာဖြစ်သည်။ တရားမရုံးက အနိုင်ဒီကရီရကာမျှဖြင့် တရားနိုင်သည့်ပစ္စည်းကို လက်ရှိဖြစ်သည်ဟု မဆိုနိုင်။ ဒီကရီကို ဇာရီလုပ်ကာ အတည်ပြုပြီးမှသာ တရားနိုင်၏လက်ရှိဖြစ်မည်ဖြစ်သည်။

*[မတုတ်နှင့်မရှမ်းမ(၁၈၉၂-၉၆) အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၁၁၉]*

၅။ လက်ရှိဖြစ်သူ၌ ပိုင်ဆိုင်ခွင့်မရှိသော်လည်း ပိုင်ဆိုင်သူအနေဖြင့် လက်ရှိဖြစ်သူအား တရားမဲ့ဝင်ရောက်ကျူးကျော်ခြင်း မပြုနိုင်ပေ။ လုံးဝပိုင်ဆိုင်ခွင့်မရှိသူက ပိုင်ဆိုင်သူ၏ နောက်ကွယ်၌ အတင်းဝင်ရောက်ကာ လက်ရှိယူထားခြင်းမျိုးကို မဆိုလိုပေ။ ပိုင်ဆိုင်ခွင့်မရှိသူက အေးဆေးစွာ ဝင်ရောက်ပြီး အကျိုးခံစားခဲ့ပါမူ ပိုင်ရှင်သည် လက်ရှိဖြစ်သူ၏ အခွင့်မရှိဘဲ ဝင်ရောက်ကျော်နင်းခြင်းမပြုနိုင်။ ပြစ်မှုမကင်းသော ကျော်နင်းမှုမျိုးတွင် တရားစွဲဆိုသည့်အချိန်၌ ဥပစာကို မည်သူက လက်ရှိဖြစ်သည်ကိုသာ အဓိကစဉ်းစားရန်လိုသည်။ ပိုင်ဆိုင်မှုသည် အဓိကမဟုတ်ချေ။

*[ဦးမောင်မောင်နှင့်ပြည်ထောင်စု၊ ၁၉၇၉၊ မြန်မာပြည်စီရင်ထုံး၊ ၁၁၉]*

*[ဦးဣန္ဒာဝံသနှင့်ပြည်ထောင်စု၊ ၁၉၈၀၊ မြန်မာပြည်စီရင်ထုံး၊ ၁၀]*

http://www.cherrythitsar.org



၆။ သာမန်ကျော်နင်းကာမျှဖြင့် ပြစ်မှုမမြောက်။ ပြစ်မှုကျူးလွန်ရန်ဖြစ်စေ၊ လက်ရှိဖြစ်သူအား ခြောက်လှန့်ရန် သို့မဟုတ် စော်ကားရန်၊ သို့မဟုတ် စိတ်ငြိုငြင်စေရန် အကြံနှင့်ဖြစ်စေ ကျော်နင်းဝင်ရောက်မှသာ ပြစ်မှုမြောက်မည်ဖြစ်သည်။ အဆိုပါ ကြံရွယ်ချက် တစ်ခုခုရှိကြောင်း တင်ပြရန်လိုသည်။

*[ဗာဒီဗာလူးနှင့်အစိုးရ၊ အတွဲ ၁၊ အောက်မြန်မာပြည်စီရင်ထုံး ၉၅]*

*[ကိုကြွယ်ပါ-၂ နှင့်ပြည်ထောင်စု၊ ၁၉၆၆၊ မြန်မာပြည်စီရင်ထုံး ၈၁၈]*

၇။ တရားလိုသည် ၎င်း၏ဇနီးကို မသင်္ကာသဖြင့် ခရီးထွက်မည် ချောင်းဖမ်းရာ တရားခံအား ညအချိန် အိမ်ပေါ်၌မိသည်။ ထိုစဉ် တရားလို၏ဇနီးသည် အိမ်ကို လက်ရှိဖြစ်သော်လည်း တရားလိုအနေနှင့်လည်း လက်ရှိမဟုတ်ဟု မဆိုနိုင်သည့် အပြင် တရားလိုအနေနှင့်လည်း လက်ရှိမဟုတ်ဟု မဆိုနိုင်သည့်အပြင် တရားခံသည် တရားလို၏ဇနီး ဖိတ်ခေါ်၍လာခြင်းဖြစ်သော်လည်း တရားလို၏ အခွင့်အရေးကို ဆန့်ကျင်ကာ လင်ရှိမယားအား ကျူးလွန်ရန်ဖြစ်၍ ပြစ်မှုကျူးလွန်ရန်အကြံဖြင့် ဝင်ရောက်သည်ဟု ယူဆရမည်ဖြစ်ပေသည်။

*[ချာတာဆင်းဒါမိုင်းနှင့်အစိုးရ(၁၉၁၇-၂၀)အထက်မြန်မာပြည်စီရင်ထုံး၊ ၁၉၄]*

၈။ သာမန်လူတစ်ဦး၏ စိတ်ချမ်းသာမှုကို အနှောင့်အယှက်ပြုသည့် အပြုအမူကို ဆိုလိုပေသည်။ လက်ရှိဖြစ်သူကို စိတ်ငြိုငြင်စေရန်အကြံဖြင့် ဝင်ရောက်လျှင် ပြစ်မှုမြောက်သည်။ တရားခံသည် ငှားရမ်းထားသော ၎င်းအိမ်၏အမိုးကို ဖျက်လိုက်သဖြင့် အိမ်ထဲ၌ရှိသော တရားလို၏ ခေါင်းမြီးခြုံဇနီးအား အများကို မြင်စေရာ၌ ထိုအမျိုးသမီး၏စိတ်ကို ငြိုငြင်စေကြောင်း ပေါ်လွင်သည့်အလျောက် ဤပုဒ်မကို ကျူးလွန်သည်ဟု ယူဆရမည်ဖြစ်သည်။

*[အစိုးရနှင့်ဒါရာခယ်(၁၈၉၇-၀၁) အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး ၃၅၀]*

၉။ တရားလိုသူကြီးသည် အမှုတစ်ခုကို ၎င်း၏အိမ်၌ စစ်ဆေးနေစဉ် တရားခံ၏ ဦးလေးဖြစ်သူက လာရောက်နားထောင်သည်။ သူကြီးက နားမထောင်ရန်ပြောသော်လည်း ထွက်မသွားသဖြင့် တွန်းထုတ်ကာ ပြစ်မှုမကင်းသော ကျော်နင်းမှုဖြင့် တရားစွဲဆိုရာ တရားလိုအား စိတ်ငြိုငြင်စေရန်ပြုလုပ်ခဲ့ခြင်း မဟုတ်၍ ပြစ်မှုမမြောက်ဟု ဆုံးဖြတ်ခဲ့သည်။

*[ဘိုးရှနှင့်အစိုးရ၊ အေအိုင်အာ၊ ၁၉၂၃၊ ရန်ကုန်၊ ၁၄၅]*

၁၀။ မူလက တရားသဖြင့် ဝင်ရောက်ခဲ့သော်လည်း နောက်ပိုင်း၌ ဥပဒေနှင့်ဆန့်ကျင်ကာ လက်ရှိဖြစ်သူအား ခြောက်လှန့်ရန်၊ စော်ကားရန် သို့မဟုတ် စိတ်ငြိုငြင်စေရန်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရန်ဖြစ်စေ ဆက်လက်နေထိုင်လျှင် ပြစ်မှုမြောက်မည်ဖြစ်သည်။ ပစ္စည်းပေါ်၌ ဆက်လက်နေထိုင်ခြင်းသည် ပြစ်မှုမဟုတ်သော်လည်း အထက်၌ ဖော်ပြခဲ့သည့် အကြံတစ်ခုခုနှင့် နေထိုင်ခြင်းဖြစ်လျှင် ဤပုဒ်မနှင့် အကျုံးဝင်မည်ဖြစ်သည်။ ဘုရားဝတ်ပြုရန်သွားသည့် တရားခံသည် မော်လဝီကိစ္စနှင့် ပတ်သက်၍ အခြားဝတ်တက်သူများနှင့် စကားများကာဆဲရေးခြင်းသည် ကျော်နင်းမှု မမြောက်ပေ၊ ဆဲရေးစော်ကားခြင်းသာဖြစ်သည်။

*[မတ်စတန်နှင့်အစိုးရ၊ အတွဲ ၁၊ ရန်ကုန်၊ ၆၉၀]*

http://www.cherrythitsar.org



၁၁။ တရားခံတစ်ဦးအား ပြစ်မှုမကင်းသော ကျော်နင်းမှုအတွက် ရုံးမှပြစ်ဒဏ်စီရင်ပြီးဖြစ်ပါက ပစ္စည်းအပေါ်တွင် ဆက်လက်နေထိုင်လျက်ရှိသည့် ထိုတရားခံအား ယင်းသို့ ဆက်လက်နေထိုင်သည့်အတွက် တဖန် ပြစ်ဒဏ်ထင်ရှားစီရင်ခြင်းမပြုနိုင်ပေ။ မူလဝင်စဉ်ကပင် ပြစ်မှုမြောက်ပြီးဖြစ်၍ ဆက်လက်နေထိုင်ခြင်းသည် ပြစ်မှုကျူးလွန်ရာမရောက်ချေ။

*[မလှရာနှင့်အစိုးရ၊ အတွဲ ၄၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၂၇၆]*

*[ဦးမြင့်ထွန်းနှင့်ပြည်ထောင်စု၊ ၁၉၇၀၊ မြန်မာပြည်စီရင်ထုံး၊၁၀၂]*

၁၂။ ပစ္စည်းပေါ်သို့ ဝင်ရောက်ခြင်းသည် ပြစ်မှုကျူးလွန်ရန်သော်လည်းကောင်း၊ လက်ရှိဖြစ်သူကို ခြောက်လှန့်ခြင်း၊ စော်ကားခြင်း၊ စိတ်ပြိုငြင်စေခြင်းပြုရန်အကြံဖြင့်သော်လည်းကောင်း မဟုတ်ဘဲ မိမိ၏ ပိုင်ရေးပိုင်ခွင့်ရှိသည်ဟု သဘောရိုးဖြင့် ယုံကြည်ကာ ဝင်ရောက်ခြင်းသာဖြစ်ပါမူ ပြစ်မှုမကင်းသော ကျော်နင်းမှုမမြောက်ချေ။ သဘောရိုးဖြင့် ယုံကြည်၍ ဝင်ရောက်ခြင်း ဟုတ်မဟုတ်ဆိုသောပြဿနာမှာ ကြောင်းခြင်းရာ ပြဿနာသာ ဖြစ်ပေသည်။ ပိုင်ဆိုင်ခွင့်ရှိသည်ဟု ယုံကြည်၍ ဝင်ရောက်သည်ဟု ထုချေကာမျှဖြင့် မပြီးချေ။ တရားခံ ကိုးကားသည့် ပိုင်ဆိုင်ခွင့်၊ မည်သို့မည်ပုံ ဝင်ရောက်သည်၊ ဝင်ခွင့်ရှိသည်ဟု တကယ်ယုံကြည်ရန်အကြောင်း ရှိမရှိ စသည့်အချက်အလက်များအပြင် ပတ်ဝန်းကျင်အထောက်အထားများအပေါ် မှီငြမ်း၍ တရားခံသည် သူတစ်ပါးလက်ရှိဖြစ်သည့် ပစ္စည်းပေါ်သို့ ဝင်ရောက်ခြင်းမှာ ပိုင်ဆိုင်ခွင့်ရှိသည်ဟု သဘောရိုးဖြင့် ယုံကြည်ခြင်းဟုတ်မဟုတ် ဆိုခြင်းကို ဆုံးဖြတ်ရမည်ဖြစ်သည်။ တကယ်ပင် သဘောရိုးဖြင့် ယုံကြည်ပြီး ဝင်ရောက်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့လျှင် တရားခံအပေါ် ပြစ်ဒဏ်ထင်ရှားစီရင်ခြင်းမပြုနိုင်ပေ။ သဘောရိုးဖြင့် ဝင်ရောက်ကြောင်း ထင်ရှားပါက ပြစ်မှုမြောက်ရန် လိုအပ်သည့် အကြံဖြင့် ပြုသည်ဟု ဆိုနိုင်မည်မဟုတ်သည့်အတွက် ဖြစ်ပေသည်။

*[အစိုးရနှင့်ဦးကျော်၏၊ အေအိုင်အာ၊ ၁၉၃၇၊ ရန်ကုန်၊ ၁၃၂]*

*[ရွှေကူးနှင့်အစိုးရ၊ အေအိုင်အာ၊ ၁၉၂၃၊ ရန်ကုန်၊ ၁၅၇]*

*[မောင်ချမ်းသာနှင့်အစိုးရ၊ အေအိုင်အာ၊ ၁၉၃၆၊ ရန်ကုန်၊ ၁၁၆]*

၁၃။ လက်ရှိဖြစ်သူသည် ပစ္စည်းကို အေးဆေးစွာ အကျိုးခံစားလျက်ရှိလျှင် တရားခံသည် ပိုင်ရှင်ထံမှ ဝယ်ယူခဲ့သည်ဆိုသော အကြောင်းပြချက်ဖြင့် ပစ္စည်းအပေါ် အတင်းဝင်ရောက်ထွန်ယက်ခြင်း မပြုနိုင်။ လက်ရှိဖြစ်သူကို တရားဥပဒေအရ နှင်ထုတ်ခြင်းမပြုဘဲ အတင်းဝင်ရောက်ထွန်ယက်လျှင် သဘောရိုးဖြင့်ပြုသည်ဟု ဆိုနိုင်မည် မဟုတ်၍ ပြစ်မှုမြောက်သည်။

*[အစိုးရနှင့်မြ၏၊ အတွဲ ၁၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၃၅၈]*

၁၄။ ပြစ်မှုမကင်းသော ကျော်နင်းမှု မြောက်မမြောက်ဆိုသော ပြဿနာကို စဉ်းစားရာ၌ တရားခံသည် သဘောရိုးဖြင့် ယုံကြည်၍ ဝင်ရောက်ခြင်းဟုတ်မဟုတ်ဆိုသော အချက်မှာ အဓိကဖြစ်သည်။ ယုံကြည်ရန်အကြောင်းမရှိက ပြစ်မှုမြောက်ရန် အကြံတစ်ခုခုနှင့် ဝင်ရောက်ခြင်းဖြစ်သည်ဟု ယူဆရန်ရှိပေသည်။

*[ဘိုးကဲနှင့်အစိုးရ၊ အတွဲ ၂၊အောက်မြန်မာပြည်စီရင်ထုံး၊ ၃၁၉]*

http://www.cherrythitsar.org



**အိမ်ကျော်နင်းမှု။ (ပုဒ်မ-၄၄၂)** **House - trespass. (Section-442)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို လူနေအိမ်အဖြစ် အသုံးပြုသည့် အဆောက်အအုံကိုဖြစ်စေ၊ တဲကိုဖြစ်စေ၊ ရေယာဉ်ကိုဖြစ်စေ၊ ကိုးကွယ်ဝတ်ပြုသော နေရာအဖြစ်ဖြင့်သော် လည်းကောင်း၊ ပစ္စည်းသိုလှောင်ထိန်းသိမ်းသော နေရာအဖြစ်ဖြင့်သော်လည်းကောင်း အသုံးပြုသည့် အဆောက်အအုံကိုဖြစ်စေ ဝင်ရောက်ခြင်းဖြင့်၊ သို့တည်းမဟုတ် ဆက်လက်နေထိုင်ခြင်းဖြင့် ရာဇဝတ်မကင်းသောကျော်နင်းမှုကို ကျူးလွန်လျှင် ထိုသူသည် 'အိမ်ကျော်နင်းမှု' ကို ကျူးလွန်သည်မည်၏။

*ရှင်းလင်းချက်။* ရာဇဝတ်မကင်းသော ကျော်နင်းမှု ကျူးလွန်သူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်း ဝင်ရောက်ခြင်းသည် အိမ်ကျော်နင်းမှုကို ကျူးလွန်ခြင်းမြောက်ရန် လုံလောက်သည်။

**စီရင်ထုံး**

ကျွဲ၊ နွားများထားရန် အမိုးအကာမရှိဘဲ ခြံခတ်ထားသည့် မြေကွက်ကို အဆောက်အအုံဟုဆိုရန် ခဲယဉ်းသည်။ သို့ရာတွင် အိမ်၏ဖိနပ်ချွတ်သည် နေအိမ်၏ တစ်စိတ်တစ်ဒေသပင်ဖြစ်၍ ဤပုဒ်မနှင့် အကျုံးဝင်သည်။

*[စစ်တုံနှင့်အစိုးရ၊ အတွဲ ၈၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၄၆၃]*

**ပုန်းလျှိုးအိမ်ကျော်နင်းမှု။ (ပုဒ်မ-၄၄၃)** **Lurking house-trespass. (Section-443)**

**ဥပဒေပြဋ္ဌာန်းချက်**

အိမ်ကျော်နင်းမှုကို ကျူးလွန်ရာ၌ ထိုသို့ကျော်နင်းရာဖြစ်သော အဆောက်အအုံမှဖြစ်စေ၊ တဲမှဖြစ်စေ၊ ရေယာဉ်မှဖြစ်စေ ကျော်နင်းကျူးလွန်သူကို ထုတ်ပယ်ရန်၊ သို့တည်းမဟုတ် နှင်ရန်အခွင့်အရေးရှိသူက ထိုသို့ကျော်နင်းသည်ကို မသိမမြင်အောင် ကြိုတင်စီမံမှုပြု၍ မည်သူမဆို အိမ်ကျော်နင်းမှုကို ကျူးလွန်လျှင် ထိုသူသည် 'ပုန်းလျှိုးအိမ်ကျော်နင်းမှု' ကို ကျူးလွန်သည်မည်၏။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ကျော်နင်းမှု ကျူးလွန်ခြင်း။
၂။ အိမ်ကျော်နင်းမှုဖြစ်ခြင်း။
၃။ မသိမမြင်အောင် ကြိုတင်စီမံမှုပြု၍ ကျော်နင်းခြင်း။

http://www.cherrythitsar.org



**ညဥ့်အချိန် ပုန်းလျှိုးအိမ်ကျော်နင်းမှု။ (ပုဒ်မ-၄၄၄)**

**Lurking house-trespass by night. (Section-444)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို နေဝင်ပြီးအချိန်မှစ၍ နေမထွက်မီ အချိန်အတွင်း ပုန်းလျှိုး အိမ်ကျော်နင်းမှုကို ကျူးလွန်လျှင် ထိုသူသည် ညဥ့်အချိန်ပုန်းလျှိုး အိမ်ကျော်နင်းမှုကို ကျူးလွန်သည်မည်၏။

**အိမ်ဖောက်ထွင်းမှု။ (ပုဒ်မ-၄၄၅)**

**House-breaking. (Section-445)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို အိမ်ကျော်နင်းမှုကျူးလွန်ရာ၌ အိမ်အတွင်းသို့ဖြစ်စေ၊ အိမ်၏ တစ်စိတ်တစ်ဒေသ တစ်နေရာသို့ဖြစ်စေ အောက်ဖော်ပြပါ နည်းခြောက်မျိုးအနက် တစ်နည်းနည်းဖြင့် ဝင်ရောက်ခြင်းပြုလျှင်၊ သို့တည်းမဟုတ် ပြစ်မှုကျူးလွန်ရန် အလို့ငှာ အိမ်အတွင်းဖြစ်စေ၊ အိမ်၏တစ်စိတ်တစ်ဒေသ တစ်နေရာ၌ဖြစ်စေ ရောက်ရှိပြီး၍၊ သို့တည်းမဟုတ် အိမ်အတွင်း၌ဖြစ်စေ၊ အိမ်၏ တစ်စိတ်တစ်ဒေသ တစ်နေရာ၌ဖြစ်စေ ပြစ်မှုကို ကျူးလွန်ပြီး၍ ထိုသူသည် အိမ်မှသော်လည်းကောင်း၊ အိမ်၏တစ်စိတ်တစ်ဒေသ တစ်နေရာမှသော်လည်းကောင်း အောက်ပါနည်းခြောက်မျိုးအနက် တစ်နည်းနည်းဖြင့် ထွက်ခွာလျှင် ထိုသူသည် 'အိမ်ဖောက်ထွင်းမှု' ကို ကျူးလွန်သည်မည်၏။

*ပထမ။* အိမ်ကျော်နင်းမှုကို ကျူးလွန်ရန်အလို့ငှာ ထိုသူသည် မိမိကိုယ်တိုင်ကဖြစ်စေ၊ အိမ်ကျော်နင်းမှုကို အားပေးကူညီသူကဖြစ်စေ ပြုလုပ်ထားသည့် ထွက်ဝင်ပေါက်က ဝင်လျှင်၊ သို့တည်းမဟုတ် ထွက်လျှင်။

*ဒုတိယ။* မိမိကိုယ်တိုင်မှတစ်ပါး၊ သို့တည်းမဟုတ် ပြစ်မှုကို အားပေးကူညီသူမှတစ်ပါး အခြားမည်သူမျှ ဝင်ထွက်ရန်ကြံရွယ်ခြင်းမရှိသော ထွက်ဝင်ပေါက်က ဝင်လျှင်၊ သို့တည်းမဟုတ် ထွက်လျှင်၊ သို့တည်းမဟုတ် နံရံကိုဖြစ်စေ၊ အဆောက်အအုံကို ဖြစ်စေ တွယ်တက်၍သော် လည်းကောင်း၊ ကျော်တက်၍သော် လည်းကောင်း ဝင်ရောက်ခဲ့သည့် ထွက်ဝင်ပေါက်က ဝင်လျှင်၊ သို့တည်းမဟုတ် ထွက်လျှင်။

*တတိယ။* ထွက်ဝင်ပေါက်ဖွင့်ရန် နေထိုင်သူ မကြံရွယ်သည့်နည်းတစ်ခုခုဖြင့် မိမိကိုယ်တိုင်ကဖြစ်စေ၊ အိမ်ကျော်နင်းမှုကို အားပေးကူညီသူကဖြစ်စေ အိမ်ကျော်နင်းမှုကို ကျူးလွန်ရန် အလို့ငှာ ဖွင့်ခဲ့သည့် ထွက်ဝင်ပေါက်က ထိုသူဝင်လျှင်၊ သို့တည်း မဟုတ် ထွက်လျှင်။

*စတုတ္ထ။* အိမ်ကျော်နင်းမှုကို ကျူးလွန်ရန်အလို့ငှာ၊ သို့တည်းမဟုတ် အိမ်ကျော်နင်းမှုကို ကျူးလွန်ပြီးနောက် အိမ်မှထွက်ခွာရန်အလို့ငှာ ထိုသူသည် သော့ခလောက်ကို ဖွင့်၍ဝင်လျှင်၊ သို့တည်းမဟုတ် ထွက်လျှင်။

http://www.cherrythitsar.org



*ပဉ္စမ။* ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကို သုံးခြင်းဖြင့်သော်လည်းကောင်း၊ လက်ရောက်မှု ကျူးလွန်ခြင်းဖြင့်သော်လည်းကောင်း၊ လက်ရောက်မှုပြုမည်ဟု သူတစ်ဦးတစ်ယောက်အား ခြိမ်းခြောက်ခြင်းအားဖြင့်သော်လည်းကောင်း ထိုသူသည် ဝင်လျှင်၊ သို့တည်းမဟုတ် ထွက်လျှင်။

*ဆဋ္ဌမ။* မဝင်မထွက်နိုင်အောင် ပိတ်ထားကြောင်းကိုသိလျက်နှင့် ထွက်ဝင်ပေါက်ကို မိမိကိုယ်တိုင်ဖွင့်၍ဖြစ်စေ၊ အိမ်ကျော်နင်းမှုကို အားပေးကူညီသူက ဖွင့်၍ဖြစ်စေ ဝင်လျှင်၊ သို့တည်းမဟုတ် ထွက်လျှင်။

*ရှင်းလင်းချက်။* အိမ်မသို့ အတွင်းလမ်းဖြင့် ဆက်သွယ်ထားသော အရံအိမ်သည်၊ သို့တည်းမဟုတ် အဖီဆောင်သည် ဤပုဒ်မ၏ အဓိပ္ပာယ်အရ အိမ်မ၏ တစ်စိတ်တစ်ဒေသဖြစ်သည်။

**ဥပမာများ**

(က) မောင်ဖြူသည် မောင်မဲ၏အိမ်နံရံတွင် အပေါက်တစ်ပေါက်ကို ဖောက်ထွင်း၍ ထိုအပေါက်က မိမိ၏လက်ကိုသွင်းခြင်းဖြင့် အိမ်ကျော်နင်းမှုကိုကျူးလွန်လျှင် အိမ်ဖောက်ထွင်းမှုကို ကျူးလွန်သည်မည်၏။

(ခ) မောင်ဖြူသည် သင်္ဘောကုန်းပတ်နှစ်ခုအကြားရှိ လေသာပေါက်က တွား၍ ဝင်ခြင်းဖြင့် အိမ်ကျော်နင်းမှုကိုကျူးလွန်လျှင် အိမ်ဖောက်ထွင်းမှုကို ကျူးလွန်သည်မည်၏။

(ဂ) မောင်ဖြူသည် မောင်မဲ၏ အိမ်အတွင်းသို့ ပြတင်းပေါက်က ဝင်ခြင်းဖြင့် အိမ်ကျော်နင်းမှုကိုကျူးလွန်လျှင် အိမ်ဖောက်ထွင်းမှုကို ကျူးလွန်သည်မည်၏။

(ဃ) မောင်ဖြူသည် မဝင်မထွက်နိုင်အောင် ပိတ်ထားသော တံခါးကို ဖွင့်ပြီးလျှင် မောင်မဲ၏အိမ်အတွင်းသို့ ထိုတံခါးပေါက်ကဝင်ခြင်းဖြင့် အိမ်ကျော်နင်းမှုကို ကျူးလွန်လျှင် အိမ်ဖောက်ထွင်းမှုကို ကျူးလွန်သည်မည်၏။

(င) မောင်ဖြူသည် မောင်မဲအိမ်တံခါး၏ အပေါက်တစ်ပေါက်က နန်းကြိုးထိုးသွင်း၍ တံခါးမင်းတုန်းကိုမ,ပြီးလျှင် ထိုတံခါးပေါက်မှ ဝင်ရောက်ခြင်းဖြင့် အိမ်ကျော်နင်းမှုကိုကျူးလွန်လျှင် အိမ်ဖောက်ထွင်းမှုကို ကျူးလွန်သည်မည်၏။

(စ) မောင်ဖြူသည် မောင်မဲပျောက်ဆုံးသော အိမ်တံခါးသော့ဖြင့် မောင်မဲ၏ အိမ်တံခါးကိုဖွင့်ပြီးလျှင် မောင်မဲ၏အိမ်အတွင်းသို့ ဝင်ရောက်ခြင်းဖြင့် အိမ်ကျော်နင်းမှုကိုကျူးလွန်လျှင် အိမ်ဖောက်ထွင်းမှုကို ကျူးလွန်သည်မည်၏။

(ဆ) မောင်မဲသည် မိမိ၏အိမ်တံခါးဝမှာရပ်နေ၏။ မောင်ဖြူက မောင်မဲကို လဲအောင်ပြု၍ အိမ်တွင်းသို့ အတင်းဝင်ရောက်ခြင်းဖြင့် အိမ်ကျော်နင်းမှုကိုကျူးလွန်လျှင် အိမ်ဖောက်ထွင်းမှုကို ကျူးလွန်သည်မည်၏။

(ဇ) မောင်နီ၏တံခါးစောင့် မောင်မဲသည် မောင်နီ၏အိမ်တံခါးဝတွင် ရပ်နေ၏။ မောင်ဖြူက မောင်မဲကိုရိုက်နှက်မည်ဟု ခြိမ်းခြောက်၍ မိမိဝင်သည်ကို မတားဆီးနိုင်အောင် ပြုလုပ်ပြီးနောက် အိမ်တွင်းသို့ဝင်ခြင်းဖြင့် အိမ်ကျော်နင်းမှုကို ကျူးလွန်လျှင် အိမ်ဖောက်ထွင်းမှုကို ကျူးလွန်သည်မည်၏။

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ ပုဒ်မ ၄၄၂ ၏ ရှင်းလင်းချက်အရ ပြစ်မှုကျူးလွန်သူ၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းသည် အိမ်အတွင်းသို့ရောက်လျှင် ပြစ်မှုမြောက်သည်။ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုသည် အိမ်အတွင်း မရောက်သေးလျှင် ဖောက်ထွင်းမှုမဖြစ်နိုင်။ ဥပမာ သူခိုးက အိမ်ထဲသို့ စိန်တံချူထိုးသွင်းခြင်းသည် လက်မဝင်သေးပါက ဤပုဒ်မနှင့် အကျုံးဝင်မည်မဟုတ်ပေ။ အိမ်ထဲသို့ဝင်ရန် အကြံဖြင့် အိမ်အောက်ရှိ ဝင်းထရံကို ကျော်တက်ခြင်းသည် အိမ်ဖောက်ထွင်းမှုမမြောက်သေးဘဲ အိမ်ဖောက်ထွင်းမှု ကျူးလွန်ရန် အားထုတ်ခြင်းသာဖြစ်သည်။

*[ဘိုးသင်နှင့်အစိုးရ၊ အတွဲ ၂၊ ဘားမားလောတိုင်း ၂]*

## ညဉ့်အချိန် အိမ်ဖောက်ထွင်းမှု။ (ပုဒ်မ-၄၄၆)

## House-breaking by night. (Section-445)

**ဥပဒေပွင့်ဆိုချက်**

မည်သူမဆို နေဝင်ပြီးအချိန်မှစ၍ နေမထွက်မီအချိန်အတွင်း အိမ်ဖောက်ထွင်းမှုကို ကျူးလွန်လျှင် ထိုသူသည် 'ညဉ့်အချိန်အိမ်ဖောက်ထွင်းမှု' ကို ကျူးလွန်သည် မည်၏။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပုဒ်မ ၄၄၅ ရှိ နည်းခြောက်နည်းအနက် တစ်နည်းနည်းဖြင့်ဖောက်ထွင်းခြင်း။
၂။ ဝင်ရောက်ခြင်း၊ ထွက်ခြင်း။
၃။ အိမ်ကိုဖောက်ထွင်းခြင်း။
၄။ နေဝင်ချိန်မှ နေထွက်ချိန်အတွင်းဖြစ်ခြင်း။
၅။ အိမ်ကျော်နင်းရန် အကြံနှင့်ပြုခြင်း။

## ရာဇဝတ်မကင်းသော ကျော်နင်းမှုအတွက် ပြစ်ဒဏ်။ (ပုဒ်မ-၄၄၇)

## Punishment for criminal-trespass. (Section-447)

**ဥပဒေပွင့်ဆိုချက်**

မည်သူမဆို ရာဇဝတ်မကင်းသော ကျော်နင်းမှုကို ကျူးလွန်လျှင် ထိုသူကို သုံးလထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငါးရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားလိုသည် ပစ္စည်းကို လက်ရှိဖြစ်ခြင်း။
၂။ တရားခံသည် ပစ္စည်းပေါ်သို့ ကျော်နင်းခြင်း၊ တရားသဖြင့်ဝင်ရောက်ပြီးနောက် ဥပဒေနှင့်ဆန့်ကျင်၍ ဆက်လက်နေထိုင်ခြင်း။
၃။ ပြစ်မှုကျူးလွန်ရန်၊ သို့မဟုတ် လက်ရှိဖြစ်သူအား ခြိမ်းခြောက်ရန်၊ သို့မဟုတ် စော်ကားရန်၊ သို့မဟုတ် စိတ်ငြိုငြင်စေရန်အကြံဖြင့် ဝင်ရောက်ခြင်း။

http://www.cherrythitsar.org



**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၄၇ | ပြစ်မှုမကင်းသော ကျော်နင်းမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် ရှိသည်။ | ၃လထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်ငွေ၅၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | မည်သည့် ရာဇဝတ် တရားသူကြီး မဆို။ |

**ပြစ်မှုကိုကျေအေးနိုင်သူများ**

ကျော်နင်းခြင်းခံရသောပစ္စည်းကို လက်ရှိဖြစ်သူ။

**စီရင်ထုံး**

၁။ သံဃိကဇရပ်ထဲသို့ ဝင်ရောက်ကာ ဇရပ်၏မီးဖိုကိုဖျက်သည့် ဇရပ်ဒကာ၏ ဆွေမျိုးဖြစ်သူ တရားခံသည် ဇရပ်ဒကာ၏ ခွင့်ပြုချက်နှင့် နေထိုင်သူကို အဆိုပါ အင်္ဂါရပ်ရှိ အကြံတစ်ခုခုဖြင့်ပြုရန် ဝင်ရောက်ခြင်းဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်ဟု ဆုံးဖြတ်ဖူးသည်။

*[ရွှေကူးနှင့်အစိုးရ၊ အတွဲ ၂၊ ဘားမားလောဂျာနယ် ၅၅]*

**အိမ်ကျော်နင်းမှုအတွက် ပြစ်ဒဏ်။ (ပုဒ်မ-၄၄၈)**

**Punishment for house-trespass. (Section-448)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို အိမ်ကျော်နင်းမှုကိုကျူးလွန်လျှင် ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပုဒ်မ ၄၄၇ တွင် လိုအပ်သည့်အင်္ဂါရပ်များ။

၂။ တရားခံကျော်နင်းသော ပစ္စည်းမှာ လူနေအိမ်အပြင် အသုံးပြုသည့်အဆောက်အအုံ၊ တဲ၊ သို့မဟုတ် ရေယာဉ်ဖြစ်ခြင်း၊ သို့မဟုတ် ကိုးကွယ်ဝတ်ပြုသောနေရာအဖြစ် အသုံးပြုသည့် အဆောက်အအုံ၊ သို့မဟုတ် ပစ္စည်းသိုလှောင်ရာအဖြစ် အသုံးပြုသည့် အဆောက်အအုံဖြစ်ခြင်း။

http://www.cherrythitsar.org



**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၄၈ | အိမ်ကျော်နင်းမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် ရှိသည်။ | ၁နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်ငွေ၁၀၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | မည်သည့် ရာဇဝတ် တရားသူကြီး မဆို။ |

**ပြစ်မှုကိုကျေအေးနိုင်သူများ**

**ကျော်နင်းခြင်းခံရသောပစ္စည်းကို လက်ရှိဖြစ်သူ။**

**စီရင်ထုံး**

၁။ ရာဇဝတ်ကြီးပုဒ်မ ၄၄၈ အရ မှုပြစ်ထင်ရှားစီရင်ခြင်း — လူနေအိမ်ကို ဝင်ရောက်ရာ၌ ရာဇဝတ်မကင်းသော ကျော်နင်းမှုကို ကျူးလွန်မှသာ အိမ်ကျော်နင်းမှု ကျူးလွန်ခြင်း — ပစ္စည်းလက်ရှိဖြစ်သူအား ခြောက်လှန့်ရန်၊ စော်ကားရန် သို့မဟုတ် ငြိုငြင်စေရန်အကြံဖြင့် ဝင်ရောက်ခြင်းကိုဆိုခြင်း — ပစ္စည်းပေါ်သို့ တရားသဖြင့် ဝင်ရောက်ပြီးနောက် လက်ရှိဖြစ်သူကို ခြောက်လှန့်ရန်၊ စော်ကားရန် သို့မဟုတ် ငြိုငြင်စေရန်အကြံဖြင့် ဆက်လက်နေထိုင်ခြင်းကိုဆိုခြင်း — ပိုင်ဆိုင်ခွင့်ကို ထည့်သွင်း စဉ်းစားရန်မလို။

တရားခံတစ်ဦးသည် လူနေအိမ်ကို ဝင်ရောက်ရာ၌ ရာဇဝတ်မကင်းသော ကျော်နင်းမှုကို ကျူးလွန်မှသာ အိမ်ကျော်နင်းမှု ကျူးလွန်သည်ဟု ဆိုရမည်ဖြစ်သည်။ ရာဇဝတ်မကင်းသော ကျော်နင်းမှုဆိုသည်မှာ ပစ္စည်းလက်ရှိဖြစ်သူအား ခြောက်လှန့် ရန်၊ စော်ကားရန် သို့မဟုတ် ငြိုငြင်စေရန်အကြံဖြင့် ဝင်ရောက်ခြင်းဖြစ်သည်။ သို့တည်းမဟုတ် ပစ္စည်းပေါ်သို့ တရားသဖြင့် ဝင်ရောက်ပြီးနောက်ကို ပစ္စည်း လက်ရှိဖြစ်သူကို ခြောက်လှန့်ရန်၊ စော်ကားရန် သို့မဟုတ် ငြိုငြင်စေရန်အကြံဖြင့် ဆက်လက်နေထိုင်ခြင်းသာဖြစ်သည်။ အဓိက အရေးကြီးသည့်အချက်မှာ ပစ္စည်း အား လက်ရှိဖြစ်သူကို အဆိုပါအကြံတစ်ခုခုဖြင့် နှောင့်ယှက်ရန် ဝင်ရောက်ခြင်း ဖြစ်ပေသည်။ ယင်းအမှုများ၌ ပိုင်ဆိုင်ခွင့်ကို ထည့်သွင်းစဉ်းစားရန်မလိုချေ။

သို့ဖြစ်ရာ အိမ်ပေါ်မှဆင်းပေးရန် ငြင်းဆန်နေသည့် လျှောက်ထားသူတို့၏ ပြုမူချက်သည် အိမ်ကျော်နင်းမှု ဖြစ်သည်ဟု မဆိုနိုင်ပေ။ အခြားရာဇဝတ်မှုလည်း မမြောက်ချေ။ တရားမကြောင်းဖြင့်သာ အိမ်မှနှင်ထုတ်လိုမှု စွဲဆိုရမည်ဖြစ်သည်။ ယင်းသို့ တရားမကြောင်းဖြင့် တရားစွဲဆိုရမည့်ကိစ္စမျိုး၌ တရားစရိတ် အကုန်အကျ သက်သာစေအောင် ဖြတ်လမ်းလိုက်၍ ရာဇဝတ်ကြောင်းဖြင့် တရားစွဲဆိုခြင်းမျိုးကို အားမပေးသင့်ပေ။ ရာဇဝတ်တရားသူကြီးတိုင်း အထူးသတိချပ်ရမည့်ကိစ္စတစ်ရပ် ဖြစ်သည်။

*[ဦးကြွယ်ပါ-၂နှင့်ပထစ(ဦးဖူးညို)၁၉၆၆ မစထ(တရခ)၈၃၈]*

http://www.cherrythitsar.org



**သေဒဏ်ထိုက်သည့်ပြစ်မှုကို ကျူးလွန်ရန် အိမ်ကျော်နင်းမှု။ (ပုဒ်မ-၄၄၉)**

**House-trespass in order to commit offence punishable with death. (Section-449)**

**ဥပဒေပွင့်ဆိုချက်**

မည်သူမဆို သေဒဏ်ထိုက်သော ပြစ်မှုကို ကျူးလွန်ရန်အလို့ငှာ အိမ်ကျော်နင်းမှုကိုကျူးလွန်လျှင် ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထက်မပိုသည့် အလုပ်ကြမ်းနှင့် ထောင်ဒဏ်ဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် အိမ်ကျော်နင်းမှုကျူးလွန်ခြင်း။

၂။ အိမ်ကျော်နင်းမှုကျူးလွန်ရာ၌ သေဒဏ်ထိုက်သင့်သောပြစ်မှုကို ကျူးလွန်ရန် ကြံရွယ်ခြင်း။

၃။ မည်သည့်ပြစ်မှုများသည် သေဒဏ်ထိုက်သောပြစ်မှုများဖြစ်သည်ဟု ပုဒ်မ ၅၃ ၌ ဖော်ပြခဲ့ပြီးဖြစ်သည်။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၄၉ | သေဒဏ်ထိုက်သင့်သည့်ပြစ်မှုကို ကျူးလွန်ရန် အိမ်ကျော်နင်းမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | သမ္မန်စာ | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | တစ်သက် တစ်ကျွန်းဒဏ် ဖြစ်စေ၊ ၁၀နှစ် ထိ အလုပ်ကြမ်း နှင့်ထောင်ဒဏ် အပြင် ငွေဒဏ်ဖြစ်စေ။ | စက်ရှင် တရားရုံး။ |

**တစ်သက်တစ်ကျွန်းဒဏ်ထိုက်သည့်ပြစ်မှုကို ကျူးလွန်ရန် အိမ်ကျော်နင်းမှု။ (ပုဒ်မ-၄၅၀)**

**House-trespass in order to commit offence punishable with transporation for life. (Section-450)**

**ဥပဒေပွင့်ဆိုချက်**

မည်သူမဆို တစ်သက်တစ်ကျွန်းဒဏ်ထိုက်သောပြစ်မှုကို ကျူးလွန်ရန်အလို့ငှာ အိမ်ကျော်နင်းမှုကိုကျူးလွန်လျှင် ထိုသူကို ဆယ်နှစ်ထက်မပိုသည့် ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

http://www.cherrythitsar.org



**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် အိမ်ကျော်နင်းမှုကျူးလွန်ခြင်း။

၂။ တစ်သက်တစ်ကျွန်းဒဏ်ထိုက်သင့်သည့် ပြစ်မှုကျူးလွန်ရန် အလို့ငှာ အိမ်ကျော်နင်းခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၅၀ | တစ်သက်တစ်ကျွန်းဒဏ်ထိုက်သည့်ပြစ်မှုကို ကျူးလွန်ရန် အိမ်ကျော်နင်းမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | သမ္မန်စာ | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၁၀နှစ် ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး။ |

## ထောင်ဒဏ်ထိုက်သည့်ပြစ်မှုကို ကျူးလွန်ရန် အိမ်ကျော်နင်းမှု။ (ပုဒ်မ-၄၅၁)

## House-trespass in order to commit offence punishable with imprisonment. (Section-451)

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို ထောင်ဒဏ်ထိုက်သည့်ပြစ်မှုကို ကျူးလွန်ရန်အလို့ငှာ အိမ်ကျော်နင်းမှုကိုကျူးလွန်လျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ အကယ်၍ ကျူးလွန်ရန် ကြံရွယ်သည့်ပြစ်မှုသည် ခိုးမှုဖြစ်ခဲ့သော် ထောင်ဒဏ်ကို ခုနစ်နှစ်ထိ တိုးချဲ့ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် အိမ်ကျော်နင်းမှုကျူးလွန်ခြင်း။

၂။ ထောင်ဒဏ်ထိုက်သင့်သည့် ပြစ်မှုကျူးလွန်ရန် အလို့ငှာ၊ သို့မဟုတ် ခိုးမှုကို ကျူးလွန်ရန်အလို့ငှာ အိမ်ကျော်နင်းမှုကို ကျူးလွန်ခြင်း။

http://www.cherrythitsar.org



**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၅၁ | ထောင်ဒဏ်ထိုက်သင့်သည့်ပြစ်မှုကို ကျူးလွန်ရန် အိမ်ကျော်နင်းမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | တရားလိုဘက် စစ်ဆေးဆဲ တရားရုံးက ခွင့်ပြုလျှင် ကျေအေးခွင့်ရှိ။ | ၂နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | မည်သည့် ရာဇဝတ် တရားသူကြီး မဆို။ |
| | ကျူးလွန်ရန်ကြံရွယ်သည့်ပြစ်မှုသည် ခိုးမှုဖြစ်လျှင်။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**ပြစ်မှုကိုကျေအေးနိုင်သူများ**

ကျော်နင်းခြင်းခံရသည့်အိမ်ကို လက်ရှိဖြစ်သူ။

## နာကျင်စေမှုကိုဖြစ်စေ၊ လက်ရောက်မှုကို ဖြစ်စေ၊ မတရားတားဆီးမှုကိုဖြစ်စေ ကျူးလွန်ရန်ပြင်ဆင်၍ အိမ်ကျော်နင်းမှု။ (ပုဒ်မ-၄၅၂)

## House-trespass after preparation for hurt, assault or wrongful restraint. (Section-452)

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို တစ်ဦးတစ်ယောက်အား နာကျင်စေမှုကျူးလွန်ရန်သော် လည်းကောင်း၊ လက်ရောက်မှုကျူးလွန်ရန်သော်လည်းကောင်း၊ မတရားတားဆီးမှုကျူးလွန်ရန်သော်လည်းကောင်း တစ်ဦးတစ်ယောက်သောသူကို နာကျင်စေမည်ဟု၊ သို့တည်းမဟုတ် လက်ရောက်မှုပြုမည်ဟု၊ သို့တည်းမဟုတ် မတရားတားဆီးမှုပြုမည်ဟု ကြောက်အောင်ပြုရန်သော်လည်းကောင်း ပြင်ဆင်ပြီးနောက် အိမ်ကျော်နင်းမှုကို ကျူးလွန်လျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် အိမ်ကျော်နင်းမှု ကျူးလွန်ခြင်း။

၂။ တစ်ဦးတစ်ယောက်အား နာကျင်မှု ကျူးလွန်ရန်သော် လည်းကောင်း၊ လက်ရောက်မှုကျူးလွန်ရန်သော်လည်းကောင်း၊ မတရားတားဆီးမှု ကျူးလွန်

http://www.cherrythitsar.org



ရန်သော်လည်းကောင်း ပြင်ဆင်ပြီးပြုခြင်း၊ သို့တည်းမဟုတ်

၃။ တစ်ဦးတစ်ယောက်အား နာကျင်မှု ကျူးလွန်ရန်သော် လည်းကောင်း၊ လက်ရောက်မှုကျူးလွန်ရန်သော်လည်းကောင်း၊ မတရားတားဆီးမှု ကျူးလွန်ရန်သော်လည်းကောင်း ပြုမည်ဟု ကြောက်အောင်ပြုခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၅၂ | နာကျင်စေမှု၊ လက်ရောက်မှု စသည်တို့ကို ကျူးလွန်ရန်ပြင်ဆင်၍ အိမ်ကျော်နင်းမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**စီရင်ထုံး**

ဤပုဒ်မနှင့် ပုဒ်မ ၄၅၁ တို့သည် ဆင်တူယိုးမှားဖြစ်သည်။ သို့ရာတွင် ခြားနားချက်ရှိသည်။ နာကျင်မှုကျူးလွန်ရန် အိမ်ကျော်နင်းလျှင် ပုဒ်မ ၄၅၁ မြောက်သည်။ နာကျင်မှုကျူးလွန်ရန်အလို့ငှာ ပြင်ဆင်မှုရှိသည်ဟု တင်ပြရန်မလိုချေ။ ယခုပုဒ်မတွင် ယင်းကိစ္စအတွက် ပြင်ဆင်မှုရှိကြောင်း သက်သေထူရန်လိုပေသည်။ အိမ်၌နေထိုင်သူကို တရားခံအနေဖြင့် အကြမ်းနည်းကို အသုံးပြုမည်ဟု အထင်ရောက်အောင် ပြုလုပ်မှသာ ဤပုဒ်မနှင့်အကျုံးဝင်မည်ဖြစ်သည်။ ပြင်ဆင်မှုရှိကြောင်း ပေါ်ပေါက်က ပြစ်မှုမြောက်မည်ဖြစ်ရာ ပြင်ဆင်သည့်ပြစ်မှုကို တကယ်ကျူးလွန်သည်ဟု အထောက်အထားရှိရန်မလိုပေ။ ပြင်ဆင်မှုသာမက တကယ်ပင် နာကျင်မှုကို ဖြစ်စေခဲ့ပါမူ တရားခံအား ဤပုဒ်မသာမက ပုဒ်မ ၃၂၃ အရလည်း အပြစ်ပေးနိုင်မည်ဖြစ်သည်။

*[တန်အောင်ဘနှင့်အစိုးရ၊ အေအိုင်အာ၊ ၁၉၃၈၊ ရန်ကုန် ၁၁၄]*

**ပုန်းလျှိုးအိမ်ကျော်နင်းမှုအတွက်၊ သို့တည်း မဟုတ် အိမ်ဖောက်ထွင်းမှုအတွက် ပြစ်ဒဏ်။ (ပုဒ်မ-၄၅၃)**

**Punishment for lurking house-trespass or house-breaking. (Section-453)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို ပုန်းလျှိုးအိမ်ကျော်နင်းမှုကိုဖြစ်စေ၊ အိမ်ဖောက်ထွင်းမှုကိုဖြစ်စေ ကျူးလွန်လျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

http://www.cherrythitsar.org



**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

*ပုန်းလျှိုးအိမ်ကျော်နင်းမှုအတွက်*

၁။ တရားခံသည် အိမ်ကျော်နင်းမှုကျူးလွန်ခြင်း။

၂။ တရားခံအား ထိုအိမ်မှ ထုတ်ပယ်ရန် သို့မဟုတ် နှင်ရန်အခွင့်အရေးရှိသူကို ယင်းသို့ကျော်နင်းကြောင်း မသိမမြင်အောင် ကြိုတင်စီမံပြုလုပ်ခြင်း။

*အိမ်ဖောက်ထွင်းမှုအတွက်*

၁။ တရားခံသည် အိမ်ကျော်နင်းမှုကျူးလွန်ခြင်း။

၂။ ပုဒ်မ ၄၄၅ တွင် ဖော်ပြထားသည့် နည်းဖြေမျိုးအနက် တစ်မျိုးမျိုးဖြင့် အိမ်၊ သို့မဟုတ် အိမ်၏တစ်စိတ်တစ်ဒေသသို့ ဝင်ခြင်း၊ ထွက်ခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၅၃ | ပုန်းလျှိုးကျော်နင်းမှု သို့မဟုတ် အိမ်ဖောက်ထွင်းမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**ထောင်ဒဏ်ထိုက်သည့်ပြစ်မှုကို ကျူးလွန်ရန် ပုန်းလျှိုးအိမ်ကျော်နင်းမှု သို့မဟုတ် အိမ်ဖောက်ထွင်းမှု။ (ပုဒ်မ-၄၅၄)**

**Lurking house-trespass or house-breaking in order to commit offence punishable with imprisonment. (Section-454)**

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

မည်သူမဆို ထောင်ဒဏ်ထိုက်သည့် ပြစ်မှုကို ကျူးလွန်ရန်အလို့ငှာ ပုန်းလျှိုးအိမ်ကျော်နင်းမှုကိုဖြစ်စေ၊ အိမ်ဖောက်ထွင်းမှုကိုဖြစ်စေ ကျူးလွန်လျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ အကယ်၍ ကျူးလွန်ရန်ကြံရွယ်သည့် ပြစ်မှုသည် ခိုးမှုဖြစ်ခဲ့သော် ထောင်ဒဏ်ကို ဆယ်နှစ်ထိ တိုး၍ချမှတ်နိုင်သည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တရားခံသည် ပုန်းလျှိုးအိမ်ကျော်နင်းမှု သို့မဟုတ် အိမ်ဖောက်ထွင်းမှု ကျူးလွန်ခြင်း။ (ပုဒ်မ ၄၄၃ သို့မဟုတ် ၄၄၅)

၂။ ထောင်ဒဏ်ထိုက်သည့် ပြစ်မှုကို ကျူးလွန်ရန် ကျော်နင်းခြင်း။

၃။ ဒုတိယအပိုဒ်နှင့် ပတ်သက်၍ ခိုးမှုကျူးလွန်ရန်ကြံရွယ်၍ ကျော်နင်းခြင်း။

http://www.cherrythitsar.org



ကျင့်ထုံး

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၅၄ | ထောင်ဒဏ်ထိုက်သင့်သည့်ပြစ်မှုကို ကျူးလွန်ရန် ပုန်းလျှိုးအိမ်ကျော်နင်းမှု သို့မဟုတ် အိမ်ဖောက်ထွင်းမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး။ |
| | ကျူးလွန်ရန်ကြံရွယ်သည့်ပြစ်မှုသည် ခိုးမှုဖြစ်လျှင်- | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၁၀နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | ၎င်း |

**နာကျင်စေမှုကိုဖြစ်စေ၊ လက်ရောက်မှုကို ဖြစ်စေ၊ မတရားတားဆီးမှုကိုဖြစ်စေ ပြုရန် ပြင်ဆင်ပြီးနောက် ပုန်းလျှိုးအိမ်ကျော်နင်းမှု သို့မဟုတ် အိမ်ဖောက်ထွင်းမှု။ (ပုဒ်မ-၄၅၅)**

**Lurking house-trespass or house-breaking after preparation for hurt, assault or wrongful restraint. (Section-455)**

ဥပဒေပြဋ္ဌာန်းချက်

မည်သူမဆို သူတစ်ဦးတစ်ယောက်အား နာကျင်စေမှု ကျူးလွန်ရန်သော် လည်းကောင်း၊ လက်ရောက်မှုကျူးလွန်ရန်သော် လည်းကောင်း၊ မတရားတားဆီးမှု ကျူးလွန်ရန်သော် လည်းကောင်း သူတစ်ဦးတစ်ယောက်ကို နာကျင်စေမည်ဟု၊ သို့တည်းမဟုတ် လက်ရောက်မှုပြုမည်ဟု၊ သို့တည်းမဟုတ် မတရားတားဆီးမှု ပြုမည်ဟု ကြောက်အောင်ပြုရန်သော် လည်းကောင်း ပြင်ဆင်ပြီးနောက် ပုန်းလျှိုး အိမ်ကျော်နင်းမှုကိုဖြစ်စေ၊ အိမ်ဖောက်ထွင်းမှုကိုဖြစ်စေ ကျူးလွန်လျှင် ထိုသူကို ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

အကျုံးဝင်သည့် အင်္ဂါရပ်များ

၁။ တရားခံသည် ပုန်းလျှိုး အိမ်ကျော်နင်းမှု သို့မဟုတ် အိမ်ဖောက်ထွင်းမှု ကျူးလွန်ခြင်း။ (ပုဒ်မ ၄၄၃ သို့မဟုတ် ၄၄၅)

၂။ လူတစ်ဦးအား နာကျင်စေမှုကို ကျူးလွန်ရန်သော်လည်းကောင်း၊ လက်ရောက်မှု ကျူးလွန်ရန်သော် လည်းကောင်း၊ မတရားတားဆီးမှု ကျူးလွန်ရန်သော် လည်းကောင်း ပြင်ဆင်ပြီးဖြစ်စေ နာကျင်စေရမည်ဟု သို့တည်းမဟုတ် မတရားတားဆီးမှုပြုမည်ဟု သို့တည်းမဟုတ် လက်ရောက်မှုပြုမည်ဟု ကြောက်အောင်ပြုပြီးဖြစ်စေ ကျော်နင်းခြင်း။

http://www.cherrythitsar.org



<u>**ကျင့်ထုံး**</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၅၅ | နာကျင်မှုကိုဖြစ်စေ၊ လက်ရောက်မှု စသည်တို့ကို ဖြစ်စေ ပြင်ဆင်ပြီးနောက် ပုန်းလျှိုးအိမ်ကျော် နင်းမှု သို့မဟုတ် အိမ်ဖောက်ထွင်းမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၁၀နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရရာဇဝတ် တရားသူကြီး။ |

**ညဥ့်အချိန် ပုန်းလျှိုးအိမ်ကျော်နင်းမှုအတွက် သို့တည်းမဟုတ် ညဥ့်အချိန်အိမ်ဖောက်ထွင်းမှု အတွက် ပြစ်ဒဏ်။ (ပုဒ်မ-၄၅၆)**

**Punishment for Lurking house - trespass or house-breaking by night. (Section-456)**

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

မည်သူမဆို ညဥ့်အချိန် ပုန်းလျှိုးအိမ်ကျော်နင်းမှုကိုဖြစ်စေ၊ ညဥ့်အချိန် အိမ်ဖောက်ထွင်းမှုကိုဖြစ်စေ ကျူးလွန်လျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

<u>**အကျုံးဝင်သည့် အင်္ဂါရပ်များ**</u>

၁။ ညဥ့်အချိန် ပုန်းလျှိုးအိမ်ကျော်နင်းမှုအတွက်

(က) တရားခံသည် ပုန်းလျှိုးအိမ်ကျော်နင်းမှု ကျူးလွန်ခြင်း။ (ပုဒ်မ ၄၄၃)

(ခ) နေဝင်ပြီးနောက် နေမထွက်မီကျူးလွန်ခြင်း။

၂။ ညဥ့်အချိန် ဖောက်ထွင်းမှုအတွက်

(က) တရားခံသည် အိမ်ဖောက်ထွင်းမှု ကျူးလွန်ခြင်း။ (ပုဒ်မ ၄၄၅)

(ခ) နေဝင်ပြီးနောက် နေမထွက်မီကျူးလွန်ခြင်း။

<u>**ကျင့်ထုံး**</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၅၆ | ညအချိန် ပုန်းလျှိုးအိမ်ကျော်နင်းမှု သို့မဟုတ် ညအချိန် အိမ်ဖောက်ထွင်းမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ တရားခံသည် ရည်းစားကချိန်းသဖြင့် ရည်းစားအိမ်သို့ ညဥ့်အချိန်ဝင်ရောက်ရာ ရည်းစား၏မိခင်က မိသွားသောကြောင့် တရားစွဲရာ တရားခံသည် ပြစ်မှုကျူးလွန်ရန်သော်လည်းကောင်း၊ လက်ရှိဖြစ်သူအား ခြောက်လှန့်ရန်သော်လည်းကောင်း၊ စော်ကားရန်သော်လည်းကောင်း၊ စိတ်ပြိုင်ပြင်စေရန်သော်လည်းကောင်း ပုန်းလျှိုးဝင်ရောက်ခြင်းဖြစ်သည်ဟု မဆိုနိုင်၍ ပုဒ်မ ၄၅၆ အရ ပြစ်ဒဏ်ထင်ရှားစီရင်ခြင်း မပြုနိုင်ပေ။

*[အစိုးရနှင့်မောင်ထွန်း (၁၈၉၇-၀၁) အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊၃၅၄]*

*[ဘိုးခင်နှင့်အစိုးရ၊ အတွဲ ၁၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၃၅၅]*

၂။ တရားလိုမရှိခိုက် တရားလို၏ဇနီး ဖိတ်ခေါ်ချက်အရ တရားလိုအိမ်တွင်းသို့ သူတစ်ပါးမယားအား ကြာခိုရန် ညဥ့်အချိန်ဝင်ရောက်ခြင်းသည် မယားခိုးမှုဖြစ်သည့် ပြစ်မှုကို ကျူးလွန်ရန်အကြံဖြင့် ဝင်ရောက်ခြင်းဖြစ်သည်ဟု ယူဆရမည်ဖြစ်၍ ပြစ်မှုမကင်းသော ကျော်နင်းမှုမြောက်သည်ဟု ဆိုရပေမည်။

*[ချက်တာဆင်ဒါမိုင်းနှင့်အစိုးရ(၁၉၁၇-၀၂)အထက်မြန်မာပြည်စီရင်ထုံး၊ ၁၉၄]*

၃။ တံခါးမရှိသော လှေကားဝတွင် ခွေးနှင့်အခြားတိရစ္ဆာန်များ မတက်နိုင်အောင် ကာထားသည့်ဝါးကပ်ကိုဖယ်၍ ဝင်ရောက်ခြင်းသည် အိမ်ဖောက်ထွင်းမှုကျူးလွန်ရာရောက်သည်။ သာမန်အိမ်ကျော်နင်းမှု မဟုတ်ချေ။

*[မောင်တင်ဖေနှင့်ပြည်ထောင်စု၊ ၁၉၆၆၊ မြန်မာပြည်စီရင်ထုံး၊ ၁၀၁၁]*

**ထောင်ဒဏ်ထိုက်သည့်ပြစ်မှုကို ကျူးလွန်ရန် ညဥ့်အချိန် ပုန်းလျှိုးအိမ်ကျော်နင်းမှု သို့တည်းမဟုတ် ညဥ့်အချိန်အိမ်ဖောက်ထွင်းမှု၊ (ပုဒ်မ-၄၅၇)**

**Lurking house-trespass or house-breaking by night to commit offence punishable with imprisonment. (Section-457)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို ထောင်ဒဏ်ထိုက်သည့် ပြစ်မှုကို ကျူးလွန်ရန်အလို့ငှာ ညဥ့်အချိန် ပုန်းလျှိုးအိမ်ကျော်နင်းမှုကိုဖြစ်စေ၊ အိမ်ဖောက်ထွင်းမှုကိုဖြစ်စေ ကျူးလွန်လျှင် ထိုသူကို ငါးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ အကယ်၍ ကျူးလွန်ရန်ကြံရွယ်သည့် ပြစ်မှုသည် ခိုးမှု ဖြစ်ခဲ့သော် ထောင်ဒဏ်ကို ဆယ်လေးနှစ်ထိ တိုး၍ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ညဥ့်အချိန် ပုန်းလျှိုးအိမ်ကျော်နင်းမှုဖြစ်စေ၊ ညဥ့်အချိန် အိမ်ဖောက်ထွင်းမှုဖြစ်စေ ကျူးလွန်ခြင်း။

၂။ ထောင်ဒဏ်ထိုက်သည့်ပြစ်မှုကို သော်လည်းကောင်း၊ ခိုးမှုကိုသော်လည်းကောင်း ကျူးလွန်ရန်အလို့ငှာပြုခြင်း။

http://www.cherrythitsar.org



ကျင့်ထုံး

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၅၇ | ထောင်ဒဏ်ထိုက်သင့်သည့်ပြစ်မှုကို ကျူးလွန်ရန် ညအချိန်ပုန်းလျှိုးအိမ်ကျော်နင်းမှု သို့မဟုတ် ညအချိန်အိမ်ဖောက်ထွင်းမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၅နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး။ |
| | ကျူးလွန်ရန်ကြံရွယ်သည့်ပြစ်မှုသည် ခိုးမှုဖြစ်လျှင်- | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၁၄နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | ၎င်း |

စီရင်ထုံး

၁။ ညဥ့်သန်းခေါင်ကျော်အချိန်တွင် တရားလိုအခန်းထဲသို့ ဓားမြောင်ကိုင်၍ အုတ်နံရံကိုကျော်တက်ပြီးဝင်လျှင် ထိုသူသည် ပြစ်မှုကျူးလွန်ရန်အလို့ငှာ ကျော်နင်းသည်ဟု ဆိုရမည်ဖြစ်၍ ဤပုဒ်မအရ ပြစ်မှုမြောက်သည်။

*[မောင်သန်းအောင်နှင့်ပြည်ထောင်စု၊ ၁၉၆၆၊ မြန်မာပြည်စီရင်ထုံး၊ ၆၉၄]*

**နာကျင်စေမှုကိုဖြစ်စေ၊ လက်ရောက်မှုကိုဖြစ်စေ၊ မတရားတားဆီးမှုကိုဖြစ်စေ ကျူးလွန်ရန်ပြင်ဆင်ပြီးနောက် ညဥ့်အချိန်ပုန်းလျှိုးအိမ်ကျော်နင်းမှု သို့တည်းမဟုတ် ညဥ့်အချိန်အိမ်ဖောက်ထွင်းမှု။ (ပုဒ်မ-၄၅၈)**

**Lurking house-trespass or house-breaking after preparation for hurt, assault or wrongful restraint. (Section-458)**

ဥပဒေပွင့်ဆိုချက်

မည်သူမဆို သူတစ်ဦးတစ်ယောက်အား နာကျင်စေမှုကို ကျူးလွန်ရန်သော်လည်းကောင်း၊ လက်ရောက်မှုကိုကျူးလွန်ရန်သော် လည်းကောင်း၊ မတရားတားဆီးမှု ကျူးလွန်ရန်သော်လည်းကောင်း သူတစ်ဦးတစ်ယောက်ကို နာကျင်စေမည်ဟု၊ သို့တည်းမဟုတ် လက်ရောက်မှုပြုမည်ဟု၊ သို့တည်းမဟုတ် မတရားတားဆီးမှု ပြုမည်ဟု ကြောက်အောင်ပြုရန်သော် လည်းကောင်း ပြင်ဆင်ပြီးနောက် ညဥ့်အချိန်ပုန်းလျှိုးအိမ်ကျော်နင်းမှုကိုဖြစ်စေ၊ ညဥ့်အချိန်အိမ်ဖောက်ထွင်းမှုကိုဖြစ်စေ ကျူးလွန်လျှင် ထိုသူကို ဆယ့်လေးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

http://www.cherrythitsar.org



**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၅၈ | နာကျင်မှု စသည်တို့ ကျူးလွန်ရန်ပြင်ဆင်ပြီးနောက် ညအချိန်ပုန်းလျှိုးအိမ်ကျော်နင်းမှု သို့မဟုတ် ညအချိန်အိမ်ဖောက်ထွင်းမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၁၄နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရရာဇဝတ် တရားသူကြီး။ |

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ညဥ့်အချိန် ပုန်းလျှိုးအိမ်ကျော်နင်းမှု(ပုဒ်မ ၄၄၄) သို့မဟုတ် ညဥ့်အချိန်အိမ်ဖောက်ထွင်းမှု (ပုဒ်မ ၄၄၆) ကျူးလွန်ခြင်း။

၂။ တစ်ဦးတစ်ယောက်အား နာကျင်စေမှု၊ လက်ရောက်မှု၊ မတရားတားဆီးမှု ကျူးလွန်ရန်သော်လည်းကောင်း၊ နာကျင်စေမည်ဟု သို့တည်းမဟုတ် မတရားတားဆီးမှုပြုမည်ဟု သို့တည်းမဟုတ် လက်ရောက်မှုပြုမည်ဟု ကြောက်အောင် ပြု၍သော်လည်းကောင်း ပြင်ဆင်ပြီးနောက် ကျူးလွန်ခြင်း။

## ပုန်းလျှိုးအိမ်ကျော်နင်းမှုကိုဖြစ်စေ၊ အိမ်ဖောက်ထွင်းမှုကိုဖြစ်စေ ကျူးလွန်စဉ် အပြင်းအထန် နာကျင်စေမှု။ (ပုဒ်မ-၄၅၉)

## Grievous hurt caused whilst committing lurking house-trespass or house-breaking. (Section-459)

**ဥပဒေပွင့်ဆိုချက်**

မည်သူမဆို ပုန်းလျှိုးအိမ်ကျော်နင်းမှုကိုလည်းကောင်း၊ အိမ်ဖောက်ထွင်းမှုကို သော်လည်းကောင်း ကျူးလွန်စဉ် သူတစ်ဦးတစ်ယောက်အား အပြင်းအထန်နာကျင်စေမှုကိုဖြစ်စေလျှင်၊ သို့တည်းမဟုတ် သူတစ်ဦးတစ်ယောက် သေစေရန်ဖြစ်စေ၊ အပြင်းအထန် နာကျင်စေရန်ဖြစ်စေ အားထုတ်လျှင် ထိုသူကို တစ်သက်တစ်ကျွန်း ဒဏ်သော်လည်းကောင်း၊ ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးသော်လည်းကောင်း ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ပုန်းလျှိုးအိမ်ကျော်နင်းမှု သို့မဟုတ် အိမ်ဖောက်ထွင်းမှု ကျူးလွန်ခြင်း။

၂။ တရားခံသည် သူတစ်ဦးဦးအား အပြင်းအထန်နာကျင်စေမှု ဖြစ်စေခြင်း၊ အပြင်းအထန် နာကျင်စေရန်ဖြစ်စေ၊ သေစေရန်ဖြစ်စေ အားထုတ်ခြင်း။

၃။ ထိုကဲ့သို့ပြုခြင်းသည် ပုန်းလျှိုးအိမ်ကျော်နင်းမှု သို့မဟုတ် အိမ်ဖောက်ထွင်းမှု ကျူးလွန်စဉ်ဖြစ်ခြင်း။

http://www.cherrythitsar.org



<u>**ကျင့်ထုံး**</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၅၉ | ပုန်းလျှိုးအိမ်ကျော်နင်းမှုကိုဖြစ်စေ၊ အိမ်ဖောက်ထွင်းမှုကိုဖြစ်စေ ကျူးလွန်စဉ် အပြင်းအထန်နာကျင်စေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | တစ်သက်တစ်ကျွန်း ဒဏ်ဖြစ်စေ၊ ၁၀နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး။ |

**ညဉ့်အချိန် ပုန်းလျှိုးအိမ်ကျော်နင်းမှုကို၊ သို့တည်းမဟုတ် ညဉ့်အချိန် အိမ်ဖောက်ထွင်းမှုကိုဖြစ်စေ ကျူးလွန်ရာ၌ တွဲဖက်ပါဝင်သူများမှ တစ်ဦးတစ်ယောက် သေစေမှုကိုသော်လည်းကောင်း၊ အပြင်းအထန်နာကျင်စေမှုကိုသော်လည်းကောင်း ဖြစ်စေလျှင် ထိုပါဝင်သူများအားလုံး ခံထိုက်သောပြစ်ဒဏ်။ (ပုဒ်မ-၄၆၀)**

**All persons jointly concerned in lurking house-trespass or house - breaking by night punishable where death or grievous hurt caused by one of them. (Section-460)**

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

ညဉ့်အချိန် ပုန်းလျှိုးအိမ်ကျော်နင်းမှုကိုသော် လည်းကောင်း၊ ညဉ့်အချိန် အိမ်ဖောက်ထွင်းမှုကိုသော်လည်းကောင်း ကျူးလွန်သည့်အခါ ထိုပြစ်မှုကို ကျူးလွန်ထင်ရှားသောသူတစ်ဦးဦးက တစ်ဦးတစ်ယောက်သောသူကို မိမိအလိုအလျောက် သေစေမှုကိုသော်လည်းကောင်း၊ အပြင်းအထန်နာကျင်စေမှုကိုသော် လည်းကောင်း ဖြစ်စေလျှင်၊ သို့တည်းမဟုတ် ထိုသို့ဖြစ်စေရန် အားထုတ်လျှင် ထိုသို့ ညဉ့်အချိန် ပုန်းလျှိုးအိမ်ကျော်နင်းမှုကို၊ သို့တည်းမဟုတ် ညဉ့်အချိန် အိမ်ဖောက်ထွင်းမှုကို ကျူးလွန်ရာ၌ တွဲဖက်ပါဝင်သူ အသီးသီးကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

<u>**အကျုံးဝင်သည့် အင်္ဂါရပ်များ**</u>

၁။ တစ်ဦးထက်ပိုသည့်လူများက ညဉ့်အချိန်ပုန်းလျှိုးအိမ်ကျော်နင်းမှု သို့မဟုတ် ညဉ့်အချိန်အိမ်ဖောက်ထွင်းမှုကို ကျူးလွန်ရာ၌ တွဲဖက်ပါဝင်ခြင်း။
၂။ ၎င်းတို့သည် ထိုပြစ်မှုတစ်ခုခုကို ကျူးလွန်ခြင်း။
၃။ ၎င်းတို့အနက် တစ်ဦးဦးက သေစေမှု၊ သို့မဟုတ် အပြင်းအထန်နာကျင်စေမှုကိုပြုခြင်း၊ အားထုတ်ခြင်း။
၄။ ထိုကဲ့သို့ပြုခြင်း၊ အားထုတ်ခြင်းမှာ ညဉ့်အချိန် ပုန်းလျှိုးအိမ်ကျော်နင်းမှု သို့မဟုတ် ညဉ့်အချိန်အိမ်ဖောက်ထွင်းမှု ကျူးလွန်သည့်အခါ၌ဖြစ်ခြင်း။

http://www.cherrythitsar.org



**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၆၀ | ညဉ့်အချိန်အိမ်ဖောက်ထွင်းမှု စသည်တို့ကို ကျူးလွန်ရာ၌ တွဲဖက်ပါဝင်သူများမှ တစ်ဦးတစ်ယောက်အား သေစေမှု၊ သို့မဟုတ် အပြင်းအထန်နာကျင်စေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | တစ်သက်တစ်ကျွန်း ဒဏ်ဖြစ်စေ၊ ၁၀နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး အပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး။ |

## ထည့်စရာကို မရိုးမဖြောင့်သောသဘောနှင့် ဖွင့်ဖောက်မှု။ (ပုဒ်မ-၄၆၁)

## Dishonestly breaking open receptacle containing property. (Section-461)

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို ပစ္စည်းပါဝင်၍ ပိတ်ထားသည့်အရာကို၊ သို့တည်းမဟုတ် ပစ္စည်း ပါဝင်သည်ဟု မိမိယုံကြည်သော ပိတ်ထားသည့်အရာကို မရိုးမဖြောင့်သောသဘော နှင့်ဖြစ်စေ၊ အကျိုးဖျက်ဆီးမှု ကျူးလွန်ရန်အကြံနှင့်ဖြစ်စေ ဖောက်ဖွင့်လျှင်၊ သို့တည်း မဟုတ် ဖွင့်လျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပိတ်ထားသည့်အရာရှိခြင်း။
၂။ ထိုအရာတွင် ပစ္စည်းပါဝင်ခြင်း သို့မဟုတ် ပါဝင်သည်ဟု တရားခံက ယုံကြည်ခြင်း။
၃။ တရားခံသည် ထိုအရာကို ဖောက်ဖွင့်ခြင်း။
၄။ မရိုးမဖြောင့်သောသဘောနှင့်ဖြစ်စေ၊ အကျိုးဖျက်ဆီးမှုကို ကျူးလွန်ရန်အကြံ နှင့်ဖြစ်စေ ဖောက်ဖွင့်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၆၀ | ပစ္စည်းပါဝင်သည် သို့မဟုတ် ပါဝင်သည်ဟု ယူဆရသော ပိတ်ထားသည့်အရာကို မရိုးမဖြောင့်သောသဘောဖြင့် ဖောက်ဖွင့်မှု၊ သို့မဟုတ် ဖွင့်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



**သို့လှောင်ထိန်းသိမ်းခြင်း အပ်နှံခံရသူက အလားတူပြစ်မှုမျိုးကို ကျူးလွန်သည့်အခါ ချမှတ်ရမည့်ပြစ်ဒဏ်။ (ပုဒ်မ-၄၆၂)**

**Punishment for same offence when committed by person entrusted with custody. (Section-462)**

ဥပဒေပြဋ္ဌာန်းချက်

မည်သူမဆို ပစ္စည်းပါဝင်၍ ပိတ်ထားသည့်အရာကို၊ သို့တည်းမဟုတ် ပစ္စည်းပါဝင်သည်ဟု မိမိယုံကြည်သော ပိတ်ထားသည့်အရာကို အပ်နှံခြင်းခံရသည်တွင် ထိုအရာကို ဖွင့်ပိုင်ခွင့်မရှိဘဲ မရိုးမဖြောင့်သောသဘောနှင့်ဖြစ်စေ၊ အကျိုးဖျက်ဆီးမှုကို ကျူးလွန်ရန် အကြံနှင့်ဖြစ်စေ ထိုအရာကို ဖောက်ဖွင့်လျှင်၊ သို့တည်းမဟုတ် ဖွင့်လျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

အကျုံးဝင်သည့် အင်္ဂါရပ်များ

၁။ ပုဒ်မ ၄၆၁ တွင် လိုအပ်သည့် အင်္ဂါရပ်များ။
၂။ တရားခံသည် ထိုအရာကို အပ်နှံခံရခြင်း။
၃။ ထိုအရာမှာ အပ်နှံစဉ်က ပိတ်ထားခြင်း။
၄။ တရားခံသည် ထိုအရာကို ဖွင့်ပိုင်ခွင့်မရှိခြင်း။

ကျင့်ထုံး

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၆၂ | ပစ္စည်းပါဝင်သည် သို့မဟုတ် ပါဝင်သည်ဟု ယူဆရသော ပိတ်ထားသည့်အရာကို အပ်နှံခြင်းခံရသည်တွင် မရိုးမဖြောင့်သော သဘောဖြင့် ထိုအရာကိုဖွင့်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



## အခန်း(၁၈)

## စာတမ်းအမှတ်အသားနှင့်လည်းကောင်း၊ ကုန်တံဆိပ် သို့တည်းမဟုတ် ပစ္စည်းတံဆိပ်များနှင့်လည်းကောင်း စပ်လျဉ်းသောပြစ်မှုများ

**လိမ်လည်အတုပြုမှု၊ Forgery.**
**(ပုဒ်မ-၄၆၃) (Section-463)**

**ဥပဒေဖွင့်ဆိုချက်**

မည်သူမဆို အများပြည်သူကိုသော်လည်းကောင်း၊ တစ်ဦးတစ်ယောက်သော သူကိုသော်လည်းကောင်း ဆုံးရှုံးခြင်း၊ သို့တည်းမဟုတ် နစ်နာခြင်းဖြစ်စေရန် အကြံဖြင့်ဖြစ်စေ၊ တောင်းဆိုချက်ကို သို့တည်းမဟုတ် ပိုင်ဆိုင်ခွင့်ကို ထောက်ခံရန်အကြံဖြင့်ဖြစ်စေ၊ တစ်ဦးတစ်ယောက်သောသူအား ပစ္စည်းလက်လွှတ်စေရန် အကြံဖြင့်ဖြစ်စေ၊ အတည့်အလင်းဖြစ်သော၊ သို့တည်းမဟုတ် သဘောသက်ရောက်စေသော ပဋိညာဉ်ကိုပြုစေရန်အကြံဖြင့်ဖြစ်စေ လိမ်လည်လှည့်ဖြားမှုကိုကျူးလွန်ရန် သို့တည်းမဟုတ် ကျူးလွန်နိုင်စေရန်အကြံဖြင့်ဖြစ်စေ မဟုတ်မမှန်သော စာတမ်းအမှတ်အသားတစ်ခုကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ပြုလျှင် ထိုသူသည် လိမ်လည်အတုပြုမှုကို ကျူးလွန်သည်မည်၏။

**မဟုတ်မမှန်သည့် စာတမ်းအမှတ်အသားပြုခြင်း၊ Making a false document.**
**(ပုဒ်မ-၄၆၄) (Section-464)**

**ဥပဒေဖွင့်ဆိုချက်**

တစ်ဦးတစ်ယောက်သောသူသည် အောက်ပါတစ်ခုခုကိုပြုလျှင် မဟုတ်မမှန်သော စာတမ်းအမှတ်အသားကိုပြုသည်မည်၏။

*ပထမ။* တစ်ဦးတစ်ယောက်သောသူကဖြစ်စေ၊ ထိုသူ၏ ခွင့်ပြုချက်နှင့်ဖြစ်စေ စာတမ်းအမှတ်အသားတစ်ခုကို၊ သို့တည်းမဟုတ် တစ်စိတ်တစ်ဒေသကို ပြုလုပ်ခြင်း၊ လက်မှတ်ထိုးခြင်း၊ တံဆိပ်ခတ်နှိပ်ခြင်း၊ ချုပ်ဆိုခြင်း တစ်ခုခု မပြုကြောင်းကို မိမိသိလျက်နှင့်သော်လည်းကောင်း၊ စာတမ်းအမှတ်အသားတစ်ခုကို၊ သို့တည်းမဟုတ် တစ်စိတ်တစ်ဒေသကို ပြုလုပ်ခြင်း၊ လက်မှတ်ထိုးခြင်း၊ တံဆိပ်ခတ်နှိပ်ခြင်း၊ ချုပ်ဆိုခြင်း တစ်ခုခုကို မိမိသိချက်အရ မပြုသောအချိန်၌သော်လည်းကောင်း ထိုသို့ ပြုလုပ်ခြင်း၊ လက်မှတ်ထိုးခြင်း၊ တံဆိပ်ခတ်နှိပ်ခြင်း၊ ချုပ်ဆိုခြင်း တစ်ခုခုကို ပြုကြောင်းကို ယုံကြည်စေရန်အကြံဖြင့် တစ်ဦးတစ်ယောက်သောသူသည် စာတမ်းအမှတ်အသားတစ်ခုကိုသော် လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း မရိုးမဖြောင့်သောသဘောနှင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားလိုသည့်သဘောနှင့်ဖြစ်စေ ပြုလုပ်ခြင်း၊ လက်မှတ်ထိုးခြင်း၊ တံဆိပ်ခတ်နှိပ်ခြင်း၊ ချုပ်ဆိုခြင်း တစ်ခုခု

http://www.cherrythitsar.org



ကိုပြုလျှင်၊ သို့တည်းမဟုတ် စာတမ်းအမှတ်အသား ချုပ်ဆိုကြောင်း ဖော်ပြသော အမှတ်အသားကိုပြုလျှင်၊ သို့တည်းမဟုတ်

*ဒုတိယ။* စာတမ်းအမှတ်အသားကို မိမိကိုယ်တိုင်ကပြုလုပ်ပြီးနောက်၊ သို့တည်း မဟုတ် ချုပ်ဆိုပြီးနောက် စာတမ်းအမှတ်အသားတွင် အရေးပါသောအချက်ကို ဥပဒေအရ အခွင့်မရှိဘဲ မရိုးမဖြောင့်သောသဘောနှင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြား လိုသော သဘောနှင့်ဖြစ်စေ ဖျက်ခြင်းဖြင့်သော်လည်းကောင်း၊ အခြားနည်းဖြင့်သော် လည်းကောင်း ပြောင်းလဲလျှင်၊ သို့တည်းမဟုတ် စာတမ်းအမှတ်အသားကို အခြား သူက ပြုလုပ်ပြီးနောက်၊ သို့တည်းမဟုတ် ချုပ်ဆိုပြီးနောက် အရေးပါသောအချက် ကို ပြောင်းလဲသောအခါက ထိုအခြားသူ အသက်ရှင်လျက်ရှိသည်ဖြစ်စေ၊ သေသည် ဖြစ်စေ ထိုအရေးပါသောအချက်ကို ဥပဒေအရ အခွင့်မရှိဘဲ မရိုးမဖြောင့်သော သဘောနှင့်သော်လည်းကောင်း၊ လိမ်လည်လှည့်ဖြားလိုသော သဘောနှင့်သော် လည်းကောင်း ဖျက်ခြင်းဖြင့်၊ သို့တည်းမဟုတ် အခြားနည်းဖြင့် ပြောင်းလဲလျှင်၊ သို့တည်းမဟုတ်

*တတိယ။* တစ်ဦးတစ်ယောက်သောသူသည် စိတ်ပေါ့သွပ်ခြင်းကြောင့်ဖြစ်စေ၊ မူးယစ် ခြင်းကြောင့်ဖြစ်စေ၊ စာတမ်းအမှတ်အသား၌ ပါရှိသောအကြောင်းအရာကို၊ သို့တည်း မဟုတ် ပြောင်းလဲထားခြင်း၏သဘောကို မသိနိုင်ကြောင်း မိမိကသိလျက်နှင့်၊ သို့တည်းမဟုတ် တစ်ဦးတစ်ယောက်သောသူသည် လှည့်ဖြားခြင်းခံရခြင်းကြောင့် စာတမ်းအမှတ်အသား၌ ပါရှိသောအကြောင်းအရာကို၊ သို့တည်း မဟုတ် ပြောင်းလဲထားခြင်း၏သဘောကို မသိကြောင်း မိမိသိလျက်နှင့် ထိုသူအား စာတမ်း အမှတ်အသားကို လက်မှတ်ရေးထိုးခြင်း၊ တံဆိပ်ခတ်နှိပ်ခြင်း၊ ချုပ်ဆိုခြင်း၊ ပြောင်းလဲ ခြင်း တစ်ခုခုကို မရိုးမဖြောင့်သောသဘောနှင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားလိုသည့် သဘောနှင့်ဖြစ်စေ ပြုစေလျှင်။

**<u>ဥပမာများ</u>**

(က) မောင်မဲထံမှ ငွေ ၁၀၀၀ဝိ ရရှိရန် မောင်နီကရေးသားပေးသော ငွေထုတ်ခွင့် စာကို မောင်ဖြူရရှိထား၏။ မောင်ဖြူသည် မောင်မဲကို လိမ်လည်လှည့်ဖြားလိုသဖြင့် ငွေ ၁၀၀၀ဝိ တွင် သုညတစ်လုံးတိုးထည့်၍ မောင်နီက ထိုသို့ရေးသားသည်ဟု မောင်မဲယုံကြည်စေရန်အကြံဖြင့် ငွေ ၁၀၀၀ဝိ ကို ငွေ ၁၀၀၀၀ဝိ ဖြစ်စေ၏။ ဤတွင် မောင်ဖြူသည် လိမ်လည်အတုပြုမှုကို ကျူးလွန်၏။

(ခ) မောင်ဖြူသည် မောင်နီပိုင် မြေယာတစ်ကွက်ကို မောင်မဲအားရောင်းချ၍ မောင်မဲထံမှ မြေဖိုးငွေကို ရရှိရန်အကြံဖြင့် မောင်နီက မောင်ဖြူအား မြေနေရာ လွှဲပြောင်းခြင်းသဘောသက်ရောက်သော စာတမ်းအမှတ်အသားတွင် မောင်နီ၏ ခွင့်ပြုချက်မရရှိဘဲ မောင်နီ၏တံဆိပ်ကို ခတ်နှိပ်၏။ ဤတွင် မောင်ဖြူသည် လိမ်လည်အတုပြုမှုကို ကျူးလွန်၏။

http://www.cherrythitsar.org



(ဂ) ဘဏ်တိုက်စိုးတစ်ဦးထံမှ ငွေထုတ်ယူစေရန် မောင်မဲလက်မှတ်ထိုးထားသော်လည်း ငွေမည်မျှဟုဖော်ပြမထားသော ဆောင်ယူလာသူအား ငွေထုတ်ပေးရန်ဖြစ်သည့် ချက်လက်မှတ်တစ်စောင်ကို မောင်ဖြူကောက်ရ၏။ မောင်ဖြူသည် လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် ချက်လက်မှတ်ပေါ်၌ ငွေတစ်သောင်းကို ရေးထည့်၏။ ဤတွင် မောင်ဖြူသည် လိမ်လည်အတုပြုမှုကို ကျူးလွန်၏။

(ဃ) မောင်ဖြူသည် မိမိလက်မှတ်ရေးထိုးထားသည့် ချက်လက်မှတ်တစ်စောင်ကို မောင်မဲထံ၌ထားခဲ့၏။ ထိုချက်လက်မှတ်၌ ငွေမည်မျှဟု ဖော်ပြမထားဘဲ မောင်မဲက ထိုချက်လက်မှတ်၌ တစ်သောင်းထက်မပိုသောငွေကို ရေးထည့်နိုင်စေရန် မောင်မဲအား အခွင့်ပြုထား၏။ မောင်မဲသည် လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့် ချက်လက်မှတ်တွင် ငွေနှစ်သောင်းဟု ရေးထည့်၏။ မောင်မဲသည် လိမ်လည်အတုပြုမှုကို ကျူးလွန်၏။

(င) မောင်ဖြူသည် ငွေလွှဲစာချုပ်တစ်စောင်ကို အစစ်အမှန်အနေဖြင့် ဘဏ်တိုက်စိုးတစ်ဦးထံ၌ပြ၍ လျှော့နှုန်းဖြင့် ငွေလဲယူရန်ကြံရွယ်၍ မောင်မဲ၏ ခွင့်ပြုချက်မရဘဲ မောင်မဲ၏အမည်ဖြင့် မိမိအားညွှန်ကြားသော ငွေလွှဲစာချုပ်တစ်ခုကိုပြုလုပ်၏။ မောင်ဖြူသည် အချိန်စေ့သောအခါ ငွေပြန်ဆပ်၍ ထိုငွေလွှဲစာချုပ်ကို ပြန်ယူရန် အကြံရှိ၏။ သို့ပါသော်လည်း ငွေလွှဲစာချုပ်၌ မောင်မဲ၏အာမခံချက်ပါရှိသည်ဟု ဘဏ်တိုက်စိုးယုံကြည်စေရန် ဘဏ်တိုက်စိုးအား လိမ်လည်၍ လျှော့နှုန်းဖြင့် ငွေလဲယူရန်ကြံရွယ်လျက် ငွေလွှဲစာချုပ်ကို ပြုလုပ်သည်ဖြစ်သောကြောင့် မောင်ဖြူသည် လိမ်လည်အတုပြုမှုကို ကျူးလွန်၏။

(စ) မောင်မဲ၏ သေတမ်းစာ၌ 'ကျွန်ုပ်ပိုင်ပစ္စည်းကျန်ရှိသမျှအားလုံးကို မောင်ဖြူ မောင်ညိုနှင့် မောင်နီတို့ ညီတူညီမျှ ခွဲယူရရှိစေရမည်'ဟု ပါရှိလျက်နှင့် မောင်ဖြူက ထိုပစ္စည်းများအားလုံးသည် မိမိနှင့်မောင်နီအတွက်သာ ချန်ထားခဲ့ကြောင်း ယုံကြည်စေရန် ကြံရွယ်လျက် မရိုးမဖြောင့်သောသဘောဖြင့် မောင်ညို၏အမည်ကို ခြစ်၍ ဖျက်လိုက်၏။ ဤတွင် မောင်ဖြူသည် လိမ်လည်အတုပြုမှုကို ကျူးလွန်၏။

(ဆ) အစိုးရငွေပေးကတိစာချုပ်တစ်စောင်တွင် မောင်နီသို့ဖြစ်စေ၊ မောင်နီညွှန်ကြားသူသို့ဖြစ်စေ စာချုပ်ပါငွေကိုပေးစေရန် 'မောင်နီအား၊ သို့တည်းမဟုတ် မောင်နီညွှန်ကြားသူအားပေးရန်' ဟူသော စကားတို့ကို မောင်ဖြူသည်ရေး၍ ထိုစာချုပ်တွင် လက်မှတ်ထိုး၏။ မောင်မဲသည် မရိုးမဖြောင့်သောသဘောဖြင့် 'မောင်နီအား၊ သို့တည်းမဟုတ် မောင်နီ ညွှန်ကြားသူအားပေးရန်' ဟူသော စကားများကိုဖျက်၍ ကန့်သတ်လက်မှတ်ထိုးချက်ကို ကန့်သတ်မဲ့လက်မှတ်ထိုးချက်သို့ ပြောင်းလွဲ၏။ ဤတွင် မောင်မဲသည် လိမ်လည်အတုပြုမှုကို ကျူးလွန်၏။

(ဇ) မောင်ဖြူသည် မြေယာတစ်ကွက်ကို မောင်နီအားရောင်းချလွှဲအပ်၏။ ထိုသို့ လွှဲအပ်ပြီးမှ မောင်နီကို လိမ်လည်လှည့်ဖြား၍ မြေကိုဆုံးပါးစေရန် မောင်နီအား ထိုမြေကို မလွှဲအပ်သေးမီ မောင်မဲအား လွှဲအပ်ထားပြီးဖြစ်ကြောင်း ယုံကြည်စေရန်

http://www.cherrythitsar.org



အကြံဖြင့် မောင်နီအား လွှဲအပ်ရောင်းချသည့်နေ့ရက်မတိုင်မီ ခြောက်လက နေ့စွဲဖြင့်ရေးသား၍ ထိုမြေကို မောင်မဲအား လွှဲအပ်ကြောင်း စာချုပ်ပြုလုပ်၏။ ဤတွင် မောင်ဖြူသည် လိမ်လည်အတုပြုမှုကို ကျူးလွန်၏။

(ဈ) မောင်မဲသည် မိမိသေတမ်းစာကို နှုတ်ဖြင့်ပြော၍ မောင်ဖြူအားရေးစေ၏။ မောင်ဖြူသည် မောင်မဲပြောဆိုသော သေတမ်းစာဖြင့် ပစ္စည်းပေးခြင်းခံရသူ၏ အမည်ကို မရေးဘဲ အခြားအမည်တစ်ခုကို တမင်ရေးပြီးလျှင် မောင်မဲညွှန်ကြားသည့်အတိုင်း ရေးပြီးကြောင်း မောင်မဲအားပြော၍ သေတမ်းစာကို လက်မှတ်ထိုးရန် သွေးဆောင်၏။ ဤတွင် မောင်ဖြူသည် လိမ်လည်အတုပြုမှုကို ကျူးလွန်၏။

(ည) သက်သေခံစာကို အကြောင်းပြု၍ မောင်နီနှင့် အခြားသူများထံမှ အလှူခံရန် အကြံဖြင့် မောင်ဖြူသည် မောင်မဲ၏အခွင့်မရရှိဘဲ သက်သေခံစာတစ်စောင်တွင် မောင်ဖြူမှာ အကျင့်စာရိတ္တ ကောင်းသောသူတစ်ယောက် ဖြစ်ပါသော်လည်း ကံမကောင်းခြင်းကြောင့် ဆင်းရဲနွမ်းပါးသောအခြေသို့ ရောက်ရှိနေကြောင်းဖော်ပြ၍ မောင်မဲ၏အမည်လက်မှတ်ကို ရေးထိုး၏။ မောင်နီကို ပစ္စည်းလက်လွှတ်ဖို့ သွေးဆောင်ရန် မောင်ဖြူသည် စာတမ်းလိမ်ကို ပြုသည်ဖြစ်သောကြောင့် လိမ်လည်အတုပြုမှုကို ကျူးလွန်၏။

(ဋ) မောင်နီ၏လက်အောက်၌ အလုပ်ရရှိရန်အကြံဖြင့် မောင်ဖြူသည် မောင်မဲ၏ အခွင့်မရရှိဘဲ မောင်ဖြူ၏ အကျင့်စာရိတ္တကောင်းကြောင်း သက်သေခံစာတစ်စောင် ရေး၍ မောင်မဲ၏ အမည်လက်မှတ်ကို ရေးထိုး၏။ လိမ်လည် အတုပြုသော သက်သေခံစာဖြင့် မောင်နီအားလှည့်ဖြား၍ မောင်နီနှင့်အလုပ်ငှား ပဋိညာဉ်အတည့်အလင်းပြုမှုအတွက်သော်လည်းကောင်း၊ ပဋိညာဉ်သဘော သက်ရောက်သော ပြုမှုအတွက်သော်လည်းကောင်း မောင်နီကို သွေးဆောင်ရန် ကြံရွယ်သည်နှင့်အမျှ မောင်ဖြူသည် လိမ်လည်အတုပြုမှုကို ကျူးလွန်၏။

**ရှင်းလင်းချက်။ ။**(၁) တစ်ဦးတစ်ယောက်သောသူသည် မိမိအမည်လက်မှတ်ကို ရေးထိုးခြင်းဖြင့်ပင် လိမ်လည်အတုပြုမှုကို ကျူးလွန်ရာရောက်သည်။

<u>ဥပမာများ</u>

(က) မိမိအမည်နှင့် တူသူတစ်ဦးက ငွေလွှဲစာချုပ်ကို လက်မှတ်ရေးထိုးသည်ဟု ယုံကြည်စေရန်အကြံဖြင့် မောင်ဖြူသည် ထိုငွေလွှဲစာချုပ်၌ မိမိအမည်လက်မှတ်ကို ရေးထိုး၏။ ဤတွင် မောင်ဖြူသည် လိမ်လည်အတုပြုမှုကို ကျူးလွန်၏။

(ခ) မောင်မဲသည် မောင်နီထံမှ တောင်းခံသော ငွေလွှဲစာချုပ်ကို စက္ကူတစ်ရွက်၌ နောင်အခါတွင်ရေး၍ မောင်နီက လက်ခံပြီးဖြစ်ဘိသကဲ့သို့ ထိုငွေလွှဲစာချုပ်ကို လွှဲပြောင်းနိုင်ရန်အလို့ငှာ မောင်ဖြူသည် စက္ကူတစ်ရွက်ပေါ်၌ 'လက်ခံပြီး'ဟူသော စကားကို ရေးပြီးလျှင် မောင်နီ၏အမည်လက်မှတ်ကိုရေးထိုး၏။ ဤတွင် မောင်ဖြူသည် လိမ်လည်အတုပြုမှုကိုကျူးလွန်သည်။ အကယ်၍မောင်မဲသည် ထိုအကြောင်း

http://www.cherrythitsar.org



ခြင်းရာကို သိလျက်နှင့် မောင်ဖြူ၏အကြံအတိုင်း ထိုစက္ကူပေါ်တွင် ထိုငွေလွှဲစာချုပ်ကိုရေးလျှင် ဤတွင် မောင်မဲသည် လိမ်လည်အတုပြုမှုကို ကျူးလွန်၏။

(ဂ) မောင်ဖြူသည် မိမိအမည်နှင့်တူသော အခြားသူတစ်ယောက်၏ ညွှန်ကြားချက်အရ ပေးချေရန်ဖြစ်သော ငွေလွှဲစာချုပ်တစ်စောင်ကို ကောက်ရ၏။ ငွေပေးချေစေရန် ညွှန်ကြားသူကတဆင့် လက်မှတ်ရေးထိုးသည်ကို ယုံကြည်စေရန်အကြံဖြင့် မောင်ဖြူသည် မိမိ၏အမည်လက်မှတ်ကို ထိုငွေလွှဲစာချုပ်၌ တဆင့်လက်မှတ်ရေးထိုး၏။ ဤတွင် မောင်ဖြူသည် လိမ်လည်အတုပြုမှုကို ကျူးလွန်၏။

(ဃ) မောင်မဲအပေါ်တွင် ချမှတ်ထားသော ဒီကရီအတည်ပြုချက်အရ ရောင်းချသော မြေနေရာကို မောင်ဖြူကဝယ်၏။ မောင်မဲသည် မောင်ဖြူကို လိမ်လည်လှည့်ဖြားရန်အကြံဖြင့်လည်းကောင်း၊ မြေနေရာကို မသိမ်းယူမီ အငှားချထားပြီးကြောင်း ယုံကြည်စေရန်အကြံဖြင့်လည်းကောင်း ထိုမြေနေရာကို သိမ်းယူပြီးမှ မောင်နီနှင့် ပူးပေါင်းလျက် မောင်နီအား အငှားချသော အငှားစာချုပ်ကို အခအနည်းငယ်မျှနှင့် ရှည်ကြာသောကာလအတွက် ချုပ်ဆို၍ အဆိုပါမြေနေရာကို မသိမ်းယူမီ ခြောက်လ နေ့စွဲကို ထိုအငှားစာချုပ်တွင် ထည့်တပ်၏။ မောင်မဲသည် ထိုအငှားစာချုပ်ကို မိမိအမည်နှင့် ချုပ်ဆိုသည်မှန်သော်လည်း ရှေးမမှန်နေ့စွဲကို တပ်ထားသည်ဖြစ်သောကြောင့် လိမ်လည်အတုပြုမှုကို ကျူးလွန်၏။

(င) ကုန်သည်မောင်ဖြူသည် လူမွဲစာခံရမည့်သူအဖြစ်သို့ မိမိကျရောက်မည်ကို တင်ကူး၍သိမြင်သဖြင့် မိမိ၏မြီရှင်များကို လိမ်လည်လှည့်ဖြားရန်ကြံရွယ်၍ မိမိအကျိုးအတွက် မိမိပစ္စည်းများကို မောင်မဲထံ၌အပ်နှံထား၏။ ထို့နောက် မောင်ဖြူသည် မိမိပြုသည့်အမှုကို ယုတ္တိရှိအောင် မောင်မဲထံမှ တန်ဖိုးရှိသည့်တုန့်ပြန်ချက်ရရှိသည့်အတွက် မောင်မဲအား ငွေပေးဆပ်ပါမည်ဟု ငွေပေးကတိစာချုပ်ကိုရေး၍ မောင်ဖြူ လူမွဲအဖြစ်သို့ ကျရောက်အံ့ဆဲဆဲ မတိုင်မီက ထိုငွေပေးကတိစာချုပ်ကို ချုပ်ဆိုကြောင်း ယုံကြည်စေရန် အကြံဖြင့် ထိုငွေပေးကတိစာချုပ်၌ ရှေးမမှန်နေ့စွဲကို တပ်ထား၏။ ဤတွင်မောင်ဖြူသည် ဤပုဒ်မ၏ ပထမအပိုဒ်အရ လိမ်လည်အတုပြုမှုကို ကျူးလွန်၏။

***ရှင်းလင်းချက်။ ။ (၂)*** စာတမ်းအမှတ်အသားတစ်ခုကို အမှန်စင်စစ်ရှိသူတစ်ဦးက ပြုလုပ်ကြောင်း ယုံကြည်စေရန် ကြံရွယ်၍ ကြံစည်ဖန်တီးသောအမည်ဖြင့်သော်လည်းကောင်း၊ ကွယ်လွန်သူတစ်ဦး အသက်ရှင်လျက်ရှိစဉ်က ပြုလုပ်ကြောင်း ယုံကြည်စေရန် ကြံရွယ်၍ ထိုကွယ်လွန်သူ၏ အမည်ဖြင့်သော်လည်းကောင်း စာတမ်းကိုအတုပြုလုပ်ခြင်းသည် လိမ်လည်အတုပြုမှု မြောက်နိုင်သည်။

http://www.cherrythitsar.org



**ဥပမာ**

ကြံစည်ဖန်တီးသော အမည်တစ်ခုအား ညွှန်ကြားသော ငွေလွှဲစာချုပ်တစ်စောင်ကို မောင်ဖြူသည် ပြုလုပ်ပြီးလျှင် ထိုငွေလွှဲစာချုပ်ကို လွှဲပြောင်းရန်ကြံရွယ်၍ ထိုကြံစည်ဖန်တီးသောအမည်နှင့်ပင် လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် ထိုငွေလွှဲစာချုပ်ကို လက်ခံ၏။ ဤတွင်မောင်ဖြူသည် လိမ်လည်အတုပြုမှုကို ကျူးလွန်၏။

**စီရင်ထုံး**

၁။ စာတမ်းအမှတ်အသားကို မရိုးမဖြောင့်သောသဘော သို့မဟုတ် လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် ပြုမှသာ မဟုတ်မမှန်သော စာတမ်းအမှတ်အသားကိုပြုရာရောက်မည်ဖြစ်၍ ယင်းသဘောတစ်ခုခုရှိကြောင်း တင်ပြရန်လိုပေသည်။

*[အစိုးရနှင့်ဘိုးကန်း(၁၈၉၂-၉၆)အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၂၈၆]*

၂။ တရားခံသည် ၄င်းအား မြေတိုင်းဌာနတွင် ခန့်ထားရန် လျှောက်လွှာတင်ရာ လျှောက်လွှာ၌ မမှန်မကန်ရေးသားချက်များ ပါရှိသည်သာမက လိမ်လည်ပြုလုပ်ထားသော ထောက်ခံချက်စာရွက်တစ်ခုကို လျှောက်လွှာနှင့်ပူးတွဲတင်ပြခဲ့သဖြင့် တရားခံသည် မတရားရယူမှုပြုရန် အားထုတ်ခဲ့ကြောင်း ပေါ်ပေါက်နေသဖြင့် လိမ်လည်အတုပြုမှု ကျူးလွန်သည်ဟု ဆိုရမည်ဖြစ်သည်။

*[ဘသိန်းနှင့်အစိုးရ (၁၉၂၁-၂၂) အထက်မြန်မာပြည်စီရင်ထုံး၊ ၁၇၄]*

၃။ စာတမ်းတစ်ခုသည် ရေးသားချက်များအနေဖြင့်လည်းကောင်း မှန်ကန်ငြားသော်လည်း ချုပ်ဆိုသည့်ရက်စွဲအစား မဟုတ်မမှန်သောရက်စွဲကို လိမ်လည်လှည့်ဖြားရန်သဘောဖြင့် ထည့်သွင်းခဲ့ပါက လိမ်လည်အတုပြုမှုမြောက်ပေသည်။ ဥပမာ(ဇ)သည် ဤကိစ္စနှင့်အကျုံးဝင်သည့် ဥဒါဟရုဏ်တစ်ခုဖြစ်ပေသည်။ မမှန်သည့်ရက်စွဲကိုထည့်တိုင်း လိမ်လည်အတုပြုမှုမဖြစ်ပေ။ မရိုးမဖြောင့်သောသဘော သို့မဟုတ် လိမ်လည်လှည့်ဖြားလိုသည့်သဘောနှင့် ထည့်မှသာ ပြစ်မှုမြောက်မည်ဖြစ်သည်။ ကုန်သည်လောကတွင် ရက်ကြိုရေးသားသည့် ချက်လက်မှတ်ထုတ်ပေးသည့် ဓလေ့ရှိရာ မရိုးမဖြောင့်သောသဘော သို့မဟုတ် လိမ်လည်လှည့်ဖြားလိုသည့်သဘောဖြင့် ရက်စွဲအမှန်ကို မဖော်ပြခြင်းမဟုတ်သည့်အလျောက် လိမ်လည်အတုပြုမှုကျူးလွန်သည်ဟု ယူဆခြင်းမပြုနိုင်။ ပစ္စည်းကို လွှဲပြောင်းခြင်းမပြုရန် ရုံးမှထုတ်ပေးသည့် ယာယီတားဝရမ်းကို ရှောင်တိမ်းလိုသည့်သဘောဖြင့် တားဝရမ်းမထုတ်ပေးမီ သုံးလအလျင်က ပစ္စည်းအား ပေါင်နှံထားသည့်အနေဖြင့် စာချုပ်ချုပ်ဆိုပြီး မှတ်ပုံတင်သည့် တရားခံတို့သည် လိမ်လည်လှည့်ဖြားရန်သဘောဖြင့် စာချုပ်ရက်စွဲကို လိမ်လည်ထည့်သွင်းခဲ့သဖြင့် လိမ်လည်အတုပြုမှုကျူးလွန်ကြောင်း ထင်ရှားပေသည်။

*[ရမ်ဂါဆွာမိချစ်တီးယားနှင့်မောင်ဘိုးထူး၊ အတွဲ ၆၊ ရန်ကုန်၊ ၄၉]*

http://www.cherrythitsar.org



၄။ ကျောင်းဆရာတစ်ဦးသည် ဘုတ်အဖွဲ့မှ ညွှန်ကြားချက်အတိုင်း မှန်ကန်စွာ ဒိုင်ယာရီရေးသားခြင်းမပြုဘဲ မိမိ၏လခကို မထိခိုက်ရအောင် လိမ်လည်ရေးသားခြင်းသည် မိမိအတွက် မတရားရယူရန် သို့မဟုတ် ဘုတ်အဖွဲ့အတွက် မတရားဆုံးရှုံးစေရန်အကြံနှင့်ပြုခြင်းဖြစ်၍ လိမ်လည်အတုပြုမှု ကျူးလွန်ခဲ့သည်ဟု ဆိုရပေမည်။

*[မောင်ကိုကြီးနှင့်အစိုးရ၊ အောအိုင်အာ၊ ၁၉၃၈၊ ရန်ကုန် ၃၈၀]*

**လိမ်လည်အတုပြုမှုအတွက် ပြစ်ဒဏ်။ (ပုဒ်မ-၄၆၅)**

**Punishment for forgery. (Section-465)**

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

မည်သူမဆို လိမ်လည်အတုပြုမှုကို ကျူးလွန်လျှင် ထိုသူအား နှစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၆၅ | လိမ်လည်အတုပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**ရုံးမှတ်တမ်းကို၊ သို့တည်းမဟုတ် ပြည်သူ့ဆိုင်ရာ စာရင်းစသည်တို့ကို လိမ်လည် အတုပြုမှု။ (ပုဒ်မ-၄၆၆)**

**Forgery of record of Court of public register. etc. (Section-466)**

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

မည်သူမဆို တရားရုံး၏မှတ်တမ်းကို၊ သို့တည်းမဟုတ် အမှုတွဲကိုသော်လည်းကောင်း၊ ဖွားစာရင်း၊ ခရစ်ယာန်ဘာသာသွင်းစာရင်း၊ ထိမ်းမြားမင်္ဂလာစာရင်း၊ မြေမြှုပ်သင်္ဂြိုဟ်စာရင်းတစ်ခုကို၊ သို့တည်းမဟုတ် ထိုကဲ့သို့သော စာရင်းအနေနှင့် ပြည်သူ့ဝန်ထမ်းက ထိန်းသိမ်းသော စာရင်းကိုသော်လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းတစ်ဦးက မိမိ၏ရာထူးအလျောက်ပြုလုပ်သော သက်သေခံလက်မှတ်ကို၊ သို့တည်းမဟုတ် ချေပနိုင်ခွင့်ကိုသော်လည်းကောင်း၊ ထိုတရားမမှု၌ မှုခင်းဆောင်ရွက်နိုင်ခွင့်

http://www.cherrythitsar.org



ကိုသော်လည်းကောင်း၊ စွဲဆိုချက်အတိုင်း ဖြောင့်ဆိုနိုင်ခွင့်ကိုသော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာကိုသော်လည်းကောင်း လိမ်လည်အတုပြုလျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တရားခံသည် စာတမ်းအမှတ်အသားကို လိမ်လည်အတုပြုမှုကျူးလွန်ခြင်း။ (ပုဒ်မ ၄၆၅)

၂။ ထိုစာတမ်းအမှတ်အသားမှာ ဤပုဒ်မ၌ ဖော်ပြထားသည့် စာတမ်းအမှတ်အသား တစ်မျိုးမျိုးဖြစ်ခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၆၆ | ပြည်သူ့ဝန်ထမ်းတစ်ဦးက ထိန်းသိမ်းထားသော တရားရုံးမှတ်တမ်း၊ သို့မဟုတ် ဖွားစာရင်း စသည်တို့ကို လိမ်လည်အတုပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး။ |

## အဖိုးတန်စာတမ်းအမှတ်အသား၊ သေတမ်းစာစသည်တို့ကို လိမ်လည်အတုပြုမှု။ (ပုဒ်မ-၄၆၇)

## Forgery of valuable security, will, etc. (Section-467)

**<u>ဥပဒေပွင့်ဆိုချက်</u>**

မည်သူမဆို အဖိုးတန်စာတမ်းအမှတ်အသားသဘော သက်ရောက်သော စာတမ်းအမှတ်အသားကိုဖြစ်စေ၊ သေတမ်းစာကိုဖြစ်စေ၊ သားမွေးစားရန်ခွင့်ပြုချက်ကိုဖြစ်စေ အဖိုးတန်စာတမ်းအမှတ်အသားကိုပြုရန်၊ သို့တည်းမဟုတ် လွှဲပြောင်းရန် တစ်ဦးတစ်ယောက်အား အခွင့်ပြုသည့်သဘော သက်ရောက်သော စာတမ်းအမှတ်အသားကိုဖြစ်စေ၊ ထိုအဖိုးတန်စာတမ်းအမှတ်အသားပေါ်၌ ငွေရင်းကို၊ သို့တည်းမဟုတ် အတိုးကို၊ သို့တည်းမဟုတ် အမြတ်ဝေစုကို ရရှိသည့်သဘောသက်ရောက်သော စာတမ်းအမှတ်အသားကိုဖြစ်စေ၊ ငွေကိုသော်လည်းကောင်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းကိုသော် လည်းကောင်း၊ အဖိုးတန် စာတမ်းအမှတ်အသားကိုသော်လည်းကောင်း ရရှိသည့်၊ သို့တည်းမဟုတ် ပေးအပ်သည့်သဘောသက်ရောက် သော စာတမ်းအမှတ်အသားကိုဖြစ်စေ၊ ငွေပေးသည်ကို ရကြောင်းဝန်ခံသည့် လုံးဝ ပြေစာ၊ သို့တည်းမဟုတ် ပြေစာသဘောသက်ရောက်သော စာတမ်းအမှတ်အသားကို

http://www.cherrythitsar.org



ဖြစ်စေ၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းကိုသော်လည်းကောင်း၊ အဖိုးတန် စာတမ်းအမှတ်အသားကိုသော်လည်းကောင်း ပေးဆပ်သည့်အတွက် လုံးဝပြေစာ၊ သို့တည်းမဟုတ် ပြေစာသဘောသက်ရောက်သော စာတမ်းအမှတ်အသားကိုဖြစ်စေ လိမ်လည်အတုပြုလျှင် ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်သော် လည်းကောင်း၊ ဆယ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးသော်လည်းကောင်း ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ပုဒ်မ ၄၆၅ အရ လိမ်လည်အတုပြုမှု ကျူးလွန်ခြင်း။

၂။ လိမ်လည်အတုပြုသော စာတမ်းအမှတ်အသားမှာ ဤပုဒ်မတွင် ဖော်ပြထားသည့် စာတမ်းအမှတ်အသား တစ်မျိုးမျိုးဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၆၇ | အဖိုးတန်စာတမ်းအမှတ်အသား၊ သေတမ်းစာ စသည်တို့ကို ပြုရန်ဖြစ်စေ၊ လွှဲပြောင်းရန်ဖြစ်စေ၊ ငွေတစ်စုံတစ်ရာကို လက်ခံရရှိရန်ဖြစ်စေ လိမ်လည်အတုပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | တစ်သက် တစ်ကျွန်းဒဏ် ဖြစ်စေ၊ ၁၀နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး။ |
| | အထက်ပါ အဖိုးတန်စာတမ်းအမှတ်အသားသည် အိန္ဒိယအစိုးရ၏ ငွေပေးကတိစာချုပ် ဖြစ်သည့်အခါ။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ၎င်း | ၎င်း | ၎င်း | ၎င်း | ၎င်း |

## လိမ်လည်ရန်အလို့ငှာ လိမ်လည်အတုပြုမှု။ (ပုဒ်မ-၄၆၈)

## Forgery of purpose of cheating. (Section-468)

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို လိမ်လည်ရန်အလို့ငှာ လိမ်လည်အတုပြုထားသော စာတမ်းအမှတ်အသားကို သုံးစွဲစေရန်အကြံဖြင့် လိမ်လည်အတုပြုမှုကို ကျူးလွန်လျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ပုဒ်မ ၄၆၅ အရ လိမ်လည်အတုပြုမှု ကျူးလွန်ခြင်း။

၂။ လိမ်လည်အတုပြုသောစာတမ်းအမှတ်အသားကို လိမ်လည်ရန်အလို့ငှာပြုခြင်း။

http://www.cherrythitsar.org



**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၆၈ | လိမ်လည်ရန်အလို့ငှာ လိမ်လည်အတုပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**သူတစ်ပါး၏ဂုဏ်သရေကို နစ်နာထိခိုက်စေရန် အလို့ငှာ လိမ်လည်အတုပြုမှု။ (ပုဒ်မ-၄၆၉)**

**Forgery of purpose of harming reputation. (Section-469)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို လိမ်လည်အတုပြုထားသော စာတမ်းအမှတ်အသားဖြင့် တစ်ဦးတစ်ယောက်သောသူ၏ ဂုဏ်သရေကို ထိခိုက်နစ်နာစေရန်အကြံဖြင့်သော် လည်းကောင်း၊ ထိုသို့နစ်နာထိခိုက်စေရန် အလို့ငှာ ထိုစာတမ်းအမှတ်အသားကို အသုံးပြုစေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း လိမ်လည်အတုပြုမှုကိုကျူးလွန်လျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ပုဒ်မ ၄၆၅ အရ လိမ်လည်အတုပြုမှု ကျူးလွန်ခြင်း။

၂။ သူတစ်ပါး၏ဂုဏ်သရေကို ထိခိုက်နစ်နာစေရန်အကြံဖြင့်သော်လည်းကောင်း၊ ထိုသို့ထိခိုက်နစ်နာစေရန် အလို့ငှာ ယင်းစာတမ်းအမှတ်အသားကို အသုံးပြုစေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်းပြုခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၆၉ | သူတစ်ပါး၏ဂုဏ်သရေကို နစ်နာထိခိုက်စေရန် ဖြစ်စေ၊ ထိုသို့ ထိခိုက်နစ်နာစေရန် စာတမ်းအမှတ်အသားကို အသုံးပြုစေတန်ရာသည်ကို သိလျက်နှင့်ဖြစ်စေ လိမ်လည်အတုပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



**လိမ်လည်အတုပြုထားသော စာတမ်းအမှတ်အသား။ (ပုဒ်မ-၄၇၀)**

**Forged document. (Section-470)**

**ဥပဒေပြဋ္ဌာန်းဆိုချက်**

လိမ်လည်အတုပြုခြင်းဖြင့် လုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ပြုထားသည့် မမှန်သော စာတမ်းအမှတ်အသားကို 'လိမ်လည်အတုပြုထားသော စာတမ်းအမှတ်အသား' ဟုခေါ်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ စာတမ်းအမှတ်အသားသည် လိမ်လည်အတုပြုထားသည့် စာတမ်းအမှတ်အသားဖြစ်ခြင်း။

၂။ ထိုစာတမ်းအမှတ်အသားကို တရားခံအသုံးပြုခြင်း။

၃။ ထိုစာတမ်းအမှတ်အသားကို အစစ်အမှန်အနေဖြင့် အသုံးပြုခြင်း။

၄။ လိမ်လည်အတုပြုထားကြောင်း သိလျက်နှင့်သော်လည်းကောင်း၊ ယုံကြည်ရန်အကြောင်းရှိပါလျက်နှင့်သော်လည်းကောင်း၊ မရိုးမဖြောင့်သောသဘောဖြင့်ဖြစ်စေ၊ လိမ်လည်လိုသည့်သဘောဖြင့်ဖြစ်စေ အသုံးပြုခြင်း။

**လိမ်လည်အတုပြုထားသည့် စာတမ်းအမှတ်အသားကို အစစ်အမှန်အနေနှင့်အသုံးပြုမှု။ (ပုဒ်မ-၄၇၁)**

**Using as genuine a forged document. (Section-471)**

**ဥပဒေပြဋ္ဌာန်းဆိုချက်**

မည်သူမဆို လိမ်လည်အတုပြုထားသော စာတမ်းအမှတ်အသားဖြစ်ကြောင်း မိမိသိလျက်နှင့်သော်လည်းကောင်း၊ ထိုသို့ဖြစ်ကြောင်း ယုံကြည်ရန် မိမိ၌ အကြောင်းရှိလျက်နှင့်သော်လည်းကောင်း၊ ထိုစာတမ်းအမှတ်အသားကို မရိုးမဖြောင့်သောသဘောဖြင့်ဖြစ်စေ၊ လိမ်လည်လိုသည့်သဘောဖြင့်ဖြစ်စေ အစစ်အမှန်အနေနှင့် အသုံးပြုလျှင် ထိုစာတမ်းအမှတ်အသားကို မိမိကိုယ်တိုင် လိမ်လည်အတုပြုဘိသကဲ့သို့ ထိုသူအား ပြစ်ဒဏ်ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ စာတမ်းအမှတ်အသားသည် လိမ်လည်အတုပြုထားသည့် စာတမ်းအမှတ်အသားဖြစ်ခြင်း။

၂။ ထိုစာတမ်းအမှတ်အသားကို တရားခံအသုံးပြုခြင်း။

၃။ ထိုစာတမ်းအမှတ်အသားကို အစစ်အမှန်အနေဖြင့် အသုံးပြုခြင်း။

၄။ လိမ်လည်အတုပြုထားကြောင်း သိလျက်နှင့်သော်လည်းကောင်း၊ ယုံကြည်ရန်အကြောင်းရှိပါလျက်နှင့်သော်လည်းကောင်း၊ မရိုးမဖြောင့်သောသဘောဖြင့်ဖြစ်စေ၊ လိမ်လည်လိုသည့်သဘောဖြင့်ဖြစ်စေ အသုံးပြုခြင်း။

http://www.cherrythitsar.org



**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၇၁ | လိမ်လည်အတုပြုထားသည့် စာတမ်းအမှတ်အသား ဖြစ်ကြောင်းသိလျက်နှင့် အစစ်အမှန်အနေဖြင့် အသုံးပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | အဆိုပါ စာတမ်း အမှတ်အသားကို လိမ်လည်အတုပြုမှု အတွက်ပြစ်ဒဏ်။ | လိမ်လည်အတု ပြုမှုကို စစ်ဆေး စီရင်နိုင်သော တရားရုံး |
| | လိမ်လည်အတုပြုထားသည့် စာတမ်းအမှတ်အသား သည် အစိုးရ၏ ငွေပေးကတိစာချုပ် ဖြစ်သည့်အခါ။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ၎င်း | ၎င်း | ၎င်း | ၎င်း | စက်ရှင် တရားရုံး။ |

**<u>စီရင်ထုံး</u>**

၁။ မရိုးမဖြောင့်သည့်သဘောဆိုသည်မှာ ပုဒ်မ ၂၄ တွင် အဓိပ္ပာယ်ဖော်ပြထားသည့်အတိုင်း မတရားရယူခြင်း သို့မဟုတ် မတရားဆုံးရှုံးစေရန် သဘောရှိခြင်းဖြစ်သည်။ ပုဒ်မ ၂၅ ၌ လိမ်လည်လှည့်ဖြားလိုသောအကြံဖြင့် ပြုခြင်းကို လိမ်လည်လှည့်ဖြားသည်ဟု ပြဆိုထားပေသည်။ သို့ဖြစ်ရာ မဟုတ်မမှန်သော စာတမ်းအမှတ်အသားကို သာမန်အသုံးပြုကာမျှဖြင့် ဤပုဒ်မအရ ပြစ်မှုမြောက်မည်မဟုတ်ချေ။ အထက်ပါ အကြံတစ်ခုခုနှင့် အသုံးပြုမှသာ ဤပုဒ်မအရ အပြစ်ပေးနိုင်မည်ဖြစ်သည်။ ပစ္စည်းတစ်စုံတစ်ရာ ဆုံးရှုံးခြင်း သို့မဟုတ် ရယူခြင်းမရှိစေကာမူ လိမ်လည်လှည့်ဖြားလိုသောသဘောနှင့်ပြုက ပြစ်မှုမြောက်ပေသည်။ လိမ်လည်အတုပြုထားသည့် စာတမ်းအမှတ်အသားကို သိလျက်နှင့် အစစ်အမှန်အနေဖြင့် လိမ်လည်လိုသောသဘောနှင့် အသုံးပြုလျှင် ဤပုဒ်မနှင့် အကျုံးဝင်သည်။

*[အစိုးရနှင့်အဘားအလီ၊ ပုံနှိပ်ထားသောစီရင်ချက်များ၊ အောက်မြန်မာပြည်၊ ၄၃၇]*

၂။ စာတမ်းအမှတ်အသားအတုကို ရုံး၌အသုံးပြုခဲ့ခြင်းဖြစ်လျှင် ထိုရုံးကသာ တရားခံအား တိုင်တန်းအရေးယူခြင်းပြုရမည်ဖြစ်သည်။

*[ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(ဂ)]*

၃။ တရားခံတင်ပြသည့် စာတမ်းအမှတ်အသားသည် အတုပြုထားသည်ဟု စွပ်စွဲသည်နှင့် တစ်ပြိုင်နက် တရားခံက ထိုစာတမ်းအမှတ်အသားကို ပြန်လည်ရုပ်သိမ်းကာမျှဖြင့် ယင်းစာတမ်းအမှတ်အသားသည် လိမ်လည်အတုပြုထားသည့် စာတမ်းအမှတ်အသားဖြစ်သည်ဟု ကောက်ယူရန်မဟုတ်။ အကြောင်းကြောင်းဖြင့် ရုပ်သိမ်းခြင်းဖြစ်နိုင်သည်။ လိမ်လည်အတုပြုထားသော စာတမ်းအမှတ်အသားဖြစ်ကြောင်း သက်သေထူရန်တာဝန်သည် တရားလိုဘက်၌ အစဉ်သဖြင့် တာဝန်ရှိနေပေသည်။

*[ရမ္မဆာမိချစ်တီးနှင့်မောင်ရွှေဘုံ၊ အတွဲ ၃၊ ဘားမားလောတိုင်း၊ ၁၅၁]*

http://www.cherrythitsar.org



**ပုဒ်မ ၄၆၇ အရ ပြစ်ဒဏ်ထိုက်သည့် လိမ်လည်အတုပြုမှုကို ကျူးလွန်ရန်အကြံဖြင့် တံဆိပ်တု စသည်တို့ကို ပြုမှု၊ သို့တည်းမဟုတ် လက်ရှိထားမှု။ (ပုဒ်မ-၄၇၂)**

**Making or possessing counterfeit seal, etc., with intent to commit forgery punishable under section 467. (Section-472)**

ဥပဒေပြဋ္ဌာန်းချက်

မည်သူမဆို ပုဒ်မ ၄၆၇ အရ ပြစ်ဒဏ်ထိုက်သည့် လိမ်လည်အတုပြုမှုကို ကျူးလွန်ရန်အလို့ငှာ တံဆိပ်ကို၊ သို့တည်းမဟုတ် တံဆိပ်ပြားကို၊ သို့တည်းမဟုတ် ပုံသဏ္ဌာန်ထင်အောင်ပြုသော အခြားကိရိယာကို သုံးစွဲစေရန် အကြံဖြင့် ထိုတံဆိပ်၊ တံဆိပ်ပြား၊ အခြားကိရိယာတစ်ခုခုကိုပြုလျှင်၊ သို့တည်းမဟုတ် အတုပြုလျှင်၊ သို့တည်းမဟုတ် ထိုအကြံဖြင့် ထိုတံဆိပ်၊ တံဆိပ်ပြား၊ အခြားကိရိယာတစ်ခုခုသည် အတုဖြစ်ကြောင်းသိလျက်နှင့် မိမိထံ၌ လက်ရှိထားလျှင် ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

အကျုံးဝင်သည့် အင်္ဂါရပ်များ

၁။ တံဆိပ်၊ တံဆိပ်ပြား သို့မဟုတ် အခြားကိရိယာတစ်ခုခုသည် လိမ်လည်အတုပြုမှု ပြုလုပ်နိုင်ခြင်း။

၂။ ထိုကိရိယာတစ်ခုခုကို တရားခံကပြုလုပ်ခြင်း၊ တရားခံ၏လက်ဝယ်ထားရှိခြင်း။

၃။ အတုပြုလုပ်မှုကို ကျူးလွန်ရာ၌ သုံးစွဲရန်အကြံနှင့်ဖြစ်စေ၊ အတုဖြစ်ကြောင်း သိလျက်နှင့်ဖြစ်စေ ပြုလုပ်ခြင်း၊ ထားရှိခြင်း။

၄။ ယင်းသို့ အတုပြုခြင်းသည် ပုဒ်မ ၄၆၇ အရ ပြစ်မှုကျူးလွန်ရာရောက်ခြင်း။

ကျင့်ထုံး

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၇၂ | ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆၇ အရ ပြစ်ဒဏ်ထိုက်သည့် လိမ်လည်မှုတစ်ခုကို ကျူးလွန်ရန် အလို့ငှာ တံဆိပ်၊ တံဆိပ်ပြား စသည်တို့ကို ပြုလုပ်မှု၊ သို့မဟုတ် အတုပြုခြင်းဖြင့်ဖြစ်စေ၊ အဆိုပါ တံဆိပ်၊ တံဆိပ်ပြား စသည်တို့ကို အတုဖြစ်ကြောင်းသိလျက်နှင့်ဖြစ်စေ လက်ရှိထားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | တစ်သက် တစ်ကျွန်းဒဏ် ဖြစ်စေ၊ ၇နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး။ |

http://www.cherrythitsar.org



**အခြားပုဒ်မအရ ပြစ်ဒဏ်ထိုက်သည့် လိမ်လည်အတုပြုမှုကို ကျူးလွန်ရန်အကြံဖြင့် တံဆိပ်တု စသည်တို့ကို ပြုမှု၊ သို့တည်းမဟုတ် လက်ရှိထားမှု။ (ပုဒ်မ-၄၇၃)**

**Making or possessing counterfeit seal, etc., with intent to commit forgery punishable under section 467. (Section-473)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို ပုဒ်မ ၄၆၇ မှတစ်ပါး ဤအခန်းပါ အခြားပုဒ်မတစ်ခုခုအရ ပြစ်ဒဏ်ထိုက်သည့် လိမ်လည်အတုပြုမှုကို ကျူးလွန်ရန်အလို့ငှာ တံဆိပ်ကို၊ သို့တည်းမဟုတ် တံဆိပ်ပြားကို၊ သို့တည်းမဟုတ် ပုံသဏ္ဌာန်ထင်အောင်ပြုသော အခြားကိရိယာကို သုံးစွဲစေရန်အကြံဖြင့် ထိုတံဆိပ်၊ တံဆိပ်ပြား၊ အခြားကိရိယာတစ်ခုခုကို ပြုလျှင်၊ သို့တည်းမဟုတ် အတုပြုလျှင်၊ သို့တည်းမဟုတ် ထိုအကြံဖြင့် ထိုတံဆိပ်၊ တံဆိပ်ပြား၊ အခြားကိရိယာတစ်ခုခုသည် အတုဖြစ်ကြောင်းသိလျက်နှင့် မိမိထံ၌ လက်ရှိထားလျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပုဒ်မ ၄၇၂ တွင် ဖော်ပြထားသည့် အင်္ဂါရပ်အမှတ် ၁၊ ၂ နှင့် ၃။

၂။ ပုဒ်မ ၄၆၇ မှတစ်ပါး ဤအခန်းပါ အခြားပုဒ်မတစ်ခုခုအရ ပြစ်ဒဏ်ထိုက်သည့် လိမ်လည်အတုပြုမှုပြုခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၇၃ | ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆၇ မှတစ်ပါး ပြစ်ဒဏ်ထိုက်သည့် လိမ်လည်မှုတစ်ခုကို ကျူးလွန်ရန်အလို့ငှာ တံဆိပ်၊ တံဆိပ်ပြား စသည်တို့ကိုပြုလုပ်မှု သို့မဟုတ် အတုပြုလုပ်ခြင်း ဖြင့်ဖြစ်စေ၊ အတုဖြစ်ကြောင်းသိလျက်နှင့်ဖြစ်စေ လက်ရှိထားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး။ |

http://www.cherrythitsar.org



**ပုဒ်မ ၄၆၆ ၌၊ သို့တည်းမဟုတ် ၄၆၇ ၌ ဖော်ပြထားသည့် စာတမ်းအမှတ်အသားကို လိမ်လည်အတုပြုထားကြောင်းသိလျက်နှင့်လည်းကောင်း၊ အစစ်အမှန်အနေဖြင့် အသုံးပြုရန်အကြံဖြင့်လည်းကောင်း လက်ရှိထားမှု။ (ပုဒ်မ-၄၇၄)**

**Having possession of document described in section 466 or 467, knowing it to be forged and intending to use for authenticating documents described in section 467,or possessing counterfeit marked material. (Section-474)**

<u>ဥပဒေပြဋ္ဌာန်းချက်</u>

မည်သူမဆို ပုဒ်မ ၄၆၆ ၌ ဖော်ပြထားသော စာတမ်းအမှတ်အသားမျိုးတစ်ခုခုကို လိမ်လည်အတုပြုထားကြောင်း သိလျက်နှင့်လည်းကောင်း၊ လိမ်လည်လှည့်ဖြားလိုသည့် သဘောနှင့်ဖြစ်စေ၊ မရိုးမဖြောင့်သောသဘောနှင့်ဖြစ်စေ အစစ်အမှန်အကြံနှင့် အသုံးပြုစေရန်အကြံဖြင့်လည်းကောင်း မိမိထံ၌လက်ရှိထားလျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် အကယ်၍ ထိုစာတမ်းအမှတ်အသားသည် ပုဒ်မ ၄၆၇ တွင် ဖော်ပြထားသည့် စာတမ်းအမှတ်အသားမျိုး တစ်ခုခုဖြစ်လျှင် ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>

၁။ လိမ်လည်အတုပြုထားသည့် စာတမ်းအမှတ်အသားဖြစ်ခြင်း။
၂။ ထိုစာတမ်းအမှတ်အသားကို တရားခံသည် လက်ရှိထားခြင်း။
၃။ ထိုစာတမ်းအမှတ်အသားသည် အတုဖြစ်ကြောင်းသိလျက်နှင့် လိမ်လည်သည့်သဘောဖြင့်ဖြစ်စေ၊ မရိုးမဖြောင့်သောသဘောဖြင့် ဖြစ်စေ၊ အစစ်အမှန်အနေဖြင့် အသုံးပြုစေရန် အကြံထားရှိခြင်း။
၄။ ပုဒ်မ ၄၆၆ သို့မဟုတ် ၄၆၇ တွင် ဖော်ပြထားသည့် စာတမ်းအမှတ်အသားမျိုးဖြစ်ခြင်း။

<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၇၄ | ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆၆ ၌ ဖော်ပြထားသည့် စာတမ်းအမှတ်အသားမျိုးတစ်ခုခုကို လိမ်လည်အတုပြုထားကြောင်းသိလျက်နှင့် အစစ်အမှန်အနေနှင့် အသုံးပြုစေရန် အကြံဖြင့် လက်ရှိထားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး။ |
| | အထက်ပါ စာတမ်းအမှတ်အသားသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆၇၌ ဖော်ပြထားသည့် စာတမ်းအမှတ်အသားမျိုး တစ်ခုခုဖြစ်လျှင်။ | ၄င်း | ၄င်း | ၄င်း | ၄င်း | တစ်သက် တစ်ကျွန်းဒဏ် ဖြစ်စေ၊ ၇နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး။ |

http://www.cherrythitsar.org



**ပုဒ်မ ၄၆၇ တွင် ဖော်ပြထားသည့် စာတမ်းအမှတ်အသားကို အမှန်ဖြစ်ကြောင်း ထင်ရှားစေရန်အလို့ငှာ အသုံးပြုသည့် ပုံအမှတ်ကို၊ သို့တည်းမဟုတ် အမှတ်အသားကို အတုပြုခြင်း၊ သို့တည်းမဟုတ် အတုပြုထားသော အမှတ်အသားပါသည့် အရာဝတ္ထုကို လက်ရှိထားခြင်း။ (ပုဒ်မ-၄၇၅)**

**Counterfeiting device or mark used for authenticating documents described in section 467,or possessing counterfeit marked material. (Section-475)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို ပုဒ်မ ၄၆၇ တွင် ဖော်ပြထားသည့် စာတမ်းအမှတ်အသား အမှန်ဖြစ်ကြောင်း ထင်ရှားစေရန်အလို့ငှာ အသုံးပြုသော ပုံအမှတ်ကို၊ သို့တည်းမဟုတ် အမှတ်အသားကို လိမ်လည်အတုပြုထားသော စာတမ်းအမှတ်အသားအတွက်၊ သို့တည်းမဟုတ် အရာဝတ္ထုတစ်ခုခုပေါ်တွင် နောင်အခါ လိမ်လည်အတုပြုမည်ဖြစ်သော စာတမ်းအမှတ်အသားအတွက် အမှန်ဖြစ်ဟန်ရှိအောင် အသုံးပြုစေရန် အကြံဖြင့် ဆိုခဲ့သော ပုံအမှတ်ကိုသော်လည်းကောင်း၊ အမှတ်အသားကိုသော် လည်းကောင်း ဆိုခဲ့သော အရာဝတ္ထုတစ်ခုခုအပေါ်၌ဖြစ်စေ၊ အထဲ၌ဖြစ်စေ အတုပြုလျှင်၊ သို့တည်းမဟုတ် ဆိုခဲ့သောအကြံဖြင့် အပေါ်၌ဖြစ်စေ၊ အထဲ၌ဖြစ်စေ ဆိုခဲ့သော ပုံအမှတ်ကို၊ သို့တည်းမဟုတ် အမှတ်အသားကို အတုပြုထားသည့် အရာဝတ္ထုကို မိမိထံ၌ လက်ရှိထားလျှင် ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

*ပထမပိုင်းအတွက်*

၁။ တရားခံသည် ပုံအမှတ်၊ အမှတ်အသား၊ အရာဝတ္ထုတစ်ခုခုအပေါ်၌ဖြစ်စေ၊ အထဲ၌ဖြစ်စေ အတုပြုခြင်း။

၂။ ထိုအရာဝတ္ထုတစ်ခုခုအား ပုဒ်မ ၄၆၇ တွင် ဖော်ပြထားသည့် စာတမ်းအမှတ်အသား အမှန်ဖြစ်ကြောင်း ထင်ရှားစေရန်ပြုခြင်း။

၃။ ထိုအရာဝတ္ထုအား စာတမ်းအမှတ်အသားကို အမှန်ဖြစ်ဟန်ရှိအောင် အသုံးပြုစေရန်အကြံဖြင့်ပြုခြင်း။

၄။ ထိုစာတမ်းအမှတ်အသားသည် အတုဖြစ်ခြင်း သို့မဟုတ် နောင်အခါ လိမ်လည်အတုပြုမည်ဖြစ်ခြင်း။

*ဒုတိယပိုင်းအတွက်*

၁။ တရားခံသည် အရာဝတ္ထုကို လက်ရှိထားခြင်း။

၂။ ထိုအရာဝတ္ထုမှာ ပုံအမှတ် သို့မဟုတ် အမှတ်အသားကို အတုပြုထားခြင်း။

၃။ ထို ပုံအမှတ် သို့မဟုတ် အမှတ်အသားသည် ပုဒ်မ ၄၆၇ တွင် ဖော်ပြထားသော စာတမ်းအမှတ်အသား ထင်ရှားစေရန် အသုံးပြုခြင်း။

၄။ ပထမပိုင်းအတွက် လိုအပ်သည့် အင်္ဂါရပ်အမှတ် ၃ နှင့် ၄။

http://www.cherrythitsar.org



<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၇၅ | ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၇ တွင် ဖော်ပြထားသည့် စာတမ်းအမှတ်အသားကို အမှန်ဖြစ်ကြောင်း ထင်ရှားစေရန်အလို့ငှာ အသုံးပြုသည့် ပုံအမှတ်ကို သို့မဟုတ် အမှတ်အသားကို အတုပြုမှု၊ သို့မဟုတ် အတုပြုထားသော အမှတ်အသား ပါသည့် အရာဝတ္ထုကို လက်ရှိထားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | တစ်သက်တစ်ကျွန်း အကျဉ်းဒဏ်ဖြစ်စေ၊ ၇နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး။ |

**ပုဒ်မ ၄၆၇ တွင် ဖော်ပြထားသည့် စာတမ်းအမှတ်အသားမှတစ်ပါး အခြား စာတမ်းအမှတ်အသားကို အမှန်ဖြစ်ကြောင်း ထင်ရှားစေရန်အလို့ငှာ အသုံးပြုသည့် ပုံအမှတ်ကို၊ သို့တည်းမဟုတ် အမှတ်အသားကို အတုပြုခြင်း၊ သို့တည်းမဟုတ် အတုပြုထားသော အမှတ်အသားပါသည့် အရာဝတ္ထုကို လက်ရှိထားခြင်း။ (ပုဒ်မ-၄၇၆)**

**Counterfeiting device or mark used for authenticating documents other than those described in section 467,or possessing counterfeit marked material. (Section-476)**

<u>ဥပဒေပွင့်ဆိုချက်</u>

မည်သူမဆို ပုဒ်မ ၄၆၇ တွင် ဖော်ပြထားသည့် စာတမ်းအမှတ်အသားမှတစ်ပါး အခြားစာတမ်းအမှတ်အသားကို အမှန်ဖြစ်ကြောင်း ထင်ရှားစေရန်အလို့ငှာ အသုံးပြုသော ပုံအမှတ်ကို၊ သို့တည်းမဟုတ် အမှတ်အသားကို လိမ်လည်အတုပြုထားသော စာတမ်းအမှတ်အသားအတွက်၊ သို့တည်းမဟုတ် အရာဝတ္ထုတစ်ခုခုပေါ်တွင် နောင်အခါ လိမ်လည်အတုပြုမည်ဖြစ်သော စာတမ်းအမှတ်အသားအတွက် အမှန်ဖြစ်ဟန်ရှိအောင် အသုံးပြုစေရန်အကြံဖြင့် ဆိုခဲ့သော ပုံအမှတ်ကိုသော် လည်းကောင်း၊ အမှတ်အသားကိုသော်လည်းကောင်း ဆိုခဲ့သော အရာဝတ္ထုတစ်ခုခု အပေါ်၌ဖြစ်စေ၊ အထဲ၌ဖြစ်စေ အတုပြုလျှင်၊ သို့တည်းမဟုတ် ဆိုခဲ့သောအကြံဖြင့် အပေါ်၌ဖြစ်စေ၊ အထဲ၌ဖြစ်စေ ဆိုခဲ့သော ပုံအမှတ်ကို၊ သို့တည်းမဟုတ် အမှတ်အသားကို အတုပြုထားသည့် အရာဝတ္ထုကို မိမိထံ၌ လက်ရှိထားလျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

http://www.cherrythitsar.org



**အကျုံးဝင်သည့် အင်္ဂါရပ်များ**

ပုဒ်မ ၄၇၅ တွင် လိုအပ်သည့်အင်္ဂါရပ်များအတိုင်းဖြစ်သည်။

သို့ရာတွင် ပုဒ်မ ၄၆၇ တွင် ဖော်ပြထားသည့် စာတမ်းအမှတ်အသားဆိုသော စကားအစား ပုဒ်မ ၄၆၇ တွင် ဖော်ပြထားသည့် စာတမ်းအမှတ်အသားမှတစ်ပါး အခြားစာတမ်းအမှတ်အသားဆိုသည့် စကားကို ထည့်သွင်းရမည်။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၇၆ | ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၇ တွင် ဖော်ပြထားသည့် စာတမ်းအမှတ်အသားမှတစ်ပါး အခြားစာတမ်းအမှတ်အသားကို အမှန်ဖြစ်ကြောင်း ထင်ရှားစေရန်အလို့ငှာ အသုံးပြုသည့် ပုံအမှတ်ကို သို့မဟုတ် အမှတ်အသားကို အတုပြုမှု။ သို့မဟုတ် အတုပြုထားသော အမှတ်အသားပါသည့် အရာဝတ္ထုကို လက်ရှိထားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး။ |

**သေတမ်းစာကိုသော်လည်းကောင်း၊ မွေးစားရန်ခွင့်ပြုချက်ကိုသော်လည်းကောင်း၊ အဖိုးတန်စာတမ်းအမှတ်အသားကိုသော်လည်းကောင်း လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် ဖျက်သိမ်းခြင်း၊ သို့တည်းမဟုတ် ဖျက်ဆီးခြင်း စသည့်အမှု။ (ပုဒ်မ-၄၇၇)**

**Fraudulent cancellation destruction, etc, of will, authority to adopt, or valuable security. (Section-477)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့်သော်လည်းကောင်း၊ မရိုးမဖြောင့်သောသဘောဖြင့်သော်လည်းကောင်း အများပြည်သူကိုဖြစ်စေ၊ တစ်ဦးတစ်ယောက်သောသူကိုဖြစ်စေ ဆုံးရှုံးစေမှုကို၊ သို့တည်းမဟုတ် နစ်နာစေမှုကိုဖြစ်စေရန် အကြံဖြင့်သော်လည်းကောင်း သေတမ်းစာဖြစ်သော၊ သို့တည်းမဟုတ် သေတမ်းစာသဘော သက်ရောက်သော စာတမ်းအမှတ်အသားကိုဖြစ်စေ၊ သားမွေးစားရန်ခွင့်ပြုချက်ဖြစ်သော စာတမ်းအမှတ်အသားကိုဖြစ်စေ၊ အဖိုးတန်စာတမ်းအမှတ်အသားကိုဖြစ်စေ ဖျက်သိမ်းခြင်း၊ ဖျက်ဆီးခြင်း၊ ပုံသဏ္ဌာန်ဖျက်ခြင်း တစ်ခုခုကို ပြုလျှင်၊ သို့တည်းမဟုတ် ထိုသို့ပြုရန်အားထုတ်လျှင်၊ သို့တည်းမဟုတ် ဖုံးကွယ်လျှင်၊ သို့တည်းမဟုတ် ဖုံးကွယ်ရန်အားထုတ်လျှင်၊ သို့တည်းမဟုတ် ဆိုခဲ့သော စာတမ်းအမှတ်အသားနှင့် စပ်လျဉ်း၍ အကျိုးဖျက်ဆီးမှုကို ကျူးလွန်လျှင် ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

http://www.cherrythitsar.org



**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ စာတမ်းအမှတ်အသားသည် သေတမ်းစာ၊ သားမွေးစားရန် ခွင့်ပြုချက်၊ အဖိုးတန်စာတမ်း အမှတ်အသား သို့မဟုတ် ထိုသို့သဘောသက်ရောက်သည့် စာတမ်းအမှတ်အသားဖြစ်ခြင်း။

၂။ တရားခံသည် စာတမ်းအမှတ်အသားကို ဖျက်သိမ်းခြင်း၊ ဖျက်ဆီးခြင်း၊ ပုံသဏ္ဌာန်ဖျက်ခြင်း၊ ယင်းသို့ပြုရန် အားထုတ်ခြင်း၊ ဖုံးကွယ်ခြင်း၊ ဖုံးကွယ်ရန် အားထုတ်ခြင်း၊ အကျိုးဖျက်ဆီးခြင်း။

၃။ မရိုးမဖြောင့်သောသဘောဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် ဖြစ်စေ အများပြည်သူကိုသော်လည်းကောင်း၊ တစ်ဦး တစ်ယောက်ကိုသော် လည်းကောင်း ဆုံးရှုံးနစ်နာစေရန်အကြံဖြင့်ပြုခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၇၇ | သေတမ်းစာ စသည်တို့ကို လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် ဖျက်ဆီးခြင်း သို့မဟုတ် ပုံသဏ္ဌာန်ဖျက်ခြင်း၊ သို့မဟုတ် ဖျက်ဆီးရန် သို့မဟုတ် ပုံသဏ္ဌာန်ဖျက်စေရန် သို့မဟုတ် အားထုတ်ခြင်း သို့မဟုတ် ဖုံးကွယ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | တစ်သက် တစ်ကျွန်းအဒဏ် ဖြစ်စေ၊ ဂုနှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး။ |

## စာရင်းများကို မဟုတ်မမှန်ပြုခြင်း။ (ပုဒ်မ-၄၇၇ က)

## Falsification of accounts. (Section-477 A)

**ဥပဒေဖွင့်ဆိုချက်**

မည်သူမဆို စာရေး၊ အရာရှိ၊ အခိုင်းအစေ တစ်မျိုးမျိုးဖြစ်လျက် သို့တည်းမဟုတ် စာရေး၊ အရာရှိ၊ အခိုင်းအစေ တစ်မျိုးမျိုး အဖြစ်ဖြင့် စေခိုင်းခံရသူသော်လည်းကောင်း၊ ဆောင်ရွက်သူသော်လည်းကောင်းဖြစ်လျက် မိမိ၏ အလုပ်ရှင် ပိုင်သော၊ သို့တည်းမဟုတ် မိမိ၏ အလုပ်ရှင်လက်ရှိဖြစ်သော၊ သို့တည်းမဟုတ် ထိုသူအတွက်ဖြစ်စေ၊ ကိုယ်စားဖြစ်စေ မိမိလက်ခံရရှိသော စာအုပ်၊ စက္ကူ၊ အရေးအသား၊ အဖိုးတန်စာတမ်းအမှတ်အသား၊ စာရင်းတစ်ခုခုအား ဖျက်ဆီးခြင်း၊ ပြောင်းလဲခြင်း၊ ဆုတ်ဖြတ်ခြင်း၊ မဟုတ်မမှန်ပြုခြင်း တစ်ခုခုကို လိမ်လည်လှည့်ဖြားလိုသောအကြံဖြင့် တမင်ပြုလျှင်၊ သို့တည်းမဟုတ် ဆိုခဲ့သော စာအုပ်၊ စက္ကူ၊ အရေးအသား၊ အဖိုးတန်စာတမ်းအမှတ်အသား၊ စာရင်းတစ်ခုခုတွင် လိမ်လည်လှည့်ဖြားလိုသောအကြံဖြင့် တမင် မဟုတ်မမှန် ရေးသွင်းချက်ကိုပြုလျှင်၊ သို့တည်းမဟုတ် ထိုသို့ပြုခြင်းကို အားပေးကူညီလျှင်၊ သို့တည်းမဟုတ် ဆိုခဲ့သော စာအုပ်၊ စက္ကူ

http://www.cherrythitsar.org



အရေးအသား၊ အဖိုးတန်စာတမ်းအမှတ်အသား၊ စာရင်းတစ်ခုခုမှသော် လည်းကောင်း၊ အတွင်း၌သော်လည်းကောင်း လိမ်လည်လှည့်ဖြားလိုသောအကြံဖြင့် အရေးပါသောအချက်ကို တမင်မထည့်ဘဲ ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ထိုပျက်ကွက်မှုကို အားပေးကူညီလျှင်၊ သို့တည်းမဟုတ် ပြောင်းလဲလျှင်၊ သို့တည်းမဟုတ် ထိုသို့ပြောင်းလဲခြင်းကို အားပေးကူညီလျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

***ရှင်းလင်းချက်။*** လိမ်လည်လှည့်ဖြားရန်ကြံရွယ်ခြင်းခံရသူ၏ အမည်ကို မဖော်ပြဘဲ၊ သို့တည်းမဟုတ် လိမ်လည်လှည့်ဖြားရန်ကြံရွယ်ခြင်းခံရသည့်ငွေကို အတိအကျမဖော်ပြဘဲ၊ သို့တည်းမဟုတ် ပြစ်မှုကျူးလွန်သည့်နေ့ရက်ကို အသေအချာမဖော်ပြဘဲ လိမ်လည်လှည့်ဖြားရန် ယေဘူယျအကြံရှိကြောင်းကို ထုတ်ဖော်စွဲဆိုလျှင် ဤပုဒ်မအရ မည်သည့်စွဲချက်အတွက်မဆို လုံလောက်သည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တရားခံသည် စာအုပ်၊ စက္ကူ၊ အရေးအသား၊ အဖိုးတန်စာတမ်းအမှတ်အသား၊ စာရင်းတစ်ခုခုအား ဖျက်ဆီးခြင်း၊ ပြောင်းလဲခြင်း၊ ဆုတ်ဖြတ်ခြင်း၊ မဟုတ်မမှန်ပြုခြင်း။

၂။ ထိုစာအုပ်စာတမ်း အစရှိသည်တို့သည် တရားခံ၏အလုပ်ရှင်ပိုင်ခြင်း သို့မဟုတ် လက်ရှိဖြစ်ခြင်း သို့မဟုတ် အလုပ်ရှင်အတွက်ဖြစ်စေ၊ ကိုယ်စားဖြစ်စေ တရားခံက လက်ခံရရှိခြင်း။

၃။ တရားခံသည် စာရေး၊ အရာရှိ၊ အခိုင်းအစေ တစ်မျိုးမျိုးဖြစ်ခြင်း၊ သို့တည်းမဟုတ် ထိုကဲ့သို့ တစ်မျိုးမျိုး ဆောင်ရွက်နေခြင်း။

၄။ တရားခံသည် အပိုဒ် ၁ ရှိ ပြုမှုချက်ကို လိမ်လည်လှည့်ဖြားလိုသောအကြံဖြင့် တမင်ပြုလုပ်ခြင်း၊ သို့မဟုတ်-

၁။ တရားခံသည် အထက်ပါ စာအုပ်စာတမ်းတွင် မဟုတ်မမှန်ရေးသွင်းချက်ပြုခြင်း၊ အရေးပါသောအချက်ကိုမထည့်ဘဲ ပျက်ကွက်ခြင်း၊ ပြောင်းလဲခြင်း သို့တည်းမဟုတ် တစ်ခုခုပြုခြင်းကို အားပေးခြင်း။

၂။ အထက်၌ ဖော်ပြခဲ့သည့် အင်္ဂါရပ် ၂၊ ၃ နှင့် ၄။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၇၇ က | စာရင်းများကို မဟုတ်မမှန်ပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



## ကုန်တံဆိပ်၊ ပစ္စည်းတံဆိပ်နှင့် အခြားတံဆိပ်များ

**ကုန်တံဆိပ်။ (ပုဒ်မ-၄၇၈)**

**Trade mark. (Section-478)**

**ဥပဒေဖွင့်ဆိုချက်**

တစ်ဦးတစ်ယောက်သောသူ၏ ထုတ်လုပ်ကုန်စည်ဖြစ်ကြောင်းကိုသော် လည်းကောင်း၊ အရောင်းအဝယ် ကုန်စည်ဖြစ်ကြောင်းကိုသော်လည်းကောင်း ဖော်ပြရန် အသုံးပြုသော အမှတ်အသားကို ကုန်တံဆိပ်ဟုခေါ်သည်။

**စီရင်ထုံး**

၁။ ကုန်ပစ္စည်း ထုတ်လုပ်သူကဖြစ်စေ၊ ရောင်းဝယ် ဖောက်ကားသူဖြစ်စေ မိမိ ထုတ်လုပ်ရောင်းချသည့် ပစ္စည်းကို အခြားသူထုတ်လုပ်ရောင်းချသော အလားတူ ကုန်ပစ္စည်းနှင့် ခွဲခြားသိသာအောင် ပြုလုပ်ထားသော အမှတ်အသားသည် ကုန်တံဆိပ်ဖြစ်သည်။ ကုန်တံဆိပ်ဆိုသော စကားရပ်တွင် ရုပ်ပုံ၊ ဒီဇိုင်း၊ နာမည်၊ စာတမ်း စသည့် အမှတ်အသားအားလုံး အကျုံးဝင်သည်။

*[စီအမ်ဘရားသားနှင့်ကွန်ဂျလန်၊ ၁၉၅၀၊ မြန်မာပြည်စီရင်ထုံး၊ ၂၆၂(လွှတ်တော်)]*

၂။ ကုန်တံဆိပ်ပိုင်ဆိုင်မှု အခွင့်အရေးရရှိအောင် မည်သို့မည်ပုံ ပြုရမည်ဆိုသော ဥပဒေပြဋ္ဌာန်းချက်မရှိပေ။ ကွဲပြားခြားနားသည့် အမှတ်အသားတစ်ခုခုကို မိမိ တစ်ဦးတည်းကိုယ်ပိုင်အဖြစ်ဖြင့် စတင်သုံးစွဲခြင်းအားဖြင့် ယင်းကုန်တံဆိပ်၏ ပိုင်ဆိုင်မှုအခွင့်အရေးကို သုံးစွဲသူ ရရှိခြင်းဖြစ်သည်။

*[တာခ်ျမဟာစာအုပ်ဆိုင်နှင့် မဟာမက်အီဗရာဟင်အေလီးယား၊ ၁၉၅၀၊ မြန်မာပြည်စီရင်ထုံး၊ ၄၁ (လွှတ်တော်)]*

*[ဦးကျော်နှင့်ဦးဘအေး၊ ၁၉၆၂၊ မြန်မာပြည်စီရင်ထုံး၊၁၈၇(တရားရုံးချုပ်)]*

၃။ ကုန်တံဆိပ်၏ ပိုင်ဆိုင်မှုအခွင့်အရေးရရှိအောင် ယခုအခါ ကုန်သည်တို့သည် မိမိတို့၏ ကုန်တံဆိပ်များကို မှတ်ပုံတင်လေ့ရှိသည်။ အမှန်မှာ မှတ်ပုံတင်ခြင်းဖြင့် ပိုင်ဆိုင်မှုရရှိခြင်းမဟုတ်ဘဲ မှတ်ပုံတင်သည့်နေ့မှ စတင်သုံးစွဲသည်ဆိုသောအချက် ကို အထောက်အကူဖြစ်စေသည်။ ကုန်တံဆိပ်ပိုင်ဆိုင်မှု အခွင့်အရေးကို ကုန်ပစ္စည်း ထုတ်လုပ်သူသာမက ကုန်ပစ္စည်းဖြန့်ဖြူးရောင်းချရန် ပြည်တွင်းသို့ တင်သွင်းသော ကုန်သည်အနေဖြင့်လည်း ရပိုင်ခွင့်ရှိသည်။

*[ပါကာမဟာမက်နှင့်အစိုးရ၊ အေအိုင်အာ၊ ၁၉၂၉၊ ရန်ကုန် ၃၂]*

*[ဂတ်စပါးနှင့်လျောင်ချိုင်၊ အတွဲ ၁၂၊ ရန်ကုန် ၅၃၄]*

http://www.cherrythitsar.org



**ပစ္စည်းတံဆိပ်။** **Property mark.**
**(ပုဒ်မ-၄၇၉)** **(Section-479)**

**ဥပဒေဖွင့်ဆိုချက်**

ရွှေ့ပြောင်းနိုင်သော ပစ္စည်းကို တစ်ဦးတစ်ယောက်သောသူပိုင်ကြောင်းဖော်ပြရန် အသုံးပြုသော အမှတ်အသားကို ပစ္စည်းတံဆိပ်ဟုခေါ်သည်။

**ကုန်တံဆိပ်လိမ်ကို သုံးစွဲခြင်း။** **Using a false trade mark.**
**(ပုဒ်မ-၄၈၀)** **(Section-480)**

**ဥပဒေဖွင့်ဆိုချက်**

ကုန်စည်သည်၊ သို့တည်းမဟုတ် သေတ္တာ၊ အထုပ်၊ အခြားထည့်စရာတစ်ခုခု၌ ပါရှိသည့် ကုန်စည်သည် တစ်ဦးတစ်ယောက်သောသူ၏ ထုတ်လုပ်ကုန်စည်၊ သို့တည်းမဟုတ် အရောင်းအဝယ်ကုန်စည်မဟုတ်ပါဘဲလျက် ဟုတ်ကြောင်းယုံကြည်စေရန် ယုတ္တိရှိအောင် စီမံပြုလုပ်ထားသော နည်းလမ်းဖြင့် မည်သူမဆို ထိုကုန်စည်များကိုသော် လည်းကောင်း၊ ကုန်စည်များပါရှိသော ထိုသေတ္တာ၊ အထုပ်၊ အခြားထည့်စရာတစ်ခုခုကိုသော်လည်းကောင်း အမှတ်အသားပြုလျှင်၊ သို့တည်းမဟုတ် ထိုသို့ အမှတ်အသားပါရှိသော သေတ္တာ၊ အထုပ်၊ အခြားထည့်စရာတစ်ခုခုကို သုံးစွဲလျှင် ထိုသူသည် ကုန်တံဆိပ်လိမ်ကို သုံးစွဲသည်မည်၏။

**စီရင်ထုံး**

၁။ ကုန်တံဆိပ်တစ်ခုသည် လူတစ်ဦး သို့မဟုတ် ကုမ္ပဏီတစ်ခု ပိုင်ဆိုင်သော အမှတ်အသားဖြစ်မှသာ ယင်းတံဆိပ်ကို အတုပြု၍ တံဆိပ်လိမ်သုံးစွဲနိုင်မည်ဖြစ်သည်။ ကုန်တံဆိပ်တစ်ခုသည် မည်သူမျှ သုံးစွဲခြင်းမပြုဘဲ စွန့်ပစ်ထားသည့် အမှတ်အသားတစ်ခုဖြစ်ပါက ယင်းကုန်တံဆိပ်ကို တစ်ဦးတစ်ယောက်က သုံးစွဲခြင်းသည် ကုန်တံဆိပ်လိမ်သုံးစွဲခြင်းဖြစ်သည်ဟု ယူဆနိုင်မည်မဟုတ်ပေ။

*[ဘီအမ်ခါးဝါးနှင့်မိုတီဝါလား၊ ၁၉၃၇၊ ရန်ကုန်စီရင်ထုံး၊ ၁၈]*

၂။ ကုန်ပစ္စည်းအမျိုးအစားတစ်ခုအတွက် သုံးစွဲနေသည့် ကုန်တံဆိပ်ကို အခြားကုန်ပစ္စည်းအမျိုးအစားအတွက် သုံးစွဲခြင်းသည် ကုန်တံဆိပ်လိမ်သုံးစွဲခြင်းမမြောက်ပေ။ လူတစ်ဦးတစ်ယောက် သို့မဟုတ် ကုမ္ပဏီတစ်ခုသည် မိမိထုတ်လုပ်ရောင်းချသော ကုန်ပစ္စည်းတစ်ခု၏ ကုန်တံဆိပ်ကို အခြားပစ္စည်းအမျိုးအစား၏ ကုန်တံဆိပ်အဖြစ် အသုံးမပြုရဟု တားမြစ်ပိုင်ခွင့်မရှိပေ။ သို့ဖြစ်ရာ ဂျော်နီဝါကား ဝီစကီအရက်ထုတ်လုပ်သူက ကုန်ပစ္စည်းအမျိုးအစားချင်းမတူသည့် သွေးဆေးရည်ကို ဂျော်နီဝါကား ကုန်တံဆိပ်ကပ်၍ ရောင်းချခွင့်မရှိဟု ပိတ်ပင်ခြင်းမပြုနိုင်။

*[ဂျော်နီဝါကားနှင့်ဦးသန်းရွှေ၊ ၁၉၆၈၊ မြန်မာပြည်စီရင်ထုံး၊ ၇၁]*

http://www.cherrythitsar.org



၃။ ကုန်တံဆိပ်တစ်ခုသည် အခြားသူတစ်ဦး၏ ကုန်တံဆိပ်မဟုတ်ပါဘဲ ဟုတ်ကြောင်း ယုံကြည်အောင်ပြုခြင်းသည် ကုန်တံဆိပ်လိမ် အသုံးပြုခြင်းဖြစ်သည်။ ကုန်တံဆိပ်လိမ်ကို အသုံးပြုခြင်း ဟုတ်မဟုတ်ဆိုသော ပြဿနာမှာ ယင်းတံဆိပ်ပါသော ကုန်ပစ္စည်းကို ဝယ်ယူသုံးစွဲသည့် လုပ်သားပြည်သူတို့အား ထင်ယောင်ထင်မှားဖြစ်စေခဲ့ပါသလော ဆိုသည့် အချက်ပေါ်တွင် မူတည်နေသည်။ ကုန်တံဆိပ်လိမ်သည် ကုန်တံဆိပ်မှန်နှင့် ထပ်တူထပ်မျှ တူညီစေရန်မလိုပေ။ အငြင်းပွားနေသည့် ပစ္စည်းကို သုံးစွဲနေကျဖြစ်သည့် သာမန်အများပြည်သူတို့အနေဖြင့် မှားယွင်းသုံးစွဲမိရန်အကြောင်းရှိမရှိဆိုသော အချက်သည် အဓိကဆန်းစစ်ရမည့် အချက်ဖြစ်သည်။

*[မလှမီးရှားကုမ္ပဏီနှင့်ဖင်လေဖလင်းမီးကုမ္ပဏီ၊ အတွဲ ၇၊ ရန်ကုန်၊ ၁၆၉]*

၄။ သုံးစွဲသူအနေဖြင့် ကုန်တံဆိပ်နှစ်ခုကိုယှဉ်၍ ကြည့်ရှုခွင့်ရပြီး မှားယွင်းဝယ်ယူခြင်းမျိုးမဟုတ်ဘဲ အတုကိုအစစ်အနေဖြင့် မှားယွင်းဝယ်နိုင်သည့်အခြေအနေရှိပါက ကုန်တံဆိပ်လိမ်သုံးစွဲသည်ဟု ကောက်ယူရမည်ဖြစ်သည်။

*[ဇော်ရှန်ဆွတ်နှင့်မဒါးဘာရားသား၊ ၁၉၅၂၊*
*မြန်မာပြည်စီရင်ထုံး၊ ၁၃၆(လွှတ်တော်)]*

၅။ ကုန်ပစ္စည်းထည့်သည့်သေတ္တာ၊ သို့မဟုတ် အထုပ်၏ ပုံစံအနေအထားသည် ယင်းသေတ္တာ သို့မဟုတ် အထုပ်တွင်ပါသောကုန်ပစ္စည်း၏ ကုန်တံဆိပ်မဟုတ်ပေ။

*[ကွန်ဂျာလန်နှင့်တီစီမိုဟာမက်၊ ၁၉၄၉၊ မြန်မာပြည်စီရင်ထုံး၊ ၆၅၀(လွှတ်တော်)]*

## ပစ္စည်းတံဆိပ်လိမ်ကို သုံးစွဲခြင်း။ (ပုဒ်မ-၄၈၁)

## Using a false property mark. (Section-481)

**<u>ဥပဒေပုဒ်ဆိုချက်</u>**

ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း သို့တည်းမဟုတ် ကုန်စည်များကို သို့တည်းမဟုတ် သေတ္တာ၊ အထုပ်၊ အခြားထည့်စရာတစ်ခုခု၌ ပါရှိသည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း သို့မဟုတ် ကုန်စည်များကို တစ်ဦးတစ်ယောက်သောသူ မပိုင်ပါဘဲလျက် ပိုင်ကြောင်း ယုံကြည်စေရန် ယုတ္တိရှိအောင် စီမံပြုလုပ်ထားသော နည်းလမ်းဖြင့် မည်သူမဆို ထိုရွှေ့ပြောင်းနိုင်သည့် ပစ္စည်းကိုသော် လည်းကောင်း၊ ကုန်စည်များကိုသော် လည်းကောင်း၊ ထိုပစ္စည်း၊ ထိုကုန်စည်တစ်ခုခုပါဝင်သည့် သေတ္တာ၊ အထုပ်၊ အခြားထည့်စရာတစ်ခုခုကိုသော်လည်းကောင်း အမှတ်အသားပြုလျှင်၊ သို့တည်းမဟုတ် ထိုသို့ အမှတ်အသားပါရှိသော သေတ္တာ၊ အထုပ်၊ အခြားထည့်စရာတစ်ခုခုကို သုံးစွဲလျှင် ထိုသူသည် ပစ္စည်းတံဆိပ်လိမ်ကို သုံးစွဲသည်မည်၏။

http://www.cherrythitsar.org



## ကုန်တံဆိပ်လိမ်ကိုဖြစ်စေ၊ ပစ္စည်းတံဆိပ်လိမ်ကိုဖြစ်စေ သုံးစွဲသည့်အတွက် ပြစ်ဒဏ်။ (ပုဒ်မ-၄၈၂)

## Punishment for using a false trade mark or property mark. (Section-482)

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို ကုန်တံဆိပ်လိမ်ကိုဖြစ်စေ၊ ပစ္စည်းတံဆိပ်လိမ်ကိုဖြစ်စေ သုံးစွဲရာ၌ လိမ်လည်လှည့်ဖြားလိုသော အကြံမရှိဘဲ သုံးစွဲကြောင်း ထင်ရှားအောင် သက်သေမပြနိုင်လျှင် ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားလိုသည် ကုန်တံဆိပ် သို့မဟုတ် ပစ္စည်းတံဆိပ်ကို ပိုင်ဆိုင်သူဖြစ်ခြင်း။

၂။ ယင်းတံဆိပ်ကို တရားခံက ၄င်း၏ကုန်စည်၊ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ သေတ္တာ၊ သို့မဟုတ် ထည့်စရာတစ်ခုခုတွင် ပါရှိသော ပစ္စည်း သို့မဟုတ် ကုန်စည်တွင် အမှတ်အသားပြုခြင်း၊ သုံးစွဲခြင်း။

၃။ တရားခံသည် ယင်းတံဆိပ်ကို မပိုင်ဘဲလျက် ပိုင်ကြောင်းယုံကြည်စေရန်နည်းဖြင့် ပြုခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၈၂ | ကုန်တံဆိပ်လိမ် သို့မဟုတ် ပစ္စည်းတံဆိပ်လိမ်ကို တစ်စုံတစ်ယောက်သောသူအား လိမ်လည်လှည့်ဖြားရန်အကြံဖြင့်ဖြစ်စေ၊ နစ်နာစေရန် အကြံဖြင့်ဖြစ်စေ သုံးစွဲမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**စီရင်ထုံး**

၁။ မည်သူမဆို ဆိုသောစကားရပ်တွင် လူတစ်ဦးတစ်ယောက်သာမက အစုစပ်လုပ်ငန်း၊ ကုမ္ပဏီ စသည့်အဖွဲ့အစည်းများလည်းပါဝင်သည်။ သို့ဖြစ်ရာ အစုစပ် သို့မဟုတ် ကုမ္ပဏီတစ်ခုခုအပေါ် ကုန်တံဆိပ်လိမ် သုံးစွဲမှုဖြင့် ပြစ်မှုကြောင်းအရ တရားစွဲဆိုနိုင်ပေသည်။

*[ပါကာမဟာမက်နှင့်အစိုးရ၊ အေအိုင်အာ၊ ၁၉၂၉၊ ရန်ကုန် ၃၂၂]*

http://www.cherrythitsar.org



**အခြားသူသုံးစွဲသော ကုန်တံဆိပ်ကိုသော်လည်းကောင်း၊ ပစ္စည်းတံဆိပ်ကိုသော်လည်းကောင်း အတုပြုခြင်း။ (ပုဒ်မ-၄၈၃)**

**Counterfeiting a trade mark or property mark used by another. (Section-483)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို အခြားသူ တစ်ဦးတစ်ယောက်သုံးစွဲသော ကုန်တံဆိပ်ကိုသော်လည်းကောင်း၊ ပစ္စည်းတံဆိပ်ကိုသော်လည်းကောင်း အတုပြုလျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ကုန်တံဆိပ် သို့မဟုတ် ပစ္စည်းတံဆိပ်ကို အတုပြုခြင်း။
၂။ ယင်းတံဆိပ်သည် အခြားလူတစ်ဦး၏ တံဆိပ်ဖြစ်ခြင်း။
၃။ ယင်းတံဆိပ်ကို ထိုသူက သုံးစွဲနေခြင်း။

**ကျဉ်းချုပ်**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင်နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၈၃ | အခြားသူသုံးစွဲသော ကုန်တံဆိပ်ကိုဖြစ်စေ၊ ပစ္စည်းတံဆိပ်ကိုဖြစ်စေ သုံးရုံးစေရန် သို့မဟုတ် နစ်နာစေရန်အကြံဖြင့် အတုပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**ပြည်သူ့ဝန်ထမ်းသုံးစွဲသော အမှတ်အသားကို အတုပြုခြင်း။ (ပုဒ်မ-၄၈၄)**

**Counterfeiting a mark used by a public servant. (Section-484)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို ပြည်သူ့ဝန်ထမ်းသုံးစွဲသော ပစ္စည်းတံဆိပ်ကို အတုပြုလျှင်၊ သို့တည်းမဟုတ် ပစ္စည်းတစ်ခုကို လူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အချိန်ကာလတစ်ခု၌ဖြစ်စေ၊ နေရာတစ်ခု၌ဖြစ်စေ ထုတ်လုပ်ကြောင်း၊ သို့တည်းမဟုတ် ပစ္စည်းတစ်ခုသည် အမျိုးအစားတစ်ခုဖြစ်ကြောင်း၊ သို့တည်းမဟုတ် ရုံးတစ်ခုခုသို့ရောက်ပြီးဖြစ်ကြောင်း၊ သို့တည်းမဟုတ် ပစ္စည်းတစ်ခုသည် ကင်းလွတ်ခွင့်ရထိုက်ကြောင်း ဖော်ပြရန် ပြည်သူ့ဝန်ထမ်းသုံးစွဲသော အမှတ်အသားကို အတုပြုလျှင်၊ သို့တည်းမဟုတ် ဆိုခဲ့သော ပစ္စည်းတံဆိပ်ကိုသော်လည်းကောင်း၊ အမှတ်အသားကိုသော်

http://www.cherrythitsar.org



လည်းကောင်း အတုဖြစ်ကြောင်း မိမိသိလျက်နှင့် အစစ်အမှန်အဖြစ်ဖြင့် သုံးစွဲလျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ပစ္စည်းတံဆိပ်၊ အခြားအမှတ်အသားတစ်ခုခုကို အတုပြုခြင်း။

၂။ ယင်းအမှတ်အသားသည် ပြည်သူ့ဝန်ထမ်းသုံးစွဲသော အမှတ်အသားဖြစ်ခြင်း။

၃။ ပြည်သူ့ဝန်ထမ်းက သုံးစွဲခြင်းမှာ လူတစ်ယောက်ဖြစ်စေ၊ အချိန်ကာလတစ်ခု၌ဖြစ်စေ၊ နေရာတစ်ခု၌ဖြစ်စေ၊ ထုတ်လုပ်ကြောင်း၊ သို့မဟုတ် ရုံးသို့ရောက်ပြီးဖြစ်ကြောင်းဖြစ်စေ၊ ကင်းလွတ်ခွင့်ရထိုက်ကြောင်းဖြစ်စေ ဖော်ပြရန်ဖြစ်ခြင်း။

*သို့မဟုတ်*

၁။ တရားခံသည် ပစ္စည်းတံဆိပ်၊ အခြားအမှတ်အသားတစ်ခုခုကို အသုံးပြုခြင်း။

၂ နှင့် ၃ တို့မှာ အထက်ပါအင်္ဂါရပ်များအတိုင်း။

၄။ တရားခံသည် ယင်းအမှတ်အသားတံဆိပ်ကို အတုဖြစ်ကြောင်းသိခြင်း။

၅။ တရားခံက အစစ်အမှန်အနေဖြင့် သုံးစွဲခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၈၄ | ပြည်သူ့ဝန်ထမ်းတစ်ဦးက အသုံးပြုသော ပစ္စည်းတံဆိပ်ကိုဖြစ်စေ၊ ထိုပစ္စည်းတစ်ခုခု၏ ထုတ်လုပ်ကြောင်း အမျိုးအစား စသည်တို့ကို ဖော်ပြရန် ပြည်သူ့ဝန်ထမ်းက သုံးစွဲသော အမှတ်အသားကို အတုပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

## ကုန်တံဆိပ်ကိုဖြစ်စေ၊ ပစ္စည်းတံဆိပ်ကိုဖြစ်စေ အတုပြုရန် ကိရိယာတစ်ခုခုကိုပြုလုပ်ခြင်း၊ သို့တည်းမဟုတ် လက်ရှိထားခြင်း။ (ပုဒ်မ-၄၈၅)

## Making or possession of any instrument for counterfeiting a trade mark or property mark. (Section-485)

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို ကုန်တံဆိပ်ကိုသော် လည်းကောင်း၊ ပစ္စည်းတံဆိပ်ကိုသော် လည်းကောင်း အတုပြုရန်အလို့ငှာ တံဆိပ်သွန်းရန် ပုံကိုဖြစ်စေ၊ တံဆိပ်ပြားကိုဖြစ်စေ၊ အခြားကိရိယာကိုဖြစ်စေ ပြုလုပ်လျှင်၊ သို့တည်းမဟုတ် လက်ရှိထားလျှင်၊ သို့တည်းမဟုတ် ကုန်စည်များသည် တစ်ဦးတစ်ယောက်သောသူ၏ ထုပ်လုပ်

http://www.cherrythitsar.org



ကုန်စည်၊ အရောင်းအဝယ်ကုန်စည်တစ်ခုခု မဟုတ်ပါဘဲလျက် ဟုတ်ကြောင်းကို သော်လည်းကောင်း၊ ထိုကုန်စည်များကို တစ်ဦးတစ်ယောက်သောသူက မပိုင်ပါဘဲလျက် ပိုင်ကြောင်းကိုသော်လည်းကောင်း ဖော်ပြရန်အလို့ငှာ ကုန်တံဆိပ်ကိုဖြစ်စေ၊ ပစ္စည်းတံဆိပ်ကိုဖြစ်စေ လက်ရှိထားလျှင် ထိုသူကို သုံးနှစ်ထိထောင်ဒဏ်တစ်မျိုးမျိုး သော်လည်းကောင်း၊ ငွေဒဏ်သော်လည်းကောင်း၊ ဒဏ်နှစ်ရပ်လုံးသော်လည်းကောင်း ချမှတ်ရမည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တရားခံသည် တံဆိပ်သွန်းရန်ပုံ၊ တံဆိပ်ပြား သို့မဟုတ် အခြားကိရိယာ တစ်ခုခုကိုပြုခြင်း သို့မဟုတ် လက်ရှိထားခြင်း။

၂။ ယင်းကိရိယာသည် ကုန်တံဆိပ်၊ ပစ္စည်းတံဆိပ်ကို အတုပြုရန်ဖြစ်ခြင်း သို့မဟုတ်

၁။ တရားခံသည် ကုန်တံဆိပ်ကို လက်ရှိထားခြင်း။

၂။ ယင်းသို့ လက်ရှိထားခြင်းသည် အခြားလူတစ်ဦး၏ ကုန်စည်မဟုတ်ပါဘဲလျက် ဟုတ်ကြောင်းဖော်ပြရန်ဖြစ်ခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၈၅ | အများ သို့မဟုတ် ကိုယ်ပိုင်ပစ္စည်း သို့မဟုတ် ကုန်တံဆိပ်ကို အသုံးပြုရန်အတွက် တံဆိပ် သွန်းရန်ပုံ၊ တံဆိပ်ပြား သို့မဟုတ် အခြား ကိရိယာကို လိမ်လည်လှည့်ဖြားလိုသောသဘော ဖြင့် ပြုလုပ်မှု၊ သို့မဟုတ် လက်ရှိထားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**ကုန်တံဆိပ်လိမ်နှင့်ဖြစ်စေ၊ ပစ္စည်းတံဆိပ်လိမ်နှင့်ဖြစ်စေ အမှတ်အသားထားသော ကုန်စည်များကို ရောင်းခြင်း။ (ပုဒ်မ-၄၈၆)**

**Selling goods marked with a counterfeit trade mark or property mark. (Section-486)**

**<u>ဥပဒေပြဋ္ဌာန်းချက်</u>**

မည်သူမဆို ကုန်တံဆိပ်လိမ်ဖြစ်စေ၊ ပစ္စည်းတံဆိပ်လိမ်ဖြစ်စေ စွဲကပ်ထားသော သို့တည်းမဟုတ် ခပ်နှိပ်ထားသော ကုန်စည်များကို၊ သို့တည်းမဟုတ် အရာများကို၊ သို့တည်းမဟုတ် ကုန်တံဆိပ်လိမ်ဖြစ်စေ၊ ပစ္စည်းတံဆိပ်လိမ်ဖြစ်စေ စွဲကပ်ထားသော

http://www.cherrythitsar.org



သို့တည်းမဟုတ် ခပ်နှိပ်ထားသော သေတ္တာ၊ အထုပ်၊ အခြားထည့်စရာတစ်ခုခု၌ ပါရှိသည့် ကုန်စည်များကို၊ သို့တည်းမဟုတ် အရာများကို ရောင်းသည်တွင်၊ သို့တည်း မဟုတ် ရောင်းရန်ပြထားသည်တွင်၊ သို့တည်းမဟုတ် ရောင်းရန်သော်လည်းကောင်း၊ ကုန်သွယ်ရန်သော်လည်းကောင်း၊ ထုတ်လုပ်ရန်သော်လည်းကောင်း လက်ရှိထား သည်တွင်-

(က) ဤပုဒ်မအရ ပြစ်မှုကျူးလွန်ခြင်းကို မဖြစ်စေရန် သင့်လျော်သော ကြိုတင် သတိပြုချက်အလုံးစုံကို ထားရှိလျက် စွပ်စွဲခံရသည့်အမှုကို ပြုသည့်အချိန် အခါ၌ တံဆိပ်ကို မသင်္ကာဖြစ်ရန် အကြောင်းမရှိဟူ၍လည်းကောင်း။

(ခ) တရားစွဲဆိုသူကဖြစ်စေ၊ သို့တည်းမဟုတ် ကိုယ်စားဖြစ်စေ တောင်းဆိုသော အခါ အဆိုပါကုန်စည်များကို၊ သို့တည်းမဟုတ် အရာများကို မည်သူ့ထံမှ ရရှိကြောင်း မိမိတတ်နိုင်သမျှ သတင်းအလုံးစုံကို ပေးခဲ့သည်ဟူ၍လည်းကောင်း သက်သေအထင်အရှား မပြနိုင်လျှင်၊ သို့တည်းမဟုတ်

(ဂ) မိမိသည် အခြားနည်းဖြင့် အပြစ်ကင်းစွာပြုခဲ့သည်ဟု သက်သေအထင်အရှား မပြနိုင်လျှင်

ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တရားခံသည် ကုန်ပစ္စည်းကိုရောင်းခြင်း၊ ရောင်းရန်ပြသခြင်း၊ ရောင်းရန်သော် လည်းကောင်း၊ ကုန်သွယ်ရန်သော်လည်းကောင်း၊ ထုတ်လုပ်ရန်သော် လည်း ကောင်း လက်ရှိထားခြင်း။

၂။ ယင်းကုန်ပစ္စည်းတွင် တံဆိပ်စွဲကပ်ထားခြင်း၊ ခပ်နှိပ်ထားခြင်း။

၃။ ထိုကဲ့သို့ စွဲကပ်ထားသော၊ ခပ်နှိပ်ထားသောတံဆိပ်သည် အတုဖြစ်ခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၈၆ | ကုန်တံဆိပ်လိပ်နှင့်ဖြစ်စေ၊ အခြားတံဆိပ်လိပ် နှင့်ဖြစ်စေ အမှတ်အသားထားသော ကုန်ပစ္စည်း ကို သိလျက်နှင့် ရောင်းမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



## ကုန်စည်များပါရှိသော ထည့်စရာအပေါ်၌ အမှတ်အသားလိမ်ပြုခြင်း။ (ပုဒ်မ-၄၈၇)

## Making a false mark upon any receptacle containing goods. (Section-487)

**ဥပဒေဖွင့်ဆိုချက်**

သေတ္တာ၊ အထုပ်၊ ထည့်စရာတစ်ခုခုတွင် ကုန်စည်မပါရှိဘဲလျက် ပါရှိကြောင်းကို၊ သို့တည်းမဟုတ် ပါရှိပါလျက် မပါရှိကြောင်းကို၊ သို့တည်းမဟုတ် ပါရှိသော ကုန်စည်များသည် ပစ္စည်းမှန်၊ သို့တည်းမဟုတ် အမျိုးမှန်မဟုတ်ပါဘဲလျက် ဟုတ်ကြောင်းကို ပြည်သူ့ဝန်ထမ်းအားသော်လည်းကောင်း၊ သူတစ်ပါးအားသော်လည်းကောင်း ယုံကြည်စေရန် ယုတ္တိရှိအောင် စီမံပြုလုပ်ထားသော နည်းလမ်းဖြင့် မည်သူမဆို ကုန်စည်များပါရှိသော သေတ္တာ၊ အထုပ်၊ ထည့်စရာတစ်ခုခုအပေါ်၌ အမှတ်အသားလိမ် ပြုလုပ်သည်တွင် လိမ်လည်လှည့်ဖြားလိုသောအကြံမရှိဘဲ မိမိပြုလုပ်ကြောင်း ထင်ရှားအောင် သက်သေမပြနိုင်လျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် သေတ္တာ၊ အထုပ်၊ ထည့်စရာတစ်ခုခုတွင် အမှတ်အသားပြုခြင်း။

၂။ ယင်းအမှတ်အသားသည် အမှတ်အသားလိမ်ဖြစ်ခြင်း။

၃။ ပြည်သူ့ဝန်ထမ်းကိုဖြစ်စေ၊ အခြားသူကိုဖြစ်စေ၊ ယင်းထည့်သည့်အရာတွင်-
- (က) ကုန်စည်မပါဘဲလျက် ရှိကြောင်း၊
- (ခ) ကုန်စည်ပါရှိပါလျက် မပါရှိကြောင်း၊
- (ဂ) အမျိုးမှန်မဟုတ်သော ကုန်စည်ကို အမျိုးမှန်ဖြစ်ကြောင်း ယုံကြည်စေရန် နည်းလမ်းဖြင့် ပြုထားခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၈၇ | ကုန်စည်မပါရှိဘဲ ပါရှိကြောင်း ယုံကြည်စေရန် အကြံဖြင့် အထုပ်အပိုး၊ သို့မဟုတ် အခြား ထည့်စရာတစ်ခုခုအပေါ်၌ လိမ်လည်လှည့်ဖြား လိုသောသဘောဖြင့် ပြုလုပ်မှု။ အမှတ်အသားကို အတုပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



**ဆိုခဲ့သော အမှတ်အသားလိမ်ကို သုံးစွဲသည့်အတွက် ပြစ်ဒဏ်။ (ပုဒ်မ-၄၈၈)**

**Punishment for making use of any such false mark. (Section-488)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို တစ်ဆက်တည်းဖြစ်သော အထက်ပုဒ်မအရ တစ်နည်းနည်းဖြင့် တားမြစ်ထားသော အဆိုပါ အမှတ်အသားလိမ်ကို သုံးစွဲသည်တွင် လိမ်လည် လှည့်ဖြားလိုသောအကြံမရှိဘဲ မိမိပြုလုပ်ကြောင်း ထင်ရှားအောင် သက်သေမပြ နိုင်လျှင် ထိုသူကို ထိုပုဒ်မအရ ပြစ်မှုကျူးလွန်ဘိသကဲ့သို့ ပြစ်ဒဏ်ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် သေတ္တာ၊ အထုပ်၊ ထည့်စရာတစ်ခုခုတွင် ပြုလုပ်ထားသည့် အမှတ်အသားကို အသုံးပြုခြင်း။

၂။ ပုဒ်မ ၄၈၇ တွင် ဖော်ပြထားသည့် အင်္ဂါရပ် ၂ နှင့် ၃။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၈၈ | ဆိုခဲ့သော အမှတ်အသားလိမ်ကို သုံးစွဲမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၃နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**နစ်နာစေရန်အကြံဖြင့် ပစ္စည်းတံဆိပ်ကို တစ်မျိုးတစ်ဖုံပြုခြင်း။ (ပုဒ်မ-၄၈၉)**

**Tempering with property mark with intent to cause injury. (Section-489)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို လူတစ်ဦးတစ်ယောက်အား နစ်နာစေရန် ကြံရွယ်လျက်သော် လည်းကောင်း၊ ထိုသို့နစ်နာစေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ပစ္စည်းတံဆိပ်ကို ဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်း၊ ပုံသဏ္ဌာန်ဖျက်ခြင်း၊ ထပ်ထည့်ခြင်း တစ်ခုခုပြုလျှင် ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

http://www.cherrythitsar.org



**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ အခင်းဖြစ်အမှတ်အသားသည် ပစ္စည်းတံဆိပ်ဖြစ်ခြင်း။

၂။ တရားခံက ယင်းတံဆိပ်ကို ဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်း၊ ပုံသဏ္ဌာန်ဖျက်ခြင်း၊ ထပ်ထည့်ခြင်း။

၃။ လူတစ်ဦးတစ်ယောက်အား နစ်နာစေရန် ကြံရွယ်လျက်သော် လည်းကောင်း၊ နစ်နာစေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ပြုခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၈၉ | နစ်နာစေရန်အကြံဖြင့် ပစ္စည်းတံဆိပ်ကို ဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပုံသဏ္ဌာန်ဖျက်ခြင်းပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |
| ၄၈၉ | ငွေစက္ကူကိုဖြစ်စေ၊ ဘဏ်ငွေလက်မှတ်ကို ဖြစ်စေ၊ အတုပြုရန် ကိရိယာကိုဖြစ်စေ၊ များကိုဖြစ်စေ ပြုလုပ်မှု သို့မဟုတ် လက်ရှိထားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | သမ္မန်စာ | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | တစ်သက် တစ်ကျွန်းဒဏ် ဖြစ်စေ၊ ၁၀နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



## ငွေစက္ကူနှင့် ဘဏ်ငွေလက်မှတ်များ

**ငွေစက္ကူများကိုဖြစ်စေ၊ ဘဏ်ငွေလက်မှတ်များကိုဖြစ်စေ လိမ်လည်အတုပြုခြင်း။ (ပုဒ်မ-၄၈၉ က)**

**Counterfeiting currency-notes or bank - notes. (Section-489 A)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို ငွေစက္ကူကိုဖြစ်စေ၊ ဘဏ်ငွေလက်မှတ်ကိုဖြစ်စေ လိမ်လည်အတုပြုလျှင်၊ သို့တည်းမဟုတ် မိမိသိလျက်နှင့် ထိုသို့လိမ်လည်အတုပြုမှုလုပ်ငန်းအဆင့်ဆင့်တွင် အဆင့်တစ်ခုခုကိုပြုလျှင် ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

*ရှင်းလင်းချက်။* ဤပုဒ်မနှင့် ပုဒ်မ ၄၈၉(ခ)၊ ၄၈၉(ဂ)၊ ၄၈၉(ဃ) များ၏ကိစ္စအလို့ငှာ ဘဏ်ငွေလက်မှတ်ဆိုသည်မှာ ကမ္ဘာပေါ်ရှိ အရပ်ဒေသတစ်ခုခု၌ ဘဏ်လုပ်ငန်းကို လုပ်ကိုင်သူက ထုတ်သည်လည်းဖြစ်၍၊ သို့တည်းမဟုတ် နိုင်ငံတော်ကဖြစ်စေ၊ အချုပ်အခြာအာဏာပိုင်ကဖြစ်စေ၊ နိုင်ငံတော်၏အမိန့်အရဖြစ်စေ၊ အချုပ်အခြာအာဏာပိုင်၏ အမိန့်အရဖြစ်စေ ထုတ်သည်လည်းဖြစ်၍ ငွေနှင့်အလားတူသော်လည်းကောင်း၊ ငွေအစားသော်လည်းကောင်း သုံးစွဲရန်ကြံရွယ်သည်လည်းဖြစ်သော ငွေပေးကတိစာချုပ်ကို၊ သို့တည်မဟုတ် ဝန်ခံချက်စာတမ်းကို ဆိုလိုသည်။ ထို ငွေပေးကတိစာချုပ်နှင့် ဝန်ခံချက်စာတမ်းတို့သည် ဆောင်ယူလာသူ တောင်းခံသည့်အခါတွင် ဆောင်ယူလာသူအား ငွေပေးရန်ဖြစ်သောအရာများဖြစ်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် လိမ်လည်အတုပြုခြင်း သို့မဟုတ် လိမ်လည်အတုပြုမှု လုပ်ငန်းအဆင့်ဆင့်တွင် အဆင့်တစ်ခုကိုပြုခြင်း။

၂။ ထိုကဲ့သို့ပြုသောအရာမှာ ငွေစက္ကူ သို့မဟုတ် ဘဏ်ငွေလက်မှတ်ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၈၉ က | ငွေစက္ကူများကိုဖြစ်စေ၊ ဘဏ်ငွေလက်မှတ်များကိုဖြစ်စေ လိမ်လည်အတုပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | တစ်သက်တစ်ကျွန်း ဒဏ်ဖြစ်စေ၊ ၁၀ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး။ |

http://www.cherrythitsar.org



**ငွေစက္ကူအတုကိုဖြစ်စေ၊ ဘဏ်ငွေလက်မှတ်အတုကိုဖြစ်စေ အစစ်အမှန်အနေဖြင့် သုံးစွဲခြင်း။ (ပုဒ်မ-၄၈၉ ခ)**

**Using as genuine forged or counterfeit currency-notes or bank - notes. (Section-489 B)**

<u>**ဥပဒေပြဋ္ဌာန်းချက်**</u>

မည်သူမဆို ငွေစက္ကူအတုကိုသော်လည်းကောင်း၊ ဘဏ်ငွေလက်မှတ်ကိုသော်လည်းကောင်း အတုပြုထားကြောင်း သိလျက်ဖြစ်စေ၊ ထိုသို့ပြုထားကြောင်းယုံကြည်ရန် အကြောင်းရှိလျက်ဖြစ်စေ ရောင်းခြင်း၊ ဝယ်ခြင်း၊ လက်ခံခြင်း၊ အခြားနည်းကုန်သွယ်ခြင်း၊ အစစ်အမှန်အနေဖြင့် သုံးစွဲခြင်း တစ်ခုခုကိုပြုလျှင် ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

<u>**အကျုံးဝင်သည့် အင်္ဂါရပ်များ**</u>

၁။ ငွေစက္ကူ သို့မဟုတ် ဘဏ်ငွေလက်မှတ်သည် အတုဖြစ်ခြင်း။

၂။ တရားခံသည် ထိုငွေစက္ကူ သို့မဟုတ် ဘဏ်ငွေလက်မှတ်ကို ရောင်းခြင်း၊ ဝယ်ခြင်း၊ လက်ခံခြင်း၊ အခြားနည်း ကုန်သွယ်ခြင်း၊ အစစ်အမှန်အနေဖြင့် သုံးစွဲခြင်း။

၃။ အတုပြုထားကြောင်း သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန် အကြောင်းရှိလျက်နှင့် ဖြစ်စေ ပြုခြင်း။

<u>**ကျင့်ထုံး**</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၈၉ ခ | ငွေစက္ကူအတုကိုဖြစ်စေ၊ ဘဏ်ငွေလက်မှတ်အတုကိုဖြစ်စေ အစစ်အမှန်အနေဖြင့် အသုံးပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | တစ်သက် တစ်ကျွန်း ဒဏ်ဖြစ်စေ၊ ၁၀ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး။ |

http://www.cherrythitsar.org



**ငွေစက္ကူအတုကိုဖြစ်စေ၊ ဘဏ်ငွေလက်မှတ်အတုကိုဖြစ်စေ လက်ရှိထားခြင်း။ (ပုဒ်မ-၄၈၉ ဂ)**

**Possession of forged or counterfeit currency-notes or bank - notes. (Section-489 C)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို ငွေစက္ကူအတုကိုသော်လည်းကောင်း၊ ဘဏ်ငွေလက်မှတ်ကိုသော်လည်းကောင်း အတုပြုထားကြောင်းကို သိလျက်၊ သို့တည်းမဟုတ် ထိုသို့ပြုထားကြောင်း ယုံကြည်ရန် အကြောင်းရှိလျက်၊ ထို့ပြင် အစစ်အမှန်အနေဖြင့် သုံးစွဲရန်၊ သို့တည်းမဟုတ် သုံးစွဲနိုင်စေရန်ကြံရွယ်လျက် လက်ရှိထားလျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ငွေစက္ကူ သို့မဟုတ် ဘဏ်ငွေလက်မှတ်သည် အတုဖြစ်ခြင်း။
၂။ တရားခံသည် ၎င်းငွေစက္ကူ သို့မဟုတ် လက်မှတ်ကို လက်ရှိထားခြင်း။
၃။ အတုပြုထားကြောင်းသိလျက်၊ ယုံကြည်ရန် အကြောင်းရှိလျက် လက်ရှိထားခြင်း။
၄။ အစစ်အမှန်အနေဖြင့် သုံးစွဲရန် ကြံရွယ်လျက် ထားရှိခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၈၉ ဂ | ငွေစက္ကူအတုကိုဖြစ်စေ၊ ဘဏ်ငွေလက်မှတ်အတုကိုဖြစ်စေ လက်ရှိထားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိသည်။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | စက်ရှင် တရားရုံး။ |

http://www.cherrythitsar.org



**ငွေစက္ကူကိုဖြစ်စေ၊ ဘဏ်ငွေလက်မှတ်ကိုဖြစ်စေ အတုပြုရန်ကိရိယာကိုသော်လည်းကောင်း၊ ပစ္စည်းများကိုသော်လည်းကောင်း ပြုလုပ်ခြင်း၊ သို့တည်းမဟုတ် လက်ရှိထားခြင်း။ (ပုဒ်မ-၄၈၉ ဃ)**

**Making or possessing instruments or materials for forging or counterfeiting currency-notes or bank - notes. (Section-489 D)**

**ဥပဒေဖွင့်ဆိုချက်**

မည်သူမဆို ငွေစက္ကူကိုသော်လည်းကောင်း၊ ဘဏ်ငွေလက်မှတ်ကိုသော်လည်းကောင်း အတုပြုမှုအတွက် အသုံးပြုရန်ဖြစ်စေ၊ ထိုသို့အသုံးပြုရန် ရည်ရွယ်သည်ကို သိလျက်နှင့်၊ သို့တည်းမဟုတ် ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ စက်ကိရိယာကို၊ သို့တည်းမဟုတ် ကိရိယာကို၊ သို့တည်းမဟုတ် ဝတ္ထုပစ္စည်းကို ပြုလုပ်လျှင်၊ သို့တည်းမဟုတ် စက်ကိရိယာ၊ ကိရိယာ၊ ဝတ္ထုပစ္စည်းတစ်ခုခုပြုမှုလုပ်ငန်းအဆင့်ဆင့်တွင် အဆင့်တစ်ခုခုကိုပြုလုပ်လျှင်၊ သို့တည်းမဟုတ် ဝယ်ခြင်း၊ ရောင်းခြင်း၊ စီမံခန့်ခွဲခြင်း တစ်ခုခုပြုလျှင်၊ သို့တည်းမဟုတ် လက်ရှိထားလျှင် ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ငွေစက္ကူ သို့မဟုတ် ဘဏ်ငွေလက်မှတ်ကို အသုံးပြုရန်အတွက် အသုံးပြုသော စက်ကိရိယာ၊ ကိရိယာ၊ ဝတ္ထုပစ္စည်းတစ်ခုခုဖြစ်ခြင်း။

၂။ ထိုပစ္စည်းကို တရားခံသည်-

(က) ပြုလုပ်ခြင်း။

(ခ) ပြုလုပ်မှုလုပ်ငန်းအဆင့်ဆင့်တွင် အဆင့်တစ်ခုခုကိုပြုခြင်း။

(ဂ) ဝယ်ခြင်း။

(ဃ) ရောင်းခြင်း။

(င) စီမံခန့်ခွဲခြင်း။

(စ) လက်ရှိထားခြင်း။

၃။ တရားခံသည် ထိုပစ္စည်းမှာ ငွေစက္ကူ သို့မဟုတ် ဘဏ်ငွေလက်မှတ် အတုပြုမှုအတွက် အသုံးပြုရန်ဖြစ်သည်ဟုသိခြင်း၊ ယုံကြည်ရန်အကြောင်းရှိခြင်း။

http://www.cherrythitsar.org



## အခန်း(၁၉)
## ဆောင်ရွက်မှုပဋိညာဉ်ကို ရာဇဝတ်ဒဏ်ထိုက်အောင် ဖောက်ဖျက်ခြင်း

**အားကိုးရာမဲ့ဖြစ်သူကို ပြုစုကြည့်ရှု၍ အလိုရှိသည့်အရာများကို ဖြည့်စွမ်းရန် ဖြစ်သော ပဋိညာဉ်ကိုဖောက်ဖျက်မှု။ (ပုဒ်မ-၄၉၁)**

**Breach of contract to attend on and supply wants of helpless person. (Section-491)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို အသက်ငယ်ခြင်းကြောင့်သော်လည်းကောင်း၊ စိတ်ပေါ့သွပ်ခြင်းကြောင့်သော်လည်းကောင်း၊ ရောဂါစွဲကပ်ခြင်းကြောင့်သော်လည်းကောင်း၊ ကိုယ်လက်အင်္ဂါ ချို့နဲ့ခြင်းကြောင့်သော်လည်းကောင်း အားကိုးရာမဲ့သော၊ သို့တည်းမဟုတ် မိမိ၏ လုံခြုံမှုအတွက် ကိုယ်တိုင်မစွမ်းဆောင်နိုင်သော၊ သို့တည်းမဟုတ် မိမိအလိုရှိသည်ကို မိမိကိုယ်တိုင် မဖြည့်စွမ်းနိုင်သောသူကို ဥပဒေနှင့်အညီ ပြုလုပ်သည့် ပဋိညာဉ်အရ ပြုစုကြည့်ရှုရန်၊ သို့တည်းမဟုတ် ထိုသူ၏အလိုများကို ဖြည့်စွမ်းရန် တာဝန်ရှိပါလျက် ထိုတာဝန်ကို မိမိအလိုအလျောက် မဆောင်မရွက် ချန်လှပ်ထားလျှင် ထိုသူကို သုံးလအထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ နှစ်ရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် လူတစ်ဦးအား ပြုစုကြည့်ရှုရန်၊ သို့မဟုတ် ထိုသူ၏အလိုများ ဖြည့်စွမ်းရန် ပဋိညာဉ်ပြုခြင်း။

၂။ ထိုပဋိညာဉ်သည် ဥပဒေနှင့်အညီဖြစ်ခြင်း။

၃။ ထိုသူသည် အားကိုးရာမဲ့သော၊ မိမိ၏ လုံခြုံမှုအတွက် မိမိကိုယ်တိုင် မစွမ်းဆောင်နိုင်သော၊ မိမိအလိုရှိသည်ကို မိမိကိုယ်တိုင် မဖြည့်စွမ်းနိုင်သူဖြစ်ခြင်း။

၄။ ထိုကဲ့သို့ဖြစ်ရခြင်းမှာ အသက်ငယ်ခြင်းကြောင့်သော်လည်းကောင်း၊ စိတ်ပေါ့သွပ်ခြင်းကြောင့်သော်လည်းကောင်း၊ ရောဂါစွဲကပ်ခြင်းကြောင့်သော်လည်းကောင်း၊ ကိုယ်လက် အင်္ဂါ ချို့နဲ့ခြင်းကြောင့်သော်လည်းကောင်း ဖြစ်ခြင်း။

၅။ တရားခံသည် ထိုသူအား ပြုစုရန်သော်လည်းကောင်း၊ အလိုဖြည့်စွမ်းရန်သော်လည်းကောင်း မဆောင်ရွက် ချန်လှပ်ခြင်း။

၆။ ယင်းသို့ မဆောင်ရွက် ချန်လှပ်ခြင်းမှာ တရားခံအလိုအလျောက်ဖြစ်ခြင်း။

http://www.cherrythitsar.org



<u>ကျင့်ထုံး</u>

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၉၁ | အသက်ငယ်ခြင်းကြောင့်သော်လည်းကောင်း၊ စိတ်ပေါ့သွပ်ခြင်းကြောင့်သော်လည်းကောင်း၊ ရောဂါစွဲကပ်ခြင်းကြောင့်သော်လည်းကောင်း၊ အားကိုးရာမဲ့သော တစ်ဦးတစ်ယောက်၏ အလိုများကို ပြုစုကြည့်ရှုရန်ဖြစ်စေ၊ ဖြည့်စွက်ရန်ဖြစ်စေ တာဝန်ရှိလျက် ထိုတာဝန်ကို မိမိ အလိုအလျောက် မဆောင်ရွက်ချန်လှပ်ထားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | သမ္မန်စာ | အာမခံ ပေးရမည်။ | ကျေအေးခွင့် ရှိသည်။ | ၃လထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်ငွေ ၂၀၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**<u>ပြစ်မှုကိုကျေအေးနိုင်သူများ</u>**

ပြစ်မှုကျူးလွန်သူက ပငိုညာဉ်ပေးထားသူ။

http://www.cherrythitsar.org



# အခန်း(၂၀)
# ထိမ်းမြားခြင်းဆိုင်ရာ ပြစ်မှုများ

## တရားဝင်ထိမ်းမြားကြောင်းကို ယုံကြည်စေရန် ယောကျာ်းက လှည့်ဖြားလိုသောသဘောဖြင့် သွေးဆောင်၍ ကာမစပ်ယှက်ခြင်း။ (ပုဒ်မ-၄၉၃)

## Cohabitation caused by a man deceitfully inducing a belief of lawful marriage. (Section-493)

**ဥပဒေပြဋ္ဌာန်းချက်**

မည်သည့်ယောကျာ်းမဆို မိမိနှင့်တရားဝင်ထိမ်းမြားခြင်းမပြုသော မိန်းမကို မိမိနှင့်တရားသဖြင့် ထိမ်းမြားကြောင်း လှည့်ဖြားယုံကြည်စေ၍ ထိုသို့ ယုံကြည်စေသဖြင့် မိမိနှင့်ကာမစပ်ယှက်စေလျှင် ထိုသူကို ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် အမျိုးသမီးနှင့် တရားဝင်ထိမ်းမြားမှု မရှိခြင်း။
၂။ တရားခံက အမျိုးသမီးအား တရားဝင်ထိမ်းမြားခဲ့သည်ဟု လှည့်ဖြားယုံကြည်စေခြင်း။
၃။ ယင်းသို့ယုံကြည်စေသဖြင့် အမျိုးသမီးအား ကာမစပ်ယှက်ခွင့်ပြုခြင်း။
၄။ တရားခံက အမျိုးသမီးအား ကာမစပ်ယှက်ခဲ့ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၉၃ | မိမိနှင့်တရားဝင်ထိမ်းမြားခြင်းမပြုသော မိန်းမတစ်ဦးကို မိမိနှင့်တရားသဖြင့် ထိမ်းမြားကြောင်း လှည့်ဖြားယုံကြည်စေ၍ ထိုသို့ယုံကြည်စေသဖြင့် မိမိနှင့် ကာမစပ်ယှက်စေမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၁၀နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး။ |

**စီရင်ထုံး**

၁။ အတုအယောင် ထိမ်းမြားလက်ထပ်မှုပြုကာ လိမ်လည်ခြင်းပင်ဖြစ်သည်။ မယားရှိယောကျာ်းဖြစ်စေ၊ လူပျိုဖြစ်စေ အမျိုးသမီးတစ်ဦးအား ယင်း၏အမြှောင်မယားဖြစ်စေခြင်းပင်ဖြစ်၏။ မဟာမေဒင်ဥပဒေအရ မဟာမေဒင်ယောကျာ်းနှစ်ဦး ရှေ့မှောက်တွင် ထိမ်းမြားလက်ထပ်ရမည်ဖြစ်သော်လည်း တရားလိုနှင့် တရားခံတို့

http://www.cherrythitsar.org



သည် ဗလီဆရာတစ်ဦးရှေ့၌ ထိမ်းမြားခဲ့သဖြင့် မဟာမေဒင်ဥပဒေအရ နည်းလမ်းမကျသော ထိမ်းမြားမှုသာဖြစ်၍ တရားမဝင်သော ထိမ်းမြားမှု မဟုတ်သောကြောင့် ပုဒ်မ ၄၉၃ နှင့် အကျုံးမဝင်။

*[ဦးဖိုးစိန်(ခ)ဟူစိန်ဟာမက်နှင့်ပြည်ထောင်စု၊ ၁၉၈၃၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၁၂၈]*

၂။ ဤပုဒ်မအရ အရေးယူရန်လျှောက်ထားချက်ကို နစ်နာသူက ပြုလုပ်ခြင်းမရှိက တရားရုံးသည် အရေးယူနိုင်ခြင်း မပြုနိုင်။

*[ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၈]*

## လင် သို့တည်းမဟုတ် မယားရှိနေစဉ် ကာလအတွင်း ထပ်မံထိမ်းမြားခြင်း။ (ပုဒ်မ-၄၉၄)

## Marrying again during life-time of husband or wife. (Section-494)

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို အသက်ရှင်သော လင်ဖြစ်စေ၊ မယားဖြစ်စေ ရှိသည်ဖြစ်၍ နောက်ထပ်ထိမ်းမြားရာတွင် ထိုလင်ဖြစ်စေ၊ ထိုမယားဖြစ်စေ အသက်ရှင်လျက်ရှိခြင်းကြောင့် ထိမ်းမြားခြင်းအတည်မဖြစ်သော ကိစ္စမျိုး၌ နောက်ထပ်ထိမ်းမြားလျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

*ကင်းလွတ်ချက်။* မူလထိမ်းမြားခြင်းသည် အတည်မဖြစ်ဟု စီရင်ပိုင်ခွင့်ရှိသော ရုံးတော်က စီရင်ဆုံးဖြတ်ပြီးဖြစ်လျှင် ဤပုဒ်မနှင့် မသက်ဆိုင်စေရ။

အထက် လင်သော်လည်းကောင်း၊ အထက် မယားသော်လည်းကောင်း အသက်ရှိစဉ်ကာလအတွင်း နောက်ထပ်ထိမ်းမြားသည့်ကိစ္စတွင် ထိုလင်သည် သို့တည်းမဟုတ် ထိုမယားသည် ခုနစ်နှစ်တိုင်တိုင် မလာမရောက်ရှိလျှင်လည်းကောင်း၊ ထိုအချိန်ကာအတွင်း၌လည်း ထိုလင်၊ သို့တည်းမဟုတ် ထိုမယား အသက်ရှင်လျက်ရှိသည်ဟု မကြားခဲ့လျှင်လည်းကောင်း၊ နောက်ထပ်ထိမ်းမြားမည့်သူကို ထိမ်းမြားခြင်းမပြုမီ မိမိသိသမျှဖြစ်သော အကြောင်းခြင်းရာအမှန်ကို ဖွင့်ပြောလျှင် လည်းကောင်း ဤပုဒ်မနှင့် မသက်ဆိုင်စေရ။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် တစ်စုံတစ်ယောက်အား လက်ထပ်ခဲ့ပြီးခြင်း။
၂။ ထိုလက်ထပ်ခဲ့သောသူမှာ အသက်ရှင်လျက်ရှိခြင်း။
၃။ တရားခံသည် အခြားလူတစ်ဦးအား နောက်ထပ် လက်ထပ်ခြင်း။
၄။ ယင်းသို့ နောက်ထပ် လက်ထပ်ခြင်းသည် ပဌမလက်ထပ်ခဲ့သူ အသက်ရှင်လျက်ရှိခြင်းကြောင့် အတည်မဖြစ်ခြင်း။

http://www.cherrythitsar.org



**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၉၄ | လင် သို့မဟုတ် မယားရှိနေစဉ်ကာလအတွင်း ထပ်မံထိမ်းမြားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | တရားလိုဘက် စစ်ဆေးဆဲ တရားရုံးက ခွင့်ပြုလျှင် ကျေအေးခွင့် ရှိသည်။ | ၇နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**ပြစ်မှုကိုကျေအေးနိုင်သူများ**

ထိုကဲ့သို့ ထိမ်းမြားသူ၏လင် သို့မဟုတ် မယား။

**နောက်ထပ်ထိမ်းမြားမည့်သူအား အထက်က ထိမ်းမြားခြင်းအကြောင်းကို ထိမ်ချန်သည့်အတွက် ထပ်တူပြစ်ဒဏ်။ (ပုဒ်မ-၄၉၅)**

**Same offence with concealment of former marriage from person with whom subsequent marriage is contracted. (Section-495)**

**ဥပဒေပွင့်ဆိုချက်**

မည်သူမဆို နောက်ထပ် ထိမ်းမြားမည့်သူအား အထက်က ထိမ်းမြားခြင်း အကြောင်းကို ထိမ်ချန်၍ တစ်ဆက်တည်းဖြစ်သော အထက်ပုဒ်မ၌ ဖော်ပြထားသည့် ပြစ်မှုကို ကျူးလွန်လျှင် ထိုသူကို ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပုဒ်မ ၄၉၄ တွင် လိုအပ်သည့် အင်္ဂါရပ်များ။

၂။ တရားခံသည် နောက်ထပ်ထိမ်းမြားသူအား အထက်က ထိမ်းမြားခြင်း အကြောင်း ထိမ်ချန်ထားခြင်း။

http://www.cherrythitsar.org



**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၉၄ | နောက်ထပ်ထိမ်းမြားမည့်သူအား အထက်က ထိမ်းမြားခြင်းအကြောင်းကို ထိမ်ချန်သည့်ပြစ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၁၀နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး |

**စီရင်ထုံး**

၁။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၅ သည် လင် သို့မဟုတ် မယား အသက်ရှိစဉ် နောက်ထပ်ထိမ်းမြားခြင်း အတည်မဖြစ်နိုင်သော ဘာသာဝင်များနှင့် သက်ဆိုင်သည့် ခရစ်ယာန်ဘာသာဝင်များ အနေဖြင့် တရားဝင် ထိမ်းမြားလက်ထပ်ပြီး နောက်ထပ် ထိမ်းမြားခြင်းပြုပါက ပုဒ်မ ၄၉၅ အရ ပြစ်မှုမြောက်နိုင်မည်ဖြစ်သော်လည်း ဗုဒ္ဓဘာသာဝင် ယောကျ်ားများသည် မယားကြီးရှိလျက်နှင့် နောက်ထပ် အိမ်ထောင်ပြုစေကာမူ တရားဝင်အိမ်ထောင်ပြုရာရောက်သည်ဖြစ်သောကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၅ အရ ပြစ်မှုမမြောက်ချေ။

*[မောင်ကျော်မြင့်နှင့်ပြည်ထောင်စု၊ ၁၉၇၉၊ မြန်မာပြည်စီရင်ထုံး၊ ၁၀]*

၂။ ရာဇသတ်ကြီးပုဒ်မ ၄၉၅ အရ ယောကျ်ားသည် မယားအသက်ရှင်လျက်ရှိခြင်းကြောင့် နောက်အိမ်ထောင်ပြုခြင်းသည် အတည်မဖြစ်သော ကိစ္စမျိုး၌ နောက်ထပ်ထိမ်းမြားသူအား အထက်က ထိမ်းမြားခြင်းအကြောင်းကို ထိမ်ချန်လျှင် ၎င်းသည် ထိုပုဒ်မ၏ ပြဋ္ဌာန်းချက်အရ ပြစ်မှုကျူးလွန်ရာရောက်သည်။ ကိုစိုးသိန်းသည် မြန်မာဗုဒ္ဓဘာသာဝင်ဖြစ်သည့်အလျောက် မယားကြီးရှိစေကာမူ နောက်ထပ် တရားဝင် အိမ်ထောင်ပြုနိုင်သည်။ ဤအမှုတွင် မတင်အေးသည် တရားဝင်ဇနီးအဖြစ်သို့ ရောက်ရှိပြီးဖြစ်ကြောင်း ယူဆနိုင်သည်။ သို့ဖြစ်၍ လျှောက်ထားသူသည် ရာဇသတ်ကြီးပုဒ်မ ၄၉၅ ရှိ ပြဋ္ဌာန်းချက်ပါ ပြစ်မှုမျိုး ကျူးလွန်နိုင်မည်မဟုတ်ပေ။

*[ကိုစိုးသိန်းနှင့်ပြည်ထောင်စု၊ ၁၉၇၃၊ မြန်မာပြည်စီရင်ထုံး၊ ၁၀]*

http://www.cherrythitsar.org



**တရားဝင်ထိမ်းမြားခြင်းမမြောက်ဘဲ လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် ထိမ်းမြားခြင်းအခမ်းအနားကို ခံယူမှု။ (ပုဒ်မ-၄၉၆)**

**Marriage ceremony fraudulently gone through without lawful marriage. (Section-496)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို မရိုးမဖြောင့်သောသဘောဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားလိုသော အကြံဖြင့်ဖြစ်စေ တရားဝင် ထိမ်းမြားခြင်းမမြောက်သည်ကို သိလျက်နှင့် ထိမ်းမြားခြင်းအခမ်းအနားကို ခံယူလျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ထိမ်းမြားခြင်းအခမ်းအနားကို ခံယူခြင်း။

၂။ တရားဝင်ထိမ်းမြားခြင်းမမြောက်သည်ကို သိလျက်နှင့်ပြုခြင်း။

၃။ မရိုးမဖြောင့်သောသဘော သို့မဟုတ် လိမ်လည်လှည့်ဖြားလိုသော အကြံနှင့် ပြုခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၉၆ | ပုဂ္ဂိုလ်တစ်ဦးက လိမ်လည်လှည့်ဖြားလိုသော အကြံဖြင့် တရားဝင်ထိမ်းမြားခြင်းမမြောက် သည်ကို သိလျက်နှင့် ထိမ်းမြားခြင်း အခမ်းအနားကို ခံယူမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၇ နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်။ | စက်ရှင် တရားရုံး |

**မယားခိုးမှု။ (ပုဒ်မ-၄၉၇)**

**Adultery. (Section-497)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို လင်ရှိမယားလည်းဖြစ်၍ လင်ရှိမယားဖြစ်ကြောင်း မိမိသိသည် လည်းဖြစ်သော၊ သို့တည်းမဟုတ် ထိုသို့ဖြစ်ကြောင်း မိမိယုံကြည်ရန်အကြောင်း ရှိသည်လည်းဖြစ်သော မိန်းမကို လင်ဖြစ်သူက သဘောမတူဘဲသော်လည်းကောင်း၊ အလိုတူရာရောက်ခြင်းမရှိဘဲသော်လည်းကောင်း ကာမစပ်ယှက်ခြင်းပြုရာ၌ မုဒိမ်းမှု မမြောက်လျှင် မယားခိုးမှုကို ကျူးလွန်ခြင်းဖြစ်၍ ထိုသူကို ငါးနှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ချမှတ်နိုင်သည်။ ထိုအမှုမျိုးတွင် မယားဖြစ်သူကို အားပေးကူညီသူအဖြစ်ဖြင့် ပြစ်ဒဏ်မထိုက်စေရ။

http://www.cherrythitsar.org



**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တရားခံသည် အမျိုးသမီးတစ်ဦးနှင့် ကာမစပ်ယှက်ခြင်း။

၂။ ထိုသို့စပ်ယှက်သော အမျိုးသမီးမှာ လင်ရှိမယားဖြစ်ခြင်း။

၃။ တရားခံသည် လင်ရှိမယားဖြစ်ကြောင်းသိခြင်း၊ ယုံကြည်ရန်အကြောင်းရှိခြင်း။

၄။ လင်၏သဘောတူညီချက်မရှိဘဲသော်လည်းကောင်း၊ အလိုတူရာရောက်ခြင်း မရှိဘဲသော်လည်းကောင်း စပ်ယှက်ခြင်း။

၅။ ထိုသို့ ကာမစပ်ယှက်ခြင်းသည် မုဒိမ်းမှု မမြောက်ခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၉၇ | မယားခိုးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် ရှိသည်။ | ၅နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**<u>ပြစ်မှုကိုကျေအေးနိုင်သူများ</u>**

အမျိုးသမီး၏ လင်ယောက်ျား။

**<u>စီရင်ထုံး</u>**

၁။ ကာမစပ်ယှက်ခြင်းကို ဆိတ်ကွယ်ရာ၌ ပြုလုပ်ခြင်းဖြစ်၍ မျက်မြင်သက်သေ မရနိုင်ပေ။ မိန်းမတစ်ဦးအား ကာမစပ်ယှက်ပေါင်းသင်းသည်၊ မပေါင်းသင်းသည် ဆိုခြင်းနှင့် ပတ်သက်၍ တိုက်ရိုက်သက်သေအထောက်အထားရရှိရန် မလွယ်ကူပေ။ ပတ်ဝန်းကျင် သက်သေခံအထောက်အထားများအပေါ် မူတည်၍ ဆုံးဖြတ်ရပေသည်။

*[ပြည်ထောင်စုနှင့်မောင်အောင်သိန်း၊ ၁၉၆၆၊ မြန်မာပြည်စီရင်ထုံး၊ ၃၆၈]*

၂။ ပုဒ်မ ၄၉၇ အရ ပြစ်မှုတွင် အဓိကအချက်မှာ လင်ရှိမိန်းမက ထိုလင်၏ သဘောတူညီချက်မရှိဘဲ ကာမစပ်ယှက်ခြင်းပင်ဖြစ်သည်။ သာမန်အားဖြင့် လင်ရှိ မယားအား ကြာခိုပြီး ပေါင်းသင်းစပ်ယှက်သည်ဆိုသောကိစ္စ၌ မျက်မြင်သက်သေ ရှိရန် မလွယ်ပေ။ တစ်ဦးနှင့်တစ်ဦး သံဝါသစပ်ယှက်ရန် အခွင့်အရေးရှိသည့် လုံလောက်သော ပတ်ဝန်းကျင် အထောက်အထားရှိပါမူ ပေါင်းသင်းစပ်ယှက်ခဲ့ကြ သည်ဟု ကောက်ယူနိုင်ပေသည်။

*[မောင်ထွန်းမြင့်နှင့်ပြည်ထောင်စု၊ ၁၉၆၆၊ မြန်မာပြည်စီရင်ထုံး၊ ၄၄၉(၄၅၄)]*

http://www.cherrythitsar.org



၃။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၇ အရ စွဲဆိုသော အမှုမျိုးတွင် ကာယကံရှင်ယောကျ်ားနှင့်မိန်းမတို့သည် လင်မယားအဖြစ် ပေါင်းသင်းနေထိုင်သည်ကိုမြင်သော တိုက်ရိုက်သက်သေခံချက်ရရှိရန် ခဲယဉ်းပေသည်။ သွယ်ဝိုက်သော သက်သေခံချက်များအရ ထိုယောကျ်ားသည် ထိုမိန်းမနှင့် လင်မယားအဖြစ် ပေါင်းသင်းရန် အခွင့်အလမ်းရရှိကြောင်း ပေါ်လွင်ထင်ရှားနေလျှင် ပုဒ်မ ၄၉၇ အရ ပြစ်မှုကျူးလွန်သည်ဟု ကောက်ယူနိုင်ပေသည်။

*[ဦးမောင်သိန်းနှင့်ပြည်ထောင်စု၊ ၁၉၈၀၊ မြန်မာပြည်စီရင်ထုံး၊ ၅၀]*

၄။ ကာမစပ်ယှက်ခြင်းခံရသည့် အမျိုးသမီးသည် လင်ရှိမိန်းမဖြစ်ရပေမည်။ အခြားယောကျ်ားတစ်ဦးဦး၏ တရားဝင်ဇနီးဖြစ်ကြောင်း သက်သေအထောက်အထားတင်ပြရန်လိုပေသည်။ ပြစ်မှုဆိုင်ရာအမှုများတွင် ထိမ်းမြားခြင်းသည် အရေးကြီးသော အင်္ဂါရပ်တစ်ခုဖြစ်ပါမူ ထိမ်းမြားလက်ထပ်ကြောင်း ထင်ရှားအောင် သက်သေထူရန်လိုသည်။

*[အက်စ်ရှမ်းနှင့်ပြည်ထောင်စု၊ ၁၉၅၇၊ မြန်မာပြည်စီရင်ထုံး၊ ၅၅(လွှတ်တော်)]*

*[ကာဆင်အလီနှင့်ပြည်ထောင်စု၊ ၁၉၆၀၊ မြန်မာပြည်စီရင်ထုံး၊ ၁၉၅(လွှတ်တော်)]*

၅။ လင်ရှိမိန်းမသည် လင်နှင့်ပြတ်စဲခြင်း ရှိမရှိဆိုသည့် ပြဿနာလည်း အရေးကြီးပေသည်။ ပြတ်စဲကွာရှင်းပြီးဖြစ်လျှင် လင်ရှိမိန်းမဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်၍ ထိုအမျိုးသမီးအား စပ်ယှက်သူသည် ပြစ်မှုမြောက်မည်မဟုတ်ပေ။ သို့ဖြစ်ရာ တရားခံတစ်ဦးအပေါ် ပုဒ်မ ၄၉၇ အရ ပြစ်မှုကျူးလွန်ခြင်း ရှိမရှိ စဉ်းစားရာ၌ တရားလိုနှင့် တရားလို၏ဇနီးတို့သည် လင်ခန်းမယားခန်း ပြတ်စဲခြင်းရှိမရှိ ဆုံးဖြတ်ရန် တာဝန်ရှိပေသည်။

*[မောင်တင်သန်းနှင့်မောင်ထွန်းကြည်၊ ၁၉၆၆၊ မြန်မာပြည်စီရင်ထုံး၊ ၁၃၄]*

၆။ တရားခံသည် ကာမစပ်ယှက်ခဲ့သော အမျိုးသမီးနှင့် တစ်ရွာတည်းနေသူဖြစ်ရာ လင်ဖြစ်သူနှင့် တရားဝင်ကွာရှင်းပြတ်စဲခြင်း မရှိသေးကြောင်း သိနိုင်လောက်ရန်၊ ယုံကြည်ရန်အကြောင်းရှိသဖြင့် ပုဒ်မ ၄၉၇ အရ ပြစ်မှုမြောက်သည်။

*[ဦးပဏ္ဍိရွှေနှင့်ပြည်ထောင်စု၊ ၁၉၇၄၊ မြန်မာပြည်စီရင်ထုံး၊ ၄၅]*

၇။ တရားခံသည် အမျိုးသမီးကို တိတ်တဆိတ်ပေါင်းသင်းခြင်းမဟုတ်ဘဲ လူကြီးစုံရာရှေ့တွင် စေ့စပ်ကြောင်းလမ်းပြီး လက်ထပ်ပေါင်းသင်းခဲ့ခြင်းကိုထောက်လျှင် အမျိုးသမီးကို လင်ရှိမယားဖြစ်သည်ဟု တရားခံက ယုံကြည်ရန်အကြောင်းမရှိဟု ယူဆရန်ဖြစ်သည်။

*[မောင်ချစ်စံနှင့်ပြည်ထောင်စု၊ ၁၉၈၁၊ မြန်မာပြည်စီရင်ထုံး၊ ၁၇]*

၈။ ပြစ်မှုကို ကျေအေးခွင့်ရှိသဖြင့် လင်ဖြစ်သူက ခွင့်လွှတ်လျှင် တရားခံအပေါ် အရေးယူခြင်း မပြုနိုင်ပေ။ သဘောတူခြင်း၊ အလိုတူရာရောက်ခြင်း ဆိုသည်မှာ ပြစ်မှုမကျူးလွန်မီကပင် ပြစ်မှုကျူးလွန်သည်ကို ကြိုတင်၍ ခွင့်ပြုရာရောက်ပြီး ခွင့်လွှတ်သည်ဆိုရာ၌ ပြစ်မှုကျူးလွန်ပြီးနောက်မှ ကျူးလွန်သောပြစ်မှုကို ခွင့်ပြုရာ

http://www.cherrythitsar.org



ရောက်သောကြောင့် ခွင့်လွှတ်ခြင်းသည် ဤပုဒ်မအရ တရားစွဲဆိုခြင်းကို ချေပနိုင်သည့် ခုခံချက်တစ်ခု ဟုတ်မဟုတ်ဆိုသောပြဿနာ ပေါ်နိုင်သည်။ အိမ်ထောင်ရေးပြစ်မှုအရ ကွာရှင်းမှုများတွင် လင်ယောကျ်ား၏ ခွင့်ပြုချက်ရှိကြောင်း တင်ပြနိုင်က ဒီကရီမရနိုင်သည့်နည်းတူ ဤပုဒ်မအရ ကျူးလွန်သော ပြစ်မှုအတွက်လည်း လင်၏ ခွင့်ပြုချက်ရှိလျှင် အရေးယူနိုင်မည်မဟုတ်ပေ။ သို့ဖြစ်ရာ သဘောတူခြင်း၊ အလိုတူရာရောက်ခြင်း၊ ခွင့်လွှတ်ခြင်းတို့မှာ တစ်သဘောတည်းဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ ဤပုဒ်မအရ ပြစ်မှုကို ကျေအေးရာ၌ ရုံး၏ခွင့်ပြုချက်ကို ရယူရန်မလိုသဖြင့် နှစ်နာသူသဘောအတိုင်း ရုံးမရောက်မီ ကျေအေးပြီးဖြစ်ပါက နောက်ထပ်တရားစွဲဆိုခြင်း မပြုနိုင်တော့ပေ။ တရားရုံးသို့ရောက်ပြီးမှသာ ကျေအေးရမည်ဟု ဥပဒေက ကန့်သတ်ထားခြင်း မရှိချေ။

*[မောင်စိန်လှိုင်နှင့်ပြည်ထောင်စု၊ ၁၉၆၈၊ မြန်မာပြည်စီရင်ထုံး၊ ၁၅၆]*

၉။ ပုဒ်မ ၃၇၆ မုဒိမ်းမှုအရ ပြစ်ဒဏ်ထင်ရှားစီရင်ခြင်းခံရသည့် တရားခံက အယူခံဝင်သောအခါ ကြောင်းခြင်းရာများအရ မယားခိုးမှုသာ ကျူးလွန်ကြောင်း တွေ့ရှိသော်လည်း လင်ဖြစ်သူက တိုင်တန်းလျှောက်ထားခြင်းမပြုသဖြင့် ဤပုဒ်မအရ အပြစ်မပေးနိုင်ပေ။

*[ဘိုးသော်နှင့်အစိုးရ (၁၉၁၀-၁၃) အထက်မြန်မာပြည်စီရင်ထုံး၊ ၁၅၅]*

၁၀။ တရားလိုနှင့် ဒုတိယတရားခံတို့သည် ဟိန္ဒူထုံးတမ်းစဉ်လာအရ မင်္ဂလာဆောင်ခဲ့ကြောင်း အငြင်းမထွက်သဖြင့် လင်မယားအဖြစ် ပေါင်းသင်းဆက်ဆံခြင်းမရှိ၍ လင်ခန်းမယားခန်း မမြောက်ဟု ယူဆချက်သည် မှားယွင်းသည်။ ထုံးတမ်းစဉ်လာအရ တရားဝင်လက်ထပ်ခဲ့ခြင်းဖြစ်၍ လင်မယားအဖြစ် ပေါင်းသင်းဆက်ဆံခဲ့သည်ဖြစ်စေ၊ မဆက်ဆံခဲ့သည်ဖြစ်စေ လင်မယားအဖြစ်သို့ ရောက်ရှိသွားသဖြင့် ပထမတရားခံသည် ပုဒ်မ ၄၉၇ အရ မယားခိုးမှု ကျူးလွန်သည်။ ဒုတိယ တရားခံသည် ခင်ပွန်းဟောင်းနှင့် တရားဝင်ကွာရှင်းပြတ်စဲခြင်းမရှိသေးကြောင်း သိပါလျက် ထပ်မံအိမ်ထောင်ပြု၍ ပုဒ်မ ၄၉၄ အရ အပြစ်ရှိသည်။

*[ပြည်ထောင်စုနှင့်ဂူရှာဂျရမ်းပါ(၂)၊ ၁၉၇၈၊ မြန်မာပြည်စီရင်ထုံး၊ ၄၉]*

http://www.cherrythitsar.org



**ရာဇဝတ်မကင်းသောအကြံနှင့် တရားဝင်မယားကို ဖြားယောင်းခြင်းဖြင့် ထွက်သွားစေခြင်း၊ သို့တည်းမဟုတ် ဆောင်ယူသွားခြင်း၊ သို့တည်းမဟုတ် တားဆီးခြင်း။ (ပုဒ်မ-၄၉၈)**

**Enticing or taking away or detaining with crimina intent a married woman. (Section-498)**

**ဥပဒေဖွင့်ဆိုချက်**

မည်သူမဆို လင်ရှိမယားလည်းဖြစ်၍ လင်ရှိမယားဖြစ်ကြောင်း မိမိသိသည်လည်းဖြစ်သော၊ သို့တည်းမဟုတ် ထိုသို့ဖြစ်ကြောင်း မိမိယုံကြည်ရန်အကြောင်းရှိသည်လည်းဖြစ်သောမိန်းမကို တစ်ဦးတစ်ယောက်သောသူနှင့် မတရား ကာမစပ်ယှက်ခြင်းပြုစေရန် အကြံဖြင့် ထိုမိန်းမ၏လင်ထံမှဖြစ်စေ၊ ထိုလင်၏ ကိုယ်စား ထိန်းသိမ်း စောင့်ရှောက်သူထံမှဖြစ်စေ ဆောင်ယူသွားလျှင်၊ သို့တည်းမဟုတ် ဖြားယောင်းခြင်းအားဖြင့် ထွက်သွားစေလျှင်၊ သို့တည်းမဟုတ် ထိုအကြံဖြင့် ထိုမိန်းမကို ဝှက်သိမ်းလျှင်၊ သို့တည်းမဟုတ် တားဆီးလျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ချမှတ်နိုင်သည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ အမျိုးသမီးသည် လင်ရှိမယားဖြစ်ခြင်း။

၂။ တရားခံသည် လင်ရှိမယားဖြစ်ကြောင်းသိခြင်း၊ ယုံကြည်ရန်အကြောင်းရှိခြင်း။

၃။ အမျိုးသမီးသည် လင်ထံ၌ဖြစ်စေ၊ လင်ကိုယ်စား ထိန်းသိမ်းစောင့်ရှောက်သူထံ၌ဖြစ်စေ နေထိုင်လျက်ရှိခြင်း။

၄။ တရားခံသည် အမျိုးသမီးအား ဆောင်ယူခြင်း၊ ဖြားယောင်းခြင်း၊ ထွက်စေခြင်း၊ ဝှက်သိမ်းခြင်း၊ တားဆီးခြင်း တစ်ခုခုပြုခြင်း။

၅။ ထိုသို့ပြုခြင်းမှာ အမျိုးသမီးအား တစ်ဦးတစ်ယောက်သောသူနှင့် မတရား ကာမစပ်ယှက်စေရန်အကြံနှင့်ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၄၉၈ | ပြစ်မှုမကင်းသောအကြံဖြင့် လင်ရှိမိန်းမတစ်ဦးကို ဖြားယောင်းခြင်း၊ သို့မဟုတ် ဆောင်ယူသွားခြင်းဖြင့် ထွက်သွားစေမှု သို့မဟုတ် တားဆီးမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် ရှိသည်။ | ၂နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**ပြစ်မှုကိုကျေအေးနိုင်သူများ**

အမျိုးသမီး၏ လင်ယောက်ျား။

http://www.cherrythitsar.org



## အခန်း(၂၁)
## အသရေဖျက်မှု

**အသရေဖျက်မှု၊
အများပြည်သူ၏အကျိုးအတွက်ပြုလုပ်ရန်၊
သို့တည်းမဟုတ် ကြေညာရန် လိုအပ်သည့်
မှန်ကန်သောအရာကို စွပ်စွဲခြင်း။
ပြည်သူ့ဝန်ထမ်း၏ တာဝန်ဝတ္တရားဆိုင်ရာ
အပြုအမူ။
အများပြည်သူ့ပြဿနာဆိုင်ရာ တစ်ဦး
တစ်ယောက်သောသူ၏ အပြုအမူ။
တရားရုံးများ၏ မှုခင်းဆောင်ရွက်ချက်များကို
ကြေငြာခြင်း။
တရားရုံးတွင် စီရင်ဆုံးဖြတ်သည့်အမှု၏
အရည်အသွေး၊ သို့တည်းမဟုတ် သက်သေ
များနှင့်အခြားသက်ဆိုင်သူများ၏အပြုအမူ၊
အထင်အရှား ဆောင်ရွက်မှု၏ အရည်အသွေး။
တစ်ဦးတစ်ယောက်သောသူအပေါ်၌ ဥပဒေနှင့်
အညီ အခွင့်အာဏာရှိသူက သဘောရိုးဖြင့်
အပြစ်ဆိုခြင်း။
လူတစ်ဦးတစ်ယောက်အကြောင်းကို
အခွင့်အာဏာရှိသူက သဘောရိုးဖြင့်
ပြောဆိုစွပ်စွဲခြင်း။
တစ်ဦးတစ်ယောက်သောသူက မိမိ၏
အကျိုးကို၊ သို့တည်းမဟုတ် အခြားသူ၏
အကျိုးကို ကာကွယ်စောင့်ရှောက်ရန်
သဘောရိုးဖြင့် စွပ်စွဲခြင်း။
သတိပေးခြင်းခံရသူအကျိုးအတွက်
ဖြစ်စေ၊ အများပြည်သူ၏အကျိုးအတွက်
ဖြစ်စေ ရည်ရွယ်၍ သတိပေးခြင်း။
(ပုဒ်မ-၄၉၉)**

**Defamation. Imputation of truth which public good requires to be made or published. Public conduct of public servants. Conduct of any person touching any public question. Publication of reports of proceedings of Courts. Merits of case decided in Court, or conduct of witnesses and others concerned. Accusation preferred in good faith to authorized person. Imputation made in good faith by person for protection of his or other's interests. Caution intended for good of person to whom conveyed or for public good. (Section-499)**

<u>ဥပဒေဖွင့်ဆိုချက်</u>

မည်သူမဆို နှုတ်ဖြင့်ဖြစ်စေ၊ ဖတ်ရှုစေရန် ကြံရွယ်သည့်စကားဖြင့်ဖြစ်စေ၊ အမှတ်အသားဖြင့်ဖြစ်စေ၊ ထင်ရှားသောပုံသဏ္ဌာန်ဖြင့်ဖြစ်စေ လူတစ်ဦးတစ်ယောက်၏ အသရေကို နစ်နာစေရန် အကြံဖြင့်သော်လည်းကောင်း၊ ထိုသူနှင့်စပ်လျဉ်းသော စွပ်စွဲခြင်းသည် ထိုသူ၏အသရေကို ထိခိုက်စေမည်ဟု သိလျက်နှင့်သော် လည်းကောင်း၊ ထိုသို့ယုံကြည်ရန် အကြောင်းရှိလျက်နှင့်သော်လည်းကောင်း ထိုသူနှင့်

http://www.cherrythitsar.org



စပ်လျဉ်းသော စွပ်စွဲချက်ကိုပြုလျှင်၊ သို့တည်းမဟုတ် ကြေငြာလျှင် ထိုသူသည် အောက်ပါကင်းလွတ်ချက်များမှတစ်ပါး အဆိုပါလူ၏အသရေကိုဖျက်သည်မည်၏။

*ရှင်းလင်းချက် ၁။* သေသူတစ်ဦးတစ်ယောက်ကို စွပ်စွဲသော စွပ်စွဲချက်သည် ထိုသူ အသက်ရှင်လျက်ရှိနေပါက ထိုသူ၏အသရေကို နစ်နာစေမည်ဖြစ်လျှင် လည်းကောင်း၊ ထိုသူ၏ မိသားစုအား၊ သို့တည်းမဟုတ် အခြားဆွေမျိုးအရင်းများအား စိတ်နှလုံးထိခိုက်စေရန် ကြံရွယ်လျှင်လည်းကောင်း သေသူကို စွပ်စွဲခြင်းသည် အသရေဖျက်မှု မြောက်နိုင်သည်။

*ရှင်းလင်းချက် ၂။* ကုမ္ပဏီကို ကုမ္ပဏီအဖြစ်ဖြင့်သော်လည်းကောင်း၊ အသင်းကို အသင်းအဖြစ်ဖြင့်သော်လည်းကောင်း၊ လူတစ်စုကို လူတစ်စုအဖြစ်ဖြင့်သော် လည်းကောင်း စွပ်စွဲခြင်းသည် အသရေဖျက်မှု မြောက်နိုင်သည်။

*ရှင်းလင်းချက် ၃။* တစ်ခုမဟုတ်လျှင် တစ်ခုဟုတ်ကြောင်း စွပ်စွဲခြင်းသည်၊ သို့တည်း မဟုတ် သရော်၍ စွပ်စွဲခြင်းသည် အသရေဖျက်မှု မြောက်နိုင်သည်။

*ရှင်းလင်းချက် ၄။* စွပ်စွဲချက်တစ်ခုသည် လူတစ်ဦးတစ်ယောက်၏ အကျင့်စာရိတ္တကိုသော်လည်းကောင်း၊ ဉာဏ်ပညာအရည်အချင်းကိုသော်လည်းကောင်း ထိုသူ၏ မျိုးရိုးဇာတ်နှင့်ဖြစ်စေ၊ အလုပ်အကိုင်နှင့်ဖြစ်စေ စပ်လျဉ်းသော ကျင့်ဝတ်ကိုသော် လည်းကောင်း၊ ထိုသူ၏ စီးပွားရေးဂုဏ်ကိုသော်လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အထင်အမြင်သေးခြင်း မဖြစ်စေလျှင်၊ သို့တည်းမဟုတ် ထိုသူ၏ ကိုယ်အင်္ဂါသည် စက်ဆုပ်ဖွယ်ဖြစ်သည်ဟုသော်လည်းကောင်း ယေဘုယျအားဖြင့် ရှက်ဖွယ်ရာအခြေ၌ ရှိသည်ဟုသော် လည်းကောင်း သူတစ်ပါးယုံကြည်ခြင်း မဖြစ်စေလျှင် ထိုစွပ်စွဲချက်သည် ထိုသူ၏အသရေကို ဖျက်သည်မမည်။

**<u>ဥပမာများ</u>**

(က) မောင်မဲ၏ ခါးပိုက်ဆောင်နာရီကို မောင်နီခိုးယူကြောင်း ယုံကြည်စေရန်အကြံဖြင့် မောင်ဖြူက 'မောင်နီသည် ရိုးသားသူပါ၊ မောင်မဲ၏နာရီကို သူဘယ်တော့မှ မခိုးခဲ့ပါ' ဟုပြော၏။ ထိုသို့ပြောခြင်းသည် ကင်းလွတ်ချက်တစ်ခုခု၌ မပါဝင်လျှင် အသရေဖျက်မှုဖြစ်သည်။

(ခ) မောင်မဲ၏နာရီကို မည်သူခိုးယူကြောင်းမေးရာ မောင်ဖြူက မောင်နီ ခိုးယူကြောင်း ယုံကြည်စေရန်အကြံဖြင့် မောင်နီကိုညွှန်ပြ၏။ ထိုသို့ညွှန်ပြခြင်းသည် ကင်းလွတ်ချက်တစ်ခုခု၌ မပါဝင်လျှင် အသရေဖျက်မှုဖြစ်သည်။

(ဂ) မောင်မဲ၏နာရီကို မောင်နီခိုးယူကြောင်း ယုံကြည်စေရန်အကြံဖြင့် မောင်မဲ၏ နာရီကို မောင်နီယူဆောင်ပြေးသွားနေသော ရုပ်ပုံကို မောင်ဖြူရေးဆွဲ၏။ ထိုသို့ ရေးဆွဲခြင်းသည် ကင်းလွတ်ချက်တစ်ခုခု၌ မပါဝင်လျှင် အသရေဖျက်မှုဖြစ်သည်။

http://www.cherrythitsar.org



*ပထမကင်းလွတ်ချက်။* တစ်ဦးတစ်ယောက်သောသူနှင့် စပ်လျဉ်း၍ မှန်ကန်သော စွပ်စွဲချက်ကို အများပြည်သူ အကျိုးအတွက်ပြုလုပ်ရန်၊ သို့တည်းမဟုတ် ကြေငြာရန် သင့်သည်ဖြစ်လျှင် ထိုစွပ်စွဲချက်သည် အသရေဖျက်မှုဖြစ်သည်မမည်။ အများပြည်သူအကျိုးအတွက် ဟုတ်မဟုတ်ဆိုသောအချက်မှာ ကြောင်းခြင်းရာပြဿနာဖြစ်သည်။

*ဒုတိယကင်းလွတ်ချက်။* ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် အလုပ်ဝတ္တရားဆောင်ရွက်ရာတွင် ထိုပြည်သူ့ဝန်ထမ်း၏ အပြုအမူနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ထိုပြည်သူ့ဝန်ထမ်း၏ အကျင့်စာရိတ္တသည် ထိုသူ၏ အပြုအမူ၌ ထင်ပေါ်နေသည်အထိ ထိုသူ၏ အကျင့်စာရိတ္တနှင့် စပ်လျဉ်း၍သော်လည်းကောင်း တစ်ဦးတစ်ယောက်သောသူက သဘောရိုးဖြင့် မိမိ၏ထင်မြင်ချက်ကို ဖော်ပြခြင်းသည် အသရေဖျက်မှုဖြစ်သည်မမည်။

*တတိယကင်းလွတ်ချက်။* အများပြည်သူ့ ပြဿနာဆိုင်ရာ တစ်ဦးတစ်ယောက်သောသူ၏ အပြုအမူနှင့်စပ်လျဉ်း၍လည်းကောင်း၊ ထိုသူ၏ အကျင့်စာရိတ္တသည် ထိုသူ၏ အပြုအမူ၌ ထင်ပေါ်နေသည်အထိ ထိုသူ၏ အကျင့်စာရိတ္တနှင့် စပ်လျဉ်း၍လည်းကောင်း တစ်ဦးတစ်ယောက်သောသူက သဘောရိုးဖြင့် မိမိ၏ထင်မြင်ချက်ကို ဖော်ပြခြင်းသည် အသရေဖျက်မှု ဖြစ်သည်မမည်။

**ဥပမာ**

မောင်မဲသည် အများပြည်သူဆိုင်ရာ ပြဿနာနှင့် စပ်လျဉ်း၍ အစိုးရထံ လျှောက်ထားရာတွင်ဖြစ်စေ၊ အများပြည်သူဆိုင်ရာ ပြဿနာနှင့်စပ်လျဉ်း၍ အစည်းအဝေးတစ်ခု ကျင်းပရန် တောင်းဆိုလွှာ၌ လက်မှတ်ရေးထိုးရာတွင်ဖြစ်စေ ထိုသို့သော အစည်းအဝေးတွင် အကြီးအမှူးပြုလုပ်ဆောင်ရွက်ရာတွင်၊ သို့တည်းမဟုတ် တက်ရောက်ရာတွင်ဖြစ်စေ အများပြည်သူ၏ အကူအညီကို တောင်းခံဖွဲ့စည်းသည့် အသင်းကို တည်ထောင်ရာတွင်၊ သို့တည်းမဟုတ် ထိုအသင်း၌ ပါဝင်ရာတွင်ဖြစ်စေ၊ အများပြည်သူ၏ အကျိုးနှင့်သက်ဆိုင်သော အလုပ်ဝတ္တရားများကို ကျွမ်းကျင်စွာ ဆောင်ရွက်သည့် ရာထူးနေရာအတွက် လူတစ်ဦးတစ်ယောက်အား မဲပေးရာတွင်၊ သို့တည်းမဟုတ် ထိုသူအတွက် မဲတောင်းရာတွင်ဖြစ်စေ မောင်မဲ၏အပြုအမူနှင့် စပ်လျဉ်းသော ထင်မြင်ချက်ကို မောင်ဖြူက သဘောရိုးနှင့် ဖော်ပြခြင်းသည် အသရေဖျက်မှု ဖြစ်သည်မမည်။

*စတုတ္ထကင်းလွတ်ချက်။* တရားရုံးတစ်ခု၏ မှုခင်းဆောင်ရွက်ချက်များကို ဖြစ်စေ၊ မှုခင်းဆောင်ရွက်ပြီးပြတ်ပုံကိုဖြစ်စေ အရေးပါသော အချက်အလက်များကို မှန်ကန်စွာ ကြေငြာခြင်းသည် အသရေဖျက်မှုဖြစ်သည်မမည်။

*ရှင်းလင်းချက်။* တရားရုံးတစ်ရုံးတွင် စစ်ဆေးစီရင်ခြင်းမပြုမီ လူသိရှင်ကြား စစ်ဆေးမေးမြန်းခြင်းကိုပြုသော ရာဇဝတ်တရားသူကြီးသည်၊ သို့တည်းမဟုတ် အခြားအရာရှိသည် အထက်ပုဒ်မ၏ အဓိပ္ပာယ်အရ တရားရုံးဖြစ်သည်။

http://www.cherrythitsar.org



*ပဉ္စမကင်းလွတ်ချက်။* တရားရုံးက စီရင်ဆုံးဖြတ်ပြီးသော တရားမမှု၏၊ သို့တည်း မဟုတ် ရာဇဝတ်မှု၏ အရည်အသွေးနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ထိုအမှု တွင် အမှုသည်၏၊ သို့တည်းမဟုတ် သက်သေ၏၊ သို့တည်းမဟုတ် ကိုယ်စားလှယ် အဖြစ်ဖြင့် ဆောင်ရွက်သောသူ၏ အပြုအမူနှင့်စပ်လျဉ်း၍လည်းကောင်း၊ ထိုသူ၏ အကျင့်စာရိတ္တသည် ထိုသူ၏ အပြုအမူ၌ ထင်ပေါ်နေသည်အထိ ထိုသူ၏ အကျင့် စာရိတ္တနှင့် စပ်လျဉ်း၍လည်းကောင်း တစ်ဦးတစ်ယောက်သောသူက သဘောရိုးဖြင့် မိမိ၏ထင်မြင်ချက်ကို ဖော်ပြခြင်းသည် အသရေဖျက်မှု ဖြစ်သည်မမည်။

<u>ဥပမာများ</u>

(က) မောင်ဖြူက 'ထိုအမှုကို စစ်ဆေးစီရင်ရာ၌ မောင်မဲ၏ သက်သေထွက်ချက် သည် ဆန့်ကျင်ကွဲလွဲလှသဖြင့် မောင်မဲသည် ဉာဏ်တုံးသူသော်လည်းကောင်း၊ မရိုး မဖြောင့်သူသော်လည်းကောင်း ဖြစ်ရမည် ကျွန်ုပ်ထင်ပါသည်' ဟုပြောဆို၏။ မောင်ဖြူက သဘောရိုးဖြင့် ထိုသို့ပြောဆိုလျှင် ပြောဆိုသော ထင်မြင်ချက်သည် သက်သေအဖြစ်ဖြင့် မောင်မဲ၏ အပြုအမူ၌ ထင်ပေါ်နေသော မောင်မဲ၏ အကျင့် စာရိတ္တနှင့် သက်ဆိုင်သည့်အထိသာလျှင် ပြောဆိုသော ထင်မြင်ချက်ဖြစ်သော ကြောင့် မောင်ဖြူသည် ဤကင်းလွတ်ချက်၌ သက်ဝင်သည်။

(ခ) သို့သော်လည်း မောင်ဖြူက 'မောင်မဲသည် သမာဓိကင်းမဲ့သူဖြစ်ကြောင်း ကျွန်ုပ် သိသောကြောင့် ထိုအမှုစစ်ဆေးရာ၌ မောင်မဲ၏ထွက်ဆိုချက်ကို ကျွန်ုပ်မယုံကြည်' ဟု ပြောဆို၏။ မောင်မဲ၏ အကျင့်စာရိတ္တနှင့် စပ်လျဉ်း၍ ထိုသို့ပြောဆိုသော မောင်ဖြူ၏ ထင်မြင်ချက်သည် သက်သေအဖြစ်ဖြင့် မောင်မဲ၏ အပြုအမူ၌ အခြေခံ ထားခြင်းမရှိသော ထင်မြင်ချက်ဖြစ်သောကြောင့် မောင်ဖြူသည် ဤကင်းလွတ်ချက် နှင့် မသက်ဝင်ချေ။

***ဆဋ္ဌမကင်းလွတ်ချက်။*** လူအများက ဝေဖန်ချက်ပြုရန် စာရေးဆရာတစ်ဦးက တင်ပြသော အထင်အရှားဆောင်ရွက်မှု၏ အရည်အသွေးနှင့် စပ်လျဉ်း၍သော် လည်းကောင်း၊ ထိုစာရေးဆရာ၏ အကျင့်စာရိတ္တသည် ထိုဆောင်ရွက်မှု၌ ထင်ပေါ် နေသည်အထိ ထိုစာရေးဆရာ၏ အကျင့်စာရိတ္တနှင့် စပ်လျဉ်း၍သော်လည်းကောင်း တစ်ဦးတစ်ယောက်သောသူက သဘောရိုးဖြင့် မိမိ၏ထင်မြင်ချက်ကို ဖော်ပြခြင်း သည် အသရေဖျက်မှု ဖြစ်သည်မမည်။

***ရှင်းလင်းချက်။*** လူအများဝေဖန်နိုင်ရန် အထင်အရှားဆောင်ရွက်မှုတစ်ခုကို အတည့်အလင်းဖော်ပြခြင်းဖြင့်သော်လည်းကောင်း၊ လူအများဝေဖန်နိုင်ရန် တင်ပြ ခြင်းသဘော သက်ရောက်သည့် ဆောင်ရွက်သူ၏ ပြုလုပ်မှုများဖြင့်သော် လည်း ကောင်း တင်ပြနိုင်သည်။

http://www.cherrythitsar.org



ဥပမာများ

(က) စာအုပ်တစ်အုပ်ကို ပုံနှိပ်ထုတ်ဝေသောသူသည် မိမိ၏စာအုပ်ကို လူအများ ဝေဖန်ချက်ပြုရန် တင်ပြခြင်းဖြစ်သည်။

(ခ) ပရိသတ်ရှေ့တွင် မိန့်ခွန်းစကား ပြောဆိုသောသူသည် မိမိ၏ မိန့်ခွန်းစကား ကို လူအများ ဝေဖန်ချက်ပြုရန် တင်ပြခြင်းဖြစ်သည်။

(ဂ) လူအများ သွားရောက်ကြည့်ရှုသည့် ဇာတ်စင်ပေါ်၌ ကပြသီဆိုသော သဘင် သည်တစ်ဦးသည် မိမိ၏ ကပြသီဆိုခြင်းကို လူအများဝေဖန်ချက်ပြုရန် တင်ပြခြင်း ဖြစ်သည်။

(ဃ) မောင်မဲ ပုံနှိပ်ထုတ်ဝေသော စာအုပ်ကို မောင်ဖြူက 'မောင်မဲ၏စာအုပ်သည် အကျိုးမရှိ မဖတ်အပ်၊ မောင်မဲသည် ပညာချို့တဲ့သူဖြစ်၏။ မောင်မဲ၏ စာအုပ်သည် ညစ်ညမ်း၏။ မောင်မဲသည် သဘောထားမဖြူစင်သောသူဖြစ်၏' ဟု ပြောဆို၏။ မောင်ဖြူက သဘောရိုးဖြင့် ထိုသို့ပြောဆိုလျှင် ပြောဆိုသော ထင်မြင်ချက်သည် မောင်မဲ၏ စာအုပ်၌ ထင်ပေါ်နေသမျှဖြစ်သော မောင်မဲ၏ အကျင့်စာရိတ္တနှင့် သက်ဆိုင်သည့်အထိသာလျှင် ပြောဆိုသော ထင်မြင်ချက်ဖြစ်သောကြောင့် မောင်ဖြူ သည် ဤကင်းလွတ်ချက်၌ သက်ဝင်သည်။

(င) သို့သော်လည်း မောင်ဖြူက 'မောင်မဲသည် ပညာချို့တဲ့၍ ကာမဂုဏ်လိုက်စား သူဖြစ်သောကြောင့် သူ၏စာအုပ်သည် အကျိုးမရှိခြင်း၊ မဖတ်အပ်ခြင်း၊ ညစ်ညမ်း ခြင်း ဖြစ်သည်မှာ အံ့သြစရာမရှိ' ဟု ပြောဆို၏။ မောင်မဲ၏ အကျင့်စာရိတ္တနှင့် စပ်လျဉ်း၍ ထိုသို့ပြောဆိုသော မောင်ဖြူ၏ ထင်မြင်ချက်သည် မောင်မဲ၏ စာအုပ် ပေါ်၌ အခြေခံထားခြင်းမရှိသော ထင်မြင်ချက်ဖြစ်သောကြောင့် မောင်ဖြူသည် ဤကင်းလွတ်ချက်နှင့် မသက်ဝင်ချေ။

***သတ္တမကင်းလွတ်ချက်။*** ဥပဒေအရဖြစ်စေ၊ ဥပဒေနှင့်အညီ ပြုလုပ်သော ပဋိညာဉ် အရဖြစ်စေ တစ်ဦးတစ်ယောက်သောသူအပေါ်၌ အခွင့်အာဏာရှိသူက ထိုအခွင့် အာဏာနှင့် သက်ဆိုင်သော ကိစ္စများတွင် ထိုတစ်ဦးတစ်ယောက်သောသူ၏ အပြု အမူကို သဘောရိုးဖြင့် အပြစ်ဆိုခြင်းသည် အသရေဖျက်မှုဖြစ်သည်မမည်။

ဥပမာ

တရားသူကြီးတစ်ဦးက သက်သေတစ်ဦး၏၊ သို့တည်းမဟုတ် ရုံးအရာရှိတစ်ဦး ၏ အပြုအမူကို သဘောရိုးဖြင့် အပြစ်ဆိုခြင်း၊ ဌာနအကြီးအကဲက မိမိ၏လက် အောက်ခံ ရာထမ်းမှုထမ်းတို့ကို သဘောရိုးဖြင့် အပြစ်ဆိုခြင်း၊ မိဘက သားသမီးကို အခြားကလေးများရှေ့တွင် သဘောရိုးဖြင့် အပြစ်ဆိုခြင်း၊ မိဘဖြစ်သူ၏ အခွင့်ကို ရရှိသည့် ကျောင်းဆရာက တပည့်ကို အခြားတပည့်များရှေ့တွင် သဘောရိုးဖြင့် အပြစ်ဆိုခြင်း၊ အရှင်ဖြစ်သူက မိမိ၏အစေခံကို အလုပ်ပေါ့လျော့ လစ်ဟင်းသည့် အတွက် သဘောရိုးဖြင့် အပြစ်ဆိုခြင်း၊ ဘဏ်တိုက်စိုးက မိမိ၏ဘဏ်တိုက် ငွေကိုင်

http://www.cherrythitsar.org



စာရေး၏ အပြုအမူနှင့်စပ်လျဉ်း၍ သဘောရိုးဖြင့်အပြစ်ဆိုခြင်းတို့သည် ကင်းလွတ်ချက်၌ သက်ဝင်သည်။

*အဋ္ဌမကင်းလွတ်ချက်။* စွပ်စွဲသည့် အကြောင်းအရာနှင့် စပ်လျဉ်း၍ တစ်ဦးတစ်ယောက်သောသူအပေါ်၌ ဥပဒေနှင့်အညီ အခွင့်အာဏာရှိသောသူအား ထိုတစ်ဦးတစ်ယောက်အကြောင်းကို သဘောရိုးဖြင့်ပြောဆိုစွပ်စွဲခြင်းသည် အသရေဖျက်မှုဖြစ်သည် မမည်။

**ဥပမာ**

ရာဇဝတ်တရားသူကြီးရှေ့တွင် မောင်ဖြူက သဘောရိုးဖြင့် မောင်မဲကို စွပ်စွဲလျှင်လည်းကောင်း၊ မောင်ဖြူက အစေခံမောင်မဲ၏ အပြုအမူကို မောင်မဲ၏ဆရာအား သဘောရိုးဖြင့် တိုင်တန်းလျှင်လည်းကောင်း၊ မောင်ဖြူက ကလေးဖြစ်သူ မောင်မဲ၏ အပြုအမူကို မောင်မဲ၏ဖခင်အား သဘောရိုးဖြင့် တိုင်တန်းလျှင်လည်းကောင်း မောင်ဖြူသည် ကင်းလွတ်လျက်၌ သက်ဝင်သည်။

*နဝမကင်းလွတ်ချက်။* အခြားသူတစ်ယောက်၏ အကျင့်စာရိတ္တကို ထိခိုက်အောင် စွပ်စွဲရာ၌ စွပ်စွဲသူက သဘောရိုးဖြင့် မိမိ၏အကျိုးကိုသော်လည်းကောင်း၊ သူတစ်ပါး၏ အကျိုးကိုသော် လည်းကောင်း ကာကွယ်စောင့်ရှောက်ရန် စွပ်စွဲခြင်းသည်၊ သို့တည်းမဟုတ် အများပြည်သူအကျိုးအတွက် စွပ်စွဲခြင်းသည် အသရေဖျက်မှုဖြစ်သည်မမည်။

**ဥပမာများ**

(က) ဆိုင်ရှင်မောင်ဖြူက မိမိ၏မန်နေဂျာ မောင်မဲအား 'မောင်နီသည် ရိုးဖြောင့်သူမဟုတ်ဟု ကျွန်ုပ်ထင်သည်။ ထို့ကြောင့် ငွေလက်ငင်းမပေးလျှင် သူ့အား ဘာမျှမရောင်းနှင့်' ဟုပြော၏။ မောင်ဖြူသည် မိမိ၏အကျိုးကို ကာကွယ်စောင့်ရှောက်ရန် မောင်နီအား သဘောရိုးဖြင့် စွပ်စွဲခြင်းပြုလျှင် မောင်ဖြူသည် ဤကင်းလွတ်ချက်၌ သက်ဝင်သည်။

(ခ) ရာဇဝတ်တရားသူကြီး မောင်ဖြူသည် မိမိ၏ အထက်အရာရှိထံ အစီရင်ခံရာ၌ မောင်နီ၏အကျင့်စာရိတ္တကို ထိခိုက်အောင်စွပ်စွဲ၏။ ဤတွင် စွပ်စွဲခြင်းကို သဘောရိုးဖြင့် အများပြည်သူ၏ အကျိုးအတွက် ပြုသည်ဖြစ်လျှင် မောင်ဖြူသည် ဤကင်းလွတ်ချက်၌ သက်ဝင်သည်။

*ဒသမကင်းလွတ်ချက်။* အခြားသူတစ်ဦးတစ်ယောက်အကြောင်းနှင့် စပ်လျဉ်း၍ တစ်ဦးတစ်ယောက်သောသူအား သတိပေးရာတွင် သတိပေးသူက သတိပေးခြင်းခံရသူ၏ အကျိုးအတွက်သော်လည်းကောင်း၊ ထိုသူက အကျိုးလိုလိုသောသူ၏ အကျိုးအတွက်သော်လည်းကောင်း၊ အများပြည်သူ၏ အကျိုးအတွက်သော် လည်းကောင်း ရည်ရွယ်၍ သဘောရိုးဖြင့် သတိပေးခြင်းဖြစ်လျှင် အသရေဖျက်မှုဖြစ်သည် မမည်။

http://www.cherrythitsar.org



## အသရေဖျက်မှုအတွက် ပြစ်ဒဏ်။ (ပုဒ်မ-၅၀၀)

## Punishment for defamation. (Section-500)

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို အခြားသူတစ်ဦး၏ အသရေကိုဖျက်လျှင် ထိုသူကို နှစ်နှစ်ထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် စွပ်စွဲချက်တစ်ခုခုကိုပြုခြင်း သို့မဟုတ် ကြေငြာခြင်း။

၂။ ထိုစွပ်စွဲချက်သည် လူတစ်ယောက်နှင့်စပ်လျဉ်းခြင်း။

၃။ ယင်းစွပ်စွဲချက်ကို

(က) နှုတ်ဖြင့်ဖြစ်စေ၊

(ခ) စာဖြင့်ဖြစ်စေ၊

(ဂ) အမှတ်အသားဖြင့်ဖြစ်စေ၊

(ဃ) ထင်ရှားသော ပုံသဏ္ဌာန်ဖြင့်ဖြစ်စေ ပြုခြင်း။

၄။ တရားခံသည် ထိုသူ၏အသရေကို နစ်နာစေရန်အကြံဖြင့်သော်လည်းကောင်း၊ နစ်နာစေမည်ဟု သိလျက်နှင့်သော်လည်းကောင်း၊ နစ်နာစေမည်ဟု ယုံကြည်ရန်အကြောင်း ရှိလျက်နှင့်သော်လည်းကောင်း ပြုလုပ်သည်ဖြစ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၅၀၀ | အသရေဖျက်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် ရှိသည်။ | ၂နှစ်ထိအလုပ်မဲ့ ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**ပြစ်မှုကိုကျေအေးနိုင်သူများ**

အသရေဖျက်ခြင်းခံရသူ။

http://www.cherrythitsar.org



**စီရင်ထုံး**

၁။ ကင်းလွတ်ချက်တစ်ခုခုနှင့်သော်လည်းကောင်း၊ အထွေထွေ ကင်းလွတ်ချက်တစ်ခုခုနှင့်သော်လည်းကောင်း အကျုံးဝင်နေပါက အသရေဖျက်မှုမြောက်မည်မဟုတ်ပေ။ ကင်းလွတ်ချက်တစ်ခုခုနှင့် အကျုံးဝင်ပါသည်ဟု ထုချေလာလျှင် ထိုထုချေချက်ကို သက်သေထူရန်တာဝန်သည် တရားခံအပေါ်၌ တည်ရှိနေပေသည်။

*[သက်သေခံဥပဒေပုဒ်မ ၁၀၅]*

*[ဦးစံဝင်းနှင့်ဦးလှ၊ အေအိုင်အာ၊ ၁၉၃၁၊ ရန်ကုန်၊ ၈၃]*

၂။ တရားရုံးချုပ်က တရားခံအား မယားခိုးမှုနှင့် ပတ်သက်၍ အပြီးအပြတ်လွှတ်လိုက်သော်လည်း မယားခိုးမှုနှင့် အသရေဖျက်မှုတို့မှာ သီးခြားစဉ်းစားရမည့် အမှုများဖြစ်သည်။ ပြစ်မှုကျူးလွန်သည့် အကြောင်းခြင်းရာတို့မှာလည်း တူညီကြခြင်းမဟုတ်ပေ။ သို့ဖြစ်ရာ မယားခိုးမှုတရားခံအပေါ်တွင် မယားခိုးမှုနှင့် အပြစ်မပေးနိုင်သည့်အကြောင်းကြောင့် အသရေဖျက်မှုတွင် ၎င်းအားအပြစ်ပေးရမည်ဟု မဆိုနိုင်ချေ။

*[ဒေါ်ခင်မေနှင့်ပြည်ထောင်စု၊ ၁၉၇၅၊ မြန်မာပြည်စီရင်ထုံး၊ ၁၅]*

၃။ တစ်ဦးတစ်ယောက်သောသူ၏ အသရေကို ထိခိုက်စေသည့် စွပ်စွဲချက်ဖြင့် ဖြန့်ချိခြင်းသည် အသရေဖျက်မှုပင်ဖြစ်သည့်အလျောက် ထိုစွပ်စွဲချက်ကို ကြေငြာရန်လိုသည်ဟု ဆိုရမည်ဖြစ်သည်။ အသရေကိုထိခိုက်သည့် စွပ်စွဲချက်ကို ပြုရုံသာပြုပြီး အခြားလူတစ်ဦးတစ်ယောက်အား အသိပေးခြင်းမပြုခဲ့ပါက အသရေဖျက်မှုမမြောက်၊ စွပ်စွဲချက်ကို စွပ်စွဲခံရသူတစ်ဦးတည်းအား အသိပေးလျှင် အခြားလူများအနေဖြင့် မသိရှိနိုင်သည့်အလျောက် အသရေပျက်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ စွပ်စွဲခံရသူအား စော်ကားခြင်းသာဖြစ်သည်။ သို့ရာတွင် စွပ်စွဲချက်ကို ပြုခြင်းဆိုရာ၌ စွပ်စွဲချက်ကို ကြေငြာခြင်းဆိုသည့် စကားရပ်ကို ဖြည့်စွက်သည့်အနေဖြင့် အသုံးပြုခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ အသရေကို ထိခိုက်သည့် စွပ်စွဲချက်ကို စွပ်စွဲခံရသူမှအပ အခြားလူတစ်ဦးတစ်ယောက်သို့ အသိပေးခြင်း၊ ဖြန့်ချိခြင်း၊ ကြေငြာခြင်းပြုမှသာ အသရေဖျက်မှုမြောက်သည်။

*[ဒေါ်ရီနှင့်ဦးစစ်ကူး(ခ)တန်ကြီးစု၊ ၁၉၅၉၊*
*မြန်မာပြည်စီရင်ထုံး၊ ၂၉၇(လွှတ်တော်)]*

၄။ စွပ်စွဲချက်ကို အခြားလူတစ်ဦးတစ်ယောက်ထံသို့ တိုက်ရိုက်ပေးပို့ရန်မလိုပေ။ တရားခံက စွပ်စွဲချက်ကို စွပ်စွဲခံရသူအား တိုက်ရိုက်ပေးပို့ခဲ့စေကာမူ စွပ်စွဲခံရသူသည် စာမတတ်သဖြင့် အခြားသူတစ်ဦးတစ်ယောက်ကိုပြ၍ အဖတ်ခိုင်းရမည်ကိုသိလျက် စွပ်စွဲချက်အား အခြားလူတစ်ယောက်သို့ အသိပေးသကဲ့သို့ပင် အကျိုးသက်ရောက်မှုရှိသည်။ စွပ်စွဲချက်ကို ကြေငြာခြင်းမပြုက ပြစ်မှုမမြောက်။ အသရေကို ထိခိုက်စေသည့် စွပ်စွဲချက် မည်သို့ပင်ရှိစေကာမူ တရားခံအနေဖြင့် ကြေငြာခြင်းမပြုဘဲ မိမိ၏လက်ဝယ် ထိန်းသိမ်းထားသရွေ့ မိမိ၏ဝမ်းတွင်း၌ထားကာ ထုတ်ဖော်

http://www.cherrythitsar.org



ခြင်းမပြုသရွေ့ အသရေဖျက်မှု ကျူးလွန်ရာမရောက်။ ထို့ကြောင့် အသရေထိခိုက်သည့် စွပ်စွဲချက်ကို ကြေငြာခဲ့ကြောင်း သက်သေထူရန်လိုပေသည်။

*[ပိအေမာရီယာနီနှင့်အစိုးရ၊ (၁၉၀၄) အတွဲ ၁၀၊ မြန်မာပြည်စီရင်ထုံး၊ ၃၀၄]*

၅။ ဂေါပကအဖြစ် အရည်အချင်းမဲ့သူဖြစ်ကြောင်း အစည်းအဝေး ဆုံးဖြတ်ချက်မှတ်တမ်းကို လုပ်ငန်းအရ တရားလိုအား တိုက်ရိုက်ပေးပို့ခဲ့ခြင်းသည် အသရေဖျက်ရန် ကြေငြာသည့်သဘော သက်ရောက်ခြင်းမရှိ၍ ပြစ်မှုမမြောက်။

*[ဦးမောင်ကြီး(ခ)စီအမ်ကိုဝါးနှင့်ပြည်ထောင်စု၊ ၁၉၇၅၊ မြန်မာပြည်စီရင်ထုံး၊ ၇၉]*

၆။ သတင်းစာများတွင်ဖြစ်စေ၊ အခြားရေးသားထုတ်ဝေသော စာစောင်အသီးသီးတို့တွင်ဖြစ်စေ အသရေဖျက်မှုနှင့်ပတ်သက်လာသောအခါ သာမန်အားဖြင့် တာဝန်ခံအယ်ဒီတာတွင် တာဝန်ရှိသည်။ သို့ရာတွင် အယ်ဒီတာသည် သတင်းအနေဖြင့်တည်းဖြတ်ထည့်သွင်း ဖော်ပြခြင်းဖြစ်သလော၊ သို့မဟုတ် သက်ဆိုင်သူ ကာယကံရှင်ကိုယ်တိုင်က ကြော်ငြာသဘော အမည်၊ လိပ်စာဖော်ပြ၍ ထည့်သွင်းခြင်းဖြစ်သလောဆိုသည့်အချက်ကို စိစစ်ဝေဖန်ရန်လိုသည်။ ဤအမှုတွင် ကာယကံရှင်သည် မိမိအမည်၊ လိပ်စာနှင့်အတူ တယ်လီဖုန်းနံပါတ်တို့ကို ဖော်ပြထားသောကြောင့်ကာယကံရှင်ကိုယ်တိုင်က အတိအကျ စွပ်စွဲရေးသားကြော်ငြာသဘော သက်ရောက်သဖြင့် အယ်ဒီတာနည်းတူ ထည့်သွင်းသူ ကာယကံရှင်၌လည်း တာဝန်ရှိပေသည်။

*[မောင်မြင့်၊ မောင်စိုးနှင့်ပြည်ထောင်စု၊ ၁၉၇၄၊ မြန်မာပြည်စီရင်ထုံး၊ ၆၀]*

၇။ ပြစ်မှုဆိုင်ရာနှင့် ပတ်သက်သောအမှုများတွင် လူတစ်ဦးအား စွပ်စွဲတိုင်တန်းကာမျှဖြင့် ထိုသူ့အပေါ် အသရေဖျက်စေရန် ပြုလုပ်သည်ဟု ယူဆရန်မဟုတ်ပေ။ သူတစ်ဦးအပေါ် မတရား လီဆယ်စွပ်စွဲခြင်းများပြုလုပ်ကြောင်း ပေါ်ပေါက်ခဲ့လျှင် ဥပဒေပုဒ်မ ၁၈၂ အရသော်လည်းကောင်း၊ ပုဒ်မ ၂၁၁ အရသော်လည်းကောင်း စွပ်စွဲသူအပေါ် အရေးယူနိုင်ခွင့်ရှိပေလိမ့်မည်။ အသရေဖျက်မှုမြောက်ရန်အတွက် စွပ်စွဲခံရသူသည် ပုဒ်မ ၅၀၀ နှင့် ငြိစွန်းသော ပြဌာန်းချက်မျိုးကို ချိုးဖောက်ရန်လိုပေသည်။

*[ဒေါ်ခင်ခင်ရှိုးနှင့်ပြည်ထောင်စု၊ ၁၉၇၉၊ မြန်မာပြည်စီရင်ထုံး၊ ၁၆]*

၈။ စွပ်စွဲချက်တစ်ခုသည် လူတစ်ဦး၏ အသရေကို ထိခိုက်ကြောင်း ပေါ်ပေါက်နေလျှင် ထိုစွပ်စွဲချက်အား မည်သည့်ရည်ရွယ်ချက်ဖြင့် ပြုသည်ဟု စဉ်းစားရန်မလိုပေ။ မည်သည့်စေတနာဖြင့်ပင် ပြုလုပ်စေကာမူ အသရေကို ထိခိုက်နေလျှင် ကင်းလွတ်ချက်တစ်ခုခုနှင့် အကျုံးမဝင်ပါက ဤပုဒ်မနှင့် ငြိစွန်းသည်ဟု ယူဆရမည်။ လူတစ်ဦးတစ်ယောက်အား အသရေဖျက်ရန် ရည်ရွယ်ချက်မရှိစေကာမူ ကြော်ငြာသော စွပ်စွဲချက်သည် အခြားလူတစ်ဦးတစ်ယောက်၏ အသရေကို ထိခိုက်လိမ့်မည်ဟုသိလျှင် သို့မဟုတ် သိရန်အကြောင်းရှိလျှင် အသရေဖျက်မှုကျူးလွန်ရာရောက်သည်။

*[ဦးအောင်ဖေနှင့်အစိုးရ၊ ၁၉၃၈၊ ရန်ကုန်စီရင်ထုံး၊ ၄၀၄]*

http://www.cherrythitsar.org



၉။ တရားခံက သုံးနှုန်းသောစကားသည် လူတစ်ဦးတစ်ယောက်၏ အသရေကို ထိခိုက်သည်၊ မထိခိုက်သည်ဆိုသော ပြဿနာကို စဉ်းစားရာ၌ အသုံးပြုသည့် စကားအပေါ် မူတည်၍ ဆုံးဖြတ်ရမည်ဖြစ်သည်။ တရားခံက တရားလိုသည် ဝန်ကြီး ရာထူးလက်ခံရေးနှင့်ပတ်သက်၍ ယခင်က အမြင်တစ်မျိုးရှိသော်လည်း ယခုအမြင် မှာ ဆန့်ကျင်နေသည်ဟု ရေးသားကာ တရားလိုအား ဖောက်လွဲဖောက်ပြန်ဆရာကြီး ဟု ဖော်ပြခဲ့ရာ ထိုကဲ့သို့သော စကားကို သုံးနှုန်းခြင်းသည် တရားလို၏အသရေကို ဖျက်ရာရောက်သည်ဟု ဆိုရမည်ဖြစ်သည်။

*[ဦးဘိုးမြင့်နှင့်ဦးထွန်းသန်း၊ အေအိုင်အာ၊ ၁၉၄၀၊ ရန်ကုန်၊ ၂၀]*

၁၀။ တရားခံက ၄င်းဆောက်လုပ်သည့်အိမ်တွင် မူလက နေထိုင်ခဲ့သည့် တရားလို အား မည်သည့်အတွက် ပြန်၍အငှားချထားခြင်းမပြုခဲ့ရသည့် အကြောင်းပြရာ၌ တရားလိုသည် မူလအိမ်ငှား၏ အစေခံဖြစ်၍ အငှားချထားခြင်းမပြုကြောင်း ပြောဆို ခဲ့သည်။ အစေခံမဟုတ်ဘဲ အစေခံဖြစ်သည်ဟု ပြောဆိုသုံးနှုန်းခြင်းသည် အသရေ ဖျက်မှု မြောက်ပေသည်။

*[ဒေါ်ချိုနှင့်ပြည်လောင်စု၊ ၁၉၆၅၊ မြန်မာပြည်စီရင်ထုံး၊ ၂၃၂]*

၁၁။ ပုဒ်မ ၁၁ တွင် တစ်ဦးတစ်ယောက်သောသူကို ကုမ္ပဏီ၊ အဖွဲ့အစည်း၊ လူအစု လည်း ပါဝင်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ထို့ပြင် ရှင်းလင်းချက် ၂ ၌လည်း ကုမ္ပဏီ၊ အသင်း သို့မဟုတ် လူတစ်စုကို စွပ်စွဲခြင်းဖြင့် အသရေဖျက်မှုမြောက်နိုင် ကြောင်း ဖော်ပြထားသည်ကို တွေ့မြင်နိုင်သည်။ ကုမ္ပဏီအနေဖြင့် အသရေထိခိုက် ရန် စွပ်စွဲမှုသာ ဤပုဒ်မနှင့် အကျုံးဝင်မည်ဖြစ်သည်။ ကုမ္ပဏီ၏ ဆောင်ရွက်ပုံ၊ ကုမ္ပဏီ၏ ငွေရေးကြေးရေးကိစ္စ၊ အုပ်ချုပ်ရေးကိစ္စ စသည်တို့ကို စွပ်စွဲမှုသာ အသရေဖျက်ရာရောက်မည်ဖြစ်သည်။ ကုမ္ပဏီ၏ကျော်စောသတင်းကို ထိပါးကာမျှ ဖြင့် ဤပုဒ်မအရ အရေးမယူနိုင်။

*[မဒန်ဂျစ်နှင့်အစိုးရ၊ အတွဲ ၄၊ ဘားမားလောတိုင်း၊ ၄၈]*

၁၂။ သတင်းစာသည် လူတစ်ဦးတစ်ယောက်မဟုတ်ပေ။ သို့ဖြစ်ရာ သတင်းစာကို ပုတ်ခတ်ရေးသားခြင်းဖြင့် ထိုသတင်းစာအား အသရေဖျက်ရာ မရောက်နိုင်။ သို့ရာတွင် သတင်းစာအား အသရေပျက်အောင် စွပ်စွဲခြင်းအားဖြင့် သတင်းစာ ထုတ်ဝေသူ၏ အသရေဖျက်ရာရောက်နိုင်သည်။

*[မောင်စိန်နှင့်အစိုးရ၊ အတွဲ ၄၊ ရန်ကုန်၊ ၃၆၂]*

၁၃။ ဒုတိယအင်္ဂါရပ်မှာ စွပ်စွဲချက်သည် အများပြည်သူတို့၏ အကျိုးအတွက်ဖြစ်ရန် လိုပေသည်။ တစ်ဦးအကျိုးအတွက်မဟုတ်ဘဲ အများအကျိုးအတွက်ဖြစ်ရပေမည်။ အများအကျိုးအတွက်ပင်ဖြစ်စေကာမူ လိုသည်ထက်ပို၍ ကြေငြာခြင်းပါကလည်း ဤကင်းလွတ်ချက်၏ အကျိုးကျေးဇူးကို ခံစားခွင့်ရမည်မဟုတ်ပေ။

*[မဒန်ဂျစ်နှင့်အစိုးရ၊ အတွဲ ၄၊ ဘားမားလောတိုင်း၊ ၄၈]*

http://www.cherrythitsar.org



၁၄။ ပြည်သူ့ဝန်ထမ်း၏ မရိုးမဖြောင့်သောပြုလုပ်မှု၊ မတရားသည့် ဆောင်ရွက်ချက်များကို တိုင်းသိပြည်သိဖြစ်အောင် ဖော်ထုတ်ရန် သတင်းစာဆရာများအနေဖြင့် တာဝန်ရှိပေသည်။ သို့ရာတွင် သတင်းစာပါဝေဖန်ချက်သည် လူတစ်ဦး၏ဂုဏ်သရေကို အလွန်တရာ ထိခိုက်သဖြင့် ထိုဝေဖန်ချက်သည် မှန်ကန်သော အချက်အလက်ပေါ်တွင် အခြေတည်ပြီး သဘောရိုးနှင့် ပြုလုပ်ရန်လည်း လိုအပ်ပေသည်။

*[ဦးလေသရုံနှင့်ဦးလှမောင်၊ ၁၉၅၄၊ မြန်မာပြည်စီရင်ထုံး၊ ၇၆(လွှတ်တော်ချုပ်)]*

၁၅။ တရားမျှတသည့် ဝေဖန်ချက်သည် ပေါ်ပေါက်နေသော ကြောင်းခြင်းရာအပေါ် မူတည်ရန်လိုသည်။ ကြောင်းခြင်းရာကို ဖန်တီးပြီးပြုသည့် ဝေဖန်ချက်သည် သဘောရိုးဖြင့်ပြုသည့် ဝေဖန်ချက်ဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်ချေ။

*[စီအက်အပါးနှင့်အမ်ပီမာရီကာ၊ ဒေအဒိုင်အာ၊ ၁၉၁၈၊ အောက်မြန်မာပြည်၊ ၁၆]*

၁၆။ တရားမျှတမှုဖြစ်ထွန်းရန်အလို့ငှာ နစ်နာသူက သက်ဆိုင်ရာ အာဏာပိုင်ထံသို့ သဘောရိုးဖြင့် စွပ်စွဲတိုင်တန်းခြင်းကို ကင်းလွတ်ခွင့် ပေးထားခြင်းဖြစ်သည်။ အာဏာပိုင်ဆိုရာ၌ တရားဥပဒေအရ ပြဋ္ဌာန်းထားသည့် အာဏာပိုင်သာမက ပဋိညာဉ်အရသော်လည်းကောင်း၊ ဓလေ့ထုံးတမ်းအရသော်လည်းကောင်း အခွင့်အာဏာသုံးစွဲနိုင်သူလည်းပါဝင်သည်။ ဥပမာ လင်သည် မယားအပေါ်တွင်လည်းကောင်း၊ အုပ်ထိန်းသူသည် အုပ်ထိန်းခံရသူ အပေါ်တွင်လည်းကောင်း၊ ဘာသာရေးခေါင်းဆောင်သည် နောက်လိုက်များအပေါ်တွင်လည်းကောင်း အခွင့်အာဏာရှိသူဖြစ်သည်။ တောလက်ကျေးရွာများ၌ ရွာသူကြီးများသည် ရွာသူရွာသားများအပေါ် အခွင့်အာဏာရှိသူများဖြစ်သည်ဟု ဆိုနိုင်သည်။

*[အစိုးရနှင့်မပိန်၊ အတွဲ ၁၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၈၄]*

၁၇။ သတင်းစာဆရာသည် အများပြည်သူ၏အကျိုးကို ကာကွယ်ရာ၌ အရေးကြီးသောကဏ္ဍမှ ပါဝင်လျက်ရှိသော်လည်း ၎င်းတို့၏စွပ်စွဲချက်သည် တိုင်းပြည်နှင့်အဝှမ်းရောက်ရှိနိုင်သည့်အလျောက် မသမာသောစိတ်ဖြင့် စွပ်စွဲပါက စွပ်စွဲခံရသူအဖို့ များစွာနစ်နာဖွယ်ရာအကြောင်းရှိပေသည်။ သို့ဖြစ်ရာ သတင်းစာဆရာ၏စွပ်စွဲချက်သည် သတိတရားထား၍ သဘောရိုးဖြင့်ပြုလုပ်ရန် လိုအပ်ပေသည်။ တစ်နည်းဆိုသော် သတင်းစာဆရာသည် အများပြည်သူနည်းတူ ဤကင်းလွတ်ချက်ကို ရယူလိုပါက သဘောရိုးဖြင့် လူတစ်ဦး၏အကျိုးအတွက်သော်လည်းကောင်း၊ အများပြည်သူ၏အကျိုးအတွက်သော်လည်းကောင်း စွပ်စွဲခြင်းဖြစ်ပါသည်ဟု တင်ပြရန်လိုပေသည်။

*[စီအာနိုလ်နှင့်အစိုးရ၊ အတွဲ ၈၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၁၆]*

၁၈။ သက်သေများ၏ စွပ်စွဲပြောဆိုချက်နှင့် ပတ်သက်၍ ဤကင်းလွတ်ချက်နှင့်အကျုံးမဝင်လျှင် အသရေဖျက်မှုမြောက်မည်ဖြစ်သည်။ သက်သေဟုဆိုပြီး ထင်ရာမြင်ရာကို စွပ်စွဲပြောဆိုခြင်း မပြုနိုင်ပေ။ သို့ရာတွင် သက်သေက မေးခွန်းကို ဖြေဆို

http://www.cherrythitsar.org



ခြင်းမပြုလိုကြောင်း ကန့်ကွက်ပါလျက် ရုံးမှအဖြေခိုင်းသဖြင့် ပြောဆိုဖြေကြားခဲ့ရပါမူ ထိုဖြေဆိုပြောကြားချက်သည် သက်သေဥပဒေပုဒ်မ ၁၃၂ အရ ပြစ်မှုမမြောက်ချေ။ အတင်းအကြပ် ဖြေဆိုခိုင်းခြင်းမဟုတ်ဘဲ ပြောဆိုသည့်စွပ်စွဲချက်သည် ထိုပုဒ်မနှင့်အကျုံးမဝင်၊ ဤကင်းလွတ်ချက်နှင့် သက်ဆိုင်မှသာ သက်သာခွင့်ရမည်ဖြစ်သည်။ သက်သေများအနေဖြင့် မှန်ရာကိုထွက်ဆိုပါလျက် အသရေဖျက်မှုဖြင့်အရေးယူခြင်းခံရမည်ဆိုလျှင် တရားစီရင်ရေး တိမ်းစောင်းရန်အကြောင်းရှိသဖြင့် ဤကင်းလွတ်ချက်နှင့် အကျုံးဝင်သော သက်သေ၏ ထွက်ဆိုချက်ကို ပြစ်မှုမမြောက်ဟု သတ်မှတ်ထားခြင်းဖြစ်သည်။ သက်သေတစ်ဦးအား ထိုသက်သေ၏ ရှေ့နေကမေးသဖြင့် ထွက်ချက်နှင့် တရားသူကြီး သို့မဟုတ် အစိုးရရှေ့နေက မေးသောအခါဖြေဆိုသည့်ထွက်ချက်များမှာလည်း ကွဲပြားခြားနားသည်။ ဒုတိယအမျိုးအစား ပြောဆိုချက်သည် မိမိအကျိုးကို ကာကွယ်ရန် သဘောရိုးဖြင့် ပြောဆိုချက်ဖြစ်သည်ဟု ယူဆရန်အကြောင်း ပေါ်ပေါက်နိုင်သည်။

*[ဆရက်အာလီနှင့်အစိုးရ၊ အတွဲ ၄၊ ဘားမားလောဂျာနယ်၊ ၁၈၁]*

*[ရာစုတိုင်နှင့်လာလ်ခန်၊ ၁၉၃၉၊ ရန်ကုန်စီရင်ထုံး ၄၇၉]*

*[စိုးတင့်နှင့်ဒေါ်ညွန့်ညွန့်၊ ၁၉၆၂၊ မြန်မာပြည်စီရင်ထုံး၊ ၂၁၅၊ (တရားရုံးချုပ်)]*

၁၉။ အမှုသည်များအနေဖြင့်လည်း တရားဥပဒေကို ကျွမ်းကျင်ကြသူများ မဟုတ်သည့်အလျောက် အလားတူအခွင့်အရေး ရသင့်ပေသည်။ သို့ရာတွင် ကျွမ်းကျင်ခြင်းမရှိဆိုသည့် အကြောင်းပြချက်ဖြင့် အရမ်းကာရော စွပ်စွဲပြောဆိုခြင်း မပြုနိုင်ပေ။ တရားခံက တရားလို၏ဇနီးကို စစ်ဆေးရာ၌ တရားလိုသည် အမြဲတမ်း ပြစ်မှုကျူးလွန်သူတစ်ယောက် ဟုတ်မဟုတ် မေးမြန်းခဲ့သည်။ ထိုကိစ္စမှာ လုံးဝမဟုတ်မမှန်သောကိစ္စဖြစ်၍ ဤကင်းလွတ်ချက်နှင့် အကျုံးမဝင်သောကြောင့် အသရေဖျက်မှုမြောက်သည်။

*[မောင်ညိုပုနှင့်အစိုးရ၊ အေအိုင်အာ၊ ၁၉၃၅၊ ရန်ကုန်၊ ၂၉၃]*

၂၀။ ပြစ်မှုနှင့်တရားမမှုများ၌ အမှုသည်တစ်ဦးဦးက အသရေဖျက်စေမည့် ပြောဆိုချက်၊ ရေးသားချက်၊ လျှောက်ထားချက်၊ ကျမ်းသစ္စာပြုချက်များ ပြောဆိုပြုလုပ်လျှင် ယင်းပြောဆိုရေးသားလျှောက်ထားချက်သည် ဤကင်းလွတ်ချက် သို့မဟုတ် အခြားကင်းလွတ်ချက်တစ်ခုခုနှင့် အကျုံးမဝင်လျှင် ပြစ်မှုမြောက်သည်။

*[မြသီးနှင့်ဟင်နရီဘိုးစော၊ အတွဲ ၃၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၂၆၅]*

*[မီရာဘပ်နှင့်မောင်လှပေ(၁၉၁၇-၂၀)၊ အထက်မြန်မာပြည်စီရင်ထုံး၊ ၁၀၁]*

၂၁။ တရားခံအနေဖြင့် မိမိအကျိုးကျေးဇူးကို ကာကွယ်ရန်အတွက် သဘောရိုးဖြင့် ရေးသားပြောဆိုခဲ့ကြောင်း တင်ပြရန်လိုပေသည်။ ပြစ်မှုတွင် တရားခံအဖြစ် စွပ်စွဲခံရသူအနေဖြင့်လည်း အလားတူ အခွင့်အရေးကိုသာ ရရှိမည်ဖြစ်သည်။

*[အင်၊ အစ်၊ အိုင်ယားနှင့်ဘီမူဒလီယား၊ အတွဲ ၁၁၊ ဘားမားလောတိုင်း၊ ၁၀၄]*

http://www.cherrythitsar.org



၂၂။ သတင်းစာဆရာတို့၏ အခွင့်အရေးများမှာလည်း အခြားပုဂ္ဂိုလ်တို့၏ အခွင့်အရေးအတိုင်းပင်ဖြစ်သည်။ အမှန်ဆိုလျှင် သတင်းစာဆရာတစ်ဦး၏ ရေးသားပြောဆိုချက်သည် သာမန်ပုဂ္ဂိုလ်တို့၏ အခွင့်အရေးအတိုင်းပင်ဖြစ်သည်။ အမှန်ဆိုလျှင် သတင်းစာဆရာတစ်ဦး၏ ရေးသားပြောဆိုချက်သည် သာမန်ပုဂ္ဂိုလ်တစ်ဦး၏ ရေးသားပြောဆိုချက်ထက် ပိုမိုခရီးရောက်နိုင်သဖြင့် ချင့်ချင့်ချိန်ချိန် ဝေဖန်ရေးသားရန်လိုအပ်ပေသည်။

*[စီ၊အာနီးနှင့်အစိုးရ၊ အတွဲ ၈၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၁၆]*

*[ဦးလေသယ်နှင့်ဦးလှမောင်၊၁၉၅၄၊ မြန်မာပြည်စီရင်ထုံး၊ ၇၆(လွှတ်တော်ချုပ်)]*

၂၃။ ဇနီးဖြစ်သူကို ထိုအသရေပျက်အောင် ပြောဆိုရေးသားသူအား လင်ဖြစ်သူက တရားစွဲဆိုခြင်းပြုနိုင်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၈ တွင် နစ်နာသူအချို့က တရားစွဲဆိုနိုင်သည်ဟု ပြဋ္ဌာန်းထားသောကြောင့် လင်ဖြစ်သူသည် ဇနီးအား အသရေပျက်စေသည့် ကိစ္စ၌ ကိုယ်တိုင်နစ်နာသူဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်သည်။

*[ဒီ၊ အင်၊ လိုဘိုနှင့်ဂျေ၊ စီစက်စတား၊ ၁၉၅၂၊*
*မြန်မာပြည်စီရင်ထုံး ၂၃၅(လွှတ်တော်)]*

၂၄။ အသရေဖျက်မှုဖြင့် တရားစွဲဆိုခြင်းခံရသည့် တရားခံက အသရေပျက်စေသည့် ပြောဆိုရေးသားချက်ကို မပြုခဲ့ပါဟုသာ ထုချေခဲ့သော်လည်း သက်သေအထောက်အထားများအရ တရားခံ၏ ပြောဆိုရေးသားချက်သည် ကင်းလွတ်ချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်နေကြောင်း ပေါ်ပေါက်ပါက တရားရုံးအနေဖြင့် ထည့်သွင်းစဉ်းစားရန် တာဝန်ရှိပေသည်။

*[အဗ္ဗုဒ္ဓအဇစ်နှင့်ဖာဇယ်ရာမန်၊ အေအိုင်အာ၊ ၁၉၂၈၊ ရန်ကုန်၊ ၁၆၇]*

၂၅။ ရှေ့နေရှေ့ရပ်အနေဖြင့် အမှုသည်၏ ညွှန်ကြားချက်ရှိစေကာမူ ထိုညွှန်ကြားချက်သည် ဟုတ်မှန်သည်၊ မဟုတ်မှန်သည်ကို သေချာစွာ မစူးစမ်း မဆင်ခြင်ဘဲ အရမ်းကာရော အသရေပျက်အောင် တရားရုံးရှေ့၌ စွပ်စွဲပြောဆိုခြင်းသည် ရှေ့နေရှေ့ရပ်တို့ စောင့်ထိန်းကျင့်သုံးအပ်သည့် ဝတ္တရားကို ဖောက်ဖျက်ရာရောက်သည်။ သို့ရာတွင် အသရေဖျက်မှုဖြင့် ပြစ်ဒဏ်ထင်ရှားစီရင်ခံရခြင်းသည် အကျင့်စာရိတ္တနှင့် ပတ်သက်သည့် ပြစ်မှုကျူးလွန်ခဲ့သည်ဟု ဆိုနိုင်မည်မဟုတ်သဖြင့် ရှေ့နေတစ်ဦးအပေါ် ရှေ့နေကျင့်ဝတ်ပျက်ပြားမှုဖြင့် အရေးယူခြင်းပြုနိုင်မည်မဟုတ်ပေ။

*[တရားရုံးချုပ်ရှေ့နေတစ်ဦးကိစ္စ၊ ၁၉၃၈၊ ရန်ကုန်စီရင်ထုံး၊ ၁၂၅]*

၂၆။ အသရေပျက်မှုများ၌ တရားခံတစ်ဦး၏ ပြောဆိုချက်၊ စွပ်စွဲချက်သည် ကင်းလွတ်ချက်တစ်ခုခုနှင့် အကျုံးဝင်သည် မဝင်သည်ဆိုခြင်းနှင့် ပတ်သက်၍ သက်သေခံဥပဒေပုဒ်မ ၁၀၅ အရ တရားခံတွင် သက်သေထူရန်တာဝန်ရှိသည်။

*[မမြရွှေနှင့်မောင်မောင်၊ အတွဲ ၂၊ ရန်ကုန်၊ ၃၃၃]*

http://www.cherrythitsar.org



၂၇။ တရားရုံး၏ အခွင့်အမိန့်မလိုဘဲ ဦးတိုက်လျှောက်ထားနိုင်သည့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၁၁ အရ စွဲချက်ကို ပြစ်မှုတရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၀၃ အရ ပလပ်လိုက်သဖြင့် ပုဒ်မ ၅၀၀ အရ နောက်ထပ်တရားစွဲဆိုခြင်းသည် ဥပဒေက ပိတ်ပင်ခြင်းမရှိဟု ဆိုရမည်။

*[ဦးစိန်ရွှက်နှင့်ဦးမောင်ကြီး၊ အေအိုင်အာ၊ ၁၉၃၄၊ ရန်ကုန်၊ ၄၀]*

28. **Defamation — When and when not witness liable for statement made for.**

It is now fairly settled that the English law of absolute privilege does not apply to statements made by a witness and that they are governed by the provisions of S-499 of the Penal Code. The law as it stands now is where a witness, being actuated by malice, makes a voluntary and irrelevant statement, not elicited by any question put to him while under examination, to injure the reputation of another, commits the offence of defamation, but if the statement devoid of malice is relevant to the inquiry no prosecution would lie.

*[U Tint Vs Daw Nyunt Nyunt & Daw Nyan,1962 BLR(CC)215]*

**29. Defamation — use of the word (အစေခံ) 'servant' — whether defamatory — Penal Code S. 500.**

Where the complainant was an employee of the Municipality and the accused had referred to him as (အစေခံ) (servant) of a certain person, when he was his tenant.

**Held :** The accused had used defamatory words in so called the complainant. It is not an act causing slight harm. but a serious imputation.

*Daw Choe Vs U.B(Ko Kyee), 1965 BLR(CC)232*

၃၀။ **ရာဇသတ်ပုဒ်မ ၅၀၀ အရ မှုပြစ်ထင်ရှားစီရင်ခြင်း — ပုဒ်မ ၄၉၉ ခြွင်းချက်များတွင် တရားခံ အပြုအမူသည် ဝင် မဝင်။**

**ဆုံးဖြတ်ချက်။** ဦးတိုက်လျှောက်လွှာအမှတ်(၃)နှင့်အပိုဒ်(၅)တို့မှာ လျှောက်ခံရသူ၏ ဂုဏ်သိက္ခာကို များစွာထိခိုက်သော စွပ်စွဲချက်များဖြစ်ပေသည်။ ထိုကဲ့သို့ စွပ်စွဲချက်များကို ရေးသားရာ၌ ဆိုခဲ့ပြီးသည့်အတိုင်း လျှောက်သူ၏ ညွှန်ကြားချက်အရ ရေးသားခြင်းဖြစ်ပေသည်ဟု ယူဆရပေမည်။ ဤသို့သော အပြုအမူသည် လျှောက်သူက သဘောရိုးဖြင့် ပြုလုပ်သည် မပြုလုပ်သည်မှာ စဉ်းစားဝေဖန်ရန်ဖြစ်သည်။ လျှောက်သူသည် ဘဏ်အဖွဲ့ချုပ်၏ ဆုံးဖြတ်ချက်အတိုင်း ပြုလုပ်ရသည် ဆိုရာ၌ လျှောက်ခံရသူ အပြုအမူကို စုံစမ်းစစ်ဆေးပြီး စူးစမ်းဆင်ခြင်စွာဖြင့် ပြုလုပ်ဟန်လက္ခဏာမရှိပေ။ ထိုကဲ့သို့ ပြုလုပ်ခြင်းကြောင့် လျှောက်သူအပေါ်၌ သဘောရိုး

http://www.cherrythitsar.org



မရှိဟု ယူဆရန်ရှိသည်။ သဘောရိုးမရှိလျှင် ရာဇသတ်ကြီးပုဒ်မ ၄၉၉ ခြွင်းချက်များတွင် အကျုံးမဝင်ပေ။

*[ဦးဘဝင်နှင့်ဦးစိန်ချော၊ ၁၉၆၅ မစထ (တရခ)၁၁၂၆]*

**အသရေပျက်စေမည်ဟုသိသော အကြောင်းအရာကို ပုံနှိပ်ခြင်း၊ သို့တည်းမဟုတ် ထုထွင်းခြင်း။ (ပုဒ်မ-၅၀၁)**

**Printing or engraving matter known to be defamation. (Section-501)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို အကြောင်းအရာတစ်ခုကို ပုံနှိပ်ရာတွင်၊ သို့တည်းမဟုတ် ထုထွင်းရာတွင် ထိုအကြောင်းအရာသည် တစ်ဦးတစ်ယောက်သောသူ၏ အသရေကို ပျက်စေသည်ဟု သိလျှင်၊ သို့တည်းမဟုတ် ထိုသို့ပျက်စေသည်ဟု ယုံကြည်ရန်အကြောင်းရှိလျှင် ထိုသူကို နှစ်နှစ်ထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် အကြောင်းအရာတစ်ခုကို ပုံနှိပ်ရခြင်း၊ သို့မဟုတ် ထုထွင်းခြင်း။

၂။ ထိုအသရေပျက်စေသည်ကို တရားခံသိခြင်း၊ သို့မဟုတ် ယုံကြည်ရန်အကြောင်းရှိခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၅၀၁ | အသရေပျက်စေမည်ဟုသိသော အကြောင်းအရာကို ပုံနှိပ်မှု သို့မဟုတ် ထုထွင်းမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် ရှိသည်။ | ၂နှစ်ထိအလုပ်မဲ့ ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**ပြစ်မှုကိုကျေအေးနိုင်သူများ**

အသရေဖျက်ခြင်းခံရသူ။

http://www.cherrythitsar.org



**အသရေပျက်စေသောအကြောင်းပါရှိသည့် ပုံနှိပ်ထားသောအရာကိုဖြစ်စေ၊ ထုထွင်းထားသောအရာကိုဖြစ်စေ ရောင်းခြင်း။ (ပုဒ်မ-၅၀၂)**

**Sale of printed or engraved substance containing defama torymatter. (Section-502)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို တစ်ဦးတစ်ယောက်သောသူ၏ အသရေပျက်စေသောအကြောင်းအရာပါရှိသည့် ပုံနှိပ်ထားသောအရာကိုဖြစ်စေ၊ ထုထွင်းထားသောအရာကိုဖြစ်စေ ရောင်းရာတွင်၊ သို့တည်းမဟုတ် ရောင်းရန်ကမ်းလှမ်းရာတွင် ထိုသို့ အသရေပျက်စေသည့်အကြောင်း ပါရှိသည်ဟုသိလျှင် ထိုသူကို နှစ်နှစ်ထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ပုံနှိပ်ထားသောအရာ သို့မဟုတ် ထုထွင်းထားသောအရာကို ရောင်းခြင်း၊ ရောင်းရန်ကမ်းလှမ်းခြင်း။

၂။ ထိုအရာသည် တစ်ဦးတစ်ယောက်သောသူ အသရေကို ပျက်စေခြင်း။

၃။ ယင်းသို့ အသရေပျက်စေသည့်အကြောင်းပါရှိသည်ဟု တရားခံသိခြင်း။

**ကျဉ်ချုပ်ဇယား**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၅၀၂ | အသရေပျက်စေသော အကြောင်းအရာပါရှိသည့် ပုံနှိပ်ထားသော သို့မဟုတ် ထုထွင်းထားသော အရာကို ရောင်းရာတွင် ထိုသို့အသရေပျက်စေသည့်အကြောင်း ပါရှိသည်ကို သိရှိမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် ရှိသည်။ | ၂နှစ်ထိအလုပ်မဲ့ ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**ပြစ်မှုကိုကျေအေးနိုင်သူများ**

အသရေဖျက်ခြင်းခံရသူ။

http://www.cherrythitsar.org



# အခန်း(၂၂)
# ရာဇဝတ်မကင်းသော ခြောက်လှန့်မှု၊ စော်ကားမှုနှင့် စိတ်ငြိုငြင်စေမှုများ

**ရာဇဝတ်မကင်းသော ခြောက်လှန့်မှု။ (ပုဒ်မ-၅၀၃)** **Criminal intimidation. (Section-503)**

**ဥပဒေဖွင့်ဆိုချက်**

မည်သူမဆို တခြားသူတစ်ဦးတစ်ယောက်၏ ကိုယ်ကိုသော်လည်းကောင်း၊ ဂုဏ်သရေကိုသော်လည်းကောင်း၊ ပစ္စည်းကိုသော်လည်းကောင်း၊ ထိုအခြားသူက အကျိုးလိုလားသောသူ၏ ကိုယ်ကိုသော် လည်းကောင်း၊ ဂုဏ်သရေကိုသော် လည်းကောင်း နစ်နာစေမည်ဟု ခြိမ်းခြောက်ရာတွင် ထိုသို့ခြိမ်းခြောက်ခြင်းသည် ထိုသူအား ထိတ်လန့်ခြင်းဖြစ်စေရန် အကြံဖြင့် ခြိမ်းခြောက်ခြင်းဖြစ်လျှင်၊ သို့တည်းမဟုတ် ခြိမ်းခြောက်သည့်အတိုင်း ပြုလုပ်ခြင်းခံရမည်ကို ရှောင်ရှားနိုင်ရန်အကြောင်း အဖြစ်ဖြင့် ဥပဒေအရပြုလုပ်ရန် တာဝန်မရှိသော ပြုလုပ်မှုကို ထိုသူအား ပြုစေရန် အကြံဖြင့်သော်လည်းကောင်း၊ ဥပဒေအရ ပြုလုပ်ပိုင်ခွင့်ရှိသော ပြုလုပ်မှုကို ထိုသူအား မပြုမလုပ် ပျက်ကွက်စေရန် အကြံဖြင့်သော်လည်းကောင်း ခြိမ်းခြောက်ခြင်း ဖြစ်လျှင် ထိုသူသည် ရာဇဝတ်မကင်းသော ခြောက်လှန့်မှုကို ကျူးလွန်သည်မည်၏။

**ရှင်းလင်းချက်။** ခြိမ်းခြောက်ခြင်းခံရသူက အကျိုးလိုလားသော သေသူ၏အသရေကို နစ်နာစေမည်ဟု ခြိမ်းခြောက်ခြင်းသည် ဤပုဒ်မ၌ သက်ဝင်သည်။

**ဥပမာ**

တရားမမှုကို မောင်မဲမစွဲဆိုအောင် မောင်မဲကို သွေးဆောင်ရန်အလို့ငှာ မောင်ဖြူက မောင်မဲ၏အိမ်ကို မီးရှို့မည်ဟု ခြိမ်းခြောက်၏။ ဤတွင် မောင်ဖြူသည် ရာဇဝတ် မကင်းသော ခြောက်လှန့်မှုကို ကျူးလွန်၏။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် လူတစ်ဦးအား-
- (က) ထိုသူ၏ကိုယ်၊ ဂုဏ်သရေ သို့မဟုတ် ပစ္စည်းကိုသော်လည်းကောင်း၊
- (ခ) ထိုသူ၏ အကျိုးလိုလားသူ၏ ကိုယ် သို့မဟုတ် ဂုဏ်သရေကိုသော် လည်းကောင်း နစ်နာစေမည်ဟု ခြိမ်းခြောက်ခြင်း။

၂။ ထိုကဲ့သို့ ခြိမ်းခြောက်ခြင်းမှာ အောက်ပါအကြံတစ်ခုခုနှင့်ဖြစ်ခြင်း။
- (က) ခြိမ်းခြောက်ခြင်းခံရသူအား ထိတ်လန့်စေခြင်း၊ သို့မဟုတ်
- (ခ) ခြိမ်းခြောက်ခြင်းကို ရှောင်ရှားရန်အလို့ငှာ ဥပဒေအရ ပြုလုပ်ရန် တာဝန်မရှိသော ပြုလုပ်မှုကို ထိုသူအား ပြုစေခြင်း။
- (ဂ) ခြိမ်းခြောက်ခြင်းကို ရှောင်ရှားရန်အလို့ငှာ ဥပဒေအရ ပြုလုပ်ခွင့်ရှိသော ပြုလုပ်မှုကို ထိုသူအား မပြုမလုပ် ပျက်ကွက်စေခြင်း။

http://www.cherrythitsar.org



## ငြိမ်ဝပ်ရေး ပျက်ပြားစေရန်အကြံဖြင့် တမင်စော်ကားခြင်း။ (ပုဒ်မ-၅၀၄)

## Intentional insult with intent to provok breach of the peace. (Section-504)

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို တစ်ဦးတစ်ယောက်သောသူအား တမင်စော်ကား၍ ဒေါသထွက်စေမှုကို ပြုသည်တွင် ထိုသို့ဒေါသထွက်စေမှုပြုခြင်းသည် ထိုသူက နိုင်ငံတော်ငြိမ်ဝပ်ရေးကို ဖျက်ဆီးစေရန်အကြံဖြင့်သော်လည်းကောင်း၊ ထိုသို့ ဖျက်ဆီးတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း၊ အခြားပြစ်မှုတစ်ခုခုကို ထိုသူက ကျူးလွန်စေရန်အကြံဖြင့်သော်လည်းကောင်း၊ ထိုသို့ ကျူးလွန်တန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ပြုခြင်းဖြစ်လျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တမင်စော်ကားခြင်း။

၂။ ထိုသို့စော်ကားခြင်းမှာ စော်ကားခံရသူအား ဒေါသထွက်အောင်ပြုစေခြင်း။

၃။ ဒေါသထွက်ခြင်းကြောင့် ဒေါသထွက်ခံရသူသည် ငြိမ်ဝပ်ရေးကို ဖျက်ဆီးခြင်း၊ ဖျက်ဆီးစေရန်အကြံဖြင့်သော်လည်းကောင်း၊ ထိုသို့ ဖျက်ဆီးတန်ရာ သည်ကို သိလျက်နှင့်သော် လည်းကောင်း၊ အခြားပြစ်မှုတစ်ခုခုကို ကျူးလွန်စေရန် အကြံဖြင့်သော်လည်းကောင်း၊ ထိုသို့ ကျူးလွန်တန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ပြုခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၅၀၄ | ငြိမ်ဝပ်ရေးပျက်ပြားစေရန်အကြံဖြင့် စော်ကားမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် ရှိသည်။ | ၂နှစ်ထိအလုပ်မဲ့ ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | မည်သည့် ရာဇဝတ် တရားသူကြီး မဆို။ |

**ပြစ်မှုကိုကျေအေးနိုင်သူများ**

စော်ကားခြင်းခံရသူ။

http://www.cherrythitsar.org



**အများပြည်သူ၏အကျိုးပျက်စီးစေမှုကို ဖြစ်သော ဖော်ပြချက်။ (ပုဒ်မ-၅၀၅)**

**Statements conducing to public mischief. (Section-505)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို ဖော်ပြချက်ကိုဖြစ်စေ၊ ကောလာဟလကိုဖြစ်စေ၊ သတင်းကိုဖြစ်စေ ပြုရာတွင် သို့တည်းမဟုတ် ထုတ်ပြန်ကြေငြာရာတွင်၊ သို့တည်းမဟုတ် ဖြန့်ချိရာတွင်-

(က) ပြည်ထောင်စု အစိုးရ၏ ကြည်း၊ ရေ၊ လေ တပ်ခုခုမှ အရာရှိအား၊ သို့တည်းမဟုတ် တပ်သားအား စစ်ပုန်ကန်ခြင်းကိုသော်လည်းကောင်း၊ သက်ဆိုင်ရာ မိမိ၏ တာဝန်ဝတ္တရားကို မလေးစားခြင်းသော်လည်းကောင်း၊ ပျက်ကွက်ခြင်းသော်လည်းကောင်း ပြုစေရန်အကြံရှိလျှင်၊ သို့တည်းမဟုတ် ထိုသို့ပြုစေတန်ရာသည့် အကြောင်းရှိလျှင်၊ သို့တည်းမဟုတ်

(ခ) နိုင်ငံတော်အစိုးရကိုဖြစ်စေ၊ နိုင်ငံတော် ငြိမ်ဝပ်ရေးကိုဖြစ်စေ ထိခိုက်သည့် ပြစ်မှုကို တစ်ဦးတစ်ယောက်သောသူက ကျူးလွန်ချင်လာအောင် အများပြည်သူကိုသော်လည်းကောင်း၊ အများပြည်သူ၏ သီးခြားလူစုကိုသော်လည်းကောင်း ကြောက်ခြင်း၊ ထိတ်လန့်ခြင်း တစ်ခုခုဖြစ်စေရန်အကြံရှိလျှင်၊ သို့တည်းမဟုတ် ထိုသို့ဖြစ်စေတန်ရာသည့် အကြောင်းရှိလျှင်၊ သို့တည်းမဟုတ်

(ဂ) လူအမျိုးအစား အချင်းချင်းဖြစ်စေ၊ လူမျိုးစုအချင်းချင်းဖြစ်စေ တစ်ဖက်နှင့် တစ်ဖက် ပြစ်မှုကျူးလွန်အောင် လှုံ့ဆော်ရန်အကြံရှိလျှင်၊ သို့တည်းမဟုတ် အဆိုပါ လှုံ့ဆော်ခြင်းကို ဖြစ်စေတန်ရာသည့် အကြောင်းရှိလျှင်၊

ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ကင်းလွတ်ချက်။** တစ်ဦးတစ်ယောက်သောသူသည် ဖော်ပြချက်ကိုဖြစ်စေ၊ ကောလာဟလကိုဖြစ်စေ၊ သတင်းကိုဖြစ်စေ ပြုရာတွင်၊ သို့တည်းမဟုတ် ထုတ်ပြန်ကြေငြာရာတွင်၊ သို့တည်မဟုတ် ဖြန့်ချိရာတွင် ထိုဖော်ပြချက်ကိုသော်လည်းကောင်း၊ ထိုကောလာဟလကိုသော်လည်းကောင်း၊ ထိုသတင်းကိုသော်လည်းကောင်း မှန်ကန်သည်ဟု ယုံကြည်ရန် အကြောင်းရှိသည့်ပြင် အထက်ကဆိုခဲ့သော အကြံမရှိဘဲ ပြုလျှင်၊ သို့တည်းမဟုတ် ထုတ်ပြန်ကြေငြာလျှင်၊ သို့တည်းမဟုတ် ဖြန့်ချိလျှင် ဤပုဒ်မ၏ အဓိပ္ပာယ်အရ ပြစ်မှုမမြောက်။

http://www.cherrythitsar.org



**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

*ပထမအပိုင်*

၁။ တရားခံသည် ဖော်ပြချက် ကောလာဟလ သို့မဟုတ် သတင်းကိုပြုခြင်း၊ ထုတ်ပြန်ခြင်း၊ ဖြန့်ချိခြင်း။

၂။ အရာရှိ သို့မဟုတ် တပ်သားအား စစ်ပုန်ကန်ခြင်း၊ တာဝန်ဝတ္တရားကို မလေးစားခြင်း၊ ပျက်ကွက်ခြင်းပြုစေရန်အကြံ သို့မဟုတ် ထိုသို့ပြုစေတန်ရာသည့် အကြောင်းနှင့်ပြုခြင်း။

၃။ ထိုအရာရှိ၊ သို့မဟုတ် တပ်သားသည် ပြည်ထောင်စုအစိုးရ၏ ကြည်း၊ ရေ၊ လေ တပ်တစ်ခုခုမှဖြစ်ခြင်း။

*ဒုတိယအပိုင်*

၁။ ပထမအပိုင်၏ အင်္ဂါရပ် ၁။

၂။ အစိုးရကိုဖြစ်စေ၊ ငြိမ်ဝပ်ပိပြားရေးကိုဖြစ်စေ ထိခိုက်သည့် ပြစ်မှုကို ကျူးလွန်ချင်လာအောင် ပြည်သူကိုသော်လည်းကောင်း၊ ပြည်သူ၏ သီးခြားလူစုကိုသော်လည်းကောင်း ကြောက်ခြင်း၊ ထိတ်လန့်ခြင်း တစ်ခုခုဖြစ်စေရန်အကြံနှင့်ပြုခြင်း။

*တတိယအပိုင်*

၁။ ပထမအပိုင်၏ အင်္ဂါရပ် ၁။

၂။ လူအမျိုးအစားအချင်းချင်း သို့မဟုတ် လူမျိုးစုအချင်းချင်း တစ်ဖက်နှင့်တစ်ဖက် ပြစ်မှုကျူးလွန်အောင် လှုံ့ဆော်ရန်အကြံနှင့်ပြုခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၅၀၅ | စစ်ပုန်ကန်မှု၊ သို့မဟုတ် နိုင်ငံတော်ငြိမ်ဝပ်ရေးကို ဆန့်ကျင်သည့် ပြစ်မှုမြောက်စေရန်အကြံဖြင့် ဖြန့်ဝေသော မမှန်သည့်ဖော်ပြချက်၊ ကောလာဟလ စသည့်အမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ မပေးနိုင်။ | ကျေအေးခွင့် မရှိ။ | ၂နှစ်ထိအလုပ်မဲ့ ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

http://www.cherrythitsar.org



**ရာဇဝတ်မကင်းသော ခြောက်လှန့်မှုအတွက် ပြစ်ဒဏ်။ (ပုဒ်မ-၅၀၆)**

**Punishment for criminal intimidation. If threat be to cause death or grievous hurt, etc. (Section-506)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို ရာဇဝတ်မကင်းသော ခြောက်လှန့်မှုကို ကျူးလွန်လျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

အကယ်၍ ခြိမ်းခြောက်ခြင်းသည် သေစေမည်ဟုသော်လည်းကောင်း၊ အပြင်းအထန်နာကျင်စေမည်ဟုသော်လည်းကောင်း၊ ပစ္စည်းကို မီးဖြင့်ပျက်စီးစေမည်ဟုသော်လည်းကောင်း၊ သေဒဏ်ဖြစ်စေ၊ တစ်ကျွန်းပို့ဒဏ်ဖြစ်စေ၊ ခုနစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ ထိုက်သောပြစ်မှုကို ကျူးလွန်မည်ဟုသော်လည်းကောင်း၊ ကာမဖောက်ပြန်ကြောင်းဖြင့် မိန်းမတစ်ဦးအား စွပ်စွဲမည်ဟုသော် လည်းကောင်း ခြိမ်းခြောက်ခြင်းဖြစ်လျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် လူတစ်ဦးအား ခြိမ်းခြောက်ခြင်း။

၂။ ထိုသူ၏ သို့မဟုတ် ထိုသူကလိုလားသောသူ၏ ကိုယ်၊ ဂုဏ်သရေ၊ ပစ္စည်း တစ်ခုခုကို နစ်နာစေမည်ဟု ခြိမ်းခြောက်ခြင်း။

၃။ ထိုသူအား ထိတ်လန့်စေရန်အကြံ၊ ဥပဒေအရပြုလုပ်ရန် တာဝန်မရှိသည့် ပြုလုပ်မှုကို ပြုလုပ်စေရန်အကြံ သို့မဟုတ် ဥပဒေအရ ပြုလုပ်ပိုင်ခွင့်မရှိသော ပြုလုပ်မှုကို ပြုစေရန်အကြံရှိခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၅၀၆ | ပြစ်မှုမကင်းသော ခြောက်လှန့်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် ရှိသည်။ | ၂နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |
| | သေစေမည်၊ အပြင်းအထန်နာကျင်စေမည် စသည်ဖြင့် ခြောက်လှန့်မှုဖြစ်လျှင်။ | ၄င်း | ၄င်း | ၄င်း | ကျေအေးခွင့် မရှိ။ | ၇နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**ပြစ်မှုကိုကျေအေးနိုင်သူများ**

ခြောက်လှန့်ခြင်းခံရသူ။

http://www.cherrythitsar.org



**ပစ်စာဖြင့် ရာဇဝတ်မကင်းသော ခြောက်လှန့်မှု။ (ပုဒ်မ-၅၀၇)**

**Criminal intimidation by an anonymous communication. (Section-507)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို ပစ်စာဖြင့်သော်လည်းကောင်း၊ ခြိမ်းခြောက်သူ၏ အမည်ကိုဖြစ်စေ၊ နေရပ်ကိုဖြစ်စေ ထိမ်ချန်ရန် ကြိုတင်ပြုလုပ်ပြီးမှသော်လည်းကောင်း ရာဇဝတ်မကင်းသော ခြောက်လှန့်မှုကို ကျူးလွန်လျှင် ထိုသူကို တစ်ဆက်တည်းဖြစ်သော အထက်ပုဒ်မအရ ပြစ်ဒဏ်အပြင် နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ ပုဒ်မ ၅၀၆ တွင် လိုအပ်သည့် အင်္ဂါရပ်များ။

၂။ တရားခံက ၎င်း၏နေရပ်လိပ်စာကို မသိအောင် ထိမ်ဝှက်၍ ဆက်သွယ်ကာ ခြောက်လှန့်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၅၀၇ | ပစ်စာဖြင့်ဖြစ်စေ၊ ခြိမ်းခြောက်သူ၏အမည် နေရပ်ကို ထိမ်ချန်ရန် ကြိုတင်ပြုလုပ်ပြီးမှ ဖြစ်စေ ပြစ်မှုမကင်းသောခြောက်လှန့်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | တစ်ဆက်တည်း ဖြစ်သော အထက်ပါပုဒ်မအရ ပြစ်ဒဏ်အပြင် ၂နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး။ | စက်ရှင်တရားရုံး သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**သက်ဆိုင်ရာဘာသာအယူဝါဒအရ အပြစ်ရောက်မည်ဟု ယုံကြည်စေရန် တစ်ဦးတစ်ယောက်သောသူအား သွေးဆောင်ခြင်းဖြင့် ပြုလုပ်မှု။ (ပုဒ်မ-၅၀၈)**

**Act caused by inducing person to believe that he will be rendered an object of Divine displeasure. (Section-508)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို မိမိက ပြုလုပ်စေလိုသည့်အရာကို တစ်ဦးတစ်ယောက်သောသူက မပြုလုပ်လျှင်၊ သို့တည်းမဟုတ် မိမိက မပြုလုပ်စေလိုသည့်အရာကို ထိုသူက ပြုလုပ်လျှင် မိမိ၏ ပြုလုပ်မှုတစ်ခုခုကြောင့် ထိုသူသော်လည်းကောင်း၊ ထိုသူက အကျိုး

http://www.cherrythitsar.org



လိုလားသူသော်လည်းကောင်း သက်ဆိုင်ရာ ဘာသာအယူဝါဒအရ အပြစ်ရောက်မည်ဟု ယုံကြည်စေရန် ထိုသူအား သွေးဆောင်ခြင်းဖြင့်၊ သို့တည်းမဟုတ် ထိုသို့ သွေးဆောင်ရန် အားထုတ်ခြင်းဖြင့် ဥပဒေအရ ထိုသူပြုလုပ်ရန် တာဝန်မရှိသော ပြုလုပ်မှုကို ထိုသူအား မိမိအလိုအလျောက် ပြုလုပ်စေလျှင်၊ သို့တည်းမဟုတ် ထိုသို့ ပြုလုပ်စေရန် အားထုတ်လျှင်၊ သို့တည်းမဟုတ် ဥပဒေအရ ထိုသူပြုလုပ်ပိုင်ခွင့်ရှိသော ပြုလုပ်မှုကို ထိုသူအား မိမိအလိုအလျောက် မပြုလုပ်ဘဲ နေစေလျှင်၊ သို့တည်းမဟုတ် ထိုသို့မပြုလုပ်ဘဲ နေစေရန်အားထုတ်လျှင်၊ ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**<u>အကျုံးဝင်သည့် အင်္ဂါရပ်များ</u>**

၁။ တရားခံသည် လူတစ်ဦးအား ဥပဒေအရပြုလုပ်ရန် တာဝန်မရှိသော ပြုလုပ်မှုကို ပြုစေခြင်း၊ သို့မဟုတ် ဥပဒေအရ ပြုပိုင်ခွင့်ရှိသော ပြုလုပ်မှုကို မပြုလုပ်ဘဲ နေစေခြင်း၊ သို့မဟုတ် ပြုခြင်းကို အားထုတ်ခြင်း။

၂။ တရားခံက အလိုအလျောက်ပြုခြင်း။

၃။ သက်ဆိုင်ရာ ဘာသာအယူဝါဒအရ အပြစ်ရောက်မည်ဟု ယုံကြည်စေရန် သွေးဆောင်ခြင်း သို့မဟုတ် သွေးဆောင်ရန်အားထုတ်ခြင်း။

**<u>ကျင့်ထုံး</u>**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၅၀၈ | သက်ဆိုင်ရာ ဘာသာအယူဝါဒအရ အပြစ်ရောက်မည်ဟု ယုံကြည်စေရန် တစ်ဦးတစ်ယောက်သောသူအား သွေးဆောင်ခြင်းဖြင့် ပြုလုပ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် ရှိသည်။ | ၁နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း သို့မဟုတ် ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**<u>ပြစ်မှုကိုကျေအေးနိုင်သူများ</u>**

ပြစ်မှုကျူးလွန်ခြင်းခံရသူ။

http://www.cherrythitsar.org



**မိန်းမတို့ ကာယိန္ဒြေကို စော်ကားရန် ရည်ရွယ်သောစကား၊ သို့တည်းမဟုတ် ကိုယ်အမူအရာ၊ သို့တည်းမဟုတ် ပြုလုပ်မှု။ (ပုဒ်မ-၅၀၉)**

**Word, gesture or act intended to insult the modesty of a woman. (Section-509)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို မိန်းမတစ်ဦးဦး၏ ကာယိန္ဒြေကို စော်ကားရန်ကြံရွယ်၍ ပြောဆိုခြင်း ပြုသည်တွင်၊ သို့တည်းမဟုတ် အသံပြုသည်တွင်၊ သို့တည်းမဟုတ် ကိုယ်အမူအရာကို ပြသသည်တွင်၊ သို့တည်းမဟုတ် အရာဝတ္ထု တစ်ခုခုကို ပြသည်တွင် ပြောဆိုသောစကားကိုဖြစ်စေ၊ ပြုသောအသံကိုဖြစ်စေ ထိုမိန်းမအား ကြားစေရန် ကြံရွယ်လျှင်၊ သို့တည်းမဟုတ် ပြုသောကိုယ်အမူအရာကိုဖြစ်စေ၊ ပြသောအရာဝတ္ထုကိုဖြစ်စေ ထိုမိန်းမအား မြင်စေရန် ကြံရွယ်လျှင်၊ သို့တည်းမဟုတ် ထိုမိန်းမ၏ ကာယိန္ဒြေကို စော်ကားရန်ကြံရွယ်၍ ထိုမိန်းမ၏ ဆိတ်ကွယ်ရာသို့ ကျူးကျော်လျှင် ထိုသူကို တစ်နှစ်ထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည်-
(က) ပြောဆိုခြင်း သို့မဟုတ် (ခ) အသံပြုခြင်း သို့မဟုတ်
(ဂ) ကိုယ်အမူအရာပြခြင်း သို့မဟုတ် (ဃ) အရာဝတ္ထုတစ်ခုခုကိုပြခြင်း သို့မဟုတ် (င) မိန်းမတစ်ဦးဦး၏ ဆိတ်ကွယ်ရာကို ကျူးကျော်ခြင်း။
၂။ အပိုဒ်ငယ် (က) မှ (ဃ)အထိ တစ်ခုခုဖြစ်လျှင် တရားခံသည် ထိုကဲ့သို့ပြောဆိုပြုမူခြင်းကို မိန်းမတစ်ဦးဦး ကြားစေရန်၊ မြင်စေရန် ကြံရွယ်ခြင်း။
၃။ ထိုကဲ့သို့ ပြုခြင်းမှာ မိန်းမတစ်ဦးဦး၏ ကာယိန္ဒြေကို စော်ကားရန်ကြံရွယ်ခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၅၀၉ | မိန်းမတို့ ကာယိန္ဒြေကို စော်ကားရန်ရည်ရွယ်သော စကားပြောခြင်း သို့မဟုတ် ကိုယ်အမူအရာ ပြသခြင်း ပြုလုပ်မှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | တရားလိုဘက် အမှုစစ်ဆေးဆဲ တရားရုံးက ခွင့်ပြုလျှင် ကျေအေးခွင့် ရှိသည်။ | ၁နှစ်ထိအလုပ်မဲ့ ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ပထမတန်း အာဏာရ ရာဇဝတ် တရားသူကြီး။ |

**ပြစ်မှုကိုကျေအေးနိုင်သူများ**

စော်ကားရန်ကြံရွယ်ခြင်းခံရသည့် သို့မဟုတ် မိမိ၏ ဆိတ်ကွယ်ရာကို ကျူးကျော်ခြင်းခံရသည့်အမျိုးသမီး

http://www.cherrythitsar.org



## မူးယစ်သူက အများနှင့်ဆိုင်သောနေရာ၌ မလျော်သောအမူကိုပြုခြင်း။ (ပုဒ်မ-၅၁၀)

## Misconduct in public by a drunken person. (Section-510)

**ဥပဒေဖွင့်ဆိုချက်**

မည်သူမဆို မူးယစ်လျက် အများပြည်သူနှင့်ဆိုင်သော နေရာသို့ဖြစ်စေ၊ မိမိလာရောက်လျှင် ကျော်နင်းမှုဖြစ်မည့် နေရာသို့ဖြစ်စေ လာရောက်၍ ထိုနေရာတွင် တစ်ဦးတစ်ယောက်သောသူအား စိတ်ငြိုငြင်အောင်ပြုမူလျှင် ထိုသူကို နှစ်ဆယ့်လေးနာရီထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ တစ်ဆယ်ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် မူးယစ်နေခြင်း။

၂။ အများပြည်သူနှင့်ဆိုင်သောနေရာသို့လာခြင်း၊ ကျော်နင်းခြင်း။

၃။ ကျော်နင်းမှုပြု၍ တစ်ဦးတစ်ယောက်အား စိတ်ငြိုငြင်အောင်ပြုခြင်း။

**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၅၁၀ | မူးယစ်လျက် အများပြည်သူနှင့်ဆိုင်သောနေရာ စသည်များသို့ လာရောက်၍ တစ်ဦးတစ်ယောက်အား စိတ်ငြိုငြင်အောင်ပြုမှု။ | ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိ။ | ဝရမ်း | အာမခံ ပေးရမည်။ | ကျေအေးခွင့် မရှိ။ | ၂၄နာရီအလုပ်မဲ့ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်၁၀ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | မည်သည့် ရာဇဝတ် တရားသူကြီး မဆို။ |

http://www.cherrythitsar.org



# အခန်း(၂၃)
# ပြစ်မှုကျူးလွန်ရန် အားထုတ်မှုများ

**တစ်ကျွန်းပို့ဒဏ်ဖြစ်စေ၊ ထောင်ဒဏ်ဖြစ်စေ ထိုက်သောပြစ်မှုများကို ကျူးလွန်ရန် အားထုတ်ခြင်းအတွက် ပြစ်ဒဏ်။ (ပုဒ်မ-၅၁၁)**

**Punishment for attempting to commit offences punishable with transportation or imprisonment. (Section-511)**

**ဥပဒေပြဋ္ဌာန်းချက်**

မည်သူမဆို ဤရာဇသတ်ကြီးအရ တစ်ကျွန်းပို့ဒဏ်ဖြစ်စေ၊ ထောင်ဒဏ်ဖြစ်စေ ထိုက်သောပြစ်မှုကို ကျူးလွန်ရန်သော်လည်းကောင်း၊ ထိုသို့သော ပြစ်မှုကို ကျူးလွန်ရန်သော်လည်းကောင်း အားထုတ်၍ ထိုသို့အားထုတ်ရာတွင် ပြစ်မှုကျူးလွန်ခြင်းသို့ ရှေ့ရှုသော ပြုလုပ်မှုတစ်ခုခုကို ပြုရာ၌ အဆိုပါအားထုတ်မှုအတွက် ပြစ်ဒဏ်ချမှတ်ရန် ဤရာဇသတ်ကြီး၌ အတည့်အလင်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် ထိုသူကို သက်ဆိုင်ရာပြစ်မှုအတွက် ပြဋ္ဌာန်းသော အများဆုံးကာလအပိုင်းအခြား၏ထက်ဝက်ထိ တစ်ကျွန်းပို့ဒဏ်ဖြစ်စေ၊ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းသည့် ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ဥပမာများ**

(က) မောင်ဖြူသည် သေတ္တာတစ်လုံးကို ခွဲဖောက်ပြီးလျှင် ကျောက်မျက်ရတနာအချို့ကို ခိုးယူရန်အားထုတ်၏။ သေတ္တာကို ဖွင့်ပြီးသောအခါ ကျောက်မျက်ရတနာမရှိသည်ကို သိရ၏။ ဤတွင် မောင်ဖြူသည် ခိုးမှုကျူးလွန်ခြင်းသို့ ရှေ့ရှုသော ပြုလုပ်မှုကို ပြုပြီးသောကြောင့် ဤပုဒ်မအရ ပြစ်မှုကို ကျူးလွန်၏။

(ခ) မောင်ဖြူသည် မောင်မဲ၏အင်္ကျီအိတ်အတွင်းသို့ လက်သွင်း၍ ခါးပိုက်နှိုက်ရန် အားထုတ်၏။ မောင်မဲ၏အင်္ကျီအိတ်အတွင်း၌ ဘာမျှမရှိခြင်းကြောင့် မောင်ဖြူ၏ အားထုတ်ခြင်းသည် မအောင်မြင်သော်လည်း မောင်ဖြူသည် ဤပုဒ်မအရ ပြစ်မှုကို ကျူးလွန်၏။

**အကျုံးဝင်သည့် အင်္ဂါရပ်များ**

၁။ တရားခံသည် ပြုမူချက်သည် အားထုတ်မှုမြောက်ခြင်း။

၂။ ထိုအားထုတ်မှုသည် ပြစ်မှုဆိုင်ရာဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် ဖြစ်ခြင်း။

၃။ ယင်းပြစ်မှုသည် တစ်သက်တစ်ကျွန်း သို့မဟုတ် ထောင်ဒဏ်ထိုက်သင့်သော ပြစ်မှုဖြစ်ခြင်း။

http://www.cherrythitsar.org



**ကျင့်ထုံး**

| ပုဒ်မ | ပြစ်မှု | ရဲက ဝရမ်း မပါဘဲ ဖမ်းဆီးခွင့် ရှိ-မရှိ | သာမန်အားဖြင့် ဝရမ်း သို့မဟုတ် သမ္မန်စာကို ပထမဦးစွာ ထုတ်ရမည် | အာမခံ ပေးနိုင်/ မပေးနိုင် | ကျေအေးခွင့် ရှိ-မရှိ | ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ် | မည်သည့် တရားရုံးက စစ်ဆေးစီရင် နိုင်သည် |
|---|---|---|---|---|---|---|---|
| ၅၁၁ | တစ်ကျွန်းပို့ဒဏ်ဖြစ်စေ၊ ထောင်ဒဏ်ဖြစ်စေ ထိုက်သော ပြစ်မှုများကို ကျူးလွန်ရန် အားထုတ်ရာတွင် ရေးရှုသော ပြုလုပ်မှုတစ်ခုခု ပြုလုပ်မှု။ | ကျူးလွန်သည့် ပြစ်မှုအတွက် ရဲက ဝရမ်းဖြင့်ဖြစ်စေ၊ ဝရမ်းမပါဘဲဖြစ်စေ ဖမ်းဆီးခွင့်ရသည် မရသည်အတိုင်း။ | ကျူးလွန်သည့် ပြစ်မှုအတွက် သမ္မန်စာဖြစ်စေ၊ ဝရမ်းဖြစ်စေ သာမန်အားဖြင့် ထုတ်ရမည့် အတိုင်း။ | ကျူးလွန်သည့် ပြစ်မှုအတွက် အာမခံ ပေးရမည်၊ မပေးနိုင်သည့် အတိုင်း။<br><br>တစ်သက် တစ်ကျွန်းဒဏ် ဖြစ်စေ၊ ၁၀နှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ် အပြင် ငွေဒဏ်။ | အားထုတ်သော ပြစ်မှုသည် ကျေအေးခွင့် ရှိသည့်အခါ ကျေအေးခွင့် ရှိသည်။ | ကျူးလွန်သည့် ပြစ်မှုရင်းအတွက် ပြဋ္ဌာန်းထား သည့်အများဆုံး ဒဏ်တစ်မျိုးမျိုး အနက်တစ်ဝက် ထက်မပိုသည့် တစ်ကျွန်းပို့ ဒဏ်ဖြစ်စေ၊ ထောင်ဒဏ် တစ်မျိုးမျိုး ဖြစ်စေ၊ ထိုပြစ်မှုရင်း အတွက် ပြဋ္ဌာန်း ထားသည့် ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ။ | ကျူးလွန်ရန် အားထုတ်သည့် ပြစ်မှုရင်းကို စစ်ဆေးစီရင် နိုင်သည့် တရားရုံး။ |

**စီရင်ထုံး**

၁။ တရားခံသည် ၄င်း၏ဓားမြောင်ဖြင့် ထိုးမည်ဟု ရွယ်သော်လည်း တရားလိုအား တကယ်ထိုးရန်မလုပ်လျှင် တရားခံ၏ပြုမူချက်သည် ဓားနှင့်ထိုးရန် အားထုတ်မှု မမြောက်၊ ပြင်ဆင်မှုသာဖြစ်၍ ပြစ်မှုကျူးလွန်ခြင်းမရှိပေ။

*[အစိုးရနှင့်သာဒိုးလှ၊ အတွဲ ၁၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၂၆၄]*

၂။ တရားခံအား စျေးခေါင်မိုးပေါ်တွင် ဓားမြောင်တစ်ချောင်း၊ ဂုံနီအိတ်နှစ်လုံးနှင့် တွေ့ရာ တရားခံသည် အိမ်ဖောက်ထွင်းမှုကို ကျူးလွန်ရန် တစ်စုံတစ်ရာပြုလုပ်သေးခြင်း မရှိသဖြင့် ဖောက်ထွင်းမှုကျူးလွန်ရန် အားထုတ်ခြင်းမမြောက်။ ပြင်ဆင်ခြင်းသာဖြစ်၍ ဖောက်ထွင်းမှုဖြင့် အပြစ်မပေးနိုင်။ ပြစ်မှုမကင်းသော ကျော်နင်းမှုသာ ကျူးလွန်ရာရောက်သည်။

*[ဘက်တဝါးခန်နှင့်အစိုးရ၊ အတွဲ ၁၀၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၅၁]*

http://www.cherrythitsar.org



၃။ ဝက်အူချောင်းရောင်းသူအိမ်တွင် ရှာဖွေရာ ဝက်သားနှင့် အမဲသားများတွေ့၍ လိမ်လည်ရန်အားထုတ်မှုဖြင့် တရားစွဲဆိုရာ တရားခံ၏ ပြုမူချက်သည် ကျူးလွန်ခြင်း အဆင့်နီးပါး ရောက်သည့် ကာယကံမမြောက်သေးသဖြင့် ပြင်ဆင်မှုသာဖြစ်သည်။ အားထုတ်မှုမမြောက်ပေ။

*[အစိုးရနှင့်ဘိုးကျော် (၁၉၁၄-၀၆) အတွဲ ၁၊ အထက်မြန်မာပြည်စီရင်ထုံး ၃(ပြစ်မှုဆိုင်ရာ)]*

၄။ တရားခံသည် ဂိုဒေါင်ထဲ၌ရှိသော စပါးများကို မီးအာမခံထားခဲ့သည်။ ဂိုဒေါင် မီးလောင်သဖြင့် မီးအာမခံကုမ္ပဏီများထံသို့ လျော်ကြေးတောင်းခံသည့် အကြောင်း ကြားစာပို့ခဲ့သည်။ ထို့နောက် မီးလောင်၍ဆုံးရှုံးရသော စပါးအရေအတွက်ကို လိမ်လည်ဖော်ပြ၍ လျော်ကြေးတောင်းခံခဲ့သည်။ လျော်ကြေးတောင်းသည့် အကြောင်းကြားစာမှာ ပြင်ဆင်မှုသာဖြစ်သော်လည်း ပြင်ဆင်မှုပြုလုပ်ပြီးနောက် လိမ်လည်၍ လျော်ကြေးတောင်းဆိုခြင်းသည် လိမ်လည်မှုကျူးလွန်ခြင်းသို့ ရှေ့ရှု သော ပြုလုပ်မှုကို ဆောင်ရွက်ခဲ့သဖြင့် အားထုတ်မှုမြောက်ပေသည်။

*[မောင်ဘိုးမြင့်နှင့်အစိုးရ၊ အတွဲ ၂၊ ရန်ကုန်၊ ၅၃]*

http://www.cherrythitsar.org

# ပြစ်မှုဆိုင်ရာဥပဒေ
# (ရာဇသတ်ကြီး)
# အဘိဓာန်

ဦးကျော်ဇေယျ